www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၃)
၂၀၁၅ခုနှစ် မတ်လ

စာပေ

မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ပုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ပုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

အရှင်ဘုရား

မဂ္ဂင်း

အတွဲ (၁၅) အမှတ် (၃)
၂၀၁၅ ခုနှစ် မတ်လ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘာသာရေးဆောင်းပါးများ

၅ လွန်ခဲ့ရှိအပ်သောတရားသုံးပါး(ကဗျာ)
မဟာဓောဓိပြိုင်ဆရာတော်ဘုရားကြီး

၆ အသွားမတော်တစ်လှမ်း(၄)
မဟာဓောဓိပြိုင်ဆရာတော်ဘုရားကြီး

၁၃ သရဏဂုံအကြောင်း
သိကောင်းစရာအဖြာဖြာ
ကောင်းစံသာ(မင်းတုန်း)

၁၇ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်
မဟာရွှေဘုံသာစေတီတော်ကြီး
မောင်မောင်ချစ်ဦး(မုံရွာ)

၂၃ ရွှေတိဂုံစေတီပေါ်မှရဟန္တာများ
တက္ကသိုလ်အပန်းငယ်

၂၅ ရဟန်းတို့၏ကရဏီယတော်
ထွန်း(နောင်ချို)

၂၈ ဘုန်းကံကြီးမား မင်းကောင်းများနှင့်
အစီအရင်အဆောင်ဂါထာများ(၃)
သဇ္ဇာဝါဒီ-ဦးမြင့်အောင်

၂၉ ထားဝယ်မြို့ အောင်ဓောဓိ(၂၇)တောင်
ရပ်တော်မူရုပ်ပွားတော်မြတ်ကြီး
မောင်စိမ်းထွေး(ထားဝယ်)

၃၄ ကြည်ညိုစဖွယ်
သင်ငံတံဆရာတော်မထေရ်မြတ်ကြီး
စောသွီးသျှင်(မြောက်ဦး)

၃၉ ရွှေကံကူလေယျသစ်တော်ရပ်ရှင်တော်
မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ
လာရောက်ဖူးမြော်ခြင်း ကျွတ်တမ်းဆင်
ကြခြင်းများနှင့်ထူးခြားမှုများ
ဘိုးဘို(ရွှေကံကူ)

၄၉ သရီရိက သဒ်ဝိ ဆကေသဝင်
ဆံတော်ရှင် ဇွဲကပင်စေတီတော်
ခင်ခင်ဝင်း(မောရဝတီ)

၅၉ ဦးပိုက်ပြောပြသည့်
စလင်းကန်လည်ဆရာတော်ကြီး၏
ထူးခြားဖြစ်ရပ်ဆန်းတစ်ခု
ဦးစန္ဒိမ(စလင်း)

၆၁ ကမ္ဘာအဲ့ခ်ီးမကုန်
မြတ်ရွှေတိဂုံရင်ပြင်တော်မှ
ထင်ရှားကျော်ကြားစေတီဘုရားများ
ကံဝင်း

၆၇ ဂါထာထူးနှင့်ပုဂ္ဂိုလ်တစ်ဦး
ဝင်းထွန်းအောင်(စစ်/ဆေး)

၇၁ ဗုဒ္ဓဂယာသံဝေဇနိယလေးဌာန
ဦးဉာဏာ(ကြွယ်အိပ်ပွဲ)

၈၁ မထေရ်မြတ်ရှင်အရဟံ၊
ရွှေပြည်ပုဂံမှဗုဒ္ဓသာသနာတော်နှင့်
မင်းမြတ်အနော်ရထာ
ဦးအောင်သုခ

၉၈ ပင်းယဂူကြီးသုံးလုံး
မိုးမြေသင်း

၁၀၁ ခေတ်(၇)ခေတ်မှ ရှေးဟောင်းဗုဒ္ဓရုပ်ပွား
တော်ပေါင်း(၃၀၁)ဆူ ဂျပန်လူမျိုးတစ်ဦး
က အောင်ဗန္ဓုတောရခမ္မဝိုလ်သာဆရာ
တော်ထံသို့လာရောက်လှူဒါန်း ဖူးမြော်
ကြည်ညိုသူများအနေဖြင့် ထူးထူးခြား
ခြား ပူဇော်ခွင့်ရပြီ
ကျော်ခိုင်ခန့်

၁၀၅ ဝေပုလ္လာရာမ ဆရာတော်ဘုရားကြီး
ညွှန်ပြသော မဟာအတုလစိန္တာမယ
သီဒိုသရဏဂုံ(၅၄)ပါးဂါထာတော်မြတ်
မြင့်(ဒဿန)

၁၀၈ ဂုဏ်တော်နဝင်းကိုးထပ် နဝင်းပြတ်
ပုတီးစိပ်ရအောင်
ဘုန်းခေါင်

၁၁၁ ပန်းရန်သုံးဆက်ပြောင်းလဲတည်မှ
ပြီးပြောက်သည့် သံတွဲမြို့ ဂုံးစရစ်ရွာမှ
ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး
ရွှေချိုအောင်(ငယဒီ)

၁၂၈ ဘုရားဟောသောတရားနှင့်
ဘုရားမဟောသောတရား
ချောင်းဆုံအုန်းသွင်

၁၃၁ ပါဒနက်သန်စုံနှစ်ရန်
ဗိတာန်လုပ်၍ကာ
အောင်သာကျော်

၁၄၂ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၈)
ထုံးတောင်-အရှင်ဓမ္မပိယ(မြောင်)

၁၆၃ အသစ်အဆန်းအောင်မြင်ခြင်းများစွာ
ပေးတော်မူသော ဇယမင်္ဂလဂါထာနှင့်
သီဒိုဆယ်ပါးဓာတ်ဘုရား
ပညာကျော်

၂၀၁ ဆရာတော်ဦးဗုဒ္ဓ၏
သူကြွေးရှိရင်ဆပ်ရလိမ့်မယ်နှင့်
ရာဇဝင်တွင်ရစ်စေခဲ့သည်များ
ကိုရွှေမြသန်း(သမိုင်း)

သုတရသဆောင်းပါး

၄၆ ကြွယ်ဝမှုနှင့်ချမ်းသာခြင်း
ဗျာပုံတင်နိုင်ဝင်း

၁၁၆ ချစ်ဖို့ကောင်းတဲ့ချစ်ဖို့
ဦးတင်ဝင်း(ဆန်းသပြေ)နှင့်
ချစ်ဖို့(မော်ကွန်း)

၁၂၁ ပုဂံ-ညောင်ဦးဒေသ
အရပ်ဘုရားပွဲများဓလေ့
ချစ်ဆန်းသစ်

၁၂၆ မှတ်သားဖွယ်ရာသုတအဖြာဖြာ(၁)
ဉာဏ်ထွင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ဒနက်ကန်ကုန်း
သန်းခိုထူးလု
(ရွှေဟောင်းသုတေသန)
ရုခဲသောလူအဖြစ်
အခွင့်အခါကောင်းနှင့်ကြုံခဲ့ခြင်း
မိုးတော်အောင်
ပင်ငြိမ်းချမ်းရေးတမန်
နိုင်ခင်မောင်လေး
ဒိုလ်မှုးကလေးတစ်ယောက်၏ဖြစ်ရပ်
ဆန်း သို့မဟုတ် တစ်ချိန်က အေဝမ်း
ဇလင်၏ နစ်ဆောင်ပြိုင်ဇာတ်ကားကြီး
ကိုတိုး(ရန်ကင်း)
သီပေါမင်းနှင့်
ပထမစာတော်ပြန်ဥပဒေ
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)
ကျွဲငမန်းနှင့်ဂန္ဓိရနည်းထွေတလာ
ထင်ကျော်စွာ(ဂန္ဓိရရွာစု)
အစ်မတော်မမြစိမ်းကို
ဓလေးမစားမလုပ်ပါနဲ့
ဌာဂန္ဓိရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)
ဦးစိန်ကြီးအား
အဘအောင်မင်းခေါင်ကယ်ချွတ်ပုံ
အဇ္ဈာဝါလှိုင်း
ဦးချွေရိုး၏ဗမာမှတ်တမ်းထဲက
ဆယ့်နှစ်ကြိုးပညာသည်ဆိုင်ရာ
ကိုယ်တွေ့
နိုင်ထွန်းနောင်
ရသေ့ကြီးဦးခန္ဓိအမှတ်တရ
ထင်အောင်(စက်မှုတက္ကသိုလ်)
ဆာဝတီဖလော်တီလာကုမ္ပဏီအား
အနံတုသူများ
ဘုမိုး(ပညာရေး)
သေခြင်းမရဏ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)
သဘာဝကပြောသောမိုးလေဝသ
တက္ကသိုလ်ဝင်းမြင့်
ကိုလိုနီခေတ်
ပြည်အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး
ရွှေပြန်မှာဓလေ့
အချိန်နာရီသတ်မှတ်ချက်
ထူးမြင့်(ရန်ကုန်တက္ကသိုလ်)
ဇာတာစန်းလင်ညှိုးမိုန်လာခဲ့သော
မြန်မာ့ဆင်များ
ထွန်းထက်
သမိုင်းကပြောခဲ့သော
မြန်မာနိုင်ငံမီးရထားပုံရိပ်များ
ထင်ထွန်း(စက်မှု-၂ ပြိုင်း)
မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၆၀)
မောင်သန်းဆွေ(ထားဝယ်)

သူရဿတိုင်းရင်းဆေး

၁၅၃ ဝါအမြစ်နဆေးအဖြစ်ပြု
သန္ဓိ(ဥပဒေ)
၁၅၇ ဆီးကျင်/အောင့်အမှန်ပျောက်ဆေးနည်း
ရဲရဲထွန်း(ဟသံတ)
၁၆၂ အနာစိမ်း အနာအိုအတွက်
လိမ်းဆေးဆီ
နတ်မောက်မင်းသန့်နိုင်
၁၆၈ သင်္ဘောသီး သင်္ဘောရွက်
ချောင်းဆုံအုန်းသွင်
၁၈၁ အားဆေးအတွက် ကြက်ဟင်းခါးရွက်
ဗိုလ်ကျော်(ရောမြေ)
၂၁၇ နေချင်းပြီးပျောက်ကြွက်နို့သတ်နည်း
နေမဝင်(နတ်မောက်)
၂၄၇ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက် လျှာလည်
လောက်သည့် ရသာစုံလင် ဆေးဖက်
ဝင်ဟင်းလျာများ(၃)
ရွှေနဝင်း(ပုသိမ်)
၂၇၁ ပွေး ဝဲ၊ ယားနာအမျိုးမျိုးနှင့်
ညှင်း တင်းတိပ်၊ ရေယုန်၊ နှင်းခူတို့
သက်သာပျောက်ကင်းစေသော
ဆေးနည်းကောင်းများ
ရောမြေ-ကျော်ဝေ
၂၇၇ ကိုယ်ဝန်ဆောင်စမိခင်များ
ပို့အန်ခြင်းနှင့်ဖောရောင်ခြင်းအတွက်
နတ်မောက်မင်းသန့်နိုင်
၂၈၃ ထုံနာကျဉ်နာပျောက်စေသည့်
ကချင်ဆေးနည်း
ကျွန်(ကြိုးပင်ကောက်-လယ်တီ)
၂၉၄ ကုက္ကိုရွက်ဟာ
ငှက်ဖျားကိုနိုင်သတဲ့လား
ဗန်းမော်-ညီညာ
၂၉၅ ကြက်ဟင်းခါး၏ကျန်းမာရေးအတွက်
အကျိုးပြုမှုများ
စွမ်းထက်နောင်
၃၅၃ ဘေးဆိုးရောဂါတစ်မျိုးမှ
သွေးတိုးဝေဒနာပျောက်ဆေး
မေမြမွန်ဇြိုး(ဇြွန်း)
၃၆၃ ခွေးတောက်ရွက်နှင့်
ခွေးဆိပ်ကိုကာကွယ်
ဉာဏ်မြင့်(တောင်တွင်း)

သူရဿဝတ္ထုတို

၁၅၀ ဇရပ်ပေါ်ကဝိညာဉ်မလေး
သထုံ-ငယ်ငယ်
၁၅၄ ဆတ်ရာခွေးနှင့်ဆတ်ရေချွဲ
မင်းနန္ဒိရှိန်
၁၅၈ ရွှေတွင်းဝါ
ရွှေပြည်စိုး(မိုးကုတ်)

၁၈၂ မစားရင်ရဲကံ
နေအောင်လင်း(စလေ)
၁၉၄ ကားသမားလူမှုနှင့်
ကွန်ရက်ဆရာအောင်
မောင်မောင်တိုးမြင့်(မုံရွာ)
၂၀၆ မြစ်ဝမြေနကျွန်းပေါ်မြေမှ
လွမ်းဆွေးဖွယ်ရာဂယက်တာ
အောင်မြင့်ထွန်း(မသုံးလုံး)
၂၁၈ ရိုးချောင်းထဲမှ
တောကြီးမြွေဟောက်ရန်စွယ်
တင်အေးကျော်(အောင်လံ)
၂၃၀ ဘုရားနိစ္စဓေတိပေါ်ကဆည်းလည်းသံ
ရဲရဲထွန်း(ဟသံတ)
၂၄၉ ကျည်ဝွဲအဆောင်
အောင်မြင့်မိုး
၂၆၆ ရေကြောမြေကြော
နေပြည်တော်ကျော်ကျော်စိုး
၂၈၆ တကယ်လုပ်အဟုတ်ဖြစ်ရမယ်
မောင်မောင်သန်းထွန်း
၂၉၀ ကျီးပေါင်းထင်းရူး နစ်ကူးကော်ညက်
အိပ်မက်ချစ်သူ
နီနီ(ကျောက်မဲ)
၃၀၂ သေရည်တစ်ခွက်
ငွေစိုး(ရွှေကြွန်မြေ)
၃၁၄ အင်းရွာပုံပြင်
ထောင်ပွားကြီးသိန်းဝင်း
၃၁၉ ဝိဇ္ဇာမိုရ်များစီရင်အပ်သော
ရွှေမန်ကျည်းဆစ်ကလေး
မောင်သင်းထုံ(ကျောက်မဲ)
၃၂၂ သခ္ခိုင်းကုန်းမှစိန်ခေါ်ပွဲ
မင်းမြတ်သိန်း(ထားဝယ်)
၃၄၂ လက်မည်းကြီးများနှင့်ရိုးမကျား
ဗိုးကျော့
၃၅၄ ထိပ်ကွက်ကြာဖြူ၏နိဂုံး
သန့်ဝင်း
၃၇၂ ကျောက်တစ်လုံးသို့အပြန်လမ်း
ကောင်းသော်
၃၇၈ ပြန်တောင်းသွားတဲ့အကြွေး(၂)
မြောင်းမြ မြင့်လှိုင်

သူရဿအခန်းဆက်ဝတ္ထုရှည်

၁၇၀ ပညာရှင်(၅)
ဆရာဦးမောင်မောင်(ရင်ကိုအေးခြင်းလေး)

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဈ ပညာရပ်

၂၁၄ ကိုးဂဏန်းတို့၏လျှို့ဝှက်ချက်
အေးမင်း(ကျိုင်းတုံ)

၂၂၈ အစွမ်းထက်သည့်ဗောဓိပက္ခိယအင်း
ဦးစန္ဒိမ(စဝင်း)

၂၃၅ မဟာဘုတ်တိုင်ထူနည်းသုံးမျိုး
ကျိုက်ထို-ရန်နောင်စိုး

၂၅၁ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
ဆရာစိုး-ရွှေအောရဏ်ဦး
(တားရော့သုတေသီ)
မိုးကောင်း

၂၉၇ ဗုဒ္ဓကျမ်းဂန်ထဲက
ဂဏ္ဍုပြစ်ထွေပုံရိပ်များ(၃)
မင်းရှိန်အောင်

၃၀၇ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ
အစဉ်အလာ
ဆရာဦးဆက်ထွန်းဝင်း
(အာယုဗွေဒ)

၃၂၆ နာမည်မြင်ကွင်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၃၂ ဂန္ဓာရီဝိဇ္ဇာမယ
လောကီပညာနယ်အတွင်းမှ
စမ္ဘာနဝအင်းများ
တြိရတနာ-ဆရာဝေယျာဝင်း
(ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)

၃၃၇ ပြဿဒါးရောင်ယတြာ
မုဒိတာ(ကျိုက်လတ်)

၃၃၈ သောကြာအခါ
မင်းပြည့်

၃၄၆ အလွယ်လေ့လာလက္ခဏာပညာ
ဆရာမော်

၃၈၃ ဖုန်းရွေပညာသိကောင်းစရာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၃၈၇ ရခိုင်ရာဇဝင်နှင့်ဗမာရာဇဝင်တို့ထဲက
ညီနှိုင်းပြင်ဆင်ပေးစရာလေးများ
ရှိန်းအောင်(ဂဇ္ဈ)

၃၉၁ သရောဒယခရီးသည်(၅)
သရောဒယခရီးသည်

သူရဇ္ဈလက်တွေ့အသုံးချ

၈၀ ၂၀၁၅ ခုနှစ်၊ မတ်လ
နေသိဒ္ဓိနက္ခတ်မဂ္ဂဇင်းတော်
ရှိန်းအောင်(ဂဇ္ဈ)

၉၇ ဥ-သံ-ဥဉး-ချိတ်ဂါထာနှင့်အဆောင်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၁၂၀ ၂၀၁၅ ခုနှစ်၊ မတ်လ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)

၁၃၀ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၁၉၃ လာဘ်ပိတ်နေသူများအတွက်
လက်ဆောင်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၂၀၅ ခရီးရောင်ရန်အချိန်အခါ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၂၂၄ လွဲတ်လပ်သူချင်း
ချစ်ခင်နှစ်သက်တာကိုခွဲထားလို့
သောကမဖြစ်ပါနဲ့
ရသာဂဇ္ဈရ-ကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

၂၄၁ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ် မိန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၃၆ ဥ၊ ဩ၊ သံ၊ ကြက် စီးပွားတက်
စိုးမင်း(မြောက်စည်း)

၃၉၅ ၂၀၁၅ ခုနှစ်၊ မတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)

၃၉၇ ၂၀၁၅ ခုနှစ်၊ မတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၃၉၈ စာမေးပွဲဖြေဆိုကြမည့်
ကျောင်းသားကျောင်းသူလေးများ
အတွက် အောင်ပွဲဝင်အစီအရင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၀၁ ၂၀၁၅ ခုနှစ်၊ မတ်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၀၆ အောင်မြင်ထူခြား ကောင်းကျိုးပွားဖို့
သူရဇ္ဈလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၁ ၂၀၁၅ ခုနှစ်၊ မတ်လအတွက်
ခုနှစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲလဲထွဋ်

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွတ်တော်ချုပ်ရုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြို့-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သူရဇ္ဈစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြို့-၀၅၁၃၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၀၄၈) လမ်း(၅၁)
ပုဇွန်တောင်ပြိုနယ်၊ ရန်ကုန်ပြိုး
ဖုန်း ၀၁-၂၉၈၀၇၄

မြန်မာ့ရေးရာ
အောင်မြင့်သန်း

ကွန်ပြူတာစာစီ
စုရုပ်ပိုင်၊ ချမ်းမြေကျော်၊ အိမွန်ထွန်း
နင်းသန္တာကျော်

ရုံးအဖွဲ့
တင်ပိုင်ခိုင်၊ အေးအေးစန်း၊ စုမွန်၊
စုစုစံ၊ နန္ဒ၊ ပြိုးရတနာ၊ စန်းမြင့်ထွန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ပြန်ချိန်ရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားပြိုနယ်၊ ရန်ကုန်၊
မြန်မာ့ရေး- ၀၁-၃၀၀၇၃၀
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မဖွဲ့လေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေ့ပြည့်တော်ပဋ္ဌာန်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
ဓမ္မဃဏိုင်-ကျော်ကျော်စာပေ
ရွှမ်းတောင်ကယား-ဂမ်နန်ဒီ၊ မီလုံမှာ
ပဲခူး- သင်ဇာစာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်ဦး
တောင်ငူ-ဦးထွန်း ဦးလှမောင်
မြန်အောင်-လူထုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ရေး (၂၇၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝရှိုးအပ်သော စာရေးသုံးပါး

သူအသား သတ်ဖြတ်စားက
ကျားသစ်စရိုက် အနွယ်လိုက်မို့
မကြိုက်ဂြိုဟ်ထိုး ကြိုက်လိုဆိုး
သူကျိုးချိုးဖျက် နောင့်ယှက်ခြင်း။
သူဥစ္စာတိုက် ကြိုက်ရာလိုက်လျက်
နိုက်ယူသုံးစား လိမ်လှည့်ဖြားက
ကျွန်းတံထွာ လူဥစ္စာကို
ကွယ်ရာစိုးမိုး တိုးမိန်ကန်သွက်
လိုက်လံဖျက်ဆို
ငုံကွက်ကိုယ်ကျိုး တစ်ဖွဲတိုး
သူကျိုးချိုးဖျက် နောင့်ယှက်ခြင်း။
သူပိုင်မယား သိလျက်သားနှင့်
မသွားအပ်ရာ သွားလတ်ပါမူ
ကွယ်ကာစည်းတိုး ခွေးကျင့်မျိုးမို့
လိုဆိုးနှိပ်စက် သူကိုယ်ဖက်
ထိချက်နာလေခြင်း။
မုသားစကား သိလျက်သားနှင့်
တစ်ပါးအကောင်း အမှားဆောင်ရန်
ပြောင်ပြောက်ခြင်းဆို တည်တည်နှင့်ဖက်
ယူကာ ရှက်
ကြက်မသေ ကြောက်ဖပြေးလျက်
အစာယောင်ကန် ခွေးဟန်ဖြင့်
လေသံကွဲကွဲတိ
တွက်ကွဲဂြိုဟ်ကယ်ခြည်း နှုတ်ပလီသို့
လူဝိဇ်လွှဲလို့ အသက်ဘဲဖြင့်
နှုတ်ခွန်းဆိုသို့ စကား
သူကျိုးချိုးဖျက် နောင့်ယှက်ခြင်း။
မူးယစ်သောက်စား ပြုကျင့်မှားသော်
ငှက်များသနင်း ဥဒေါင်းမင်း၏
ယမင်းကြွရွ သမီးလှကို
ရမည်ဆို၍ မုန်ယိုသွေးတက် မာန်ဖီချက်ဖြင့်
ရှက်ရမသိ ကြောက်မသိဘဲ

ငှက်၏အပေါင်း အုတ်အော်သောင်း၏
ထောင်သောင်းအလီ မြီးဆံဖီလျက်
လှပ်လီလှပ်ရွ ဖင်လှန်ကာသို့
အလှရပ်ဆိုး စိတ်ညစ်သိုး
ကိုယ်ကျိုးကိုယ်ဖက် ဖျက်ဆီးခြင်း။
လူအဆင့်ခြင့်
လူကျင့်တရား ဆိုဝါးပါးတို့
စောင့်ထားယွင်းချွတ် စည်းချက်လွတ်က
ကျင့်ဝတ်မပါ လူဇာတိမို့
ညာတာထောက်ထား သူတစ်ပါး
မေးကောက်ပဲ ထားတော့မည်။
တန်းတူတရားပြေး သူ့ခွင့်ရေး
သားမြေးလေးကိုပဲ ပေးတော့မည်။

ဒေါ်နုနုဆောင်ရွင်
မဟာဝိဇ္ဇာခြင်္သေရတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ပေဒံပေါ်ကို အကျော်အမော်တို့ လှော်တက်ထားကြ

ညောင်နီ နောက်ခံပြုထားသော ပေဒံဂူတွင် ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့မှ ၁၃၇၄ ခုနှစ် နယုန်လဆန်း ၁၃ ရက်၊ စနေနေ့အထိ ရက်ပေါင်း (၅၀) ခန့်မျှ နေခွင့်ရစဉ် အတောအတွင်း ငါတို့ထက် အသက်ဂုဏ်ကြီးမားသောမထေရ်ကြီးများလည်း လာရောက် ခီးမြှောက်တော်မူကြ၏။ ငါတို့နှင့်အတူ ဂုဏ်ကြီးမားသောမထေရ်များလည်းလာရောက်ကြ၏။ ဤ၌...

မိုးမိတ်မှ ရွှေဂူဆရာတော်ကြီး တစ်ပါး။

မိုးမိတ်မှ ပုပ္ပာရုံဆရာတော်တစ်ပါး။ ပေါင်း (၂) ပါး။

ရန်ကုန်မှ မေတ္တာရှင်ဆရာတော် အရှင်ဇဝန။

ရန်ကုန်မှ သံဝေဂဆရာတော် အရှင်သောမ။

ရန်ကုန်မှ သဒ္ဓမ္မသီတဂူမှ တရားပြဆရာတော် အရှင်ဝိလာသဂူ။

ရန်ကုန် မှော်ဘီ ဗောဓိရိပ်ငြိမ်မှ ဆရာတော် ဦးဣန္ဒာစရိယ။ ပေါင်း (၄) ပါး။ ထိုအရှင်မြတ်တို့သည် အနီးကပ် ခီးမြှောက်လို၍ ကြွရောက်လာကြသည် ဖြစ်ရာ ဆုံမိကြသည်နှင့် ကထာသလ္လာပ နီးနှောမဆုံးကြပါ။

တစ်ဖန် ကျော်ကြားသော လူပုဂ္ဂိုလ်ထဲမှလည်း . . .

၁။ မင်းချစ်သူဦးဆောင်၍ ဆုပန်ထွာ၊ ဖြိုးသီရိခေတ်တို့အဖွဲ့။

၂။ ချစ်ဦးညို၊ ဒေါ်မြင့်မြင့်အေး ဦးဆောင်၍ ခင်မောင်တိုး(မိုးမိတ်)၊ ဦးဘုန်း(ဓာတု)၊ ဇော်ခိုင်ဦး(မန္တလေးတော့ကင်ပေါ်ပြူလာ၌ရေးသူ) တို့အဖွဲ့ (မင်းခိုင်ဦးလားမသိ)။

၃။ မြသန်းစံ၊ မောင်သွေးချွန်တို့ ဦးဆောင်သောအဖွဲ့။

၄။ ပေါ်ပြူလာမှ ဒေါ်နန်းကလျာ၊ လျှပ်တစ်ပြက်မှ ဦးမြတ်ခိုင်နှင့်အဖွဲ့။

၅။ တိမ်ကြားဦးသန်းလှ (ယင်းတို့က ယာဉ်ကုသိုလ်ယူကြ၏။) နှင့်အဖွဲ့။

၆။ ဗိုလ်မှူးကြည်စိုးဝင်းနှင့် ရွှေမန်းအဖွဲ့တို့ ဖြစ်ကြသည်။

ဤသည်မှာ ငါတို့နှင့်ကျွမ်းသော ထူးခြားပုဂ္ဂိုလ်များသာ။

လူအုပ်ကြီးထဲ၌ ငါတို့မသိသော ထူးခြားပုဂ္ဂိုလ်များ မည်မျှပါမည်မသိ။ ထို တက်လာသူပုဂ္ဂိုလ်များ သက်သက်သာသာကားမရှိ။ လမ်းကြမ်းကြီးလှမ်းတက် ခဲ့ကြရသဖြင့် ပင်ပန်းကြ၏။ မပဒံနယ် နိမိတ်ဝင်မိသည်နှင့် ထုပ်ဆီးတိုးတမ်း ကစားရ၏ပမာ အဆီးအတားအလွန်များလှ၏။

အကယ်တိတိ ငါတို့ဆွမ်းခံမထွက်မီ (၅) နာရီလောက်ကတည်းက ရောက်နေကြပါက ငါတို့ဆွမ်းခံထွက်ရင်း နှုတ်ဆက်ရင်းကိုလည်း ခံယူခွင့်ရကြ၏။ ငါတို့ ဆွမ်းခံမှ ပြန်မလာမချင်းလည်း (ယင်းမှာ ခြေလျင်အသွား၊အပြန်ဆိုပါက နံနက် (၉) နာရီ ပြန်ရောက်တတ်ပြီး ကားနှင့်ဆိုပါက (၈) နာရီ ပြန်ရောက်တတ်၏။) ထိုအတောအတွင်း ဂူတွင်း၊ ဂူပြင် ဝင်လိုဝင်၊ ထွက်လိုထွက် ပြုလုပ်နိုင်ကြ၏။ ငါတို့ပြန်လည်ရောက်ရှိလာချိန်တွင်ကား ဧည့်ခံနေရာကကျဉ်းကျဉ်း၊ ဧည့်ခံရဟန်းကလည်း တစ်ပါးမျှ ပရိသတ်ဘက်ကား များပြားလွန်းလှရာ . . .

တစ်ဖက်မှာထားသောပန်းသီးကို အဝတစ်တောင်ပတ်လည်ရှိပြီး အရှည်ရှစ်တောင်မျှရှိသော သံပိုက်ခေါင်းထဲမှ ဝင်ယူကြဆိုသောအခါ သူထက်ငါအလုအယက်ဘယ်လိုတိုးတိုး တစ်ခါဝင်တစ်ယောက်နှုန်းမျှသာ. . . ဝင်ခွင့်ရ၏ပမာ ဖြစ်နေပါသောကြောင့် နောက်ဆုံးဝယ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



. . .

ဝင်ခွင့်ပြုမည့်အစား ဝင်ခွင့်မပြုသည်က နှစ်ဖက်စလုံး သက်သာရာရကြမည်။

တွေ့ခွင့်ပေးမည့်အစား ဖူးခွင့်မျှပေးသည်က နှစ်ဖက်စလုံး ချမ်းသာကြမည်။ သို့ ဆုံးဖြတ်ကာ ငါတို့ ပြန်ရောက်ချိန်ကာလ နောက်မှလိုက်လာသူများ တွေ့ခွင့်မပြုတော့ပါ။ သက်ကယ်ကျင်းရွှေ အပူးခံ အလှူခံပေးရုံမျှသာ. . . ငါတို့ ပြန်ခါနီးကာလ (ဂူစွန့်ခွာခါနီးကာလ) ကျလေမှ အထာပေါက်သွားကြသဖြင့် (ဂူဝင်ကြည့်ချင် နံနက်စောစောလာ၊ ဘုန်းကြီးဖူးချင် နောက်ကလိုက်ဖြင့်) မလာကြတော့ပါ။

သည်တွင် ဘာမဆို မျက်လုံးဒေါက်ထောက်ကြည့်နေကြသော ရွှေမိုးမိတ်တို့က ငါတို့အနား ဂူခြေရင်း ကပ္ပိယဆောင်ဝယ် ငါတို့နောက်ပါများကသာ ကြိုးစိုးပြီး ရွှေမိုးမိတ်တို့က အပြင်လူဖြစ်နေသဖြင့် သူတို့လည်း ဝင်မည့်အကြောင်း ငါတို့ကို နေရာတောင်း၏။ ငါတို့ကလည်း ခေါင်းညိတ်ပြ၏။ သို့သော် ငါတို့ရော အနီးနေတို့ကပါ ဆွမ်းခံရက် တစ်ရက်ပြီး၍ တက်လာကြသည်နှင့် ကိုးရက်ပဲလိုတော့၊ ရှစ်ရက်ပဲလိုတော့ဖြင့် ထွက်ရန်တာစူနေနှင့်ကြပြီ။ နှစ်ရက်အလို၊ သုံးရက်အလိုတွင်ကား အချင်းချင်းပြောမထွက်ကြတော့ပါ။ ရွှေမိုးမိတ်တို့ကွယ်ရာ မပြောရက်ကြ၍။

သည်မှာတွင် နောက်ဆုံးရက် မဘိန်းက ရှေ့တွက် ထွက်လာချေပြီ။ ဆွမ်းခံထွက်ရန် ကပ္ပိယဆောင်ကျော်တံတားပေါ် လျှောက် ဂိတ်ရောက်သည်နှင့် -

'မဘိန်ကဂူများ ရှင်းလင်းပြီးစီးပါပြီ ဘုရား၊ အရှင်ဘုရား တစ်ချီမျှ ကြွရောက် ချီးမြှောက်တော်မူပါဦးဘုရား'

သည်စကား မဘိန်းမြို့နယ်ပြန်ကြားရေးမှူးက ဆီးကြိုလျှောက်ထားခြင်းပင်။ ဤ၌ မိုးမိတ်လိုင်းလုံး မဘိန်းအထိ လိုက်လံဖုံးမည်ဖြစ်ခြင်းကြောင့် . . . 'အင်း-နောက်များတော့ အလှည့်ကျတန်ကောင်းပါရဲ့' ဖြင့် ခွေးသိပ်ခဲ့ရသည်။

တစ်ဖန် ဆွမ်းခံမှအပြန် လှည်းကန်ကားဂိတ်အရောက် ဟိုတစ်ခါ ရွှေမြင်တင် ဓမ္မရတနာဆောင်၌ လာရောက် လျှောက်ထားသည့် သမီးငယ်မိုးဆမ်းက ကလေးနို့တိုက်ရင်း ကြိုဆိုနေပြန်သည်။ ယင်းကား သူမရွာ ယမ်းဘိုပြန်တော့မည့်အကြောင်း နှုတ်ဆက်ခြင်းပင်။ ယမ်းဘိုကား မဘိန်းနှင့် အတော်ဝေးဆို၏။ ယမ်းဘိုကား ဂူကြီးများနှင့် အတော်နီးဆို၏။ ဤမဘိန်း မစိမ်းချင်လည်း စိမ်းရပါတော့မည်။ မဘိန်းလောက် ငါတို့ ရွှေ့ပြောင်းက မိုးမိတ်၌ ယခုလောင်နေသော ဤတောမီးကြီး ကူးစက်မည်ဧကန်။ သို့ကြောင့် မိုးမိတ်နှင့် အဆက်ပြတ်ရာ မြစ်ကူးချောင်းခြားလူလူချင်းလည်း အသွားအလာမရှိသေးသော ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း မလည်ဘက်သို့ (မလည်မဝယ်) ပြောင်းရန် ဆုံးဖြတ်စီစဉ်ထားပြီးပြီ။

မလည်ဘက်သို့ အကျော်အမော်နှင့် လှော်ထွက်လာခဲ့ကြပြီ

၁၃၇၄ ခု၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့ကား ဆွမ်းခံလှည့်ပြီးသောင်နီအောက်ရွာ၏ နောက်ဆုံးနေ့ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com

ရာ . . . အောက်ညောင်နီတို့ကလည်း အားပါးတရ လောင်းလှူလိုက်ကြ၏။ မိုးမိတ်၊ မိုးကုတ်၊ မဘိန်းတို့ကလည်း အားတွက် ဆန္ဒများ မကုန်ခန်းကြသေး။ သည့်အတူ အခြားအခြားတို့ကလည်း အားယူဆန္ဒများ မျိုးပွားနေကြဆဲ။ သို့သော် ငါတို့၌ကား ခေါင်းခွဲမည့် ပြောင်ပွဲကြီးအတွက် အချောသတ် ပြင်ဆင်နေချေပြီ. . . ။

ယင်းမှာ နံနက်ပိုင်း (၅း၃၀) နာရီ ခန့်တွင် ရန်ကုန်မှ ကားနှစ်စီးတို့ဖြင့် ကြွေ ပို့တာဝန်များ ကုသိုလ်ဖြစ် လာရောက် ဆောင်ရွက်နေကြသော ဦးသန်းလှ (တိမ်ကြား) နှင့် သား ဦးမောင်မိုး၊ ကား မောင်းသူ ဦးလှအောင်၊ ဦးသန်းလှ၏ ညီ လေးယောက်တို့အား လက်ဆောင်များ ပေးလိုက်သည်။ ယင်းတို့ကား လက် ဆောင်ကိုသာမြင်၍ လက်ရှောင်တော့ မည်ကိုကား မသိ (သိဟန်မတူ) သော ကြောင့် ပျော်ရွှင်နေကြသည်။ ရောက်စ ကတည်းက ခြိုးမြင့်ရန် လျှောက်ထား သော စိပ်ပုတီး (ယင်းမှာ ကျောက်ဖြူ ဖြင့် စီရင်ထား၏) တစ်ကုံးရသဖြင့် ပြီးနေ၏။ ဆွေမျိုးမွေဖြစ်နေ၏။ တစ်လမ်းလုံး တဖွဖွလည်းပြောနေ၏။

တစ်ဖန် ညနေ (၃) နာရီခန့် လူသူ နှုံးလင်းချိန်တွင်ကား ကျောင်းဒကာ၊ ကျောင်းအမ (ယင်းတို့က အောက် ညောင်နီရွာကဖြစ်ကြပြီး နာမည် စိုင်းမိုး၊ သူလှရီတို့ဖြစ်ကြ၏။) တို့ကို သာသာစိုစို လာကတို့ခေါ် ခဲ့ရန်မှာ၍ အခေါ် လွတ်ရာ ဦးစိုင်းမိုးကား ဆွမ်းခံသွားရာ ကားလမ်း ကို သွားရောက် ပြင်ဆင်နေသဖြင့် ပါ မလာ။ ကျောင်းအမ ဒေါ်လှလှရီ တစ်ယောက်သာ သမီးငယ်နှင့် ညီမတို့ ကို အဖော်ခေါ်၍ ငါတို့နေရာ ကျောင်း ငယ်လေးသို့ (သူတို့လှူဒါန်းထားရာ ကျောင်းငယ်လေးသို့) ရောက်ရှိလာကြ သည်။ ရောက်သည်နှင့် ငါတို့ပေးမည့် ပစ္စည်းများအပေါ် သို့ စိတ်ရောက်မသွား ဘာလဲ ဘာကြောင့် ဘယ်လို စသည် အတွေးမကစားစေရန် ရည်သန်၍ -

"ကျောင်းအမတို့များ မျက်နှာကြီး ထိုက်ပုံက ကျောင်းအမမျက်နှာမြင်ရ တော့လို့ ကြည့်ချင်တာ လူလွတ်ခေါ်ပြီး ကြည့်ရတဲ့အခြေဗျ"

ဖြင့် စတင်ကာ ကျောင်းအမစိတ် ကျောင်းအမကိုယ်၌ပင် သိပ်ပေးလိုက် ၏။ ပြီးမှ ပစ္စည်းများ ပေးအပ်၏။ ပေး အပ်ရင်းကလည်း -

"အရက်ပိုင်း ဒုန်းစိုင်းပြေးနေတဲ့ ကျောင်းဒကာ ဘုရားခန်းမှာ သွင်းပေး မယ်။ စီးပွားရေးသောင်းကျန်းနေတဲ့ ကျောင်းအမလည်း ဘုရားခန်းနေရာချ ထားမယ်. . . ရော့ - စိပ်ပုတီးနှစ်ကုံး . . . "

သို့ ပြောရင်း ပေးရင်းပင် ဘုရား ရှေ့ ဆီမီးညှိထွန်းပူဇော်ရန်အတွက် တစ်တိုင်ထွန်း၊ ငါးတိုင်ထွန်း ကြွေမီးခွက်၊ ကြွေမီးခွက်များကိုလည်း ပေးအပ်လိုက် ၏။ ကံပွင့်အတိတ်ဆောင် အမွေးတိုင် များနှင့် အိန္ဒိယဖြစ်အမွေးတိုင်များလည်း ပေးအပ်၏။

တစ်ဖန် အောင်တံခွန် အတိတ် ဆောင် ဖယောင်းတိုင်၊ လင်းစန္ဒာ အတိတ်ဆောင် ဖယောင်းတိုင်များလည်း ပေးအပ်၏။ သည်နောက် ကိုယ်တိုင် သုံးစွဲရန် ကိုယ်တိုက်ဆပ်ပြာမွှေးများ လည်း ပေးအပ်၏။ မျက်နှာသုတ်ပဝါ ကြီးနှင့် ခြုံထည်တဘက်ကြီးလည်းပေး အပ်လိုက်၏။ ထိုကျောင်းအမ သူ့အ ကြောင်း အပြောခံထားရသော စိတ်နှင့် ယုခုလက်ဆောင်ရစိတ်တို့ ချိတ်မိနေကြ သောကြောင့် လက်ဆောင်ပစ္စည်း၌ အတွေးရောက်ဟန်မရှိကြ။ တစ်ဖန် တို့များပေးသောပစ္စည်း လက်ခံရန် မဝံ ရဲစိတ်နှင့် ဝမ်းသာစိတ်တို့ချိတ်မိနေကြ ခြင်းကြောင့်လည်း ဘာ့ကြောင့်ပေးသလဲ ၌ အတွေးမပို့မိကြ။

သို့ ကျောင်းအမနှင့် ကျောင်း ဒကာများ လက်ဆောင်ပေးအပ်ရင်းက ပင် . . . ငါတို့၌ အကျိုးများခဲ့သော ကျောင်းဒကာ၊ ကျောင်းအမတို့ ကိုးကွယ်နေကျ ဖြစ်သော ရွှေမြင်တင် ဆုမွန်ရတနာဆောင်နေဦးသံတွဲဆီသို့လည်း အိတ်ဆောင်နာရီတစ်လုံး၊ ဓာတ်ခဲသုံး ပန်ကာငယ်တစ်လုံး (ဓာတ်ခဲတစ်ဒါဇင် ပါ)၊ တောင်ငုံး (သစ်သားလုပ်) တစ် ချောင်း လူကြုံပါး လက်ဆောင်များပါ တစ်ဆင့် ပေးအပ်လိုက်သေး၏။

ထိုကျောင်းအမကား ဝမ်းသာ အားရဖြင့် အိမ်ပြန်သွားကြလေပြီ။ နက်ဖြန်အတွက်လည်း စီမံကိန်းကြီးများ ချလိုက်သေးသည်။ နံနက်အရုဏ်မတက် ခင်ကပင် မို့များသွားပို့မည်။ ထိုမှအပြန် အိမ်ခေတ္တနားနေပြီး နေ့ခင်းကျလေမှ ဦးသံတွဲကျောင်းသွားပြီး လှူစရာရှိသည် များ လှူဒါန်းမည် ဖြစ်၏။ ကျောင်းအမ ၏ ထိုသတင်းအကြား ငါတို့က ပြုံးမိ လျက်သားဖြစ်နေ၏။

'အင်း- ဒင်းက နံနက်ခင် သီချင်း ဆို မို့ရောင်းလုပ်နေ နောက်က နံနက် ခင်း ငိုချင်းချ ခုန်ဆွခုန်ဆွဖြစ်နေမှာကို တော့ သူမသိ'

ဖြင့်။ သို့ ပေးအပ်သင့်သည်များ ပေးအပ်ပြီးနောက် ထိုညဦးပိုင်းတစ် လျှောက်လုံးလုံး ထက်၊ အောက်၊ ဝဲ၊ ယာ ပို့မေတ္တာဖြင့် အချိန်ကုန်စေ၏။

တစ်ဖန် နောက်၌ ကျန်ရစ်ခဲ့ကြ သူ၊ ရှေ့ကကြိုစောင့်နေကြသူ၊ ဝဲ-ယာ-ထက်-အောက်တို့မှ စောင့်ရှောက်ကြသူ များ၊ ငါတို့နှင့်အတူလိုက်ပါလာမည့်သူ များ၊ ငါတို့၌ စောင့်ကြပ်နေသည့် နတ် မြတ်များ၊ ဤသာသနာ၌ စောင့်ကြပ်နေ သည့်နတ်များသို့ မေတ္တာဖြန့်ဝေခြင်းဖြင့် အချိန်ကုန်လွန်စေ၏။

တစ်ဖန်လည်း မပဒံဂူမှ အစောင့် အရှောက်များ၊ ညောင်နီကို စောင့် ရှောက်နေသော ညောင်နီဘိုးဘိုးကြီး၊ မိုးမိတ်ကို စောင့်ရှောက်နေသော မိုးမိတ် ဘိုးဘိုးကြီး၊ ထို့အပြင် ရွှေမြင်တင်ဘုရား နှင့် ပတ်သက်သမျှသော အစောင့်အ ရှောက်များ၊ မြို့တွင်း ဆုတောင်းပြည့် ဘုရားနှင့်ပတ်သက်သမျှသောအစောင့် အရှောက်များ၊ မိုးမိတ်နှင့်ပတ်သက်သမျှ သော ကုန်းပိုင်၊ ကွင်းပိုင်၊ နယ်ပိုင်အားလုံး တို့အားလည်း အမျှ မေတ္တာပေးဝေကာ ဖြင့် အချိန်ကို အစာကျွေး၏။

နောက်တစ်ဖန် မိုးမိတ်နေစဉ် ကာလအတောအတွင်း ငါတို့အားစောင့် ရှောက်ခဲ့သော မိုးမိတ်အုပ်ချုပ်ရေးမှူး ကြီးအားလည်း အထူးမေတ္တာပေးဝေ နေပါ၏။ မိုးမိတ်မြို့နယ်ရဲမှူးကြီး၊ မြို့ နယ် လ-ဝ-ကမှူးနှင့် သာသနာရေး ဦးစီးမှူးကြီး၊ မြို့နယ်စည်ပင်ဦးစီးမှူးကြီး၊ သည့်အတူ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး၊ မြို့နယ် လူမှုရေးအသင်းခေါင်းဆောင်၊ မြို့နယ် ဘာသာရေးအသင်းခေါင်းဆောင် ထို အားလုံးတို့ကို မေတ္တာပို့လွှတ်ခြင်းဖြင့် လည်း အချိန်ကို ဝါးစားနေမိ၏။

သည့်နောက် နောက်ဆုံး အရေး တကာ့အရေးကြီးဆုံးအဖြစ် မိုးမိတ် သာသနာတော်ကြီး၏ဥယျာဉ်မှူးသဖွယ် ဖြစ်တော်မူကြသော ရွှေကြာပင်ဆရာ တော်ကြီးအား အထူးမေတ္တာပွားဖြင့်၏။ ပြီးသော် ရွှေကြာပင်ကျောင်းတိုက်ကြီး နှင့် ပတ်သက်သမျှသော သံဃာတော် များ၊ ကျောင်းဒကာ၊ ကျောင်းအမအသီး သီးနှင့် ဝေယျာဝစ္စအလှူရှင်များအား လည်း . . . ဤ မိုးမိတ်နေ့ခွင့်ရစဉ် ငါတို့ကြိုးစားခဲ့သမျှ ကုသိုလ်တော်များ၊ အခြားနေရာဒေသတို့၌ ငါတို့ နေ့စဉ်

www.burmeseclassic.com

ကြီးစားခဲ့သမျှ ကုသိုလ်တော်များ၊ တစ်သက်တာပတ်လုံး ငါတို့ စုဆောင်းခဲ့သမျှပါရမီတော်များ၊ ဘဝအဆက်ဆက် ငါတို့ ဖြည့်ကျင့်ခဲ့သမျှသော ပါရမီတော်များ သည်သို့ ခေါင်းစီးတပ်လျက်က မေတ္တာဖြန့်ကြက်လျက်နေပါ၏။

သည့်အတူ . . .

ရွှေကျောင်းဆရာတော်နှင့်တပည့် ဒကာ၊ ဒကာမ ဝေနေယျများ၊

ရွှေဆရာတော်နှင့်တပည့် ဒကာ၊ ဒကာမ ဝေနေယျများ၊

ပုဗ္ဗာရုံဆရာတော်နှင့် တပည့် ဒကာ၊ ဒကာမ ဝေနေယျများ။ ထို့အပြင် ရွှေလီ၊ အုန်းကြောရွာဟောင်း၊ ရွာသစ်၊ ရွှေမြင်တင် စသည့် လက်လှမ်းမီရာသာသနာနှင့် သာသနာတော်စောင့် အပေါင်းတို့အားလုံး နောက်ဆုံးပို့မေတ္တာ အဖြစ်ဖြင့် မပဒံဂုရွှေ့ရှိ ကျောင်းသစ်ကလေးမှနေ ဖြန့်ဝေနေမိခဲ့၏။

ဤသို့ အထူးခံစားခွင့်ရသွားသူမှာ စည်ပင်ဦးစီးမှူးကြီးပင်။

ဤနေ့က ထိုစည်ပင်ဦးစီးမှူးကြီးသည် မပဒံဂုအနီးက ဆိတ်ငြိမ်ရာတစ်နေရာတွင် တရားရှုမှတ်နေသည်ဆို၏။ ထိုစဉ် ခါတိုင်းထက် ရှုမှတ်၍ ကောင်းနေသည် ဆို၏။ ခါတိုင်းထက်လည်း စိတ်တည်ငြိမ်ချမ်းသာမှုအထူးရနေသည်ဆို၏။ သို့ဖြင့် ည (၇း၀၀) နာရီခန့် မိုးမိတ်မပြန်မီ ကံပို့ယဆောင်အရောက်တွင် သည်နေ့ တရားမှတ်လို့သိပ်ကောင်းတာပဲ ဥဒါန်းကျူးသွားသော ဟူ၏။ ငါတို့၏ မေတ္တာရေစင်ကြား စိတ်ရောက်သွားခြင်းကြောင့်။ သည့်နောက် စည်ပင်မှူးကြီး မိုးမိတ်သို့အပြန် ငါတို့ကြိုဖို့ကား ကလည်း လှည်းကန်သို့အဝင် ပက်ပင်းကြီးရင်ဆိုင်မိကြ ရာ စည်ပင်မှူးကြီးကား ထိုမှာပင် ရိပ်မိသွားဆို၏။ သို့သော် သူကိစ္စမဟုတ်သဖြင့် မည်သူမျှ မပြောဟူ၏။

တစ်ဖန် စည်ပင်ကတော်ကြီးက လွန်ခဲ့သော (၅) ရက်ခန့်ကပင် အိပ်မက်၊ တစ်ဖန် အိပ်မက်ဖြင့် အားမရတော့၍ ယောင်ယမ်းခြင်းဖြင့် ရွှေပြေနိမိတ်ပြသထားသည်ကို သိထားပြီးသော်လည်း မည်သူမျှ မဖွင့်ဟ ဟူ၏။ အိပ်မက်က . . .

ဆရာတော် မိုးမိတ်မှပြန်အကြွ စည်ပင်ကတော်ကြီးက သက်နီးစွန်းဖမ်း၍ လှမ်းဆွဲပြီးလိုက်ပါရာ ခမျာ . . . (ကတော်ကြီးခမျာ) ချောက်ထဲကျသွားသည်ဆိုသောအိပ်မက်။ ယင်းအိပ်မက်မက်ရင်းက အိပ်မက်ထဲမှာပင် အဟုတ်ချောက်ထဲကျသွားပြီအထင်ဖြင့် ယောင်ယမ်းပြီး အော်ဟစ်အကူညီတောင်းဆို၏။ စည်ပင်မှူးကြီးမိသားစုနှင့် ငါတို့မည်သို့ အဆက်အသွယ်ရှိသည်မသိ။

သို့ဖြင့် ည (၁၂း၁၅) နာရီအချိန် ရောက်ပြီ . . . ။ ငါတို့လည်း မပဒံဂုရွှေ့ကျောင်းသစ်လေးမှထွက်ခဲ့ပြီ။ (ဤ၌ မပဒံက ၁၂၀၀ နာရီတိတိထွက်။ ဤကျောင်းသစ်က ယခုထွက်) ထိုမှနေ ကပ္ပိယဆောင်ရောက်သည်နှင့် နောက်ပါများနှင့်အတူ ကားရှိရာထွက်ခွာခဲ့ကြပြီး မပဒံမခွာ ရွှေမြင်တင်ရှိရာသို့ ပြန်လာခဲ့ကြပြီ။ တစ်ဖန် ရွှေမြင်တင်မှခွာ မိုးမိတ်ဘိုးဘိုးကြီးတို့ရှိရာသို့ ပြန်လာခဲ့ကြပြီ။ မိုးမိတ်မှခွာ ဥ ယျဓမ်ကျောင်းရှိရာ မလည်ဘက်သို့ ပြန်လာခဲ့ပြီ။ သို့ပြန်လှည့်လာကြရာတွင် စမ္ဘာနဂိုရိမ္ဗ စက်လေ့ငယ်ဖြင့် တာဝန်ယူ ပို့ကြိုသူ စက်လေ့ပိုင် ဇနီးမောင်နှံတို့ကား မောင်ကျော်နှင့် မမော် သို့မဟုတ် အကျော်နှင့် အမော်။

ထိုစဉ် ကိုကျော်က သူပိုင်စက်လေ့ငယ်ဖြင့် ငါတို့အား (ငါတို့နှင့်ပါလာသူ နောက်ပါငါးယောက် ကိုကျော်နှင့်ပါဆို ခြောက်ယောက်၊ ပေါင်းခုနစ်ယောက်) လိုက်ပို့ချိန် စိတ်မချဆိုကာ မမော်ကလည်း အခြားစက်လေ့ငယ်တစ်စီးဖြင့် စက်လေ့ချင်း အတူယှဉ်၍ လိုက်ပို့၏။ အကျော်နှင့်အမော် အမှန်ပင်။

အကျော်အမော်တို့ လိုက်ပို့ပေးသော ကမ်းတစ်ဖက်ရွာကား မလည်ကို ဖြတ် ရွာသာယာဆိုသောအရပ် ဖြစ်၏။ ထူးခြားသည်ကား ရောက်လေရာအရပ်၌ပင် စမ္ဘာနဂိုရိကလည်း ဖူးထိုက်လို့ဖူးရတာ ဖူးလိုက်ကြပါဖြင့်၊ ရွာသာယာကားပေါ် အတက်တွင်လည်း ဖူးထိုက်လို့ဖူးရတာ ဖူးလိုက်ကြပါဖြင့်၊ သို့ဖြင့် ရွာသာယာမှ ဥ ယျဓမ်တောရရှိရာဘက် သို့ထွက်အလာ ရွာသာယာ၏အနောက်ပေါက် လမ်းတစ်လျှောက်လုံးတွင်လည်း ရွာသာယာဆရာတော် ဦးစီး၍ ငါတို့အတွက် လမ်းများပြုပြင်ပေးနေသည်ကို တွေ့ရ၏။ နောက်မှ သတင်းကြားသည်မှာ ဈာန်ပျံဆရာတော်ကြီးတစ်ပါးကြွလာမှာမို့တဲ့။ ထိုသာယာလမ်းမှနေ ကားဖြင့် ဆက်ထွက်လာခဲ့ကြရာ လမ်းတွေ့ခဲ့ရသမျှ ရွာများတွင် ပန်းဆီးကြီး (ပဇိကြီး) ရွာသည် အထူးခြားဆုံးဖြစ်နေ၏။

သံဃာတော်များကလည်း ကျောင်းမုခ်ဝမှ တန်းစီဆီးကြိုနေတော်မူကြ၏။

ဒကာ၊ ဒကာမများကား တွေ့ရာမြင်ရာမှ အပြေးလာ ဂါရဝပြုလိုက်ကြ၏။

ယင်းကလည်း ကြိုတင်သတင်းကြောင့်ဖြစ်ဟန် ရှိ၏။

ဤ၌ ငါတို့အား ဈာန်ပျံရဟန်းအဖြစ် ကြိုတင်ကောလာဟလများ ဖြစ်ပွားကြ၏။ တစ်ဖန် ငါတို့ကို ရဟန္တာအရှင်မြတ်ကြီးအဖြစ်လည်း ကြိုတင်သတင်းသွင်းထားလေ့ရှိ၏။ ငါတို့ကား ထိုနှင့်ပြောင်းပြန်သာ။ သို့ကြောင့် ထိုစကားစုတို့ဖြင့် ငါတို့အား အမွန်းတင်ခြင်းကို ငါတို့အား စော်ကားခြင်း၊ အပုပ်ချခြင်းဟူ၍သာ ငါတို့ မှတ်ယူပါသည်။ ယခုလည်း စမ္ဘာနဂိုရိမ္ဗစ၍ပြန်ခဲ့ရာ လမ်းတစ်လျှောက် ဈာန်ပျံဖြင့်အကြိုထောက်ခြင်းသည် ငါတို့ကို လှောင်ပြောင်သရော်လိုက်ခြင်းသာ။

သည်ကြားထဲ ဘယ်ကဘယ်လို သတင်းကြားသည်မသိ။ ငါတို့ ဥ ယျဓမ်တောရသို့ နယုန်လဆန်း ၁၂ ရက်ရောက်မည် ကြားသိရ၍ ထိုနေ့ကပင် လာရောက်လှူဒါန်းထားကြသော အလှူပစ္စည်းများက ဥ ယျဓမ်တောရ၏ ဂိထိုဝရွှေ့ပုံလျက်သာ တွေ့လိုက်ရ၏။ ထိုသူများ ၁၄ ရက်နံနက်မှရောက်မည် အတိအကျသိကြရသောအခါ ပရိသတ်၊ အဆောင်အယောင်၊ အခမ်းအနားများဖြင့် ကြိုဆိုရန် စီစဉ်ကြပြန်၏။ ယင်းသတင်းကို ထိုတောရမှ မပဒံသို့ သတင်းပို့သဖြင့် ဆွမ်းချက်ဒကာနှစ်ဦးမှတစ်ပါး မည်သူမျှမရှိစေရ။ သည်သို့ပင် တစ်ချက်လွတ် နှုတ်ခမ်းသတ် အမိန့်ထုတ်ပြန်ပေးခဲ့ရသည်။

ဤ၌ ငါတို့ကို ဈာန်ပျံအစား ဆန့်ပျံအဖြစ်ပြောင်းလဲအသိမှတ်ပြုကြပါလေ။ ရဟန္တာအစား ရဟန်းနာအဖြစ် ပြောင်းလဲ အသိမှတ် ပြုပေးကြပါလေ . . . ။ ငါတို့၏ နေ့မြို့ တစ်ဖန် ပြန်ခဲ့ချခြင်းများကို နောက်ကြောင်းလှန် ပြန်ကြည့်သည်မြေ ခြေဆန့်မိခဲ့ရာမှ ဆန့်တင့်ပြန်ခဲ့ရသည်ချည်း။ ကျေကျေလည်လည် သိမ်သိမ်မွေ့မွေ့ ကျန်ခြေရရပြန်ခဲ့ရသည် ဘယ်မှာမှမရှိခဲ့။ ထိုမြေနေစဉ်ကာလ ပူဇော်အထူးခံရခြင်းများကလည်း ငါဂုဏ်နှင့် မလိုက်ဖက်စွာ လက်ခံနေရသဖြင့် ငါ့မှာ နေရာတိုင်း အနာရသည်ချည်းဖြစ်ခဲ့ရ၏။

သို့ကြောင့် ငါဂုဏ်လက်ရင်းသည် ဆန့်ပျံနှင့် ရဟန်းနာ . . . ။

ယင်းကိစ္စ ယခု မိုးမိတ်ကိုကြည့်

www.burmeseclassic.com

အတည်သိကြရမည်သာ . . . ။ သို့ဖြင့် ဘက်ကြီးနှစ်လုံးဖြင့် ပရိသတ်တရုန်းရုန်း၊ ဘယ်ကိစ္စကိုယ်ပြုကျင့်ရန်ဆုံးဖြတ်နေသော ဆိုသည့် ငါသည် ယခု မလည်အနီးကပ်ခံပြီး မလည်တိုက်နယ်က ပိုင်ဆိုင်သော ဆိုတော၊ ထိုနေရာကို ငါတို့က ဥ ယျဓမ်တောရအမည်ပေးထား၏။ ငါတို့နေရာကျောင်းကိုလည်း ဥ ယျဓမ်ဟုပင် အမည်ပေးထား၏။ ကျောင်းဒကာ၊ ကျောင်းအမတို့ကား ဇီးကုန်းမှ ဒေါက်တာလှထွန်းဝင်း၊ ဒေါ် ရီရီဝင်းနှင့် နောက်မိသားတစ်စု။

မလည်ကား နောက်ထပ်မလည် တော့ပါကြောင်း မောင်းခတ်ခြင်း။

ဥ ယျဓမ်ကား ဘုရားသိသော တရားတို့များအား ပေးသနားတော်မူခြင်း။

တောရကား လောကတော် ဝင် ကစား သဘာဝတော အားထားခြင်း။

အသွားမတော်ခဲ့သောထိုခြေလှမ်း

မဘိန်ဦးတည် မိုးမိတ်သို့ ချီခဲ့သော ထို ငါ့ခြေလှမ်းကား အသွားတော်ဖြစ်ခဲ့ပြီ။ သို့ကြောင့် ခြေလှမ်းပြန်ဆုတ် နောက်သို့ရုပ်ခဲ့သည်။

ငါသွားသော ထိုနေရာက ငါ့အတွက် ကျေးဇူးမများက ငါမနေ။ သည်အတူ သာသနာအတွက်၊ လူများအတွက် ကျေးဇူးမများကလည်း ထိုနေရာ ငါမနေ။ ငါ့အတွက် ကျေးဇူးများ များကား ဓမ္မဖြင့် စံထိုး၏။ လောက သာသနာအတွက်ကား သဒ္ဒါ၊ ပညာတို့ဖြင့်သာ စံထိုးမြဲ ဖြစ်ခဲ့၏။ သဒ္ဒါ၊ ပညာ ဆိုန့်စ်ဖြာ နောက်ခံရှိသော ထိုစေတနာများကသာ သာသနာအတွက်၊ လောကအတွက် မျိုးစေ့အမှန် မျိုးစားကျန်များဖြစ်ခြင်းကြောင့်။ တစ်ဖန် ငါ့အတွက် ကျေးဇူးများ၊ မများ ဓမ္မအတွက် ဝိဝေကရှိပင်။

သို့ လောက၊ သာသနာတို့သည် ငါ့ကို ကျေးဇူးမပြုခဲ့သော် . . .

အသွားမတော်တစ်လှမ်းကမူလား စာတမ်းထိုးလျက်က ခရီးထွက်ခဲ့ရရာ ယနေ့တိုင်လည်း တစ်နေရာမှ တစ်နေရာ ရွှေ့ရုပ်မည်သာ . . . ။

❐ ပဒေသောမေ ဗဟုပကာရော နသာသနဿ လောကဿပိ၊ တေနဟိသော ဒွါဂတောသိ ဣတော စိတော နဝံ နဝံ၊ ဝနာဝနံ သင်္ဂီ ပဠဲ ယာဝဇီဝံ အဇ္ဈဒိနေ။ ။

အယံပဒေသော - ဤနေရာ၊ ဤအရပ်သည်၊ **မေပိ** - ငါ့အားလည်း၊ **နဗဟုပကာရော** - ကျေးဇူးမများလှပါ။ **သာသနဿပိ** - သာသနာတော်အားလည်း၊ **နဗဟုကာရော** - ကျေးဇူးမများလှပါ။ **လောကဿပိ** - ကိုးကွယ်အားထား ပရိသတ်အစားစားအားလည်း၊ **နဗဟုကာရော** - ကောင်းမှုပို့ရင်း ဆိုးခင်းကြီးပွား အကျိုးသိပ်မများ။

တေနဟိ - သည်ပုံမျိုးချိုးနေလျှင်၊ **သော** - ထိုနေရာသည်၊ **မေ** - ငါ့အဖို့၊ **ဒွါဂတော** - လာခြင်းမကောင်းသောနေရာတည်း၊ **ဇိ** - အသွားမတော်တော့သောခြေတစ်လှမ်း။

တေနဟိ - သို့ဖြင့်ပင်လျှင်၊ **သော အဟံ** - ထိုသည့်ငါသည်၊ **နဝံ နဝံ** - တစ်သစ်ပြီးတစ်သစ်၊ **ဣတော** - ဤနေရာမှ၊ **ပက္ကံ** - ဖဲ့ထွက်ခဲ့ရချေပြီ။

ပက္ကံ - ဖဲ့ခဲ့၍၊ **ဣတောစ** - ဟိုနေရာသို့လည်း၊ **သင်္ဂီ** - ပြောင်းလာခဲ့ရချေပြီ။

တေနဟိ - သည်ပုံကဆိုး ဟိုပုံခိုး၍ တိုးတိုးသွားသွား တိုးသွားတိုးလာများခဲ့ရပါသောကြောင့်၊ **သောအဟံ** - ထိုငါသည်၊ **အဇ္ဈဒိနေ** - ယနေ့ထက်တိုင်၊ **ယာဝဇီဝံ** - တောထွက်ဘဝ ခံယူထားသမျှကာလပတ်လုံး၊ **ဣတောဒွါဂတောဩ** - ဤနေရာ အလားမကောင်းတိုင်းလည်း၊ **ပက္ကံ** - ဖဲ့ခဲ့ရပေါင်းလည်း များခဲ့ပြီ။

ဣတောပိစိ - ဟိုနေရာသွား ဟိုနေရာ အလားမကောင်းတိုင်းလည်း၊ **သင်္ဂီ** - တစ်ရွာမပြောင်းသူကောင်းမဖြစ်နည်းစနစ်ဖြင့် ပစ်ခဲ့ရပေါင်းလည်းများပြီ . . . ။

မေ - ငါ၏၊ **အာဂတော** - လာခြင်းများကား၊ **ဒွါဂတော** - အသွားမတော်သော ခြေလှမ်းတည်း။

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။

ဥ ယျဓမ်တောရ၊ မလည်တိုက်နယ်။

❐

(နောက်တွဲအချုပ်ပို)

အကျော်အမော်မှ
အကြောက်အမောသို့
နာမည်ပြောင်းကြသောအခါ

စမ္ဘာနဂိုရ်တစ်ဖက်ကမ်းမှ ရွာသာယာတစ်ဖက်ကမ်းသို့ ရောဝတီ၏တတိယမြစ်ကျဉ်းအနီးလေးမှ ဖြတ်တူးကြရာတွင်. . . တတိယမြစ်ကျဉ်းတစ်ဝိုက်တွင် လှိုင်းလေများထန်နေပြီး ဂယက်ထနေ၏။ လှိုင်းကလေးများစွာတို့သည် တိုက်ကြက်ကလေးများ တစ်ကောင့်တစ်ကောင် ရင်ဆိုင်ခွပ်နည်းကာပမာ . . . အချင်းချင်း မျက်နှာချင်းဆိုင်ခွပ်နေကြရာ အချို့တိုင်းအချို့တိုင်း ကောင်းကင်သို့ ဖြန်းခနဲ ဖြန်းခနဲ တက်နေကြကုန်၏။ ထိုစဉ် သုတ်သုတ်ပြူလေကလေးများကလည်း ပွဲသွင်းကြက်ကိုင်ဒိုင်ကြီးများပမာ နီးရာလှိုင်းကြားဘေး ပြေးရှဲပြေးရှဲ အားပေးနေကြလေကုန်၏။

ထိုမြင်ကွင်း ယနေ့မှလား ယနေ့တိုင်လား တို့မသိ။

ငါတို့ကား သည်အချိန် သည်ဆိသည်တစ်ချိန်သာ ရောက်ဖူးနေခြင်း ဖြစ်နေ၍ ငါတို့ လိုက်ပို့တာဝန် ယူကြထားကြသည့် ကျော်မော် ဇနီးမောင်နှံတို့မှာကား . . . ယမန်နေက ဦးလှထွန်းဝင်း စနစ်တကျ စီစဉ်ထားခဲ့သည်များကို ပြောင်းပြန်လှန်ကာ ယနေ့ သူတို့တာဝန်မယူဖို့ အားယူနေကြပြီ ဆို၏။

အိမ်မှာပဲထိုင်နေမည်၊ လာခေါ်မှပဲ လိုက်ပို့ပေးတော့မည်. . . အမော်က။

စက်လေ့မှာပဲနေမည်၊ လိုက်အပို့ခိုင်းမှပဲ နှိုးပြီးပို့ပေးတော့မည် . . . အကျော်က။

ကဲ - ဘယ်လိုကဘယ့်နယ်ပြောင်းသွားလေသည် မသိနိုင်တော့ . . . ။

ညက အိပ်မက်ဆိုးကြီးများ မြင်မက်ထားကြလို့လေလား။ သို့မဟုတ် တစ်ယောက်ယောက်ကများ နေ့မကောင်းဘူး ပြောလို့လေလား။ နယုန်သည် ဂဠုန်နှင့်ကျား သားမွေးရာသီ။ ငါတို့ မြစ်ဆင်းရာ ထိုနေ့ကလည်း (၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်) တနင်္ဂနွေနေ့၊ သည်ကြားထဲ လေမြူလှိုင်းထဂယက်များကလည်း ဟန်ရေးပြနေ . . . တို့များမှာလည်း ပုံမှန်ဆို စမ္ဘာနဂိုရ်သို့ နံနက် (၄း၃၀) နာရီ ရောက်ရမည်ဖြစ်သော်လည်း ညခေါင်ခေါင် မီးရောင်အားပြမောင်းနှင့်ခဲ့ရသောကြောင့် နံနက် (၇း၁၅) နာရီလောက်ကျမှ စမ္ဘာနဂိုရ်သို့ ရောက်ကြရာ ကြိုတင်ရောက်နှင့်နေကြသော ဦးကျော်ဌေးတို့ ဂနာမငြိမ်ဖြစ်ရပြီ။

သို့နှင့် ကားဆိုက်ပြီ။ သို့သော် ကြိုမည့်သူမရှိ။ စက်လေ့လည်း အဆင်သင့်မတွေ့မိ။ ငါတို့စီးခဲ့သောကားကြီး မြစ်ဆိပ်တာရိုးကြီးပေါ် အထိ ထိုးတက်

www.burmeseclassic.com

www.burmeseclassic.com

သွားပြီး စက်လေမျှော်၏။ ပေါ်မလာ။ ပေါ်မလာ၍ လိုက်ရှာရာ တစ်နေရာတွင် ကျောက်ချပြီး လေပေါ်ဝယ် ငုတ်တုတ် မျက်နှာငယ်လေးနှင့် ထိုင်နေသည့် မောင်ကျော်ကိုတွေ့ရပြီး ကားရှိရာဆီသို့ အမောင်းခိုင်းခဲ့ရ၏။

.. စက်လေက ကားဆီသို့ ရောက်မလာသေး။ လုအုပ်ကြီးကား ဖူးထိုက်လို့ ဖူးရတာဆိုပြီး ဝိုင်းအံ့လာကြလေ၏။ သည်အထဲ 'ငါတို့ သည်ရောက်လျှင် ချက်ချင်းသတင်းပို့ပါ' သို့နှယ် အခိုင်းခံထားရသူများက ချက်ချင်းစာရေး၍ အပေးခိုင်းနေသည်ကိုလည်း တွေ့ရ၏။ အုပ်ချုပ်ရေးတာဝန်ယူထားရသူများနှင့် ဆင်၏။ ကျန်ဝရိသတ်ထုကြီးကား လွန်ခဲ့သော လဆန်း ၁၂ ရက်နေ့ကတည်းက ပင် နက်ဖြန် (လဆန်း ၁၃ ရက်နေ့)တွင် စာပုံဆရာတော်ကြီးတစ်ပါးကြွလာမည့် သတင်းကြောင့်ဆို၏။

စက်လေကား အနီး မြစ်ဆိပ် ရောက်သောအခါ ပိုင်ရှင် မောင်ကျော်သည် ကြိုးဆွဲရုပ်ပမာ ခိုင်းသလောက် သာလုပ်ပေးနေသည်ကိုတွေ့ရ၏။အရုပ်ကလေးက စကားတစ်ခွန်းတော့ ပြောလာသေး၏။ 'ရှေ့က စေတီလေး တည်ထားတဲ့ကုန်းကလေးအနီးတစ်ဝိုက်ဟာ တတိယမြစ်ကျဉ်းပါဘုရား' . . . ထိုစဉ် ငါတို့လည်း ကုန်းထိပ်ရှိ စေတီလေးသို့လည်း လှမ်းဖူးလိုက်မိ၏။ ကုန်းခြေရင်း၌ ခွပ်ကစားနေကြသော လှိုင်းကြက်လေးများကိုလည်း လှမ်းကြည့်မိ၏။ နံနက် (၇း၁၅) နာရီတိတိ စမ္မာနဂိုရ်ကမ်းမှခွာခဲ့ပြီ။

တတိယမြစ်ကျဉ်းရှေ့တစ်ဝိုက်မှ လှိုင်းကြက်လေးများကလည်း ဆီးကြိုဦးခိုက်နေကြပြီ။ စက်သံက တအင်းအင်း လှိုင်းပုတ်ရေက တဖျင်းဖျင်း လိုက်ပါသူ အားလုံး (စက်လေရှင် မောင်ကျော်ပါ ၇ ဦး) ကား မလှုပ်မယှက်။ သို့သော် မောင်ကျော်မျက်နှာကား ဆီးရွက်။ နောက်မှသိရသည်မှာ မလည်ကလည်း စာနှံပုံဆရာတော်ကြီးတစ်ပါးကူးလာမည် သတင်းကြား၍၊ အချို့က မဟာဗောဓိမြိုင်ဆရာတော်ကြီး ယနေ့ကူးလာမည် သတင်းရထားကြ၍ ကမ်းမှပင် ကြိုနေကြသည် ဆို၏။ စီစဉ်ထားသည်က ရွာသာယာမှာ။ စက်လေပိုင်ရှင် မောင်ကျော်ကလည်း ဘာကြောက်နေသည် (ဘာကြောင်နေသည်) မသိ သူ့ကိုယ်သူ စိတ်မချ၍ ဇနီးသည်အား စက်လေ အကူတစ်စီးဖြင့် နောက်မှလိုက်ခဲ့ရန် ကြိုတင်စီစဉ်ထားပြီး ဆို၏။

မောင်ကျော်ကိုင် ငါတို့(၆)ယောက် ပါ စက်လေကား အားပြည့်မာန်ပြည့် ဖြင့်ပင် လှိုင်းတံပိုးကြီးဘေးမှ ကွေ့ပတ်ကာ ရွာသာယာဆီသို့ ချောမောစွာ စုန်ဆင်းနိုင်ခဲ့ပြီ။ မမော်ပါ စက်လေကလေးလည်း ငါတို့နှင့် ဘေးချင်းယှဉ်ကာ တွဲပါလာခဲ့ပြီ။

ဤ၌ မလည်ကို စာဆိုချင်သေး၏။

တစ်ရက်တွင် မိုးမိတ် ပဖွာရုံကျောင်းတိုက်ကြီးမှ ပဓာနနာယက ဆရာတော်ကြီးသည် ငါတို့သီတင်းသုံးရာ မပဒံဂူသို့ ကြွရောက်ခိုးမြောက်တော်မူရာ ထိုနေ့က မလည်က ကူးလာသော ဒကာနှစ်ဦးလည်း အဆင်သင့်ရှိနေသည်ကြောင့် "တပည့်တော်တို့ မလည်ဘက် ကပါ" လျှောက်၏။ ထိုစဉ် ဆရာတော်ကြီးက ကောက်ကာငင်ကာပင် "မလည် မဝယ်ပေါ့ ဟုတ်ဖူးလား" မိန့်တော်မူ၏။ ယခု ထိုစကားတော်အတိုင်းပင် ငါတို့သည် မလယ်ကို မဝယ်ကြတော့ပါ။ ထိုအခါ "ဆရာတော်ကြီး၊ တို့ဆီမကပ်ဘူးဟော့" လိုက်ကြရအောင် တစ်ဦးက လှုံ့ဆော်လိုက်ရာမှ ငါတို့ကားသွားမည့် လမ်းသို့ မော်တော်ဆိုင်ကယ်ကိုယ်စီဖြင့် လိုက်ကြသည် ဆို၏။ သို့သော် မလည်မှ မဝယ်တော့ဘူးဆိုခဲ့သည့်အတိုင်း မဝယ်ဖြစ် (မဆုံဖြစ်) ကြတော့ပါ။ ငါတို့ ပဇီကြီးလွန်မှ ရောက်လာကြဟန်ရှိသည်။

ငါတို့ကား ရွာသာယာကိုတက် ဥယျာဉ်မတောရဘက်ထွက်ခဲ့ပြီ။ အားလုံးပင်ပျော်ပျော် ကျော်ကျော်မော်မော် အောင်ပန်းဝင်ခဲ့ပြီ။ သို့သော် . . . မကျော်နိုင်မမော်နိုင်သူတို့ကား မောင်ကျော်နှင့် မမော်တို့ဖြစ်နေကြပြီ. . . ။

မောင်ကျော်က သူ့လေ့ချည်းဆန်တက်ရမည်ကို ကြောက်နေ၏သို့. . . ။

မမော်ကလည်း သူ့လေ့ချည်း ပြန်ရမည်ကို ဝန်လေးနေဆို၏။

မမော်စက်လေတွင် ရွာမှလာက တည်းက အဖော်နှစ်ယောက် (စက်မောင်းပဲ့ကိုင်ဒကာတစ်ဦးနှင့် ရေပက်ထုတ်ရန် ဒကာမတစ်ဦး) ပါခဲ့ပြီးသား။ မောင်ကျော် စက်လေတွင်လည်း စမ္မာနဂိုရ်တွင် ငါတို့ထားပစ်ခဲ့သောကားကိုသွားယူရန် ကားသမားနှင့် မောင်သန်းတို့ အုပ်စု (သုံး၊ လေးယောက်ခန့်) ပါသွား၏။ သို့စဉ်လျက် ဘာများကြောက်နေကြသည်မသိ။ ဘယ်အရာ ဘာကများ ခြောက်လှန့်နေပြီ မသိ။ ကြောက်လိုက်ကြသည်မှာ လေ့နှစ်စင်း အချင်းချင်း ဖူးကပ်လျက်က ဆန်တက်ခဲ့ရသည်အထိ ဆို၏။

ဧရာဝတီမြစ်သည် အကျော်တို့အမော်တို့၏ မိခင်မြစ်တစ်စင်း ဖြစ်၏။ အကျော်အမော်တို့လူလားမြောက်သည် မှစကာ ယင်းတို့သည် မိခင် ဧရာဝတီ၏ ရင်ခွင်ကြားမှပင် စုန်လိုစုန်၊ ဆန်လိုဆန် ခဲ့ကြ၏။ သည့်အတူ အကျော်အမော်တို့၏ ခြေ၊ လက်ပမာသော ဤလှေကလေးများကလည်း မိခင်ဧရာဝတီ၏ လည်ပင်းဖက်ပေး၍လည်း ဆော့ကစားပေးသေး၏။ တစ်ဖန် ရင်ခွင်ကြား၊ ခါးကြား၊ ခြေထောက်ကြားတို့မှ ဖြတ်ပြေးလျက်ကလည်း အကျော်တို့အမော်တို့ကို မိခင်နှင့် သွေးတူသားတူ မွေးမြူပေးသေး၏။ သို့စဉ်လျက် ယနေ့ မိခင် ဧရာဝတီကို ကြောက်နေသော၊ မိခင် ဧရာဝတီကို တွယ်ဖက်၍ တစ်ဖက်မှတစ်ဖက် ကူးခပ်ပေးနေသော ထို '၎' နှင့် ထိုလှေတို့အပေါ် စိတ်မချနိုင်ဖြစ်နေကြခြင်းသည် အကျော်နှင့် အမော်တို့၏ သွေးရိုးသားရိုးများမှဟုတ်ပါလေစ။

သို့မဟုတ် မိုးမိတ်မှ စစ်ရှုံး၍ ဝရုန်းသုန်းကားပြေးလာနေသော ငါတို့ကို ဧရာဝတီကများ ပမာမခန့် ဟန့်နေလေရော့သလား။ လှေကလေးများ လိပ်ပြာမသန့် လန့်နေလေရော့သလား။

စင်စစ် . . . ဥ ယျာမွသာမိ အမည်ပေါက်ထားသူ ငါသည် ဥ ယျာမမ်နှင့်သာ ထိုက်တန်၏။ ဥ ယျာမ်သည် ဥ ယျာမွသာမိ၏ ဖွားဖက်ဖြစ်၏။ သို့ကြောင့် ယနေ့ မပဒံမှ ဥ ယျာမ်သို့ ပြန်လာသောငါ့ကို ဘယ်သူမှ မဟန့်ဆွဲကြပါ။ ဘယ်သူမှလဲ မလှန့်သင့်ကြပါ။

ဥ ယျာမွသာမိသည် ဥ ယျာမ်သို့ ချောချောမောမော ဝင်ပါစေ။ ။

၁၃၇၄ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။

မှတ်ချက် -

အကျော်အမော်တို့၏ နောက်ဆက်တွဲသတင်းများ ထပ်မံကြားသိရန် ဤနောက်ဆက်တွဲဖြင့် ဆက်တွဲမှတ်တမ်းတင်ခြင်း ဖြစ်၏။ သည်အထဲ မိုးမိတ်ဖိုး-- ၏ မချေမငံဆက်ဆံခဲ့ပုံများ မပါဝင်သေး။ ပါခဲ့လျှင်လည်း လူမိုက်လုပ်ထုံးများဖြစ်နေ၍ ကုသိုလ်ပွားများရာ မမြင်. . . ။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com



ကောင်းစံသာ (မင်းတုန်း)

သရဏာကုံအကြောင်း သိကောင်းစရာအဖြာဖြာ

အကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြသူများဖြစ်ရာ သရဏာကုံနှင့် ပတ်သက်၍ သိသင့်သိထိုက်လှ၏။ အဘယ်ကြောင့်ဆိုသော် သရဏာကုံ ဟူသည် ဗုဒ္ဓဘာသာ၏အခြေခံအုတ်မြစ် မူလဘုတစာရင်းအစစ်ဖြစ်သောကြောင့်ပင်။

၁။ သရဏာ (အောက်မေ့ကိုးကွယ်ခြင်း)

သရဏာ ဟူသည် ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းအမျိုးမျိုးတို့ကို ဖျက်ဆီးတတ်၊ ဖျောက်ဖျက်တတ်ခြင်းကို သရဏာကိုးကွယ်ရာဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com

တို့ထက်ပို၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရလျှင် -

အောက်မေ့ ကိုးကွယ်လိုက်သည်နှင့်တစ်ပြိုင်နက် စိတ်မှာ ကြောက်ရွံ့နေသောအရာများ၊ ထိတ်လန့်တုန်လှုပ်နေသောအရာများတို့သည် ပျောက်ပျက်သွားပေ၏။ ထို့အပြင် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ အပါယ်လေးပါးရောက်ရခြင်း၊ စိတ်၏ညစ်နွမ်းပုပ်နံခြင်းတို့သည်လည်း ဖယ်ရှားသွားပေ၏။ ထို့အကျိုးတို့ကိုဖြစ်စေသောအရာကား ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့သာလျှင်ဖြစ်ပေ၏။ ထို့ကြောင့် **သရဏဟူ ခေါ်ရပေ၏**။

သရဏအရ ကောက်ယူရသော ဘုရား၊ တရား၊ သံဃာတို့တွင် ဘုရားရတနာသည် သံသရာခရီးသွားသတ္တဝါအများတို့၏ လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားများဖြစ်ထွန်းအောင်မြင်စေရန်၊ အကျိုးစီးပွားမဟုတ်သောအရာများမဖြစ်စေရန်ဆိုသည့်ဘေးဒုက္ခ မရောက်စေရေးကို ပုဒ္ဓရတနာခေါ် ဘုရားရှင်သည် ကယ်မစောင့်ရှောက်ပေးတတ်သောကြောင့် သရဏမည်ပေ၏။

ဓမ္မခေါ် တရားရတနာသည်ကား သုံးဆယ့်တစ်ဘုံ တည်းဟူသော ကြမ်းတမ်းလှသည့် ဘဝသံသရာခရီးခဲမှ လွတ်မြောက်စေရန် ထုတ်ဆောင်ခြင်း၊ ကိလေသာအပူအမျိုးမျိုးတို့၏ နှိပ်စက်ခံနေရမှုမှ သက်သာမှုရအောင်ပေးတတ်ခြင်းတို့ကြောင့် သရဏ ဟူသော အမည်ကို ရခြင်း ဖြစ်၏။

သံဃာရတနာမှာမူ သတ္တဝါပုဂ္ဂိုလ်များထိုထိုတို့အဖို့ အပြစ်ကင်းသောဖျူးစင်ကောင်းမြတ်သော ကုသိုလ်ကောင်းမှုကို နည်းနည်းမျှပင် ပြုလုပ်ရစေကာမူ အတိုင်းအတာမဲ့သော ကောင်းကျိုးအဖုံဖုံကိုရစေခြင်းဖြင့် မိမိကိုယ့်ကြည်ကိုးကွယ်သူများ၏တည်ရာမှီရာအားထားရာဖြစ်သောကြောင့် သရဏဆိုသော့အမည်ကိုရခြင်းဖြစ်ပေ၏။

၂။ သရဏဂမန(အောက်မေ့ကိုးကွယ်ခြင်းသို့ရောက်ခြင်း)

သရဏဂမနခေါ် သရဏဂုံသုံးပါးကို ကိုးကွယ်ခြင်းသို့ရောက်သည်ဟုဆိုရာဝယ် အကြင်သူတစ်ဦးတစ်ယောက်အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ရတနာသုံးပါးအပေါ် ညွတ်ကိုင်းကြည်ညို၍ ရှိသေလေးစားသောအခါ ပုပန်စေတတ်သော ကိလေသာအညစ်အကြေးများပျောက်သွားတော့၏။ ထိုကဲ့သို့ ကိလေသာတို့ ပျောက်သွားရခြင်းသည် ကိုးကွယ်သူ၏သန္တာန်၌ ဖြစ်ပေါ်သော မဟာကုသိုလ်စိတ္တုပ္ပာဒ်ခေါ် မဟာကုသိုလ်စိတ် (၈) ခု၊ အညသမာန်းစေတသိက် (၁၃) ခု၊ သောဘဏစေတသိက် (၂၅)ခု တည်းဟူသော စေတသိက် (၃၈) ပါးတို့၏ သတ္တိစွမ်းအားကြောင့် ဖြစ်ပေ၏။ လိုရင်းအချုပ်ဆိုရလျှင် ကိုးကွယ်ခြင်းသို့ရောက်ခြင်း ဟူသည် ရတနာသုံးပါးကို ကြည်ညိုရိုသေမှုမဟာကုသိုလ်စိတ္တုပ္ပာဒ်ခေါ် နာမ်တရားဖြစ်ပေ၏။ ဤအချက်ကို လေးလေးနက်နက် သဘောပေါက် နားလည်သင့်ပေ၏။

၃။ သရဏဂတ (အောက်မေ့ကိုးကွယ်ခြင်းသို့ရောက်သောသူ)

အထက်ဖော်ပြပါ မဟာကုသိုလ်စိတ္တုပ္ပာဒ်တို့နှင့် ပြည့်စုံသော အကြင်သတ္တဝါတစ်ဦးတစ်ယောက်သည် 'ဤရတနာသုံးပါးတို့သည် ငါ၏အောက်မေ့ကိုးကွယ်ရာ၊ မှီခိုအားထားရာဖြစ်၏' ပြုလုပ်ပါက သရဏဂတခေါ် အောက်မေ့ကိုးကွယ်ခြင်းသို့ရောက်ခြင်းဖြစ်ပေ၏။

၄။ ပုဒ္ဓ၊ ဓမ္မ၊ သံဃာတို့ကို စ၊ ဃ၊ ဆုံးထားရခြင်းအကြောင်း

သရဏဂုံသုံးပါးတို့တွင် မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့ထက် မြတ်လေ့သောကြောင့် **အစဦးဆုံးထား**၍ ပုဒ္ဓကို ဟောခဲ့ပေ၏။ တရားတော်သည်ကား ထိုဘုရားရှင်သာလျှင် အမှန်အစဖြစ်ခြင်း၊ ထိုမြတ်စွာဘုရားသည် ဂေါစရာသေဝန၊ ဘာဝနာသေဝနအားဖြင့် မှီဝဲအပ်ခြင်းဖြစ်လေသောကြောင့် အလယ်၌ထား၍ ဟောခဲ့ခြင်း ဖြစ်၏။ သံဃာ ဟူသည် ထိုတရားထော်၏ တည်ရာဖြစ်ခြင်း၊ ထိုတရားတော်ကို အဖန်တလဲလဲ မှီဝဲတတ်ခြင်းဖြစ်သောကြောင့် နောက်ဆုံးထား၍ဟောခြင်းဖြစ်ပေ၏။

တစ်နည်းဆိုရလျှင် မြတ်စွာဘုရားသည် သတ္တဝါခပ်သိမ်းတို့၏အကျိုးစီးပွားကိုဖြစ်ထွန်းစေရာ၌ အထူးသဖြင့် တိုက်တွန်းနှိုးဆော်တော်မူတတ်သောကြောင့် ပုဒ္ဓသရဏဂုံကို ရှေးဦးစွာဟောခြင်းဖြစ်၏။

လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့၏ အစီးအပွားဖြစ်သောကြောင့် ဓမ္မသရဏဂုံကိုအလယ်၌ထား၍ဟောခြင်းဖြစ်၏။ အစီးအပွားကိုရခြင်း၊ သိခြင်းဌာကောင်းစွာ ကျင့်တော်မူသကဲ့သို့ ရပြီး၊ သိပြီးသော အစီးအပွားလည်းရှိတော်မူသောကြောင့် သံဃာသရဏဂုံကို အဆုံး၌ထား၍ဟောခြင်းဖြစ်၏။

၅။ သရဏဂုံသုံးပါးဖြာဥပမာ

ရတနာမြတ်သုံးပါးတွင် ဘုရားရတနာသည် အထက်အဇ္ဈာကောင်းကင်မှထွက်ပေါ်လာသော လပြည့်ဝန်းနှင့်တူပေ၏။ တရားရတနာမှာမူ ထိုလပြည့်ဝန်းမှထွက်ပေါ်ဖြာကျသော အေးမြသောသတ္တိရှိသည့်အရောင်နှင့်တူပေ၏။ သံဃာရတနာသည်ကား ထိုလရောင်ကို နှစ်နှစ်သက်သက် မြတ်မြတ်နိုးနိုးလိုလိုလားလားခံစားသုံးဆောင်ကြသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းကဲ့သို့ ဖြစ်ပေ၏။ ဤကား ဥပမာအမှတ် (၁) ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုရလျှင် ဘုရားရတနာသည် ဥဒဉ်တောင်စွန်းမှတက်ထွန်းဖြစ်ပေါ်လာသောနေဝန်းနှင့်တူပေ၏။ တရားရတနာသည်ကား ထိုနေမင်း၏ ရောင်ခြည်ကွန်ရက်နှင့် အလားပမာတူလှပေ၏။ သံဃာရတနာမှာမူ ထိုနေမင်းထွက်ပေါ်လာသည်နှင့် အမှိုက်မှောင်ကင်းပျောက်ပြီးသော တစ်ဖက်နံရံရှိ လူအပေါင်းနှင့်တူပေ၏။ ဤကား ဥပမာအမှတ် (၂) ဖြစ်၏။

နောက်ထပ်တစ်နည်းမှာမူ ဘုရားရတနာသည် တောင်ယာကို မီးရှို့သောတောင်သူယောကျ်ားနှင့်တူပေ၏။ တရားရတနာသည်ကား ကိလေသာ တည်းဟူသောတောကိုလောင်တတ်သောကြောင့် တောကိုလောင်ကျွမ်းစေသောမီးနှင့်တူလှပေ၏။ သံဃာရတနာမှာမူ အရဟတ္တမဂ်ဖြင့် မီးမြှိုက်အပ်ပြီးသော ကိလေသာရှိသောကြောင့် ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေပြင်သဖွယ်ဖြစ်၍ ပကတိမီးလောင်ပြီးသော၊ ပကတိသောမြေအပြင်နှင့်တူပေ၏။ ဤကား ဥပမာအမှတ် (၃) ဖြစ်၏။

နောက်ထပ်ဖော်ပြရလျှင် မြတ်စွာဘုရားသည် မီးရေမိုးပေါက်အဖြစ် ရွာသွန်းချမည့် တိမ်တိုက်တိမ်ထုကြီးနှင့်တူပေ၏။

တရားရတနာမှာမူ အညစ်အကြေးကို ကင်းဝေးစင်ကြယ်စေသော အေးမြကြည်လင်သည့် မိုးရေမိုးပေါက်နှင့်တူပေ၏။ သံဃာရတနာသည်ကား ထိုမိုးရေမိုးပေါက်တို့ကြောင့် အညစ်အကြေးကင်းစင်သွားသောတိုင်းသားပြည်သူ့အများ

www.burmeseclassic.com

နှင့်တူပေ၏။ ဤကား ဥပမာအမှတ် (၄) ဖြစ်၏။

ဆက်လက်၍ ဖော်ပြရသော် ဘုရားရတနာသည် ယဉ်ကျေးလိမ္မာခြင်းရှိသည့် မြင်းကြမ်းမြင်းပျက်တို့ကို လိမ္မာယဉ်ကျေးအောင်ဆုံးမတတ်သောရထားဆရာနှင့် တူပေ၏။

တရားရတနာသည်ကား ထိုမြင်းကြမ်းမြင်းပျက်တို့ကို ယဉ်ကျေးလိမ္မာအောင်ဆုံးမကြောင်းဖြစ်သည့် နှင်တံနှင့် တူ၏။

သံယာရတနာမှာမူ ကောင်းစွာယဉ်ကျေးလိမ္မာပြီးသောမြင်းအပေါင်းနှင့် တူလှပေ၏။ ဤကား ဥပမာအမှတ် (၅) ဖြစ်ပေ၏။

နောက်ထပ် ဖော်ပြရမည်ဆိုလျှင် ဘုရားရတနာသည် ဆူးငြောင့်စူးနစ်ဝင်ရောက်နေရသူ၏ ဆူးငြောင့်ကို ဆွဲနုတ်ကာသပေးသောဆေးဆရာကြီးနှင့် တူလှပေ၏။

တရားရတနာသည်ကား ထိုဆူးငြောင့်ကို လွယ်လင့်တကူ နုတ်ယူစေနိုင်သော ဆေးဝါးကောင်းနှင့် တူပေ၏။

သံယာရတနာမှာမူ စူးနစ်ဝင်ရောက်နေသော ဆူးငြောင့်များကို ပယ်နုတ်ပြီးဖြစ်သဖြင့် ဆူးကင်းပြီးသောလူအပေါင်းနှင့်တူပေ၏။ ဤကား ဥပမာအမှတ် (၆) ဖြစ်ပေ၏။

ဆက်လက်၍ ဖော်ပြပါဦးမည်။

ဘုရားရတနာသည်, မျက်စိတွင် ခဲ့ကပ်နေသော တိမ်သလွှာကို လျင်မြန်စွာ ဖျောက်ကင်းအောင် ကုသပေးသောဆရာကြီးနှင့်တူပေ၏။

တရားရတနာမှာမူ မျက်စိ၌စွဲကပ်နေသည့် တိမ်သလွှာကို လျင်မြန်စွာဖျောက်ကင်းအောင် ဖယ်ရှားပေးသောဆက်မြက်သော မျက်စဉ်းဆေးကောင်းနှင့် တူပေ၏။

သံယာရတနာသည်ကား မျက်စိကို ကုသပြီးဖြစ်၍ ကြည်ကြည်လင်လင်ကောင်းစွာမြင်ရလေသော လူအပေါင်းနှင့် တူပေ၏။

ဤကား ဥပမာအမှတ်(၇)ဖြစ်၏။

ဘုရားရတနာသည် ကိလေသာဘာဝာရာဂလောဘ တည်းဟူသော နွားရောဂါမှ ကောင်းစွာကင်းတော်မူပြီးဖြစ်၍ သွေး၊ သည်းခြေ၊ လေ၊ သလိပ် ကြောင့် ဖြစ်ပေါ်သောရောဂါအမျိုးမျိုးကို ကုသပေးနိုင်သော ဆေးဆရာကြီးနှင့် တူပေ၏။

တရားရတနာသည်ကား တိကျမှန်ကန်သောဆေးဖြစ်တို့ကို စုဆောင်းစုပေါင်း၍ ဖော်စပ်အပ်သော ဆေးစွမ်းကောင်းနှင့်တူပေ၏။

သံယာရတနာသည်လည်း ဆေးဆရာ၏ စကားကို ကောင်းစွာ နားစိုက်ထောင်၍ လူနာလိုက်နာရမည့်အချက်များနှင့်ပြည့်စုံကာ နေထိုင်စားသောက်သဖြင့် ရှင်းရှင်းလင်းလင်းရောဂါပျောက်ကင်းပြီးသောလူအပေါင်းနှင့်တူပေ၏။

ဤကား မှတ်သားစရာ ဥပမာအမှတ်(၈)ဖြစ်၏။

ဆက်လက်၍ (၉) ခုမြောက် ဥပမာကိုရေးပါမည်။

ဘုရားရတနာသည် လမ်းခရီးကျွမ်းကျင်လိမ္မာသည့် လမ်းကောင်းလမ်းမှန်ကို ညွှန်ကြားတတ်သော ခရီးညွှန်ယောကျ်ားကောင်းနှင့်တူပေ၏။

တရားရတနာသည်ကား ခရီးညွှန်ယောကျ်ားပြောကြားညွှန်ပြသော ခရီးလမ်းကောင်းနှင့်တူ၏။

သံယာရတနာသည် ခရီးညွှန်ယောကျ်ားညွှန်ပြသည့်အတိုင်း ချမ်းသာစွာ သွားလာရသော ခရီးသွားသူလူအပေါင်းနှင့်တူပေ၏။

(၁၀)ခုမြောက်ဥပမာကိုရေးသားရသော် -

ဘုရားတည်းဟူသော ရတနာသည် ရေလမ်းခရီးသွားလာရာ၌ အလွန်တရာမှ လိမ္မာကျွမ်းကျင်သော သင်္ဘောအရာရှိကပ္ပတိန်နှင့်တူပေ၏။

တရားရတနာသည်ကား လှေသင်္ဘော၌ စီးနင်းလိုက်ပါသူတို့ကို လိုရာအရပ်သို့ပို့ဆောင်ပေးသောလှေသင်္ဘောနှင့် ဥပမာတူလှပေ၏။

သံယာရတနာမှာမူ မိမိတို့လိုရာဆိပ်ကမ်း၊ လိုရာမြို့သို့ ကောင်းမွန်ချမ်းသာစွာရောက်ကြရသောလူအပေါင်းနှင့်တူပေ၏။

ဆက်လက်၍ ဥပမာ (၁၁) ခုမြောက်ကို ရေးသားရလျှင် -

ဘုရားရတနာသည် လွှေ ငွေရတနာဥစ္စာကိုပေးသောသူနှင့်တူ၏။

တရားရတနာသည် လွှေ ငွေ ဘဏ္ဍာဥစ္စာရတနာနှင့်တူလှပေ၏။

သံယာရတနာသည်ကား လွှေ ငွေ ဘဏ္ဍာဥစ္စာရတနာ ကိုယ်ဝယ်ပိုင်ပိုင်ရှိကြသော သူဌေးသူကြွယ်လူအပေါင်းနှင့်တူပေ၏။

ယခု(၁၂)ခုမြောက် နောက်ဆုံးဥပမာကိုပြဆိုပါမည်။

ဘုရားရတနာသည် ရတနာအပြည့်ရှိသောလွှေအိုးရှိသည့်နေရာကို ညွှန်ပြသော လွှေအိုးညွှန်ယောကျ်ားနှင့်တူ၏။

တရားရတနာသည်ကား လွှေရတနာအပြည့်ရှိသော ရတနာလွှေအိုးနှင့်တူတော်မူ၏။ သံယာရတနာသည် လက်ဝယ်ပိုင်ပိုင်ရရှိထားသော ရတနာလွှေတို့ပိုင်ရှင် လူအပေါင်းနှင့်တူပေ၏။

ယခုဖော်ပြခဲ့ပြီးသောဥပမာတို့ကို ဖတ်ရှုရခြင်းဖြင့် ရတနာသုံးပါး၏အပေါင်း အားကြီးသောဗလဝသဒ္ဓါစေတနာတို့ပေါ် ပေါက်နိုင်၏။

ပ။ သရဏာဂမနုပဘေဒ(သရဏာဂုံအပြား)

သရဏာဂုံသည် လောကုတ္တရာသရဏာဂုံနှင့် လောကီသရဏာဂုံဟူ၍ နှစ်မျိုးရှိ၏။ သောတာပန် အစရှိသော အရိယာပုဂ္ဂိုလ်တို့၏ သရဏာဂုံသုံးပါး၌ အားကိုးယုံကြည်မှုသည် လောကုတ္တရာသရဏာဂုံဖြစ်၏။ အရိယာမဖြစ်သေးသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သရဏာဂုံသုံးပါးကို ကိုးကွယ်ခြင်းသည် လောကီသရဏာဂုံဖြစ်၏။

သရဏာဂုံဆည်းကပ်ကိုးကွယ်ခြင်းကို ပုညကိရိယာဝတ္ထုဆယ်ပါးတွင် အယူကို ဖြောင့်မတ်စွာယူသောကြောင့် ဒိဋ္ဌိဇကမ္မဟု ဆိုအပ်ပေ၏။

ဂ။ ဉာဏသမ္မယုတ်(ဉာဏ်ရှိ)သရဏာဂုံနှင့် ဉာဏဝိပ္ပယုတ်(ဉာဏ်မဲ့)သရဏာဂုံ

အထက်ဖော်ပြပါ လောကီသရဏာဂုံ၌လည်း ဉာဏသမ္မယုတ်သရဏာဂုံနှင့် ဉာဏဝိပ္ပယုတ်သရဏာဂုံဟူ၍ နှစ်ပါးရှိပြန်၏။ ထိုနှစ်ပါးတွင် ဉာဏသမ္မယုတ်သရဏာဂုံဟူသည် အမိ၊ အဘ စသူတို့က ခိုင်းစေနှိုးဆော်အပ်သော သားငယ်၊ သမီးငယ်တို့ကဲ့သို့ မဟုတ်မူ၍ အသိနှင့်ယှဉ်ကာ ကိုးကွယ်ဆည်းကပ်မှုမျိုးဖြစ်၏။သဒ္ဓါပညာနှစ်ပါးပြည့်စုံစွာဖြင့် မကိုးကွယ်ဘဲ သဒ္ဓါတရားတစ်ပါးတည်းသာ ပြဋ္ဌာန်း၍ ကိုးကွယ်ကြသော ကလေးသူငယ်ကဲ့သို့ကိုးကွယ်ခြင်းမျိုးကို ဉာဏဝိပ္ပယုတ်သရဏာဂုံဟု ခေါ်၏။

ဃ။ လောကီသရဏာဂုံ(၄)မျိုး

(၁) ယနေ့မှ အစပြု၍ မိမိကိုယ်အား ရတနာသုံးပါး၌သာ ဆောင်နှင်း၍ ကိုယ်ကိုစွန့်သော အတ္တသန္နိယျာတနသရဏာဂုံ၊

(၂) ယနေ့မှအစပြု၍ မိမိကိုယ်အား ရတနာသုံးပါး၌သာ လဲလျောင်းသော တပ္ပရာယဏသရဏာဂုံ၊

www.burmeseclassic.com

(၃) ယနေ့မှအစပြု၍ မိမိကိုယ်အား ရတနာသုံးပါး၌သာ တပည့်အဖြစ် ဖြင့်ဆည်းကပ်သော သီဿဘာဝပဂမန သရဏဂုံ။

(၄) ယနေ့မှစ၍ မိမိကိုယ်အား ရတနာသုံးပါးတို့၌ ခိုသေမြတ်နိုးစွာ အသက်ကိုစွန့်၍ ကိုးကွယ်ဆည်းကပ်လဲလျောင်းသော ပါဏိပါတသရဏဂုံ ဟူ၍ လေးခွဲခြင်း။

၉။ သရဏာဂမနဖလ (သရဏဂုံဆောက်တည်ရခြင်းအကျိုး)

သရဏဂုံ(၂)မျိုးရှိရာ လောကုတ္တရာသရဏဂုံကို ဆောက်တည်သော သူတော်ကောင်းသည် သစ္စာလေးပါးကို သိမြင်ခြင်းတည်းဟူသော မုချအကျိုးကို ရ၏။ ဥပစာနည်းအားဖြင့် လောကီသရဏဂုံ၏အကျိုးကိုလည်းရ၏။

လောကီသရဏဂုံ၏ အကျိုးမှာ ဘဝ၏ပြည့်စုံခြင်း ဟူသောအကျိုးနှင့် စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်း ဟူသော အကျိုးတို့ဖြစ်၏။

၁၀။ သရဏာဂမနသံကိလေသ (သရဏဂုံဆည်းကပ်နွမ်းခြင်း)

လောကီသရဏဂုံ၌ ညစ်နွမ်းညှိုးမှိန်ခြင်းဟူသည်ရှိ၏။

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့၌ ကျကျနနမှန်မှန်ကန်ကန်မသိခြင်း၊ ဘုရားအပေါ်၌ဖြစ်စေ၊ တရားအပေါ်၌ဖြစ်စေ၊ သံဃာအပေါ်၌ဖြစ်စေ ဖောက်ပြန်မှားယွင်းစွာ မမှန်မကန်သိခြင်းတို့ကြောင့် ခံယူထားသော လောကီသရဏဂုံညစ်နွမ်းမှုဖြစ်ရ၏။ ထို့အပြင် ရတနာသုံးပါးကို မရိုသေခြင်း၊ အလေးအနက်မထားခြင်း၊ မတုပ်ဝပ်မကျိုးနွံခြင်း၊ ပေးကမ်းလှူဒါန်းမှုမရှိခြင်း၊ တရားတော်ကို ရိုသေစွာ မနာယူခြင်း၊ မသင်ကြားခြင်း၊ ဆောင်မထားခြင်း၊ နှလုံးမသွင်းခြင်း၊ လောကုတ္တရာကိုးပါး အားလျော်အောင်မကျင့်ခြင်းတို့သည်လည်း သရဏဂုံညစ်နွမ်းကြောင်းတို့ ဖြစ်ပေ၏။

လောကုတ္တရာသရဏဂုံကား မည်သည့်အခါမျှ ညစ်နွမ်းခြင်းမရှိ။

၁၁။ သရဏာဂမနဘေဒ (သရဏဂုံပျက်ခြင်း)

သရဏဂုံပျက်စီးခြင်းသည် လောကီသရဏဂုံမှာသာရှိ၏။ လောကုတ္တရာသရဏဂုံ၌မရှိ။

သရဏဂုံပျက်စီးခြင်း၌ အပြစ်ရှိသောပျက်ခြင်းနှင့် အပြစ်မရှိသောပျက်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိပြန်၏။ ထိုနှစ်ပါးတို့တွင် ရတနာသုံးပါးမှအခြားတစ်ပါးသောဆရာတို့၌ မိမိကိုယ်ကိုအပ်နှင်းမြှုပ်နှံ၍ ကိုးကွယ်ဆည်းကပ်ခြင်းကား အပြစ်ရှိ၍ အလိုမရှိအပ်သော မကောင်းကျိုးကိုပေးတတ်သဖြင့် အပြစ်ရှိသောသရဏဂုံပျက်ခြင်းမျိုးဖြစ်၏။

ခန္ဓာပျက်ကြွေသေဆုံးသွားသဖြင့် သရဏဂုံပျက်ခြင်းမှာမူ အပြစ်မရှိပေ။

ရှိခိုးလျှင် သရဏဂုံမပျက်ပုံ

ရတနာသုံးပါးကို ခိုင်ခိုင်မြဲမြံခံယူဆောက်တည်ထားသော ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမ တစ်ခုတစ်ယောက်အနေဖြင့် ဗုဒ္ဓဘာသာမှတစ်ပါး တခြားသောအယူထဲ ဝင်ရောက်ကာ ရသေ့ရဟန်းပြုနေသော ဆွေမျိုးတော်သူကို 'ဤသူသည် ငါ၏ အဆွေအမျိုးတည်း' ဟု သဘောထား၍ ရှိခိုးပါက သရဏဂုံမပျက်ပေ။

ရေမြေပိုင်သ အစိုးရမင်းကို ကြောက်သောကြောင့် ရှိခိုးလျှင်လည်း မိမိခံယူထားသော သရဏဂုံမပျက်ပေ။ မိမိကိုပညာသင်ပေးသော မိဘာဒီဌဆရာကို ရှိခိုးလျှင်လည်း သရဏဂုံမပျက်ပါ။

၁၂။ သရဏဂုံကျိုးပြု တိသရဏာဂမနိယမထေရ်

လွန်ခဲ့သောကမ္ဘာတစ်သိန်းထက် အနောမဒဿီဘုရားရှင်သာသနာထွန်းကားပွင့်လင်းစဉ်အခါ၌ စန္ဒဝတီမြို့တော်၌ စက္ခုနှစ်ကွင်းအလင်းမရသောဒုက္ခိတအမိ၊ အဘနှစ်ပါးကို အမြဲမပြတ် ပြုစုလုပ်ကျွေးနေသော အမျိုးကောင်းသားတစ်ဦးရှိ၏။ ထိုသူသည် သံသရာဝဋ်မှလွတ်မြောက်လိုသောစိတ်ဖြင့် အနောမဒဿီဘုရားရှင်၏လက်ယာတော်ရံ အဂ္ဂသာဝက အရှင်နိသဘမထေရ်မြတ်ထံ ချဉ်းကပ်၍ သရဏဂုံဆောက်တည်ခဲ့၏။ ဆောက်တည်ထားသောသရဏဂုံမည်သည် နွမ်းအောင် အနှစ်တစ်သိန်းတိုင်တိုင် ထိန်းသိမ်းခဲ့၏။

ထိုဘဝမှ သေလွန်လျှင် တာဝတိံသာနတ်ပြည်ရောက်လေ၏။ သရဏဂုံ၏ အစွမ်းကား တာဝတိံသာမှစုတေ၍ လူပြည်သို့ပြန်လာသောအခါ ကုသိုလ်ကောင်းမှုဖက်၍ အမြဲမပြတ် တည်ကြည်သောစိတ်ထားရှိသူဖြစ်ခဲ့၏။

သရဏဂုံအကျိုး(၈)မျိုး

သရဏဂုံကိုဆောက်တည်ထားသူသည် အောက်ပါအကျိုး(၈)မျိုးကိုရရှိ၏။

၁။ အရပ်မျက်နှာတိုင်းက အပူဇော်ခံရခြင်း၊
၂။ ဉာဏ်ပညာထက်မြက်ခြင်း၊
၃။ နတ်အားလုံးက သရဏဂုံဆောက်တည်သူ၏အလိုကျဆောင်ရွက်ပေးရခြင်း၊
၄။ မနှိုင်းယှဉ် မရေမတွက်နိုင်အောင်များပြားသော စည်းစိမ်ဥစ္စာများကိုရရှိခြင်း၊
၅။ ရွှေအဆင်းတမျှအလွန်လှပခြင်း၊
၆။ လူအများ၏နှစ်သက်မှုခံရခြင်း၊
၇။ မိတ်ဆွေများ မပျက်မပြယ်တည်တံ့ခိုင်မြဲခြင်း၊
၈။ ကျော်စောမှုဂုဏ်သတင်းများ ပျံ့နှံ့တက်ခြင်းတို့ဖြစ်၏။

ထို့အပြင် သိကြားမင်းစည်းစိမ်အကြိမ် (၈၀)၊ စကြာမင်းအဖြစ် (၇၅) ကြိမ်၊ ပဒေသရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် စံစားခဲ့ရ၏။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်တွင် အလွန်ကြွယ်ဝသောသူဌေးမျိုး၌ဖြစ်၍ တစ်နေ့သ၌ မြို့မှထွက်၍ ကလေးငယ်အဖော်တစ်စုနှင့် ပျော်ပျော်ပါးပါး ဆော့ကစားရင်း ကျောင်းတော်သို့ရောက်ခဲ့၏။ ရဟန္တာအရှင်မြတ်တစ်ပါးကိုဖူးတွေ့ရပြီး တရားတော်ကိုနာယူကာ သရဏဂုံဆောက်တည်ခဲ့ရာမှ ရဟန္တာအဖြစ်သို့ ခုနစ်နှစ်အရွယ်မှာရောက်ရှိခဲ့၏။ ထို့နောက် ဘုရားရှင်က ရဟန်းပြုပေးခဲ့၏။ အရဟတ္တဖိုလ်ကိုရရှိရာတွင် ပဋိသမ္ဘိဒါဝိမောက္ခ၊ အဘိညာဏ် တည်းဟူသော ဂုဏ်ထူးများဖြင့် ရရှိခဲ့လေ၏။

ယခုတင်ပြခဲ့ပြီးသည်တို့ကား ဗုဒ္ဓဘာသာဝင်များအနေဖြင့် မဖြစ်မနေသိသင့်သိထိုက်သောအကြောင်းအရာတို့ဖြစ်ပါကြောင်းတင်ပြရင်း ကမ္ဘတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသတည်း။

ကောင်းစံသာ (မင်းတုန်း)

ကျမ်းကိုး -

၁။ ဗုဒ္ဓါဝါဒဗိပနီ
၂။ သဒ္ဓမ္မဂ်လဓမ္မဒေသနာ
၃။ သုခမှတ်စု

www.burmeseclassic.com

www.burmeseclassic.com

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်
မဟာရွှေဘုံသာစေတီတော်ကြီး
(မိုးရှာ)
မောင်မောင်ချစ်ဦး





မဟာရွှေဘုံသာစေတီတော်ရင်ပြင်တော်ပေါ်ရှိ နဂါးရုံဘုရား

မိုးညှင်းမြို့နယ်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်သည် သမိုင်းတွင် ထင်ရှားခဲ့သောမြို့တစ်မြို့ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတော်တွင် အကြီးဆုံးသောအင်းတစ်အင်းဖြစ်သည့် အင်းတော်ကြီး၊ ဘီလူးမြို့ မဟာရွှေဘုံသာစေတီတော်ကြီး၊ ကျားဖြူဘုရား၊ နန့်ပုတ်ဘုရား၊ ရွှေတွင်း၊ ကျောက်စိမ်းတွင်း၊ သစ်တောများ စသည့် ဓနအလုပ်ရားများကိုနှင့် ပြည့်စုံသော ဒေသပင်ဖြစ်ပါသည်။

မိုးညှင်းမြို့နယ်သည် ပထဝီအနေအထားအရ မြောက်လတ္တီတွဒ် (၂၄) ဒီဂရီ (၄၆) မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ၊ (၂၂) မိနစ်အကြား၊ ရန်ကုန်မြို့၏ မြောက်ဘက် (၆၄၀) မိုင်အကွာနှင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၆၈၅) အမြင့်တွင် တည်ရှိပါသည်။

မြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် (၂၅၃၈. ၅၁) ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ ခန္တီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ဝိုင်းရံဆက်စပ်၍နေပါသည်။

ဘီလူးမြို့ကျေးရွာ

မိုးညှင်းမြို့အနောက်မြောက်အရပ် (၅) မိုင်ခန့်အကွာတွင် ယက္ခပူရခေါ် ဘီလူးမြို့ကျေးရွာတည်ရှိသည်။ ဘီလူးမြို့ကျေးရွာသည် သမိုင်းတွင် ထင်ရှားသော 'မဟာရွှေဘုံသာစေတီတော်ကြီး' ကိန်းဝပ်စံပယ်ရာ အရပ်ဒေသဖြစ်၍ ထင်ရှားကျော်ကြားသော ကျေးရွာကြီးတစ်ရွာပင်ဖြစ်သည်။

မဟာရွှေဘုံသာစေတီတော်ကြီး

မဟာရွှေဘုံသာစေတီတော်ကြီးသည် အိန္ဒိယနိုင်ငံ ရာဇဂြိဟ်ပြည်မှ သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းတွင် စေတီတော်ပေါင်း (၈၄၀၀၀) အနက်မှ တစ်ဆူပင် ဖြစ်ပါသည်။

ဘီလူးမြို့ကျေးရွာတွင် မဟာရွှေ

www.burmeseclassic.com

www.burmeseclassic.com

မဟာရွှေဘုံသာစေတီတော်ကြီးရန်ကုန်အတွင်းရှိ
ပဋ္ဌာန်းဘာသာဒီပွဲတရုန်ရုပ်ပွားတော်

မဟာရွှေဘုံသာစေတီတော်ကြီး၏ စတီးထီးတော်နှင့် အရံစေတီထီးတော်

မဟာရွှေဘုံသာစေတီတော်ရင်ပြင်တော်ရှိ
တံခွန်တိုင်

ဘုံသာစေတီတော်ကြီးတည်ဖြစ်ခဲ့ပုံမှာ ဤသို့ဖြစ်ပါသည်။

သီရိခမ္မာသောကမင်း၏လျှောက်ထားချက်အရ သာသနာနှစ် (၂၂၃) အကျော်တွင် ရဟန္တာအရှင်ဣန္ဒဂုတ္တ မထေရ်သည် စွာန်အဘိဉာဏ်ဖြင့် ယက္ခပူရခေါ် ဘီလူးမြို့ကျေးရွာသို့ ကြွရောက်လာတော်မူသည်။

ထိုအချိန်က ဘီလူးမြို့ (ရှမ်းအခေါ်အားဖြင့် မိန်းဖိုင်းမြို့) ကို စောင်စောည်ယ်၊ စောင်စောဝမ် ရှမ်းမင်းညီနောင်နှစ်ပါးတို့ အုပ်ချုပ်နေကြပါသည်။

ရဟန္တာအရှင်ဣန္ဒဂုတ္တသည် မင်းညီနောင်နှင့် ဘီလူးမြို့သူမြို့သားကတို့ကို တရားဟောကြားပြီးနောက် ကျောင်းတော်နှင့် စေတီတော်ဆောက်လုပ်တည်ထားမည့်အကြောင်း မိန့်ပြောက်တော်မူသည်။ အားလုံးက နှစ်သက်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ဘီလူးမြို့၏အလယ်တောင်ကုန်းမြေနေရာကို ရွေးချယ်ကြပြီး ဘုရားရှင်၏သရီရဓာတ်တော်လက်တစ်ခုပ်ကို ဌာပနာ၍ စေတီတော်တည်တော်မူ၏။ ကျောင်းတော်ကိုလည်း တည်ဆောက်စေတော်မူပါသည်။

စေတီတော်၏ အတိုင်းအတာကား -

ဖိနပ်တော် - (၄) တောင်၊ (၂) မိုက်
ဥဏှတော် - (၄) တောင်၊ (၁) မိုက်၊ (၄) သစ်၊
ထီးတော်ဘုံ - (၅) ဆင့်၊
အမြင့် - (၁) တောင်၊ (၄) သစ်

ရှိ၏။

ထိုအချိန်က ၎င်းစေတီတော်ကို 'မဟာရွှေဘုံသာစေတီတော်' ဟူသောဘွဲ့အမည်ကို သမုတ်ခြင်းမရှိသေးပေ။

ပထမအကြိမ်ပြုပြင်ခြင်း

ဘီလူးမြို့ကျေးရွာသည် သာသနာနှစ် ၂၆၃ ခန့်တွင် ပျက်သုဉ်းသွားသည်။ ဘီလူးမြို့ကျေးရွာ ပျက်သုဉ်းသွား၍ မဟာရွှေဘုံသာစေတီတော်ကြီးသည်လည်း မှေးမှိန်ပျက်စီးခဲ့ရပါသည်။

သို့သော်လည်း မိုးညှင်းမြို့စား တစ်ဖြစ်လဲ မိုးညှင်းမင်းတရားသည် 'သတိုးမင်း' အမည်ဖြင့် (၂၅)နှစ်တိုင်တိုင် မိုးညှင်းမြို့ကိုစားရခိုက် သက္ကရာဇ် ၇၆၃ခုတွင် ဘီလူးမြို့ရှိ သီရိခမ္မာသောကမင်းကြီး၏ စေတီတော်ကို ထပ်မံပြုပြင်၍ 'မဟာရွှေဘုံသာစေတီတော်' ဟူသောဘွဲ့အမည်ကိုလည်း သမုတ်လေသည်။ မိုးညှင်းမင်းတရားကား သာသနာတော်ကို အလွန်ကြည်ညိုသောမင်းဖြစ်သည်။ မြန်မာရာဇဝင်လာဘုရင်များတွင် ဘုရားတည်ထားကိုးကွယ်မှုအများဆုံးသောမင်းဖြစ်ခဲ့ပါသည်။

ဒုတိယအကြိမ်ပြုပြင်ခြင်း

မိုးညှင်းမြို့စား မဟာရွှေဘုံသာ

www.burmeseclassic.com

www.burmeseclassic.com

မဟာရွှေဘုံသာစေတီတော်အတွင်း ဌာပနာထားသည့် ကျောက်စိမ်းဆင်းတုတော်များ

မဟာရွှေဘုံသာစေတီတော်အတွင်း ဌာပနာထားသည့် ကျောက်စိမ်းပရိက္ခရာများ

မဟာရွှေဘုံသာစေတီတော်အတွင်း ဌာပနာထားသည့် ကျောက်စိမ်းပရိက္ခရာများ

စေတီတော်ကို ပြုပြင်တည်ဆောက်ပြီး နောက်ပိုင်းကာလဝယ် တစ်ချိန်တုန်းက ပျံပြီးစည်ကားခဲ့သော ဘီလူးမြို့သည် ဆုတ်ယုတ်ပြီး ရွာငယ်အဖြစ်သို့ပြောင်းလဲသွားခဲ့ရပါသည်။

မဟာရွှေဘုံသာစေတီတော်သည်သည်း ပြုပြင်သူကင်းမဲ့၍ တောချုံပိတ်ဆိုင်းတို့ဖုံးလွှမ်းခြင်းခံရကာ တန်ခိုးမှိန်ခဲ့ရပါသည်။ မိုးညှင်းသည် သက္ကရာဇ် ၁၀၂၃ခုနှစ်ကတည်ခဲ့သည်ဆိုသော်လည်း အင်းဝခေတ်လောက်မှစ၍ မြို့အဖြစ်သို့ ရောက်ရှိပြီး လူနေအိမ်ခြေစည်ကားဖွံ့ဖြိုးထာသည်။

မြန်မာနှစ် ၁၂၅၁ ခုနှစ်သို့ရောက်သောအခါ မိုးညှင်းမြို့မဆရာတော် ဦးဝိသုဒ္ဓသည် မြောက်အရပ်၌ ထူးဆန်းသောအရာဝတ္ထုကို တွေ့မြင်တော်မူသည်ဟု အိပ်မက်တော်မူသည်။

ဆရာတော်သည် အိပ်မက်အရ မြောက်အရပ်သို့ အစဉ်သတိပြုကြည့်နေရာ တစ်ညဉ့်တွင် ရွှေဘုံသာစေတီဘောင်ကုန်းမှအထက်သို့ အလင်းရောင်ကြီးထိုးထွက်လျက် ဝဲကတော့ကဲ့သို့ အတန်ကြာပျံတက်နေလေသည်။ ထိုမှတစ်ဖန် ညိုရွှေဖြူနီအရောင်စုံတို့သည် အထက်တက်အောက်ဆင်း၊ ရှေ့နောက်ဘောင်မြောက်၊ ဝဲယာသို့ ပြေးလွှားကွန့်မြူနေသည်ကို ဖူးတွေ့ကြရပါသည်။

ဆရာတော်သည်လည်း မန်လည်ဆရာတော် ဦးဝသုန္ဒ၊ မော်လူးမြို့ဘောင်ပေါ်ကျောင်းဆရာတော်ဖြစ်သော ဦးဝိမလာစာရ၊ မိုးညှင်းမြို့စော်ဘွားအတော်ဦးအေးတို့နှင့်တိုင်ပင်ကာ မိုးညှင်းမြို့မှ ဒကာ၊ ဒကာမစုရုံး၍ စေတီကုန်း

မဟာရွှေဘုံသာစေတီတော်အတွင်း ဌာပနာထားသည့် ကျောက်စိမ်းရုပ်ပွားတော်နှင့်ပရိက္ခရာများ

ဘီလူးမြို့ကျေးရွာရှိ မဟာရွှေဘုံသာစေတီတော်မြတ်ကြီးအရှေ့ဘက်အင်္ဂါအောင်

www.burmeseclassic.com

www.burmeseclassic.com

မဟာရွှေဘုံသာစေတီတော်၏ ဂန္ဓကုဋိတိုက်နှင့် တန်ဆောင်း

တော်ကို ရှင်းလင်း၍ ဌာပနာတိုက်ကို တူးဖော်ကြသည်။ အတွင်း၌ ရှစ်တောင် ပတ်လည်ခန့်ကျယ်ဝန်းသော လိုဏ်ဂူကို တွေ့ရပြီး ထိုလိုဏ်ဂူတွင် အမြင့် (၅) တောင်ခန့်ရှိသော စေတီတော်ကိုတည်ထားပါသည်။ ဌာပနာတိုက်အတွင်းမှ စေတီတော်ငယ်များ၊ သရီရဓာတ်တော်များကိုတွေ့ရှိရပါသည်။ သရီရဓာတ်တော်တို့ကို မြန်မာနှစ် ၁၂၅၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြန်လည်ဌာပနာတော်မူသည်။

မဟာရွှေဘုံသာစေတီတော်ကို မြန်မာနှစ် ၁၂၅၄ ခု၊ တပို့တွဲလဆန်း ၃ ရက်နေ့တွင် အုတ်မြစ်ချပြီး စေတီတော်ကို ဒုတိယအကြိမ် ပြုပြင်တည်ဆောက်တော်မူကြပါသည်။

- ဖိနပ်တော် (၂၅) တောင်နှင့် လက်သစ်တော် (၃၀)၊
- ဉာဏ်တော် (၅၀) တောင်၊
- လုံးဝန်းအတောင် (၁၀၀)၊
- ထုပိကာ (၂) တောင်၊ (၂) မိုက်၊
- ဖောင်း (၃) လုံး၊ သံတိုင် (၃၅)၊
- ထီးဝအချင်း (၃) တောင်၊
- ထီး (၇) ဆင့်၊
- စေတီရံ (၄) ဆူကို လည်းကောင်း၊

စေတီတော်လိုဏ်ဂူအတွင်း၌ -

- တင်ပျဉ်ခွေ (၂) တောင် (၁) မိုက်၊
- ဉာဏ်တော် (၃) တောင်၊
- ကြေးချိန် (၁၀၀) ရှိ ပဉ္စလောဟ နိမ္မိတဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို လည်း တည်ထားတော်မူသည်။

ထို့နှစ်မှစ၍ တပေါင်းလပြည့်နေ့ကို ပွဲတော်ရက်သတ်မှတ်ကာ ဘုရားပွဲတော်ကျင်းပလာခဲ့သည်မှာ ယနေ့ခေတ်တိုင်အောင်ဖြစ်ပါသည်။

တတိယအကြိမ်ပြုပြင်ခြင်း

ဒုတိယအကြိမ် စေတီတော်ကို ပြုပြင်တည်ဆောက်ပြီး (၁၁) နှစ်အကြာ ၁၂၆၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်နေ့တွင် တော်လည်းပြီး ပြင်းထန်စွာလျင်လှုပ်သဖြင့် စေတီတော်ပြိုပျက်ပြန်ပါသည်။ ထို့ကြောင့် မိုးညှင်းဆရာတော်ဦးဝိမလဗုဒ္ဓိ (ဆရာတော်စိန်) ဦးစီး၍ ရပ်ဝေး၊ ရပ်နီးမှ ဗုဒ္ဓဘာသာဝင်များစုပေါင်း၍ မြန်မာနှစ် ၁၂၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထပ်မံပြုပြင်တော်မူရသည်။ တတိယအကြိမ်ပြုပြင်ရာ၌ -

- ဖိနပ်တော် (၃၄) တောင်၊
- ဉာဏ်တော် (၃၇) တောင်၊
- လုံးဝန်းတော် (၁၀၀) တောင်၊
- ဖောင်းရစ် (၅) ခု၊
- ချရားသီး (ငှက်ပျောဖူး) (၂) တောင်၊ (၂)မိုက်၊
- ထီးတော်ဘုံ (၉) ဆင့်၊
- အတွင်းရံစေတီ (၂၀) ဆူကို တည်ထားတော်မူသည်။

ထီးတော်အလှူရှင်မှာ ပင်းတဲရွာမှ ဦးသိန်း၊ ဒေါ်နန်းနေတို့ ဖြစ်၏။

ထို့အပြင် နာယကဆရာတော် ဦးဝိမလဗုဒ္ဓိလင်္ကာထက်၌ ဘုရားပရိဝုဏ်အတွင်းတည်ဆောက်ခဲ့သောသာသနိကအဆောက်အအုံများမှာ -

- ဗုဒ္ဓရုပ်ပွားတော်၊
- တံတိုင်း(၄)မျက်နှာ၊ စေတီရံ (၄၂) ဆူ၊
- အာရုံခံတန်ဆောင်း ခုနစ်ဘုံတက်ပြာသာဒ်ကြီး၊
- အာရုံခံတန်ဆောင်း ယွန်းစပယ်ထပ်၊
- တံတိုင်းအပြင် တနင်္္ဂနွေထောင့်တွင် အမြင့် (၁၀)တောင်ရှိ ခြေသေ့ရုပ်ကြီး (၁)၊
- အင်္ဂါထောင့်တွင် မြေစိုက်စေတီ (၃) ဆူ၊
- အရှေ့စောင်းတန်းနှင့် စောင်းတန်းဦးတွင် (၆) တောင်အမြင့်ရှိ ခြေသေ့ကြီးတစ်ဖက်တစ်ကောင်စီ၊
- တောင်ဘက်စောင်းတန်းနှင့် စောင်းတန်းဦးတွင် ခြေသေ့ကြီးတစ်ဖက်တစ်ကောင်စီ၊
- တောင်ဘက်တံတိုင်းအပြင်၌ မြေစိုက်စေတီ (၃) ဆူ၊ သွပ်မိုးဇရပ် (၁) ဆောင်၊ ရေတွင်း (၁) တွင်း၊
- တံတိုင်းအပြင် ရာဟုထောင့်ဘွင် နဂါးရုံကိုယ်စားတော် ဌာပနာထားသော စေတီတစ်ဆူ၊ ဆရာတော် ဦးဝိသုဒ္ဓ၏ အရိုးအိုးစေတီ (၁)၊ သရီ

မဟာရွှေဘုံသာစေတီတော်၏ရင်ပြင်တော်ပေါ်ရှိ ဘီလူးရုပ်တုများ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်တော်ဌာပနာစေတီ (၁) ဆူ၊ ဂင်္ဂါကန်တော်ကြီးတို့ဖြစ်သည်။

မြန်မာနှစ် ၁၂၉၈ ခုနှစ်တွင် ဘီလူးမြို့သစ် ကုန်သည်ဦးကျော်နှင့် ဇနီးသားများက စေတီတော်ကို ဉာဏ်တော်(၅) တောင်တိုးမြှင့်ပြီး ထီးတော်အသစ် ဆင်ကာ ခေါင်းလောင်းမှစ၍ အထက်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပါသည်။ ထီးတော်ကို ကြေးထီးအသစ် ကပ်လှူသည်။

ထီး၀ (၃)တောင် (၂)မိုက်၊ အ၀န်း (၁၀) တောင်ထွာ၊ အမြင့် (၁၄) တောင် (၁) မိုက်တို့ ဖြစ်ပါသည်။

နာယကဆရာတော် ဦးဝိမလဗုဒ္ဓိ သက်ထက်က ဆောက်လုပ်ခဲ့သော (၇)ဘုံတက်ပြာသာဒ်ကြီးနှင့် စပယ်ထပ်မွန်းဆောင်အာရုံခံအဆောက်အအုံမှာ အာလကြာ၍ ပျက်စီးသောကြောင့် မြန်မာနှစ် ၁၂၉၉ ခုနှစ်တွင် ဘီလူးမြို့ဟောင်းတိုက်သူကြီးမင်း ဦးဘိုးတော်ဦးသော ဂေါပကအဖွဲ့သည် ပြန်လည်ပြုပြင်၍ အာရုံခံ (၄၁) ပေ တုရန်းဆောက်ထိပ်၌ စေတီရံ (၃၀) ဆူကို တိုးချဲ့ဆည်ထားကြပါသည်။

စေ်အတွင်းပျက်စီးမှုများကိုပြုပြင်ခြင်း

၁၉၃၉ ခုနှစ်မှ စတင်ခဲ့သော ကမ္ဘာစစ်မီးသည် ၁၉၄၁ (၁၃၀၃) ခုနှစ်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာခဲ့သည်။ ထိုစစ်မီးသည် မြန်မာတစ်နိုင်လုံးကို လောင်ကျွမ်းရာ ရွှေဘုံသာစေတီတော်ကြီးသည်လည်း အလူးအလဲခံခဲ့ရပါသည်။

ထို့ကြောင့် ၁၃၀၇ ခုနှစ်တွင် စေ်အတွင်းကပျက်စီးခဲ့သည်ဂန္ဓကုဋိတိုက်ပြာသာဒ်အာရုံခံတိုက်အမိုးနှင့် တိုက်ပေါ်စေတီရံ (၃၀) ဆူတို့ကို ဘီလူးမြို့သစ်မြို့ဟောင်း၊ ပင်းဟဲတိုက်သူကြီးများ ဦးဆောင်သော ဂေါပကအဖွဲ့က အများကောင်းမှုဖြင့် ပြန်လည်ပြုပြင်ခဲ့ကြပါသည်။

၁၃၁၂ ခုနှစ်တွင် ဘီလူးမြို့သစ်မြို့ဟောင်း၊ ပင်းဟဲ-အင်ကြင်းကုန်း၊ အလယ်ကုန်း - ညောင်တုန်း (၆) တိုက်၊ နယ်သူကြီးများနှင့် ဂေါပကအဖွဲ့အသစ်တည်ထူးလျက် စေတီတော်၏အပြင်ဘက်ဝိုင်း (၄)မျက်နှာ၊ စတုရန်းပေ (၁၃၀) ကျင် စေတီရံ (၅) ဆူ၊ တံတိုင်းမုခ်ဦးလေးမျက်နှာတို့တွင် (၅) ဘုံတက်ပြာသာဒ်အစီးခု၊ အရှေ့စောင်းတန်းသွပ်မိုး (၂၄) ခန်းနှင့် စောင်းတန်းဦး (၅) ဘုံတက်ပြာသာဒ်၊ တောင်ဘက်အာရုံခံယွန်းဆောင်သွပ်မိုး၊ ဆွမ်းတော်ကြီးချက်ရန် တိုက်ခန်းစောင်းတန်းသွပ်မိုး (၁၇)ခန်း၊ စောင်းတန်းဦး (၅)ဘုံတက်ပြာသာဒ်တို့ကို ပြုပြင်နိုင်ခဲ့ကြပါသည်။ လျှပ်စစ်မီးထွန်းရန် အင်ဂျင်မီးစက်ကိုလည်း လှူဒါန်းနိုင်ခဲ့သည်။

စတုတ္ထအကြိမ်ပြုပြင်ခြင်း

စစ်ဒဏ်ကြောင့် တိမ်းစောင်းကွဲအက်သွားသော မဟာရွှေဘုံသာစေတီတော်ကြီးကို ၁၃၂၂ ခုနှစ်၊ တန်ဆူးလဆုတ် ၉ ရက်နေ့တွင် ဟိုပင်၊ မိုးညှင်းမြို့မှဆရာတော်များဦးစီး၍ စတုတ္ထအကြိမ်အုတ်မြစ်ချကာ ပြန်လည် တည်ဆောက်ကြပါသည်။ ဖိနပ်တော် (၃၆) တောင်၊ (၁) မိုက်ရှိသည်။

ဆက်လက်၍ ၁၃၂၃ ခုနှစ်တွင် မိုးညှင်းမြို့ ရတနာကုန်းသည်ဒေါ်ငွေးငွေးက ဗုဒ္ဓရုပ်ပွားတော်၏မှန်စီရွှေချပလွှာတော်ကို လှူဒါန်းပူဇော်ပါသည်။

၁၃၂၆ ခုနှစ်တွင် မြောက်ဘက်စောင်းတန်း (၁၄) ခန်းနှင့် စောင်းတန်းမုခ်ဦးပြာသာဒ်တို့ကို ဂေါပကအဖွဲ့မှ အသစ်တိုးချဲ့ဆောက်လုပ်ခဲ့သည်။

၁၃၂၇ ခုနှစ်တွင် ကုန်းတော်၏ တန်ဂ်နွေထောင့်၌ ဓာတ်ပေါင်းစုစေတီငယ်တစ်ဆူတည်ထားသည်။ ကုန်းတော်၏တောင်အရပ်ရှိ မင်္ဂလာကန်တော်ကြီးကို ဘီလူးမြို့အရှေ့ကျောင်း၊ အနောက်ကျောင်း၊ ရိပ်သာကျောင်းဆရာတော်တို့ ဦးစီးလျက်ပြုပြင်ခဲ့ကြသည်။ စေတီတော်၏ ထီးတော်ကိုလည်း ပြန်လည်မွမ်းမံလျက် ရွှေဆိုင်းအသစ်ထပ်မံချကာ ထီးတော်တင်ပွဲကိုလည်း ကျင်းပခဲ့ပါသည်။

၁၃၂၈ ခုနှစ်တွင် စေတီတော်ပထမပစ္စယာတွင် စေတီရံ (၄၄) ဆူ၊ ဒုတိယပစ္စယာတွင် (၃၆) ဆူ၊ တတိယပစ္စယာတွင် (၂၀) ဆူ၊ စတုတ္ထပစ္စယာတွင် (၁၇) ဆူ၊ စုစုပေါင်းစေတီရံ (၁၁၇) ဆူတို့ကို ထီးတော်အသစ်တင်လှူခဲ့ကြပါသည်။

၁၃၃၁ ခုနှစ်တွင် စေတီတော်ကြီးကို ရွှေအဆိုင်း (၁၀၀)ထပ်မံချခြင်း၊ မုခ်စီခြင်း၊ ရင်ပြင်တော်၌ အင်္ဂတေအပြည့်ခင်းခြင်း၊ အာရုံခံသွပ်မိုးတန်းလျားဆောက်လုပ်ခြင်း၊ အင်္ဂါထောင့်တွင် အောင်ခြင်းရှစ်ပါးနှင့် ဂြိုဟ်ရှစ်ခွင် ဓမ္မစကြာတရားဦးဟောကြားပုံတို့ကို တည်ဆောက်ခဲ့ကြသည်။

ပဉ္စမအကြိမ်ပြုပြင်ခြင်း

၁၃၅၈ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက် (၉-၅-၁၉၉၆) နေ့တွင် လေမုန်တိုင်းတိုက်ခတ်၍ စေတီတော်၏ ထီးတော်တောင်ဘက်သို့စောင်းသွားသည်။

၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် (၂၆-၇-၁၉၉၆) နေ့တွင် မြေငလျင်လှုပ်သဖြင့် ထီးတော်အရှေ့ဘက်သို့ တစ်ဖန်စောင်းသွားပြီး စေတီလုံး၏ အနောက်ဘက်နှင့် မြောက်ဘက်တို့၌ ကွဲအက်ကာ အာရုံခံတန်ဆောင်းလည်း ကွဲအက်ခဲ့ရပါသည်။

ထို့ကြောင့် ၁၃၅၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက် (၁၁-၉-၉၆) နေ့တွင် ထီးတော်ချပွဲကိုကျင်းပခဲ့သည်။

ထီးတော်၏ပမာဏမှာ -

- အောက်ဆုံးဘုံဆင့်လုံးပတ်(၁၇)ပေ၊ (၆)လက်မ၊
- အချင်း (၅) ပေ၊ (၈) လက်မ၊
- အမြင့်ပေ (၂) ပေ၊ (၃) လက်မ၊
- ငွက်ပျောဖူးကလပ်ထီးအောက်ခံသံချင်းပတ်လည် (၇)ပေ၊ (၁၀)လက်မ
- အချင်း (၂) ပေ၊ (၅) လက်မ၊
- ထီးတိုင်အချင်း ၂½လက်မဖြစ်သည်။

ဘက်စုံအလှူရှင်

ဘီလူးမြို့ကျေးရွာ မဟာရွှေဘုံသာစေတီတော်ကြီးကို အထက်ပါအတိုင်း ပဉ္စမအကြိမ်မြောက်အထိ အဆင့်ဆင့်ပြုပြင်ခဲ့ကြသော်လည်း ဘဏ္ဍာရေးအခြေအနေများကြောင့် အလုံးစုံကိုကား ပြုပြင်တည်ဆောက်နိုင်ခြင်းမရှိကြဘဲ ဘက်စုံပြုပြင်တည်ဆောက်နိုင်မည့်အလှူရှင်ကို သာ စောင့်မျှော်ခဲ့ကြပါသည်။

ထိုကဲ့သို့ စေတနာရှင် သဒ္ဓါရှင် ဘက်စုံ ပြုပြင် တည်ဆောက်နိုင်မည့် အလှူရှင်ကို စောင့်မျှော်ခဲ့ရာ ၁၃၆၈ခုနှစ် သို့ရောက်ရှိလာသောအခါ ဘက်စုံပြုပြင် တည်ဆောက်နိုင်မည့်အလှူရှင်ပေါ် ပေါက်၍လာပါသည်။ အဆိုပါ ဘက်စုံအလှူရှင်မှာ မန္တလေးမြို့ ဘဝတက်လမ်း ကျောက်မျက်ရတနာတူးဖော်ရောင်းဝယ်ရေးကုမ္ပဏီပိုင်ရှင် မိုးညှင်းမြို့ဇာတိဖြစ်သော ဦးရဲသူ - ဒေါ်ယဉ်ယဉ်အောင်၊ သမီး မယဉ်သူသူမင်း၊ သား မောင်ရဲပြည့်အောင်၊ မောင်ရဲရင့်အောင်၊ သမီး မရွှေရည်မင်းတို့မိသားစုပင် ဖြစ်ပါသည်။

၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၅ ရက် (၂၄-၁၀-၂၀၀၆)၊ သောကြာနေ့နံနက် (၈) နာရီ (၃၀)မိနစ်အချိန်တွင် မဟာရွှေဘုံသာစေတီတော်ကြီးအုတ်မြစ်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ဘက်စုံပြုပြင်တည်ဆောက်မှုကို ၁၃၆၉ ခုနှစ်၊ တပေါင်းလအထိ (၁၅)လနှင့်အကြာ တည်ဆောက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အသစ်တည်ဆောက်ခဲ့သည်များမှာ -

၁။ စေတီတော်ကြီး၊
၂။ အရံစေတီငယ် (၂၄) ဆူ၊
၃။ နိမ့်မိတဘုဒ္ဓရုပ်ပွားတော်အား ရွှေအစစ်သက်နန်းကပ်လှူခြင်း၊
၄။ စလွယ်၊ မကိုင့်တော်အသစ်ကပ်လှူခြင်း၊
၅။ ပလ္လင်တော်၊
၆။ ဂန္ဓကုဋိတိုက်၊
၇။ အာရုံခံတန်ဆောင်း၊
၈။ ရင်ပြင်တော်၊
၉။ မဟာရံတံတိုင်း၊
၁၀။ တံခွန်တိုင်၊
၁၁။ ကျောက်စာတိုက်၊
၁၂။ အရှေ့ဘက် ကုန်းတော်ခြေခြံမှခံဦးကြီး (၁) ခု၊
၁၃။ ကုန်းတော်ပေါ် လေးမျက်နှာခံမှခံဦး (၄) ခု၊
၁၄။ အရှေ့ဘက် မှခံဦးကြီးအနီးခြေသံ့ကြီး (၂) ကောင်၊
၁၅။ ဘုရားကုန်းတော်ခွဲထွင်ပြုပြင်၊
၁၆။ ခေါင်းလောင်းကြီး (၁) လုံး တို့ ဖြစ်ကြပါသည်။

ထိုကဲ့သို့ ဘက်စုံ ပြုပြင် တည်ဆောက်ခဲ့မှုကြောင့် စေတီတော်ကြီး၏ အတိုင်းအတာမှာ ဤသို့လုံးပတ်ကြီးမားခြင်း ဥာဏ်တော်လည်း မြင့်မားလာပါသည်။

စေတီတော်၏အတိုင်းအတာမှာ-

၁။ ပန်းတင်ခုံ (ပန်းတည်ခုံ)

အမြင့် (၇) ပေ၊ (၄) လက်မ၊
အထက်အချင်း (၈၇) ပေ၊
အောက်အချင်း (၉၂) ပေ၊

၂။ ပစ္စယာ

အမြင့် (၉) ပေ၊ (၃) လက်မ၊
အထက်အချင်း (၅၂) ပေ၊
အောက်အချင်း (၆၇) ပေ၊ (၅) လက်မ၊

၃။ ရွှစ်မြောင့်

အမြင့် (၆) ပေ၊ (၆) လက်မ၊
အထက်အချင်း (၄၆) ပေ၊
အောက်အချင်း (၄၈) ပေ၊ (၆) လက်မ

၄။ ကျည်းဝန်းငါးဆင့်

အမြင့် (၅) ပေ၊ (၃) လက်မ၊
အထက်အချင်း (၃၀) ပေ၊
အောက်အချင်း (၃၈) ပေ၊

၅။ ခေါင်းလောင်းနှင့်သပိတ်မှောက်

အမြင့် (၁၃) ပေ၊ (၉) လက်မ
အထက်အချင်း (၁၃) ပေ၊ (၆) လက်မ၊
အောက်အချင်း (၂၈) ပေ၊

၆။ ဖောင်း (၇)ရစ်

အမြင့် (၁၀) ပေ၊ (၅) လက်မ၊
အထက်အချင်း (၈) ပေ၊
အောက်အချင်း (၁၃) ပေ

၇။ ကြာမှောက်ရွဲလုံးကြာလန်

အမြင့် (၇) ပေ၊ (၆) လက်မ၊
အထက်အချင်း (၇) ပေ၊ (၆) လက်မ
အောက်အချင်း (၈)ပေ၊ (၉) လက်မ၊
ရွဲလုံး(၁၀)လုံး၊ တစ်လုံးအကျယ်အဝန်း (၁၄) လက်မ၊

၈။ ငှက်ပျောဖူး (ချရာသီး)

အမြင့် (၁၂) ပေ၊
အထက်အချင်း (၂) ပေ၊
အောက်အချင်း (၄) ပေ၊

၉။ ထီးတော် (စိန်ဖူးတော်အထိ)

အမြင့် (၁၈) ပေ၊
ထီးတော်အောက်ဆုံး ဘုံဆင့်အကျယ် (၆)ပေ၊

၁၀။ ပန်းတင်ခုံမှစိန်ဖူးတော်အထိ

စေတီတော်အမြင့် (ဥာဏ်တော်) (၉၀) ပေ ဖြစ်ပါသည်။

ဤသို့ဖြင့် ဘက်စုံအလှူရှင် ဦးရဲသူ၊ ဒေါ်ယဉ်ယဉ်အောင်တို့မိသားစုကြောင့် မဟာရွှေဘုံသာစေတီတော်ကြီးသည် ပန်းတင်ခုံ(ပလ္လင်ခုံ)ပစ္စယာ၊ ရွှစ်မြောင့်ကျည်းဝန်းခေါင်းလောင်း၊ သပိတ်မှောက်စသော စေတီတော်အရပ်ရပ်များစုံလင်စွာဖြင့် တည်ဆောက်ပြုပြင်ပြီးစီးအောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။

ရောင်ခြည်တော်ကွန့်မြူးခြင်း

ဘီလူးမြို့ကျေးရွာ မဟာရွှေဘုံသာစေတီတော်ကြီးသည် သမိုင်းဝင်တန်ခိုးကြီးသော စေတီတော်ဖြစ်သည့်နှင့်အညီ ၂၃-၃-၂၀၀၈ (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) ညနေ (၆း၃၇)မိနစ်မှ (၇း၀၀)နာရီအထိ စေတီတော်၌ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးခဲ့ပါသည်။

ဆက်လက်၍ ၁-၇-၂၀၁၃ ခုနှစ် (၁၃၇၅ ခု၊ နယုန်လပြည့်ကျော် ၈ ရက်နေ့ (မြောက်) ည (၇း၄၀) ခွဲနှစ်ခွဲ စေတီတော်ကြီး၏ထီးတော်တွင် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးခဲ့ပါသည်။

ကဲ့ကော်ပန်းလည်းဦးခိုက်ပူဇော်

ဘီလူးမြို့ကျေးရွာ မဟာရွှေဘုံသာစေတီတော်မြတ်ကြီးသည် သမိုင်းဝင် ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည့်နှင့်အညီ တန်ခိုးကြီးမားသည်နှင့်အညီ ရောင်ခြည်တော်ကွန့်မြူးသလို ကဲ့ကော်ပန်းကလည်း စေတီတော်ကြီးအား ထူးခြားစွာ ဦးခိုက်ပူဇော်သည်ကို တွေ့ရပြန်ပါသည်။

အဆိုပါနေ့ရက်မှာ ၁၃၇၁ ခုနှစ် ကဆုန်လတွင်ဖြစ်ပြီး ထူးခြားစွာပင့်နေသော (၂) ပေ၊ (၆) လက်မခန့်အမြင့်ရှိ ကဲ့ကော်ပန်းကို တွေ့မြင်ကြသူတိုင်းက အံ့သြကျလျက်ခဲ့ပါသည်။

ပွဲတော်များ

မဟာရွှေဘုံသာစေတီတော်ကြီး ရင်ပြင်ပေါ်၌ နှစ်စဉ်ပြုနေသော ကောင်းမှုပွဲတော်များမှာ နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်နေ့မှစတင်၍ တပေါင်းလပြည့်ကျော် (၁) ရက်နေ့အထိ ဘုရားပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်ခြင်း၊ ဆွမ်းတော်ကြီးကပ်ခြင်း၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပခြင်း၊ ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာအခါနေ့ကျင်းပခြင်း၊ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာအခါတော်နေ့ကျင်းပခြင်းတို့ ဖြစ်ပါသည်။

ဖိတ်ခေါ်ပါသည်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာရှိ မဟာရွှေဘုံသာစေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီး ဖြစ်သည့်နှင့်အညီ လွန်စွာမှပင် တန်ခိုးကြီးလှပြီး ဆုတောင်းတိုင်းပြည့်သည်ဟု ထင်ပေါ်ကျော်ကြားလှပါသည်။

စာရှုသူများအနေဖြင့် ဘီလူးမြို့ကျေးရွာရှိ မဟာရွှေဘုံသာစေတီတော်မြတ်ကြီး၏ခြေတော်ရင်းသို့ တစ်ခေါက်တစ်ခါ အရောက်လာ၍ ဖူးမြော်ကြပါဟု နိဗ္ဗာန်အကျိုး မျှော်ကိုး၍ နိဂုံးဆော်လိုက်ရပါတော့သည်။

မောင်မောင်ချစ်ဦး(မုံရွာ)

ကျမ်းကိုး -

- မဟာရွှေဘုံသာစေတီတော်ကြီး (၆)ကြိမ်မြောက် ဘက်စုံပြုပြင်တည်ဆောက်မှုမှတ်တမ်း
- ဘဒ္ဒန္တ အာဒိစ္စ (နွိုင့်ဝတို့) ရွှေဟင်္သာတောရကျောင်းတိုက် ညောင်တုန်းမြို့
- ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်အပန်းငယ်

ရွှေတိုက်စေတီပေါ်မှရဟန္တာများ

၁၉၅၆ ခုနှစ်က ဖြစ်ပါသည်။

စာရေးသူသည် ဆဋ္ဌမကျောင်းသားအရွယ်သာရှိသေးသည်။ စာရေးသူတို့မိသားစုသည် ကြည့်မြင်တိုင်ပြို့နယ် ဘားကရာရှိ ပဒင်းတန်း (ယခု ပန်းတဉ်းတန်း) တွင် နေထိုင်ကြသည်။

ပန်းတဉ်းတန်းတွင် နိဗ္ဗာန်ကုန်းသည်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ပန်းတဉ်းတန်း အာရုံတော်ဝတ်အသင်းတစ်ခု တည်ထောင်ထားသည်။ စာရေးသူတို့ ပြောင်းရွှေ့လာသောအချိန်တွင် ဝတ်အသင်း၏သက်တမ်းသည် ဆယ်နှစ်ခန့်ရှိမည်ထင်ပါသည်။

ဝတ်အသင်းသည် ဝါတွင်းလေးလ၏ အဖိတ်နေ့တိုင်း၌ ဆွမ်းတော်ခံဆွတ်ကြပါသည်။ ဥပုသ်နေ့၌ အရုဏ်ဆွမ်းကပ်လှူဒါန်းလေ့ရှိသည်။ ထိုစဉ်က မြန်မာကုန်းမှတစ်ဆင့် ဝါဝါဝင်းရပ်ကွက် (ယခု တော်လှန်ရေးပန်း(၃)) ကို ဖြတ်၍ ရွှေတိုက်စေတီတော်ပေါ် သို့ အနောက်ဘက်စောင်းတန်းမှတက်ရပါသည်။

ရွှေတိုက်စေတီတော်ရှိ အနောက်ထောင်ဘက်ထောင့်တွင် တန်ဆောင်းတစ်ခုရှိပါသည်။ အဆိုပါ တန်ဆောင်းတွင် စာရေးသူတို့ဝတ်အဖွဲ့ အပတ်စဉ် တတ်တက်ကြပါသည်။ အဖိတ်နေ့သည် (၈) နာရီတွင်တစ်ကြိမ်၊ ဥပုသ်နေ့နံနက် (၄) နာရီတွင်တစ်ကြိမ် ဝတ်တက်ရသည်။

ဥပုသ်နေ့နံနက်တိုင်း၌ သစ်သီးဆွမ်း မုန့်ဆွမ်းများ ကပ်လှူကြပါသည်။ ဝါကျွတ်သောအခါ ဝါတွင်း၌ ကောက်ခံရရှိသောအလှူငွေများဖြင့် အလေးခိုန်ခြောက်ကျပ်သားရှိ ရွှေပြားသုံးပြားကို ရွှေသင်္ကန်းအဖြစ် ရွှေတိုက်စေတီတော်ကြီးအား နှစ်စဉ်ဆက်ကပ်လှူဒါန်းလေ့ရှိပါသည်။ရွှေပြားသုံးပြားကို ဆင်ဖြူတော်ပေါ်တွင်တင်၍ဝင်းခင်းလှည့်လည်သည်မှာ ဗျော်စရာကောင်း၏။ စာရေးသူက ငယ်ရွယ်သူမို့ ပုဏ္ဏားလေးလို ဝတ်ဆင်ရသည်ကို ပြန်လည်သတိရနေမိသည်။

ဝါတွင်းဥပုသ်နေ့တစ်ရက်တွင် ရွှေတိုက်စေတီတော်ရှိ တန်ဆောင်း၌ ဆွမ်းတော်ကပ်လှူရန်နှင့် ဝတ်တက်ရန် ဝတ်အသင်းများ နံနက်စောစောအိပ်ရာမှနိုးလာကြသည်။ ရွှေတိုက်စေတီတော်ကြီးနှင့် မြတ်စွာဘုရားအပေါင်းတို့အား ရည်စူး၍ သစ်သီးနှင့်မုန့်ဆွမ်းများကပ်လှူရန် ပြင်ဆင်နေကြချိန်ဖြစ်သည်။ အချိန်ကား နံနက် (၄း၁၅) နာရီသာ ရှိပါသေးသည်။

"ဟောဟို့မှာကြည့်ကြစမ်း၊ ဘုန်းကြီးနှစ်ပါးကြွလာတယ်"

ဝတ်အသင်းသားတစ်ဦး၏ လက်ညှိုးညွှန်ရာကြည့်လိုက်သောအခါ ဘုန်းကြီးနှစ်ပါးသည် အထက်ပစ္စယံပေါ် သို့ ကောင်းကင်ခရီး ကိုးပေအမြင့်လောက် ဆီမှ စနေထောင့်နှင့်ကြာသပတေးထောင့် အကြား တဖြည်းဖြည်းဆင်းသက်သွားသည်ကိုဖူးတွေ့လိုက်ရသည်။ မီးဆလိုက်များ ထွန်းညှိပူဇော်ထားသဖြင့် ထင်ထင်ရှားရှားဖူးတွေ့လိုက်ရသော်လည်း စေတီရံများ ကာဆီးနေသဖြင့် ခဏအထွင်းမြင်ကွင်းမှကွယ်ပျောက်သွားလေသည်။

ဖူးတွေ့ထိုက်ရသူများမှာ စာရေးသူ အပါအဝင် ဝတ်အသင်းသားလေးဦးသာရှိ၏။ ဝတ်အသင်းခေါင်းဆောင်ကို အကျိုးအကြောင်းပြောပြသောအခါ ခေါင်းဆောင်လုပ်သူက -

"အဲဒါရဟန္တာပုဂ္ဂိုလ်ထူးတွေဖြစ်လိမ့်မယ်။ မင်းတို့ဖူးတွေ့လိုက်ရတာ ကုသိုလ်ထူးလို့ပေါ့။ တို့ငယ်ငယ်တုန်းကလည်း အဲဒီလိုဖူးတွေ့ဖူးတယ်။ ရဟန္တာပုဂ္ဂိုလ်ထူးတွေဖူးတွေ့တိုင်း လိုချင်တဲ့ဆန္ဒတွေပြည့်ဝအောင် ဆုတောင်းရတယ်ကွ"

ဟု ပြောပါသည်။

စာရေးသူနှင့် ရွယ်တူသူငယ်ချင်းနှစ်ယောက်မှာ အထက်ပစ္စယံသို့ တက်ကြည့်ကြရန် ဆန္ဒရှိခဲ့သော်လည်း ဝတ်အသင်းခေါင်းဆောင်က တားမြစ်ထားသဖြင့် တက်၍မဖူးဖြစ်တော့ပါ။ ထိုစဉ်က အထက်ပစ္စယံသို့တက်ရန် သစ်သားလှေကားတစ်ခုရှိသည်။ ဝတ်တက်၍ ဆွမ်းတော်ကြီးပွဲ ဆက်ကပ်လှူဒါန်းပြီးသောအခါ နံနက် (၆) နာရီမျှရှိနေပါပြီ။ စာရေးသူတို့သည် ဇွဲမလျှော့သေးဘဲ အထက်ပစ္စယံပေါ်မှ ဆင်းလာသော ဘုန်းကြီးများကို လက်စုံမိုး၍ ရှိခိုးဦးချကန်တော့နေမိတော့သည်။ ရဟန္တာပုဂ္ဂိုလ်ထူးနှစ်ပါးအား ထင်ထင်ရှားရှားညာဘက်ဘေးတိုက်မှ ဖူးတွေ့လိုက်ရသော်လည်း မမှတ်မိတော့၍လက်လျှော့ပြီးပြန်လာကြရသည်။

❐

၁၉၇၆ခုနှစ်ကဖြစ်ပါသည်။

ရွှေတိုက်စေတီတော်အထက်ပစ္စယံတွင် ပတ္တမြားမျက်ရှင်ဘုရားရှိသည်။ အချို့က တစ်ဝဂူဆုတောင်းပြည့်ဘုရားဟု ခေါ်ကြ၏။ ထိုဘုရားကို အမျိုးသားများသာ တက်ရောက်ဖူးမြော်ခွင့်ရှိသည်။ ယခုအခါ ကင်မရာဖြင့် ရိုက်ပြထားသဖြင့် ဘုရားရင်ပြင်ပေါ်မှပင် တယ်လီဗေးရှင်းမှတစ်ဆင့် ဖူးမျော်ခွင့်ရနိုင်နေပါပြီ။ ပတ္တမြားမျက်ရှင်ဘုရားသည် အလွန်တန်ခိုးကြီး၍ ရန်သူဟူသမျှ

www.burmeseclassic.com

www.burmeseclassic.com

လည်း အောင်မြင်နိုင်သည်ဟု အဆိုရှိခဲ့သည်။ ဆုတောင်းလည်းပြည့်သည်ဟု ယုံကြည်ထားကြ၏။ အချို့ကလည်း ဆွမ်းမဦးဘုရားဟုဆိုကြသည်။ ထို့ကြောင့် ဘုရားကို လူသူအရောက်အပေါက်နည်းသည့် အထက်ပစ္စယံတွင် လျှို့ဝှက်ပြီး တည်ထားရသည်ဟု ပြောစမှတ်ပြုကြ၏။

ထိုအချိန်က အထက်ပစ္စယံပေါ်သို့ လူတိုင်းတက်ရောက်ဖူးမြော်ခွင့်မရှိပါ။ ဂေါပကအဖွဲ့မှ လုံခြုံရေးကတ်ပြားထုတ်ပေးထားသူများသာ အထက်ပစ္စယံသို့တက်ရောက်ခွင့်ရှိပါသည်။ စာရေးသူသည် ဂေါပကအဖွဲ့ဝင်တစ်ဦး၏ ကူညီမှုကြောင့် အထက်ပစ္စယံသို့တက်၍ ပုတီးစိပ်ခွင့်ရရှိခဲ့ပါသည်။ ကတ်ပြားရထားသဖြင့် ဘုရားသို့ရောက်တိုင်း အထက်ပစ္စယံပေါ် သို့တက်၍ပုတီးစိပ်ဖြစ်သည်။ ရင်ပြင်ပေါ်တွင် လူရှုပ်သဖြင့် အဖော်ကောင်းပါမှသာ ရင်ပြင်ပေါ်တွင် ပုတီးစိပ်ဖြစ်သည်။

တစ်ရက်တွင် ပတ္တမြားမျက်ရှင် ဘုရား၌ စာရေးသူ၏ရုပ်ကွက်မှ သမဝါယမအသင်းဥက္ကဋ္ဌဖြစ်သူ ဦးလှဝင်းနှင့် တွေ့ကြသည်။ ဦးလှဝင်းသည် ပတ္တမြားမျက်ရှင်ဘုရားတွင် ဆီမီး၊ ဆွမ်း၊ ရေချမ်းနှင့် သန့်ရှင်းရေးတာဝန်ယူရသော အဖွဲ့သားတစ်ဦး ဖြစ်ပါသည်။

ဦးလှဝင်း၏အကူအညီဖြင့် ပတ္တမြားမျက်ရှင်ဘုရားတွင် တစ်ညအိပ်ပုတီးစိပ်ခွင့်ရခဲ့သည်။ စာရေးသူ ညအိပ်သောနေ့မှာ အဖိတ်နေ့ဖြစ်၏။ ဘုရားပေါ်သို့ ညနေ (၄) နာရီ ရောက်လာခဲ့ပါသည်။ အထက်ပစ္စယံပေါ်သို့တက်ပြီး ပတ္တမြားမျက်ရှင်ဘုရား၌ ဦးလှဝင်းနှင့်အတူ ဝေယျာဝစ္စလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးလိုက်၏။

ည(၉)နာရီအချိန်တွင် ပတ္တမြားမျက်ရှင်ဘုရားအား ရှိခိုးသီလယူပြီး ဂုဏ်တော်ပုတီး ကိုးပတ်စိပ်လိုက်သည်။ ပြီးနောက် ပဌာန်းဒေသနာတော်နှင့် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဏ္ဂယ်ပူဇော်လိုက်၏။ သတ္တဝါအားလုံးကို မေတ္တာပို့၊ အမျှဝေပြီးနောက် အထက်ပစ္စယံပေါ်တွင် စေတီတော်အားပတ်၍ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

ညသန်းခေါင်ကျော်အချိန်ရောက်သောအခါ ပတ္တမြားမျက်ရှင်ဘုရားအား ပန်းကပ်၊ သောက်တော်ရေချမ်းကပ်လှူပြီး သစ်သီးဆွမ်းနှင့်မုန့် အရက်ဆွမ်းကပ်လှူရန် ပြင်ဆင်ကြပါသည်။ နံနက် (၃)နာရီအချိန်တွင် အားလုံးအဆင့်သင့်ပြင်ပြီးပြီဖြစ်၍ ဆီမီးတိုင်များ၊ အမွှေးတိုင်များထွန်းညှိပူဇော်ပြီး ဦးလှဝင်းနှင့်အတူ ဘုရားအား ဆွမ်းပန်းနှင့်သောက်တော်ရေချမ်းများကပ်လှူကြပြီးနောက် နိစ္စဓုဝလုပ်နေကျ တရားဘာဝနာအလုပ်ကို ဆက်၍လုပ်ကြသည်။

စာရေးသူသည် ပြင်ဆင်ထားသော သစ်သီး၊ ဆွမ်းပွဲနှင့် ကန်တော့ပွဲများအစွန်တွင် နေရာယူ၍ ဂုဏ်တော်ပုတီးကိုးပတ်ပြည့်အောင်စိပ်လိုက်သည်။ အာနာပါနာနုဿတိဘာဝနာကို နာရီဝက်မျှပြုလုပ်ခဲ့၏။ ပြီးနောက် ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ရန် ပြင်ဆင်နေချိန်တွင် စာရေးသူညာဘက်ရှစ်ပေအကွာအဝေး၌ ရဟန်းတော်တစ်ပါး အမြင့်လေးပေလောက်မှ အထက်ပစ္စယံပေါ်သို့ ရုပ်တော်မူအနေအထားဖြင့်ကျလာသည်ကို အမှတ်မထင်ဖူးတွေ့လိုက်ရသဖြင့် အံ့အားသင့်နေမိသည်။

ရဟန်းတော်သည် တနင်္ဂနွေထောင်ဆီသို့ကြွသွားပြီး နေရာယူလိုက်ပါသည်။ ရဟန်းတော်သည် ရွှေတိဂုံစေတီတော်အား လက်စုံမိုး၍ ရှိခိုးကန်တော့ပြီးနောက် ဝိပဿနာဘာဝနာတရားအားထုတ်နေသည်ကို လှမ်းတွေ့နေရသည်။ စာရေးသူသည် တစ်ညလုံးတစ်မှေးမျှမမှေးရသေးသဖြင့် အိပ်မှုန်စုံမွှားဖြင့် အမြင်မှားယောင်နေသလားဟုထင်မိ၍ မျက်စိကို ပွတ်သပ်ပြီးပြန်ကြည့်သောအခါ ရဟန်းတော်သည် အေးချမ်းစွာ တရားထိုင်လျက်ရှိနေသည်ကိုတွေ့ရ၏။

စာရေးသူသည် ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်သရဏ္ဂမ်ယ်ပူဇော်ရင်း ရဟန်းတော်အား မကြာခဏလှည့်၍ကြည့်နေမိသည်။ ထို့အတူ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ရာတွင်လည်း စိတ်မဖြောင့်။ နောက်ဆုံး မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ရာတွင်လည်း စိတ်က ထိုရဟန်းတော်ဆီသာရောက်နေ၏။ မေတ္တာပို့၊ အမျှပေးဝေ၍ပြီးသောအခါ ရဟန်းတော်အား အကြိမ်ကြိမ်ဦးခိုက်ရှိခိုးလိုက်၏။ ရဟန်းတော်မှာ အေးချမ်းစွာ တရားထိုင်နေတုန်းပင်ဖြစ်ပါသည်။

နံနက် (၆) နာရီခန့်တွင် ရဟန်းတော်သည် တရားထိုင်နေရာမှထ၍ သင်္ကန်းတော်ကိုအနည်းငယ်ပြင်ဝတ်ရုံပြီး အထက်ပစ္စယံမှဆင်း၍ ကြွသွားသည်။ စာရေးသူသည် ပါလာသော စိပ်ပုတီး၊ ပိုက်ဆံအိတ်နှင့် စာအုပ်တို့ကို အလျင်အမြန်သိမ်းဆည်းပြီး ရဟန်းတော်နောက် သို့လိုက်သွားပါသည်။

ရဟန်းတော်က တစ်ချက်လေးမျှ ပင်လှည့်မကြည့်။တောင်ဘက်မုခ်စောင်းတန်းမှ ဆင်းကြွသွား၏။ စာရေးသူက အပြေးဆင်း၍လိုက်ကြည့်ရာ ရဟန်းတော်သည် ကားလမ်းကိုဖြတ်ကူးပြီး လိုင်းကားတစ်စီးကိုတား၍ ကားပေါ်တက်သွားသည်။ ကားပေါ်တွင် ခရီးသည် အနည်းငယ်မျှသာပါသည်။

စာရေးသူသည် ကားလမ်းခြားနေသည်မို့ ဆက်မလိုက်တော့ဘဲ အထက်ပစ္စယံသို့ပြန်တက်လာသည်။ သူငယ်ချင်းဖြစ်သူ ဦးလှဝင်းအား အကြောင်းစုံ ရှင်းပြသောအခါ ဦးလှဝင်းက -

"တို့လည်း သူငယ်ချင်းလိုပဲ တစ်ခါကြုံဖူးတယ်။ မှောင်နေတဲ့နေရာကိုကြွလာတဲ့အတွက် သဲသဲကွဲကွဲမဖူးလိုက်ရဘူး။ နောက်ပြီး ပစ္စည်းတွေသိမ်းဆည်းနေတုန်း ပြန်ကြွသွားတဲ့အတွက် သေသေချာချာမဖူးလိုက်ရဘူးလေ။ရဟန္တာပုဂ္ဂိုလ်ထူးတွေက နံနက်မိုးလင်းမှပြန်ကြွတတ်ကြတာမို့ ဈာန်နဲ့မကြွဘဲကားစီးပြီးပြန်ကြွကြတာပေါ့။ ဘုရားပေါ်ကို အဲဒီလိုဈာန်နဲ့ မသိမသာကြွလာပြီး ဘုရားဖူးသွားတဲ့ရဟန္တာတွေဘယ်လောက်တောင်များရှိနေမယ်မသိဘူး"

ဦးလှဝင်း ရှင်းပြတော့မှ ရဟန္တာပုဂ္ဂိုလ်ထူး ဆိုသည်မှာ အများမြင်သာထင်သာအောင်ပြရသည် မဟုတ်သဖြင့် လင်းရှင်းသောအခါသမယတွင် သာမန်ရဟန်းများနည်းတူ လိုင်းကားစီး၍လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း ပြန်ကြွကြသည်ကို သဘောပေါက်မိတော့သည်။

စာရေးသူ ဖူးတွေ့လိုက်ရသော ရဟန္တာပုဂ္ဂိုလ်ထူးမှာ သာမန်ရဟန်းတော်ပုံစံအတိုင်းသာဖြစ်ပြီး ထူးခြားမှုမရှိပါ။ လမ်းမှာဆုံတွေ့၍ဖူးတွေ့မိပါက သာမန်ဘုန်းကြီးတစ်ပါးအဖြစ်သာ. ယူဆမိမှာဖြစ်ပါသည်။

သို့ဖြစ်၍ စာရေးသူသည် နံနက်မိုးသောက်အာရုံအချိန်တွင် ဘုရားပေါ်သို့ကြွလာသော ရဟန်းတော်မှန်သမျှကို ရဟန္တာပုဂ္ဂိုလ်ထူးများဖြစ်လိုဖြစ်ငြား ရှိသေစွာ ဦးခိုက်ရှိခိုးနေမိတော့သည်။

တင်္ကသိုလ်အပန်းဆာ

www.burmeseclassic.com

ဝဏ္ဏနိ (နောင်ချို)
ရဟန်းတို့၏ကရုဏာတော်

ရဟန်းတို့၏ ကရုဏာဟု စသည် နှင့် ကြီးကြီးကျယ်ကျယ်တွေးထား သလားဟု ထင်ကြပေမည်။ ယခု ကျွန်ုပ် နေသားတင်ပြမည့်အကြောင်းကား မိမိ ကြားရသည့်အကြောင်း၊ သေချာဂနသိ နေသည့်အကြောင်းနှင့် ကိုယ်တွေ့ အကြောင်းအရာတို့ကိုသာ တင်ပြမည် ဖြစ်ပါသည်။

ကျွန်ုပ်မွေးရာဇာတိကား ရှမ်းပြည် နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ ဖြစ်ပါ သည်။ လွန်ခဲ့သော နှစ် (၆၀) ခန့်ကာလ က ကျောက်မဲမြို့သည် မြို့ငယ်တစ်ခု သာဖြစ်ပြီး ပတ်ဝန်းကျင်တောင်ပေါ် ဒေသမှ လက်ဖက်များစုရာမြို့ ဖြစ်ပါ သည်။ ယခုခေတ်ကဲ့သို့ ကားများ၊ ထော်လာဂျီများမရှိဘဲ တောင်ပေါ်မှ လက်ဖက်များကို နွားဝန်တင်များဖြင့် ကျောက်မဲရှိပွဲရုံများသို့တင်လာပါသည်။ ကျောက်မဲမြို့ရှိပွဲရုံများက ဂုန်နီအိတ်ကြီး ဖြင့်ထည့်ကာ ရထားတွဲဖြင့် ပြည်ပသို့ တင်ပို့ပါသည်။ ကားအသုံးမပြုလှ။ ရှိ လည်းမရှိဘဲ ရထားလမ်းသည်သာ အဓိကလမ်းဖြစ်ပါသည်။ [illegible] ကျောက်မဲမှ မန္တလေးသို့ သွားရာ၌ လျှင် ကြုံတိုင်းအောင် အမည်ရှိ စစ်ကျန် ဘက်(စ်)ကားတစ်စီးက မြို့ထဲလှည့်ကာ 'မန္တလေးကို မန္တလေးကို' ဟု စပယ်ယာ က မပြတ်အော်ရင်း မြို့ထဲကားကလှည့် ပါသည်။ လိုက်ပါလိုသူတို့က ပစ္စည်း ပစ္စယ၊ အထုပ်အပိုးများဖြင့် လမ်းဘေး မှာ ထွက်စောင့်ရုံသာဖြစ်ပါသည်။ ကား ထိုင်ခုံလက်မှတ်ရောင်းချခြင်းမရှိသေး သောခေတ် ဖြစ်ပါသည်။ ခရီးသွားများ သောရက်တွင် ပစ္စည်းများ၊ လူများကို ငါးပိသိပ်၊ ငါးချဉ်သိပ်ဓာတ်၍ ဝါတွင်း

www.burmeseclassic.com

www.burmeseclassic.com

ကာလတွင် ကားကအလွန်ခြောင်ပါသည်။ ထိုဘတ်(စ်)ကားကြီး ကျောက်မဲမှ (၁၀၈) မိုင်ထေသော မန္တလေးသို့ (၈) နာရီခန့်ကြာအောင်မောင်းသွားရပါသည်။ ထိုစဉ်က ကျောက်မဲမြို့၏ အခြေအနေကို တင်ပြခြင်း ဖြစ်ပါသည်။

တစ်ရက်တွင် ရဟန္တာဟု ကျော်ကြားသော ဘေဒုဆရာတော်ဘုရားကြီး ကျောက်မဲမြို့သို့ ကြွရောက်လာမည့် အကြောင်း မောင်းခတ်ကြေညာပါသည်။ မောင်းကြီးထုရှိကြေညာသည် ဆောင်ပါနှင့်။ ထိုစဉ်က ဗျာခင်းကြည့်ရသော 'မွန်းလိုက်' အမည်ရှိ ရုပ်ရှင်ရုံမှ ရုပ်ရှင်ကြေညာဝေသူသည် ဘယ်ဘက်ပခုံးရှိ လွယ်အိတ်နှင့် ရုပ်ရှင်ကြေညာများထည့်လွယ်ကာ ညာလက်ရှိ မောင်းသေးသေးတစ်လုံးကို လက်ခတ်နှင့်တွဲကိုင်တီးခတ်ရင်း 'ယနေ့ မွန်းလိုက်ရုံတွင် ဘာကားပြပါမည်။ မင်းသား ရွှေဘာ၊ မင်းညွှန့်၊ မင်းသမီး တင်တင်လှ' စသည်ဖြင့် လှည့်လည်ကြော်ငြာပါသည်။ ထို့အသံကြားလျှင် ကျွန်ုပ်တို့ကလေးများက အပြေးအလွှားလိုက်ကာ ကြော်ငြာတောင်းကြပါသည်။ ကြော်ငြာသူမှာ ဦးသုတဖြစ်၍ ညာလက်က မောင်းတီး၊ ပါးစပ်ကအော်၊ ဘယ်လက်ကကြော်ငြာဝေပါသည်။

ယခုလည်း ဦးသုတ မောင်းဖြင့် ဝေဘူဆရာတော်ကြွလာမည့်အကြောင်း မောင်းခတ်ကြော်ငြာခြင်း ဖြစ်သည်။ ဝေဘူဆရာတော်သည် နောက်ပါရဟန်းများနှင့် နေ့စဉ် မြို့ထဲလှည့် ဆွမ်းခံမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။ သို့သော် မန္တလေးမှ ကျောက်မဲသို့ ဂျစ်ကားများဖြင့် ပင့်ဆောင်လာမည်ဖြစ်ရာ ရောက်သည့်နေ့တွင် ဆွမ်းခံနိုင်မည်မဟုတ်ဘဲ ရောက်ရောက်ချင်း မြို့လယ်မမွှာရုံ (ထိုစဉ်က ဓမ္မရက္ခိတာဓမ္မာရုံ) တွင် ဆွမ်းကပ်မည်ဖြစ်ကြောင်း ဆွမ်း၊ ဆွမ်းဟင်းများကိုလာရောက်လှူဒါန်းနိုင်ပါကြောင်း ကြော်ငြာသွားပါသည်။

ကျွန်ုပ်တို့မိသားစုမှာ ဆင်းရဲသားများဖြစ်ရကား ထမင်းကို ပဲပြုတ်ဆီဆမ်းဆားဖြူ၍ ကြက်သွန်ကို ပါးပါးလီးထည့်သုပ် ထမင်းနှင့်စားရသူများ ဖြစ်ပါသည်။ သို့သော် အမေသည် ဆင်းရဲ၊ ချမ်းသာမှီးစုံကိုကြုံခဲ့ရပြီး သဒ္ဓါတရားကြီးမားသူလည်း ဖြစ်ပါသည်။ မည်မျှပင် ဆင်းရဲပါစေ ဝိဇ္ဇာပါတ်ဆွမ်းကို နေ့စဉ်မပျက် လောင်းပါသည်။ ဆရာတော်ဘုရား ဆိုက်ရောက်မည့်နေ့တွင် အမေသည် ပန်းတန်ကြီးတစ်ချပ်နှင့် ပဲပြုတ်သုပ်ကို ပြင်ထားပါသည်။ ကျွန်ုပ်မှာ ကလေးဖြစ်ရကား လိုက်ပါခွင့်မရှိ။ အမေထံမှ တစ်ဆင့်စကားကို ရေးပြပါမည်။

❐

အမေ ဓမ္မာရုံဝင်းထဲဝင်သွားချိန်တွင် အမေ့လိုပင် လောင်းလှူလိုသော ဆင်းရဲသားများသည် မုန့်ညင်းကြော်၊ ပဲပုပ်ထောင်း၊ အကြော် စသည့် ဆွမ်းဟင်းပန်းကန်များကိုင်ကာ မျက်နှာငယ်ရပါသည်။ မြို့မျက်နှာဖုံး ပွဲစားကြီးများက ငါတို့ဆွမ်းကို ဆရာတော်ဘုဉ်းပေးစေရမည် ဟူသောမျက်နှာဖြင့် ဆွမ်းပွဲများကို သူထက်ငါသာအောင် ပြင်ဆင်နေကြပါသည်။ ဆရာတော်ဘုရားကြီး ရောက်လာသောအခါ ဆွမ်းချိန်မမီမည်စိုး၍ ဆွမ်းဘုဉ်းပေးပြီးမှ ဆွမ်းအာနိသင်ဘောဒေသနာနာယူမည်ဟု စီစဉ်ကြပါသည်။ ဆရာတော်ဘုရားကြီးသည် ဆွမ်းပွဲကိုလက်မခံသေးဘဲ ပါလာသော သပိတ်ငါးလုံးကိုယူလာစေပါသည်။ ထို သပိတ်များကို တန်းစီချကာ -

"ကဲ - အလှူရှင်များ၊ သပိတ်ထဲ လောင်းကြဟု"

ဟု မိန့်ပါသည်။

ဆွမ်းပွဲပြင်ထားသည့် ဆွမ်း၊ ဆွမ်းဟင်းများကိုလည်း သပိတ်များထဲသို့ ထည့်စေသည်။ အမေတို့တစ်တွေလည်း ကမန်းကတန်း နီးရာသပိတ်ထဲသို့အကုန်သွန်လောင်း၍ လောင်းလှူကြရပါသည်။ ဤမျှဝိုင်း၍ လောင်းသော်လည်း မည်သည့်သပိတ်မျှလျှံထွက်ခြင်းမရှိ။ လောင်းပြီးသည်နှင့် သပိတ်များကိုဖုံးစေကာ သပိတ်တစ်လုံးချင်းကို ဆရာတော်လက်နှင့်ထိ၍လက်ခံတော်မူပါသည်။

❐

အမေသည် ဓမ္မာရုံမှ ပြန်လာသောအခါ ထိုအကြောင်းကိုပြောရင်း မျက်ရည်ကျပါသည်။

"မင်းကလည်းကွာ၊ သွားလှူခဲ့ရပြီပဲ။ ဘာလို့မျက်ရည်ကျရတာလဲ"

ဟု အဖေက ပြောပါသည်။

"တော်မသိလို့ပါ၊ ရဟန်းငါးပါး သပိတ်တစ်လုံးစီကိုဖွင့်ပြီးဘဉ်းပေးတော့ သပိတ်တိုင်းရဲ့အပေါ် ဆုံးမှာ ကျွဲပဲပြုတ် ဆွမ်းဟင်းက အပေါ် ဆုံးမှာအညီအမျှပါတယ်တော့။ ကျွဲပဲသေချာမြင်ခဲ့ရတာ"

ထိုတစ်နေ့လုံး အမေထမင်းမစားဘဲ ဘုရားကျောင်းဆောင်ရှေ့မှာ တစ်နေ့လုံးထိုင်ရင်း ဘုရားစာများကို ခပ်တိုးတိုးရွတ်ဆိုနေပါသည်။ ပိတိကိုသာစားနေပုံရသည်။ အဖေကမူ တစ်နေ့လုံးစဉ်းစားခန်းဝင်နေပါသည်။ နောက်တစ်နေ့တွင် အဖေသည် မပြောမဆိုနှင့် တော့ဆန်၊ ဟူးကွက် စသည့်ရွာများသို့သွားပြီး အသိမိတ်ဆွေများထံမှ လက်ဖက်ခြောက်များကို တစ်ဦးလျှင် တစ်အိတ်၊ နှစ်အိတ်နှင့် အကြွေးဝယ်လာရာ အိတ် (၃၀) ခန့်ရပြီး ငင်းတို့ကို ရန်ကုန်၊ ပုသိမ်တို့အထိ ထိုစဉ်က သင်္ဘောဖြင့်တင်ကာ သွားရောင်းပါသည်။ ဤသို့ ရောင်းဝယ်ရင်းနှင့်ပင် စီးပွားတက်လာပါ သည်။

ကျွန်ုပ်သည် ဤအကြောင်းတို့ကို လေးလေးနက်နက် မစဉ်းစားမိဘဲ ယခု အသက် (၆၀) ကျော်မှသာ တစ်စိမ့်စိမ့် စဉ်းစားရင်း ရဟန်းမြတ်တို့၏ ကရုဏာတော်ကို ဆင်ခြင်မိပါသည်။

❐

နောက်အကြောင်းအရာတစ်ခုကို မပြောမီ ကျွန်တော်၏အဘိုး ဦးတင်အကြောင်းကို ပြောရပါမည်။ ကျွန်တော့် အဘိုးဦးတင်ကား မန္တလေး အောင်ပင်လယ်သားဖြစ်ပါသည်။ အဘွားဒေါ်ရင်ကား ပုလိပ်မြို့သူဖြစ်၍ အကြောင်းပါပြီး ရှမ်းပြည်နယ်သို့ လှည့်ဖြင့် (သူတို့ခေတ်က ကားလမ်းမရှိပါ) တက်လာပြီး ကျောက်မဲတွင် အခြေချပါသည်။

အဘွားဆုံးပြီးနောက် အဘိုးသည် အရက်ကို အလွန်နှစ်သက်သူဖြစ်ရကား အိမ်နှင့် ခြံကို သမီးနှင့် သမက်ဖြစ်သူ (ကျွန်တော့်အဖေနှင့်အမေ) ကို လွှဲပေးကာ လွယ်ခွန်တောင်ပေါ်ရှိ ကိုးမြို့ရှင် နတ်နန်းတွင်သွားနေပါသည်။ ပါလီမန် ခေတ်တွင် အရက်၊ ဘိန်းခန်း၊ ဖဲဝိုင်း၊ မာကျောက်၊ (၃၆) ကောင်ထိ စသည်တို့မှာ လိုင်စင်ဖြင့်လုပ်ခွင့်ကို တရုတ်များရကြပါသည်။ နတ်ကို အလွန်ယုံကြည်ကိုးကွယ်ကြရာ နေ့စဉ် နတ်နန်းတွင် အရက်နှင့် ကြက်ကြော်၊ နတ်ကိုးသည့် ငွေများမှာ အောတိုက်နေ၍ အဘိုးမှာ အကြိုက်တွေ့နေပါတော့သည်။

တစ်ရက်တွင် အဘိုးသည် တောင်ပေါ်မှ အိမ်သို့ဆင်းလာပါသည်။ အမေသည် အဘိုးကို ထမင်း၊ ဟင်းများ ပြင်ဆင်ခူးခတ်ကျွေးမွေးရင်း -

"အဖေ၊ ဝေဘူဆရာတော်ဘုရားကြီး ဓမ္မာရုံမှာ တရားဟောနေတယ်။ သွားဖူးလိုက်ပါလား"

ဟု တိုက်တွန်းပါသည်။

"မသွားတော့ပါဘူး သမီးရယ်၊

www.burmeseclassic.com

www.burmeseclassic.com

အဖေးထိုက်ရင် အဖေဆီကြွေလာမှာ ပေါ့"

ဟု ပြောကာ စားသောက်ပြီးပြန် သွားပါသည်။

ဝေဘူဆရာတော်ဘုရားကြီးသည် ဘန်ကောက်ကျောင်းတွင် ခေတ္တသီတင်း သုံးဆာမ ညနေ (၃) နာရီခန့်လောက်တွင် အညောင်းပြေ လွယ်ခွန်တောင်ပေါ် ရှိ ဘုရားသို့ တက်သွားပါသည်။ ဘုရားမှ အရှေ့ဘက် တောခေါ်ညောင်ပင်ဝင်းကို ဖြတ်ကျော်၍ ကိုးမြို့ရှင်နတ်နန်းသို့ ရောက်သွားပါသည်။ အဘိုးသည် ဝေဘူ ဆရာတော်ကို မြင်မြင်ချင်း ဝေဘူဆရာ တော်မှန်းသိလိုက်သည်ဟု ဆိုပါသည်။ ထို့ကြောင့်ပင် နတ်နန်းရှိ ဘုရားကျောင်း ဆောင်ရှေ့တွင်ပင် နေရာထိုင်ခင်းပြင် ကာ ထိခြင်းငါးပါးဖြင့် ရှိခိုးပါသည်။ ထို့နောက် အချိုရည် (ထိုစဉ်အခေါ် သံလပ်ရည်) ကို ဖန်ခွက်နှင့်ထည့်ကာ ကူးနှုန်းကပ်ခွင့်ရသွားပါသည်။

"ဒကာကြီး၊ ဥပုသ်သီလများကော ဆောက်ဖြစ်ရဲ့လား"

"တင်ပါ့ဘုရား၊ တပည့်တော် သည်ကံငါးပါးမှာ သူရာမေရိယက်ကိုပင် အောင်မထိန်းနိုင်ပါ ဘုရား။ သို့သော်လည်း ကျန်ကံလေးပါးကိုမူ လုံးဝထိန်း နိုင်ခဲ့ပါသည် ဘုရား"

ထို့နောက် ငယ်ပေါင်းကြီးဖော် များစွာမှာ စကားအများကြီးပြောဖြစ်ခဲ့ သည်ဟု ဆိုပါသည်။ ဆရာတော်လည်း ညနေ (၄) နာရီကျော်မှ ပြန်ကြွသွား သည်ဟု သိရ၏။

"အဖေနဲ့ စကားအကြာကြီးဘာ တွေပြောတာတုံး"

အဲဒါ ခက်တာပဲ သမီး၊ သူပြော တဲ့အကြောင်းအရာကို အဖေသိသလို အဖေပြောနေတာကိုလည်း သူသိတယ်။ ဘာတွေပြောနေလဲတော့ အဖေစဉ်းစား မိမရဘူး။ ဒါပေမယ့် နှစ်ပေါင်းများစွာ ကွဲနေတဲ့သူငယ်ချင်းကို ပြန်တွေ့ရသလို အဖေအရမ်းဝမ်းသာနေပြီး စကားလည်း ပြောမကုန်အောင်ဘဲ။ သူ့ကိုသိသမှ စားရင်းနှီးနှီးကိုသိတာ။ ဘယ်တုံးကသိ သလဲဆိုတာ စဉ်းစားလို့မရဘူး။ တစ်ည လုံးလည်း စဉ်းစားကြည့်တယ်။ ဘယ်တုံး ကသိတာလဲဆိုတာစဉ်းစားလို့ကိုမရဘူး။ ဒါပေမယ့် ခုထိသူ့ကိုတွေ့ရတာဝမ်းသာ နေတုန်းပဲ"

ဟု ဆိုပါသည်။

"ဖူးထိုက်ရင်ကြွလာလိမ့်မယ်"

ဟု အဘိုးပြောစကားကို ဆရာ တော်သိပုံပေါ်ပါသည်။ ထို့ကြောင့်ပင် ကရဏာရှေ့ထား၍ ကြွလာပုံပေါ်ပါ သည်။ သို့မဟုတ် ရှေးပဌာန်းဆက် တစ်ခုခုကြောင့် ကရဏာထား၍ကြွလာ ပုံပေါ်ပါသည်။

အဘိုးမှာမူ ကွယ်လွန်သည်အထိ-

"ငါရင်းရင်းနှီးနှီးကိုသိသာပါ"

ဟူသော ပဟေဠိကို အဖြေမည်သို့ မိုင်ခဲ့ပါ။

လွန်ခဲ့သော နှစ် (၂၀) ခန့်က ဖြစ် ပါသည်။ ကျောက်မဲမြို့တွင် အစိုးရ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေ ချိန် ဖြစ်ပါသည်။ ရုံးမှအပြန် မြို့တော် ခန်းမရှေ့တွင် လူတွေဝင်ထွက်နေသဖြင့် ဘာမသိညာမသိရောယောင်၍ဝင်သွား ရာ အထဲ၌ရဟန်းတော်တစ်ပါးသီတင်း သုံးနေပြီး ခ-ယ-ကဉ္စက္ကဉ္ဇကြီးကယပ်ခတ် ပေးနေသည်။ ရှေ့နားတွင် စဉ့်အိုးကြီး တစ်လုံးလည်း တွေ့ရပါသည်။ ထိုစဉ်က ကျွန်ုပ်သည် ဘာသာရေးအသိ၊ အတွေး၊ ဗဟုသုတတိမ်သူဖြစ်ရကား ရောယောင် ရှိခိုးပြီး -

"အဲဒီအိုးကဘာလဲ"

ဟု မေးရာ ဘေးကတစ်ဦးက -

"ပရိတ်ရေအိုး"

ဟုသာ တိုတိုတုတ်တုတ် ဖြေပါ သည်။တောင်တန်းဆရာတော်ကြီးသည် ပရိတ်ရွတ်လျှင် ပရိတ်ရေအိုးများဆူသည် ဟုကြားဖူးပြီး ဒီဆရာတော်တော့ ဆူပုံ မရဟုသာ အောက်မေ့ကာ ပြန်လာခဲ့ပါ သည်။

နောက်တစ်နေ့နံနက်တွင် ပြင်ဦး လွင်မှ မိတ်ဆွေရှေ့နေကြီး ဦးကျော်ဌေး တို့ကလာလည်ရင်း ညောင်ပင်အိုင်တော ရဆရာတော်ဘုရားကြီးနှင့်လိုက်လာခြင်း ဖြစ်ကြောင်းပြောပြမှ ညောင်ပင်အိုင် တောရဆရာတော်ဘုရားကြီး၏ ဂုဏ် ကျေးဇူးတော်တို့ကို သိရပါသည်။ နေ့လယ် (၁) နာရီတွင် စွေးမွာရုံ၌ တရားဦးမြင့်မည်ဖြစ်ကြောင်းနှင့် ဆရာ တော်ကြီး၏ဓာတ်ပုံတစ်ပုံပါပေးသွား၍ ဦးကျော်ဌေးကို အထူးကျေးဇူးတင်ရပါ သည်။

နေ့လယ် (၁) နာရီမတ်တင်းခန့် တွင် မိသားစု (၅) ယောက် စွေးမွာရုံသို့ လာခဲ့ပါသည်။ဆရာတော်မကြွလာသေး ၍ မွာရုံရှေ့တွင် လူအုပ်ကြီးများပြည့် နေပါပြီ။ ကျွန်ုပ်တို့မိသားစုမှာ နေရာ မရနိုင်။ ဘယ်သူမှလဲရွှေ့ပေးမည့်ပုံမပေါ် ပါ။ သို့ဖြစ်ရကား လမ်းတစ်ဖက်ရှိ ကပ်ကျေးဆေးလိပ်ခုံရှေ့တွင် ကျွန်ုပ်တို့ မိသားစုမှာ မျက်နှာငယ်စွာနှင့် ရပ်နေ ကြပါသည်။

ထိုစဉ် ကားဖြင့် ညောင်ပင်အိုင် တောရဆရာတော်ကြွလာပါသည်။ စွေး မွာရုံသို့ဝင်သည့် လမ်းတစ်လျှောက်ရှိ လူအုပ်ကြီးမှာလည်း လှုပ်လှုပ်ရွရွဖြစ် လာပါသည်။ ကားပေါ်မှဆင်းပြီး စွေး မွာရုံသို့တန်းဝင်သွားရန်ဖြစ်သော်လည်း မထင်ထားသောအဖြစ်ကဖြစ်ပေါ် လာပါ သည်။ ဆရာတော်ဘုရားကြီးက ဘေးမှ ဒကာအား ခပ်တိုးတိုးပြောရာ ထိုဒကာ ကပြေးလာပြီး ဆေးလိပ်ခုံပိုင်ရှင်သို့ ဆရာတော် သန့်စင်ခန်းခဏသုံးလို ကြောင်း ပြောပါသည်။ ပိုင်ရှင်မှလည်း 'ကြွပါဘုရား၊ ကြွပါ' ဟု ဗျာဗျာသလဲပင့် ဖိတ်ရာ ဆရာတော်ဘုရားကြီး ကြွလာ သည်နှင့် လမ်းပေါ်၌ ကျွန်ုပ်တို့မိသားစု (၅) ဦးနှင့် ဆရာတော်သာ လမ်းမပေါ် တွင်· မျက်နှာချင်းဆိုင်ရှိနေပါသည်။ ကျွန်ုပ်တို့မှာ အံ့အားကြီးသင့်ကာ ဘာ လုပ်ရမှန်းမသိ ကြက်သေသေနေပါ သည်။ ကျွန်ုပ်ဇနီးသည်အား လှုမည်ဆို လှူလေဟု သတိပေးရာ ဇနီးသည်မှာ လည်း လှူရန်ကိုင်ထားသော ဝတ္ထုဒွေကို ဆရာတော်ဘုရားကြီးလက်ထဲသို့ထည့် လိုက်ရာ ဆရာတော်မှ ခပ်ဖွဖွကိုင်ထား ပြီး နောက်မှပါလာသော ဒကာတစ်ဦး က လှမ်းယူလိုက်ကာ -

"ဆရာတော်က ဝတ္ထုဒွေမကိုင် ဘူး"

ဟု တိုးတိုးပြောသွားပါသည်။

ယခုအချိန်သာဆိုလျှင် သို့မဟုတ် အတွေးအခေါ်သာရှိရင် ထိုစဉ်ကပင် ဆရာတော်ဘုရား၏ခြေကို ဦးခေါင်းဖြင့် တိုက်၍ -

"ကျေးဇူးကြီးလှပါသည် ဘုရား"

ဟု ရိုခိုးလျှောက်တင်မိမည် ဖြစ် ပါသည်။ ထိုစဉ်ကမူ ဆရာတော်ဘုရား ထွက်သွားသည်ကိုကြည့်ရင်း မတ်တတ် ကြီးမေ့နေသည်ဟု ထင်ပါသည်။

ယခုမူ ထိုအကြောင်းတွေးမိတိုင်း စိတ်ကူးဖြင့်ပင် ဆရာတော်ဘုရား၏ ခြေစုံကိုဦးတိုက်၍ ရှိခိုးမိပါသည်။ ဆရာ တော်ဘုရား၏ ကရဏာတော်ကားကြီး ပါဘိ။

ထွန်း (နောင်ချို)

www.burmeseclassic.com

www.burmeseclassic.com

ပုဂံသိန်းခိုမင်းနှင့်ဘုရားရှိခိုးဂါထာတော်

သစ္စာဝါဒြီးမြင့်အောင်

ဤအခါက အရိမဒ္ဒနာ အမည်ရှိသော ပုဂံပြည်တွင် သက္ကရာဇ် နှစ်ရာခုနစ်ဆယ့်ခုနစ်ခုတွင် သိန်းယိုင်မင်း (သိန်းခွန်) မင်း စိုးစံတော်မူခဲ့ပါသည်။ သိန်းခွန်မင်းသည် စလေဒေးမင်းကြီး၏ သားတော် ဖြစ်ပါသည်။ အိမ်နိမ့်စံ (၂၅) နှစ်၊ စည်းစိမ် (၁၆) နှစ်၊ သက်တော် (၄၁) နှစ်တွင်နတ်ရွာစံတော်မူခဲ့ပါသည်။

ထိုပုဂံပြည့်ရှင် သိန်းခိုမင်းကြီး ရွတ်ဆိုပူဇော်သော ဘုရားရှိခိုးဂါထာတော်ကို ဖော်ထုတ် တင်ပြလိုပါသည်။

ပုဂံသိန်းခိုမင်းဘုရားရှိခိုးဂါထာတော်

မုနိ မုနိ မုနိ ယောသော၊
တဿ တဿ တဿ နမော။
နမော နမော မဿ၊
မဿ မဿစ သတ္တုနော။
ဝရဲ ဝရဲ ဝါရိ၊ ဝါရိ ဝါရိ ဝဝါ ရိဇ္ဇ၊
ရိဇ္ဇ ရိဇ္ဇ ရိဇ္ဇ ရာဇ ရာဇ ရာဇ
ဇရာ ဇရံ။
သုဒ္ဓေါဒနော ဓနုသုဒ္ဓေါ၊
ဇေယျော ဇေယျော မဟာရဝေါ၊
ဗုဒ္ဓေါ ဗုဒ္ဓေါတိ အညာယ၊
အဟံဝန္ဒာမိ သဗ္ဗဒါ။

၁ အချို့သော ဂါထာမန္တန်ပေစာတို့၌ ပဿဟုလာရှိပါသည်။

၁ အချို့သော ဂါထာမန္တန်ပေစာတို့၌ ရိဇ္ဇံ ဟူ၍လာရှိပါသည်။

အနက်ပြန်မာပြန် -

ဝါရိ - ရေသည်၊ **ဝါရိဇ္ဇံ** - ကြာကို၊ **ဇနေတိက္ကဝ** - ဖြစ်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ဝရံ** - နတ်လူတို့သည် တောင့်တအပ်သော၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **မုနိ** - ပဒ္မနိဝါသဘုံဏ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ဝါရိ - ရေသည်၊ **ဝါရိဇ္ဇံ** - ကြာပဒုမ္မာကို၊ **ဇနေတိက္ကဝ** - ဖြစ်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ဝရံ** - နတ်လူတို့သည် တောင့်တအပ်သော၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **မုနိ** - ဒီဗ္ဗစက္ခုဉာဏ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏။ **ဇနေတိ** - ဖြစ်စေတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ဝါရိ - ရေသည်၊ **ဝါရိဇ္ဇံ** - ကုမုဒြာကို၊ **ဇနေတိက္ကဝ** - ဖြစ်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ဝရံ** - နတ်လူတို့သည် တောင့်တအပ်သော၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **မုနိ** - အာသဝက္ခယဉာဏ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ရာဇာ - မင်းမြတ်သည်၊ **ရိဇ္ဇံ** - ရန်သူဖြစ်သော၊ **ရာဇံ** - မင်းတစ်ပါးကို၊ **ဟနာတိက္ကဝ** - အောင်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **မုနိ** - ဒိဗ္ဗစက္ခုဉာဏ်ကို၊ **ဇနေတိ** - ဖြစ်စေတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ရာဇရာဇ - မင်းမြတ်သည်၊ **ရိဇ္ဇံ** - ရန်သူဖြစ်သော၊ **ရာဇာနံ** - မင်းတစ်ပါးကို၊ **ဇိနာတိက္ကဝ** - အောင်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **ရိဇ္ဇံ** - ရန်ငါးပါးကို၊ **ဇိနာတိ** - အောင်တော်မူအပ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ရာဇရာဇ - မင်းမြတ်သည်၊ **ရိဇ္ဇံ** - မင်းတစ်ပါးကို၊ **အပနေတိက္ကဝ** - ဖဲစေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **ရိဇ္ဇံ** - တစ်ထောင့်ငါးရာကိလေသာကို၊ **အပနေတိ** - ဖဲတော်မူတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ရာဇာ - မင်းမြတ်သည်၊ **ရိဇ္ဇံ** - ရန်သူဖြစ်သော၊ **ရာဇံ** - မင်းတစ်ပါးကို၊ **ပရာဇယျံ** - ရှုံးစေခြင်းသို့၊ **ပါပေတိက္ကဝ** - ရောက်စေတတ်သကဲ့သို့၊ **ဇေတဝဏ** - ထို့အတူလည်းကောင်း၊ **ယောသတ္တာ** - အကြင်မြတ်စွာဘုရားသည်၊ **ဇရာ** - အိုခြင်း သေခြင်းသို့ရောက်စေတတ်သော နတ်-လူတို့အား၊ **အဇရံ** - အိုခြင်းသေခြင်း မရှိသောနိဗ္ဗာန်သို့၊ **ပါပေတိ** - ပို့တော်မူတတ်၏။ **တဿသတ္တုနော** - ထိုမြတ်စွာဘုရားအား၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထုဘဝတု** - ဖြစ်စေသတည်း။

ဓနသုဒ္ဓေါ - ရမ္မက်စသော တစ်ထောင့်ငါးရာကိလေသာလည်းကင်း စင်ပြီးထသော၊ **သုဒ္ဓေါဒနော** - သုဒ္ဓေါဒနမင်း၏ သားတော်လည်း ဖြစ်တော်မူထသော၊ **ဇေယျော** - မာရ်ငါးပါးကိုအောင်စေထသော၊ **ဇေယျော** - နတ်လူပြဟ္မာတို့သည် ပူဇော်ထိုက်ထသော၊ **မဟာရဝေါ** - မြတ်သော ဓမ္မစကြာတရားကိုလည်း ဟောတော်မူထသော၊ **ဗုဒ္ဓေါ** - သစ္စာလေးပါးကို မဖောက်မပြန် မိမိအလိုလို သိတော်မူပြီးသော မြတ်စွာဘုရားကို၊ **ဗုဒ္ဓေါတိ** - ဘုရားဟူ၍၊ **အညာယ** - သိခြင်း၍၊ **အဟံ** - အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **ဝန္ဒာမိ** - ရှိခိုးပါ၏။

ဤဖော်ပြပါ သိန်းခိုမင်းဘုရားရှိခိုးဂါထာတော်ကို လေးမြတ်စွာ ရွတ်ဆိုပူဇော်ခြင်းဖြင့် မလိုလားမနှစ်အပ်သော အနိဋ္ဌဖလဘေးရန်အဝဝတို့ကင်းပလျက် လိုလား နှစ်သက်အပ်သော ကျွဌာရုံ၊ အတိကျွဌာရုံ တည်းဟူသော နှစ်သက်မြတ်နိုးဖွယ်ရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအဝဝနှင့် ရရှိခံစားနိုင်ကြပါစေသောဝ်။

သဒ္ဓိသံပါကံဇနေတိ

သစ္စာဝါဒြီးမြင့်အောင်

ကျမ်းကိုး -

၁။ မှန်နန်းရာဇဝင်တော်ကြီး
၂။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း - တို်မြန်မာဝတ်ရွတ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်မြို့
အောင်ဗောဓိ(၂၇)တောင်
ရပ်တော်မူရုပ်ပွားတော်မြတ်ကြီး

မောင်စိမ်းထွေး(ထားဝယ်)

ခရီးထွက်နေရာ

ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက်ကို ကြည်သန်း၍ ထားဝယ်မြစ်အတွင်းသို့ စီးဆင်းနေသော ချောင်းမကြီးတစ်ခုရှိ၏။ ထိုချောင်းမကြီးသည် ရှေးယခင်က အလွန်ကျယ်ပြန့်ပြီး ရွက်တပ်လှေကြီး များပင်သွားလာနိုင်သောချောင်းဟု ဆို ပါသည်။ နောင်တွင် ချောင်းကမ်းဘေး တစ်လျှောက် လူနေအိမ်ခြေများ တစ်စ တစ်စ တည်ဆောက်နေထိုင်လာကြရာမှ တဖြည်းဖြည်း တိမ်ကောခြင်း ယခုအခါ ချောင်းကျဉ်းအသွင်ရောက်လျက်ရှိသည်။

အောင်ဗောဓိ (၂၇) တောင် ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ် စံပယ်တော်မူနေရာသည် တစ်ချိန်က ထိုချောင်းနှင့်ကပ်လျက် ကုန်းမြင့် (မော်စွန်းအင့်) ၌ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) ခန့်က ဆွေတောင်း

www.burmeseclassic.com

ရပ်တော်မူဘုရားဝင်း ထောကမုနိဘုရား

ထောကမုနိဘုရားနှင့်ကျောချွင်းကပ် မဟာကရုဏာမုခြာမတ်ရပ်ဘုရား

စေတီ(မော်စာစီ)တစ်ဆူ အထင်ကရ တည်ထား ကိုးကွယ်ခဲ့ခြင်းကြောင့် မြေမြတ်နေရာဖြစ်သည်။ ရုပ်ပွားဆင်းတု တော်၊ စေတီ၊ ပုထိုး၊ ဘုရား၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်း သာသနိကအဆောက်အအုံများနှင့် ထူးခြားသော ဘူမိနက်သန်အောင်မြေ ဖြစ်သည်။

ဘုရားဒါယကာအိပ်မက်

(၂၇) တောင် ရပ်တော်မူဘုရားကြီး စတင် တည်ဆောက် ထုလုပ်ကိုးကွယ်သော ဘုရားဒါယကာ ဦးဘိုးကျင်၊ ဒါယိကာမ ဒေါ်ညိမ်းခင်ဇနီးမောင်နှံမှာ ထားဝယ်ဇာတိဖြစ်၍ ခုံဝင်းဒဝ်ရပ်ကွက် ၌ နေထိုင်ကြ။ သတ္တုတွင်းအလုပ်သမားမှ ကိုယ်ပိုင်သတ္တုတွင်းပိုင်ရှင်ဖြစ်လာသူ ဦးဘိုးကျင်သည် မတ်ရပ်မုခြာနိမိတ် ဘုရားတစ်ဆူကို ဖူးမြော်ကြည်ညိုခဲ့ရပြီး ထိုနိမိတ်ဘုရားအတိုင်း တည်ထားကိုးကွယ် သာသနာပြုပါလျှင် လောကီ၊ လောကုတ္တရာ နှစ်ဖြာ အကျိုးစီးပွား ပြီးမြောက် အောင်မြင်နိုင်ကြောင်း အိပ်မက်မက်ခဲ့သည်။

ကနဦးတွင် အိပ်မက်အား အလေးထား ဂရုမမူခဲ့သော်လည်း မကြာမီလပိုင်းအတွင်း ထိုအိပ်မက်ကို ဒုတိယအကြိမ် ထပ်မံမြင်မက်ပြန်သည်။ထိုအခါမှစ၍ ဦးဘိုးကျင်သည် အိပ်မက်အား အမြဲတမ်းသတိရလျက်ရှိသဖြင့် မတ်ရပ်ပုံသဏ္ဌာန်နိမိတ်ဘုရားတစ်ဆူတည်ထား ကိုးကွယ်၍ သာသနာအကျိုးသစ်ပြုရန် ဆုံးဖြတ်ခဲ့သည်။ ဇနီး ဒေါ်ညိမ်းခင်က

www.burmeseclassic.com

သည်း စေတနာသဒ္ဓါတရားထက်သန်စွာ ဖြင့် ဝမ်းမြောက်ဝမ်းသာ ပါရမီဖြည့်ပေသည်။

ဦးဘိုးကျင်သည် ၎င်းကိုးကွယ်ဆည်းကပ်သော ဘုမ္မော်ကျောင်းထိုင် ဆရာတော် ဦးရေဝတအား အလုံးစုံ လျှောက်ထားရာ ဆရာတော်ကလည်း သာမုခေါ်၍ လက်ခံတော်မူသည်။ ထို့နောက် ဆရာတော်က ဘုရားတည်ရန် ဖြန့်နေရာကို ဘုမ္မော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) ကို ရွေးချယ်သတ်မှတ်ပေးကာ မတ်တပ်ရပ်ပုံဘုရား၏ ဘဏ်တော်ကို (၉) တောင်အမြင့် တည်ထားပါက နောင်အခါ ဘုရားတန်ဆောင်း ဆောက်လုပ်လျူဒါန်းလျှင် ကွယ်ကုမည်ဖြစ်ကြောင်းမိန့်သည်။

ဘဏ်တော်(၂၇)တောင်အမြင့်ဆောင်

ရပ်တော်မူ ဘုရားရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ရန် ပန်းပုဆရာ ဦးဝိန် (လောင်းလုံးမြို့မှ ပန်းရန်ဆရာကြီး ဦးဒိုးစီ) နှင့် ဆွေးနွေးသောအခါ ၎င်းက ပန်းသုံးဝကျောင်းတိုက်အတွင်း ဘဏ်ဆော့ (၁၈) တောင် မတ်ရပ်ပုံဆင်းတူဆော်မြတ်ကို တည်ထား ကိုးကွယ်ပြီးဖြစ်၍ ယခုဘုရားတည်မည့်နေရာသည် မြို့လယ်ဖြစ်သည်နှင့်အညီ အများပြည်သူလာ ဖူးမြော်နိုင်အောင် ပေါ်လွင်ထင်ရှား ထည့်ဝါခဲ့ညား ငွားငွားစွင့်စွင့်ဖြစ်ရန် လိုအပ်သဖြင့် ဘဏ်တော် (၂၇) ဆောင်အမြင့်ဆောင်သော ရုပ်ပွားဆင်းတုတော်မြတ်ကို တည်ထား ကိုးကွယ်ရန် အကြံပြု၏။ ထိုအကြံပြုချက်ကို ဆရာဆော် ဦးရေဝတအား တင်လျှောက်ထားသည့်အခါ ဆရာတော်ကလည်း သဘောတူခွင့်ပြုသည်။

ဘုရားတည်ရန်ခွင့်ပြုသောနေရာ၌ ရေကန်ကြီးတစ်ကန်ရှိပြီး ရေကန်အလယ်တွင် ရှင်ဥပဂုတ္တရဟန္တာအရှင်သမ္ဘူတစ်ကျောင်းဆောင်နှင့် သီတင်းသုံးဖူးရှိသည်ကို သင့်တော်သောနေရာဟုမြင်ခဲ့ရ၏။ ရေကန်အားလည်း ဖြန့်ရသည်။ ၎င်းမြေကွက်လပ်တွင် သီယာတော်အရှင်တို့က အန္တရာယ်ကင်းဝေးစိတ်တရားတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ကြ၏။

မြန်မာနှစ် ၁၃၀၂ ခုနှစ်၊ တပေါင်းလဆုတ် ၆ ရက်၊ တနင်္လာနေ့ အုတ်မြစ်ချစေ်လာအခမ်းအနားတွင် အမွေးနုံ့သာရည်များဖြင့် သန့်စင်ဆေးကြောပြီးဖြစ်

ရပ်တော်မူဘုရားရင်ပြင်တော် စေတီ၊ အာရုံခံတန်ဆောင်းနှင့် ကျောက်စာ

ရပ်တော်မူဘုရားဝင်း မိုထ်ကလေးဘုရား

ရပ်တော်မူဘုရားဝင်း ဗုန်းဘေဘုရား

www.burmeseclassic.com

www.burmeseclassic.com

ရပ်တော်မူဘုရားဝင်း နဂါးရုံဘုရား

ရပ်တော်မူဘုရားဝင်း ဗမ္မာပဝတီမင်းချွတ်ခန်းဘုရား

ရွှင်ဥဟဂုတ္တမထေရ်နှင့်စံကျောင်းဆောင်

သော အုတ်မြစ် (၂၇) ချပ်ကို ဘုရားဒါယကာကြီး ဦးဘိုးကျင်ကိုယ်တိုင် မင်္ဂလာအခါတော်၌ အုတ်မြစ်ချစီပေးပြီး နောက် ရုပ်ပွားတော်မြတ်ကြီးအားစတင် ထုလုပ်ခဲ့၏။

စေတနာသုံးတန် ပြည့်ဝသော ကုသိုလ်ရှင်သူတော်ကောင်းအပေါင်းတို့ လှူဒါန်းသော သာရိရိကဓာတ်တော်၊ မွေတော်များ၊ ရွှေငွေရတနာအဖိုးတန် ပစ္စည်းများ၊ ကျောင်းတော်ပုံ၊ ရွှေသာလျောင်းတော်ပုံ၊ သတ္တသတ္တဌာနစံနေတော်မူပုံ၊ ဒုတ္တစရိယာကျင့်တော်မူပုံ၊ တောမိပင်နှင့်ရွှေပလ္လင်အောင်မြင်တော်မူပုံများကို ဌာပနာသွင်းထားမြှုပ်နှံအပူဇော်ခံလေသည်။ထို့ပြင် ဥဒါန်းပါဠိတော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်၊ ငါးရာငါးဆယ်ဇာတ်တော် ပေါင်းချုပ်အတ္ထုပ္ပတ္တိကျဉ်း စသည်တို့ကိုလည်း ထည့်သွင်းပူဇော်ကြသည်။

ရုပ်ပွားတော်မြတ်ကြီးအား (၆)လ နီးပါး အချိန်ယူ၍ တည်ဆောက်ခဲ့ရာ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လတွင် အောင်မြင်စွာ ပြီးဆုံးသည်။ဂင်းနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ နံနက် (၅) နာရီတွင် သံယာတော်အရှင်မြတ် (၂၇) ပါးက အမြင့် (၂၇) တောင် (၃၇ပေ၊၆လက်မ)၊ ပလ္လင်အမြင့် (၄ ပေ၊ ၇ လက်မ) ပေါင်း (၄၂ ပေ၊ ၁ လက်မ) အမြင့်ရှိသော ရပ်တော်မူဘုရားကြီးအား 'အောင်ဗောဓိ (၂၇) တောင် ရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီး' ဟူ၍ ဘွဲ့ချီသမုတ်ပြီး ဗုဒ္ဓါဘိသေကမင်္ဂလာကို ခမ်းနားစွာ ပူဇော်ခဲ့မြင့်သည်။

ရုပ်ပွားတော်မြတ်အတိုင်းအတာ

ရုပ်ပွားတော်မြတ်ကြီးသည် အခါကြီးရက်ကြီးများ၌ သန်းခေါင်ယံမှ မိုးသောက်ယံအထိ မျက်နှာတော်၊ ပခုံးတော်၊ လက်မောင်းတော်တို့မှရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ရသူ အမျိုးအပြားရှိကြောင်း သိရသည်။ ၁၃၂၀ ပြည့်နှစ်တွင် ရုပ်ပွားတော်မြတ်၏ညာဘက်မြေနိမ့်ဆင်း၍ အရှေ့အရပ်သို့စောင်းလာသဖြင့် ဘိလပ်မြေဖြည့်ဖို့ ပြင်ဆင်လိုက်သောကြောင့် မားမားမတ်မတ် ပြန်လည် တည်တံ့နိုင်ခဲ့ပါသည်။

- ဉာဏ်တော်အမြင့် (၂၇) တောင်
- မုဏိတော်အမြင့် (၁) တောင်
- ဦးခေါင်းတော်အကျယ်(၂)တောင်၊ (၁၆)လက်မ
- မျက်နှာတော်အကျယ်(၂) တောင်၊ (၉)လက်မ
- ဦးခေါင်းတော်လုံးပတ်(၇) တောင်၊ (၉)လက်မ
- နားရွက်တော်အရှည်(၂)တောင်
- လည်ပင်းတော်အကျယ်(၁)တောင်၊ (၉)လက်မ
- လက်မောင်းတော်အရှည် (၁၀) တောင်
- လက်မောင်းတော် (၁)တောင်၊ (၉) လက်မ
- လက်ရစ်တော် (၄) တောင်
- ခါးတော်အကျယ် (၄) တောင်

www.burmeseclassic.com

www.burmeseclassic.com

နတ်သားရုပ်တုကိုတွေ့ရပုံ

ရင်ပြင်တော်ရုပ်တုများတွေ့ရပုံ (ဘိုဘိုးကြီး၊ ရွှင်သီဝလီ၊ ရွှင်ဥပဓတ္ထ)

- လက်တော်နှစ်ဖက်အကွာအဝေး (၈) တောင်
- သင်းပိုင်နှင့် ကိုယ်လုံးတော်အကွာအဝေး (၂) တောင်
- သင်းပိုင် (၄) တောင်၊ (၉) လက်မ
- အပေါ်ထပ်သင်းပိုင် (၂) တောင်၊ (၉) လက်မ
- သင်းပိုင်အထူ (၁) တောင်၊ (၉) လက်မ
- ခြေဖဝါးတော် (၂) တောင်
- ထီးတော်မှရင်ပြင်တော်အထိ (၃၁) တောင်(၁၂)လက်မ

ဘုရင်နိန်မူအစုစုကုသိုလ်ပြု

ရပ်ဘုရားရွာဘုရား ရုပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးသည် အမိုးအကာမရှိဘဲ (၂၁) နှစ်တိုင်တိုင် ရာသီဥတုသဘာဝဒဏ်ကို ရင်ဆိုင်ခဲ့ရ၏။ ၁၃၂၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့တွင် ထားဝယ်မြို့ ဒေါင်းဥအရပ်နေ သူဌေးတယ်လူဖေ၊ ဇနီး ဒေါ်အေးမြသွယ် သားသမီးတစ်ဥုတို့က အချင်း(၂၇)ပေ၊ ထီးတော်ပတ်လည်အဝန်း (၈၄)ပေ၊ အပေါ်ထီးခို (၂၂)ပေ(၆)လက်မ၊ အောက်သံဆောင် (၄၀) ပေ၊ ထီးတော်ချိုင် (၁၆) ဆောင်း၊ ပန်းကွဲပြားအရေအတွက်(၁၆၀) ပြား အတိုင်းအတာရှိ ထီးတော်မြတ်လှူဒါန်းသည်။

အလှူရှင် ဗိုလ်မှူးတင်လှ(ရေ)ထံမှ လက်ခံရယူပြီး ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်၍ ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါ ၁၈ ရက်၊ နံနက်(၈)နာရီတွင် ရုပ်ပွားတော်မြတ်ကြီးအား မျက်ရှင်တော်ဖော်ဆောင်ပူဇော်သည်။

တံငါရပ်ကွက် ကုန်တင်၊ ကုန်ချအလုပ်သမားအဖွဲ့က ဂြိုဟ် (၈) ခွင်ပါ မူလပလ္လင်တော်ကိုငုံပြီး ကြာမှော်က်၊ ကြာလန် နှစ်ထပ်မံထားသော မှန်စီပလ္လင်တော်ကို လည်းကောင်း၊ ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့က မုန်အစား အင်္ဂတေကိုလည်းကောင်း ပြင်ဆင်လှူဒါန်းသည်။ အကျယ် (၁၂) ပေ (၂) လက်မ၊ အမြင့် (၄) ပေ (၇) လက်မ၊ ပတ်လည်အဝန်း (၃၆) ပေ (၆) လက်မရှိ ထူးခြားသော ကြာမှော်က်၊ ကြာလန်ပလ္လင်တော်မြတ်ဖြစ်သည်။

(၂၇)တောင်ရပ်တော်မူဘုရားကြီးသည် နှစ်ပေါင်း (၃၃) နှစ် ထုံးသက်နှင့်ဖြင့်သာ စံပယ်တော်မူရရှာသည်။ ၁၃၃၆ ခုနှစ်တွင် တယ်လူဖေ-ဒေါ်အေးမြသွယ်တို့က စေတနာထက်သန်စွာဖြင့် ကိုယ်လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။ ၁၃၄၇ ခုနှစ်တွင် ဘုမ္မော်ကျောင်းဆရာတော်ကြီး ဦးသီဟဇေကို အမှူးထား၍ ရတနာသုံးပါးဝေယျာဝစ္စအသင်းမှ စေတနာရှင်အပေါင်းဒါနဖြင့် ဒုတိယအကြိမ်နှင့် ၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ဦးစန္ဒောဘာသကို အမှူးထား၍ တတိယအကြိမ် ရွှေသင်္ကန်း ဆက်ကပ် လှူဒါန်းသည်။

၁၉၉၆ ခုနှစ်တွင် ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့က ခေတ်မီရောင်စုံလျှပ်စစ်မီးသီးများ တန်ဆာဆင်သည့် မီးစကြာပူဇော်သည်။

ယခင်က ရုပ်ပွားတော်မြတ်၏ ပရိဝုဏ်တစ်ပြင်လုံးမှာ မြက်ခင်္ကွန်းများပေါက်နေလျက် ဘုရားဖူးသူများဖူးမြော်ရန် ခဲယဉ်းတစ်ခုသာရှိ၏။ ၁၃၂၄ ခုနှစ် ရတနာသုံးပါးဝေယျာဝစ္စအဖွဲ့ဖွဲ့စည်းပြီး သည့်အချိန်မှစ၍ ရုပ်ပွားတော်မြတ်၏ ရင်ပြင်တော်မှသည် ပရိဝုဏ်တစ်ပြင်လုံး အပူခံကျောက်ပြားများကို အများပြည်သူအလှူရှင်တို့က သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသဖြင့် ယခုချိန်တွင် ဘုရားဖူးများ ကိုယ်၊ စိတ်နှစ်ပါးချမ်းသာစွာ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနေရပေပြီ။

ဘုရားဝင်းအတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဒ္ဓပူဇနိယတပေါင်းဘုရားပွဲတော်၊ ကဆုန်ဆောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်ဆွမ်းတော်ကြီးတင်ပွဲတော်တို့အပြင် အသံမစဲမဟာပဋ္ဌာန်းပွဲတော်နှင့် ဝါတွင်းကာလ ဥပုသ်နေ့များ၌ ဓမ္မသဘင်ပွဲတော်တို့ကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။

တစ်ခါတစ်ခေါက် ထားဝယ်မြေသို့ရောက်ခဲ့ပါလျှင် အောင်ဗောဓိ (၂၇) တောင်ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုလှည့်ပါရန် ဖိတ်မန္တကပြုအပ်ပါပေသည်။

ငါးထောင်ရှည်ကြာ၊ ပြည်မြန်မာ၌ သစ္စာလေးပါး၊ ဟောညွှန်ကြားလျက် မားမားမတ်မတ်၊ ကိုယ်တော်ရပ်လို့ မြင့်မတ်တူ၍၊ ရပ်တော်မူ၏။

(မုတ်တမ်းကျောက်စာ)

မောင်စိမ်းထွေး (ထားဝယ်)

ရည်ညွှန်း -

ထားဝယ်မြို့ ဘုမ္မော်ရပ် အောင်ဗောဓိ (၂၇) တောင် ရပ်တော်မူဘုရား ရုပ်ပွားတော်စေတီတော်ဘုရား သိမ်များ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

သဇင်တံဆရာတော်ကြီး
မြန်ထည်မြင်ထားသောစေတီရှိ
ဆင်းတုတော်အား ဖူးမြော်ရပုံ

သိမ်ထဲရှိဘုရားအား ဖူးမြော်ရပုံ

သဇင်ဟံဘုရားကြီးအား ဖူးမြော်ရပုံ

ကြည်ညိုစဖွယ်
သဇင်တံဆရာတော်မထေရ်မြတ်ကြီး

ဟော်ထိုးသျှင်(မြောက်ဦး)



ကိုးနှင်းစေတီတော်အား ဖူးမြော်ရပုံ

သဇင်တံဆရာတော်အလောင်းလျာကို မြန်မာနှစ် ၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၅) နာရီအချိန်တွင် ရခိုင်ပြည်နယ် စစ်တွေခရိုင် မြောက်ဦးမြို့နယ် သံချောင်းရွာဟောင်း လယ်သမားကြီး အဘ ဦးကြာချမ်းဦး၊ အမိ ဒေါ်ညိုဝန်းဖြူတို့မှ မီးရှူးသန့်စင်ခဲ့ပါသည်။ အမည်မှာ ဦးမောင်ညိမ်းမောင်ခေါ် ဦးငပြူးတောင် ဖြစ်လေသည်။ မွေးချင်းညီအစ်ကို (၂) ဦးသာရှိသည်။ အစ်ကိုမှာ ဦးအောင်ကျော်သာဖြစ်လေ၏။

အိမ်ထောင်ဃရာဝါသကျခြင်း

ဦးမောင်ညိမ်းမောင်သည် အသက် (၂၁) နှစ်အရွယ်ခန့်တွင် တစ်ရွာတည်းနေ သံချောင်းရွာဟောင်းမှ ဒေါ်မငယ်ဆိုသူနှင့် မြန်မာနှစ် ၁၃၁၃ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့လေသည်။ သားတစ်ဦးထွန်းကားခဲ့လေသည်။ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြရလေသည်။

သာသနာသို့ဝင်ရောက်တော်မူခြင်း

ဆရာတော်အလောင်းလျာသည် ဖခမည်းတော်၊ မယ်တော်တို့က ပစ္စယာနဂ္ဂဟ သာသနာ့ဒါယိကာအဖြစ် ကြီးကာ သံချောင်းရွာဟောင်းဆရာတော်ကြီးထံ ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ

www.burmeseclassic.com

www.burmeseclassic.com



သင်ဗဟ်ဆရာတော်ကြီး ပြန်လည်ပြုပြင်ထားသောစေတီတော်အား ဖူးမြော်ရပုံ

အဖြစ် ခံယူခဲ့ပါသည်။ ထို့နောက် မြန်မာနှစ် ၁၃၂၆ ခုနှစ်တွင် ခမည်းတော်၊ မယ်တော်တို့က ဥဒကုက္ခေမသိမ်တော်၌ ထမ္မရာဇ်ဆရာတော်ကြီး ဘဒ္ဒန္တဝိလာသအား ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ဘုန်းသာသနာတော်၏ သားတော်နွယ်စစ် ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဘွဲ့တော်မှာ ဘဒ္ဒန္တဝိသုဒ္ဓပင်ဖြစ်လေသည်။ ထိုထမ္မရာဇ်ဆရာတော်ကြီး ဘဒ္ဒန္တဝိလာသထံတွင် ရဟန်းဘဝဖြင့် ဝိနည်းကျမ်း၊ သဒ္ဒါကျမ်း၊ သင်္ဂြိဟ်ကျမ်းများ၊ ပရိယတ္တိစာပေများကို 'ကျမ်းကြီးပေါက်' အောင်ထိ လေ့လာဆည်းပူးခဲ့ပြန်သည်။ ထိုဆရာတော်ကြီးထံတွင် လေး၊

သင်္ကေတ် (၈၄) သိက္ခာတော် (၅၀) ရှိ သင်ဗဟ်ဆရာတော်ကြီးပုံ

သင်ဗဟ်ဆရာတော်ကြီး ပလတ်စတစ်လောင်းထားပုံ

ငါး၊ ခြောက်ဝါ သီတင်းသုံးနေထိုင်ခဲ့ပါ၏။

သမထ၊ ဝိပဿနာလုပ်ငန်းတို့ကို ထမ္မရာဇ်ဆရာတော်ကြီး ဘဒ္ဒန္တဝိလာသ၏ ဥပနိဿယအတိုင်း ကျင့်ကြံအားထုတ်ခဲ့ပါသည်။

အကျင့်ထူးဆန်းဒါနပန်း

ဆရာတော်သည် ငယ်စဉ်ကပင် စကားနည်း၍ အလုပ်ကိုသာ ကြိုးစားဆောင်ရွက်တတ်သူ ဖြစ်၏။ ဆရာတော်အရှင်မြတ်သည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသူ ဖြစ်လေသည်။ ဆရာတော်၏ အကျင့်သီလ သမာဓိမှာ အလွန်ဖြူစင်၏။ ကမ္မဋ္ဌာန်းဘာဝနာတရားနှင့် ခုတင်အကျင့်တို့ကို အဓိဋ္ဌာန်ပြု၍ ဆောက်တည်ခဲ့လေသည်။ ဆရာတော်၏ အကျင့်သီလ၊ သမာဓိမှာ အလွန်ဖြူစင်၏။ လူသူလေးပါးနှင့်ဝေးရာသို့ သွားရောက်၍ တစ်ပါးတည်း ဧကစာရီနေခဲ့သည်များ၏။ ဝတ္ထုအလှူငွေများကို လက်ခံတော်မမူ။ တရားအလုပ် (သမထ၊ ဝိပဿနာအလုပ်) ဖြင့် အချိန်ပြည့်နေတော်မူခဲ့သည်။ အနေအထိုင်၊ အပြောအဆိုတို့မှာ အတုယူလောက်အောင် ကြည်ညိုစရာကောင်းသော ဆရာတော်မထေရ်မြတ်ကြီး ဖြစ်၏။

ဆရာတော်အရှင်မြတ်၏ဆောက်တည်ခဲ့သော ခုတင် (၁၃) ပါးတို့တွင် ဟိစ်ဝရိတ်ခုတင်၊ ဧကာသနိကခုတင်၊ အာရညိကခုတင်၊ ရုက္ခမူလခုတင်၊ နေသဇ္ဇိကခုတင်၊ သောဘာနိကခုတင်၊ ဝိဂ္ဂဟပါတိခုတင်၊ သယဒါနခုတင် စသည်တို့ ဆောက်တည်ခဲ့သည်ကများသည်။ ဝါတွင်းကာလ၌ ခုတင် (၁၃) ပါးစလုံးကို တည်ဆောက်သည်ကများပါသည်။

သင်ဗဟ်ကမ္မဋ္ဌာန်းတောရကျောင်းတိုက် ထူထောင်ခြင်း

ထို့နောက် ထမ္မရာဇ်ဆရာတော်ကြီးထံ ခွင့်ပန်၍ ရှင်ကျော်ကျောင်း (မြောက်ဦးမြို့နယ်) နှင့် ကြာကန်တောရကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး (၁) နှစ်စီ သီတင်းသုံးနေခဲ့ပါသည်။ ထိုကျောင်းမှတစ်ဖန် မြောက်ဦးမြို့နယ် သင်ဗဟ်ကမ္မဋ္ဌာန်းတောရကျောင်းတိုက်သို့ပြောင်းရွှေ့သီတင်းသုံးနေခဲ့ပါသည်။ ထိုကျောင်းမှာ ဒကာ၊ ဒကာမတို့ ဆောက်လုပ်ပေးခဲ့သော ဝါးကျောင်းငယ် ဖြစ်ပါသည်။ ထိုကျောင်းမှာ သင်ဗဟ်ဘုရားကြီး၏ အရှေ့မြောက်ဘက် ခပ်ယွန်းယွန်းတွင်

www.burmeseclassic.com

www.burmeseclassic.com

သောနေရာ၌ ဖြစ်ပါသည်။

တစ်နေ့ ဝသန္တရာသီ၏ဦးကောင်းစွာရွာသောနေ့တစ်နေ့ ဖြစ်ပါသည်။ ထိုနေ့တွင် လုံချည်ခပ်ခွန်းခွန်း၊ အင်္ကျီမပါသောလူတစ်ဦးသည် ထိုဝါးကျောင်းငယ်လေးသို့ ရောက်လာ၏။ ထိုလူမှာ ထိုကျောင်း၏အောက်မှနေပြီး ဆရာတော်ကို လျှောက်ထား၏။

"ဘုရားတပည့်တော် ဒီကျောင်း၌ တစ်ညတည်းခိုခွင့်ပြုပါ ဘုရား"

ဟု ဆို၏။

ထိုအခါ ဆရာတော်က -

"ဒီကျောင်း၌ အိပ်မယ်ဆိုက အသင့်မှာ မှတ်ပုံတင်ပါရဲ့လား။ မှတ်ပုံတင်ပါမှ ခွင့်ပြုနိုင်မယ်"

ဟု မိန့်ဆို၏။

ထိုအခါ ထိုလူ၌ မှတ်ပုံတင်မပါ၍ တောင်အောက်သို့ အလျင်အမြန်ဆင်းသွားလေသည်။ ထိုလူပြန်သွားပြီး ဆရာတော်လည်း ထိုလူကိုကြည့်လိုက်ရာ ထိုလူမှာ ကြက်ပျောက်ငှက်ပျောက်နှင့် ပျောက်ချက်သားကောင်းလှပေသည်။ ဤလူမှာ သာမည ပုဂ္ဂိုလ် မဖြစ်နိုင်။ ဇော်ဂျီသော် လည်းကောင်း။ ဝိဇ္ဇာသော် လည်းကောင်း တစ်ခုခုဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။ ဆရာတော်၏ အိပ်မက်ထဲတွင် ထိုပုဂ္ဂိုလ်မှာ ဇော်ဂျီဖြစ်ကြောင်း၊ ဆရာတော်ကို ဣဒ္ဓာသယ ဆေးပေးရန် လာခြင်းဖြစ်ကြောင်း ပြန်လည် ပြောပြလေသည်။ များမကြာမီ ထိုတောင်၏ ပထမအဆင့်တွင် ကျောင်းတစ်ဆောင်ဆောက်လုပ်လေသည်။ ထိုကျောင်းဆောင်သစ်မှာ ဦးစံထွန်းဖြူ၏ ကောင်းမှုဖြစ်လေသည်။

ကျောင်းမှာ သွပ်မိုး၊ ပျဉ်စီ၊ ပျဉ်ထောင်ကျောင်းဖြစ်လေသည်။ ဆရာတော်သည် သူတစ်ပါး၏ စိတ်အကြံအစည်ကို ကြိုတင်သိမြင်တော်မူသော 'ပရစိတ္တဝိဇနန' အသိဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။ ကျောင်းဒကာကြီးများဖြစ်သော ဦးအောင်ထွန်းကျော်နှင့် ဦးသိုင်းထွန်းစိန်တို့ သမထ၊ ဝိပဿနာတရားကို ယုံမှားသံသယရှိ၍ ဆရာတော်အား လျှောက်မည်ဟုသွားကြသည့်အခါ ဆရာတော်က ကြိုသိနေနှင့်၍ -

"မင်းတို့ ငါ့ကို ဆရာလုပ်ရန်လာကြသလား"

ဟု မိန့်လိုက်သည့်အတွက်ကြောင့် ဦးအောင်ထွန်းကျော်နှင့် ဦးသိုင်းထွန်းစိန်တို့ မိမိတို့၏ အမှားတို့ကို တွေးမိကာ နောင်တရဖူးလေသည်။

ပျားရည်နှင့်ဝမ်းနုတ်ခြင်း

တစ်နေ့တွင် ကျောင်းဒကာများဖြစ်ကြသော ဦးဦးသာလှ၊ ဦးအောင်ထွန်းကျော်၊ ဦးသိုင်းထွန်းစိန်တို့သည် နံနက် (၉) နာရီခွဲလောက်တွင် ကျောင်းသို့ ရောက်နှင့်နေကြ၏။

ထိုအခါ ဆရာတော်ကြီးက ယနေ့မြောက်ဦးမြို့ပေါ်မှ မိန်းမတစ်ဦးသည် ငါ့ထံသို့ ဆွမ်းတစ်ပွဲနှင့် ရောက်လာမည်ဟု မိန့်ဆိုခဲ့ပါသည်။ ထိုအမျိုးသမီးမှာ ကုသိုလ်ထက် 'ပျားရည်နှင့် ဝမ်းနုတ်' သလို ခဲ့ (နှစ်လုံးထီ) ရရန်လာခြင်းဖြစ်သည်။ ထိုအမျိုးသမီးရောက်မလာမီ ကြိုတင်မိန့်ကြားခဲ့ပါသည်။ များမကြာမီ မြောက်ဦးမြို့ပေါ် မြင်းစိုင်းပြင်ရပ်ကွက်မှ ဒေါ် (×××) ဆိုသော အမျိုးသမီးဆွမ်းတစ်ပွဲနှင့် ခဲ့ထီ (နှစ်လုံး) တောင်းရန် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

ထိုအခါ ဆရာတော်ကြီးက -

"ငါတို့ ရဟန်းသံဃာတို့မည်သည်မှာ သူတစ်ပါးနှစ်နာထိခိုက်စေရန်မလုပ်ကောင်း။ လုပ်မိပါက ငါတို့ရဟန်းသံဃာတို့ အပါယ်ငရဲကျမယ်"

ဟု ခပ်ပြတ်ပြတ်ပြောဆို မိန့်ဆိုလေသည်။

ဤသည်မှာ ဒေါ် (×××) မရောက်



အနောက်ရန်ကာဘုရားအား ပူးပြော်ရပုံ

သင်တံဆရာတော်ကြီး ယခုနေထိုင်သောကျောင်း

www.burmeseclassic.com

www.burmeseclassic.com

မောင် ခဲ့ထိတောင်းရန်ရောက်လာမည်ကို ကြိုတင်သိရှိထားခြင်း ဖြစ်ပါသည်။

အခြား ကျားများအန္တရာယ်မှကင်းဝေးပုံ

သဇင်တံကျောင်းထိုင်သီတင်းသုံးနေစဉ် တစ်နေ့တွင် ဆရာတော်အရှင်မြတ်သည် သင်းကျစ်တော်သို့ ဘုရားဖူးကြွလာ၏။ ဆရာတော်ကြီးနှင့်တကွ ရွာသားဦးမြို့နယ် မောင်ရွှီကန်ကျေးရွာမှ ဦးယောင်းဆိုသူ ဆရာတော်ကြီးအနီး ရေးရေချမ်းကပ်လှူရန် လိုက်ပါခဲ့လေ၏။ ဆရာတော်ကြီးသည် ရုက္ခမူလဓူတင်ကို ဆောက်တည်နေစဉ် ယောကျ်ားဘဝ်ယောက်၏ ပေါင်လုံးခန့်ရှိသော ဧရာမမြွေကြီးတစ်ကောင်သည် ခန္ဓာကိုယ်ပေါ် တက်ပြီး ဆရာတော်၏ဦးပေါ်ရောက်နေ၏။ များမကြာမီ မြွေကြီးသည် ပြန်လည်ဆင်းသွားသည်။ နောက်မကြာမီ ထိုဇာတ်ငယ်သောမြွေတစ်ကောင်သည် ဆရာတော်အရှင်မြတ်ကို ရှိခိုးသယောင် မြင်ကြပြန်သွားလေသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်သည် မြောက်ဦးမြို့နယ် မြိုအမျိုးသား၏နေရပ်ဖြစ်သော နလိပ်ကျေးရွာ၌ (၇) ရက်တာမျှ သီတင်းသုံးရန် ကြွမြန်းလေ၏။ နလိပ်ကျေးရွာ၌ ရှေးဟောင်းဘုရားတစ်ဆူဖြစ်သော သိမ်အုံသိမ်ဖုတ်တစ်ဆောင်၌ စခန်းချ၍သီတင်းသုံးနေ၏။ ထိုဆရာတော်ကြီး သီတင်းသုံးစဉ်ဘေးကား လူသူနှင့်မနီး အတော်အတန်ချောင်ကျလှလေသည်။ တောကြီးမျက်မည်းဖြစ်လေသည်။ ညအချိန်ရောင် ဆရာတော်ကြီးကို ကျားဖို၊ ကျားမ နှစ်ကောင်သည် (အားလုံးပင်) ကြောက်မက်ဖွယ် အသံမြည်ဟိန်းလျက်လာကြလေ၏။ ဆရာတော်၏ အနားကိုကား မကပ်ဝံ့တော့ချေ။ မိုးလင်းသော် မြို့အမျိုးသားတို့သည် ဆရာတော်ကို မည်သည့် အန္တရာယ်အယှက်ပေးပြီး ဆရာတော်မည်သို့ရှိလေမည်နည်းဟု မဝံ့မရဲနှင့်လာကြည့်ကြလေ၏။ သို့သော် ဆရာတော်ကား 'ရေမလှုပ် ကြာမစုတ်'၊ 'ပို့နေမှ ကျားနေမြဲ' ပါချေ။ ဤသည်မှာ ဆရာတော်ကြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောကြောင့် ဖြစ်လေသည်။

အနာဘာဝများနှင့်တွေ့ကြုံခြင်း

ဆရာတော် အရှင်သူမြတ်သည် သင်ခွပ်တောင်ပေါ်၌ရှိနေစဉ် တစ်နေ့ ဆွမ်းခံရန် တောင်အောက်သို့ဆင်းလာရာ အမျိုးသမီးတစ်ဦးသည် လမ်းပေါ်၌

သဇင်တံဘုရားဆို့ဝင်လမ်းမုခ်



ခုတိယထပ်ရှိ ဦးစံထွန်းမြှုကောင်းမူတော်



အနောက်ရန်ကာဘုရားဆီသိမ်တော်အား ဖူးမြော်ရုံ

www.burmeseclassic.com

www.burmeseclassic.com

အဝတ်မပါ ဗလာကိုယ်ချည်း အလျားလိုက်လဲလျောင်းနေ၏။ ထိုအခါ အရှင်မြတ်သည် မေတ္တာဖြင့်အာခဲ့ခံကြည့်လိုက်ပြီး ဆရာတော်အရှင်က အဘယ်ကြောင့် လမ်းပေါ်တွင်လဲလျောင်းနေဘိသနည်း။ ငါသည် သာသနာပြုရန် ဤအရပ်ဤဒေသသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သင်ကား အသူနည်းဟု မေးလေရာ သိုက်မက ကျွန်ုပ်မသည် ဤမည်သော သိုက်နန်းကလာသော သိုက်မဖြစ်သည်ဟု ဆို၏။ ထိုအခါ အရှင်သူမြတ်က ငါ၏ အသက်နှင့် ခန္ဓာကိုယ်ကို ဘုရားထံ လှူထားပြီးဖြစ်၍ ငါသေချင်သေပါစေ၊ ငါမကြောက်ပါဟု ဆို၏။ သိုက်မလည်း တောင်ဘက်က စပါးစုတောင်သို့အလျင်တက်သွားလေတော့သည်။ ဤသည်မှာ အရှင်ဘုရား၏ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလိုက်သောကြောင့် ဖြစ်လေသည်။

ဆရာတော်အရှင်မြတ် သဇင်တံကျောင်းသို့ ရောက်စအချိန်က ဖြစ်လေသည်။ တစ်ရက်နေ့ ညမှောင်ရီဖျိုးစအချိန်တွင် ဖြစ်သည်။ ဆရာတော်ကြီးသည် ကျောင်းအောက်ထပ်၌ အဓိဋ္ဌာန်ပုတီးစိပ်၌ လမ်းလျှောက်နေ၏။ ထိုစဉ်တွင် ထန်းပင်လောက်မြင့်သော နာနာဘာဝတစ်ကောင်သည် ဆရာတော်ရှေ့တွင်ရပ်ပြီးကာဆီးနေ၏။ ဆရာတော်၏ မေတ္တာကမ္မဋ္ဌာန်းတို့ စီးဖြန်းလိုက်ရာ ထိုမိစ္ဆာကောင်သည် ပျောက်ကွယ်သွားလေသည်။

များမကြာမီ ရက္ခစိုးတစ်ယောက်သည် အဝတ်ဖြူဝတ်ပြီး ဆရာတော်နှင့် မနီးမဝေးမှရပ်ပြီးပြလေသည်။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် ထိုရက္ခစိုးမှာ တောင်မှမြောက် ဘက်သို့ပြေးသွားပြီး ပျောက်ကွယ်သွားလေသည်။

နေ့စဉ်မပျက် ဝတ်တက်ကော်ရော် ရှိခိုးပူဇော်ခြင်း

ဆရာတော်ကြီးသည် အနီးပတ်ဝန်းကျင်ကို (၄) တောင်ထက် ပို၍ မကြည့်။ မည်သူ့ကိုမဆို မော်၍ပင် ဘယ်အခါမှ မကြည့်။ အနေအထိုင်၊ အပြောအဆိုတို့မှာ အတုယူလောက်အောင် ကြည်ညိုစရာကောင်းလှသော မထေရ်မြတ်ကြီး ဖြစ်၏။ ဆရာတော်ကြီးသည် ရသလောက်နှင့် ကျေနပ်ရောင့်ရဲ၏။

ထို့အပြင် ဆရာတော်ကြီးသည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကို စိပ်ပုံတီးဖြင့် ပွားများသည့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ ထိုသို့ ကျင့်ကြံအားထုတ်တော်မူသည်မှာ နေ့စဉ်ဝတ်မပျက်တမ်း ကျင့်ကြံပွားများအားထုတ်ခဲ့ခြင်းပင် ဖြစ်သည်။ ဆရာတော်မထေရ်မြတ်ကြီးသည် မည်မျှပင် နေထိုင်မကောင်းဖြစ်စေကာမူ နံနက်တွင် လည်းကောင်း၊ ညဘက်တွင်လည်းကောင်း ဘုရားဝတ်တက်ပျက်ကွက်သည်ဟူ၍ မရှိရလောက်ပင် နေ့စဉ်ဝတ်ပြုမပျက်ရှိနေခဲ့သည်။

နံနက် (၅) နာရီမှ (၈) နာရီအထိ တစ်ကြိမ် မွန်းတည့် (၁၂) နာရီမှ ညနေ (၃) နာရီအထိတစ်ကြိမ်၊ ညနေ (၅) နာရီမှ ည (၈) နာရီထိတစ်ကြိမ် ဘုရားရှိခိုးပြီး သမထအလုပ်ကို အချိန်မှန်မှန် လုပ်လေသည်။

အသက်အရွယ်ပင်ကြီးလာသော်လည်း ဇရာ လုံ့လကို ပျက်ကွက်သည်ဟူ၍ မရှိ။ မိမိကျင့်ဝတ်ကိုကား မည်သည့်အခါမျှ အပျက်ခံမည်မဟုတ်ပါချေ။ ဆရာတော်ကြီးသည် သက်သတ်လွတ် ဘဉ်းပေးခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ တောရခုတင်ဆောက်တည်ခြင်း၊ သမထဝိပဿနာပွားများခြင်း၊ ပရိတ်ကြီး (၁၁) သုတ်နှင့် ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း နေ့စဉ်ရွတ်ဖတ်ဆောင်ရွက်တော်မူသည်။

ဤသို့ ကျင့်ကြခြင်းဖြင့် ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ပို၍ အရောင်တောက်ပလာစေပါသည်။

ရသလောက်နှင့်ကျေနပ်ရောင့်ရဲခြင်း

ဆရာတော် အရှင်သူမြတ်သည် သဇင်တန်သို့တောထွက်သည့်နေ့မှစ၍ ဆားဟင်းကိုသာ သုံးဆောင်ခဲ့ပါသည်။ သား၊ ငါးကို မသုံးဆောင်ချေ။ ဆရာတော်သည် တောထွက်သည့်နေ့မှစ၍ မည်သည့် သာရေး၊ နာရေးကိုမျှလိုက်တော်မမူ။ ဝတ္ထုအလှူဒွေများလည်း လက်ခံတော်မမူ။တရားအလုပ် (သမထ ဝိပဿနာအလုပ်)ဖြင့်သာ အချိန်ပြည့်နေတော်မူခဲ့သည်။ ရောက်လေရာအရပ်များ၌လည်း တောမီကျော်မွေ့သည်။

ဆရာတော်သည် မြောက်ဦးမြို့နယ် နလိပ်ကျေးရွာတောထဲတွင်ရှိနေစဉ်က ဖြစ်ပါသည်။ ဆရာတော်သည် တစ်နေ့တွင် ဆွမ်းခံကြွလေ၏။ ထိုစဉ်တွင် လူတစ်ဦးသည် လက်ကျိုင်းခန့်ကြီးသော ငှက်ပျောသီး (၃) လုံး လောင်းလှူလိုက်လေ၏။ ထိုငှက်ပျောသီးအပြင် တခြားဘာမှမရခဲ့ချေ။ ငှက်ပျောသီးဖြင့် အာဟာရပြီးခဲ့ရ၏။ဆရာတော်ကြီးသည် ဤသည်ကို ထောက်ရှု၍ ရသလောက်နှင့် ကျေနပ်ရောင့်ရဲမှုရှိသည်ကို တွေ့ရသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓမှာ ယခုအခါ သက်တော် (၈၄) နှစ်၊ သီကျာတော် (၅၀) နှစ်ရှိပါပြီ။ သား၊ ငါးမစား ဘဲ ဆားဟင်း(သက်သတ်လွတ်)ကိုသာ သုံးဆောင်လေ့ရှိပါသည်။ ဝတ္ထုအလှူဒွေများကို လက်ခံတော်မမူ။ တရားအလုပ် (သမထ၊ ဝိပဿနာအလုပ်) အချိန်ပြည့်နေလေ့ရှိပါသည်။ ရောက်လေရာအရပ်များ၌လည်း တောမီကျော်မွေ့၍ မေတ္တာဘာဝနာ ပွားများပြီး အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ တောရခုတင်ဆောက်တည်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ သမထ၊ ဝိပဿနာဘာဝနာပွားများခြင်း စသည်တို့ကို ဝတ်မပျက်တမ်း ဆောင်ရွက်တော်မူလေ့ရှိပါသည်။

ဆရာတော်မထေရ်မြတ်ကြီးသည် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် မေတ္တာဘာဝနာကို နေ့စဉ်ပွားများအားထုတ်ခြင်းကြောင့် မည်သည့်အနှောင့်အယှက်မျှမရှိခဲ့ချေ။ ထို့ပြင် ဆရာတော်မထေရ်မြတ်ကြီးသည် ပါတွင်းကာလ၌ နေသင့်ရာတင်၊ ဧကာသနကမှတင်၊ ဝိဇ္ဇာပါတိကမှတင်များကို အမြဲမပြတ်ကျင့်ကြံအားထုတ်ရုံသာမက သီလဂုဏ်၊ သမာဓိဂုဏ်တို့နှင့် ပြည့်စုံခဲ့ပေ၏။ ထို့ပြင် ပရိတ်ကြီး (၁၁) သုတ်နှင့် ပဌာန်းဒေသနာတော်တို့ကို နေ့စဉ်ပွားများအားထုတ်ခဲ့လေသတည်း။

ဆရာတော်မထေရ်မြတ် ဝိသုဒ္ဓ သက်တော် (၈၄) နှစ်မှသည် သက်တော် (၁၂၀) တိုင်အောင် ရှည်ပါစေသတည်း။

စာပေမေတ္တာသစ္စာဖြင့်-

စောထိုးသျှင် (မြောက်ဦး)

ကျမ်းကိုး -

၁။ မထေရ်မြတ်ကြီး ဦးဝိသုဒ္ဓ၏ မွေးနေ့စာစောင် (၂၀၀၃ ခုနှစ်၊ ဇွန်လ)

၂။ ကျောင်းဒကာကြီး ဦးသိုင်းထွန်း စိန်၏ပြောပြချက်များ

၃။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)
ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား
မြင်အပ်သောပုဂ္ဂိုလ်များလာရောက်ဖူးမြော်ခြင်း၊
ကျွတ်တမ်းဝင်ကြခြင်းများနှင့်ထူးခြားမှုများ

(သခင်လမ္ဘအဆက်)

နောက်တစ်ခု ထူးခြားမှုမှာ ၂၀၀၆ ခုနှစ်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာမှ ကိုမြင့်ဦး၊ မန္တဲ့နွဲ့.ရီတို့၏ နေအိမ်တွင် ဘုံဆောင်ပူဇော်စဉ် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦး၊ မန္တဲ့နွဲ့.ရီ (၀၉-၁၂-၁၉၈၆၁၇၂) တို့သည် ထိုနှစ်က ရုပ်ရှင်တော်မြတ် ရန်ကုန်ခရီးစဉ်တွင် ကြွရောက်တော်မူလျက်ရှိစဉ် အောင်မြေသွေးရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ်ကို ဘုံဆောင်ပူဇော်လိုကြောင်း စာရေးသူ၏ လျှောက်ထားခဲ့ကြသူများ ဖြစ်ပါသည်။

သို့ဖြင့် ရုပ်ရှင်တော်မြတ် ရန်ကုန်ခရီးစဉ် ကြွရောက်တော်မူလာသည်နှင့် ပွဲဦးထွက် ကြွရောက်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦး၊ မန္တဲ့နွဲ့.ရီတို့၏နေအိမ်မှာ သစ်သင်းဝင်ရွှေကြက်ယက်စေတီတော်ကြီး၏ ခြေတော်ရင်းအနီးမှာပင်ရှိပါသည်။ ထို့ကြောင့် နေအိမ်အပေါ်ထပ်မှ ရွှေကြက်ယက်စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။ ရုပ်ရှင်တော်မြတ်ကို ဤအိမ်၏ အပေါ်ထပ်မှာပင် ပင့်ဆောင်ပူဇော်ပါသည်။ကိုမြင့်ဦးသည် လွိုင်ကော်သားဖြစ်ပြီး သစ်ကားလုပ်ငန်းဖြင့် ဤရွာသို့ ရောက်ရှိလာ၍ ဤရွာသူ မန္တဲ့နွဲ့.ရီနှင့် အကြောင်းပါခဲ့ခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦးသည် စိတ်သဘောထားဖြူစင်မြင့်မြတ်သား၍ သဒ္ဓါတရားထက်သန်သူဖြစ်ရာ ရုပ်ရှင်တော်မြတ်ကိုလည်း လှူဒါန်းတန်ဖြစ်စေတို့ဖြင့် အလှူပယ်ပုဇော်အားထုံသို့ အနှံတီအေးနှင့် မယ်တော်ကြီးတို့ကိုလည်း လိုလေသေးမရှိအောင် ကျွေးမွေးပြုစုပါသည်။

ရုပ်ရှင်တော်မြတ် ငှင်းတို့နေအိမ်သွား ကြွမြန်းရောက်ရှိတော်မူသောဦးဆုံးသူများပင် ဖြစ်ပါသည်။ ကိုမြင့်ဦးသည် ဗုဒ္ဓဘာသာဖြစ်သည့်နှင့်အညီ ရုပ်ရှင်တော်မြတ်ကြီးအား အလွန်တရာကြည်ညိုသကဲ့သို့ ရုပ်ရှင်တော်မြတ်ကြီး၏

၂၀၁၂ နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ် ထန်းနီးစတော်ပြင့် နေရာချွေထူးနုပဲ

၂၀၁၁ နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား မောက်ထုံးစတော်ဖွင့်လှန်၍ ဖူးတွေ့ရုပုံ

လုံခြုံရေးကိုလည်း စိုးရိမ်ပူပန်လျက်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိခိုက် မိမိတို့၏ တာဝန်သာဖြစ်နေပါ၍ အိပ်မပျော်နိုင်အောင်ရှိပါသည်။ ထိုစဉ် ည(၁)နာရီခန့်တွင် ဘုရားခန်းမှလူသံများ ကြားလိုက်ရပါသည်။ ထို့ကြောင့် ကိုမြင့်ဦးသည် ၎င်း၏ အိပ်ခန်းအတွင်းမှ ဘုရားခန်းသို့ စိုးရိမ်ကြီးစွာဖြင့် သွားရောက်လိုက်ပါသည်။ သို့သော် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရ၍ စိတ်အေးသွားမိပါသည်။ ပို့မိုစိတ်ချစေရန် အိမ်အောက်သို့ဆင်း၍ တံခါးများကို စစ်ဆေးပါသည်။ မည်သည့်မင်းတုပ်မှ မပြုတ်ပါ။ ခြေရာလက်ရာမဟုတ်ပင် ရှိနေ၍ အိမ်အတွင်းသို့ မည်သူမျှဝင်ရောက်ခဲ့ခြင်းမရှိသည်မှာ သေချာပြီဖြစ်ပါသည်။

အပေါ်ထပ်၊ အောက်ထပ် တံခါးမကြီးများနှင့် ပြတင်းတံခါးအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ဧပြီညတော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား သမ္မာယ်စွာ ဂုဏ်ပြုရှုပဲ့



၂၀၁၃ ခုနှစ်၊ မေလတွင် ရွှေကြက်ယက်ကျောရွာ ကိုမြင့်ဦး၊ မန္တနွဲ့ရီနေးဒီဝင်္ဂ ပင့်ဆောင်စဉ် ဗဟောင်းချီးမှ ကြက်မင်းသဏ္ဌာန်ဖြစ်ပေါ်ပုံ

၂၀၁၃ ခုနှစ်တွင် ရွှေကံကူအောင်မြေမှ အထိုအထောက်ပေါက်ရောက်သော သရက်ပင်တွင် အရှေးအပွင့် အသီးတို့ စုံလင်စွာ တစ်ပြိုင်နက် တွေ့ရှိရပုံ

၂၀၀၄ ခုနှစ် ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အတံပုံတော်မှ ရောင်ခြည်တော်များ ထွက်ပေါ်ထွန်းပုံ

သေချာစွာလှည့်လည်စစ်ဆေးပြီး ရုပ်ရှင်တော်မြတ်၏ ရှေ့တော်မှောက်သို့ သွားရောက်ကာ အနီးကပ် ဖူးမြော်လိုက်ပါသည်။ ထိုအခါ ရုပ်ရှင်တော်မြတ်၏ ပလ္လင်တော်ပေါ်တွင် ဇွန်ပန်းပွင့်များ တန်းစီ၍ ပူဇော်ထားသည်ကို တွေ့ရှိလိုက်ရပါသည်။ မိမိသည် ရုပ်ရှင်တော်မြတ်အား အထူးကြည်ညိုလှု၍ နောက်ဆုံးမှ အိပ်ရာဝင်ခဲ့သူ ဖြစ်ပါသည်။ မိမိအိပ်ရာမဝင်မီ ရုပ်ရှင်တော်မြတ်ကို ပူဇော်ကန်တော့စဉ်ကလည်း ဤပန်းများမရှိပါ။ ယခု လူသံများကြားရပြီး နီးထလာသောအခါမှသာ ဤပန်းများကို မြင်တွေ့ရခြင်းဖြစ်သည်။ သို့ဆိုလျှင် ဤပန်းများကို မည်သူတို့လာရောက်လှူဒါန်းသွားခြင်းဖြစ်ပါသနည်း။ ဤအခန်းတွင်းသို့ လူတို့မဝင်ရောက်နိုင်ပါ။ နတ်သော် လည်းကောင်း၊ နဂါးသော် လည်းကောင်း၊ သိုက်နန်းရှင်သော် လည်းကောင်း၊ ဝိဇ္ဇာသော်လည်းကောင်း ဖြစ်ပေလိမ့်မည်။

ထိုညက မယ်တော်ကြီး၏အိပ်ရာခေါင်းရင်း ခုတင်ပေါင်ပေါ်တွင်လည်း အရည်အသွေးကောင်းလှသော စိန် (၃) ပွင့်ရောက်ရှိနေ၍ နံနက်တွင် မယ်တော်ကြီးမှ ကိုမြင့်ဦး၊ မန္တနွဲ့ရီတို့အား ဤစိန်ပွင့်များကို ပြန်လည်ပေးအပ်ရာ ကိုမြင့်ဦးနှင့် မန္တနွဲ့ရီတို့မှ -

"မယ်တော်ကြီးရယ် သမီးတို့မှာ ဘယ်လိုလုပ်စိန်ရှိမှာလဲ။ ဒီနှစ်ဆိုလို့ ကောင်းကောင်းတောင် ဖြစ်ဖူးဘူး။ ဘုရားတန်ခိုးနဲ့ရောက်လာတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ခြင်ရတဲ့ပုဂ္ဂိုလ်တွေက လာလျှောက်ပါ ဖြစ်မှာပါ။ သမီးတို့ပစ္စည်းမဟုတ်ပါဘူး။ ဃ်တော်ကြီးတို့ကိုပဲ သမီးတို့ကဆက် ပြီးလျှောက်ပါတယ် မယ်တော်ကြီးရယ်"

ဟု ပြောပါသည်။

ကိုမြင့်ဦးနှင့် မန္တ.နွဲ့.ရီတို့သည် ၎င်းတို့၏နေအိမ်တွင် ပင့်ဆောင်ပူဇော်ခဲ့ကာ ဤကဲ့သို့ ထူးခြားသော ပစ္စည်းများ ရောက်ရှိလာ၍ ဝမ်းသာပျော်ရွှင်လျက် ရှိကြပါသည်။ ထိုဇွန်ပန်းတို့မှာ ထူးဆန်းလှပါ၏။ ရုပ်ရှင်တော်မြတ်အား လူတို့လျှောသော ဇွန်ပန်းများမှာ တစ်မနက်နှင့် ညီးနွမ်းသွားခဲ့သော်လည်း အမျိုးအမည် မသိရသောပုဂ္ဂိုလ်တို့မှ လာရောက်လျှောက်ကြခြင်းလော၊ အလိုအလျောက် ရောက်ရှိလာခြင်းလော မသိရသော ဇွန်ပန်းများကမူ ဤနေအိမ်တွင် ရုပ်ရှင်တော်မြတ် (၃) ည၊ (၃) ရက်တာ သီတင်းသုံးတော်မူသော ကာလအတွင်း သုံးညီးနွမ်းခြင်းမရှိဘဲ လန်းဆန်းစွာ ရှိနေခဲ့ပါသည်။

ထိုစဉ်က ဇွန်လ၏ လဆန်းပိုင်း ရက်များဖြစ်၍ နေရှိန်ပြင်းလှပြီဖြစ်သည့် အပြင် ကိုမြင့်ဦးတို့၏ နေအိမ်အပေါ် ထပ်မှာ မျက်နှာကြက်မပါရှိပါ။ နေ့လယ် နေ့ခင်းတွင် သွပ်မိုးမှအပူဟပ်သဖြင့် အပူသွေ့အိမ်အပေါ် ထပ်တွင် ကြာကြာ မနေနိုင်ပါ။ ထို့ကြောင့် ပန်းများတစ်ခဏ အပ်ချည်းရခြင်း ဖြစ်ပါသည်။ စာရေးသူသည် မယ်တော်ကြီးထံမှ ထိုဇွန်ပန်း (၃) ပွင့်ကို တောင်းယူ၍ သိမ်းဆည်းထားရှိ ခဲ့ပါသေးသည်။

နောက်တစ်ခု ထူးခြားမှုမှာ ၂၀၀၈ ခုနှစ်တွင် မုန်ရာမြို့သို့ ကြွရောက်တော်မူမှာ ဖြစ်ပွားပေါ် ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ မုန်ရာမြို့သို့ ပင့်ဆောင်ပူဇော်ကြသူများမှာ ထိုစဉ်က စစ်ကိုင်းတိုင်းခွဲ (၂) ဆောင်/စက် ဒေသမန်နေဂျာ ဦးထင်ဆောင်လင်း၊ ဇနီး ဒေါ်ကြည်ကြည်သင်းတို့ဖြစ်ပါသည်။ ၎င်းတို့နေထိုင်ရာ တိုင်းမန်နေဂျာအိမ်ရာမှာ နှစ်ထပ်အိမ်ဖြစ်ပြီး ကျယ်ဝန်းကြီးမားပါသည်။ သို့သော် အသိမိတ်ဆွေတို့ပေါများခြင်း၊ ဘဏ္ဍာတို့ပေါများခြင်းအပြင် မြို့တွင်း၊ နယ်တွင်းမှ ဧည့်သည်များကိုလည်း ဖူးမွေ့စေလိုသဖြင့် ခြံဝင်းကျယ်ကြီးတွင် ကျောပ်ထိုး၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။

ညပိုင်းတွင် ရုပ်ရှင်တော်မြတ်အား သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ချည်မှတ်၍ ၎င်းတို့နေထိုင်ရာ အိမ်ကြီးပေါ်သို့ ပင့်ဆောင်ပူဇော်ထားရှိပါသည်။ ဒေါ်ကြည်ကြည်သင်းတို့တွင် သားလေးတစ်ဦးသာ ထွန်းကားပါသည်။ ထိုသားလေးမှာလည်း သိုက်ဆက်ဟု ကြောကြပါသည်။ တစ်ခါတစ်ရံ ထိုကလေးသည် ပကတိမျက်စိဖြင့် နာမ်လောကသားများကို တွေ့မြင်နိုင်စွမ်းရှိပါသည်။ ထိုနေ့ကလည်း နံနက် (၄) နာရီခွဲခန့်တွင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်သည် အိမ်ပေါ်တွင် သီတင်းသုံးလျက်ရှိသော်လည်း မဏ္ဍပ်ထဲတွင် ရုပ်ရှင်တော်မြတ်အား ပူဇော်ထားရှိသော ကန်တော့ပွဲများ၊ ပန်းများ၊ သစ်သီးပွဲများနှင့် အခြားလျှုဖွယ်ပစ္စည်းများတို့ကို သိမ်းဆည်းခြင်းမပြုဘဲ အခြေမပြတ်ထားရှိကာ လူများကိုစောင့်အိပ်စေပါသည်။ထိုအထဲတွင် ဒေါ်ကြည်ကြည်သင်း၏သားလည်း ပါဝင်ပါသည်။

ဒေါ်ကြည်ကြည်သင်း၏ သားကိုထိုက်သည် -

"နဂါးတွေလာပြီ၊ နဂါးတွေလာပြီ"

ဟု ခြံဝဘက်သို့ ညွှန်ပြပြီး အလန့်တကြား ထိတ်လန့်စွာ အော်လိုက်ရာ မဏ္ဍပ်အတွင်း စောင့်အိပ်နေကြသော ဦးထင်အောင်လင်း၏ တပည့်များအားလုံး နိုးလာကြ၍ ကိုထိုက်ညွှန်ပြရာသို့ ကြည့်လိုက်ကြပါသည်။ နဂါးများမဟုတ်ပါ။ မိန်းကလေး (၃) ဦး ဝင်လာကြခြင်းသာ ဖြစ်ပါသည်။ ခေါင်းဆောင်ဖြစ်ဟန်တူသော အလယ်မှ မိန်းကလေးသည် လက်ထဲတွင် အချင်း (၄) လက်မခန့် ပန်းကန်ပြားငယ်ကလေးကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်ဆောင်လာခြင်းဖြစ်၍ ရုပ်ရှင်တော်မြတ်အား ကပ်လှူပူဇော်မည့် လှူရန်ပစ္စည်း ဖြစ်ပေမည်။ မိန်းကလေး (၃) ဦး ဝင်ရောက်လာပုံမှာ မြားဦးသဏ္ဌာန်ဖြစ်ပါသည်။ အလယ်မှ မိန်းကလေးသည်ရှေ့ရောက်နေပြီး အခြားရဲမှားဖြစ်ပေမည်။ ညီညာသောခြေလှမ်းတို့ဖြင့် လျှောက်လှမ်းလာခြင်းဖြစ်ပါသည်။

ထိုမိန်းကလေးများ မဏ္ဍပ်အတွင်းသို့ ရောက်ရှိလာချိန်တွင် ဦးထင်အောင်လင်း၏ တပည့် (၁၀) ယောက်ခန့်တို့ ထထိုင်နေကြလျက်ရှိပြီဖြစ်ကာ ဆေးလိပ်သောက်သူ၊ ချောင်းဟန့်သူတို့ဖြင့် လှုပ်လှုပ်ရှားရှားရှိနေကြသော်လည်း မိန်းကလေး (၃) ဦးသည် ဤလူများကို ရှိသည်ဟုပင်သဘောမထား၊ တစ်ချက်မျှ မကြည့်၊ နှုတ်လည်းမဆက်၊ ခွင့်လည်း မတောင်းကြဘဲ တန်းတန်းမတ်မတ်ပင် ရုပ်ရှင်တော်မြတ် ပူဇော်ထားခြင်းခံခဲ့ရာ ဘုရားကျောင်းဆောင်ရှေ့သို့ သွား ရောက်ကြပါသည်။

ထို့နောက် ပန်းကန်ပြားလေးကို ရုပ်ရှင်တော်မြတ်၏ သတင်းသုံးတော်မူရာ ရှေ့တွင်ချထားလိုက်ပြီး ရိုသေစွာ ပူဇော်ကန်တော့ကြပါသည်။ အတန်ကြာ ပူဇော်ကန်တော့ပြီးသောအခါမှ ပြန်လည်ထွက်ခွာသွားကြပါသည်။ ထိုအခါမှ မဏ္ဍပ်နောက်ဖျားတွင် ထိုင်နေကြသူတို့လည်း မိန်းကလေးများလှူသွားခဲ့သော ပန်းကန်ပြားကလေးကို သွားရောက်ကြည့်ရှုကြရာ မီးခိုးရောင် ဖိုက်ဘာကဲ့သို့ ပန်းကန်ပြားဖြစ်ပြီး ပန်းကန်ပြားထဲတွင် ပဲလွန်းစေ့ပြုတ်မည်းမည်းကလေးများကို တွေ့ရပါသည်။ ဤသို့ဆိုလျှင် ဤမိန်းကလေးများသည် နဂါးများ မဖြစ်နိုင်ပါ။ နံနက် (၅) နာရီတွင် ဟုမွလင်း၊ ခန္ဓီး စသည်တို့သို့ သွားရောက်မည့် အညာကြီးဆန် သင်္ဘော၊ အမြန်ယာဉ်မော်တော်တို့ဖြင့် လိုက်ပါမည့် ခရီးသည်မိန်းကလေးများ သင်္ဘော မထွက်မီ ဘုရားကန်တော့ရင်း အာရုံဆွမ်းအဖြစ် ပဲပြုတ်များ လှူဒါန်းသွားခြင်းဖြစ်မည်ဟု ယူဆကြပါသည်။

နံနက် (၆) နာရီခန့်တွင် မယ်တော်ကြီး၊ အန်တီအေး၊ ဦးထင်အောင်လင်း၊ ဒေါ်ကြည်ကြည်သင်းတို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပြီး အိမ်အတွင်းမှ ထွက်လာကြပါသည်။ မဏ္ဍပ်အတွင်း စောင့်အိပ်ကြသူတို့မှ မိန်းကလေး (၃) ဦး ပဲပြုတ်များလှူသွားကြောင်း ပြောကြရာ မယ်တော်ကြီးမှ ပဲပြုတ်သဏ္ဌာန် တစ်စေ့ကိုကောက်ယူပြီး လက်နှင့် ပွတ်ခေ့လိုက်ရာ ပဲပြုတ်များမဟုတ်ပါ။ ရွှံ့နွံခြောက်များ ဖုံးအုပ်နေသော အရည်အသွေးကောင်းလှသည့်မြများ ဖြစ်နေပါသည်။ အလုံးပေါင်း (၄၀၀) ကျော်ပင် ရှိပါသည်။ ဤမြများမှာ တန်ဖိုးလည်း ကြီးမားလှပါသည်။ ထို့ကြောင့် ဤမြများကို လှူဒါန်းသွားသော အလှူရှင်တို့သည်လည်း ယနေ့အချိန်အတိုင် မည်သူမည်ဝါဖြစ်ပါသည်ဟု ပေါ်ပေါက်လာခြင်းမရှိသည့်အတွက် အမှန်တကယ်ပင် ထူးဆန်းလှပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ မကြာလှသေးပါ။ ၉-၂-၂၀၁၄ နေ့က ဖြစ်ပါသည်။ ထိုနေ့က ရုပ်ရှင်တော်မြတ်သည် လားရှိုးမြို့မှ ကွန်းလုံမြို့သို့ ကြွမြန်းတော်မူပြီး ကွန်းလုံမြို့မှ လားရှိုးမြို့သို့ အပြန် ခရီးတွင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်

www.burmeseclassic.com

www.burmeseclassic.com

အား ပင့်ဆောင်ပူဇော်သော ကွန်းလုံခရိုင် အုပ်ချုပ်ရေးမှူးမိသားစုနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများတို့ လိုက်ပါပို့ဆောင်ရာ လားရှိုးမြို့ခရီးစဉ်ကို ဦးဆောင်ပင့်ဆောင်ပူဇော်သော ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမိုးရှိန်၊ ဇနီး ဒေါ်မင်းမင်းထွေးနှင့် သာဝကများမှ သိန္နီမြို့အထိ လာရောက်ကြိုဆိုမည်၊ သိန္နီမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှပင် စောင့်ဆိုင်းပေးပါဟု မေတ္တာရပ်ခံသဖြင့် ရုပ်ရှင်တော်မြတ်သည် သိန္နီမြို့တွင် ခေတ္တရပ်နားသီတင်းသုံးတော်မူရပါသည်။

ကွန်းလုံမြို့သို့ ကြွမြန်းတော်မူစဉ်ကလည်း အသွားခရီးတွင် သိန္နီမြို့၌ ခေတ္တရပ်နား သီတင်းသုံးတော်မူခဲ့ရသေးရာ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များ၊ စီဒီခွေများ၊ သမိုင်းစာအုပ်များကို ပူဇော်လိုက်ကြပါသေးသည်။ ဘုရားဖူးပွဲပရိသတ်တို့လည်း ကြိတ်ကြိတ်တိုးမျှ စည်ကားခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်အား သိန္နီတွင် နေ့ဆွမ်းကပ်လှူခြင်းကြောင့် အချိန် (၃) နာရီမျှ မြို့လူထုတို့ ဖူးမြော်ကြည်ညိုခွင့်ရရှိခဲ့ကြပါသည်။

ယခု အပြန်ခရီးတွင်မူ ရုပ်ရှင်တော်မြတ် သိန္နီမြို့သို့ရောက်ရှိတော်မူသည်နှင့် မကြာမီ အဘရဲမှူးကြီးတို့အဖွဲ့လည်း ရောက်ရှိ၍လာပါသည်။ ထို့ကြောင့် သန္နီမြို့သူမြို့သားတို့လည်း အားရပါးရ ဖူးမြော်ကန်တော့ခွင့်မရပါ။ အဘရဲမင်းကြီးသည် ရောက်ရှိလာသည်နှင့် လားရှိုးမြို့သို့ ဆက်လက်ပင့်ဆောင်ရန် ချက်ချင်း ပြင်ဆင်ပါတော့သည်။ သိန္နီမြို့သူမြို့သားတို့လည်း ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ ကိုယ်တွေ့ကြုံကြရသော ထူးခြားမှုများကို အန်တီအေးနှင့် မယ်တော်ကြီးတို့အား ပြောပြလိုကြသော်လည်း အရာရှိကြီးများဝန်းရံလျက်ရှိနေသည့်အပြင် ကတိုက်ကရိုက်ဖြစ်နေ၍ မယ်တော်ကြီးတို့အား စကားပြောရန် မလွယ်သောအခြေအနေဖြစ်နေပါသည်။

သို့သော် သိန္နီမြို့မှ ဒေါ်နန်းရင်မေ ဟူသော ရှမ်းအမျိုးသမီးကြီးသည် မယ်တော်ကြီးထံ မေတ္တာရပ်ခံ၍ ၎င်း၏ ထူးခြားမှုကို ဤသို့ပြောပြပါသည်။

"မယ်တော်ကြီးရယ် ကျွန်မတို့အိမ်မှာ ရုပ်ရှင်တော်မြတ် ဩဇာသီးပေါ်ကြွတဲ့ပုံတော်ကို ပူဇော်ထားတာ တစ်နေ့က အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ ရွှေကံကူဘိုးဘိုးကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီး ထင်ပြူစင်ကြယ်နဲ့ကြွရောက်လာပါတယ်။ (၅) နာရီ (၃၀) မိနစ် အတွင်း ရွှေကံကူပုံတော်ကို အိမ်ပေါ်တက်ဖူးပါ။ ထူးခြားမှုတွေ့ရမယ်လို့ ပြောပါတယ်။ ကျွန်မလည်း အဲဒီအချိန်မှာပဲ တက်ပြီးဖူးလိုက်တော့ ဘုရားခန်းတစ်ခုလုံးအမွှေးရနံ့တွေကိုကြိုင်သွားတာကို တွေ့လိုက်ရပါတယ်ရှင်"

ဟု ပြောပါသည်။

တစ်ဖန် သိန္နီမြို့မှ ကျောင်းဆရာမ ဒေါ်နန်းခင်မိုမိုမှလည်း-

"ကျွန်မလည်း ရုပ်ရှင်တော်မြတ်ရဲ့ ပုံတော်ကို ကိုးကွယ်ပူဇော်ထားပါတယ်။ ကျွန်မတို့အိမ်ကို ရောက်လာကြတဲ့သူတိုင်း ပုံတော်ကြီးကို ကြည်ညိုလို့ ကန်တော့ကြပါတယ်။ တစ်နေ့မှာ ည့ဉ်းသည်တစ်ယောက် ဘုရားပုံတော်ကန်တော့နေတုန်း နတ်ပူးသလိုဖြစ်လာပြီး ငါတို့ဟာ ကိုးမြို့ရှင်မောင်နမတွေပဲ။ ရုပ်ရှင်တော်မြတ်ကို သစ်သီး (၉) မျိုးနဲ့ အချို့ရည်တစ်ခွက်လျှုပြီး လိုတဲ့ဆုတောင်းကြ။ ဆုတောင်းပြည့်တယ်လို့ပြောပြီး ငါတို့လည်း မိသားစုအားလုံး ရွှေကံကူဘုရားကို ဖူးကြတယ်လို့ ပြောပါတယ်။ ကျွန်မတို့လည်း အဲဒီလို ဆုတောင်းကြည့်တာ တကယ်ဆုတောင်းပြည့်တာပဲရှင်"

ဟု ပြောကြားပါသည်။

တစ်ဖန် သိန္နီမြို့ မိုးယံရွှေလမင်းနှင့် မြတ်ဆုကူဌေထီဆိုင်မှ ဒေါ်နန်းမြစိန်မှလည်း -

"အန်တီအေးနဲ့ မယ်တော်ကြီးတို့ရယ်။ ကျွန်မတို့အိမ်မှာလည်း ရုပ်ရှင်တော်မြတ်ရဲ့ပုံတော်ကို ပူဇော်ထားပါတယ်။ ရုပ်ရှင်တော်မြတ်ရဲ့ ဓာတ်ပုံတော်ကို သောက်တော်ရေကပ်လှူတဲ့အခါတိုင်း အမွှေးရနံ့တွေ ထွက်ပေါ်နေတာ အံ့သြလို့ကိုမဆုံးပါဘူးရှင်"

ဟု ပြောပြပါသည်။

သိန္နီမြို့မှ လူများစွာတို့သည် ၎င်းတို့၏ ထူးခြားမှုများကို မယ်တော်ကြီးနှင့် အန်တီအေးတို့အား ပြောပြလို့၍ တိုးဝှေ့နေကြသော်လည်း ရုပ်ရှင်တော်မြတ်သည်ကား လားရှိုးမြို့သို့ ကြွရောက်တော်မူတော့မည်ဖြစ်၍ ပြောခွင့်မရရှိဘဲ ကျန်ရစ်သူတို့မှာ အားမလိုအားမရဖြစ်ကြရပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့မှ နောက်တစ်ခါ ကြုံဦးမှာပါ။ အဲဒီတော့မှ ပြောပြကြပါဟု နှစ်သိမ့်ခဲ့ကြရပါသည်။

နောက်တစ်ဦး ထူးခြားမှုမှာ ရုပ်ရှင်တော်မြတ်သည် ၁၉-၂-၂၀၁၄ နေ့တွင် ရန်ကုန်မြို့ မြောက်ဒဂုံရှိ သာသနာ့ဇောတိကကျောင်း ဒေါက်တာ အရှင်နေမိန္ဒမ နှစ်စဉ် ပင့်ဆောင်မြဲ အစဉ်အလာအတိုင်း ပင့်ဆောင်ပူဇော်ထားရှိစဉ်တွင် အမှတ် (၂၇)၊ (၄၀) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြောက်/ဒဂုံမှ ကိုကျော်ဆွေလင်းနှင့် မခိုင်ဆွေသင်းဟူသော ဇနီးမောင်နှံသည် မွေးပျိုသင်းကြိုင်သော သရက်သီးတစ်လုံးကို ယူဆောင်ပြီး ရောက်ရှိ၍လာခဲ့ပါသည်။

ထို့နောက် ၎င်းတို့တွင် ကြုံတွေ့ရသော ထူးခြားမှုတို့ကို ဤသို့ပြောပြပါသည်။ ၎င်းတို့သည် သူရဇ္ဇမဂ္ဂဇင်းမှ ရွေးကောက်ဆောင်းပါးများကို ဖတ်ရှုမိရာမှ ရုပ်ရှင်တော်မြတ်ကို ကြည်ညိုမဆုံးဖြစ်ရသည်။ ရွှေကံကူဖြစ်တော်စဉ်သမိုင်းစာအုပ်ကို မိတ်ဆွေတစ်ဦးထံမှ ငှားရမ်း၍ဖတ်ကြည့်ပြန်ရာ ဖတ်၍မဝအောင်ပင် ရှိပါသည်။ သို့သော် မိတ်ဆွေသည် စာအုပ်ဖတ်ကောင်းဆဲ စာအုပ်ကို ပြန်တောင်းသည်။ ထို့ကြောင့် စာအုပ်ကို အပိုင်ဝယ်ပြီး အထပ်ထပ်အခါခါ ဖတ်မဝအောင်ရှိပါသည်။ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုလိုသော ဆန္ဒတို့လည်း ပြင်းထန်စွာ ဖြစ်ပေါ်လာ၍ ဖူးမြော်ခွင့်ရရန် ဆုတောင်းကြပါသည်။

မကြာမီ ရွှေနှင်းဆီကျောင်းလမ်းမသင့်သင့်သူတို့၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ်(၂၀၁၃) မမျှော်လင့်ဘဲ ဖူးမြော်ကြည်ညိုခွင့်ရလိုက်ပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုခွင့်ရရှိပြီးသည်နှင့် ၎င်းတို့၏ မိသားစုကွင် ထူးခြားသော ကောင်းကျိုးများ ဆက်တိုက်ကြုံတွေ့ကြရပြီး အသိသာဆုံးနှင့် အထူးခြားဆုံးဖြစ်ရပ်မှာ မိမိတို့နေအိမ်တွင် သရက်ပင်တစ်ပင်ရှိပါသည်။ အရွယ်ရောက်နေပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမျှ ဖူးဖွင့်ခြင်းမရှိသေး၍ ဤသရက်ပင်သည် အဖိုပင်များဖြစ်နေလေရော့သလားဟု ထင်မှတ်ကာ နောက်ဆုံးတွင် ခုတ်လှဲပစ်ရမည်လော သို့မဟုတ် အခြားသရက်ပင်များမှကိုင်းများနှင့် ဖြတ်ဆက်ကူးရမည်လောဟုဖြစ်နေကြရပါသည်။

မသင့်သင့်သူတို့အိမ်မှ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုခွင့်ရပြီး ပြန်လာပြီး မကြာမီရက်ပိုင်းအတွင်းမှာပင် ထိုသရက်ပင်မှ ထူးထူးခြားခြား အဖူးများထွက်ရှိလာပါသည်။ ထို့နောက် အနေအောင်ပွင့်သည်။ ထို့နောက် သီးကိုးများတင်လာသည်။ ထို့နောက် နှစ်ထားသော သရက်သီးများအဖြစ်ခံ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ကာ ရင့်မှည့်လာပါသည်။ ပထမဆုံးသိသော သရက်သီးများ မရင့်မှည့်မီမှာပင် အဖူးသစ်များ ထွက်ရှိလာပြီး အပင်ပေါ်တွင် အဖူး၊ အပွင့်၊ အသီးမပြတ် နှစ်တလျှောက် ပဒေသာအဖြစ်ရှိနေပါတော့သည်။ ထို့ကြောင့် မိမိတို့မိသားစုမှာ ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကို အံ့သြမဆုံးနိုင်အောင်ဖြစ်ကြရပါသည်။

မြတ်စွာဘုရားရှင်လက်ထက်အခါက မြတ်စွာဘုရားရှင်အား ဒီဋ္ဌတို့မှ တန်ခိုးပြိုင်စဉ်မှာ မြတ်စွာဘုရားရှင်သည် သရက်သီးကို ဘဉ်းပေးတော်မူပြီး သရက်စေ့ကို စွန့်တော်မူ၍ လက်တော်ဆေးတော်မူရာ တစ်ခဏအတွင်း ထို သရက်စေ့မှ ချက်ချင်း အပင်ပေါက်လာကာ တစ်ခါတည်း ကြီးထွားသွားပြီး ချက်ချင်း ဖူး၊ ပွင့်၊ သီးခဲ့သောသာဓကကိုလည်းကောင်း ယခုဖြစ်ရပ်သည်လည်း ထိုနည်းတူစွာပင်ဖြစ်နေပါ၍ သက်တော်ထင်ရှား ဘုရားရှင်နှင့်မခြား ဘုဒ္ဓ၏ ရုပ်ပွားဆင်းတုတော်တို့တွင်လည်း တန်ခိုးတော်များနှိုင်းမည်ဆိုပါက ဝမ်းပန်းတသာစိတ်ရှည်လက်ရှည် ဖြေကြားပေးပါမည်ဟု ကိုကျော်ဆွေလင်း၊ မခိုင်ဆွေသင်းတို့မှ မေတ္တာကြီးတို့ကို ပြောကြားသွားပါသည်။

ကိုကျော်ဆွေလင်းနှင့် မခိုင်ဆွေသင်းတို့၏ လျှောက်ထားချက်ကို ကြားသိရသောအခါ ဒေါက်တာအရှင်နေမိန္ဒ

"ဒီလိုထူးခြားမှုတွေ ဖြစ်ပေါ်ရတာက ရုပ်ရှင်တော်မြတ်မှာ ဘုဒ္ဓရဲ့ဓာတ်အမွေတော်အစစ်တွေကိန်းအောင်းနေတယ်ဆိုတဲ့အချက်ရယ်၊ ရုပ်ပွားဆင်းတုတော်တွေဟာလည်း သက်တော်ထင်ရှားဘုရားရှင်နှင့်မခြားဘူးဆိုတဲ့အချက်ရယ် ပြီးတာဖြစ်ပြီး ဘုဒ္ဓဟာ တကယ်ကို အားထားကိုးကွယ်ထိုက်တယ်ဆိုတဲ့အချက်တို့ ပိုမိုပေါ်လွင်ထင်ရှားစေခြင်းဖြစ်တယ်"

ဟု မိန့်ကြားတော်မူပါသည်။

အထက်ပါအဖြစ်မျိုးသည် ရွှေကုန်းရုပ်ရှင်တော်မြတ်သမိုင်းတွင် ဒုတိယအကြိမ် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ပထမအကြိမ်ဖြစ်ပေါ်ခြင်းမှာ ရန်ကုန်မြို့ မတ်လာဒုံမြို့နယ် လေယာဉ်ထုတ်လုပ်ရေးနှင့် ပြင်ဆင်ရေးဌာနချုပ်ရှိ ဗိုလ်ကြီးဝင်းနိုင်အေး၊ ဇနီး ဒေါ်မေလွင်စိုး၊ သမီး ရှင်းသီရိနိုင်၊ ပန်းဝတ်ရည်ဖြူးတို့မှ ပဉ္စဆောင်ပူဇော်ဆဉ် ၅-၃-၂၀၁၂ နေ့တွင် ဖြစ်သည်။ ဒေါ်မေလွင်စိုး ၀၉-၇၃၀၀ ၆၇၂၈၊ ၀၉-၅၀၄၂၇၂၆ သည် ပန်းစိုက်ပါသနာပါသူဖြစ်၍ စံပယ်ပင်များစိုက်ပျိုးထားရာ စံပယ်ပင်တစ်ပင်မှာ အခြားအပင်များပွင့်နေပြီဖြစ်သော်လည်း လုံးဝဖူးပွင့်ခြင်းမရှိသဖြင့် အဖိုပင်ဖြစ်မည်ဟု တူးဖယ်ပစ်ရမည်ဟု ထင်မှတ်ထားကြပါသည်။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါ အဖူးလေးဖူးထွက်လာပြီး အောင်မြင်သန်စွမ်းစွာပွင့်လျက် ထူးထူးခြားခြား ရနံ့တို့လည်း မွှေးမြလျက်ရှိပါသည်။

နောက်ထပ်မပွင့်တော့ဘဲ နှစ်ပတ်လည်ရှိနေခဲ့ပြန်၍ ၅-၄-၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်ကို ပြန်လည်ပဉ္စဆောင်သောအခါတွင်လည်း ထိုစံပယ်ပင်မှပင် (၄) ပွင့် တစ်ဖန်ထွက်ပေါ်လာခဲ့ပြန်ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကြားတွင် (၁၃) လ ကြာဟလျက်ရှိနေပြီး ထိုကြားကာလတွင် တစ်ကြိမ်မျှ ထပ်မံပွင့်လာခဲ့ခြင်းမရှိဟု သိရပါသည်။ ယခု ၂၀၁၄ ခုနှစ်တွင်လည်း ဗိုလ်ကြီးဝင်းနိုင်အေးနှင့် ဒေါ်မေလွင်စိုးတို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိလျှင် ထိုစံပယ်ပင်မှ မည်သို့ထူးခြားမှုများ ဖြစ်ပေါ်ဦးမည်နည်းဟု ဗိုလ်ကြီးဝင်းနိုင်အေးမိသားစုမှ သိလိုလျက်ရှိကြပါသည်။

ဤဖြစ်ရပ်သည် တိုက်ဆိုင်မှုမဟုတ်ပါ။ ရုပ်ရှင်တော်မြတ်၏ ထူးခြားကြီးမားသော တန်ခိုးတော်တို့ကြောင့်သာ ဖြစ်ပါသည်။ မိမိတို့ စံပယ်ပင်သည် တစ်ကြိမ်တစ်ခါမှ မပွင့်ဘူးပါဘဲ ပွင့်လာသည်။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောနေ့တွင် ပွင့်ခြင်းဖြစ်ပြီး ရုပ်ရှင်တော်မြတ် ကြွမြန်းတော်မူသွားပြီးနောက် တစ်ကြိမ်မှ ထပ်မံမပွင့်တော့ဘဲ နောက်နှစ်တွင် ရုပ်ရှင်တော်မြတ်ကို ပြန်လည် ပဉ္စဆောင်သောနေ့တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ထပ်မံပွင့်လာပြန်သည်မှာ တကယ့်ကို အံ့သြမဆုံးဖြစ်ရပါကြောင်း ၉-၉-၂၀၁၃ ရွှေကုန်း ဘုဒ္ဓပူဇနီယပွဲတော်သို့ ရောက်ရှိလာစဉ် ဗိုလ်ကြီးဝင်းနိုင်အေးမှ စာရေးသူကို ပြောကြားပါသည်။ ထိုအကြောင်းကို အလျဉ်းသင့်သောအခွံ့ခြင်းတွင် ဆောင်းပါးအဖြစ် မှတ်တမ်းတင်ဖော်ပြပေးပါမည်ဟုကတိပြုခဲ့သည့်အတွက် အလျဉ်းသင့်၍ ယခုကဲ့သို့ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

နောက်ထပ် ထူးခြားမှုတစ်ခုကို တွေ့ရသည်မှာ ၂၀၀၆ ခုနှစ်က ဖြစ်ပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်ကို စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ စက်ရုံနယ်မြေမှ မောင်ထွန်းလင်း၊ မန္တယ်နွယ်တို့မှ မိဘများကို အမှူးထား၍ ပဉ္စဆောင်ပူဇော်ခဲ့ကြစဉ်က ဖြစ်ပါသည်။ ထိုစဉ်က ၎င်းတို့ဇနီးမောင်နှံမှာ အသက် (၂၀) စွန်းရုံမျှသာရှိကြသေးပြီး အိမ်ထောင်ကျပြီး ခါစရှိပါသေးသည်။ ထိုအချိန်က ရုပ်ရှင်တော်မြတ်၏ ရွှေကံကူဆောင်းပါးများလည်း သူရဇမဂ္ဂဇင်းတွင် မပါရှိသေးပါ။ ၎င်းတို့သည် တစ်ဆင့်စကားဖြင့်သာ ရုပ်ရှင်တော်မြတ်အား ကြည်ညိုစိတ်များဖြစ်ပေါ်ကြရပြီး ပဉ္စဆောင်ပူဇော်ကြခြင်း ဖြစ်ပါသည်။

မောင်ထွန်းလင်း၏ မိဘများသည် ရန်ကုန်ဇာတိများဖြစ်ကြပြီး လမ်းစဉ်ပါကီခေတ်ဦးတွင် ပလိပ်ချုပ်မှုင်နှင့် အထည်စက်ရုံကြီး ပေါ်ပေါက်လာသောအခါ ဝန်ထမ်းအဖြစ်နှင့် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါသည်။ မောင်ထွန်းလင်း အရွယ်ရောက်သောအခါ မြင်းခြံမြို့သူ မန္တယ်နွယ်နှင့် အကြောင်းပါခဲ့ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပဉ္စဆောင်ပူဇော်ရာတွင် မောင်ထွန်းလင်း၏ မိဘများနေထိုင်သော ဝန်ထမ်းအိမ်ရာတွင် ပဉ္စဆောင်ပူဇော်ခဲ့ကြခြင်း ဖြစ်ပါသည်။

မောင်ထွန်းလင်းသည် ပထမဦးဆုံး ပဉ္စဆောင်ပူဇော်ခြင်းဖြစ်သည့်အပြင် ရုပ်ရှင်တော်မြတ်အား အထူးပင်ကြည်ညိုလှသောကြောင့် ထိုအချိန်က ကားများရှားပါးသေးသော်လည်း ရုပ်ရှင်တော်မြတ်အား စည်ကားသိုက်မြိုက်စွာ မော်တော်ယာဉ်တန်းဖြင့် ပဉ္စဆောင်ပူဇော်ခဲ့ပါသည်။ မောင်ထွန်းလင်း၊ မန္တယ်နွယ်နှင့် နှစ်ဖက်မိဘများတို့သည် ရုပ်ရှင်တော်မြတ် သီတင်းသုံး စံပယ်တော်မူရန် အတွက် ဘုရားခန်းကို သပ်ရပ်လှပအောင် ပြင်ဆင်ကြပါသည်။ ပွဲများ၊ ပန်းများ၊ သစ်သီးများ၊ သင်္ကန်းပရိက္ခရာများ ပြင်ဆင်ပြီးချိန်တွင် ရုပ်ရှင်တော်မြတ် သီတင်းသုံးတော်မူမည့် ထရံသစ်သားတန်းတွင် ချက်ချင်းလက်ငင်း ပွားများရောက်ရှိလာကာ အံ့ဖွဲ့စွဲကပ်ပါသည်။

ထိုတန်းသည် အမြင့်ကြီးမဟုတ်ပါ။ စားပွဲတစ်လုံး၏အမြင့်မျှသာ ပြင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤပြဿနာကို တွေ့မြင်ကြသူတိုင်းက ဤနေရာမျိုးတွင် ပြဿနာစွဲလမ်းထားမိ ကြောင်း၊ ထို့ကြောင့် ဤပြဿနာသည် ထူးခြားလှသည်ဟု ပြောကြပါသည်။ ပို၍ထူးခြားသည်မှာ ထိုပြဿနာတို့သည် မောင်ထွန်းလင်း မန္တလေးနွယ်တို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ် သီတင်းသုံးစံပယ်တော်မူသည့် (၂) ညအိပ်၊ (၃) ရက်သာ ရှိနေခဲ့ပြီး ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူသွားပြီးနောက်တွင် ပျားတို့လည်း ပြန်လည်ထွက်ခွာသွားကြကြောင်း သိရပါသည်။

ပျားဟူသည် သန့်ရှင်းချီမြှိန်သော ပန်းဝတ်ရည်တို့ကို စုဆောင်းသည့် သဘာဝရှိသဖြင့် တရားသဖြင့်ရရှိသော ဥစ္စာပစ္စည်းတို့ စုဆောင်းမိသည့် အတိတ်နိမိတ်ပင်ဖြစ်ပါ၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီးသည့်နောက်ပိုင်းတွင် မောင်ထွန်းလင်းနှင့် မန္တလေးနွယ်တို့သည် ထိမပေါက်၊ ချဲမပေါက်ပါဘဲ အလုပ်အကိုင်များ အဆင်ပြေပြီး ငွေကြေးများ စုဆောင်းမိလာကာ မြေကွက်ဝယ်ယူ၍ နှစ်ထပ်တိုက်တစ်လုံး ဆောက်လုပ်နိုင်ခဲ့ပြီး ငွေပိုငွေလျှံများပင် စုဆောင်းရရှိခဲ့ပါသည်။

ထို့ကြောင့် ရုပ်ရှင်တော်မြတ်ကို ပထဆုံးအကြိမ် ပင့်ဆောင်ပူဇော်ပြီးသည့် နောက် (၂) နှစ်အကြာတွင် ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏ ကိုယ်ပိုင်မြေကွက် ကိုယ်ပိုင်နှစ်ထပ်တိုက်သစ်ကြီးသို့ ပင်မ်ပင့်ဆောင်ပူဇော်ခဲ့ကြပါသေးသည်။

မောင်ထွန်းလင်းနှင့် မန္တလေးနွယ်တို့သည် ယနေ့အချိန် (၂၀၁၄၊ ၂ လပိုင်း) တိုင် အောင်မြေ စာရေးသူတို့၏ နေအိမ်သို့ စဉ်ဆက်မပြတ် လာရောက်နေကြလျက်ရှိကာ ဝေယျာဝစ္စများကို ကုသိုလ်ယူဆောင်ရွက်လျက်ရှိနေကြပြီး ၉ ရက်၊ ၉ ဝ၊ မရွက်ကူ ဗုဒ္ဓပူဇနိယပွဲတော်နေ့သို့ ရောက်ပါက်ခင်း နှစ်စဉ် နံနက်စောမှ ညမိုး ချုပ်ထိုင်အိုင် ဝေယျာဝစ္စများကို လာရောက်လုပ်ကိုင်လျက်ရှိကြသူများ ဖြစ်ပါသည်.

နောက်တစ်ခု ထူးခြားမှုမှာ ၂၉-၅-၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်သည် မြင်ဦးလွင်မြို့ တပ်မတော်သိပ္ပံနှင့် နည်းပညာဌာနမှ ဗိုလ်ချုပ်ကံမြင့်သန်း၊ ဇနီး ဒေါ်လွင်မိသင်တို့မှ ပင့်ဆောင်ပူဇော်ကြပါသည်။ ဗိုလ်ချုပ်မိသားစုနေအိမ်ကြီး၏ အနောက်မြောက်ထောင့်ပေ(၁၀၀)အကွာခန့်တွင် တောင်လက်ပံပင်ကြီးရှိပါသည်။ ထိုလက်ပံပင်ကြီး၏ ကိုင်းမကြီးတစ်ခုတွင် ရုပ်ရှင်တော်မြတ် ဤနေအိမ်သို့ မကြွရောက်လာမီ (၁၅) ရက်ခန့်အလိုတွင် ဟူးကြီးအုံကြီးတစ်အုံ လာရောက်စွဲကပ်ပါသည်။ ဟူးအုံကြီးမှာ စကောဝိုင်းခန့်ပင် ရှိပါသည်။ ရုပ်ရှင်တော်မြတ် မကြွရောက်လာမီ (၃) ရက်ခန့်အလိုတွင် နောက်ထပ်ဟူးကြီးအုံတစ်အုံ ထိုလက်ပံပင်ကြီးမှာပင် ထပ်မံစွဲကပ်ပြန်ပါသည်။ ပထမအုံနှင့်အရွယ်ညီပင် ဖြစ်ပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ ဗိုလ်ချုပ်၏နေအိမ်တွင် ကြာပင်တစ်ပင်မှ တစ်ဖူးတည်းသော ကြာဖူးမှာ (၃)လ ကြာမြင့်သည့်တိုင် မပွင့်ဘဲရှိနေပြီး ညှိုးနွမ်းသွားခြင်းလည်းမရှိပါ။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသည်နှင့် ထိုကြာဖူးမှ အောင်မြင် ငွားစွင့်စွာ ပွင့်လာခဲ့ပါသည်။ ဤဖြစ်ရပ်များတွင် ပျားများသည်လည်း ဘုရားဖူးရောက်ရှိလာကြခြင်းဖြစ်သကဲ့သို့ သက်မဲ့ဖြစ်သော ဤကြာဖူးသည်လည်း ရုပ်ရှင်တော်မြတ်ကို ပူဇော်ကန်တော့သောအနေဖြင့် ပွင့်လာခြင်းဖြစ်သည်ဟု ဘုရားဖူးရောက်ရှိလာသူတို့မှ ပြောဆိုလျက်ရှိကြပါသည်။

ဗိုလ်ချုပ်ကံမြင့်သန်းသည် သပိတ်ကျင်းမြို့နယ် ကျောက်ကြီးနည်းပညာတပ်မှ ဗိုလ်မှူးကျော်စွာဝင့်မှတစ်ဆင့် ဆက်သွယ်ပြီး ပင့်ဆောင်ပူဇော်ခြင်းဖြစ်ပါ၍ ဤခရီးစဉ် အစအဆုံး ဝေယျာဝစ္စများ လိုက်ပါဆောင်ရွက်ရသူ ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်မှူးကျော်စွာဝင့်မှ ဖိတ်ကြားချက်အရ စာရေးသူလည်း ဗိုလ်ချုပ်ကံမြင့်သန်း၊ ဇနီးဒေါ်လွင်မိသင်တို့၏နေအိမ်သို့ ရောက်ရှိသွားခဲ့ပြီး အထက်ပါအခြင်းအရာတို့ကို ကိုယ်တိုင်မြင်တွေ့ရခဲ့ခြင်း ဖြစ်ပါသည်။ အမှန်တကယ်ပင် ယူးခြားလှပါ၏။

(၃) လကြာ အဖူးအဖြစ်သာရှိနေသော ဤကြာဖူးသည် အဘယ်ကြောင့် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောနေ့တွင်မှ ချက်ချင်းလက်ငင်းပွင့်အာလာရပါသနည်း။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူသောနေ့သော အချိန်တွင်မှ သစ်ပင်တစ်ပင်တည်းတွင် ပျားကြီးအုံကြီး (၂) အုံ အဘယ်ကြောင့် လာရောက်စွဲရပါသနည်း။ ဤကဲ့သို့ မည်သူပြုလုပ်ဖန်တီးနိုင်ပါအံ့နည်း။ ရုပ်ရှင်တော်မြတ်အား မမြင်အပ်သော ပုဂ္ဂိုလ်များမှ လာရောက် ပူဇော်ကြခြင်းသာ ဖြစ်ပါသည်ဟု ရွှေကျိုးနားကျောင်းတိုက် (စဉ်ကိုင်မြို့) မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘုရားကြီး ဦးဝေပုလ္လမှ မိန့်ကြားတော်မူပါသည်။

နောက်တစ်ခုထူခြားမှုမှာ မန္တလေးမြို့ နန်းရွှေ့ရပ် ပြည်တော်သာအိမ်ရာတိုက် (၁၈) အခန်း (၂) နေ ဗိုလ်ကြီးနိုင်ထွန်းအေး (ရတနာပုံသတင်းစာ)၊ ဇနီး ဒေါ်စိုးသီတာလင်းတို့မှ ပင့်ဆောင်ပူဇော်စဉ်က ဖြစ်ပါသည်။ ယခုနောက်ပိုင်း ဆောင်းပါးများတွင် စာရေးသူသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူတို့တွင် ထူးခြားမှုများ ဖြစ်ပေါ်ကြုံတွေ့ကြရပါက ထိုအကြောင်းအရာတို့ကို စာရေးသူအား ပြောပြလေ့ရှိကြရာ စာရေးသူမှ ထိုအကြောင်းအရာတို့ ပိုမိုပြည့်စုံပြီး တိကျသေချာစေရန် စာရေးပေးကြပါဟု မေတ္တာရပ်ခံခဲ့ပါသည်။ ထိုသို့စာဖြင့် ရေးသားပေးကြရာ၌ အဓိပ္ပာယ်ရှင်းလင်း၍ စာဖတ်သူတို့ နားလည်နိုင်မည့်စာမျိုး ဖြစ်လျှင် ထိုအတိုင်းပင် ဖော်ပြပေးလေ့ရှိရာ ထိုစာမူ မဂ္ဂဇင်းတွင်ပါရှိလာလျှင် ရေးသားပေးပို့ကြသူတို့မှာ ဝမ်းသာပီတိဖြစ်ကြရပါသည်။

စာရေးသူသည် ဗိုလ်ကြီးနိုင်ထွန်းအေးမိသားစုနှင့် ခင်မင်သိကျွမ်းထားပြီး ဖြစ်သော်လည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ပြီးသောအခါ ပိုမိုရင်းနှီးလာခဲ့ပြီး မန္တလေးသို့ စာရေးသူမကြာမကြာ ရောက်ရှိသည့်အခါတိုင်း တွေ့ဆုံဖြစ်ခဲ့ကြပါသည်။ ထိုအခါ ဗိုလ်ကြီးနိုင်ထွန်းအေးမှ ၎င်းတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်စဉ်က တွေ့ကြုံရသော ထူးခြားမှုများကို ပြောပြလေ့ရှိရာ စာရေးသူမှ ဗိုလ်ကြီးနိုင်ထွန်းအေးကို စာဖြင့်ရေးသားပေးပါဟု တောင်းဆိုလိုက်ပါသည်။

ဗိုလ်ကြီး နိုင်ထွန်းအေးသည် အလုပ်များလှသော သတင်းစာလုပ်ငန်းတွင် ဟာဝန်ထမ်းဆောင်လျက်ရှိသောကြောင့် ဤစာမူကို တစ်လခန့်ကြာမြင့်မှ ပြီးစီးသည်ဟု သိရပါသည်။

"ဆရာဘို့ရေ ဆရာဘို့တော့ စာတွေဘယ်လိုရေးတယ်မသိဘူး။ ကျွန်တော်ဖြင့် ဒီစာမူလေးကို အထပ်ထပ် အခါခါ ပြန်ရေးရတယ်။ ဒါမောင့် စိတ်တိုင်းမကျသေးပေမယ့် ဒီထက်လည်း မရေးတတ်တော့လို့ ဒီလောက်နဲ့ ကျေနပ်လိုက်ရတယ်"

ဟု ပြောပါသည်။

"ဒါဆို ဗိုလ်ကြီးရေးထားတဲ့ အကြောင်းအရာတွေပြောပြပါ"

www.burmeseclassic.com

ဟု ကျွန်တော်ကပြောသဖြင့် ဗိုလ်ကြီးနိုင်ထွန်းအေးမှ စာမူပါအကြောင်းအရာများကို ပြောပြပါသည်။

"ဒါအကုန်ပဲလား"

ဟု ဆိုသောအခါ -

"ဟုတ်တယ် ဒါအကုန်ပဲ"

ထိုအခါ စာရေးသူကိုပြောပြစဉ်က ဤအကြောင်းအရာများ ပါဝင်ခဲ့ပါသည်။ ယခု အဘယ်ကြောင့် ကျန်ခဲ့မိသနည်းဟု ဆိုလိုက်ရာ-

"ဆရာဘိုရဲ့ မှတ်ဉာဏ်ကတော့ အံ့ရော။ ကျွန်တော်တောင် ကိုယ့်ဘာသာပြောပြီး ကိုယ့်ဘာသာ အဲဒါတွေမေ့နေတာ။ အခု ဆရာဘိုပြောမှ အမှတ်ရတော့တယ်။ ကျွန်တော် အဲဒါတွေပြန်ဆည့်ရေးရင် ကျွန်တော့်စာမူက ပြီးမှာမဟုတ်တော့ဘူး။ ဆရာဘိုပဲ ဖြည့်ရေးပို့ပါတော့ဗျာ"

ဟူ၍ ပြောပါသည်။

ထိုအကြောင်းအရာများကို ဗိုလ်ကြီးနိုင်ထွန်းအေးမှ စာရေးသူကို ပြောပြခဲ့စဉ်က ၂၀၁၃၊ ၇လပိုင်းတွင်ဖြစ်၍ ယခုစာရေးသူနှင့် ဗိုလ်ကြီးနိုင်ထွန်းအေးတို့ ပြောဆိုနေကြချိန်မှာ ၃ လပိုင်း၊ ၂၀၁၄ ဖြစ်ပါ၍ ထိုအဖြစ်အပျက်တို့သည် နှစ်တစ်နှစ်ကကဟုထင်မှတ်ခဲ့သော်လည်း (၈) လရာသီမျှပင် ကြာမြင့်ခဲ့ပါပကောဟု သတိပြုမိကာ ကုန်လွယ်လှသော အချိန်တို့နှင့် တိုတောင်းလှသော လူ့ဘဝပါလားဟု ဆင်ခြင်မိပါ၏။

ဗိုလ်ကြီး နိုင်ထွန်းအေးအား သေချာစေရန် ထပ်မံပြောပြစေပြီး ဗိုလ်ကြီးနိုင်ထွန်းအေး၏ စာမူတွင် ကျန်ရှိနေသော အကြောင်းအရာတို့ကို စာရေးသူမှ ဖြည့်စွက်ရေးသားတင်ပြပို့ပါသည်။

ဗိုလ်ကြီးနိုင်ထွန်းအေးသည် မန္တလေးမြို့ဇာတိဖြစ်ပါသည်။ သို့သော် မွေးဖွားသည် တပ်မတော်သား ဖြစ်ပါသောကြောင့် ဖခင်တာဝန်ကျရာ မြို့ရွာများသို့ ရွှေ့ပြောင်းလိုက်ပါရင်းဖြင့် ငယ်ဘဝတုန်းက ကုန်လွန်ဖြတ်သန်းကာ တဖြည်းဖြည်းကြီးပြင်းခဲ့ကြရပါ၏။ ဗိုလ်ကြီးနိုင်ထွန်းအေး သူငယ်တန်းအရွယ်၌ ရောက်ရှိခဲ့စဉ်ကာလတွင် ရောက်ရှိနေပါသည်။ ဗိုလ်ကြီးနိုင်ထွန်းအေး၏ အဒေါ်သည် ၎င်း၏မောင် ဗိုလ်ကြီးနိုင်ထွန်းအေး၏ ဖခင်ထံ မကြာမကြာ စာထည့်ရေးလေ့ရှိပါ၏။ မောင်ဖြစ်သူထံ ရေးသား၍ ပို့လိုက်လျှင် -

'သံချောင်းဖတ်ဖို့စာ' ဟု ခေါင်းစဉ်တပ်ကာ ဗိုလ်ကြီးနိုင်ထွန်းအေး ရောက်ရှိရာ အတန်းနှင့် လျော်ညီသော စာတို့၊ အရွယ်နှင့် ကိုက်ညီသော ဆုံးမစာတို့ ရေးပို့မြဲဖြစ်ပါသည်။

ထိုသို့ရောက်ရာအရပ်သို့စာပို့ခြင်းမှာ အစဉ်အဆက်မပြတ်ရှိခဲ့ပြီး အဒေါ်ကွယ်လွန်ချိန်အထိ ဖြစ်ခဲ့ပါသည်။ ယခု ရွှေကံကူလေပျံသင်တော် ရှဉ့်ရှင်တော်မြတ်အားပင့်ဆောင်ပူဇော်ချိန်၌ အဒေါ်ကွယ်လွန်ခဲ့သည်မှာ အနှစ် (၂၀)မျှ ကြာမြင့်ခဲ့ပြီဖြစ်ရာ အကြောင်းတိုက်ဆိုင်သည့်အခါ အဒေါ်အကြောင်း ပြောဆိုမိခြင်းမျိုးမှလွဲ၍ ကျန်သောအချိန်များတွင် အများအားဖြင့် မေ့လျော့နေခဲ့ခြင်းများဖြင့် ရက်လတို့ ကုန်လွန်ခဲ့ရပါသည်။

ရှဉ့်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီးသောညတွင် ဤသို့အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ဗိုလ်ကြီးနိုင်ထွန်းအေး၏ သမီးကြီး (ယခုနှစ် အဋ္ဌမတန်း) သည် ဗိုလ်ကြီးနိုင်ထွန်းအေး၏ သံသေတ္တာအတွင်းမှ အဝတ်အစားများကို ရှင်းလင်းနေရာမှ သေတ္တာအောက်ဆုံးမှ စာအိတ်နှင့် စာတစ်စောင်တွေ့ရှိ၍ စာအိတ်ပေါ်မှ လိပ်စာကို ဖတ်ကြည့်လိုက်ပြီး-

"ဖေဖေ ဒီမှာ အဘွားလေးက ဖေဖေ့ဆီ စာပို့ထားတယ်"

ဟု ဆိုကာ ထိုစာအိတ်ကို ပေးပါသည်။ အပြင်တွင် သမီးကြီးသည် အဘွားလေးကိုလည်း မမီလိုက်ပါ။ သို့သော် အိပ်မက်ထဲတွင်တော့ အဘွားလေး သက်ရှိထင်ရှား သဘောမျိုးပင် ဖြစ်ပါ၏။

ဗိုလ်ကြီးနိုင်ထွန်းအေးသည် စာကိုယူ၍ ဖတ်ကြည့်လိုက်ရာ-

'သံချောင်းဖတ်ဖို့စာ' ဟု ခေါင်းစဉ်ပါရှိပြီး-

"မင်းတို့အိမ်မှာ ရွှေကံကူဘုရားပင့်တာ ဘာလို့ဒေါ်လေးကို မဖိတ်တာလဲ။ ဒေါ်လေးအတွက် အမျှအတန်းဝေပေးကြဦး။ ဘုရားကိုပင့်ပြီး ပူဇော်ရတဲ့ကုသိုလ်တွေက နည်းတဲ့ကုသိုလ်မဟုတ်ဘူး။ အဲဒီကုသိုလ်တွေကို အမျှဝေပေးပါ။ အဲဒါဆို ဒေါ်လေးတို့ ကောင်းတဲ့ဘုံဘဝရောက်ရမှာ"

ဟု စာတွင်ပါရှိပါသည်။

ထိုစာဖတ်ပြီး အိပ်မက်ထဲတွင် ဗိုလ်ကြီးနိုင်ထွန်းအေးသည် မအံ့သြပါ။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော အနှစ် (၂၀) ကာလအတိုင်း ဒေါ်လေးသက်ရှိထင်ရှားရှိနေသေးသော သဘောမျိုးကြောင့် ဖြစ်ပါသည်။

စာဖတ်၍ ပြီးဆုံးသွားသောအခါမှ ဗိုလ်ကြီးနိုင်ထွန်းအေးလည်း အိပ်မက်မှ နိုးလာပါသည်။ ထိုအခါမှ အံ့သြခြင်းနှင့်အတူ တုန်လှုပ်မိပါတော့သည်။ ဒေါ်လေးကွယ်လွန်ခဲ့သော အနှစ် (၂၀) ကာလအတွင်း ဒေါ်လေးသည် တစ်ကြိမ်တစ်ခါမျှ အိပ်မက်မပေးခဲ့ဘူးပါလျက် ယခု ရှဉ့်ရှင်တော်မြတ်အား ပင့်ဆောင်ပြီးသောညတွင်မှာ အိပ်မက်ပေးသည်မှာ အကြောင်းမဲ့မဟုတ်နိုင်ပါ။ ဒေါ်လေးသည် အမှန်တကယ် အမျှကုသိုလ်ရရှိလိုသော အိပ်မက်ပေးခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မိမိတို့မှ အမျှပေးဝေရသည်မှာ အပန်းမကြီးကဲ့သို့ သေချာပေါက် မိမိတို့ပင် ကုသိုလ်ထပ်မံရရှိမည် ဖြစ်ပါ၏။ မိမိတို့ အပန်းမကြီးပေးဝေလိုက်သော အမျှကုသိုလ်တို့သည် သာခုခေါ်ဆိုလိုက်ရသော အခြားဘုံဘဝသားတို့မှာမူ တန်ဖိုးကြီးမားလှသော အကျိုးကျေးဇူးတို့ ရနိုင်ပေ၏ဟု တွေးမိပြီး ဇနီး ဒေါ်စိုးသီတာလင်းကို နှိုး၍ အကျိုးအကြောင်း ပြောလိုက်ပါသည်။

ထို့နောက် လင်မယားနှစ်ယောက်လုံး အိပ်ရာမှထ၍ မျက်နှာသစ်၊ ခြေလက်မျက်နှာ ဆေးကြောပြီး အကျီအဝတ်အစားများလဲလိုက်ကြပြီး ဘုရားကန်တော့လိုက်ကြပါသည်။ ထို့နောက် အိပ်မက်ပေးသောဒေါ်လေးကို အစထား၍ (၃၁) ဘုံသားတို့ကို လေးလေးနက်နက် မေတ္တာပို့သပြီး အမျှပေးဝေကာ ပြန်လည်အိပ်စက်ခဲ့ကြပါသည်။

နံနက်လင်းသောအခါ ဘုရားခန်းတွင် ကဏန်းကြီးတစ်ကောင် လာရောက်သေဆုံးလျက်ရှိပြီး ပို၍တိုက်ဆိုင်နေသည်မှာ ဒေါ်လေးသည် တနလ်းသမီးဖြစ်နေပါ၏။

(ဗိုလ်ကြီးရဲ့ အိပ်မက်ထဲကအကြောင်း စာဖတ်တဲ့လူတွေသိထားမှ ကဏန်းကြီးလာသေနေတာ အဓိပ္ပာယ်ရှိသွားမှာဖေ့ဟု စာရေးသူက ဆိုရာ 'ဟုတ်တယ်၊ဟုတ်တယ်' ဟု ဗိုလ်ကြီးနိုင်ထွန်းအေးမှ ထောက်ခံပါသည်။ အောက်တွင် ဗိုလ်ကြီးနိုင်ထွန်းအေး၏ ရေးသားပေးပို့မှုကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ စာရေးသူ)

(ဆက်ရန်)

ဘိုဘို (ရွှေဆံတော်)

www.burmeseclassic.com

www.burmeseclassic.com

ဗျာပုံတင်နိုင်ဝင်း

ကြွယ်ဝမှုနှင့်ချမ်းသာခြင်း

လူသူသတ္တဝါတို့သည် တဏှာ ဇလောဘစိတ်အရင်းခံလျက် ပေါက်ပွား လာကြသည်ဖြစ်ရာ လိုချင်မှုဆိုသည်နှင့် မကင်းတတ်ကြပေ။ ထိုသို့သောလိုချင်မှု ကြောင့် ရယူမှုဝီရိယကိုပြုကြပြန်သည်။ ဤသို့ဖြင့် ကံအလျောက် မိမိတို့၌ကြွယ်ဝ မှုသည် ဖြစ်ပေါ်လာရလေသည်။

ဇင်းကြွယ်ဝမှုတွင် စာရေးသောက် ရေးကြွယ်ဝမှု၊ ဝတ်ရေးဆင်ရေးကြွယ်ဝ မှု၊ နေရေးထိုင်ရေးကြွယ်ဝမှု၊ ငွေရေး ကြေးရေးကြွယ်ဝမှု စသည်ဖြင့် အမျိုးမျိုး ရှိကြရာ အချို့ပုဂ္ဂိုလ်တို့တွင် အသင့် အတင့်ကြွယ်ဝမှုရှိသလို အချို့ပုဂ္ဂိုလ်များ တွင်ကား အလွန်အကဲကြွယ်ဝကြ၏။ အထူးသဖြင့် ယခုခေတ်သည် ခေတ်မီ ဇိမ်ခံပစ္စည်းများ အလွန်ကြွယ်ဝလှ၏။ စီးပွားရေးလုပ်ငန်းများကလည်းတိုးတက် လာသဖြင့် သန်းကြွယ်သူဌေးများလည်း တဖွားဖွားပေါ် ပေါက်လာ၏။ အချို့ ကြွယ်ဝသူတို့သည် သူ၏ ဆယ်သက်မျှ သုံးမကုန်ဖြုန်းမကုန် တစ်ဆွေလုံးတစ်မျိုး လုံး စားမကုန်သောက်မကုန် အလွန် ကြွယ်ဝနေကြ၏။

ဤသို့သောကြွယ်ဝမှုကို ထောက် ဆ၍ ထိုပုဂ္ဂိုလ်တို့မည်မျှရယူနိုင်ခဲ့သည် ကို သိရှိနိုင်သကဲ့သို့ ထိုသို့ရယူနိုင်ခဲ့ပုံကို တစ်ဖန်သုံးသပ်၍ ထိုသူ၌ မည်မျှလိုချင် မှု(လောဘ)ရှိသည်ကို သိရှိနိုင်ပါသည်။ အချို့သောပုဂ္ဂိုလ်တို့သည် မိမိတို့လိုချင် သော အတိုင်းအတာတစ်ခုအထိ ရရှိပိုင် ဆိုင်လျှင် ရယူမှုကိုရပ်တန့်၍ လိုချင်မှုကို အပြီးသတ်ကြ၏။ အချို့သောပုဂ္ဂိုလ်မျိုး ကား 'ရလေလိုလေအိုတစ္ဆေ' ဖြစ်နေကြ

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ လိုတိုင်းယူ၊ ယူတိုင်းရ၊ ရတိုင်းလို နေခြင်း၊ သူ၏ ရယူမှုကို လည်းကောင်း၊ လိုချင်မှုကို လည်းကောင်း ခေါင်းပါး အောင်ကျင့်ခြင်းငှာ ဝန်လေးနေကြ၏။ သို့သော် တစ်ခါတစ်ရံ၌မူ လိုချင်မှုနည်း သောသူတို့ကိုလည်း တွေ့ရှိရပြန်သည်။ ဤပြင်တဝ လိုချင်မှုကို ဆန့်ကျင်လျက် ရယူမှုကို စွန့်ပယ်သော ပုဂ္ဂိုလ်အချို့ကို လည်း ရှားပါးစွာ တွေ့နိုင်ပါသေးသည်။ သို့သော် ပုဂ္ဂိုလ်အများစုကား ကြွယ်ဝမှု အတွက် လောဘကြီးကြသည်သာ။

သို့သော်လည်း သတိတရားဖြင့် အသိပွားကြည့်မယ်ဆိုလျှင် ၎င်းကြွယ်ဝမှု ဟူသည် မိမိတို့အတွက် အမှန်တကယ် ချမ်းသာခြင်းကိုရရှိပါသနည်း ဟူသော မေးခွန်းတစ်ခုက အထင်းသားပေါ်လာ သည်။

❐

အရေအတွက်အနန္တ များပြားလှ သော သတ္တဝါတို့ထဲက် အရေအတွက် နည်းလွန်းလှသော လူဘဝသည် ရခဲလှ သေးသည်။ လူဘဝရဖို့ရာ အတိတ်ဘဝက ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ရပေလိမ့်မည်။ အကယ်၍များ အတိတ်ဘဝ၌ ကုသိုလ် နည်းခဲ့လျှင်ကား လူဘဝကိုမရ၊ လူဘဝ ဆက်နိုင်ကျသော အပါယ်ဘုံသို့သာ ကျ ရောက်ရဖွယ်ရှိ၏။ ထို့အပြင် လူဘဝနှင့် တန်းသည်ထက် ကုသိုလ်များသွားလျှင် လည်း လူဘဝကိုမရ၊ လူဘုံထက်မြင့် သော နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့သာ ရောက်ရှိသွားကြမည် ဖြစ်ပါသည်။ ကုသိုလ်အနည်း၊ အများ ခွဲခြမ်းစိစစ်ရာ မျက်နှာသူများအဖို့ လူဘဝကို ရရှိဖို့ မလွယ်ကူလှချေ။ ထို့ကြောင့်လည်း လူ ဘဝသို့ ရောက်လာကြသူများသည် ကြာရှည်ထဲမှ အခြားသတ္တဝါတို့ထက် အရေအတွက်အားဖြင့် အလွန်နည်းပါး သည်။ ဤအတွက် လူဘဝသည် ရခဲ လှ ဘုရားရှင်ဟောကြားတော်မူခဲ့၏။

ထိုသို့ ရခဲသော လူဘဝတွင် ကြွယ်ဝမှုနှင့်အတူ ချမ်းသာခြင်းကိုပါ ရသော လူဖြစ်ကျိုးနပ်ကြပေလိမ့်မည်။ ချမ်းသာစွာပေါများကြွယ်ဝနေပါလျက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာ ခြင်းမရှိပါမူ အဘယ်မှာ လူဖြစ်ရကျိုး နပ်ပါမည်နည်း။ ထို့ကြောင့် ကြွယ်ဝမှု ရအောင် ချမ်းသာခြင်းကိုပါ ရယူနိုင်ပါ ကောင်းမြတ်သောရလဒ်များနှင့် ပြည့်စုံစေမည် ဖြစ်ပါသည်။

ပုထုဇဉ်တို့အဖို့ရာ ကြွယ်ဝမှု အတွက် ရယူရန် နည်းလမ်းမျိုးစုံဖြင့် စီးပွားရှာတတ်ကြသော်လည်း ချမ်းသာမှု အတွက်ကိုမူ ရေရာသေချာသောနည်း လမ်းကို တွေ့ရှိနိုင်ခဲလှ၏။ အသောက် အစား၊ အပျော်အပါး၊ ပွဲလမ်းသဘင် သွားရုံဖြင့် စိတ်ချမ်းသာမှုကိုရလိမ့်မည် ဟု ထင်မှတ်ကာ ရေလိုက်လွှဲနေကြလေ သည်။ ထို့ကြောင့် ချမ်းသာမှုအစစ်အမှန် ကို မရကြဘဲ အပျော်အပါးဖြင့် ပင်ပန်း နွမ်းနယ်လျက် အကျင့်စရိုက်များပျက်စီး ကုန်ကြ၏။ နောက်ဆုံးတွင် ဒုစရိုက်မှု များကိုပါပြုမိကြရာမှ အကုသိုလ်ပွားကာ စိတ်ချမ်းသာမှုနှင့် ဝိုးတဝါးဝေးသွားတော့ သည်။

တကယ်တော့ စိတ်ချမ်းသာခြင်း ဆိုသည်မှာ လောဘ စသောကိလေသာ တို့မှ ကင်းစင်ခြင်းကိုဆိုလိုကြောင်း ဗုဒ္ဓ ဒေသနာတော်လာရှိပါသည်။ မှန်ပေ၏။ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ . စိတ်အညစ်အကြေးများ စင်ကြယ်မှသာ စိတ်ချမ်းသာခြင်းသည် ဧကန်ရရှိခံစားရမည် ဖြစ်သည်။ စိတ် ချမ်းသာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်ညစ်မှုဆိုသည်မှာ ကိလေသာကြောင့် ညစ်ရခြင်း ဖြစ်သည်။ ကိလေသာမညစ် ညမ်းပါက စိတ်သည်လည်း ဖြူစင်သန့် ရှင်းလာမည်ဖြစ်သည်။ ဖြူစင်သန့်ရှင်း သောစိတ်ရှိသူသာလျှင် စိတ်ချမ်းသာ ခြင်း အနှစ်သာရကို ဧကန်ခံစားရမည် ဖြစ်သည်။ ထို့ကြောင့် စိတ်ချမ်းသာလို သူတိုင်းအတွက် စိတ်ကို ဖြူစင်သန့်ရှင်း အောင် လျှော်ဖွပ်ဖို့လိုသည်။ သို့ဆိုမူ မည်သို့လျှော်ဖွပ်ရမည်နည်း။

စိတ်သည် ပကတိအဝတ်အထည် တို့ကဲ့သို့ ရေ၊ ဆပ်ပြာတို့ဖြင့် လျှော်ဖွပ် ၍ ရကောင်းသောရုပ်ဝတ္ထုမျိုး မဟုတ် ပေ။ စိတ်ဟူသည် အမာခံအထည်ကိုယ် မရှိသောအာရုံကိုသိတတ်သည့်သဘော မျှသာ ဖြစ်သည်။ အရောင်အဆင်း တည်းဟူသော မြင်အပ်သည့်အာရုံကို သိတတ်သည်မှာ စိတ်ဖြစ်သည်။ အသံ တည်းဟူသော ကြားအပ်သည့်အာရုံကို သိတတ်သည်မှာ စိတ်ဖြစ်သည်။ အနံ့၊ အရသာ၊ အထိအတွေ့ စသော အာရုံ တို့ကို သိတတ်သည်မှာ စိတ်ဖြစ်သည်။ အမှန်တကယ်ပင် စိတ်သည် သိရုံသိ တတ်သည့်သဘောမျှသာရှိသည်။ထို့ပြင် စိတ်၏ ပင်ကိုသဘောသည် ဖြူစင်ရုံး စင်းလှပေသည်။ သို့သော် ၎င်းစိတ်နှင့် တစ်ထပ်တည်းတည်ရှိနေသည့် စေတ သိက်ဟူသောစိတ်ကိုစေ့ဆော်တိုက်တွန်း တတ်သည့် နာမ်တရားအစုကြောင့် စိတ်သည် ညစ်ညမ်းလာရ၏။ လောဘ၊ ဒေါသ၊ မောဟ စသည်တို့သည် စေတ သိက်များဖြစ်ကြ၏။ ၎င်းစေတသိက် များက စိတ်ကိုစေ့ဆော်တိုက်တွန်းလိုက် သောအခါ စိတ်သည် လောဘနှင့်ယှဉ် လျှင် လောဘစိတ်ဖြစ်သွားရ၏။ ဒေါသ နှင့်ယှဉ်သော် ဒေါသစိတ်၊ မောဟနှင့်ယှဉ် သော် မောဟစိတ်များဖြစ်သွားကာ ညစ် ညမ်းရတော့သည်။ လောဘစိတ်၊ဒေါသ စိတ် စသော ကိလေသာစိတ်များဖြစ် တိုင်း မိမိ၌ စိတ်ညစ်မှုဖြစ်ရသောကြောင့် တစ်ဖက်တွင် မိမိတို့ ရသင့်ရထိုက်သော စိတ်ချမ်းသာမှုများ လက်လွှတ်ဆုံးရှုံးရ တော့သည်။

ဘုရားရှင် ထုတ်ဖော် ဟောပြ တော်မူခဲ့သော ကိလေသာ (၁၀) ပါးကို ကြားနာသုံးသပ်ရုံမျှဖြင့် မိမိတို့၌ မည်မျှ စိတ်ညစ်ရလျက် မည်မျှစိတ်ချမ်းသာမှု တို့ ဆုံးရှုံးနေရသည်ကို အလွယ်တကူ သိနိုင်၏။

ကိလေသာ (၁၀) ပါး

လောဘ တည်းဟူသော လိုချင် စိတ်ဖိစီးမှုကြောင့် ရယူရန်ကြံစည်အား ထုတ်နေမှုဖြင့်သာ တစ်နေ့တစ်နေ့ စိတ် ပင်ပန်းနေကြရသည်။ မိမိတောင့်တ တိုင်း ဖြစ်မလာပြန်လျှင်လည်း ဒေါသ စိတ်ကလွှမ်းမိုးကာ စိတ်များရုန်ရင်း ကြမ်းတမ်းကုန်၏။ တွေဝေသောမောဟ စိတ်ကြောင့် စိတ်သည် ကြည်လင်ခြင်း မရှိ။ မာနစိတ်၏ ထောင်လွှားမော်ကြွား မှုကြောင့် အရာရာကို အလေးမထားမိ တော့ချေ။ ဒိဋ္ဌိကြောင့် အယူအဆမှား များကိုသာ မိမိ၏ နှလုံးအိမ်၌ သိုမှီး ထားတတ်သဖြင့် နှလုံးအိမ်သည် လေး လံနေ၏။ ဝိစိကိစ္ဆာကိလေသာကြောင့် အမှား၊ အမှန်ခွဲခြားမရဖြစ်ကာ သံသယ ပွားနေရသဖြင့် စိတ်များအစဉ်ရှုပ်ထွေး နေရ၏။ ထိနမိဒ္ဓဟူသော အိပ်ချင်ငိုက် မျဉ်းသောစိတ်ကြောင့် မိမိတို့၏ဘဝင်၌ လန်းဆန်းပေါ့ပါးခြင်းမရှိ ဖြစ်နေရသည်။ ဥဒ္ဓစ္စဟူသော ပျံ့လွင့်တတ်သည့် ကိလေ သာကြောင့် မိမိတို့စိတ်များတည်ငြိမ် အေးချမ်းမှုမရှိဖြစ်နေရ၏။ အရှက်မရှိ ခြင်းအဟိရိကကိလေသာကြောင့်လည်း ကောင်း၊အနောတ္တပ္ပဟူသောအကုသိုလ် ၌ အကြောက်မရှိခြင်းကြောင့် လည်း ကောင်း မိမိတို့၏စိတ်သည် အထိန်း အကွပ်မရှိတော့ဘဲ အကုသိုလ်အစရှိသော

www.burmeseclassic.com

www.burmeseclassic.com

နှင့်သာ ပျော်မွေ့နေမိတော့သည်။ ဤသည်ကား ကိလေသာ (၁၀) ပါးကြောင့် စိတ်ညစ်ညမ်းရုပ်အကျဉ်းမျှ ဖြစ်သည်။

အကယ်၍သာ မိမိတို့သည် အထက်ပါ ကိလေသာ (၁၀) ပါးကို လျော့ပါးချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်နိုင်မည်ဆိုပါက အနည်းနှင့်အများ စိတ်ချမ်းသာမှုကို ရရှိကြမည် ဖြစ်သည်။ ဘုရားရှင်သည် ထိုသို့ ကိလေသာလျော့ပါးချုပ်ငြိမ်း၍ စိတ်ချမ်းသာမှုအပြည့် အဝရရှိရန် လုပ်ငန်းစဉ် (၃) ခုကို ချမှတ်တော်မူခဲ့ပါသည်။ ၎င်းလုပ်ငန်းစဉ် (၃)ခုကား ဒါန၊ သီလ၊ ဘာဝနာတို့ ဖြစ်သည်။

ဒါနသည် ပေးကမ်းလှူဒါန်းခြင်း ဖြစ်၍ အဓိကအားဖြင့် ပေးလှူလိုသော စေတနာကိုအခြေခံရ၏။ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ပစ္စည်းနှင့် အလှူပေးပုဂ္ဂိုလ် တည်းဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံရ၏။ ထို့ပြင် ဒါနပြုရာတွင် ယုံကြည်မှု သဒ္ဓါတရားမှန်ကန်ရန်လည်း အရေးကြီးလှ၏။ ရတနာသုံးပါးနှင့်တကွ ကံ၊ ကံ၏ အကျိုးကို ယုံကြည်လျက် လှူဒါန်းနိုင်မှသာ စစ်မှန်သောဒါန ဖြစ်၏။ ဒါနသည် လောဘ စသော ကိလေသာတို့ကို ငြိမ်းအေးစေ၏။ လိုချင်မှု၊ ရယူမှုတို့ကို အလွန်အမင်းမဖြစ်အောင် တားမြစ်ပေးတတ်၏။ သီလနှင့်တကွယှဉ်၍ လှူဒါန်းပါက ဒေါသ စသော ကိလေသာတို့ကို ငြိမ်းအေးစေတတ်၏။ အလှူခံပုဂ္ဂိုလ်လည်းမမြဲ၊ လှူဖွယ်ပစ္စည်းလည်းမမြဲ၊ အလှူပေးပုဂ္ဂိုလ်လည်းမမြဲ ဟူ၍ တရားရှုမှတ်ပွားများရင်း လှူဒါန်းသော် ဘာဝနာကုသိုလ်ပါဖြစ်၍ မဂ်တရား၊ ဖိုလ်တရားတို့ကိုရရှိနိုင်၏။ ဒါနသည် အဓိကအားဖြင့် လောဘိချမ်းသာကို ပေးစွမ်းနိုင်၏။ အကျိုးပေးလာပါက ဆင်းရဲပင်ပန်းစွာ ရှာဖွေရခြင်းမရှိဘဲ ပြည့်စုံကြွယ်ဝတတ်၏။ ဒါနဟူသည် အလွယ်ကူဆုံးရယူနိုင်သော ကုသိုလ်ကောင်းမှုမျိုး ဖြစ်သည်။

ထို့ကြောင့် အမှန်တကယ်ကြွယ်ဝလိုသူသည် ဒါနကို မမေ့သင့်ပေ။ သာမန်ဝိရိယဖြင့် ရရှိသည့် ကြွယ်ဝမှုထက် ဒါနနှင့်ယှဉ်၍ရသော ကြွယ်ဝမှုက ပို၍မြင့်မြတ်ပေ၏။

ဘုရားရှင်ချမှတ်ခဲ့သော လမ်းစဉ် (၃) ရပ်တွင် သီလသည်လည်း အလွန်အရေးကြီးလှ၏။ သီလမစင်ကြယ်ဘဲ ကုသိုလ်ပြုပါက အကျိုးပေးညံ့တတ်၏။ လက်ရှိဘဝတွင် ဂုဏ်သိက္ခာအတွက် သီလကိုစောင့်ကြရ၏။ သီလမဲ့သူသည်

ဂုဏ်သိက္ခာညိုးနွမ်းသူဖြစ်သည်။ ထို့ပြင် သီလသည် ကြွယ်ဝမှုကိုဖြစ်စေလျက် ထူးခြားသည်မှာ ၎င်းကြွယ်ဝမှုသည် အသက်ထက်ဆုံး ခိုင်မြဲစေတတ်၏။ သီလမဲ့သော ဒါနအကျိုးပေးသည် တည်တံ့ခိုင်မြဲမရှိ။ ရန်သူမျိုးငါးပါးတို့က အလွယ်တကူ ဖျက်ဆီးတတ်၏။ သီလ အကျိုးပေးသန့်သူကား မိမိ၏ ကြွယ်ဝမှုကို မည်သည့်ရန်သူမျှမဖျက်စီးနိုင်။ မိမိမပေးဘဲ မည်သူမျှလုယက်ခိုးငင်မပြုနိုင်။ မိမိပိုင်ဆိုင်သမျှ ကြွယ်ဝမှုတို့သည် သီလတန်ခိုးကြောင့် မိမိထံပါး၌သာ ထာဝစဉ် တည်တံ့ခိုင်မြဲစေ၏။ ထို့ပြင်တဝ သီလသည် ဘုန်းတန်ခိုးကိုကြီးစေ၏။ အများအပေါ် ဩဇာအာဏာပျံ့နှံ့စေ၏။ သီလသည် ဒေါသ စသော ကိလေသာမျိုးကို ချိုးနှိမ်တတ်ပေရာ သီလရှိသူသည် ခက်ထန်သော ကာယကံ၊ ဝစီကံတို့မှ လွတ်မြောက်တတ်သဖြင့် ငြိမ်းအေးချမ်းသာမှုကို ရစေ၏။

ထို့ကြောင့် မိမိ၏ ကြွယ်ဝမှုကို ခိုင်မြဲစေလိုလျှင် သီလကို မမေ့သင့်ပေ။ သီလရှိသော ကြွယ်ဝမှုသည်သာ ဂုဏ်သိက္ခာကို ကြီးမြင့်စေလျက် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံစေမည် ဖြစ်သည်။

ထို့ပြင် ဘာဝနာရှုပွားခြင်းသည်လည်း လူသားတို့အဖို့ မပြုမဖြစ်သော အဖိုးတန်ကုသိုလ်လုပ်ငန်းကြီးတစ်ရပ် ဖြစ်သည်။ ဘာဝနာဟူသည် ခန္ဓာငါးပါး (သို့) ရုပ်၊ နာမ်နှစ်ပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသောမမြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရသော သဘောတို့ဖြစ်သည့် လက္ခဏာရေးသုံးပါးထင်ပြောက်လာအောင်အကြိမ်ကြိမ်ရှုပွားအားထုတ်ရသောကျင့်ကြံမှုတစ်မျိုး ဖြစ်သည်။ တစ်နည်းအားဖြင့် ကိလေသာစိတ်အညစ်အကြေးများကိုလျော့ပျောက်ပျက်သန့်စင်ရသော အကျင့်တရား ဖြစ်သည်။ ဘာဝနာပွားများ အားထုတ်ခြင်းသည် လောကီကြွယ်ဝမှုထက် လောကုတ္တရာကြွယ်ဝရေးအတွက် ကြိုးပမ်းခြင်းသာ ဖြစ်သည်။ လောကီကြွယ်ဝမှုဟူသည် ရုပ်ဝတ္ထုပစ္စည်းများပေါများခြင်း ဖြစ်သည်။ လောကုတ္တရာကြွယ်ဝမှုသည်ကား ရုပ်ဝတ္ထုပစ္စည်းများ မဟုတ်တော့ချေ။ တရားဓမ္မနှင့်ယှဉ်သော ဉာဏ်ပညာများ ရရှိပိုင်ဆိုင်ခြင်းသည်သာ လောကုတ္တရာကြွယ်ဝမှုဖြစ်သည်။

လောကုတ္တရာကြွယ်ဝမှု၏ထူးခြားချက်မှာ ချမ်းသာအစစ်အမှန်ကို ရရှိနိုင်ခြင်းပင် ဖြစ်သည်။ လောကီကြွယ်ဝမှုသည် ဒုက္ခသုက္ခများရောနှောနေတတ်ရာ စိတ်ချမ်းသာသည်လည်းရှိ၍ စိတ်ဆင်းရဲရသည်လည်းရှိ၏။ လောကုတ္တရာကြွယ်ဝမှု၌ကား ကိလေသာကို သတ်ပြီးဖြစ်သောကြောင့် စိတ်ဆင်းရဲခြင်းဟူသည် မရှိတော့ချေ။ ထို့ပြင် လောကီကြွယ်ဝမှုသည် အသုံးမချတတ်ပါက အပါယ်ငရဲသို့ပင် ကျရောက်နိုင်ပါသော်လည်း လောကုတ္တရာကြွယ်ဝမှု၏ အသီးအပွင့်ကား ကိုန်းသေ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်ရရမြဲဖြစ်သည်။ ထို့ထက်ကွဲပြားသည်မှာ လောကီကြွယ်ဝမှုသည် တည်တံ့ခိုင်မြဲခြင်းမရှိ။ နောက်ဆုံး ပျက်စီးရသည်သာ။ လောကုတ္တရာကြွယ်ဝမှုကား ရရှိထားသော် သောတာပတ္တိမဂ် . . . စသောဉာဏ်ပညာများသည် ဘယ်ဘဝရောက်ရောက် ပျက်စီးတိမ်ကောသွားခြင်းမရှိဘဲ နိဗ္ဗာန်အထိ အဆင့်ဆင့် တိုးပွားသွားစေ၏။

ထို့ကြောင့် ရရန်ခက်ခဲလှသော လူဘဝလေးရလာခိုက် မတည်မြဲသော ကြွယ်ဝမှုများနောက်တကောက်ကောက် လိုက်ရင်း အချိန်နှင့် အခွင့်အလမ်းများကို မဖြုန်းတီးသင့်ပေ။ ရလာသော လူဘဝ၊ ကြုံလာသောသာသနာနှင့် ထိုက်တန်စွာ လောကီကုသိုလ်များဖြင့် လမ်းဆုံးမနေဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကြွယ်ဝရေးအတွက် လောကုတ္တရာကုသိုလ်များဖြင့် သန္တိသုခ တည်းဟူသော အေးငြိမ်းရာအမှန် ချမ်းသာရာအစစ်ကို ရယူပိုင်ဆိုင်နိုင်ကြပါစေကြောင်း သတိကောင်းလက်ဆောင်ပေးငှလိုက်ရပါသည်။

ဗျာပုံတင်နိုင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်ပွင့်တော်မူပြီး ကိုယ်တော်မြတ်ကြီး၏ ဦးခေါင်းတော်မှ အလွန် ထူးကဲမွန်မြတ်သော ဆံတော်မြတ်များကို လယ်ယာလက်ဖြင့် သုံးသပ်ပြီး ပေးသနားခဲ့လေသည်။ ရွှေတိဂုံစေတီတော်ကြီးကို လူသိများ ဖူးမြော်ကြသလို ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်မြတ်ကိုလည်း လူသိများ ဖူးမြော်ကြပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်၍ ဆံတော်များ ပေးသနားခဲ့သော ဆကေသဝင်ဆံတော်ခြောက်ဆူကို ရသေ့အကျော်အမော် ခြောက်ပါးက အားတစ်ပါး တစ်ဆူစီ ခံုးမြှင့်အမွေးခဲ့ပါသည်။

၁။ ဂန္ဓာဂီရီ (ဇင်းကျီကတောင်) နေ တိဿကုမာရရသေ့၊
၂။ ဗန္ဓဝဂီရီ (ဒွဲကပင်တောင်) နေ သီဟကုမာရရသေ့၊
၃။ ဒိုးခလွန်(ကေလာသတောင်)နေ တိလရသေ့၊
၄။ သီရိပဗ္ဗတ(ကုသိနာရုံတောင်) နေ ဒိဗ္ဗစက္ခုဘာယရသေ့၊
၅။ ဒိုးကမော့ကတွဲဂလိုင်(ကျိုက်ထီးရိုးတောင်)နေ ဗုဒ္ဓဉာဏရသေ့၊
၆။ နာဂပဗ္ဗတ(မဲလံတောင်)နေ မဲလံရသေ့။

ထိုရသေ့ကြီးခြောက်ပါးတို့သည် မိမိတို့ရရှိထားသော ဆံတော်များကို မိမိတို့သီတင်းသုံးရာတောင်ထွတ်များပေါ်၌ သာရီရိုက(ဓာတုစေတီ)တော်များ တည်ထားကိုးကွယ်ကြပါသည်။ ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှဖြစ်သော ဆံတော်များကို ဌာပနာသွင်း ကိုးကွယ်ထားသော စေတီများကို သာရီရိုက (ဓာတုစေတီတော်) ဟု ခေါ်ပါသည်။ ထိုစေတီခြောက်ဆူတွင် ကရင်ပြည်နယ်တွင်ရှိသော ဒွဲကပင် ဆံတော်ရှင် စေတီတော်ကို ညီတော် သီဟကုမာရရသေ့ တည်ထား ကိုးကွယ်ပြီး မွန်ပြည်နယ်တွင်ရှိသော ဇင်းကျိုက်တောင်ဆံတော်ရှင်စေတီကို နောင်တော် တိဿကုမာရရသေ့ တည်ထားကိုးကွယ်ပါသည်။ တောင်နှစ်လုံးသည် မိုင် (၃၀)

သရီရိုက သဇိဝ ဆကေသဝင်
ဆံတော်ရှင် ဒွဲကပင်စေတီတော်
ဒင်ဒင်ဝင်း(မောရာတီ)

ဆုတောင်းပြည့်စေတီတော်



ဥ(၁၁) နာရီ ဖူးရသော ဒွဲကပင်စေတီ



ဒွဲကပင်ဆံတော်ရှင်စေတီတော်

www.burmeseclassic.com

ဗြဟ္မာဘုရားကြီးအနီးကပ် နံနက်ပူတော်စဉ်

အာရုံခံတန်ဆောင်းအတွင်းမှဘုရားကြီး

နံနက် (၄) နာရီ ဆီမီး (၁၀၀၀) ပူတော်စဉ်

နံနက် (၄) နာရီ ဆီမီး (၁၀၀၀) ပူတော်စဉ်

နံနက် (၄) နာရီ ဆီမီး (၁၀၀၀) ပူတော်စဉ်

ကွာဝေးပါသည်။ ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မှာ ကားလမ်းပေါက်သွားပြီဖြစ်သည့်အတွက် ဘုရားဖူးသူများ လွယ်ကူစွာ သွားရောက် ဖူးမြော်နိုင်ပြီဖြစ်လေသည်။ ဇွဲကပင်ဆံတော်ရှင်စေတီတော်သည်ကား တက်ရောက်ရန် ခက်ခဲသော အနေအထားကြောင့် ဆံတော်စစ်စေတီတော်ကို လူတိုင်းဖူးခွင့်မရအောင်ဖြစ်နေပါသည်။ ဇွဲကပင်ဆိုသည်မှာ ရှေးကထိုတောင်ခြေမှာ သင်္ဘောများကြီးချည်နှိုင်သောတောင်ကို ကရင်ဘာသာစကားဖြင့် ခွဲကပေါင် ဇွဲကပင်ဟု ဖြစ်ပေါ်လာကြောင်း အဆိုရှိပါသည်။ ထိုဇွဲကပင်ကျောက်တောင်ကြီးသည် တောင်တက်၊ တောင်ဆင်း တစ်လမ်းလုံး စိမ့်စမ်းရေများ အလုံအလောက် ရရှိနိုင်ပါသည်။ ရှားပါးသောဆေးပင်များ၊ ဝမ်းနှုံးပင်များလည်း အလွန်ပေါများစွာပင်ပေါက်နေသည်။ ညဘက် တောင်အောက်ဖူးလျှင်

www.burmeseclassic.com

www.burmeseclassic.com

ဘာဝတီသာမှ စူဠဂမနိစေတီတော်သို့ဖူးမြော်ရန်၊

နှစ်ပြည်နယ်မှ ကရင်ပြည်နယ်သို့ ဘုရားဖူးခရီး

တန်ဆောင်းမုန်းလပြည့်နေ့အမီ ကရင်ပြည်နယ် ဘားအံမြို့သို့သွားရန် သူငယ်ချင်းနှစ်ယောက် တိုင်ပင်ထားကြသည်မှာ လွန်ခဲ့သော ခြောက်လကပင်။ အကြောင်းသုံးမျိုးအတွက် သွားရောက်ကြမှာ ဖြစ်ပါသည်။ ပထမအချက်မှာ ဘုရားသီမှရရှိနိုင်သော ရှားပါးဘုံစဉ်မြင့်မုန်းပန်းရရှိရေး၊ ဒုတိယအချက်မှာ ကရင်ပြည်နယ်၏ အမြင့်ဆုံး ကျောက်ဆောင်ကြီးပေါ်တွင် တည်ထားကိုးကွယ်သော ဆံတော်ရှင် ဇရကပင်စေတီတော်ကို ဖူးမြော်ရန်၊ တတိယအချက်ကတော့ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင်ကျင်းပမည့် ကရင်ပြည်နယ်နေ့ကို လေ့လာကြည့်ရှုရန်တို့ ဖြစ်ပါသည်။

သွားမည့်ရက်သို့ရောက်သောအခါ သူငယ်ချင်းကမသွားဖြစ်တော့ကြောင်း ပြောလာပါသည်။ ကျွန်မကအလွန်စိတ်အားထက်သန်နေသည့်အတွက် ထိုခရီးစဉ်ကိုမဖျက်ချင်။ အဖော်လိုက်စပ်သော်လည်း မည်သူမျှမလိုက်ချင်ကြပါ။ ကိုယ့်ရပ်ကိုယ့်ရွာမှာ တန်ဆောင်တိုင်မီးထွန်းပွဲများ၊ ဆွမ်းအိုးမျှောပွဲများ၊ စတုဒိသာကျေးပွဲများက မော်လမြိုင်မြို့တွင် အထူးစည်ကားလှပါသည်။ ကျွန်မ၏ စိတ်အစဉ်က တန်ဆောင်မုန်းလပြည့်နေ့တွင် ဇရကပင်ဆံတော်ရှင်စေတီတော်ကို ပူဇော်ချင်သည်။ သီလယူချင်သည်။ ဒီနှစ်အတွက် ဘုံစဉ်မြင့်ဂမုန်းပန်းကလည်းမရ၍မဖြစ်။ သူရာသီကုန်သွားလျှင် ရဖို့မလွယ်တော့ပါ။ ကရင်ပြည်နယ်နေ့မှာလည်း တွေ့စရာမိတ်ဆွေများနှင့် လေ့လာစရာလေးတွေလည်းရှိနေတာမို့ ထိုခရီးကို တစ်ဦးတည်းထွက်လာခဲ့ရပါတော့သည်။ တစ်ဦးတည်းဆိုသော်လည်း ကရင်ပြည်နယ်နှင့် ဘားအံမြို့သည် ကျွန်မနှင့်မစိမ်းပါ။ဆယ်နှစ်ကျော် ကရင်ပြည်နယ်မှာနေထိုင်ခဲ့ပြီး လူမှုဝန်ထမ်းဌာနလက်အောက်ခံဆရာမလုပ်ခဲ့သဖြင့် အသိအကျွမ်းတွေလည်းရှိပါသည်။ ခရီးလမ်းကလည်း သွားနေကျတွေမို့ အခက်အခဲမရှိနိုင်ပါ။ မော်လမြိုင် - ဘားအံကားပေါ်မှာ တင်မြိုင်ကြီးငူမှ ဆရာမလေးနှင့်တွေ့ဆုံပါသည်။ မော်လမြိုင်မှ နံနက် (၈း၃၀) ထွက်တဲ့ကားပေါ်မှာပါ။ နှစ်ယောက်တွဲထိုင်ခဲ့မှာအတူထိုင်ကြပြီး

ဘုရားကြွထဖန် မတ်ရပ်တော်မူခြားများ

www.burmeseclassic.com

ခွဲကပင်စေတီတော်ရင်ပြင်တော်

ရွှင်သီဝလိပုံတော်

နောင်တော်ကြီးစေတီတော်

ရွှင်ဥပဒုဏ္ဍပုံတော်

ခွဲကပင်တောင်ပေါ် ဒီနေ့ပဲတက်မည့် အကြောင်းပြောပြတော့ ဆရာမလေးက တောင်တက်မယ့်လမ်းကြောင်းကို ညွှန်ပြပါသည်။

"ဘားအံကိုရောက်ရင် သာမည သွားတဲ့လမ်းပေါ် မှာခလောက်နို့ရွာဘက် ကတက်ပါ။ အဲဒီလမ်းမကြီးပေါ် မှာ မြို့ကြီးငူဆရာတော်ဘုရားကြီး ပြူပြင်တည် ဆောက်ထားတဲ့လမ်းကကောင်းတယ်။ ကျွန်မတို့တွေ ဆရာတော်နဲ့အတူ လုပ်အားပေးလမ်းဖောက်ခဲ့ကြတာ"

ဆရာမလေးပြောပြချက်ကြောင့် အဲဒီဘက်ကတက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာမင်းနှင့် တောင်ပိုင်ဘိုးဘိုးကြီး

ဇွဲကပင်တောင်ပေါ်ကျောင်း

ရေသုံးကြိုးပူတော်နေဟန်



မြိုင်ကြီးဦးဆရာတော်မုခ်ဝ

ကျောက်ကလပ်ဘက်ကလည်း တက်လို့ ရပါသည်

ဇွဲကပင်တောင်တော်ကို ကျောက်
ကလပ်ဘက်ကလည်းတက်လို့ရပါသည်။
မြို့မြစ်ကူးတဲ့တားကြီးဘက်ကဖြစ်ပါ
သည်။ လမ်းကနည်းနည်းပြေပါသည်။
ရှည်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း(၄၀)
ခန့်က အဲဒီလမ်းကတက်ဖူးတာပါ။ လူမှု
ရေးဆောင်းဦးစီးဌာနမှဖွင့်လှစ်သော ကရင်
ပြည်နယ် လူမှုဝန်ထမ်းလက်အောက်ခံ
ဆရာမ(၂၂)ယောက် နွေရာသီကျောင်း
ဖွင့်ရာက ဘားအံမြို့ မူလတန်းကြီး
ကျောင်းမှာတက်ရပြီး သင်တန်းဆင်းစွဲ
ဆိုထားရေးခရီးအစီအစဉ်အဖြစ် ဇွဲက
ပင်တောင်တော်ပေါ် သို့တက်ရပါသည်။
ဆရာမကြီး ဒေါ်အေးထားကြည်၏
ဦးဆောင်မှုဖြင့်တက်ရပါသည်။ အရင်က
ဆောင်အောက်ကဖူးပြီး ပြန်လှည့်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



အောက်က တိမ်တိုက်များကြောင့် မိမိ မိုးပေါ်ရောက်နေသလို . . .

တောင်ပေါ်မှမြင်ရသော သံလွင်မြစ်ကြီးနှင့် ဘားအံမြို့



သဘာဝနှယ်ခန်းလေး

ချည်းပင်။ မိုးယံတိမ်လွှာကိုထွင်းဖောက်မတ်စောက်သော ကျောက်တောင်ကြီးကိုမော်ကြည့်ပြီး လက်လျှော့ခဲ့လေသမျှ ဒီတစ်ခါ အဖွဲ့နှင့် အားလုံးတက်ရမည်ဆိုသဖြင့် ကြောက်ကြောက်နှင့်တက်ပြီး ရောက်သွားတာပါ။ တောင်ပေါ် ရောက်ဘုရားဖူးပြီး ဇွဲကပင်ဆရာတော်က သက်သတ်လွတ်ဟင်းနှင့် ထမင်းကျွေးဟာ ယနေ့ထိမမေ့နိုင်ပါ။ မောမောဆာဆာနှင့်မြိန်ခဲ့တာရယ်၊ တာဝတီသာနတ်ပြည်ရောက်နေသလို တိမ်တိုက်တွေကကိုယ့်အောက်မှာရှိနေတာရယ်၊ ဆံတော်စစ်စေတီတော်ကို ဖူးမြော်ရတာတွေကို ခဏခဏသတိရနေမိပါသည်။ ပြန်ဆင်းတော့ လာလမ်းအတိုင်း ပြန်ဆင်းပါသည်။ တချို့က သည်ဘက်ကတက်မြီး ခလောက်နို့ဘက် မြို့ငြိကြီးဥဆရာတော်လမ်းက ပြန်ဆင်းကြပါသည်။ တောင်တက်ခရီး၊ တောင်ဆင်းခရီးကကြမ်းသမို့ နောက်တစ်ကြိမ်တက်ဖို့ အားလုံးကျောက်ကြတာ အပြစ်မဆိုသာပေ။ ကိုယ်ကလက်တွေ့ကြုံခဲ့ရတာကိုး။

ဘုံစဉ်မြင့်ဂမုန်းပန်းလေး

ဒီပန်းလေးကို ကရင်ပြည်နယ်မှာနေကတည်းက နှစ်သက်ခဲ့တာပါ။ အဲဒီတုန်းက အားလုံးသိသလို ကျောက်ခဏ်ပန်းဟုသာ သိခဲ့ပါသည်။ နှစ်စဉ် ဘုရားပန်းကပ်လှူပန်ဆင်ခဲ့ပါသည်။ တစ်ခါလောက်ခဲ့ပြီး ပုံသဏ္ဌာန်အနေအထား

www.burmeseclassic.com

www.burmeseclassic.com

ကရင်မောင်နမရွေးဟောင်းပုံ

ဘုံစဉ်မြင့်ဂမုန်းပန်း

ကရင်မောင်နမ ယခုပုံ

တောပန်းလေးများ

ကာလည်း အုံသြချစ်စရာကောင်းပါ
သည်။ ၁၉၇၂ ခုနှစ် ရန်ကုန်လူမှုဝန်ထမ်း
သင်တန်းကျောင်းကိုတက်ရတော့ တိုင်း
ရင်းပြည်နယ်(၁၄)ခုမှ သူငယ်ချင်း (၂၈)
ယောက်နှင့် ခင်မင်မိတ်ဆွေဖြစ်ကြသည်။ သင်
တန်းပြီးလို့ ကိုယ်ရပ်ဌာနိပြန်၊ စာတွေ
ရေး ပန်းခြောက်လေးတွေပို့နှင့် သူတို့
ဆီက ချယ်ရီပန်းခြောက်ကလေးများ၊
ကောင်လပ်ပန်း၊ သဇင်ပန်း စသည်တို့
ကြတော့ ကျွန်မက တို့ကရင်ပြည်နယ်
ကကောက်ခက်ပန်းလေးလို့ အမှတ်တရ
ပေးပါသည်။ သူတို့က ပန်းကလေး၊
အမှတ်ကလေးတွေက ထူးဆန်းလို့
ကြက်ကြပါသတဲ့။ အရွက်တစ်ရွက်ရဲ့
အလယ်မှာ အရိုးတံတစ်ခု နှစ်ခုထွက်ပြီး
အရိုးတံမှအရွက်ပြန်ထွက်ပါသည်။
အရွက် အရိုးများအဆင့်ဆင့်ဖြစ်ကာ ထို
အရွက်အလယ်ကောင်အရိုးနားမှကြာဖူး
ပေါ်လာအောင်အဖူးလေးထွက်ပြီး အပွင့်အဖြူ
ရောင်လေးပွင့်လာပါသည်။ အရွက်လေး

ဘုံစဉ်မြင့် ဂမုန်းပန်းတစ်ခက်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်များမှာသာပေါက်ကြောင်း ဘုံအဆင့်ဆင့်မြင့်တက်သော သိဒ္ဓိနိမိတ်ရှိကြောင်း၊ အပင်သေသွားသော်လည်း အပွင့်ကအကုန်ပွင့်သည့်ဂုဏ်ရှိကြောင်း၊ ပိုးမွှားကြွက် စသည်တို့ ဖျက်ဆီး၍မရကြောင်း၊ ဂမုန်းပေါင်းတစ်ထောင်တွင် ပါဝင်ကြောင်း သိရပါသဖြင့် နှစ်စဉ် ကရင်ပြည်နယ် ဘားအံမြို့ စေးကြီးထဲမှာ ဝယ်ယူနိုင်ကြောင်း ဂမုန်းဝါသနာရှင်များအား အသိပေးအပ်ပါသည်။ နှစ်စဉ် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ပန်းပွင့်သဖြင့် တောမှလာရောင်းကြပါသည်။

ဒွဲကပင်ဆံတော်ရှင်စေတီတော်သို့

ဘားအံကိုရောက်တော့ စေးကြီးထဲဝင်ပြီး ပန်းကိုအရင်ရှာရပါသည်။ လပြည့်၊ ပြည်နယ်နေ့တွေနှင့်ဆုံသဖြင့် တောကပန်းသည်တွေ တစ်ပတ်လောက် လာမှာမဟုတ်ဘူးဟုဆိုသဖြင့် စေးထဲမှာရှိသောပန်းများ အကုန်ဝယ်လိုက်ပါသည်။ အစီးနှစ်ဆယ်ခန့်ရပါသည်။ အင်ဖက်စိမ်းစိမ်းစိုစိုနှင့် သေချာထုပ်ပိုးပေးပါသည်။ စေးအနီးမှာရှိသော သူငယ်ချင်းသီမီးအိမ် (ခရေတပွင့်) မှာ အပ်ထားခဲ့ပြီး အဝတ်တစ်စုံ၊ စောင်၊ ဆေးဝါးလှူရန် ပစ္စည်းများထည့်ပြီး ဒွဲကပင်တောင်ပေါ် တက်မည့်အကြောင်း ပြောတော့-

"မုန်တိုင်းကြေညာထားတယ်၊ မိုးရောလေရောတဲ့။ တက်နိုင်ပါ့မလား"တဲ့။

"ဘုရားတန်ခိုးနဲ့တက်နိုင်မှာပါ"

ဟုပြောပြီး တောင်တော်ရှိရာသို့ ထွက်ခဲ့ပါသည်။ မုခဝကြီးကိုလှုပစ္စာတွေ့ရပြီး တောင်ခြေမှာ အိမ်တစ်ရာခန့်နှင့် စေးဆိုင်များရှိပါသည်။တောင်ပေါ် တက်မယ်သူတော့ တစ်ယောက်မျှမတွေ့ရပါ။

"စောစောကပဲ ဂေါပကတစ်ဖွဲ့ တက်သွားတယ်"

ဟု ပြောပြပါသည်။ အဖော်မရှိလည်း တစ်ယောက်တည်းတက်ရပေမည်။ ထိုအချိန်မှာမိုးကဖွဲရာမှသည်းလာပါသည်။ ထီးဆောင်း၍ တောင်ပေါ် စတက်လိုက်ပါသည်။ နာရီကြည့်လိုက်တော့ မွန်းလွဲ (၁) နာရီ (၁၀) မိနစ်ဖြစ်ပါသည်။ ကျောက်လှေကားကျဉ်းကျဉ်းလေးများ ဖြစ်ပါသည်။ မြင့်မောက်သည့် နေရာများမှာ စတီးလက်ရန်းများတပ်ထားပါသည်။ တောင်ပေါ် ဂဏန်းသေးများက လက်မနီနီ၊ ကိုယ်လုံးမည်းမည်း အရောင်တောက်တောက်မို့ လှုပ်နေပါ

ကလည်း ကြာရွက်လေးလို စိမ်းစိမ်းစိုစို၊ အပွင့်လေးက ဖြူဖြူဖွေးဖွေး အလွန်လှ၊ အလွန်ကြည့်ကောင်းပါသည်။ အလယ်ဝတ်ဆံအဝါရောင်နှင့်အလွန်လှပပါသည်။ ကျက်သရေရှိပါသည်။ အရွက်များနွမ်းခြောက်သွားသော်လည်း ထိပ်ဖျားအထိ တစ်ရွက်တစ်ပွင့်နှုန်း အကုန်ပွင့်ပေးပါသည်။ နောက်ပိုင်းမှာ ဂမုန်းပန်းများအကြောင်း လေ့လာတော့ ဘုံစဉ်မြင့် ဂမုန်းဖြစ်ကြောင်း၊ ကရင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com

သည်။အသံကြားလျှင် ကျောက်နံရံတွင်း ဆင်ပြေးကြသည်။ လှုပ်၍ ချစ်စရာ ကောင်းပါသည်။ လမ်းဘေး၀ါယာတော ပန်းအလှများကိုတွေ့ရ၍ အပြန်မှာဒူးမည် မှတ်ထားခဲ့ပါသည်။ ပန်း၏မွှေးရနံ့ တစ်ခုက ထူးထူးခြားခြား လေနှင့်အတူ သယ်ယူလာပါသည်။ နာရီကြည့်လိုက် တော့ (၁) နာရီ၊ (၅၀) မိနစ်။ အပေါ် ကို ဆက်ကြည့်လိုက်တော့ ရေကန်ကြီးစခန်း ဘဲ။ နားနေရန် ထိုင်ခုံကြီးသုံးခုက ကြိုဆို နေပါသည်။ တစ်ဖက်ကိုကြည့်လိုက်လျှင် ဘောင်ကမ်းပါးယံတစ်ဖက်က ချောက် ကမ်းပါးကြီး။လူသူတစ်ယောက်မျှမတွေ့။ အကြောကြီးနားနေရန်မဖြစ်။ ဆက်တက် ရသည်။ စတီးပိုက်လက်ရန်းလေးတွေ မှာ အဖြူရောင် Correction နှင့်ရေးထား သာ တွေ့လိုက်ရပါသည်။ 'မောလိုက် သာနင်နဲ့အတူဆိုဘယ်လောက်ကောင်း သိုက်မလဲ' တဲ့။ ကျွန်မလည်း မောမော နဲ့ ပြုံးလိုက်မိပါသည်။ လူငယ်လေးတွေ နေမှာပေါ့။ ကိုယ့်လိုပဲ အဖော်မပါလို့နေ မှာပေါ့ဟု တွေးလိုက်မိပါသည်။

တောင်အောက်ကို လှမ်းမျှော် ကြည့်လိုက်တော့ တောင်စဉ်အထပ်ထပ်၊ သယ်တွင်းတွေ၊ ရေအိုင်တွေကို မြူတွေ အုပ်ဆိုင်းထားပြီး မိုးဖွဲဖွဲမှာ လေသံနှင့် ဆင်မြောင်းယိမ်းထိုးနေပါသည်။ နာရီ ကြည့်လိုက်တော့ (၂)နာရီနှင့်(၂၅)မိနစ်။ ချွေးရွှဲဆို့စခန်းကိုရောက်ပြီး မိုးရောလေ သဲသဲမဲမဲရွာလာပါသည်။တောင်တက် ခရီးမှာ ထီးတစ်လက်နှင့် မလုံမခြုံ။ ရွှဲရွှဲစို နေပေပြီ။ မိုးကိုလည်းမမှု၊ ရေစိုသည်ကို လည်း ဂရုမပြုဘဲ တောင်ပေါ် ရောက် ရေးကိုသာ ဦးတည်ချက်ထားနေရပါ သည်။

'တိမ်မိုးထွတ်ခေါင် ဇွဲကပင် ဆောင်၊ ဆံတော်ရှင်မွေမြတ်ကိုယ်စား ဆက်ကို ပူဇော်ပါ၏'၊ 'ထီးဒီပန်ကျိုက်ထီး ဆောင်းဆံတော်ရှင် ငါးသုံးလီတရား ကွင်းခဲ့ သာသနာဆွေမျိုးတစ်စုကောင်း ကျော်ပြားမှာ ရေးထိုးထားသော ကျောက်စာကိုတွေ့ရပြီး ကုသိုလ်ရှင်များ ကိုးကွယ်ကြပါစေဟု ဆုမွန်ခြွေလိုက် ရပါသည်။ တောင်ထီးလေးလိုမိုးထားတဲ့ ဆံလေးလုံးအုတ်ခုံလေးနှင့်ကျောက်စက် ကွက်ခွေထီးလေးအောက်မှာ ခေတ္တထိုင် ကာ အမောဖြေလိုက်ရပါသည်။ ကွန်က ရစ်မင်္ဂုံးလေးကားထစ်လေးကိုဆက် တက်ရင်း စတီးပိုက်လက်ရန်းလေးအား ကိုင်ခွဲတက်ရပါသည်။ အပေါ် ကိုမျှော် ကြည့်လိုက်လျှင် မတ်မတ်ထောင်နေ သော လှေကားလေးတွေက အစီအရီ တစ်ဆင့်ပြီးတစ်ဆင့်နှင့် နာရီကြည့်လိုက် တော့ (၂) နာရီ၊ (၅၀) မိနစ်။ 'ကရမက်' စခန်းတဲ့။ စတီးလက်ရန်းလေးမှာ ရေး ထား မှတ်တမ်းပြုထားတာ 'အားတင်း ထား'တဲ့။ 'အားတင်းထားပါ သူငယ်ချင်း တို့'တဲ့။ ဩော် - အဖော်တွေနှင့်တက်တဲ့ သူတွေမှာတော့ အားပေးဖေးကူကြမှာ မြင်ယောင်မိပါရဲ့ဟုတွေးလိုက်မိပါသည်။ လူငယ်လေးတွေတောင် တော်တော်ပင် ပန်းနေကြပုံပါပဲ။ ကိုယ်တိုင်လည်း တော် တော်ပင်ပန်းနေပါပြီ။ ဟိုးအဝေးကအုတ် လှေကားလေးတွေအစီအရီကိုမျှော်ကြည့် ရင်း ဆက်တက်ရပြန်ပါပြီ။ (၃) နာရီ (၁၅)မိနစ်မှာ 'ကြိုးစားထားနော်'ဆိုတဲ့ စာလေးကိုဖတ်ပြီး အားပြန်တက်ရပါ သည်။ ဘေး၀ဲ၊ ယာစောင်စောင်းပေါ် မှာ အဆောက်အအုံတစ်ခုစီတွေ့ရပါ သည်။ သော့ခတ်ထားပါသည်။ ခေတ္တ ဝင်နားရပါသည်။ နွယ်ပင်စခန်း၊ စိုင်တ မော့၊ ဘဝသံသရာစခန်း၊ ကရမက်စခန်း တို့ကို အားတင်းပြီး တက်ခဲ့ရပါသည်။ ဘေးမှာ နွယ်ပင်လေးရဲ့သဘာ၀နွယ်ဒန်း လေးကလည်း စီးချင်စရာ။ ဒါပေမယ့် တောထောင်ထဲမစီးဝံ့ပါ။ 'ကြိုးစားထား' 'ဇွဲမလျှော့နဲ့ရောက်တော့မယ်' 'ပင်ပန်းသူ များ အမောပြေပါစေ'စ တဲ့ စာလုံးဖြူဖြူ လှလှလေးတွေကို အဖော်ပြုသွားရပါ ၏။ တောထောင်ကြီးထဲမှာ တစ်ယောက် တည်းမို့ မေတ္တာသုတ်ကို ဆက်တိုက်ရွတ် သွားရပါသည်။ မိုးရေတွေလည်း ရွှဲရွှဲစို နေလေပြီ။ ဆံတော်ရှင်ဘုရားကို ဖူးချင် လွန်းလှသော ဆန္ဒဇွဲကြောင့် (၄) နာရီ၊ မိနစ် (၄၀) မှာ တောင်ပေါ် ဘုရားမုခ်ဝ မှာ စုံရပ်မိပါတော့၏။ တောင်အောက် မှ တောင်ပေါ် အထိ (၃) နာရီ (၃၀)မိနစ် တိတိတက်လိုက်ရပါသည်။ လူက အဲဒီ နေရာမှာတင် ပုံကျခွေယိုင်လဲမတတ်ဖြစ် နေပါပြီ။

"ရောက်ပြီ အန်တီ"

အပေါ် မှာရှိသော မိန်းကလေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောလာပါ သဖြင့် ပုံပျက်ခွေယိုင်နေမှုကို ပြန်ထိန်း လိုက်ရပါသည်။ ဆရာတော်တစ်ပါးက နားနေရန် နေရာချပေးပါသည်။ စိုနေ သောအဝတ်ကိုလဲရန် ပါလာသောအဝတ် တစ်စုံကလည်း တစ်ဝက်စိုနေပေပြီ။ တစ်ဝက်စိုအဝတ်ကို လဲဝတ်လိုက်ပြီး သက်သတ်လွတ်နှင့်ထမင်းကျွေးတာစား ရပါသည်။ မောမောနှင့် အလွန်မြိန်ပါ သည်။ ဇွဲကပင်ဆံတော်ရှင်စေတီကို အမြန်ဖူးလိုက်ပြီး ဆေးလိမ်း၊ ဆေး သောက်နှင့် ခိုက်ခိုက်တုန်လှုပ်သဖြင့် ပါ လာသောစောင်၊ ဇွဲကပင်ကျောင်းက ထုတ်ပေးသော ဂွမ်းစောင်ဖြင့် ခေါင်းမြီး ခြုံလိုက်ရပါသည်။ တုန်တုန်ချမ်းချမ်း အဖျားတက်သလိုဖြစ်ပြီး အိပ်မျော်သွား လိုက်သည်မှာ လုံစွဲ၏ဘုရား၀တ်ပြုသံ ကြားလိုက်မှ လန့်နိုးလာရပါသည်။ နာရီ ကြည့်လိုက်တော့ ည (၉) နာရီ။ ဘုရား စုပေါင်း၀တ်ပြုရာသို့ သွားရောက် ပါ၀င် ၀တ်ပြုလိုက်ရပါသည်။

မိုးရောလေပါသဲသဲမဲမဲမို့ အာရုံခံ တန်ဆောင်းအတွင်းမှာ ၀တ်ပြုကြရပါ သည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက် (၄) နာရီတွင် ဇွဲကပင်ဆံတော်ရှင်စေတီ တော်မြတ်နှင့် တောင်ထွတ်ပေါ် ရှိဘုရား စေတီများအား ဆီမီးတစ်ထောင်၊ ပန်း ဆွမ်းသစ်သီးတို့ ကပ်လှူပူဇော်ရန်နှင့် ကထိန်သင်္ကန်းကပ်လှူရန် ဂေါပကအဖွဲ့ နှင့် အလှူရှင်များ (၂၀) ကျော်လောက် ရှိပါသည်။ အားလုံးပြီးသွားသောအခါ မောင်းကြီးထု၍ အမျှပေးဝေကြပါသည်။

အားလုံး ပြန်သွားကြသောအခါ ကျွန်မ တစ်ဦးတည်း ပရိတ်ကြီး (၁၁) သုတ်၊ ပဌာန်းပါဠိတော်နှင့် ဘုရားဂုဏ် တော်များကို ရွတ်ဖတ်ပူဇော်ပါသည်။ တန်ဆောင်မုန်းလပြည့်၏ပြည့်ဝန်းသော လမင်းကြီးက ဇွဲကပင်ဆံတော်ရှင်စေတီ တော်၏ထီးတော်နားတွင်ရောက်နေပေ ပြီ။ ဆံတော်ရှင်ကို လမင်းကြီးက ပူဇော် နေသယောင်ယောင်။ မာတ်ပုံရိုက်၍ ပူဇော်လိုက်သော်လည်း လမင်းကြီးက တိမ်ဖုံးသွားပြန်လေသည်။ နံနက် လေး နာရီထ၍ ပူဇော်ရဦးမည်မို့ နားနေရာသို့ ပြန်ခဲ့ရပါတော့သည်။

တန်ဆောင်မုန်းလပြည့်နေ့နံနက်အရုဏ်မှာ

တန်ဆောင်မုန်းလ ဟူသည် အမိုက်မှောင်ကို ဆီမီးတိုင်တို့ဖြင့် ခြယ်မှုန်း တောက်ပစေသောလ ဟူ၍ အဓိပ္ပာယ်ရသည်နှင့်အညီ မီးထွန်းပွဲများ၊ ကုသိုလ်ကောင်းမှုအမျိုးမျိုး၊ ပျော်ရွှင်ပွဲ အစုံစုံတို့ဖြင့် ကြည်နူးစရာကောင်းသော အခါသမယဖြစ်ပါသည်။ နံနက်အရုဏ် (၄)နာရီမှစ၍ ဆံတော်ရှင် ဇွဲကပင်စေတီ တော်နှင့် စေတီဘုရားအားလုံးတို့အား တောင် ပေါ် ဇွဲကပင်ကျောင်းဆရာတော် များ၊ ဧေါပကလူကြီးများ၊ အလှူရှင်များ စုပေါင်းပူဇော်ကြပါသည်။ ဆီမီးတစ် ထောင်၊ အသီးတစ်ထောင် ဆွမ်းမန်းစေ

www.burmeseclassic.com

www.burmeseclassic.com

ချမ်းကပ်လှူပူဇော်ကြပါသည်။ မိုးရော လေပါမပြတ်သဖြင့် အာရုံခံတန်ဆောင်း အတွင်းမှ ကပ်လှူပူဇော်ကြပါသည်။ တက်ရောက်ရန် ခက်ခဲသဖြင့် လူတိုင်း မရောက်နိုင်သော ဆံတော်စစ် ဇွဲကပင် ဘုရားတော်တွင် ထိုပူဇော်ပွဲနှင့်ကြုံဆုံကုသိုလ်ပြုနိုင်သည်မှာ ကံကောင်းလေစွတဲ့ ပီတိဖြစ်ရလေသည်။ ကြက်သီးမွေးညင်းထဖွယ် ပီတိအဟုန်နှင့်အတူ တောင်ပေါ် ဇွဲကပင်ကျောင်းဆရာတော် တိုင်ပေးသော ပူဇော်ဆက်ကပ်သော တရားတော်များကိုလိုက်ဆိုရင်း ကုသိုလ်ပြုခဲ့ရပါသည်။ မှိုင်းမိုက်မှောင်နေသေးသောအာရုံမှာ ဖယောင်းတိုင်မီးတို့၏ အလင်းရောင်က ထိန်ထိန်လင်းနေပါသည်။မြတ်စွာဘုရားသက်တော်ထင်ရှားခန္ဓာကိုယ်မဖြစ်သော ဆံတော်စစ်ကို ဌာပနာသွင်း၍တည်ထားသောစေတီဖြစ်သဖြင့် ဘုရားသာသနာနှင့်အတူ သက်တမ်းရှည် ရှေ့ဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်ပါသည်။ 'သဇိဝ'ဟူသည်မှာ ဘုရားရှင် သက်တော်ထင်ရှားရှိသည့်အလားသို့ ဤဆံတော် သာသနာတွင် ကြုံကြိုက်၍ တရားရ ကျွတ်တမ်းဝင်ကြစေရန် ဘုရားရှင် ဗျာဒိတ်တော်ထားပေးသနားတော်မူခဲ့ပါသည်။

ဇွဲကပင်တောင်ပေါ် ကထိန်သင်္ကန်းကပ်လှူပွဲ

ဇွဲကပင်တောင်ပေါ်သို့ ညကတည်းက ရောက်ရှိနေသော ကထိန်အလှူရှင်များ၊ ဂေါပကများ စုစုပေါင်းနှစ်ဆယ်ကျော်တို့သည် တောင်ပေါ် ဇွဲကပင်ကျောင်းဆရာတော်ထံ ကထိန်အလှူပွဲ ရေစက်ချ တရားနာကြပါသည်။ ပြီးလျှင် သက်သတ်လွတ်မုန့်ဟင်းခါး၊ ကရင်နီးရာ ကောက်ညှင်းမုန့်မျိုးစုံဖြင့် ဧည့်ခံပါသည်။ 'အောခေါနား၊' 'မုန့်တီစား' ဟုအဓိပ္ပာယ်ရသော ကရင်ဘာသာစကားဖြင့် အသံချဲ့စက်ဖြင့်ပြောနေပါသည်။ ကရင်နီးရာ အမှတ်တရဆိုင်လေးမှာလည်း ကရင်အသုံးအဆောင် ပစ္စည်းများ ခင်းကျင်းရောင်းချပါသည်။ လင်းလင်းကျင်းကျင်းနှင့်ဖြစ်လာတော့ ဆံတော်ရှင်ဇွဲကပင်စေတီတော်ပရဝုဏ်ကို အစုံလိုက်ဖူးမှတ်တမ်းပြုရပါသည်။ အာရုံခံတန်ဆောင်းအတွင်းမှဘုရားများ မြတ်စွာဘုရား ဒေသစာရီကြွလာဟန် မတ်ရပ်တော်ဘုရားများ၏ မုဒြာအစုံစုံ၊ နောင်တော်ကြီးစေတီ၊ ဇင်းကျိုက်တောင် ဆံတော်ရှင်စေတီကိုတည်ခဲ့သော နောင်တော် တိသကုမ္ဘာရရသေ့၊ ဇွဲကပင် ဆံတော်ရှင် စေတီတော်အား တည်ခဲ့သော ညီတော်သီဟကုမ္ဘာရရသေ့တို့၏ တောင်နှစ်လုံးတို့ လှမ်းမျှော်ကြည့်ရာ နေရာ၊ တောင်တော်မှနောက်ထပ်ထွက်ရာပေါက်သွားသော ထုံကူးပုဂ္ဂိုလ်ကြီးနှင့် ကရင်မောင်နှမ၊ တောင်ပိုင်ဘိုးဘိုးကြီး၏ တန်ခိုးကြီးစောင့်ရှောက်ပုံများကို ဆရာတော်မှပြောပြ၍ ပုံတော်များအား လုံးကို မှတ်တမ်းပြုတော်ပုံရိုက်၍ သူရဇ္ဇပရိသတ်အား တင်ပြလိုက်ရပါသည်။

အဆင်းလမ်းကပိုပင်ပန်းသည်

ကျွန်မတို့လို အသက်ကြီးသူများတောင်အဆင်းလမ်းက ပိုခက်ပါသည်။ နံနက်ကိုးနာရီမှာ ဂေါပကအဖွဲ့နှင့်အတူ အားလုံးပြန်ဆင်းကြပါသည်။ မိုးသည်းထန်စွာရွာထားသဖြင့် လှေကားထစ်လမ်းကျဉ်းလေးတွေကချောနေပါသည်။ လူငယ်လေးတစ်ယောက်က ကျွန်မကို တောင်ပေးတစ်ချောင်းခုတ်ပေးပါသည်။ ပြုတ်ကျမှာကြောက်သဖြင့် အတော်သတိထား၍ ဆင်းနေရပါသည်။ အားလုံးက ကျွန်မကိုကျော်ဖြတ်ပြီးဆင်းသွားကြလေပြီ။ ဂေါပကလူကြီးတစ်ယောက်က ကျွန်မကိုစောင့်ပါသေးသည်။ နတ်ရေကန်ကို ရောက်တော့ ခေတ္တနားရင်း ဂေါပကလူကြီးက နတ်ရေကန်အကြောင်းပြောပြပါသည်။

"ဒီနတ်ရေကန်က ရေကု အလွန်သန့်ရှင်းကြည်လင်ဆေးဖက်ဝင်ပါတယ်။ မျက်စဉ်းခတ်ပေးရင် မျက်စိရောဂါကို ပျောက်စေပါတယ်"

တောင်လှေကားလေးတွေကျဉ်းကျဉ်းမှာဆက်ဆင်းရင်း ကျွန်မပိုနေးလာပါသည်။ အားလုံးက သိလယူ ဥပသ်စောင့်ထားကြသည်မို့ တောင်အောက်သို့ဆွမ်းခံချိန်အမီ ဆယ့်နှစ်နာရီရောက်ဖို့ အရေးကြီးနေပါသည်။

"သွားနှင့်ပါ၊ ကျွန်မကိုမစောင့်ပါနဲ့တော့။ ဖြည်းဖြည်းပဲဆင်းလာပါတော့မယ်"

ဟု ပြောရပါသည်။

"နောက်လ နတ်တော်လဆန်း ၁၃ ရက်နေ့မှာ ကောက်သစ်စားပွဲဟိန္နူအဖွဲ့ တက်ကြမယ်။ နတ်တော်လဆန်း ၁၄ ရက်နေ့မှာ ကရင်အဖွဲ့ ကောက်သစ်စားပွဲတက်ကြမယ် လာခဲ့ပါဦး"

ဟု နှုတ်ဆက်ပြီး ဆင်းသွားပါတော့သည်။ တစ်ယောက်တည်းကြိုးစားပြီး သတိထားဆင်းနေရပါသည်။ ဘဝသံသရာစခန်း၊ စိုင်တမော့၊ ကရမက်စခန်း၊ နွယ်ပင်စခန်းတို့ကို ကျော်ဖြတ်ပြီး နာရီကြည့်လိုက်တော့ (၁၁) နာရီ (၂၀) မိနစ်။ အုတ်ခဲလေးမှာထိုင်ချလိုက်ရပါသည်။ ပြန်မထချင်လောက်အောင်ဖြစ်သွားပါသည်။ အောက်ကိုငဲ့ကြည့်လိုက်တော့ တိမ်ဖြူဖြူအဆုပ်အခဲတွေကကိုယ့်အောက်မှာမို့ ကိုယ်တိုင်က မိုးပေါ်နတ်ပြည်ရောက်နေသလိုလို ခံစားလိုက်ရပါသည်။ ဆက်ဆင်းတော့ ရွှေရင်ဆို့စခန်းမှာ ခြေတစ်ဖက်လေခိုသွားပါပြီ။ တောင်ဘေးကိုအားကိုးပြီး ခြေတစ်ဖက်တည်းဖြင့် ဆင်းရသည်မှာ အလွန်ခက်ခဲပင်ပန်းလှပါသည်။ တောင်အောက်သို့ ဆွမ်းအမိမရောက်နိုင်တော့တာ သေချာသွားပါပြီ။ သီလလည်း အပျက်မခံနိုင်တာမို့ ပုလင်းသေးသေးလေးနှင့်ထည့်လာသောဟွားရည်စစ်နှစ်ငုံသောက်လိုက်ရပါသည်။ နာရီကြည့်လိုက်တော့ (၁၁) နာရီ (၄၅) မိနစ်။ တောင်အောက်သို့ ချောမောစွာရောက်စေကြောင်း မေတ္တာပို့ ဆုတောင်းရင်း သမ္မဒ္ဓေဂါထာကို အဆက်မပြတ်ရွတ်လာရပါသည်။ တောင်အောက်ကို မွန်းလွဲ(၁)နာရီတိတိမှာရောက်ရှိပြီး မထိုင်အောင် ပုံလဲကျသွားပါတော့သည်။ အဆင်း(၄)နာရီကြာပါသည်။

ဇွဲကပင်ဆံတော်စစ်စေတီ လူတိုင်းတက်ဖူးနိုင်ဖို့ ကေဘယ်ကားစီမံကိန်း

ကရင်ပြည်နယ်၏ အမြင့်ဆုံးတောင်ထိပ် ကျောက်တောင်ကြီးဖြစ်ပါသည်။ ခရီးမိုင်သုံးမိုင်ခွဲရှိပြီး အလွန်မတ်စောက်ပါသည်။ ဇွဲကပင်တောင်ထိပ် အမြင့်ဆုံးနေရာ တောင်ဘက်ချောက်နှင့် ငါးပေအကွာမှာ ဆံတော်ရှင်စေတီကို တည်ထားခြင်းဖြစ်ပါသည်။ တက်ရန်အလွန်ခက်သဖြင့် စေတနာသဒ္ဓါထက်သန်ဇွဲကြီးသူများလောက်သာ ဖူးမြော်နိုင်ကြပါသည်။ထို့ကြောင့် ဇွဲကပင်ဆရာတော်ကြီး ဓမ္မကထိက ဗဟုဇနဟိတစေ ဘဒ္ဒန္တကဝိဇယသည်လည်း တောင်အောက်မှာပင်နေ၍ လူတိုင်းဖူးမြော်နိုင်ကြရန် ကေဘယ်ကား (Cable car) စီမံကိန်းကို ဆောင်ရွက်နေပါသဖြင့် ပါဝင်လှူဒါန်းကြပါရန် ဥပါသကာပြန်ဆော်လိုက်ရသတည်း။

ခင်ခင်ဝင်း (မောဂုဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ဦးပိုက်ပြောပြသည့် စလင်းကန်လယ်ဆရာတော်ကြီး တူးခြားဖြစ်ရပ်ဆန်းတစ်ခု

ဦးဝန္ဒိမ(စလင်း)

စလင်းကန်လယ်ဆရာတော်ကြီး ကြည်ညိုစရာဂုဏ်ရည်များမှာ ရေးကန်အောင်ရှိလှ၏။ အစပိုင်း ထံ့ပိုင်း ဘိုင်း မဂ္ဂဇင်းတွေမှာ ရေးသားခဲ့သည်။ ကြာလာတော့ စုစည်းပြီး ထေရုပ္ပတ္တိ စာအုပ်စာအုပ်ထုတ်ချင်လာသည်။တော်ကောနှင့် မထုတ်ဖြစ်။ ဆရာ ဦးမြဝင်း (ဒဂုန) စလင်းရောက်ခိုက် ကန်လယ်ဆရာ -

"အရှင်ဘုရား၊ ကန်လယ်ဆရာကြီးအကြောင်း စာအုပ်တစ်အုပ် ရေးသားထုတ်ဝေပါဦး"

ဆိုပြီး လျှောက်သည်။

ဘာကတိမှမပေး၊ ခေါင်းလည်း မဆိတ်၊ ခေါင်းလည်းမခါ။ ပြုံးလျက်သာ ပြန်ကြည့်နေမိသည်။ ဦးမြဝင်း ပြန်သွားတော့ ကန်လယ်ဆရာတော်အကြောင်း ရေးသားခဲ့သည့် မဂ္ဂဇင်းအဟောင်းတွေ ပြန်ရှာပြီးစဉ်းကြည့်သည်။ အတ္ထုပ္ပတ္တိ စာအုပ်မဖြစ်နိုင်။ အပုဒ်ရေတော့ မနည်း။ ဟိုတုန်းက ကိုယ်တွေ့ကြုံရတာတွေ၊ ကြားရတာတွေ၊ မြင်ရတာတွေကို ခံစားရသလောက်၊ ကြည်ညိုရသလောက် ရေးသားတာဖြစ်ပြီး စာအုပ်တစ်အုပ် အဖြစ် ရည်ရွယ်ပြီးရေးခဲ့ခြင်းမဟုတ်။ အစီအစဉ်မကျ အစဉ်လိုက်မဟုတ်။

ထိုအခါ မိမိနေးပြီးသားတွေပြန် ဆက်ရသည်။အရေအနောက်စဉ်ရသည်။ အတ္ထုပ္ပတ္တိပုံစံဖြည့်စွက်ပြီး ပြန်ရေးရ၏။ ကန်လယ်ဆရာတော်ကြီး၏တပည့်တွေ၊ သိမ်းသူတွေ၊ ကန်လယ်ဆရာတော်ကြီး အကြောင်းပြောပြနိုင်သူတွေ၊ ကိုယ်တွေ့ ကြုံခြားကြံတွေ့ရသူတွေ၊ ရပ်ဝေး-ရပ်နီး အသိယူ၊ တချို့ကိုယ်တိုင်သွားရောက် တွေ့ဆုံ မေးမြန်းရ၏။ သည်လိုနှင့် စာအုပ်တစ်အုပ် ရေးသား ထုတ်ဝေနိုင် ခဲ့လေသည်။ သို့တိုင်အောင် ပြည့်စုံနိုင်ပြီ ဟု မဆိုနိုင်။ မပြည့်စုံသေး။ စာအုပ် ထွက်တော့ သူသူငါငါဖတ်ကြသည်။ စာအုပ်ထဲမှာမပါသေးသည့် အကြောင်း အရာ အချက်အလက်များ သူတို့သိ သလောက် လာရောက် ပြောဆိုကြ သည်။ ပြန်ရေးတော့ ဆောင်းပါးတွေ မနည်းမနောပင်။

စလင်းကန်လယ်ဆရာတော်ကြီး နှင့်ပတ်သက်၍ ကြည်ညိုစရာ အံ့မခန်း ဖြစ်ရပ်ဆန်းတွေကလည်းများလှသည်။ ကြည်လည်းကြည်ညိုကြသည်။ တချို့ သိမ်ိုလိုက်ကြသည်။ တစ်ဆင့်ကြားခဲ့ရ သည်။ အလျဉ်းသင့်လျှင် ပြန်ပြောကြ၊ အံ့သြရ၊ ကြည်ညိုရ၊ မှန်းဆရ၊ ထိတ်လန့် ရသည်။



စလင်းကန်လယ်ဆရာတော်ကြီး အနေကာတင်ပေးခဲ့သော ရေစကြိုသူဌေးကျောင်းဘုရားခန်းမှ မန်းစက်ထော်ရာခြေရာ

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် သည်အကြောင်းတွေကို အဖြူပေါ် အမည်းတင်မည့်သူအား ပြောပြချင်ကြသည်။ ကမ္ဘည်းတင်လိုလှသည်။ ဂုဏ်ယူချင်ကြသည်။ အရှည်တည်တံ့ခိုင်ကြသည်။ ဒါကြောင့် စာရေးသူထံ လာရောက် ရင်ဖွင့်ကြခြင်းဖြစ်သည်။ စာရေးသူကလည်း အမြဲငှဲ့လင့်နားစွင့်နေသူ ဖြစ်သည်။ ရသမျှ စုဆောင်းသည်။ ကြားသမျှ မှတ်သားသည်။ တစ်ပုဒ်စာရလျှင် မဆိုးမတွ ကောက်ရေးလိုက်သည်ချည်း ဖြစ်သည်။ ရေးသားကြည်ညိုရ၏။ ရေးသားပြီး ပီတိဖြစ်ရ၏။ ထပ်ဆင့်မျှဝေရတော့ ကုသိုလ်ပွားရ၏။ သည်အရသာ ဘာနှင့်မှမလဲနိုင်။

တစ်နေ့သ၌ ရွှေဘုံသာကျောင်း ကထိန်ရောက်သွား၏။ သံဃာတွေ၊ လူတွေစုံလှသည်။ ဟိုရောက်သည်ရောက် စကားပြောကြရင်း မြင်းခေါင်းလွှဲကုန်း ရွာထိပ်က ရွှေသမင်တောရကျောင်း အကြောင်းရောက်သွားရာ ယင်းကျောင်းကို ပထမစလေဘက်မှ ရှင်ဇာဂရ (ရွှေကျင်) ဆရာတော် ရွှေစက်တော်ဘုရားဖူးရာကအပြန် ခေတ္တနားလျက် နေရာကို သဘောကျ တောရမြောက်သည်နှင့် ကျောင်းစာည်သွားကြောင်း၊ ပထမဆရာတော် ပြန်ကြွသွားပြီး ယင်းဆရာတော်ကြီးတပည့် ရှင်တေဇဝန္တ သီတင်းသုံး၏။ တတိယရှင်နန္ဒသာရ (မြို့ငှင်)၊ စတုတ္ထရှင်ဒေဝိန္ဒ (တောတွင်)၊ ပဉ္စမ ရှင်အရိယ (တောတွင်)၊ ဆဋ္ဌမရှင်ဓမ္မိဿရ (ကမ်းပြု)၊ သတ္တမရှင်ကုသလ (ရွှေဘုံသာ)၊ အဋ္ဌမ ယခုလက်ရှိ ရှင်ဥတ္တမ (ကမ်းပြု) စသည့် ဆရာတော် အစဉ်အဆက် အကြောင်းပြောကြ၏။

ပထမဆရာတော် ရှင်ဇာဂရသည် ဗုဒ္ဓါနုဂတိကျမ်းပြုစုသွားသည်။ ဒုတိယ ရှင်တေဇဝန္တလက်ထက်မှာ တပည့် သံဃာတွေများပြားလာ၏။ ပထမဆရာတော်မှာ စာပေကျမ်းဂန်သက်သက်သာ တော်၏။ ဒုတိယဆရာတော်ကျတော့ လောကီ၊ လောကုတ္တရာစွယ်စုံဟတ်သူဟူ၏။ ဒုတိယဆရာတော်ထံ စလင်းကန်လယ်ဆရာတော်ရှင်ဝဇီရာဝုဓ စာဝါလာလိုက်ကြောင်း၊ ဥပဓိရုပ်ကောင်းကြောင်း၊ နောင်တွင် ရဟန္တာဟု ကျော်ကြားကြောင်းတွေ ပြောကြသောအခါ ဦးပိုက် ဆိုသူက ကန်လယ်ဆရာတော်နှင့်ပတ်သက်ပြီး သူကိုယ်တွေ့အကြောင်း အရာများကို ဤသို့ပြောကြပါသည်။

"ကန်လယ်ဆရာတော်ကို သုသာန်

ကန်လယ်ဆရာတော်ကြီး
(မဟာဗိဿဒေတီတော်တွင် ဌာပနာသည့် စာတ်တော်နှင့်တောင်ရေးတော်)

တစ်ခုက နာနာဘာဝတွေက သွေးတွေနဲ့လောင်းပက်လိုက်ကြောင်း။ နိုင်ငံတော်အကြီးအကဲတွေ လာရောက် ဖူးမြော်ကြောင်း။ တောင်ပုလုဆရာတော်၊ ဇာလီတောင်ဆရာတော်ဘုရားများလာရောက်တွေ့ဆုံကြောင်း၊ အမေရိကန်နဲ့ဆိုဗီယက် (ရုရှား) တင်းမာနေရာက အဏုမြူစစ်ဖြစ်ခါနီး ဆရာတော်က နာမည်တွေထည့် မေတ္တာပို့သလို့ ပြေငြိမ်းသွားကြောင်း၊ ဂုန်လယ်ဆရာတော် ရေပေါ်ကြွနိုင်ကြောင်း၊ သေခဲလှတရားဟောကြွတဲ့အခါ ထူးထူးဆန်းဆန်း မွေ့ကြီးတွေ၊ ဝက်ဝံတွေ လာရောက် တရားနာကြကြောင်း အများကြီးပါပဲ။ ထူးဆန်းတာတွေကြားရလို့ စိတ်ထဲကြည်ညိုနေမိရဲ့။ ရဟန္တာလို့ကျော်ကြားနေတာကိုး။ စိတ်ထဲက ကန်လယ်ဆရာတော်သွားဖူးမယ် ဖူးမယ်နဲ့ ရောက်ရောက်တော့နေသားစိတ်နဲ့ပေါ့ဘုရား။

တစ်နေ့တော့ ရွာတစ်ရွာနွားဝယ်သွားရော။ မရခဲ့ပါဘူး။ ဆင်ကျွဲနားရောက်တာနဲ့ နောက်ပါလာတဲ့ ငစိုးနဲ့ ငငြိမ်းကိုလိုက်ခဲ့ဆိုပြီး လှေသမားနဲ့ ကန်လယ်ဆရာတော်ကြီးဆီရောက် အမျှားနည်းတူ တရားနာတယ်လေ။ နောက်မှ ရောက်တာဆိုတော့ ဆရာတော်နဲ့ဝေးတယ်။ ပြီးတော့ နံရံခြားသေးတယ်။ ဆရာတော်က ပရိသတ်ကို ကျောပေးပြီး ဟောနေတာ။ အဲဒီတုန်းကလား တပည့်တော်အသက် (၃၀) ပဲရှိသေးတာရယ်။ ခု (၇၃) နှစ်ရှိနေပါပြီ။ ကန်လယ်ဆရာတော်တရားနာနေဦးက အမျိုးသမီးတစ်ယောက်ငိုက်ပါရော။ တပည့်တော်က လည်း မိုးချုပ်လို့ပြန်ချင်လှပြီ၊ ဒါကို ဆရာတော်က သိတယ်ဘုရား။

လူတွေကို ကျောပေးထားရက်က 'မိန်းကလည်း တရားနာရင်း ငိုက်လို့၊ ငပိုက်ဆိုတဲ့ကောင်ကလည်း အိမ်ပြန်ချင်လှပြီ၊ တရားစိတ်မပါတော့ဘူး' လို့ ဖွင့်ဟပြောတာများ ကွက်တိ။ အပြန်မေးကြည့်မိရဲ့။ မခွေး ခင်ဗျားလာတာ ဆရာတော်သိသလား၊ နာမည်မှတ်မိနေသလားဆိုတော့ လာတာလည်းမသိဘူး၊ နာမည်မှတ်မိဖို့နေနေသာသာ ခုတစ်ခေါက်မှ ရောက်ဖူးတာ။ ကျွပ်ဖြင့် အဲသလို ဆရာတော်ကမပြာတော့ ထိတ်တောင်သွားသေးတယ်၊ ထူးဆန်းလိုက်တာတဲ့။

တပည့်တော်လည်း ဒီလိုပဲလေ၊ ဆရာတော်နဲ့ အဝေးကသာမြင်ဖူးတာ တစ်ခါမှတွေ့ပြီး ဆရာ၊ ဒကာ စကားမပြောဖူးဘူး။ ကန်လယ်ရောက်ဖူးတာကလည်း ခုမှတစ်ခေါက်ရယ်။ ရောက်မှန်းလည်း သိတာမဟုတ်ဘူး။ လှည့်လည်းကြည့်တာမဟုတ်ဘူး၊ နောက်ကျောပေးတရားဟောနေရင်းက မိန့်လိုက်တာ။

လူကို ကြက်သီးမွေးညင်းထသွားလိုက်တာလေ။ ဆရာတော်က ငါစိတ်အကြံကို သိနေပါလားလို့ ပိုပြီးတော့လည်း ကြည်ညိုရတယ်လေ။ သြော် - ဒါကြောင့်လည်း ရဟန္တာလို့ ကျော်ကြားထင်ရှားတာပဲလို့ ကောက်ချက်ချလိုက်တယ်။ ကိုယ့်လိုပဲ အတွေးအကြံတွေ ဆရာတော်က ကြိုသိပြီး တရားဟောဆုံးမတာတွေလည်းရှိသတဲ့၊ မနည်းဘူး ထူးခြားလိုက်ပုံများပြောပါတယ်။ တစ်ခါဆိုတစ်ခါ"

ရွှေဘုံသာကအပြန် ကျောင်းရောက်တာနဲ့ ဦးပိုက်ပြောတာတွေတန်းရေးဖြစ်သည်။ မတော်မေ့သွားမှာစိုးလို့။

ကဲ - ကန်လယ်ဆရာတော်ကြီး ထူးခြားဖြစ်အင်တွေ ဘယ်လောက်ရေးရေး မကုန်နိုင်ပါလား။ နောက်အထူးအဆန်းတွေကြားသိနေရတုန်းပင် ဖြစ်သည်။ ကြားသိရတော့လည်း ရေးရေးရေးရပြန်တော့လည်း ကုသိုလ်တွေပွားနေဆဲပါ။ စလင်းကန်လယ်ဆရာတော်ကြီးအကြောင်း ရေးလို့မကုန်နိုင်ပါ။ ထို့ကြောင့် ဆရာတော်ကြီးကိုလည်း ဆပွားဆင့်ကဲ ကြည်ညိုသမှုပြုသလို ပြောပြသည့် ဦးပိုက်ကိုလည်း ထူးထူးလည်လည် ကျေးဇူးတင်ရပါကြောင်း။

ဦးစန္ဒိမာ (စလင်း)

www.burmeseclassic.com

www.burmeseclassic.com

ကံစင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

ထူးထူးခြားခြား ဆံတော်တွင်းဘုရား

အမှတ်(၁၃)



မြောက်ဘက်ဖျက်နှာမူနေသော အဓိဋ္ဌာန်ဝင်ဆုတောင်းပြည့်ဘုရား

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ပုဒ္ဓဟူးနေ့။

ထိုနေ့သည် ပုဒ္ဓမြတ်စွာသာသနာတော်သမိုင်းမှာ လွန်စွာထင်ရှားထူးခြားသောမူသေနေ့ထူးနေ့မြတ်ဖြစ်လေ၏။ ထိုနေ့တွင် ပုဒ္ဓဘုရားရှင်တော်မြတ်ကြီးသည် ဘုရားအဖြစ်တော်သို့ရောက်ခဲ့ပြီးနောက် မဟာဗောဓိပင်နှင့်ရွှေပလ္လင်တော်နေရာမြတ်မှ အစပြု၍ ခုနစ်ဌာနတို့တွင် ခုနစ်ရက်စီ သီတင်းသုံးတော်မူသောက် ဈာနသုခ၊ ဖလသုခတို့ဖြင့်သာယာလွန်စေတော်မူပါသည်။ လင်းလွန်းတင်နေရာမြတ်၌ ဘုရားရှင် စံမြန်းတော်မူသော နောက်ဆုံးနေ့ (၄၉) ရက်ပြည့်သောနေ့သည် နေ့ထူးနေ့မြတ်ဖြစ်ပါပေတော့သည်။

ထူးမြတ်လှပါသော ထိုနေ့ထူးနေ့ကောင်းနေ့တွင် ဒဂုန်တိုင်း၊ ဥက္ကလာပရွာသား ကုန်သည်ညီနောင်ဖြစ်သော တပုဿနှင့် ဘလ္လိကတို့ ဦးဆောင်သော ၅၀၀ပါလှည်းသား (၅၀၀) တို့သည် ဗောဓိပင်တည်ရာဌာနနှင့် လွန်စွာဝေးကွာသော ဥရုဝေလတောအုပ်ကြီးသို့ ရောက်လာခဲ့ကြ၏။ မလျှိမအရပ်ဒေသတစ်နှင့်သို့ ကုန်ပစ္စည်းများလှည့်လည်ရောင်းချနေကြသော ကုန်သည်ညီနောင်ဖြစ်လှည်းများသည် ဥရုဝေလတောစပ်ကွင် ဆက်လက်၍ မောင်းမရအောင်

www.burmeseclassic.com

www.burmeseclassic.com

ဆံတော်တွင်းဝသို့ဝိတ်ထား
သံကိုင်နောက်မှမြတ်ဘုရား

ဆံတော်တွင်းဘုရားရွေ့မှ
အစောင့်နတ်သားပုံ



ဆံတော်တွင်းတန်ဆောင်း

နွားများသည် ရပ်တန့်နေကြ၏။ ထိုအခါ ကုန်သည်ညီနောင်များက အမှောင့်အမှားရှိရွေ့သလားအထင်ဖြင့် တောစောင့်နတ်၊ တောင်စောင့်နတ်များအား ဗလီနတ်စာ ပ,သတင်မြောက်၍ တောင်းပန်ကြလေ၏။ ထိုတောင်းပန်မှုကြောင့်ပင် လောမသိ။ ဘဝဟောင်းမှ ဆွေမျိုးတော်စပ်ခဲ့ဖူးသောနတ်တစ်ပါးက ကိုယ်ထင်ပြလျက် -

"ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူလေပြီ။ ယခုအခါ လင်းလွန်းပင်မှာ သီတင်းသုံးနေ၏။ အသင်တို့ ဝင်ဖူးကြပေတော့။ အလွန်ထူးပါ၏"

ဟု ဆိုလျက် နတ်လမ်းညွှန်ပြသောကြောင့် ဗုဒ္ဓဘုရားရှင် သီတင်းသုံးတော်မူရာလင်းလွန်းပင်နေရာသို့ရောက်သွားကြ၏။ ကုန်သည်ညီနောင်တို့သည် ရောင်ခြည်တော်ကွန့်မြူး၍ လွန်စွာကြည်ညိုဖွယ်ကောင်းသည်မြတ်စွာဘုရားအား ထူးခြားစွာ ဖူးမြော်ရခြင်းနှင့်အတူ အံ့သြဝမ်းမြောက် သဒ္ဓါတရားထူးကဲစွာ ပေါက်ဖွားလာတော့၏။ မိမိတို့မှာ ပါလာသောထောပတ်၊ ဟုန်းရည်၊ အချိုတင်လဲရည်တို့ဖြင့် စီမံပြုလုပ်ထားသော ဟုန်းမုန့်ဆုပ်၊ မုန့်ကြွက်ကျစ်၊ မုန့်ခဲဖွယ်များကို မုန့်ဆွမ်းအဖြစ် ဆက်ကပ်ရွှင်လန်းလျှုဒါန်းတော်မူကြလေ၏။

ဂေါတမဘုရားတန်ဆောင်းမှဖူးတွေ့ရသော ဆံတော်တွင်းဘုရား

www.burmeseclassic.com

www.burmeseclassic.com

ဆံထေ်တွင်းအတွင်း၊ တွေ့ရသောပြင်ကွင်း
(ဆံတိုင်အတွင်း၊ ကင်မရာသွင်းရိုက်ထားပုံ)

အုတ်ပြာသာဓိခြေရင်းမှ အသက်ဝင်နေဟန်
နဂါးရုပ်

ဆံတော်တွင်းအုတ်ပြာသာဓိ

ဆံတော်တွင်း

ဆံတော်တွင်းရှေ့မှ ဘုရားဖူးများ

အဓိဋ္ဌာန်ပုဂ္ဂိုလ်စိစ်နေသူတစ်ဦး

မြတ်ဗုဒ္ဓသခင် ကျေးဇူးတော်အရှင်မြတ်သည် ဘုရားအဖြစ်သို့ရောက်ရှိတော်မူသော အခိုက်ကာလမှအစပြုပြီး သာသနာအသီးသီး၌ (၄၉)ရက်တိုင်တိုင် ကြွသည့်ဆွမ်း၊ ရေချမ်းမှု ဘဉ်းပေးသုံးဆောင်ခြင်းမပြုခဲ့။ ကုန်သည်ညီနောင်ဖြစ်လျှက်သော မုန့်ဆွမ်းသည် မြတ်စွာဘုရားရှင်အဖို့ ဦးစွာပထမ ဘုရားရှင်အဖြစ် အလှူခံရရှိသောဆွမ်း ဖြစ်သည်အလျှောက် ကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား ဦးစွာပထမ ဆွမ်းဦးကပ်လှူရသူများဖြစ်သွားကြ၏။ထို့ကြောင့် 'ဆွမ်းဦးအစ မြန်မာက' ဟု ရာဇဝင်များ စာတင်နိုင်ခဲ့ပါသည်။

ညီနောင်တို့သည် ဘုရားရှင်အား ဆွမ်းဦးကပ်လှူပြီးနောက် ကြည်ညိုဖွယ်အားထူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်အား -

"တပည့်တော်တို့အား ကိုးကွယ်ပူဇော်ရာကို ပေးသနားတော်မူပါ အရှင်မြတ်ဘုရား"

ဟု ခြေတော်ဦးတိုက်၍ ဦးခိုက်လျှောက်ထားကြလေ၏။ မြတ်စွာဘုရားရှင်သည် 'အနာဂတံသ' ဉာဏ်တော်အမြင်ဖြင့် -

"နောင်တော် ဘုရားသုံးဆူတို့၏ ပရိဘောဂတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူသော သိဂိုတ္တရကုန်းတော်မြတ်သည် တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့၏ အရပ်ဌာနေမှာ တည်နေတော်မူသည်ဖြစ်၍ ထိုကုန်းတော်တွင် ယခု ပေးအပ်ခိုးမြှင့်သည့် ငါဘုရား၏ ဆံတော်မြတ်များကို ဌာပနာတော်မူစေတီတည်တော်မူကြပေလော့"

ဟု မိန့်မှာတော်မူလျှက် ဆံတော်မြတ် (၈) ဆူတော်ကို ခိုးမြှင့်တော်မူခဲ့ပါသည်။

ကုန်သည်ညီနောင်တို့ ဘုရားရှင် ခိုးမြှင့်သော ဆံတော်မြတ်များအား ဦးခေါင်းရတနာမြတ်အင်္ဂါတင်တော်မူလိုက်သည်နှင့် တစ်တောလုံးတစ်တောင်လုံး ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်အံ့မခန်း ထွန်းလင်းလျက် အလင်းဓာတ်များ ဖုံးလွှမ်းသွားလေ၏။ ကမ္ဘာမဟာပထဝီမြေကြီးသည် မဇ္ဈိမဒေသမှ အစပြုလျက်ပြင်းစွာလှုပ်ခတ်သည့်အပြင် မဟာသမုဒ္ဒရာရေပြင်ဝယ် လှိုင်းတံပိုးများထကြွသွားလေ၏။ သိကြားမင်းဒန်ဆင်းလေးတော်မူသော ပတ္တမြားကြွတ်တော်တွင် ဆံတော်များထည့်သွင်းမူဇော်ပြုနေစဉ် မိမိတို့ဌာနေ ဥဇ္ဈာဟတိုင်းဆီသို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လူးဟောင်းအနုလဂ္ဂရာ ကနတ်ပန်းများနှင့် ဆံတော်တွင်းတန်ဆောင်း



ဆံတော်တွင်းဝမှ လေ့လာဖူးမြော်သူများ

ဘာဝနာပွားများနေသူများ

ဆံတော်တွင်းတန်ဆောင်းမှ
စာရေးသူရလာသော ရွှေတောင်ဂေး

သဒ္ဓါဖွေးဖြူ ပေးလှူတော်မူခဲ့ကြလေတော့၏။

စာရှည် မမှတ်ဆွေများကို ယခု တင်ပြခဲ့သည်ကတော့ ဦးစွာပထမ ဆံတော်မြတ် ကိုးကွယ် ပူဇော်ခွင့်ရခဲ့သော ကုန်သည်ညီနောင်တို့၏ မြတ်စွာဘုရားရှင်အား စတင်ဖူးမြော် ဆံတော်ခိုးမြှင့် ခံရသောသာသနာသမိုင်းဦးအစ သာသနာ့ရှုခင်း သာသနာ့မြင်ကွင်းများ ဖြစ်ပါ၏။ကုန်းတစ်တန်၊ရေတစ်တန်ပင့်ဆောင်ပုံများကိုဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ထုတ် 'အံ့ဩဖွယ်မကုန် မြတ်ရွှေတိဂုံ' စာအုပ်တွင် ဆက်လက်ရှုစားဖတ်ရှုကြပါကုန်။ စာရေးသူ ယခု ရေးသား တင်ပြမည့် 'ဆံတော်တွင်း' အကြောင်းကို ဆက်ပါအံ့။

ဆံတော်တွင်းမှ ထင်ရှားထူးခြားသော ဖြစ်ရပ်များ

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်တို့အား ပွင့်တော်မူပြီးခဲ့သော ကကုသန်ဘုရားရှင်၏ တောင်ဗေးတော် ကောဏာဂုံဘုရားရှင်၏ ရေစစ်တော်နှင့် ကဿပဘုရားရှင်၏ ရေသနုပ်တော်တို့နှင့်အတူ ဌာပနာတော်မပြုမီ ဦးစွာပထမ ရေဆေးရန် ကုန်းတော်ပေါ်တွင် ရေတွင်းတူးကြလေ၏။ ထူးခြားစွာပင် ရေတွင်းတော်မှ ရေထွက်တော်မူပါသည်ဟု ထိုရေတို့သည် ရှစ်ကွမ်းစားရှိ၍ သန္တာမြသား ပတ္တမြားရောင်အဆင်းဆောသောရေများ ဖြစ်ကြ၏။ ထိုသန္တာမြသား ပတ္တမြားရောင်အဆင်းဆောင်တော်သော ရေစင်များဖြင့် ဆံတော်မြတ်ကို ဆောင်တော်မူခဲ့ကြလေ၏။

ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင်အား ပျဉ်ဝပ်ရိုသေစွာကန်တော့ကြပြီးနောက် ပြန်လည် ပင့်ဆောင်ရာလမ်းခရီးမှာ ဆံတော်မြတ်ပူဇော်ခွင့်ရခြင်းအထိမ်းအမှတ်အနေဖြင့် လှည်းငါးရာတွင်ပါလာသော ရောင်းချမည့် ကုန်ပစ္စည်းများအားလုံးကို အပူဇော်တော်အနေဖြင့် အလှူတော်ပွဲကြီးကျင်းပကာ အပြန် ဖြတ်သန်း ရွာတောတန်းများတွင်

www.burmeseclassic.com

www.burmeseclassic.com

ားရေသပွာယ်မှုပြုကြပါသည်။ ထိုရေ
ျင်းကို ထိုကာလမှစ၍ ဆံတော်တွင်း
ဘ ခေါ် တွင်တော်မူခဲ့ပါ၏။

ထိုဆံတော်တွင်းအကြောင်းပြု၍
ြစ်ခေါ် လာသော ထူးခြားအံ့ဖွယ်ဖြစ်ရပ်
ားမှုယ်သွယ်မှာ သိကြားမင်းသည်
ဆံတော်မြတ်များ ရေသပွာယ်ရန်အလို့
ဘ ဆွတ်မြားကြွတ်မှု ပင့်ဆောင်လိုက်
ောအခါ ဆံတော်မြတ်တို့သည် ထန်း
ပင်မြန့်ခန်းမြင့်သော ကောင်းကင်ယံ
ို့ ပျံတက်လျက် တန်ခိုးပြတော်မူပါ
သည်။ လာရောက်ဖူးမြော် လူ၊ နတ်၊
ြဗြဟ္မာတို့သည် ဝမ်းမြောက်စွာဖြင့်
ောင်းခိုးနုမော် သာဓုမြင်မြင်ဆင့်ခေါ်
ကြကြတော့၏။ ဆံတော်မြတ်တို့မှ ကွန့်
ြူးကဲသော ရောင်ခြည်တော်တို့
သည် လောကဓာတ်တစ်ခုလုံး လွှမ်းခြုံ
ားပါတော့၏။ ထိုသို့ ထူးကဲလှသော
ဆင်ခြည်တော်မြတ်တို့ကို ဖူးမြင်ရသူ
ားနှင့် ဆွဲ့အနားမကြား၊ မျက်စိမမြင်
သူ မသန်စွမ်းသူ၊ နာတာရှည်ရောဂါဝေ
ဒနာခံစားရသူအားလုံးသည် ရောင်ခြည်
ဆင်းမြတ်၏ တန်ခိုးရှိန်စော် ထူးမြတ်
ောမှာတော်တော်ကြောင့် လူအကောင်း
ာတိဖြစ်ကုန်ကြ၏။ လောကမြေပြင်
သည် ပထဝီမြေကြီးတုန်ဟည်းသွား၏။
ဆက်ကောင်းကင်စကြဝဠာမှာ ရောင်ဝါ
ြိုက်လျက်ပန်းများလက်၏။ လောက
ပြင်ဝယ်ရှိ သစ်ပင်ကြီးငယ်တို့သည်
ဆီးကာလမဟုတ်ကြပါပေမင့် ပန်းတွေ
ို့ အသီးအနှံတွေသီးကုန်ကြပါလေ၏။

ထူးထူးခြားခြား ဖူးမြင်ကြရသော
သိကြားမင်းနှင့် မိဖုရား(၄)ပါး ဥက္ကလာပ
ကြီးနှင့် ပြည်သူပြည်သားများသည်
ဘုရားထက်သန်စွာဖြင့် ရတနာစုံမိုးနှင့်
ပန်းတွေမိုးများ သဒ္ဒါဖွေးဖြူ သွန်းဖြိုးလျှံ
ထောမူကြ၏။

**ဆံတော်တွင်း ထူးခြားချက် နောက်ဆက်
ကျသတင်း**

ဆံတော်မြတ်များ ရေသပွာယ်
ထောမူပြီးနောက် ဌာပနာတော်သွင်းရန်
ပင့်ဆောင်တော်မူကြ၏။ သိကြားမင်း၊
ဥက္ကလာပမင်း၊ မယ်တော်မိဖုရား၊
ကျန်းသည်ညီနောင်တို့၏ ရွှေသားရုပ်တု
များနှင့် ရတနာပန်းခက်ပန်းခိုင်တို့က
ဆံတော်မြတ်များအား ဝန်းရံပူဇော်ကြ
ပြန် ထည့်သွင်းဌာပနာကြပြန်လေသည်။

ဌာပနာတော်သွင်းလျှင်ပြီးနောက်
ဆံတော်တွင်းဟုခေါ်သော ရေတွင်းရှိရေ
ကြီးသည် နေ့စဉ် အတက်၊ အကျတန်ခိုးပြ
တော်မူသောကြောင့် ဘုရားဖူးပရိသတ်
များနှင့် စည်ကားနေလေ၏။ ထူးခြားမှု
တစ်ခုကတော့ ဧရာဝတီမြစ်ရေပြင်
အထက် ပေ (၂၀၀) ခန့်တွင် တူးဖော်ခဲ့
တော်မူသော ရေတွင်းဖြစ်လင့်ကစား
ရောဝတီမြစ်ရေအက်လျှင် ဆံတော်တွင်း
ရေတက်၏။ ဧရာဝတီမြစ်ရေကျလျှင်
ဆံတော်တွင်းမြစ်ရေကျ၏။မြစ်ရေတက်၊
ကျတိုင်း ရေတက်၊ ရေကျတန်ဦးပြုသဖြင့်
ဘုရားဖူးများက ဧရာဝတီမြစ်ရေနှင့်
ဆံတော်တွင်းရေ တစ်သားတည်း တစ်
ကြောတည်းဟု ဆိုကြ၏။

စာရှုသူများ မြင်တွေ့ရသည့်
ဆံတော်တွင်းအထက်မှ အုတ်ပြာသာဒ်
အဆောက်အအုံကို မည်သည့်ခုနှစ်များ
ကတည်ခဲ့သည်ကို မသိရသော်လည်း
အုတ်ပြာသာဒ်အဆောက်အအုံကို ငုံ၍
၁၈၇၉ ခုနှစ်တွင် ယခုတွေ့မြင်သော
တန်ဆောင်းကို ဆောက်လုပ်ခဲ့လေ၏။

ရှေးယခင်က ဆံတော်တွင်းသို့
ဆင်း၍ ဖူးမြော်လေ့လာနိုင်ကြသကဲ့သို့
ဌာပနာတိုက်ရှိ ဓားစက်၊ လှံစက်များ
အထိသွားနိုင်ကြောင်း ရှေးမီနောက်မီလူ
ကြီးများပြောကြားစကားအရ သိရပါ
သည်။ တချို့ပြောကြားသည့် အတည်ပြု
၍မရသော သတင်းစကားတစ်ခုကတော့
ရှေးအခါတ စူးစမ်းလိုသောသူများကို
ဆံတော်တွင်းသို့ သွားလမ်းအတိုင်း ဆင်း
သွားကြရာ အရောင်အသွေးမျိုးစုံဖြင့်
ပြိုးပြိုးပြက်ပြက် လက်လက်ထနေသော
ဌာပနာတော် ရတနာပစ္စည်းများတွေ့
သောအခါ လောဘဇောကြောင့် ထိုနေ
ရာမှ ပြန်ထွက်မရဖြစ်ကာ အစောင့်ဖြစ်
သွားကြသည်ဟု ပြောစမှတ်ရှိခဲ့၏။ ဆံ
တော်တွင်းမှနေ၍ ဌာပနာတော်အတွင်း
အထိ ဆင်းနိုင်၊ တက်နိုင်ပြီး လူတချို့ပြန်
မတက်လာသည်ကို အကြောင်းပြု၍
ယခုဖူးမြင်ရသော ဆံတော်တွင်းဘုရား
ရုပ်ပွားတော်နောက်တွင် သံတိုင်များ
အခိုင်အမာတပ်ဆင်ထားသည်ကို သွား
ရောက် ဖူးမြော်သူတိုင်း တွေ့ကြရမည်
ဖြစ်ပါသည်။ စာရှုသူများအနေဖြင့် ဆံ
တော်တွင်းအတွင်းပိုင်းကို မြင်တွေ့လို
လျှင် အုတ်ပြာသာဒ်မှခံဝပေါင်ပေါ်
ကန်တော့ပြီးတက်လိုက်ပါ။ သံတိုင်သံ
ပေါင်ကြားမှ အတွင်းသို့ကြည့်သော်
အတွင်းသို့ဆင်းနိုင်သော အုတ်လှေကား
နှင့် တွင်းနက်ကြီးကို မျက်မြင်ထင်ရှား
တွေ့ကြရမှာ ဖြစ်ပါသည်။ အမျိုးသမီး
များ တက်ကြည့်၍ မသင့်လျော်ပါ။

**ဆံတော်တွင်းတန်ဆောင်းအဝင်လှေကား
ထိပ်မှ ထူးဆန်းသော ရွှေတောင်ဝှေး**

လေးဆူဓာတ်ပုံဘုရားရွှေတိုဏ်ရင်
ခြင်တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ လစဉ် ရေသားရန် တာဝန်
တစ်ရပ် ပေးအပ်ခြင်းခံရခြိုန်မှစ၍ စေတီ
ဘုရားသမိုင်းများရေးရန် မကြာခဏ
ဘုရားပေါ် ရောက်ရပါသည်။ ယခုလ
တင်ပြမည့် ဆံတော်တွင်းအကြောင်းသိ
ကောင်းစရာများကို မကြာခဏ ဆံတော်
တွင်းတန်ဆောင်းသို့သွား၍ ဓာတ်ပုံမှတ်
တမ်းများရိုက်ကူးခြင်း၊ ဆံတော်တွင်း
အုတ်ပြာသာဒ်ရှိ ရုပ်ပွားတော်များသို့
လာရောက်ဖူးမြင်၊ အခ်ဌာန်ဝင်သူများ
ထံပါးမှ သိကောင်းစရာအဖြာဖြာကို
လည်းကောင်း လေ့လာစုံစမ်း၍ မှတ်
တမ်းရေးခြင်းများ ဆောင်ရွက်ရပါသည်။

မကြာခဏ ဆံတော်တွင်းတန်
ဆောင်းသို့ရောက်ဖြစ်ပါသည်။ ၂၂-၁၂-
၂၀၁၄၊ တနလ်္ဂနွေတွင် ဆံတော်တွင်း
သို့ ရောက်ခဲ့ပြန်ရာ အစောပိုင်း ညနေ
(၃) နာရီခန့်က တစ်ကြိမ်၊ ည (၇း၄၅)
နာရီမှာတစ်ကြိမ်၊ ထိုနှေ့က နှစ်ကြိမ်
တိုင်တိုင်ရောက်ခဲ့ပါသည်။

ည (၇း၄၅) နာရီတစ်ကြိမ်ရောက်
ချိန်မှာဖြင့် စာရေးသူသည် တနင်္ဂနွေ
ထောင့်ဆီမှ လျှောက်လှမ်းလာပြီး
ဒေါ် ဒဂုန်ခင်ခင်လေး၏ ကောင်းမှုတော်
ဘုရားဘက်မှနေ၍ ဆံတော်တွင်းတန်
ဆောင်းသို့ တက်ရောက်လာသောအခါ
မိမိဦးတည်ရာ ရှေ့တည့်တည့်လမ်းပေါ်
မှာ ရွှေအဆင်းဝင်းဝင်းဝါနေသောတောင်
ဝှေးတစ်ချောင်းကို အမှတ်မထင်တွေ့
လိုက်ပါသည်။ ထိုအနီး၌ ပုဂ္ဂိုလ်တစ်ပါး
ပါးရှိလိုရှိငြားကြည့်သော်လည်း မည်သို့
သောပုဂ္ဂိုလ်မျှ မတွေ့ရပါ။ ခပ်လှမ်းလှမ်း
တွင်တော့ လူငယ်တစ်ယောက် ပုတီးစိပ်
နေသည်ကိုတွေ့ရပါသည်။ ထိုလူငယ်
ကလေးသည် ပထမအကြိမ် ဆံတော်
တွင်းတန်ဆောင်းကို စာရေးသူ ရောက်
စဉ်ကပင် ထိုသူငယ်ကို သတိပြုမိပါ
သည်။ ထိုစဉ်က ထိုလူငယ်အနီးအပါး
တွင် မည်သို့သောအရာမျှမတွေ့ရှိရပါ။
ယခုတစ်ကြိမ်မှာဖြင့် 'ရွှေတောင်ဝှေး'
တွေ့ရပါသည်။ စာရေးသူတက်ရာ
လမ်းပေါ်မှာ ဖြစ်ပါသည်။ တောင်ဝှေး
ကိုင်သူ အထူးသဖြင့် ရွှေဆောင်တောင်
ဝှေးကိုင်ဆောင်သူများသည် မကြိုဆော
တော်နှင့် ဂန္ဓာရီစခန်းလွှောက်လှမ်း
ပုဂ္ဂိုလ်ထူးကြီးများသာ ကိုင်ဆောင်ရသ
ရာ ထိုတောင်ဝှေးသည် ကာန်ဒရာ ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ထူးတစ်ပါးပါး၏တောင်ဝှေးဖြစ်ပါလိမ့်မည်။ စာရေးသူအားဦးမြင့်လိုက်စာဟူယူဆရပါသည်။ ကိုယ်ထင်ပြ ဦးမြင့် သည်မှလွဲ၍ စာရေးသူအတွက် စာရေးသူနှင့်ထိုက်၍ သာရှိခြင်းဖြစ်သည်မှာ ထိုမှားသံသာဖြစ်ရောမလို။ ထိုရက်ပိုင်းမှာ စာရေးသူသည် ယခုလတင်ပြ ရမည့် ဘုရားစေတီကို ဦးစားအာရုံခံကိုယ်မှာ ဆံတော်တွင်းဘုရားကိုသာ အာရုံမှ မြင်ယောင်နေသည့်အပြင် စာရေးသူ သွားလာနေထိုင်ရာဝန်းကျင်မှာလည်း ထူးဆန်းစွာဖြင့် ဆံတော်တွင်း အကြောင်း သမိုင်းကြောင်းကိုသာ ပြောဆိုနေမှုများ ကြားသိနေရပါသည်။ ထိုသို့ မြင်ကြားရခြင်းမှာ ပုံပြနိမိတ်ဟု စာရေးသူ ယူဆပါသည်။ ယခုလ ဆံတော်တွင်း အကြောင်း ရေးသား တင်ပြမည်ဟု ဆုံးဖြတ်ပြီးခါနီမှာ မထင်မှတ်စွာ ရရှိလာသောရွှေတောင်ဝှေးကတော့ အမှတ်တရဖြစ်စေသည်။

ထူးခြားမှုတစ်ခုမှာ ထိုရရှိလာသော ရွှေတောင်ဝှေးကို စာရေးသူ၏ အိမ်ဦးဘုရားခန်း ဝိဇ္ဇာကြီးများပွဲကပ်လှူရာအရှေ့မှာ ရှိသေစွာထားရှိပါသည်။ ရွှေတောင်ဝှေးရလာပြီးနောက်တစ်နေ့ ၂၃-၁၂-၂၀၁၄ည နေမှာ ဖိုလ်ဝင်တောင် အိန္ဒြေခင်စာပေမှ ဖုန်းဆက်လာပါသည်။ စာအုပ်ဖိုး ငွေ (၁၉) သိန်း မြောက်ဥက္ကလာကမ္ဘောဇာဏ်တွင် ထုတ်ယူရန်ဖြစ်ပါသည်။ ၂၄-၁၂-၂၀၁၄ နေ့မှာ စာအုပ်ဖိုးငွေ (၁၉) သိန်း လက်ခံရရှိခဲ့ပါသည်။ တိုက်ဆိုင်မှုဟု ဆိုရမည်ဖြစ်သော်လည်း ထိုရွှေတောင်ဝှေးရရှိပြီးမှ စာအုပ်ဖိုးငွေများ ပေးပို့ခြင်းကတော့ ထူးလှပါသည်။ အမှန်တကယ် စာအုပ်ဖိုးရရန်ငွေမှာ (၁၂) သိန်း ဖြစ်သော်လည်း နောက်ရိုက်မည့် စာအုပ် (၂၀၀၀) အတွက် စရန်ငွေ (၇) သိန်း ဆောင်းပေးလိုက်ခြင်းက အလွန်ထူးလှပါသည်။ ၂၆-၁၂-၂၀၁၄ နေ့မှာ အလောင်တော်ကဿပတောင်ပေါ်မှ ဖုန်းဝင်လာသည်။ စာရေးသူ ရေးသား ထူးထူးဆန်းဖြစ်ရပ်ဆန်းများ စာအုပ် အုပ်ရေ (၅၀၀၀) အမြန်ပို့ပေးပါရန် ဖြစ်ပါသည်။ စာရေးသူသည် ဘာသာရေးဆောင်းပါး၊ စာအုပ်များ အစဉ်တစိုက် ရေးသားနေရင်းမှ ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှထင်ရှားကျော်ကြား စေတီဘုရားများကို လစဉ်ကြိုးစား ရေးသားလာသည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။

စေတီဘုရားသမိုင်း ဘုရားဖူး အတွေ့အကြုံများ ရေးသားရာတွင် ပြီးစလွယ် ဘယ်သောအခါမှ မရေးပါ။ အပင်ပန်းခံကြိုးစား၍ စာရှုသူများအပေါ် မေတ္တာထား၍ ရေးသားပါသည်။ ထို့စေတနာ မေတ္တာတရားကြောင့် ထင်ပါသည်။ လာဘ်ရွှင်ငွေဝင်လိုတရသော ရွှေတောင်ဝှေးကို ဆံတော်တွင်း တန်ဆောင်းအတွင်းမှ ရလာခဲ့ပါသည်။ နောင်တွင် ဆံတော်တွင်းတန်ဆောင်းမှ ထူးဆန်းစွာရရှိလာ ရွှေတောင်ဝှေး၏ ထူးခြားမှုများကို အခါခွင့်သင့်သလို ရေးသားပါဦးမည်။

ထင်ရှားကျော်ကြားလိုသူများ ဆံတော်တွင်းဘုရားမသွား

ဆံတော်တွင်းနှင့်ဆက်နွယ်သတင်းအသွယ်သွယ်ကို စာရေးသူ လေ့လာမိသမျှ တင်ပြနိုင်ခဲ့ပါပြီ။ ဆံတော်တွင်းတန်ဆောင်း၌ လာရောက်ကြလျက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်သူတချို့နှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်နိုင်ခဲ့ပါသော်လည်း အမည်နှင့် ဓာတ်ပုံ သုံးခွင့်မရ၍ မဖော်ပြနိုင်ပါ။ မကြာခဏဆံတော်တွင်း တန်ဆောင်းရှိ မြောက်ဘက်အရပ်သို့ မျက်နှာမူထား ရှပ်ပွားမြတ်ဘုရားရှေ့ ဆီမီးထွန်း၊ အမွှေးတိုင်ပူဇော်၊ ပုတီးစိပ်နေသူ အသက် (၃၅) နှစ်ခန့်အရွယ် လူရွယ်တစ်ဦးကိုတွေ့ဆုံ၍ မေးကြည့်သော အခါ သူ၏စီးပွားရေးလုပ်ငန်းကို ပြောပြသော်လည်း ဆံတော်တွင်းမှအဓိဋ္ဌာန်ကြောင့် စီးပွားရေးလုပ်ငန်းများ ထူးခြားစွာအောင်မြင်လာပါကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဆတိုးထုတ်ရပါကြောင်း၊ ဆုတောင်းအဓိဋ္ဌာန် ပုတီးစိပ်ကြပါ။ ထူးပါလိမ့်မည်ဟု စာရေးသူကို ပြောပြပါသည်။နောက်တစ်ဦးကတော့ ပညာရေးလောကမှ ကျူရှင်ဆရာတစ်ဦး ဖြစ်ပါသည်။ သူ၏ အဓိဋ္ဌာန်ဝင်ရပုံကလည်း မှတ်သားဖွယ်ကောင်းလှပါ၏။ ဆံတော်တွင်းကိုမှရွေး၍ အဓိဋ္ဌာန်ဝင်ရခြင်းမှာ-

ဆံတော်များ ရေသပ္ပာယ်ရန် ပတ္တမြားကြွတ်မှ ဖွင့်လိုက်သောအခါ ဆံတော်မြတ်တို့သည် ကောင်းကင်ပျံတက် ရောင်ခြည်တော်တွေ့ ပြီးပြီးလက်လက်နှင့် တန်ခိုးတော်ပြခဲ့သောနေရာသည် ဆံတော်တွင်းတန်ဆောင်းနေရာဖြစ်၍ ယခုနေရာသည် အောင်မြေ ဖြစ်ပါပေသည်။ ထိုအောင်မြေမှာ အဓိဋ္ဌာန်ဝင် ဆုတောင်းသော် သူ၏လုပ်ငန်းများ ဧကန်မုချအောင်မြင်မှုရမည်ဟု တထစ်ချယုံကြည်မှုနှင့်အတူ သူ၏စာပြသောလုပ်ငန်းသည် ကျောင်းသားများတိုးတက်များပြား၍ အောင်မြင်မှုများလက်တွေ့ကြုံတွေ့ရသည်ဖြစ်၍ အချိန်အားလျှင် ဆံတော်တွင်းတန်ဆောင်းကို အရောက်လာ ဆီမီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူဒါန်း၍ ဂုဏ်တော်ပုတီးစိပ်ပြီးလျှင် မေတ္တာပို့၊ အမှုဝေလုပ်ပါကြောင်း စာရေးသူအား စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြပေးပါသည်။

ကျေးဇူးရှင် ဓမ္မမိတ်ဆွေ စာဖတ်ပရိသတ်အပေါင်း သူတော်ကောင်းတို့ ခင်ဗျား။ ဓမ္မမိတ်ဆွေများ သာသနာသမိုင်းဦးအစမှာ တန်ခိုးတော်ပြ ရောင်ခြည်တော်များလွှတ်ခဲ့သောနေရာ၊ ထိုရောင်ခြည်တော်မြတ်၏တန်ခိုးရှိန်စော်ဓာတ်မြတ်တော်ကြောင့် မျက်စိမမြင်သူများ၊ ဆွံ့အနားမကြားသူများ၊ ဒုက္ခိတများ၊ ကျန်းမာရေးမကောင်း၍ အိပ်ရာညောင်စောင်းမှာလဲလျောင်းနေရသူများ အားလုံး အကောင်းပကတိ ကျန်းမာချမ်းသာခြင်းသို့ရောက်ခဲ့သော အဖြစ်အပျက်သာဓကရှိခဲ့သည်ဖြစ်၍ ထိုဆံတော်အတွင်း တန်ဆောင်းအောင်မြေမှာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကောင်းစွာပြုလုပ်ကြပါ။ အလိုရှိသောဆုကို တောင်းကြပါ။ အမှန်တကယ် ပြည့်ဝမှာဖြစ်ကြောင်း သာဓကများဖြင့် တင်ပြအပ်ပါသည်။

ထူးထူးခြားခြားအကျိုးများစေမည့် ဆံတော်တွင်းနေရာဌာနကတော့ ရွှေတိဂုံရင်ပြင်တော်မြောက်ဘက် ဂေါတမတန်ဆောင်းနှင့် မျက်နှာချင်းဆိုင်နေရာ ဌာနတွင် အုတ်ပြာသာဒ်နှင့်အတူ မုခ်ဝ (၄) ဌာနမှာ ရှပ်ပွားလေးဆူ သီတင်းသုံးတော်မူ၍ စိတ်ကြိုက်သမှု အဓိဋ္ဌာန်ပြုခြင်း အောင်ပြုကြပါဟု နိဗ္ဗာန်အကျိုးမျှော်မှန်းဆော်အပ်ပါသည်။

မေတ္တာများစွာဖြင့်-

ကံဝင်း

ကျမ်းကိုး -

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထုတ် 'အုံဆိုးမကုန်မြတ်ရွှေတိဂုံ' စာအုပ်

၂။ ဂေါပကအဖွဲ့ထုတ် '၂၆၀၀ ပြည့် အထိမ်းအမှတ်' စာအုပ်

၃။ မင်းသော်တာရေး 'ရွှေတိဂုံတော်မြေမှ အုံဖွယ် (၉) ပါး' စာအုပ်

၄။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု

www.burmeseclassic.com

www.burmeseclassic.com

ဝင်းထွန်းအောင်

(စစ်/အေး)

ဂါတာထူးနှင့်ပုဂ္ဂိုလ်တစ်ဦး

(၁)

သူကို ကျွန်တော် သိနေသည်မှာ ကြာခဲ့ပေပြီ။ ထူးခြားလွန်းသည့် သူအဖြစ်အပျက်များကိုလည်း မျက်မြင်ကိုယ်တွေ့သိရှိခဲ့သည်မှာ ကြာခဲ့ပါပြီ။ ထိုစဉ်က ကျွန်တော် မေးမြန်းသောကြောင့် သူကလည်း ပြောပြခဲ့ဖူး၏။ သို့သော် ယခုကဲ့သို့ စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် မှတ်တမ်းတင်ရန် မရည်ရွယ်ခဲ့၍ မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့ရ

သူဌေးမဂ္ဂဇင်း
အတွဲ (၁၅) အမှတ် (၃) ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ

www.burmeseclassic.com

www.burmeseclassic.com

ဇ၊

ထို့နောက် သူနှင့် ကျွန်တော် နှစ်ပေါင်းများစွာ ကွဲကွာသွားခဲ့ရသည်။ ယခု ကျွန်တော် မဂ္ဂဇင်းများတွင် ကိုယ်တွေ့ဖြစ်ရပ်မှန်လေးများအား ရေးသားနေစဉ်မှာပင် သူနှင့် မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရာ အရမ်းဝမ်းသာသွားမိသည်။ တစ်ချိန်က အတူလက်တွဲ၍ တာဝန်ထမ်းဆောင်ခဲ့ဖူးသူချင်းမို့ ဝမ်းသာအားရ နှုတ်ဆက်ကြရင်း လက်ဖက်ရည်ဆိုင်တွင် စကားများပြောဖြစ်ကြသည်။

စကားလက်ဆုံပြောမကုန်ဖြစ်ကြရင်းမှ တစ်ချိန်က ကျွန်တော်ကိုယ်တိုင် တအံ့တသြဖြစ်ခဲ့ရသည့်အဖြစ်အပျက်များကိုပြန်အမှတ်ရလိုက်ပြီး မှတ်တမ်းပြုရေးဖွဲ့ရန်စိတ်ကူးဖြင့် သူကိုပြန်မေးမိသည်။ သူကလည်း အသေအချာပြန်ပြောပြသည်။

ထိုအကြောင်းအရာတို့ကို အသေးစိတ်ပြန်လည်ရေးသားပြရသော် -

(၂)

ထိုစဉ်က သူရော ကျွန်တော်ပါ မိတ္ထီလာမြို့ရှိ အမှတ် (×××) ခြေမြန် တပ်ရင်းတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများဖြစ်သည်။ သူက တပ်ရင်းထောက်လှမ်းရေးတပ်စိတ်မှ ဒုတပ်ကြပ်တစ်ဦးဖြစ်သလို ကျွန်တော်က တပ်ရင်းဆေးတပ်စုမှ ဒုတပ်ကြပ်တစ်ဦး ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်တွင် အမှတ် (×××) ခြေမြန်တပ်မဌာနချုပ်၏လက်အောက်ခံ တပ်ရင်းဖြစ်သော ကျွန်တော်တို့တပ်သည် 'သန်လျက်စစ်ဆင်ရေး' ဟူသည့် အမည်ဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်ခဲ့ရသည်။နယ်မြေအနှံ့လှည့်လည်သွားလာနေရင်းမှ တစ်ခါတွင် ဘီးလင်းနှင့် သထုံကြားရှိ ကမာစိုင်ကျေးရွာမှ စခန်းလေးတွင် စခန်းထိုင်တာဝန်ကျခဲ့၏။ ကျွန်တော်တို့တပ်ရင်း၏တာဝန်မှာ သတ်မှတ်နယ်မြေအတွင်းရှိ ရထားလမ်း၊ ကားလမ်းနှင့် ကျေးရွာများလုံခြုံရေးဆောင်ရွက်ရန် ဖြစ်ပါသည်။

တစ်ရက် စစ်ကြောင်းရုံးမှ ထုတ်နုတ် (၁) စိတ်ဖြင့် ရထားလမ်းနှင့် ကားလမ်းကြား တောင်ကုန်းကလေးတစ်ခုတွင် ကင်းပုန်းချထားရန် လူလွှေးထုတ်သည်။ သူက တပ်စိတ်မှူးအဖြစ် လည်းကောင်း၊ ကျွန်တော်က ဒုစိတ်မှူးအဖြစ်လည်းကောင်း တာဝန်ပေးခံရသည်။ သူနှင့်ကျွန်တော် လူသူလက်နက်ခဲယမ်းမှား စစ်ဆေးပြီး ခေါ်းမှထွက်ခဲ့တော့၏။

တာဝန်ကျရာ တောင်ကုန်းလေးပေါ် ရောက်တော့ အသီးသီးပစ်ပိုင်နယ်မှား သတ်မှတ်နေရာချထားကာ ကင်းစောင့်နေလိုက်ကြတော့၏။

"ဆရာ-သန်းထိုက်နားပါဦး။ ကျွန်တော်တစ်လှည့်စစ်လိုက်ပါဦးမယ်"

မှောင်ရိပျိုးလာပြီမို့ ခပ်ဝေးဝေးသို့ သိပ်မမြင်ရတော့။ ထိုစဉ်က နယ်မြေမအေးချမ်းဘဲ ကင်းများအား မကြာခဏ ချောင်းမြောင်းတိုက်ခိုက်မှုများရှိသဖြင့် ကင်းသမားများအား စိတ်မချစွာလိုက်လံစစ်ဆေးနေသည့်သူကို ကျွန်တော်ပြောလိုက်မိခြင်း ဖြစ်သည်။

အမှန်ဆို တပ်စိတ်မှူးနှင့်ဒုစိတ်မှူးတို့ တစ်ယောက်တစ်လှည့်စစ်ဆေးရန် ဖြစ်သော်လည်း ကျွန်တော့်ကိုပါ စိတ်မချဘဲ တစ်ယောက်တည်း ဒိုင်ခံစစ်ဆေးနေ၍ ပင်ပန်းနေသည့်သူကိုမကြည့်ရက်တော့သဖြင့် သူအနားလျှောက်သွားရင်း ပြောလိုက်မိခြင်း ဖြစ်သည်။

"အေးဗျာ၊ လူလည်းမောနေပြီ။ ခဏနားဦးမယ်"

"ဖောင်း"

"ဖောက်"

သစ်ပင်နှင့် မလှမ်းမကမ်းလျှိုဆဲမှ သေနတ်သံတစ်ချက်နှင့်အတူ သစ်ပင်ကို လာမှန်သံကြားလိုက်ရသည်။ ကျွန်တော် အပါအဝင် ကင်းသမားအားလုံး ပုံမှာယာခတ်သွားသည်။ ထိုအနီးမှ ကင်းသမားက သေနတ်သံထွက်ပေါ်ရာသို့ တစ်ချက်လှမ်းကြည့်ပြီး -

"ဟာ - ရန်သူ၊ ရန်သူ"

ဟု အော်ဟစ်သတိပေးရင်း လျှိုဆဲမှ သေနတ်ဖြင့်တဒိန်းဒိန်းပစ်ခတ်နေပါတော့၏။ သူရော ကျွန်တော်ပါ ကင်းသမားအနီးသို့ရောက်ရှိသွားပြီး လျှိုဆဲကြည့်လိုက်တော့ ရန်သူကိုမမြင်ရတော့။ အမှောင်ထုအကာအကွယ်၊ လျှိုအကွယ်ဖြင့် ကိုယ်ယောင်ဖျောက်သွားခဲ့ပြီ ထင်သည်။

သူက လျှိုဆဲဆင်း၍ လိုက်ရှင်းရန် ပြင်နေသေးသည်။ ကျွန်တော်တို့ဝိုင်းတားမှ ငြိမ်သွားသည်။ အခြေအနေအေးဆေးသွားမှ ရန်သူပစ်ခတ်၍ ထိမှန်သည့်နေရာကိုကြည့်ပြီး အားလုံးမျက်လုံးပြူးကုန်၏။

ကျည်ဆန်ထိမှန်သည့် နေရာမှာ သူရပ်နေရာတည့်တည့်တွင် ဖြစ်၏။ ရန်သူက လျှိုဆဲမှနေ၍ သူ့ဦးခေါင်းပိုင်းကို ချိန်ရွယ်ပစ်ခတ်လိုက်ပုံရ၏။ ရုတ်တရက် သူထိုင်ချလိုက်သဖြင့်သာ သူ့ကို မမှန်တော့ဘဲဖြစ်သွားပုံရသည်။ သူထိုင်ချလိုက်သည်မှာ ကျည်ဆန်ကို ငုံ့ရှောင်လိုက်သကဲ့သို့ဖြစ်သွားသည်။

"အေးဗျာ၊ ကျွန်တော်လည်း ပထမတော့ ကျွန်တော့်နေရာရောက်မှ နားမလို့ဘဲ။ ရုတ်တရက် ဘယ်လိုစိတ်ကူးပေါက်ပြီးထိုင်ချဖြစ်လိုက်တယ်မသိဘူး"

သူကိုယ်တိုင်လည်း အံ့သြဝမ်းသာဟန်ဖြင့် ပြန်ပြောပြသည်။ ဤသည်မှာ သူနှင့်ပတ်သက်၍ ပထမထူးခြားမှု ဖြစ်သည်။

(၃)

ဒုတိယကြုံရသည်မှာလည်း ဤကမာစိုင်စခန်းတွင်ရှိစဉ်ကပင်ဖြစ်သည်။ ထိုစဉ်က ရွှေတန်းအမှတ် (×××) ခြေမြန်တပ်မဌာနချုပ်မှာ သထုံမြို့ရှိ အမှတ် (×××) ခြေမြန်တပ်ရင်းအတွင်းတွင် ဌာနချုပ်ဖွင့်လှစ်ထားသည်။

တပ်မ၏ညွှန်ကြားချက်ကြေးနန်းများနှင့် မိမိတပ်ရင်း၏တင်ပြချက်ကြေးနန်းများကို နယ်ဝေးစဉ်က တပ်မဆက်သွယ်ရေးစက်များဖြင့် ဖမ်း/ပို့ပြုလုပ်ခဲ့သော်လည်း ယခုဆက်သွယ်ရေးလမ်းကြောင်းကောင်းနေသဖြင့်-လူကိုယ်တိုင်ပင် ပို့/ယူပြုလုပ်ကြသည်။ ဆရာသန်းထိုက်ကိုယ်တိုင် တစ်ရက်ခြား အဖော်တစ်ယောက်နှင့်အတူ ဘီးလင်း - သထုံကားကြုံဖြင့် လိုက်ပါသွားကာ ကြေးနန်းများဖလှယ်ပြီးညနေပြန်လာတတ်သည်။

ထိုနေ့က ကျွန်တော်ကလည်း ကျွန်တော်တို့ဆေးတပ်စုအတွက်လိုအပ်သည်များကို ဆရာသန်းထိုက်နှင့်အတူ အဖော်လိုက်ရင်း သထုံစျေးတွင် ဝယ်ယူခဲ့ရန် ဆေးအရာခံဗိုလ်ဆရာကြီး လားဇရပ် (ဟိန္နျလူမျိုး-ယခုဗိုလ်ကြီး-ငြိမ်း) ၌ တာဝန်ပေးသဖြင့် လိုက်ပါသွားခဲ့သည်။

ယခင်နေ့များက နေ့လယ် (၂) နာရီခန့်တွင် သထုံမှ ပြန်လာနေကျဖြစ်သော်လည်း ယနေ့တော့ အကြောင်းမည်ညွှတ်၍ ညနေ (၄) နာရီကျော်မှပင် ကိစ္စပြီးစီးတော့သည်။ ယခုတော့မသိ၊ ထိုစဉ်ကတော့ ညနေ (၄) နာရီကျော်လျှင် ဘီးလင်း - သထုံလိုင်းကားများမထွက်တော့။ နယ်မြေမအေးချမ်းသဖြင့် လမ်းလုံခြုံရေးဂိတ်များက ဖြည်သန်းခွင့်မပြုတော့၍ဖြစ်သည်။

တပ်မဆက်သွယ်ရေးအဖွဲ့ကလည်း သူတို့ဆီမှာပင် ညအိပ်ရန် တပ်ရင်းစက်ဖြင့် အကျိုးအကြောင်းလှမ်းပြော

www.burmeseclassic.com

www.burmeseclassic.com

ပြောပါသည်။ ကျွန်တော်တို့နှစ်ဦး ပြန်ရမည်လား၊ အိပ်ရမည်လား ချီတုံချတုံဖြစ်နေသေးသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့နှစ်ဦးစလုံးမှာ လူငယ်လူရွယ်ကြီးဖြစ်သဖြင့် မြို့ကြီးပေါ် ရောက်တုန်းအပျော်ကြူးနေ၍ ဆက်သွယ်ရေးမှ ဆရာများအား အကူအညီတောင်းလိမ့်မည်ဟု လူကြီးများကထင်သွားမည်ကို စိုးရိမ်သည်။ ကျွန်တော်တို့ဆေးတပ်ဆရာကြီးရော၊ ဆရာသန်းထိုက်တို့၊ ဆောက်လုပ်ရေးတပ်စိတ်မှ ဆရာကြီးကို (ယခု-ဒုအရာခံဗိုလ်-မိတ္ထီလာရေးတပ်) တို့နှစ်ဦးစလုံးက စည်းဝေးကျဝ်သူများမို့ ကျွန်တော်တို့အပေါ် တစ်မျိုးထင်ဆူဆဲမည်ကို နှစ်ဦးစုံး လန့်နေကြသည်။

"ကဲ - အဘ၊ အခုမှ (၅) နာရီပဲရှိသေးတယ်။ လိုင်းကားမရှိတော့တောင် ကားတို့၊ ဘီးလင်းသွားတဲ့ကျောက်ကြီးရှိတတ်တယ်။ အဲဒီကားတစ်စီးစီးနဲ့လိုက်ပြန်ရအောင်။ ဘာမှမဟုတ်ဘဲနဲ့တော့ တစ်မျိုးအထင်မခံနိုင်ဘူး"

ဆရာသန်းထိုက်က နာရီကြည့်လိုက်ရင်း ကျွန်တော့်ကို ပြောလာသည်။ ကျွန်တော်တို့ စာပမတော်ထုံးစံက တပ်ရင်းမှူးကို အဘဟု ခေါ်ကြသည်။ ကျွန်တော်က လူကြီးတစ်ယောက်ကဲ့သို့ ဘယ်တည်တံ့တံ့ ခံ့ခံ့ညားညားနေတတ်ပြောတတ်သဖြင့် ဆရာကြီးများက နာမည်ပြောင်ခေါ်ရာမှ ဤအမည်တွင်သွားခြင်းဖြစ်သည်။

"ဖြစ်ပါ့မလား ဆရာသန်းထိုက်၊ ကျွန်တော်တို့ကနှစ်ယောက်တည်းရယ်"

ထိုစဉ်က နယ်မြေအခြေအနေဆိုးရွားနေချိန်ဖြစ်ပြီး ကျွန်တော်တို့နှစ်ဦးစလုံးက ယူနီဖောင်းအပြည့်အစုံဝတ်ဆားသည့်အပြင် လက်နက်ကိုယ်စီပါသော်လည်း လိုရမည်ရအဖြစ် ကျည်ကတ်(၂) ကတ်စီသာ ယူလာသဖြင့် လမ်းခရီးတွင် ရန်သူနှင့်တွေ့က ခုခံရန်မလွယ်ကူကြောင်း စဉ်းစားမိ၍ ကျွန်တော်က မေးခဲ့သော်လည်း သူကတော့ ခပ်အေးအေးပင်၊

"ဖြစ်ပါတယ်ဗျာ၊ တစ်ခုခုဖြစ်လာတော့လည်း ဒါနဲ့ရှင်းကြတာပေါ့"

သူက ကာဘိုင်သေနတ်ကို မြောက်ပြရင်း ရဲဝံ့စွာဆိုလာတော့ ကျွန်တော်လည်း သိက္ခာအကျမခံချင်သဖြင့် သက်ပြင်းကို ကျိတ်ချရင်း သူနောက်မှ အသာပင်လိုက်ခဲ့မိတော့၏။

ကျွန်တော်တို့နှစ်ဦးသား လမ်းမကြီးပေါ် အတန်ကြာရပ်နေသော်လည်း ကားတစ်စီးမှမတွေ့ရ။ နာရီဝက်ကျော်ကြာမှ ကျောက်များတင်ထားသည့်ကားတစ်စီး သဆုံမြို့ပြင်သို့ထွက်လာသည်။ တားရ၍ မေးလိုက်ရာ ဘီးလင်းဘက်သို့ သွားမည်ဟု သိရသည်။

လမ်းကြုံလိုက်လိုကြောင်း ပြောကြည့်ရာ ကားသမားက လက်ခံသဖြင့် ကျွန်တော်တို့နှစ်ယောက် ကားပေါ် တက်ရန်ပြင်ကြသည်။ ခေါင်းခန်းတွင် ကားသမားအပြင် လူနှစ်ယောက်ပါသဖြင့် ကျွန်တော်တို့ စီးရန်မဖြစ်နိုင်တော့၍ ကားနောက်ပိုင်းမှ တက်ရန်ပြင်ကြသည်။

ကားနောက်ပိုင်းတွင် ကျောက်များ အပြည့်တင်ထားပြီး ကျောက်ပုံပေါ်တွင် လူလေး၊ ငါးဦးခန့်ထိုင်နေသည်။ သူက အရင် ကားနောက်ပိတ်တံခါးကို ဆွဲ၍ ခိုတက်သည်။ သို့သော် အပေါ်မရောက်ဘဲ အောက်ပြန်ကျလာသည်။ သူ့ကိုယ်သူ သေချာပြန်ကြည့်ပြီး ဒုတိယအကြိမ် တက်ပြန်သည်။ သို့သော် အောက်ပြန်ကျလာပြန်သည်။

"ဆရာသန်းထိုက်၊ ဘာဖြစ်လို့လဲ"

ကျွန်တော်မေးသည်ကို ဘာမှပြန်မဖြေဘဲ သူ့ကိုယ်သူအသေအချာလှည့်ပတ်ကြည့်နေသည်။ သူ့အမူအရာမှာ တစ်စုံတစ်ခုကို သဘောမပေါက်သလိုဖြစ်နေသည်။

"တက်လေဗျာ၊ ကားသမားကို အားနာစရာ"

ကျွန်တော်ထပ်ပြောတော့ သူကမန်းကတန်းတက်လိုက်ပြန်သည်။ သို့သော် အောက်သို့ပင် ပြန်ကျလာသည်။ သူခေတ္တငိုင်တွေသွားပြီး -

"မလိုက်တော့ဘူးဗျာ"

ဟု ကျွန်တော့်ကိုပြောရင်း ကားသမားဆီသွား၍ မလိုက်ဖြစ်တော့ကြောင်း သွားပြောနေသည်။ ပြောင်းလဲသွားသည့် သူ့သဘောထားကို ကျွန်တော် နားမလည်နိုင်ဖြစ်ရသည်။

သူပြောပြီးသည်နှင့် ကားသမားက ချက်ချင်းမောင်းထွက်သွားသည်။ သူက ကားနောက်ပိုင်းကိုငေးကြည့်ရင်း ငိုင်တွေနေသည်။ ထို့နောက် ကျွန်တော်တို့ဆက်စောင့်နေသော်လည်း ကားတစ်စီးမှပေါ်မလာတော့။

"ကဲ-မောင်လည်းမောင်သွားပြီ၊ ကားလည်းရှိမှာမဟုတ်တော့ဘူး။ ဒီမှာပဲ ညအိပ်ရတော့မှာပဲ"

ကျွန်တော်တို့ နှစ်ယောက်သားတိုင်ပင်ပြီး နောက်ကြောင်းပြန်လှည့်ရန် ပြင်ကြသည်။ ထိုစဉ် စစ်ကားတစ်စီး ကျွန်တော်တို့အနီးရောက်လာပြီး ကားခေါင်းခန်းမှ ဒုအရာခံဗိုလ်က -

"ညီလေးတို့ဘယ်သွားမှာလဲ"

"ကျွန်တော်တို့ ကမာစိုင်စခန်းကို ပြန်ဖို့ကားစောင့်နေတာပါ ဆရာကြီး"

"ဒါဆိုအတော်ပဲ၊ တို့က ဘီးလင်းကိုသွားမှာတက်"

မမျှော်လင့်ဘဲ ကားကြုံရလိုက်သည့်အပြင် ကားနောက်ခန်းတွင် လက်နက်အပြည့်အစုံဖြင့် ရဲဘော် (၁၀) ဦးခန့်ရှိနေသည်ကို မြင်ရသဖြင့် ကျွန်တော်တို့နှစ်ဦး ဝမ်းသာအားတက်သွားကာ ကားပေါ်သို့ ကမန်းကတန်းတက်လိုက်ကြသည်။

ကျွန်တော်တို့နှစ်ဦး လိုက်ပါလာသည့်ကား မြို့ပြင်အတော်လှမ်းလှမ်းအရောက်တွင် ရှေ့လမ်းဘေးတစ်နေရာ၌ လူစုစုဝေးဝေးတစ်ခုကို လှမ်းမြင်ရသဖြင့် ကျွန်တော်တို့ ခေါင်းပြူကြည့်လိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် စောစောက ကျွန်တော်တို့လိုက်ရန် ဟန်ပြင်ခဲ့သည့်ကျောက်တင်ကားမှာ လမ်းဘေးတွင် တုံးလုံးလဲနေပြီး ကားပေါ်တွင်ပါသွားသည့် လူသုံး၊ လေးဦးခန့်မှာ ဒဏ်ရာများဖြင့်ညည်းညူနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ အကယ်၍ ကျွန်တော်တို့နှစ်ဦးပါ ထိုကားဖြင့်လိုက်ခဲ့မိလျှင် ယခုကဲ့သို့ပင် အဖြစ်ဆိုးနှင့်ကြုံမိမည်မှာ မလွဲပေ။

ဆရာသန်းထိုက်[illegible]
လိုက်ရာ သူလည်း [illegible]
၍ ဦးခေါင်းကို [illegible]
ရင်း သက်ပြင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

သည်။

"အင်း - ဘုရားဟောခဲ့ဖူးတဲ့ အဘရေ့ ကျွန်တော် ကားမောင် (၃) စီးတက်တာ (၃) စီးလုံး နောက်ကနေ တစ်ယောက် ယောက်က ပြန်ခွဲခူးတိုက်ပြီး ပြန်ပြန် ယူသွားတာ။ ဟေမတော့ တစ်ခုခုနဲ့ ပြီးနေဘားလို့ ကိုယ့်ကိုယ်ကိုယ်ပြန် ကြည့်တာ။ ဟုတ်တော့မှ စိတ်ထဲ ယောကျာ်းဖြစ်ပြီးနေရင်ခဲ့တာဘဲ"

သူ့ရင်ထဲမှ ကျွန်တော်တို့ကားပေါ် လိုက်ဖြစ်သည့် အကြောင်းရင်းကို သိလိုက်ရပြီး သူ့ကို ကျေးဇူးတင်လိုက်မိသည်။ သူ့ကြောင့် အန္တရာယ်မှ လွတ်ကင်းခဲ့ရသည့် ထိုဖြစ်ရပ်ကိုလည်း စိတ်ထဲတွင် အမှတ်ထင်ထင်ဖြစ်ခဲ့ရသည်။

(၄)

နောက်တစ်ခါဖြစ်ရပ်မှာ ဘီးလင်းမြို့နယ်အတွင်းရှိ ဝင်းတပစခန်းတွင် စခန်းထိုင်ခဲ့စဉ်က ဖြစ်၏။ တစ်နေ့ ရိတ္တာပိယာဉ်တန်းများဖြတ်သန်းမည်ဖြစ်သဖြင့် စစ်ကြောင်းရုံးမှ ထုတ်နှုတ်တစ်စုသဖြင့် လမ်းလုံခြုံရေးဆောင်ရွက်ရန် လူရွေးထုတ်ရာတွင် သူနှင့် ကျွန်တော် ပါဝင်သည်။

တပ်စုတပ်ကြပ်ကြီးမှ လူသူလက်နက်ခဲယမ်းများစစ်ဆေးပြီး သူအား ပွိုင့်တပ်စိတ်မှူးအဖြစ် တာဝန်ပေးကာ ကျွန်တော်တို့အားလုံး စခန်းမှထွက်ခဲ့ကြတော့၏။ ရည်မှန်းချက်တောင်ကုန်းမရောက်မီပင် အန္တရာယ်နှင့်တိုးတော့၏။

ကျွန်တော်တို့ ထွက်လာစဉ်က ရွှေဆုံးတွင် ပွိုင့်တပ်သားရှိပြီး ပွိုင့်တပ်သားနောက်မှ သူကလိုက်လာ၏။ ကျွန်တော်တို့ အခြေပြုမည့် ကားလမ်းဘေးတောင်ကုန်းနားမရောက်ခင်တွင် သူက ပွိုင့်တပ်သားကိုကျော်တက်ပြီး တောင်ကုန်းပေါ် မသက်သလို တစ်ချက်ကြည့်လိုက်ကာ ခပ်သွက်သွက်လှမ်းတက်လိုက်သည်။

ခြေလှမ်းလေးငါးလှမ်းခန့်လောက် အရောက်တွင် ရုတ်တရက် အတွဲလိုက်ပစ်ခတ်လိုက်သည့်သေနတ်သံတဖောင်းဖောင်းနှင့်အတူ သူပုံခနဲလဲကျသွားသလို ကျွန်တော်တို့တစ်ဖွဲ့လုံးလည်း ဝန်းသုန်းကားဖြစ်ကုန်သည်။ အဘယ်ကြောင့်ဆိုသော် ရန်သူများက ကမူများနှင့် သစ်ပင်အကွယ်များတွင် အသင့်နေရာယူထားသော်လည်း ကျွန်တော်တို့က ကားလမ်းပေါ်တွင်ပင် အကာအကွယ်မဲ့စွာရှိနေသောကြောင့် ဖြစ်၏။

ကျွန်တော်တို့တစ်ဖွဲ့လုံး ခုခံပစ်ခတ်ရင်း လူးကာလိမ့်ကာဖြင့် အကာအကွယ်အသီးသီးယူကြရင်း တရုန်းရုန်းဖြစ်နေကြသော်လည်း သူကတော့ လဲနေသည့်နေရာတွင်ပင် ငြိမ်သက်နေဆဲမို့ ကျွန်တော်တို့တစ်ဖွဲ့လုံး သူကျသွားပြီဟု ထင်နေကြသည်။

သူလဲကျနေရာသို့ ကျွန်တော်စိတ်မကောင်းစွာ တစ်ချက်ကြည့်လိုက်စဉ်မှာပင် လဲကျနေရာမှ သူကုန်းထပြီး ဒူးထောက်လျက် နှုတ်မှ 'တပ်မတော်ကွ' ဟု စစ်ကြွေးရင်း လက်ထဲမှသေနတ်ဖြင့် အဆက်မပြတ်ပစ်ခတ်နေသည်ကို မြင်လိုက်ရသဖြင့် အံ့သြဝမ်းသာဖြစ်သွားရသည်။

ကျွန်တော်တို့တစ်ဖွဲ့လုံးမှာလည်း ဝမ်းသာအားရဖြင့် သူနှည်းတူ အော်ဟစ်ရင်း ရန်သူရှိရာသို့ တရပ်စပ်စပ်ခတ်ကြတော့ရာ အချိန်ကြာလျှင် ဝိုင်းပတ်ပိတ်ဆို့ခံရမည်ကို အထာသိနေသည့် ရန်သူက ဆုတ်ခွာထွက်ပြေးသွားတော့၏။

သေနတ်သံများစဲသွားပြီးနောက် ကျွန်တော်တို့အားလုံး သူ့ကိုဝိုးရိမ်တကြီး ဝိုင်းဝန်းမေးမြန်းစစ်ဆေးကြရာ သူ့တွင် မည်သည့်ဒဏ်ရာမျှ မတွေ့ရသဖြင့် အံ့သြကြရသည်။

"တစ်ချက်မှမထိပါဘူးဗျာ၊ အစောပိုင်းငြိမ်နေတာက အကာအကွယ်ယူစရာနဲ့ဝေးနေပြီး လှုပ်လိုက်တာနဲ့ ထပ်ပစ်ခံရမှာစိုးလို့ ငြိမ်နေတာပါ"

သူ့ကို စတင်ပစ်ခတ်လိုက်သည့် ရန်သူနှင့် သူမှာ ခြေလှမ်း (၂၀)၊ (၂၅) ခန့်သာ ကွာဝေးသည့်အပြင် အတွဲလိုက်ပစ်ခတ်ခြင်းဖြစ်သော်လည်း သူ့ကို တစ်ချက်မှ မထိမှန်ခဲ့သည့်အဖြစ်ကို ကျွန်တော်တို့တစ်ဖွဲ့လုံး အံ့သြတကြီးဖြင့် ပြောမဆုံးခဲ့။

သူ၏ကံကောင်းလွန်းသည့်ဖြစ်ရပ်များကို တစ်ခုစီပြန်သတိရရင်းမှ သူတွင် အန္တရာယ်ကင်းစေနိုင်သည့် အဆောင်တစ်ခုခုရှိလိမ့်မည်ဟု ကျွန်တော်မှတ်ထင်လိုက်မိသည်။ ထို့ကြောင့် အေးအေးဆေးဆေးစကားပြောရသည့်တစ်ရက်၌ ကျွန်တော် စူးစမ်းမိတော့ သူက -

"ကျွန်တော့်မှာ ဘာအဆောင်မှာ မရှိပါဘူးဗျာ၊ အဆောင်လက်ဖွဲ့ဆောင်တာမျိုးလည်း ဝါသနာမပါဘူး။ ယုံလည်း သိပ်မယုံကြည်ဘူးလေ။ ဒါပေမယ့် ဂါထာလေးတစ်ပုဒ်တော့ အမြဲရွတ်တယ်။ အဲဒီဂါထာရခဲ့တာက အင်း. . . ၁၉၈၇ ခုနှစ် ကျွန်တော်တပ်ထဲမဝင်ခင်ကဆိုပါတော့။ (၁၀)တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်မှာပေါ့။ ပဲခူးက ကျောင်းတိုက်တစ်ခုမှာ ကိုရင်ကြီးဝတ်ခဲ့သေးတယ်။ ကျောင်းထိုင်ဆရာတော်က လောကီနည်းတွေအတော် နှံ့စပ်ကျွမ်းကျင်တယ်။ ကျွန်တော်က ကိုရင်ကြီးထွက်ပြီးရင် တပ်ထဲဝင်မယ်ဆိုတော့ အန္တရာယ်ကင်းအောင် ဆိုပြီး အဆောင်တစ်ခုပေးသေးတယ်။ ကျွန်တော်က အဆောင်မလိုချင်ဘူးဆိုတော့ ဂါထာတစ်ပုဒ်သင်ပေးတယ်။ အမှတ်ရတိုင်းရွတ်ဆိုလို့ ကျွန်တော်အမြဲရွတ်တယ်။ အဲဒီဂါထာကြောင့်ပဲ အန္တရာယ်တွေကနေအမျိုးမျိုးလွတ်နေတယ်လို့ ကျွန်တော်ထင်တယ်"

သူ့စကားကြောင့် ထိုဂါထာကို ကျွန်တော်အရမ်းစိတ်ဝင်စားသွားသည်။ သူ့အဖြစ်အပျက်များကို ကိုယ်တိုင်မြင်တွေ့ခဲ့ရ၍လည်း ထိုဂါထာစွမ်းလိမ့်မည်ဟု ကျွန်တော်ယုံကြည်သဖြင့် ကျွန်တော့်ကိုပါ သင်ပေးရန်ပြောသောအခါ သူက အောက်ပါဂါထာကို သင်ပေးခဲ့ပါသည်။

အန္တရာယ်ကင်းအလိုပြည့်ဂါထာ

၁ ဗုဒ္ဓါ မေ သရဏံ အညံနတ္ထိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နဘယံ သုခံ ကုရုတေ။
၂ ဓမ္မော မေ သရဏံ အညံနတ္ထိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နဘယံ သုခံ ကုရုတေ။
၃ သံဃောမေ သရဏံ အညံနတ္ထိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
နဘယံ သုခံ ကုရုတေ။

ဝင်းထွန်းအောင် (စစ်/ဆေး)

(ဂါထာထူးအား ပြောပြသည့်အခါ ခဲ့သူ ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာမှ ဆရာသန်းထိုက်အား ကျေးဇူးတင်စွာဖြင့်)

www.burmeseclassic.com

www.burmeseclassic.com

ဂိဂျကဉ်ကောင်ထိပ်ရှိ ကျောင်းတော်ရာ (ဆာကြီးဟ်)

ကျောင်းတော်ရာ၊ တတိယ
ဆောတင်ရာ သာသနာပြုဗဟုဒ္ဒာန
ပါဠိဆီပုတ်

ဆောလီတွင်လှည့်လည်ဖူးမြော်
ဗီဟာပြည်နယ်၏ မြို့တော်
ပတ္တနားမြို့(ပါဠလိပုတ်)သို့ ခရီး
သည်။ ပတ္တနားမြို့သို့အဝင်တွင်
ကြုံတွေ့ရသော ပါဠလိပုတ်ထားသော
ဗဟုတ္တမဂန္ဓီ
ကို ဖြတ်ကြရသည်။ ဂင်္ဂါမြစ်
ကျော်စဉ် မဟာပရိနိဗ္ဗာန်သုတ်
အတိုင်းဆိုသည်။ ပါဠလိပုတ်မြို့ကား
ရှင်လက်ထက်တော်အခါက နယ်
ဘဏ္ဍာလေးမျှသာ ဖြစ်သည်။ မြို့သစ်
ဘုရားရှင်နှင့် သံဃာတော်
စည်းဝေးခန်းမဆောင်၌ တစ်ည
သီတင်းသုံးစေပြီး တရားနာယူကြ
သည်။ ဘုရားရှင်က ဤပါဠလိမြို့သည်
တစ်ချိန်တွင် ကုန်စည်ကူးသန်း
ရောင်းဝယ်မှုပြုရာ အချက်အချာအကျ
ဆုံးမြို့ကြီးဖြစ်လာလိမ့်မည်။ ဤမြို့၌ မီး
ဘေး၊ ရေဘေး၊ အချင်းချင်းကွဲပြားသော
ဘေးတို့ကြုံရလိမ့်မည်ဟု အရှင်အာနန္ဒာ
မထေရ်ကို ဗျာဒိတ်စကားမိန့်ကြားတော်
မူခဲ့သည်။ ဘုရားအမှူးရှိသော သံဃာ
တော်များကို သုနိဓနှင့် ဝဿကာရ အစ

ဦးဘထွေး (ကြွယ်အိမ်ပွဲ)

ဗုဒ္ဓဂယာသံဝေဇနိယလေးဌာန

ခရီးသွားမှတ်တမ်း



ကုဒ္ဒာဂါရကျောင်းတော်ကြီးနှင့် အသောကကျောက်စာတိုင် (ဝေသာလီ)

www.burmeseclassic.com

www.burmeseclassic.com



ဂိဂျကုဋ်တောင်ထိပ်ရှိ ထင်းတဒုက်ဦးခေါင်းနှင့်တူသောကျောက်တုံး (ရာဝဗြိုဟ်)

သာမညဇဏသုတ်ဟောတော်မူရာ ဇီဝကသရက်ဥယျာဉ်ကျောင်းတော်ရာ (ရာဝဗြိုဟ်)

သည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် အမှူးပြုသည့် ထောင်ပေါင်းများစွာသော ရဟန္တာကြီးများ သီတင်းသုံးတော်မူရာဌာနဖြစ်ခဲ့ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်၍ ဗုဒ္ဓသာသနာကိုဖြန့်ခိုရာ ဗဟိဌာနချုပ်ကြီးဖြစ်ခဲ့၏။ ဗုဒ္ဓသာသနာတော်ကို အိန္ဒိယနိုင်ငံ၏ ပြင်ပသို့ ဖြန့်ခိုနိုင်ခဲ့ပြီး ကမ္ဘာ့ဘာသာကြီးများစာရင်းဝင် ဘာသာတစ်ခုအဖြစ်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယနေ့မြင်တွေ့နေရသော မြန်မာ့သာသနာသည်ပင် အသောကာရုံကျောင်းတော်ကြီး၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ သာသနာတော် အတွက် ဤမျှကျေးဇူးများသော နေရာဌာနသည်ပင်လျှင် ယနေ့အချိန်၌ ဥယျာဉ်တစ်ခုမျှသာ ကြွင်းကျန်တော့သည်ကို သံဝေဂယူမိပါတော့သည်။

အသောကာရုံကျောင်းတော်ကြီးကို ကြည့်ရှုလေ့လာပြီးနောက် ဆက်လက်ထွက်ခွာလာရာ မကြာမီ မြန်မာကျောင်းသို့ရောက်ရှိသည်။ လူနေရပ်ကွက်အလယ်တွင်တည်ရှိပြီး စီးပွားနှင့် ကူးသန်းဝန်ကြီးဌာနက ဦးစီး၍ တည်ဆောက်ထားသော ကျောင်းဆောင်ကြီးနှင့်သိမ်တော်ကြီး တည်ရှိသည်။ကျောင်းဆောင်ကြီး၌ ဓာတ်လှေကားရှိသဖြင့် ဆင်းရ၊ တက်ရအဆင်ပြေသည်။ အခြားဘုရားဖူးအဖွဲ့များနှင့်မဆုံသဖြင့် မိမိတို့တစ်ဖွဲ့တည်း အေးအေးဆေးဆေးတည်းခိုကြရသည်။ ကျောင်းရှေ့အနီးနားတွင် မီးရထားဘူတာရုံရှိသည်။ အိန္ဒိယတွင် ခရီးသည်များက မီးရထားကိုသာ အဓိကထား၍ သွားလာကြကြောင်း သိရသည်။ ခရီးသည်များ အလွန်များပြီး မီးရထားကလည်း မိနစ်ပိုင်းမျှသာ ကွာခြား၍ တစ်စင်းပြီးတစ်စင်းဆိုက်ရောက်လာကြသည်။ ခရီးသည်များ အပြေးအလွှားဖြင့် အဆင်း၊ အတက်ပြုလုပ်နေကြသည်မှာလည်း ကျွက်ကျွက်ညံနေသည်။

ပတ္တနားမြို့တွင် တစ်ညတာတည်း ခိုခိုက် အသောကခေတ် ဗုဒ္ဓသာသနာတော်ကိုမှန်းမျော်ကြည့်မိသည်။ ရာဇဝင်သမိုင်းဆရာများက အသောကမင်းကြီးကို ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့သော ဧကရာဇ်မင်းများအနက် အထွန်းတောက်ဆုံးသော ကြယ်ပွင့်ကြီးအဖြစ် ခွီးကျူးခဲ့ကြသည်။ အိန္ဒိယနိုင်ငံသမိုင်း၌ အသောကမင်းကြီးအုပ်ချုပ်သောခေတ်သည် အေးချမ်းသာယာသောခေတ်ဖြစ်ခဲ့ကြောင်း သမိုင်းဆရာများ အသိအမှတ်

ရှိသည့် မဂဓအမတ်ကြီးများက ဆွမ်းကပ်လှူကြသည်။ ဆွမ်းကပ်လှူပြီး ဘုရားရှင် ပြန်ကြွတော်မူသောအခါ ထွက်တော်မူရာတံခါးကို ဂေါတမတံခါးဟုအမည်တွင်မည်။ ဘုရားရှင် တစ်ဖက်ကမ်းသို့ကူးတော်မူရာဆိပ်ကမ်းကို ဂေါတမဆိပ်ကမ်းဟု အမည်တွင်စေမည်ဟု ရည်ရွယ်၍ ဘုရားရှင်နောက်တော်မှ အမတ်ကြီးများ လိုက်ပါလာကြသည်။ ဘုရားရှင်က လှေဖောင်ဖြင့်ကူးတော်မမူဘဲ ရဟန်းသံဃာများကိုပါ တန်ခိုးတော်ဖြင့် ခေါ်ဆောင်တော်မူသည်။ လှေဖောင်ဖွဲ့နေသူများကို ဘုရားရှင်မြင်တော်မူ၍ 'ယေ တရန္တိ အဏ္ဏဝံ သရံ' အစရှိသောဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူသည်။ မြတ်စွာဘုရားကြွသွားတော်မူရာနေရာကို ဂေါတမဆိပ်ကမ်းဟု အမည်ပေးထားခဲ့ရာ ယခုအထိ အမည်တွင်နေဆဲဖြစ်သည်။ ပါဠိလိပုတ်မြို့သည် ဘုရားရှင်ဗျာဒိတ်တော်အတိုင်း အသောကခေတ်တွင် မင်းနေပြည်တော်ကြီးဖြစ်လာခဲ့သည်။

မိမိတို့အဖွဲ့ ပတ္တနားမြို့တွင်းသို့ ဝင်ရောက်လာပြီးနောက် အသောကမင်းကြီး ဆောက်လုပ် လှူဒါန်းခဲ့သော အသောကာရုံကျောင်းတော်ရာကို ကားပေါ်မှပင် ကြည့်ရှုလေ့လာကြပါသည်။ အများအပန်းဖြေရာ ဥယျာဉ်မျှသာ ကျန်ရစ်ပြီး အပိုင်းပိုင်းကျိုးပဲ့နေသေ အသောကမင်းကြီး၏ ကျောက်စာတိုင်ကို အမိုးအကာအောက်တွင်ထိန်းသိမ်ထားသည်။ အသောကမင်းကြီးလက်ထက်က ဤနေရာသည် တတိယသင်္ဂီယနာတင်ရာနေရာဌာနဖြစ်ခဲ့ပြီး သာသနာတော်အတွက် အလွန်အရေးပါသောနေရာတစ်ခုဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဖြစ်သော်လည်း အခြားဘာသာတရား များကို နှိမ့်ချခြင်း၊ ကဲ့ရဲ့ရွဲတ်ချခြင်းမပြု ဘဲ လေးစားခဲ့သည်။ သဘောထားကြီး သည်။ စေတီပုထိုး၊ ကျောင်း၊ ရေတွင်း အစရှိသော အဆောက်အဦများ များပြားစွာ တည်ထားခဲ့ပြီး အခြားပုဂ္ဂိုလ်များလည်း ကုဋေနှင့်ချီ၍ ရှိကြားခဲ့သည်။ ဗုဒ္ဓသာသနာတော်၏ ဩဇောဇော်ဖြစ်ခဲ့သည်။ သာသနာတော်ကို အစဉ်အနှံ့အပြား ပြန့်ပွားအောင်ဆောင် ရွက်ခဲ့သည်။ ထိုမျှလောက် ထွန်းကား ပြန့်ပွားခဲ့သော သာသနာတော်၏အခြေ အနေများကို ယနေ့ခေတ်အခြေအနေ နှင့် နှိုင်းယှဉ်ကြည့်လျှင် ယုံနိုင်ဖွယ်ပင် မရှိပေ။

သာသနာတော်၏ ဆန့်ကျင်ဘက် အနေအထားများကို လျှောမတွက်သင့်။ ၎င်း တို့ဘက်မှ အကွက်ကိုအမြဲချောင်းနေကြ သည်။ အခွင့်သာသည်နှင့်တစ်ပြိုင်နက် အနုနည်း၊ အကြမ်းနည်းတို့ဖြင့် နည်း မျိုးစုံသုံးကာ ဗုဒ္ဓသာသနာတော်ကွယ် ပျောက်အောင်ပြုလုပ်ခဲ့ကြသည်။ ဗုဒ္ဓ သာသနာတော် ကွယ်ပျောက်သွားခဲ့ သောနေရာများ၌ ပြန်လည်ဝင်ရောက် နေရာယူရန် မည်မျှခဲယဉ်းကြောင်းကို ယနေ့ခေတ် အိန္ဒိယနိုင်ငံ၌ သာသနာပြု နေသော ဆရာတော်များ အသိဆုံးပင် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များ အထွတ် အထိပ်သို့ ရောက်ရှိနေချိန်၌ ဘာသာ ခြားများကို နှိပ်ကွပ်မှုလုံးဝမရှိကြောင်း ရာဇဝင်သမိုင်းဆရာများ အသိအမှတ်ပြု ထားကြသည်။ ဗုဒ္ဓသာသနာတော်ဘက် တ သဘောထားကြီးခဲ့သလောက် ၎င်း တို့ဘက်မှ ဘယ်သောအခါမျှ သက်ညှာ မှုမရှိခဲ့ကြ။ အပြုတ်နှံခဲ့ကြသည်သာဖြစ် ၏။ ဤအချက်ကိုလည်း အလေးအနက် ထား စဉ်းစားသင့်ပါသည်။ အိန္ဒိယသာ သနာ့သမိုင်းကို သင်ခန်းစာယူ၍ မြန်မာ သာသနာအတွက် အမြဲမပြတ် သတိချပ် ကာ ဆရာ၊ ဒကာ စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရမည့်အချိန်အခါဖြစ်ပါသည်။ သာသနာတော် အရှည်တည်ရေးကား အာဏာစက်ဖြင့် သာသနာတော်ကို ကာကွယ် စောင့်ရှောက်မှုပေးနိုင်သော မင်းအစိုးရ၊ သာသနာ့ဝန်ထမ်း ရဟန်း သံဃာနှင့် ချီးမြှောက်ထောက်ပံ့သူ ဒါယကာဒါယိကာမတို့အပေါ်၌ မူတည် ၏။ ထိုသုံးဦးသုံးဖက်စလုံး သာသနာ တော်အတွက် လက်တွဲကာ တာဝန် ကျေကျေ ကြိုးပမ်းနိုင်ကြပါစေကြောင်း ဆုတောင်းမိပါ၏။

နာလန္ဒာတက္ကသိုလ်၊ ရာဇဂြိုဟ်နှင့် သမိုင်း ကပေးသောသင်ခန်းစာများ

၂၃-၃-၂၀၁၄ နံနက်စာစားပြီး နောက် ပတ္တနားမြို့မှ (၆၂) မိုင်ဝေးသော ရာဇဂြိုဟ်မြို့သို့ ခရီးဆက်ကြသည်။ ပတ္တ နားမြို့အထွက်တွင် အသောကမင်းကြီး နန်းတက်စဉ်က ကိုးကျိပ်ကိုးယောက် သော ညီတော်၊ နောင်တော်များကို လုပ်ကြံသတ်ဖြတ်သောနေရာရှိ ရေတွင်း ကြီးကိုလည်း တွေ့ခဲ့ရသည်။ ဟိန္ဒူဘုရား ကျောင်းဝင်းအတွင်းတည်ရှိပြီး ရေတွင်း ကို အဖုံးဖြင့် ဖုံးအုပ်ထားသည်။ 'ရွှေအိမ် နန်းနှင့် ကြင်နန်းလည်းခံ မတ်ပေါင်းရံ လျက် ဗျော်စံရိပ်ငြိမ် စည်းစိမ်မကွာ မင်း ချမ်းသာကား သမုဒ္ဒရာရေမျက်နှာထက် ခဏတက်သည့်ရေပွက်ပမာ တစ်သက် လျာတည့်' ဟူသော သံဝေဂလက်ာကို သတိရမိသည်။ တဒင် တစ်ခဏာတာ ဖြစ်သော ထီးနန်းစည်းစိမ်စံစားရရေး အတွက် ဖတူမိကွဲဖြစ်သော ညီတော်၊ နောင်တော်များကို သုတ်သင်ရှင်းလင်း နိုင်ခဲ့သော အသောကမင်းကြီး ငယ်ရွယ် နုပျိုစဉ်အခါကဖြစ်ရပ်များကို သံဝေဂ ပွားများမိပါတော့သည်။ အသောကမင်း ကြီးသည် နိဂြောဓသာမဏေငယ်အား ဖူးတွေ့ရပြီးနောက် မြတ်ဗုဒ္ဓ၏အဆုံးအမ များကြောင့် စိတ်ထားကောင်းမွန်မြင့်မြတ် သော မင်းကောင်းမင်းမြတ်ဖြစ်လာခဲ့ပေ သည်။

ရာဇဂြိုဟ်သို့ မရောက်မီ နာလန္ဒာ တက္ကသိုလ်သစ်၌ ပညာသင်ကြားနေကြ သော မြန်မာရဟန်းတော်များထံသို့ ဝင် ရောက်လှူဒါန်းကြသည်။ မြန်မာစာသင် သားရဟန်းတော် (၁၅၀) ကျော်ရှိသည် ဟု သိရ၏။ အိန္ဒိယတွင် မြန်မာပြည် ကဲ့သို့ ဆွမ်းခံ၍မရ။ စာနေသောက်နေ အတွက် ကိုယ့်အစီအစဉ်ဖြင့်ကိုယ် ကြိုး စားကြရသည်။ သာသနာတော်အရှည် တည်ရေးအတွက် ဤကဲ့သို့သော နေရာ မျိုး၌ အဓိကထား၍ လှူဒါန်းသင့်သည်။ နာလန္ဒာတက္ကသိုလ်သစ်သို့ ဝင်ရောက် လှူဒါန်းကြပြီးနောက် နာလန္ဒာတက္က သိုလ်ဟောင်းသို့ ခရီးဆက်ကြသည်။ ကမ္ဘာ့သမိုင်း၌ အလွန်နှေးကျပြီး ခမ်းနား ကြီးကျယ်လှသောဗုဒ္ဓတက္ကသိုလ်ကြီးဖြစ် ခဲ့သည်။ စာသင်သားသံဃာတစ်သောင်း ခန့်နှင့် ဆရာနှစ်ထောင်ခန့်ရှိခဲ့သည်။ ထေရဝါဒဗုဒ္ဓတက္ကသိုလ် မဟုတ်သော်လည်း ဗုဒ္ဓယဉ်ကျေးမှုသမိုင်းအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ နာလန္ဒာတက္က သိုလ်ဟောင်း၌ ဖူးမြော်စေရာ **အရှင်သာ ရိပုတ္တရာစေတီ** ရှိသည်။ **အရှင်သာရိ** ပုတ္တရာသည် မယ်တော်ကို **ကေနဒူဆော်** ရန်အတွက် ဖွားမြင်ခဲ့ရာ တိုက်ခန်း အတွင်းသို့ကြွ၍ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ သည်။ထိုနေရာ၌ အသောကမင်းကြီးက အလွန်ကြီးကျယ်သော စေတီတော်ကို တည်ထားခဲ့သည်။ အေဒီ ၁၂ ရာစုတွင် ဘာသာခြားများ၏ လက်ချက်ကြောင့် နာလန္ဒာတက္ကသိုလ်ကြီးနှင့်အတူ ရဟန်း တော်ပေါင်း တစ်သောင်းနှစ်ထောင်ခန့် မီးလောင်ပျက်စီးခဲ့ရသည်မှာ ဝမ်းနည်း ဖွယ်ရာပင်။ ကြီးကျယ်လှသော တက္က သိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုရန် အချိန်များစွာပေးရလိမ့်မည် ဖြစ်သော ကြောင့် အဓိကနေရာများကိုသာ ကြည့် ရှုဖူးမြော်ပြီး ခရီးဆက်ကြသည်။

နာလန္ဒာနှင့် ရာဇဂြိုဟ် အကွာ အဝေးမှာ (၈)မိုင်မျှသာရှိသည်။ **တောင် ငါးလုံးကာခို ရာဇဂြိုဟ်မြို့**သို့ နေ့လယ် စာမစားမီ ရောက်ရှိကြသည်။ မြန်မာ ဘုန်းတော်ကြီးကျောင်းသည် တောင် ငါးလုံး၏ အပြင်ဘက်၌ရှိပြီး အဇာတ သတ်မင်း၏မြို့သစ်နှင့်ကပ်လျက်တည်ရှိ သည်။မြန်မာကျောင်းတော်ကို အင်္ဂလိပ် ခေတ်ကတည်းက ဆောက်လုပ်လှူဒါန်း ခဲ့ပြီး ကျောင်းဆောင်အသစ်များ တိုးချဲ့ ဆောက်လုပ်ထားသည်။ ရာဇဂြိုဟ် မြန်မာကျောင်းတွင် နေ့လယ်စာစားပြီး နောက် ခေတ္တအနားယူကြသည်။ မွန်းလွဲ (၂)နာရီတွင် မြန်မာကျောင်းဆရာတော် ကိုယ်တိုင် ဦးဆောင်၍ လှည့်လည်ဖူး မြော်ကြသည်။ ရွှေဦးစွာ ဗိမ္ဗိသာရမင်း ကြီး၏ ကောင်းမှုဖြစ်သော **ဝေဠုဝန် ကျောင်းတော်** သို့ သွားရောက်ကြသည်။ ကျောင်းတော်တည်ရှိရာ ဥယျာဉ်ကို ယခင်ကထက် ပို၍ထိန်းသိမ်းစောင့် ရှောက်မှုအားကောင်းလာသည်။ ပြည် တွင်း၊ ပြည်ပဘုရားဖူးအဖွဲ့များဖြင့်လည်း ယခင်ကထက်ပို၍ စည်ကားနေသည်။ ခေမာဓိဖုရားကို ချေးရွတ်ရာ အထိမ်း အမှတ်အဖြစ် ကျောင်းဆောင်တစ်ခု ဆောက်လုပ်ထားသည်။ ရှဉ့်နက်တို့တို့ အစားကျော်၍ ဘေးခဲ့ပေးရာ ကလန္ဒက ရေကန်လည်းရှိသည်။ အဂ္ဂသာဝကကြီး နှစ်ပါး အပါအဝင် ရဟန္တာ (၁၂၅၀) ဝန် တို့ကို ဩဝါဒပါတိမောက်တရားတော် ဟောကြားတော်မူသောနေရာ၌ ရှင်ပွား တော်တစ်ဆူတည်ထားသည်။ ထိုနေရာ ၌ ဩဝါဒပါတိမောက်ဝါထားများအား ရွတ်ဆိုပူဇော်ကြသည်။ အရှင်သာဝတ္ထိ

www.burmeseclassic.com

www.burmeseclassic.com

သချိုင်းအုတ်ဂူ လာရောက် ပြုလုပ်ထားသည်မှာ စိတ်မကောင်းစရာပင်။ ဗုဒ္ဓဘာသာဝင်များ အထွက်အမြတ်ထားသောနေရာတိုင်းလိုလို ဘာသာခြားများက ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးနေရာယူထားတတ်ကြသည်။

၂၀၁၂ ခုနှစ် ဘုရားဖူးလာစဉ်က တွေ့ခဲ့ရသည့် ဝါးပင်များမှာ အသီးသီး ကာသေသွားသဖြင့် ထိုင်းနိုင်ငံမှ ဝါးပင် (၇၀၀) ထပ်မံစိုက်ပျိုးထားသည်။ ဘုရားရှင်လက်ထက်တော်အခါက ဝေဠုဝန (ဝါးတောကျောင်း) ၌ ဝါးပင်များစွာရှိခဲ့မည်ဖြစ်သော်လည်း ယနေ့ခေတ်တွင် ဝါးပင်များထက် အခြားအပင်ကြီးများသာ အုပ်အုပ်ဆိုင်းဆိုင်းရှိနေကြသည်။ ဤကျောင်းတော်၌ ဖြစ်ရပ်များစုံလင်လှသည်။အလောင်းတော်ဘဝက ဗိမ္မိသာရမင်းကြီးကိုပေးထားတော်မူခဲ့သောကတိအတိုင်း ဘုရားဖြစ်ပြီးနောက် ရဟန္တာအပါးတစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ အဦးဆုံးကြွတော်မူခဲ့သည်။ ဗိမ္မိသာရမင်းနှင့် နောက်ပါအခြံအရံတစ်သိန်းတစ်သောင်းတို့ သောတာပန်တည်ပြီးနောက် ဝေဠုဝန်ကျောင်းတော်ကို ရေစက်ချလှူဒါန်းသည်။ ဝေဠုဝန်ကျောင်းတော်ကြီးသည် သာသနာတော်အတွက် အရေးပါလှသောနေရာဌာနဖြစ်လာခဲ့သည်။ အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿနှင့် အရှင်မောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ်တို့လည်း အခြံအရံ(၂၅၀)နှင့်အတူ သာသနာတော်သို့ ဝင်ရောက်လာကြသည်။

ရဟန်းပြုလာသူတို့ များပြားလှသဖြင့် သာသနာတော်ကို မကြည်ညိုကြတို့က -

"ရဟန်းဂေါတမဟာ မျိုးဆက်ပြတ်အောင်ပြုလုပ်နေတယ်။ မုဆိုးမဖြစ်အောင် ပြုလုပ်နေတယ်"

ဟုပင် စောင်းမြောင်းပြောဆိုခဲ့ကြသည်။

အလှမာန်ယစ်နေသူ ခေမာမိဖုရားပင်လျှင် ဘုရားရှင်၏ တရားတော်ကို နာယူရပြီးနောက် ဘိက္ခုနီပြုကာ ပညာအရာ၌ စတဒဂ်ရသော အဂ္ဂသာဝကအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရာဇဂြိုဟ်၌ ဘုရားရှင်သည် (၅) ဝါ သီတင်းသုံး၍ ဝါဆိုဝါကပ်တော်မူခဲ့ပြီး သာဝတ္ထိပြီးလျှင် သာသနာတော်အတွက် အလွန်အရေးပါသောနေရာဌာနဖြစ်ခဲ့သည်။သာသနာတော်၌ ထင်ရှားသော ဖြစ်ရပ်ပြောက်ကြားစွာတို့သည် ဤကျောင်းတော်၌ဖြစ်ပေါ်ခဲ့ကြသည်။ ဝဓ်သောကြည်နူးဖွယ်ရာကောင်းသောဖြစ်ရပ်များဖြစ်ခဲ့ကြသလို ဘုရားရှင်အပေါ် အကြိမ်ကြိမ်လုပ်ကြံမှု၊ သံဃာသင်းခွဲမှု စသော စိတ်နှလုံးတုန်လှုပ်ဖွယ်ရာ ဖြစ်ရပ်များလည်းဖြစ်ခဲ့ကြသည်။ ယင်းဖြစ်ရပ်များကလည်း ဘုရားရှင်၏ တုန်လှုပ်မှုကင်းစင်သော တာဒိဂုဏ်ကို ပို၍ပေါ်လွင်ထင်ရှားစေခဲ့သည်။

ဝေဠုဝန်ကျောင်းတော်ကို ဖူးမြော်ပြီးနောက် တောင်ငါးလုံးကာခို ရာဇဂြိုဟ်မြို့အတွင်းသို့ ဝင်ရောက်လာခဲ့ရာ လမ်းဘေးတွင် နာဠာဂိရိဆင်ကို အောင်တော်မူရာဌာနကို ဖူးတွေ့ရသည်။ ကျောက်တုံးများကို ထုံးသုတ်၍ အထိမ်းအမှတ်မျှသာ ပြုလုပ်ထားသည်။ ဤနေရာသည် ဘုရားရှင် ရာဇဂြိုဟ်မြို့အတွင်းသို့ နေ့စဉ်ဆွမ်းခံကြွတော်မူရာ မင်းလမ်းမကြီးဖြစ်ပေလိမ့်မည်။ ဘုရားရှင်လက်ထက်တော်က လူနေအိမ်ခြေများစည်ကားပြီး လူဦးရေများပြားလှသောနေရာ၌ ယခုအခါ ဘာအဆောက်အအုံမှမရှိတော့ဘဲ သစ်ပင်ချုံနွယ်များသာ ကျန်ရစ်တော့သည်။

ဗိမ္မိသာရမင်းကြီး၏ ရွှေဘဏ္ဍာတိုက် သည် ဝေဘာရတောင်ခြေ၌ရှိ၏။ ကျောက်တောင်ကိုထွင်း၍ရွှေဘဏ္ဍာများထည့်သွင်းနိုင်အောင်ပြုလုပ်ထားသည်။ အတွင်း၌ အလင်းရောင် ကောင်းစွာမရတဲ့ မှောင်မည်းနေသည်။ ရှေးခေတ် အင်အားကြီးနိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို သက်သေခံနေသော ပြယုဂ်တစ်ခုပင် ဖြစ်သည်။ အချို့က ဤနေရာသည် **ပထမသင်္ဂါယနတင်ရာနေရာ**ဖြစ်သည်ဟုလည်း အဆိုရှိသည်။ ဗိမ္မိသာရမင်း၏ ရွှေဘဏ္ဍာတိုက်ကို လေ့လာပြီးနောက် ဘုရားရှင်၏ ဓာတ်တော်များကို အရှင်မဟာကဿပ၏ ညွှန်ကြားချက်အရ အဇာတသတ်မင်းက လျှို့ဝှက်စွာမြှုပ်နှံခဲ့သော မဏိယာမတ်သို့ သွားရောက် လေ့လာကြသည်။ စာပေအရ မြေအောက်သို့ အတောင် (၈၀) ခန့်တူးပြီး ဓားစက်၊ လုံစက်များဆင်၍ ခမ်းနားကြီးကျယ်စွာ မြှုပ်နှံခဲ့ပြီး အသောကမင်းကြီးလက်ထက်တွင် ပြန်လည် တူးဖော်ကာ ဓာတ်တော်များကို၊ စေတီပေါင်းရှစ်သောင်းလေးထောင် တည်ထားခဲ့သည်။ ယခုခေတ် မြင်တွေ့ရသော မြေပြင်ပေါ်ရှိ အဆောက်အအုံမှာ ခမ်းနားထည်ဝါမှု မရှိတော့ပေ။ ယခင်က ဓာတ်တော်များ ကိန်းဝပ်ခဲ့သည်ကို အာရုံပြုကာ စုပေါင်းရွတ်ဆိုပူဇော်ခဲ့ကြသည်။

ထို့နောက် **ဗိမ္မိသာရအကျဉ်းထောင်**သို့ သွားရောက် လေ့လာကြသည်။ ဘုရားရှင်သီတင်းသုံးတော်မူရာ ဂိဇ္ဈကူဋ်တောင်ထိပ်သို့လှမ်းမြင်နေရသောနေရာ၌ထားပေးပါရန် တောင်းဆိုချက်အရ ဤနေရာ၌ထားပေးရခြင်း ဖြစ်သည်။ တောင်ထိပ်ပေါ်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ကို လှမ်းမြော်အာရုံပြုရင်း မင်းကြီး၏စိတ်အစဉ်၌ အတိတ်မှဖြစ်ရပ်များသို့ အာရုံရောက်နေမည်မှာ အမှန်ပင်။ အလောင်းတော် ရာဇဂြိုဟ်မြို့သို့ ပထမဆုံးကြိမ် ဆွမ်းခံဝင်လာစဉ်ကပင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ထီးနန်းစည်းစိမ်တစ်ဝက်ခွဲပေးခဲ့၏။ အလောင်းတော်က လက်မခံဘဲ တရားရှာသွားမည်ပြောသောအခါ ဘုရားဖြစ်ပြီးပါက ရာဇဂြိုဟ်သို့အဦးဆုံးကြွပါရန် လျှောက်ထားခဲ့သည်။ ဘုရားမဖြစ်မီ အလောင်းတော်ဘဝကပင် ကြည်ညိုလေးစားမှုရှိခဲ့သည်။ ယခုမူ ထီးနန်းစည်းစိမ်ကို အကြောင်းပြု၍ အချုပ်အနှောင်ခံရသောအခါမှ ထီးနန်းစည်းစိမ်၏ အပြစ်အနာဆာများကိုလည်း ကောင်းစွာမြင်တွေ့ခွင့်ရသလို ထိုထီးနန်းစည်းစိမ်ကိုမမက်မောဘဲ ငယ်စဉ်ကပင် တောထွက်တော်မူခဲ့သော ဘုရားရှင်အပေါ်၌ ကြည်ညိုလေးစားခဲ့သော ဗိမ္မိသာရမင်းကြီး၏ သဒ္ဓါတရားတလည်း လေးစားစရာကောင်းသလို နန်းကျဘုရင်အပေါ်၌ သစ္စာရှိရှိဖြင့် အစာအာဟာရများကို နည်းမျိုးစုံဖြင့် သယ်ယူကျွေးမွေးခဲ့သော ဝေဒေဟီမိဖုရားကြီး၏ စိတ်ဓာတ်ကလည်း ချီးကျူးစရာ။ သူတော်ကောင်းဖြစ်သော ဖခင်ဘုရင်မင်းမြတ်ကို လုပ်ကြံရက်သော အဇာတသတ်မင်း၏ အာဏာရယူလိုစိတ်တလည်း သံဝေရယူဖွယ်ရာပင်။ ဗိမ္မိသာရမင်းနှင့်တွေ့ဆုံပုံတို့ကို ဟောကြားရာဖြစ်သော သုတ္တန်ပါတ်ပါဠိတော်၌လာသော ပဋ္ဌာသုတ်ကို အမှတ်တရရွတ်ဆိုခဲ့သည်။

ဗိမ္မိသာရအကျဉ်းထောင်ကို လေ့လာပြီးနောက် ဂိဇ္ဈကူဋ်တောင်ခြေဆရာဇိဝက လှူဒါန်းခဲ့သော **သရက်ဥယျာဉ်ကျောင်းတော်**ရာသို့ သွားရောက် ဖူးမြော်ကြသည်။ ဖခင်ကိုလုပ်ကြံခဲ့သော အဇာတသတ်မင်းသည် နောင်တစိုက်ဖြင့် ပူလောင်နေသဖြင့် တန်ဆောင်းလပြည့်ည ညီလာခံကျင်းခိုက် [illegible] သည့်ပဉ္စင်္ဂလိကို သွားရောက် ဖူးမြော်ပါမည်လဟု အမတ်များကို မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆေးဆရာကြီးဇီဝက၏လမ်းညွှန်ချက်အရ ဆင်အစီးပေါင်း (၅၀၀) ဖြင့် ဘုရားရှင်ထံ သွားရောက် ဖူးမြော်သည်။ ဘုရားရှင်က တန်ဆောင်းဝင်း၏အလယ်တည့်တည့်မှီ၍ အရှေ့ဘက်သို့မျက်နှာမူကာ ထားသံယာအပေါင်းခြံရံကာ ထိုင်နေသည်။ ရဟန်းသံဃာ (၁၂၅၀) ထိုင်နေသော်ဘာသံမှမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေပုံကို အဇာတသတ်မင်းမြင်သောအခါ သဒ္ဓါတရားများဖြစ်ပေါ်ကာ ဝမ်းမြောက်ဝမ်းသာဉဒါန်းများ ရွတ်ဆိုသည်။ ဘုရားရှင်ထံ ရဟန်းပြုရန် အကျိုးကို မေးမြန်းလျှောက်ထားဖြင့် 'သာမညဖလသုတ်'ကိုဟောကြား တော်မူသည်။ သာမညဖလသုတ်ကို ကြားရပြီးနောက် သာသနာတော်ကို ယုံကြည်လက်ခံလျှက် ကြည်ညိုလာခဲ့ပြီး ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးသောအခါ အထမဓာတ်တော်ပွဲ အထမဓာတ်ဝင်းတွင် စီစဉ်ပေးနိုင်သော သာသနာ့ဝတ္ထုတစ်ဦးဖြစ်လာခဲ့သည်။ နောင်အခါနှစ်ပေါင်း ဝိဇိတာဝီအမည်ရှိ ပစ္စေကဗုဒ္ဓါ ပွင့်ထွန်းမည်ဟု ဗျာဒိတ်ပေးခြင်းခံရသည်။ 'ကုန်ရွှေလျှင် တစ်ခေါက်၊ လင်ကုန်ရွှေလျှင် တစ်သက်လုံးမှောက်၊ ဆရာကုန်ရွှေလျှင် တစ်သံသရာလုံးမှောက်' ဟူသော စကားအရ ပါဝမိတ္တာဖြစ်သော ဓာတ်တော်ကို ဆရာတင်မှားသဖြင့် ပဉ္စာမုန့်ဆိုင်ကဲ့သို့ကိုက်ခဲ့ရသော်လည်း ကလျာဏမိတ္တာဖြစ်သော ဆရာဇီဝက၏ လမ်းညွှန်ချက်ဖြင့် သာသနာ့ဒါယကာအဖြစ် ရာထူးရာဝါ ရောက်ရှိကာ အပြစ်များစွာ ပေါ့ပါးသွားအောင် ပြုလုပ်နိုင်ခဲ့သည်။ ကလျာဏမိတ္တ၏ကျေးဇူးကလည်း ကြီးမားသလို သာသနာတော်၏ ကျေးဇူးကလည်း အတိုင်းမသိပါပေ။ သရက်ဥယျာဉ်ကျောင်းတော်ကို ဖူးမြော်၍ 'ဣဓမဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ' အစရှိသော သာဓုခေါ်သံများရွတ်ဆိုပူဇော်ခဲ့ပါသည်။

ဇီဝကသူရက်ဥယျာဉ်ကျောင်းတော်ကို ဖူးမြော်ကြပြီး **ရတနာဂိရိတောင်**သို့သွားကြသည်။ ညနေ(၄)နာရီ ကျော်နေပြီဖြစ်သော်လည်း တောင်ပေါ်သို့ တက်ကြမည့်သူများဖြင့် စည်ကားနေသည်။ စက်တပ်ကုလားထိုင်ဖြင့်တက်ကြသည်။ အသက်အရွယ်ကြီးသူ၊ မကျန်းမာသူများ တောင်အောက်တွင်နေခဲ့ကြသည်။ တောင်ပေါ် သို့ရောက်ရန် (၁၀) နာရီခန့်တက်ရသည်။ တောင်ပေါ်၌ ဂျပန်နိုင်ငံမှလာရောက်တည်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေးစေတီတော်ရှိသည်။ မြန်မာကျောင်းဆရာတော်က ရာဇဂြိုဟ်မြို့သမိုင်းကြောင်းနှင့် ဗုဒ္ဓသာသနာတော်သမိုင်းကို စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းပြသည်။ ရတနာဂိရိတောင်ထိပ်မှကြည့်လျှင် ရာဇဂြိုဟ်မြို့ကို အပေါ်စီးမှ မြင်တွေ့ရသည်။ ဘုရားရှင်လက်ထက်တော်က မဂဓတိုင်း၏မြို့တော်ရာဇဂြိုဟ်သည် ယနေ့အချိန်၌ လူနေအိမ်ခြေများလုံးဝ မရှိတော့ဘဲ သခ်ါရသဘာဝကို ပြသလျက်ရှိနေပေတော့သည်။ သီလကျွန်အဋ္ဌကထာ၌ ရာဇဂြိုဟ်မြို့သည် ဘုရားရှင်နှင့် စကြဝတေးမင်းသို့ခေတ်၌သာ မင်းနေပြည်တော်ဖြစ်ပြီး ကျန်အချိန်များ၌ နတ်ဘီလူးတို့ သိမ်းပိုက်အပ်သော နေရာဖြစ်သည်ဟု မိန့်ဆိုထား၏။

ရတနာဂိရိတောင်ထိပ်မှ ပြန်အဆင်းတွင် .စက်တပ်ကုလားထိုင်ဖြင့် ပြန်ဆင်းသူလည်းရှိသလို အချို့က ခြေကျင်ပြန်ဆင်းပြီး ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ ဘုရားရှင် သီတင်းသုံးတော်မူခဲ့သော ကျောင်းတော်ရာသို့ သွားရောက်ဖူးမြော်ကြသည်။ ရတနာဂိရိတောင်မှ ခြေကျင်ဖြင့် ဆင်းဆင်းချင်း လှေကားထစ်မှ အရှေ့ဘက်သို့ လှမ်းကြည့်လျှင် အခြားတောင်ပေါ် တစ်နေရာ၌ စေတီပျက်တစ်ဆူကို မြင်တွေ့ရသည်။ မိမိက မြန်မာကျောင်းဆရာတော်ကို ထိုစေတီအကြောင်း မေးမြန်းကြည့်ရာ ဘုရားရှင်က သိကြားမင်းကို 'သက္ကပဉ္ဉသုတ်'ဟောကြားတော်မူရာဌာနဖြစ်ကြောင်း မိန့်တော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရသည်။ သက္ကပဉ္ဉသုတ်ဟောကြားရာဌာနကို ယခင်ကပင် သိလိုသောဆန္ဒရှိခဲ့သည်။ ယခုမူ မမျှော်လင့်ဘဲ သိခွင့်ရသဖြင့် သက္ကပဉ္ဉသုတ်၌ သိကြားမင်းက ဘုရားရှင်ကို ရှိခိုးကန်တော့သော 'တဏှာသင်္ခယ ဟန္တာရံ၊ ဗုဒ္ဓံ အပ္ပဋိပုဂ္ဂလံ' အစရှိသော ဂါထာများနှင့် နမော တဿဘုရားရှိခိုးတို့ဖြင့် ရွတ်ဆိုကာ လှမ်းမျှော်ရှိခိုးကန်တော့ပူဇော်ခဲ့သည်။

တောင်စောင်းတစ်လျှောက်တွင်ရှိ ကျောက်ခင်းလမ်းဖြင့် မြန်မာဘုရားဖူးအဖွဲ့ကပြန်အဆင်းတွင် တောင်ပေါ် သို့ တက်လာသော **အိန္ဒိယနိုင်ငံသားများ**ကို တွေ့ရသည်။ မြန်မာဘုရားဖူးအဖွဲ့နှင့် အတူလိုက်ပါလာသော **အိန္ဒိယ၌စာသင်**နေသည့် ရဟန်းတော်က ယခုတက်လာသောအဖွဲ့များသည် အပြန်၌လည်း ခြေကျင်ပြန်ဆင်းကြမည့်အဖွဲ့များဖြစ်သည်။ အိန္ဒိယသားများသည် **ထမင်းတစ်ခါစား** ရာ၌ပင် ရူပီးငွေ (၂၀) **မျှဖြင့် ဧည့်ဝတ်** အောင်စားကြသည်ဖြစ်၍ **လက်မှတ်** တစ်စောင်ကို ရူပီးငွေ(၆၀)အကုန်အကျခံကာ တက်ရောက်သူ နည်းပါးသည်။ မိမိတို့အဖွဲ့က ခြေကျင်ပြန်ဆင်းမည်ဖြစ်၍ လက်မှတ်ကို ထိုအဖွဲ့များအား ဒါနပြုသင့်သည်ဟု ပြောသဖြင့် မိမိတို့တစ်ဖွဲ့လုံးက လက်မှတ်ဒါနပြုခဲ့ကြသည်။ ၎င်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ မိမိတို့လျှပ်လိုက်သောလက်မှတ်ဖြင့် ၎င်းအဖွဲ့တောင်အဆင်းတွင် ကုလားထိုင်ဖြင့် ပြန်ဆင်းကြရမည်ကိုတွေးကာ ဝမ်းသာကြည်နူးကြရသည်။

တောင်စောင်းတစ်လျှောက်အဆင်း၊ အတက်တို့ဖြင့် ကွေ့ပတ်ပြီး မကြာမီ **ဂိဇ္ဈကုဋ်တောင်ထိပ်**သို့ ရောက်ရှိသည်။ ရှေးဦးစွာ အရှင်သာရိပုတ္တရာလိုဏ်ဂူကို တွေ့ရသည်။ သဘာဝကျောက်လိုဏ်ဂူဖြစ်ပြီး ငုံ၍ဝင်ရသော်လည်း အတွင်း၌ တစ်ပါးစာအတွက် နေရာအလုံအလောက်ရှိသည်။ ဘုရားဖူးအဖွဲ့များက ရွှေဆိုင်းများကပ်လှူထားကြသည်။ ထိုနေရာမှဆက်၍တက်သွားကြရာ ဓမ္မာရုံတည်ရှိခဲ့ဖူးသောနေရာသို့ ရောက်ရှိသည်။ ဤနေရာ၌ ဘုရားရှင်သည် မဟာပရိနိဗ္ဗာနသုတ်လာ သာသနာအရှည်တည်ကြောင်း အပရိဟာနိယတရားများ အပါအဝင် သုတ္တန်ဒေသနာများ ဟောကြားတော်မူခဲ့သည်ကို အာရုံပြု၍ အပရိဟာနိယတရားများကို ရွတ်ဆိုပူဇော်ခဲ့သည်။ ဆက်၍တက်သွားကြရာ ဘုရားရှင် သီတင်းသုံးတော်မူခဲ့သော ဂန္ဓကုဋိကျောင်းတော်ရာသို့ ရောက်ရှိသည်။ စာအုပ်ရောင်းသူတစ်ဦးက လှေကားအတက်၊ အဆင်း ကျောက်နံရံထိပ်ရှိ ကျောက်တုံးကြီးကို လက်ညှိုးထိုးပြ၍ လင်းတဦးခေါင်းနှင့်တူသော ကျောက်တုံးဟု ပြောပြရင်း **စာအုပ်ထဲမှ** ဓာတ်ပုံနှင့် နှိုင်းယှဉ်ပြသည်။ **စာအုပ်ထဲကပုံနှင့်** မတူပါလားဟု မိမိကမေးကြည့်ရာ လှေကားဘေးမှကြည့်ပါဟု ပြောသဖြင့် လှေကားဘေးသို့ဆင်း၍ကြည့်ကာမှ ဓာတ်ပုံထဲကအတိုင်း တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့ရ၏။ တောင်ထိပ်ရှိ ဂန္ဓကုဋိကျောင်းတော်တွင် ထိုင်းဘုရားဖူးအဖွဲ့နှင့် ဆုံနေသဖြင့် ဘုရားဖူးများ ပြည့်ကျပ်နေသည်။ ဤနေရာ၌ ဘုရားရှင်သည် အာဠာနာဋိယသုတ်၊ မဟာဂေါဝိန္ဒသုတ် အစရှိသော သုတ္တန်ဒေသနာတော်များ

www.burmeseclassic.com

ဟောကြားတော်မူခဲ့သည်ကို အာရုံပြုရှု အာဠာနာဋိယသုတ်ကို ရွတ်ဆိုပူဇော်သည်။ မှောင်စပျိုနေပြီဖြစ်၍ အေးအေး ဆေးဆေး အချိန်မပေးနိုင်တော့ဘဲ ပြန်ဆင်းခဲ့ကြသည်။ ဂန္ဓကုဋီကျောင်းတော် ရာအောက်နားရှိ လိုက်ဂုဝယ်သည် အရှင်အာနန္ဒာ၏လိုက်ဂု ဖြစ်သည်။

ဂိဂျကုဋ်တောင်အောက်သို့ ပြန်ဆင်းတွင် လမ်း၏ လက်ဝဲဘက်၌ အုတ်ခုံအမှတ်အသားတစ်ခုကို တွေ့ရသည်။ ဗိမ္ဗိသာရမင်းက ဘုရားရှင်ကို လာရောက်ဖူးမြော်သည့်အခါ မင်းမြောက် တန်ဆာများကိုချွတ်၍ သက်တော်စောင့် ထံအပ်နှံသောနေရာဖြစ်သည်။ တောင်အောက်သို့ရောက်ခါနီး လမ်း၏လက်ယာဘက်ရှိ အုတ်ခုံအမှတ်အသားသည် ဗိမ္ဗိသာရမင်း မြင်းရထားပေါ်မှဆင်းသက်သောနေရာ ဖြစ်သည်။ မနီးမဝေးတွင် လမ်း၏ လက်ဝဲဘက်ရှိ ကျောက်ခဲများ စုပုံထားသောနေရာသည် **မဒ္ဒကုစ္ဆိကျောင်းတော်**ရာဖြစ်သည်။ ဂိဂျကုဋ်တောင်မှ အဆင်းတွင် ဝိနည်းပါရာဇိကဏ်ပါဠိတော်၌လာသော အရှင်မောဂ္ဂလာန် မြင်တွေ့ခဲ့ရသည့် ပြိတ္တာများအကြောင်းကို အမှတ်ရသဖြင့် ပြုခဲ့သမျှ ကုသိုလ်များ၏အဖို့ဘာဂကို အမျှပေးဝေခဲ့ပါ၏။

ဂိဂျကုဋ်တောင်အောက်သို့ရောက်ချိန်တွင် မှောင်နေပြီဖြစ်သော်လည်း ဝေဘာရတောင်စောင်းရှိ ထပေါဒါမြစ် ရေပူစမ်းသို့ ဝင်ရောက် လေ့လာကြသည်။ ဒေသခံများရေချိုးနေကြသည်။ ရေချိုးရာ၌လည်း ချိုးချင်တိုင်းချိုး၍မရ၊ ဇာတ်ဖြင့်များက အထက်ပိုင်းမှချိုး၍ စီးဆင်းလာသောရေများကိုသာ ဇာတ်နိမ့်များက အောက်အဆင့်မှ ချိုးခွင့်ရကြသည်။ ဇာတ်နိမ့်များ ရေချိုးခွင့်ရသော နေရာရှိရေသည် အထက်မှအဝတ်လျှော်ပြီး စီးဆင်းလာသောရေများဖြစ်သဖြင့် ကြည်လင်သန့်ရှင်းမှုမရှိတော့။ အရာရာကို ဇာတ်စနစ်ဖြင့်ခွဲခြားခံရသော အိုင်းအိုင်း၌ လူဖြစ်ရသည်မှာ ကံဆိုးလှသည်။ **န ဇစ္စာ ဝသလော ဟောတိ၊ န ဇစ္စာ ဟောတိ ဗြဟ္မဏော။** ကမ္မုနာ ဝသလော ဟောတိ၊ ကမ္မုနာ ဟောတိ **ဗြာဟ္မဏော**မျိုးရိုးကြောင့် ဇာတ်နိမ့်လည်း **မဖြစ်နိုင်**သလို ဇာတ်မြင့်လည်း မဖြစ်နိုင်၊ မိမိလုပ်ရပ်အပေါ် မူတည်၍သာ **ဇာတ်နိမ့်**၊ ဇာတ်မြင့်ဖြစ်နိုင်သည်ဟူသောလွှာဝအဆင့်အတန်းကို မိုးရိုးဖြင့်မဆုံးဖြတ်ဘဲ အကောင်း၊ အဆိုးလုပ်ရပ်ဖြင့်သာဆုံးဖြတ်သော ဘုရားရှင်၏ ဒေသနာတော်ကိုလည်း အမှတ်ရမိပါ၏။ ဇာတ်ခွဲခြားမှုကို ပယ်ဖျက်တော်မူခဲ့သည့် ဘုရားရှင်၏ သာသနာတော်တည်ရှိရာ မြန်မာပြည်၌ လူဖြစ်ခွင့်ရသည်မှာလည်း ကုသိုလ်ကံထူးလှသည်။

ဤတပေါဒါမြစ်ရေ ဘာကြောင့် ပူရသည်ကို ဒေသခံများသိကြမည် မဟုတ်သော်လည်း ဝိနည်းပါရာဇိကဏ်ပါဠိတော်၌ ဤမြစ်ရေသည် လောဟကုမ္ဘီဝေနုစ်ခု၏အကြားမှ ဖြတ်သန်းစီးဆင်းလာသောကြောင့် ပူနေခြင်းဖြစ်ကြောင်း ဘုရားဟောဒေသနာရှိပါ၏။ သိပ္ပံဆရာတို့ ဉာဏ်မမီသောအရာကို ဘုရားရှင်က ထုတ်ဖော်ဟောပြခဲ့သည်။

တပေါဒါမြစ်ရှိ ရေပူစမ်းကို လေ့လာပြီးနောက် ပြန်အထွက်တွင် ဝေဘာရတောင်စောင်းရှိ အရှင်မဟာကဿပ သီတင်းသုံးတော်မူခဲ့သော ကျောက်လိုဏ်ဂူဝယ်ကို တောင်အောက်မှပင် အာရုံပြုကြည်ညိုကြသည်။ ရာဇဂြိုဟ်၌ ဖူးမြော်စရာများသဖြင့် တစ်နေ့ရာမှတစ်နေ့ရာသို့ ခပ်သုတ်သုတ်သွားကြသော်လည်း ည (၇) နာရီထိုးမှသာ မြန်မာကျောင်းသို့ ပြန်ရောက်တော့သည်။

ဗုဒ္ဓမြတ်စွာပွင့်တော်မူရာဂယာ၊ မဟာဗောဓိသို့ တစ်ကျော့ပြန်

၂၄-၃-၂၀၁၄ နံနက်စာစားပြီးနောက် ရာဇဂြိုဟ်မှ (၆၁) မိုင်ဝေးသော **ဂယာ**သို့ ခရီးဆက်ကြသည်။ ဂယာသို့ သွားသောလမ်းသည် ရာဇဂြိုဟ်မြို့တွင်းမှ ဖြတ်သွားရသောကြောင့် မြို့တွင်းရှိ ကျောက်လှည်းဘီးရာကိုဆင်း၍လေ့လာကြသည်။ ကျောက်တောင်ထူထပ်သော ရာဇဂြိုဟ်၌ မြို့တွင်းရှိ သဘာဝကျောက်သားပေါ်တွင် လှည်းများ ဖြတ်သန်းသွားလာထားကြသည်မှာ လှည်းဘီးရာထင်၍ ကျန်ရစ်ခဲ့သည်။ ထိုနေရာကို ရွှေဟောင်းသုတောသနဌာနက အုတ်တံတိုင်းခတ်၍ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ မဟာဘာရတခေတ်အမှတ်အသားဟုလည်း ဆိုင်းဘုတ်တင်ရေးထားသည်။

ထိုနေရာ၏တောင်ဘက် ခပ်လှမ်းလှမ်း ကားလမ်းနံဘေးရှိ ကျောက်တိုင်လေးများ စိုက်ထားသော နေရာသည် အရှင်မောဂ္ဂလာန်ကို ဓားသား (၅၀၀) က ရိုက်နှက်သောနေရာ ဖြစ်သည်။ ကွက်သိုက်တောင်နံပါး ကာဠသိလာကျောက်ဖျာနေရာဖြစ်သည်။ အနီးတွင် စေတီပျက်တစ်ဆူရှိသည်။ ကမ္မဝိပါကော နာမ နဂ္ဂာ ကေနစိ ပဋိဗာဟိတုံ-ကံအကျိုးပေးမည့်သည် တစ်စုံတစ်ယောက်မှ တားဆီးခြင်းငှာ မတတ်နိုင် ဟူသော ဒေသနာတော်အရ တန်ခိုးအရာ၌ အသာလွန်ဆုံးအဖြစ် ဇာဒဂ်ဘွဲ့ထူးကို ရတော်မူသော အရှင်မြတ်ကြီးသည်ပင် လျှင် အတိတ်ကံအကျိုးပေးကို ရှောင်လွှဲမရနိုင်ပုံကို သံဝေဂယူမိပါသည်။

ဗုဒ္ဓဂယာ၊မဟာဗောဓိသို့မရောက်မီ ဂယာမြို့ကိုဖြတ်ကျော်ရသည်။ ဂယာမြစ်ကမ်းနားတွင်တည်ထားသောမြို့ဖြစ်ပြီး ဘုရားရှင်လက်ထက်တော်အခါက ရွာငယ်အဆင့်မျှသာ ဖြစ်ပေလိမ့်မည်။ ဥပကနှင့် မဆာပါတို့သည်လည်း ဤအနီးအနားတစ်ဝိုက်၌ နေထိုင်ခဲ့ခြင်းဖြစ်လိမ့်မည်။ ဂယာမြစ်သည် ဟိန္ဒူဘာသာဝင်များက အထွတ်အမြတ်ထားကြရာမြစ်တစ်ခုဖြစ်ပြီး မကောင်းမှုများ သန့်စင်သွားစေနိုင်သည်ဟူသော အယူအဆဖြင့် ရေချိုးပွဲကျင်းပကြသည်။

ဘုရားရှင်က -

"မကောင်းမှုအမြဲတမ်းပြုနေသော လူမိုက်တစ်ဦးသည် ဂယာအစရှိသော မြစ်များသို့ အမြဲတမ်း ရေချိုးဆင်းနေစေကာမူ မကောင်းမှုမှ စင်ကြယ်ခြင်း မရှိနိုင်။ မြစ်သည် အဘယ်ကို ပြုလုပ်ပေးနိုင်ပါအံ့နည်း၊ ဤသာသနာတော်၌သာ ရေချိုးလော့။ ကံ (၃) ပါးစလုံး စင်ကြယ်နေသူအား မကောင်းမှုမှကင်းစင်ပြီး ဖြစ်၏။ ဂယာမြစ်သို့ ရေချိုးသွားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်အိမ်မှ ရေတွင်းသည်လည်း ဂယာမြစ်နှင့် အတူတူပင် ဖြစ်၏"

ဟု ဟောတော်မူသည်။

ဂယာမြို့သို့အဝင် လမ်း၏လက်ဝဲဘက်ရှိတောင်သည် **ဂယာသီသတောင်**ဖြစ်သည်။ ဤတောင်ပေါ်ရှိကျောက်ဖျာပေါ်တွင် ဘုရားရှင်သည် ဥရုဝေလကဿပအစရှိသော ရသေ့ညီနောင်ရှင်တစ်ထောင်တို့အား အာဒိတ္တ ပရိယာယသုတ်ကို ဟောကြားတော်မူခဲ့သည်။ မီးလုပ်ကျွေးသောရသေ့ဖြစ်ခဲ့ဖူးသူများကို မီးဥပမာပေး၍ ဒုါရ (၆) ပါး၊ အာရုံ (၆) ပါး၊ ဝိညာဏ် (၆) ပါး၊ ဖဿ (၆) ပါး၊ ဝေဒနာ(၆)ပါးတို့၌ ရာဂမီး၊ ဒေါသမီး၊ မောဟမီး စသော (၁၁) ပါးသောမီးတို့ တဟုန်းဟုန်းတောက်လောင်ကြောင်း ဟောပြတော်မူကာ ရသေ့များ အရှင်မြတ်များအဖြစ်သို့ရောက်စေတော်မူခဲ့သည်။ ရှင်ဒေဝဒတ်သည် သံဃာ

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခဲပြီးနောက် ရဟန်း (၅၀၀) ကို ခေါ်ဆောင်ကာ ဤဂဝယာသီသည့် လာဆုတ် နေထိုင်သည်။ ဘုရားရှင်က အင်္ဂသောဝကကြီးနှစ်ပါးကို စေလွှတ်၍ ရဟန်း (၅၀၀) ကို အမြင်မှန်ရအောင် ဆောပြစေပြီး ပြန်လည် ခေါ်ဆောင်စေခဲ့သည်။

ကျွန်ုပ်ရဲ့ရဟန်းတော်သို့

မဟာဗောဓိသို့မရောက်မီ အချိန်အနေအထားနေသေးချိန် ရှေးဦးစွာ ဒုက္ကရစရိယာတော်သို့သွားကြသည်။ ဒေသခံများမှ အလွန်ဆင်းရဲကြသည်။ ဒုဒ္ဓဘာသာ နိုင်ငံများမှ ကျောင်းများ လာရောက်ဆောက်လုပ်ထားကြသည်။ မြန်မာနိုင်ငံမှ လာရောက် ဆောက်လုပ်ထားသော ဘုရားဝေလတောစခန်းရိပ်သာကိုလည်း တွေ့ခဲ့ရသည်။ အလောင်းတော် တရားရှာခဲ့အခါကမူ ဤနေရာတစ်ဝိုက်သည် သူတော်စင်တို့ တရားအားထုတ်ရာ အောကြီးမျက်မည်း ဖြစ်ခဲ့သော်လည်း အနေအချိန်၌ ကျေးရွာများနှင့် လယ်ကွင်းများကိုသာ တွေ့ရတော့သည်။ ဒုက္ကရစရိယာတောင်ပေါ်သို့ သွားသော်အရွယ်ကြီးသူများက အထမ်းဖြင့် တက်ကြသည်။ အတက်၊ အဆင်းအမြင်မှ ရှစ်မိုး (၃၀၀) ပေးရသည်။ အံ့သြစရာ ဆိုင်တယ်ကယ်ရီဖြင့် တက်ကြသည်။ ဒီတောင်ကိုဖေးယူမလားဟု မေးသူလည်း ရှိကြသည်။ ကုသိလ်ဖြစ်အနေဖြင့်ပေးခဲ့ဖူးတာ၊ မသိ၍ယူမိလျှင်ပြန်အဆင်းအတွက် ရှစ်မိုး (၁၀၀) မရမကတောင်းတတ်သည်။

တောင်ပေါ်တွင် တိဗက်ဘုန်းတော်ကြီးတောင်းရှိပြီးရောက်လာသော ဧည့်သည်များကို တိဗက်ဘုန်းတော်ကြီးများက ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။ ဤသို့သောနေရာမျိုး၌ ပင်ပန်းဆင်းရဲခဲ့ရှာသိမ်းစောင့်ရှောက်နေကြသည်ကို ခံစားရစေကောင်းလှသည်။ ဒုက္ကရစရိယာတောင်တစ်ခုလုံး ကျောက်သားချည်းဖြစ်ပြီး ထီးထီးမားမား တည်ရှိနေကြောင့် သုဇာတာသူဌေးသမီး၏ ဆောနိုးမှပင် လှမ်းမြင်နိုင်သည်။ မြင့်မောက်စောက်သော ဤတောင်ပေါ်သို့ တက်ရောက်ကြသူများ၏ သဒ္ဓါတရားသည်လည်း သာမန်သဒ္ဓါတရားမျှသာ မဟုတ်။ မိမိတို့ကိုးကွယ်သည့် ဘုရားအပေါ်၌ လှိုက်လှိုက်လဲ့လဲ့ ကြည်ညိုသည့်သဒ္ဓါတရားဖြစ်သောကြောင့်သာ ရောက်တက်နိုင်ကြခြင်း ဖြစ်ပေသည်ဟု ခိုးကျူးမိပါသည်။ တောင်ထိပ်တွင် အလောင်းတော် တရားအားထုတ်ခဲ့ရာ လိုဏ်ဂူရှိသည်။ လိုဏ်ဂူအတွင်း၌ ဒုက္ကရစရိယာကျင့်ပုံရုပ်ပွားတော်ကို ဖူးတွေ့ရသည်။ နိုင်ငံတကာမှ ဘုရားဖူးအဖွဲ့များဖြင့်စည်ကားနေသောကြောင့် လိုဏ်ဂူအတွင်း၌ ကြာကြာဖူးခွင့်မရဘဲ အပြင်ဘက်၌သာ အာရုံပြုပူဇော်ရတော့သည်။ မဟာဆီမဟာသွေးတစ်ဦးအနေဖြင့် အလွန်ခြိုးခြံခက်ခဲပြင်းထန်သော အကျင့်ကို ကျင့်တော်မူနိုင်သော ဂွဲ့လုံလ၊ ဝိရိယကို ခိုးကျူးမိသလို လောကသားတို့အတွက် အငြိမ်းခံတော်ကိုပေးနိုင်ရန် သစ္စာတရားရှာပုံတော်ဖွင့်တော်မူခဲ့သော မဟာကရုဏာတော်ကိုလည်း လိုက်လိုက်လဲ့လဲ့ ကြည်ညိုမိပါသည်။ ပါသရာသိသုတ်၊ ဗောဓိရာဇကုမာရသုတ်၊ မဟာသစ္စကသုတ်၊ ဘယဘေရဝသုတ်တို့၌ ဟောတော်မူခဲ့သော အလောင်းတော်ဘဝတွင် တရားရှာခဲ့ပုံများကို အာရုံပြု၍ ဒုဒ္ဓါနုဿတိပွားများကြည်ညိုပူဇော်ခဲ့သည်။

ဒုက္ကရစရိယာတောင်၌ ဖူးမြော်ကြပြီး မဟာဗောဓိသို့ဆက်ကြရာ မြန်မာကျောင်းသို့ နေ့လယ်စာစားချိန်အမီ ရောက်ရှိကြသည်။ နေ့လယ်ခင်း ခေတ္တအနားယူပြီး မဟာဗောဓိစေတီသို့သွားကြသည်။ အလာတုန်းက အေးအေးဆေးဆေးမဖူးခဲ့ရသဖြင့် အပြန်ကျမှ ဂယာတွင် (၂) ညအိပ်ပြီး အားရပါးရ ဖူးကြရသည်။ဥဒါန်းပါဠိတော်လာ မဟာဗောဓိအနီးတစ်ဝိုက်တွင် ဥဒါန်းကျူးရှင်ခဲ့သောသုတ်များကို ရွတ်ဆိုပူဇော်ခဲ့သည်။ဝေဠုဂါသုတ်လာ ပု၊ ဒီ၊ အာ ဝိဇ္ဇာဉာဏ် (၃) ပါးရရှိတော်မူပုံကို ပြန်လည်ဟောပြခဲ့သောပါဠိများ ရွတ်ဆိုပူဇော်သည်။ မိုးချုပ်သော်လည်း မပြန်သေးဘဲ မဟာဗောဓိပင်အောက်၌သာလုည်လည် ပူဇော်သည်။မဟာဗောဓိစေတီ၌ တာဝန်ကျနေသော ဆရာတော်ထံ ချဉ်းကပ်၍ ရုပ်ပွားတော်ကြီးမှ ပြန်စွန့်ထားသော သက်နှံတော်ကို ရယူပူဇော်လိုကြောင်း လျှောက်ထားရာ ရွှေဝါရောင်ပိုးသက်နှံတစ်ထည်ချီးမြှင့်သည်။ မိမိနေထိုင်ရာ ကျောင်းသို့ ပြန်ရောက်လျှင် သိမ်တော်ကြီးအတွင်းရှိ နေဟောင်းကျောက်ဆင်းတုကြီးတွင် လှမ်းခြုံပူဇော်ရန်ကြွရွယ်ထားသည်များ အထမြောက်သွားသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ အချိန်ရသရွေ့ မဟာဗောဓိစေတီ၌ လှည့်လည်ဖူးမြော်ရင်း ည(၉)နာရီတွင် တံခါးပိတ်ရန် ခေါင်းလောင်းခေါက်မှသာ ပြန်ခဲ့ကြသည်။

၂၅-၃-၂၀၁၄ နံနက်စာစားပြီး မဟာဗောဓိစေတီသို့သွားဖူးကြပြန်သည်။ နံနက်အရုဏ်တက် မဟာဗောဓိစေတီတော် စတင်ဖွင့်လှစ်ချိန်မှစတင်၍ နိုင်ငံတကာဘုရားဖူးအဖွဲ့များမှ ကပ်လှူသော ပိုးသက်နှံများ မည်မျှများပြားမည်မသိ။ တာဝန်ကျသောဆရာတော်က အကြိမ်ကြိမ် လဲလှယ်ပေးရ၏။ တစ်ခါတစ်ရံ၌ များလွန်း၍ လွှမ်းခြုံမပေးနိုင်တော့ဘဲ အခေါက်လိုက်ပင် ကပ်လှူထားကြရ၏။ နံနက်(၇)နာရီ၌ပင် အထုပ်ကြီးထုပ်၍ ခေါင်းပေါ် ရွက်ယူသွားရလောက်အောင် များပြား၏။ မိမိသည် လက္ခဏာသုတ်ကို အမှတ်ရမိ၏။ ဘုရားအလောင်းသည် အတိတ်ဘဝများစွာက နူးညံ့သော အဝတ်အထည်တို့ကို လှူဒါန်းတော်မူခဲ့၏။ ထိုကံ၏အကျိုးကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေရှိခြင်း ဟူသောလက္ခဏာတော်နှင့် ပြည့်စုံတော်မူ၏။ ထိုလက္ခဏာတော်၏ အကျိုးဆက်အဖြစ် နူးညံ့ချောမွေ့သော အဝတ်အထည်တို့ကို များစွာ သုံးဆောင်တော်မူရ၏ဟူသော ဟောကြားချက်ကို သက်သေခံနေသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကို မဆိုထားဘိ ဘုရားရှင်၏ ရုပ်ပွားတော်သည်ပင်လျှင် ပါရမီတော်တို့၏ စွမ်းရည်သတ္တိကြောင့် အဖိုးတန် သက်နှံတို့ဖြင့် အမြဲမပြတ် ပူဇော်ခြင်းကို ခံယူရတော်မူသည်ဟု ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသဒ္ဓါပွားမိပါသည်။

သတ္တဋ္ဌာနကို နောက်တစ်ကြိမ် ထပ်ဖူးပြီး ရတနာဃရသတ္တာဟတွင် ပဋ္ဌာန်းရွတ်ဆိုပူဇော်သည်။ နေ့စဉ်နေ့တိုင်း မြန်မာနိုင်ငံမှ ထပ်မံရောက်ရှိလာသော ဘုရားဖူးအဖွဲ့များကို တွေ့ရသည်။ မည်သည့်နိုင်ငံမှ ဘုရားဖူးအဖွဲ့ကိုကြည့်ကြည့် ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရွှင်လန်းတက်ကြွနေသောမျက်နှာမျိုးကိုသာ မြင်တွေ့ရသည်။ ကုသိနာရုံဌိမှ ဘုရားရှင်ကို လွှမ်းဆွေးတ,သသော မျက်နှာများကိုယ်စီကိုယ်စီနှင့်။ မဟာဗောဓိမှာမူကား ဘုရားရှင်အဆူဆူပွင့်တော်မူသည့်နေရာပါလားဟူသောအသိဖြင့် ဝမ်းသာကြရသည်။ ထို့ရွှင်လန်းဝမ်းမြောက်မှုသည် မိမိတို့နေရပ်သို့ပြန်ရောက်လာသည့်တိုင် အောင် ရှုတ်တရက် အချိန်သောသွေး သေးဘဲ ရတ်ပေါင်းကြာသည့်အထိ နေရာယူဆဲဖြစ်၏။ ပြန်ခင့်ခင့်ဆိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

လည်း အားရကျေနပ်မှုကိုဖြစ်စေ၏။ ဤမျှအားကောင်းသော ကုသိုလ်စေတနာသည် သံသရာခရီးမပြီးဆုံးသေးသောသူများအတွက် အလွန်အားကိုးထိုက်သော သံသရာရိက္ခာအထောက်အပံ့ကောင်းဖြစ်စေနိုင်ပါ၏။ ထို့ကြောင့်လည်း ဘုရားရှင်က ဖွား၊ ပွင့်၊ တော၊ စံ သံဝေဇနီယ (၄) ဌာနကို လှည့်လည်ဖူးမြော်၍ ကြည်ညိုသဒ္ဓါစိတ်ဖြင့် သေဆုံးသူတို့သည် ကောင်းသောသုဂတိ ဘဝဘုံဌာနများသို့ ရောက်ကြလိမ့်မည်ဟု ဟောတော်မူခဲ့ခြင်း ဖြစ်၏။

မဟာဗောဓိ၌ အချိန်ကုန်ကြပြီး မြန်မာကျောင်းသို့ နေ့လယ်စာပြန်စားကြသည်။ မနက်ဖြန် မြန်မာပြည်သို့ ပြန်ကြရတော့မည်ဖြစ်၍ မြန်မာကျောင်းရှိ စေ့းဆိုင်များတွင် စေ့းဝယ်ကြသည်။ ပစ္စည်းဝယ်ရာ၌ အပြင်ဆိုင်များတွင်ဝယ်လျှင် စေ့းကြီးမိတတ်သလို အညာလည်း မိတတ်သည်။ မြန်မာကျောင်းတွင် စေ့းဝယ်ပါက ပစ္စည်းမှန်၊ စေ့းမှန်ရနိုင်သည်။ မြန်မာငွေဖြင့်လည်း စေ့းဝယ်၍ ရသည်။ ဒေါ်လာငွေလဲလှယ်လျှင်လည်း ဒေါ်လာ (၁၀၀) လျှင် ရူပီးငွေ (၆၂၀၀) အပြည့်အဝရသည်။ မြန်မာကျောင်းရှိစေ့းသည်များသည် မြန်မာစကားကောင်းကောင်း ပြောနိုင်သည်။အချို့က မြန်မာပြည်တွင် နေခဲ့ဖူးသည်။

နေ့လယ်ခင်း စေ့းဝယ်ပြီး ညနေခင်း၌ မဟာဗောဓိသို့ သွားကြသည်။ နိုင်ငံတကာ ဘုရားဖူးအဖွဲ့များလည်း များပြားသလို ပြည်တွင်းဘုရားဖူးအဖွဲ့များလည်း လာကြသည်။ မဟာဗောဓိရုပ်ပွားတော်သို့ ဝင်ရောက်ဖူးမြော်ရန် တန်းစီကြရသည်။ မိုးချုပ်၍ ပြည်တွင်းဘုရားဖူးအဖွဲ့များ ပြန်သွားကြမှသာ အားရပါးရ ဖူးခွင့်ရတော့သည်။ ဗောဓိပင်အောက်၌ ဥရောပသား (၃) ဦးကို တွေ့ရ၍ မေးမြန်းကြည့်ရာ ဂျာမနီမှ တစ်ဦး၊ ပြင်သစ်မှတစ်ဦး၊ ဩစတေးလျမှတစ်ဦးတို့ဖြစ်ကြကြောင်း သိရသည်။ မိမိယူဆောင်လာသော ပုဂံစေတီပုထိုးများပို့စကဒ်၊ ချမ်းမြေ့ဆရာတော်၏ ဝိပဿနာတရား အင်္ဂလိပ်ဘာသာပြန်၊ နေ့စဉ်ထုတ်သတင်းစာ၌ ပါရှိသော မြတ်ဗုဒ္ဓအဆုံးအမအင်္ဂလိပ်ဘာသာပြန်စာအုပ်တို့ကို လက်ဆောင်ပေးလိုက်သည်။ မြန်မာပြည်ရောက်ဖူးပါသလား ဟု မေးကြည့်ရာ မရောက်ဘူးကြောင်း၊ ဆရာကြီး ဦးဂိုအင်ကာ၏ ဝိပဿနာလှုံးကို လေ့လာနေကြောင်း ဖြေသည်။ ဂျာမနီနိုင်ငံသားကမူ ချင်းမြွေ့ဆရာတော်၏ဝိပဿနာစာအုပ်ကို အကြွေးမထားဘဲ ချက်ချင်း ထိုင်ဖတ်တော့သည်။ မြန်မာနိုင်ငံသို့ တစ်ခေါက်မျှပင် မရောက်ဘူးသော နိုင်ငံခြားသားများက မြန်မာနိုင်ငံမှ ဝိပဿနာရှုနည်းကို စိတ်အားထက်သန်စွာ လေ့လာ လိုက်စားနေကြသည်။မြန်မာနိုင်ငံမှာ မွေးဖွားကြီးပြင်းခဲ့ရသော မိရိုးဖလာ ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ပါလျက် ဝိပဿနာတရား အကြောင်း မသိနားမလည်သူများအနေဖြင့် သင်ခန်းစာယူသင့်ပါသည်။

၂၆-၃-၂၀၁၄ နံနက်စာစားအပြီး တွင် မဟာဗောဓိသို့သွားကြသည်။ မြန်မာနိုင်ငံသို့ ပြန်ရမည့်ရက်ဖြစ်သောကြောင့် လေယာဉ်သို့မတတ်မီ မဟာဗောဓိစေတီတော်ကို အားရပါးရ ရှိခိုးပူဇော်ကြသည်။ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်သည် ငွေကြေးသိန်းပေါင်းများစွာ အကုန်အကျခံကာ ရက်ရှည်သွားလာရသော နိုင်ငံခြားခရီးစဉ်ဖြစ်သောကြောင့် တစ်ခေါက်တစ်ခါသွားရဖို့ပင် လွယ်ကူလှသည်မဟုတ်။ အချိန်လည်းပေးနိုင်ပါမှ၊ ငွေကြေးလည်းပြည့်စုံပါမှ၊ ကျန်းမာရေးအခြေအနေလည်းကောင်းပါမှ သွားဖြစ်ကြ၏။ တစ်သက်မှာ တစ်ခေါက်မျှသာရောက်ဖြစ်သူလည်းရှိသလို နောက်တစ်ခေါက်ထပ်ရောက်ဖြစ်ဖို့ ကြန့်ကြာနေကြသူများလည်း ရှိ၏။ သို့ဖြစ်၍ အချိန်ရခိုက် အားရပါးရ ဖူးမြော်ကြပြီး နံနက် (၁၀) နာရီခန့်တွင် မြန်မာဘုန်းတော်ကြီးကျောင်းသို့ ပြန်ခဲ့ကြသည်။

နေ့လယ်စာစားပြီးနောက် ဂယာလေဆိပ်သို့သွားကြသည်။ဂယာလေဆိပ်မတည်ဆောက်ရသေးစဉ်က ဗုဒ္ဓဂယာဘုရားဖူးသွားသူများသည် ရန်ကုန်မှ ကာလကတ္တားလေဆိပ်သို့စီးကြရသည်။ ကာလကတ္တားမှ တစ်ည‌လုံးကားစီးပြီး နံနက်မိုးလင်းမှ ဂယာသို့ရောက်သည်။ အပြန်၌လည်း ဂယာမှ ကာလကတ္တားသို့ တစ်ည‌လုံးကားစီးကြရသည်။ အချိန်လည်းကုန်၊ လူလည်းပင်ပန်းသည်။ အိန္ဒိယစံတော်ချိန် ညနေ (၃) နာရီတွင် လေယာဉ်စထွက်သည်။ မြန်မာစံတော်ချိန် ည (၆) နာရီတွင် ရန်ကုန်လေဆိပ်သို့ရောက်ရှိသည်။

ဗုဒ္ဓဂယာ သံဝေဇနီယ လေးဌာန ဘုရားဖူးခရီးစဉ်သည် ဘဝတစ်သက်တာ၌ မမေ့နိုင်အောင် စိတ်ထဲတွင် စွဲထင်ကျန်ရစ်စေပါ၏။ ဗုဒ္ဓဂယာဘုရားဖူးသွားရတော့မည်ဆိုကတည်းက သွားရမည့်ရက်ကို နေ့စဉ်လက်ချိုးရေတွက်ကာ စောင့်မျှော်ခဲ့ရ၏။ လေယာဉ်သို့တက်ရမည့်နေ့၌ကား အတက်ကြွဆုံးဖြစ်၏။ အိန္ဒိယမြေပေါ် သို့ခြေချခွင့်ရသောအချိန်၌ ငါတို့ဘုရားပွင့်ထွန်းရာမြေပေါ် သို့ ရောက်ခွင့်ရပြီဟူသောအသိဖြင့် ရွှင်လန်းဝမ်းမြောက်ကြရ၏။ မဟာဗောဓိစေတီတော်ကို ဖူးမြော်ခွင့်ရချိန်၌မူ ဆိုဖွယ်ရာမရှိ။ အတိုင်းထက်အလွန် ဝမ်းသာကြည်နူးကြရ၏။ နေရာဌာနအသီးသီးရှိ မြင်ကွင်းများကလည်း စိတ်ကို ခံစားမှုအရသာတစ်မျိုးဖြစ်စေသည်။ ဘုရားရှင် သက်တော်ထင်ရှားရှိနေသကဲ့သို့ စိတ်အာရုံတွင် ကွက်ကွက်ကွင်းကွင်းထင်ပြင်လာပြီး ဖူးမြော်၍မဝနိုင်အောင်ပင်ဖြစ်ရ၏။ တစ်နေရာမှတစ်နေရာသို့ သွားရလာရ၊ ဖူးမြော်ရန့်ပင် အခြားဘာမှအမှတ်မရနိုင်ဘဲ ဘုရားအာရုံနှင့်သာ အချိန်ကုန်ကြရ၏။ သို့အတွက်ကြောင့်လည်း တစ်ခေါက်ရောက်ဖူးလျှင် နောက်ထပ်သွားချင်စိတ်ဖြစ်ကြရသည်မှာ မထူးဆန်းလှ။

မိမိတို့ ကိုးကွယ်သည့် ဘုရားရှင်သည် မိုးပေါ် သို့သာ မျှော်ကြည့်နေရသော စိတ်ကူးယဉ်ဘုရားမျိုး မဟုတ်။ ကမ္ဘာ့သမိုင်းတွင် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် မည်သူမျှငြင်းမရသော သမိုင်းဝင်နေရာဌာနများဖြင့် အမှန်တကယ် သက်ရှိထင်ရှားရှိခဲ့ဖူးသော ဘုရားဖြစ်၏။ မွေးဖွားတော်မူခဲ့သော နေရာ၊ လူသားစင်စစ်အဖြစ်ဖြင့် ထီးနန်းစိုးစံခဲ့သောနေရာ၊ တောထွက်၍ တရားအားထုတ်တော်မူခဲ့သောနေရာ ၊ ဘုရားအဖြစ်သို့ ရောက်ရှိသောနေရာ၊ (၄၅) ဝါကာလပတ်လုံး အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည်၍ နေထိုင်သီတင်းသုံးခဲ့သောနေရာ၊ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သောနေရာ စသည်တို့ဖြင့် အလွန်များပြားသော သမိုင်းအထောက်အထားများကလည်း ဘုရားရှင်၏မဟာလူသားတစ်ဦးအဖြစ်ဖြင့် ထင်ရှားရှိခဲ့ကြောင်းကို ယနေ့တိုင်အောင် သက်သေခံလျက်ရှိနေပေသည်။ အခြားမည်သည့်ဘာသာတရားတွင်မျှ ဤသို့သော အထောက်အထားခိုင်လုံမှုမျိုးကို ရနိုင်မည်မဟုတ်ပါ။ ဤသို့ အထောက်အထားခိုင်လုံမှုနှင့် စေရန် ကျောက်စာတိုင်များနှင့်တကွ အမြော်အမြင်ကြီးမားစွာဆောင်ရွက်သော အသောကမင်းကြီး၏ သမိုင်းဝင်ပညာတို့ကိုလည်း အံ့သြချီးကျူးမဆုံးဖြစ်ရပါ၏။ အကယ်၍သာ အသောက

www.burmeseclassic.com

www.burmeseclassic.com

ပင်းကြီးက ယင်းသို့ အမြော်အမြင်ရှိရှိ ဖြင့် မဆောင်ရွက်ခဲ့ပါလျှင် ယနေ့ခေတ်တွင် အစအနပင်ရှာမရအောင်ပင် ပါးမျိုးချက်ဆီးခြင်းခံရမည်မှာ အမှန်အကန် ဖြစ်ပါ၏။ မင်းကြီး၏ကျေးဇူးကြောင့်သာ ဤသာသနာတော်ကို ကိုးကွယ်ဆည်းကပ်ခွင့်ရသလို သမိုင်းဝင်နေရာဌာနများလည်း ယနေ့တိုင်အောင် အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ဖူးတွေ့ရခြင်း ဖြစ်ပါ၏။ ယင်းသို့ အထောက်အထားခိုင်လုံမှုသည် သဒ္ဓါတရားကို တိုးပွားစေသည်မှာ အမှန်ပင် ဖြစ်၏။

ဗုဒ္ဓဝယာဘုရားဖူးခရီးမှ ပြန်လာပြီးနောက် ယခင်က ဘာသာရေးနှင့် ဝေးကင်းကင်း နေခဲ့ကြသူများပင်လျှင် ဘာသာရေး၌ လေးလေးနက်နက်ရှိလာကြ၏။ ယုံကြည်မှုခိုင်မြဲအားကောင်းလာပြီး တစ်ခေါက်သွားရသည်ကိုပင် အားမရနိုင်။ နောက်တစ်ခေါက်ထပ်သွားချင်စေသည်ဟု ပြောကြ၏။ လှည့်လည်ဖူးမြော်ခဲ့ရသည်ကိုလည်း ဝမ်းသာအားရ ချီးမွှမ်းပင်မဆုံးနိုင်တော့။ သဒ္ဓါတရားအားနည်းသူများပင်လျှင် သဒ္ဓါတရားတိုးပွားလာ၏။ နဂိုကတည်းက သဒ္ဓါတရားအားကောင်းသူများမှာမူ ဆိုဖွယ်ရာမရှိ။ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးဖြစ်ရန်အတွက် သဒ္ဓါတရားသည် အခြေခံကျသည် မဟုတ်ပါလား။

မိမိတို့အဖွဲ့သွားခဲ့သော သံဝေဂလေးဌာန + အဝိဇ္ဇာတိတာလေးဌာန အပြင်သည် မိုင် (၁၇၀၀) ခန့်ရှိ၏။ ထိုနယ်နိုင်ငံတစ်နံတစ်လျား လှည့်လည်ဖူးမြော်ခဲ့ရသော အတွေ့အကြုံအရ ထိုနယ်နိုင်ငံသည် ဗုဒ္ဓသာသနာတော်ပေါ် ပေါက်ခဲ့ရာနိုင်ငံ၊ သာသနာတော် နေလိုလို ထွန်းလင်းတောက်ပသောနိုင်ငံဖြစ်သော်လည်း ယနေ့အချိန်ထိ နယ်နိုင်ငံတစ်နံတစ်လျားမည်သည့် နေရာကြည့်ကြည့် ဗုဒ္ဓဘာသာစေတီပုထိုးများ မတွေ့ရဘဲ သို့ဝန်တိုဘုရားအင်္ဂါကိုးကွယ်မှုနှင့် ဟိန္ဒူဘုရားကျောင်းများကိုသာ တွေ့ရ၏။

မြို့ရွာဒေသနယ်ပယ်အသီးသီးတွင် နေထိုင်ကြသူများအနေဖြင့် ခန္ဓာကိုယ်ရောက် သစ္စာလေးပါးတရား၊ သောတာပတ္တိမဂ်တရား၊ အဘိဓမ္မာတရား၊ ဝိပဿနာတရားများကို နာယူခွင့်၊ ကျင့်သုံးရရှာကြ။ နိဗ္ဗာန်ရောက်ကြောင်း တရားဟူ၍ ဝေလာဝေး။ စိတ်ကောင်းစေတသိက်စုံထားနိုင်ဖို့ပင် အနိုင်နိုင်။ ဘုရားရှိခိုးကွာအတွက် ပါရမီကုသိုလ်ကောင်းမှုကို ကြိုးစားနိုင်သူပင် အလွန်ရှားလိမ့်မည်။ ၎င်းတို့၏ ဘာသာအယူဝါဒအရ မသိနိုင်၊ မမြင်နိုင်သောတန်ခိုးရှင်ကို မှန်းဆ၍ ရှိခိုးဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းရွတ်ဆို၍ တီးမှုတ်ခြင်းတို့ဖြင့်သာ အချိန်ကုန်ကြပေလိမ့်မည်။ ဓမ္မအလင်းရောင်ကင်းမဲ့နေသူများ၏ဘဝကား အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ပန်းတိုင်မရောက်နိုင်ဘဲ အလွဲလွဲအချော်ချော်ဖြစ်နေကြရရှာ၏။

တစ်ချိန်က သံယာတော်များ၏ သက်နံးရောင် ဝင်းဝင်းတောက်ခဲ့ပြီး သံယာတို့၏သက်နံးမှ တိုက်ခတ်လာသောလေတို့ဖြင့် ဖုံးလွှမ်းခဲ့သော်နေရာများတွင် သံယာတော်များ ဆွမ်းခံကြွသည်ကိုပင် မြင်ဖူးကြမည် မဟုတ်တော့။ ရဟန်းသံယာတစ်ပါးတလေမျှကိုပင် ဖူးတွေ့ခွင့်ရဖို့ ခဲယဉ်းလှ၏။ သာသနာတော် ကွယ်ပျောက်ခဲ့ရသောနေရာများ၌ ရဟန်းသံပါး၏တန်ဖိုးကို သိခွင့်မရကြဘဲ အမှောင်ဖုံးလွှမ်းလျက်ရှိနေပေသည်။

မြန်မာနိုင်ငံ၌မူ မြို့တိုင်း၊ ရွာတိုင်း၊ တောင်ကုန်းများ၌ ရွှေရောင်တဝင်းဝင်းတောက်နေသော စေတီပုထိုးများကို တည်ထားကိုးကွယ်ကြပြီး ထိုစေတီပုထိုးများကလည်း ကမ္ဘာမြေပြင်ကို တန်ဆာဆင်ထားသကဲ့သို့ ကျက်သရေကိုဆောင်လျက် ဖူးမြင်ရသူတို့၏ စိတ်နှလုံးကို အေးမြစေသည်။ တရားဓမ္မရွတ်ဆိုသံ၊ ဟောပြောသံများလည်း ဘယ်အခါမျှ မဆိတ်သုဉ်း။ နေ့စဉ်နှင့်အမျှ ကြားရနိုင်သည်။ တန်ခိုးရှင်ဒေဝီလရသေ့ကြီးကြား နာခွင့်ရမသွားသော ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ အဘိဓမ္မာတရား၊ ဝိပဿနာတရားများကိုလည်း နေရာမရွေး၊ အချိန်မရွေး အလွယ်တကူ နာယူခွင့်ရနေကြသည်။ တစ်သံသရာလုံး လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ငရဲမီးတို့ကို တောက်လောင်စေသောအသံများကိုသာ နားနှင့်မဆုံနေစဉ်ကြားခဲ့ကြရသည်။ ယခုဘဝ ကံကောင်းလှ၍ ထိုမီးများကိုငြိမ်းစေနိုင်သောတရားတော်များကို နာယူခွင့်ရကြသည်။ 'တစ်သံသရာနှင့် တစ်နား' ဆိုသကဲ့သို့ အလွန်ရခဲလှသော မဟာအခွင့်အရေးကြီးပင် ဖြစ်၏။

ထိုတရားတော်များကို မကွယ်ပျောက်ရအောင် မူရင်းမပျက် လက်ဆင့်ကမ်း၍ ထိန်းသိမ်း စောင့်ရှောက်နေကြသော သံဃာတော်များကိုလည်း ဆည်းကပ်ခွင့်ရကြသည်။ ဗုဒ္ဓတရားတော်နှင့် ပတ်သက်လျှင် ထိပ်တန်းအကျဆုံးဟု ကမ္ဘာက အသိအမှတ်ပြုခံရသော ပရိယတ်၊ ပဋိပတ်စွယ်စုံမြောက်သည့် ဆရာတော်သံဃာတော်များ၏လမ်းညွှန်ဆုံးမမှုကို ခံယူခွင့်ရကြသည်မှာ အလွန်ကုသိုလ်ကံထူးလှသည်။ ဤသို့ ရတနာသုံးပါးကို စိတ်တိုင်းကျ ကိုးကွယ်ဆည်းကပ်ခွင့်ရသော မိမိတို့၏ ဘဝကံအကျိုးပေးကို သာမန်မျှသာ သဘောမထားသင့်။ ဗုဒ္ဓသာသနာတော်သည်လည်း အခြားသောဘာသာအယူဝါဒများကဲ့သို့ သံသရာတွင်းချမ်းသာမျှဖြင့်သာ လမ်းဆုံးနေသည်မဟုတ်ဘဲ သံသရာလွန်ချမ်းသာကိုပါပေးနိုင်စွမ်းရှိပြီး ကမ္ဘာပေါင်းအသေခေ်ကြာမြင့်စေကာမူ တစ်ကြိမ်တစ်ခါမျှပေါ် ထွန်းရန်ပင် လွယ်ကူသည်မဟုတ်။

ထို့ကြောင့် -

* ထိုကမ္ဘာပေါင်း၊ ထောင်သောင်းကုဋေ၊ တွက်ရေမရ၊ အနန္တလျှင်၊ သုညမှောင်ကြီး၊ မျောတုံပြီးမှ၊ အသီးတစ်ခေတ်၊ လျှပ်တစ်လှပ်မျှ၊ ရှင်ချစ်သာသနာ၊ တစ်ခါတစ်ခါ၊ ပေါ် တုံလာလည်း၊ သာသနာနှစ်ပေါင်း၊ ထောင်သောင်း၌တွင်၊ တစ်ကြိမ်တွင်မျှ၊ လူစင် ၏ဘဝ၊ ကြုံခဲစွ။

ဟူသော လယ်တီဆရာတော်ဘုရားကြီး၏အဆုံးအမသြဝါဒကို လဲ့ညံ့ကောင်း -

* သုံးထွေသာသနာ၊ ထွန်းခိုက်ခါဝယ်၊ သမ္ဘာမြင့်မြောက်၊ ကံကောင်းထောက်၍ တစ်ယောက်ထူးလည်း၊ ဖြစ်ပေသည်ဟု၊ အတည်နှလုံး၊ စွဲယူသုံးမှ၊ မြင့်ဆုံးမြင့်လှ၊ ဤဘဝဝယ်၊ လောဘနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းဖို့ရာ၊ လေးသစ္စာကို၊ ယထာဘူတ၊ သိထိုက်လှပြီ -

ဟူသော ပညာရှိတို့၏အဆုံးအမကို လည်းကောင်း မြမြစွာ နှလုံးသွင်း၍ မိမိတို့ရရှိထားကြသော ဘဝ၏ထူးမြတ်လှသော အခွင့်အရေးကို သိနားလည်ကာ သာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်စေရန်နှင့် ထိုကျေးဇူးကြီးမားလှသော သာသနာတော် အရှည်တည်တံ့စေရန် ကြိုးစားနိုင်ကြဖို့သည်သာ အရေးကြီးဆုံးဖြစ်ပါတော့သည်။

ဦးဥာဏ (ကြွယ်အိမ်ပွဲ)

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ မတ်လအတွက်
ဓနသိဒ္ဓိနက္ခတ်မဂ်လာအခါတော်
ဂိုန်းအောင်(ကမ္ဘာ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်းဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒင်္ဂ မန္တန်တော်ကြီးအပါအဝင် ဓနံလာဘံဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မုချဧကန်ဖြစ်ပါသည်။ သတိထားစရာက ၁၇-၃-၂၀၁၅ နေ့ နံနက် (၈း၅၀း၁၁) နာရီမှ ၁၈-၃-၂၀၁၅ နေ့ နံနက် (၆း၄၈း၁၅) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်တွင်းသို့ စန်းဝင်ရောက်နေမည်ဖြစ်ပြီး ၁၇-၃-၂၀၁၅ နေ့ ညဉ့် (၇း၄၉း၀၅) နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့်စန်းသည်ယှဉ်ဖက်နေမည် ဖြစ်သည်။ ဥဒယလင်္ဂသည် ၁၈-၃-၂၀၁၅ နေ့ နံနက် (၃း၅၅း၂၈) နာရီမှ (၄း၄၀း၃၁) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်နေမည်ဖြစ်ပြီး မွန်းတည့်မျဉ်းသည် ၁၇-၃-၂၀၁၅ နေ့ နံနက် (၉း၄၃း၂၁) နာရီမှ (၁၀း၄၅း၄၃) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်ယှဉ်နေမည် ဖြစ်သည်။

မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်			လင်းဖြတ်ကျော်ချိန်		
စဉ်	စဝင်ချိန်	စထွက်ချိန်	စဉ်	စဝင်ချိန်	စထွက်ချိန်
၁	၁၀း ၄၃း ၂၃	၁၀း ၄၅း ၃၉	၁	၈း ၀၃း ၂၀	၈း ၀၄း ၂၆
၂	၁၀း ၄၃း ၂၇	၁၀း ၄၅း ၄၃	၂	၈း ၀၃း ၂၄	၈း ၀၄း ၃၀
၃	၁၀း ၄၄း ၃၁	၁၀း ၄၆း ၄၇	၃	၈း ၀၄း ၂၈	၈း ၀၅း ၀၄
၄	၁၀း ၄၄း ၃၅	၁၀း ၄၆း ၅၁	၄	၈း ၀၄း ၃၂	၈း ၀၅း ၀၈
၅	၁၀း ၄၅း ၀၀	၁၀း ၄၇း ၀၅	၅	၈း ၀၅း ၀၆	၈း ၀၆း ၁၂
၆	၁၀း ၄၅း ၀၄	၁၀း ၄၇း ၀၉	၆	၈း ၀၅း ၁၀	၈း ၀၆း ၁၆
၇	၁၀း ၄၅း ၀၈	၁၀း ၄၇း ၁၃	၇	၈း ၀၅း ၁၄	၈း ၀၆း ၂၀
၈	၁၀း ၄၅း ၁၂	၁၀း ၄၇း ၁၇	၈	၈း ၀၆း ၁၈	၈း ၀၇း ၂၄
၉	၁၀း ၄၅း ၁၆	၁၀း ၄၇း ၂၁	၉	၈း ၀၆း ၂၂	၈း ၀၇း ၂၈
၁၀	၁၀း ၄၅း ၂၀	၁၀း ၄၇း ၂၅	၁၀	၈း ၀၆း ၂၆	၈း ၀၇း ၃၂
၁၁	၁၀း ၄၅း ၂၄	၁၀း ၄၇း ၂၉	၁၁	၈း ၀၇း ၀၀	၈း ၀၈း ၀၆
၁၂	၁၀း ၄၅း ၂၈	၁၀း ၄၇း ၃၃	၁၂	၈း ၀၇း ၀၄	၈း ၀၈း ၁၀
၁၃	၁၀း ၄၅း ၃၂	၁၀း ၄၇း ၃၇	၁၃	၈း ၀၇း ၀၈	၈း ၀၈း ၁၄
၁၄	၁၀း ၄၅း ၃၆	၁၀း ၄၇း ၄၁	၁၄	၈း ၀၇း ၁၂	၈း ၀၈း ၁၈
၁၅	၁၀း ၄၅း ၄၀	၁၀း ၄၇း ၄၅	၁၅	၈း ၀၇း ၁၆	၈း ၀၈း ၂၂
၁၆	၁၀း ၄၅း ၄၄	၁၀း ၄၇း ၄၉	၁၆	၈း ၀၇း ၂၀	၈း ၀၈း ၂၆
၁၇	၁၀း ၄၅း ၄၈	၁၀း ၄၇း ၅၃	၁၇	၈း ၀၇း ၂၄	၈း ၀၈း ၃၀
၁၈	၁၀း ၄၅း ၅၂	၁၀း ၄၇း ၅၇	၁၈	၈း ၀၇း ၂၈	၈း ၀၈း ၃၄
၁၉	၁၀း ၄၅း ၅၆	၁၀း ၄၈း ၀၁	၁၉	၈း ၀၇း ၃၂	၈း ၀၈း ၃၈
၂၀	၁၀း ၄၅း ၅၉	၁၀း ၄၈း ၀၅	၂၀	၈း ၀၇း ၃၆	၈း ၀၈း ၄၂
၂၁	၁၀း ၄၆း ၀၃	၁၀း ၄၈း ၀၉	၂၁	၈း ၀၇း ၄၀	၈း ၀၈း ၄၆
၂၂	၁၀း ၄၆း ၀၇	၁၀း ၄၈း ၁၃	၂၂	၈း ၀၈း ၀၀	၈း ၀၉း ၀၀
၂၃	၁၀း ၄၆း ၁၁	၁၀း ၄၈း ၁၇	၂၃	၈း ၀၈း ၀၄	၈း ၀၉း ၀၄
၂၄	၁၀း ၄၆း ၁၅	၁၀း ၄၈း ၂၁	၂၄	၈း ၀၈း ၀၈	၈း ၀၉း ၀၈
၂၅	၁၀း ၄၆း ၁၉	၁၀း ၄၈း ၂၅	၂၅	၈း ၀၈း ၁၂	၈း ၀၉း ၁၂
၂၆	၁၀း ၄၆း ၂၃	၁၀း ၄၈း ၂၉	၂၆	၈း ၀၈း ၁၆	၈း ၀၉း ၁၆
၂၇	၁၀း ၄၆း ၂၇	၁၀း ၄၈း ၃၃	၂၇	၈း ၀၈း ၂၀	၈း ၀၉း ၂၀
၂၈	၁၀း ၄၆း ၃၁	၁၀း ၄၈း ၃၇	၂၈	၈း ၀၈း ၂၄	၈း ၀၉း ၂၄
၂၉	၁၀း ၄၆း ၃၅	၁၀း ၄၈း ၄၁	၂၉	၈း ၀၈း ၂၈	၈း ၀၉း ၂၈
၃၀	၁၀း ၄၆း ၃၉	၁၀း ၄၈း ၄၅	၃၀	၈း ၀၈း ၃၂	၈း ၀၉း ၃၂
၃၁	၁၀း ၄၆း ၄၃	၁၀း ၄၈း ၄၉	၃၁	၈း ၀၈း ၃၆	၈း ၀၉း ၃၆

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမြို့ဟောင်းမြင်ကွင်းကို အရှေ့ထောင်ဘက် ကုသိနာရုံအနီးရှိ ရွှင်အရပ်သိမ်တော်

ဦးအောင်သုခ
မထေရ်မြတ်ရှင်အရဟံ၊ ရွှေပြည်ပုဂံမဟာသနာတော် မင်းမြတ်အနော်ရထာ

ဘုန်းတော်ဦးအရည်အကြီးသာသနာ

လင်းကြက်ငယ်တစ်ကြိမ်တွန်သေး သူတို့တစ်တွေ ပျားပန်းခပ်မျှ လှုပ်ရှားအလုပ်များနေကြပေပြီ။

သူတို့ဆိုသည်ကား ပုဂံသူပုဂံသားအချို့ဖြစ်၏။ သူတို့သည် ပုဂံပြည်၌ အနှံဦးထွားလျက်ရှိနေကြသောအရည်အချင်းရှင်ယောင်တို့၏အလုပ်အကျွေးများဖြစ်ကြ၏။ သူတို့သည် နံနက်မခင်းမီ လင်းရောင်ခြည်ဝေသည့်အချိန်မှစတင်၍ ညဉ့်နက်သန်းခေါင်တိုင်အောင် အရည်းကြီးတို့ လိုအပ်သမျှအားလုံးကို တာဝန်ယူ ဆောင်ရွက်နေကြရသူများဖြစ်ကြ၏။ တာဝန်လစ်ဟင်းရန်မဆိုထားဘိ တာဝန်ထမ်းဆောင်မှု ပေါ်လျော့သွားလျှင်ပင် အရည်းကြီးတို့၏ ပြင်းထန်သော အပြစ်ပေးခြင်းကို ခံယူကြရ၏။ အရည်းကြီးတို့သည် သူတို့ကိုယ်သူတို့ သုံးလောက ထွတ်ထား သမ္ဘည္ဥဂေါတမမြတ်စွာဘုရားရှင်၏ တပည့်သားချစ် သံဃာတော်အစစ်များဖြစ်ကြသည်ဟု လည်းကောင်း၊ သူတို့ဟောသော တရားတော်များသည် ဂေါတမဗုဒ္ဓရှင်တော်မြတ်၏ မမွှတရားတော်များဟူ၍လည်းကောင်း၊ သူတို့ကျင့်လျက်ရှိသောအကျင့်တို့သည် ဗုဒ္ဓရှင်တော်မြတ် သွန်သင်လမ်းပြ ဆုံးမတော်မူခဲ့သောအကျင့်စစ်အကျင့်ကောင်းများ ဟူ၍ လည်းကောင်း ကြွေးကြော်ကာ ပုဂံသူပုဂံသားတို့ကိုလွှမ်းထားကြ၏။ ပုဂံသူပုဂံသားတို့ကို မတရားအနိုင်ကျင့်နေကြ၏။

ရွှင်အရပ်မထေရ်မြတ် ဦးစီးတည်ထားတော်မူသည့် ကျန်စစ်သားကောင်းမူစေတီတော်များထဲမှတစ်ဆူ အာနန္ဒာစေတီတော်မြတ်



မိမ္မိဘုရားကြီးရှိ ရွှင်အရပ်သိမ်အနောက်ဘက်ရှိ ကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

သတိုပြိုရှိ ရဟန္တာမထေရ်မြတ်များ
သီတင်းသုံးခဲ့ရာ ရဟန္တာကုန်းနှင့်
စန္ဒကူးကျောင်းတော်ကြီးတောင်ဘက်မှ
ရှင်အရဟံမထေရ်မြတ်ရပ်တုတော်



ရှင်အရဟံမထေရ်မြတ်၏ ဆုံးမပြောဆိုမှုကြောင့် ကျန်စစ်သားမင်း
အမျက်တော်ပြေသည့်နေရာတွင် တည်ထားသော မျက်တော်ပြေစေတီ



ဓိတ္တိထာပြိုမှယ် ကျောင်းရွာရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ကထိန်ကျောင်းတိုက်

ထိုအရည်းကြီးတို့သည် ပုဂံမြို့အနီး အရှေ့တောင်အရပ်ရှိ ရှင်မထီအရပ်၌ အခိုင်အမာရပ်တည်ရှာတည်ကာ တစ်ထီးတစ်နန်းပမာ တစ်သီးတခြားဖြင့် အုပ်စုလိုက်နေထိုင်ကြ၏။ သူတို့အုပ်စုတွင် အလုပ်အကျွေး၊ အစေအပါးတပည့်လက်သားမပါ အရေအတွက်အားဖြင့် အရည်းကြီး ရှင်ယောင် ခေါင်းဆောင်သုံးကျိပ်နှင့်အရည်းကြီးရှင်ယောင် အဖွဲ့ဝင်ပေါင်း ခြောက်သောင်းခန့်ရှိကြ၏။ အရည်းကြီးတို့သည် သူတို့၏အရပ်ကို အုတ်ရိုးတံတိုင်း၊ ရန်ကာ၊ ရန်တားတို့ဖြင့် လုံခြုံအောင်စီမံထားကြ၏။ ထို့ပြင်မက ထိုအရည်းကြီးတို့သည် လက်ဝှေ့၊ လက်ပမ်း၊ လက်သိုင်းစသောကိုယ်ခံပညာ

www.burmeseclassic.com

www.burmeseclassic.com



ငုက်ပစ်တောင်မြတ်စွာဘုရား

ရှင်အရဟံအာတ်ကျောင်းအတွင်းဘက်ရှိ အေး ၁၇ ထာဓုထက်ရာ သတ္တမ်တော်နှင့်
ရှင်အရဟံကြေးရုပ်တုတော်

များ၊ ဓားခုတ်၊ လှံထိုး၊ လေးခြောက်အတတ်၊ ဆင်စီး၊ မြင်းစီး၊ စစ်ဆင်၊ စစ်တက် စသော စစ်ပညာများကိုလည်း လေ့ကျင့်တတ်မြောက်ကြ၏။ အထူးသဖြင့် အရည်းကြီးရှင်ယောင်ဦးသျှောင်ကြီးများဆိုလျှင် တစ္ဆေ၊ သရဲ၊ ဝိညာဉ်တို့ကို ချုပ်ကိုင်လျက်စေခိုင်းနိုင်သည့် အောက်တန်းစားလောကီအတတ်ပညာများကိုလည်း ကျွမ်းကျင်တတ်မြောက်ကြသေး၏။ ဤသည်တို့ကား သူတတ်သော ပညာများဖြစ်၏။

သူတို့၏ ပဋိပတ်ကျင့်စဉ်များကား ရေငုပ်၊ တုံးခုန်၊ မီးလှုံ၊ ဇယ်ခတ်ဟူသော လေးမျိုးသောအကျင့်များဖြစ်၏။

ရေငုပ်ခြင်းဖြင့် အသက်ရှူမှုန်းနှစ်ကာ တောင်တောင်ဤဤမတွေးနိုင်သောကြောင့် မကောင်းသောအတွေးများ မဝင်ဘဲ စိတ်သန့်ရှင်းမှုကိုဖြစ်စေသည်ဟု သူတို့ကဆိုကြ၏။ တုံးခုန်ခြင်းဖြင့် မောဟိုက်ပင်ပန်းကာ ကိလေသာမထကြွဟု အယူရှိကြ၏။ မီးလှုံခြင်းဖြင့် ကိလေသာ အစရှိသော အကုသိုလ်များခန်းခြောက်စေသည်ဟု သူတို့၏ ဝါဒရှိကြ၏။ ဇယ်ခတ်ခြင်းဖြင့် စိတ်တည်ကသမာဓိဖြစ်စေသည်ဟူ၍ သူတို့က ယုံကြည်ကြ၏။ ဤသည်တို့ကား အကြောင်းမဲ့အကျိုးမဲ့ဖြစ်သော အရည်းကြီးတို့၏ကျင့်စဉ်များဖြစ်၏။

သူတို့၏ ရှုပ်သွင်မူဟန် အဆင်းသဏ္ဌာန်ကိုလည်း အောက်ပါအတိုင်း မှတ်တမ်းရှိ၏။

ရှေးအတီတေ၊ ပုဂံပြည်တွင်၊ ဆံကေသာလက်လေးသစ်၊
မုတ်ဆိတ်မွေးဇရပျစ်၊ မည်းညစ်သည့် စီဝရံနှင့် တာတေလံ
အကျင့်ဆိုးသော ရှင်သိုးတကာ့ခေါင်းကြီး'

(စလေဦးပုည)

အရည်းကြီး ရှင်ယောင်တို့သည် ဘုဒ္ဓ၏ သားတပည့်များဖြစ်တော်မူကြသော ရဟန်းအရှင်မြတ်များကဲ့သို့ ရွှေဝါရောင်သင်္ကန်းများကို ဝိနည်းစည်းကမ်းသတ်မှတ်ချက်များဖြင့် ဝတ်ရုံကြသည်မဟုတ်။ အချို့က အနက်၊ အချို့က မည်းပြာ၊ အချို့က အပြာရောင်၊ အချို့က အညိုရောင် စသည် မည်းမည်းညစ်ညစ် အရောင်သင်္ကန်းများကို ဖြစ်သလို စိတ်တိုင်းကျ ခြုံလွှမ်းကြ၏။ ဘုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သားသံဃာတော်စစ်များကဲ့သို့ ဦးပြည်ခေါင်းတုံးမဟုတ်။ ဆံပင်ကို

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ရှိ ရွှေအရပ်သိမ်သမုတ်ခဲ့သည့် နေထွက်သိမ်

မန္တလေးမြို့ရှိ ရွှေအရပ်သိမ်သမုတ်ခဲ့သည့် ညသိမ် (ဇေါ်) သန်းခေါင်ယံသိမ်



ရွှေအရပ်၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ သက်မင်းကဝတို့၊ မင်းမဟာဂီရိတို့ ပါဝင်ဦး ယခင်ဘဝက သစ္စာပြုခဲ့သောနေရာတွင် ကည်ထားခဲ့သော အတွင်းစည်းခုံစေတီ



ရွှေအရပ်အရိုးတော်တော်များ ဗုဒ္ဓဟာထားရာ တုရင်တောင်အရှေ့ဘက် တောင်ပတ္တမအနီးရှိ ဘုရားထီးတောင်းစေတီ



သတိုပြိုရှိ ရဟန္တာမထေရ်မြတ်များ သီတင်းသုံးခဲ့ရာ ရဟန္တာကုန်းနှင့် ဓနုကုန်းကျောင်းတော်ကြီး

လက်လေးသစ် လက်တစ်ဝါးအရှည်ထားကြ၏။ ထို့အပြင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကိုလည်း အရှည်ထားကြ၏။ သူတို့သည် ရွှာသူရွှာသားများနှင့်မခြား အပြုအမူအနေအထိုင်၊အစားအသောက် ရှိကြ၏။ သူတို့တွင် အိမ်ပိုင်၊ ယာပိုင်၊ လယ်ပိုင်များရှိကြ၏။ ကျွဲများ၊ နွားများ၊ ဆင်၊ မြင်းများလည်း ကိုယ်ပိုင်ရှိကြ၏။ သို့သော်လည်း သူတို့ကိုယ်တိုင် လယ်ထဲ၊ ယာထဲဆင်း၍ လယ်ထွန်ခြင်း၊ ယာလုပ်ခြင်း လုံးဝမရှိကြ၊ ၎င်းတို့၏တပည့်ကျေးကျွန်တို့က လုပ်ပေးကြရ၏။ ရရှိသော အကျိုးအမြတ်ဟူသမျှကိုကား မခွဲခြင်း မချန်သူတို့ပြန်၍ အပ်ကြရ၏။

သူတို့၏ ဓမ္မတရားဩဝါဒများမှာလည်း ပုဒ္ဓဓမ္မနှင့်ဆန့်ကျင်ဘက်ရှိ၏။

အရည်းကြီးတို့ ဟောကြားသော တရားများမှာ ငါးပါးသီလအကျင့်များကို ကျူးလွန်မိသော်လည်း သူတို့ဟောကြားသောတရားကို၊ သူတို့စိရင်သောပရိတ်တွေကိုရွတ်၊ သူတို့ကို လျှုဖွယ်ပစ္စည်းအထူးအမြတ်တို့ဖြင့်လျှဒါန်းလျှင် ထို ကျူးလွန်မှုကြောင့်ရအံ့သော အကုသိုလ် အကျိုးပေးများလွတ်မြောက်စေသည်ဟု ဆိုကြ၏။ အမိရင်း၊ အဖရင်းကို သတ် လျှင်ပင် အပြစ်ပြယ်ပြီးလွတ်မြောက်သည်

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော သာဖန်းသိမ်



မိတ္ထီလာမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ရှင်ပင်ကူသိမ်

မိတ္ထီလာမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ရှင်ပင်ကူသိမ်နှင့် သာသနဝေဘုရား

မန္တလေးမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သည့် မွန်းတည့်သိမ်

မန္တလေးမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သည့် နေဝင်သိမ်

ဟု ဝါဒဖြန့်ကြ၏။

အလွန်ပင် ဆိုးဝါးညစ်ညမ်းသော အယူဝေလွဲတစ်ခုလည်းရှိသေး၏။ ယင်းကား ပန်းဦးလွှတ်ရခြင်းပင် ဖြစ်၏။

ပန်းဦးလွှတ်ခြင်း ဟူသည် ရပ်ထဲရွာထဲတွင် သားပျိုး သမီးပျိုခွစ်သူနှစ်ဦးတို့ အလိုတူ၍ လက်ထပ်ကြသည့်အခါ လက်မထပ်မီည သတို့သမီးအပျိုရည် မပျက်ခင် အရည်းကြီးတို့ကျောင်းသို့ လွှတ်ပြီး အရည်းကြီးတို့နှင့် တစ်ညအိပ်ပြီး သတို့သမီး၏ အပျိုရည်အဦးအဖူးကို ဆက်ကြရ၏။ ယင်းကို ပန်းဦးလွှတ်ခြင်းဟုခေါ်ကြ၏။ အလွန်အကျည်းတန်ယုတ်ညံ့သော အကျင့်ဆိုးကြီးတစ်ခုပင် ဖြစ်၏။ အကယ်၍ ဤသို့ မင်္ဂလာပွဲများတွင် အရည်းကြီးတို့ထံ ပန်းဦးလွှတ်ရ

www.burmeseclassic.com

www.burmeseclassic.com

ဓိတ္တိလာမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ကတ္တူကံသိမ်



ရှင်အရဟံဆုတ်ကျောင်း ဓမ္မသာလာဆောင်အား အရွှေဘက်မျက်နှာစာမှ တွေ့မြင်ရပုံ



ရှင်အရဟံဆုတ်ကျောင်း

ပါက အလွန်ကြီးလေးသည့်အပြစ်ဒဏ်ကို မင်းအာဏာဖြင့်အပြစ်ပေးသတ်မှတ်၏။ အလွန်ရင်နာဖွယ်ကောင်းလှပေသည်။

စင်စစ် အရည်းကြီးတို့သည် လူအင်အား၊ လက်နက်အင်အားဖြင့် ပုဂံသူပုဂံသားတို့အား အနိုင်ကျင့်နေကြခြင်းဖြစ်၏။

အရည်းကြီးတို့သည် အနော်ရထာမင်းမတိုင်မီမင်းများကတည်းက တဖြည်းဖြည်း အင်အားကြီးမားခြင်း ဖြစ်လေ၏။ အနော်ရထာမတိုင်မီက အရည်းကြီးတို့အား ဘုရင်များကပင် မင်းဆရာမြောက်ပြီး ကိုးကွယ်လာခဲ့သည့် အစဉ်အလာသည် အချို့မင်းများလက်တွင်ရှိခဲ့သေး၏။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူကပင် ကိုးကွယ်ပြီးဆိုတော့ ပြည်သူများအနေဖြင့်ကား စဉ်းစားမနေဘဲ လက်ခံလိုက်နာကြလေသည်။ ထိုအရည်းကြီးတို့၏ ဝါဒဆိုးများသည် အနော်ရထာမင်းမတိုင်မီ မင်းအဆက်ဆက်ကတည်းက ပုဂံသူပုဂံသားတို့၏ လူမှုရေးများကိုးကွယ်မှုများထဲတွင် စွဲမြဲအမြစ်တွယ်ခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း အနော်ရထာမင်းကြီး၏ လက်ထက်ရောက်လာသောအခါ အနော်ရထာမင်းကြီး၏ ပ[illegible] ပွန်လက်ခုံးရည်နှင့် အနော်ရထာမင်းကြီး၏သစ္စာခံသူရဲကောင်းများအရှိန်[illegible] ပုဂံခေတ်အရည်းကြီးတို့သည် အနော်ရထာမင်းကြီးအား အတန်ငယ်ရှိန်ခဲ့ကြ၏။

သခွတ်ပင်မှမီးတကျည်ကျည်

အနော်ရထာမင်းကြီးသည် ပါ[illegible] ရှင်တစ်ဦးဖြစ်သောကြောင့် ထိုအရည်းကြီးတို့၏ အကျင့်၊ အကြံ၊ သြဝါဒနှင့် အသွင်သဏ္ဌာန်တို့ကိုဘဝင်မကျဖြစ်ကာ ထိုအရည်းကြီးတို့ကို သံသယဝင်လျက်၏။ သို့သော် ထိုကိစ္စမှာ ပြည်သူနှင့် ထိပ်တိုက် ဆန့်ကျင်ဘက်ဖြစ်နိုင်သည်အတွက် အနော်ရထာမင်းကြီးသည် မိမိဘက်အခိုင်အမာ အထောက်အခံရှိလာသည်အထိ တိုင်အောင်စောင့်နေရလေသည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက မိမိတို့အပေါ် သံသယဝင်နေသည်ကို အရည်းကြီးတို့ကလည်း ပါးနပ်စွာရိပ်မိကြ၏။ ထို့ကြောင့် အရည်းကြီးတို့သည် ပုဂံပြည့်ရှင်ကို အယုံသွင်းရန် ကြံစည်ကြ၏။

တစ်နေ့တွင် သရေခေတ္တရာပြည်မြို့တော်တွင် ကောလဟလသတင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုထွက်လာ၏။

သရေခေတ္တရာမြို့ပြင်ရှိ သခွတ်ဇင်အိုကြီးတစ်ပင်တွင် ပုဒ္ဓဂေါတမရှင်တော်မြတ်ဘုရားလက်ထက်တော်က ဘုရားရှင်၏ တပည့်သံဃာတော်များနှင့် ဘုန်းမွတရားတော်တို့ မှတ်တမ်းတင်ထားသည့် ဓမ္မကျမ်းကြီးများ ကိန်းအောင်းတည်ရှိနေကြောင်း တစ်ဦးတစ်ယောက်က အိပ်မက်အကြောင်းကောလာဟလ သတင်းပင် ဖြစ်၏။ တစ်ယောက်မှစတင်ရာဆိုသကဲ့သို့ ထိုကောလာဟလသတင်းသည် ပုဂံသို့တိုင်ရောက်လာ၏။ နိုးသားလှသော ပုဂံသူပုဂံသားတို့ကလည်း ယုံချင်သလိုလိုဖြစ်လာ၏။ ပုဂံရှိအရေးကြီးတို့ကလည်း ထိုကောလာဟလကိုပြည့်စွက်ကာ ပြည်သူအကြားဖွင့်ပြောလေသောအခါ ပုဂံသူပုဂံသားတို့မှာ ဆူဆူညံညံဖြစ်လာကြလေသည်။ ထိုအခါ ပုဂံပြည့်ရှင်အနော်ရထာသည် နေသာလေတော့ပြီ။ ဘုရင်အနော်ရထာမင်းကြီးသည် မင်းချင်းတို့ကိုလွှတ်၍ ထိုသခွတ်ပင်ကြီးကို ဖောက်ထွင်းစေသည်။ သခွတ်ပင်ကြီးကိုထွင်းပြီးသောဟောင်းပုရပိုက်များနှင့် အသွင်တူအရွယ် မြေညက်မြေမှုန့်တို့ဖြင့်ကျဲကာ မှန်းထားသည့် ရှေးဟောင်းပုံဆောင်ရိုက်အတုများကို မြေညက်မြေမှုန့်တို့ဖြင့် အပွေးအတုများဖန်တီးထားသည့် သခွတ်ပင်အခေါင်းထဲမှ တွေ့ရှိထုတ်ယူခဲ့ပြီး တာဝန်ရှိမင်းချင်းတို့က အနော်ရထာမင်းကြီးအား ဆက်သကာ သူတို့ကြွေမြင်ကြရသည့်အတိုင်း တင်လျှောက်ကြလေသည်။

ပင်းဆေဒီဘုရားဌာပနာတိုက်အတွင်းမှ ရရှိသည့် ရှင်အရဟံပုံတော်

ပင်းဆေဒီဘုရားဌာပနာတိုက်အတွင်းမှ ရရှိသည့် အနော်ရထာမင်းပုံ

ပင်းဆေဒီဘုရားဌာပနာတိုက်အတွင်းမှ ရရှိသည့် ကျွန်စစ်သားမင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ရွှင်အရဟံအုတ်ကျောင်း၊ မန္တလေးမြို့ရှိ မြန်မာမှုလက်ရာအမွမ်းပန်းများ

ရွှင်အရဟံအုတ်ကျောင်းတိုက် ပေါင်းကူးခုံးအား ပြန်လည်ပြုပြင်ပြီးပုံ



ရွှင်အရဟံအုတ်ကျောင်းအတွင်းဘက်ရှိ အေဒီ ၁၇ ရာစုလက်ရာ စာတိုက်သေတ္တာ

မန္တလေးမြို့ရှိ ရွှင်အရဟံသိမ်သမုတ်ခဲ့သည့် ညသိမ် (ခေါ်) သန်းခေါင်ယံသိမ်

မန္တလေးမြို့ရှိ ရွှင်အရဟံသိမ်သမုတ်ခဲ့သည့် နေဝင်သိမ်

သခွတ်ပင်ထဲမှ ရရှိလာသော ထိုကျမ်းတုများထဲတွင် အရည်းကြီးရှင်ယောင်တို့သည် ဗုဒ္ဓဂေါတမအရှင်မြတ်၏တပည့်သံဃာတော်စစ်များဖြစ်ကြောင်းနှင့် အရည်းကြီးရှင်ယောင်တို့၏ဩဝါဒများကို ဘုရားဟောသဖွယ် ရေးသားလေသည်။ အနော်ရထာမင်းကြီးသည် အရည်းကြီးများ၏ ဖန်တီးလုပ်ကြံမှုဖြစ်ကြောင်းသိတော်မူသော်လည်း ပြည်သူများအား သက်သေဖြင့်ရှင်းပြရန်လည်း ကောင်း၊ လက်ရှိအရည်းကြီးတို့နှင့်နှိုင်းယှဉ်ပြသရန်ပုဂ္ဂိုလ် ဟူ၍ လည်းကောင်း လက်ရှိအရည်းကြီးတို့၏ဩဝါဒနှင့်ယှဉ်ပြိုင်ချိန်ထိုးရန် ဩဝါဒမရှိသေး၍ လည်းကောင်း အရှိန်မပျက်ပင် အရည်းကြီးတို့ကို ဆက်လက်ထောက်ပံ့နေရလေသည်။ အရည်းကြီးတို့ကား ဘုရင်အနော်ရထာမယုံ။

အရည်းကြီးတို့သည် ထိုသခွတ်ပင်ထဲမှကျမ်းများကို ဘုရင်အနော်ရထာဖတ်ရှုရပြီး သူတို့ကိုယုံကြည်၍ သာ ဆက်လက်ထောက်ပံ့နေသည်ဟုထင်မှတ်ကာ သူတို့အကြံအောင်ပြီဟူ၍ ပျော်ရွှင်ခဲ့ကြ၏။ ထို့နောက်ပိုင်းတွင် အရည်းကြီးတို့အုပ်စုက ပို၍မောက်မာကြီးထိုခေတ်က သွားရေးလာရေး၊ လမ်းပန်

www.burmeseclassic.com

ရှင်အရဟံမထေရ်မြတ်မော်ကွန်းစာ



ရှင်အရဟံအား အနော်ရထာမင်း
ဆွမ်းတော်မူသော သာရတီယကထာ



သာရတီယကထာ အင်္ဂလိပ်ဘာသာပြန်

ဆက်သွယ်ရေးအခက်အခဲများ၊ သတင်းဆက်သွယ်ရေးအခက်အခဲများရှိသော်ငြားလည်း သတင်းဟူသည် အနုံအသက်ကို လေညင်းဆောင်ဘိသကဲ့သို့ တစ်နေရာနှင့်တစ်နေရာ မည်မျှပင်ဝေးကွာစေကာမူ အနှေးနှင့် အမြန် သတင်းရောက်သွားလေ့ရှိ၏။ သို့သဘောပင် အရည်းကြီးတို့၏ သခွတ်ပင်ထဲမှ ရွေးဟောင်း ဗုဒ္ဓကျမ်းစာများနှင့် ပုဂံပြည်တွင် အရည်းကြီးတို့က ဗုဒ္ဓသာသနာတော်ကို ခုတုံးပြု



ငုက်ပမ်တောင်ပရဝဏ်မှ ငုက်ပုတော်



မိတ္ထီလာမြို့ရှိ ရှင်အရဟံသမိဂ်သမုတ်ခဲ့သော ထီးသုံးဆင့်သိမ်



ရှင်အရဟံအုတ်ဂူဆောင်း

လိမ်လည်လှည့်ဖြားကာ ဆိုးသွမ်းလွမ်းမိုးနေကြောင်း၊ ဗုဒ္ဓဝါသနာတော်ညှိုးနွမ်းရာများ ဆောင်ရွက်နေကြကြောင်းကို သတိုးပြည်မှ အရှင်သီလဗုဒ္ဓိရဟန္တာ အရှင်မြတ်ကြီးသည် ကြားသိတော်မူလေတော့၏။

သတိုးပြည်မှ ရှင်အရဟံ ကြွလာတော်မူခြင်း

ပုဂံပြည်၌ အရည်းကြီးတို့ ကြီးစိုး

www.burmeseclassic.com

www.burmeseclassic.com

ရွှေစည်းခုံစေတီတောင်ဘက်ရှိ ရှင်အရဟံသိမ်



ညောင်ဦးမြို့ ငှက်ပစ်တောင်ရှိ ရှင်အရဟံသိမ်တော်ကြီး

တုရင်တောင်ပေါ်ရှိ ရှင်အရဟံကျောက်ဂူအတွင်းဘက်မှ ရှင်အရဟံမထေရ်မြတ်ရုပ်တုတော်

လွှမ်းမိုးပြီး သာသနာပျောက်နေခဲ့ရှိန်တွင် မြန်မာနိုင်ငံတော်၏တောင်ပိုင်း မွန်တို့ဒေသ ရာမညတိုင်း သုဝဏ္ဏဘူမိ သထုံဒေသ ကေလာသတောင်တော်မြတ်ကြီး တည်ရှိရာအရပ်တွင် ဗုဒ္ဓသာသနာတော်စစ်ဖြစ်သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာတော်သုံးရပ် ထွန်းကားနေပြီဖြစ်၏။ သထုံပြည်မှ ပါရမီရှင်တို့သည်လည်း ထိုသာသနာတော်ကြီးသုံးရပ်၏ အရသာကို ပါရမီအလျောက် စံစားနေကြရကာ ပရိယတ္တိထူးချွန်သောပုဂ္ဂိုလ်များနှင့် ပဋိပတ္တိပြည့်စုံပြီး ပဋိဝေဓအရသာကိုပင်စံစားနေကြရသောပုဂ္ဂိုလ်များဒုနှင့်ဒေးပေါ် ထွန်းနေပြီဖြစ်၏။ ထိုပုဂ္ဂိုလ်ချွန်ပုဂ္ဂိုလ်မွန်များထဲတွင် အရှင်သီလဗုဒ္ဓမထေရ်မြတ်ကြီးသည် လွန်စွာထက်မြက်သော ရဟန္တာအရှင်မြတ်ကြီးတစ်ပါးဖြစ်တော်မူပေသည်။

ရဟန္တာအရှင်သီလဗုဒ္ဓိမထေရ်မြတ်ကြီးသည် ပုဂံတွင် အရည်းကြီးရှင်ယောင်တို့က ဗုဒ္ဓသာသနာတော်မြတ်ကို ဖျက်ဆီးနေသည့်အကြောင်းကို ထင်ရှားစွာသိမြင်တော်မူပြီး အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်သခင်၏ကျေးဇူးတော်ကိုဆပ်ရင်း ပုဂံသူပုဂံသားတို့ကိုကယ်တင်ရန်အတွက် ကြံစည်တော်မူလေသည်။ဤသို့ကြီးမြတ်လှသော အကျိုးသွားနှစ်ခု တစ်ပြိုင်တည်း ပြီးမြောက်အောင်ဆောင်ရွက်ရန်မှာ ပုဂံပြည်တွင် မြတ်ဗုဒ္ဓသာသနာတော်ကြီး ပွင့်ထွန်းတော်မူရန်၊ သာသနာပြုရန် တစ်ခုသည်ရှိကြောင်း ရဟန္တာအရှင်မြတ်ကြီး သိတော်မူလေသည်။

သို့သော် သာသနာပြုခြင်းအလုပ်မှာ အပြောအရလွယ်လှသော်လည်း လက်တွေ့လုပ်ဆောင်ရာတွင်မူ ခက်ခဲလှပေသည်။ နေရာတကာတွင် လူတကာက ဗုဒ္ဓသာသနာပြု၍ရသည်မျိုးမဟုတ်။ မိမိ၏အောင်မြေမှန်၊ပဋ္ဌာန်းမှန်၊ဆုတောင်းမှန်တည်းဟူသော အခြေခံသုံးရပ်မှန်ကန်ပါက သာသနာပြုနိုင်၏။ ဤသည်ပင်လျှင် မာရ်နတ်အသင်းအပင်းတို့က အတတ်နိုင်ဆုံး နှောင့်ယှက်ကြဦးမည်ဖြစ်၏။ ယခုခေတ်ယခုအခါတွင် သဒ္ဓါလွန်သူအချို့တို့သည် ထိုအခြေခံအချက်သုံးရပ်ကို သေချာတိကျအောင် မဆန်းစစ်ကြဘဲ ဆန္ဒစောစွာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တတ်ကြ၏။ ထိုသူတို့မှာ သဒ္ဓါမှန်ပါသော်လည်း နေရာဒေသ ပတ်ဝန်းကျင်အထောက်အပံ့၊ လုပ်ဆောင်ရမည့်တာဝန်မများကြသောကြောင့် အကြီးအကျယ်ပင်နှိုးကြ

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီထားပြီးရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ပဲသီတာသိမ်



မိတ္ထီထားပြီးရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ဝက်ချောက်သိမ်

မိတ္ထီထားပြီးရှိ ရှင်အရဟံ သိမ်သမုတ်ခဲ့သော ကုန်းတောင်းသိမ်

ဘုရားများ၏အပြစ်တင်ဝေဖန်မှုကို ခံယူခဲ့ရတတ်ပေသည်။

ဤကြောင့် သာသနာပြုရန် ရည်ရွယ်ချက်မြတ်လုပ်ဆောင်တော့မည်ဆို ရာဇာမှန် တည်းဟူသော အောင်မြေ၊ 'ပတ်ဝန်းကျင်အထောက်အပံ့ တည်းဟူသော ပဌာန်းမှန်'၊ 'လုပ်ရှားရမည့် တာဝန်မှန် တည်းဟူသော ကောင်းမှန်' ကို မိမိကိုယ်တိုင် တိတိကျကျသိရန်၊ ဆန်းစစ်နိုင်ရန်လိုပေသည်။ အကယ်၍ မိမိကိုယ်တိုင် မဆန်းစစ်ပါမူ ဆန်းစစ်သတိပေးနိုင်သော ရာအရှင်မြတ်တစ်ပါးပါးရှိရန် လိုအပ်ပေသည်။ ဆရာအရှင်မြတ်၏ အခါပေးမှု၊ ကျောင်းသင်ကြားပေးမှု၊ အကူအညီများရှိရန် လိုအပ်လှပေသည်။

ဤကြောင့်ပင် ရဟန္တာအရှင်သီလဗုဒ္ဓိ ဆောင်ရွက်ခဲ့မြတ်ကြီးသည် ရဟန္တာဖြစ်နေပြီ ဖြစ်တော်မူပါလျက်၊ ကိုယ်တော်တိုင် ပုဂံသို့ ကြွချီးရောက်ပြီး သာသနာပြုနိုင်ပါသော်၊ ပုဂံပြည်တွင် ဗုဒ္ဓသာသနာတော်ထွန်းလင်းအံ့ကို မြင်တော်မူ၊ သိတော်မူလျက် ပုဂံတွင် သာသနာပြုနိုင်မည့် အခြားပဂ္ဂိုလ်ကို ရွေးချာထားတော်မူ ဆင်ခြင်တော်မူလေသည်။

ဤတွင် ရဟန္တာအရှင်မြတ်ကြီး၏ ရွေးချာထားတော်ကွန်ရက်တွင် ပုဂံပြည်၌ ဖြစ်ပေါ်ရှင် ဘုရင်အနော်ရထာမင်းမြတ်ကြီးတွေ့ဖက်ကာ ဆရာ၊ ဒကာညီညာစွာဖြင့် ဗုဒ္ဓသာသနာတော်ကြီး နေမင်းကြီးသာသာလွန်စွာ ထွန်းလင်းလာအောင် သာသနာပြုနိုင်မည့် ပုဂ္ဂိုလ်တစ်ပါးဆောင်ရွက်စွာ ပေါ်လာတော်မူလေသည်။ ထိုပုဂ္ဂိုလ်ကား 'ရှင်အရဟံကိုယ်တော်မြတ်' ပင် ဖြစ်လေသည်။

မှန်လှပေသည်။ ရှင်အရဟံကိုယ်တော်မြတ်ကြီးသည် ယခင်သောအတိတ်ဘဝများက ဤပုဂံမြေတွင် ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းမဟာဂီရိ၊ သက်ဝင်းကတုံတို့နှင့်အတူ တစ်ဦးနှင့်တစ်ဦး ကူညီကြရန် သစ္စာပြုခဲ့ဖူးသောအဖြစ်ကို ရဟန္တာအရှင်မြတ်ကြီးကသိတော်မူသောကြောင့် အနော်ရထာမင်းကြီးလွန်လေသော် ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်းတို့၏ အထောက်အပံ့ကိုယူပြီး ပုဂံသာသနာတော်ကြီးစည်ပင်အောင်ပြုရည်ကို ရွေးရွေးတော်မူပြီး မိမိ၏တပည့်ရှင်အရဟံကို ပုဂံ အနော်ရထာမင်းကြီးနှင့်အတူ ဗုဒ္ဓသာသနာတော်ကြီးအစပျိုးရန် ရွေးချယ်လိုက်လေတော့၏။

ထိုအခါ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိ

www.burmeseclassic.com

www.burmeseclassic.com



ရှင်အရဟံအာတ်ကျောင်း ဓမ္မသာဃာမျက်နှာကြက်ရှိ ၂၄ ပစ္စည်းပဋ္ဌာန်းစက်ဝိုင်းနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်

မိတ္ထီလာမြို့ရှိ ရှင်အရဟံသိမ်သမုတ်ခဲ့သော ကမ္ဘာ့သိမ်ဆိုင်ကျောက်စာတိုင်

ဝေဓအဆိအနှစ်တို့ဖြင့် စိုပြည်ပြည့်ဝလျက်ရှိပြီးဖြစ်တော်မူသော ရှင်အရဟံကိုယ်တော်မြတ်ကြီးသည်လည်း ဆရာကောင်း၏တပည့်ချွန်ပြီးသစ္စာ ချက်ချင်းပင် သပိတ်ကိုလွယ်၊ သာရွယ်နယ်အခင်းကိုထမ်းလျက်၊ ဆရာသခင်ဖြစ်တော်မူသော ရဟန္တာအရှင်မြတ်ကြီး၏ ဩဝါဒကို နှလုံးသွင်းလျက် ဗုဒ္ဓသာသနာပြုတော်မူရန် ပုဂံရွှေမြို့တော်သို့ကြွတော်မူလေတော့သည်။

ရှင်အရဟံ ကိုယ်တော်မြတ်ကြီးသည်လည်း ရဟန္တာအရှင်မြတ်တစ်ပါးပင်ဖြစ်တော်မူပေသည်။ ရဟန္တာအရှင်မြတ်ဖြစ်၍ အဘိညာဉ်တန်ခိုးရှိတော်မူသော်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပညတ်တော်မူချက်အရ တန်ခိုးအဘိညာဉ်စွမ်းကိုသုံး၍ လူအများကို အထင်ကြီးစေပြီး သာသနာမပြုဘဲ အရှင်မြတ်ကြီး၏ သီလ၊ သမာဓိ၊ ပညာတို့ဖြင့်သာ ပုဂံမှ အရည်းကြီးတို့၏ အရည်းကြီးသာသနာကို ထိုးဖောက်ရန် စီစဉ်ရလေတော့သည်။

ထေရ်မြတ်ရှင်အရဟံ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်တွင် တမွှဒီပတိုင်းအရိမဒ္ဒနပူရ ပုဂံပြည်တွင် မြတ်ဗုဒ္ဓသာသနာတော် ပွင့်ထွန်းတော်မူလိမ့်မည်ဟူ၍ ဗျာဒိတ်တော်မြတ်ထားခဲ့တော်မူရာ သက်ဆိုင်ရာ သာသနာတော်စောင့်နတ်ကြီးများနှင့် ရဟန္တာအရှင်မြတ်ကြီးတို့သည် မြတ်ဘုရား၏ ဗျာဒိတ်တော်ကို သတိမလွတ်အောင် စောင့်ရှောက်တော်မူနေကြရ၏။ သာသနာတော်၏ရှေ့ရေးကို ကြိုတင်သိမြင်တော်မူကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့သည် မြတ်ဘုရား၏ဗျာဒိတ်တော်ကာလကိုသိတော်မူကြသည့်အတွက် ပုဂံပြည်၏သာသနာရေးအတွက် ကြိုတင်၍ စီမံတော်မူကြရလေသည်။ ရဟန္တာအရှင်မြတ်ကြီးတို့သည် ပုဂံပြည်တွင် သာသနာပြုမည့် ပုဂ္ဂိုလ်ကို လူပြည်တွင်မရှိကြောင်း သိတော်မူကြ၏။ ထို့ကြောင့် တာဝတိံနတ်ပြည်သို့တက်တော်မူကြပြီး သိကြားမင်းထံ ပုဂံပြည်တွင်သာသနာပြုပေးနိုင်မည့် နတ်သားတစ်ပါးကို တောင်းတော်မူကြလေသည်။ သိကြားမင်းကြီးလည်း ပုဂံသာသနာတော်နှင့် ပဋ္ဌာန်းဆက်ရှိသည့် နတ်သားတစ်ပါးကို တောင်းပန်ရာ နတ်သားလည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် ရဟန္တာအရှင်မြတ်တို့ကို ကြည်ညိုခြင်း

www.burmeseclassic.com

www.burmeseclassic.com

နာတော်ဖြင့် ကျေးဇူးတော်ကို
ခေါ်ဆိုခြင်း၊ ပဌာန်းဆက်အကြောင်း
နှိုးဆော်ပေးခြင်းတို့ကြောင့်
ကောက်စွာ ဝန်ခံတော်မူပြီး သဒ္ဓါမြို့
ကိုင်းရင်းသား ပုရောဟိတ်ပုဏ္ဏား
နှိုး ပုဏ္ဏေးမ၏ဝမ်းတွင် ပဋိ
နေလေတော့သည်။

ဆိုရှင်အရဟံလောင်းလျှာကလေး
သူရန်အရွယ်သို့ ရောက်သော
အရှင်မြတ်ကြီးဖြစ်တော်မူသော
သိလဝုဠိမထေရ်မြတ်က တာဝန်
စာသင်ပေးတော်မူလေ၏။ ထို
သာလေးသည် သာမဏေမပြမီ
ဘဝအရွယ်မှာပင် ဗေဒင်လေးပုံ
မြောက်ခဲ့၏။ ရှင်သာမဏေဘဝ
ကတ်သုံးပုံကို ပါဠို၊ အဋ္ဌကထာ
တက္ခ ပြည့်စုံစွာတတ်မြောက်ခဲ့၏။
တော်ပြည့်၍ ရဟန်းပြုပြီးသော
မြို့ကျောင်းတွင်မနေ၊ ရွာတွင်း၌
ကျောင်းသုံး၊ အရည၀ါသီတောရမှိကာ
ဝါနေသဖြင့် ကြီးစား
ကြီးတော်မူလေသည်။ ပါရမီနှင့်
သဒ္ဓါ၊ ဝိရိယနှင့်တကွ ဗောဇ္ဈင်
ပြည့်စုံကာ မကြာမီမှာပင် ရဟန္တာ
တော်မူလေသည်။ ရှင်အရဟံ၏ဘွဲ့
ရင်းကား ရှင်ဓမ္မဒဿီဖြစ်၏။

ရဟန္တာအရှင်ဓမ္မဒဿီကိုယ်တော်
သည် လောကီ၊ လောကုတ္တရာ နှစ်
သော ပညာတော်မြတ်တို့ ပြည့်စုံ
မူပြီးနောက်တွင် သဒ္ဓါနှင့်ဆက်စပ်
သော ယိုးဒယားပြည် သောဏတေရြို့
ဒဿ၊ ဒကာမများကပင့်တော်မူသဖြင့်
ယိုးဒယားပြည်တွင် ဆယ်နှစ်ကျော်မျှ
တင်းသုံးတော်မူခဲ့ရ၏။ ယိုးဒယားသား
သည် ရဟန်းသံဃာတော်တို့ကို 'ဖရ'
ခေါ်ကြ၏။ ရဟန္တာကို 'ဖရအရဟံ'
ခေါ်ကြ၏။ အဘိညာဉ်တန်ခိုးတို့နှင့်
ပြည့်စုံတော်မူသော ရဟန္တာအရှင်ဓမ္မ
ဒဿီအရှင်မြတ်ကိုလည်း ယိုးဒယား
သားတို့က 'ဖရအရဟံ' ဟု ခေါ်ကြမည်
ကန်ဖြစ်၏။ ထို့ကြောင့် ရဟန္တာ
အရှင် ဓမ္မဒဿီအရှင်မြတ်သည် အရဟံ
တွင်ခဲ့ရာမှ ယိုးဒယားမှအပြန်တွင်
ရှင်အရဟံဟု မြန်မာလိုတွင်တော်မူ
ခင်ရှားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

အရဟံအရှင်မြတ်သည် ပုဂံသို့
ရောက်သည်တွင် မြို့တွင်း၊ ရွာတွင်းသို့
ခြေချင်းမဝင်ဘဲ ပုဂံအနီး တောအုပ်
တစ်ခု၌ သီတင်းသုံးတော်မူ၏။ ထိုစဉ်
တောအုပ်အတွင်းသို့ အမဲလိုက်ရန်ဝင်
သောမုဆိုးတစ်ဦးနှင့်ဆုံပြီး ရှင်မြတ်
အရဟံ၏ကြည်ညိုဖွယ်အဆင်းတော်နှင့်
တည်ငြိမ်သောကျန္ဓာသိက္ခာတော်တို့ကို
မုဆိုးက ကြည်ညိုပြီး ၎င်းနေအိမ်သို့ခေါ်
သွားလေသည်။ ထိုမှတစ်ဆင့် အနော်
ရထာမင်းကြီးထံ ရှင်အရဟံ၏ ထူးခြား
သောအသွင်ကိုအကြောင်းပြုပြီး သတင်း
ပေါက်ကြားသွားခဲ့လေသည်။ ထိုအခါ
အနော်ရထာမင်းကြီး၏ ပါရမီတော်နိုး
ကြားခိုန်လည်းဆိုက်ပြီမို့ အနော်ရထာ
မင်းကြီးသည် ရှင်အရဟံကိုယ်တော်
မြတ်ကို မဖူးရသေးခင်ကပင် စိတ်ဝင်
စားမှုပြင်းထန်ခဲ့လေသည်။ ထို့ကြောင့်
အနော်ရထာမင်းကြီးသည် ရှင်အရဟံ
ကိုယ်တော်မြတ်ကိုနန်းတွင်းသို့ပင့်ဆောင်
လေသည်။ ဤသို့ဖြင့် ရှင်အရဟံနှင့်
အနော်ရထာမင်းကြီးတို့ ဆုံစည်းမှုစတင်
ခဲ့ကြလေသည်။

ရှင်အရဟံကိုယ်ခတော်မြတ် နန်း
တွင်းရောက်၍ အနော်ရထာမင်းကြီးက
ရှင်အရဟံကို ဖူးတွေ့လိုက်ရသောအခါ
အလွန်တည်ကြည်ပြီး ကြည်ညိုဖွယ်ဖြစ်
သော သက်နိုးတော်ဝတ် ရဟန္တာအရှင်
မြတ်၏ သဏ္ဌာန်တော်ကို ရှုမြင်လျက်
ကြည်ညိုမှုများ ဖြစ်ပေါ်လာလေသည်။
သို့သော်လည်း ပါရမီရှင်ဖြစ်သော မင်း
ကြီးသည် ရှင်အရဟံကိုယ်တော်မြတ်ကြီး
ကို ထပ်မံ၍ ဆန်းစစ်တော်မူသောစိတ်
ဖြင့် လျှောက်ပတ်သောအရပ်၌နေရာယူ
တော်မူပါဟု ရှင်အရဟံကိုယ်တော်မြတ်
အားလျှောက်ထားတော်မူ၏။ ရှင်အရဟံ
ကိုယ်တော်မြတ်ကလည်း မင်းကြီး၏စိတ်
အကြံကိုသိတော်မူသည့်အတိုင်း အနော်
ရထာမင်းကြီး၏ သီဟာသနပလ္လင်တော်
ထက်သို့တက်၍ ထိုင်တော်မူလေသည်။
အနော်ရထာမင်းကြီးလည်း စိတ်တော်
မငြိုငြင်ဘဲ ဤပုဂ္ဂိုလ်ကား မြင့်မြတ်သော
အမျိုးအနွယ်ပင်ဖြစ်ရမည်ဟု ကြက်သီး
မွေးညင်းထမျှအားရကျေနပ်တော်မူလေ
သည်။

အနော်ရထာမင်းကြီးသည် ဟိတ်
တော်ကြီးမား မြင့်မြတ်တော်မူလှသော
ရှင်အရဟံကိုယ်တော်မြတ်ကြီးထံအနီးသို့
ရွှေ့သွားချင်းပြီး အရှင်မြတ်ကြီး၏အမျိုး
အနွယ်၊ ဆရာစဉ်၊ အယူဝါဒ၊ အကျင့်
တရားတို့ကို စုံစမ်းမေးမြန်းလျှောက်ထား
တော်မူလေသည်။

ရှင်အရဟံကိုယ်တော်မြတ်ကြီးက
လည်း -

"ငါ၏ အမျိုးအနွယ်ကား အရဟံ
အစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်
တော်မြတ်တို့နှင့် လည်းကောင်း၊ ဣသ
ရိယ အစရှိသော ဘုန်းတော်ကြောင့်ပါ
တို့နှင့် လည်းကောင်း၊ **အစိန္တေယ္ယလေး**
ပါးတို့နှင့် လည်းကောင်း ပြည့်စုံတော်
မူသော သုံးလောကထွတ် သမ္မာသမ္ဗုဒ္ဓ
မြတ်စွာဘုရားသခင်၏ အမျိုးအနွယ်ဖြစ်
၏"

ရှင်အရဟံ ကိုယ်တော်မြတ်ကြီး
သည် လူအမျိုးအနွယ်ကို မိန့်တော်မမူ
တော့။ လက်ရှိဖြစ်သော ဗုဒ္ဓရှင်တော်
မြတ်ကြီး၏ သာသနာတော်ဝင် မျိုးနွယ်
ကိုသာမိန့်တော်မူ၏။

ဆရာစဉ်နှင့် အယူဝါဒ စသည်တို့
နှင့်ပတ်သက်၍လည်း -

"ငါသည် ငါ၏ဆရာသခင်ဖြစ်
တော်မူရုံမျှမက တစ်လောကလုံး၏
ဆရာတစ်ဆူလည်း ဖြစ်တော်မူသော
သမ္မာသမ္ဗုဒ္ဓအမည်ရှိတော်မူသော မြတ်
ဘုရားအရှင်၏ အယူဝါဒကိုယူပြီး မြတ်
ဘုရား၏ အဆုံးအမဖြစ်တော်မူသော
ဝိနည်းဒေသနာအတိုင်း ကျင့်ကြံနေထိုင်
၏"

ဟု မိန့်တော်မူလိုက်၏။

ထိုအခါ အနော်ရထာမင်းကြီး
သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏အယူဝါဒ
ကို သိလိုတော်မူသဖြင့် -

"သို့ဖြစ်လျှင် သင့်ဆရာ သမ္မာ
သမ္ဗုဒ္ဓဘုရား၏ အယူဝါဒ အဆုံးအမ
တရားတော်ကိုပြန်ဟောပြပါ"

ဟု လျှောက်ပြန်၏။

ထိုအခါ အရှင်အရဟံကိုယ်တော်
မြတ်ကြီးက -

"အသင်မင်းကြီး၊ သမ္မာသမ္ဗုဒ္ဓ
ဘုရားသခင်၏ ဩဝါဒမမ္မကွန္ဓာတို့ကား
များလှ၏"

ဟု မိန့်တော်မူရာ မင်းကြီးက ဗုဒ္ဓ
တရားတော်မြတ်ကို နာယူဆန်းစစ်ပြီး
လက်ရှိ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်
အစစ်များပါဟုဆိုနေသည့် **အရှင်းကြီး**
ရှင်ယောင်များ ဟောထားသော တရား
ဆိုသည်တို့နှင့် နှိုင်းယှဉ်လိုစိတ်ပြင်းပြနေ
သဖြင့် -

"**သို့ဖြစ်လျှင် သင့်ဆရာ သမ္မာ**
သမ္ဗုဒ္ဓမြတ်စွာဘုရား၏ များလှစွာသော
တရားတွေထဲက တစ်စိတ်တစ်ပိုင်းမျှပြန်
ဟောပါလေ"

ဟု တောင်းပန်တော်မူပြန်၏။

အနော်ရထာမင်းကြီးက နှစ်နှစ်လို
လိုဆန္ဒဖြင့်တောင်းပန်လေသောကြောင့်
ရှင်အရဟံကိုယ်တော်မြတ်ကြီးက ရှင်
တော် မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့်
တရားတော်များထဲမှ အလွန်အရေးပါ

www.burmeseclassic.com

သော ဩဝါဒတစ်ပုဒ်ကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

အပွမာဒေါ် အမတံပဒံ၊
ပမာဒေါ် မစ္စုနောပဒံ။
အပွမတ္တာ နမီယန္တိ၊
ယေမတ္တာ ယထာမတာ။ ။

အဓိပ္ပာယ်လိုရင်းကား -

ကုသိုလ်ကောင်းမှုဌ မမေ့မလျော့အားထုတ်သောသူသည် မသေရာအမှန်ပြည်နိဗ္ဗာန်ကို ဧကန်ထုတ်ဆောက်ရောက်လေမည်ဖြစ်၍ မသေသောသူဟူ၍ ခေါ်အပ်၏။ ကုသိုလ်ကောင်းမှုဌ မေ့လျော့နေသောသူသည် ဘဝအဖန်ဖန်ဖြစ်ပြီး အဖန်ဖန်သေရမည့် ဧကန်ဖြစ်၍ သေသောသူ ဟူ၍ ခေါ်အပ်၏ဟု ဖြစ်၏။

အနော်ရထာမင်းကြီးသည် ပါရမီရှင်ဖြစ်သည့်အလျောက် ထိုတရားတို့လေးဖြင့်ပင် ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးကို နှလုံးလျှံဖိတ်မတတ် ကြည်ညိုတော်မူပြီး ရှင်အရဟံကိုယ်တော်မြတ်ကြီးထံတော်တွင် ချက်ချင်းပင် သရဏဂုံသုံးပါးကို ခံယူကာ ဆောက်တည်တော်မူလေသည်။ အရဟံရှင်တော်မြတ်ကလည်း အနော်ရထာမင်းကြီး၏ပါရမီကို သိတော်မူပြီးဖြစ်တော်မူသည်နှင့်အညီ သရဏဂုံသုံးပါးနှင့်တကွ သီလတော်မြတ်တို့ကိုပါ ဟောကြားဆုံးမပြီး ခိုးမြှင့်တော်မူလေသည်။ ဤသည်အခါမှစ၍ ဘုရင်အနော်ရထာသည် သရဏဂုံသီလတော်မြတ်ကိုခံယူဆောက်တည်ကာ ဗုဒ္ဓသာသနာတော်ဝင်ဖြစ်ခဲ့လေသည်။

အနော်ရထာမင်းကြီးသည် သဒ္ဓါတရားနိုးကြားလာကာ ရှင်အရဟံအရှင်မြတ်ကြီးသာမက အရှင်မြတ်ကြီးကဲ့သို့သော ရဟန်းအရှင်မြတ်တို့ကို ပူဇော်လှူဒါန်းလိုစိတ်များ ဖြစ်ပေါ်လာသဖြင့် အရှင်မြတ်ကြီးအား အခြားရဟန်းများရှိပါသေးငြား မေးမြန်းလျှောက်ထားတော်မူပြန်၏။ ထိုအခါမှ အခိုန်အခါသင့်လျော်ပြီဖြစ်သောကြောင့် ရှင်အရဟံကိုယ်တော်မြတ်ကြီးက သူထံမှထွက်လာကတည်းက အတူပါလာသော အဖော်သံဃာတော်လေးပါးရှိသေးကြောင်း မိန့်တော်မူလေသည်။ထိုအခါ အနော်ရထာမင်းကြီးလည်း အားရပမ်းမြောက်စွာဖြင့် ရှင်အရဟံ အပါအဝင် သံဃာတော်ငါးပါးတို့အား နန်းတော်၌ ဆွမ်းပင့်လှူဒါန်းလေသည်။

ဤသည့်အခါမှစ၍ အရှင်မြတ်ကြီးသည် အနော်ရထာမင်းကြီး၏ မင်းဆရာ (ဝါ) ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး ကိုးကွယ်သော မင်းဆရာတော်ဖြစ်ခဲ့ပြီး ဗုဒ္ဓသာသနာတော် အစစ်အမှန်သည်လည်း မင်းကိုးကွယ်သောသာသနာတော်ဖြစ်ခဲ့လေသည်။ အနော်ရထာမင်းကြီးကိုယ်တော်တိုင်က ပင့်လျှောက်ပြီး ရှင်အရဟံကိုယ်တော်မြတ်နှင့်အဖော်ရဟန်းတော်မြတ်လေးပါးတို့ကို နန်းတွင်း၌ ဆွမ်းကပ်သည်ဆိုတော့ နန်းတွင်းသူနန်းတွင်းသားများအားလုံးနှင့် မင်းတိုင်ပင်ဝန်မင်း၊ အမတ်မင်းများ၊ မှူးကြီးမတ်ရာ၊ စစ်သေနာပတိတို့နှင့်အတူ စစ်သည်စစ်သားများ၊ မင်းမှထမ်းအားလုံးတို့ထိုအလှူပွဲ၌သက်ဝင်ကြရလေတော့ပြီ။

ရှင်အရဟံ ကိုယ်တော်မြတ်ကြီးသည် ဈာန်အဘိညာဉ်ရတော်မူသောရဟန္တာအရှင်မြတ်တစ်ပါးဖြစ်လင့်ကစား သာသနာပြုတော်မူရာတွင် ဈာန်အဘိညာဉ်တန်ခိုးတို့ကို သုံးတော်မူခြင်းမရှိဘဲ ဗုဒ္ဓရှင်တော်မြတ်၏ ဒေသနာတော်တို့ကိုလူအများ နားလည် သဘောပေါက်ကာ ကိုယ်တိုင်သက်ဝင်ယုံကြည်လာစေသည့် တိုင်အောင် ဟောပြောညွှန်ပြတော်မူခဲ့လေသည်။

ထိုမှစ၍ အနော်ရထာမင်းကြီးသည် ရှင်အရဟံကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော ဗုဒ္ဓတရားတော်တို့ကိုသာ ဗုဒ္ဓသာသနာတော်စစ်၊ ရှင်အရဟံနှင့် အဖော်သံဃာတော်ရှင်မြတ်တို့ကိုသာ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တပည့်သားသံဃာတော်စစ်များဟူ၍ ယုံကြည်လက်ခံတော်မူပြီး ပုဂံပြည်တစ်ဝှမ်း မိမိ၏အာဏာစက်သက်ရာအရပ်ယုန်တစ်ဝပ်စာ မြေတစ်ကွက်စာမျှပင် မကျန်အောင် ဗုဒ္ဓသာသနာတော်ပြန့်စေအံ့ဟု ဆုံးဖြတ်တော်မူလေသည်။

ထိုသဒ္ဓါတရားဖြင့် အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ်အား လျှောက်ထား တိုင်ပင်တော်မူလေသည်။ ရှင်အရဟံအရှင်မြတ်ကြီးနှင့် အဖော် သံဃာတော်အရှင်မြတ်တို့ကလည်း သာဓုခေါ်ကာ ညွှန်ပြတော်မူကြ၏။

ရွေးဦးစွာ တောထဲ၌ သီတင်းသုံးနေတော်မူသော ရှင်အရဟံကိုယ်တော်မြတ်ကြီးနှင့် အဖော်သံဃာတော်အရှင်မြတ်တို့ အပူ၊ အအေး၊ နေ၊ မိုးဒဏ်တို့နှင့် ခြင်၊ ယင်၊ မှက်၊ ဝိုးတို့ဒဏ်မှလုံခြုံစွာတရားအားထုတ်နိုင်ရန် ထိုအရှင်မြတ်များ သီတင်းသုံးနေတော်မူသည့် တောရအရပ်မှာပင် ကျောင်းတော်ဆောက်လုပ်ပြီး လှူဒါန်းတော်မူလေသည်။ ထိုအရပ်ကား အနော်ရထာမင်းကြီးမတိုင်မီက တည်းက ဒုက်ပစ်တောင်ဟု သမုတ်အပ်သောအရပ် ဖြစ်လေ၏။ ယခုအခါတွင် ညောင်ဦးမြို့ ဒုက်ပစ်တောင်စေတီတော်ကြီးဟူ၍ ထင်ရှားရှိပြီး ရှင်အရဟံနှင့် အဖော်သံဃာတော်များသီတင်းသုံးတော်မူရန် အနော်ရထာမင်းကြီးကုသိုလ်တော်ပြုထားသည့် ကျောင်းတော်ကြီးသည် ရှင်အရဟံအုတ်ကျောင်းဟု အထင်ကရရှိ၏။ မူလကျောင်းတော်၏ အမည်မှာ 'ဧတဝဂ်ကျောင်း'ဟူ၍ဖြစ်၏။

ရှင်အရဟံနှင့်သံဃာတော်အရှင်မြတ်တို့သည် ပုဂံပြည့်ရှင်ဘုရင်မင်းကိုယ်တော်တိုင်က ကြည်ညိုစွာ ကိုးကွယ်ဆည်းကပ်တော်မူခြင်းခံကြရပါလျက် မင်းနှင့်တကွ နန်းတွင်းသူနန်းတွင်းသားတို့၏ ပို့ဆွမ်းကို ခံယူတော်မူခြင်းမရှိကြတော့ဘဲ ဗုဒ္ဓမြတ်ဘုရား၏ ဩဝါဒအဆုံးအမအတိုင်း သလုံးမြင်းခေါင်းအားကိုးလျက် ရွာစဉ်လှည့်ကာ သဒ္ဓါဆွမ်းကိုခံယူတော်မူကြ၏။ ဘုရင်မင်းနှင့် နန်းတွင်းသူနန်းတွင်းသားတို့ လှူဒါန်းသော ဟင်းကောင်းကျွေးကောင်း အထွတ်အမြတ်ဖြစ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကျောင်းမှာနေရင်း မဲပင်ပန်းဘဲ ရနိုင်ပါသော်လည်း ရသတဏှာတို့ကို မမက်၊ အမျှားပြည်သူကြည်ညိုသူတို့၏ ပါရမီကုသိုလ်နှင့် ဗုဒ္ဓရှင်တော်မြတ်၏ ဩဝါဒအထွက်သာ သက်ဝင်တော်မူကြသော အရှင်မြတ်တို့ကား ကြည်ညိုဖွယ်အထူးနှင့် ပြည့်စုံတော်မူလှပေသည်။ ရွာသူရွာသား ပြည်သူပြည်သားတို့ကလည်း လွန်စွာဝိတိဖြစ်ပြီး မိမိတို့၏ စေတနာသဒ္ဓါတရားစစ်စစ်ဖြင့် တတ်စွမ်းသမျှ အစွမ်းကုန်လှူဒါန်းကြလေသည်။ ထို့ပြင် ရွာသူရွာသား ပြည်သူပြည်သားတို့၏ စိတ်ထဲ၌လည်း မိမိတို့အပေါ် အင်သားသုံး ခြိမ်းခြောက်အကြမ်းဖက်ပြီး မဟုတ်မမှန်သောဝါဒ၊ ယုတ်ညံ့သောအကျင့်သီလတို့ဖြင့် အနိုင်ကျင့်ကာ အညွှန့်ညှစ်နေကြသော အရည်းကြီးရှင်ယောင်များနှင့် ငင်းတို့၏ အရည်းကြီးအယူဝါဒများကို ရွံမုန်းစက်ဆုတ်မှု ပို၍တိုးပွားလာကြပြီး အလွန်ပင် တည်ကြည်ကာ မေတ္တာတရားတို့ဖြင့် ဖြန့်ကြက်တော်မူလျက်ရှိသော ရှင်အရဟံကိုယ်တော်မြတ်ကြီး၏ ဗုဒ္ဓသာသနာတော်စစ်စစ်ကို ပို၍ယုံကြည်သက်ဝင်လာကြလေသည်။

ဤတွင် သင့်တော်လေ့အခိုန်အခါကို ဆင်ခြင်တော်မူတတ်သော

www.burmeseclassic.com

www.burmeseclassic.com

ရှင်အရဟံ ကိုယ်တော်မြတ်ကြီးသည် အနော်ရထာမင်းကြီးအား အမှီပြုလျက် သာသနာတော်ကြည်ညိုကြ၍ သာသနာ ထောင်ဝန်ကိုထမ်းလိုကြကုန်သော လူ အပေါင်းကို ရှင်သာမဏေ၊ ရှင်ရဟန်း ပြုသည်ဖြင့် သာသနာတော်နှင့်အညီပြု စေခြင်း စေတီတော်၊ ပုထိုးတော်တို့ဖြင့် သာသနာတော်လင်းရေး အစပြုရန် ကြံဖြတ်တော်မူလေတော့သည်။ ထို အကြောင်းကို ပစ္စည်းလေးပါး၌ပါဒယကာ ပြည့်ဖြစ်၊ ပြည့်ရှင်မင်းလည်းဖြစ်သော အနော်ရထာမင်းကြီးအား တိုင်ပင်တော် မူလေသည်။ အနော်ရထာမင်းကြီးက သည်း နှစ်ထောင်းအားရစွာ တာဝန်ယူ ကန်ခံတော်မူလေသည်။ ဤတွင် ပုဂံပြည် ကြီး၌ ရှင်အရဟံကိုယ်တော်မြတ်ကြီး ကွယ်မွစက်၊ အနော်ရထာမင်းကြီးက အာဏာစက်တို့ဖြင့် ပုဂံပြည်၌ သာသနာ့ အစဉ်မြစ်တော်တည်စိုက်ရန် အစပျိုးကြ လေတော့၏။

အစဦးအနေဖြင့် သာသနာတော် အစဉ်မြစ်စိုက်ထူမည့်ပုဂံမြေတွင် မဟုတ် မမှန်သော တရားတုတရားယောင်တို့ ကြွင်း လည့်ဖြားကာ ဆိုးချင်တိုင်းဆိုး၊ သွေးချင်တိုင်းသွေး၊ ရမ်းချင်တိုင်းရမ်း ကျော်ရှိသော အရည်းကြီးရှင်ယောင်တို့ အား ပုဂံမြေမှမောင်းထုတ်ရလေသည်။ ဤကိစ္စကို အနော်ရထာမင်းကြီး၏ အာဏာစက်ဖြင့် တာဝန်ယူတော်မူ၏။ အနော်ရထာမင်းကြီးသည် အရည်းကြီး တို့အား ငင်းတို့၏ အယူဝါဒများနှင့် အသိုက်အဝှဲ့ အဖွဲ့အစည်းတို့အား ချက်သိမ်းစေပြီး သက်ဆိုင်ရာတာဝန်ရှိ သူမင်းမူထမ်းတို့ထံတွင် လူဝတ်လဲသည့် အနေဖြင့်ဝတ်ဖြူဝတ်စေ၏။ အရည်းကြီး ထိပ်သီးတို့နှင့် သစ္စာခံ သွေးသောက်၊ ကိုန်စာတိုက်ခံရသူနောက်လိုက်တို့မှလွဲ၍ အရည်းကြီးနောက်လိုက်ငယ်သား အတော်များများသည် မင်းအာဏာပြု သည့်အတိုင်း မင်းမူထမ်းတို့ထံဝင်ပြီး လူ ဝတ်လဲကြ၏။ ထိုသူတို့ကို မင်းမူထမ်း တာဝန်ရှိသူများက ဘုရင့်တပ်မတော် တွင် အောက်ခြေသိမ်းအလုပ်သမားများ အဖြစ် လည်းကောင်း၊ ဆင်ကျဲ၊ မြင်း ကောင်းတို့တွင် ဆင်ချေးကျဲ၊ မြင်းချေး ကျဲ၊ ဆင်ရေတိုက်၊ မြင်းရေတိုက်၊ သန့်ရှင်းရေး စသည့် တာဝန်များဖြင့် ခန့်အပ်ကြ၏။ ထိုအရည်းကြီးလူထွက် တို့တလည်း လိုလားစွာ လက်ခံကြ၏။ နောက်ပိုင်းတွင် ရတနာမြတ်သုံးပါးကို ငင်းတို့ကိုယ်တိုင် ကိုယ်တွေ့သဘော ပေါက်ချက်ဖြင့် ဗုဒ္ဓသာသနာတော်ဝင် များဖြစ်ကုန်ကြသည်မှာ အားလုံးလိုလို ပင်ဖြစ်ကြ၏ဟု ထိုဒေသခံအဘိုးအဘွား တို့ပြောသံကြားဖူးပါ၏။

အရည်းကြီးထိပ်သီးတို့နှင့်သစ္စာခံ အချို့ကမူ ပုဂံမှ ထွက်ပြေးသွားကြပြီး စလေ၊ ပုပ္ပွားအရပ်များဘက်သို့ ရောက် သွားကြသည်ဟု မှတ်တမ်းအချို့၌ တွေ့ ရ၏။ ထိုထွက်ပြေးသွားကြသူများက ပုဂံ ဘုရင်အနော်ရထာမင်းကြီးကို လက်နက် ကိုင်ကာခုခံကြသေး၏။ ဤငင်းတို့၏အရည်း ကြီးဝါဒကို ပြန်လည် ထူထောင်ရန် ရောက်ရာအရပ်၌ ကြိုးစားကြသေး၏။ သို့သော် ဗုဒ္ဓသာသနာတော်၏ ဂုဏ် တော်၊ ဗုဒ္ဓသာသနာတော်ကြီး ထွန်း လင်းရန်တန်ပြီဖြစ်သော အချိန်ကာလ၊ ရှင်အရဟံကိုယ်တော်မြတ်ကြီး၏ ပါရမီ တော်၊ ဘုရင်အနော်ရထာမင်းမြတ်၏ ဘုန်းကံပါရမီတို့နှင့် ပြည်သူပြည်သားတို့ ၏ သဒ္ဓါတရားတို့ကြောင့် အရည်းကြီး တို့သည် လုံးဝဦးမထောင်နိုင်တော့ဘဲ တိမ်မြုပ်သွားရလေတော့၏။

ပိဋကတ်သုံးပုံပင့်ဆောင်ခြင်း

ဤသို့ ပုဂံမြေတွင် ဗုဒ္ဓသာသနာ တော်ဆူးငြောင့်များ၊ အမှိုက်သရိုက်များ ရှင်းသွားလေသောအခါ ရှင်အရဟံ ကိုယ်တော်မြတ်ကြီးသည် အနော်ရထာ မင်းမြတ်အား ဗုဒ္ဓသာသနာတော်မြတ် ကြီး အရှည်တည်တံ့၊ သန့်ရှင်း၊ ပြန့်ပွား နိုင်ရေးအတွက် မရှိမဖြစ်သော သာသ နာ့မဏ္ဍိုင်ကြီးသုံးရပ်အား ညွှန်ပြတော်မူ လေသည်။ ယင်းမဏ္ဍိုင်ကြီးသုံးရပ်ကား 'ပိဋကတ်တော်သုံးပုံရတနာ' ပင် ဖြစ်ပေ သည်။ ရှင်အရဟံကိုယ်တော်မြတ်ကြီး သည် ယင်းပိဋကတ်တော်သုံးပုံရတနာ မြတ်နှင့်အတူ ကြည်ညိုသူလူအပေါင်းတို့ ၏ ကုသိုလ်အစီးအပွားကိုဖြစ်စေသည်။ ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန္တာအရှင်မြတ် ကြီးတို့၏ ဓာတ်တော်၊ မွေတော်၊ ပရိ ဘောဂတော်တို့ကိုလည်း အသိုင်းအဝန်း အဖြစ် ညွှန်ပြတော်မူ၏။

ထိုအခါ အနော်ရထာမင်းကြီး သည် လွန်စွာကြည်ညိုလှသဖြင့် မိမိ၏ ပုဂံပြည်၌ ထိုရတနာမြတ်အားလုံး စုံလင် စေရန် ဆန္ဒတော်ဖြစ်လာပြီး ထိုရတနာ မြတ်တို့ တစ်ပေါင်းတည်း စုံလင်ကိန်းဝပ် တော်မူနိုင်ရေးလမ်းညွှန်ပေးတော်မူရန် ချက်ချင်းပင် ရှင်အရဟံကိုယ်တော်မြတ် ကြီးအား လျှောက်ထားတောင်းပန်တော် မူလေသည်။

ဤတွင် ရှင်အရဟံကိုယ်တော် မြတ်ကြီးက ပိဋကတ်တော်သုံးပုံရတနာ နှင့်တကွ ဘုရား၊ ရဟန္တာအရှင်မြတ်ကြီး တို့၏ ဓာတ်တော်မွေတော်မြတ်များသာ မက ရဟန္တာအရိယာသံဃာတော်အရှင် မြတ်များ၊ ပရိယတ္တိ၊ ပဋိပတ္တိထိုဆောင် သံဃာတော်မြတ်များဖြင့် ဗုဒ္ဓသာသနာ တော်မြတ်ကြီးနေမင်း၊လမင်းမကအောင် ထွန်းလင်းနေပြီဖြစ်သော 'သုဝဏ္ဏဘူမိ သထုံပြည်' ကို ညွှန်ပြတော်မူပြီး သထုံ ဘုရင်မနူဟာမင်းထံတွင် ထိုရတနာ မြတ်များကို ဝေငှကာ သာသနာပြုပါရန် တောင်းပန်စေတော်မူလေသည်။အနော် ရထာမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း၊ မနူဟာမင်းကို အားကိုးတော် မူခြင်းတို့ဖြင့် ပုဂံမှာ စကားအရာလွန်စွာ ချေငံပြီး အချိန်အခါအတိုင်းအတာတို့၌ လိမ္မာရေးခြားရှိလှသော်သံတမန်ပညာရှိ တို့ကို အဖိုးထိုက်အဖိုးတန်လက်ဆောင် ပဏ္ဏာတော်တို့ဖြင့် သထုံပြည်သို့စေလွှတ် ကာ သထုံပြည့်ရှင် မနူဟာမင်းထံတွင် ရတနာမြတ်သုံးပါးတို့ကဝေငှကာ သာသ နာပြုပါရန် တောင်းပန်တောင်းခံစေလေ သည်။

သထုံပြည့်ရှင်မင်းသည် သာသနာ တော်မြတ်ကိုကြည်ညိုခြင်း၊ သာသနာ တော်မြတ်ကို အထူးအမြတ်တန်ဖိုးထား ခြင်း၊ ပုဂံပြည့်ရှင်မင်းနှင့် ပြည်သူတို့ထံ တွင် အရည်းကြီးသာသနာထွန်းကားခဲ့ ခြင်းအပေါ် ရွံ့ရှာတော်မူခြင်း၊ ပင်ကို စရိုက်အားဖြင့် မာန်မာနမောက်မာခြင်း တို့ဖြစ်တန်တူ၏။ ရှင်အရဟံဂိုယ်တော် မြတ်ကြီးကို ကြည်ညိုတော်မူလှပါသော်လည်း ပုဂံပြည့်ရှင်၏ တောင်းပန်လာမှု ကို ခြွင်းချက်မရှိ ငြင်းပယ်တော်မူလေ သည်။

သို့သော် ရဟန္တာအရှင်မြတ် ရှင်အရဟံ တည်းဟူသောဆရာကောင်း ဆရာမြတ် အဦးအဆောင်ဖြစ်နေပြီဖြစ် သော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး သည် သထုံဘုရင်အပေါ်၌ ဒေါသအ မျက်ထွက်တော်မမူဘဲ မင်းနှင့်တကွပြည် သူတို့အားမထိခိုက်စေဘဲ ပိဋကတ်တော် အစရှိသော သာသနာတော်မြတ် နှင့် သာသနိကအမွေတော်တို့ကိုသာ ဝင့်ဆောင်မူလိုသဖြင့် သထုံပြည်အား စစ်ချီသိမ်းသွင်းတော်မူလေသည်။ သို့ပင် ဖြစ်ငြားလည်း အနော်ရထာမင်းသည် သုဝဏ္ဏဘူမိ သထုံပြည်ကို လွယ်လွယ် ဖြင့် သိမ်းသွင်းတော်မူနိုင်ခဲ့သည်မဟုတ်။ ဗျတ်ဝိ တည်းဟူသော လူစွမ်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်က သထုံမြို့ရိုးထက်မှ အကာအကွယ်ပြုသဖြင့် အနော်ရထာမင်း၏တပ်သည် ပထမအကြိမ်စစ်ပွဲတွင် မြို့စည်း၊ မြို့ရိုးကိုပင်မကျော်နိုင်ဘဲ တပ်ဆုတ်တပ်နားပြခဲ့ရလေသည်။

ထိုဗျတ်ဝိ၊ ဗျတ္တ လူစွမ်းကောင်းညီနောင်နှင့် ပတ်သက်၍လည်း သမိုင်းစကား ကြားဖူးထားသည်များလည်းရှိ၏။ အကျဉ်းအားဖြင့်ဆိုလျှင် ထိုညီနောင်တို့သည် ပင်လယ်ထဲတွင် ဗျပ်တစ်ချပ်စီဖြင့် မျောနေရာမှ သထုံအနီး ပင်လယ်ကမ်းခြေသို့ဆိုက်ရောက်ခဲ့ရာမှ ရေကသိုက်ရှုရန် ကြွလာတော်မူသော တောရဆရာတော်တစ်ပါးကတွေ့ရှိ၍ ကယ်ဆယ်ပြီး မိမိ၏တောရကျောင်းတွင် ကျောင်းသားကပ္ပိယအဖြစ်ထားလေသည်။ တစ်နေ့တွင် ထိုဆရာတော်သည် ဇော်ဂျီတစ်ဦးဖိုဝင်ရာမှ ကြွင်းရစ်သော ခန္ဓာကောင်ကို တောတွင်းမှတွေ့ရှိရ၍ ပဲ့သကူကောက်လာပြီး ကျောင်း၌ထားကာ ဆွမ်းခံကြွသွားခဲ့၏။ ထိုဇော်ဂျီဖိုဝင်ကောင်ကို ကျောင်းတွင် ကျန်ရစ်ခဲ့သော ဗျတ်ဝိနှင့် ဗျတ္တညီအစ်ကိုနှစ်ယောက်ကတွေ့ရှိသွားပြီး ဖိုဝင်ဇော်ဂျီခန္ဓာကြွင်းမှ စားချင့်ဖွယ်ရန်ရှာလေရာ ထိန်းချုပ်အောင့်အည်းနိုင်စွမ်းမရှိတော့ဘဲ မြည်းစမ်းစားကြည့်ရာမှ အလွန်ကောင်းသောအရသာကို ခံစားရပြီး ညီအစ်ကိုနှစ်ယောက်သည် ထိုဇော်ဂျီဖိုဝင်ကောင်တစ်ကောင်လုံးကို ကုန်အောင်စားလိုက်မိကြလေသည်။

ထိုညီအစ်ကိုနှစ်ယောက်တို့လည်း ဇော်ဂျီဖိုဝင်ကောင်ကိုစားပြီး၍မှားမကြာမီမှာပင် ခုန်ချင်ပျံချင်စိတ်များ၊ အလွန်ကြီးမားလှသော ကျောက်တုံးကြီးများကို ကောက်ယူ ခွီမ လွှင့်ပစ်လိုစိတ်များ၊ အလွန်ကြီးမားသော သစ်ပင်ကြီးများကို အမြစ်မှကျွတ်အောင်ဆွဲနုတ်ပစ်ချင်စိတ်များ ဖြစ်ပေါ် ခဲ့စားကြလေသည်။ ဗျတ်ဝိနှင့် ဗျတ္တညီအစ်ကိုနှစ်ယောက်လည်း ထူးဆန်းစွာဖြစ်လာသည်။ ထိုအစွမ်းပြစမ်းသပ်လိုစိတ်များကို မျိုသိပ်မထားနိုင်တော့ဘဲ စိတ်ရှိသည့်အတိုင်းပြုလုပ်ကြမိလေရာ တစ်တောလုံးတစ်တောင်လုံး ခြောင်းဆန်ကုန်လေတော့၏။

ထိုအဖြစ်ကို ဆွမ်းခံမှပြန်လာသော တောရဆရာတော် မြင်တွေ့ဘိရှိရပြီးနောက် ထိုလူစွမ်းကောင်းဗျတ်ဝိနှင့်ဗျတ္တကို သိုသိုသိပ်သိပ်နေရန် ဆုံးမတော်မူခဲ့၏။ သို့သော်လည်း ထိုလူစွမ်းကောင်းနှစ်ယောက်အကြောင်းကို သထုံဘုရင်ကြားသိတော်မူရာ ထီးနန်းစည်းစိမ်ကို စိုးရိမ်တော်မူပြီး ဖမ်းမိန့်ထုတ်ကာ ဖမ်းခိုင်းလေသည်။ ထိုအခါ ဗျတ္တာသည် ပုဂံသို့ ထွက်ပြေးသွား၏။ လူစွမ်းကောင်းများစုဝေးရာ အနော်ရထာမင်းထံတွင် ပန်းတော်ဆက်အမှုတော်ထမ်း၏။ ပုပ္ပားတောင်တော်မှ နွယ်နီနတ်ပန်းတို့ကို ခူးယူပြီး ပုဂံရှိ အနော်ရထာမင်းအားဆက်ရ၏။ ဗျတ္တာသည် လူစွမ်းကောင်းဖြစ်၍ ပုဂံနှင့် ပုပ္ပားကို တစ်ခဏဖြင့် အသွား၊ အပြန်ခရီးနှင့် နိုင်သည်ဆို၏။ ဗျတ်ဝိကိုမူ မအိစာခေါ် သူချစ်သူနှင့် ဥပါယ်တံမျှင်ပြုပြီး ဖမ်းဆီးသတ်ဖြတ်ကာ ဗျတ်ဝိ၏ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို သထုံမြို့ရိုးအတိုင်း မြှုပ်နှံကာ ပယောဂနည်းဖြင့် စီရင်ပြီး အစောင့်ခိုင်းထား၏။ ထို့ကြောင့် ထိုလူစွမ်းကောင်းဗျတ်ဝိ၏ဝိညာဉ်က အနော်ရထာမင်း၏တပ်များကို ခုခံတိုက်ထုတ်နေကြောင့် အနော်ရထာမင်း၏တပ်တွင် ကျန်စစ်သား စသော သူရဲကောင်းများ ပါရှိသော်လည်း မြို့ရိုးကိုမကျော်နိုင်ဖြစ်နေခြင်းဟု ဆို၏။ သို့သော် ဗျတ်ဝိ၏အစ်ကိုဖြစ်သူ ဗျတ္တာကို အကြောင်းပြု၍ ဗျတ်ဝိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို ထုတ်ဖော်စွန့်ပစ်ပြီးတိုက်လေမှ သထုံကို သိမ်းနိုင်သည်ဟု ဆို၏။ ဤသည်မှာ ရွှေသမိုင်းစကားအဆိုအပြောဖြစ်၏။

အနော်ရထာမင်းကြီးသည် သထုံကို သိမ်းသွင်းမိသောအခါ မင်းနှင့်တကွ ပြည်သူတို့ကို မနှိပ်စက်။ တိုင်းပြည်နှင့် ပြည်သူတို့၏ ဘဏ္ဍာပစ္စည်းတို့ကို မထိပါးဘဲ ရည်ရွယ်ရင်းဖြစ်သော ဝိဋ္ဌကတ် အစုံသုံးဆယ်နှင့် ဓာတ်တော်၊ မွေတော်တို့ကို ဆင်အစီးသုံးဆယ်ဖြင့် ပင့်ဆောင်ခဲ့လေသည်။ မနုဟာမင်းနှင့် ဝိဋ္ဌကတ် တတ်ကျွမ်းတော်မူသော အရိယာအရှင်မြတ်များ၊ အသိပညာရှင်များကိုလည်း သာသနာတော်အတွက် ရည်ရွယ်ကာ ပင့်ဆောင် ခေါ်ယူတော်မူလာခဲ့၏။

ထိုကာလကို သာသနာ ၆၀၁၊ ကောဇာ ၄၁၉ ဟု မှတ်တမ်းများ၌ တွေ့ရ၏။ ထိုအခါနှစ်မှစ၍ ပုဂံပြည်ကြီးတွင် ဘုန်းကြီးကျောင်းများ၊ တရားဟောဇရပ်များ၊ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ ကိန်းဝပ်တော်မူသည့် စေတီတော်၊ ပုထိုးတော်များ၊ သိမ်တော်များ ဖြစ်ထွန်းလာခဲ့လေသည်။ သံဃာတော်များ၏သက်နှံးတော်ရောင်ဝါဝင်းပြောင်ပြီး မြို့၊ ရွာ၊ ဇနပုဒ်အနှံ့၌လည်း ရှင်ပြု၊ ရဟန်းခံအလျှုပွဲများဖြင့် စည်ကားလာလေတော့၏။

ဤသို့လျှင် ရှင်အရဟံကိုယ်တော်မြတ်ကြီးနှင့် အနော်ရထာမင်းကြီး ဦးစီးဦးဆောင်သော ပုဂံသူပုဂံသားတို့၏ လုံ့လဖြင့် ပုဂံပြည်တွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ် ထွန်းကားရှင်သန်လာခဲ့ပြီး ပုဂံခေတ် တစ်ခေတ်လုံး သာသနာပြုပုဂ္ဂိုလ်ကျော် ရဟန္တာအရှင်မြတ်များ၊ သံဃာတော်များ၊ လူပုဂ္ဂိုလ်ကျော်များ အစဉ်မပြတ် ပေါ်ထွန်းလာခဲ့ပေသည်။

ရှင်အရဟံမထေရ်မြတ်ကြီးသည် အနော်ရထာမင်း လက်ထက်တော်မှစောလူးမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်းတို့ လက်ထက်တိုင်အောင် (၁၀၄၄ မှသည် ၁၁၆၇ တိုင်အောင်) မင်းလေးဆက်တိုင် သာသနာပြုတော်မူခဲ့သည့် ရဟန္တာအရှင်မြတ်ကြီး ဖြစ်တော်မူလေသည်။

ရှင်အရဟံ ရဟန္တာမဟာထေရ်မြတ်ကြီးသည် အစီ ၁၁၁၄ ခုနှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုအချိန်တွင် အရှင်မြတ်ကြီးသည် ဝါတော်အားဖြင့် (၆၁) ဝါ ရရှိနေပြီး သက်တော်အားဖြင့် (၈၁) နှစ်ရှိတော်မူလေပြီ။

ရှင်အရဟံရဟန္တာမထေရ်မြတ်ကြီး ဆောက်လုပ်တော်မူခဲ့သော ကျောင်း ဇရပ်၊ သိမ်များနှင့် စေတီ၊ ပုထိုးတော်များ အမြောက်အမြားအနက် ကျွန်ုပ် လက်လှမ်းမီသမျှ ရှာဖွေမှတ်သားမိသော သိမ်တော်အချို့ကို ဖော်ပြလိုပါသည်။

ရှင်အရဟံရဟန္တာအရှင်မြတ်ကြီးဦးဆောင် သမုတ်တော်မူသည့် သိမ်တော်များ

၁။ ကုသိနာရုံသိမ်တော်
(မြင်းကပါရွာအရှေ့တောင်)
၂။ ရွှေစည်းခုံရဟန္တာသိမ်တော်(ပုဂံ)
၃။ ငါးသရောက်သိမ်တော်(ပုဂံ)
၄။ ဇီဂျမ်းရွာသိမ်တော်(ပုဂံ)
၅။ ရှင်အရဟံသိမ်တော်
(နွားထိုးကြီးနှင့် ကျောက်ပန်းတောင်းကြား)
၆။ တစိုးမလည်သိမ်တော်
(တစိုးမလည်ရွာ၊ ပုဂံ)
၇။ ကျောက်ဆောက်သိမ်တော် (ပုဂံ)
၈။ ကွမ်းဖလားသိမ်တော်(ပုဂံ)
၉။ နှစ်ကျပ်ခွဲသိမ်တော်
(ကျောက်ပန်းတောင်း)
၁၀။ ထန်းပေါက်ကုန်းသိမ်တော် (ပုဂံ)
၁၁။ လက်ယားသိမ်တော်(ပုဂံ)
၁၂။ ညောင်ပင်လှသိမ်တော်(ပုဂံ)
၁၃။ အိုင်ရွှေးစကန်သိမ်တော်(ပုဂံ)
၁၄။ ရွှေကြည်သိမ်တော်(ပုဂံ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝိန်လှိုင် (ကျိုက်လတ်)

ဌ-သံ-ညင်း-ချိတ်ဂါထာနှင့်အဆောင်



ကုလားမ-သား၊ သုံးယောက်ဖွား၊
ရွှေသားညီနောင်၊ တန်ခိုးပြောင်၊
အခေါင်သိဒ္ဓိ၊ တုမရှိ။

ဤဆောရွတ်လျှင်ရရှိသောအကျိုးများ

၁။ သမာဓိအားကောင်းခြင်း။
၂။ စိတ်အားငယ်မှု၊ ကြောက်ရွံ့မှုများ ပြေပျောက်ခြင်း။
၃။ ဒုစရိုက်သမားများနှင့် မတွေ့ဆုံရခြင်း။
၄။ သူတော်ကောင်းများနှင့် တွေ့ရဆုံရခြင်း။

ဤဆောတော်

ဌ တရိတ္ထ တရော နာထော၊
သ သမေတိ သရဏံ ဂတော၊
ဥ ဥေ ယျမမ္မေသု ဉာဏိကော၊
ခ ခေမံ သော ဒေတု မေဇိနော။

'ဥေ ယျ' ကို ဩယျဟု ရွတ်ပါ။
'ဉာဏိ' ကို ညာဏိဟု ရွတ်ပါ။
အချို့ 'ခေမံ သော ဒေတု မေ ဇိနော' ကို 'ခေမံ သု ဒေတု မေ ဇိနော' ဟု ရွတ်၏။

မည်သည့်နေ့သားမဆို မိမိ၏ မွေးနေ့ နံနက် (၉) နာရီမှ (၁၀) နာရီခွဲ အတွင်းမှာ မိမိမွေးနေ့မွေးနံ နဝင်းပေါ် သည့်အချိန်မှာ ဘုရားရှေ့တွင် ငါးပါး သီလခံယူပြီးလျှင် အထက်ပါ ဌ-သ-ဥ-ခ နှင့် ကြီးလေးကြီး က-ဃ-ဏ-ဋ အင်းကို ရေးဆွဲ၍ဆောင်ပါ။

ကောင်းကျိုးတရားများ
တိုးပွားရရှိကြပါစေ

ဆရာဦးဝိန်လှိုင် (ကျိုက်လတ်)

၁၇။ ကူရွာသိမ်တော်(ပုဂံ)
၁၈။ ပဲသီတာသိမ်တော်(မိတ္ထီလာ)
၁၉။ ကတ္တူကံသိမ်တော်(မိတ္ထီလာ)
၂၀။ ဝက်ကျောက်သိမ်တော်(မိတ္ထီလာ)
၂၁။ ရှင်ပင်ကူသိမ်တော်(မိတ္ထီလာ)
၂၂။ သားဖန်းသိမ်တော် (မိတ္ထီလာ)
၂၃။ ကလိန်ခြေသိမ်တော်(မိတ္ထီလာ)
၂၄။ ကူဖြူသိမ်တော်(မိတ္ထီလာ)
၂၅။ ကုန်းတောင်းသိမ်တော် (မိတ္ထီလာ)
၂၆။ ထီးသုံးဆင့်သိမ်တော်(မိတ္ထီလာ)
၂၇။ ပြည်ကြီးတံခွန်သိမ်တော် (မန္တလေး)
၂၈။ သန်းခေါင်ယံသိမ်တော် (မန္တလေး)
၂၉။ နောင်သိမ်တော်(မန္တလေး)
၃၀။ နေထွက်သိမ်တော်(မန္တလေး)
၃၁။ မွန်းတည့်သိမ်တော်(မန္တလေး)

ဗုဒ္ဓသာသနာပြုရှင်အရဟံရဟန္တာ အရှင်မြတ်ကြီးသည် အလောင်းစည်သူမင်းလက်ထက်တော်အတွင်း ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီး ကြွင်းရစ်တော်မူသော အရိုးတော်ဓာတ်မြတ်ကို ညောင်ဦးမြို့နယ် တုရင်တောင်အရှေ့ဘက် တောင်ပံရွာအနီးတွင် အရိုးတော်ဓာတ်မြတ်တော်တို့ကိုဌာပနာပြီး 'ဘုရားထီးဆောင်း'ဟု ဘွဲ့မည်ရှိသော ဂူဘုရားငယ်တစ်ဆူ တည်ကာ ကိုးကွယ်ခဲ့ကြလေတော့သည်။

ဤဆောင်းပါးဖြင့် အနန္တကေးလုတော်ရှင် ရှင်အရဟံ ရဟန္တာအရှင်မြတ်ကြီးနှင့် အနန္တကေးလုရှင် ဆရာသခင်မဟာဓောဓိမြို့ဆရာတော်အရှင်မြတ်ကြီးတို့အား ကန်တော့ပါ၏။

ပုဂံ၊ ညောင်ဦးရှိ ပဌာန်းဆက် ပုဂ္ဂိုလ်အပေါင်းနှင့် ဦးလေးဦးယာထိန်တို့ မိသားစုအားလုံး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာစွာဖြင့် သာသနတ္ထစရိယ၊ လောကတ္ထစရိယ၊ ဉာဏတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ တည်းဟူသော လေးဖြာစရိယာကို ဖြည့်ဆည်း အားထုတ်နိုင်ကြပါစေ။

ဦးအောင်သုခ

စာမီး (အကြောင်းအချက်နှင့်ပုံတော်များ)

- ပုဂံခေတ်ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ
- ရှင်အရဟံအတ္ထုပ္ပတ္တိ (သာသနာ့ဆောင်ခြည်၊ အတွဲ ၁၀၊ အမှတ် ၄) (မာယ)
- မြန်မာနိုင်ငံတော် ရဟန္တာအရိယာများ၏ထေရုပ္ပတ္တိ (ဗိုလ်သိမ်းဆွေ)
- Shin Arahan (Internet)
- ကိုယ်တိုင်ခရီးစဉ်
- ရှင်အရဟံ အုတ်ကျောင်းပြုပြင်မှုမှတ်တမ်း (ယဉ်ကျေးမှုဝန်ကြီးဌာန-၁၉၉၇)

www.burmeseclassic.com

www.burmeseclassic.com

မိုးမြေသင်း
ပင်းယဂူကြီးသုံးလုံး

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့တောင်ဘက် ပင်းယရွာရှိသည်။ ထိုပင်းယရွာ၏ တောင်ဘက်အနီး တံတားဦး-ကျောက်ဆည်သွား ကတ္တရာလမ်းမကြီး၏အနောက်ဘက်အနီး ကိုက် (၁၀၀) ခန့်အကွာ တောင်ကုန်းပေါ်တွင် အလွန်ကြီးမားသည့် ဂူကြီးသုံးလုံး တောင်၊ မြောက်ခပ်စောင်းစောင်းအနေထားတွင် တည်ရှိသည်။ အတော်ဝေးဝေးကပင် လှမ်းမြင်နေရပါသည်။ ထိုဂူကြီးသုံးလုံး၏ရှေ့တွင်လည်း ပင်းယဂူကြီးသုံးလုံး ပင်းယခေတ် အဒီ (၁၃၁၂ - ၁၃၆၄) ဟု စာလုံးကြီးများဖြင့် ရေးထားသည့်ဆိုင်းဘုတ်ရှိသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ (၃၆၉) တွင် -

ပုဂံပျက်ပြီးနောက် သက္ကရာဇ် ၆၆၂ တွင် မင်းညီနောင်သုံးပါးတို့တွင် အကြီးဖြစ်သော အသခ်ယာမင်း မြင်စိုင်းမြို့ကို ရွှေနန်းတည်၍နေတော်မူ၏။ ညီတော်အလတ် ရာဇသင်္ကြန်သည် အလုံးအရင်း ဆင်မြင်းများနှင့် မက္ခရာမြို့တွင်

ပင်းယခေတ်ဆင်းတုတော်

နေတော်မူ၏။ ညီတော်အငယ် သီဟသူလည်း အလုံးအရင်း ဆင်၊ မြင်းများနှင့် ပင်လယ်မြို့တွင်နေတော်မူ၏။ ငါးနှစ်ရှိသောအခါ မက္ခရာဝင်း ရာဇသင်္ကြန် အနိစ္စရောက်သည်။ (၁၂) နှစ်ရှိလျှင် နောင်တော် မြင်စိုင်းမင်း အသခ်ယာလည်း အနိစ္စရောက်သည်။

ပင်လယ်မြို့စား သီဟသူသည် နောင်တော်ကြီး အသခ်ယာမင်း မကွယ်လွန်မီတစ်နှစ်တွင် သက္ကရာဇ် ၆၇၁ ၌ ပင်လယ်မြို့တွင် မင်းပြုစဉ်ကပင် မြို့တော်သစ်တည်ရန် မြို့ကိုရှာသည်။ ထိုအခါ အဝတည်ရာ သန်လျက်ကျွန်းနှင့် တပ်ကြီးအရပ်ကို ရေခိုန်ကြည့်သော် သန်လျက်ကျွန်းကမြင့်၍ တပ်ကြီးရပ်ပတ်ဝန်းကျင်အနီးတွင်သာ အဝကို မြို့တည်မည်ဟု 'ဂူတော်သစ်ဘုရား' ကို ပထမဦးစွာတည်သည်။ ထို့နောက် မြို့တည်ရန် အစီအရင်အခင်းအကျင်း စီမံသောအခါ ရေများတက်လာသည်။ ဂူတော်သစ်ဘုရားဆပ်သွားဖူးထိအောင် ရေများတက်လာပြီး ပျက်စီးသွားသည်။

သက္ကရာဇ် ၆၇၂ တွင် နောင်တော် ရွှေနန်းရင် အသခ်ယာလည်း ကွယ်လွန်သွားပြီဖြစ်၍ တစ်ပါးတည်း မင်းပြုမည်ဟုကြံပြီး အဝသန်လျက်ကျွန်း

အလယ်ဂူနှင့်မြောက်ဘက်ဆုံးဂူအကြားရှိစေတီ

www.burmeseclassic.com

www.burmeseclassic.com

တောင်တက်ဆုံးဂူကြီး



အလယ်ဂူကြီး

မြောက်တက်ဆုံးဂူကြီး

တွင်မက ဘီလူး ပန်းနီပန်ပြီး အိမ်များ အတွင်းဝင်လာပြီး အုတ်ခဲနှင့်ပစ်လျှင် လူတို့ မူးဝေဖျားနာသေကြသည်။

သီဟသူလည်း ထိုအကြောင်းကို တဘောင်နာစေသော် -

'တောင်းလည်းလျင်လျင်တောင်း၊ ရောင်းလည်းလျင်လျင်ရောင်း၊ အရေးမကောင်း ဒက္ခိဏာသို့ပြောင်း' ဟူ၍ တဘောင်ထွက်ပေါ်လာသည်။

တဘောင်အလိုမှာ -

သာသနာစောင့်နတ်တို့ ဤအရပ်တွင် မြို့မတည်စေလို။ တောင်အရပ်သို့ ပြောင်း၍တည်စေလိုသောကြောင့် ဖြစ်သည်။ အဝတည်ရာ သန်လျက်ကျွန်းတောင် သင်ပန်းအရပ်သို့ ပြောင်းတော်မူရန် ကြံစည်သည်။ မြို့ရာကြည့်အရပ်ကနေပြီးလျှင် ရွှေစည်းခုံဘုရားရှင်မြေကိုတူးသော် ရွှေအဆင်းကဲ့သို့ရှိသောမြေတွင် အိုး၊ အခက်၊ အရွက်၊ အသီးနှင့်တကွ 'ရွှေပန်းပင်' တစ်ပင်ရသည်။ ဤအရပ်၌ မြို့တည်မည်ဟု ဆုံးဖြတ်တော်မူသည်။

'သော်တာလ ပင်းယတည်' အက္ခရာသင်္ကေတအရ သက္ကရာဇ် ၆၇၄ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် -

၁။ နန်း၊
၂။ မြို့၊
၃။ ကျုံး၊
၄။ ရွှေဂူဘုရား၊
၅။ အတွင်းရွှေကျောင်း၊
၆။ ထောက်ရှည်ကန်၊

ာ အရပ်အနေပြုတော်မူပြီး မြို့ကို သွားပြန်သည်။

စ်ကြိမ်ထပ်တည်ပြန်သည်။ လိပ်ကြီးများ အိမ်တိုင်းတက်လာပြီး အိမ်များ ပျက်စီးသွားသဖြင့် မြို့တည်ရန် ပျက် နောက် တတိယအကြိမ် မြို့တည်ပြန်သည်။ ငါးကြီးများ အိမ်တိုင်းတက်လာပြီး ပျက်စီးသွားပြန်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com

ဂူကြီးသုံးလုံးအရှေ့ဆိုင်းဘုတ်

ဂူပေါ်တက်ရန်လှေကားထစ်များ

၇။ ကန်လှူခုနစ်ဌာန

ကို တစ်ချိန်တစ်ခါတည်း တည်တော်မူသည်။ မြို့ရာကြည့်စဉ်က ရွှေပန်းရသောကြောင့် 'ပန်းရ' ဟု တွင်သည်။ နောင်တွင် 'ပင်းယ' ဟု ခေါ်ကြသည်။ မြို့ကိုလည်း 'ဝိဇယပူရ' ဟု သမုတ်တော်မူသည်ဟု ပါရှိသည်။

သီဟသူမင်း တည်ခဲ့သည့် ခုနစ်ဌာနတွင် ရွှေဂူဘုရားဟု ပါရှိသည်။ ဤရွှေဂူဘုရားမှာ ဂူကြီးသုံးလုံးအနက် တောင်ဘက်ဆုံးဂူကြီး ဖြစ်လေသည်။ တောင်ဘက်ဆုံး ရွှေဂူဘုရားကို သီဟသူသည် သက္ကရာဇ် ၆၇၄ တွင် တည်ခဲ့သည်ဟု သိရသည်။ ယဉ်ကျေးမှုဌာန ရှေးဟောင်းသုတေသနက စိုက်ထူထားသည့် အဝင်ဝကျောက်စာတွင်လည်း ပါရှိသည်။ တောင်ဘက်ဆုံး ရွှေဂူဘုရား၏ သက်တမ်းမှာ နှစ် (၇၀၀) ပြည့်ခဲ့ပြီဖြစ်သည်။

ဂူကြီးသုံးလုံးအနီးရှိ ကျောက်စာတွင် သီဟသူမင်း၏သားတော် ဥဇနာမင်းသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ဂူတစ်ခုတည်ခဲ့သည်ဟု ပါရှိသည်။ သို့သော် ဂူကြီးများအနက် မည်သည့်ဂူဖြစ်သည်ဟု မသိရပေ။ မူရင်းကျောက်စာနှစ်ချပ်မှာ အလယ်ဂူ၏ အနောက်မြောက်ထောင့်အနီးတွင် ကျောက်စာတိုက်နှင့် မိုးလုံလေလုံထားရှိသည်။ ကျောက်စာနှစ်ချပ်ရှိ ကျောက်စာပါ အကွာရာများမှာ အလွန်ရှေးကျလှပါသည်။

ဂူကြီးသုံးလုံး၏တောင်ဘက်အနီးတွင် ပင်းယမြို့တည်နန်းတည် သီဟသူမင်းတည်ခဲ့သည့် ရွှေစည်းခုံဘုရားကြီးမှာ သမ္ဘယ်စွာ စံပယ်တော်မူသည်။ ကြည်ညိုသဒ္ဓါပွားစရာဖြစ်ပါသည်။

ဂူကြီးသုံးလုံးမြောက်ဘက်အနီးတွင် ပင်းယခေတ် နန်းဦးဘုရားရှိသည်။ ပင်းယနန်းတော်နေရာမှာ နန်းဦးဘုရားအနီးတွင်ရှိသည်။ ပင်းယနန်းတော်မှာ 'ကျော်စောရွှေဘုံ' အမည်ရ ပင်းယနန်းတော်ဖြစ်သည်။ ဤနန်းတော်တွင် သက္ကရာဇ် ၆၇၄ ခုနှစ်မှ ၇၂၆ ခုနှစ် အတွင်း (၅၂) နှစ်ကြာကာလအတွင်း သီဟသူမှအစ ဥစ္စနာပြောင်မင်းအထိ မင်းခြောက်ဆက်စံမြန်းခဲ့ကြသည်။

ဂူကြီးသုံးလုံးတွင် ပင်းယခေတ်သူခေတ်သားများ၏ပန်းရန်နှင့်ပန်းတမော်လက်ရာအတတ်ပညာ၊ ဗိသုကာလက်ရာများ မည်မျှအဆင့်အတန်းမြင့်ကြောင်းတွေ့မြင်သိရှိရပေမည်။ ဂူကြီးများအတွင်း ဝင်ရန်တံခါးပေါက်ကြီး (၄) ခုစီရှိသည်။ အရှေ့ဘက်ပေါက်မှဝင်ဝင်ချင်း ဂူကြီးထဲတွင် ခန်းမကျယ်ကြီးရှိသည်။ ဂူပေါ် သို့တက်ရန်အုတ်လှေကားထစ်များရှိသည်။ ဂူကြီးများအဝင်တံခါးပေါက်လေးခုလုံးတွင် သံတံခါးများရှိသည်။

တောင်ဆုံးဂူနှင့် အလယ်ဂူတို့အတွင်းပိုင်းတွင် နံရံဆေးရေးပန်းချီများရှိသော်လည်း ပျက်စီးနေသည်။ ဂူကြီးသုံးလုံးတစ်ခုစီတွင် ဂူအတွင်းအရပ်လေးမျက်နှာ၌ တင်ပျဉ်ခွေထိုင် အုတ်ဆင်းတုတော်ကြီးလေးဆူစီ သမ္ဘယ်စွာ ဖူးတွေ့ရသည်။ စုစုပေါင်း ဆင်းတုတော်ကြီး (၁၂)ဆူမှာ ပလ္လင်မြင့်မြင့်ပေါ်တွင် စံပယ်တော်မူပြီး အားလုံး စက္ကန္ဒြေချထားသည်။

ဂူကြီးသုံးလုံး၏ အပြင်ပိုင်းပတ်လည်တွင် ဇာတ်တော်များကို စဉ့်ကွင်းများဖြင့် ရုပ်တုထုထားသည်။ သို့သော်လည်း စဉ့်ကွင်းရုပ်တုများမတွေ့ရတော့ပါ။

တောင်ဘက်ဆုံးဂူကြီးအရှေ့မုခ်ရှိ ဆင်းတုတော်ကြီးတောင်ဘက်၊ မြောက်ဘက်တွင်အတွင်းမှ ဂူပေါ်တက်ရန် ဂူပေါက်တစ်ခုစီနှင့် လှေကားထစ်များရှိသည်။ ထိုဂူပေါက် (၂) ပေါက်တွင် သံတံခါးများရှိသည်။ လှေကားထစ်များအတိုင်း ဂူပေါ် သို့တက်ကြည့်သောအခါ ဂူပတ်ဝန်းကျင်ရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်သည်။ ဂူတစ်ခုစီ၏မုခ်ပေါက်လေးပေါက်လုံးကို အတွင်းမှ တိုးလျှို ပေါက်သွားနိုင်ရန် တည်ဆောက်ထားသည်။

အလယ်ဂူနှင့် မြောက်ဂူမှာ ပေ (၅၀) သာ ခြားသည်။ ထိုဂူနှစ်ဂူအကြားတွင် ထုံးဖြူဖြူဘုရားတစ်ဆူတည်ထားသည်။

အင်းဝနန်းမြို့ဟောင်းသို့ ရောက်လျှင် တံတားဦးမြို့ တောင်ဘက်အနီးနှင့် ပင်းယခေတ် ဂူကြီးသုံးလုံးသို့ဆက်ဆက်လာစေချင်ပါသည်။ ပင်းယခေတ်ထူးခြားထည်ဝါသည့်အနုပညာလက်ရာများကို ဂုဏ်ယူဖွယ်တွေ့ရှိရပါမည်။

မိုးမြေသင်း

ကျမ်းကိုး -

- ကိုယ်တိုင် သွားရောက် လေ့လာချက်များ
- မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)
- ဦးဖိုးကျား၏ ခေတ်မီမြန်မာရာဇဝင်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေတ် (၇) ခေတ်မှ
ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အဆူပေါင်း (၃၀၁) ဆူ
ကျပန်လှမျိုးတို့တွေ့ကြုံခဲ့ရသော အောင်ဇမ္ဗူတောရမဟာရုပ်သာသနာတော်ထဲသို့ လာရောက်လှူဒါန်း ရှေးကြောင်းတည်ဆဲ့ရသည့်အကြောင်းနှင့် ထူးခြားခြင်းများအကြောင်း ပြန်ပြောပြခြင်း

ကျွန်တော်သည် ဝန္နကုဋိတိုက်အတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြင်တွေ့လိုက်ရချိန်တွင် တအံ့တသြဖြစ်မိပါသည်။ ဤမျှများပြားလှသော ဗုဒ္ဓရုပ်ပွားတော်များကို တစ်နေရာတည်းတွင် တစုတဝေး တွေ့ရှိဖူးမြော်ကြည်ညိုရခြင်းသည် သက်ဆိုင်ရာ ခုနစ်ရက်သားသမီးများ၏ ကုသိုလ်ကံအရှိန်အဟုန်ကြောင့်ဟု ဆိုရမည်သာ ဖြစ်ပါသည်။ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များစာ ခေတ် (၇) ခေတ်မှ သက်တမ်း နှစ် (၁၀၀၀)၊ (၂၀၀၀) ကျော်က ဘုရားစူးမြစ်သဖြင့် ကင်မရာ၊ လက်ကိုင်ဖုန်း၊ ဗီဒီယိုကင်မရာတို့ဖြင့် ရိုက်ကူးခွင့်ကို ခွင့်မြစ်ထားသည်။ စကားကျယ်ကျယ်ပြောခြင်းနှင့် ကျောင်းဆောင်ထဲတွင် လက်ကိုင်ဖုန်းပြောဆိုခြင်းကိုလည်း တားမြစ်ထားသည်။

အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာဆရာတော် ဦးပဏ္ဍာဝံသနှင့် တွေ့ဆုံဖူးမြော်ပြီးနောက် သတင်းရေးသားခွင့်ပြုရန်တောင်းဆိုသည့်အခါ ဆရာတော်က ကျွန်တော့်အား ရေးသားခွင့်ပြုပါသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာ (၁၂) ရက် နံနက် (၇) နာရီအချိန်က ကျပန်လှမျိုး မစ္စတာခတ်ဆုယုကီတူမာနို (Mr.Katsuyuki Kumano)သည် ဆရာတော်၏ တပည့်တစ်ဦးဖြစ်သူ ဦးဇိုးနှင့်အတူ အောင်ဇမ္ဗူတောရဆရာတော်အား လာရောက် ဖူးမြော်ပြီးနောက် ၎င်း စုဆောင်းထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို လျူဒါန်းပူဇော်ချင်စိတ်ပြင်းပြစွာ ဖြစ်ပေါ်ခဲ့သည်။ အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အတွင်း အောင်ဇမ္ဗူတောရဓမ္မရိပ်သာသို့ (၁၂)ဘီး ကားကြီးများဖြင့် စတင် ကြွရောက်သိတင်းသုံးတော်မူပါသည်။ အောက်တိုဘာ ၁၈ ရက်နေ့ နံနက် (၈) နာရီခွဲအချိန်တွင် ရေတက်သွန်းချ အမျှပေးဝေပါသည်။

ကျပန်လှမျိုး မစ္စတာခတ်ဆုယုကီကူမာနိုအနေဖြင့် ဤမျှထူးခြားသော ရှေးဟောင်းရုပ်ပွားတော် အဆူပေါင်း (၃၀၁) ဆူကို မည်သို့မည်ပုံ စုဆောင်းပါသနည်း ဟူသော မေးခွန်းအတွက် ၎င်း၏ ထူးခြားသောဖြစ်စဉ်ကို ဆရာတော်ထံတွင် လျှောက်ထားသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကဦးသျှောင်ထိုင်တော်မူဘုရားကြီး

ဂျပန်နိုင်ငံသား မစ္စတာကူမာနို သည် ယခင်က ခ ရစ်ယာန်ဘာသာဝင် တစ်ဦး ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) က ခရီးသွားတစ်ဦးအဖြစ် ပုဂံသို့လာရောက်စဉ် ပုထိုးတော်တစ်ခု အတွင်းမှ သစ်စေးသုတ်ထားသည့် အမည်းရောင်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ခဲ့ရသည်။ ဂျပန်နိုင်ငံ ပြန်ရောက်သောအခါ ယင်းဗုဒ္ဓရုပ်ပွားတော်အား အမြဲအိပ်မက်မက်၍ အိပ်မပျော်စားမဝင် ဖြစ်ခဲ့ရသည်။ ယင်းနောက် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းခဲ့သည်။ ထို့နောက် ယင်း ပုဂံဘုရားကို ငွေကြေးအကုန်အကျခံကာ ပြန်လည်ပြုပြင်လှူဒါန်းပူဇော်ခဲ့သည်။ ယင်းနောက် မစ္စတာကူမာနိုက ဆုတောင်းအမိဋ္ဌာန်ပြုသည်။ ငွေကြေးပြည့်စုံလျှင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အားလုံးကို ပူဇော်ချင်ပါသည်ဟု အဓိဋ္ဌာန် ဆုတောင်းခဲ့သည်။ ဆုတောင်းသည့်အတိုင်းပင် လိုအပ်သော ငွေကြေးများ ပိုလျှံသည်အထိ များစွာရရှိခဲ့သည်။ ထိုငွေကြေးများဖြင့် မြန်မာနိုင်ငံအနှံ့ ခေတ် (၇) ခေတ် (တကောင်းသရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်းနှင့် ကုန်းဘောင်) မှ ရှေးအထူးဆုံးနှင့် တန်ခိုးအကြီးမားဆုံးဗုဒ္ဓရုပ်ပွားတော်များကို ဝယ်ယူ ပူဇော်ခဲ့ပါသည်။ ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာနှ



မုစလိန္ဒာကန်နှင့် နဂါးရုံဘုရား

တည်ဆောက်ဆဲ ရှစ်တော်မူဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ထံ ရုပ်ပွားတော်များလှူဒါန်းပြီးနောက်
ဆရာတော်က မစ္ဆာတကူမာနီအား ဂုဏ်ပြုကတ်ပြားပြန်ထည်ပေးစဉ်

တရားအားထုတ်ရာ ယောဂီဆောင်ရာ

နေအိမ်တွင် ထားရှိပူဇော်ခဲ့ပါသည်။ ရုပ်ပွားတော်များကို လှူဒါန်းရန် ဆုံးဖြတ်ခဲ့ကြောင်း မိတ်ဆွေသူငယ်ချင်းများကို ပြောပြခဲ့ချေ။ အောင်ဇမ္ဗူတောရဓမ္မဆရာတော် ဦးပဏ္ဍိတ (သဒ္ဓမ္မဇောတိကဓဇ) နှင့် တွေ့ဆုံဖူးမြော်ပြီးမှ ယခု လှူဒါန်းချင်စိတ်များ ပေါ်ပေါက်ခဲ့ကြောင်းဖြစ်ပါသည်။ ထို့နောက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဆရာတော်ထံသို့ကျေနပ်စွာ လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

မစ္ဆတာကူမာနီအနေဖြင့် ရုပ်ပွားတော်များ လှူဒါန်းပြီးနောက် ဆုတောင်းခဲ့ပြုပါသည်။ ယင်းမှာ 'ဘုရားဖူးသူအပေါင်း ချမ်းသာခြင်း၊ ကျန်းမာခြင်း ပြည့်စုံပါစေ' ဟူ၍ ဖြစ်ပါသည်။

ရှေးအကျဆုံး ရုပ်ပွားတော်များ ပေါ်ထွန်းသည်နှင့်အညီ နှစ်ပေါင်း (၂၆၀၀) ကျော်တန်မြို့ရှိ ရုပ်ပွားတော်၊ ဘီလူး-နဂါး ဆောင်ရုပ်ပွား၊ နဂါးရုံဆုတောင်းပြည့် ရှေးဆောင်ရုပ်ပွားတော်၊ သားဆုပန်မိသားစုပြည့်စုံ ပေါင်းစည်းအကျိုးရရှိစေသည့် ရှေးဟောင်းရုပ်ပွားတော်၊ ဆင်ဖြူငါးစီးခံ ရှေးဟောင်းရုပ်ပွားတော်၊ အဘယလာဘရုပ်တော်မူဘုရားကြီး၊ မင်းတုန်းမင်းတွေ့ယခဲ့သည့် ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုရသည့်အပြင် ပုံစံမျိုးစုံကို တွေ့မြင်ရပါသည်။ ထိုင်တော်မူ ဘုမိဖသာရုပ်ပွားတော်များ၊ ရပ်တော်မူ စကြိုကြွနေရုပ်ပွားတော်များ၊ ခြေချလျက်အနေအထားရုပ်ပွားတော်များ၊ ဇမ္ဗူပတိမင်းခြင်္သေ့ခန်းအတွက် မင်းမြောက်တန်ဆာများဆင်ယင်ထားသည့်ရုပ်ပွားတော်များ စသည်ဖြင့် များပြားလှသည်ဖြစ်ရာ ရှေးဆောင်း သုတေသနသမားများသည်ပင် ယခုလက်ဟန် (မုဒြာ) တစ်ခုတည်းပင် ပုံစံစုံလုပါကြောင်း ဆရာတော်ထံတွင် လျှောက်ထားကြသည်။ရုပ်ပွားတော်များမှာ ထိုင်တော်မူပုံစံ ဉာဏ်တော်အဖြင့် (၁) ပေမှသည် ရပ်တော်မူ (၁၀) ပေ အထိမြင့်သော ရှေးဂန္ဓာဘင်းရုပ်ပွားတော်များ ဖြစ်သည်။ အများစုမှာ သစ်သားကိုယ်တော်ကြီးများ ဖြစ်ဟန်တူသည်။ ယွန်းလက်ရာများကိုလည်း တွေ့မြင်ရသည်။ မကိုင်မျိုးစုံ၊ လက်ဟန် (မုဒြာ) မျိုးစုံ၊ ခြေထောက်တော်မျိုးစုံတို့ကို တွေ့မြင်ဖူးမြော်လေ့လာနိုင်ရာ နေဟောင်းသုတေသီများ၊ သမိုင်းပညာရှင်များအတွက် တစ်နေရာတည်းတွင် စာတမ်းရေးသားပြုစုနိုင်မည့် ရုပ်ပွားတော်ပြတိုက်ကြီးတစ်ခု ဖြစ်တည်လာအောင် ဆရာတော်အနေဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဟု သိရသည်။

ရောက်ရှိဖူးမြော်သူ ဘုရားဖူးများမှာ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ပူဇော်ရခဲခြင်း၊ ကြည်ညိုစိတ်များတဖွားဖွားဖြစ်ပေါ်ခြင်း၊ ကြက်သီးတဖြန်းဖြန်းထခြင်း၊ ဗုဒ္ဓဘာသာဝင်ပီပီ ကျေနပ်အားရဖြစ်မိခြင်းတို့ ခံစားမိကြပါသည်။

မစ္ဆတာကူမာနီသည် ဂျပန်နိုင်ငံတိုက်ဆိုင်ရာ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း (Japan Myanmar Crosslink Associaiton) (JMCA)၏ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာတော်အနေဖြင့် ရုပ်ပွားတော်များ မရောက်ရှိမီအချိန်က ဂန္ဓကုဋိဆောက်လုပ်မည့်နေရာအားရှာဖွေကြည့်ရှုမိခြင်းနှင့် မြင်နိုင်သည့်သူတော်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

များ ကျောင်းဝင်းအတွင်း များပြားစွာ တွေ့ရှိရခြင်း စသည့် ထူးခြားမှုများကို ကြုံတွေ့ခဲ့ရပါသည်။

ကျွန်တော်သည် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ယခု အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကြီးဖြစ်ပေါ် လာပုံတို့ကို မေးမြန်းလျှောက်ထားရာ ဆရာတော်က စိတ်ရှည်လက်ရှည် ဖြေကြားပေးတော်မူပါသည်။

ဆရာတော်ဘဒ္ဒန္တပဏ္ဍိဝံသ(သဒ္ဓမ္မဇောတိကဓဇ) အလောင်းအလျာကို ခမည်းတော် ဦးအောင်ပြည့်နှင့် မယ်တော်ကြီး ဒေါ်လှရင်တို့က မြန်မာနှစ် ၁၃၂၅ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ခရစ်နှစ် ၁၉၆၃ ခုနှစ်၊ မေလ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းကုံးရွာ၌ ဖွားမြင်ခဲ့ပါသည်။မွေးချင်း(၅)ယောက် အနက် အငယ်ဆုံး သားရတနာ ဖြစ်ပါသည်။ (၁၃) နှစ်သားအရွယ်တွင် ရွာကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ (၁၃) နှစ်သားမှ ရဟန်း (၁) ဝါရသည်အထိ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် စာသင်သားအဖြစ် သီတင်းသုံးခဲ့သည်။ ယင်းနောက် မဟာစည်နှင့် စွန်းလွှဲနန်းရိပ်သာခွဲများတွင် တရားအားထုတ်ခဲ့ပါသည်။ ထို့နောက်မှသာ ပင်မမဟာစည်ရိပ်သာကြီးတွင် တရားအားထုတ်ခဲ့ပါသည်။ စာသင်သားဘဝတွင် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်မြို့ရှိ စာသင်တိုက်များတွင် စာဝါလိုက်ခဲ့ပြီး ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့သည်။ စာသင်ရင်းကပင် တရားအားထုတ်မှုဂုဏ်ဓုရနှင့် ဝိပဿနာဓုရနှစ်ဖြာကို ယှဉ်တွဲကျင့်သုံးခဲ့ပါသည်။

၁၉၉၆ ခုနှစ် လွတ်လပ်ရေးနေ့တွင် မော်လမြိုင်မြို့ အောင်ဇမ္ဗူကျောင်းတိုက်တွင် ကျောင်းထိုင်အဖြစ် စတင် သီတင်းသုံးခဲ့ပါသည်။ ယင်းကျောင်းတိုက်တွင် စာသင်စာချရင်း ကျောင်းသူကျောင်းသား ကလေး၊ လူကြီး၊ ကိုရင်နှင့် ရဟန်းတော်များအား ကွန်ပျူတာအလုံး (၁၀) ကျော်ဖြင့် သင်ကြားပေးခဲ့ရာ ယခုဆိုလျှင် လူ (၅၀၀၀) ခန့် သင်ကြားပေးနိုင်ခဲ့ခြင်း၊ တရားစာပေသင်ကြားပေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ယင်းနောက် စေတီပုထိုးများပြုပြင်ခြင်း၊ ဘာသာသာသနာရေးအသင်းအဖွဲ့များအား ထောက်ပံ့ လှုဒါန်းခြင်း စသည့် သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား သဒ္ဓမ္မဇောတိကဇေတ္တဝိတော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

သာသနာနှစ် ၂၅၅၂ ခုနှစ်၊ မြန်မာနှစ် ၁၃၇၀ ပြည့်နှစ်၊ ခရစ်နှစ် ၂၀၀၈ ခုနှစ်တွင် မော်ဘီမြို့ရှိ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတည်ရှိရာသို့ ရောက်ရှိ သီတင်းသုံးတော်မူပါသည်။ ယခု ကျောင်းဝင်းကြီးတစ်ခုလုံးကို မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ်နေဦးဟုတ်ရိန္ဒင့် ဇနီး ဒေါ်ခင်သန်းဝင်း၊ သား ဇန်မောင်မောင်၊ သမီး သက်သက်ဇွန်မိသားစုတို့က သာသနာတော်အတွက် သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ တိုးပွားစေခြင်းအကျိုးငှာ မဂ်ဖိုလ်ကိုရည်သန်လျက် (၁၀) ဇကောဂျက်ကျယ်ဝန်းသည့်အောင်ဇမ္ဗူတောရတည်ရှိရာမြေနေရာကို လှူဒါန်းခဲ့ပါသည်။

ဆရာတော်ဦးပဏ္ဍိဝံသ (သဒ္ဓမ္မဇောတိကဓဇ) သည် ကျောင်းဝင်းအတွင်း အခြားသော သာသနိကစေတီနှင့် ရုပ်ပွားတော်များကိုလည်း တည်ဆောက်ခဲ့ရာ ၂၀၀၈ - ၂၀၀၉ ခုနှစ်အတွင်း ဉာဏ်တော် (၅၄) ပေရှိ ဇမ္ဗူအေးစေတီတော်မြတ်ကြီးကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ဉာဏ်တော်အမြင့် (၃၀) ဝန်ရှိသည့် ထိုင်တော်မူလောကဥည္ဘောင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လည်းကောင်း၊ ဉာဏ်တော်(၅၄) ပေရှိ ဆောက်လုပ်ဆဲ ရုပ်တော်မူဘုရားကြီးကိုလည်းကောင်း ပြီးမြောက်အောင်ကြိုးစားလျက်ရှိပါသည်။

ဆရာတော်သည် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံရပ်ခြားဒေသများသို့ ပြည်ပသာသနာပြုလုပ်ငန်းများအနေဖြင့် ကြွရောက်တော်မူခဲ့ပါသည်။ ယခုအခါ မော်ဘီမြို့၊ ရေပြာကျေးရွာရှိ အောင်ဇမ္ဗူတောရဓမ္မရိပ်သာတွင် သီတင်းသုံးရင်း ဆရာတော်နှင့်တပည့်ဒါယကာအပေါင်းက ဤကျောင်းတိုက်ကြီး ပြုပြင်တည်ဆောက်ရေးနှင့် ယောဂီများတရားအားထုတ်မှုအတွက်ကြိုးပမ်းပေးခြင်းနှင့် ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ရင်း ပရိယတ္တိ၊ ပဋိပတ္တိလုပ်ငန်းများကို စွမ်းအားရှိသမျှဆောင်ရွက်လျက်ရှိပါသည်။

ရှေးဟောင်း ရုပ်ပွားတော်များသီတင်းသုံးမည့်အခြေအနေနှင့်ပတ်သက်၍ မေးလျှောက်ရာ ဆရာတော်က -

"မြန်မာနိုင်ငံမှာပေါ့လေ။ အခုလို ရှားပါးတဲ့ရှေးဟောင်းရုပ်ပွားတော်တွေကို တစုတဝေးတည်း၊ တစ်နေရာတည်းမှာ အများအပြား ဖူးတွေ့နိုင်ဖို့ ဆိုတာ မလွယ်ပါဘူး။ ဒါက ထူးခြားချက်တစ်ခုပေါ့လေ။ တွေ့မြင်ဖူးမြော်ရပြန်တော့လည်း အံ့သြဖွယ်ရာမြင်ကွင်းတစ်ခုဖြစ်ရပြန်တယ်။ ဘုန်းကြီးအနေနဲ့ကတော့ ဒီဗုဒ္ဓရုပ်ပွားတော်တွေကို သာသနာ့နှလုံးမြေထဲမှာပဲ သီတင်းသုံးသင့်တယ် ထင်ပါတယ်။ ဒီကျောင်းဝင်းထဲမှာပဲ ဂန္ဓကုဋိတိုက်ကြီးဆောက်ပြီး ဘုရားဖူးသူ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုခွင့်ရအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"

ဟု မိန့်မှာတော်မူပါသည်။

အောင်ဇမ္ဗူတောရဓမ္မရိပ်သာတွင် လာရောက်တရားအားထုတ်မည့်ယောဂီများအတွက်လည်း ဆရာတော်က ဆန္ဒပြုထားသည်မှာ -

၁ ငြိမ်သက်စွာ၊ တည်ငြိမ်စွာ တရားအားထုတ်ခြင်းဖြင့် မိမိအတွက် ဂုဏ်ယူပါ။ မင်ဉာဏ်၊ ဖိုလ်ဉာဏ် စိတ်ရည်သန် အမှန်ရောက်စေသော် -

ဟူ၍ ဖြစ်ပါသည်။

ရှေးဟောင်းရုပ်ပွားတော်များအား လာရောက် ဖူးမြော်လိုသူများအတွက် ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေရက်များကို သတ်မှတ်ထားပြီး ရုပ်ပွားတော်များအား ကိုင်ကြည့်ခြင်း ထုရိုက်ခြင်း မပြုရပါ။ ဗုဒ္ဓရုပ်ပွားတော်များအား ကင်မရာ၊ လက်ကိုင်ဖုန်း၊ ဗွီဒီယိုကင်မရာဖြင့် မရိုက်ရပါ။ (ရှေးဟောင်းပစ္စည်းများဖြစ်သဖြင့် ရေရှည်တည်တံ့စေရန် ကာကွယ်ထားခြင်း ဖြစ်ပါသည်) ရုပ်ပွားတော်များ၏ လက်တော်ပေါ် တွင် အသီးများ၊ အရည်များ တင်လှူဒါန်းခြင်းမျိုးလွှင့် မပြုပါ။

ပုဂံရှိရှေးဟောင်းယဉ်ကျေးမှုနှင့်မြေနှင့် ညောင်ရွှေမြို့ အင်းလေးတို့အတွင်းရှိ ငါးဖယ်ချောင်းကျောင်း သို့မဟုတ် ကြောင်ခုန်ကျောင်းအတွင်း တွေ့မြင်ရသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များထက် ပိုမိုများပြားလှသည့် အောင်ဇမ္ဗူတောရဓမ္မရိပ်သာသို့ မည်သူမဆို အမြန် သွားရောက် ဖူးမြော်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ရန်ကုန်ဘက်မှလာလျှင် မော်ဘီကားသုံးဆယ်သွားကားများစီး၍ ထောက်ကြန့်လမ်းဆုံမှ မော်ဘီမြို့ဘက်လမ်းမပေါ် 'စမ်းပေါက်ဝ' ကားဂိတ်တွင်ဆင်းပါ။

ကျော်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

ဝေပုလ္လာရုမသရာတော်ဘုရားကြီးသွန်ပြသော မဟာအတုလဝိန္ဒာယသိဒ္ဓိ သရဏဂုံ(၅၄)ပါးဂါထာတော်မြတ်

၁။

ပြည်မြို့ လေးဆူမောတ်ပျော်ရွာဆိတော်စေတီတော်မြတ်ကြီးအရှေ့ဘုန်းတွင် ညီတော်၊ နောင်တော်များတော် (၂) ဆူ ကိန်းဝပ်တော်မူသည့် လိုဏ်ဂူစေတီတစ်ဆူရှိပါသည်။ ဆောင်းပြည့်စေတီဟု ဘွဲ့မည်သတ်မှတ်ထားပါသည်။ ညီတော်ရှပ်ပွားတော်သည် အရှေ့ဘက်သို့မှက်နှာမူ၍ နောင်တော်ရှပ်ပွားတော်သည် အနောက်ဘက် (ရွာဆိတော်စေတီတော်ကြီးဘက်) သို့ မျက်နှာမူနေပါသည်။ ကျွန်တော်သည် ညီတော်ရှပ်ပွားတော် သီတင်းသုံးရာ လိုဏ်ဂူအတွင်းသို့ဝင်၍ လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော မဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ရွတ်တတ်ပါသည်။

ဝါတွင်းတစ်မနက်တွင် ကျွန်တော်သည် ညီတော်ရှပ်ပွားတော် သီတင်းသုံးရာ လိုဏ်ဂူအတွင်းသို့ဝင်၍ လယ်တီဆရာတော်ဘုရားကြီး စီရင်သော မဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ရွတ်ပါသည်။ မဟာသရဏဂုံတော်ကြီးမှ သရဏဂုံ (၅၀၄) ပါး ပါရှိလေရာ တစ်ကြိမ်ရွတ်ဖတ်ပူဇော်လျှင် (၂၇) မိနစ်သို့မဟုတ် မိနစ်(၃၀)ကြာတတ်ပါသည်။ ထို့နေ့က ကျွန်တော် နံနက် (၉) နာရီတွင် လိုဏ်ဂူတွင်းသို့ဝင်၍ မဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ် ပူဇော်ရာ နံနက် (၉) နာရီ မိနစ် (၃၀) တွင် ပြီးပါသည်။ ထို့နောက် မေတ္တာပို့ခြင်း၊ အမျှဝေခြင်းတို့ကို ပြုလုပ်ရာ (၉) နာရီ (၄၅) မိနစ်တွင် ရွတ်ဖတ်ပူဇော်မှုပြီးစီးပါသည်။

ရွတ်ဖတ်ပူဇော်ပြီးစီး၍ လိုဏ်ဂူမှ ကျွန်တော် ထွက်လာသောအခါ ကျွန်တော့်သူငယ်ချင်းကို တွေ့ရပါသည်။ ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်း ကျွန်တော့်သူငယ်ချင်းက ဤသို့စကားစပါသည်။

"သူငယ်ချင်းသရဏဂုံကိုရွတ်ဖတ်

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်တာကလည်း ကြာလိုက်တာ”

“လယ်တီဆရာတော်ဘုရားကြီးရဲ့ မဟာသရဏဝုံတော်ကြီးကို ရွတ်ဖတ်ပူဇော်တာဆိုတော့ နာရီဝက်လောက်တော့ ကြာတာပေါ့ သူငယ်ချင်းရယ်”

“ငါကတော့ သရဏဝုံ-၃၀ကိုပဲ ရွတ်ဖတ်ပူဇော်တယ်”

“သရဏဝုံ-၃၀ကတော့ သိပ်မကြာဘူး။ စကားစပ်မိလို့ပြောရဦးမယ်။ တစ်ညမှာ ငါ ဝေပုလ္လာရာမဆရာတော် ဘုရားကြီးဆီရောက်သွားပြီး သရဏဝုံအကြောင်းကို လျှောက်ထားတယ်။ အဲဒီတော့ ဆရာတော်ဘုရားကြီးက သရဏဝုံ-၃၀ ကတော့ သိပ်မကြာဘူး။ မဟာသရဏဝုံကြီးကတော့ သရဏဝုံ (၅၀၀) ကျော်ပါလေတော့ အချိန်အတော်ယူရတယ်။ နေ့တိုင်း ရွတ်နိုင်ဖို့ မလွယ်ဘူး။ အတော့်ဝိရိယနဲ့မရဘူး။ဒါနဲ့ ဘုန်းကြီးက သရဏဝုံ-၃၀လောက်လည်းမနည်း၊ မဟာသရဏဝုံတော်ကြီးလောက်လည်းမများတဲ့အလယ်အလတ်လို့ပြောရမယ့် သရဏဝုံတစ်ခုကို စီစဉ်ထားတယ်။ မဟာအတုလစိန္တာမယသိဒ္ဓိ သရဏဝုံတော်-၅၄ပါး ဂါထာတော်မြတ်လို့ ခေါ်တယ်။ အဲဒါ ဒကာယူသွား။ ဒကာကုသိုလ်ယူပြီး ဝေပေါ့လို့ ဆိုပြီးပေးတယ်”

“သူငယ်ချင်းကကော ကုသိုလ်ပြုဖြစ်ရဲ့လား”

“ရတောင်ရခဲ အခွင့်အရေးပဲကွာ၊ ပြုတာပေါ့။ အဲဒီတုန်းက ငါက ဒုတိယပါမောက္ခချုပ်ပဲရှိသေးတယ်”

“သူငယ်ချင်း ကုသိုလ်ယူဝေငှတဲ့ သရဏဝုံတော် - ၅၄ ပါး ဂါထာတော်မြတ်ကို ငါမရလိုက်ဘူး”

“သူငယ်ချင်း မရလိုက်ရင်လည်း ပေးပါ့မယ်။ ငါ့ဆီမှာ အမှတ်တရသိမ်းထားတဲ့ဂါထာတော်မြတ်စာအုပ်ကလေး တွေ့ရှိပါသေးတယ်”

“အဲဒါဆို ငါညနေမှယူမယ်ကွာ။ ကဲ - ငါသွားလိုက်ဦးမယ်။ မိတ်ဆွေတစ်ဦးကို အဝေးပြေးဂိတ်ကို လိုက်ပို့ရဦးမယ်”

ကျွန်တော့်သူငယ်ချင်းသည် ထိုသို့ပြောပြီး စေတီရင်ပြင်တော်မှ ဆင်းသွားပါသည်။

ဈ

ထိုနေ့ညနေတွင် ကျွန်တော့်သူငယ်ချင်းသည် ကျွန်တော့်အိမ်သို့ ရောက်လာပါသည်။ ကျွန်တော်က

မဟာအတုလစိန္တာမယသိဒ္ဓိ
သရဏဝုံတော် - ၅၄ ပါး

(၁) ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၂) ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၃) ဇိဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇိဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇိဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၄) ယာဝ ဇိဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝ ဇိဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝ ဇိဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၅) မရဏ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၆) မရဏကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၇) သောတာပတ္တိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၈) သောတာပတ္တိမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သောတာပတ္တိမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၉) သကဒါမိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သကဒါမိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သကဒါမိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၀) သကဒါမိမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သကဒါမိမဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သကဒါမိမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၁) အနာဂါမိမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၂) အနာဂါမိမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိမဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အနာဂါမိမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၃) အရဟတ္တမဂ္ဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၄) အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

www.burmeseclassic.com

www.burmeseclassic.com

(၁၅) နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၆) နိဗ္ဗာနကာလ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

(၁၇) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၁၈) ဗုဒ္ဓေါမေ နာထော သတ္တာပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါမေ နာထော သတ္တာပါကာရံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါမေ နာထော သတ္တာပါကာရံ သံဃံ သရဏံ ဂစ္ဆာမိ

ဦးစွာစကားစလိုက်ပါသည်။

"သူငယ်ချင်းလာရင် အဆင်သင့်ဆေးရအောင် သရဏဂုံတော် - ၅၄ ပါး ဂါထာတော်မြတ်စာအုပ်လေးကို အဆင်သင့်ထုတ်ထားပါတယ်"

ကျွန်တော်သည် ပြောပြောဆိုဆို နှင့် ဂါထာတော်မြတ်စာအုပ်လေးကို သူငယ်ချင်းလက်သို့ကမ်းလိုက်ပါသည်။ ကျွန်တော့်သူငယ်ချင်းသည် ဂါထာတော်မြတ်ကို အသံထွက်၍ ဖတ်ပါသည်။

စုစုပေါင်း ဂါထာအပုဒ်ရေ (၁၈) ဒဲ့ရှိပါ၍ သရဏဂုံ (၃) ပါးနှင့် မြွောက်သော် မဟာသရဏဂုံပေါင်း - ၅၄ ပါး ဆွက်လာကြောင်းကို အထူးသိရှိထားကြပါလေ။ ထို့ကြောင့် ၎င်းသရဏဂုံတော်-၅၄ ပါးအား 'မဟာအတုလစိန္တာ ယသဒ္ဓိသရဏဂုဏ်တော်' ဟု အထက်ဆွက်ရပေါက်ဆရာတော်ကြီးများအသိအမှတ်ပြုကြကုန်၏။

၁။ စင်ကြယ်သော ခန္ဓာ (၅) ပါးရှိစေခြင်း၊
၂။ စင်ကြယ်သော အဝတ်အစားများကို ဝတ်ဆင်ခြင်း၊
၃။ စင်ကြယ်သော စေတနာ၊ သဒ္ဓါနှင့် ပြည့်စုံစေခြင်း၊
၄။ စင်ကြယ်သော သီလတော်မြတ်နှင့် ပြည့်စုံစေခြင်း၊
၅။ စင်ကြယ်သော ဒါနကုသိုလ်ကောင်းမှုနှင့်ပြည့်စုံစေခြင်း၊
၆။ စင်ကြယ်သော အယူဝါဒနှင့် ပြည့်စုံစေခြင်း၊
၇။ စင်ကြယ်သော အချိန်အခါ မဂ်လာနှင့်ပြည့်စုံစေခြင်း။

ဤအချက် (၇) ချက်နှင့် ညီညွတ်မှုတသော ပုဒ္ဓမြန်မာအမျိုးသား၊ အမျိုးသမီးများသည် ဤမဟာအတုလစိန္တာမယသိဒ္ဓိသရဏဂုံတော်မြတ်အား အားကိုးယုံကြည်စွာရွတ်ဖတ်သရဇ္ဈာယ်ကြရာ၏။ အထူးဆိုးဝါးလှသောအမှုပြဿနာများ၊ ရန်အန္တရာယ်များ၊ အတိုက်အခံများကို ရှောင်ခွာဖယ်ရှားနိုင်လိမ့်မည်။ အကျပ်အတည်းနှင့်ရင်ဆိုင်ရတတ်သော၊ မလွဲသာမရှောင်သာ ရင်ဆိုင်ရတတ်သော အသက်အားရန်မှ လည်းကောင်း၊ သူတစ်ပါးသတ်ဖြတ်မှု၊ နှိပ်စက်မှုဘေးရန်မှ လည်းကောင်း လွတ်မြောက်စေနိုင်၏။ အဂိါဂြိုဟ်စီး၍ အဂိါဂြိုဟ်အိပ်၍ အဂိါထဲဝင်သောပဂ္ဂိုလ်များ၊ စနေဂြိုဟ်စီး၍ စနေဂြိုဟ်အိပ်၍ စနေထဲဝင်သောပဂ္ဂိုလ်များ၊ ရာဟုဂြိုဟ်စီး၍ ရာဟုဂြိုဟ်အိပ်၍ ရာဟုထဲဝင်သောပဂ္ဂိုလ်များအဖို့ အန္တရာယ်ဆိုး၊ ဂြိုဟ်ဆိုး၊ နက္ခတ်ဆိုး၊ ဒုက္ခဆိုး၊ ကြမ္မာဆိုး၊ အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ရောဂါအနာဆိုးတို့မှ လျင်မြန်စွာ ထွက်မြောက်နိုင်စေပြီး အမြဲတမ်း မင်္ဂလာတရားတည်နေခြင်း၊ အမြဲတမ်း ကုသိုလ်တရားတည်နေခြင်း၊ အမြဲထာဝရ ကောင်းကျိုးချမ်းသာတည်နေခြင်းတို့ကိုဖြစ်စေပါလိမ့်မည်။ လက်နက်အမျိုးမျိုးတို့၏ ဘေးရန်မှ လည်းကောင်း၊ ဝှဲ့၊ လက်နက်၊ မိုင်းလက်နက်၊ တုတ်၊ မား လက်နက်ဘေးမှလည်းကောင်း လွတ်မြောက်စေနိုင်ခြင်း၊ ရောင်းမထွက်သောပစ္စည်းများ ရောင်းထွက်ရန်၊ အလွန်ထစ်ငေါ့ ခက်ခဲနေသော ပစ္စည်းများ အထစ်အငေါ့အခက်အခဲများမှ လွန်မြောက်၍ လျင်မြန်စွာ အရောင်းထွက်စေနိုင်၏။ ကုသ၍ ခက်ခဲလှသော အနာဆိုးများ၊ ရောဂါဆိုးများ၊ အမြစ်ထွက်သောအနာများ၊ကာလရောဂါများ၊ ကပ်ရောဂါများ၊ ပျောက်ရန်ခက်ခဲတတ်သောဘဝပျက်ရောဂါများ၊ ရောဂါဆိုးများ၊ အနာဆိုးများလျင်မြန်စွာသက်သာပျောက်ကင်းစေနိုင်၏။ စုန်းဘေး၊ နတ်ဘေး၊ သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ နာနာဘာဝဝိနာဘာဝဘေးရန်မှလည်းကောင်း၊ ဘဝအတိတ်စွဲ၊ ဘဝအဆက်စွဲရောဂါ အနာအဆက်အသွယ်များကို လည်းကောင်း လျင်မြန်စွာ ကင်းရှင်းစေပြီး ဤမဟာအတုလစိန္တာမယသိဒ္ဓိသရဏဂုံတော်၏ စွမ်းအားတန်ခိုးတော်၊ သတ္တိတော်၊ သိဒ္ဓိတော်ကြောင့် စိတ်ချမ်းသာစေခြင်း၊ ကိုယ်ချမ်းသာစေခြင်း၊ အလုပ်စီးပွားချမ်းသာတိုးတက်ခြင်း၊ ရာထူးအဆင့် ချမ်းသာကြွယ်ဝစေခြင်း၊ မကောင်းကိုးမှန်သမျှ အကောင်းအတိုင်းဖြစ်စေခြင်း၊ ဆင်းရဲဒုက္ခမှန်သမျှ ချမ်းသာမှုသုခတို့ကို ပြောင်းလဲ၍ ဖြစ်ပေးရခြင်း၊ စိတ်တည်ငြိမ်စေခြင်း၊ စိတ်ပြင်းချမ်းခြင်း၊အပူသောကဗျာပါဒကင်းဝေးရခြင်း၊ အချုပ်အနှောင်အဖွဲ့မှ လွတ်မြောက်ရခြင်းရှိစေလိမ့်မည်ဟု မှတ်သားနာယူကြစေကုန်သတည်း။

ဂါထာတော်မြတ်နှင့် ဂါထာတော်မြတ်ရွတ်ပုံရွတ်နည်းညွှန်ကြားချက်များ၊ အကျိုးသက်ရောက်မှုများ ဆုံးသွားသောအခါ ကျွန်တော့်သူငယ်ချင်းက ဤသို့စကားဆက်ပါသည်။

"ဆရာတော်ဘုရားကြီးက သရဏဂုံ - ၃၀ကို တိုးခဲ့ထားတာ။ ငါက သရဏဂုံ - ၃၀ ကို ရပြီးသားဆိုတော့ ဒီဂါထာတော်မြတ်ကို အလွယ်တကူရလိမ့်မယ်ထင်တယ်"

"ရမှာပါ၊ သူငယ်ချင်းက ဉာဏ်ကောင်းပါတယ်"

"ဂါထာတော်မြတ်ကို ရဖို့ကတော့ မခက်ဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် အချက် (၇) ချက်နဲ့အညီ ရွတ်နိုင်ဖို့ကတော့ အတော့်ကို ကြိုးစားရလိမ့်မယ်ထင်ပါတယ်"

"ဂါထာတော်မြတ်အစွမ်းထက်စေချင်ရင်တော့ ဆရာတော်ဘုရားကြီးညွှန်ကြားတဲ့အတိုင်းရွတ်ရမှာပဲ"

"ကြိုးစားပြီးရွတ်ရမှာပေါ့ကွာ"

ကျွန်တော့်သူငယ်ချင်းသည် ထိုသို့ပြောဆိုပြီးနောက် ဂါထာတော်မြတ်စာအုပ်တလေးကိုယူလျက် ပြန်သွားပါသတည်း။

မြဝင်း (ဒဿန)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

ဂုဏ်တော်နဝင်းကိုးထပ်နဝင်းပြတ်
ပုတီးစိပ်ရင်အောင်

www.burmeseclassic.com

ကျွန်ုပ်သည် တက္ကသိုလ်စာမေးပွဲ
ကျော်ခဲ့ခုနှစ် (၃၁) လောက်အလိုကပင်
ကြားသားကျောင်းသူများ ရွှတ်ဖတ်
ခန်းတဆာတော်များကိုပေးဖို့ ဒီမံနေခိုန်
ဖြင့်ပါသည်။

ယခုအခိုန်အခါသည် ပညာရေး
ခေတ်ကိုရောက်နေပြီဖြစ်သည့်အတွက်
မိဘများကလည်း မိမိတို့၏ရင်သွေးများ
အတွက် အဘက်ဘက်ကပင် စိုးရိမ်ကြီး
စွာနေကြရပါသည်။ ကျောင်းသူကျောင်း
သားများမှာလည်း တစ်မျိုးပြီးတစ်မျိုး
သင်ယူနေကြသောအခိုန်ပင်ဖြစ်ပါတော့
သည်။

ထိုစဉ်မှာပင် ကျွန်ုပ်၏ တပည့်
မောင်စောလှမြင့်တစ်ယောက်ရောက်ရှိ
လာခဲ့ပါသည်။ ကျွန်ုပ်၏ ဆောင်းပါးများ
ကို အမြဖတ်ရှုလေ့ရှိသော စာခုစ်သူ
မိတ်ဆွေများကတော့ ကျွန်ုပ်၏ တပည့်
မောင်စောလှမြင့်၏ အကျင့်စရိုက်နှင့်
ဝါသနာကို သိကြပြီးဖြစ်ပါသည်။

မောင်စောလှမြင့်က စာစုံဖတ်
လေ့ရှိ၏။ ကလေးစာပေဖြစ်သော
ရွှေသွေးစာစောင်ကစပြီး မဂ္ဂဇင်းစုံအထိ
ကိုလည်း သူဖတ်လိုက်ပါသေးသည်။
ဒါတင်မဟုတ်သေးပါ။ သတင်းစာနှင့်
ဂျာနယ်ကိုပင်- အလွတ်မပေးသူ ဖြစ်
သည်။ ယခုကာလတွင် ထွက်နေသော
စာအုပ်နှင့် ဂျာနယ်ပေါင်းစုံကိုပင် ဝါး
စားသလို နိုင်အောင်ဖတ်နိုင်သူ ဖြစ်ပါ
သည်။ တခုတ်တရ တင်ပြမည်ဆိုလျှင်
ကမ္ဘာ့မှတ်တမ်းဂင်းနစ်မှတ်တမ်းအတင်
ခံနိုင်လောက်သော တပည့်ကျော်ဖြစ်ပါ
သည်။

တစ်ခါတစ်ရံမှာဆိုလျှင် သိပ်
မောင်ဝ၏ ဝတ္ထုဆောင်းပါးထဲကလို
မောင်လူအေး အဖြေရကျပ်သွားအောင်
အမေးခံရသလို မောင်စောလှမြင့်၏
အမေးက ကျွန်ုပ်လည်း အကျပ်ရိုက်ခံ
တတ်ပါသည်။

"ဆရာ အလုပ်ပြီးသွားပြီလား
ဆရာအားသွားရင် ကျွန်တော်မေးချင်
တာ တစ်ခုရှိလို့ပါ"

ဟု ပြောလေတော့သည်။

"ဘာများမေးဦးမှာလဲ မောင်စော
လှမြင့်။ မင်းအမေးကို ကြောက်တယ်
မောင်ရေ"

ဟု ရယ်ရွှင်စွာ ပြောပြလိုက်

www.burmeseclassic.com

သည်။

"ဒီလိုပါ ဆရာ။ ကျွန်တော်ကြားဖူးတဲ့ စကားတစ်ရပ်ကို သိချင်တာပါ။ 'မိုးနဝင်းမိုးလင်းမှသိမယ်' ဆိုတဲ့ စကားပါ။ အဲဒီစကားစုထဲက ကိုးနဝင်းကို သိချင်တာပါ ဆရာရယ်။ နောက်ပြီး ကိုးနဝင်းပုတီးစိပ်ကို ပိုသိချင်တာပါ။ ကိုးနဝင်းဂုဏ်တော်နဝင်းပုတီးစိပ် ခိုးမြွင့်ပေးပါနော် ဆရာ"

ဟု ပြောလာပါတော့သည်။

"နွေးနွေးတုန်းက သူတော်ကောင်းတွေ တစ်နည်းပြောပြရရင်တော့ ဆရာတော်တွေဟာ တပည့်များဖြစ်ကြတဲ့ ဒါယကာ၊ ဒါယိကာမများကို ကျွတ်ပြိုက်သူများ၊ ခိုးမြှောက်မစထိုက်သူများအတွက် မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်တွေ ဆုံးမပြောကြားတဲ့စကား (တရားတော်တွေ)တွေကို သဒ္ဒါဆန္ဒအားကြီးကြသလို ကျင့်ကြံအားထုတ်နိုင်ကြဖို့ စီမံပေးခဲ့တဲ့အကြောင်းကောင်းတွေပါ။

အဲဒီအကြောင်းတွေထဲမှာ ရွတ်ဆိုပူဇော်ရတဲ့ နည်းလမ်းတွေ၊ နောက် ဂုဏ်တော်တွေ၊ ဂါထာတွေကို ပုတီးစိပ်ရတဲ့နည်းတွေနဲ့ စီမံပေးခဲ့ကြတာကွ။

ဆရာတော်ကြီးများက ဆုံးမဩဝါဒပေးခဲ့၊ သွန်သင်ပေးခဲ့ကြတဲ့အထဲမှာ ရှောင်ရန် (၂) ချက်နဲ့ ဆောင်ရွက်ရမယ့်အချက်က (၁) ချက်ဆိုပြီး ပြထားခဲ့တယ်ကွ။

အဲဒီအချက်(၃)ချက်ကတော့ -

၁။ ဘေးကိုကြောက်လို့မလုပ်နဲ့။

၂။ လာဘ်လာဘကို မျှော်ကိုးပြီး မလုပ်နဲ့။

၃။ သဒ္ဒါတရားစိတ်နဲ့ကတော့ အားပါးတရလုပ်ကြဖို့ -

မိန့်မှာခဲ့ကြတယ်ကွ။

အခုလည်း သွယ်ဝိုက်မနေတော့ဘဲ တည့်တည့်ကြီးပြောလိုက်မယ် နားထောင်ပေတော့။ နဝင်းဆိုတာကို မင်းသိပြီးသားအကြောင်းပါ။ ကိုးနဝင်း မိုးလင်းမှသိမယ်ဆိုတဲ့စကားက ရိုးရှင်းပါတယ်ကွ။

ကိုးဆိုတာကိုက သခ္ခါရေကိုးကို ညွှန်းဆိုထားတာပါ။ နဝင်းကလည်း ကိုးသခ္ခါပါပဲ။ အနှစ်တ်ပြောပြရရင်တော့ ကိုးပါးသော ဂုဏ်တော်ကို ကိုးကြိမ် (သို့) ကိုးခါဆင့်ပြီး ဆောင်ရွက်တဲ့နည်းလမ်းကို ကိုးနဝင်းလို့ ပြောခဲ့တာပါပဲ။

မိုးလင်းမှသိမယ်ဆိုတဲ့စကားအင်္ဂါကတော့ အမိုက်လို့ခေါ် အမောင်ထုကြီးကို ဂုဏ်တော်နဝင်းလို့ခေါ်တဲ့ ဂုဏ်တော်ကိုးပါးနဲ့ အဆင့်(ကိုးဆင့်)စီမံဆောင်ရွက်တဲ့နည်းလမ်းမို့ အမောင်ရှင်းလို့ရှိရင် မိုးလင်းပြီ ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ဘာမှမသိနိုင်၊ မမြင်နိုင်၊ မကြားနိုင်တဲ့ အမှောင်တမိုက်ကို အလင်းအာရုံရောက်ပြီး မိုးလင်းပြီဖြစ်လို့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ အကြောင်းပေါင်းများစွာတို့မှ အကျိုးများကို ရရှိမယ့် အခွင့်အလမ်းများတို့ ပိုင်ဆိုင်ကြရတော့မှာဖြစ်ကြောင်းကို ပြထားတာ ဖြစ်တယ်ကွ"

လို့ပင် ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

ဒီနှစ် ကောဇာနှစ် ၁၃၇၆ ကို အက္ခရာနဲ့အရကောက်ကြည့်မယ်ဆိုရင် ၁ = အ၊ ၃ = စ၊ ၇ = ထ၊ ၆ = သ ကို ကောက်ရအောင်ပါ။ အရကောက်ထားတဲ့ ဗျည်းအက္ခရာလေးလုံးကို သီတံထိုးပြီး စာစီလိုက်ရင် -

အ = အ

စ = စွမ်း

ထ = ထက်

သ = သူ

ဖြစ်သည့်အတွက် **အစွမ်းထက်သူ** ဟု ရနေပါသည်။ ထိုကောဇာနှစ် သခ္ခါရေသည် (၄)လုံးဖြစ်နေ၍ (၄)သခ္ခါဖြင့် စားလိုက်သောအခါတွင်လည်း အကြွင်းပြတ်နေသည်ကို မှတ်မြင်တွေ့ရသိခဲ့ရပါသည်။

လေးလုံးကို လေးသခ္ခါဖြင့် သခ္ခါဂုဏ်ရည်ထူ စားကိန်းအရ သုညကြွင်းဖြစ်သည့်အတွက် ကိန်းတူနဝင်းပြတ်ပြီး အကြွင်းသခ္ခါသုညဖြစ်နေသော်ကြောင့် ဝိဇ္ဇာဓရဂုဏ်ရည်ညွှန်းနယ်၏သဘောတရားအရ အောင်မြင်ကြီးပွားခြင်းအရပ်ရပ်ကို ပြီးမြောက်ခြင်းပေးနေသည်ကြောင်းတွေ့ရှိရပြန်ပါသည်။

သို့အတွက် ဗုဒ္ဓဂုဏ်တော်ဖြစ်တဲ့ ဂုဏ်တော်ကိုးပါးကို အဆင့်ကိုးဆင့်နှင့် နဝင်းဖြတ်နိုင်ကြသူတို့၏ အောင်ပွဲဟုပင် တင်ပြချင်ပါသည်။

နဝင်းကိုးထပ် နဝင်းပြတ် ဂုဏ်တော်ပုတီးစိပ်ဇယားကို သီးခြားဖော်ပြပေးထားပါသည်။ ကျွန်ုပ်၏တပည့်မောင်စောလှမြင့်ကိုလည်း နဝင်းပြတ်ပုတီးစိပ်နည်းနှင့် ပုတီးစိပ်ရန် ဇယားတို့ကို ပေးပြီး လုပ်ထုံးလုပ်နည်းတို့ကို ပြောပြလိုက်သဖြင့် ပျော်ရွှင်စွာပြန်သွားပါတော့သည်။

စာချစ်သူမိတ်ဆွေများအနေဖြင့် နဝင်းပြတ်ပုတီးစိပ်ရန် နည်းလမ်းစုံကို အောက်တွင် ပြည့်စုံအောင် ရေးသားဖော်ပြပေးလိုက်ပါသည်။

ယခု ဂုဏ်တော်နဝင်း၊ **ပုတီးစိပ်**ကို စိပ်မည်ဆိုလျှင် မည်သည့်နေ့ရက်တို့ကိုမှ ရွေးချယ်စောင့်ဆိုင်းခြင်းမရှိဘဲ ရောက်ရာနေ့ရက်မှစတင်ပြီး ဆောင်ရွက်နိုင်ကြပါသည်။

နဝင်းပုတီးစိပ်ရန်နည်းလမ်း

၁။ ရက်ရွေးချယ်ရန် မလိုပါ။ ရောက်သည့်နေ့ရက်မှစတင်ပါ။

၂။ မိမိနှစ်သက်ရာ ဘုရားတစ်ဆူတွင် သွားရောက်ပြီးစိပ်ပါ။

(ဘုရားသွားရန် အဆင်မပြေသူများ မိမိအိမ်တွင်ပင် စီမံဆောင်ရွက်နိုင်ပါသည်)

၃။ မိမိပြုမူဖြစ်သည့် -

၁ ပုဂ္ဂိုလ်များဖိတ်ကြားခြင်း

၂ ဘုရားရှိခိုးခြင်း

၃ သီလခံယူခြင်း

၄ ဆုတောင်းခံခြင်း

၅ မေတ္တာပို့သခြင်း

၄။ နဝင်းပုတီးစိပ်ကို စိပ်ရခြင်း။

နဝင်းပုတီးစိပ်ရာတွင် မိမိစတင် သောနေ့တွင် တည်ရှိနေသော ဂုဏ်တော်မှစတင်ပြီး နောက်ဆက်ပြီး နေ့အလိုက် ပုတီးစိပ်သွားရန်ပင် ဖြစ်ပါသည်။

ထိုသို့ ဂုဏ်တော်ကို ပုတီးစိပ်ရာတွင် ဂုဏ်တော်ကို တစ်ခေါက်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ဂုဏ်တော်ပုတီးတစ်ပတ်စိပ်ရန်ပင် ဖြစ်ပါသည်။ (ဂုဏ်တော်ပုတီးကို အသုံးပြုရာတွင် ၁၀၈ လုံးပါသော ပုတီးကိုသာ အသုံးပြုရမည် ဖြစ်ပါသည်။)

၅။ နဝင်းပြတ်ပုတီးစိပ်ကြရမည် ဖြစ်သည့်အတွက် တစ်ဆင့်လျှင်(၉)ရက်ကြာမည် ဖြစ်ပါသည်။ အဆင့် (၉) ဆင့် နဝင်းပြတ်အောင် (၈၁) ရက် ကြာမြင့်မည် ဖြစ်ပါသည်။

အလပ်အကြောမရှိရပါ။ တစ်ဆက်တည်း အပြီးသွားရသည့်အတွက်လည်း 'ဂုဏ်တော်ကိုးပါး၊ အဆင့်ကိုးဆင့်၊ နဝင်းပြတ်' ပုတီးစိပ်နည်း ဖြစ်နေပါသည်။

(လွယ်လင့်တကူတော့ ရရှိနိုင်မည် မဟုတ်ပါ။ ပိုင်ဆိုင်ခွင့်ကြီးမားသောကျင့်စဉ်ဖြစ်၍ မိတ်ဆွေ၏ ဆန္ဒ၊ စိတ်ဓာတ်၊ ဝီရိယတို့ဖြင့် ကြိုးစားရမည့် ပုတီးစိပ်ဖြစ်ပါသည်။)

၆။ တစ်နေ့တာ ပြုဖွယ်ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com

နဝင်းကိုးထပ်နဝင်းပြတ်ပုတီးစိပ်ပေးနည်း

ပထမ နဝင်းရက်	၁နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ ဗုဒ္ဓေါ	၂လာ် အနုတ္တရော ပုရိသ ဒမ္မသာရထိ
ဒုတိယ နဝင်းရက်	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ ဗုဒ္ဓေါ	၂လာ် အနုတ္တရော ပုရိသ ဒမ္မသာရထိ	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ
တတိယ နဝင်းရက်	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော
စတုတ္ထ နဝင်းရက်	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ သမ္မာ သမ္ဗုဒ္ဓေါ	၈နွေ ဗုဒ္ဓေါ
ပဉ္စမ နဝင်းရက်	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ
ဆဋ္ဌမ နဝင်းရက်	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ
သတ္တမ နဝင်းရက်	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောကဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ
အဋ္ဌမ နဝင်းရက်	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ ဗုဒ္ဓေါ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော
နဝမ နဝင်းရက်	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ	၅တေး အရဟံ	၆ကြာ သုဂတော	၇နေ ဘဂဝါ	၈နွေ သတ္တာဒေဝ မနုဿာနံ	၂လာ် ဝိဇ္ဇာစရဏာ သမ္ပန္နော	၃ဂျီ သမ္မာ သမ္ဗုဒ္ဓေါ	၄ဟူး လောက ဝိဒူ

အောင်မြင်ပြီးတိုင်း သစ္စာပြုဆုတောင်းခံပါ။

ဂ မေတ္တာပို့သပါ။

ဒူ ကုသိုလ်အမျှပေးဝေပါ။

(ဖိတ်ကြားထားသူများရှိပါက နေရပ်ဌာနကို ပြန်ပို့ပေးပါ)

ကျွန်ုပ်အနေဖြင့် စာချစ်သူ မိတ်ဆွေများကို အနည်းငယ်မိတ်ဆက်စကား ဆိုချင်ပါသည်။ ယခုနဝင်းပုတီးစိပ်သည့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုပင် ပုတီးစိပ်ရသော ပုတီးစိပ်ဖြစ်ပါသည်။ ထူးခြားသည်မှာ ဂုဏ်တော်၏ အရဟံ မှစပြီးဘဂဝါအထိ အစဉ်အတိုင်း ရွတ်ဆိုပူဇော်ပြီး ပုတီးစိပ်ရသောနည်းမဟုတ် သည့်အတွက် စာချစ်သူ အဓိဋ္ဌာန်ဝင်ကြမည့်မိတ်ဆွေတို့အတွက် ထူးဆန်းနေမည် ဖြစ်ပါသည်။

စိတ်ကိုတည်ငြိမ်အေးဆေးအောင် ထားပါ။ ဖြည်းဖြည်းနှင့် မှန်ကန်အောင် စိပ်ပါ။ကျွန်ုပ်မှပြောပြလိုက်သည့်အတွက် နိမိတ်ပုံတစ်ခုလိုဖြစ်သွားနိုင်ပါသည်။

စာချစ်သူမိတ်ဆွေတို့၏ ကိုယ့်အတွေ့၊ ကိုယ်အသိ၊ အမြင်၊ အကြားကသာလျှင် တစ်ဆင့်ကြားထက်ပိုပြီး ထက်မြက်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတော့သည်။

(ယခင်က နှုတ်ဖြင့်ကူညီပေးခဲ့ဖူးသောတပည့်များမိတ်ဆွေများအနေဖြင့်လည်း ယခုစာစုကို ဖတ်မိသည်နှင့် အောင်ပွဲတစ်ပွဲ ထပ်မံရရှိအောင် ထပ်မံပြီး ကျင့်ကြံစေလိုကြောင်း မေတ္တာဖြင့် အသိပေးလိုက်ရပါတော့သည်။)

ပညာတိုးပွားရှိ အကျိုးများကြပါစေ

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေချီအောင်(ပေလီ)

ပန်းရန်သုံးဆက်ပြောင်းလဲတည်မှုပြီးမြောက်သည့် သံတွဲမြို့ ဂုံးစရစ်ရွာမှ ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး

စာရေးသူသည် သာသနာပဋ္ဌာန်းဆက်အရ အသက်(၄၄)နှစ်အရွယ်တွင် သာသနာပြု ဘုရားတည်ခွင့် ရရှိခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ငပလီကမ်းခြေစာရေးသူ၏မွေးရပ်မြေ မြပြင်ရွာအရှေ့ဘက်ရှိ မြတောင်တွင် ဖြစ်ပါသည်။ ဥက္ကာတော်အမြင့် (၁၈) ပေရှိ ရွှေတိဂုံစေတီတူ 'မြရတနာဆုတောင်းပြည့်စေတီတော်' ကို မြရတနာကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ) နှင့် ညှိနှိုင်း၍ သုံးလအတွင်း ပြီးစီးအောင် အုပ်ထားတော်မူခဲ့ကာ ရွှေထီးတော်တင်လှူပွဲကို ၄ - ၄ - ၂၀၀၁ နေ့တွင် အောင်ပွဲဆင်နွှဲခဲ့ပါသည်။ တစ်ဖန် သံတွဲမြို့မှ ဆယ်မိုင်ကွာ ဇလွန်ရွာရှိ ခန္ဓာဆောမဟုက်မယွင်းမပုပ်သည့်ဦးသုဇာတအရှင်သူမြတ်ရုပ်ကလာပ်တော်ရှိရာသို့ ရောက်မီ တစ်မိုင်အလိုတွင် မဲနယ်ကွင်းရွာရှိပါသည်။ ထိုမဲနယ်ကွင်းရွာအရှေ့ဘက်ရှိ တစ်မိုင်ခန့်အကွာတွင် ယူနေအိမ်ခြေနည်းပါးသည့် ဂုံးစရစ်ရွာရှိပါသည်။ ထိုရွာကလေးတွင် သာသနာပဋ္ဌာန်းဆက်အရ အသက်(၄၄)နှစ်အရွယ်တွင် သာသနာပြု ဘုရားတည်ခွင့် ရရှိခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ငပလီကမ်းခြေစာရေးသူ၏မွေးရပ်မြေ မြပြင်ရွာအရှေ့ဘက်ရှိ မြတောင်တွင် ဖြစ်ပါသည်။ ဥက္ကာတော်အမြင့် (၁၈) ပေရှိ ရွှေတိဂုံစေတီတူ 'မြရတနာဆုတောင်းပြည့်စေတီတော်' ကို မြရတနာကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ) နှင့် ညှိနှိုင်း၍ သုံးလအတွင်း ပြီးစီးအောင် အုပ်ထားတော်မူခဲ့ကာ ရွှေထီးတော်တင်လှူပွဲကို ၄ - ၄ - ၂၀၀၁ နေ့တွင် အောင်ပွဲဆင်နွှဲခဲ့ပါသည်။ တစ်ဖန် သံတွဲမြို့မှ ဆယ်မိုင်ကွာ ဇလွန်ရွာရှိ ခန္ဓာဆောမဟုက်မယွင်းမပုပ်သည့်ဦးသုဇာတအရှင်သူမြတ်ရုပ်ကလာပ်တော်ရှိရာသို့ ရောက်မီ တစ်မိုင်အလိုတွင် မဲနယ်ကွင်းရွာရှိပါသည်။ ထိုမဲနယ်ကွင်းရွာအရှေ့ဘက်ရှိ တစ်မိုင်ခန့်အကွာတွင် ယူနေအိမ်ခြေနည်းပါးသည့် ဂုံးစရစ်ရွာရှိပါသည်။ ထိုရွာကလေးတွင် သာသနာပြုခွင့် စတင်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုသဒ္ဓါကျောက်တောင်ကြီးပေါ်တွင် ဆရာတော်နှင့် ကိုကျော်သန်းတို့က အနောက်ရွှေတိဂုံစေတီတော်နှင့် အနောက်ကျိုက်ထီးရိုးစေတီတော်တို့ကို တည်ထားကြလေရာ ထိုစေတီတော်များ ရွှေထီးတော်တင်လှူပွဲသို့ အပြေးရောက်ရှိကာ မှတ်တမ်းတင်ဆောင်းပါးနေသားခြင်းမှ အစပြုခဲ့ပါသည်။ ထိုကျောက်တုံးကြီးပေါ်ရှိ 'မရှိခကလာဘမုနိတော်ရုပ်ပွားတော်မြတ်'ထံတွင် အဓိဋ္ဌာန်တင် ဆုတောင်းခဲ့ရာမှ သာသနာပဋ္ဌာန်းဆက်ဆုတောင်းပြည့်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု ဂုံးစရစ်ကျေးရွာရှိ ဆုတောင်းပြည့် လာဘသိဒ္ဓိဆင်းတုတော်ကြီးနှင့် သိမ်တော်အသစ်လှူဒါန်းခြင်းကိစ္စကိုလည်း ဆရာဦးရဲဝင်းနှင့် ကိုထွန်းထွန်းတို့၏ဆွေဆောင်မှုဖြင့် ပါဝင်ဆောင်ရွက်လှူဒါန်းခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ထိုဂုံးစရစ်ကျေးရွာကလေးသည် စာရေးသူ၏မိခင်ကြီး ဒေါ်မြကုံး မွေးဖွားရာအရပ်ဖြစ်ခဲ့ပါသည်။ မိခင်ကြီးသာကွယ်လွန်သွားသည်၊ စာရေးသူမှာ အမေ့မွေးရပ်မြေသို့ တစ်ခါမျှရောက်ခွင့်မကြုံခဲ့ပါ။ ဆရာဦးရဲဝင်းနှင့် ကိုထွန်းထွန်းတို့၏ ကျေးဇူးဖြင့် အမေ့မွေးရပ်မြေ ဂုံးစရစ်ရွာသို့ စတင်ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဆရာက မဲနယ်ကွင်းအလယ်တန်းကျောင်းတွင် အလယ်တန်းပြဘာဝနာကျခဲ့သည်။ ထိုအခါ ဂုံးစရစ်ကျေးရွာမှအဘွားတစ်ဦးနှင့် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ထိုအဘွားက သူ့သားနှင့်အလွန်တူသည်ဟုဆိုကာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့် အလှူရှင်များအမှတ်တရ

ဂုံးစရစ်ရွာတုန်းတော်ကြီးကျောင်း

တော့သည်။

တစ်နေ့တွင် ဆရာက အလှူခံစာရွက်ကလေးတစ်ခုကိုပြပါသည်။ ထိုစာရွက်တွင် ဂုံးစရစ်ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သောက်ရေတွင်းလှူဒါန်းရန် ပါဝင်နိုင်ကြောင်း နှိုးဆော်ထားပါသည်။ စာရေးသူလည်း တတ်နိုင်သမျှ လှူဒါန်းလိုက်ပါသည်။ ထောင်ဂဏန်း၊ သောင်းဂဏန်း လှူဒါန်းကြရာ ဆရာ ဦးဆောင် အမှူးပြု လှူဒါန်းသည့် ရေတွင်းလှူဒါန်းမှု အောင်မြင်သွားပါသည်။ ဆရာက 'ဩကာသစာပေဝိုင်း' ဟု အမည်ပေး၍ ကမ္ဘည်းစာထိုးထားပါသည်။ ၂၀၀၅ ခုနှစ်တွင် ရေစက်ချ လှူဒါန်းပြီးစီးခဲ့သည်။ ထိုမျှသာမကဘဲ ဆရာတိုက်တွန်း၍ ကိုဇော်မင်းနိုင်တို့က ကထိန်ပါခင်းဖြစ်လေသည်။ သို့ဖြင့် ဂုံးစရစ်ရွာကလေးမှာ အလှူအတန်းတွေနှင့် စည်ပင်လာခဲ့သည်။

ဂုံးစရစ်ရွာဘုန်းတော်ကြီးကျောင်းတောင်ဘက်တွင် သိမ်တစ်ခုရှိပါသည်။ သိမ်မှာ တိုင်ထူ၊ ခနိုးခနဲအခြေအနေသာရှိခဲ့လေသည်။ သိမ်အတွင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်က တည်ထားသည့် ဆင်းတုတော်ကြီးတစ်ဆူရှိပါသည်။ ဆင်းတုတော်ကြီးမှာ ဥဏ်တော်အမြင့် (၇) တောင်ခန့်ရှိ၍ ပလ္လင်တော်များ အက်ကွဲကျိုးပျက်ခြင်း၊ ခြေတော်လက်တော်များနှင့် ခန္ဓာတော်အနှံယိုယွင်းပျက်စီးတော်မူနေ၏။ ထို့ကြောင့် ဆရာနှင့် ကျွန်တော်တို့ တိုင်ပင်ကာ ဆင်းတုတော်ကြီးအား စုပေါင်းအလှူရှင်များဖြင့် ပြန်လည်ပြုပြင်၍ ရောင်တော်ပြန်ဖွင့်ရန် အလှူရှင်များအား ထပ်မံနှိုးဆော် အလှူခံကြရပြန်လေသည်။ စေတနာရှင်များကလည်း သဒ္ဓါတရားကောင်းကောင်းဖြင့် လှူဒါန်းကြပါသည်။

ဘုရားပလ္လင်တော်အောက်ခြေကမ္ဘည်းစာတန်းများအရ ဆင်းတုတော်ကြီးကို ၁၃၂၀ပြည့်နှစ်၊ တပေါင်းလဆန် ၂ ရက်နေ့တွင် တည်ထား ပြီးမြောက်အောင်မြင်ခဲ့သည်ဟု သိရှိရပါသည်။ ဘုရားအလှူရှင်မှာ ဂုံးစရစ်ရွာမှ ဘုရားဒါယကာဦးထွန်းလှိုင်နှင့်ဘုရားဒါယိကာဒေါ်အိတို့ဖြစ်ကြောင်း ကမ္ဘည်းစာအရ သိရှိရပါသည်။ ဘုရားတည်မည့်အတိုင်းနိမိတ်နှင့် ဘုရားတည်ဖြစ်ပုံ အတိုင်းကြောင်းကလည်း ထူးခြားဆန်းကြယ်ပါပေသည်။ ဘုရားဒါယကာအရှင် ဦးထွန်းလှိုင်မှာ လက်လုပ်လက်စား လယ်သူရင်းငှားဖြစ်လေသည်။ လယ်ပိုင်ရှင်

ဆရာနှင့် သားအမိပြုကြလေသည်။ ထို့ကြောင့် ဂုံးစရစ်ရွာလေးသည် ဆရာနှင့် လက်ပွန်းတတီးရှိနေခဲ့ခြင်းဖြစ်သည်။ ထိုရွာကလေးမှာ နှစ်ပေါင်းများစွာက စည်စည်ကားကားနှင့် သစ်လုပ်ငန်းဆင်ပိုင်ရှင်များရှိခဲ့ကြသည်။ အဆင်ပြေလာကြတော့ မြို့ကိုပြောင်းကြရွှေ့ကြနှင့် ကြာတော့ အိမ်ခြေအစိတ်လောက်သာကျန်

www.burmeseclassic.com

www.burmeseclassic.com



အသစ်ထူးခါန်းသည့်ဘုရားသိမ်



စတင်ထူးခါန်းဖြစ်သည့်ရေတွင်း

ဘုရား သိမ်အလှူရှင်များအမှတ်တရ

များထဲတွင် လယ်ထွန်၊ ပျိုးနှတ်၊ စပါး ရိတ်၊ တလင်းနယ် စသည်ဖြင့် အသက် အသေးကျောင်းခဲ့ရ၍ ကိုယ်ပိုင်လယ် မရှိခဲ့။ ဦးထွန်းလှိုင်သည် စိတ်ရင်း ကောင်းပြီး ရိုးသားကြိုးစားကာ ငါးပါး သီလမြဲ၍ ဘုရားတရားကိုအလွန်ရိုသေ လေးစားသူတစ်ဦးဖြစ်လေသည်။ ဆင်းရဲ ဆင်းရဲခြားသော်လည်း ဘုရားတည် ရန် အမြဲစိတ်ဆန္ဒထက်သန်နေလေ့ရှိ သည်။ တစ်နေ့ လယ်ပြင်ထဲတွင် နေ့ ဆယ်ဘက် မောမောနှင့်အိပ်စက်နေကြ ရာ ဇနီး ဒေါ်အိ၏ ဦးခေါင်းဆံထုံးပေါ် မွေ့ဖြူအနီတစ်ကောင်တက်လာပြီး ဆိုးခွေနေလေသည်။ ထိုအချိန်တွင် လင် မယားနှစ်ဦး လန့်နိုးလာကြလေသည်။ ဒေါ်အိ၏ဆံထုံးထက်တွင် လှုပ်လှုပ်ရှား ရာဖြစ်နေရာ ဒေါ်အိက မေးသဖြင့် ဦးထွန်းလှိုင်ကြည့်လိုက်ရာ မွေ့နီတစ် ကောင်ကို မြင်တွေ့ရလေသည်။ ထိုအခါ ဦးထွန်းလှိုင်က ဒေါ်အိကို မလှုပ်ရှားရန် တားကာပြလိုက်ပြီးနောက် အဓိဋ္ဌာန်ပြု လေသည်။

'ဘုရားတည်လျှဒါန်းရမည့်ပဌာန်း ဆက်ပါရမီရှင်ဆိုပါက မိမိဇနီးဦးခေါင်း ပေါ်မှ မွေ့နီကလေးသည် ဘေးကင်းရာ သို့ ရှောင်ရှားစေပါသတည်း'

ဟု သစ္စာပြုလိုက်လေသည်။

ထိုအခါမှ မွေ့နီကလေးသည် ဒေါ်အိ၏ ဦးခေါင်းထက် ဖြည်းညင်းစွာ ဆင်း လျှောဆင်းသွားလေတော့သည်။

ထိုအဓိဋ္ဌာန်၏ထူးခြားချက်ကိုမြင်တွေ့ရ သည့် ဦးထွန်းလှိုင်တို့ ဇနီးမောင်နှံမှာ မျှားစွာဝမ်းမြောက်ဖြစ်သာဖြစ်မိကြလေ သည်။ ဦးထွန်းလှိုင်မှာ ဘုရားတည် ကုသိုလ်ပြုရန်အတွက် လယ်ယာလုပ်ငန်းကို ဇွဲလုံ့လဖြင့်ကြိုးစားလုပ်ကိုင်နိုင်ခဲ့ရာ စပါးများဖြစ်ထွန်းအောင်မြင်သဖြင့် နှစ်စဉ် ရွေ့ ငွေများစုနိုင်ဆောင်းနိုင်ဖြစ် လာကြပြီး စီးပွားရေးတိုးတက်လာခဲ့လေ သည်။ နောက်ဆုံးတွင် အိမ်သစ်ဆောက် လုပ်၍ လယ်နှစ်တာပင် ပိုင်ဆိုင်သည့် အခြေအနေထိ စီးပွားရေးကောင်းခဲ့လေ သည်။

ထိုအခါ နဂိုမူလကပင် ရည်မှန်း ထားသည့် ဦးထွန်းလှိုင်၏ဘုရားတည်ရန် စိတ်ဆန္ဒသည် ပြီးမြောက်ခြင်းသို့ရောက် ရှိခဲ့လေသည်။ ဦးထွန်းလှိုင်သည် လယ် တစ်တာကို ရောင်းလိုက်ပြီးနောက် ရရှိ လာသည့်ငွေများဖြင့် ရွာဦးကျောင်းဆရာ တော်ကို လျှောက်ထားကာ သိမ်ထဲတွင် ဘုရားတည်ရန်ပြင်ဆင်လေတော့သည်။ ဘုရားတည်ရန်အတွက် ပန်းရန်ပညာရှင် ကိုရွာဖွေခဲ့ရာ ဦးစောထီးဆိုသူကိုရွာတွေ့ ခဲ့လေသည်။ သို့ရာတွင် ပန်းရန်ဆရာ ဦးစောထီးမှာ ဘုရားတည်ရာတွင် ခိုင်ခံ့ မှုမရှိဘဲ ပြန်၍ပြုကျနေလေ့ရှိသဖြင့် အခက်တွေ့နေလေသည်။ ထို့ကြောင့် ရမ်းပြပြုနယ်မှ ပန်းရန်ဆရာကြီး ဦးချက်ဖားအား သွားရောက်ဖူးရင်း၍ ဆက်လက် တည်ခဲ့စေပြန်လေသည်။ သို့ရာတွင် ပဌာန်းဆက်မကျသည့်ပန်းရန် အကျော်အမော်ကြီးဦးချက်ဖားမှာ တည်

www.burmeseclassic.com

www.burmeseclassic.com

တိုင်း အဆင်မပြေသဖြင့် လက်လျှော့ကာပြန်သွားလေသည်။ ထိုအခါ ဘုရားဒကာ ဦးထွန်းလှိုင်အဖို့ ပန်းရန်ဆရာအသစ်ကို အမူကာပြင်း ရှာဖွေရမြန်လေတော့သည်။

နောက်ဆုံးတွင် ဘုရားတည် အလှူရှင် ဦးထွန်းလှိုင်နှင့်နာမည်တူ ပန်းရန်ဆရာ ဦးထွန်းလှိုင်ကို ရှာဖွေတွေ့ရှိခဲ့လေသည်။ သုံးဆက်မြောက် ပန်းရန်ဆရာ ဦးထွန်းလှိုင်သည် ဘုရားအလှူရှင်ဦးထွန်းလှိုင်၏တိုက်တွန်းချက်အရ အမြင့်ဆန်ပြကာ ဘုရားကို ဆက်လက်တည်ခဲ့လေသည်။ ထိုအခါမှသာ ဆင်းတုတော်ကြီးသည် ပြုပျက်ခြင်းမရှိတော့ဘဲ အချိုးအစားကျနသပ္ပာယ်လှသည့် ဆင်းတုတော်အဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ဘုရားဒါယကာ ဦးထွန်းလှိုင်နှင့် ဇနီး ဒေါ်အိတို့မှလည်း အလှူကြီးပေး၍ ဘုရားကို ရေစက်ချအမှုဝေခဲ့ကြလေသည်ဟု ရွာရှိ အသက်ကြီးဆုံး အဘိုးအိုက စာရေးသူကိုပြောပြခဲ့ပါသည်။

ထိုအခါ စာရေးသူ၏ စိတ်ဝယ် အဓိဋ္ဌာန်၍ဘုရားပြုပြင်ရန်အကြံကောင်းရရှိလေသည်။ ထို့ကြောင့် ကိုထွန်းထွန်း(ခရေရိပ်ဆီဆိုင်-ဂျီတ္တောလမ်းဆုံ)အား အကူအညီတောင်း၍ မော်တော်ဆိုင်ကယ်ဖြင့် တကူးတကသွားရောက်ကာ အဓိဋ္ဌာန်တင်လေတော့သည်။

"တပည့်တော်သည် ဤဆင်းတုတော်ကြီးအား စေတနာရှင်များနှင့် စုပေါင်း အလှူလုပ်ကာ ပြီးစီးသည်အထိ ပြန်လည်ပြင်ဆင်၍ ရောင်တော်ပြန်ဖွင့်ပါမည်ဘုရား။ ဤကဲ့သို့ ပြုလုပ်ရသည့် အကျိုးကျေးဇူးကြောင့် တပည့်တော်ဝါသနာပါသည့် စာပေရေးသားခြင်းလုပ်ငန်းမှာ တစ်နေ့တခြား အောင်မြင်တိုးတက်ထွန်းပေါက်ပါစေဘုရား"

ဟု အဓိဋ္ဌာန်ခဲ့ပါသည်။

ကိုထွန်းထွန်းအားလည်း အဓိဋ္ဌာန်ပြည့်ဘုရားဖြစ်၍ အဓိဋ္ဌာန်ဝင်ဆုတောင်းရန် တိုက်တွန်းခဲ့ပါသည်။ သို့ရာတွင် ကိုထွန်းထွန်းမှာ ငယ်ရွယ်သူပီပီ ပေါ့ပေါ့ဆဆနေခဲ့လေသည်။ ရောင်တော်ဖွင့်မည့် ရွှေရောင်ဆေးကို မေမရိန်းအအေးခန်းမှ ကိုကျော်ကျော်စိုးက လှူဒါန်းခဲ့ပါသည်။

ဤသို့ဖြင့် နှစ်ပေါင်း ငါးဆယ်ကြာမြင့်ခဲ့ပြီးနောက် ပျက်စီးယိုယွင်းနေသည့် ဂုံးစရစ်ကျောရွာသိမ်ထဲရှိ ဆင်းတုတော်ကြီးမှာ အပြီးသတ် ရောင်တော်ဖွင့်ပြီးသည့်အခါ ကြည်ညိုဖွယ်အလွန်ကောင်းသည့် ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီးအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ဆင်းတုတော်အား ပြန်လည်ပြုပြင်ရောင်တော်ဖွင့်ပြီးနောက် စာရေးသူ၏စိတ်ဝယ် အားမလိုအားမရဖြစ်နေမိပြန်လေသည်။အဘယ်ကြောင့်ဆိုသော် ဘုရားဆင်းတုတော်ကြီးက ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှက်ရှိနေသော်လည်း စံပယ်လှက်ရှိသည့် သိမ်ကျောင်းဆောင်မှာ အပိုးအကာမရှိဘဲ ဓနိပိုးတိုင်ထူဘဝဖြင့် မတင့်တယ် မလျောက်ပတ်ဖြစ်နေသည်ကိုကြည့်၍ စိတ်မသက်မသာဖြစ်မိပြန်လေသည်။ ထို့ကြောင့် သိမ်တော်ကြီးကိုပါ တည်ဆောက်နိုင်ရန် ဆရာဦးရဲဝင်း၊ ကိုထွန်းထွန်းတို့နှင့် တိုင်ပင်ကာ ဆရာတော်အား လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်က ဝမ်းသာအားရဖြင့် သူတွင်စုဆောင်းထားသည့် ဝတ္ထုငွေများပါဝင်မည့်အပြင် ရွာသူရွာသားများကိုပါ နှိုးဆော်ရန် မိန့်ကြားခဲ့လေသည်။ ဆရာတော်နှင့် ဂုံးစရစ်ကျေးရွာသားများက အောက်ခြေပန်ခံ၍ ကွန်ကရစ်ဖြင့် တည်ဆောက်ကာ သွပ်ပြားမိုးနိုင်ရန် စီစဉ်ခဲ့ကြသည်။ ကျွန်တော်တို့သုံးဦးက ကုန်ကျမည့် လက်သမားပန်းရန်စရိတ်ကို ကျခံရန်ပင် ဖြစ်လေသည်။

သို့ဖြစ်လေရာ ဆရာဦးရဲဝင်း၊ ကိုထွန်းထွန်းနှင့် စာရေးသူတို့သည် ဘုရားသိမ်တော်ကြီးအတွက် ဂျီတ္တောရွာတွင် ထပ်မံ အလှူခံကြပြန်လေသည်။ ဆရာတော်က ရွာသားများကို သစ်အလှူခံ၍ ကျောင်းဝင်းအတွင်းရှိ မရန်းပင်ကြီးအောက်တွင် သစ်လုံးကြီးများကို လွှဆိုင်းအလိုက် ခွဲခြမ်းဖြတ်တောက်၍ သိမ်တိုင်နှင့် လိုအပ်သည့် ထုပ်၊ လျောက်၊ ဒိုင်း၊ မြားတို့ကို ခွဲစိတ်စေလေသည်။ ဤသို့ဖြင့် သိမ်ကို အသစ်တစ်ဖန်တည်ဆောက်မည့်အတွက် ဆရာတော် ဦးဆောင်သည့် ရွာသားများနှင့် ကျွန်တော်တို့မှာ ကြိုးစားလျက်ရှိနေကြသည်။ စာရေးသူတွေးမိသည်မှာ သိမ်တစ်ဆောင်ပြီးမြောက်ရေးအတွက် သိန်း(၅၀) မျှ ကုန်ကျမည်ဖြစ်ရာ အလှူခံငွေနှင့် သည်အတိုင်း တည်ဆောက်နေပါက သုံးနှစ်နှင့်ပင်ပြီးစီးနိုင်မည်မဟုတ်ဟု စဉ်းစားမိပါသည်။ ထိုအခါ ငွေများများစားစား ပါဝင်လှူ၍ တစ်နှစ်တည်းနှင့် ပြီးနိုင်မည့်အလှူရှင်ကို ဖိတ်ခေါ်မှတော်မည်ဟု စိတ်ထဲတွင် ဆုံးဖြတ်မိပါသည်။ ကိုထွန်းထွန်းက ကျွန်တော့်နှမဝမ်းကွဲတော်စပ်သူ မငယ်လေးကို လမ်းညွှန်ခဲ့သည်။ ထို့ကြောင့် လမ်းဆုံရှိ ကိုထွန်းထွန်းရွှေရာဆီဆိုင်သို့ မငယ်လေးရောက်နေခိုက် ကျွန်တော်သွား၍ မငယ်လေးကို ပါဝင် လှူဒါန်းရန် နှိုးဆော်ပါသည်။ အလှူရှင်စာရင်းကိုကြည့်၍ မငယ်လေးက သိမ်အပြီးအစီးကုန်ကျမည့်ငွေကို ခန့်မှန်းမေးပါသည်။ ကျွန်တော်က ဆရာတော်နှင့် တိုင်ပင်ပြန်ကြားမည်ဟု ပြောလိုက်ပါသည်။ ဤသို့ဖြင့် မငယ်လေး၏ လှူဒါန်းမှုငွေအပြည့်အစုံကြောင့် သိမ်တော်ကြီးကို တစ်နှစ်အတွင်း ကြွေပြားခင်း၊ ဆေးသုတ်ကာ အပြီးသတ်တည်ဆောက်နိုင်ခဲ့ကြသည်။

သိမ်ဆောက်လုပ်နေစဉ်အတွင်း ဦးဆောင်ဆရာတော် ဦးနန္ဒသီရိက သိမ်အတွက် လိုအပ်သည့် ပစ္စည်းများကို လိုသလိုလှမ်းမှာလေ့ရှိသည်။ ကျွန်တော်တို့က အလှူရှင် မငယ်လေးထံပြောပြ၍ ရန်ကုန်မှမှာယူပေးရသည်။ မဆလာလောင်းရန်၊ ဘီလပ်မြေနှင့်ရောနှောရန်အတွက် ပင်လယ်သဲဖြူကို ကျွန်တော်၊ ကိုထွန်းထွန်း၊ ဦးမောင်၊ ကိုထိုက်နှင့် စေတနာရှင်များကလိုက်ပါ၍ ကို(xxx)၏ ထော်လာဂျီကားဖြင့် မိုင် (၂၀) ခန့် အဝေးကို လိုအပ်သလို သွားပို့ရလေ့ရှိပါသည်။

ထိုအခါ စာရေးသူတွင် အခွင့်အရေးတစ်ရပ် အမြဲရရှိလေ့ရှိပါသည်။ စာရေးသူတို့က သိမ်အတွက် လိုအပ်သည့် ပစ္စည်းများကိုသွားပို့ရာ နံနက် (၁၀) နာရီမှ ရောက်ရှိကြပါသည်။ ကျောင်းတွင် နေ့လယ်စာစားသုံးကြပြီး အမောဖြေကာ ညနေ(၃)နာရီမှ ထော်လာဂျီများဖြင့် ပြန်လေ့ရှိကြသည်။ နေ့လယ်ဘက် အခြားသူများ အိပ်စက်အနားယူနေချိန်တွင် စာရေးသူက သိမ်ထဲတွင် ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီးထဲတွင် ဆုတောင်း အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။ သဒ္ဓါကျောက်ဘုရားတွင် ပထမအကြိမ် အဓိဋ္ဌာန်အောင်ခဲ့ပြီးဖြစ်ရာ အဓိဋ္ဌာန်ပြုဆုတောင်းခြင်းပြည့်မြောက်မှုအကျိုးဆက်ကို ကောင်းစွာသိရှိနေခဲ့ပြီဖြစ်ပါသည်။ ကိုယ်လက်သန့်စင်၍ ဘုရားရှိခိုးသည်။ ဘုရားဂုဏ်တော်များကို ရွတ်ဆို၍ ငါးပါးသီလဆောက်တည် ခံယူပါသည်။ လာဘ်ပွင့်ဂါထာတော်များ၊ အောင်ဂါထာတော်များကိုရွတ်ပွားပါသည်။ ထို့နောက် အဖြစ်များတစ်ခုကို သစ္စာပြုပါသည်။ ထို့နော

www.burmeseclassic.com

www.burmeseclassic.com

ကြေးထွာပို့နည်းဖြင့် မေတ္တာပို့ကာ ကြားဝေ၍ သာဓုခေါ်ဆိုပါသည်။ ဤသို့ အဆင့်ဆင့်အဓိဋ္ဌာန်ဝင်လေ့ရှိသည်။

စာရေးသူ၏ သားကြီး မောင်ချမ်းမြသူမှာ အမေရိကန်နိုင်ငံ ဖလော်ရီဒါ အခြေစိုက် Silver Sea ကုမ္ပဏီမှ Silver Whisper အမည်ရှိ အပျော်စီးကမ္ဘာတစ်သင်္ဘောသားဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေခြိန်ဖြစ်သည်။ သူသင်္ဘော သည် စတက်မည့် ၂၀-၁၂-၂၀၀၇ နေ့တွင် ဆင်ကာပူမှနေ၍ စတင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုသင်္ဘောတွင် ရှစ်လကြာ လုပ်ကိုင်ခဲ့ပြီး နှစ်လခန့်နားခွင့်ပေးသည်။ ထို့နောက် ထိုသင်္ဘောတွင် နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အသစ်သို့ သင်္ဘောပြောင်းတက်ရန် သင်္ဘောပြောင်းတက်ကြောင်းစာရွက်ပြီးနောက် ထိုင်းနိုင်ငံ ဆူဖူအုံကြွမူကြီးဖြစ်ပေါ်ခဲ့လေရာ ထိုဆိပ်ကြီး ပိတ်သိမ်း၍ လေယာဉ်ခရီးစဉ်များ ရပ်နားလိုက်ခဲ့ရလေ၏။ ထို့ကြောင့် သားဖြစ်သူမှာ ပထမကုမ္ပဏီ သင်္ဘောကို စွန့်ခွာလိုက်ရလေသည်။ ထိုအခြိန်က တစ်ရွာလုံးတွင်မှ ကြိုးဖုန်းများ သုံးလုံးမျှသာရှိသေးရာ ရန်ကုန်နှင့် ဖုန်းအဆက်အသွယ်ကိစ္စအတွက် အလွန် ခက်ခဲလှပေသည်။ သားဆီမှ သင်္ဘောတက်ရောက်ရေးကိစ္စနှင့် ပတ်သက်၍ သတင်းမရသည်မှာ တစ်လခန့် ရှိနေပြီဖြစ်သဖြင့် စာရေးသူက သိမ်ထဲရှိ ဆူတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး ထံတွင် အဓိဋ္ဌာန်ဝင်ခဲ့ခြင်းဖြစ်လေသည်။ အရေးကြုံက သက်လုံကောင်းသကဲ့သို့ ဖြစ်သည်။

သို့ဖြစ်ရာ သုံးရက်ခန့်အကြာတွင် သားဆီမှ ကုမ္ပဏီပြောင်း၍ အင်လန် အခြေစိုက် (Cruise & Maritime Services International LTD) ကုမ္ပဏီပိုင် Marco Polo အမည်ရှိ သုတ်သင်္ဘော တက်ရောက်မည်ဖြစ်ကြောင်း ဖုန်းဖြင့် အကြောင်းကြားလာပါသည်။ ပထမတွင် တိုက်ဆိုင်မှုဟု သာမန်ထင်ထားခဲ့သော်လည်း သိမ်တည်ဆောက်ပြီးစီးလုနီး ကြွေပြားခင်းရန်ကိစ္စနှင့်ပတ်သက်၍ ဆရာတော်ထံသို့ ကိုထွန်းထွန်းနှင့် မော်တော်ဆိုင်ကယ်ဖြင့်သွားခဲ့ရပြန်၏။ သားမှာ သင်္ဘောပေါ်သို့ တက်ခွင့်ရသွားသည်မှာ တစ်လခန့်ရှိသော်လည်း သတင်းတစ်စုံတစ်ရာ မကြားရဘဲရှိနေပြန်လေသည်။ ထိုအခါ ဒုတိယအကြိမ်မြောက် သားဆီမှ သတင်းကောင်းကြားလိုကြောင်း အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ပြန်လေသည်။ ကိုထွန်းထွန်းကမူ သူဦးလေးဖြစ်သည့် စာရေးသူကို ပြုံးစေ့စေ့ဖြင့် အမြဲလေ့လာနေလေ့ရှိပါသည်။ တိုက်ဆိုင်မှုမဟုတ်ပါဘဲ ရွာသို့ပြန်ရောက်ပြီး နှစ်ရက်အကြာ ၂-၃-၂၀၀၉ နေ့တွင် ငပလီကမ်းခြေ (Silver Beach Hotel) မှ ကွန်ပျူတာဌာနမှ တပည့်မကလေးက သားဖြစ်သူ သင်္ဘောပေါ်မှ ပေးပို့လိုက်သည့် G-Mail စာရွက်ကို လာပေးပါသည်။ ထိုအခါမှ စာရေးသူနှင့် ဇနီးဖြစ်သူတို့မှာ သားဖြစ်သူ၏ အလုပ်ကိစ္စအတွက် ရင်အေးကြရပြန်လေသည်။ သင်္ဘောခရီးစဉ်ပြီးဆုံး၍ သားကြီးပြန်ရောက်လာသည့်အခါ အဆိုပါအဓိဋ္ဌာန်ပြည့်မြောက်သည့်အကြောင်းကို ပြောပြသည့်အခါ လွန်စွာပင် အံ့ဩသွားလေသည်။ စာရေးသူမှာလည်း အဓိဋ္ဌာန်သုံးကြိမ်အောင်မြင်ခဲ့သဖြင့် ဂုံးစရစ်ကျောင်း သိမ်တော်ကြီးအတွင်း စံပယ်တော်မှ နေသည့် 'ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး' အား လွန်စွာမှ ကြည်ညိုယုံကြည်မိလေတော့သည်။

ဤသို့ဖြင့် ဂုံးစရစ်ကျောင်းရွာရှိ 'ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး' စံပယ်တော်မှသည့်ကွန်ကရစ်အုတ်တိုက် သိမ်တော်ကြီးမှာ မိုးမကျမီတည်ဆောက်ပြီးစီးခဲ့လေသည်။ သိမ်တော်ရေစက်ချပွဲ အတွက် ဂုံးစရစ်ရွာသားများနှင့် စာရေးသူ အပါအဝင် မငယ်လေးတို့မိသားစုသည် ဆရာတော် ဦးနန္ဒသီရိနှင့် မေးမြန်းလျှောက်ထားဆွေးနွေးကြပါသည်။ ရွာသားအများစုက လာမည့် မိုးနှောင်းရာသီ ဆန်ရေစပါးပေါ်သည့်အခါကျမှသာ ရေစက်ချ အမှုဆောင်ပွဲ ပြုလုပ်ရန် တောင်းဆိုကြပါသည်။ ထို့ကြောင့် ကောက်ဦးပေါ်မည့် တန်ဆောင်မုန်းလတွင် စပါးရောင်းချငွေများဖြင့် အလှူငွေထည့်ဝင်ကြရန် ပွင့်ပွင့်လင်းလင်းပြောဆိုကြပါသည်။ ထိုအခါ မငယ်လေးမိသားစုက ဆရာတော်အား ကထိန်သင်္ကန်းလှူဒါန်းမည့်အကြောင်း လျှောက်ထားလေသည်။ ဆရာတော်က လက်ခံသဖြင့် လာမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ကထိန်အလှူပွဲနှင့် သိမ်ဘုရားရေစက်ချ အလှူပွဲတော်ကို ဆင်နွှဲကျင်းပရန် အားခဲထားကြလေတော့သည်။

ထို့ကြောင့် ဘုရားကြီးပြုပြင်၊ သိမ်သစ်တည်ဆောက်ပြီးသည့်နောက် ငါးလအကြာ တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီကပင် ကထိန်အလှူနှင့် သိမ်ရေစက်ချပွဲ အောင်မြင်စွာ ပြီးစီးနိုင်ရေးအတွက် ကိုထွန်းထွန်းနှင့် စာရေးသူတို့မှာ ဂျီတွော်ရွာနှင့် ဂုံးစရစ်ရွာ မိုင်နှစ်ဆယ်အကွာကို မော်တော်ဆိုင်ကယ်ဖြင့် လွန်းပြန်သဖွယ် ကြိမ်တင် ပြင်ဆင် ညှိနှိုင်းလုပ်ဆောင်ခဲ့ရလေသည်။ တန်ဆောင်မုန်းလမပြည့်ခင် အဖိတ်နေ့ကပင် ကြိုတင်ညအိပ်သွားနှင့် ကြရလေသည်။ သိမ်အလှူ ရေစက်ချနှင့် ကထိန်ပွဲတော်သို့ မြို့ပြင်ရွာမှ မြရတနာဆရာတော်ကြီး ဦးဝိမလကိုယ်တိုင် ကြွရောက်တော်မူလေသည်။ ညောင်ဝိုင်းဆရာတော် ဦး (×××) နှင့် ဓမ္မသုခကျောင်းဆရာတော်ဦးတိက္ခ၊ ငပလီတပ်ဦးကျောင်းဆရာတော် ဦးအဂ္ဂတို့ပါ ကြွရောက်တော်မူခဲ့လေသည်။ လသာသာညခင်းတွင် ကျေးရွာဓလေ့အလိုက် ဝိဒိယိုဇာတ်ကား မိုးအလင်းပြသလေသည်။ စာရေးသူနှင့် ကျောင်းတိုက်အသိုးသီးမှ ဘုန်းကြီးနောက်ပါဒကာတို့က သိမ်တော်ကြီးအတွင်း စခန်းချကြသည်။ လပြည့်နေ့နံနက်တွင် အရုဏ်ဆွမ်းကပ်ခြင်း၊ နံနက်ကိုးနာရီတွင် ကထိန်သင်္ကန်းကပ်လှူခြင်း၊ နံနက်ဆယ်နာရီတွင် သာဓုအနုမောဒနာတရား နာကြား၍ ရေစက်ချ အမှုဆောင်ပွဲ ပြီးမြောက် အောင်မြင်ခဲ့လေသည်။ ကထိန်အလှူပွဲလာသူများကို မငယ်လေးက ဇလွန်ဆရာတော်ကြီး 'ဦးသုဇာတ' ၏ မပုပ်မသိုးသည့် ချပ်ကလာပ်တော်အား လိုက်ပို့ဖူးမြော်စေလေသည်။

စာရေးသူသည် အခါအခွင့်ရရှိတိုင်းမလွတ်စေဘဲ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညက သိမ်တော်ထဲတွင် မိမိ၏ စာပေရေးသားမှုအတွက် အဓိဋ္ဌာန်တင်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်မှစတင်၍ ယနေ့တိုင်အောင်ပင် သူရဇ္ဈ၊ နက္ခတ္တ၊ ရောင်ပြန်၊ လပြည့်ဝန်း၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းများတွင် အဆက်မပြတ် စာပန်းဆင် အောင်မြင်လျက်ရှိနေပါကြောင်းနှင့် သံတွဲမြို့ သို့ရောက်ရှိခဲ့ပါက သံတွဲမှ လွန်ရွာမရောက်မီ မဲနယ်ကွင်းရွာအရှေ့ဘက်ရှိ ဂုံးစရစ်ရွာသိမ်တော်ကြီးအတွင်း စံပယ်လျက်ရှိသည့် 'ဆုတောင်းပြည့် လာဘသိဒ္ဓိဘုရားကြီး' အား ဖူးမြော်အဓိဋ္ဌာန်ဝင်နိုင်ပါကြောင်း လမ်းညွှန်ရေးသားလိုက်ရပါတော့သည်။

ဒွေချို့အောင် (ငပလီ)

www.burmeseclassic.com

www.burmeseclassic.com



(ဆန်းဘုရော)

ဦးတင်ဝင်း

ချစ်ဖို့

(မော်ကွန်း)

ချစ်ဖို့ကောင်းတဲ့ချစ်ဖို့

စာမရေးဖြစ်တာကြာပြီ။ စာစပြီး ပြန်ရေးတော့ ဘာရေးရမှန်းမသိဘူးဖြစ်နေတယ်။ ရေးချလိုက်ရင် စာတော့ဖြစ်သွားမယ်။ ဒါပေမယ့် လူတွေကို အကျိုးပြုတဲ့စာဖြစ်ဖို့လိုတယ်မဟုတ်လား။

ဒီလိုနေနေရင်းနဲ့ လွန်ခဲ့တဲ့ (၄၁) နှစ်က သူငယ်ချင်းတစ်ယောက်ရဲ့စာအိမ်ကိုရောက်လာပါတယ်။ သူ့အမည်အရင်းက ဦးချစ်ဖို့ပါ။ သူနဲ့ခင်မင်ခဲ့တာ နှစ်ပေါင်း (၄၀) ကျော်ပြီ။ တစ်လောက သူဖုန်းနံပါတ်ရလို့ သူ့ဆီဖုန်းဆက်လိုက်တယ်။ ဘာတွေလုပ်နေသလဲပေါ့။ သူက မော်ကွန်းမှာနေပြီး အုန်းသီးညှစ်သည်၊ ခြစ်သည်လုပ်နေပါတယ်တဲ့။

ဦးချစ်ဖို့အကြောင်းကိုပြောရရင် လွန်ခဲ့တဲ့ အနှစ် (၄၀) ကျော်က သူ မော်လမြိုင်ကိုရောက်လာပါတယ်။ အဲဒါက သူ့ဘွဲ့ရရချင်းရောက်လာတာပါ။ မော်လမြိုင်ပတ်ဝန်းကျင်မှာ တရားရှာဖို့ လာတယ်ပြောပါတယ်။ အမှန်တရားဆိုတာဘာလဲ။ သစ္စာတရားကဘာလဲ။ သူသိပ်သိချင်လွန်းလို့ ရောက်လာတာလို့ ပြောပါတယ်။

စာရေးသူလည်း အသိဉာဏ်တစ်ထွာတစ်မိုက်နဲ့ အကြံပေးလိုက်ပါတယ်။ မိုးကုတ်ဝိပဿနာကို လမ်းညွှန်လိုက်ပါတယ်။ ပထမပိုင်းတော့ ရိပ်သာပေါင်းစုံဝင်ပြီး တရားရှာပါတယ်။ နောက်ပိုင်းတော့ မိုးကုတ်ဝိပဿနာနဲ့ အဆင်ပြေသွားတယ်လို့ ပြောပါတယ်။

နှစ်ပေါင်း(၄၀)ကျော် တရားထိုင်ခဲ့တဲ့အတွေ့အကြုံကို သူစာရေးထားတယ်တဲ့။ ခေါင်းစဉ်က **ကျွန်တော်သိသော ဝိပဿနာ** လို့ အမည်ပေးထားပါတယ်။

စာတော့တော်တော်ရှည်ပါတယ်။ လက်ရေးမူနဲ့ရေးထားတော့ တချို့စာတွေ သိပ်မကွဲဘူး။ ဆောင်းပါးခေါင်းစဉ်က **ချစ်ဖို့ကောင်းတဲ့ချစ်ဖို့** လို့ အမည်ပေးထားတော့ ဘာကိုချစ်ဖို့ကောင်းသလဲဆိုတဲ့ မေးစရာရှိလာပါတယ်။ နှစ်ပေါင်း (၄၀) ကျော် ဝိပဿနာတရားအားထုတ်ခဲ့ပြီးယခုလည်း ဆက်ပြီးတရားအားထုတ်နေတာ ချစ်ဖို့ဘယ်လောက်ကောင်းသလဲ။ စာရေးသူတို့ တစ်နေ့ကို ဘယ်လောက်ကြာအောင် တရားအားထုတ်ဖြစ်သလဲ ကိုယ့်ကိုယ်ကိုယ်ပြန်ဆန်းစစ်ကြည့်တော့ အများကြီးလိုနေတာတွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် နှစ်ပေါင်း (၄၀) ကျော် [illegible] ခဲ့တဲ့၊ တရားအားထုတ်ခဲ့တဲ့ [illegible] ဝိပဿနာ ကို အောက်တွင် [illegible] လိုက်ပါတယ်။

[illegible]ဆိုတာဘာလဲ

မြတ်စွာဘုရားသခင်ကိုယ်တော် [illegible] လက်ယာတော်ရဲ့ ပညာအရာ [illegible] မြတ်စွာဘုရားကလွဲရင် အသာဆုံး၊ [illegible]ဆုံး၊ စောဒက်ဘွဲ့ထူးရတော်မူတဲ့ [illegible] သာရိပုတ္တရာရဟန္တာမထေရ်မြတ် [illegible] ကြားချက်အရ -

ဝိပဿနာဆိုတာ ကိုယ့်စိတ်ကို [illegible] စောင့်ကြည့်တာ ဝိပဿနာပါတဲ့။ အင်မတန်မှတ်သားလိုက်နာဖွယ် [illegible] အဆုံးအမပါပဲ။

ကိုယ့်စိတ်ကိုကိုယ်စောင့်ကြည့်ဆို [illegible] အပြောကတော့လွယ်တယ်။ ဘယ် [illegible] စောင့်ကြည့်ရမှာလဲ။ စောင့်ကြည့်ရ [illegible] ဆိုတဲ့ ကိုယ့်စိတ်လို့ပြောတဲ့အရာကို [illegible] ကြည့်လို့မြင်ရသလား။

ဒီတော့ ဦးစွာပထမ မိမိစောင့် [illegible] ကြည့်ရမယ့်စိတ်နဲ့သဘောလက္ခဏာကို [illegible] သိထားဖို့လိုတယ်။ သဘောလက္ခဏာ [illegible] သိထားမှ မြင်အောင်ကြည့်လို့ရမယ်။ [illegible] စောင့်ကြည့်တတ်မှာ ဖြစ်ပါတယ်။ [illegible] ပေးတဲ့မျက်စိ (၀၂) ပကတိမျက်စိ [illegible] မြင်ရဘူးပေါ့။ ဉာဏ်မျက်စိ [illegible] ထူးမျက်စိနဲ့မှမြင်ရမယ်၊သိရမယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက [illegible] ဟောကြားထားခဲ့တယ်။

စိတ်ဆိုတာ အာရုံနဲ့ ဒွါရ တိုက် [illegible] ဆိုင်မှ ဖြစ်ပေါ်လာတာတဲ့။ အာရုံက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိ [illegible] ရာ ကြုံတွေ့စရာဆိုပြီး (၆) ပါးရှိသလို [illegible] မှောက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ [illegible] ဆိုပြီး (၆) ပါးရှိတယ်။ ဆိုင်ရာဒွါရ [illegible] ဆိုင်ရာအာရုံကလာတိုက်မိပြီး ဖဿ [illegible] သဘောအရ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ [illegible] စိတ်၊ တွေ့ထိစိတ် (၀၁) ယားနာ [illegible] ကောင်းစိတ်၊ ကြုံတွေ့စိတ်ဆိုပြီး (၆)ပါး [illegible] လာတယ်။ အခြေခံအားဖြင့် ဒီစိတ် (၆) မျိုးရှိသည့်အနက် တစ်မျိုးမျိုးက [illegible] အမြဲဖြစ်ပေါ်နေမှာပဲ။ ဝိပဿနာ [illegible] မှာ အထူးသဖြင့် စိတ္တာနုပဿနာလို့ [illegible] တဲ့စိတ်ကို ရှုရာမှာ ဒီစိတ် (၆) မျိုး [illegible] အနက် တစ်မျိုးမျိုးအပေါ် မှာအာရုံပြုပြီး [illegible] တ်မွားများနေရမှာဖြစ်ပါတယ်။

ဒါကြောင့် ဆရာတော်ဘုရားကြီး [illegible] ဒွါရ (၆) ပါးကို အခံတတ် (၆) ပါး၊ အာရုံ (၆) ပါးကို အတိုက်ဓာတ် (၆) ပါးနဲ့ စိတ် (၆) ပါးကိုတော့ အပွင့်ဓာတ် (၆) ပါးဆိုပြီး ဓာတ် (၁၈) ပါးအဖြစ် ဟောကြားခဲ့ပါတယ်။

လူပုဂ္ဂိုလ်တိုင်း ယခုဆိုခဲ့တဲ့စိတ် (၆) မျိုးဟာ ဘဝင်စိတ်ဖြစ်ပေါ် နေချိန်မှ လွဲ၍ အချိန်တိုင်းမှာ ဝီထိစိတ်အစဉ် အဖြစ် အမြဲပေါ်တယ်လို့ အဘိဓမ္မာက ပြန်ဆိုထားပါတယ်။ ဒါကိုသတိမထား စောင့်မကြည့်ရင် မသိမြင်နိုင်။ သတိနဲ့ ပညာပေါင်းပြီးကြည့်မှ ဒီသဘောတွေကို မြင်သိနိုင်မှာ ဖြစ်ပါတယ်။

ပုထုဇဉ်တို့၌ ခန္ဓာအစဉ်မှာ အမြဲ ဖြစ်ပေါ် နေတဲ့ စိတ်အစဉ်ကို မဖြစ်ပါနဲ့ တားထားလို့မရဘူး။ ရပ်ထားလို့လည်း မရဘူး။ တစ်စိတ်ပြီးရင် နောက်တစ်စိတ်၊ ဒီစိတ်မဟုတ်ရင် နောက်စိတ်တစ်ခုက အမြဲအစဉ်ဖြစ်ပေါ် နေတာ။ ဖြစ်ပြီးတော့ တည်တဲ့နေသလားဆိုတော့ ခဏလေး တောင်မတည်ဘူး။ ဉာဏ်နဲ့ကြည့်လိုက်တာနဲ့ မရှိတော့တာဘဲ တွေ့ရတယ်။ တကယ်ဆိုရင် အကြည့်မခံဘူးလို့တောင် ဆိုနိုင်တယ်။ ရှေ့ကပေါ် တဲ့စိတ်က ချုပ်သွားတယ်။ ပျောက်သွားတယ်။ တစ်စ တောင်မကျန်ဘူး။ ကျန်ခဲ့တယ်လို့ထင်ရင်လည်း အဲဒီအထင်စိတ်ဆိုတာကိုက တွေးတောကြံစည်တဲ့နောက်ထပ်စိတ်ပဲ ပေါ့။ ဒီလိုနဲ့ နောက်တစ်စိတ် ထပ်ဖြစ်လိုက်၊ အဲဒီစိတ်ကလည်း ပျောက်သွားလိုက်နဲ့ ဒီဘဝအတွက် ပဋိသန္ဓေစိတ်က နေစလိုက်တာ နောက်ဆုံးစုတိစိတ်အထိ တစ်ဘဝတာလို့သတ်မှတ်ကြတယ်ပေါ့။ တကယ်တော့ ဒီစုတိစိတ်ကလည်း ပြီးသွားပြီလား၊ ပြတ်သွားပြီလားဆိုတော့ မပြီးသေး၊ မပြတ်သေးပါဘူး။ အရုတ္တမဂ်နဲ့ မဖြတ်နိုင်သရွေ့ နောက်တစ်ဖန် ပဋိသန္ဓေစိတ်ကိုဖြစ်စေပြန်ရော။ ဒီလိုနဲ့ သံသရာဆိုတဲ့ဘဝဖြစ်စဉ်တန်းက ရှည်ကြာခဲ့ကြရတယ်။ နောင်ဘယ်လောက် ကြာအောင်ဆက်ရဦးမလဲဆိုတာလည်း ခန့်မှန်းလို့မရပေဘူး။

လောကသုံးပါးမှာ ရုပ်တရားအစု နှင့် နာမ်တရားအစုသာရှိကြောင်း သုတမယဉာဏ်ဖြင့် သိရပေတယ်။ မိမိကိုယ်တိုင် တရားအလုပ်အပေါ် စူးစိုက်အားထုတ်ရင်လည်း ရုပ်သဘောနဲ့ နာမ်သဘောမှတစ်ပါး အခြားမရှိဆိုသည်ကို ခိုင်မာစွာ သဲ့ဝင်ယုံကြည်လာရတယ်။ မိမိစိတ်ကို သတိဖြင့်စောင့်ကြည့်ပါက ပိုမိုထင်ရှားစွာ သိမြင်လာရပေတယ်။

နေ့စဉ် ပြုမူပြောဆို လုပ်ကိုင် ဆောင်ရွက်မှုများဖြစ်တဲ့ ကာယကံမှု ဝစီကံမှုများမဖြစ်ပေါ် မီ မနောကံဆိုတဲ့စိတ် (၀၁) နောက်တရားက ဦးစွာပေါ် ပေါက်လာတယ်။ တစ်နည်းအားဖြင့် စေတနာဟူသော စေတသိက်တရားငါးလုံးဆော်မှုကြောင့် သခ်ါရတရားအစုများဖြစ်ပေါ်လာသည်မှာ ထင်ရှားလှတယ်။ နှုတ်က မပြောမီ၊ ကိုယ်ခန္ဓာက တစ်စုံတစ်ရာ လှုပ်ရှားမှုမပြုမီ ပြောလိုတဲ့၊ စိတ်လှုပ်ရှားလိုတဲ့စိတ်က ဦးစွာပေါ် ပေါက်လာတယ်။ ဒါကို သတိဖြင့်စောင့်ကြည့်လိုက်ပါက သိမြင်နိုင်တယ်။ တစ်ခါတစ်ရံ ပြောမယ်လို့ စိတ်ကဦးစွာပေါ် လာပြီးမှ စောင့်ကြည့်တဲ့သတိကပေါ် လာလို့ မပြောဖြစ်တဲ့အခါများလည်း ကြုံတွေ့ဖူးပေတယ်။

မြတ်ဗုဒ္ဓကလည်း **စိတ္တေန နီယတီ လောကော** လို့ ဟောကြားထားခဲ့ပေတယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက လည်း စိတ်ကို ငကျိုးအဖြစ် လည်းကောင်း၊ ရုပ်ကို ငကန်းအဖြစ် လည်းကောင်း တင်စားဟောကြားထားခဲ့ပေတယ်။ ခရီးတစ်ခုကိုသွားရာ၌ ခြေလက်အကောင်းပကတိရှိသော်လည်း မျက်စိမမြင်သောကန်းက ခြေ၊ လက်ကျိုးနေသောငကျိုးကို ကျောပေါ် တင်၍ ငကျိုးညွှန်ပြသည့်အတိုင်းသွားရပေသကဲ့သို့ စိတ်၏လမ်းညွှန်မှုအတိုင်း ရုပ်ကလှုပ်ရှားပြုမူရခြင်း ဖြစ်ပေတယ်။

စိတ်တို့ရဲ့ သဘောလက္ခဏာကို အလွယ်တကူရိပ်စားမိစေဖို့ ဦးစွာပထမ အာရုံကြမ်းနဲ့တိုက်မိလို့ ဖြစ်ပေါ် လာတဲ့ ကြမ်းတမ်းတဲ့စိတ်ကို သတိပြုမိအောင် ကြိုးစားရပါမယ်။ အကဲခတ်ကြည့်ရပါမယ်။ အလေ့အကျင့်နည်းသေးတဲ့သူ တစ်ဦးအဖို့ တရားထိုင်ပြီး **ရှုမှတ်**တဲ့အခါ နူးညံ့တဲ့အာရုံဖြစ်တဲ့ ဝင်လေ ထွက်လေတို့ရဲ့ တိုးထိမှုသဘောလေကိုသိဖို့ရာ အနည်းငယ်ခဲယဉ်းတတ်ပါတယ်။ အာရုံကြမ်းကြောင့်ဖြစ်ပေါ် လာတဲ့ ကြမ်းတဲ့စိတ်ကိုသိဖို့ရာက အတန်ငယ် လွယ်ကူပါတယ်။ တစ်နည်းအားဖြင့် စိတ်ကြမ်းသည် **အာရုံကြမ်းကို**သာမိနိုင်သလို နူးညံ့တဲ့စိတ် ဟူသောင်းတဲ့စိတ်ကသာ နူးညံ့ ဟူသောင်းတဲ့အာရုံသဘောကို ဖမ်းမိနိုင်မှာ ဖြစ်ပါတယ်။

အာရုံကြမ်းကို သိနိုင်ဖို့ အလွယ်ဥပမာအားဖြင့် ဆိုရရင် ရေချိုးတဲ့အခါမှာ ရေခွက်ကိုကိုင်မယ်၊ ရေကိုခပ်မယ်၊ လောင်းမယ်ဆိုတဲ့ ပြုမူလှုပ်ရှားမှုတို့မှာ သတိထားကြည့်လိုက်လျှင် တွေ့ထိမှု

www.burmeseclassic.com

www.burmeseclassic.com

အာရုံကြမ်းကို မြင်သိနိုင်ပါမယ်။ ထိမှ သဘော၊ အေးမှသဘောကို သိမယ်၊ ထိသိစိတ်ဖြစ်တယ်ပေါ့။ ဒါကို အကဲခတ်မိရင် တရားထိုင်တဲ့အခါ နှာသီးဖျားကို တိုးဝင်၊ တိုးထွက်တဲ့လေရဲ့အေးမှု၊ နွေးမှု၊ ထိသိမှုသဘောဆိုတဲ့ နူးညံ့တဲ့ အာရုံသဘောလေးတွေကို သိမြင်နိုင်ပါတယ်။ တရားရှုမှတ်တယ်၊ တရားအားထုတ်တယ်၊ တရားထိုင်တယ်စသဖြင့် ဘယ်လိုပဲခေါ်ခေါ် Sensation ဆိုတဲ့ အာရုံသဘောကလွဲလို့ မတွေ့သိနိုင်ပေ။

နှာသီးဖျားမှာ ရှူထုတ်လိုက်၊ ရှူသွင်းလိုက်လုပ်နေတဲ့ ဝင်လေ၊ထွက်လေတို့ရဲ့ ထိသိမှုသဘောကို အာရုံပြုသိနေရင်း စိတ်က ဒီနေရာမှာ အမြဲသိနေချင်မှ နေမယ်။ တွေးတော ကြံစည် စိတ်ထွေပတ်ဝန်းကျင်ကအသံတွေကြားပြီး အဲဒီဘက်ကို ရောက်ချင်ရောက်သွားမယ်။ ဒီလို ပျံ့လွင့်တယ်ဆိုတာ စိတ်တို့ရဲ့သဘာဝပါပဲ။ ပျံ့လွင့်တဲ့စိတ်ကို ပျံ့လွင့်နိုင်ကောလို့ အပြစ်မမြင်ရပါဘူး။ အပြစ်တင်မိရင် စိတ်ထဲမှာ ဒေါသသဘောဝင်လာတာမို့ ရှုမှတ်နေတဲ့စိတ်က နည်းနည်းကြမ်းသွားတယ်။ အဲဒီလိုပြောင်းလဲသွားတဲ့ ပျံ့လွင့်သွားတဲ့ အာရုံသဘောကိုပဲ မိအောင်သိနေဖို့ပါ။ အာရုံအပေါ်မှာ လိုက်မသွားဖို့၊ မျှောမသွားဖို့တော့ လိုတယ်ပေါ့။ သိတယ်ဆိုရုံမျှသိနေဖို့ပါပဲ။ ပြီးရင် ကြည့်စရာမရှိရင် မူလစောင့်ကြည့်မြဲဖြစ်တဲ့ ဝင်လေ၊ ထွက်လေတို့ရဲ့ သဘောအာရုံကိုပဲ ပြန်ကြည့်၊ ပြန်သိနေဖို့ပါပဲ။ ဒီလိုနဲ့ လုံးလည်လိုက်နေတာပါပဲ။

စိတ်ဆိုတဲ့သဘောက အဲဒီရောက်နေတဲ့ရနေတဲ့ အာရုံအပေါ်ကို စူးစိုက်ကြည့်တာနဲ့ အကြည့်မခံဘူး။ နောက်ထပ်အာရုံတစ်ခုပေါ် လာပြန်ရော။ ပထမကြည့်နေတဲ့အာရုံက ဘယ်ရောက်သွားလဲ။ မမြင်လို့ပေါ့။ ပျောက်သွားတယ်။ ချုပ်သွားတဲ့သဘောကို တွေ့နေရတယ်။ ပထမစိတ်တစ်ခုပေါ် လာလိုက်၊ မရှိလိုက်၊ နောက်စိတ်တစ်ခုပေါ် လာလိုက်၊ မရှိတဲ့သဘောကိုပဲ အကဲခတ်မိတယ်။ သိနေတယ်။

ဘယ်အာရုံကိုကြည့်ကြည့် တည်တံ့မှုမရှိသလောက် မခိုင်မြဲတဲ့သဘောကိုပဲ သိမြင်နေတယ်။ အဲဒီအသိကိုပဲ အနိစ္စလက္ခဏာလို့ ခေါ်ရမယ်ပေါ့။ ဖြစ်ပျက်မြင်တယ်လို့ ဆိုရမယ်ပေါ့။ ဒီသဘောကို စိတ်ရှည်ရှည်နဲ့ဆက်ကြည့်ဆက်သိနေရမယ်ပေါ့။

ထိုင်ခြင်းက္ကရိယာပုတ်နဲ့ အချိန်ကြာလာရင် ခန္ဓာကိုယ်တစ်နေရာက အထူးသဖြင့် ခြေသလုံးက တင်းမှု၊ ညောင်းမှု စတဲ့ ကာယိကဒုက္ခဝေဒနာလည်း ပေါ် ပေါက်ခံစားရမယ်။ ခံစားတယ်ဆိုတာ ဝေဒနာပေါ့။ ခံစားတယ်ဆိုတဲ့ သဘောကလည်း သိတယ်ဆိုတဲ့ စိတ်ရဲ့သဘောနဲ့ ဖြစ်တူပျက်တူပါပဲ။ ခံစားမှု ဆိုတာလည်း သဘောကလေးပဲ ရှိတာပါ။ ခန္ဓာတို့ရဲ့ သဘောလက္ခဏာ တစ်ရပ်ပါပဲ။ သူ့သဘောကလေးပဲရှိတာပါ။ ခန္ဓာတို့ရဲ့သဘောလက္ခဏာတစ်ရပ်ပါပဲ။ သူ့သဘောသူဆောင်ပြီး သူ့အလိုလို ဖြစ်ပေါ် ပြောင်းလဲနေတာပဲ။ သေချာစွာစိုက်ပြီးကြည့်ရင် တစ်လုံးတစ်ခဲတည်း တစ်စုတည်းမဟုတ်ဘဲ တစ်စစီဖြစ်ပေါ် ပြောင်းလဲနေတာဆိုတာ ဉာဏ်နဲ့မြင်သိလာပါတယ်။ ခံစားတဲ့သဘောပဲဖြစ်ဖြစ်၊ သိတယ်ဆိုတဲ့သဘောပဲဖြစ်ဖြစ်၊ ဉာဏ်နဲ့ဝေဖန်ပြီးခို်နိုင်ကြည့်လိုက်ရင် ငါ ခံစားနေတာ၊ ငါသိနေတာမဟုတ်ဘဲ ခံစားတတ်တဲ့ သဘောပဲရှိတာ၊ သိတတ်တဲ့သဘောပဲရှိတယ်ဆိုတာ ရိပ်စားမိလာပါလိမ့်မယ်။

ဝိပဿနာ ရှုပ္ပွားတယ် ဆိုတာ ပေါ် တဲ့အာရုံကိုစောင့်ကြည့်တတ်ဖို့ပါပဲ။ ပေါ် တဲ့အာရုံကလည်း အထူးအဆန်းမဟုတ်ပါဘူး။ ရိုးရိုးလေးပါပဲ။ ရှုကြည့်တယ်၊ စောင့်ကြည့်တယ်ဆိုတဲ့ စိတ်ကလည်း အတွေးအတောမပါဘဲ ဆင်ခြင်မှု၊ ဝေဖန်သုံးသပ်မှုမပါဘဲ ပကတိအသိစိတ်သိချင်တယ်။ သိလိုတယ်ဆိုတဲ့ စိတ်နဲ့ စောင့်ကြည့်နေဖို့ပါပဲ။ အာရုံနောက်ကို လိုက်မသွားမိဖို့တော့လိုတာပေါ့။ မြီးကုတ်ဆရာတော်ဘုရားကြီးအဆုံးအမအတိုင်းဆိုရင် မျောက်တစ်ကောင်ကို စောင့်ကြည့်နေသလိုမျိုး၊ သစ်တုံးတစ်တုံးကို လွှဲနဲ့ဆွဲပြီးဖြတ်တဲ့အခါ လွှသွားရာနောက်ကို မလိုက်ဘဲ လွှအသွားနဲ့ သစ်တုံးနဲ့ထိပြီးဖြတ်သွားတဲ့နေရာကလေးကိုပဲ ကွက်ပြီးကြည့်နေတတ်ဖို့ပါပဲ။

အဆန်းတကြယ်အာရုံပုံသဏ္ဌာန်နိမိတ်တွေအနောက်ကို လိုက်နေရင် ဝိပဿနာခရီးအတွက် အနှောင့်အယှက်တွေဖြစ်လို့ ခရီးကြာမယ်၊ လမ်းရှည်မယ်။

အရေးကြီးတာက သတိနဲ့ပညာပါပဲ။

ပညာနဲ့ယှဉ်တဲ့ သတိနဲ့ စောင့်ကြည့်တတ်ဖို့ပါပဲ။

ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမအရ ရှေ့စိတ်ကို နောက်စိတ်နဲ့ကြည့်ပါပဲ။ ရှေ့အသိကို နောက်အနေနဲ့ကြည့်တာတဲ့။ ရှေ့အသိဆိုတာ ရှေ့ကဖြစ်ပျက်၊ နောက်အနေဆိုတာ နောက်က ရှုကြည့်တဲ့မင်၊ ဝိပဿနာမင်တဲ့။

ဒါကို ဘယ်လိုသဘောပေါက်သလဲဆိုတော့ -

ရှေ့စိတ်ဆိုတာက မမြဲတဲ့စိတ်၊ ပျောက်သွားတဲ့စိတ်၊ အဲဒီ မမြဲတဲ့စိတ်၊ ပျောက်သွားတဲ့ သဘောကလေးကို သိနေတာက နောက်စိတ်ကသိလိုက်တာ၊ အဲဒီလို သိလိုက်တဲ့နောက်စိတ်ကလည်း မမြဲဘူး။ သူလည်းသိပြီးတာနဲ့ မရှိပြန်ဘူး၊ အဲဒီလိုပျောက်သွားတယ်။ မရှိပြန်ဘူးလို့ သိတဲ့နောက်စိတ်ကိုလည်း နောက်ထပ်ပေါ် လာတဲ့စိတ်နဲ့ ကြည့်ပြန်တော့ မရှိတော့ဘူးလို့ သိလိုက်ပြန်ရော။ အဲဒီလို မရှိဘူး၊ မရှိဘူးလို့ နောက်က သိသိနေတဲ့စိတ်က မင်စိတ်ပေါ့။ ဒီလိုနဲ့ အပျက်သဘောကိုသိနေတဲ့စိတ်၊ မမြဲတဲ့သဘောကို ဆက်စပ်ပြီးသိနေတဲ့ ဝိထိစိတ် အစဉ်တန်းကြီး ဆက်တိုက်ဖြစ်နေတာကို ဖြစ်ပျက်ကို မြင်သိနေတယ်လို့ ဆိုရမယ်ပေါ့။

ဒီနေရာမှာ သတိထားစရာအနေကြီးတဲ့အချက်ရှိပါတယ်။

သဘောမပေါက်ခင်တုန်းက ပျက်တဲ့စိတ်က ပျက်နေပြီး စောင့်ကြည့်တဲ့စိတ်ကတော့ မပျက်ဘဲ တည်တံ့နေသယောင်ထင်မိတယ်။ ငါက စောင့်ကြည့်နေတယ်၊ ငါသိနေတယ်လို့လည်း ထင်တယ်။ တကယ်တော့ ငါကစောင့်ကြည့်နေတယ်လို့ထင်ရတဲ့ အဲဒီငါသဘောဆိုတာကလည်း မရှိတာဘဲသိနေတယ်။

ဉာဏ်နဲ့ သုံးသပ်ကြည့်တော့မှ သိနေတယ်ဆိုတာလည်း သဘောကမျှသာပဲ။ ပျက်သွားတယ်ဆိုတာလည်း ရှိရာက မရှိတဲ့သဘောမျှသာဘဲ။ အားလုံးဟာ သဘောမျှသာပဲလို့ သိလာတယ်။

ဆရာတော်ကြီး ဟောကြားထားတာကလည်း 'ရှေ့စိတ်ကအနိစ္စ၊ နောက်စိတ်ကသခ်ါရ' တဲ့။ ရှုကြည့်သမျှ သိသမျှ အရာခပ်သိမ်းဟာ လက်ညှိုးထိုးပြစရာ မည်မည်ရရမရှိဘဲ သဘောမျှသာပဲလို့ သိလာရတယ်။

စိတ်, စေတသိက်၊ ရုပ်, နိဗ္ဗာန်ခေါ်တဲ့ ပရမတ်တရားတွေကို ပညာဖြစ်တဲ့ စကားအသုံးအနှုန်းနဲ့ပြောပြရုံနဲ့ သဘောပေါက် သိနားလည်မလွယ်ကူလှပါ။ ဉာဏ်အသုံးပြုစ

www.burmeseclassic.com

www.burmeseclassic.com

အကြောင့် ကိုယ်ပိုင်ဉာဏ်အသိနဲ့ ခံစားကြည့်မှ ဉာဏ်အသိအဖြစ် သဘောပေါက်နိုင်ပါတယ်။

အလွယ်ဆုံး ဥပမာပြောရရင် ဒုးရင်းသီးကို စားဖူးတဲ့သူက ဒုးရင်းသီးက ချိုလိုက်တာ၊ အရသာရှိလိုက်တာလို့ ပြောရင် ဒုးရင်းသီးကို မစားဖူးတဲ့သူအဖို့ ဒုးရင်းသီးရဲ့အရသာကို သိနားလည်ဖို့ ခက်မယ်ပေါ့။ ကိုယ်တိုင်စားပြီး ကိုယ်တိုင်ခံစားသိနဲ့သိမှ ပိုပြီးသဘောပေါက်မှာပေါ့။ ဒီထက်ပိုပြီး နက်နဲသိမ်မွေ့တဲ့ အရသာတရားသဘောကို သိဖို့ဆိုတာ ဉာဏ်နဲ့ခံယူပြီးမှ သိနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ဉာဏ်လို့ဆိုသည်မှာ ပညာနဲ့ ယှဉ်သိသော အသိဉာဏ်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ဝိပဿနာတရားအလုပ်အားထုတ်သောအခါ စိတ်လေ့ကျင့်ခန်းတစ်မျိုးလို့ ယူဆရင် မမှားပါဘူး။ စိတ်ဆိုတာ အာရုံခံနေတတ်တာ။ အာရုံမှာသာပျော်မွေ့တာ။ အထူးသဖြင့် မကောင်းတဲ့အာရုံမှာ ပိုပြီးပျော်မွေ့ကျက်စားလေ့ရှိတယ်။ ဒါကြောင့် **စိတ္တံ** - စိတ်တို့သည်၊ **ဒုဩ** - မကောင်းမှု၌၊ **ရမတိ** - မွေ့လျော်ကြောင်းလို့ ဟောခဲ့တာပေါ့။

ဒီလို မကောင်းတဲ့ကိလေသာလို့ ခေါ်တဲ့အာရုံတွေမှာ ပျော်မွေ့ချင်တဲ့ စိတ်ကို အပြစ်ကင်းတဲ့အာရုံတစ်ခုခုမှာ ပျော်မွေ့အောင် အလေ့အကျင့်လုပ်ပေးခြင်းတစ်မျိုးပါပဲ။

ဒီတော့ တရားအလုပ်အားထုတ်သော်မယ်ဆိုရင် ပြင်ပအာရုံတွေနဲ့ဝေးပြီး တိတ်ဆိတ်ငြိမ်သက်တဲ့နေရာတစ်ခုခုကို ရွေးချယ်ရတော့မယ်။ လူပတ်ဝန်းကျင် လောကီစီးပွားရာဖွေနေရတဲ့သူအဖို့ တိတ်ဆိတ်ငြိမ်သက်တဲ့နေရာကို ရှာဖို့လွယ်ပါ့မလား။ ရပြီပဲထားဦး၊ ဒီအခန်းအချိန်မပေးနိုင်ရင် အားထုတ်လို့မရတော့ဘူးလား။

ဝိပဿနာတရားဆိုတာ အားထုတ်တတ်ပြီ၊ ပွားများတတ်ပြီဆိုရင် အချိန်၊ နေရာမရွေး အားထုတ်လို့ရပါတယ်။ ဣရိယာပုတ်လေးပါးစလုံးမှာသည်းအားထုတ်လို့ရပါတယ်။

ဝိပဿနာအလုပ်အပါးမဝေးဆင်တော့ တတ်သိနားလည်တဲ့ ဆရာသမားကောင်းတစ်ဦးဦးထံမှာ အမှီအောင်းရှာပြီး စနစ်တကျ အချိန်ယူပြီး လေ့လာသင်ယူရမယ်။ ဆရာသမားရဲ့ အဆုံးအမကို တစ်သဝေမသိမ်းခံယူပြီး လေ့ကျင့်ရမယ်။ သက်ရှိထင်ရှားပြသနိုင်မယ့် ဆရာသမားမတွေ့ရသေးရင်လည်း သူတော်ကောင်း ပညာရှိတွေ ပြုစုထားတဲ့ လက်တွေ့အားထုတ်နိုင်တဲ့ နည်းလမ်းကောင်းတွေ ဖော်ပြထားတဲ့ တရားစာအုပ်တွေ၊ အသံတရားတော်တွေဟာလည်း မှီခိုအားထုတ်ရမယ့် ဆရာသမားကောင်းတွေပါပဲ။

မည်သည့်အလုပ်ပဲဖြစ်ဖြစ် စိတ်ပါဝင်စားရင်၊ ဆန္ဒရှိရင် အချိန်နဲ့နေရာဟာ ပြဿနာမရှိတော့ပါ။ အချိန်ကိုလည်း ယူတတ်လာတယ်။ နေရာကိုလည်း အသုံးချတတ်လာပါတယ်။ လူတွေမှာ ဘာမှအကျိုးမရှိတဲ့အလုပ်တွေနဲ့ မိမိတို့ရဲ့အချိန် တစ်နည်းအားဖြင့် ဘဝဆိုတာလည်း အချိန်နှင့် ပိုင်းခြားသတ်မှတ်ထားတာပါပဲ။ ဒီဘဝဆိုတဲ့ အချိန်တွေကို အကျိုးကျိုးရှိရှိ အသုံးမပြုဘဲ ဖြုန်းနေတယ်ဆိုတာ သိလာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဝိပဿနာအလုပ်အပါးဝသွားပြီဆိုရင် အိပ်ပျော်သွားလို့ ဘဝင်စိတ်ကျသွားသည့်အချိန်မှလွဲလို့ အချိန်တိုင်းမှာ နှလုံးသွင်းလို့ရပါတယ်။ အဲဒီလို နှလုံးသွင်းတတ်အောင် အလေ့အကျင့်နဲ့လုပ်ထားဖို့တော့လိုတယ်ပေါ့။ အလေ့အကျင့်ရှိဖို့ကလည်း သတိက လက်ဦးနေဖို့လိုပါတယ်။

နံနက် အိပ်ရာမှနိုးလာလို့ သတိဝင်လာတာနဲ့တစ်ပြိုင်နက် အိပ်ရာထဲကမထခင် မိမိစိတ်ထဲမှာ အတွေးအတောအကြံအစည်တွေက အရင်ပေါ်လာမယ်၊ ဒီနေ့ဘာလုပ်မယ်၊ ဘယ်သွားမယ်၊ ဘာစားမယ် စသဖြင့် စိတ်ကူးတွေ၊ အကြံအစည်တွေပေါ်လာမယ်။ ဒီအတွေးတွေကစပြီး ကြံစည်စိတ်ကူးနေတယ်ဆိုတဲ့ အာရုံကလေးကိုသတိပြုလိုက်ရပါ့မယ်။ ဒီနောက် အိပ်ရာထဲက ရုတ်တရက်မထသေးဘဲ ရနိုင်သမျှပေါ်လာတဲ့အာရုံတွေကို စောင့်ကြည့်ရပါမယ်။ အိပ်ရာထဲကထမယ်၊ ထချင်ပြီး ထတော့မယ်ဆိုတဲ့ ဆန္ဒစိတ်အာရုံလေးပေါ်လာပုံကိုလည်း သတိထားကြည့်ရင် မြင်သိနိုင်ပါတယ်။ ဒီလို ဆုံးဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံးမှာ လှုပ်ရှားလိုတဲ့၊ ရွေ့လျားလိုတဲ့ အာရုံကြောတွေတင်းလာပြီး လှုပ်ရှားစောင်းငဲ့တဲ့ အပြုအမူတွေကို သတိထားကြည့်ရပါမယ်။ သည်နောက်ပိုင်း မည်သည့်နဲ့မျှ မည်သည့်စကားမျှ မပြောဆိုခင် လှုပ်ရှားမှုနှုန်းသမျှ ပေါ်လာတဲ့အာရုံတွေကို တတ်နိုင်သမျှသိနေဖို့ပါပဲ။ တစ်နည်းအားဖြင့် အဓိကတရားနဲ့နေပါ။ မေ့တိမေ့လျော့နေပါနဲ့လို့ ဆိုလိုရင်းပါပဲ။ အိမ်သာသွားတဲ့အခါ၊ ရေချိုးတဲ့ခါတို့မှာ အဖော်မပါတဲ့အတွက် ပိုပြီးတော့ သတိကပ်လို့လွယ်ကူပါတယ်။ အမှတ်အသိနဲ့ တစ်ခါသိလို့ တစ်မှတ်ရတယ်ဆိုရင် တစ်နေ့တစ်နေ့ အမှတ်များများရဖို့ ကြိုးစားရမယ်ပေါ့။ အချိန်ပြည့်၊ စက္ကန့်၊ မိနစ်မခြား သတိအမှတ်ရဖို့ကတော့ မလွယ်ကူသော်လည်း ရနိုင်သမျှ အမြတ်ချည်းပဲလို့ သဘောထားပြီး ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ တစ်နေ့တာလုံး အမှတ်စိပ်စိပ်နဲ့နေခဲ့ရင် ညဘက် တရားရှုမှတ်တဲ့အခါ စိတ်တည်ငြိမ်လွယ်ပြီး သမာဓိရလွယ်ပါတယ်။ အဲဒီလို တည်ငြိမ်စွာ၊ ချမ်းသာစွာနဲ့ ညအိပ်ရာဝင်ပြီး အိပ်လိုက်မယ်ဆိုရင် မင်္ဂလာရှိသောအိပ်စက်ခြင်းဖြစ်ပြီး နံနက်အိပ်ရာနိုးချိန်တွင်လည်း ကြည်လင်စွာ နိုးထရလေ့ရှိပါတယ်။

ဒီလိုနဲ့ ဒီဘဝအသက်ရှင်နေသမျှ ကာလပတ်လုံး အမှတ်သတိနဲ့ မပြတ်သိနေရမယ်ပေါ့။ တစ်နည်းအားဖြင့် သတိထိန်းပြီးနေရမယ်ပေါ့။ ဒီလိုသာ တရားအသိ၊ အမှတ်အသိနဲ့သိပြီး သေရမယ်ဆိုရင် ကောင်းသောသေခြင်း (၀၀) အရိယာသူတော်စင်တို့နည်းတူ မြတ်သောသေခြင်းလို့ပင် ခေါ်ရမယ်။

လူဘောင်လောကမှာ စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရတယ်။ လောကီကြီးပွားချမ်းသာရေးအတွက် ကြိုးစားနေကြရတယ်။ အလားတူစွာ လောကမှ လွတ်မြောက်တဲ့ချမ်းသာ၊ လောကုတ္တရာချမ်းသာကိုလည်း မျက်ခြည်မပြတ်သင့်ပေ။ တရားနဲ့ဘဝ တစ်ထပ်တည်းကျသင့်ပေ၏။ တစ်ဖက်စောင်းနင်းမဖြစ်သင့်ပေ။ အဓိက တရားကတော့ အပွဘာဒတရားပင် ဖြစ်၏။ ဒီလိုသာ တရားအသိနဲ့ သတိကိန်းပြီး နေမယ်ဆိုရင် နေရတဲ့အခိုက်မှာ အမှားနည်းသွားမှာဖြစ်သလို သေရတဲ့အခိုက်မှာလည်း အမြတ်ဆုံးသေနည်းဖြစ်တယ်လို့ အလေးအနက် ယုံကြည်မိပေသည်။

ကျန်းမာပါစေ

ဦးတင်ဝင်း(ဆန်းသပြေ)နှင့်
ချစ်ပို့(မော်ကွန်း)

www.burmeseclassic.com

www.burmeseclassic.com

အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁	တပေါင်းလဆန်း	ခနွေ	၆	ဝ၂း၁၆း၁၉	* လာဘ
			၇		* သိဒ္ဓိ
၂	၁၃	၂လာ	၇	ဝ၃း၂၉း၂၇	△ မိတ္တူ
			၈		△ ကာဏ
၃	၁၄	ဥဂါ	၈	ဝ၅း၄၄း၂၂	* သိဒ္ဓိ
			၉		□ ဝရ
၄	○	၄ဟူး	၉	ဝ၇း၅၁း၁၆	△ ကာဏ
			၁၀		* အမြတ်
၅	လဆုတ် ၁	၅တေး	၁၀	၁၀း၁၃း၂၀	□ ဝရ
			၁၁		△ ဥပါဒ်
၆	၂	၆ကြာ	၁၁	၁၂း၁၇း၂၀	* အမြတ်
			၁၂		* လာဘ
၇	၃	စနေ	၁၂	၁၄း၂၁း၂၀	△ ဥပါဒ်
			၁၃		△ မိတ္တူ
၈	၄	ခနွေ	၁၃	၁၆း၂၄း၁၇	* လာဘ
			၁၄		* သိဒ္ဓိ
၉	၅	၂လာ	၁၄	၁၉း၂၈း၁၁	△ မိတ္တူ
			၁၅		△ ကာဏ
၁၀	၆	ဥဂါ	၁၅	၂၁း၀၁း၀၉	* သိဒ္ဓိ
			၁၆		□ ဝရ
၁၁	၇	၄ဟူး	၁၆	၂၁း၅၅း၅၂	△ ကာဏ
			၁၇		* အမြတ်
၁၂	၈	၅တေး	၁၇	၂၂း၀၈း၃၄	□ ဝရ
			၁၈		△ ဥပါဒ်
၁၃	၉	၆ကြာ	၁၈	၂၂း၁၂း၀၀	* အမြတ်
			၁၉		* လာဘ
၁၄	၁၀	စနေ	၁၉	၂၂း၁၄း၂၆	△ ဥပါဒ်
			၂၀		△ မိတ္တူ
၁၅	၁၁	ခနွေ	၂၀	၁၅း၀၅း၄၈	* လာဘ
			×		* သိဒ္ဓိ
၁၆	၁၂	၂လာ	×	ဝ၂း၄၀း၀၀	△ မိတ္တူ
			၂၁		△ ကာဏ
			၂၂	၁၉း၄၈း၃၄	* အမြတ်

ခရစ်ရက်	မြန်မာရက်	နေ့	နက္ခတ်	နက္ခတ်ပြောင်းချိန်	နက္ခတ်အမျိုးအစား
၁၇	၁၃	ဥဂါ	၂၂	၁၈း၂၄း၀၀	□ ဝရ
			၂၃		△ ဥပါဒ်
၁၈	၁၄	၄ဟူး	၂၃	၁၆း၅၃း၃၀	* အမြတ်
			၂၄		* လာဘ
၁၉	●	၅တေး	၂၄	၁၅း၀၈း၁၈	△ ဥပါဒ်
			၂၅		△ မိတ္တူ
၂၀	နှောင်းတန်ခူး လဆန်း	၆ကြာ	၂၅	၁၃း၅၅း၀၈	* လာဘ
			၂၆		* သိဒ္ဓိ
၂၁	၂	စနေ	၂၆	၁၂း၁၁း၂၆	△ မိတ္တူ
			၂၇		△ ကာဏ
၂၂	၃	ခနွေ	၂၇	၁၀း၄၂း၂၈	* သိဒ္ဓိ
			၁		□ ဝရ
၂၃	၄	၂လာ	၁	၀၈း၁၃း၂၅	△ ကာဏ
			၂		* အမြတ်
၂၄	၅	ဥဂါ	၂	၀၆း၃၉း၁၈	□ ဝရ
			၃		△ ဥပါဒ်
၂၅	၆	၄ဟူး	၃	၀၅း၂၆း၀၀	* အမြတ်
			၄		* လာဘ
၂၆	၇	၅တေး	၄	၀၄း၁၃း၄၃	△ ဥပါဒ်
			၅		△ မိတ္တူ
၂၇	၈	၆ကြာ	၅	၀၃း၀၀း၂၇	* လာဘ
			၆		* သိဒ္ဓိ
၂၈	၉	စနေ	၆	၀၂း၄၇း၁၀	△ မိတ္တူ
			၇		△ ကာဏ
၂၉	၁၀	ခနွေ	၇	၀၂း၃၅း၅၃	* သိဒ္ဓိ
			၈		□ ဝရ
၃၀	၁၁	၂လာ	၈	၀၂း၂၄း၃၆	△ ကာဏ
			၉		* အမြတ်
၃၁	၁၂	ဥဂါ	၉	၀၂း၁၄း၂၀	□ ဝရ
			၁၀		△ ဥပါဒ်

၂၀-နက္ခတ် • ၄၅ ယဉ်ကို
×-နက္ခတ် • ၃၀ ယဉ်ကို
၂၁-နက္ခတ် • ၄၅ ယဉ်ကို
ဖြင့် တွက်သည်

* • အဝင်နက္ခတ်
□ • ခပါဒ်နက္ခတ်
△ • အထွက်နက္ခတ်

○ • လပြည့်နေ့
● • လကွယ်နေ့

၆-၃-၂၀၁၅ သောကြာနေ့ နံနက် ၀၀း၅၂း၂၂ နာ
လပြည့်သည်။

အသုံးတည့်နိုင်ကြောင်း

ဦးအောင်လေလှိုင် (ပုသိ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်တုတော (ဒုက်ပစ်တောင်အောင်မြေ)

ပုဂံ-ညောင်ဦးဒေသ
ချစ်ဆဲနန်းသစ်
အရပ်ဘုရားပွဲများဓလေ့

ပုဂံမြို့ဟောင်း ဧရာဆိပ်အနီးရှိ ကြည်းမင်းကြီးကောင်းမှု သစ္စာရှင်ပေါ်တော်မူဘုရားသမိုင်းတစ်စွန်းတစ်စကို ဤသုဓေ မေလထုတ် သူရဇ္ဈမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဘုရားသမိုင်းအဆုံးအပြီးမှာ ဘုရားပွဲလ(ကဆုန်လ)ရောက်ကြွေကြွေက်နေ၍ စာရေးသူမိသားစုအဆုံးစ၊ သံယာပူဇာကုသိုလ်အမှုပြုကြရန် ရန်ကုန်ပုဂံခရီးတစ်ခေါက်ထွက်ခဲ့ကြပါသည်။

မူလဘုရားပွဲရက်မှာ နှစ်စဉ်ကဆုန်လဆန်း ၁၃ ရက်ညတွင် ပွဲစ၊ (၁၄) ရက်နေ့နက်တွင် မြို့ပေါ် ဘုန်းတော်ကြီးကျောင်း(၃၁)ကျောင်းမှ ဆရာတော်များအား ပင့်ဖိတ်၍ ဆွမ်းသပိတ်ကပ်နေကျဖြစ်သည်။ ယခု ပုဂံမြို့သစ်မှ ဘုရားပွဲတစ်ခုနှင့် ရက်တိုက်နေ၍ သစ္စာရှင်ဘုရားပွဲကို ရှေ့တစ်ရက်ရွှေ့ကြောင်း ပုဂံဒုန်းစက်လာသဖြင့် ရန်ကုန်မှတစ်ရက်ကြိုတက်လာခဲ့ရသည်။ စာရေးသူ ပုဂံမြို့ဟောင်းတွင် (၁၉၈၆ - ၈၈) ရှိစဉ်ကပင် စောစော မဟာဗောဓိဘုရားမျက်စောင်းထိုး ညောင်ပင်ကြီးအောက် ဇရပ်အိုတွင်ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်မှ လူကြီးများလက်ဖက်ရည်ဝိုင်းတွင် အဘိုးအိုတစ်ဦးပြောစကားကို မှတ်မိနေသည်။

"ဆရာရဲ့၊ ကျုပ်တို့အာနန္ဒာက တောဘုရား၊ ရွှေစည်းခုံက မြို့ဘုရားကိုးဗျ။ အရင်ရှေ့က ကျုပ်တို့ အာနန္ဒာက မိုးလေကင်းကင်းတန်ဆောင်းမုန်းပွဲ (ဘုရားပွဲကျင်းပသည်ကို ဆိုလိုသည်။)

အစိမ္ဓာန်ဆောင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

ရွှေစည်းခုံက ပြာသိုပွဲပေါ့။ ခုပြောင်းပြန်လေ။ စည်းခုံရှင်က တန်ဆောင်းမုန်းပြောင်းလို့က်ခဲ့လို့ ကျုပ်တို့အာနန္ဒာပြာသိုလဖြစ်ခဲ့ရတာပေါ့ဟျာ" တဲ့။

ရှေးဟောင်းကဗျာလေးထဲကအတိုင်း 'တူစွ ဟုတ်တာ' ဟု တွေးမိပြုံးမိသည်။

ပုဂံညောင်ဦးဘုရားပွဲများ ဆွမ်းသပိတ်တင်ဓလေ့ကို ယခင်ဖော်ပြခဲ့ပြီး ဖြစ်သော်လည်း ထပ်၍ရှင်းပါဦးမည်။

ပုဂံ၊ ညောင်ဦး၊ မြင်းကပါ စသည့် ဤဒေသတစ်ဝိုက် ပြုနေကျအစဉ်အလာတစ်ရပ်မှာ အရပ်ဘုရားပွဲများ ပြုလုပ်လျှင် ပွဲအစ ပထမရက်ညဦးကပင် သစ်သီးပွဲ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် စသည် ပြင်ဆင်ဆက်ကပ်ပူဇော်ထားပြီး ညဉ့်နက်သည့်အထိ ပရိတ်အဖွဲ့များ ပရိတ်ရွတ်ပူဇော်ကြသည်။ တစ်ခါတစ်ရံ ရုပ်သေး၊ အရပ်ဇာတ်၊ ရုပ်ရှင်တို့ ပါလျှင် ပွဲစျေးတန်းဖြစ်သွားသည်။

နောက်နေ့ မနက်စောစော၌ပင် သံဃာတော်များ ယခင်(၃၁)ကျောင်းမှ ယခု(၃၈)ကျောင်းအထိတိုးလာ၍ ဆရာတော် (၃၈)ပါးအား ဆွမ်း၊ မုန့်ဟင်းခါး ခေါက်ဆွဲ၊ အချိုပွဲ၊ အအေး စသည်ဆက်ကပ်။ တစ်ပြိုင်တည်းမှာ ကြွလာသော ပရိသတ်အား အခြားတစ်ဖွဲ့မှ စားသောက်ဖွယ်များဖြင့် ဧည့်ခံကြသည်။ ဆွမ်းသပိတ်အလှူရှင်များက မိမိတို့တတ်စွမ်းသမျှ ဆွမ်းသပိတ် (ယခုကာလ

ထက်ယာရံဆင်းဘုတော် (မဲဘုရား)

နဂါးခွံဘုရား



ဘုရားဆွဲရော် သစာရှင်ဆင်းဘုတော်ကြီးအား ဆွမ်း။ သစ်သီး။ ပန်း။ ရေချမ်း ဆက်ကပ်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com

ဇော်ရပ်ကိုယ်တော်ကြီး (မံဘုရား)

ပေါ်တော်မူ လျောင်းတော်မူရုပ်ပွားတော်ကြီး

ဝဏ္ဏဒေဝီ (အစ်မ)၊ ဝဏ္ဏသိရီ(ညီမ) နဂါးမယ်ညီအစ်မနှစ်ဖော်

သဝိတ်ကပ်ထုံးပွဲထုံးဖွယ်ပစ္စည်းအချို့

ချွင်းလာ၍ သပိတ်အစ်၊ အလွယ်တက္ခ ခြင်း၊ ဆွမ်း၊ ဗန်း စသည့်) ဆက်ကပ်မှုပြုမှုလာသည့်အတွက် သပိတ်တစ်လုံး ၌ (၄) (၅)လုံး၊ ခြင်း၊ ဗန်း၊ တောင်းဆိုက သည်း (၄) (၅) စုံ သယ်ယူလာကြပြီး ပွဲတော်မှကထအဖွဲ့သို့ စာရင်းနှင့်အပ်ရ သည်။

သပိတ်၊ ဆွမ်းဗန်း စသည်တွင်လှူ ဖွယ်ပစ္စည်းအဖြစ် ဆန်၊ ဆီ၊ ဆေး၊ လက် ဆော်ခြောက်၊ မြေပဲ၊ ထန်းလျက် စသည့် အသာထွက်များ၊ မုန့်၊ အချိုရည်၊ စာရေး ကိရိယာ စသဖြင့် မိမိတို့နိုင်သလောက် ထည့်ဝွေများပါဝင်သည်။ ဂေါပကအဖွဲ့မှ တစ်ဦးချင်းအပ်သည့် ဆွမ်းသပိတ်၊ ခြင်း အစုံစီကို လှူဖွယ်ပစ္စည်းတင်စားပွဲတန်း ပေါ်၌ နေရာချထားရာ၌ အလှူရှင်တစ်ဦး ချင်းစီ၏ပစ္စည်းကို တစ်နေရာတည်းစုမထား ဘဲ ပစ္စည်းတန်း အစ၊ အလယ်၊ အဆုံး၌ ကြိုကြားညှပ်၍ ထားပေးပါသည်။ သို့မှသာ ဆွမ်းသပိတ်အလှူခံမည့်စာရင်းပါ သံဃာတော်များအား အလှည့်ကျပင့်၍ ကျွေးလောင်းသည့်အခါ သံဃာတော် တစ်ပါး (တစ်ကျောင်း) အတွက် အလှူ နှင့်စုံ၏ လှူဖွယ်ပစ္စည်းအစုံ လက်ခံရရှိ မည် ဖြစ်ပါသည်။

ယခုနှစ် ဘုရားပွဲ၊ ဆွမ်းသပိတ် ကပ်လှူပွဲတွင် ကုသိုလ်ပါဝင်မှုအစုစုမှာ နိုင်ငံခြားကပင် လက်ရှိယွန်းပညာ ကောလိပ်ကျောင်းအုပ်ကြီး ဦးဆောင် သည့် ဝန်ထမ်းမိသားစုများ စုပေါင်း ကုသိုလ်အဖြစ် ဆင်းတုတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ အာရုံခံတန် ဆောင်းနှင့် လျှောက်လမ်းပိုင်းများ ကြွေ

www.burmeseclassic.com

www.burmeseclassic.com

ပြားအသစ်ခင်းခြင်း၊ နံနက်ဆွမ်း (နို့ခေါက်ဆွဲ) နှင့် အချိုပွဲတို့ ပါဝင်သည်။ ဆွမ်းသပိတ်ကပ်လှူပွဲတွင် ကျောင်း (၃၈) ကျောင်းအား တစ်ကျောင်းလျှင် သပိတ်နှင့်လှူဖွယ်အစုံ (၄) စုံစီ လှူကပ်နိုင်ခဲ့သည်။ စာရေးသူမိသားစုမှ လှူဖွယ်အစုစုနှင့် ဝတ္ထုငွေအပါအဝင် သပိတ် (၅) လုံး ဆက်ကပ်ခဲ့ပါသည်။

ဤတွင် သူရဇ္ဈမဂ္ဂဇင်းကြီးအား ကျေးဇူးတင်ဖွယ်တစ်ရပ်ပေါ် လာပါသည်။ မေလထုတ် သူရဇ္ဈမဂ္ဂဇင်းပါ 'သစ္စာရှင် ဘုရားကြီး' အကြောင်း ဖတ်မိသည့် မန္တလေး၊ ရန်ကုန်မှပါရမီရှင်များ ဘုရားပွဲအမီ ရောက်လာကြသည်။ မိဘများဖြစ်သည့် မန္တလေး မလွန်ထန်းလျက်တန်းနေ ဦးခင်မောင်မြ - ဒေါ်ခင်အေးမိတို့ အမှူးပြုသည့် ဦးမင်းသူ-ဒေါ်အေးအေးမင်းမိသားစု၊ ဦးဟန်မိုးထွန်း-မဝင်းအိဖြူ မိသားစုတို့ စုပေါင်းကုသိုလ်အဖြစ် သစ္စာရှင်ရုပ်ပွားတော်ကြီး လက်ျာရံမဲဘုရား (အင်းဝခေတ်လက်ရာဟန် ဘူမိဖသာမုဒြာ) အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်(ရွှေချ)လှူဒါန်းပူဇော်ခြင်း၊ လှူဒါန်းမှု အစုစုတန်ဖိုး ကျပ် (၁၅၀၀၀၀) ဖြစ်သည်။

ဒုတိယစီပေါင်းအလှူရှင်အဖွဲ့မှာ လက်ရှိ ယွန်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းဇော်စိုး၊ ဇနီး ဒေါ်မြကေသီအောင်တို့ကို အကြောင်းပြု၍ ရောက်လာကြသော ဒေါ်မြကေသီအောင်၏ ဖခင်ကြီး ဦးကြင်အောင် (ပန်းရိုးမမိသားစု၊ ရန်ကုန်) နှင့် ဒေါ်မြကေသီအောင် အပါအဝင် မောင်နှမသားချင်းများဖြစ်သည်။ စုပေါင်းကုသိုလ်အဖြစ် ဆင်းတုတော်ကြီး၏ လက်ဝဲရံ ဘုရားမတ်ရပ်ကိုယ်တော် (ပုဂံခေတ် သက်ရာပုံတော်၊ ဓမ္မစကြာမုဒြာ) အား လုံးတော်ပြည့်ရွှေချရန် ပုံတော်တွင် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အရပ်ရပ်လှုပ်ဉန်းအတွက် ကုသိုလ်တော်တန်ဖိုးကို လုပ်ငန်းပြီး စာရင်းချုပ်ပြီးမှသိပါမည်။

ဘုရားများ၏ မူလလက်ရာရှင်၊ အလှူရှင်တို့မှာ တင်ပျဉ်ခွေရုပ်ပွားတော်ကို ယွန်းပညာကောလိပ် (ယခင်ယွန်းပညာအတတ်သင်ကျောင်း လက်သမားနည်းပြဆရာကြီးဦးထွန်းရှိန်၊ စာရေးသူတို့အခေါ် 'ရှိန်ကြီး') ၏ အမှတ်တရ လက်ရာဖြစ်ပြီး မတ်ရပ်ကိုယ်တော်ကြီး၏ လက်ရာပညာရှင် အလှူရှင်မှာ မြင်းကပါမှတု သိရပါသည်။ သစ္စာရှင် ဘုရား ဗုဒ္ဓပူဇနိယပွဲအတွင်းနှင့် ပွဲအပြီး ယခုအခါများထက် ဘုရားဖူး ဝင်ရောက်ကြည်ညိုသူ ပိုမိုများပြားလျက်ရှိသည်။ ဤသည်မှာ မဂ္ဂဇင်း၊ မီဒီယာလောကသားများ၏ ကျေးဇူးဖြင့် အများပြည်သူအား တိကျသောသတင်းအချက်အလက် ဖြည့်ဆည်းပေးနိုင်ခြင်း၏ အကျိုးဆက်ဖြစ်ပါသည်။

စာရေးသူတို့မိသားစု(၃)ဦးမှာ ပုဂံရွာဟောင်းယဉ်ကျေးမှုနယ်မြေရောက် ခိုက် စွယ်တော်(၄)ဆူ တစ်မနက်တည်း ခရီး၊ ပုဗ္ဗား၊ ပခုက္ကူ၊ သီဟိုဠ်ရှင်နှင့် ရွှေကူ ဘုရားကြီးတို့ကို ကိုယ့်အစီအစဉ်နှင့် ကိုယ်သွားရန် လျာထားခဲ့သော်လည်း မိတ်ဟောင်း၊ တပည့်ဟောင်းများက ကားတစ်စီးပြီးတစ်စီးနှင့်ရောက်လာကြ၊ လိုက်ပို့ကြသည်။ ငြင်း၍လည်းမရ။ သူတို့ စေတနာ၊ ဘုရားရှင်များ၏တန်ခိုးတော်ဟုပင် သဘောပိုက်မိသည်။ ၎င်းတို့တွေ့ မိမိထက်အခြေအနေကောင်းနေကြသည်ကို ဝမ်းသာမုဒိတာပွားရသည်။ မိမိဝန်ထမ်းဘဝက လက်အောက်ထွင် စိတ်တိုင်းမကျတိုင်း ကြိမ်းမောင်းခံခဲ့ရသည့် စက်မောင်းစက်ပြင် အနိမ့်တန်းဝန်ထမ်းပင်လျှင် ယခု စက်လေ့ပိုင်ကြီးဖြစ်နေ၍ တန်ကြည့်တောင်ကို အခမယူ စင်းလုံးငှားပို့ပေးသဖြင့် မနည်းကြီးတောင်းပန်ကာ ဆီဖိုးပေးခဲ့ရသည်။

ထမင်းစားဖိတ်သူ၊ ဟိုဒီလိုက်ပို့မည့်သူတို့တွေကို လှည့်ပတ်ရှောင်တိမ်းပြီး တစ်ရက် မြင်းလှည်းနှင့် ညောင်ဦးက ရွှေမေတ္တာထမင်းဆိုင် (လွန်ခဲ့သောနှစ် အစိတ်ကျော်က ဆောင်းဦးရောက်တိုင်း စားနေကျဆိုင်) မှာ အလွမ်းပြေ ထမင်းဝင်စားရန် စီစဉ်သည်။ ထမင်းမစားမီ မဟာဌက်ပစ်တောင်အရင်သွားရန် မြင်းလှည်းငှားသည်။ မြင်းလှည်းဆရာက တောလမ်းခပ်ဝေးဝေးရှိ ပေါ်တော်မူလျောင်းတော်မူဘုရားကြီးထိပို့ပေးမည်၊ စင်းလုံး (၅၀၀၀) ပေးပါတောင်းသည်။ စာရေးသူက ဒီခရီးကျပ်ကျမ်းပြီးသား၊ (၃၀၀၀)ပေးမည် တစ်ခွန်းတည်းဆစ်လိုက်သည်။ (တကယ်က လျောင်းတော်မူဘုရားကြီးဆိုသည်ကို စာရေးသူမသိဘဲ ဖိန်းလိုက်ခြင်းသာဖြစ်သည်။)လှည်းဆရာက ရုပ်အကဲခတ်ပြီး ဒီလူတိုးတောင်းလို့ ပေးမယ့်ပုံမပေါ် ဘူးဟု တွက်ပုံရသည်။ 'တက်တက်'ဆို ဆစ်ဈေးလက်ခံလိုက်ပို့ပါသည်။

ဌက်ပစ်တောင်အဝင်လမ်းဝတွင် သံတဲတိုတယ်(၂)ဖွင့်ထားသည်။ ဆက်သွားတော့ ဆပွဒေါကျောင်း၊ ဌက်ပစ်တောင်အတက် လှေကားအလွန် တောလမ်းဝင်သည်။ ဖုန်တသောသောလမ်းညာဘေးတွင် သရက်ခြံ၊ ဆီးခြံ၊ ထိုမှလွန်သော် ပုံးရည်ကြီးချက်စက်ရုံ၊ ပုံးရည်ကြီးကို ယခုစက်နှင့်ထုတ်လုပ်၍ တာရှည်ခံအမှုန့်ကို ထုပ်ပိုးမှုကောင်းကောင်းနှင့် နိုင်ငံရပ်ခြားအထိ သယ်သွားနိုင်သည်၊ သမီးဌက်ဂူဥမင်ရှေ့ရောက်တော့ မြင်းလှည်းဆရာက သူသိသမျှရှင်းပြသည်၊

"ကျုပ်တို့ဘတွေ ပြောတာတော့ ဖြင့် ပျူစောထီး ဘုရင်မဖြစ်ခင် သိကြားဝေးတဲ့ လေးနဲ့မြားကိုကိုင် ဒီကိုရောက် (အမှန်မှာ သိကြားမင်းက ပျူစောထီး ပဋိသန္ဓေတည်စဉ် နောင် ဘုန်းရှင်ကံရှင် ဖြစ်မည့် သန္ဓေသားမှန်းသိ၍ ထိုမင်းလောင်း အရွယ်ရောက်က အသုံးပြုနိုင်ရန် ဖခင်သတို့အာဒိစ္စကိုဆက်သခဲ့သော လေးနှင့် မြား ဖြစ်သည်။) ဝက်၊ ကျားရှူးပျံကြီးတွေ သတ်အပြီးလာတာဖြစ်တော့ ဌက်ကြီးရန်ကျန်နေတယ်။ ဒီနေရာမှာပဲ ဌက်စာဆော်သူ (ဌက်စာတွေ့ရန်စီစဉ်ရသူ)က သမီးကညာ(၇)ယောက် ဆွဲလာတာ တွေ့ရတယ်။ (၇)ရက်စာ တစ်နေ့တစ်ယောက်ကျွေးရမှာ။ စောထီးက နေကြဦးဆိုဖမ်းတားပြီး ဒီဥမင်ထဲ ဖွက်ထားခိုင်းတယ်ပြောတာပဲ" တဲ့။

ဒီရာဇဝင်က မြန်မာအတော်များများသိပြီးကြ၊ကလေးတွေကိုပြောပြလေ့ရှိတဲ့ သူရဲကောင်းစောထီးအကြောင်းပါ။ ဒါပေမယ့် သမီးဌက်ဂူကိုတော့ ပုဂံဘုရားဖူးဧည့်တိုင်း ရောက်သူနည်းမှာဖြစ်သည်။ (ဒီဂူဆိုင်ရာစောဒကတွေ့ရှိသော်လည်း စာရှည်မည်စိုး၍ မပြောတော့ပါ။)

သမီးဌက်ဥမင်ကျော်တာနှင့် ပေါ်တော်မူဘုရားများရှိရာဂူကြီးကို ရောက်ပါသည်။ အရှေ့ဘက် အလှူခံတန်ဆောင်းကဝင်ထာ၊ ဆုံးတာနှင့် တောင်ဘက်မှာ အလှူးလိုက်တန်းနေတဲ့ဂူဝင်ရောက်ပါသည်။ လျောင်းတော်မူဘုဒ္ဓရုပ်ပွားတော်ကြီးကို အရှေ့ဘက်ခေါင်းပြုလျက် ပခုံးတော်အထိ သင်္ကန်းရုံးပြီး သပွာယ်ကြည်ညိုဖွယ်ဖူးတွေ့ရပါသည်။ ဂူက နိမ့်နိမ့်၊ ကျဉ်းကျဉ်း လူနှစ်ယောက်လမ်းလျှောက်သာရုံရှိသည်။ ဂူကိုဆက်လျှောက်သွားတော့ မကိုင်၊ စလွယ်၊ နားကင်း စသည် ရွှေရောင်ဝင်းနေတဲ့ အင်္ဂဒွာန်အောင်ဘုရားဆင်းတုတော်ကြီး အဆုံးမှာ ဆုတောင်းပြည့်မြတ်စွာဘုရားတစ်ဆူ ကိန်းဝပ်လျက်ရှိပါသည်။ ဂူ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်တော့ အဓိဋ္ဌာန်အောင်ဘုရား ရင်အတည့်လျှောက်လမ်းကလာရာမှာ ကန်ရဲဘုရားဆောင်ကိုရောက်ပါသည်။ ဘယ်ဘက်မှာ အစ်မတော်ဝဏ္ဏ ညီမတော် ဝဏ္ဏသိုက် ညီအစ်မနှစ် ပါး နဂါးရဲဘုရားကိုဝတ်ပြုနေဟန်တွေ့ ရသည်။ သိုက်နန်းဆောင်ဟု သိရ သည်။ ညီအစ်မနှစ်ဖော်မှာ ဝတ်ရုံစိမ်း ဆင်းနှင့် အသီးသီးနဂါးခေါင်းဆောင်း ဆောင်းဖြစ်ပါသည်။ ပေါ်တော်မူဘုရား ဘိုးနှင့် မည်သို့ဆက်စပ်သည်ကို အတိ အလင်းသိခဲ့ပါ။ ပုဂံခေတ်ဦးက နဂါး ကိုးကွယ်မှုရှိခဲ့ကြောင်း သတိုးအာဒိစ္စ (ကျောထီးဖခင်) ဦးအောင်းခဲ့သည့် ကျောက်ခဲအတွင်း နဂါးတွင်းတစ်ခုရှိခဲ့ ကြောင်းကို ငှက်ပစ်တောင်သမိုင်း (ဆရာ ဦးဥတ္တရသာရ ပြုစုသည့်) စာအုပ် တွင် ဖော်ပြထားပါသည်။

အလျှံခံတန်ဆောင်းမှာ အလျှံ ထည်ပြီးပြန်ထွက်မည်အလုပ်မှာ ဘုရား ဆင်းတဘကြီးတစ်ဦး မြင်းလှည်းဆီလာ ဆင်ရင်း ဘုရားသမိုင်းကို အတို ချုပ် ရှင်းပြပါသည်။

"ဒီဂူကြီးရှိတယ်ဆိုတာ ရှေးပေ အထောက်အထားတွေအရ ငှက်ပစ် တောင်ဆရာတော်ကြီး ဦးနန္ဒိယက သိခဲ့ ကာပေါ့။ ဆရာတော်ကြီးက သက်တော် ရှည်ဆရာတော်ကြီးတစ်ပါးမို့ ရှေး ကြောင်းနောက်ကြောင်း နှံ့စပ်တယ်။ သက်တော် (၉၉)၊ ၁၉၉၇ ခုနှစ်မှာ ပျံလွန် ရှာတယ်။ ဆရာတော်မပျံလွန်မီ ၁၉၉၅ က တပည့်သာဝကတွေကိုခေါ်ပြီး မိန့်မှာ ချက်အရ ဒါဃကာတွေစုပေါင်းပြီး ဒီ ဘုန်းကိုဖော်ရတယ်။ဦးဆုံးလျှောင်းတော် ကြီးပေါ် လာတယ်။ အရှေ့၊ အနောက် ဘန်းပြီးဆက်တူးလိုက်တာ တင်ပျဉ်ခွေ ဆင်းတုတွေဆက်ပေါ် လာတယ်။ အဆုံး နားဂုနိမ့်ဆင်းသွားတယ်။ လုပ်ငန်းအစ အဆုံး ငါးလလောက်တူးလိုက်ရတယ်။ ဆရာတော်ကြီး မိန့်ကြားခဲ့တာတော့ ရှင်အရဟံနဲ့ သံဃာ (၅၀၀) သီတင်းသုံး ခဲ့တာ ဒီတစ်ဝိုက် ဂူပေါင်း (၉၉) ဆူရှိ တယ်တဲ့။ ဒီဂူကြီးဟာလည်း တစ်ဂူအပါ အဝင်ပေါ့ကွယ်" တဲ့။

အချိန်တိုအတွင်း ဂေါပကကြီး၏ စေတနာဖြင့် ရှင်းပြချက်ဖြစ်ပါသည်။

ဂေါပကဘကြီးပြောသည့် ဂူ(၉၉) ဆိုသည်မှာ ဘုရင်အနော်ရထာ၏ တုသိုလ် (၈၉၉) ဂူကို အမှတ်လွဲဟန်ရှိ ပါသည်။ မဟာငှက်ပစ်တောင်သမိုင်း တွင် အနော်ရထာမင်းကြီးသည် သထုံ နွယ် သံဃာတော်များ စိတ်ချမ်းမြေ့စွာ သီတင်းသုံးနိုင်ရန် ငှက်ပစ်တောင်အနီး မြေဥမင် (၈၉၉) ဥမင်တူး၍ လျှုဒါန်းခဲ့ ကြောင်းပါရှိပါသည်။ တစ်ဖန် ဘုရင်နရ ပတိစည်သူ (၁၁၇၄ - ၁၂၁၁ ခရစ်နှစ်) (အလောင်းစည်သူမြေး) လက်ထက်တွင် လည်း အနော်ရထာနည်းတူ ငှက်ပစ် တောင်သာသနာမြေတွင် ဥမင် (၁၀၄၀) ဖောက်လုပ်လျှုဒါန်းခဲ့၍ ထိုအရပ်တွင် ဥမင်ပေါင်း (၁၉၃၉) (၁၉၄၀ခန့်) ရှိခဲ့ ကြောင်း မှတ်သားရပါသည်။

မြင်းလှည်းနှင့်အပြန် လမ်းတွင် တွေ့ခဲ့ရသော နဂါးညီအစ်မအကြောင်း သိလိုသိငြား လှည်းဆရာအား စပ်စု ကြည့်ရာ သူက ပြောချင်နေတာနှင့် အံကိုက်ဖြစ်သွားသည်။

"ဆရာကြီးနှယ်၊ မနှစ်ရှင်ဂေါတမ ဘုရားပွဲတုန်းကပေါ့။ ဘုရားပွဲလာအရပ် သူနှစ်ယောက် နဂါးမယ်ဝင်စီးလို့ ဟိုး လေးကျော်သွားတာပဲ"

စာရေးသူက -

"ဆိုစမ်းပါဦးဗျာ၊ ဘယ်လိုအ ကြောင်းတဲ့လဲ"

သူစိတ်ကိုဆွပေးလိုက်တော့ -

"အကြောင်းက ဒီလိုတဲ့ဗျာ။ နဂါးနတ်မနှစ်ဖော်က ဘုရားပွဲမှာ သူတို့ အတွက်လည်း ပွဲစစီစဉ်ပေးလို့တဲ့။ နှင် တို့ချည်းပျော်ကြတာ ငါတို့လည်း ပျော် ချင်ပါးချင်တာပေါ့တဲ့။ ဒါနဲ့ပဲ ပွဲစီစဉ်သူ တွေက ဇာတ်ကတာရပ် (အရပ်ဇာတ် ကနေတဲ့ဇာတ်ခုံပေါ် မှာဖြစ်နေတာကိုး) သူတို့ စိတ်တိုင်းကျ ဇာတ်ခုံပေါ် မှာပဲ ရေကန်လိုမျိုးစီစဉ်၊ ရေဖြည့်ပေး (နဂါး မျိုးဆိုတော့ ရေကြိုက်တာကိုး) နတ်နှစ် ဖော် ရေမှာမြူးလိုက်ကြတာ အောက်က ဆိုင်းဝိုင်းကလည်း နတ်ဗိုးကို မပြတ်တမ်း တီးပေးရတယ်။ အတော်ကြီး မောပြီး ကျေနပ်သွားမှ နှင်တို့ဆက်ပျော်ကြဆို ပြီးထွက်သွားတယ်"

လှည်းဆရာက စကားရှိန်တက် လာတော့ ဆက်ပြန်သည်။

"ခုန ဘုရားမှာ ဘကြီးပြောတဲ့ ပေါ် တော်မူအကြောင်းက ဇာတ်လမ်း အစမဟုတ်သေးဘူးဗျ။ ဆရာတော်က (ငှက်ပစ်တောင် ဆရာတော်ကြီး) သူ ဒကာတွေကို ထူးမိန့်မည်နဲ့ကြားခင် အဲဒီကုန်းမှာ သံတဲဟိုတယ်(၂)ဆောက် ဖို့ပိုင်းခတ်မြေရှင်းခဲ့ကြတယ်။ အဆောက် အအုံလုပ်ငန်းတွေအတွက် ရေရဖို့ ရေ တွင်းတူးတဲ့အခါ တွင်းတူးသံပိုက်ချလိုက် တာနဲ့ ပိုက်ဟာ အစအနရှာမရအောင် မြုပ်မြုပ်သွားတယ်။ တစ်ခါမဟုတ်နှစ်ခါ မဟုတ် သုံး၊ လေးကြိမ်ကျတော့ ထူးတဲ့ လူတွေဟာ ဒါ သာမန်မဟုတ်၊ ထူးဆန်း တယ်လို့ သံသယဝင်လာကြတယ်၊ ထိတ် လန့်လာကြတာပေါ့ဗျာ။ ဒါနဲ့ပဲ လုပ်ငန်း ကိုရပ်ပြီး နေရာသစ်ရှာတော့ ခုဆရာတို့ မြင်တဲ့လမ်း မရောက်လာကြတာပေါ့။ ဒီနောက် ဆရာတော် ဦးနန္ဒိယအိပ်မက် အရ တူးတာဖော်တာမှာ လျှောင်းတော် မူကြီးစပေါ် လာတာပဲ။ ဒီနေရာက ရှေး ပုဂံမင်းအဆက်ဆက် သာသနာ့မြေ အဖြစ် မင်းအာဏာနဲ့သတ်မှတ်ခဲ့တာဆို တော့ တော်တန်ရုံနဲ့ တခြားကိစ္စဘယ် လုပ်လို့ရလိမ့်မတုံး။ အစောင့်အရှောက် ကလည်းကြီးပဲ့!"

စကားလည်းဆုံး ညောင်ဦးဈေး ရောက်တော့ ထမင်းဆိုင်ကိုလိုက်ပို့ခိုင်း ခဲ့သည်။

သူပြောသည့် ရှင်ဂေါတမဘုရား ဆိုတာကလည်း သမိုင်းနှင့်ပင်။ အနော် ရထာမင်းစောသည် ရှင်အရဟံ ညွှန် ကြားချက်နှင့်အညီ သထုံမှပင့်ဆောင်ခဲ့ သော သံဃာတော်အပါး (၃၀၀၀) ကို တာမဏ္ဍီ၊ မြင်းကပါ၊ တူရွင်းတောင်တို့ တွင် အပါး(၅၀၀)စီ၊ ငှက်ပစ်တောင်တွင် အပါး (၁၅၀၀)ခွဲဝေသီတင်းသုံးစေခဲ့ခြင်း ပေါ် ပီတိလွှမ်းလျက်ရှိသည်။ တစ်ရက် တွင် မင်းကြီးအကြွဖြစ်ပေါ် သည်မှာ မိမိ နှင့်တိုင်းသားပြည်သူများအတွက် အစဉ် ဦးခိုက်ပူဇော်နိုင်ရန် ရုပ်ပွားတော်တစ်ဆူ ရှိလျှင်ကောင်းလေစွဟု မိမိစိတ်ကူးရှိ သည့်အတိုင်း ရှင်အရဟံကို လျှောက် လိုက်၏။ မင်းကြီးက ရှင်အရဟံအား ရုပ်ပွားတော်အဖြစ် အရှင်မြတ်၏ ဆရာ ပုံတော်ကို ရုပ်တုအဖြစ် ကိုးကွယ်လို ကြောင်း တောင်းပန် လျှောက်ထားခဲ့ သည်။ ရှင်အရဟံသည် မင်းကြီး၏စိတ် ရင်းစေတနာနှင့် ရေရှည်မျှော်မှန်းချက် ကို ရိပ်စားမိသည့်အလျောက် သာခုသုံး ကြိမ်ခေါ် လျက် နောင်သာသနာအရေး တည်တံ့ရန်အလို့ငှာ ပန်ဆောင်း ငှက်ကြီး ရန် အောင်မြင်ခဲ့သော နေရာမြေတ် အောင်မြေတွင် ရှင်ဂေါတမဘွဲ့မည်ဖြင့် ရုပ်တုတော် တည်ထား ကိုးကွယ်ရန် ခွင့်ပြုမိန့်ကြားခဲ့သည်။ ရှင်ဂေါတမဘုရား ပွဲကို ညောင်ဦးတွင် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုကာလ တိုင်ဖြစ်ပါတော့သည်။

ချစ်ဆန်းသစ်

www.burmeseclassic.com

www.burmeseclassic.com

ဥာဏ်လွှင်မြွှေ

မှတ်သားဖွယ်ရာ သုတအဖြာဖြာ (၁)

၁။ ဆည်းပူး

ဤ ဆည်းပူး ဟူသော ဝေါဟာရသည် အလင်္ကာကျမ်းဆရာအလိုအားဖြင့် -

သဝန, ဥဂ္ဂဟ, ဓာရဏာဒိဝဿေန စရိစိတာဟု ဆိုသည်။

သဝန - ကြားနာခြင်း၊ လိုက်နာခြင်း၊
ဥဂ္ဂဟ - သင်ယူခြင်း၊
ဓာရဏာ - ဆောင်ထားခြင်း၊ မှတ်သားခြင်းကို
ဥစိတာ - ဆည်းပူးသည် -
ဟု ဆိုကြောင်း ဖွင့်ပြထားသည်။

အလင်္ကာဘာသာဋီကာကျမ်း- စာ-(၁၆)

၂။ စာတစ်လုံးဘုရားတစ်ဆူ

'အက္ခရာဇကမေကဉ္စ ဗုဒ္ဓရူပံ သမံ သိယာ' ရှေးက ပေစာ၊ ပရိုက်စာတို့၏ အဆုံးဌ် ဤသို့ရေးသားတတ်ကြသည်။ စာတစ်လုံး ဘုရားတစ်ဆူ အဓိပ္ပာယ်ဟူ၏။ ဓမ္မစေတီထိုက်သည်ဟုဆိုလိုခြင်းဖြစ်သည်။

၃။ ပဥ္စလောဟာစပ်နည်း

'အသီတိ သဗ္ဗာ တတ္ထာ ပန္နရသ
ဟိရညတြို့ လောဟိဇက သေတိ
တိပု၊
ဇကန္တ အာဟု ပဥ္စလောဟာ ကိတ္တိ
မာတိ'

ဟူသော ပရိဘာသာ မူလပရိယာယ သုတ္တဋီကာအဖွင့်ကျမ်းအလိုအားဖြင့် -

ဘော်သား	၈၀ ကျပ်သား၊
ကြေးနီ	၁၅ ကျပ်သား၊
ရွှေ	၃ ကျပ်သား၊
သံ	၁ ကျပ်သား၊
သလွဲဖြူ	၁ ကျပ်သား၊
ပေါင်း	၁၀၀ ကျပ်သား

ဟူသော အချိုးအဆအားဖြင့် ပဥ္စလောဟာကိတ္တိမာသတ္တု (၅) မျိုး စပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျမ်းတော်ထုနည်း

ဘုရားပဋိမာမာနလက္ခဏာသိပ္ပံကျမ်း
ကို ဦးနှောင်းကိုးကား၍ ရုပ်ပွားတော်ကို
ထုရသည်။

ကျင်္ကနာတော် ၁၄ လက်မ၊
ဆံတော် ၂၈ လက်မ၊
ဗုဒ္ဓန်းတော် ၄၀ လက်မ၊
ဘုတ်တော် ၆၂ လက်မ
(အမြင့်)

ခန့်ရှိသော ဗောဓိရိုးထိုင်တော်မူပုံ
ရုပ်ပွားတော်ကိုထုရသည်။

(ဆရာစပ်ထွန်းမှတ်တမ်း)
၁၂၊ ၅၊ ၈၇ နေ့ထုတ်
(ကဆုန်လပြည့်နေ့)
ကြွေးမုံသတင်းစာ စာမျက်နှာ (၅) မှ

ငါးစိုဝန်

ဈေးသား
(၁) ယောက်လျှင်
တစ်အိုးစား - (၅) ယောက်၊
နှစ်အိုးစားလျှင်
တစ်ကိုပ် - (၁၀) ယောက်၊
(၅) ကိုပ်လျှင်
တစ်သွေးသောက် - (၅၀) ယောက်
နှစ်သွေးသောက်
တစ်တပ်မှူး - (၁၀၀) ယောက်၊
ငါးတပ်မှူးလျှင်
တစ်ဗိုလ် - (၅၀၀) ယောက်၊
ဗိုလ်ငါးဗိုလ်လျှင်
တစ်စို့ - (၂၅၀၀) ယောက်၊
စို့ငါးစို့လျှင်
ငါးစိုဝန် - (၁၂၅၀၀) ယောက်၊

ငါးစိုဝန်ကားတပ်သား (၁၂၅၀၀) ကို
ကျွေးရသောဝန်ကြီး ဖြစ်သည်။

(ငါးစိုဝန်ကြီး ဘိုစာဆို
ဦးမြတ်နိုး-ဆောင်းပါး
ဒွေတာရီမဂ္ဂဇင်း
၈၇/ဇွန်လထုတ်)

ဆရာကျေးဇူး

ကေ မေ ဝါရက္ခဲ ယောဟု
ဂုရုသိဿံ ပဟောမယေ။
ပုထုဗျံ နတ္ထိ တံ ဒဗ္ဗံ။
ယံ ဒတွာ စာနဏော ဘဝေ။

ယောဂုရု - အကြင်ဆရာဿည်၊
ဆာမေဝအက္ခရံ - အက္ခရာတစ်လုံးမျှကို
ပင်၊ **သိဿံ** - တပည့်ကို၊ **ပဟောယေ** -
ပွင့်သွားအောင်သင်ပေး၏။ **(တဿဂုရု
နော** - ထိုကျေးဇူးရှင်ဆရာအား)၊ **ယံဒဗ္ဗံ**-
အကြင်ဝတ္ထုပစ္စည်းကို၊ **ဒတွာ**-ပေး၍(ဝါ)
လက်ဆောင်အဖြစ်ပေး၍၊ **အနဏော**-
ကျေးဇူးကြွေးပြေသည်၊ **ကဝေ** - ဖြစ်နိုင်
ရာ၏။ **တံ ဒဗ္ဗံ** - ထိုကျေးဇူးကို ပြန်စရာ
ဘဏ္ဍာလက်ဆောင် ပစ္စည်းမျိုးသည်၊
ပုထုဗျံ - ကမ္ဘာတစ်ခွင်မြေအပြင်၌၊ **နတ္ထိ**-
မရှိပါပေ။

ဘုရား၊ တန၊ တစ်လုံးမျှကို ရှင်းပြပုံပြင်၊ ဆရာရှင်အား၊ တင်သည်ကျေးဇူး၊ ပြုပေဖူးကို၊ ဆပ်ဦးမည်ငါ၊ တငါငါနှင့်၊ ကမ္ဘာကုန်စေ၊ ကျယ်သရွေ့မှာ၊ ကောင်းပေဝတ္ထု၊ စွမ်းကုန်စုလည်း၊ ဝတ္ထုဖြစ်၊ အထပ်ထပ်ဖြင့်၊ဆပ်၍မကြေ၊ ကြွေးမပြေတည့်။ ဤမျှအဆပ်ခက်သော ဆရာ့ကျေးဇူးပေတကား။

ဆရာဆန်းထွန်း(မန်းတက္ကသိုလ်)
(မြတ်မင်္ဂလာစာစောင်အတွဲ(၁)၊
အမှတ် (၁၀)၊ ၇၆/၄ ထုတ်၊
ကတညုတမင်္ဂလာဆောင်းပါး)

၇။ ဒုလ္လဘတရား (၄) ပါး

သေလေ,သေလေ နမာဏိက္ကံ၊
ဂဇေ,ဂဇေ နမုတ္တိကံ၊
ဝနေ,ဝနေ နစန္ဒနံ၊
ဌာနေ,ဌာနေ နပဏ္ဍိတံ။

လောဏီတိပါဠိဂါထာအဓိပ္ပာယ်
ကို မန်လည်ဆရာတော်ကြီးက အောက်
ပါအတိုင်း မဃဒေဝလင်္ကာသစ် အပိုဒ်
(၆၀၅) ၌ ဖွဲ့ဆိုထားသည်။

သေလေ,သေလေတောင်တောင်တွေတိုင်း၊ လွန်ထွေဘိုးများ၊ ပတ္တမြားမရှိ။
ပြုန်းဆင်ဆင်တွေ၊ ဂဇေဇေတိုင်း၊ မြူတေရိုးရဲ့၊ ပုလဲမရှိ။
များဘိမြို့ ခြေ၊ ဝနေနေတိုင်း၊ နီရွှေနုံမြူး၊ စန္ဒကူးမပေါက်။
မိုးသောက်ရပ်မြေ၊ဌာနေနေတိုင်း၊ ကဝေမြောက်သူ၊ ပဏ္ဍိလူလျင် တစ်ဆူဖြစ်ခဲ၊ မလွဲဧကန် ဟုတ်မှတ်လှ၏။
ဟူ၍ စပ်ဆိုတော်မူ၏။
ထို့အတူပင် ရွှေဟင်္သာမင်းပျို့ အပိုဒ် (၄) ၌ ရှင်တေဇောသာရဆရာတော် အထက်ပါအတိုင်း စပ်ဆိုထားသည်ကို တစ်မျိုးတွေ့ရ၏။

မည်ကာတောင်လည်း၊ အရောင်ထွန်းတင်၊တိုးခဲအင်္သားမျက်ရှင်မရှိ။ သစ်တိထူပြော၊ တောမည်ကာလည်းနှံ့သာမရောက်၊ပေါက်တိန့်နှင်၊ ဆင်ခပဲလည်း၊ ပုလဲမတည်၊ ပြည်မည်မည်လည်း၊ ဝန်းလည်ကျော်ထိပ်၊ ပဏ္ဍိတ်မဲ့ခြား ဤလေးပါးကား အများလူတွင် ရှိခဲထင်၏။
ဟူ၍ စပ်ဆိုတော်မူသည်။

၈။ စည်းစိမ်/ဥစ္စာ

ဤစည်းစိမ်ဥစ္စာကို ပါဠိလို ဘောဂ ဟုဆို၏။ စည်းစိမ် ဟူသည် တိုးတက်ဖွံ့ဖြိုးဖြစ်ပေါ်လာသော အစုအဆောင်း။ ဥစ္စာဟူသည်ကား ပစ္စည်းအသုံးအဆောင်။ ဤကဲ့သို့ မြန်မာအဘိဓာန် အတွဲ (၃)၊ စာ (၁၂၁) ၌ ဖွင့်ပြထားကြောင်း ရွှေဟင်္သာမင်းပျို့ စာကိုယ် (၈၄) ၌ ဆရာရဇဝေထွန်းက ဖြေဆိုထားသည် မှတ်သားရ၏။

စည်းစိမ် - တိုးတက်ဖွံ့ဖြိုးရေးဖြစ်ပေါ်လာသည့် အစုအဆောင်း။
ဥစ္စာ - ပစ္စည်းအသုံးအဆောင် ဟူ၍ ခွဲခြားမှတ်သားရန် ဖြစ်ပါသည်။

၉။ နိက္ခမနှင့်နေက္ခမအထူး

ဤနေက္ခမပါရဟိကို နိက္ခမပါရမီ ဟူ၍ အရေးမှားကြသည်။ နိက္ခမ ဟူသည် ထွက်မြောက်သူ လူဖြစ်ကို ဟော၍ ထိုလူဖြစ်သည် ပါရမီမဖြစ်နိုင်။ လွတ်မြောက်ခြင်း သဘောတရားသာလျှင် ပါရမီဖြစ်နိုင်သည့်အတွက် ပါရမီကို နိက္ခမဟမခေါ်သင့်။ နေက္ခမဟုတ်၍သာ ခေါ်သင့်ကြောင်း ဓမ္မဝင်-ပတွဲ အနုဒီပနီ၌ ရှင်းပြထားသည်။

၁၀။ ပါရမီဟူသည်

၁ ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟူသုံးဖြာပပစ္စာ၊ ကင်းစင်လွတ်အနန္တများစွာ၊ သတ္တဝါတို့ကြင်နာသနားအရင်းထား၍ ဘုရားဖြစ်ရန်၊ သဗ္ဗညုတ်ကို ရည်သန်ဆန္ဒ ပြုစုရသား ဒါနစသည်၊ ထိုဆယ်လီ ပါရမီဟု ခေါ်သတည်း။

မောဇ္ဇဝင် ပတ္တဲ၊ စာ (၁၀၆) ၌ ရှင်းပြထားသည်ကို မှတ်သားရ၏။

ဉာဏ်ဆွင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းလွင်

(သဘာဝဓမ္မ)

ဘုရားဟောသောတရားနှင့် ဘုရားမဟောသောတရား

ဇာတ်ကြောင်းကို ပြန်ဟောတာ။

မြတ်စွာဘုရားရှင် လက်ထက်က အိန္ဒိယပြည်မှာရှိတဲ့ လူအားလုံးရဲ့ အတိတ်ဇာတ်ကြောင်းများကိုလည်း သိတယ်။ ဒီထက်မက ကမ္ဘာလောကမှာရှိတဲ့ လူအားလုံးရဲ့ အတိတ်ဇာတ်ကြောင်းကိုလည်းသိတယ်။ ဒီထက်မက သတ္တဝါ

"အုန်းရွေ့၊ ဓမ္မ ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကိုသိသလား"

စကားဝိုင်းစသည်နှင့် ကိုအုန်းစိန်က ကိုအုန်းရွေ့ကို မေးလိုက်ပါသည်။ ကျွန်တော့်ကို မမေးသဖြင့် ကျွန်တော် ကံကောင်းသွားပါသည်။ ကိုအုန်းစိန်က ကျွန်တော့်ရဲ့ စာရေးဆရာဆိုတဲ့ သိက္ခာကိုငဲ့ပြီး အမှန်မဖြေနိုင်လျှင် အရှက်ကွဲမည်စိုးသောကြောင့်ထင်ပါသည်။

ရွှေ ။ ။ ဘုရားဟောတဲ့တရားတွေကို စဉ်းစားပေါ့ကွာ။

စိန် ။ ။ ဘုရားက တရားအားလုံးကို ဟောခဲ့သလား။

ရွှေ ။ ။ ဓမ္မဟူသမျှပေါင်းရှစ်သောင်းလေးထောင်လို့ ဆိုတယ်မဟုတ်လား၊ အကုန်လုံးလေ့။

စိန် ။ ။ တစ်ခါက မြတ်စွာဘုရားဟာ ရဟန်းတွေနဲ့ တောအုပ်တစ်အုပ်ကို ရောက်သွားတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အနီးအနားမှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကိုညွှန်ပြပြီး ချစ်သားတို့၊ ငါဟောတဲ့တရားတွေက ဟောဒီသစ်ပင်ကြီးက သစ်ရွက်တွေလောက်ရှိတယ်။ ငါမဟောတဲ့တရားတွေက ဒီတောအုပ်မှာရှိတဲ့ သစ်ပင်အားလုံးကသစ်ရွက်တွေလောက်ရှိတယ်' လို့ မိန့်တော်မူကြောင်း ငါတရားခွေတစ်ခွေမှာနာလိုက်ရဖူးတယ်။ ဆရာတော်ဘွဲ့ကတော့ မှတ်စုစာအုပ်ထဲမှာရှိတယ်၊ ပါမလာဘူး။ ဒါပေမယ့် မမှားဘူး၊ သေချာတယ်။

ဘုရားဟောတရားကို ဓာတ်စက်ဖွင့်သလို အဆက်မပြတ် ဟောနေတာမှမဟုတ်ဘဲ။ အကြောင်းတိုက်ဆိုင်မှ အကြောင်းပေါ်မှဟောရတာ။ ဥပမာ ပဒေသနဒီကောသလမင်းနဲ့ မလ္လိကာဒေဝီတို့ကို အကြောင်းပြုပြီး သူတို့ရဲ့ အတိတ်ဇာတ်လမ်းဖြစ်တဲ့ စန္ဒကိန္နရီအားလုံးရဲ့ အတိတ်ဇာတ်ကြောင်းတို့လည်း သိနိုင်တယ်။ အခြားအကြောင်းအရာတွေကိုထား လူအားလုံးရဲ့အတိတ်ဘဝများစွာအနက်က တစ်ဘဝစီကိုပဲပြန်ဟောရင်တောင်၊ အဆက်မပြတ်ဟောရင်တောင် (၄၅)ဝါနဲ့ကုန်မှာမဟုတ်ဘူး။

မြတ်စွာဘုရားရှင်ဟာ သဘာဝတရားအားလုံးကို သိတယ်။ သဘာဝတရားကို သဘာဝဓမ္မလို့ ခေါ်တယ်။ အခုပြောတဲ့ 'ဓမ္မ' ဆိုတာ အဲဒါကိုပြောတာ။ မြတ်စွာဘုရားဟာ သဘာဝဓမ္မတိုင်းသိတဲ့နေရာမှာ ပြောသံကြားနဲ့၊ တစ်ဆင့်စကားနဲ့၊ စဉ်ဆက်စကားနဲ့သိတာမဟုတ်ဘူး။ ကြဲစည်တွေးတောပြီးသိတာလည်းမဟုတ်ဘူး။ ကိုယ်တိုင်သိတာ။ ဥပမာ အစွန်းတရားနှစ်ပါးကိုဟောကြားတဲ့အခါ လောကီအာရုံ ကာမဂုဏ်မှာနှစ်သက်နေတဲ့အစွန်းနဲ့ မိမိကိုယ်ကို ညှဉ်းဆဲခြင်း

www.burmeseclassic.com

www.burmeseclassic.com

...ဆိုတဲ့အစွန်းကိုဟောခဲ့တယ်။

အဲဒါ မင်းသားဘဝက နန်းမသုံး...မှာ မောင်းမမိသံတွေနဲ့ ကိုယ်...ပြောနေခဲ့ဖူးတယ်။ ဒုက္ကရစရိယာ...ခြောက်နှစ်ကြာကိုယ်ကိုညှဉ်းဆဲပြီး...ကျင့်ခဲ့ဖူးတယ်။ သူများတွေ...ယစ်မူးနေတာကိုမြင်ပြီး တိတ္ထိ...ကိုယ်ကိုညှဉ်းဆဲပြီးကျင့်တဲ့အကျင့်...မြင်ပြီး ဟောတာမဟုတ်ဘူး။

ရွှေ ။ ။ အုန်းစိန်၊ သဘာဝတရား...ဘာကိုပြောတာလဲ။ ဘယ်ဟာ...ကိုပြောတာလဲ"

စိန် ။ ။ သဘာဝရဲ့အဓိပ္ပာယ်က...သဘောသူဆောင်ခြင်းလို့ အဓိပ္ပာယ်...ယ်။ သူသဘောသူဆောင်တယ်...သဘာဝတရားတစ်ခုစီဟာ သူ...သဘောသူဆောင်နေကြတယ်။ တစ်ခုနဲ့...ခုမတူကြဘူး။ မြေဟာ ရေသဘော...ဆောင်ဘူး။ ရေဟာ မြေသဘောကို...ဆောင်ဘူး။ သက်ရှိ၊ သက်မဲ့၊ တည်ငြိမ်...ခြားနား လုပ်ကိုင်၊ ပြောဆို၊ ကြံစည်...တာ စတာတွေအားလုံးဟာ...ဘာဝတရားတွေပဲ။ သဘာဝတရားက...ဘာမှမရှိဘူး။

သဘာဝတရား တစ်ခုနဲ့တစ်ခု...ဟူတာကို ဥပမာပြောမယ်။ သက်ရှိ...သတ္တဝါတွေအနေနဲ့ 'ကုန်းမှာနေ...ကောင်ရွေ၊ ရေမှာနေ ဆယ်ကျော့ရွေ' လို့...အမည်အမည်ပေါင်းကို ပြောတယ်မဟုတ်...။ အဲဒါ ဒီထက်ပိုရင်ပိုမယ်၊ မလျှော့...။ အဲဒါအမျိုးအမည်ကိုပြောတာနော်။...ရေအတွက်ကို ပြောတာမဟုတ်ဘူး။...စ်မျိုးတစ်မျိုးမှာပဲ မျိုးကွဲပေါင်းနည်း...။ ဥပမာ လူဆိုပါတော့။ လူမျိုးပေါင်း...ယ်လောက်ရှိသလဲ။ ဥပမာ မြန်မာမှာ...လူမျိုးစုဘယ်လောက်များသလဲ။ အဲဒါ...စ်မျိုးနဲ့တစ်မျိုးမတူသလို တစ်ဦးနဲ့...စ်ဦးလည်းမတူဘူး။ အဲဒါ သူသဘော...သူဆောင်တဲ့သဘောပဲ။

သက်မဲ့မှာကြည့်ဦး။ အကျည်းအား...ခွဲတော့ ရော၊ မြေ၊ တော(သစ်ပင်)ရယ်...ပေါ့။ ရေမှာ ရေချို၊ ရေငန်အမျိုးမျိုး...ရှိ။ မြေမှာတောင် ကျောက်ခဲတို့၊ သဲ...တို့တော့ ပါတယ်ပေါ့။ သစ်ပင်လည်း...အပင်၊ နွယ်စသဖြင့်ပေါ့။ အပင်တွေ...လည်းအမျိုးမျိုး၊ နွယ်လည်း အမျိုးမျိုး...ရှိ။ အသီး၊ အပွင့်တွေလည်း အမျိုးမျိုး...ရှိ။ နာမည်ပေးထားတာရှိသလို နာမည်...မပေးရသေးတာလည်း အများကြီးကျန်...သေးတယ်။ သူတို့လည်း သက်ရှိသတ္တဝါ...အမျိုးအစားများထက် မနည်းဘူးထင်...တယ်။ သူတို့အားလုံးဟာလည်း တစ်မျိုး...နဲ့တစ်မျိုး မတူကြသလို တစ်မျိုးတည်း...မှာလည်း တစ်ခုနဲ့တစ်ခုမတူကြပြန်ဘူး။...ဥပမာ သရက်ကိုကြည့်။ အမျိုးမျိုးပဲ...မဟုတ်လား။ အသွင်သဏ္ဌာန်၊ အနံ့၊...အရသာ စသည်မတူကြလို့ အမည်အမျိုး...မျိုးကွဲနေကြတာ။ တစ်မျိုးတည်းမှာပဲ...ရော မြေ၊ ရာသီဥတုအခြေအနေကြောင့်...အနံ့၊ အရသာချင်းက မတူကြပြန်ဘူး။...တစ်ပင်တည်းမှာပဲ အသီး၊ အရွက်တွေ...မှာ အနံ့၊ အရသာချင်းမတူကြဘူး။ ကြံ...ဆိုရင် အရင်းကအချိုများပြီး အဖျားက...အချိုပေါ့တယ်။ အချို့ အသီးတွေမှာ...နေပူခံဘက်ကအချိုများပြီး လောင်းရိပ်...ဘက်က အချိုပေါ့တယ်။ အားလုံးမှာ...တစ်ခုနဲ့တစ်ခု ထပ်တူဆိုတာမရှိဘူး။

ရွှေ ။ ။ အဲဒါဘာကြောင့်လဲ။

စိန် ။ ။ မင်း သခ်ါရကို ဘယ်လို...နားလည်လဲ။

ရွှေ ။ ။ သခ်ါရဆိုတာ မမြဲတာကို...ပြောတာပေါ့ကွ။ သခ်ါရသဘောတရား...နဲ့ ဖြေပါတယ်မေရယ် ဆိုတဲ့ သီချင်း...တောင်ရှိသေးတယ် မဟုတ်လား"

စိန် ။ ။ အေး - လူအတော်များများဟာ သခ်ါရကိုမမြဲဘူးလို့ဘဲသိနေကြ...တာ။ အရင်တုန်းက သတင်းစာတွေနဲ့ နာရေးကြော်ငြာခေါင်းစဉ်တွေမှာ 'သခ်ါရ' ဆိုပြီး တပ်ကြတယ်။ နောက်တော့...သိတဲ့သူက ပြောလိုက်တယ်ထင်ပါရဲ့။ 'အနိစ္စ' ဆိုပြီး ပြောင်းတပ်လိုက်တယ်။ အလားတူပဲ၊ သခ်ါဆိုတာကိုလည်း လူ...ဒါန်းပေးကမ်းစွန့်ကြဲလိုစိတ်လို့သိတဲ့သူများတယ်။ ယုံကြည်မှုကြည်ညိုယုံကြည်...မှုလို့သိတဲ့သူကနည်းတယ်။ သခ်ါဆိုတာ...ကံ,ကံရဲ့အကျိုးကို ယုံကြည်ခြင်း၊ ဘုရား၊...တရား၊သံဃာရတနာ(၃)ပါးကို ယုံကြည်...မှုနဲ့ ကြည်ညိုခြင်းကိုပြောတာ။

သခ်ါရဆိုတာ ထုတ်လုပ်မှုကို...ပြောတာ။ ဖြစ်နေတာတွေမှန်သမျှကို...အကျိုးလို့ခေါ်တယ်။ အကျိုးမှန်သမျှ...အကြောင်းရှိလို့ဖြစ်ရတာ။ အကြောင်း...က ထုတ်လုပ်လိုက်တဲ့ အကျိုးပဲ။...အကြောင်းမရှိဘဲ ဖြစ်တဲ့အကျိုးဆိုတာ...လုံးဝမရှိဘူး။ အကြောင်းကလည်းတစ်ခု...တည်းမဟုတ်ဘူး။ နှစ်ခုကနေ အထက်...ပဲ။ အဲဒီအကြောင်းတွေ ပေါင်းစုပြီး...အကျိုးတစ်ခုဖြစ်အောင်ထုတ်လုပ်တာကို...'သခ်ါရ' လို့ ခေါ်တယ်။

အဲဒီသခ်ါရချင်းမတူလို့ သက်ရှိ...သက်မဲ့တွေ တစ်ခုနဲ့တစ်ခု၊ တစ်ဦးနဲ့...တစ်ဦး၊ တစ်မျိုးနဲ့တစ်မျိုး မတူကြဘာ...အဲဒီ သခ်ါရတွေကလည်း သူတို့မှာ...အကြောင်းတွေရှိပြန်တယ်။ သူတို့ကို...ထုတ်လုပ်သူက အကြောင်းဖြစ်ပြီး သူ...တို့က အကျိုးဖြစ်ခဲ့ဖူးတယ်။ အဲဒီအကျိုး...တွေရဲ့အကြောင်းအစကို ရှာဖို့မစဉ်းစား...နဲ့။ သမီးတစ်ယောက်ဖြစ်နေတာ အမေ...ကမွေးလို့။ အဲဒီအမေက အကြောင်း၊...အခု သမီးက အကျိုး။ အဲဒီအမေကို...မွေးခဲ့တဲ့ အမေရှိသေးတယ်။ သူက...အကြောင်းပဲ။ သူ့အမေ၊ သူ့အမေ၊ သူ့...အမေတွေရှိသေးတယ် မဟုတ်လား။...အဲဒါဆုံးအောင် ဘယ်လိုလုပ်လိုက်မလဲ။...သံသရာအစကိုရှာသူဟာ အမေအစကို...ရှာသူလိုပဲ။ ပြီးတော့ အဆုံး၊ အစ ဘယ်...ဟာလဲလို့ မသိတာလည်းရှိသေးတယ်။...ကြက်ဥနဲ့ ကြက်၊ သရက်စေ့နဲ့သရက်ပင်...ဘယ်ကစသလဲ။ အဲဒါမျိုးတွေကိုစဉ်းစား...နေရင် ရူးဖို့ပဲရှိတယ်။

မစဉ်းစားကောင်းတဲ့အရာ(၄)မျိုး...ရှိတယ်။ အစိန္တေယျ(၄)ပါးလို့ ခေါ်တယ်။...အဲဒါတွေက (၁) ဘုရားအကြောင်း၊ (၂)...စ္ဆာန်အကြောင်း၊ (၃) ကံအကြောင်း၊ (၄)...လောကဓာတ်အကြောင်းတို့ပဲ။ မြတ်စွာ...ဘုရားရဲ့ဘုန်းတော် ကံတော်၊ ဉာဏ်...တော်၊ တန်ခိုးတော်တွေဘယ်လောက်ရှိ...သလဲ၊ ဘယ်လိုလဲဆိုတာမျိုးကို မစဉ်းစား...အပ်ဘူး၊ ရူးသွားနိုင်တယ်၊ မသိနိုင်ဘူး။...ဘုရားအကြောင်းကို ဘုရားကလွဲပြီး...ဘယ်သူမှမသိဘူး။

နောက်တစ်ခုကစ္ဆာန်အကြောင်း။...စ္ဆာန်ရဖို့အလုပ်ကို သိလည်းမသိ၊ လုပ်...လည်းမလုပ်၊ ရလည်းမရဘဲ စ္ဆာန်အ...ကြောင်းကို အပြည့်အစုံသိအောင် စဉ်း...စားသူဟာလည်း ရူးဖို့သေချာတယ်။

နောက်တစ်ခုက ကံအကြောင်း။...ကံတရားက ဆန်းကြယ်တယ်၊ နက်နဲ...တယ်၊ ရှုပ်ထွေးတယ်။ အခုကောင်းတာ...လုပ်နေပေမယ့် အဆိုးဖြစ်ချင်ဖြစ်တတ်...တယ်။ မကောင်းတာလုပ်နေပေမယ့်...ကောင်းကျိုးချမ်းသာရချင်ရတတ်တယ်။...အခုလုပ်နေတဲ့ကံက ကောင်းတာဖြစ်စေ၊...ဆိုးတာဖြစ်စေပေါ့။ အခုဘဝမှာ အကျိုး...ပေးနိုင်တာရှိတယ်။ အခုဘဝမှာ အကျိုး...မပေးနိုင်ဘဲ တချို့ ပျက်ပြယ်သွားတာရှိ...တယ်။ သေပြီးနောက် ဒုတိယဘဝမှာ...အကျိုးပေးနိုင်တာရှိတယ်။ အကျိုးမပေး...နိုင်ရင် အဲဒီဘဝမှာ ပျက်ပြယ်သွားတာရှိ...တယ်။ အကျိုးပေးခွင့်မရလို့ အကျိုး...မပေးနိုင်ရင် တတိယဘဝကဲ့နေပြီး...သံသရာတစ်လျှောက်လုံးမှာ အကျိုးပေး...ခွင့်ရတာနဲ့ အကျိုးပေးနိုင်တဲ့ကံတွေရှိ

www.burmeseclassic.com

www.burmeseclassic.com

တယ်။

အကျိုးပေးခွင့်ဆိုတာ အင်အားအပေါ်မှာ တည်တာပဲ။ ကောင်းကံကများနေရင် ဆိုးကံက အကျိုးပေးခွင့်မရဘူး။ ဆိုးကံက အင်အားများနေရင် ကောင်းကံအကျိုးပေးခွင့်မရဘူး။ကောင်းကံချည်းအင်အားများနေရင်လို့ သုဂတိဘုံမှာချည်းရောက်ပြီး နောက်ဆုံးကစ်မင်္ဂတစ်ဖိုလ်ရသွားရင် ဆိုးကံတွေအားလုံးဟာ သမုဒ္ဒရာကမ်းပါးကိုရောက်သွားတဲ့မီးလိုပဲဆက်မလိုက်နိုင်တော့ဘူး။ အဲဒီမတိုင်ခင်တော့ စိတ်မချရသေးဘူး။ ကောင်းကံလစ်ဟာသွားတဲ့အတွက် တွေ့တာနဲ့ဝင်မှာပဲ။တရုတ်သူရဲကောင်းဂါမဏီနဲ့ မွန်သူရဲကောင်း သမိန်ဗရမ်းတို့ စီးချင်းထိုးတော့ ဂါမဏီလက်မြောက်မှာ ချိုင်းအောက်က ချပ်တန်ဆာမှာ ချုပ်ရိုးပြတ်ပြီးဟနေတာတွေ့လို့ အဲဒီနေရာကို အမိအရ လှဲနဲ့ထိုးလိုက်နိုင်တဲ့အတွက် ဂါမဏီကျသွားတယ်။ အဲဒီလိုပဲ ကောင်းကံ၊ ဆိုးကံတွေဟာ အားနည်းသူက အားသာသူကို အမြဲဟာကွက်ချောင်းနေတာပဲ။ဟာကွက်ပေါ်တာနဲ့ဝင်ပြီး အကျိုးပေးမှာပဲ။ အဲဒါကြောင့် ကံတရားကို မမြင်နိုင်၊ မသိနိုင်တဲ့အတွက် စဉ်းစားလို့ အမှန်မသိဘူး။ အတိတ်ကို ကမ္ဘာပေါင်းများစွာပြန်မြင်နိုင်တဲ့ ဈာန်ရရသေ့ကြီးတွေတောင် သူတို့မမြင်နိုင်တဲ့ကမ္ဘာတွေ၊ ဘဝတွေ၊ ကံတွေကလာအကျိုးပေးတာကို အထင်လွဲပြီး ကောင်းတာလုပ်လျက် အဆိုးဖြစ်တယ်။ ဆိုးတာလုပ်လျက် အကောင်းဖြစ်တယ်။ ဒါကြောင့် ကံ,ကံရဲ့အကျိုးဆိုတာမရှိဘူး။ ကံဆိုတာမရှိဘူး ဆိုပြီး ကံမဲ့ဝါဒကိုဟောကြတော့တာပဲ။ ဒါကြောင့် ကံတရားကို မကြံ့မစည်အပ်ဘူးလို့ပြောတာ။

နောက်ဆုံးက လောကဓာတ်လို့ခေါ်တဲ့ ဒီစကြဝဠာလောကဓာတ်ကြီးဟာ ဘာကြောင့်ဖြစ်ပေါ်လာသလဲ၊ ဘယ်လိုဖြစ်လာသလဲ၊ ဘာတွေဖြစ်နေသလဲ၊ နောင်ကောဘယ်လိုဖြစ်ဦးမှာလဲ၊ ဘာတွေရှိပြီး ဘယ်လိုနေကြသလဲ စတဲ့အကြောင်းတွေကို စဉ်းစားရုံသက်သက်ထိုင်စဉ်းစားနေလို့ကတော့ အကြောင်းခံကိုသိနိုင်မှာမဟုတ်လို့ ရူးရုံအပြင် တခြားမရှိဘူး၊

ထမင်းစားခိုန်ရောက်လာသဖြင့် ကျွန်တော်တို့လူစုခွဲလိုက်ကြပါသည်။

ဆွေငြားဆုံအုန်းသွင်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၁၄ ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနိုးလာပြီ။
ချမ်းသာကြွယ်ဝကြဦးတော့မည်ဖြစ်၏။

ချမ်းသာခြင်းကိုဖြစ်စေသောကိန်းဂဏန်းလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါသော် -

တနင်္ဂနွေသားသမီးများ

ဖေဖော်ဝါရီလ ၇၊ ၁၇၊ ၂၁၊ ၂၅ ရက်များမှာ ထီထိုးပါ။

ဖြစ်နိုင်လျှင် မိဘမဲ့ကလေးများကို ပေးကမ်း လျှဒါန်းသော ကုသိုလ်ကြီးတစ်ခုကို ပြုလိုက်ပါ။ ဒီထက်ပိုဖြစ်နိုင်လျှင် မိဘမဲ့ကလေးတစ်ဦးဦးကို ရှင်ပြုပေးလိုက်ပါ။ ပြီးမှထီထိုးပါ။

မတ်လမှာ ၃၊ ၂၊ ၉၊ ၇ ဂဏန်းများ ကံစမ်းနေပါသည်။

တနလာသားသမီးများ

ဖေဖော်ဝါရီလ ၉၊ ၁၉၊ ၂၂၊ ၂၆ ရက်များမှာ ထီထိုးပါ။

ယခုလ အားလပ်ရက်တစ်ရက်ရွေးပါ။

တစ်နေ့တည်း ဘုရား (၅) ဆူပြည့်အောင်သွားပါ။

ဘုရားတိုင်းရှိ ရှုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင်စီထွန်းညှိပူဇော်ခဲ့ပါ။ အပြန်မှာထီထိုးပါ။

မတ်လမှာ ၃၊ ၅၊ ၆ ဂဏန်းများ ကံစမ်းနေပါသည်။

အင်္ဂါသားသမီးများ

ဖေဖော်ဝါရီလ ၆၊ ၉၊ ၁၈၊ ၂၀၊ ၂၆ ရက်များမှာ ထီထိုးပါ။

နံနက်စောစော အရုဏ်တက်မှာ ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ ပြီးမှ ထီထိုးပါ။

မတ်လမှာ ၅၊ ၆၊ ၈၊ ၁ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဖေဖော်ဝါရီလ ၁၄၊ ၁၇၊ ၂၁၊ ၂၄ ရက်များတွင် ထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လအတွင်း ရွှေရင်အေးကပ်လှူပူဇော်ပါ။ ရင်မသတ်မှတ်ပါနှင့်။ အဆင်ပြေသလိုလှူပါ။

မတ်လမှာ ၅၊ ၃၊ ၆၊ ၂ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ကြာသပတေးသားသမီးများ

ဖေဖော်ဝါရီလ ၁၁၊ ၁၄၊ ၂၂ ရက်များမှာ ထီထိုးပါ။

မျက်စိဝေဒနာရှင်များကို ဆေး၊ အာဟာရလှူပေးပါ။ မျက်မြင်များကို လှူပေးပါ။ မျက်မှန်ဝယ်ရခက်အခဲရှိသူများကို မျက်မှန်ဝယ်ပေးပါ။

မတ်လမှာ ၄၊ ၈၊ ၃၊ ၁ ဂဏန်းများနှင့် ကံစမ်းပါသည်။

သောကြာသားသမီးများ

ဖေဖော်ဝါရီလ ၉၊ ၁၅၊ ၁၉ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။ ငြိုးဖော်ငှဉ်မမွေးနှင့်။ ရုပ်ပွားတော်တစ်ဆူမှာ ကပ်လှူပူဇော်ပါ။ အပြန်မှာထီထိုးပါ။

မတ်လမှာ ၅၊ ၁၊ ၆ ဂဏန်းများကံစမ်းပါသည်။

စနေသားသမီးများ

ဖေဖော်ဝါရီလ ၆၊ ၉၊ ၂၀၊ ၂၄ ရက်များမှာ ထီထိုးပါ။

'ကျိုက်' ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင်(၉)တိုင် ထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

မတ်လမှာ ၃၊ ၅၊ ၄၊ ၈ ဂဏန်းများနှင့် ကံစမ်းပါသည်။

ဆရာဦးမောင်မောင်

(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com



အောင်သောကျော်

ပါဒနက်သန့်စုံနှစ်ရန် ဝိတန်လုပ်ချင်ကာ

ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံနှင့်မျက်စောင်းထိုးတွင် တည်ရှိသည့် ခုံညားထည်ဝါလှသော နှစ်ထပ်ကြီးကြွေ့ရွှေသို့ရောက်သည်နှင့် ခိုင်သစ်သစ်လုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ဝမ်းပန်းတသာဆီးကြိုကာ နှစ်ထပ်မှတ်ကြီးအပေါ်ထပ်ရှိ ဘုရားခန်းသို့ ခေါ်သွားသည်။ ဘုရားခန်းတွင်ကား ရေဖော်ရေဖက် စာရေးဆရာများဖြစ်ကြသည့်ဆရာမောင်ထည်ဝါ(ဖျော်ဘွယ်)၊ ဆရာနိုင်ခင်ရွှေ၊ ဆရာ ကိုမိုး (ရွှေပြည်သာ)၊ ဆရာ ဇာတိဂုဏ်-မျိုးမြင့်အောင်နှင့် တဖွာဆရာမြစိုးလွင်တို့ ရောက်နေကြသည်ကို တွေ့ရသည်။ ဦးဝင်းလှိုင်က သစ်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာသူဖြစ်ပြီး စာဖတ်ခြင်းအလုပ်ကို ဆုံမွေ့နှစ်သက်သူဖြစ်လေရာ သူ၏ ခန့်နေကျရောက်တိုင်း သူခင်မင်အလေးထားသည့် စာရေးဆရာများကိုဖိတ်ကြားတတ်ပေသည့်ခံကျွေးမွေးလေ့ရှိသည်။ ယခုလည်း ဦးဝင်းလှိုင်ကိုယ်တိုင် ဆက်ဆက်သွားခဲ့ရန်ခေါ်သဖြင့် လာဖြစ်ခဲ့ခြင်းပင်ဖြစ်သည်။

ဘုရားခန်းအတွင်းသို့ ဝင်မိကာ ရေဖော်ရေဖက်များနှင့် စကားလက်ဆုံကျဖြစ်သည်။ ယခုတစ်ခေါက် ရောက်လာဖြစ်သည်မှာ စာရေးသူ ကံကောင်းသည်ဟု ဆိုရမည်ပင်။ ဝါဆိုသင်္ကန်းကပ်

ထည်ဝါတုန်ထိုက် ဘုရားနာထွေဆောင်မှ အနန္တမိန့ နဝဝေထေရ ဘုန္ဓဗြဲတော်ရာ

ပွဲဖိတ်ခဲ့စဉ်က စာရေးသူ နယ်ဘက်သို့ခရီးလွန်နေခဲ့သဖြင့် မရောက်ဖြစ်ခဲ့ရ။ ဘုရားကျောင်းဆောင်သည် ထူးခြားလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။ ဘုရားကျောင်းဆောင်အတွင်း သီတင်းသုံးနေတော်မူသည့် ဆင်းတုတော်များနောက်တွင် ရွှေရောင်လင်းလက်နေသည့် ခြေဖဝါးတော်ရာနှစ်ခုရှိနေသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။ ဦးဝင်းလှိုင်ထံမှ သိခွင့်ရလိုက်သည်မှာ မြတ်ဗုဒ္ဓ၏ ခြေတော်ရာများဖြစ်သည်ဟုပင်။

မွေးနေ့ဧည့်ခံကွေးမွေးမှုကို ရေဖော်ရေဖက်များနှင့်အတူ စားသောက်နေမိခြင်သော်လည်း မြတ်ဗုဒ္ဓ၏ ခြေတော်ရာတို့ ယခုကဲ့သို့ အလေးအနက်ထားကာ ဘုရားကျောင်းဆောင်တွင် နေရာပေးထားခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့မိခဲ့ရဘူးပါ။ စာရေးသူ မနေသာတော့သဖြင့် ပြန်ခါနီးတွင် ဦးဝင်းလှိုင်အား မေးမြန်းကြည့်မိဖြစ်သည်။ ဓမ္မဂုဏ်ရည်ကျောင်းတိုက်ဆရာတော် အရှင်ဝိလာသထံမှ သိခွင့်ရကာ

www.burmeseclassic.com

www.burmeseclassic.com

ယခုကဲ့သို့ ပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။ ဓမ္မဝုဏ်ရည်ကျောင်းတိုက် ဆရာတော် အရှင်ဝိလာသမှာ ဝေမိုး (ကျွန်းလှ)ကလောင်အမည်ဖြင့် ဘာသာ ရေးစာပေလမ်းကြောင်းပေါ် ဝယ် အထင် ကရ ကျော်ကြားလျက်ရှိနေသည့် ဆရာ တော်ပင် ဖြစ်ပါသည်။ ဆရာတော်ထံ အရောက်သွားကာ ဗုဒ္ဓခြေတော်ရာ ကိုးကွယ်ပူဇော်ပုံပူဇော်နည်းတို့ကို မေး မြန်း လျှောက်ထားဦးမည်ဟု ဆုံးဖြတ် ချက်ချထားလိုက်မိဖြစ်ရပါတော့သည်။

❐

ဆရာတော် သီတင်းသုံးသည့် ကျောင်းမှာ နှစ်ထပ်တိုက်ကျောင်းကြီး ဖြစ်ပြီး ကျောင်းအရှေ့ဘက်တွင် ခဲ့ညား ထည်ဝါလွန်းလှသည့် သိမ်တော်ကြီးရှိ နေသည်။ စာရေးသူ နှစ်ထပ်ကျောင်းကြီး ရှေ့သို့ ရောက်သွားသည်တွင် ကိုရင် လေးတစ်ပါး သံဘာဂျာတံခါးကိုလာဖွင့် ပေးသည်။ ကျောင်းအပေါ် ထပ်သို့တက် သွားကာ ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်ရင်း ဆရာတော်ကို ထိုင်စောင့်နေမိ ဖြစ်သည်။ ကျောင်းခန်းမကြီး၏ အဆင် အပြင်များကို လေ့လာနေမိစဉ် ဘုရား ကျောင်းဆောင်ရှေ့တွင်ကပ်ကာထောင် ထားသည့် ရောင်ပြေးပြားတစ်ချပ်ကို တွေ့လိုက်ရသည်။ သေသေချာချာ ကြည့်လိုက်မိတော့မှ ကြေးပြားပေါ် တွင် ထွင်းထားသည့် ခြေတော်ရာတစ်စုံဖြစ် နေသည်ကို သိလိုက်ရသည်။

ထိုစဉ်မှာပင် ဆရာတော် အရှင် ဝိလာသထွက်လာသည်နှင့်ဆုံရသည်။ ဆရာတော် မိန့်တော်မူမှ သိခွင့်ရသည် မှာ ပါဒစေတီတော်ဟုပင်။ ပါဒစေတီ တော် ဟူသည် မြတ်ဗုဒ္ဓ၏ခြေတော်ရာ ကို ဆိုလိုခြင်းပင် ဖြစ်သည်။ ကဝိလက္ခ ကာသတ်ပုံကျမ်း ဆရာစိန္တကျော်သူ ဦးဩက 'ပါဒနက်သန် စုံနှစ်ရန် ဗိတာန် လုပ်၍ကာ' ဟု စပ်ဆိုထားခဲ့သည်။ 'ပါဒ' ဆိုသည်က ဗုဒ္ဓမြတ်စွာဘုရား၏ ခြေ တော်ရာကို ဆိုလိုသည်။ 'နက်သန်' ဆို သည်မှာကား မြတ်သောလက္ခကာဟု အဓိပ္ပာယ်ရသည်။ 'စုံနှစ်ရန်' ဆိုသည်မှာ ခြေတော်ရာ ဘယ်နှင့်ညာ နှစ်ဖက်တစ်စုံ ကို ဆိုလိုသည်။ 'ဗိတာန်' ဆိုသည်က မျက်နှာကြက်ကို ဆိုလိုသည်။ 'ကာ' ဆို သည်က ကာခြင်း၊ကပ်ဆင်ခြင်း၊ချိတ်ဆွဲ ခြင်း၊ရေးဆွဲခြင်းကို ဆိုလိုသည်။ မြတ်ဗုဒ္ဓ ၏ ခြေတော်ရာသည် အောင် (၁၀၈) ကွက် ဗုဒ္ဓစက် ဟူသည်နှင့်အညီ မင်္ဂလာ

ဆရာတော်အရှင်ဝိထာသ(စတိုး-ကျွန်းလှ)၏ နှစ်ထပ်ကျောင်းအရှေ့ဘက်ရှိသိမ်တော်

ဆရာတော်ရှေ့ခြေရာစုံပိတ်ဆက်ပွဲ
(နိဗ္ဗိုင်ဇော်သံဃာမဟာနာယကဥက္ကဋ္ဌ ပန်းမော်ဆရာတော်ကြီး၊ ခြေတော်ရာစေတီတော်ဆင်းတု

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆီနိကေတန်စာကြည့်တိုက်အတွက် ဆရာကြီးပါရဂူသို့ 'အဖေခြေရာ' စာအုပ်လှူစဉ်ကို

ဆရာတော်အရှင်ဝိလာသ(ဒေဝိဒ-ကျွန်းလှ)

ဆရာတော်အရှင်ဝိလာသ(ဒေဝိဒ-ကျွန်းလှ)ထံ မိုင်းသစ်သစ်ထုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးဆင်မိုင်
ဗုဒ္ဓခြေတော်ရာပူဇော်ရန် ထောင်းစဉ်ကို

ကျောင်းဆောင်တွင် ကပ်ကာထောင်ထားသည့် မြတ်ဗုဒ္ဓ၏ ခြေတော်ရာအစုံကို ပါဒစေတီတော်အဖြစ် ရည်မှန်းတာဦးချကန်တော့မိဖြစ်သည်။ ဦးချကန်တော့ပြီးသည်နှင့် ဆရာတော်အား မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်အလက်များနှင့် ခြေတော်ရာအားမည်သို့အလေးဂရုထားကာ ပူဇော်ရမည်နည်းလမ်းများ ညွှန်ပြမိန့်တော်မူပေးပါမည့်အကြောင်း လျှောက်ထားမိသည်။

ဆရာတော်မှ စိတ်ရှည်လက်ရှည်ရှင်းပြသဖြင့် မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်အတော်များများကို သိခွင့်ရခဲ့ပါသည်။ မြတ်ဗုဒ္ဓသည် တပည့်သာဝကများ သတိသဲဝေဂများဖြစ်ကြစေရန်နှင့် မဂ်ဖိုလ်တရားထူးရကြစေရန် ရည်သန်၍ဖြစ်စေ၊ နောင်လာနောက်သားတို့ ထာဝရ ဖူးမြော်နိုင်ခွင့်ရကြစေရန်ရည်သန် ဝေနေယျသတ္တဝါတို့၏ တောင်းပန်ချက်ကြောင့်ဖြစ်စေ အဓိဋ္ဌာန်ပြု၍ ခြေတော်ကိုချသောအခါ ခြေရာချသည့်အရပ်၌ ခြေဖဝါးတော်မှ အရာတော်တို့သည် ထင်ကျန်ရစ်ခဲ့သည်။ ခြေတော်ရာ၌ အကန့်တစ်ထောင် အကွပ်တံကူ ပုံတောင်အချပ်နှင့်တကွ (၁၀၈) ကွက်လက္ခဏာတို့နှင့် ပြည့်စုံသော စက်ဝန်းကို ထင်ရှားစွာ တွေ့မြင်ရကြောင့် ဒေါက်သုတ်ပါဠိတော်၌ ပြဆိုထားပါသည်။

မြတ်ဗုဒ္ဓသည် -

၁။ ဒေါက်ပုဇွန်းကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့်သေတဗျမြို့တို့အကြား လမ်းခရီးအရပ်ဌာန၌ ခြေတော်ရာတစ်ဆူ။

၂။ မာဂဏ္ဍိပုဇွန်းဇနီးမောင်နှံမြင်တွေ့စေရန် တမ္ဗာသဒမ္မနိဂုံးရွာကြီးနှင့် တောအုပ်ကြားလမ်းခရီး၌ ခြေတော်ရာတစ်ဆူ။

၃။ ကုဋ္ဌဥမိတ္တ မုဆိုးသားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ်မြို့အနီး တောအုပ်အတွင်းထောင်ထားအပ်သော ကျော့တွင်းအနီး အရပ်ဌာန၌ ခြေတော်ရာတစ်ဆူ။

၄။ အဇိတ စသော ရသေ့တို့ မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋိကျောင်းအနီး၌ ခြေတော်ရာတစ်ဆူ။

၅။ အရှင်သာရိပုတ္တရာမထေရ် မြင်

အမှတ်အသား (၁၀၈) ကွက် စက်လက္ခဏာများ ပါဝင်သည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ခြေတော်ရာ ဟူသော ထိုးကို ဗိတာန်မျက်နှာကြက်အဖြစ်ပြုကာ အပြင့်မှာထားပြီး ရှိခိုးပါလျှင် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ နုလောင်ခြင်းတို့မှ လွတ်မြောက်နိုင်ပါသည်။ ဝဋ်ဆင်းရဲ တည်းဟူသော မိုးစိုစွတ်ခြင်းတို့မှ လွတ်မြောက်နိုင်သလို ဝဋ်ဆင်းရဲဒုက္ခဟူဆိုအပ်သော မိုးကြိုးကျဆင်းသော စက်ကွင်းတို့မှလည်း လွတ်မြောက်နိုင်ပါသည်။ လူ နတ် နိဗ္ဗာန်အားဖြင့် သုံးပါးသော ခွမ်းသာသုခကိုလည်း ရနိုင်သည်။ ထိုအချက်တို့ကို သိခွင့်ရလိုက်သည်နှင့် ဆရာတော်၏ဘုရား

www.burmeseclassic.com

www.burmeseclassic.com

တွေ့စေရန် ဟိမဝန္တာရှိတစ်ခုသော တောင်ဝှမ်းအတွင်း အရပ်ဌာနခွဲ ခြေတော်ရာတစ်ဆူ။

၆။ သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုမနတောင်ပေါ် အရပ်၌တစ်ဆူ။

၇။ နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမ္မဒါမြစ်ကမ်း အရပ်၌ ခြေတော်ရာတစ်ဆူ။

၈။ သစ္စပန္နရဟန္တာမထေရ်၏ တောင်းပန်ချက်အရ သစ္စပန္နတောင်ပေါ်ရှိ ကျောက်ဖျာပေါ်၌ ခြေတော်ရာတစ်ဆူ။

ဖော်ပြပါ အရပ်ဌာန (၈) ဌာနတို့တွင် အဓိဋ္ဌာန်ဖြင့်ချထားအပ်သောခြေတော်ရာတို့ကို ချထားပေးတော်မူခဲ့သည်။ ချထားအပ်သော ခြေတော်ရာတို့သည် တစ်ထောင်သော အကန့်အကွက်အကုပ် တံကူ ပုံတောင်အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာ အချက်အလက်နှင့်တကွ ပြည့်စုံသော (၁၀၈) ကွက် စက်လက္ခဏာအမှတ်အသားတို့ ပါရှိလေသည်။

မြတ်ဗုဒ္ဓပေးသနားတော်မူခဲ့သည့် ခြေတော်ရာတို့အနက် အမှတ်စဉ် (၁)မှ အမှတ်စဉ် (၅) အထိသည် အခိုက်အတန့်အတွက် တစ်ခဏတာသာ တည်သည်။ မြတ်ဗုဒ္ဓချပေးတော်မူသည့် ခြေတော်ရာတို့အနက် အမှတ်စဉ် (၆) မှ (၈) အထိ ခြေတော်ရာတို့မှာ ပူဇော်လိုသောသူတို့ တောင်းပန် လျှောက်ထားချက်အရ ချထားပေးတော်မူသော ခြေတော်ရာများဖြစ်သဖြင့် အရှည်တည်တံ့သည့် ခြေတော်ရာများအဖြစ် ထင်ကျန်ရစ်သည်။ မြတ်ဗုဒ္ဓ၏ ခြေတော်ရာကို ဦးခိုက်ကာ ဖူးမြော်ရင်း ဆုတောင်းကြမည်ဆိုပါက လောက၌၊ လောကုတ္တရာ အကျိုးထူးများ ရရှိခံစားစံစားကြရမည်တော့ အမှန်ပင်ဖြစ်ပါသည်။ သမန္တစက္ခဒီပနီကျမ်းအား ပြုစုတော်မူသည့် မုံရွေးဆရာတော်ဘုရားကြီးသည် သက်တော် (၆၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ၁၁၄၅ ခုနှစ်တွင် စကျင်ကျောက်ဖြင့် ခြေတော်ရာတစ်ဆူကို ထုဆစ်ပူဇော်ခဲ့သည်။ ခြေတော်ရာတွင် ပူဇော်ရခြင်း အကျိုးသွားနှင့် ဆုပန်ရမည့် နည်းလမ်းကို ကျောက်စာရေထိုးထားတော်မူခဲ့သည်။

လက်ယာခြေတော်ရာကို ဒကာတို့ ဦးခိုက်ဆုတောင်းရာတွင် သင်းကောင်း၊ မြေးကောင်းရစေလိုကြောင်း ဆုတောင်းအပ်ကာ ဒကာမများအနေဖြင့် သမီးကောင်း၊ မြေးကောင်းများ ရရှိရန် ဆုတောင်းပါက ပြည့်ဝနိုင်ကြမည်ပင် ဖြစ်သည်။ ခြေတော်ရာကို တည်ထားကိုးကွယ်သူများ ပန်းနုံသာ၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ကာ ရှိခိုးကြရမည် ဖြစ်သည်။ ထိုသို့ ရှိခိုးပူဇော်ခြင်းအားဖြင့် ကုန်းလမ်းခရီး၊ ရေလမ်းခရီး၊ လေလမ်းခရီးတို့ သွားလာရာ၌ ဘေးအန္တရာယ် ကင်းရှင်းစေနိုင်သည့်အပြင် သံသရာခရီး လမ်းလျှောက်လှမ်းရာတွင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ စသည့် မကောင်းသောဘုံဘဝတို့ဖြင့် ကင်းဝေးခွင့်ရရှိနိုင်ကြမည်ပင် ဖြစ်သည်။

ဟန်လင်းပြည့်ရှင် ဘုရင်မင်းမြတ် စိတ္တရာဇာနှင့် မိဖုရား ပဒုမဝတီတို့၏သား ရဟန္တာမထေရ်ငယ်သည် မိဘနှစ်ပါး ထာဝရ ဖူးမြော်နိုင်ရန်အတွက် မန်းရွှေစက်တော်သို့ကြွ၍ မြတ်စွာဘုရားရှင်၏ ခြေတော်ရာကို သလင်းကျောက်ဖြင့် ပုံတူကူးယူကာ ကောင်းကင်ခရီးဖြင့် ဝင်ဆောင်လာကာ မိဘနှစ်ပါးအား ဖူးမြော်စေခဲ့သည်။ တောင်ဖိလာဆရာတော်ဦးဆောင်သော ဆရာတော်(၄)ပါး တို့သည် နှစ်ပေါင်း (၁၂၇) နှစ်တိုင်တိုင် တိမ်မြုပ်ပျောက်ကွယ်နေသော မြတ်ဗုဒ္ဓ၏ ခြေတော်ရာ (၂) ဆူတို့ကို သာလွန်မင်းတရားကြီး၏ အထောက်အပံ့ဖြင့် ရှာဖွေကြရာ နတ်ကောင်းနတ်မြတ်များနှင့် ခွေးနက်ကြီး၊ ဘီလူးတို့၏ညွှန်ပြချက်အရ တွေ့ရှိကြသည်။ ဆရာတော်များ ရှိခိုးကန်တော့ကြသည်နှင့်တစ်ပြိုင်နက် ခြေတော်ရာတို့မှ ရောင်ခြည်တော်များ ထွက်ကြွက္ခန်မြူးတော်မူကြသည်။ ခြေတော်ရာတို့ကို ချည်ကြိုးဖြင့် တိုင်းတာပြီး အင်းဝနေပြည်တော်သို့ ပြန်ကြွတော်မူခဲ့ကြသည်။ နေပြည်တော်သို့ရောက်သည်နှင့် အကြောင်းစုံမှန်ကြားကာ ယူဆောင်လာသော စက်တော်ရာချည်မျှင်ကွင်းများကို သာလွန်မင်းတရားကြီးအားပေးတော်မူသည်။ သာလွန်မင်းတရားကြီးက ထိုစက်တော်ရာချည်မျှင်ကွင်းများကို ရွှေနန်းတော်တွင်းရှိ ပရိတ်တော်ဆောင်၌ ရတနာကြိုတ်တွင်ထည့်သွင်း၍ စဉ်ဆက်မပြတ် ကိုးကွယ်တော်မူခဲ့သည်။

ဤသည်ကိုရည်ရွယ်၍ ကဝိလက္ခဏာသတ်ပုံကျမ်း ဆရာစိန္တကျော်သူဦးဩက 'ပါဒနက်သန် စုံနှစ်ရန် ဝိတာန်လုပ်၍ကာ' ဟူ၍ စပ်ဆိုခဲ့ခြင်းပင် ဖြစ်သည်။ ထိုသို့ သိခွင့်ရသဖြင့် ဆရာတော်ထံပါးမှ ပြန်တော့မည်အပြုတွင် ဆရာတော်က မြတ်ဗုဒ္ဓခြေတော်ရာနှင့်ပတ်သက်၍ ဆရာတော်ဘဒ္ဒန္တနာရဒဘိဝံသ (လှရတနာ) ပထမကျော် အဂ္ဂမဟာကျော် အဌကထာမြန်မာပြန်အကျော် ရေးသားပြုစုသည့် အဖေ့ခြေရာစာအုပ်တစ်အုပ်ကို ကမ်းပေးလာသည်။ ဖတ်ကြည့်မိရာ စာရေးသူတို့ မသိသေးသည့် သုတဆိုင်ရာ အချက်အလက်များ ပါဝင်နေသည့်အပြင် အရှင်ဝိလာသ (ဝေဖိုး-ကျွန်းလှ) လည်း ခြေတော်ရာနှင့်ပတ်သက်၍ စုဆောင်း ပြုစု တင်ပြပေးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို သိခွင့်ရလိုက်သည်။

ဆရာတော်အရှင်ဝိလာသ(ဝေဖိုး-ကျွန်းလှ) သည် သူ၏ဒကာ၊ ဒကာမများအား မြတ်ဗုဒ္ဓခြေတော်ရာပူဇော်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိနေသည့် ဆရာတော်တစ်ပါးပင် ဖြစ်သည်။ ဦးဝင်းလှိုင်သည်လည်း ဆရာတော်ထံမှ ခြေတော်ရာတစ်စုံ (ကြေးပြားဖြင့်) အား ရယူပူဇော်လျက်ရှိနေသူပင် ဖြစ်သည်။ ခိုင်သစ်-သစ်လုပ်ငန်းကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းလှိုင်၏ တိုးတက်ကြီးပွားချမ်းသာလာမှုကလည်း ဒီရေအလားသို့ပင်ရှိနေသည်။

အတွေးစများကို ဖြတ်တောက်ကာ ကျောင်းဝင်းအတွင်းမှ ထွက်လာတော့ နေပင်အတော်လေးစောင်းနေပြီပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြတ်ဗုဒ္ဓ၏ ခြေတော်ရာအား ဦးထိပ်ဝယ်ထားကာ မြတ်ဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ထားစိတ်ကို ဖြူအောင်ထားကြမည်ဆိုပါက လောက၌၊ လောကုတ္တရာအကျိုးထူးများ ရရှိခံစားစံစားကြရမည်က အမှန်ပင်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ ခြေတော်ရာနှင့်ပတ်သက်၍ ပိုမိုတိကျစွာ သိလိုသည်ဖြစ်စေ၊ ကြေးပြားပေါ်တွင် ထုဆစ်ထားသော မြတ်ဗုဒ္ဓခြေတော်ရာစုံကို ပူဇော်ရန် လိုအပ်သည်ဖြစ်စေ ရွှေပြည်သာမြို့နယ် ပုလဲလမ်းအနီး တည်ရှိသည့် ခမ္မဝုဏ်ရည်ကျောင်းတိုက်ဆရာတော် အရှင်ဝိလာသ (ဝေဖိုး-ကျွန်းလှ) ထံ အရောက်သွားကာ လျှောက်ထားနိုင်ပါသည်။

ပါဒနက်သန် စုံနှစ်ရန်
ဝိတာန်လုပ်၍ကာနိုင်ခဲ့

အောင်သာဇေ

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-9)ပန်းပုံဆွဲ



ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ဝန်ကန်ကုန်း

ပြောင်းလဲတည်ရှိနေသော သမိုင်းဆော်အဆက်ဆက်များကို ဆက်စပ်လေ့လာ သုတေသနပြုနိုင်ရန်အတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ်သွက်ရှိပါသည်။ ထိုသို့ ဖော်ထုတ်ရာ၌ အကြိုသမိုင်းကာလ၊ ရခိုင်ယဉ်ကျေးမှုများထွန်းကားရာ ဧည့်ဝတီမြို့ဟောင်းသည်း ပါဝင်ပါသည်။ ထိုဧည့်ဝတီမြို့ဟောင်း၏ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများသည် မည်မျှစောခဲ့ကြောင်းနှင့် မည်ကဲ့သို့ယဉ်ကျေးမှုအစဉ်အဆက်ဖြစ်ခဲ့သည်ကို လေ့လာသုတေသနပြုဖော်ထုတ်ရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD-9)ဝန်ကန်ကုန်းခေါ်မဟာမြတ်မုနိအနောက်မြောက်စက်တော်ဝန်းကုန်းကို တူးဖော်သုတေသနပြုလုပ်ခြင်း ဖြစ်ပါသည်။

ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD-9)ဝန်ကန်ကုန်းခေါ်မဟာမြတ်မုနိအနောက်မြောက်စက်တော်ဝန်းကုန်းသည် တူးဖော်သုတေသနပြုလုပ်ထားသည့် ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD-5)မဟာမြတ်မုနိအရှေ့မြောက်ထောင့်စက်တော်ဝန်းကုန်း၏ အနောက်ဘက်၊ မဟာမြတ်မုနိရွာ၏မြောက်ဘက်၊ ရန်ကုန်-စစ်တွေကားလမ်းမကြီးနှင့် ဇီးခွောင်း၏ မြောက်ဘက်၊ မဟာမြတ်မုနိဘုရား၏အနောက်မြောက်ထောင့်တွင် တည်ရှိပါသည်။ G. P. S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် ၂၂° ၂၂' ၂၂" နှင့် အရှေ့လောင်ဂျီတွဒ် ၂၂° ၂၂' ၂၂" အတွင်းတွင် တည်ရှိပါသည်။ မြေတိုင်းညီမီးဌာနမြေပုံအရ စပါဆယ်တွင်းတွင်တည်ရှိပါသည်။

တူးဖော်သုတေသနပြုလုပ်သော (DNWD-9) တုန်း၏ အရှေ့ဘက်တွင် လယ်ကွင်းများ၊ ဇီးခွောင်းလက်တက်နှင့်

www.burmeseclassic.com

ညဥ်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-9)တောင်ဘက်မှ မြေလွှာဖြတ်ဝိုင်းပုံဆွဲ



ငရုတ်ခင်းများ၊ အိမ်များရှိပါသည်။ တောင်ဘက်တွင် မဟာမုနိချောင်းခေါ် ဇီးချောင်း၊ အနောက်ဘက်တွင် လယ်ကွင်းကြီးများ၊ မြောက်ဘက်နှင့် တောင်ဘက်တွင်ကန်နှစ်ကန်ရှိပါသည်။ မြောက်ဘက်ကန်ကြီးမှာ ဝနက်ကန်ဖြစ်ပြီး ဤတူးဖော်မှုကုန်းသည် ဝနက်ကန်၏ အရှေ့တောင်ထောင့် ကန်ပေါင်ရိုးပေါ်တွင်တည်ရှိပါသည်။ တူးဖော်မှုကုန်းပေါ်တွင် တူးဖော်မှုမပြုလုပ်မည်အချိန်အထိ လယ်ရှင်များက ငရုတ်စိုက်ခြင်းနှင့် စပါးနယ်တလင်းပြင်အဖြစ် ပြုလုပ်ခဲ့ကြသည်။

မတူးဖော်မီ ဤတူးဖော်မှုကုန်းသည် အရှေ့၊ အနောက် (၄၅) ပေနှင့် တောင်၊ မြောက် (၄၅) ပေခန့်ရှိ စက်ဝိုင်းပုံစံမကျတကျပုံစံရှိသော ကုန်းတစ်ကုန်းဖြစ်ပါသည်။ ကုန်းပေါ်မှလွဲ၍ ကုန်းအနီးအနားပတ်ဝန်းကျင်တို့တွင် အပင်ကြီးများပေါက်ရောက်လျက်ရှိပါသည်။ မတူးဖော်မီ ကုန်း၏အမြင့်မှာ အနိမ့်ဆုံးပတ်ဝန်းကျင်နေရာရှိ မြေပြင်ထက် (၂) ပေကျော်ခန့်မြင့်နေသည်ကို တွေ့ရှိရပါသည်။

တူးဖော်မှုပြုလုပ်သည့် ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-9) နေရာတွင် လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း သိုက်တူးသမားများအကြိမ်ကြိမ်သိုက်တူးခဲ့သော ကုန်းတစ်ကုန်းဖြစ်သည်ဟု သိရှိရပါသည်။ သိုက်တူးသမားများသိုက်တူး၍ထွက်ရှိလာသော ဆင်းတုတော်များကို (----) ရွာမှ ဘုန်းတော်ကြီးတစ်ပါးက ပင့်ဆောင်သွားသည်ဟု ဒေသခံများကပြောဆိုကြသည်။ ဒေသခံများပြောဆိုမှုအရ ရန်ကုန် - စစ်တွေကားလမ်းမကြီး ဖောက်လုပ်သည့်အခါလည်း ဤကုန်းပေါ်မှ သံကျောက်တုံးများကို လမ်းခင်းသောနေရာတွင် အသုံးပြုခဲ့ကြသည်ဟု ဆိုပါသည်။ ထို့နောက် ဤကုန်းပေါ်တွင် ငရုတ်စိုက်ခင်းအဖြစ် နှစ်စဉ်အသုံးပြုခဲ့ကြသည်။ တူးဖော်ရေးမလုပ်မီအချိန်အထိ စပါးနယ်သည့် တလင်းပြင်အဖြစ် အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဤကုန်းကို တူးဖော်သုတေသနပြုလုပ်သည့်အခါတွင် တူးထုတ်ရသောမြေကြီးသည် အခြားကုန်းများတွင် တူးထုတ်ရသော မြေကြီးထက်ပို၍ မာကျောပြီး တူးဖော်ရခက်ခဲသည်ကို တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-9) ကို တူးဖော်သုတေသနပြုလုပ်ရာတွင်လည်း တူးဖော်သည့် နည်းစနစ်များစွာရှိသည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာသိရှိနားလည်စေရန်နှင့် တူးဖော်ထွက်ရှိလာသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့် စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့်နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။

တူးဖော်သုတေသနပြုလုပ်ပြီးထွက်ရှိလာသော ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-9) ၏ ပန္နက်ပုံစံကျောက်အဆောက်အအုံမှာ ထောင့်မှန်စတုဂံပုစံရှိသည့် ကိုးကွယ်မှုနှင့်သက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခုပင် ဖြစ်ပါသည်။ ထောင့်မှန်စတုဂံပန္နက်၏မြောက်ဘက်အနားကိုမူ တူးဖော်တွေ့ရှိခဲ့ခြင်းမရှိပါ။ ပျက်စီးသွား

ညဥ်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-9)အနောက်ဘက်မှ မြေလွှာဖြတ်ဝိုင်းပုံဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ယူဆရပါသည်။ ထောင့်မှန်စတုဂံကျောက်အဆောက်အအုံ၏ အရှေ့၊ အနောက်အရှည် ပေ (၄၀) နီးပါးခန့်၊ တောင်၊ မြောက်အရှည် (၃၀) ပေနီးပါးခန့်ရှိပါသည်။ တောင်၊ မြောက်ဘက်သို့ သွယ်တန်းနေသော အနားနှစ်ဖက်မှာ အနောက်ဘက်ပေါင်သည် အရှေ့ဘက်ဆောင်ထက်ပို၍ တိုသည်ကို တွေ့ရှိရပါသည်။ ကျောက်တုံးများစီထားသော ကျောက်ရိုး၏ ဖြတ်မှာ (၃) ပေခန့် ရှိပါသည်။ အဆောက်အအုံ၏ အရှေ့ဘက်အလယ်ကားပေါက်တစ်ခုကိုလည်းထည့်သွင်းဘည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။

တူးဖော်သုတေသနပြုလုပ်သည့် ဥဉဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD - 9) အဆောက်အအုံတည်ဆောက်မှုစနစ်မှာ အမည်းရောင်ရှိသော မြေးဆန်သည့်သဘာဝမြေလွှာပေါ် တွင် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ဤမြေလွှာပေါ် တွင် ထောင့်မှန်စတုဂံပုံဆောက်ထားသော သဲကျောက်တုံးများကို အသုံးပြုပြီး ထောင့်မှန်စတုဂံအဆောက်အအုံ၏မြေတင်ကျောက်ပန္နက်ကိုစတင်ခြုံပါသည်။ ထိုကျောက်စီပန္နက်ပေါ် တတိယကျောက်စီနှင့်တတိယကျောက်ကို ထပ်မံပြီးစီတင်သည်။ တတိယကျောက်စီပေါ် တွင် စတုတ္ထမြောက်ကျောက်စီကို အတွင်းဘက်သို့ (၉)စင်တီမီတာဆုတ်ပြီးစီတင်ထားသည်။ (၅) လွှာမြောက်တွင် ထောင့်မှန်စတုဂံပုံရှိသော သဲကျောက်တုံးကို တစ်ဖက်စောင်းခုတ်ဆစ်ထားသည့် မို့ချောပုံစံရှိသော မို့ချောကျောက်လွှာကို စီတင်ထားသည်။ မို့ချော အထက်တွင် အတွင်းဘက်ကိုဆုတ်ပြီး စီတင်ထားသည့် (၆) လွှာမြောက် ကျောက်စီကို တွေ့ရှိရပါမည်။ (၇) လွှာမြောက် ကျောက်စီကို (၆) စီမြောက် ကျောက်လွှာ၏ အပေါ် တည့်တည့်တွင် ထပ်မံ၍ စီတင်ထားပါသည်။ (၇) လွှာမြောက် ကျောက်စီအပေါ် တည့်တည့်တွင် (၈) လွှာနှင့် (၉) လွှာမြောက် ကျောက်စီကို ထပ်မံပြီး စီတင်ထားသည့် ဥဉဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-9) ၏ အဆောက်အအုံတည်ဆောက်ပုံသည် တူးဖော်သုတေသန ပြုလုပ်ပြီးသည့် ဥဉဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD - 5) အဆောက်အအုံတည်ဆောက်ပုံနှင့် တည်ဆောက်သည့်စနစ် အရွယ်အစားပါ ခပ်ဆင်ဆင်တူပါသည်။ တူးဖော်သုတေသနပြုလုပ်ခဲ့သည့် (DNWD-9) သည် သိုက်ဆရာများ၏အကြိမ်ကြိမ်ဖျက်ဆီးမှုနှင့် ဒေသခံတောင်သူများကလည်း ကုန်းပေါ်၊ ကုန်းအနီးအနားပတ်ဝန်းကျင်တို့တွင်ထပ်ကာထပ်ကာတည်ထိုးခြင်းနှင့် လယ်မြေများချဲ့ထွင်းခြင်း၊ တူးဖော်မှုကုန်းများထဲတွင် ပျက်စီးမှုအများဆုံးကုန်းတစ်ကုန်းဖြစ်ပါသည်။

ဥဉဝတီမြို့ဟောင်းအတွင်းရှိ (DNWD-9) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ (၃) လွှာသာ တွေ့ရှိရပါတော့သည်။ ထိုမြေလွှာ (၃) လွှာထဲတွင် ပုံမှန်အားဖြင့် ကျောက်ကျိုးရောမြေလွှာကို တွေ့ရှိရမည်ဖြစ်သော်လည်း တူးဖော်မှုကုန်းတစ်ခုလုံးကိုနှောင်းခေတ်လူသားတို့ သိုက်တူးခြင်းကြောင့် လည်းကောင်း၊ လမ်းလုပ်ရာတွင် အသုံးပြုခြင်းကြောင့် လည်းကောင်း အစရှိသည်ဖြင့် နည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမှုကိုခံခဲ့ရသောကြောင့် ပြိုကျပျက်စီးနေသော ကျောက်ကျိုးရောမြေလွှာများကို မရရှိနိုင်တော့ပေ။

မြေလွှာအမှတ်(၁)မှာ ကျစ်လျစ်သိပ်သည်းသည့်မြေလွှာဖြစ်ပါသည်။ ဤမြေလွှာသည် နှောင်းခေတ်လူတို့ စပါးနယ်ရန်အတွက် ညီညာပြန့်ပြူးအောင် ပြုပြင်တည်ဆောက်ထားသော တလင်းပြင်မြေလွှာဖြစ်ပါသည်။ ထိုမြေလွှာထဲတွင် တွေ့ရှိရသော ရွှေဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများသည် မူလအဆောက်အအုံပြိုကျခိုန်ကတည်းကရှိခဲ့သောနေရာများမဟုတ်ကြဘဲ နှောင်းခေတ်လူတို့ သိုက်တူးဖော်သည့်အခါတွင် သူတို့မလိုအပ်သည့် အရာဝတ္ထုပစ္စည်းများကို သိုက်တူးဖော်ခဲ့သည့်နေရာပတ်ဝန်းကျင်တို့တွင် ပစ်ထားခဲ့ခြင်းကြောင့် ဗုဒ္ဓဆင်းတုတော်ဦးခေါင်းတော်အချို့၊ ဗုဒ္ဓဆင်းတုတော်၏ ခန္ဓာကိုယ်အပိုင်းအစအချို့၊ ကြွေဆင်းတုတော်တစ်ဆူနှင့် စဉ့်လက်ရာအပိုင်းအစ၊ အိုးခြမ်းကွဲအပိုင်းအစအချို့ကို နေရာအနှံ့အပြားတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိဘဲ တူးဖော်ထွေ့ရှိခဲ့ရပါသည်။

မြေလွှာအမှတ် (၂) သည် ကျစ်လျစ် သိပ်သည်းသည့် မြေလွှာအောက်တွင်ရှိသော ဖို့မြေလွှာဖြစ်ပါသည်။ ထိုမြေလွှာသည် အဆောက်အအုံပြင်



အပို့ (၁၅) အမှတ် (၃) ၊ ၂၀၁၅ ဒုနှစ် မတ်လ

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂)

ဘက်ပိုင်း ထောင့်မှန်စတုဂံကျောက်ပန္နက်၏ အပြင်ဘက်အပိုင်းကို အောက်ဆုံးကျောက်စီမှု(၃)လွှာမြောက်ကျောက်စီရောက်သည်အထိ မြေဝင်အဖြစ်ဖို့ထားသောဖို့မြေလွှာဖြစ်သည်။ ဤမြေလွှာထဲတွင် အိုးခြမ်းကွဲအပိုင်းအစနှင့် စဉ့်လက်ရာ အပိုင်းအစများအချို့ကို တူးဖော်တွေ့ရှိခဲ့ရပါသည်။ အဆောက်အအုံပန္နက်အောက်ခြေပတ်ဝန်းကျင်တွင် အုတ်ခဲနှင့် အုတ်အပိုင်းအစများကိုလည်း သဘာဝမြေလွှာထက်တွင် တွေ့ရှိရပါသည်။

မြေလွှာအမှတ်(၃)သည် အမည်းရောင်ရှိသော သဘာဝရွှံ့စေးမြေလွှာပင်ဖြစ်ပါသည်။

ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD-9)ဝန်းကျင်ကုန်းခေါ်မဟာမြတ်မုနိအနောက်မြောက်စက်တော်ဝန်းကုန်းမှတူးဖော်သုတေသနပြုလုပ်၍ တွေ့ရှိရသော ရွှေဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းအချို့ကို ရေးသားဖော်ပြရမည်ဆိုပါလျှင် အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD - 9)ကို တူးဖော်သုတေသနပြုလုပ်သည့်အခါ ပုံ(၁)ဗုဒ္ဓဦးခေါင်းတော်ကို နှောင်းခေတ်လူတို့ ပြုလုပ်ထားသည့်ကျစ်လျစ်သိပ်သည်းသည့်မြေလွှာအမှတ် (၁) C_2 ကျင်းအနက် (၁၃၅. ၅) စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိရပါသည်။ဦးခေါင်းတော်မှာ သိုက်ဆရာများ၏ တူးရွင်းလက်ချက်၊ ဇေါ့ လေ၊ မြေကို၏ တိုက်စားမှုလက်ချက်ဘို့ဖြင့် မျက်နှာတော်ပိုပြင်မှုမရှိတော့ပေ။ ပုံ (၁) မူရင်းလက်ရာအမြင့် (၉. ၁) စင်တီမီတာခန့်၊ အကျယ်(၅. ၈)စင်တီမီတာခန့်နှင့် အထူ (၆) စင်တီမီတာခန့်ရှိပါသည်။

ဤပုံ(၁)ဗုဒ္ဓဦးခေါင်းတော်ကို ရှေ့မျက်နှာ၊ ဘေးမျက်နှာ၊ နောက်မျက်နှာ အမြင်သုံးမျိုးပုံဆွဲလက်ရာဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ရှေ့မျက်နှာတွင် ညာဘက်မျက်ခုံး၊ မျက်လုံးများမှာ သိုက်ဆရာ၏ တူးရွင်းလက်ချက်ဖြင့် ပျက်စီးနေသည်ကိုတွေ့ရှိရပါသည်။ ဘယ်ဘက်မျက်လုံးသာတွေ့ရှိရပြီး မျက်ခုံးလှုပအားကောင်းမှုမရှိသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းတော်နှင့် ပါးစပ်တော်တို့လည်း ပြင်မှုမရှိတော့ပေ။ သဘောလောကသာ တွေ့ရှိရတော့ပါ၏။ ဦးတော်နှင့် မဏိတော်သည် ပိန်နွဲ့စုများများမပါသော အချောသာတွေ့ရှိရပါသည်။ ဘယ်ဘက်နားရွက်သာပါရှိပြီး ညာဘက်နားရွက်ပျက်စီးသွားပေပြီ။

ဘေးမျက်နှာတွင် မျက်ခုံးအထက်မှ ဆံရစ်ဖော်ထားပြီး ဘယ်ဘက်ခြမ်းသည်းပဲ့နေသည်ကို တွေ့ရှိရပါသည်။ နားတော်မှာ နားလိပ်၊ နားရစ်၊ နားအရေးအကြောင်းများဖော်ထားခြင်းမရှိဘဲ လေးပြားကျပလိမ်းနားရွက်သဏ္ဌာန်ကိုသာတွေ့ရှိရပါသည်။



ပုံ (၃)

www.burmeseclassic.com

www.burmeseclassic.com

16-4-2014



ပုံ (၄)

နောက်ကျောပြင်ဦးခေါင်းပုံဆွဲတွင် ဒဏ်ရာဒဏ်ချက်အရေးအကြောင်းများ တွေ့ရှိရသည်။ ဤပုံ(၁)ဦးခေါင်း (DNWD-8)မှ ဦးခေါင်း (DNWD-6)မှ ဦးခေါင်းတော်တို့မှာ ကျန်နေသော ဒဏ်ရာဒဏ်ချက်များ အပြီး ကျန်အစိတ်အပိုင်းများတူညီ သည်ကို တွေ့ရှိရပါသည်။ ဦးခေါင်း နှင့် မဏိတော်တို့တွင် ဆံစု၊ ပိန္နစု ပါရှိဘဲ အချောသာတွေ့ရှိရသည် အတူတူပင်ဖြစ်သည်။ နားတော်မှာလည်း သေး၊ နားရစ်အရေးအကြောင်းများ ရှိဘဲ အတူတူဖြစ်နေသည်ကို တွေ့ရှိ ရသည်။ မျက်နှာတော်ကျပုံများလည်း ဆင်တူပါ၏။ (DNWD-6)မှ ဗုဒ္ဓဦးခေါင်း (DNWD-8) မှ ဗုဒ္ဓဦးခေါင်းတော်၊ (DNWD-9)မှဗုဒ္ဓဦးခေါင်းတော်တို့သည် အရေးဆရာတစ်ယောက်တည်း၏ လက် ရာ တစ်ခေတ်တည်း၏လက်ရာဖြစ်နိုင် သည်တု ယူဆမိပါသည်။ ဤသို့မဟုတ် ကား အယူအဆအတွေးအခေါ် တစ်ခုခု ကြောင့်ထုဆစ်ထားခဲ့ခြင်း ဖြစ်ပါလိမ့် မည်။

ပုံ(၂)ကို C.ကျင်းအနက် (၁၃၅၅-၅၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်ဆင်းတုတော်ကိုယ်ထည်အပိုင်း အတို့ ရေးဆွဲထားသော ပုံဆွဲလက်ရာ ဖြစ်ပါသည်။ ရှေ့မြင်၊ ဘေးမြင်၊ နောက်ကျောမြင် အမြင်သုံးမျက်နှာဖြင့် ရေးဆွဲဖော်ပြထားပါ၏။ မူရင်းဆင်းတု တော်ကိုယ်ဟည်ပိုင်းအမြင့် (၁၄) စင်တီ မီတာခန့်၊ အကျယ် (၁၄.၉) စင်တီ မီတာခန့်၊ အထူ (၇) စင်တီမီတာခန့်ရှိပါ သည်။ မူရင်းဆင်းတုတော်ကိုယ်ထည် အပိုင်းကို သဲကျောက်ဖြင့် ထုဆစ်ထားပြီး နောင်းခေတ်လူတို့ သိုက်တူးမှုကြောင့် ဦးခေါင်းတော်နှင့် ခန္ဓာကိုယ်ထည် အစိတ်အပိုင်းများကို တစ်စုတည်းမတွေ့ ရှိနိုင်တော့ခြင်း ဖြစ်ပေသည်။

ဆင်းတုတော်ကိုယ်ထည်ရှေ့မြင် အနေအထားမှာ လည်ဆစ်မှ ခါးဆစ် အောက်ပိုင်းထိသာ တွေ့ရှိရပါသည်။ အပေါ်တွင် လည်ရစ်သုံးရစ်ကျန်ရှိနေ သည်ကို တွေ့ရှိရပါသည်။ ညာဘက် လက်မှာ တံတောင်ဆစ်အပေါ်ပိုင်း လောက်သာ ကျန်ရှိပါတော့သည်။ ဘယ်ဘက်လက်မှာ လက်ကောက်ဝတ် အထက်ပိုင်းထိသာ တွေ့ရှိရပါသည်။ ဆင်းတုတော်ကိုယ်ထည်မှာ ရင်ကားပြီး ခါးသွယ်သည့်အနေအထား ဖူးတွေ့ရပါ သည်။

ဆင်းတုတော်ဘေးမြင်အနေအ ထားမှာ ရင်အုပ်တော်မို့မောက်နေပြီး ဝိုက်တော်ချပ်နေသည်ကို တွေ့ရှိရပါ သည် လက်မောင်းတော်ဖွံ့ထွားပြီး တံတောင်ဆစ်ကွေးကာ လက်ဝတ် အပေါ်ပိုင်းကိုသာ တွေ့ရှိရပါတော့ သည်။

ဆင်းတုတော်ကိုယ်ထည်၏နောက် ကျောပြင်အနေအထားမှာ ဘယ်ဘက် လက်မောင်းတော် ပခုံးမှ တံတောင်ဆစ် အောက်ပိုင်းအထိကျန်ရှိပြီး ညာဘက် လက်မောင်းတော်ကို ပခုံးနှင့် တံတောင် ဆစ်အပေါ်ပိုင်းထိသာတွေ့ရှိရပါသည်။ နောက်ကျောပြင်မှာ လည်ဆစ်မှ ခါး အောက်ပိုင်းအထိ ကျန်ရှိသည်ဆိုသော် လည်း ချိုင့်အောက်နှင့် တစ်တန်းတည်း နီးပါး ကျောကုန်းတစ်ခြမ်းပဲ့နေသည်ကို တွေ့ရှိရပါသည်။

C.-C၊ ကျင်းပေါင်အနက် (၈. ၁) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော ကြေးဆင်းတုတော်လက်ရာတစ်ဆူကို ရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၃) မူရင်းကြေးဆင်းတု အမြင့် (၈. ၁) စင်တီမီတာ ခန့် အကျယ် (၅) စင်တီမီတာခန့်နှင့် အထူ (၃) စင်တီ မီတာခန့်ရှိပါသည်။ ဆင်းတုတော်မုဒြာ ဟန်မှာ ဘူမိဖဿမုဒြာဟန်မျိုး ဖူးတွေ့ရ ပါ၏။ ဆင်းတုတော်တစ်ခုလုံး ကြေးညို တက်နေသောကြောင့် မျက်နှာတော် အနေအထားကိုပင် ထင်ရှားပီပြင်စွာ မဖူးတွေ့နိုင်တော့ပေ။ ဆင်းတုတော် လည်ဆစ်မှကျိုးနေသည်ကို တွေ့ရှိရပါ သည်။ ဤကြေးဆင်းတုတော်ကိုလည်း ရှေ့မြင်၊ ဘေးမြင်၊ နောက်ကျောမြင် အမြင်သုံးမျိုးဖြင့် ပုံဆွဲတွင်ရေးဆွဲဖော်ပြ ထားပါသည်။

ဆင်းတုတော်လေး၏ ရှေ့မြင် အနေအထားမှာ ဦးတော်၌ နားတော်နှစ် ဖက်သာကား၍တွေ့ရှိရပါ၏။ ဆင်းတု တွင် ဒဏ်ရာများလည်းတွေ့ရှိရသည်။



ပုံ (၅)

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်လက်တော်ကို ဒူးအောက် ပလ္လင်ပေါ် တွင် ထိနေသည်ကို ဖူးတွေ့ရပါသည်။ ဘယ်ဘက်လက်မှာ တံတောင်ဆစ်မှကွေး၍ လက်ကျောပြင်ကို ညာဘက်ခြေသလုံးတော်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်ကို ခွါတ်၍ထိုင်သည့်ဟန်မျိုး တွေ့ရှိရပါသည်။ပလ္လင်တော်မှာ အပေါ် ဖောင်းတစ်ဆင့်ဖော်ထားပြီး ဖောင်းအောက်တွင် လေးထောင့်ကွက်လေးကွက်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဆင်းတုတော်၏ ဘေးမြင်အနေအထားမှာလည်း ဦးခေါင်းတော်၌ နားတော်တစ်ဖက်သာအရာတွေ့ရှိရပါသည်။ ရင်အုတ်တော်ခပ်မို့မို့နှင့် ဝိုက်တော်ပြေပြေလေးဖြစ်နေသည်ကိုဖူးတွေ့ရပါသည်။ လက်တော်မှာ တံတောင်ဆစ်မှကွေးလျက် ပေါင်ပေါ် တွင်တင်ထားပါသည်။ ပလ္လင်ပေါ် တွင် အပေါ် ၌ဖောင်းတစ်ဆင့် ခံကာ လေးထောင့်ကွက်သုံးကွက်ခန့် တွေ့ရှိရပါသည်။ ပလ္လင်အောက်ပိုင်း အနည်းငယ်ပဲ့နေသည်ကို တွေ့ရှိရပါသည်။

ဆင်းတုတော်၏ နောက်ကျောပြင်အနေအထားမှာ ဦးတော်မှ နားရွက်အရာကိုသာ တွေ့ရှိရပြီး ညာဘက်လက်အရာဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်တစ်မှာ နှစ်ဆင့်အနေအထားတွေ့ရှိရပြီး ဘယ်ဘက်ပလ္လင်ထောင့်အောက်ပဲ့နေသည်ကို တွေ့ရှိရပါသည်။ အပေါ် ဆင့်တွင် ဆန္ဒင်းမကင်းကွက်လေးကွက်ခန့်တွေ့ရှိရပြီး အောက်ဆင့်တွင် သုံးကွက်ချခပ်ရေးရေးလေး တွေ့ရှိရပါသည်။

ဤကြေးဆင်းတုတော်မှာ ပလ္လင်နေရာသာ ခေါင်းပွဖြစ်ပြီး ပလ္လင်အပေါ်ပိုင်းဆင်းတုတော်မှာ အပိတ်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၄) မှာ သတ္တုကြေးစတစ်ဖဲ့ကို ရေးဆွဲထားသော ပုံဆွဲလက်ရာ ဖြစ်ပါသည်။ ပုံ (၄) ၏ မူရင်းလက်ရာအမြင့် (၃၅/၈) စင်တီမီတာခန့်၊ အကျယ် (၃၄/၈) စင်တီမီတာခန့်နှင့် အထူ (၃/၈) စင်တီမီတာခန့်ရှိပါသည်။ D. ကျင်းအနက် (၆၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော သတ္တုစတစ်ဖဲ့ဖြစ်ပါသည်။ အထူကို အနက်ရောင်လိုင်းထူဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အပေါ်ပိုင်းထူပြီး အောက်ပိုင်းပါးသည်ကို တွေ့ရှိရပါ၏။

ကုန်းအမှတ် (၉) C. ကျင်းမှ အနက် (၅၅) စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိရသော ကျောက်ဆင်းတုနားရွက်တော်တစ်ဖက်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်နားရွက်တော်အမြင့် (၆) စင်တီမီတာခန့်၊ အရှည် (၇. ၁) စင်တီမီတာခန့်နှင့် အထူ (၅. ၁) စင်တီမီတာခန့်ရှိပါသည်။ ဤနားရွက်တော်အပိုင်းအစကိုလည်း ရှေ့မြင်၊ ဘေးမြင်၊ နောက်မြင်ပုံစံသုံးမျက်နှာဖြင့်ရေးဆွဲဖော်ပြထားပါသည်။ ဤကျောက်ဆစ်နားရွက်တော်အပိုင်းအစမှာ ပုံ (၆) ဗုဒ္ဓဦးခေါင်းတော်မှ ကျိုးပဲ့လာသောနားရွက်တော်တစ်ခု ဖြစ်နိုင်ပါသည်။

ဧည၀တီမြို့ဟောင်းတူးဖော်မှုကုန်း အမှတ် (DNWD-9) ကုန်းမှ တူးဖော်တွေ့ရှိရသော ရွှေဟောင်းပစ္စည်းလက်ရာများထဲတွင် ဤဦးခေါင်းတော်သည် ထူးခြားသော ကျောက်ဆစ်လက်ရာ ဦးခေါင်းတော်တစ်လုံးပင် ဖြစ်ပါသည်။ ဤဦးခေါင်းတော်ကို ပုံ (၆) တွင် ရှေ့မြင်၊ ဘေးမြင်၊ နောက်ကျောမြင် အမြင် သုံးမျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းကျောက်ဦးခေါင်းတော်အမြင့် (၃၀) စင်တီမီတာခန့်၊ အကျယ် (၂၂) စင်တီမီတာခန့်နှင့် အထူ (၁၈) စင်တီမီတာခန့်ရှိပါသည်။ ဤဦးခေါင်းတော်သည် နှောင်းလူတို့ကျစ်လျစ်သိပ်သည်းအောင် ပြုလုပ်ထားသည့် မြေလွှာတွင် တူးဖော်တွေ့ရှိရပါသည်။ သဲကျောက်မာဖြင့် ဆစ်ထားသည့်လက်ရာပင် ဖြစ်ပါသည်။

ဦးခေါင်းတော်၏ ရှေ့မြင်အအထားမှာ မကြီးတော်၌ ဆံလုံးရှည် လုံး လက်ယာဘက်သို့ ခပ်စောင်းစောင်းတွေ့ရှိရပါသည်။ မှကြီးတော်ဆံလုံးမှာ အောက် ဦးတော်တွင် ပိန္နဲစုတန်း တန်းကို အစီအရီ လှပသေသပ်စွာ ထုဆစ်ထားပါ၏။ ပိန္နဲစုမျှားအောက်မှ နဖူးဆံစဖောင်းတန်းတစ်တန်းဖော်ထားပါသည်။ မျက်နှာတော်မှာလုံးပြီး အရွယ်ရွယ်၍ မေးစေ့ခွက်နေပါသည်။ ဘက်နားတော်ကျိုးပဲ့သွားပြီး ပုံ (၅) တော်အုပိုင်းအစဖြစ်နိုင်ပါ၏။ ဘက်နားတော်လည်း အပေါ်ပိုင်းသည်ကို တွေ့ရှိရပါသည်။

မျက်ခုံးမှာ လေးကိုင်းသဏ္ဌာန် တွေ့ရပြီး မျက်လုံးနှစ်လုံးစလုံးအပေါ် မျက်ရစ်နှစ်ရစ်စီ ပါရှိသည်ကို တွေ့ရှိရပါသည်။ မျက်လုံးမှာ မျက်ဆံကို ချထားသည့်အနေအထား ဖူးတွေ့ရ၏။ နှာခေါင်းတော်မှာ ပဲ့နေပြီး ပကတိအနေအထားအတိုင်း မတွေ့ရှိနိုင်တော့ပေ။ နှာခေါင်းအောက်တွင် နှာရေးအကြောင်းကိုလည်း ဖော်ပြသည်ကို တွေ့ရှိရပါသည်။ နှုတ်ခမ်းမှာ ကွန်ဒြေရစွာဖြင့် ပြုံးနေသည့်အထားမျိုး ဖူးတွေ့ရပါ၏။ အထက်ခမ်း၊ အောက်နှုတ်ခမ်းအစုံကို သေသေစွာ ပေါ်လွင်အောင် ထုဆစ်ထားသည်။

ဦးခေါင်းတော်၏ ဘေးမြင်အ

www.burmeseclassic.com

www.burmeseclassic.com



မကိတော်ထိပ်တွင် အဝန်း
ကို တစောင်းမြင်ရပြီး အဝန်း
အောက်တွင် ဆံလုံးရှည် (၇)
ကို လက်ယာဘက်သို့ ခပ်စောင်း
တင်ထားသည်ကိုတွေ့ရှိရပါသည်။
များအောက်တွင် ပိန္နဲစုတန်း
နောက်ခြမ်းတွင် (၆)တန်းတွေ့
နောက်ကျောဘက်နောက်စေ့ခြမ်း
(၁၀) တန်း တွေ့ရှိရပါသည်။ ပိန္နဲစု
အောက်တွင် ရှေ့ဆံစဖောင်းလိုင်း
နောက်ဆံစဖောင်းလိုင်းဖော်ထား
ကို တွေ့ရှိရပါသည်။ နားတော်မှာ
ပိုင်းပဲ့နေပြီး နားသီးနှင့် နားခွက်
တွေ့ရကာ နားပေါက်ကို စတုဂံ
ထောင့်ကွက်ပုံစံမျိုးဖြင့် ဖော်ထား
ကို တွေ့ရှိရပါသည်။

ဦးတော်၏နောက်ကျောမျက်နှာ
အထားမှာ မကိတော်ထိပ် အဝိုင်း
ကို ဗဟိုပြု၍ ဆံလုံးရှည် (၁၄)
သည် လက်ယာရစ်ရသမ်မှန်မှန်
တင်ထားသည်ကို တွေ့ရှိရပါသည်။
များအောက်တွင် ပိန္နဲစု (၁၀)
ခန့်ကိုလည်း လှပသေသပ်စွာ အစီ
ထုဆစ်ထားသည်ကို တွေ့ရှိရပါ
သည်။ ပိန္နဲစုများအောက် နောက်ဆံစ
ဆင်းတန်းကိုလည်း ခပ်ချွန်းချွန်းလေး
ထားသည်ကို တွေ့ရှိရပါသည်။ ဤ
ဦးတော်မှာ ထုဆစ်ထားသောလက်ရာ
အလွန်သေသပ်လှပါသည်။ ဧည့်ဝတီမြို့
ဟောင်းတူးဖော်မှုကုန်း (DNWD - 9) မှ
ကြွေးစွာပေါ်ထွက်လာသော လက်ရာ
ဟောင်းဦးခေါင်းတော်တစ်လုံးပင် ဖြစ်
သည်။ ရှေးဟောင်းသုတေသနပညာရှင်
များက အဒဒိ ၁ ရာစုက လက်ရာဖြစ်ပြီး
နွန်ရလက်ရာများနှင့် တူသည်ဟုလည်း
ဆိုကြပါသည်။ ဤဦးခေါင်းတော်မှာ
သက်ရာမြောက်လှပြီး ဧည့်ဝတီခေတ်
ဦးတော်တစ်လုံးပင် ဖြစ်ပါသည်။

ဧည့်ဝတီမြို့ဟောင်း တူးဖော်မှု
ကုန်းအမှတ် (DNWD - 9) မှ ကျောက်
စတူပါစေတီငယ်တစ်ခြမ်းကိုလည်း တူး
ဖော်တွေ့ရှိရပါသည်။ ဤစေတီငယ်
အပိုင်းအစကိုလည်း သဲကျောက်ဖြင့်
ထုဆစ်ထားပါ၏။ လက်ရာသေသပ်လှ
ပါသည်။ ဤကျောက်စတူပါငယ်ကို ပုံ
(၇) တွင် ရှေ့မြင်၊ ဘေးမြင်ပုံစံနှစ်မျိုး
ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်း
ကျောက်စတူပါငယ်၏ အမြင့်မှာ (၁၆)
စင်တီမီတာခန့်ရှိပြီး အကျယ် (၁၂)
စင်တီမီတာခန့်နှင့် အထူ (၁၀) စင်တီ
မီတာခန့်ရှိပါသည်။

ပုံ (၇) ပုံဆွဲ ရှေ့မြင်အနေအထား
တွေ့ရှိပုံမှာ ဤစတူပါငယ်တွင် အပေါ်
ဆုံး၌ လေးထောင့်ဓာတုဂန္ဓပါရှိပြီး ဓာတု
ဂန္ဓအောက်တွင် ခေါင်းလောင်းမှောက်
တွေ့ရှိရပါသည်။ ခေါင်းလောင်းမှောက်
တွင် ဖောင်းလေးဆင့်ကို တွေ့ရှိရပါ၏။
ဘေးမြင်တွင် ဤအဆင့်အစိတ်အပိုင်း
များကို တစ်ဝက်ခန့်သာ မြင်တွေ့ရပါ
သည်။ ဤစတူပါစေတီငယ်မျိုးကို ရခိုင်
ဒေသတွင် ရှေးကျလွန်းသော စေတီပုံစံ
ငယ်များဟု စံထားကြပါသည်။ ဧည့်ဝတီ
ခေတ်လက်ရာ စေတီငယ်ပုံစံဖြစ်သည်
ဟု စံထားထိုက်သော ရှေးပြေးလက်ရာ
တစ်ခုပင် ဖြစ်ပါသည်။

ဧည့်ဝတီမြို့ဟောင်း တူးဖော်မှု
ကုန်းအမှတ် (DNWD - 9) ဝနက်ကန်
ကုန်းခေါ် မဟာမြတ်မုနိအနောက်မြောက်
စက်တော်ဝန်းကုန်းမှ တူးဖော်တွေ့ရှိရ
သော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ
ဝတ္ထုပစ္စည်းလက်ရာများကို သုံးသပ်
လေ့လာသုတေသနပြုပါက တစ်ခေတ်
တည်းလက်ရာများမဟုတ်ကြဘဲ ခေတ်
အဆက်ဆက်လက်ရာများကို တွေ့ရှိ
ရမည် ဖြစ်ပါသည်။ ရခိုင်သမိုင်းခေတ်၏
ဧည့်ဝတီခေတ်မှသည် မြောက်ဦးခေတ်
တိုင်အောင်အထိ ခေတ်အဆက်ဆက်
လက်ရာများကို တွေ့ရှိရပါသည်။

ဤကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှု
ဆိုင်ရာဝတ္ထုပစ္စည်းလက်ရာများတွေ့ရှိ
ရသည့် ဧည့်ဝတီမြို့ဟောင်းတူးဖော်မှု
ကုန်းအမှတ်(DNWD-9)ကို မပျောက်
ပျက်ရအောင် ဆိုဒ်ထဲတွင်ကျန်ရှိနေ
သော ကျောက်တုံးများကို မူလထွက်ရှိ
သည့်အတိုင်း စနစ်တကျစီထားသင့်ပါ
သည်။ ကျောက်တုံးများကို စနစ်တကျ
စီပြီး ကွဲ၊ နွားတီရစ္ဆာန်များ ဝင်ထွက်သွား
လာ၍ မဖျက်ဆီးနိုင်အောင် ခြံစည်းရိုး
များကာရံ၍ သဘာဝသားအန္တရာယ်
များကာကွယ်နိုင်ရန်လည်း အမိုးအကာ
များပြုလုပ်ထားသင့်ပါသည်။ သို့မှသာ
ဧည့်ဝတီမြို့ဟောင်း တူးဖော်မှုကုန်း
အမှတ် (DNWD-9) ဆိုဒ်ထဲတွင် ကျန်ရှိ
နေသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်
ရာ အဆောက်အဦအကြွင်းအကျန်များ
ဆက်လက်တည်တံ့နိုင်မည် ဖြစ်ပါသည်။

အနန္တောအနန္တဇါးပါးကို
ထာဝရ ဦးထိပ်ပန်ဆင်ကန်တော့လျက်

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ကိုးကားချက် -

၁။ ကိုယ်ကိုတိုင်ကွင်းဆင်းတူးဖော်မှု
မှတ်စု

၂။ ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်း
အမှတ်(DNWD-6)အစီရင်ခံစာ

၃။ ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်း
အမှတ်(DNWD-8)တူးဖော်မှုအစီ
ရင်ခံစာ

၄။ ဧည့်ဝတီမြို့ဟောင်းတူးဖော်မှုကုန်း
အမှတ်(DNWD-9) တူးဖော်မှုအစီ
ရင်ခံစာ

၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရခိုင်
မဟာမုနိဘုရားသမိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဝိုးတောင်-အရှင်ဓမ္မပိယ

တရားအားထုတ်သူတစ်ယောက်အကြောင်း - ၁၀

ကံ့ပါရမီကောင်းမွာတည်ဖို့

ရဟန်းတော် အရှင်ဝိဝေက၏ ဓမ္မဘာဝနာတရားအားထုတ်ရာ လမ်းတစ်လျှောက်၌ အဆိုး၊ အကောင်းအကြောင်းခြင်းရာမျိုးစုံ တွေ့ကြုံခဲ့ရ၏။ ဂန္ဓာရီခရီးကို လျှောက်လှမ်းနေသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ယောက်လို တောကိုတိုး၊ တောင်ကိုဖြတ်ပြီး ဝူအောင်းသည့် ကျင့်စဉ်များကိုလည်း ကျင့်ခဲ့ဖူးလေသည်။ နောက်ပိုင်း သံယောဇဉ်တွေကိုဖြတ်ပြီး သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှဖြင့် ဒီတစ်သက်မှာ ဒီအလုပ်ပဲဟု ခံယူကာ ဗုဒ္ဓအလို ကျင့်စဉ်မှန်သမျှကို သမထ၊ ဝိပဿနာ မရွေး ကျင့်သုံးခဲ့၏။ ဗုဒ္ဓဟောဖော် ညွှန်ကြားသမျှ ကျင့်စဉ်များမှာ ကျင့်သုံးမှုမှန်ပါက ရှေ့ကိုသာတိုးလိုစိတ်ရှိပြီး ငြိမ်းချမ်းမှုကို သိသိသာသာ ကိုယ်တွေ့ ကြုံရမည် ဖြစ်၏။

လူ့လောကမှာ ရှောင်လွှဲမရ ကြုံတွေ့ကြရမည်ဖြစ်သော အနိမ့်၊ အမြင့်၊ အတက်၊ အကျ၊ အထူထောင်း၊ လောကဓံဆိုး ကောင်းတို့ကို ဗုဒ္ဓ၏ တရားတော်များအား နာယူကျင့်သုံးခြင်း ဖြင့်သာ အေးငြိမ်းချမ်းသာစွာ ခံနိုင်ရည် ရှိမည်ဖြစ်ကြောင်း ကောင်းစွာ သဘော ပေါက် နားလည် သိရှိခဲ့ပြီးဖြစ်သည်။

ဒါကြောင့်လည်း ရဟန်းတစ်ပါး အဖြစ်ကိုခံယူပြီး လူသာမန်တို့ စဉ်းစား ရန်ပင် မဝံ့ရဲသော သုသာန်ဓူတင်ကို ဆောက်တည်ခဲ့ခြင်း ဖြစ်၏။ ညမိုက် အမှောင်မှာ တောတောင်တို့၏ကြောက် မက်ဖွယ် တိတ်ဆိတ်ခြင်းကို အရှင် ဝိဝေကကြုံဖူး၏။ သဘာဝလိုဏ်ဂူကြီး တွေထဲမှာ တရားအားထုတ်ဖူးသဖြင့် ဂူ၏တိတ်ဆိတ်ခြင်းကိုလည်း ကြုံဖူးပါ၏။ ထိုတိတ်ဆိတ်မှုများမှာ ကြောက်ရွံ့ စိတ်ထက် သမာဓိတရားကို ပိုမိုထက် သန်စေခဲ့သည်။

သို့သော် သုသာန်တစပြင်အရပ်၏ ညဉ့်နက်သန်းခေါင် တိတ်ဆိတ်ခြင်း ကမူ မိမိ၏ သမာဓိကို စမ်းသပ်ခြင်း တစ်ရပ်ဟု ယခုည အတွေ့အကြုံတွေ အရ အရှင်ဝိဝေက နားလည်သဘော ပေါက်လာသည်။ သုသာန်တစ်စပြင်၌ သန်းခေါင်ယံကို တိတ်ဆိတ်ခိုန်ဟု သတ်မှတ်၍ မရနိုင်ပေ။ တစ်ညလုံးလိုပင် ညည်းသံလိုလို၊ လူသွားလူလာသံလိုလို အသံတွေက အဆက်မပြတ် ကြားနေရတတ်၏။ ထိုအသံတွေက စိတ်ကို ထိန်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပြီး ဥပေက္ခာစိတ်ကို မမွေးနိုင်လျှင် သမာဓိအလုပ်ကို ကြီးစွာအနှောင့်အယှက်ဖြစ်၏။

ဒီလိုအခြေအနေမျိုးမှာ သတိလက်မလွတ်ဖို့က အလွန်အရေးကြီးသည်။ သတိလွတ်လို့ သမာဓိပျက်ပြယ်တာနှင့်တစ်ပြိုင်နက် အနှစ်နှစ်အလလက အားထုတ်ခဲ့သော အကျင့်တရားများ အလကားဖြစ်သွားပေလိမ့်မည်။ ဒီနေရာမှာ သတိလွတ်ခြင်း၊ အကျင့်ကွယ်ခြင်းကား သေတာထက်ပင် ဆိုးရွားနိုင်၏။ ပို့လွှင့်ရူးသွပ်ခြင်းကိုပင် ဖြစ်နိုင်လေသည်။

သတိမလွတ်၍သမာဓိတည်လျှင်လည်း ဘဝပေါင်းများစွာ ဖြည့်ဆည်းရမည့် ကံပါရမီတွေ တစ်ထိုင်တည်းနှင့်ပင် ပြည့်ဝနိုင်သည်ဟု ဆိုနိုင်လေသည်။

ရဟန်းတစ်ပါးအနေဖြင့် မြတ်စွာဘုရားကျင့်သုံးညွှန်ပြခဲ့သော တရားဓမ္မများကို လိုက်နာကျင့်သုံးဖို့မှတစ်ပါး အခြားတာဝန်မရှိဟု အရှင်ဝိဝေက ခံယူထား၏။ ရဟန်းဘဝမှာ ဓနဥစ္စာ၊ ဆွေမျိုးမိတ်သဟာအပေါင်းတို့ကို စွန့်ခဲ့ရ၏။ တစ်နေ့ တစ်ထပ်မျှသောဆွမ်းကိုပင် အကောင်း၊ အဆိုးမရွေး ဘုဉ်းပေးရပြီး လူတွေကြိုက်တာမှန်သမျှ စွန့်ပစ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းဘဝကိုခံယူခဲ့ရခြင်း ဖြစ်သည်။

ထိုသို့ လူဘောင်ကိုစွန့်ပြီး ရဟန်းအဖြစ်ကို ရောက်လာရခြင်း၏ ရည်ရွယ်ချက်မှာ တရားကျင့်ဖို့ပင် ဖြစ်၏။ တရားကျင့်သောအလုပ်မရှိပါလျှင် လောကမှာ ရဟန်းသည် လူတွေထက် ပိုဆိုးသွားနိုင်ပြီ။ သမဏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေတော့မည်။ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာပန်းတိုင်ကို ဆွဲကိုင်နိုင်ဖို့မှာ ရှင်တော်ဗုဒ္ဓ ဟောဖော်ညွှန်ပြခဲ့သော ဘာဝနာအကျင့်မြတ်တို့ဖြင့်သာကံ,ပါရမီကို အဆုံးစွန် ဖြည့်ဆည်းရာရောက်နိုင်၏။

အထူးသဖြင့် သုသာန်တစပြင်မှာ တစ်ညတာနေလိုက်ရခြင်းက အရှင်ဝိဝေကအတွက် တန်ဖိုးမဖြတ်နိုင်သော အသိတရားတွေရလိုက်၏။ နောက်တော့ 'ငါဘယ်တော့သေမလဲ' ဟူသောမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းမေးမိ၏။ သေတဲ့အခါတရားကျင့်နိုင်ပါတော့မလားဟူသော မေးခွန်းတွေလည်းပါ၏။ အာရုံခံစားမှုများ၏နောက်ကို လိုက်ပါမိတတ်တဲ့အခိုန်မျိုးမှာ ဒီလိုမေးခွန်းတွေက 'သတိ' ကို ချက်ချင်းဖြစ်စေ၏။ စိတ်ကို ထိန်းကျောင်းပေး၏။ သတိဝင်လာတာနှင့် အေးချမ်းသောစိတ်ကိုရလိုက်သည်။ မြတ်ဗုဒ္ဓ၏ သတိပဋ္ဌာန်တရားအားထုတ်ရခြင်းအကျိုး ကိုယ်တွေ့ကြုံလို့ ယုံကြည်ရခြင်း ဖြစ်၏။

မြို့ထဲဘက်ဆီမှ သက်ကြီးခေါင်းချကြက်တွန်သံများနှင့်အတူ နာရီသံချောင်းခေါက်သံ (၁၂) ချက်တိတိ ကြားလိုက်ရသည်။ အရှင်ဝိဝေက တရားအာရုံပေါ်မှာ ဇောအနည်းငယ်ချ၍ ပတ်ဝန်းကျင်ကို အာရုံဖြန့်လိုက်သည်။ ဇရပ်ဆီမှ လူတစ်ယောက် လမ်းလျှောက်လာသောအသံကို ကြားရသည်။ သုသာန်စောင့်ကြီး ဦးမြသီးများလိုက်လာတာများလားဟု အတွေးဝင်မိသေး၏။ မဟုတ်နိုင်။ ဦးမြသီးဆိုပါက လက်နှိပ်ဓာတ်မီးရောင်တွေ့ရမည်။ ယခုဟာက မိုးတိမ်တွေအုပ်ဆိုင်းပြီး မည်းမည်းမှောင်နေ၏။ တိရစ္ဆာန်တစ်ကောင်ကောင်များဖြစ်လေမလားစဉ်းစားဆဲ။ မိနစ်မတစ်ယောက်၏ ဝိညာဉ်သဲကိုကြားလိုက်ရပြီး ကြက်သီးတွေ တဖြန်းဖြန်းထကာ ဦးခေါင်းပေါ်က ဆံပင်တိုတိုစိစိတွေ ထောင်ထသွား၏။ ဘေးမှာ အရန်သင့်ချထားသော ဓာတ်မီးကိုယူပြီး ထိုးကြည့်ဖို့အလုပ်မှာ ရေတွက်တွေထဲမှ တစ္ဆေကိစ္စက်ပြေးသွားသော အသံကိုကြား၏။

အရှင်ဝိဝေက မျက်စိကိုစုံမှိတ်ပြီး အာရုံတွေနောက်ကို နားစွင့်လိုက်ပါနေသည်။ရှေ့တည့်တည့်မှာ လူတစ်ယောက် လာရပ်ပြီး ဘေးနားမှာ ဝင်ထိုင်လိုက်သလို ထင်မိ၏။ ထပြေးဖို့စဉ်းစားပြီး ဘေးနားမှာ အသင့်ထောင်ထားသော တောင်ဝှေးကို အားကိုးမိသေးသည်။ သတိတရားက ဘယ်ကိုရောက်သွားမှန်းမသိတော့။ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်တွေလည်း ဘယ်ကိုရောက်ကုန်သည် မသိ မေ့လျော့နေ၏။ စိတ်ထဲမှာ ကြောက်စိတ်တွေ ပြည့်နှက်လာသည်။ တဒိန်းဒိန်းမြည်သော ကိုယ့်ရင်ခုန်သံကိုယ်ကြားနေရ၏။ သည်လောက် ကြောက်စိတ်မျိုး ဘယ်တုံးကမှ မခံစားခဲ့ဘူးပေ။ သည်လောက်အမှောင်ထဲမှာ ဓာတ်မီးတစ်လက်နှင့် ဘယ်ကိုပြေးရမှန်းမသိ။ တောင်ဝှေးကလည်း ဘာအားကိုးရမှာလဲ။ ရန်သူ၊ မိတ်ဆွေမကွဲသော အကောင်အထည်မမြင်ရသည့်သူနှင့် ဘက်ပြိုင်ရင်ဆိုင်ဖို့ မဖြစ်နိုင်မှန်းလျှပ်တစ်ပြက်အတွေးပေါက်လိုက်သည်။ အားကိုးရာမှာ ကိုယ့်ကိုယ်ကိုယ်ပဲဟု သတိဝင်သွား၏။ စိတ်တည်ငြိမ်မှု အရာရာကို အောင်နိုင်မည်ဖြစ်ကြောင်း အသိဝင်သွားသည်။

ဒါကိုတွေးမိပြီး သတိဝင်သွားသည်နှင့် အသိစိတ်ပြောင်းပြန်လှန်ပြီး အံ့သြစရာကောင်းလောက်အောင်ပင် ကြောက်စိတ်ကင်းသွားလေသည်။တောတောင်ရိပ်သာများမှာ လေ့ကျင့်ခဲ့သည့် သတိပဋ္ဌာန်အကျင့်ကစွဲမြဲနေပြီဖြစ်သည့် အလျောက် ကိုယ့်စိတ်ကို တည့်တည့်ကြည့်ပစ်လိုက်သည်။ စိတ္တာနုပဿနာမှာ အလုပ်ဝင်သွားသည်နှင့် တင်းနေ၊ တောင့်နေ၊ တုန်နေပြီး အသိမဲ့သလိုဖြစ်နေသောခန္ဓာကိုယ်ကြီးပြေလျော့ကျသွား၏။

အကြားအာရုံတွေ၏ နောက်ကိုလိုက်နေသော စိတ်မှာ ကြားကာမတ္တမျှချုပ်ပျက်သွားပြီး ရင်ဝနေရာကို ရောက်သွားကာ အသိစိတ်များ တစ်စိတ်ပြီးတစ်စိတ် ချုပ်ပျက်နေတာ တွေ့လာရသည်။ ဘေးပတ်ဝန်းကျင်မှ အသံဗလတွေ၊ အနံ့အသက်တွေသာမက လေး၊ ငါးနာရီနိုးပါးထိုင်နေလို့ ပူလောင်နေသောဝေဒနာတွေကိုပါအမှတ်မရတော့။ စိတ်က ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်းမှာ စွဲနစ်နေ၏။ ထိုသို့ စွဲနစ်နေရာမှ မိမိကိုယ်ထဲမှာရှိသောအတွင်းကလီစာတွေကို စိတ်အာရုံမှာထင်လာပြန်သည်။ စိတ်ကိုမလျှော့ဘဲ အမှတ်သတိတင်းတင်းဖြင့် ရှုပ်၊ နာမ်တရားတို့၏ မမြဲ ဆင်းရဲ အနှစ်သာရမရှိပုံကိုသာ ထပ်ပြီးကပ်လိုက်နေရာ ရုပ်ကိုယ်ကြီးမရှိတော့သလို ပျောက်သွား၏။ ထိုင်နေ၊ ထိနေသော အတွေ့အာရုံများပျောက်နေ၏။

အမှတ်သတိပျောက်သွားပြီး ဘာမှမရှိသော ဟင်းလင်းပြင်၌ အေးငြိမ်းချမ်းသာစွာ မှိန်းနေတော့သည်။ သုသာန်သခြိုင်း၊ ရဟန်းရှင်လူ မည်သည့်အမှတ်သညာမှမရှိ။ စိတ်အာရုံမှာ အထူးကြည်လင်ဝင်းပနေ၏။

အင်မတန် ထူးခြားသော အတွေ့အကြုံပင်။သေလောက်အောင်ကြောက်ရွံ့နေသော အခြေအနေမှ ဖြုန်းဆိုသတိဝင်လာပြီး လေ့ကျင့်ခဲ့သော သတိပဋ္ဌာန်တရားများက အလိုအလျောက်ပေါ်လာကာ သူ့အလုပ်သူလုပ်ပြီး မကြုံဘူးသေးသော စိတ်အခြေအနေတစ်ရပ်ကို တွေ့ကြုံလိုက်ရခြင်း ဖြစ်၏။

မည်မျှကြာအောင် မှိန်းနေသည်မသိ။ အသိဝင်လာချိန်မှာ မြို့တွင်းဘက်ဆီက အရုဏ်ဦးကြက်တွန်သံတွေကြားလာရသည်။ သုသာန်အပေါက်ဝသုဘရာဇာကြီး ဦးမြသီးတို့တဲဆီမှ ထင်းခွဲသံ၊ ရေခပ်သံများ ကြားလာရသည်။ အဘွားကြီး၏ ဘုရားရှိခိုးသံကို ကြားရသည်။

အရှင်ဝိဝေက မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ကြည့်ပြီး ပါးစပ်ဟ၍ လေးတွေကို မှုတ်ထုတ်လိုက်သည်။ အရေဘက်ဆီမှာ အရုဏ်ဦးအလင်းရောင်တို့ တက်လာပြီ ဖြစ်၏။ မကြာခင် ရောင်ခြည်တစ်ထောင်အလင်းကိုဆောင်သောနေမင်းကြီး ထွက်ပေါ်လာတော့မည်ဖြစ်၏။ သတ္တဝါအများကို အလင်းရောင်များ ဖြန့်ဝေငှပေတော့မည်။ ရဲရင့်သော စိတ်ခွန်အားကို ပေးနိုင်စွမ်းနိုင်သော နေမင်း၏ အလင်းရောင်ကို တွေ့မြင်ခံစားကြရသမျှ သတ္တဝါအပေါင်း ဘေးရန်ခပ်သိမ်းငြိမ်းကြစေရန်ဟု ပြုနေကျ မေတ္တာဘာဝနာကို ဖြန့်ဝေလိုက်သည်။

စိတ္တာနုပဿနာစခန်းမှထမြောက်ပြီး ငြိမ်းချမ်းကြည်လင်စင်ကြယ်နေသော မေတ္တာစွမ်းအားသည် သတ္တဝါအပေါင်းအား ထိရောက်သောအကျိုးတရား ပြုစေနိုင်ပါသည်။ မေတ္တာကို ခံယူကြသော

www.burmeseclassic.com

www.burmeseclassic.com

...တွေမှာ အလွန်တရာ အကျိုး ...ဆောတတ်၏။ အဘယ်ကြောင့်ဆို ...မေတ္တာစိတ်မှာ တဏှာကင်း၍ ...နှံ့ခွင်းနေသောကြောင့်ပေတည်း။

အရှင်ဝိဝေက ထိုင်နေရာမှ ...တိုဖြင့် ဖြည်းညင်းစွာထလိုက် ... တစ်ညလုံးနီးပါးထိုင်နေခဲ့သော ... ခန္ဓာကိုယ်မှာရှိသော မဟာ ...တွေကို ကျိုးကျိုးကျွတ်ကျွတ်မြည် ... လှုပ်ခတ်သွား၏။ ထို့နောက် ...နှိပ်ဓာတ်မီးထိုး၍ ဘေးနားက ...စုပ်မှာ အပေါ့အပါးသွားရန်ထိုင် ...သည်။ မီးစနှင့် ထိုးထားသလို ...ပြီးမှ ဆီးတစ်စက်နှစ်စက်မျှသာ ...လာသည်။

ထို့ ... ရှုပ်ခန္ဓာကြီးတစ်ခု ...သော စိတ္တဇရုပ်၊ ဥတုဇရုပ်တို့၏ ...ဆန်အောင်ဖြစ်ပျက်မှုက ဤရုပ် ...ကိုယ်ကို အတော်ဆင်းရဲဒုက္ခပေးနိုင် ...ဟု တွေ့ထိခံစားရသမျှ သံဝေဂ ...ဖြစ်ပေါ်ထင်နေလေတော့သည်။

မေတ္တာဘာဝနာဖြန့်ဝေခြင်း

အရှင်ဝိဝေက ဘုန်းတော်ကြီး ...ဝတ်၏ ရှေ့နားက မြေပြောင်ပြောင် ...ကွက်ခုနစ်လုံးစာလောက်ကို အပြန် ...လှည့်လျှောက်ရင်း အရွက်တက်ခိုနိုက်ကို ...ခင့်နေလိုက်သည်။ မိုးဖွဖွလေးတွေက ...နေ၏။ ဒီအခိုနိုက်ဆို ဘယ်မှာပဲ သီတင်း ...သုံး အရှင်ဝိဝေက မေတ္တာဘာဝနာ ...များနေကျ ဖြစ်၏။ ကမ္မဋ္ဌာန်းအာရုံ ...ထပြီး နံနက်စောစော စိတ်ကြည်ကြည် ...ငင်လင်နှင့် မေတ္တာပို့ရသည်မှာ တခြား ...ဘူးထံ ရောက်၊ မရောက်နောက်ထား ...၍ ကိုယ်တိုင်မှာတော့ အင်မတန် စိတ် ...ခြင်းသာစွာနေရခြင်းက ကိုယ်တွေ့ဖြစ် ...၏။

ပုဂ္ဂိုလ်သတ္တဝါအပေါင်းမှာ မေတ္တာ ...ဖြန့်ဝေနေခြင်းဖြင့် -

- ၁ မိမိကိုယ်ကိုလုံခြုံစေတယ်။
- ၂ မိမိကိုယ်ကို စောင့်ရှောက်နေခြင်း ဖြစ်တယ်။
- ၃ မိမိ၏ အရံအတားကိုပြုခြင်း ဖြစ် တယ်ဟု -

(ဝိနည်းစူဠဝါ၊ နှာ - ၂၄၅) မှာ မြတ်စွာဘုရား ဟောတော်မူခဲ့၏။

တကယ်တော့ မေတ္တာပွားများ ခြင်းမှာ စိတ်ထားကောင်းခြင်းကြောင့် ဖြစ်၏။ စိတ်ထားကောင်းသူကို မည်သူ မဆို ချစ်ခင်ကြသည်။

မြတ်စွာဘုရားရှင်က ကိုယ်တော် တိုင် မေတ္တာပါရမီဖြည့်ကျင့်တော်မူ သကဲ့သို့ တပည့်သာဝကတို့ကိုလည်း မေတ္တာဖြင့်နေရန် တိုက်တွန်းဟောကြား လေ့ရှိသည်။ မေတ္တာပွားများခြင်းဖြင့် ဆင်းခြေင်းမှုန်မရှိ။ မွေ့လျော်စွာ သီတင်း သုံးနိုင်၏ဟု (ဣတိဝုတ် - အဋ္ဌကထာ၊ ၁၄၃) မှာလည်း ဟောတော်မူခဲ့၏။

မြတ်စွာဘုရားရှင် လက်ထက်က ရဟန်းငါးရာတို့ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူကာ တောအရပ်မှာ သွား ရောက် အားထုတ်ကြ၏။ တရားဓမ္မကို စွမ်းစွမ်းတမံအားထုတ်နေသော ရဟန်း တော်တို့ကြောင့် သစ်ပင်ထက်ဖျားများ ဆီမှ ရက္ခဓိုးနတ်တို့ မနေဝံ့ကြတော့ဘဲ သစ်ပင်အောက်ဆင်းနေကြရသည်။

တစ်နေ့မဟုတ်၊ တစ်ပတ်မဟုတ် အချိန်ကာလများစွာကြာမြင့်လာသည့် အတွက် ရက္ခဆိုးနတ်တို့က ရဟန်းများ တောထဲမှာ မနေနိုင်အောင် ကြောက် လန့်ဖွယ် ရွပါရဲ၊ ထိတ်လန့်ဖွယ် သဒ္ဒါရဲ၊ စက်ဆုပ်ဖွယ် ဂန္ဓာရုံအမျိုးမျိုးတို့ဖြင့် ခြောက်လှန့်ထုတ်ကြ၏။ ရဟန်းတော် များ ကြောက်လန့်၍ သမာဓိပျက်ပြားပြီး တောထဲတွင် ဆက်လက်မနေဝံ့ကြတော့ ဘဲ ဘုရားရှင်ထံပြန်လာခဲ့ကြသည်။

မြတ်စွာဘုရားက မေတ္တာသုတ်ကို ဟောကြားသင်ပြကာ တောအရပ်သို့ ပြန်ကြွရန် မိန့်ကြား၏။ ရဟန်းတော်တို့ တောစပ်မှစ၍ မေတ္တာသုတ်ကို ရွတ်ဖွား ကာ တောတွင်းဝင်ပြီး တရားအလုပ်ကို

ဆက်လက် အားထုတ်ကြရာ ရက္ခဓိုးနတ် အပေါင်းလည်း ချမ်းသာစွာနေထိုင်ခြင်း သဖြင့် ရဟန်းတော်တို့အား လေ့ရေခွန်း ဆက်ကပ်၍ ဝေယျာဝစ္စပြုကာ ဝမ်း မြောက်ဝမ်းသာဖြစ်ခဲ့ကြဖူးလေသည်။

(မေတ္တာသုတ်)

မေတ္တာပို့ရာရောက်သလား

မေတ္တာပို့သခြင်းဟူသည် ကာယ ကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာတို့ဖြင့် ပြုလုပ်၊ ပြောဆို၊ ကြံစည် ပွားများခြင်း ဖြစ်၏။

သို့သော် ကာယကံမေတ္တာ၊ ဝစီ ကံမေတ္တာတို့မှာ ထိတွေ့ပြုမူပြောဆိုခံရ သူ နှစ်ဦးနှစ်ဖက်အတွက် မြင်သာ၊ ထင် သာရှိ၍ လက်ငင်းအကျိုးကို ခံစားကြရ သော်လည်း မနောကံမေတ္တာမှာမူ အငြင်း ပွားဖွယ်ကြုံရတတ်၏။ မေတ္တာပို့လျှင် အပို့ခံရသူထံမရောက်ဟု ဆိုကြခြင်းမှာ မနောကံမေတ္တာကိုဆိုကြခြင်း ဖြစ်၏။

ထိုသူတို့၏အဆိုအရ 'မေတ္တာပို့ ခြင်းမှာ သမထဘာဝနာလုပ်ငန်း ဖြစ် သည်။ သမထတို့သဘောမှာ အားထုတ် သူသာ ရရိုးရှိ၏၊ အခြားသူ မရရိုင်။ အပို့ ခံရသူထံမရောက်။ အပို့ခံရသူမှာ မည် သည့်အကျိုးမျှ ခံစားရရှိမှုမရှိ' ဟု ဆိုကြ သည်။

မေတ္တာကို ပွားများအားထုတ်သူ သာ အကျိုးရစေသော ဘာဝနာအလုပ် ဟု ယူဆကြခြင်း ဖြစ်သည်။

အရှင်ဝိဝေကမှာလည်း မေတ္တာ ဘာဝနာကို တစိုက်မတ်မတ် ပွားများ အားမထုတ်ဘူးခင်က ထိုသို့သော အယူ အဆကို ဦးစွာစိစစ်လေ့လာခဲ့ဖူးပါ၏။

စစ်စစ် မေတ္တာဘာဝနာနှင့်အခြား ဘာဝနာတို့မှာ သဘောသဘာဝချင်း မတူကြပေ။ မေတ္တာဘာဝနာမှာ သက်ရှိ ပုဂ္ဂိုလ်၊ ပညတ်ကို အာရုံပြု၍ ပွားများရ ၏။ အခြားဘာဝနာများမှာမူ သင်္ခ ပညတ်နှင့် ပရမတ္ထတရားများကို အာရုံ အဖြစ်ထား၍ ပွားများခြင်းဖြစ်သည်။

သို့ဖြစ်ရာ အခြားဘာဝနာများ၏ အပွားခံအာရုံမှာ သက်ရှိများဖြစ်နေခြင်း သည့်အတွက် အကျိုးတရားကို သက်ရှိ နိုင်သော အခြေအနေတို့ရာ ဆောင်သည့် အကျိုးကိုမူ မရစေနိုင်ပေ။

မေတ္တာကား ကိုယ်တိုင်တော်၏ ပို့သူတော အပို့ခံရသူပါ သက်ရှိပုဂ္ဂိုလ် များဖြစ်၏။ ပို့သူနှင့် အပို့ခံရသူတို့၏ စိတ်ရင်းဆောင်အပေါ် မူတည်ပြီး အကျိုး တရားများ ရစေနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် မေတ္တာ၏ တကယ့် အကျိုးတရားဖြစ်သော (စွာန်ရခြင်း) စသည်တို့ကိုတော့ ပို့သူ၊ ပွားသူကသာ ရရှိနိုင်ပြီး မေတ္တာပို့ခံရသူမှာတော့ စီးပွားဥစ္စာတိုးပွားခြင်း၊ စိတ်ဓာတ်နှုးညံ့သိမ်မွေ့ခြင်းတို့ကိုသာ ဖြစ်စေနိုင်၏။

မေတ္တာစစ်စစ်ပို့နိုင်ဖို့

ယနေ့ခေတ် ကိုးကွယ်ရာဘာသာ အသီးသီး၌ မေတ္တာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အလေးထားပွားပို့လေ့ရှိကြသည်။ မေတ္တာ၏ အနှက်အဓိပ္ပာယ်မှာ လေးနက်သိပ်သည်းသလို သဘောတရား အားဖြင့်လည်း လွန်စွာကျယ်ဝန်း၏။

ဗုဒ္ဓအဘိဓမ္မာမှာကား ရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရားလေးမျိုး၌ မေတ္တာကို အဒေါသစေတသိက်အဖြစ် နားလည်ထားကြသည်။ အဒေါသစေတသိက်မှာ တင့်တယ်ကောင်းမွန်သော(သောဘဏ)စေတသိက်ဖြစ်ရာ မေတ္တာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်မှာ တင့်တယ်သော စိတ်နေစိတ်ထား၊ အပြုအမူ၊အပြောအဆိုတို့ဖြင့် အေးချမ်းလျက်ရှိ၏။ အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးပြီး ဘေးရန်မပြုတတ်သူအဖြစ်လည်း တင့်တယ်ထည်ဝါလျက်ရှိသည်။

မေတ္တာမှာ ကုသိုလ်တရားသက်သက်ဖြစ်ရာ မေတ္တာပွားနေသူသန္တာန်၌ သူ့အသက်သတ်ခြင်း၊ သူဥစ္စာခိုးယူခြင်း စသော ဒုစရိုက်တရားများလည်း ကင်းစင်၏။ ဒုစရိုက်တရားတို့မှ ကင်းဝေးနေတတ်သောသဘောရှိခြင်းကလည်း မေတ္တာပို့ခံရသူမှာ ငြိမ်းချမ်းခြင်းသဘောကို ဧကန်ရစေနိုင်သောသဘာဝဖြစ်၏။

သို့သော် မေတ္တာကို အစစ်အမှန် ပို့သနိုင်ဖို့တော့ လို၏။ သင်္ကြိတ်ဘာသာ ဋီကာ၌ 'သားမယားချစ်၊ ဆွေမျိုးချစ်စသည့် သံယောဇဉ်မကင်းသော ချစ်ခြင်းမှာ မေတ္တာစစ် မဟုတ်။ ကျွမ်းဂန်တို့၌ ထိုအချစ်မျိုးကို ဂေဟသိတပေမ သံယောဇဉ် ဖြစ်နေသောကြောင့် တရားထူးမရ' ဟု ဆိုထားလေသည်။

ဆိုလိုသည်မှာ 'မခွဲနိုင်မခွာနိုင်အောင် သံယောဇဉ်ဖြစ်ရသော အချစ်မှာ တရားပေမ (ဂေဟသိတပေမ)ဖြစ်၍ ခွဲနိုင်ခွာနိုင်၊ အလျှော့အတင်းလုပ်နိုင်သော အကျိုးစီးပွားကို လိုလားသော သဘောကား မေတ္တာစစ်တည်း' ဟု မှတ်ယူနိုင်လေသည်။

မြတ်စွာဘုရားရှင်ကလည်း မေတ္တာပွားသူအတွက် မေတ္တာစစ်ဖြစ်နိုင်ရေး နှလုံးသွင်းရမည့်အချက်များကို ဟောကြားထား၏။ ယင်းတို့မှာ-

မုဒု - နူးညံ့စိတ်ရှိရခြင်း၊
သန္တုဿက - ရောင့်ရဲလွယ်ခြင်း၊
အပ္ပဂဇ္ဈ - မကြွမ်းတမ်းရခြင်း၊
နာနုဂိဒ္ဓ - အမျိုး ဟူ၍ မတွယ်တာရခြင်း -

တို့ ဖြစ်လေသည်။

သို့ဖြစ်ရာ လောဘ၊ ဒေါသစသောတရားများ ရောနှော၍ မေတ္တာပို့နေခြင်းမှာ မေတ္တာအတုအဖြစ်ဖို့များ၏။ မေတ္တာအစစ်မှာ အဒေါသ(ကုသိုလ်)တရားဖြစ်ပြီး မေတ္တာအတုမှာ လောဘ(အကုသိုလ်)တရားများနှင့် လိမ်းကျံနေတတ်သည်။

မေတ္တာအစစ်မှာ ကုသိုလ်တရားဖြစ်သောကြောင့် ကျင့်သုံးသူကို ဧကန်မုချ ပြန်လည် စောင့်ရှောက်နိုင်မည်။ သူတစ်ပါးအပေါ်မှာ ကရုဏာထားလျှင် မိမိအပေါ်မှာ သနားကရုဏာထားသူပေါ်လာမည်။ သူတစ်ပါးအပေါ်မှာ မေတ္တာထားလျှင် မိမိအပေါ်မှာလည်း မေတ္တာထားသူ ပေါ်လာတတ်သည်မှာ လောကတွင် ထင်သာမြင်သာရှိသော အကြောင်းတစ်ရပ် ဖြစ်၏။ မိမိဘက်ကသာ စစ်မှန်သော မေတ္တာ၊ ကရုဏာတရားများ ဖြန့်ဝေကြည့်ဖို့ပဲရှိသည်။

လောက၏အကျိုးစီးပွားအတွက် အမှန်တကယ် ရွက်ဆောင်မည်ဆိုလျှင် မေတ္တာပါမှ အဆင်ပြေမည်။ မြတ်ဗုဒ္ဓ၏ ဒေသနာများကို အကျဉ်းချုပ်ကြည့်ပါက တရားနှစ်ပါးသာရှိသည်ဟု ပညာရှင်တို့က ဖွင့်ဆိုလေ့ရှိသည်။

ယင်းတရားနှစ်ပါးမှာ မေတ္တာနှင့် သုညတပင်ဖြစ်၏။ 'မေတ္တာ'မှာ လောက၊ ဓမ္မအားလုံး၏ အနှစ်တရားဖြစ်ပြီး 'သုညတ' မှာ အတ္တမှ ဆိတ်သုဉ်းခြင်းဖြစ်၍ နိဗ္ဗာန်ကိုခေါ်ခြင်း ဖြစ်၏။

သို့ဖြစ်ရာ လောက၏ အကျိုးစီးပွားအတွက် 'မေတ္တာ'မှာ 'အဓိကကျသလို လောကတွင်ရာအကျိုးစီးပွားအတွက် ဆောင်ရွက်မည်ဆိုပါက 'သုညတ' မပါဘဲနှင့် မဖြစ်။ သုညတပါမှ ဖြစ်မည်။

လောက၏ အကျိုးစီးပွားအတွက် ကျင့်ဆောင်ရာ၌ -

၁။ မိမိအကျိုးစီးပွားအတွက်သာကျင့်ပြီး သူတစ်ပါးအကျိုးစီးပွားအတွက် မကျင့်သောပုဂ္ဂိုလ်၊
၂။ သူတစ်ပါးအကျိုးစီးပွားအတွက် လုပ်ပြီး ကိုယ့်အတွက်မလုပ်သူ၊
၃။ မိမိ၊ သူတစ်ပါးနှစ်ဦးစလုံး အကျိုးစီးပွားအတွက်ကျင့်သူ၊
၄။ မိမိအတွက်လည်းမလုပ်၊ သူတစ်ပါးအတွက်လည်း မလုပ်သူ

ဟူ၍ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ပုဂ္ဂလပညတ်ပါဠိတော်မှာ ဘုရားရှင် ဟောတော်မူထားသည်။

အကျိုးစီးပွားအတွက်ကျင့်သည်ဆိုခြင်းမှာ သီလ၊ သမာဓိ၊ ပညာတရားများ ပြည့်စုံအောင်ကျင့်ခြင်းကို ဆို၏။

ထိုပုဂ္ဂိုလ်လေးမျိုးတို့မှ အမှတ် (၃) ပုဂ္ဂိုလ်ကိုသာ မြတ်စွာဘုရား၏ လမ်းစဉ်ကိုလိုက်သောသူအဖြစ် ဘုရားရှင် ခီးမွမ်းတော်မူ၏။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း မိမိအကျိုးစီးပွားသာမက သတ္တဝါအများ၏ အကျိုးစီးပွားကိုပါ ဆောင်ရွက်တော်မူခဲ့၏။

ရဟန်းတို့ကိုလည်း -

'ရဟန်းတို့ နေ့နေ့ညည မမေ့မလျော့ဘဲ သတ္တဝါအားလုံးတို့အပေါ် မေတ္တာပြုကြလော့'

ဟု တိုက်တွန်းတော်မူသည်။

(ခု-၁-၃၁၂)

မြတ်စွာဘုရားရှင်၏ ဂုဏ်ပုဒ်တော်တို့ကို ထုတ်ဖော်ပြရာ၌ -

(ရဟန်းဂေါတမသည် သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၏။ တုတ်၊ ဓား၊ လက်နက်ချထားပြီး ဖြစ်၏။ မကောင်းမှုတို့မှ ရှက်တတ်တော်မူ၏။ မေတ္တာစစ်နှင့်ပြည့်စုံတော်မူ၏။ သတ္တဝါအားလုံးတို့၏ အစီးအပွားကို အစဉ်စောင့်ရှောက်နေတော်မူ၏)

ဟု (ဒီ ၁ - ၄) မှာ တွေ့ရ၏။

သို့ဖြစ်ရာ မြတ်စွာဘုရားရှင်နှင့်တကွ သူတော်ကောင်းပုဂ္ဂိုလ်တို့မှာ သတ္တဝါတို့၏ အကျိုးစီးပွားကို အလွန်လိုလားသောမေတ္တာထားတော်မူကြသည်။ ယင်းသို့ မေတ္တာထားခြင်းကြောင့်လည်း သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြ၏။ သတ္တဝါတို့၏ အသက်ကိုသတ်ရမှာရှက်ကြောက်တော်မူကြ၏။ ယင်းသည်ပင် ကိုယ်တိုင် သီလနှင့်ပြည့်စုံခြင်းဖြစ်၍ အတ္တအကျိုးလောကအကျိုးကို ဆောင်ရွက်ခြင်း ဖြစ်လေသည်။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မဝိဇယ (ဧည့်ခြင်)

www.burmeseclassic.com

www.burmeseclassic.com

ဝိုးဇော်အောင်

ရခဲ့သောလူအဖြစ် အခွင့်အခါကောင်းနှင့်ကြုံခဲ့ပုံ

မနုဿတဘာဝေါ ဒုလ္လဘော - လူအဖြစ်သည် ရခဲသကဲ့သို့ ပဗ္ဗိဇိတ ဘာဝေါ ဒုလ္လဘော - ရဟန်းအဖြစ်သည်လည်း ရခဲသည် ဆိုထားသည်။ ကျွန်ုပ်တို့ ဆေးတမြတ်စွာဘုရားသခင်ကိုယ်တော်သည်ပင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းဘိုင် ဘဝတွေကျင်လည်ခဲ့ရ၍ ပါရမီဆည်းပူးစဉ် ရဟန်းဘဝအဖြစ် ကိုးဘဝ သာရခဲ့သည်ဟု ကြားသိဖတ်ရှုတစ်သိန်းဘိုင် ဘဝတွေကျင်လည်ခဲ့ရ၍ ပါရမီဆည်းပူးစဉ် ရဟန်းဘဝအဖြစ် ကိုးဘဝ သာရခဲ့သည်ဟုကြားသိဖတ်ရှုရပါသည်။

မှန်ပါသည်။ သို့သော် တကယ်စဉ်းစားတွေးကြည့်လျှင် ရဟန်းဘဝသည် နိဗ္ဗာန်မဂ်ဖိုလ်သိမြင်ရရှိရေး၌ လူဘဝထက်ပိုမိုနီးကပ်သည်၊ လူဘဝနှင့် မဂ်ဖိုလ်သိမြင်၍ ရဟန္တာဖြစ်သွားလျှင်လည်း ခုနစ်ရက်ထက်အသက်ပိုမနေရပေ။ ရဟန်းဘဝနှင့်သာ အသက်တမ်းရှိသလောက်နေနိုင်သည်။ ရဟန်းဘဝသို့ ကူးပြောင်းခြင်းသည် **သံသာရဝဋ္ဋဒုက္ခ တော မောစနတ္ထာရ** - သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်မှန်း၍ဝတ်ခြင်းဖြစ်သည်။ ထို့ကြောင့် အထက်ဖော်ပြခဲ့ပါ ကျွန်ုပ်တို့၏မြတ်စွာဘုရားသခင်သည် အလောင်းတော်ဘဝက ရဟန်းဘဝ (၉) ဘဝသာရခဲ့ခြင်းနှင့် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ခဲ့ခြင်း တစ်နည်း လွတ်မြောက်အောင်အားမထုတ်ခဲ့ခြင်းကြောင့်သာ ဂေါတမမြတ်စွာဘုရားဖြစ်လာခြင်းဖြစ်ပါသည်။

အကယ်၍ ထိုထိုရဟန်းဘဝတို့၌ သစ္စာလေးပါးသိမြင်၍ ပထမအဆင့်ဖြစ်သော သောတာပန်ဖြစ်ခဲ့သော် ဘုရားမဖြစ်တော့ပါ။ သောတာပန်မှတစ်ဆင့် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့အထိ ဖြစ်ကိုဖြစ်ရမည်မလွဲပေ။ သောတာပန်အဆင့်နှင့်ရပ်နေသောထုံးစံ မရှိပေ။ တစ်ဆင့်ထက်တစ်ဆင့်တက်တက်သွားမည်သာဖြစ်၍ နောက်ဆုံးအရဟတ္တမဂ်ဖိုလ်မျက်မှောက်ပြု၍ ရဟန္တာဖြစ် နိဗ္ဗာန်ကူးသွားမည်သာ ဖြစ်သည်။

ထို့ကြောင့် ထိုရဟန်းဘဝကိုးဘဝတို့တွင် သာမန်ပုထုဇဉ်ရဟန်းအဖြစ်နှင့် ကျင်လည်ခဲ့လျှက် ဗောဓိဉာဏ်အတွက် ပါရမီပြည့်စွမ်းရန်အလို့ငှာသာ ကျင့်ကြံနေထိုင်ခဲ့သည်ဟုသာ ထင်မြင်မိပါသည်။

ဤနေရာတွင် ဆရာတော် ဦးကောသလ္လ (M.A) ၏ တရားဟောကွက်တစ်ခုကို သတိရ၍ ဖော်ပြလိုပါသည်။ ဆရာတော်က ဘုရားဘာကြောင့် ဖြစ်သနည်းဟုမေးရင်း ဘုရားဖြစ်တာ သစ္စာလေးပါးသိလို့ ဘုရားဖြစ်တာ၊ ပဋိစ္စသမုပ္ပာဒ်ကိုသိလို့ဘုရားဖြစ်တာ (အခြားအချက်များလည်းဖော်ပြပါသေးသည်။) ဟု ရှင်းလင်း ဟောပြောသွားတာကို

www.burmeseclassic.com

www.burmeseclassic.com

တရားခွေတစ်ခုၦ် နာကြားဖူးပါသည်။ ဤစကားနှင့် ဆက်စပ် ဖော်ပြရသော် ထိုရဟန်းဘဝ (၉) ဘဝတို့တွင် သစ္စာလေးပါးထိုးထွင်းသိမြင်အောင်၊ ပဋိစ္စသမုပ္ပာဒ်သိမြင်အောင် အားမထုတ်ခဲ့ဘဲ ပါရမီဖြစ်ရုံသာ ရဟန်းဝတ်ခဲ့ၦ်သာ ဂေါတမဘုရားဖြစ်လာရသည်။

ထိုမှတစ်ဖန် ဆက်လက်စဉ်းစားသော် ထိုရဟန်းဘဝ (၉) ဘဝတို့သည် မည်သည့်ဘုရားများလက်ထက်တော်၌ ဖြစ်ခဲ့ကြသနည်း။ဒီပင်္ကရာမြတ်စွာဘုရား ထံတော် ဗျာဒိတ်တော်ခံယူစဉ်က ရဟန်းမဟုတ်သေးပါ။ ရသေ့ဘဝနှင့် ဘုရားဆုပန် ဗျာဒိတ်တော်ခံယူခဲ့ခြင်း ဖြစ်၏။ မည်သည့်ဘုရားရှင်တို့လက်ထက်တော်၌ ရဟန်းပြုခဲ့ခြင်းကိစ္စနှင့်ပတ်သက်ၦ် နောင်လာနောင်သားနှင့် စာသင်သားတို့သိရှိရန်အတွက် မင်းကွန်းဆရာတော် ဘုရားကြီးနှင့် မန်လည်ဆရာတော် ဘုရားကြီးတို့နှစ်ပါး အမေးအဖြေစာအုပ်မှ ကောက်နုတ်ၦ် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

၃၂။ ဗာတ္တိသတိပဋ္ဌာန

၁။ လေးအသင်္ခ်ေလွန်လေဘိ၊ သိန်းကပ်ရှိခေတ်တွင်၊ အဖန်ဖန်ကျင်လည်ရောင်း၊ လောင်းတို့သခင်၊ သာသနာဝင်၊ ဖြစ်သည်လျှင် ရဟန်း။ ကိုးကြိမ်မျှတွက်ရေတယ်။ ဘယ်စိန္တေ့ရှင်တော်ပွဲတော်၊ နွဲ့ခဲ့လေမှန်း။ ။

၃၂။ ဗာတ္တိသတိမ ဝိသဒ္ဓနာ

၁ လေးသင်္ခ်ေလွန်လေဘိ၊ သိန်းကပ်ရှိခေတ်တွင်၊ ကောဏ္ဍညာသုမင်္ဂလနှင့် သုမေဓာ၊ သုဇာတာ၊ ဖုဿ၊ ဝေဿဘူတ၊ ကကုသန်ကောဏာဂ၊ ကဿပရှင်။ ကိုးပါးတွင် သည်ပင်သာပါတဲ့၊ တို့လောင်းတော်မြတ်စွာ၏ သာသနာကိုးကြိမ်ထမ်းကို ကျမ်းကမှာခဲ့။ ဗုဒ္ဓဝင်အပဒါန် အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာတို့နှင့်အညီတည်း။

ဤတွင် မန်လည်ဆရာတော် ဘုရားကြီးက ဂေါတမမြတ်စွာဘုရား အလောင်းတော် ရဟန်းဝတ်ခဲ့သော ကာလက ပွင့်တော်မူခဲ့သော ဘုရားများတို့ -

၁။ ကောဏ္ဍညမြတ်စွာဘုရား၊
၂။ သုမင်္ဂလ၊
၃။ သုမေဓာ၊
၄။ သုဇာတ၊
၅။ ဖုဿ၊
၆။ ဝေဿဘူ၊
၇။ ကကုသန်၊
၈။ ကောဏာဂုံ၊
၉။ ကဿပမြတ်စွာဘုရား

ဟု ဖြေဆိုဖော်ပြထားသည်ကို တွေ့ရှိဗဟုသုတရပါသည်။

ဤဖော်ပြပါဘုရား(၉)ဆူတို့သည် အစဉ်ဆက်တိုက်ပွင့်လာကြခြင်းတော့ မဟုတ်ပေ။ ဘုရားတစ်ဆူနှင့်တစ်ဆူကြား ကပ်ကမ္ဘာများစွာကွာခြားၦ် သော်လည်းကောင်း၊ တစ်ကမ္ဘာတည်းမှာပင် ဆုပ်ကပ်၊ တက်ကပ်နှစ်များသိန်းသောင်းကာလကွာခြားပြီးမှသာပွင့်တော်မူခဲ့ခြင်း ဖြစ်သည်။

ဤအတွက် ၂၀၁၄ ဇူလိုင်လထုတ် သူရဇ္ဈမဂ္ဂဇင်း အတွဲ (၁၄)၊ အမှတ် (၇) ပါ ဆရာဦးလှမြင့် (ရန်ကုန်တက္ကသိုလ်) ၏ 'နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်ပါဠိဂါထာတော်' ကို ကိုးကားၦ် ပွင့်တော်မူခဲ့သော ဘုရားရှင်တို့နှင့် ဂေါတမဗုဒ္ဓဘုရားလောင်း ရဟန်းဘဝရရှိခဲ့ပုံကို ယှဉ်တွဲဖော်ပြအပ်ပါသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဂေါတမဘုရားလောင်း၏ရဟန်းဘဝများ

၁။ တဏှင်္ကရာဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
၂။ မေဓင်္ကရာဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
၃။ သရဏင်္ကရာဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်၊
၄။ ဒီပင်္ကရာဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
(ဘုရားလောင်း သုမေဓာရသေ့ ဗျာဒိတ်ခံ)
၅။ ကောဏ္ဍညဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
(ပထမအကြိမ်ရဟန်းဘဝ)
၆။ သုမင်္ဂလဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်၊
(ဒုတိယအကြိမ်ရဟန်းဘဝ)
၇။ သုမဏာဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
၈။ ရေဝတဘုရား၊ သာရမဏ္ဍကမ္ဘာမှာပွင့်
၉။ သောဘိတဘုရား၊ သာရဏ္ဍကမ္ဘာမှာပွင့်
၁၀။ အနောမဒဿီဘုရား၊ ဝရကမ္ဘာမှာပွင့်၊
၁၁။ ပဒုမဘုရား၊ ဝရကမ္ဘာမှာပွင့်
၁၂။ နာရာဘုရား၊ ဝရကမ္ဘာမှာပွင့်
၁၃။ ပဒုမတ္တရာဘုရား၊ သာရမ္ဘာပွင့်
၁၄။ သုမေဓာဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်
(တတိယအကြိမ် ရဟန်းဘဝ)
၁၅။ သုဇာတာဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်
၁၆။ ပိယသီဘုရား၊ ဝရကမ္ဘာမှာပွင့်
၁၇။ အတ္ထဒဿီဘုရား၊ ဝရကမ္ဘာမှာပွင့်
(စတုတ္ထအကြိမ် ရဟန်းဘဝ)
၁၈။ ဓမ္မဒဿီဘုရား၊ ဝရကမ္ဘာပွင့်
၁၉။ သိဒ္ဓတ္ထဘုရား၊ သာရကမ္ဘာမှာပွင့်
၂၀။ တိဿဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်
၂၁။ ဖုဿဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်
(ပဉ္စမအကြိမ် ရဟန်းဘဝ)
၂၂။ ဝိပဿီဘုရား၊ သာရကမ္ဘာမှာပွင့်၊
၂၃။ သိခီဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်၊
၂၄။ ဝေဿဘူဘုရား၊ မဏ္ဍကမ္ဘာမှာပွင့်
(ဆဋ္ဌမအကြိမ် ရဟန်းဘဝ)
၂၅။ ကကုသန်ဘုရား၊ ဘဒ္ဒကမ္ဘာမှာပွင့်
(ဤကမ္ဘာ) သတ္တမအကြိမ် ရဟန်းဘဝ၊
၂၆။ ကောဏာဂုံဘုရား၊ ဘဒ္ဒကမ္ဘာမှာပွင့် (ဤကမ္ဘာ) အဋ္ဌမအကြိမ် ရဟန်းဘဝ၊
၂၇။ ကဿပဘုရား၊ ဘဒ္ဒကမ္ဘာမှာပွင့် (ဤကမ္ဘာ) နဝအကြိမ် ရဟန်းဘဝ၊
၂၈။ ဂေါတမဘုရား၊ ဘဒ္ဒကမ္ဘာမှာပွင့် (ဤကမ္ဘာ)

မှတ်ချက်။ ။ ဤဘဒ္ဒကမ္ဘာ ဘုရား (၅) ဆူပွင့်ရပါမည်။ တစ်ဆူကျန်သေးသည်။ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်ပါဦးမည်။

တစ်ဖန် ဆက်လက်၍ ဂေါတမဘုရားလောင်းတော် ရဟန်းဘဝဖြစ်ခဲ့ရာ မြတ်စွာဘုရားသခင်တို့နှင့်ပတ်သက်၍ အကျဉ်းချုပ် ဖြစ်တော်စဉ်ဘဝများကို ဖော်ပြလိုပါသေးသည်။

၁။ ကောဏ္ဍညမြတ်စွာဘုရား

ဘုရားလေးဆူပွင့်သော သာရ ကမ္ဘာဖြစ်သည်။ ရှေ့ဘဝတိတိုင်းပြည်အရှင် ခမည်းတော် သုန္ဒမင်းနှင့် မယ်တော် သုဇာတာမိဖုရား၏သားတော်ဖြစ်သည်။ အမည်မှာ ဝိဇိသေန ဖြစ်၏။ မြင်းရထားဖြင့် တောထွက်တော်မူသည်။ ဒုက္ကရစရိယာ (၁၀) လကျင့်ရသည်။ အင်ကြင်းပင်၌ ဘုရားပွင့်သည်။ လူတို့၏သင်္ခတမ်း အနှစ်တစ်သိန်း။ (ဂေါတမဘုရားလောင်း ပထမအကြိမ် ရဟန်းဘဝ)

၂။ သုမင်္ဂလမြတ်စွာဘုရား

ဘုရားလေးဆူပွင့်သော သာ

www.burmeseclassic.com

www.burmeseclassic.com

(ဂေါတမဘုရားလောင်း၏ ဆဋ္ဌမရဟန်းဘဝ)

၇။ ကကုသန်မြတ်စွာဘုရား

ဘုရားငါးဆူပွင့်မည်။ ဤဘဒ္ဒကမ္ဘာတွင် ပထမဦးဆုံးပွင့်သောဘုရားဖြစ်သည်။ ခေမာတိုင်းပြည် အဂ္ဂိဒတ္တ ပုဏ္ဏားနှင့် မယ်တော် ဝိသာခါတို့မှ ဖွားသည်။ မြင်းရထားဖြင့်ထွက်သည်။ ဒုက္ကရစရိယာ (၁၀) ရက်ကျင့်ရသည်။ ကုက္ကိုပင်တွင် ဘုရားဖြစ်သည်။ လူတို့သက်တမ်း အနှစ်လေးသောင်းကာလ ဖြစ်သည်။ (ဂေါတမဘုရားလောင်း၏ သတ္တမမြောက် ရဟန်းဘဝဖြစ်သည်။)

၈။ ကောဏာဂုံမြတ်စွာဘုရား

ဘဒ္ဒကပ္ပကမ္ဘာတွင် ဒုတိယမြောက်ပွင့်သောဘုရားဖြစ်သည်။ သောဘဝတီတိုင်းပြည် ပညဒတ္တပုဏ္ဏားနှင့် မယ်တော် ဥတ္တရာတို့မှ ဖွားမြင်သည်။ ဆင်တော်ဖြင့် တောထွက်တော်မူသည်။ ဒုက္ကရစရိယာ (၁) လကျင့်ရသည်။ ရေသဖန်းပင်၌ ဘုရားဖြစ်သည်။ လူတို့သက်တမ်းမှာ အနှစ်သုံးသောင်းဖြစ်သည်။ (ဂေါတမဘုရားလောင်း၏ အဋ္ဌမမြောက် ရဟန်းဘဝ ဖြစ်သည်။)

၉။ ကာဿပမြတ်စွာဘုရား

ဘဒ္ဒကပ္ပကမ္ဘာမှာ တတိယမြောက်ပွင့်သောဘုရားဖြစ်သည်။ ဗာရာဏသီတိုင်းပြည် ဗြဟ္မဒတ္တပုဏ္ဏားနှင့် မယ်တော် စန္ဒဝတီတို့မှဖွားမြင်သည်။ ပြာသာဒ်ဖြင့် တောထွက်သည်။ ဒုက္ကရစရိယာ (၆) ရက်ကျင့်ရသည်။ ပဥ္စောင်းပင်၌ ဘုရားဖြစ်တော်မူ၏။ လူတို့၏ သက်တမ်း အနှစ်နှစ်သောင်းကာလ ဖြစ်သည်။ (ဂေါတမဘုရားလောင်း၏ နဝမမြောက် ရဟန်းဘဝဖြစ်သည်။)

အထက်ဖော်ပြပါ ဘုရား (၉) ဆူလက်ထက်တို့တွင် ကျွန်ုပ်တို့၏ဂေါတမမြတ်စွာဘုရားသည် ဘုရားလောင်းဘဝ၌ ရဟန်းဘဝများရရှိခဲ့ကြောင်း သိရှိရပါသည်။ တစ်ဖန် ထိုထိုဘုရားရှင်များလက်ထက်တော်က လူတို့၏သက်တမ်းသည် အနှစ်သိန်း၊ သောင်းအထိရှည်ခဲ့ကြောင်းသိရသည်။ ထိုသို့ လူတို့အသက်သိန်း၊ သောင်း နှစ်ကာလတို့၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ သာသနာသည် ဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် သာသနာမကျန်ရစ်တော့ပေ။ သာသနာကွယ်တော့သည်။

ထို့ကြောင့်ဖြစ်မည်ထင်ပါသည်။ အနှစ်နှစ်သောင်းလူသက်တမ်းကာလ၌ ပွင့်သော ကဿပဘုရားရှင်၏သာသနာသည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားသည်နှင့် သာသနာမကျန်ရစ်ခဲ့၍ သတာသဟဿရ ဂါထာရွတ်ဆိုသံကို နတ်များကနာကြားလိုရှိလှည့်လည်ပြီး မေးမြန်းကြပါသည်။ ထိုဂါထာသည် နတ်များနာလိုနှစ်သက်၍ ရွတ်ဆိုသူကို စောင့်ရှောက်ကြကြောင်း တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမ၏ ပရိတ်တရားတော်အကြောင်းဟောကြားချက်၌ ကျွန်ုပ်တို့သိရှိရပါသည်။

လူသက်တမ်း အနှစ် (၁၀၀) တမ်း၌ပွင့်သာ ဂေါတမမြတ်စွာ၏သာသနာသည် အနှစ်ငါးထောင်ရှည်ကြာမည်။ ယခု သာသနာနှစ် ၂၅၀၀ ကျော်လာပြီ။ ကံကောင်းထောက်မ၍ မနုဿတဘာဝေါ ဒုလ္လဘော လူအဖြစ်ရခဲသောဘဝ၌ လူဖြစ်လာရသော ကျွန်ုပ်တို့သည် သာသနာနှင့်ကြုံတွေ့နေရဆဲဖြစ်သည်။ အလွန်အခါကောင်းအခွင့်ကောင်းနှင့် ကြုံတွေ့နေရပါသည်။ ဟောမည်၊ ပြောမည်၊ ဆရာတော်များလည်းရှိနေသည်။ ကျင့်ကြံ အားထုတ် လိုက်နာဖို့သာလိုသည်။ ထေရဝါဒဗုဒ္ဓသာသနာနှင့်လည်းတွေ့ကြုံနေရလေရာ အလွန့်အလွန်မှ ကံကောင်းကြပါသည်။ ဟိုဘဝဘဝတွေက ပါရမီတော်ခံတွေရှိခဲ့၍၊ ပြည့်ဆည်းခဲ့၍သာ ယခုလိုကြုံတွေ့ရသည်ဟု စာရေးသူက ယုံကြည်ထားသည်။

ထို့ကြောင့် သံသရာဝဋ်ဒုက္ခထဲမလည်လိုသူတွေအတွက် အခါအခွင့်ကောင်းကိုကို မလွတ်တမ်း ဆုပ်ကိုင်၍ ကျင့်ကြံ အားထုတ်သင့်ပါကြောင်း စေတနာနှင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

မိုးကော်အောင်

www.burmeseclassic.com

www.burmeseclassic.com

သစ္ဆိုး-ငယ်ငယ်

ဇရပ်ပေါ်က ဝိညာဉ်မလေး

ညက မှောင်ပျပျ။ လရောင်က တဲခေါင်းရင်း အင်ပင်အိုကြီး၏ အကိုင်း၊ အရွက်တို့ကို ထိုးဖောက်ပြီး တဲခေါင်မိုးပေါ် ကျဆင်းနေ၏။ တဲခြေရင်းမှ ကွေ့ပတ်စီးဆင်းသွားသော လဝိုးချောင်းရိုးဆီမှ ရေစီးသံသဲ့သဲ့ကိုကြားနေရသည်။ အရိုးထဲအထိအေးစိမ့်နေအောင်ခေါင်းထောင်လာသော ဌက်ဖျားဒဏ်ကြောင့် စောင်ကို တင်းတင်းဆွဲခြုံလိုက်ပြီး ဘူးနှင့် နဖူးထိအောင်ကွေးလိုက်မိသည်။ မလုံသည့်တဲခေါင်မိုးဆီမှလရောင်က မျက်နှာပေါ်ကို အေးစက်စက်ပက်ဖျန်းနေပြန်သည်။

ပုရစ်အော်သံတွေ တိခနဲရပ်သွားတိုင်း တောအုပ် စောကြည်ရင်တို့ ပြန်လာတာလားလို့ ခေါင်းထောင်ကြည့်မိတာလည်း အကြိမ်ကြိမ်။ ပုရစ်သံတွေ တိတ်ဆိတ်သွားသောညဉ့်က ချောက်ချားဖွယ်။ တောအုပ်စောကြည်ရင်တို့ရှိနေလျှင် အကြောင်းမဟုတ်။ တောင်ခေါင်ခေါင်ထဲမှ တဲကလေးမှာ တစ်ယောက်တည်း ညဉ့်နက်နက်ကိုဖြတ်သန်းရတော့မမြင်ရတာတွေကို တွေးကြောက်နေမိတာ အမှန်ပင်။

ဖိုးနောင်တို့စိုက်ခင်းဝန်ထမ်းအဖွဲ့က အလုပ်ပါးသည်နှင့် အနီးအနားမှ ရွာတွေဆီ ကိုးကုန်းကိုးကျင်းလှည့်ပတ်ရင်း သောက်ကြစားကြနှင့် အပန်းဖြေတတ်ကြသည်။ ဌက်ဖျားတက်နေ၍ တဲမှာကျန်ခဲ့သည့်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် လပြည့်ညဖြစ်ရပြန်သည်။ စောစောပြန်လာဖို့ မှာထားပေမယ့် သောက်စားပြီး ကြဲရာဝင်အိပ်တတ်တဲ့အကျင့်ကို ကိုယ်ကပဲစခဲ့သည်မဟုတ်လား။ မသွားပါနှင့်ဟုလည်း မတားချင်။ ကိုယ့်ကြောင့် သူတစ်ပါး၏ အားလပ်ကရက်လေးကို မဖျက်ဆီးချင်။ တောထဲတောင်ထဲတွင် ကျင်လည်ကျက်စားနေရသူတွေအဖို့ ဌက်ဖျားတက်တယ်ဆိုတာကလည်း အဆန်းမှမဟုတ်တာ။ ဌက်ဖျားဆိုတာက အချိန်ကျလာလျှင် ချမ်းတုန်တက်လာပြီး အဖျားကျသွားသည်နှင့် ထမင်းထစားတတ်တာမျိုး။

ဖိုးနောင်ထိတ်လန့်နေမိတာက တဲရှေ့ကဇရပ်။ လဝိုးချောင်းဘေးရှိ ရင်ခဲ့ဇရပ်လေး။ ဇရပ်လေးကိုကြောက်လို့ပဲ ဇရပ်ကလေးမှာမနေကြ။ ဇရပ်ကလေးနှင့်မလှမ်းမကမ်းမှာ တဲထိုးပြီးနေခဲ့ခြင်းဖြစ်သည်။ ဇရပ်ကလေး၏ သက်တမ်းကာဘယ်လောက်ရှိပြီလဲဆိုတာ ဖိုးနောင်မသိ။ ကိုလိုနီခေတ်ကတည်းကရှိတာလား၊ အဲသည်မတိုင်ခင် ကတည်းကရှိခဲ့တာလား မသေချာပေမယ့် ဇရပ်ငယ်၏သက်တမ်းက ကြာမြင့်ခဲ့ပြီ။

ခေတ်အဆက်ဆက်၏ဒုက္ခဆိုးကို ထမ်းပိုးရင်း ဇရပ်လေး၏ ရင်ခွင်ထဲမှာ သေဆုံးခဲ့သူတွေလည်း များလှပြီ။ ဇရပ်ကလေးနှင့် ဆယ့်ငါးမိုင်မျှ ဝေးလှသောကားလမ်းဘေးရှိ အိန္ဒကျေးရွာနှင့်ကျေးရွာမှ သက်ကြီးရွယ်အို့များ၏စကားအရ ဇရပ်တိုင်တွေမှာ လက်ပြန်ကြီးအတုပ်ခံရပြီး သွေးသံရဲရဲသေဆုံးသွားသူတွေရဲ့ ဝိညာဉ်သံတွေကိုပင် တစ်ခါတစ်ရံကြားရတတ်သည်တဲ့။ ဒီဇရပ်ကလေးမှာလည်း စစ်ကြီးအတွင်းက ပြေးလွှားပုန်းရှောင်လာရင်း ဝမ်းရောဂါနဲ့ သေကြသူတွေ အများကြီးဆိုလား။

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်း အခုလို လပြည့်ညတွေမှာ ဇရပ်ကလေးက ထွက်ပေါ်လာတတ်တာက ချောမောလှပလွန်းသော မိန်းမပျိုကလေးတစ်ယောက်၏ ဝိညာဉ်တဲ့။ ဒီဇရပ်လေးရှိရာ မိသရောင်ကြီးဝိုင်းစိုက်ခင်းကို စရောက်ကတည်းက ပထမဆုံးကြားရတာက ဇရပ်ကလေးနှင့် ဝိညာဉ်မလေးအကြောင်းပင် ဖြစ်သည်။ ကြားရစဉ်က-ရင်ထဲကိုနှင့်ခနဲနေအောင် သနားစရာအဖြစ်လေးက အခုပြန်တွေးကြည့်မိတော့ ချောက်ချားဖွယ်။ ညဉ့်နက်နက်နှင့် လပြည့်ညကြောင့်ပဲလေလားမသိ။

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲတွေက နေ့နေ့ညည။ စစ်ကြီးကို ပုန်းကြရှောင်ကြတဲ့အထဲမှာ သူမတို့ညီအစ်မနှစ်ယောက်သည်လည်း မျက်နှာငယ်လေးနှင့် ပါလာခဲ့ကြသည်။ အမိုးနှင့် အပါးတို့ ဘယ်မှာကျန်ခဲ့မှန်းမသိ။ ရွာကလူတွေ၏ ပြောစကားအရ တောင်ယာထဲမှာပဲ သေသွားကြပြီတဲ့။ ငိုချလိုက်ချင်ပေမယ့် အန္တရာယ်ကင်းရာ နေရာတစ်ခုကိုရောက်မှဖြစ်မည်ဆိုသော စိတ်ဖြင့် အားတင်းထားရသည်။

လူတွေလည်း ပင်ပန်းနွမ်းလျကုန်ကြပြီ။ စားစရာလည်းမရှိတော့။ ရောဂါတွေကလည်း ကဲဆိုးမတို့သွားရာ မိုးလိုက်လို့ရွာနေသလိုပင်။ ဝမ်းရောဂါက လျင်လျင်မြန်မြန် ကူးစက်နေသည်။ အားမလျှော့ကြ။ အားလုံး၏ ရည်မှန်းချက်က ဒေါနတောင်ခြေကို စွန့်ခွာပြီး ဇွဲကပင်ခြေတော်ရင်းက ဘားအံသို့ အရောက်သွားရန်ပင်ဖြစ်သည်။ ဘားအံရောက်လျှင် အတော်အတန် လုံခြုံလိမ့်မည်ဟုတွေးရင်း ခရီးဆက်နေကြခြင်းဖြစ်သည်။

အုပ်ဆိုင်းမှုိင်းညို့နေသော အေးစက်စက် အင်တောကြီးကို ခါးခါးသီးသီးဖြတ်သန်းရင်း လုံးချောင်းဇရပ်လေးသို့ ရောက်လာကြသည်။ ဝမ်းရောဂါခံစားနေရသူတွေက ဇရပ်လေးပေါ် မှာတုံးလုံးပက်လက်။ တင်းထားသမျှစိတ်ကိုလျှော့ချလိုက်တော့ ပြန်မထနိုင်တော့။ သူမကတော့ လုံးချောင်း၏ ကြည်လင်နေသောရေကို အားရပါးရသောက်လိုက်ရသဖြင့် လန်းဆန်းသွားသလိုခံစားလိုက်ရသည်။ ရေသောက်ပြီးချိန်မှာ လဲကျနေသော အင်ပင်ကြီးနောက်မှထွက်လာသော ညီမလေးကို တွေ့လိုက်ရသည်။

အစ်မ၊ ငါဝမ်းသွားနေပြီ"

ညီမလေးက ဇရပ်ကလေးပေါ် မှာ လဲချလိုက်သည်။ ညီမလေး၏ရင်ဘတ်အစုံက နိမ့်ချည်မြင့်ချည်နှင့်။ မျက်နှာက ဖြူဖပ်ဖြူရော်။ နှုတ်ခမ်းပါးတွေက ပြာနှမ်းလာသည်။ လူတွေက ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ဘားအံဖြို့ဘက်သို့ တဖြည်းဖြည်း ထွက်ခွာသွားနေကြပြီ။ ဇရပ်လေးပေါ် မှာတော့ ဝမ်းရောဂါခံစားနေရသူတွေက ညည်းတွားငိုရှိုက်ရင်း ကျန်ခဲ့သည်။ အချို့က အသက်ငွေ့ငွေ့သာကျန်တော့သည်။ အချို့က အသက်မရှိတော့။ အချို့က ညည်းတွားရုန်းကန်ရင်းအတင်းထရပ်ဖြီးကြီးစားနေကြသည်။ ကွဲအက်ခြောက်သွေ့နေသော နှုတ်ခမ်းတွေက တလှုပ်လှုပ်။ မထားခဲ့ပါနဲ့လို့ တောင်းပန်နေတာလား၊ အသံက တစိုးတစိမ့် ထွက်မလာနိုင်တော့။ ကမ္ဘာကြီးမီးလောင်နေပြီလား။ ရောဂါဆိုးကြီးက သားသမီးညီအစ်ကိုမောင်နှမဆိုတာမရှိအောင် သွေးခွဲပစ်လိုက်ပြီ။ ဇရပ်ကလေးနားမှာ မတ်တတ်ရပ်နိုင်သူ တစ်ယောက်မှမရှိတော့။ အားလုံးစွန့်ခွာသွားကြပြီ။

သူမ၏ခြေထောက်တွေက မရွေ့။ တွန့်လိမ် ကောက်ကွေးလာသော ညီမလေး၏ လက်ချောင်းလေးတွေကို ညင်သာစွာ ဆုပ်နယ်ပေးနေ၏။ ညည်းတွားနေသူများ၏ နှုတ်ခမ်းပေါ် သို့ ရေပေါက်လေးတွေချပေးနေပြန်သည်။ မိသရောင်ကြိုးဝိုင်း၏ ညကတာဝန်ကျကင်းသမားတစ်ယောက်လို အချိန်မှန်ရောက်လာခဲ့ပြီ။ ရွှမ်းမြေမြေလရောင်က နေမင်းကြီးအစား ထွက်ပေါ် လာခဲ့ပြီ။ နေကွယ်ခြင်းနှင့်အတူ သူမသည်လည်း သူမ၏ ဝိညာဉ်ကို လုံးချောင်းကမ်းနံဘေးရှိ ဇရပ်ကလေးသို့ အပြီးအပိုင် အပ်နှံလိုက်လေပြီ။

ဒီအဖြစ်အပျက်တွေက ကြာခဲ့ပြီ။ မိသရောင်ကြိုးဝိုင်းမှာတောင် အင်ပင်ကြီးကြီးတွေမရှိတော့။ ဇရပ်ကလေးကတော့ရှိနေသည်။ လုံးချောင်းလည်း ယိုင်နဲ့နဲ့စီးဆင်းနေဆဲ ဖြစ်သည်။ သူမလည်းရှိနေသည်။ အင်ဖက်လာကောက်သူတွေ၊ ငါးရှာ၊ ဖားရှာလာသူတွေ၊ ထင်းခုတ်သူတွေဆီကို သူမရောက်လာတတ်သည်။ လုံးချောင်းဇရပ်လေး၏ အနီးဝန်းကျင်မှာ နေထိုင်မကောင်းဖြစ်နေသူရှိတိုင်း သူမရောက်လာတတ်လေသည်။ ဆွေမြေသော မျက်ဝန်းများဖြင့် ကြင်နာစွာကြည့်နေတတ်သည်။ ဒါပေမယ့် သူ

ရောက်လာတတ်တာက လပြည့်ညတွေတဲ့။

❐

ဖျတ်ခနဲ လန့်နိုးလာသည်။ ကျောနှိုးတစ်လျှောက်စိမ့်တက်သွားသလိုခံစားရသည်။ ခပ်ဟဟတဲတံခါးဝမှဖြတ်တိုက်လာသောလေနုအေးကြောင့်လားတော့ဖိုးနောင်မသိ။ အဖျားတော့ကျသွားပြီ။ လူကနုံနေသည်။ ညဉ့်ကလည်းနက်သနက်နက်လာပြီ။ တောအုပ်စောကြည့်ရင်တို့ ပြန်မရောက်ကြသေး။ မျက်လုံးတွေကမှေးစင်းလာသည်။ တရှပ်ရှပ်အသံကို ကြားနေရသည်။ ခြေသံတွေလား။ မျက်လုံးတွေကဖွင့်လို့မရ။ အိပ်ချင်နေပြီ။ ခြေသံကတဖြည်းဖြည်းကျယ်လာပြန်သည်။ လေးလံနေသောမျက်လုံးတွေကို အားတင်းပြီးဖွင့်ကြည့်သည်၊ မရ။ အိပ်ပျော်နေပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်သိနေပြန်သည်။

သင်းပျံ့သောရနံ့တစ်ခု ရမိသဖိုပင်။ ခရေပန်းနံ့များလား။ တချီထပြောကြသည်။ ဇရပ်ပေါ် က ဝိညာဉ်ခေလေးခေါင်းမှာ ခရေပန်းကုံးလေးနှင့်တဲ့ မျက်လုံးတွေကို အားတင်းပြီးဖွင့်ကြည့်မိသည်။ မှုန်ဝါးဝါးသဏ္ဌာန်တစ်ခုကို တွေ့ရ၏။ ခပ်ဟဟဖွင့်ထားသော တဲတံခါးကိုကျော်ဖြတ်ပြီး ဖိုးနောင်ရှိရာဆီသို့ တဖြည်းဖြည်းလျှောက်လာနေသည်။ ခရေပန်းရနံ့က ပိုမိုမွှေးကြိုင်လာသည်။ သဲသဲကွဲကွဲမြင်ရတဲ့အထိ မျက်လုံးတွေက ဖွင့်လို့မရ။ ထထိုင်လိုက်ဖို့ ကြိုးစားပေမယ့် ခန္ဓာကိုယ်က လူပ်ရှားလို့မရအောင် ကြောက်စိတ်တွေ့မရှိ။ အန္တရာယ်ဆိုးဘူးလို့ စိတ်ကအလိုလိုသိနေပြန်သည်။

လရောင်က တဲခေါင်မိုးအပေါက်မှ ဖြာကျနေသည်။ ကျပ်ခုတ်သင်တိုင်အောက်မှာ ဝါဝင်းနုတ်သော လက်မောင်းသားတွေကို လရောင်အောက်မြင်နေရသည်။ ဖြောင့်စင်းသော ဆံနွယ်တွေက ပခုံးမှကျော်လွန်ပြီး ရင်ညွန့်ေအာက်မှာ ဖုံးအုပ်နေသည်။ ခြေရင်းမှာထိုင်လိုက်ပြီး ဖိုးနောင်ကို ကြည့်နေသော မျက်ဝန်းတွေက နူးညံ့သိမ်မွေ့လွန်းသည်။ ရင်ထဲကို ထိုးဖောက်ဝင်ရောက်လာသောနွေးထွေးမှုကို ခံစားနေရသည်။ ဘာကြောင့်မှန်းမသိ။ အမေ့ရင်ခွင်သတိရမိနေပြန်သည်။ နေမကောင်းနေချိန်မှာ ကြင်ကြင်နာနာပြုစုတတ်အမေ့နားမှာရောက်နေသလိုမျိုး။

စိုက်ကြည့်နေသောမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ တွဲခိုနေသော မျက်ရည်စတွေကို မှန်ပျဖျလရောင်ဖြင့် တွေ့ရသည်။ နောင်ခံစားနေရသော နွေးထွေးမှော်နွှဲမှုတွေပျောက်ဆုံးကုန်ပြန်သည်။ ရင်ထဲတလိုက်တက်လာပြီး ငိုချလိုက်ချင်သွားသည်။ ဘယ်လိုမှထိန်းချုပ်ထားလို့မရ ငိုလိုက်ဖို့ စဉ်းစားမိချိန်မှာ အဖေ့ကို သတိရမိသည်။ အဖေ့ကို သတိရမိခြင်းနှင့်အတူ ဒီအခြေအနေက ရုန်းထွက်ဖို့ သိပ်ခဲယဉ်းလှတဲ့ ကိုယ့်ကိုယ်ကိုယ်သိလာပြန်၏။ အလေးတစ်နေရာမှ အဖေက ဖိုးနောင်ရဲ့ခွန်အားတွေပိုလွှတ်နေသလိုပဲ။

ဖိုးနောင်ကို ပြုံးပြီးစိုက်ကြည့်နေသော သူမ၏လက်က တဖြည်းဖြည်းညှပ်ရှားလာသည်။ သူမက တဲကြမ်းပြင်ပေါ်ရှိ ဖိုးနောင်၏လက်ကောက်ဝတ်ကို အသာကလေး ဆုပ်ကိုင်လိုက်သည်။ အေးစက်စက် အထိအတွေ့တို့ကြောင့် ဖိုးနောင်ရင်ထဲတွင် မျောက်ဆုံးနေသော ကြောက်စိတ်တို့ ထွက်ပေါ်လာကြသည်။ ကြောက်စိတ်နှင့် အဖေပို့လွှတ်လိုက်သော ခွန်အားတို့ အချိုးညီညီ ပေါင်းစပ်သွားကြသလားမသိ။ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ရင်း သူမ၏လက်ကို တွန်းဖယ်ပစ်လိုက်မိတော့သည်။

"အား. . . "

❐

တစ်ကိုယ်လုံး ချွေးစေးတွေနှင့်စိုရွှဲနေ၏။ တဲအပြင်ဘက်မှ အလင်းရောင်သဲ့သဲ့မြင်ရသည်။ အရုဏ်တက်လေပြီ။ ဌက်ကလေးတွေ၏ တေးသီချင်းကိုလည်း ကြားရသည်။ တောအုပ်စောကြည်ရင်တို့လည်း ရောက်လာကြပြီ။ ဒီနံနက်ခင်းက ဖိုးနောင် ကြုံဖူးသမျှ နံနက်ခင်းတွေထဲမှာ ဝမ်းသာစရာအကောင်းဆုံးနံနက်ခင်းဟုပြောရလျှင် မှားမည်မထင်။

တောအုပ် စောကြည်ရင်က ဖိုးနောင်ပြောသမျှကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေ၏။ ကိုအောင်ဌေးကတော့ အဖျားတက်ပြီး သွေးလေဖောက်ပြန်နေချိန်မှာ ထင်ယောင်ထင်မှားဖြစ်တာဟု ပြောသည်။ အဲသည်လို အခြေအနေမျိုးမှာ ကိုယ်စွဲလမ်းနေတဲ့အကြောင်းအရာကြောင့် အိပ်မက်လိုလို၊ တကယ်လိုလိုဖြစ်တတ်တာက သဘာဝပဲတဲ့။ ဖိုးနောင်ကတော့မထင်။ ကိုယ်တိုင်ခံစားခဲ့ရတာကို ကိုယ်အသိဆုံးမဟုတ်လား။ သူမကိုတကယ်မြင်ခဲ့တယ်ဆိုတာ စိတ်ကအလိုလိုခံစားသိရှိနေမိခဲ့သည်။

သူမ တကယ်ရှိနေခဲ့သည်ကို ဖိုးနောင် ယုံကြည်သည်။

ညီပုလေးကတော့ -

"ဆရာအရမ်းက်ကောင်းတယ်။ ဆရာ့မိဘတွေကို ကျေးဇူးတင်။ ဆရာ့မိဘတွေရဲ့ မေတ္တာတရားကြောင့် ဆရာသူလက်ထဲက ရုန်းထွက်နိုင်ခဲ့တာ။ ဆရာသာ သူ့အပြုအစုမှာ သာယာသွားရင် ဆရာသေသွားမှာ။ သူနဲ့အတူ ဆရာလည်း ဇရပ်ကလေးမှာ အစောင့်ဖြစ်ချင်ဖြစ်သွားမှာ။ နေမကောင်းဖြစ်နေတဲ့သူတွေဆီ သူလာတယ်ဆိုဟာ ဝိညာဉ်နုတ်ဖို့လွယ်လို့ပဲ။ ဆရာ့အစား ကျောချမ်းလိုက်တာဆရာရယ်"

ညီပုလေးပြောတာလည်း ဖြစ်နိုင်လိမ့်မည်ဟု ဖိုးနောင်မထင်။ ဘာကြောင့်မှန်းမသိ သူမျက်ဝန်းတွေကို ဖိုးနောင် နားလည်နေမိသည်။ ဖိုးနောင်တို့ဆီသူလာတယ်၊ လူနာတွေကို ပြုစုစောင့်ရှောက်တယ်ဆိုတာ ဖိုးနောင်တို့ဆီက အကူအညီတစ်ခုခုတောင်းဖို့ဟုပဲထင်မိသည်။

ဘုန်းကြီးတစ်ပါးလောက်ပင့်ပြီး ဇရပ်လေးပေါ်မှာ ဆွမ်းကပ်ဖို့ဆုံးဖြတ်လိုက်၏။ ဆွမ်းကပ်၊ ပြီးတော့ အမျှကိုလည်း မပျက်မကွက်ပေးဝေခဲ့သည်။

အခုတော့လည်း မိသရောင်၏ လပြည့်ညတွေက တိတ်ဆိတ်နေ၏။ စိုက်ခင်းပြီးဆုံးသွားသည်အထိ သူမသတင်းမကြားရတော့။ သူမလိုချင်တာရသွားပြီလားတော့ ဖိုးနောင် မသိ။ သေချာတာကတော့ သူမ၏ ဇရပ်လေးက ငြိမ်းချမ်းတိတ်ဆိတ်သွားပြီဆိုတာကိုပင်။ သူမလည်း အေးချမ်းနေလိမ့်မည်ဟု ဖိုးနောင်ယုံကြည်မိသည်။

ထူးထူးခြားခြားပင် သည်အဖြစ်အပျက်တွေနောက်ပိုင်းမှာ ဖိုးနောင် ဌက်ဖျားမတက်တော့။ သူမက လဂိုးချောင်း ဇရပ်ပတ်ဝန်းကျင်ကို ရောက်လာသော နေမကောင်းဖြစ်နေသူတွေကို ကုသပေးတယ်ဆိုတာ ယုံကြည်ရမလိုပင်။

ကိုအောင်ဌေးကတော့ -

"မင်းဌက်ပြီးသွားတာ ဌက်ယဉ်သွားတာကွ"

ဟုသာတွင်တွင်ပြောနေလေတော့သည်။

သဏ္ဌံ-ငယ်ငယ်

ဝါအမြစ်နှင့် ဆေးအပြစ်ပြု

မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးပင်များတွင် ဝါပင်သည်လည်း အပါအဝင်ဖြစ်ပါသည်။ အဝတ်အထည်ပြုလုပ်ရာ၌ ဝါပင်မှရသောဝါငွေမ်းကို အဓိကအသုံးပြုရခြင်းကြောင့် ဝါစိုက်တောင်သူလည်းပေါများပါသည်။ ဝါငွေမ်းမှတစ်ဆင့် ရက်လုပ်ရရှိသောအထည်များကို ချည်ထည်ဟုခေါ်ကြပြီး အပူအအေးမျှတခြင်း၊ လူကိုဥပဒ်မရစေခြင်းများကြောင့် လူကြိုက်များကြပါသည်။

ဝါများ ခူးဆွတ်ရိတ်သိမ်းပြီးချိန် ဝါပင်တို့၏ မြေကြီးတွင်းမှအမြစ်နှလေးများအား အလကားစွန့်မပစ်ဘဲခုတ်ဖြတ်စုဆောင်းပါ။ ထိုစုဆောင်းထားသော အမြစ်နုများအား နေရိပ်ထဲတွင် သဘာဝအတိုင်းခြောက်သွေ့ပါစေ။ ခြောက်သွေ့သွားသော အမြစ်နုကလေးများအား သန့်စင်သောဆုံတွင်ထည့်၍ထောင်းပြီး အမှုန့်ပြုပါ။ ၎င်းဆေးမှုန့်များအား လေလုံသန့်ရှင်းခြောက်သွေ့သော ဘူးသို့မဟုတ် ပုလင်းတွင်ထည့်ထားပါ။

အထက်ပါဆေးမှုန့်သည် အမျိုးသမီးများလစဉ်ဆင်းသက်ရမည့်ဓမ္မတာသွေးမှန်မှန်မဆင်းဘဲ ဓမ္မတာလာခါနီး အချိန်များတွင် ဖန်ချပ်သောအစားစာများစားသုံးခြင်း၊ အအေးခံလွန်ခြင်း၊ ထိတ်လန့်စရာ အကြောင်းကိစ္စများကြုံတွေ့ရခြင်းစသည့်အကြောင်းများကြောင့် မီးယပ်ငုပ်ခြင်း၊ ထိမ်ခြင်း၊ ကျန်ခြင်းများအတွက် ဆေးအဖြစ်အသုံးပြုနိုင်သည်။

အမျိုးသမီးများ အကြောင်းအမျိုးမျိုးကြောင့် ထိုသို့ ဓမ္မတာငုပ်ခြင်း၊ ထိမ်ခြင်းများသည် ကြာလာပါက ခန္ဓာကိုယ်တွင်း သွေးဆိုးများအောင်းနေပြီး အဆစ်အမြစ်များရောင်ကိုက်ခြင်း၊ အသားရေများညစ်၍ မီးယပ်အကွက်များပေါ်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများဖြစ်လာစေပါသည်။

ထိုသို့ ဆိုးကျိုးများ မခံစားလိုမီးယပ်ငုပ်၊ ထိမ်ကျန်ခြင်းများဖြစ်လာပြီဆိုပါက ဖော်ပြပါ ဝါအမြစ်နုအစွန့်လက်ဖက်ရည်(၁)ခွက်းခန့်အား ရေနွေးပူနှင့် ဖျော်သောက်ပါ။ တစ်နေ့(၃)ကြိမ်သောက်သုံးပေးပါ။ ဆေးအစွမ်းကြောင့် တစ်ပတ်အတွင်း ထိမ်၊ ငုပ်နေသော ဓမ္မတာသွေးပေါ်လာပါလိမ့်မည်။

ကျေးလက်လုံမေမျိုတို့၏ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

သန္ဒိ(ညွှန်ဒေ)

www.burmeseclassic.com

တောရိပ်တောင်ရိပ်များသာကြီးစိုး
ထား၍ ဝန်းကျင်အနှံ့သည်ပင် အေးချမ်း
မှုက လွှမ်းခြုံထားလေတော့သည်။

မောင်ရန်နောင်တို့အဖွဲ့ နေ့လယ်
ခင်းက တောင်ယာမုဆိုး မနားရှင်နှင့်
လမ်းပြလေး ထွန်းသိုက်တို့ ရလာသည့်
အောက်ချင်းငှက်သားနှင့်စားသောက်ကြ
ပြီးနောက် ယာယီတဲလေးရှေ့တွင် အချမ်း
ဒဏ်ခံရန်နှင့် တောကောင်ကြီးများ၏
အန္တရာယ်မှကာကွယ်ရန် မီးဖိုကြီးတစ်ဖို
ဖိုးပြီး ဝိုင်းဖွဲ့၍ ရောက်တတ်ရာရာ စကား

မင်းနန္ဒဂိုဏ်

ဆတ်ရှာခွေးနှင့်ဆတ်ရေချပွဲ

www.burmeseclassic.com

www.burmeseclassic.com

ပြောနေကြလေ၏။ သူတို့စကား
ဆုံးသောအခါ မုဆိုးစောထူး၊ မနားရှင်၊ မုဆိုး
ကြီးသိန်း(မွန်တိုင်းရင်းသား)၊ ငွေသောင်
တို့ အောင်ရန်နောင်အပြင် ထမင်းချက်
ဝန်ဆောင်မှုတို့ပင် ဖြစ်ကြ၏။

လရောင်က ငွေစင်သွန်းဖျန်းလျက်
ကြည်နူးခြင်းတည့်တည့်တွင်ရောက်ရှိ
နေ၏။ လရောင်အောက် ညလေညင်း
ကို သွဲ့သွဲ့ညင်းညင်းတိုက်ခတ်လျက်ရှိ
သည်။ သူတို့ စကားပိုင်းကလည်း အရှိန်
ရသည်။

မကြာခဏ အဝေးတောတန်း
ဆောင်ကုန်းများဆီမှ သားရဲတော
ဆောင်များ၏ အစာရှာထွက်သံ၊ မာန်ဖီ
သံများကိုကြား၏။ခင်ပုပ်ဌက်၊ ဇီးကွက်
တို့၏ အသံများ၊ တောတောင်ကြီးများ၏
အသံများက ဝေးသွားလိုက်၊ နီးလာလိုက်
ကြားနေရ၏။ ငွေသောင်က ထင်း
မီးဖိုထဲသို့ ဝါးဆစ်ပိုင်းများထိုးထည့်ရင်း
မီးအရှိန်မြင့်လိုက်သလို ဖောင်း. . .
ဖိုင်း. . . ဖောက်. . . ဖောက်နှင့်ဝါးဆစ်
ပိုင်းပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့
သည်။

နာဂတိုင်းရင်းသား တောင်ယာ
မုဆိုးမနားရှင်က သူ့အဘိုး နောက်အော်
နာဂကြီး မယူဒူအကြောင်းနှင့် တော
တွင်းအတွေ့အကြုံများကို ပြောပြနေပါ
သည်။ သူ့အဘိုး မုဆိုးကြီးမယူဒူသည်
သေနတ်တစ်ချက်မဖောက်ရဘဲ ဆတ်
ရေချနည်းပင် ဖြစ်သည်။

ကိုမနားရှင်ရေ၊ ခင်ဗျားအဘိုးက
သေနတ်မပါဘဲ ဆတ်ရေချနည်းနဲ့ ဆတ်
တွေဖမ်းတာဆိုတော့ နည်းနည်းအထူး
အဆန်းသားပဲ။ ကျွန်တော်တို့အတွေ့



www.burmeseclassic.com

www.burmeseclassic.com

အကြံအရတော့ တောခွေးတွေ အုပ်စုလိုက်ဝိုင်းပြီး ဆတ်ဖို၊ ဆတ်ဖားကြီးတွေ နောက်ကိုလိုက်တာပဲသိတယ်"

မုဆိုးမင်းရွှေသီးက အနိုးခံအတိုင်း မွန်သံဝဲဝဲနှင့်ပြောလိုက်ပါသည်။

မုဆိုးစောထူးက သူ၏ စလာလင်တံဆိပ်ဆေးတံအိုကြီးထဲသို့ ရခိုင်ဆေးရွက်ကြီးတစ်ဆုပ်ထည့်ပြီး ဖွာရှိုက်ရင်း မနားရှင်၏ပြောစကားကို ငုံလင့်လျက်ရှိ၏။

"ဆတ်ရေချပွဲဆိုတာ ဒီလိုပါ မုဆိုးကြီးရေ။ တောခွေးတွေက သူတို့နည်းသူတို့ဟန်နဲ့ သားကောင်ကို အုပ်စုဖွဲ့လိုက်ကြတာ။ နောက်အော်နာဂတွေကတော့ အမဲလိုက်ဖို့ဆိုပြီး တမင်တကာလေ့ကျင့်ပေးထားတဲ့ အိမ်ခွေးတွေနဲ့ ဆတ်လိုက်တာဗျ"

"ဘယ်လိုလိုက်ကြတာတုံး"

မုဆိုးစောထူးအမေးကို မနားရှင်ကပင် -

"ပြောရရင်တော့ ဟိုးလွန်ခဲ့တဲ့ အနှစ် (၄၀) လောက်ကလို့ ဆိုပါတော့ဗျာ

ဟု သူတို့ နာဂတိုင်းရင်းသားတွေ၏ ထူးခြားသည့် ဆတ်ရေချပွဲကိုပြောပြပါတော့သည်။

မယူဒူသည် နာဂတောင်တန်းအနှံ့သွားလာနေသော မုဆိုးတစ်ယောက်ဖြစ်ပြီး တောအနှံ့တောင်အနှံ့ရောက်ရှိခဲ့ကာ တောပစ်ကွမ်းသလို တောလည်းကွမ်းကျင်နှံ့စပ်၏။ တစ်နည်းဆိုရလျှင် သူခြေမချဘူးသည့်နေရာဟူ၍ မရှိသလောက်။ သူက ဤနယ်မြေမှာ သူနှင့် တွဲဖက်က မီလတန်။ နှင်းပိန်းပိန်းသော နာဂတောင်တန်းနံနက်ခင်းများသည် အရိုးကွဲအက် တမျှငြားလည်း ကြံခိုင်တောင့်တင်းသော နာဂပျို မယူဒူနှင့် မီလတန်တို့က ခွေးတဒီးဒီးကျအောင် တစ်တောင်ဆင်း၊ တစ်တောင်တက်နှင့် သွားလာလျက်ရှိ၏။

တောပစ်ရာ၌ လင့်စင်ပေါ်တွင် မွေးဖွားခဲ့သည်လား ထင်မှတ်ရသည်။ ဝါသနာအထုံကကြီးလှသည်။ ထင်းရှူး၊ သစ်အယ်၊ ဝက်သစ်ချ၊ တောင်ပေါ်သစ်တောများက သူတို့၏ ကွန်းခိုရာအိမ်သဖွယ်။ တောင်ကြား၊ ချောက်ကြားတွင် စီးဆင်းနေသည့် တောင်ကျချောင်းစမ်းချောင်းလေးများ၏အသံက သူတို့၏ ဂီတသံအဖြစ် ပျံ့လွင့်လျက်ရှိ၏။

စိမ်းလဲ့လဲ့ထင်းရှူးရွက်များကြားမှ ဖိုးခေါင်ငှက်များ၏ ကူးရင့်သံများနှင့် သူတို့ရှာသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း (၃၈၆၀) တွင် တည်ရှိသော ဟေကွန်ရွာဖြစ်ပြီး အိမ်ခြေ (၅၀) ကျော် (၆၀) နီးပါး ခန့်ရှိ၏။ တောင်ယာနှင့် အသက်မွေးဝမ်းကျောင်းသည့်အပြင် အမဲလိုက်၊ ဆေးမြစ်၊သစ်သီးသစ်ဥများရှာရန် တောတက်ကြသည်။

ရွာလူကြီးက မိတုန်းနော်။ မီလတန်၏အဖေဖြစ်သည်။ သဘောကောင်းစိတ်ထားရိုးသူဖြစ်ပြီး သူညီ မီဟင်တုသည် မယူဒူ၏အဖေဖြစ်၍ မီလတန်နှင့် မယူဒူသည် ညီအစ်ကိုဝမ်းကွဲတော်စပ်ကြပြီး သွားအတူ၊ လာအတူ အလွန်ချစ်ခင်ကြ၏။ ဟေကွန်နာဂရွာကလေးတွင် သူတို့သတင်းကမွေးလှ၏။

ဟေကွန်ရွာထိပ်တွင် မယူဒူတို့ဘိုးဘွားများ ကိုးကွယ်သော နတ်စင်တစ်ခုရှိပြီး ဘိုးဘွားများလက်ထက်က တည်းကရှိသောနတ်ကွန်းလည်းဖြစ်လေသည်။ နတ်ဆရာက နာတပေါင်နောက် အော်နာဂကြီးဖြစ်ပြီး နာတပေါင်က နတ်စင်ရှေ့တွင် ပြောင်းခေါင်ရည်ကို တင်မြှောက်ပသလျက် နှုတ်မှတတွတ်တွတ်ရွတ်ဖတ်ပြီး ကြက်ဥတစ်လုံးကို နတ်တင်ပြီး တောတက်မည့် နာဂလူလင်ပျို(၅)ယောက်အား မန်းမှုတ်ထားသော ခွက်ထဲမှ ရေများနှင့် ပက်ဖျန်း၍ ဆိုင်ရာပိုင်ရာများကိုအပ်ပြီး နတ်ပူဇော်ပသမှုအဆုံးသတ်လိုက်လေတော့သည်။

မယူဒူ၊ မီလတန်နှင့် အခြားနာဂလူလင်ပျို (၃) ယောက်တို့သည် လှံရှည်၊ အမဲလိုက်ဓား၊ လက်နက်များနှင့် တောစပ်ဆီသို့ထွက်လာခဲ့ကြသည်။ တောစပ်ရေအိုင်နားသို့ရောက်သောအခါ မယူဒူနှင့် မီလတန် နာဂလူလင်တစ်ဦးတို့သည် လေ့ကျင့်ထားသော အမဲလိုက်ခွေးများကို တောထဲသို့လွှတ်လိုက်ပြီး အနောက်မှ လိုက်လာခဲ့ကြသည်။

အခြားနာဂလူလင်ပျိုနှစ်ယောက်က ဆတ်ဖမ်းရန် တောစပ်ရေအိုင်အစပ်ချုံတစ်ခုတွင် လှံရှည်ဆောင်ဓားများနှင့် ပုန်းကွယ်၍စောင့်နေကြသည်။ တကယ်တော့ ထိုနည်းသည်ကား အမဲလိုက်သွားသော နာဂမုဆိုးကြီးများသည် တောခွေးများ အအုပ်အဖွဲ့နှင့် ဆတ်ရေချတာကို တွေ့ရှိလာရာမှ လိုလျှင်ကြဲဆ နည်းလမ်းရ ဆိုသည့်အတိုင်း ဆင့်ပွားယူလာသောနည်း။ ထိုမှ အဆက်ဆက်ပြန့်ပွားလာခြင်းဖြစ်ပြီး ထိုကဲ့သို့ ဆတ်ရေချနည်းကို လူ၏အသိဉာဏ်နှင့် ပေါင်းစပ်လိုက်ရာမှ သေနတ်တစ်ချက်မဖောက်ရဘဲ ကိစ္စပြီးမြောက်သွားပြီး သားကောင်ရခြင်းပင် ဖြစ်သည်။

မယူဒူတို့အဖွဲ့ အမဲလိုက်ခွေးများနှင့် တောထဲဝင်သွားခဲ့သည်မှာ (၁) နာရီခန့်ကျော်သွားလေပြီ။ မကြာမီ အရှေ့ဘက်မြောက်မှ တဝုတ်ဝုတ်အသံများနှင့် ခွေးဟောင်သံများ ကြားလိုက်ရသည်။ မယူဒူကြည့်လိုက်တော့ နီညိုရောင်အသွေးလည်ဆံမွေးအရှည်နှင့် ဆတ်ဖားကြီးတစ်ကောင်။

"မီလတန်ရေ၊ ဆတ်ဖားကြီးက မင်းခွေးတွေနဲ့ တောထဲကမျှားထုတ်ဖို့လုပ်။ ငါဒီဆတ်ကြီး ထွက်ပေါက်ကိုပိတ်ဆို့ထားမယ်"

"အေး-မယူဒူ၊ ငါ့ကောင်တွေထသိပ်ပါးနပ်တဲ့ကောင်တွေ။ မကြာခင် တောစပ်ကို မောင်းထုတ်သွားလိမ့်မယ်ဟေ့"

မီလတန်၏ အမဲလိုက်ခွေးများကား မီလတန်ပြောသလိုပင် ကျင့်သားကျထားပြီးသောခွေးများဖြစ်၍ မကြာမီ တောထဲတောင်ထဲတွင် ဆတ်ဖားကြီးကို မယှဉ်ရဲ၍ တောစပ်လွှင်ပြင်ကျယ်သို့ ခြိမ်းခြောက်၍ အုပ်စုဖွဲ့လျက်တဝုတ်ဝုတ် အသံပေးကာခေါ်လာကြသည်။

"ဝုတ်... ဝုတ်... ဝုတ်..."

တစ်ခါတစ်ခါ ဆတ်ကြီး၏အလယ်အငိုက်ကိုကြည့်၍ နောက်ခြေထောက်ကို ဝင်ဆွဲသည်။

"ဂိန်... ဂိန်... ဂိန်..."

"ဝုတ်... ဝုတ်... ဝုတ်"

ဆတ်ကြီးကလည်း ဦးချိုဖျားနှင့် ခတ်ထုတ်၊ ခွာဖြင့်ကန်ကျောက်သဖြင့် မီလတန်၏ခွေးတချို့မှာ တစ်ချီအထိသွား၍ အနားသို့မကပ်ဘဲ ဆတ်ဖားနှင့် မလှမ်းမကမ်းကခွာလျက်ပို့ထားကြ၏။ သို့သော် ဆတ်များသောအားနည်းချက်မှာ အမောမခံနိုင်ခြင်း ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဒို့ကြောင့် တောစပ်သို့ အလျင်အမြန် ပြေးလျက် ရေအိုင်ကိုဦးစွာရှာလေတော့သည်။ ဆတ်ကြီးသည် ပြေးလွှားရင်း နေအရမ်းဆာတတ်သဖြင့် ရေကိုဦးစွာ သောက်ပြီးမှ သူ၏ရန်သူကို ဦးချိုဖြင့် ပြန်လည်တိုက်ခိုက်လေ့ရှိ၏။

ထို့ကြောင့် မောပန်းနေသည့်ဆတ်ကြီးသည် ရေအိုင်ထဲတွင်ရေစိမ်လျက် ဒူးပေါ်လာမည့် အန္တရာယ်ကိုလည်း သတိနှင့်နေစဉ် မီလတန်၏ နောက်က သိုက်လာသည့် ဆတ်ရှာခွေးများက တရကြမ်းအတင်းဝင်၍ ရေအိုင်ထဲမှဆတ်ဖားကြီးကို အုပ်စုဖွဲ့၍ ဝင်ခဲလေတော့သည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"ဂိန်. . . ဂိန်. . . ဝုတ်"

ဆတ်ကြီး၏ ဦးချိုချက်ထိသော်သည်း အနာခံ၍ အတင်းဝင်ခဲကြခြင်း မှာ အိမ်ခွေးများသည် ယဉ်ပါးနေသည် ဖြစ်ကြောင်း၊ ရေအိုင်စပ်တွင် သူတို့၏ သခင်အနံ့ကို ရသောကြောင့် ဆတ်ကြီးကို သခင်အားကိုးနှင့် အတင်းဝင်ခဲခြင်း ဖြစ်သည်။

တိရစ္ဆာန်ဖြစ်သော်ငြား အားကိုးနိုလျှင် ခွေးကပင် မာနထောင်ခြင်းပင် ဖြစ်လေသည်။

ဆတ်ဖားကြီးကလည်း မီလတန်၏ အမဲလိုက်ခွေးများထက် အရပ်အမောင်းက ကြီးထွားမြင့်မား၍ ရေအိုင်အတွင်းမှ အထိုင်ကစောင့်လျက် တိုက်ခိုက်နေသဖြင့် သူ့အတွက် အရေးသာသလို သူဦးချိုဖျားတွင် တစ်ကောင်၊ နှစ်ကောင်စ အူပွင့်မတတ် အမဲလိုက်ခွေးများ အထိနာလေသည်။ သို့သော် ဆတ်ရှာခွေးများနှင့် ချိုခိုလျက် အသင့်စောင့်နေသော မုဆိုး နာဂလုလင်ပျို့သားနှစ်ဦး၏လှည့်စားမှုကိုမသိသော ဆတ်ဖားကြီးမှာ ရေအိုင်ထဲမှ အမဲလိုက်ခွေးများနှင့် တိုက်ခိုက်နေလေသည်။

ထိုအချိန် အလစ်အငိုက်စောင့်နေသော နာဂမုဆိုးနှစ်ယောက်သည် ဆတ်ဖားကြီး၏ နံကြားသို့ လှံရှည်နှင့် အားကုန်လွှဲလျက်ထိုးချလိုက်ပြီး သူတို့၏ ဆောင်ဖေးဖြင့် ဝင်ရောက်ခုတ်လေတော့သည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . "

မီလတန်၏ ခွေးများက ရေအိုင်ထဲမှဆတ်ကြီးကို ယခုမှ သဲကြီးမဲကြီး တိုက်ခိုက်ကြလေသည်။

ဆတ်ဖားကြီး၏ဦးချိုဖျားကလည်း ဆေးရေမြုပ်များနှင့် ရန်သူတော်ခွေးများကို တိုက်ခိုက်နိုင်သော်လည်း မမျှော်လင့်ဘဲ ချိုခိုတိုက်ခိုက်သော နာဂမုဆိုးတို့၏ ရန်သူအသစ်ကို ထပ်မံရင်ဆိုင်ရပြန်သဖြင့် သူအသိဟာ နောက်ကျသွားလေတော့၏။

"ဝုန်း. . . ဝုန်း. . . ဖျန်း. . . ဖျန်း . . . ဖျန်း. . "

"ဂိန်. . . ဝုတ်. . . ဝုတ်. . ဝုတ်"

တောစပ်ရေအိုင်အနီးတစ်ဝိုက်တွင် မီလတန်၊ မယူဒူတို့ အမဲလိုက်ခွေးများနှင့် ဆတ်ရေချပွဲသည် ခေတ္တခဏ ဆူညံပွက်နေရာမှ တဖြည်းဖြည်းအရှိန်လျော့လာပြီးနောက် ဆတ်ဖားကြီးမှာ မုဆိုးများလက်ချက်နှင့် ဇီဝိန်ချုပ်ငြိမ်းဘဝဇာတ်သိမ်းသွားလေတော့သည်။

ဆတ်ကြီးကို ကမ်းစပ်ပေါ် ဆွဲတင်ပြီးကြည့်ကြသော် ဦးခေါင်းနှင့် ကိုယ်အရှည်မှာ (၆) ပေကျော်ပြီး ပခုံးအမြင့် (၄) ပေခန့်ရှိ နီညိုရောင်အသွေးနှင့် လည်ပင်းတွင် လည်ဆံမွေးများကကြမ်းရှလှသည်ကို တွေ့ရသည်။ အလေးချိန်အားဖြင့် (၁၈) ပိဿာ (၂၀) ခန့်ရှိလောက်မည်။

မယူဒူက ဆတ်ဖားကြီး၏ တံတောင်ဆစ်ကွေးအကြောအား အမဲလိုက်ဓားမြှောင်ဖြင့် လှီးဖြတ်လိုက်သည်။ နား၊ ရွက်၊ လျှာနှင့် ခွာလေးဖက်အား ဖက်ရွက်တစ်ခုတွင်ထည့်၍ သူတို့ရိုးရာနတ်အတွက် ပူဇော်ပ,သရန်ထုပ်လိုက်သည်။ မီလတန်တို့အဖွဲ့က တစ်ပင်တိုင်ဝါးများနှင့် နွယ်ကြိုးများချည်နှောင်လျက် သူတို့ရွာလေးသို့ သယ်ဆောင်လာကြလေ သည်။

ဤသည်မှာ နောက်အော်နာဂ မယူဒူတို့၏ သေနတ်တစ်ချက်၊ မြားတစ်စင်းမသုံးရဘဲ သားကောင်ဖမ်းသည့် နည်း (သို့) ဆတ်ရေချသည့်နည်းပင် ဖြစ်ကြောင်း သူ၏ မိတ်ဆွေမုဆိုးများကို ပြောပြ၍ စကားဝိုင်းကို လက်စသတ်လိုက်လေတော့သည်။

ယာယီရွာတ်ဖျင်တဲလေးအတွင်း၌ မောင်ရန်နောင်တို့အဖွဲ့ ဝင်ရောက်အိပ်စက်ရန်ပြင်ဆင်ချိန် အပြင်ဘက်တွင် ဆောင်းလေနှင့်အတူ နှင်းစက်များက တဖောက်ဖောက်ကျဆင်းလျက်ရှိပါတော့သည်။

တောတွင်းဆန်းကြယ်ဖြစ်ရပ်နယ် (သို့) မုဆိုးဘဝ ကြုံရသမျှတို့သည် ထူးခြား ဆန်းကြယ်မှုတို့နှင့်သာရှိနေပါတော့သည်။

မင်းနန္ဒာမြင့်

ဆီးကျင်/အောင့် အမှန်ပျောက်ဆေးနည်း

ကိုကြူန်း(ဟင်္သာတ)

လူတို့သည် သေရည်သေရက်များ အသောက်ကြူးခြင်း၊ ဆီးနှင့်မတည့်သောတက်စာများကို လွန်လွန်ကြူးကြူးစားသုံးခြင်း၊ မေထုန်ကြူးခြင်း၊ လူပ်ရှားနေသော မြင်း၊ ယာဉ်များ စီးနင်းမှုကြောမြင့်ခြင်း၊ ရေခဲ့ကျက်စားသောသားငါးများအစားများခြင်းတို့ကြောင့် ဆီးကျင်၊ ဆီးအောင့်ခြင်းများ မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

ထိုကဲ့သို့ ဆီးနှင့်ပတ်သက်သော ရောဂါများကို ဆီးမုတ္တကိတ်နာဟူ၍ လည်း ခေါ်သည်။ အဆိုပါ ဆီးရောဂါသည် အလွန်အခံရခက်သော ပြင်းစွာနာကျင်မှုကိုဖြစ်စေ၏။

ဆီးရောဂါသည် လေပျက်၍သော် လည်းကောင်း၊ သည်းခြေပျက်၍သော် လည်းကောင်း၊ သုက်ပျက်၍သော်လည်းကောင်း ရောဂါဖြစ်ပွားသည့် လက္ခဏာကွဲပြားသည်။

အထက်ဖော်ပြပါ ဆီးကျင်၊ ဆီးအောင့်ခြင်းနှင့် ပတ်သက်၍ ဖော်ပြပါဆေးများကို ဆတူအမှုန့်ပြု၍ ပျားရည်နှင့် တစ်နေ့တစ်ဇွန်းသောက်ရာ၏။ ဆူးလေမြစ်၊ ငုမြစ်၊ နေစာမြက်မြစ်၊ ပေါင်းမြက်မြစ်၊ စူလာနဖာ၊ သင်္ဘောတမာမြစ် (သင်္ဘောဖို)၊ ကျောက်ချဉ်၊ ကြစုသီးတို့ ဖြစ်ပါသည်။

သုက်ပျက်၍ ဆီးကျင်၊ဆီးအောင့်သော် သုက်နှင့်တကွ ဆီးပါ၏။ ဆီးသွားသောအခါ လိင်နာကျင်၏။ ထိုသို့သုက်ပျက်၍ ဆီးကျင်ခြင်းကြောင့် အားအင်ကုန်ခန်းခြင်း၊ ဆီးကျောက်တည်ခြင်းတို့ဖြစ်တတ်သဖြင့် အထက်ပါဆီးရောဂါဆေးကြိုးကို ဖော်စပ်မှီဝဲသုံးဆောင်နိုင်ပါရန် ဆီးရောဂါ ဝေဒနာရှင်အပေါင်းတို့အတွက် ဖော်ပြလိုက်ပါသည်။

ခဲခဲထွန်း (ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားမြေမှာ

မြန်မာနှစ် ၅၇၉ ခုနှစ်ကတည်းက ပေါ်ခဲ့တဲ့ ပတ္တမြားမြေဆိုတာ မြန်မာနိုင်ငံမှာ အစောဆုံးပေါ်ခဲ့တဲ့ ရတနာနယ်မြေတစ်ခုပါပဲ။ ရှေးအကျဆုံးလို့ဆိုရမှာပါ။ အဲဒီကတည်းကပေါ်ခဲ့တာဟာ ခုထိလည်းထွက်နေဆဲပါပဲ။ ဒါပေမယ့် တွက်အားတော့နည်းသွားခဲ့ပါပြီ။

ပတ္တမြားမြေက ထွက်သမျှ ကျောက်နီပတ္တမြား၊ ကျောက်ပြာ၊ နီလာနဲ့ ကုန္ဒနီလာ (ခရမ်းရောင်) ဥဿဖရား (အပြူ အဝါ) တို့ဟာ အမာအဆင့် ကျောက်များဖြစ်ကြပါတယ်။ မိုးကုတ် အမာလို့ခေါ်တယ်။ အမာမှာ ဂေါ်ပါတတ်ပြီး အညံ့မှာ ဂေါ်လုံးဝမပါပါဘူး။

အမာဆင့်ကလွဲရင် ကျန်တဲ့ ကျောက်ရောင်စုံတွေဟာ အညံ့ကျောက်များဖြစ်ကြပါတယ်။ ဘယ်လောက် ရောင်စုံရှိသလဲဆိုရင် မရေတွက်နိုင်ဘူးလို့ ဆိုရမှာပါ။ အမျိုးအမည်နာမည်တွေများသလောက် အရောင်အသွေးတွေကလည်း စုံမှစုံဆိုတော့ လက်ဝတ်ရတနာတစ်ခုနဲ့တစ်ခု အသွေးအရောင် ဆင်တူဖို့ခက်လှပါတယ်။

ရှေးမြန်မာမင်းလက်ထက်အစောပိုင်းကဆိုရင် နီလာလို့ခေါ်တဲ့ ကျောက်ပြာဟာ ရတနာတန်းမဝင်လို့ ဒီအတိုင်းပဲ တွင်းတောကျောက်ဖြူန်းပုံထဲ လွှင့်ပစ်ကြတာပါ။ အညံ့ဆိုတာကတော့ ကောက်တောင်မကြည့်ကြပါဘူး။

ဘုရင်ကိုဆက်ရတာဟာ ပတ္တမြားလို့ခေါ်တဲ့ ကျောက်နီများသာ အများဆုံးရှိခဲ့တာပါ။ နန်းစဉ်ပတ္တမြားတွေဟာလည်း အများအားဖြင့် ကျောက်နီတွေသာဖြစ်ပါတယ်။

မြန်မာတို့ပါးစပ်ဖျားမှာ ခုထိတိုင် ပြောစမှတ်တွင်ရစ်တဲ့ကျောက်ကတော့ မြန်မာ့နန်းစဉ်ရတနာ ရတီ (၉၀) ရှိတဲ့ ငမောက်လို့ခေါ်တဲ့ပတ္တမြားအနီပွင့်ကြီးပါ။ မြန်မာတို့တိုင်းတစ်ပါးလက်အောက် ရောက်ပြီးသကာလ ခေတ္တကြည့်ပါရစေဆိုပြီး အပြီးအပိုင်သိမ်းသွားတဲ့ တန်ဖိုးဖြတ်မရတဲ့ ပတ္တမြားကြီးပါ။

ဒုတိယကျောက်က ရတီ (၂၀) ရှိတဲ့ လှော်ကားတင်လေးကျောက်၊ တတိယကျောက်က (၄၉) ရတီရှိတဲ့ လှော်ကားတင်ကြီးကျောက်၊ စတုတ္ထက (၈) ရတီရှိတဲ့ စံကျောက်တော်၊ ပဉ္စမက (၆) ရတီရှိတဲ့ ဆင်မတော်ကျောက်၊ ဆဋ္ဌမက (၁၀) ရတီကျော်ရှိတဲ့ နဂါးဗိုလ်မျိုးဝင်ကျောက် စသဖြင့်ပေါ့လေ။ မှတ်တမ်းမှတ်ရာမဝင်တဲ့ နန်းစဉ်ရတနာအများအပြားကိုပါ အင်္ဂလိပ်တွေက မတရားသိမ်းယူသွားခဲ့တာပါ။

တော်လှန်ရေးအစိုးရလက်ထက်မှာ နန်းသုံးပစ္စည်းတွေ အချို့ပြန်ရပေမယ့် တန်ဖိုးကြီးတဲ့ရတနာတွေ၊ ရွှေကိုယ်လေးရုပ်တုတွေကတော့ ပြန်မရပါဘူး။ ဒါက ပတ္တမြားအနီနဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြခြင်းပါ။

ယခုခေတ်မှာတော့ ရှေးရှေးတုန်းက ရောင်းမစားရလို့ စွန့်ပစ်ခဲ့ရတဲ့ နီလာကျောက်ပြာဟာလည်း ပတ္တမြားအနီနဲ့ တန်ဖိုးချင်းညီမျှလုနီးပါးအခြေအနေကို ရောက်နေခဲ့ပါပြီ။ နီလာဟာ တန်းဝင်ရတနာဖြစ်နေခဲ့ပါပြီ။

ရှေးတုန်းက လက်နဲ့တောင်တို့မကြည့်ဘဲ ကျောက်ရွှေးသူဟာ လက်ခတ်နဲ့ တွင်းထုတ်စွန့်ပစ်တဲ့ အညံ့အပုပ်ရောင်စုံတွေဟာလည်း ဈေးကွက်မှာ တွင်ကျယ်နေပါပြီ။

အဲဒီအညံ့မျိုးတွေမှာ ရွှေတွင်းဝါဆိုတာလည်း ပါပါတယ်။ ရွှေတွင်းဝါဆိုတာ သလင်းကျောက်ဝါနဲ့ဆင်ပေမယ့် သူက ပိုပြီးတောက်ပြောင်တာကို တွေ့ရတယ်။ မိုးကုတ်တစ်ခွင်မှာ ရှေးအခါက ရွှေတွင်းဝါတွေဘာတွေကို မကောက်ကြပါဘူး။ ရောင်းမှမစားရတာ။ နောင်တခေတ်ကျမှ ရွှေတွင်းဝါဈေးကွက်ဝင်လာပါတယ်။ ဒါကလည်း အညံ့ဈေးဆိုတော့ ဘာမှမတန်ပါဘူး။

ရွှေညွှန့်ဦး (မိုးကုတ်)
ရွှေတွင်းဝါ

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကုန်သည်လောက

ကျွန်တော့်ရဲ့ တနလ်ာလို့ခေါ်တဲ့ ငွေနဲ့က ကန်ရာသီမှာပါ။ ဆိုရရင်တော့ ကံမှာကြာပေါက်တဲ့သူလို့ဆိုကြပါတယ်။ ဒီတော့ ကံမှာ (ကန်) ကြာပေါက်တဲ့လူဟာ ချစ်သူခင်သူပေါများမယ်လို့ ကျွန်တော့်သူငယ်ချင်း ဝင်းထွန်းက ဟောတာပါပဲ။

ကန်မှာ ကြာပေါက်၊ တူမှာ မီးတောက်၊ သိတ်မှာ ခြင်္သေ့ဟောက်လို့ တော့ ကြားဖူးပါတယ်။ အဲဒီ (၃) ချက်ညီရင် အဲဒီလူဟာ တစ်ခုခုထွန်းတောက်တတ်တယ်ဆိုကိုးဗျ။ အဲဒီသုံးခုမှာ ကျွန်တော်က ကန်မှာကြာပေါက်တဲ့သူလို့ဆိုရမှာပါ။ ဒါကကောင်းတဲ့ဘက်ကပြောတာနော်။

ဒါပေမယ့် ကျွန်တော်က တနလ်ာသားဖြစ်နေပြန်တော့ အဲဒီငွေနဲ့ဂြိုဟ်ခွင်က ဗျာယအိမ်မှာကျနေတယ်လို့ အဆိုးဘက်ကဟောပြန်ပါတယ်။ ငွေနဲ့ပတ်သက်ရင် သက်သောင့်သက်သာရှာလို့မရဘူး။ ပေါ့ပါးသောအသက်မွေးဝမ်းကျောင်းလုပ်လို့မရဘူး။ ကုန်းရုန်းပြီး ပင်ပင်ပန်းပန်းရှာနိုင်လွန်းမှ တော်ရုံကျတယ်ဆိုတော့ ငွေနဲ့ညံ့တယ်ပေါ့ဗျာ။ ငွေရှာခက်မယ်၊ လက်ထဲငွေမမြဘူးနဲ့ ငွေနဲ့ပတ်သက်တာ အကောင်းကိုမပါဘူး။

ဒါနဲ့ ကျွန်တော် ၁၉၇၆ ခုနှစ်မှာ မိုးကုတ်မှာ အိမ်ထောင်ကျပြီး ယောကျ်ဖဖြစ်သူ မျိုးအောင်ကြီးနဲ့ ကျောက်အရောင်းအဝယ် တွဲလုပ်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာသွားဝယ်သလဲဆိုတော့ ပြောင်ခေါင်းဒေသတစ်ခွင်နဲ့ ကျောက်ဆင်ဝန်းကျင်ပါပဲ။

ကျောက်ဆင်ရွာဟာ ပြောင်ခေါင်းရဲ့ တောင်ဘက်တောင်ကြောမှာ တည်ရှိတဲ့ လီရှောရွာပါ။ ကျောက်ဆင်ရဲ့ အနောက်ဘက် ဆင်ခြေလျောတောင် ဆင်းလမ်းအတိုင်းဆင်းသွားရင် နတ်ဖိတ်ပန်းတောဘက်ရောက်တယ်။

အဲဒီဒေသတွေကျတော့ မြင့်မားတဲ့ မြေတောင်တွေကို မျောတိုက်ကြတာများတယ်။ ထွက်တဲ့ကျောက်က အညှဉ်တုံးကြီးတွေပါပဲ။ အညှဉ်တုံးဆိုလို့ သေးသေးမထင်လိုက်ပါနဲ့ ကရားလုံး၊ သပိတ်လုံးလောက်ရှိတဲ့၊ ကြီးများတဲ့ အညှဉ်တုံးကြီးတွေပါ။ အလေးချိန် အတော်စီးပါတယ်။

အဲဒီအညှဉ်တုံးကြီးဟာ ခရစ္စတယ်ပုံဆောင်ထားတာတွေကြောင့် အညှဉ်ပုံလေးမြောင့်ချွန်းကြီးတွေများပါတယ်။ အထဲမှာ အညှဉ်ပန်းရည်လား၊ အညှဉ်ဆီးရည်လား၊ မဲနယ်နီရည်လား၊ ခရမ်းရည်လား၊ အညှဉ်ပန်းနုရည်လား၊ မဲနယ်ပြာရည်လားဆိုတာ မမြင်ရပါဘူး။ ဘာလို့လဲဆိုတော့ သူကို ပြာမှိုင်းမှိုင်းကြွေရည်ချော်တစ်မျိုးက အခွံအဖြစ်အုပ်ထားလို့ပါပဲ။

ပိုင်ရှင်တွေက အဲဒီကြွေအခွံကို တစ်စွန်းတစ်စတောင်ထုပြီးမဖွင့်ရဲဘူး။ ဖွင့်ချင်ရင် ထိပ်ဖျားတစ်နေရာကို ဓားမအနှောင့်နဲ့ထုလိုက်ရုံနဲ့ပွင့်ထွက်သွားပြီး အထဲက ဘာအရည်ဆိုတာကို မြင်နိုင်ပါတယ်။

ထုဖွင့်လိုက်လို့ စေးလုံးဝမရှိတဲ့ ဆီးရည်၊ ခရမ်းရည်၊ ပန်းနုရည်၊ မဲနယ်ပြာရည်ဖြစ်သွားရင် သို့မဟုတ် ကျောက်သားက ဖန်သားမှန်သားမဖြစ်ဘဲ ပိတ်တိတ်တိတ်ပိန်းသားဖြစ်သွားရင် ဝယ်တဲ့လူက မဝယ်တော့ပါဘူး။ ရောင်းရရင်တောင်မှ ပေါလောပဲလဲစေးပဲရမှာပါ။

အဲဒါကြောင့် အဲဒီဒေသက တွေ့ရသမျှ ကျောက်တုံးကြီးတွေဟာ ကျွန်တော်တို့အခေါ် အညှဉ်မဲနယ်ပြာ၊ မဲနယ်နီတုံးကြီးတွေသာ တွေ့ရလေ့ရှိပါတယ်။ ဆိုရရင်တော့ စွန့်ကျောက်၊ ပဟေဠိကျောက်ကြီးများသာဖြစ်ကြပါတယ်။

အဲဒီအတုံးကြီးတွေပြုလို့ စေးမေးရင် အော်လိုက်ပုံက လန့်စရာတောင်ကောင်းပါတယ်။ အနားမသိနိုင်တဲ့စေးပါ။ အဲဒါကြောင့် မသေချာမရေရာတဲ့ အညှဉ်တုံးကြီးတွေကို တစ်ခါမှမဝယ်ဖြစ်ခဲ့ပါဘူး။

အဲဒီအညှဉ်တုံးကြီးတွေဝယ်သွားပြီး ခွဲကြည့်တဲ့အခါ အညှဉ်ပန်းလည်းဖြစ်မယ်၊ ကျောက်သားက ဖန်သား၊ မှန်သားလည်းဖြစ်မယ်ဆိုလို့ကတော့ အဲဒီလူ ကျောက်အောင်တာပါပဲ။

အညှဉ်ပန်းဆိုတာ အမာဆင့်နိုးနိုးစေးရှိတဲ့ အညှဉ်လောကရဲ့ဘုရင်ကျောက်ပါ။ အလှဆုံးကျောက်ဆိုပါတော့။ အဲဒီလို စွတ်ရွှတ်ပြီးအောင်လိုက်လို့ကတော့ အဲဒီလူ နေ့ချင်းညချင်း သူဌေးထဖြစ်တော့တာပါပဲ။

စဉ်းစားကြည့်လေ၊ အညှဉ်ပန်းအစစ်လေး၊ ငါးကာရက်ဆိုရင် စေးကကောင်းကင်မှာရောက်နေတာဆိုတော့ လေး၊ ငါးပိဿာအလေးချိန်ရှိပြီး အပွင့်ပေါင်းသောင်းချီထွက်တော့ကာ သူဌေးမဖြစ်ခံနိုင်ရုံးလားဗျာ။ ဒါက ကျောက်ကုန်သည်လောကရဲ့ အတွေ့အကြုံတွေနဲ့ မြင်ဖူးကြားဖူးခြင်းပါ။

ကျောက်နားမလည်သူတစ်ဦး

'မုသားမပါ လက်ာမချော' ဆိုတာ ကုန်သည်လောကရဲ့ အမာခံစကားပါ။ ကျောက်ကုန်သည်လောကဟာ အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ပြောလေ့ပြောထမရှိကြပါဘူး။ ဘယ်ကုန်သည်မဆို မုသားစကားသုံးရစမြဲပါ။ တစ်သိန်းဝယ်တာကို တစ်သိန်းဝယ်တယ်လို့ ဘယ်ပြောမှာလဲ။ အရင်းသုံးသိန်းကျတယ်ဘာညာပြောကြတာ ထုံးစံပါ။ နှစ်သိန်းပေးရင်တောင် အရင်းမရောက်သေးဘူးလို့ ပြောတတ်ကြတာ ထုံးစံပါ။

ဒီတော့ မုသားစကားပြောရမှာ အလွန်ကို ဝန်လေးတဲ့ ကျွန်တော်ဟာ ကျောက်ကုန်သည်လုပ်ငန်းနဲ့သဟဇာတ မဖြစ်လှပါဘူး။ မဟုတ်တာကိုလိမ်ညာပြောရရင် အလွန်ရှက်စိတ်တွေဖြစ်ပြီး မနေတတ်မထိုင်တတ်ဖြစ်ကာ မျက်နှာထူပူနေတတ်ပါတယ်။ လိမ်ညာပြောရမှာလောက် ဝန်လေးတာမရှိပါဘူး။

ဒါနဲ့ပဲ အရောင်းအဝယ်ကုန်သည်လောကကို (၈) လလုပ်ပြီးတာနဲ့ စပ်ထားတဲ့ကျောက်၊ ဝယ်ထားတဲ့ကျောက်တွေ မျိုးအောင်ကြီးလက်ထဲထည့်ကာ ကျောက်ဖျာကိုပြန့်ပြီးတွင်းတူးတဲ့လုပ်ငန်းကို ပြန်လုပ်ပါတော့တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်စရိုက်နဲ့မကိုက်တာတစ်ကြောင်း၊ အရင်းအနှီးပြုတ်လုနီးနီးဖြစ်တာလည်းတစ်ကြောင်းကြောင့် အလွန်ပင်ပန်းဆင်းရဲပြီး သက်စွန့်ဆဲဖျားကြီးစားလုပ်ကိုင်ရတဲ့ တွင်းသမားဘဝကို ပြန်ပြီးခုန်ဆင်းခဲ့တာပါပဲ။

အဲဒီကျမှ ငါသူငယ်ချင်းဟောတာ မှန်လိုက်တာလို့ လက်ခံလိုက်ပါတယ်။ အတော်အတန်ကို လက်မခံတတ်တာ ကျွန်တော့်ဝါသနာပါ။ ဘယ်ဟာမဆို ပြောတိုင်းမယုံတတ်ပါဘူး။

ကျွန်တော် ကျောက်ကုန်သည်လုပ်နေစဉ်အတွင်း အားလပ်ချိန်တွေမှာ စိန်ဖူးတော်သွေး ဆရာကြီးဦးစံညွှန့်အိမ်သွားသွားထိုင်တတ်တော့ စကားစပ်မိပြီး ဦးစံညွှန့်ကမေးပါတယ်။

"မောင်ကျော်စိုးတို့က ကျောက်ဘယ်မှာသွားဝယ်ကြတာလဲ"

"ကျွန်တော်တို့ပြောင်ခေါင်းဘက်တက်ဝယ်ကြတာပါ"

"ဒါဆို မျိုးအောင်ကြီးရဲ့ယောကျ်ားဦးကျင်ချောက်အိမ်မှာတည်းတာပေါ့"

"ဟုတ်ပါတယ်၊ အင်းချောက်ထဦးကျင်ချောက်အိမ်မှာတည်းတာပါ"

"မင်းတို့ ကျောက်ဆင်ဘက်ထ နတ်ဖိတ်ပန်းတောဘက်တွေ မရောက်ဘူးလား"

"ရောက်ပါတယ် ဘိုးစံညွှန့်။ အဲဒီဘက်က ကျောက်သေးကျောက်မွားသိပ်မတွေ့ရဘဲ သပိတ်လုံးလောက်အညှဉ်တုံးကြီးတွေပဲ တွေ့ရတာများတယ်။ ထွေးတောင်းတာတွေများလွန်းတော့ မဆစ်ရဲပါဘူး။ လုပ်လေ့လုပ်ထမရှိတော့လည်း မလုပ်ရဲပါဘူး"

"အဲဒီဘက်က အညှဉ်တုံးကြီးတွေကတော့ ဖြစ်ရင်စား မဖြစ်ရင်သွားဘဲတွေ စွန့်ကျောက်ကြီးတွေပဲ။ ငါအဲဒီဘက်ထ ရွှေတွင်းဝါကြီးတစ်တုံးဝယ်ရဖူးတယ်တဲ့။ ဘယ်လောက်ကြီးသလဲဆိုတော့ ရေနွေးတည်ကရားလောက်နီးနီးရှိတာ။ အဲဒီလောက်ပဲတဲ့လူက လီရှောပဲကွ။ သူက ငါသလင်းတွေဝယ်တယ်ဆိုတာ ကြားနေတော့ စုံစမ်းပြီးလိုက်လာတာပေါ့။ အဲဒီလူဟာ ကျောက်ကိုလုံးဝနားမလည်ဘဲ လီရှောတစ်ဦးပဲကွ။ ကြတော့ကြာပါပြီ ငါပြောပြမယ်"

သလင်းဝါတုံးကြီး

ဦးစံညွှန့်ဟာ သားဖြစ်သူသွေးတဲ့ စိန်ဖူးတော်ကြီးကို ကြည့်ရှုစစ်ဆေးလိုအပ်တာတွေကို ညွှန်ပြပေးနေချိန်ပဲ ကျောက်သွေးခန်းအပြင်က ဒေါ်ရဲ့ခေါ်သံကို ကြားလိုက်ရပါတယ်။

"ကိုစံညွှန့်၊ ဒီမှာဧည့်သည်ထ

www.burmeseclassic.com

www.burmeseclassic.com

သောက်ရောက်နေတယ်။ ပစ္စည်းပြချင်လို့တဲ့။ အဲဒါခဏထွက်ခဲ့ပါဦး"

"အေးအေး - လာပြီ"

ဆိုပြီးသည့်ခန်းထဲထွက်လိုက်တော့ ဒေါ်မြိုင်က ရေနွေးကြမ်း၊ ထန်းလျက်ဘူးနဲ့ ဧည့်ခံနေပါတယ်။ ကြည့်လိုက်တဲ့အခါ လီရှောတစ်ဦးမှန်းသိတယ်။ အောင်းဘီပြာ၊ အင်္ကျီပြာများကြောင့် တစ်စုံကြည့်လိုက်ရုံနဲ့သိတယ်။

မိုးကုတ်မှာ အများအပြားနေထိုင်ကြတဲ့ တိုင်းရင်းသားက ရှမ်းရယ်၊ ပလောင်ရယ်၊ လီရှောရယ်၊ ဗမာရယ် အများဆုံးပဲ။ ကျန်တဲ့တိုင်းရင်းသားရှိတော့ရှိတယ်။ ရှားတယ်လို့ဆိုရမှာပါ။ နိုပေါနိုင်ငံက ဂေါ်ရခါးတွေကတော့ အင်္ဂလိပ်စစ်ဘရိအဖြစ်တာဝန်ထမ်းရင်း ရောက်လာကာနေပြီး အင်္ဂလိပ်တွေပြေးရတော့ ဂေါ်ရခါးတွေဟာ မြန်မာနိုင်ငံမှာအများအပြားကျန်ရစ်ခဲ့ကြပါတယ်။ သူတို့ဟာ အောင်တန်းဒေသတွေဖြစ်တဲ့ မိုးကုတ်အောင်ကြီး၊ မြစ်ကြီးနား၊ ပြင်ဦးလွင် စတဲ့ဒေသတွေမှာ ခြံလုပ်ငန်းအခြေပြုလုပ်ကိုင်ရင်း နေထိုင်ကြပါတယ်။ မိုးကုတ်ဂေါ်ရခါးတွေကျတော့ အမြင်ကျယ်လာပြီးတဲ့နောက်ပိုင်းမှာ ကျောက်လုပ်ငန်းဆွေလုပ်ကိုင်လာကြပါတယ်။ ဒါကြောင့် မိုးကုတ် အောင်ကြီးရှိ ဂေါ်ရခါးအတော်များများမှာ စီးပွားဖြစ်ထွန်းကြပါတယ်။ အောင်ကြီးဂေါ်ရခါးတွေကျတော့ မိုင်းရှူးကို အမှီပြုကြပါတယ်။

"မောင်ရင်ကဘယ်ရွာကတုံးကွ"

"နတ်ဖိတ်ပန်းတောဘက်ကပါ"

"မောင်ရင့်မှာပြစရာရှိရင်ပြလေ။ သလေးဖြူတုံးကြီးလား"

"မဟုတ်ပါဘူး ဆရာကြီး၊ သလင်းခဲတုံးကြီးပါ"

မိုးကုတ်တစ်နယ်လုံးမှာ သလင်းခဲတာဆိုလို့ စိန်ဖူးတော်သွေးနဲ့ မျက်နှာလုပ်ငန်းလုပ်တဲ့ ဦးစံညွန့်တစ်ဦးတည်းရှိတာကြောင့် ဘယ်သူသလင်းရရ ဦးညွန့်ဆီလာပြကြတာထုံးစံပါ။ သလင်းခဲလည်း ကြီးမှ၊ ကောင်းမှဝယ်ပါတယ်။ သလင်းတုံးကြီးတွေကို အသေအချာစစ်အနာအဆာကြည့်ပြီး ဦးစံညွန့်က မတရားမနှိမ်ဘဲ သင့်တင့်အောင်ဈေးဆုပြတ်ပြီးဝယ်တာမို့ နာမည်ရတဲ့ဆရာကြီးပါ။

လီရှောဟာ ပါလာတဲ့ သလင်းတုံးကြီးကို အိတ်ထဲကထုတ်ပြီး ဦးစံညွန့်ကိုပြောတင်ပြပါတယ်။ ဖန်သားမှန်သားဖြင့်ပေမယ့် ကွဲရာရှရာတွေဝရပွနဲ့ပါ။ ကရားကြီးခန့်အရွယ်ရှိပြီး ဝါညစ်ညစ်နဲ့ လိမ္မော်နုသွေးပြေးနေပါတယ်။

"မောင်ရင့်သလင်းတုံးက အပြစ်အနာအဆာများလိုက်တာကွာ။ ဘယ်လောက်နဲ့ရောင်းမှာလဲ"

"ကျွန်တော်တစ်သောင်းလောက် ရချင်ပါတယ် ဆရာကြီး"

"မင်းတောင်းတာများလိုက်တာကွာ။ ဒါထက် ဘယ်ကွက်ရပ်ကထွက်တဲ့သလင်းလဲကွ"

"ကျွန်တော်တို့နတ်ဖိတ်ပန်းတောကပါပဲ"

"ဒါဆိုရင် ဒီလိုလုပ် မောင်ရင်။ ဦးငါးထောင်ပေးလိုက်မယ် ရနိုင်မလား။ ဒါဟာ ဒီမိုးကုတ်မှာဘယ်သူမှမပေးနိုင်တဲ့ဈေးပဲ။ မောင်ရင် ပြချင်တယ်ဆိုရင် လိုက်ပြပါဦး"

"မပြတော့ပါဘူး ဆရာကြီးရယ်၊ သွားခလာခလေးတစ်ထောင်တော့ တိုးပေးလိုက်ပါဦး"

"ဩော် - အေးအေး၊ ဟုတ်တာပေါ့။ အဝေးကြီးကနေထမ်းလာရတာ။ မောင်ရင်ပြောတာဟုတ်ပါတယ်။ ကဲ - ခြောက်ထောင်နဲ့ ဦးယူထားလိုက်ပါ့မယ် ဟုတ်လား။ နောင်လည်းလာရောင်းပေးဦးနော်"

"စိတ်ချပါ ဆရာကြီး"

"မမြိုင်ရေ၊ ဟောဒီဆရာအတွက် ပိုက်ဆံခြောက်ထောင်ယူလာခဲ့ပါကွာ"

လို့ ဒေါ်မြိုင်ဆီလှမ်းအကြောင်းကြားတော့ ဒေါ်မြိုင်ဟာ အိမ်ပေါ် တက်ပြီး ပိုက်ဆံခြောက်ထောင်ယူလာပေးပါတယ်။ ဒါနဲ့ပဲ လီရှောဟာ ပိုက်ဆံယူပြီး ထွက်သွားပါတော့တယ်။

ရွှေတွင်းပါ

လီရှောထွက်သွားတာနဲ့ တစ်ပြိုင်နက် ဦးစံညွန့်ဟာ အတော်လေးတဲ့သလင်းဝါတုံးကြီးကို သူများတွေမြင်မှာစိုးတာကြောင့် ခပ်သွက်သွက်ကောက်,မကာအိမ်ပေါ် တက်မယ်ပြုပါတယ်။ အဲဒါကို ဒေါ်မြိုင်က ကြည့်ပြီးရယ်ပါတယ်။

"ကိုစံညွန့်၊ ရှင့်ဟာက ကျီးကြည့်ကြောင်ကြည့်နဲ့ သူခိုးလူမိမယ့်ပုံစံနဲ့။ ဒီသလင်းတုံးကြီးကို ဘာကိစ္စအိမ်ပေါ် တင်သွားဦးမှာပဲ"

"ဟဲ့-မမြိုင်၊ ဒါသလင်းမဟုတ်ဘူးကွ။ ရွှေတွင်းဝါတုံးကြီးသိလား။ တန်ဖိုးအတော်ရှိတယ် မမြိုင်ရဲ့။ ဟိုကဘာမှန်းမသိလို့ ပေါလောပဲလဲရောင်းသွားတာ။ ငါတို့ပဲပြီ မမြိုင်ရေ"

လို့ ပြောပြီး အိမ်ပေါ် တက်သွားပါတော့တယ်။ ဒေါ်မြိုင်ကတော့ ရယ်ပြီးကျန်ခဲ့တာပါ။ ဦးစံညွန့်ဟာ ရွှေတွင်းဝါတုံးကြီးကို နေပဖျော့မှာချပြီး မှန်ဘီလူးနဲ့ ကြည့်ပါတယ်။ ပြီးတော့မှ ကျောက်ထည့်တဲ့ထာ(ကြေးလင်ပန်းကြီး)ကိုချကာ ကျောက်ကြီးကိုထည့်လိုက်ပါတယ်။

စိန်ဖူးတော်တို့၊ မျက်မှန်တို့ဆိုတာက အရောင်းသွက်ပစ္စည်းတွေ မဟုတ်တော့ အဲဒါကိုချည်း ဇောက်ချလုပ်ကိုင်လို့မရပါဘူး။ ကျောက်သွေးလုပ်ငန်းလည်း လက်ခံလုပ်ကိုင်ဆောင်ရွက်ပေးရပါတယ်။ အရောင်းအဝယ်လည်း စွက်ဖက်လုပ်ကိုင်ရပါတယ်။ စွယ်စုံလုပ်ကိုင်တာပါ။

အခုလည်း ကံကောင်းထောက်မတာကြောင့် ကြီးမားတဲ့ ရွှေဝါတုံးကြီးကို အိမ်တိုင်ရာရောက်လာပြီး ဈေးပေါပေါနဲ့ ရောင်းချပေးသွားခဲ့တာပါ။ သူတစ်သက်မှာ ရွှေတွင်းဝါဆိုတာ အကြီးဆုံးလက်ညှိုး၊ လက်မလောက်သာ မြင်ခဲ့၊ တွေးခဲ့ဖူးတာပါ။ တစ်သက်လုံး ဒီတစ်ခါသာ ဒီလောက်ကြီးမားတဲ့ ရွှေတွင်းဝါတုံးကြီးကို မြင်ဖူး၊ တွေ့ဖူးတာပါပဲ။

ကျောက်သွေးပညာလည်းရင့်တဲ့အတွက် မြင်ရုံနဲ့ ရွှေတွင်းဝါကျောက်ကြီးမှန်း ဦးစံညွန့်သိခဲ့ပါတယ်။ သလင်းကျောက်သားထက် ရွှေတွင်းဝါကျောက်သားက ပိုပြီးသိပ်သည်းပါတယ်။ အဲဒါကြောင့် အတွေ့အကြုံရင့်သူပီပီသိခဲ့ခြင်းဖြစ်ပါတယ်။ တွင်းထွက်သမားဆိုတာ ကျောက်နားလည်သူရှားပါတယ်။

ဒါပေမယ့် ဟန်ကိုယ့်ဖို့ဆိုတာလို သူက သလင်းဝါဆိုတော့ ကိုယ်ကပါရောပြီး သလင်းဝါလုပ်လိုက်တာပါပဲ။ အဲဒါကြောင့် ခြောက်ထောင်နဲ့ပေါချောင်ကောင်းရလိုက်ခြင်းပါ။

သလင်းမှာ ရတနာတန်းဝင်တဲ့ သလင်းနီ၊ သလင်းပြာ၊ သလင်းစိမ်း၊ သလင်းခရမ်း၊ သလင်းပန်းရောင်၊ သလင်းဝါဆိုပြီးရှိပါတယ်။ အဲဒါတွေကျတော့ အညံ့ပေမယ့် အထိုက်အလျောက် ဈေးရှိတယ်။

ဈေးမရှိတာက သလင်းညိုနဲ့ သလင်းနက်ပါ၊ အဲဒါတွေကျတော့ နေကာမျက်မှန်သွေးကြပါတယ်။ ရတနာတန်းမဝင်သလို စိန်ဖူးတော်လည်းသွေးလို့မရပါဘူး။ (ခုခေတ်မှာကျတော့ မျက်မှန်လုပ်ငန်းလုံးဝမရှိတော့ပါဘူး၊ မျက်စီအေးပေမယ့် လေးတာကတစ်ကြောင်း ဈေးကြီးတာတစ်ကြောင်း ဆောင်မယ်သူ

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြောင်းကြောင့် မျက်မှန်လုပ်ငန်း တိမ်ကောသွားပါပြီ။)

ကျောက်ကြီးတို့ နေမှာထောင် ကြည့်လိုက်နဲ့ တစ်နာရီလောက်အကြာ မှာ ကျောက်ညှပ်တဲ့ ကွမ်းညှပ်ကြီးယူ လာပြီး ကွမ်းညှပ်ခေါင်းနဲ့ ကျောက်ရဲ့ အစွန်းကို ခပ်ဆတ်ဆတ်အားထည့်ပြီး သုံး၊ လေးချက်အရိုက်မှာ ကျောက်ဟာ အနည်းငယ်ကွဲကြေပြီး ဖွားခန့်အသံမြည်ကာ ထာထဲကျလာပါတော့တယ်။

လက်သန်းလုံးခန့်၊ လက်ညှိုးဖျားခန့်နဲ့ အရွယ်အစား ဓားကျောက်တွေဟာ ထာထဲမှာဝါထိန်သွားပါတော့တယ်။ ဒါတောင်မှ လက်သီးဆုပ်ခန့် မရှိတရှိကွဲကြေပြီးကျခြင်းပါ။ အပွင့်ပေါင်းရာချီ မျှထွက်လာပါတယ်။ ဝမ်းသာလိုက်သည်မှာ ပြောစရာမရှိတော့ပါဘူး။

သွေးလိုက်တဲ့အခါ

အနည်းငယ် ကွဲကြေကျလာတဲ့ အရွယ်အသီးသီး ကျောက်တွေကို တစ်ပွင့်ချင်း မျက်မှန်နဲ့ အသေအချာ စစ်ဆေးကြည့်ပါတယ်။ ကြီးတဲ့ကျောက်တွေကို အပြစ်အနာအဆာလွတ်၊မလွတ် မှန်ဘီလူးနဲ့စစ်ဆေးပြီး ကွမ်းညှပ်နဲ့ညှပ် တန်တာညှပ်ပြီး ပြုပြင်ရပြန်ပါတယ်။ နောက်ပြီးမှ ဖိုးစိကိုခေါ်ပြီးပြကာ -

"ဖိုးစိရေ၊ ဒီကျောက်တွေ မင်း ကောင်တွေနဲ့သွေးပြီးကရောင်းဝမ်းဆက် လုပ်ကွာ။ လိုအပ်ရင် ထပ်ခွဲလိုက်မယ် ဟုတ်လား"

လို့ ညွှန်ကြားပြီး ကျောက်ကြီးကို အဝတ်နဲ့ထုပ်ပြီး အခန်းထဲထည့်သိမ်းထားပါတယ်။ ဒီလိုနဲ့ ဖိုးစိနဲ့ တပည့် (၂) ယောက် ပုံကြမ်းလောင်း၊ တာပလာကျောက်တံမှာပြန်တပ်၊ မှတ်ပြင်မှာညှပ်နဲ့ အကွက်ချ၊ ပြီးရင် အရောင်တင်နဲ့အလုပ်ရှုပ်ကုန်ပါတယ်။ တာပလာရိုက်တယ်ဆိုတာက စိန်ပုံသွေးခြင်းပါ။ စိန်ပုံ၊ မြပုံသွေးရင် လုံးချောနဲ့ ဂေါ်ကြီးသွေးသလို အလွယ်နဲ့ မရပါဘူး။ အကွက်လေးတွေကို စနစ်တကျ ညှပ်နဲ့သွေးပြီး ညှပ်နဲ့ အရောင်တင်ရခြင်းပါ။ အလွန်အသေးစိတ်ဆန်တဲ့လုပ်ငန်းပါ။

ကျောက်ကိုပုံလောင်းပြီးအရောင်တင်လိုက်တာနဲ့ လက်ဖက်ရည်ကြမ်းရောင်ဝါပြီးကြည်လဲ့နေပါတယ်။ လှလိုက်တာ ပြောစရာမရှိပါဘူး။ အပြစ်အနာအဆာကင်းတာကြောင့် အလွန်လှတဲ့ ကျောက်အမျိုးအစားတွေပါ။ တစ်ဆင့် တစ်သွေးတည်းပါ။

နားကပ်၊ လည်ဆွဲကရောင်းကြီး၊ လက်ကောက်၊ လက်စွပ်၊ ရင်ထိုး၊ ဆံထိုး ဆိုတာတွေစုံစေ့အောင် ပုံစံပြုပြီး တစ်စုံစရောင်းတဲ့အခါ တစ်စုံစုံရောင်းတာနဲ့ပဲ အရင်းကျေပြီး အမြတ်များစွာထွက်ခဲ့ပါတယ်။ ကျန်တာအမြတ်တွေချည်းပါပဲ။ ခေတ်ကာလအနေနဲ့ တော်လှန်ရေးကောင်စီတက်ပြီးစခေတ်မှာပါ။ (၆၀၀) ဆိုတဲ့ငွေဟာလည်း ရွှေနဲ့တွက်ရင်မနည်းလှတဲ့ခေတ်ပါ။

အစုံပေါင်းများစွာ

"မောင်ကျော်စိုးရေ၊ အဲဒီရွှေတွင်း ဝါတုံးကြီးဟာ လက်ဝတ်ရတနာအစုံပေါင်းများစွာထွက်ခဲ့တယ်ကွ။ လှလိုက်ကွာ၊ ရောင်းရက်စရာမရှိဘူး။ ဒါပေမယ့် တို့ရဲ့မိသားစုက မင်းမြင်တဲ့အတိုင်းပဲလေကွာ။ မဖြစ်မနေရောင်းစားနေရတာပါပဲ။ ကာလအတော်ကြာအောင် မတောင့်မတပြည့်စုံခဲ့ပါတယ်။ ဒါပေမယ့် အိုးသည်အိုးကောင်းမကိုင်ရဘူးဆိုတာလိုပါပဲ။ ငါတို့မိသားစုမှာ အဲဒီလက်ဝတ်ရတနာရွှေတွင်းဝါတစ်စုံတလေတော်မှ မကျန်ခဲ့ဘူးကွ။ ရောင်းစားရင်းရောင်းစားရင်း ကုန်သွားတော့တာပဲ။

လူဆိုတာ တစ်သက်မှာ တစ်ခါဒီလိုပဲအကျိုးပေးတတ်တယ်ကွ။ ကံပေးလာတဲ့တစ်နေ့မှာ ကျောက်က ကိုယ့်ကို ရှာပြီး အိမ်ပေါ် တက်လာခဲ့တာ ငါ့လက်တွေ့ပဲကွ"

လို့ ပြောပြခဲ့ပါတယ်။

သူပြောတာနဲ့ကို အဲဒီရွှေတွင်းဝါအညံ့ကျောက်တွေ ကျွန်တော့်မျက်စိထဲက ခုထိမထွက်နိုင်ပါဘူး။ မှန်းဆပြီးမြင်ယောင်ကာလွမ်းနေဆဲပါ။

ဦးစံညွှန့် - ဒေါ်မြိုင်နဲ့ သားဖိုးစိတို့တွေ လူလောကမှမျောက်ကွယ်သွားကြပေမယ့် ဘိုးစံညွှန့်ရဲ့ ရွှေတွင်းဝါကျောက်အရိုင်းတုံးကြီးအကြောင်းကို ခုထိကြားယောင်နေဆဲပါပဲ။

ချမ်းမြေ့ကြယ်စေ

ရွှေပြည်စိုး (မိုးကုတ်)

ကွယ်လွန်သူ စိန်ဖူးတော်သွေးဆရာကြီးဦးစံညွှန့်သို့ အမှတ်တရဦးခိုက်လျက်။

စာကိုး -

'ပတ္တမြားမြေသမိုင်း'
ဦးသိန်းလွင် (ဘီအေ)

အနာစိမ်း၊ အနာအိုအတွက် လိမ်းဆေးဆီ

အညာဒေသနှင့် မြေလတ်ပိုင်း တောတောင်ထဲတွင် ကိုးအာနွယ်ပင်များ အလေ့ကျ ပေါများစွာပေါက်ရောက်ပါသည်။ ကိုးအာရွက်အညွှန့်အနုများကို ဟင်းချိုချက်သောက်ခြင်း၊ ကြော်ချက်ချက်စားခြင်း အသုံးပြုရပါသည်။ ဥရို သော နွယ်ပင်မျိုးဖြစ်ပြီး နွေအခါတွင် နွယ်မျှင်မျှင်ကလေးများခြောက်သွေ့ပြီး အပင်ကျသွားပါသည်။ သို့သော် နောက်တစ်နှစ် မိုးဦးကျမိုးဖြိုင်ဖြိုင်ကျလာလျှင် ဥမှအတက် အညွှန့်နွယ်များပြန်ထွက်ပြီး ကိုးအာနွယ်ပင်များ ရှင်သန်ဖွံ့ဖြိုးလာပြန်ပါသည်။

ကိုးအာနွယ်ပင်၏အရွက်အညွှန့်မှာ စားသုံးဖြစ်သော်လည်း အသီးမှာ စားသုံး၍မရပါ။ လက်သီးဆုပ်ခန့် နီနီရဲရဲ အသီးများ လှပစွာသီးလေ့ရှိပြီး အတွင်းသားမှာ မည်းညစ်ပုပ်သည်။ သို့အတွက် အပေါ်ယံ ရုပ်ရည်လှပြီး အတွင်းစိတ်ထားပုပ်သူများကို 'ကိုးအာသီးလိုလူစား' ဟု ဥပမာပေး ခိုင်းနှိုင်းပြောတတ်ပါသည်။

ၦင်းကိုးအာသီးသည် စားသုံး၍ မရသော်လည်း အနာစိမ်း၊ အနာအို မပျောက်နိုင်သော လူနာကြီးအရေပြားပေါ်မှအနာများကို အမြန်အသားနှတက်၍ ပျောက်စေနိုင်သောဆေးဖက်ဝင်ပစ္စည်းဖြစ်နေပါသည်။

နီနီရဲရဲကိုးအာသီးအမှည့်တစ်လုံးကို ညက်စွာကြိတ်လိုက်ပါ။ ထို့နောက် ခေါင်းလိမ်းအုန်းဆီ ငါးကျပ်သားနှင့် ရောမွှေပြီး မီးကျိုးခဲနှင့် ခပ်နွေးနွေးဖြစ်အောင် ချက်လိုက်ပါ။ ထိုဆီကို တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ အနာစိမ်း အနာအို၊ အနာဟောင်း မပျောက်နိုင်သောအနာတွင် လိမ်းပေးထည့်ပေးပါ။ ငါးရက်၊ တစ်ပတ်အတွင်း အသားနှတက်လာပြီး ဒဏ်ပြန်စွာ ပျောက်ကင်းသွားစေပါလိမ့်မည်။

မခက်ခဲသော ကျေးရွာသုံးအနာလိမ်းဆေးဆီဖြစ်၍ လက်တွေ့သိရှိအသုံးပြုနိုင်ကြစေရန် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်ဦး

www.burmeseclassic.com

www.burmeseclassic.com

အသစ်အဆန်းအောင်မြင်ခြင်းများစွာပေးတော်မူသော
ဇယမင်္ဂလာဂါထာနှင့်သိဒ္ဓိဆယ်ပါးဓာတ်ဘုရား

မညာကျော်

'လသာဦးပေမယ့် တန်ခူးရယ်တဲ့ နွားမစုံ' ဆိုတဲ့စကားမှာ လွန်စွာသာယာသလိုပင် မှတ်မှတ်ထင်ထင်လည်းရှိစေပါသည်။ ကျွန်ုပ်တို့၏နိုင်ငံနှင့်လူမျိုးများမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှိုးနေသော လူယဉ်ကျေးများဖြစ်ကြပါသည်။

စန္ဒမာသဟုပြောရသောလပေါင်း (၁၂)လကို တစ်နှစ်တာအဖြစ် သတ်မှတ်ထားသောစံရှိပြီးဖြစ်ပါသည်။ စန္ဒမာသ၏ အလှည့်အသွားမှာ စုံတစ်လှည့်၊ ဆောင်လှည့်ဖြင့် ရက်စုံတစ်လနှင့် ရက်မစုံတစ်လတို့ဖြင့်စီထားခဲ့ပါသည်။ ကောဇာနှစ်ကုန်သွားသောလမှာ တပေါင်းလဖြစ်ပြီး နှစ်သစ်ဦးအကူးဖြစ်သော အစဆုံးသမှာ တန်ခူးလဖြစ်ပါသည်။ နှစ်ဦးလဖြစ်သော တန်ခူးလကို မှတ်မှတ်ထင်ထင်ဖြစ်စေရန် နှစ်ဦး၊ လဦးဖြစ်သော်လည်း တန်ခူးလမှာ ရက်မစုံသောလဖြစ်သည်ဟု ပြောထားခြင်း ဖြစ်ပါသည်။

ဒီနှစ်မှာ အတာကူးပြီဖြစ်တဲ့ ဟာသကြန်ကာလသည် တစ်ရက်သာ အကြတ်ရက်ဖြစ်၍ မဟာသင်္ကြန်ကို (၂) ရက်သာပင် ရေကစားကြရမည် ဖြစ်လေသည်။

လူငယ်လူရွယ်များပျော်ကြပါးကြသလို သက်ကြီးရွယ်အိုနှင့် လောကီတွင်မွေ့လျော်သူများ သိတင်းသီလဆောက်တည်ခြင်း၊ ပညာရပ်များကိုလေ့လာခြင်းဘို့ဖြင့် အချိန်ပေးကြပါတော့သည်။

ကျွန်ုပ်အကြံအတွေးသည် ဒီနှစ်သင်္ကြန်တွင် ဝိဇ္ဇာရေဂမ္ဘီရပညာဖြင့်ခိုးမြှင့်ဆိုက်သူကိုခိုးမြှင့်မည်ဟု ရည်ရွယ်မှန်းဆားခဲ့ပြီးဖြစ်ပါသည်။ နှစ်သစ်ကုလိုက်ဆော့ ကောဇာနှစ်သည် ၁၃၇၆ ဖြစ်နေသည်။ နံသင့်အက္ခရာဖြင့် အရကောက်ခဲ့လျှင် ထိုနှစ်သည် 'အောင်စည်တီးသူ' ဟု ရပါသည်။

အောင်စည်တီးသူမည်သူဖြစ်မည်နည်း။ အောင်စည်တီးသူအတွက် ဝိဇ္ဇာရေဂမ္ဘီရပညာနယ်မှ ဘာနှင့်တဲ့ဖက်ပြီး ခိုးမြှင့်ရမည်ကိုပါ စဉ်းစားရလေ၏။

သီဟာသနရာဇလွှင်ကဲ့သို့ ဓာတ်စမပလွှင်ခံထားပြီး ဂဏန်း (၁၀) ခု သဗ္ဗညုလို့ ခေါ်ထိုက်သော ရှုပ်စမဘုရားတစ်ဆူကို ခိုးမြှင့်ပေးမည်ဟု ကျွန်ုပ်အတွေးဝင်လာခဲ့ပါတော့သည်။ သို့နှင့်ပင် ကျွန်ုပ် ရှုပ်စမကို စိမ်ရေးဆွဲလိုက်ပါသည်။

ဂဏန်း (၁၀) သဗ္ဗညူ (ခေါ်) သိဒ္ဓိဆယ်ပါး ဓာတ်စမဘုရားနှင့် အထူးမွမ်းထုံပူဇော်ရသော 'ဇယမင်္ဂလာအောင်ဂါထာတော်' ကို ရွေးမူမပျက်အနက်မြန်မာပြန်နှင့်တကွ ဖော်ပြပေးလိုက်ပါသည်။

ဇယမင်္ဂလာအောင်ဂါထာ

ဉ္ဈံ နမောတေ ဝိဇေတုံမေ။
ဇယတော ဒဒတော ဇယံ၊ နဒ္ဒ
ထမ္ဘံ သဗ္ဗသန္တိ၊ ကရမေ ဇယ
မင်္ဂလံ။ ။

ဉ္ဈံ - အန္တရာယ်ကင်း ရန်စွယ်ရှင်း၍၊ကောင်းခြင်းစဉ်ကာမယှဉ်သာအောင်၊ မင်္ဂလာကြီးဖြစ်ပါစေသတည်း။**နဒ္ဒတေမ္ဘံ**- ထောက်ပံ့မည့်သူ ကူညီမည့် နတ်၊ ရဲပတ်ဝဲယာ ငြဟ္မာလည်းမရှိပါဘဲလျက်၊ **သဗ္ဗသန္တိ** - ကိုယ်နေရှိန်မပျက်၊ တသိရထွက်ဖို့၊ ငြိမ်သက်ဖွေးဖြူ။ **ဇေလူလူသာလျှင်**၊ **ဇယတော** - ပါရမီစက်ဟုန်၊ လက်နက်စုံဖြင့်၊ ချက်ကုန်မလွဲ၊ ပွဲတိုင်းမရှောင်၊ နွဲ့တိုင်းပင်အောင်တော်မူပေထသော၊ **ဇယံဒဒတော** - အောင်ရာစည်းကမ်း၊ အောင်နည်းလမ်း၌၊ မှီးငြမ်းမလစ်၊ အသစ်အဆန်းမဂ္ဂင်နန်းသို့၊ မှန်းဆ၍မျှော်၊ ပန်းရအောင်လည်း၊ လမ်းပြပေးသနားတော်မူထသော၊ **တေတာဝ** - မကိုင်ရှောင်လွှဲသျှောင်ပုံမှာ၊ အောင်လံစွင့်စွင့်လွင့်တလူလူ၊ အောင်တော်မူမြတ်စွာဘုရားအား၊ **မေ** - မအောင်သေးခင်၊ အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် တပည့်တော်၏၊ **ဝိဇေတုံ** - မရှောင်ခပင်း၊ အခေါင်နင်း၍၊အောင်ခြင်းကြီးအောင်ပါရခြင်းအကျိုးငှာ၊ **နမော** - အောင်ခဲ့တဲ့တန်ခိုးဂုဏ်ကို၊ အမြိုးစုံမှန်းဆ၍တမ်းတရှိခိုးပါ၏ဘုရား။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍၊ အောင်မြင်ရန်မျှော်၊ တပည့်တော်အား၊ **ဇယမင်္ဂလာ** - အောင်ရန်အတိတ်၊ အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်း၍ အောင်ခြင်းဆင်ကာ၊ မင်္ဂလာကို၊ ကရသပြေအနု ငွေခရုဖြင့်၊ ဇေယျတုပုံ၊ မေရုတုန်အောင်၊ အဖုံဖုံအမှုစေဖို့ ပြုပေးတော်မူပါ အောင်တော်မူအရှင်မြတ်ကြီးဘုရား။ ။

ယခုမြင့်တွေ့ရသော သိဒ္ဓိဆယ်ပါးဓာတ်စမဘုရားကို မိမိတို့၏ နေအိမ်၊ ရုံးခန်း၊ အရောင်းခန်းမများ၊ ယာဉ်များတွင် ချိတ်ဆွဲထားခြင်းတို့ ပြုလုပ်နိုင်ကြပါသည်။ မိမိတို့၏ သဒ္ဓါအားလျော်စွာ ပုံတော်ကို ပလတ်စတစ်လောင်းခြင်း၊ အလူမီနီယမ်ပေါင်ဖြင့်ထည့်ပြီး ပူဇော်ခြင်းတို့ကိုပြုလုပ်နိုင်ကြပါသည်။ထိုဓာတ်စမဘုရားကို ကိုးကွယ်ခြင်းပြုသူသည် ဖော်ပြခဲ့သော 'ဇယမင်္ဂလာအောင်ဂါထာ' ဖြင့် နေ့စဉ်အမြဲပူဇော်ကြရမည်ဖြစ်ပါသည်။

ထိုက်တဲ့သူရစမြဲပါ။ တပေါင်းလကုန်ရက်ကို တပေါင်းလကွယ်နေ့ဟုလည်း ခေါ်ကြပါသေးသည်။ ထိုရက်မှာ တနင်္ဂနွေနေ့ဖြစ်နေပါသည်။ အတာပေါင်းတဲ့ တပေါင်းလကုန်မှာ အောင်ဓာတ်နှင့်ဆုံနေသည့် ထူးခြားမှုနိမိတ်ကောင်းကောက်လိုက်ပါသည်။

မနက် ကျွန်ုပ် ဘုရားခန်းမှ နိစ္စဘတ်ဝတ်နှင့် အဓိဌာန်ကျင့်စဉ်တို့၏ နေ့စဉ်ဖြည့်ဆည်းရသောကျင့်စဉ်များပြီးသွားသဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် အလုပ်စားပွဲရှိရာသို့သွားခဲ့ပါသည်။ မနေက စီမံပြီးခဲ့သော သိဒ္ဓိဆယ်ပါးဓာတ်စမဘုရားပုံကို ပြန်လည်စစ်ဆေးပါသည်။

နောက် 'ဇယမင်္ဂလာအောင်ဂါထာ' ကိုလည်း ပြန်လည် စစ်ဆေးခဲ့ပါသည်။ ထိုက်တဲ့သူကို ခိုးမြှင့်ပြီးလျှင် အရှစ်မှက်နှာမှာ နေ့ထိုင်ခြင်းမှာ အရှိန်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသား၊ အမျိုးကောင်းသမီးများ အတွက် မဂ္ဂဇင်းမှတစ်ဆင့် ပညာပါရမီ အတွက် ဆောင်းပါးတစ်ပုဒ်ရေးဦးမည် ဟုအတွေးကို လေးလေးနက်နက်စဉ်းစား ရင်း ပြုံးလာမိပါတော့သည်။

ထိုစဉ်မှာပင် ကျွန်ုပ်ထံသို့ အမြဲ မရောက်သော်လည်း အစဉ်တစိုက် ကျွန်ုပ်ကို ဦးခိုက်နေသော အဝေးမြို့တစ် မြို့မှ တပည့် မောင်စွမ်းနိုင်တစ်ယောက် ရောက်ရှိပါတော့သည်။

"မရောက်တာလည်း ကြာနေတာ ကတစ်ကြောင်း၊ ရောက် မေမေနဲ့ ဆရာ့ ကို နှစ်သစ်ကူးနှစ်ဦးမှာ ဦးဦးဖျားဖျား ကန်တော့ချင်တာကတစ်ကြောင်းနဲ့ အရောက်လာခဲ့တာပါ"

ဟု နှစ်လိုဖော်ရွှင်သောအပြုံးဖြင့် ကျွန်ုပ်ကို ရိုကျိုးသောအမူအရာတို့ဖြင့် ပြောပြလိုက်ပါတော့သည်။

"အေးကွ၊ မင်းကတော့ ကံထူးတဲ့ မောင်စွမ်းနိုင်ပါပဲဗျော့။ဆရာကဒီသင်္ကြန် ကာလမှစတင်ပြီး အဓိဌာန်ဝင်နိုင်ကြဖို့ အစီအမံတစ်ခုလုပ်နေတာကွ။ မနေ့က စနေနေ့မှာပြီးတယ်။ ဒီနေ့ တနင်္ဂနွေနေ့မှာ မင်းရောက်လာခဲ့တာဆိုတော့ တကယ့်ကို ကံထူးရှင်ပါပဲ"

ဟု ပီတိစကားဖြင့် ကျွန်ုပ်ပြန်ပြောလိုက်ရပါတော့သည်။

အကြောင်းစုံအကျိုးစုံ ရှင်းလင်းပြောပြီး တပည့်မောင်စွမ်းနိုင်ကို 'သိဒ္ဓိဆယ်ပါး ဓာတ်စမဘုရားနှင့် ဇယမင်္ဂလာအောင်ဂါထာ' တို့ကို ပေးအပ်လိုက်ပါသည်။

ဘဝများစွာသံသရာမှလက်တွဲပြီး ပေးခဲ့ကြသော ပါရမီဖြည့်ဖက်များဖြစ်သော အမျိုးကောင်းသား၊အမျိုးကောင်းသမီးများအတွက် အဓိဌာန်ကျင့်စဉ်နှင့် ပတ်သက်ပြီး ဆောင်ရွက်ရမည့် အချက်အလက် အသေးစိတ်ကို အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

သိဒ္ဓိဆယ်ပါးဓာတ်စမဘုရားစမူဟ်ရန် ကျင့်စဉ်အပြည့်အစုံ

၁။ အဓိဌာန်ဝင်ရန်ရက်သတ်မှတ်ချခြင်း

အဓိဌာန်ကို အနီးဆုံးနေ့ဖြစ်သော (၁) အင်္ဂါနေ့ (၂) စနေနေ့ တစ်နေ့နေ့တွင် စတင်ပါ။

၂။ ကြိုတင်ပြီး စမပုံတော်ကိုပြင်ဆင်ထားပါ။

(က) အထက်တွင် ဖော်ပြထားသော ဂါထာကို နေ့စဉ်ရွတ်ဖတ်ပူဇော်ဆုတောင်းပါ။

(ခ) အောက်ပါဂါထာကို ဂါထာတစ်ပုဒ်ပုတီးတစ်လုံးချပြီးတော့ ပုတီးတစ်ပတ်စီပတ်ရပါမည်။

သိဒ္ဓိတေဇာ၊ သိဒ္ဓိဝရာ၊ သိဒ္ဓိဇေယျာ၊
သိဒ္ဓိ ကမ္မံ၊ သတ္ထုပူဇာ လာဘဝရာ၊
သဗ္ဗေပိယံ ဘဝတုမံ။

၃။ နေ့စဉ် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သပါ။

(အထက်တွင်ဖော်ပြခဲ့သော ပုတီးစိပ်ခြင်းနှင့် အောင်ဂါထာတို့ရွတ်ပါ။)

နောက် ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း ကုသိုလ်အမျှပေးဝေပေးပါရန်။



စမပလ္လင်ခံသိဒ္ဓိဆယ်ပါးဓာတ်စမဘုရား

အဓိဌာန်ရက်ကို (၇)ရက်ဖြစ်စေ (၉)ရက်ဖြစ်စေ၊ (၁၀)ရက်ဖြစ်စေ မိမိ သဒ္ဓါစိတ်အတိုင်း သတ်မှတ်ဆောင်ရွက်နိုင်ကြပါသည်။

ယခု အဓိဌာန်ကျင့်စဉ်ကို မကြုံမပေါက်ရအောင်ဆောင်ရွက်နိုင်သူသည် လာဘသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ တေဇသိဒ္ဓိ၊ သိရိသဒ္ဓိ၊ ဇေယျာသိဒ္ဓိ၊ သတ္ထသိဒ္ဓိ တို့ကိုရရှိကြမည်ဖြစ်ပါသည်။ အောင်မြင်မှုပန်းတိုင် အရောက်လျှောက်လှမ်းနိုင်ကြပါစေ။

ပညာတိုးပွား၍ကြီးပွားကြပါစေ

ပညာအကူ

www.burmeseclassic.com

www.burmeseclassic.com

ခိုင်ခင်မောင်လေး

ပုဂံဗြိမ်းချမ်းရေးတမန်

မဟာရာဇ. . . တံပြတိတ် (ပုဂံပြည်) ကို ရေသွန်းလောင်းပါလေ့။
(ရှင်ဒီသာပါမောက်)

❐

အေဒီ ၁၂၇၁ တွင် နရသီဟတေ့မင်း ပုဂံထီးနန်းကို ဆက်ခံ၏။ ကြာခင် တရုတ်ဧကရာဇ်မှလွတ်လိုက်သောယူနန်အစိုးရသံအဖွဲ့ ပုဂံသို့ရောက်ရှိလာ၏။ လက်ဆောင်ပဏ္ဏာများ ဆက်သရန် တောင်းခံလာ၏။ သို့သော် မြန်မာဘုရင်ရှေ့တော်မှောက်သို့ ဝင်ခွင့်မပေးဘဲ ဖြစ်နေ၏။ ကြာသော့အခါ သံအဖွဲ့များမစောင့်နိုင်သဖြင့် ပြန်သွားကြ၏။ ပြန်တော့မှ မြန်မာဘက် စကားလုံးလှလှနှင့် နှစ်သိမ့်လိုက်ကြ၏။

ထိုသို့ သံအဖွဲ့ ပြန်မရောက်သဖြင့် ယူနန်းမင်းက တပ်များစေလွှတ်ရန် မွန်ဂို ဧကရာဇ်ထံ ၁၂၇၅ ကပင် တောင်းခံခဲ့၏။ သို့သော် မွန်ဂိုဧကရာဇ်က ဘာမှ အရေးယူဆောင်ရွက်ခဲ့ခြင်းမရှိခဲ့။ မေ၊ ၁၂၇၇ တွင် တပိန်မြစ်ပေါ်ရှိ ကန်ငယ်စားကို တရုတ်ဘက်သို့ဝင်သည်ဆိုကာ မြန်မာတပ်များဝင်ရောက်တိုက်ခိုက်ခဲ့ကြ၏။ ဤသည်ကို တုံ့ပြန်သည့်အနေနှင့် မွန်ဂိုဧကရာဇ်က မြန်မာတို့အားပြန်လည် တိုက်ခိုက်ရန် ဗိုလ်ချုပ် ဟုတု (Hu tu) ကို အမိန့်ပေးခဲ့၏။ ထိုစဉ်က ဗိုလ်ချုပ်ဟုတုသည် ဟာလီတွင် တပ်စွဲနေ၏။ ထိုတပ်စွဲတွင် ဗင်းနစ်မြို့သား မာကိုပိုလို

ပုဂံ၏ မြောက်ဘက်နယ်စပ်တွင် နေထိုင်ကြသည့် လူမျိုးစုများသည် မြန်မာကိုမကြိုက်။ သည်ကြားထဲ မြန်မာတပ်များက ထိုနယ်ထဲသို့ ၁၂၇၂ တွင် ဝင်ရောက် လုယက် တိုက်ခိုက်ကြ၏။ သည့်ကြောင့် ၃၊ မတ်၊ ၁၂၇၃ တွင် မွန်ဂိုဧကရာဇ်က သံကြီး (၁) ဦး၊ သံငယ် (၂) ဦးစေလွှတ်ခဲ့၏။ ယင်းသံ (၃) ဦးအား တရုတ်ပြည်သို့ပြန်မရောက်တော့။ မြန်မာရာဇဝင်တွင် နရသီဟပတေ့၏ အမိန့်အရ တရုတ်သံအဖွဲ့ကို ကွပ်မျက်သိုက်သည်ဟု ဖော်ပြထား၏။ သို့သော် မြန်မာဘုရင်က သံအဖွဲ့အား ကွပ်မျက်သိုက်သည့်အဖြစ်ကို ပညာရှင်များက ဝေဖန်ခံလိုကြ။ နယ်စပ်ရှိ လူမျိုးစုက သတ်ပစ်လိုက်ကြသည်ဟု ယုံကြည်ကြ၏။

လည်း ပါလာ၏။ မြစ်ကမ်းပါးတစ်ခုတွင် မြန်မာနှင့် တရုတ် တိုက်ပွဲဖြစ်ပွား၏။ ဤသည်ကို ငဆောင်ချမ်းစစ်ပွဲဟု မာကိုပိုလိုက အမှားမှားယွင်းယွင်းမှတ်တမ်းတင်ခဲ့၏။

မွန်ဂိုတို့၏ ကျူးကျော်စစ်သည် ၁၂၇၈ ခုနှစ်တွင် စတင်ခဲ့၏။ မွန်ဂိုတပ်များ ၁၂၇၈ ခုနှစ်တွင် တရုတ် - မြန်မာနယ်စပ်အနီး ဗန်းမော်ပတ်ဝန်းကျင်သို့ ရောက်ရှိလာ၏။ ၃၊ ဒီဇင်ဘာ၊ ၁၂၈၃ တွင် ငဆောင်ချမ်းကျ၏။ ၉ ရက်တွင် ကောင်းစင်ကျ၏။ ဇန်နဝါရီ ၁၂၈၄ တွင် တကောင်းကျ၏။ သို့သော် မွန်ဂိုတပ်များသည် ဗန်းမော်နှင့် တကောင်း ပတ်ဝန်းကျင်တောင်ဘက်သို့ ဆက်လက် မချီတက်ခဲ့သို့တိုင် ပုဂံသည် တုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com

ချောက်ချားနေ၏။ ပြည်သူများကိုးလန့်စာစားဖြစ်နေ၏။ မှီခိုစရာအားကိုးအားထားကလည်းမရှိ။ နရသီဟပတေ့တည်းဟူသော ဘုရင်မင်းတရားကြီးကိုယ်တော်တိုင် ပုဂံကိုစွန့်ခွာထွက်ပြေးခဲ့လေပြီ။ မင်းတရားသည် ပုဂံသူပုဂံသားနှင့် ပုဂံ၏ အရိုက်အရာအားလုံးကို စွန့်ခွာခဲ့ချေပြီ။ မြန်မာရာဇဝင်သမိုင်းအရ မင်းကြီး ပုသိမ်သို့ ပြေးသည်ဆို၏။

သို့သော် ပုဂံမင်္ဂလာစေတီရှိ သာပါမောက်ကျောက်စာတွင် (ပုံ ၂၇၁)

၁ သက္ကရာဇ် ၆၄၇ ခု၊ ခရစ်နှစ် ၁၂၈၅ ခု ပြိတ်ကသိုလ်နှင့် ပြည် အနောက်ဘက်လှည်းကန်ကြီး မင်းကြီး နိယ်တစ်မူ၏။ မဟာပိုဝ်နင်တိုဝ် တရုတ်၏အလားအလာကို သိသြဝ် (မူ) လိယ် ဟု စိယ်တ်မူ၏။ အနန္တပိစည်မဟာပိုဝ် ဆို၏။ ဤအမှုကားကြီးစွာ။ တုမ်တပဲလေလွတ်ရသည်မဟိ။ သုဝဏ္ဏလိပ်ပြုံးအုံသည့် သူလေမသိ။ သွင်ဓိသာပြာမုက် ကာပါမုကာ အမှုဆောင်နိုင်၏။

ဤကျောက်စာ၏ ဆိုလိုရင်းကား သက္ကရာဇ် ၆၄၇ ခု (ခရစ်နှစ် ၁၂၈၅ ပြိတ်ကသိုလ်နှစ်တွင် မင်းကြီးသည် ပြည်မြို့အနောက်ဘက် လှည်းကျဉ် နေတော်မူ၏။ မတ်အနန္တပိစည်းနှင့် မဟာပိုလ်တို့ကို တရုတ်၏ အလားအလာ အခြေအနေကို သိအောင်ပြုပါဟု မိန့်၏။ ဤအမှုကား ကြီးလှ၏။ စေ့စပ်ပြောဆိုရန် လွတ်စရာလူကလည်းမရှိ။ ရွှေပေနှင့် မင်းအချင်းချင်း ရေးသားပေးပို့မြဲစာကိုလည်း ကောင်းကောင်းစီကုံးပေးနိုင်သူမရှိ။ ရှင်ဒီသာပါမောက်သာလည်းလှည်း ကျသို့ပါလာလျှင် ဤအမှုကိစ္စကို ဆောင်ရွက်နိုင်မည်။ သူတို့ ရှင်ဒီသာပါမောက်ကို တမ်းတကြ၏။ သည့်နောက် အချင်းချင်းတိုင်ပင်ပြီး မင်းကြီးကို လျှောက်ကြ၏။ မင်းကြီးကလည်း ရှင်ဒီသာပါမောက်ကို ပင့်ဖိတ်ပြီး ငြိမ်းချမ်းရေးတမန်ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ယင်းအချက်နှင့်ပတ်သက်၍ ဆရာတော်က 'ငါတို့ခင်ရှယ် မင်းကြီ ဤအမှုနှင့်၏' ဟု ကျောက်စာရေးထိုးခဲ့၏။

ရှင်ဒီသာပါမောက်သည် သစ်ဆိပ်ဟန်လင်း၌နေ၍ ရွှေပေစာရေးပြီးလျှင် တရုတ်မင်းထံသို့ပို့၏။ တရုတ်မင်းက ဤရွှေပေစာသည် မင်းကပေးသည် မဟုတ် အမတ်ကပေးသောစာ ဖြစ်၏။ ဤသုခမိန်တိုင် မင်းက ရွှေပေစာရေးပြီး စေလွှတ်လျှင် မိမိကလည်း သုခမိန်ပြု၍ လက်ခံဆွေးနွေးမည်ဟု ဆို၏။

နရသီဟပတေ့မင်းလည်း -

'မင်းတို့ကား တမန်ကိုမချုပ်ရာ' (၂၇၁/၁၁)

ဟု တွေးဆပြီး ရှင်ဒီသာပါမောက်ကိုပင် တမန်အဖြစ် စေလွှတ်၏။ ရွှေပေစာလည်း ပေးအပ်လိုက်၏။

ထိုစဉ်က မွန်ဂိုဧကရာဇ်သည် ဗိုလ်ချုပ်မင်းသားသုသုက္ကန်တိဉ်းဆောင်သည့် စစ်သူရဲ (၂၀၀၀) နှင့် ပုည၌မွှိက ကာလမဟာထေရ် သီရိမွှကာသဟာထေရ်တို့ ပါဝင်သည့် ကျောင်းပေါင်း (၇၀) မှ သံဃာတော်များကို သင်းတွဲပြည် (တကောင်း) တွင် တပ်ချနေ၏။ ပုဂံသို့ဆက်ပို့ရန် ဖြစ်၏။ ရှင်ဒီသာပါမောက်တို့ မွန်ဂိုဧကရာဇ်နှင့်တွေ့ရန် သွားသောအခါ သူတို့ကို သင်းတွဲပြည် (တကောင်း) တွင် တွေ့ရှိ၏။ ထိုအချက်ကို ရှင်ဒီသာပါမောက်ကျောက်စာတွင် အောက်ပါအတိုင်း ရေးထိုးထား၏။

၁ ပုဂံသိုဝ်ပိုဝ်စိမ် ဟူရွယ် သုသုက္က တီ မင်သာသုရယ် ၂၀၀၀၀၊ ပုညမွှက မဟာထီ၊ (သီရိ) မွှကာသသဟာထီ။ အ(က္ခ)ရာင် (၇၀/၁၁)။

ထိုသို့ သင်းတွဲပြည် (တကောင်း) သို့ တရုတ်စစ်သူရဲနှင့်သံဃာတော်များ ရောက်ရှိနေခြင်းသည် ငြိမ်းချမ်းရေးစကားဆိုရန် အလွန်ကောင်းသော အချက်တစ်ချက်ရရှိခြင်းပင် ဖြစ်၏။ ဤအချက်ကို ရှင်ဒီသာပါမောက် အသေအချာ မှတ်သားလိုက်၏။ အမှန်စင်စစ် တမွှဒီပ (ပုဂံဒေသ) သည် ဗုဒ္ဓသာသနာထွန်းကားနေပြီဖြစ်သဖြင့် သူတို့အတွက် လုပ်စရာဘာမှမရှိ။ ထိုသို့လုပ်စရာမရှိကြောင်းကို မွန်ဂိုဧကရာဇ်အား လျှောက်ထားပေးရန် ရှင်ဒီသာပါမောက်ကို ပြောကြားခဲ့၏။ နောင်အခါ ဆရာတော်က အောက်ပါအတိုင်း ကျောက်စာရေးထိုးခဲ့၏။

၈ ငါ့ရှင်ကိုတည်း မင်းတောင့်တစ္စာ၊ မင်းလည်း သခ္ခါစ္စ၊ ပုဂံသာသနာကို ငါတို့မပြုရကြောင်း ဆိုဘိလသေး။

(၄၇၁-၁၆/၇)

မြန်မာပြည်သို့ ကျူးကျော်လာသည့် စစ်ဘက်အရာရှိများက မြန်မာရဟန်းတော်တစ်ပါးက သူတို့ဧကရာဇ်ကို တွေ့ရန်ပြောလာသည်ကို ချက်ချင်းခွင့်မပေးလို။ သို့သော် သူတို့ကိုယ်တိုင် တရုတ်ရဟန်းတော်တွေလို အလုပ်မရှိအကိုင်မရှိ သည်အတိုင်းနေနေရသည်ကို သည်းမခံလိုကြ။ သည်အချိန် ရဟန်းရောလူပါ ပုဂံမှာမရှိတော့။ ရှင်ဘုရင်လည်း မရှိတော့။ ပုဂံသားတို့ ရန်သူတို့မခုခံဘဲ ပုန်းနေကြ၏။ ရန်သူသည် ရသမှု ရွှေငွေပစ္စည်းဥစ္စာများကို သိမ်းယူပြီး ပြန်ရှာသာရှိ၏။ ဧကရာဇ်ပြန်မိန့်ရန် ရှင်ဒီသာပါမောက်အား လျှောက်ထားစေလို၏။ ထိုသဘောဖြင့် ရှင်ဒီသာပါမောက်အား ဧကရာဇ်နှင့်တွေ့ရန် သွားခွင့်ပြုခဲ့၏။

သို့နှင့် ရှင်ဒီသာပါမောက်တို့ ဆက်လက်ခရီးဆက်လာရာ ပထမတွင် ယဆည် (ယူနန်ဖု) သို့ ရောက်၏။ မိုင်းကျသဖြင့် ယဆည်တွင် ဝါဆိုခဲ့ရ၏။ ၁၂၅၀ ပြည့်၊ ဒီဇင်ဘာလတွင် တယ်ဇူ (ဇေကျင်) သို့ရောက်ပြီး ဧကရာဇ်ကူဗလိုင်ခန်နှင့် တွေ့၏။ ရှေးဦးစွာ မွန်ဂိုဧကရာဇ်က ရှင်ဒီသာပါမောက်ကို သင်းတွဲပြည် (တကောင်း) တွင် တွေ့ခဲ့သောစစ်သူရဲများနှင့် ရဟန်းတော်များသည် သာသနာပြုရန်အတွက်သာ ဖြစ်၏။ အခြားအကြောင်းဘာမှမရှိဟု မေး၏။

သည်အခါ ရှင်ဒီသာပါမောက်က မွန်ဂိုဧကရာဇ်အား စကားဆို၏။ ရဟန်းတော်၏ ဆိုစကားသည် ချောချောမွေ့မွေ့ချဲ့ချဲ့ စသည့် စကားအပြည့်ပြည့်စုံ၏။ ပရိယာယ်ကြွယ်ဝ၏။ စကားအရာလိမ္မာရေးခြားရှိ၏။

မွန်ဂိုဧကရာဇ် ကူဗလိုင်ခန်အား ရဟန်းတော် ရှင်ဒီသာပါမောက် ပြောကြားခဲ့သည့် စကားသည် တင်းမာ ဟန်လည်းရှိ၏။ ခြိမ်းခြောက်သံလည်းပါ၏။

"ဧကရာဇ်စသူရဲအားလုံးသည် တော်အားလုံး စပါးရှိမှုနေနိုင်မည်။ စကား ပြည်စည်းစိမ်မဟုတ်ပါလော။ သူရဲတို့သည် ထန်းကိုစဉ်း၍စားသောက် ဝမ်းနာ၍ ဖျက်စီးနိုင်သည်။ ကြင်းသော သံဃာတော်တို့သည်လည်း ပြည်ထဲ မဝင်ဝံ့ တောသို့ပြေးဝင်၍ အသက်ဆုံး ကုန်ကြမည်"

ဟု မိန့်၏။

သည့်နောက် ရှင်ဒီသာပါမောက်သည် ကူဗလိုင်ခန်မင်းကြီးအား အခြား သောစကားကိုဆိုပြန်၏။

ဥယျာဉ်စိုက်သော ယောဂီသည် ရေသွင်း၍ သစ်ပင်ကြီးထွားမည်။

အညွှန့်အညောက်တို့မဆိတ်

www.burmeseclassic.com

www.burmeseclassic.com

အသီးသီးမှ ဆွတ်ခူးစားသုံးရာ
တံပြတိတ် (ပုဂံ) ပြည်ကို ရောသွန်း
ခဲ့ပါဦး။

ရှင်ဒီသာပါမောက်သည် သံတမန်
ကူဗလိုင်ခန်မင်းကြီးအား မြွောက်ပင့်
ခေါ်ကားကိုလည်းဆိုခဲ့ခဲ့၏။

မင်းကြီးကား ဘုရားဆုတောင်း
ပြည့်လော။ အဖဂေါတမသာသနာ
မဟာစီးစေသင့်။ မင်းကြီးနိုင်သော
ပြည်ကား များလည်းများစွာ၊ ကြီးလည်း
ကြီးကြား တံပြက်တိ(ပုဂံ)ပြည်မှာ ငယ်လှ
သော်လည်း သာသနာရောင်ဝါထွန်းသော
ကြောင့် ပုဂံပြည်သည် မြတ်သောပြည်
မည်သည်။ သူရဲတို့ကို ပုဂံပြည်သို့ မဝင်ပါ
နှင့်။ ကောက်ပဲသီးနှံစိုက်ပါစေဦး။
ကြီးကာ ဝင်လိုကဝင်နိုင်သည်'

ရှင်ဒီသာပါမောက်၏တမန်စကား
ကို ထီရောက်လှ၏။ ကူဗလိုင်ခန်၏
ရှင်ဒီသာပါမောက်ကား အခြေအနေ
အရပ်ရပ်ကို ရိပ်စားသဘောပေါက်သူ
ဖြစ်၏။ မွန်ဂိုဘုရင်အား မည်သို့လျှောက်
ထားရမည်ကို ကောင်းစွာ နားလည်၏။
ကူဗလိုင်ခန်သည် ပုဂံသို့ ကူးကျော်ရန်
ကြံစည်သည်ကိုသာသနာပြုရန်ဟု အလိမ္မာ
ပြောင်ပြော၏။ ရှင်ဒီသာပါမောက်က
ကား မွန်ဂိုဘုရင်၏ ဆိုစကားအပေါ်
အခြေခံ၍ သံတမန်စကားကိုဆို၏။
ပြုပြုရန်သာ စိတ်ဆန္ဒစောနေသော
ဘုရင်ကြီး ကူဗလိုင်ခံ၏ မာကျောနေ
သည့် နှလုံးသားကို အရည်ပျော်စေခဲ့၏။

အရှင့်စကားသည် သင့်လေစွ။
ကူန်ပ်အကျိုးလည်းပါသည်။ ပဏ္ဏိတ
ပြုတ်ပါလေ။ တောသို့ ပြေးလွှားခိုလှုံ
နေသော ရဟန်းတို့ကို ပြန်လည်ခေါ်ယူ
ထား နိုင်ငံတော်နှင့် သာသနာထွန်း
ကားရေးကိုဆောင်ရွက်ပါလေ။ ကောက်
ပဲသီးနှံတို့ကို စိုက်ပျိုးကြပါစေ။ ပြီးသော
အခါ အကြောင်းကြားပါလေ"

နောက်ဆုံးတွင် ကူဗလိုင်ခန်က
ရှင်ဒီသာပါမောက်၏ အလိုသို့လိုက်
ကြောသောစကားကို ဆိုခဲ့၏။ ရှင်ဒီသာ
ပါမောက်သည် ကူဗလိုင်ခန်းစောရာဇ်
ဆွင့် တောက်လောင်နေသော စစ်
မီးလောင်းတိုင်မီးငယ်ကို ငြိမ်းသတ်နိုင်ခဲ့
၏။ ကူဗလိုင်ခန်သည် တကောင်းတွင်
သူရဲနှင့် ရဟန်းတော်များကို
ကယ်မိမ်းပေးခဲ့၏။ ထိုသို့ တရုတ်တပ်များ
ကယ်မိမ်းသွားသောအခါ တိမ်းရှောင်
နေသော နရသီဟပတေ့သည်ပင် ပုဂံသို့
ပြန်ရန် စီစဉ်လေ၏။

အချိန်ကား နရသီဟပတေ့မင်း
စိုးမိုးအုပ်ချုပ်နေချိန် ဖြစ်၏။

ထိုအချိန်တွင် တရုတ်စစ်သည်
လည်း ကျူးကျော်မလာသေး။ ပုဂံမြေ
သည် အေးအေးချမ်းချမ်းရှိလှ၏။

ထိုအချိန်တ ပုဂံနေပြည်တော်
တွင် အသက် (၆၀) ကျော်မှ ရဟန်းပြု
သော ရဟန်းတော်တစ်ပါးရှိ၏။ တစ်နေ့
သောအခါ ထိုရဟန်းသည် နန်းတော်
သို့ဝင်၍ မင်းအိမ်တွင် ကံ့ကူဆန်အလှူ
ခံ၏။ မင်းကမေးသောအခါတွင် စာပေ
သင်ကြားရန် ကံ့ကူဆန်အလှူခံကြောင်း
ပြော၏။ ကျည်ပွေ့အတက်ပေါက်မှ
စာပေတတ်မြောက်တော့မည်ဟု မင်းက
ဆိုလိုက်၏။

ရဟန်းအိုလည်း တစ်နေ့လျှင်တံပူ
ခန့်မျှတက်၍ သဒ္ဒါ၊ သဒ္ဒိဟိတကစပြီး
စာပေသင်ကြား၏။ မကြာမီ ကျမ်းဂန်
တတ်ပုဂ္ဂိုလ်တစ်ပါး ဖြစ်လာလေ၏။
သည့်နောက် ရဟန်းအိုသည် ကျည်ပွေ့
တစ်ချောင်းတွင် သစ်ညွန့်များချီ၏။ ပြီး
သော် ထိုကျည်ပွေ့ကိုပိုက်၍ မင်းအိမ်သို့
ဝင်ပြန်၏။ မင်းက အကြောင်းစုံကို မေး
သော် ကျည်ပွေ့အတက်ပေါက်၍လာ
ကြောင်း ဆို၏။ မင်းကလည်း မိမိဆိုခဲ့
ဖူးသောစကားကို သတိရကာ ထိုရဟန်း
ကျမ်းဂန်တတ်ပြီဆိုလိုကြောင်း ရိပ်မိ၏။
သည့်နောက် မင်းက ခြောက်ကျောင်း
သားသံဃာတော်များပင့်ဖိတ်ပြီး ရဟန်း
အိုအား စစ်ဆေးမေးမြန်းစေ၏။ မေးမြန်း
တိုင်းလည်း ရဟန်းအိုက ဖြေနိုင်၏။

ရဟန်းအိုအား စာမေးသည်နှင့်
ပတ်သက်ပြီး ပုဂံတွင် အဟမ်းကန်ခေါ်
ရွပ်မေးရွပ်ဖြေကန်တစ်ခု ယခုထက်တိုင်
ထင်ရှားရှိ၏။ ထိုကန်သည် စူဠာမဏိ
ကျောင်းတိုက်အတွင်း ကျောင်းဦးရေကန်
အဖြစ် တည်ရှိနေ၏။ ကန်သည် အရှေ့-
အနောက် ပေ (၁၀၀)၊ တောင်-မြောက်
ပေ (၇၀) ခန့်ရှိ အုတ်စီလေးထောင့်ကန်
ဖြစ်၏။

ယင်းရွပ်မေးရွပ်ဖြေကန်နှင့်ပတ်
သက်၍ သက္ကရာဇ် ၁၁၄၀ ရက်စွဲ ပါရှိ
သော စူဠာမဏိဘုရားလိုက်ဂူအတွင်း
မင်စာတစ်ခုတွင် -

'**ဇောတမဏိတိစ** - ဇောတမဏိ
ဟူ၍ လည်းကောင်း၊ **စူဠာမဏိတိစ** -
စူဠာမဏိဟူ၍လည်းကောင်း၊ **ဝိသုတော-**
ထင်ရှားသော၊ **စေတီယဿ** - စေတီ
တော်၏၊ **ဥတ္တရဒိသာဘာဂေ** - မြောက်
မျက်နှာအဖို့၌၊ **ပေါရာဏကထေရာန်-**
ရေးမထေရ်မြတ်တို့၏၊ **ဝါစကဘာန်** -
သင်ကြားပို့ချရာအရပ်လည်း ဖြစ်ထ
သော၊ **လတာဥမဂ်လက်တပရိဝါရ**-အုတ်
ဖြင့်ပြီးသော ကျောင်းလည်းရှိထသော၊
နာနာဥပဖွလေဟိ- အထူးထူးသော ကြာ
တို့ဖြင့်၊ **သဉ္ဇံ** - ဖုံးလွှမ်းထသော၊ **နီမ**
လောဒကံ - ကြည်သောရေလည်းရှိထ
သော၊ **နာလိ** - ရှေးသူတော်ကောင်း
တို့သည်၊ **ရူပဗုဒ္ဓနိဝိသဒ္ဓနအလာကသမ**
တံ - ရွပ်မေးကန်ရွပ်ဖြေကန်ဟု သမုတ်
အပ်ထသော၊ **တယောကသသ** - တစ်ဖက်
ဆည်ကန်၏၊ **ပစ္ဆိမာသန္နေ** - အနောက်
မျက်နှာအနီး၌ . . .'

ဟူ၍ ရေးမှတ်ထား၏။

'အဟမ်း' ကန်တွင်ကြောင်းကား
ဆိုခဲ့သည့် ဦးကျည်ပွေ့ခေါ် ရှင်ဒီသာ
ပါမောက်အား ခြောက်ကျောင်းသား
သံဃာတို့ စစ်မေးရာ၌ ထိုရေကန်တွင်
ရေငုပ်စေ၏။ ခြောက်ကျောင်းသား
သံဃာများက ရေကန်ပေါင်တွင်နေ၏။
ရှင်ဒီသာပါမောက်ရေငုပ်ရာမှပေါ်လာ
သည်နှင့် စစ်မေး၏။

တစ်ခါတွင် ရှင်ဒီသာပါမောက်
ရေငုပ်ရာမှပေါ်လာစဉ် မေးရန် ရဟန်း
တော်တို့က 'အဟမ်း' ဟု ချောင်းဟန့်
၏။

ထိုအခါ ရှင်ဒီသာပါမောက်က -
"**အဟမ်းကား၊ အမှ** - သဒ္ဒါတည်း၊
သီ - ဝိဘက်သတ်' စသည်ဖြင့် သဒ္ဒါရုပ်
တွက်ပြ၏။

ထိုအခါမှစ၍ ယင်းကန်ကို
'အဟမ်း'ကန်တွင်လာသည်ဟု သက်ကြီး
စကား သက်ငယ်ကြား မှတ်သားခဲ့၏။

ထို့နောက် ရဟန်းအို က -
"ငါရှင်တို့၊ ငါကိုမေးမြန်းလှပေပြီ။
ငါတစ်လှည့်မေးမြန်းပါဦးမည်"
ဟု ခွင့်ပန်၏။

အညသမာန်းစေတသိက်၌ အည
၏ အပဒါန်ကို ခံပါကုန်ဟု ရဟန်းအိုက
မေး၏။ သည်အခါ ခြောက်ကျောင်းမှ
ကျမ်းဂန်တတ်ရဟန်းတော်တို့ အပဒါန်
မခံတတ်ရှိကုန်၏။ ထိုအကြောင်းကို
မင်းအား အကြောင်းကြားသော် မင်းက
မင်းဆရာအဖြစ်ကိုးကွယ်၏။ ကျည်ပွေ့
အတက်ပေါက်ပြီးဆိုသဖြင့် ထိုရဟန်းအို
ကို ဦးကျည်ပွေ့ဟု ထင်ပေါ်ကျော်ကြား
၏။ ဦးကျည်ပွေ့ကား အခြားသူမဟုတ်၊
မွန်ဂိုဧကရာဇ် ကူဗလိုင်ခန်အား
အရာဖြင့်အိုင်ယူခဲ့သော မွန်ဂိုဧကရာဇ်
၏ နယ်ချဲ့စိတ်ဓာတ်ကို
ပျောင်းစေခဲ့သော ပုဂံ
တမန်တော်
ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သည် နရသီဟပတေ့ကိုယ်တိုင် ခိုးမြင့်ခဲ့သော ဘွဲ့တံဆိပ်ဖြစ်၏။ ရှင်ဒီသာပါမောက်သည် ပိဋကတ်စာပေ၌သာလိမ္မာထက်မြက်သည်မဟုတ်။ သံတမန်ရေး၊ နိုင်ငံရေးတို့တွင်လည်း လိမ္မာရေးခြားရှိ၏။ သည့်ကြောင့် ဆိုခဲ့သည့်အတိုင်း ခရစ်နှစ် ၁၂၈၅ ခု၊ ကောဇာသက္ကရာဇ် ၆၄၇ ခုနှစ်တွင် ပီကင်းမြို့တော်သို့ ငြိမ်းချမ်းရေးတမန်အဖြစ် ကြွရောက်ခဲ့၏။

ယင်းဆရာတော် သီတင်းသုံးရာကျောင်းတိုက်ကိုလည်း ဒီသာပါမောက်ကျောင်းတိုက်ခေါ်သည် ဆို၏။ ယခုကန်၏အနောက်ဘက် စူဠာမဏိမင်စာတွင် ဖော်ပြထားသည့် ဥမင်ဟောင်းများနှင့် ကန်မြောက်ဘက်နှင့် အရှေ့ဘက်တွင် ပြိုပျက်နေသော ကုလားကျောင်းခေါ်အုတ်တိုက်ဟောင်းကြီးများရှိ၏။ ထိုအုတ်တိုက်ဟောင်းများသည် ရှေးအခါက ရှင်ဒီသာပါမောက် သီတင်းသုံးခဲ့သည့် ကျောင်းဟောင်းဖြစ်တန်ရာ၏ဟုမှတ်ချက်ချမိ၏။

ငြိမ်းချမ်းရေးတမန်အနေနှင့် အောင်မြင်စွာ ပြန်ကြွလာသည့် ဆရာတော်အား မိဖုရားစောနှင့်တကွ အများက လယ်အမြောက်အမြားလှူ၏။ ဤအရပ်သည် မြောင်းလည်းရှိပြီးဖြစ်၏။ ထိုလှူသောလယ်များကို ဆရာတော်က နိုင်ငံတော်နှင့် သာသနာရေးအတွက်သာ အသုံးပြုခဲ့၏။

ဆရာတော် ရှင်ဒီသာပါမောက်သည် တရုတ်ပြည်သို့သွားပြီး မွန်ဂို ဧကရာဇ်အား စစ်ပြေငြိမ်းစကားပြောကြားပုံ၊ တာတာစစ်ဗိုလ်များနှင့် မေးမြန်းပြောဆိုပုံ၊ တရားဟောပြောပုံ၊ အရေးပြီးပြတ်ခဲ့ပုံများကို သက္ကရာဇ် ၆၄၇ ခုနှစ်တွင် ကျောက်စာရေးထိုးခဲ့၏။ ယင်းကျောက်စာကို ရှင်ဒီသာပါမောက်ကျောက်စာဟု ခေါ်၏။ ပုဂံမြို့တောင်ဘက် နရသီဟပတေ့၏ ကောင်းမွန်တော်မင်္ဂလာစေတီအနီး ထိုကျောက်စာကို စိုက်ထူခဲ့၏။ ယခုအခါ ပုဂံမြို့တိုက်တွင် ရှိသည်ဟု သိရ၏။

ထိုကျောက်စာသည် မွန်ဂိုတို့ ပုဂံကို ကျူးကျော်ခဲ့ကြောင်း အကောင်းဆုံးသက်သေအထောက်အထား ဖြစ်၏။ တစ်နည်းအားဖြင့် ထိုကျောက်စာသည် ပုဂံ၏ သံတမန်ဧဒဟုလည်း ဆိုနိုင်၏။

မိုင်ခင်မောင်လေး

ချောင်ဆုံအုန်းဆွဲနှင့် သင်္ကာသီး၊ သင်္ကာရွက်

၁၃၇၆ ခု၊ နှစ်ဆန်းတစ်ရက်နေ့တွင် ညီမဝမ်းကွဲတော်သူ မခင်အေးက သူ့မြေးကလေး မောင်အောင်နှင့်အတူ လာကန်တော့ပါသည်။ ထွေရာလေးပါးပြောပြရင်းမှ-

"အစ်ကို့မြေးထိပ်ကပ်နာဖြစ်ချင် သလားမသိဘူး၊ တခတ်ခတ်ဖြစ်နေတယ်"

ဟု မခင်အေးက ပြောပါသည်။

ကျွန်တော်လည်း သတိထားမိသည်။ သူက သလိပ်ခတ်(ဟက်)သလို မသိမသာ မကြာခဏ နှာခတ်(ဟက်)နေပါသည်။

"ဖြစ်တာဘယ်လောက်ကြာပြီလဲ။ နှာစေးတာတို့၊ နှာခေါင်းပိတ်တာတို့ ရှိသေးသလား။ ဆေး၌၊ ဆေးခန်းရောမပြဘူးလား"

ကျွန်တော်က မေးခွန်း (၃) ခုကို ဆက်မေးလိုက်ပါသည်။

ညီမက -

"ဖြစ်တာ (၆) လလောက်ရှိပြီ။ နှာစေး၊ နှာပိတ်ကတော့ တစ်ခါတလေမှ ဖြစ်တယ်။ ဆေးရုံသွားပြပါတယ်။ ဘာရောဂါမှမရှိဘူးတဲ့။ အလေ့အကျင့်ဖြစ်နေတာလားမသိဘူး"

လို့ ပြောပါတယ်။

ညီမက ပြန်ဖြေပါသည်။

"သားက သိပြီးမှဟက်သလား။ မသိဘဲဟက်နေသလား"

မောင်အောင်က (၃၀) တန်းဖြေထားသူဖြစ်၍ ကျွန်တော် မေးသည်ကို သူသိပါသည်။

"သိတယ် ဘိုးဘိုးကြီး၊ နှာခေါင်းရင်းထဲက တစ်မျိုးဖြစ်လာပြီးဟက်ချင်လာတာနဲ့ ဟက်လိုက်တာပဲ။ ဒါပေမယ့် သိပ်ပြီးသိသိသာသာကြီးတော့ မဟုတ်ဘူး။ သိရုံလောက်ပါပဲ"

ဟု ပြန်ဖြေပါသည်။

ကျွန်တော်က -

"ရောဂါတစ်ခုခုဖြစ်ချင်နေတယ်။ ဒါပေမယ့် ဖြစ်တော့မဖြစ်သေးဘူး။ ဒါကြောင့် ဆရာဝန်ကမတွေ့သေးတာဖြစ်မယ်။ နေဦး၊ ဒီရောဂါမျိုးနဲ့ပတ်သက်ပြီး ဘိုးဘိုးကြီး သတင်းစာက ဖတ်ထားမှတ်ထားတာရှိတယ်"

ဟု ဆိုပြီး ပြန်ရှာကြည့်ပါသည်တွေ့ပါသည်။

ကျွန်တော်က -

"မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုတာ တစ်ဆက်တည်းပဲ။ အာခံကြောတွေကို အသုံးချပြီး အလုပ်လုပ်ကြရတာ အသုံးချလွန်ရင် အသုံးချခံရသူပဲ ဒုက္ခရောက်တယ်။ သူနဲ့ဆက်စပ်နေတဲ့သူတွေကိုလည်းဒုက္ခရောက်စေတယ်။ ဒီတော့ ဘာကိုမှ အလွန်အကျွံအသုံးမချင့်ဘူး။

မျက်စိကို အလွန်အကျွံအသုံးချရင် အချိန်မတိုင်မီ မျက်စိမှုန်မယ်၊ တိမ်စွဲမယ်၊ နားလည်း ဒီလိုပဲပေါ့။ ဆေးလိပ်သောက်၊ ကွမ်းစား၊ အရက်သောက်ရင် လျှာ၊ လည်ချောင်းကင်ဆာဖြစ်နိုင်တယ်။ မကောင်းတဲ့အနံ့၊ စွဲးဝါးပြင်းထန်တဲ့အနံ့တွေ အရှူရမှားရင် နှာခေါင်း၊ နှာခေါင်းရင်း၊ အာခေါင်၊ လည်ချောင်းတို့မှာ ရောဂါရနိုင်တယ်။ ပြီးတော့ မျက်စိတို့အသုံးချမှားရင် အသုံးချမှားရင်လည်း နှာခေါင်း စတဲ့ ဆက်စပ်နေရာတွေမှာ ဒုက္ခရောက်နိုင်တယ်။ ရောဂါရနိုင်တယ်။

တင်ထက်ထက်ကေ်ဆိုတဲ့ဆောင်းပါးရှင်က -

ရာသီဥတု အပြောင်းအလဲမှာ ခန္ဓာကိုယ်အတွင်းက ဓာတ်ကြီး (၄) ပါး ဖောက်ပြန်လို့ဖြစ်စေ၊ အထီးကျန်ဖြစ်လို့ဖြစ်စေ၊ စိတ်အားငယ်မှု၊ စိတ်ဓာတ်ကျမှု၊ စိတ်ဖိစီးမှုကြောင့်ဖြစ်စေ၊ ကွန်ပျူတာဂိမ်း စတာတွေကို အလွန်အကျွံကစားလို့ဖြစ်စေ ဒီရောဂါမျိုးဖြစ်တတ်တယ်လို့ ဆိုပါတယ်။

အဲဒီမှာ ထပ်ဖြည့်ချင်တာက -

တီဗွီဇာတ်လမ်းတွဲတွေ၊ ခွေတွေကို အလွန်ကြည့်သူတွေလည်း ဖြစ်နိုင်ပါတယ်"

"ကွန်ပျူတာဂိမ်းကို အလွန်ဆော့တယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com

ညီမက ဝင်ပြောပါသည်။

ကျွန်တော်က -

"အခုဟာ ရောဂါမရသေးဘူး။ ဆောင်ရွက်ဖို့ အစပျိုးတုန်းပဲရှိသေးတယ်။ အခုနေအခါမှ ဂိမ်းဆော့တာတို့၊ တီဗွီကြည့်တာတို့ကို ဖြတ်ပစ်၊ လျှော့ပစ်နိုင်ရင် ပြီးတော့ သင့်တင့်တဲ့ ကုသမှုပြုနိုင်ရင် -

မဖြစ်သေးတဲ့ ရောဂါကိုလည်း ကာကွယ်ပြီးသားဖြစ်သလို ဖြစ်ဖို့အစပျိုးနေတဲ့ အခုအခြေအနေကိုလည်း ချောက်ကင်းစေနိုင်ပါတယ်"

"ဘယ်လိုကုသမှုမျိုးလုပ်ရမလဲ" ညီမက မေးပြန်ပါသည်။

ကျွန်တော်က -

"ဆောင်းပါးရှင်ကတော့ -

ကြိတ်မှန်ရွက်အရည် (သန့်သန့်) ကို ရှူပေးခြင်းဖြင့်၊ နှာခေါင်းပေါ်လည်း ဆေးပေးခြင်းဖြင့် -

ထမင်းစားတဲ့အခါ ကြက်သွန်နီကို အသုံးလိုက်ကိုက်ပြီး တို့စားခြင်းဖြင့် (အဲဒီနှာခေါင်းထဲဝင်ရန် ဖြစ်ပါသည်)-

နှုတ်ခမ်းမှိုင်းရှူခြင်းဖြင့်-

နှမ်းဆီစစ်စစ်ကို ငယ်ထိပ်ပေါ် ဆေးပေးခြင်းဖြင့် -

ရေနံဆီအဖြူကို ခြေဖဝါးအလယ်မှာ လူးပေးခြင်းဖြင့် -

သက်သာ ပျောက်ကင်းစေနိုင်တယ်လို့ ညွှန်ပြထားပါတယ်။ တကယ်လို့ အခုထက် ပိုပြီးဆိုးတဲ့အခြေအနေ၊ ထိပ်ကပ်နာဖြစ်လာပြီဆိုရင် -

ထန်းမြစ်အခြောက်ကို မီးရှို့ပြီး မွှေယ်လာတဲ့အငွေ့ကို ရှူပေးပါ။ (ခံနိုင်နဲ့အသင့်အတင့်ပေါ့)။ ပြီးတော့ -

ဗီတာမင်ဘီအာရုံကြောအားဆေးကို စားပေးပါလို့ အကြံပြုထားတယ်။

ထပ်ပြီးတော့လည်း နားကြပ်ကို တာရှည်အသုံးပြုပြီး သီချင်းနားထောင်ခြင်း ဖုန်းပြောခြင်းများကိုလည်းရှောင်ဖို့ ထပ်ပြီးအကြံပြုထားပါတယ်။ ငါ့မှက်တွေ့ ဗဟုသုတတစ်ခုကို ပြောပြမယ်။

ငယ်ငယ်တုန်းက တို့ရွာမှာ မောင်သန်းဆိုတဲ့ လူတစ်ယောက်ရှိတယ်။ အခု မောင်အောင်တို့အရွယ်ပေါ့။ သူက ထိပ်ကပ်နာဖြစ်တယ်လို့ဆိုရမယ်။ တစ်ခါတစ်ခါ နှပ်ထဲမှာသွေးစေးလာတယ်လို့ ပြောတယ်။ အဲဒီတုန်းက တို့တောရပ်ဒေသမှာ ဆရာဝန်၊ ဆေးရုံဆိုတာ မြင်ဖူးသူ၊ ရောက်ဖူးသူ အလွန်နည်းတယ်။ ဘီလူးကျွန်းတစ်ကျွန်းလုံးမှာ ဆေးရုံတစ်ရုံနဲ့ဆရာဝန်တစ်ယောက်ပဲရှိတယ်။ ဆရာဝန်က မော်လမြိုင်မှာနေတာ။ မနက်လာညနေပြန်ပဲ။ ဒီတော့ တိုင်းရင်းဆရာတွေပဲ အားကိုးရတယ်။ တိုင်းရင်းဆရာဆိုတာလည်း ရွာတိုင်းမှာရှိတာ မဟုတ်ဘူး။ တို့ရွာမှာ မရှိဘူး။ နည်းနည်းပါးပါးဗဟုသုတရှိသူလောက်ပဲရှိတယ်။

တို့အိမ်မှာ ဦးဖိုးဖေဆိုတဲ့ ရဟန်းလူထွက်ကြီးတစ်ယောက် ရှိတယ်။ သူက အညာဘက်ကလာတာ။ ဆွေမျိုးမရှိဘူး။ ရွာကကျောင်းမှာ သက်နှံဝတ်နဲ့နေရင်း လေနာရောဂါစွဲပြီး ရဟန်းဝတ်ကထွက်လိုက်ရတယ်။ ကျောင်းမှာပဲ ကပ္ပိယပြန်လုပ်နေတယ်။ တို့အိမ်မှာ အမေဘက်က အဘိုးနဲ့ အဘွားဆုံးသွားတော့ လူကြီးမရှိဖြစ်နေတယ်။ ရှေးကလူတွေဟာ အိမ်မှာ လူကြီးမရှိရင် မနေတတ်ဘူး။ လူငယ်တွေက စားဝတ်နေရေးနဲ့ နပန်းလုံးနေရတော့ ဘုရား၊ တရားကိစ္စသိပ်မလုပ်နိုင်ကြဘူး။(လူကြီးရှိမှလုပ်နိုင်တယ်။) တရားသံနဲ့ ကျက်သရေရှိတယ်လို့ ခံယူကြတယ်။ ဒါကြောင့် ကပ္ပိယကြီးဦးဖိုးဖေကို အဖေနဲ့အမေက ဘုန်းကြီးမှာခွင့်တောင်းပြီး အိမ်ကိုပင့်လာခဲ့တယ်။ အိမ်မှာပဲ သက်တမ်းစေ့နေပြီး ကွယ်လွန်သွားတယ်။

ဦးဖိုးဖေဟာ တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး အနည်းအကျဉ်း ဗဟုသုတရှိတယ်။ မောင်သန်းတို့သားအမိလာပြောတော့ ဦးဖိုးဖေက သင်္ဘောအဖို့ အရွက်ခြောက်ကို ဆေးလိပ်လိပ်သလို လိပ်ပြီး တစ်ဖက်က ဆေးလိပ်မီးညှိသလို မီးရှို့ပြီး ကျန်တဲ့တစ်ဖက်က နှာခေါင်းပေါက်တဲ့ထည့်၊ ကျန်တဲ့နှာခေါင်းပေါက်တစ်ဖက်ကို လက်နဲ့ပိတ်ပြီး ဖြည်းဖြည်းနိုင်သလောက်ရှူ ကျန်တဲ့တစ်ဖက်ကိုလည်း အဲဒီလိုပဲရှူ တစ်ဖက်ကို (၁၀) ခါလောက်ရှူ။ အဲဒါ နေ့တိုင်းရှူပေးပျောက်သွားနိုင်တယ်လို့ ပြောတယ်။

အဲဒါနဲ့ မောင်သန်း တဲ့ကယ် ပျောက်သွားတယ်။ အဲဒါ မှတ်တွေ့ပဲ။ သင်္ဘောအဖို့မရရင် ရတာနဲ့ပဲလုပ်ကြည့်ပေါ့။ တစ်ဆက်တည်းမှာ ဗဟုသုတအဖြစ်ပြောလိုက်ဦးမယ်။

လွန်ခဲ့တဲ့ တစ်နှစ်သာသာလောက်က ခြောက်ထပ်ကြီးဘုရားမှာ ဝန်ထမ်းဘဝက တပည့်ဖြစ်ခဲ့တဲ့ ကလေးမတစ်ယောက်နဲ့ တွေ့တယ်။ သူက အခုထိ ခြောက်ထပ်ကြီးဘုရားရှေ့က ရွှေဂုံတိုင်ပြန်/ဆက်မှာတာဝန်ထမ်းတုန်းပဲ။ သူနာမည်ကတော့ မေးလိုက်မေ့လိုက်ပဲ။ သူနဲ့တွေ့တော့ သူမှာ လည်ပင်းကြီး ရောဂါစဖြစ်နေတယ်။ အဲဒီမှာဆရာတွေနဲ့ ကုနေရတယ်လို့ ပြောတယ်။ နောက်ငါလည်း ဘုရားမသွားနိုင်တာနဲ့ (၆) လလောက်မတွေ့ဖြစ်ဘူး။ နောက်ပြန်တွေ့တော့ သူရောဂါပျောက်သလောက်နီးပါး ဖြစ်နေတယ်။ ဘာနဲ့ပျောက်သလဲ မေးတော့ သူက -

သင်္ဘောရွက်ကိုရေဆေးပြီးအစိမ်းတို့စားတယ်။ အရေးကြီးတာက အရွက်ရဲ့အကြောထဲမှာရှိတဲ့အစေးပါဖို့ပဲ။ အဲဒါကို ဖြည်းဖြည်းဝါးပြီးဖြည်းဖြည်းမျိုတယ်။ အဲဒီအစေးက ရောဂါကို တဖြည်းဖြည်းသက်သာပျောက်ကင်းစေတာပဲလို့ ပြန်ပြောတယ်။

နောက်တစ်ခု -

နောက်တစ်ခုကတော့ သင်္ဘောသီးပဲ။

၁၉၆၀ ပြည့်နှစ်လောက်က ငါအိုးဝေသတင်းစာတိုက်မှာ အုပ်ချုပ်မှုအယ်ဒီတာလုပ်နေခဲ့တယ်။ အဲဒီမှာ ဆရာဦးညိုမြတို့အိမ်မှာ အညာကလာနေတဲ့ မိန်းကလေးတစ်ယောက်ဟာ အစာမျိုရခက်လို့ ဆေးရုံသွားပြတယ်။ မြန်မာလို ဆုံဆို့နာခေါ်တဲ့ လည်ချောင်းဘေးက အသားပိုထွက်လာပြီး အစာမျိုလမ်းကြောင်းတို့ ကျဉ်းအောင်ပိတ်လာတယ်။ ခွဲရမယ်လို့ပြောသတဲ့။ ခွဲဖို့က ပိုက်ဆံကုန်မယ်။ သူက လခစားအိမ်ဖော်။ ဦးညိုမြတို့ကလည်း ရုတ်တရက် မလွယ်ဘူးဖြစ်နေတယ်။

ဒီအခါမှာ -

ဦးညိုမြအသိ တိုင်းရင်းဆေးဆရာတစ်ဦး (နာမည်မေ့နေပြီး) က သင်္ဘောသီးအစိမ်း(ခပ်သေးသေး)ကို ရေမဆေးဘဲ အဝတ်နဲ့သေသေချာချာသုတ်၊ ပြီးရင် သေးသေးလှီး၊ အစေးတွေပါနိုင်သလောက်ပါပါစေ။ အဲဒါကိုဖြည်းဖြည်းချင်းဝါးမျိုပေး။ အဲဒီအစေးကထွက်လာတဲ့ အသားပိုကို ပြန်ဝင်သွားစေမယ်လို့ ပြောသလဲ။ အဲဒီအတိုင်းလုပ်စား အဲဒီကလေးမ ရောဂါအခွင့်ပျောက်သွားတယ်။ အဲဒါမှတ်တွေ့ပဲ။ အဲဒါလည်း မှတ်ထားကြပေါ့။ ကြုံရင် ဒီဝိတာန်ပြုရတာပေါ့။

မောင်အောင်တို့အတွက် တော့နှင့် တင်စားပြောပြီးပြန်သွားကြပါသည်။

ကျန်းမာကြပါစေ

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ - အင်ဝိဇ္ဇာ၊ အင်ဝိဇ္ဇာ၊ အင်ဝိဇ္ဇာ"

ကျွန်ုပ်၏နှုတ်မှ လွတ်ခနဲထွက်သွားပြီး ခေါ်လို့ကောင်းကောင်းနှင့်ခေါ်ကြည့်နေ၏။ အင်ဝိဇ္ဇာဟူသောအသံကို ကြားလိုက်သည်နှင့် တစ်ကိုယ်လုံးရှိသွေးကြောများအတွင်းသို့ ထိုအင်ဝိဇ္ဇာဟူသောစကားလုံးပဲ့နဲ့သွားလေသလား ထင်ရ၏။ ကြက်သီးများပင်တဖြန်းဖြန်းဖြစ်လာ၏။အလွန်အားရှိသောအားဆေးတစ်ခုခုကို သောက်လိုက်ရသည်သို့နှယ် ဘယ်ကဘယ်လိုခွန်အားများရောက်လာမှန်းမသိ ကောင်းကင်ဆီသို့တဖြည်းဖြည်းမော့ကြည့်မိလျက်သား ဖြစ်သွားကာ အံတွေကြိတ်ထားမိသလိုဖြစ်နေပြန်၏။

ထိုအနေအထားပုံစံကြီးမှတဖြည်းဖြည်းနှင့် အမေ့ကိုကြည့်မိရက်သားဖြစ်သွားပြန်၏။ အံကြိတ်လျက်။

"ဟဲ့လူလေး ဘာဖြစ်နေတာလဲ၊ နင့်မျက်နှာကြီးက"

"သြော် - ဟို ... အင်ဝိဇ္ဇာဆိုတာ ရုပ်ကိုမြင်ရုံနဲ့ ဗေဒင်ဟောတာမို့လား အမေ"

"အမေမသိဘူးသား။ အဲဒါတော့ အမေ နားမလည်ဘူး။ ကိုသန့်ဇင်စွမ်းတာတော့ အမေသိတယ်။ အမေတွေးတွေးနေတာကြာပြီ၊ သြော်-ငါ့သားလေးသာ ဒီပညာတွေတတ်အောင်သင်ထားရင် ဒီလိုဒုက္ခရောက်မှာမဟုတ်ဘူး။ အမေမျက်စိနှစ်လုံးပိတ်သွားရင် ငါ့သားမှာ အားကိုးမရှိတော့ဘူး။ ဒီပညာမျိုးတွေတတ်ထားတော့ အမေမျက်စိနှစ်လုံးပိတ်သွားရင်တောင် အမေစိတ်ချတယ်သား။ သားက ခုတော့ ဆရာဆီရောက်ရဲ့သားနဲ့ ထိုးဟယ်ကြိတ်ဟယ်လုပ်နေတော့ ဘာမှအဖြစ်ရှိမလာဘူးလားလို့"

"အမေကလည်း၊ အမေ့အသက်ဘယ်လောက်ကြီးသေးလို့ မျက်စိနှစ်လုံးပိတ်တာချည်းပြောနေတာလဲ။ အခု အပြင်ထွက်သွားရင်တောင် အဘိုးကြီးတွေမျက်လုံးက အမေ့ဆီမှာချည်းပဲ"

အမေတဟားဟားနှင့်သဘောကျစွာရယ်ရင်း ကျွန်ုပ်၏ပခုံးကို လှမ်းရိုက်လိုက်၏။ တစ်ကိုယ်လုံးသိမ့်သိမ့်တုန်နေအောင်ရယ်ပြီးမှ ချောင်းနှစ်ခါ၊ သုံးခါဆိုးလိုက်ရင်း -

www.burmeseclassic.com

www.burmeseclassic.com

"အေပြာနေရင်ကောင်းကောင်း ထောင်ဘူး"

"အမေကလည်း၊ သားမှမသိတာ။ အဲဒါတွေတတ်တာသားမသိဘူး။ ဘာကိုလည်းဘာမှမပြောဘူး။ သားသည်း မစပ်စုတတ်ဘူး။ ပြီးတော့ သူ့ကို ဆရာကို ကြောက်ရတယ်။ အမေးရဲဘူး"

"သား"

"ဗျာ"

"သားလေး အမေ့စကားနား ထောင်မလား"

"ထောင်မှာပေါ့အမေရယ်။ သား အမေဘာပြောမလဲ၊ ပြောလေ"

"လာ - ခုသွားကြမယ်"

"ဗျာ - ဘယ်ကိုလဲ"

"ကိုသန့်ဇင်ဆီလေ၊ မင်းဆရာဆီ"

"အမေ၊ သားတို့က ဆရာ့ကို အရမ်းရှိသေရတယ်၊ ကြောက်ရတယ်၊ သားဘာမှမပြောရဲဘူးနော်"

"လာပါ၊ သားသာလိုက်ခဲ့ပါ။ အမေပြောမှာပေါ့"

သားအမိနှစ်ယောက် ဆရာ့အိမ် ရှေ့သို့ရောက်သွားတော့၏။ ဆရာသည် အိမ်ထဲမှာထိုင်နေရင်း အမေ့ကိုလှမ်းမြင် သည်နှင့်ထလာ၏။ အမေ့ကို နှုတ်ဆက် သော်လည်း မျက်လုံးက ကျွန်ုပ်ဆီမှာ။

"ဒေါ်ဒေါ်လာ၊ ဟိုကောင်လည်း ပါလာတာကိုး"

"ဟုတ်ကဲ့ ဆရာ"

အမေသည် ခေတ္တအမောဖြေ၍ အာလာပသလ္လာပတစ်ခွန်းနှစ်ခွန်းပြော လိုက်ပြီးမှ ဆရာ့အားလာရင်းကိစ္စပြော လိုက်ပါတော့သည်။ ဆရာမျက်လုံးအစုံ ကျွန်ုပ်ထံရောက်လာပြီး -

"ဒီကောင့်ဇွဲကိုတော့ ကျွန်တော် သိပါတယ်။ ကျွန်တော်သူ့ဇွဲကိုထပ်ပြီး အကဲခတ်ပါဦးမယ်။ ဒေါ်ဒေါ်ထားခဲ့"

ဟု ဆိုကာ ခေါ်ထားလိုက်၏။

"ကဲကဲ - ဟော့ကောင်၊ ဒီတစ်ခါ တော့ မင်းလမ်းကြောင်းပြောင်းသွားပြီ။ ဒေါ်ဒေါ်ကိုယ်တိုင် ငါ့ကိုလာအပ်တဲ့ အတွက် မင်းကို ငါ ဒီနေ့ကစပြီး ပုံသွင်း ရတော့မှာပေါ့"

အင်္ဂလိပ်စာကျောင်းသားဘဝကို စတင်ရောက်ရပါပြီ။

ဆရာဦးမောင်မောင်သန်း
(ရုပ်ဖျက်အနုပညာရှင်)

ပညာရှင်
(အင်္ဂါဒီဇာတ်ရိုက်အခန်းဆက်ဝတ္ထုရှည်)

www.burmeseclassic.com

www.burmeseclassic.com

ထင်မထားသော အတွေ့အကြုံများ -

ထင်မထားသော အထိအတွေ့များ -

ထင်မထားသော အဖြစ်အပျက်များသည်-

မည်သည့်အချိန်ကတည်းကကျွန်ုပ် ထံလာရန်တာစူနေသည်မသိ။

"လူလေး"

"ဗျာ"

"ဆရာ့ဆီသွားသွားသင်နေတာ တစ်ပတ်တောင်ရှိပြီ။ သားဘာတွေသင်ရလဲ အမေ့ပြောပြစမ်း"

ဆရာသည် ကျွန်ုပ်တို့ကို အလွန်သံယောဇဉ်ကြီး၏။ ကိုဝင်းသန်းနှင့် ကျွန်ုပ်ကို မတွေ့လျှင် တမေးမေးနေတတ်ပြီး ကရာတေးသင်ပေးပြန်လျှင်လည်း သူကိုယ်တိုင် အနာခံ၍သင်ပေး၏။ မသိ၍မေးလျှင် ချက်ချင်းထပြော၏။

သို့သော် -

ကရာတေးဆရာဘဝမှ အင်္ဂိဇာဆရာအဖြစ် ပြောင်းလဲလာသည့်အခါ ဆရာ့ထံအင်္ဂိဇာသင်ချင်ကြသောဆရာ့မိတ်ဆွေများ ဝန်းရံလာပြီ ဖြစ်၏။ ထိုသူတို့မှာ ငွေကြေးတတ်နိုင်ကြ၏။ ဆရာ့ကို လိုလေးသေးမရှိပြုစုနိုင်ကြ၏။

ထိုသူတို့၏နေအိမ်တွင် အင်္ဂိဇာသင်ကြားရသည်ဖြစ်၍ ကျွန်ုပ်မှာ စကားဝိုင်းထဲဝင်မပါရဲမဆံးရဲနှင့် ဗလာစာအုပ်လေးလက်ကကိုင်ထားရင်း ဟိုလူပြောလျှင်ငေးကြည့်၊ ဒီလူပြောလျှင်ငေးကြည့်၊ သူများက ခြောက်ကပ်ကပ်ရယ်စရာပြောလျှင်လိုက်ရယ်ရန်နှင့်။ တစ်ယောက်ယောက်ကများ စကားလှမ်းပြောလျှင် ဝမ်းသာ၍မဆုံး။ ကိုယ့်ကိုအသိအမှတ်ပြုသည်ဟု ပီတိဖြစ်ရသည်မှာ အမော။

ညနေ (၆) နာရီမှ ထိုင်လိုက်လျှင် ည(၉)နာရီ၊ တစ်ခါတစ်ခါ (၁၀)နာရီထိုးသွား၏။ ဗလာစာအုပ်လေးကိုင်ထားရင်း ငိုက်လည်းမငိုက်ရဲ။ (၉) နာရီ (၁၀) နာရီဖြစ်သွားလျှင် ဆရာက -

"ဟိုကောင် ပြန်တော့လေ။ တော်ကြာ မင်းအမေစိတ်ပူနေဦးမယ်"

ဟု ပြောလိုက်သည်နှင့် -

"ဟုတ်ကဲ့"

ဟူသောစကားမှာ နေ့စဉ်ပြောနေကျဖြစ်လာ၏။ တစ်ပတ်ပြည့်သည်ထိ အင်္ဂိဇာဟူသည် ဘာမှန်းမသိသေးပါ။

သို့သော် -

ထိုအကြောင်းများကို အမေ့အားပြောပြလိုက်လျှင် အမေစိတ်ဆင်းရဲသွားနိုင်၏။ အမေကအလွန်ဖြစ်စေချင်သည်ကိုး။

"သင်ရတာကတော့ စုံနေတာပေါ့ အမေရာ"

"သားသေချာလိုက်မှတ်ရဲ့လား"

"ဟုတ်ကဲ့"

အမေကျေနပ်နေ၏။ သူသား အင်္ဂိဇာစသင်ပြီဟူသောပီတိနှင့် သူပျော်နေ၏။

"ငါ့တူ၊ ငါမသိလို့မေးပါဦးမယ်။ တို့စကားဝိုင်းမှာ မင်းလာလာထိုင်နေတာကြာပြီနော်။ ခန့်မှန်း တစ်လတောင် ကျော်လောက်ပြီ၊ ဘာမှလဲမပြောဘူး ဘေးနားမှာငုတ်တုတ်။ ဘာလာလာလုပ်တာလဲ"

"မဟုတ်ဘူး ဦးလေး၊ ကျွန်တော်က. . . "

စားပွဲခုံထောင့်နားလေးတွင်ထိုင်နေသောဆရာ့မျက်လုံးအစုံသည် ကျွန်ုပ်ထံရောက်လာ၏။ ဆရာသည် ကျွန်ုပ်အား ပြုံးကြည့်နေပါသည်။ သို့သော် သူ့အကြည့်မှာ အဓိပ္ပာယ်များစွာပါနေသည်ဖြစ်ရာ -

"ကျွန်တော်က နေ့ခင်းပိုင်း ဆရာကရာတေးသင်ပေးလည်း နောက်ကတကောက်ကောက်လိုက်တာပဲ။ ညလည်း အဲလိုလိုက်နေချင်တာ"

"ဩော် - မသိပါဘူး။ ဘာမှလဲမပြော၊ ငုတ်တုတ်ကြီးနေနေတာဆိုတော့"

ဆရာ့ထံအင်္ဂိဇာသွားသင်သည့် အခါ ကားခရှိ၏။ လိုအပ်လျှင် လိုအပ်သလို အသုံးစရိတ်ရှိလာတော့မည်ဖြစ်၏။ စာအုပ်၊ ဘောလ်ပင်ကအစဝယ်ရမည်။ ဆရာသည် လက်ဖက်ရည်အလွန်ကြိုက်၏။ ဆရာလက်ဖက်ရည်သောက်ချင်သည့်အခါမျိုး ဆရာလက်ဖက်ရည်ပါဟု ပြုစုနိုင်လျှင် ဘယ်လောက်များကောင်းလိမ့်မည်မသိ။ သူများတကာတို့သည် ဆရာ့ကို လက်ဖက်ရည်နှင့်ဧည့်ခံနေကြ၍ ကျွန်ုပ်လည်း ထိုသူတို့ကိုအားကျပြီး ဆရာ့ကို လက်ဖက်ရည်နှင့် ပြုစုချင်၏။ ကန်တော့ချင်၏။ ကရာတေးသင်ပေးစဉ်ကလည်း တစ်ပြားမှ မတောင်းခဲ့။ စေတနာနှင့်သင်ပေးခဲ့၏။ ယခု အင်္ဂိဇာသင်ယူဖို့လည်း တစ်ပြားမှမပြော။

ကျွန်ုပ်က အလိုက်သိရမည်ဖြစ်၏။

သို့သော် ဆေးလိပ်လည်း မလုပ်မဖြစ်ခဲ့။ ခဲဘက်ထရီပြုလုပ်ပြန်သော်လည်း အရာမရောက်ခဲ့။ အရင်းပြုတ်ပြီးရင်းပြုတ်ရင်းဖြစ်နေလေရာ -

"DC ရမယ်၊ DC . . . "

"ဘယ်နှစောင်ကျန်သေးလဲ"

"နှစ်စောင်ရမယ် အစ်ကို ထောင့်ခုံ"

"အေး - ပေးကွာ"

"ဟုတ်ကဲ့"

"ဟေ့ညီလေး၊ နှစ်ကျပ်တန်းကျန်သေးလား"

"မရှိတော့ဘူးအစ်ကို။ ကျွန်တော်သူငယ်ချင်းတွေဆီမှာရှိသေးလားမေးဘူး။ ဟေ့ကောင် သံခဲ၊ နှစ်ကျပ်တန်းသေးရင် ဒီအစ်ကိုကြီးကိုပေးလိုက်"

ကာလတန်ရဲ့နှင့် ရွှိုင်ရယ်အောက်တွင်ဖြစ်ပါသည်။ (နောင်အတွင် ယူဇနနှင့် တော်ဝင်အဖြစ် နာမည်ပြောင်းသွားပါသည်။)

တစ်ပွဲ၊နှစ်ပွဲရှာလိုက်လျှင် ငါးကျပ်ခြောက်ကျပ်ရ၏။ ရွှိုင်ရယ်ရုံဘေးတွင်ရောင်းသော စမူဆာ၊ ဗယာကြော်သုပ်မှာ တစ်ပွဲလျှင် တစ်မတ်၊ ငါးမူး၌ တစ်ပွဲစားပြီး ဟင်းရည်နှစ်ခွက်တောင်းလိုက်လျှင် ပါသွားသော ထမင်းဘူးထဲမှထမင်းနှင့်ဗိုက်ဝ၏။ ထို့တစ်ခါ ထမင်းဘူးမပါခဲ့လျှင်ထမင်းထို့အသုပ်တစ်ပွဲစားပြီး ရေခဲရေနှင့်ခန့်သောက်လိုက်လျှင် နေ့တစ်ဝက်ဆာမှ မစားဘဲနေနိုင်၏။

ထိုရုပ်ရှင်ရုံနှစ်ရုံသည် အင်္ဂလိပ်ကားများသာအပြများပြီး ဇာတ်ကားများဖြစ်သောကြောင့် လူကြည့်ကောင်း၏။ လက်မှတ်မှောင်ခိုရောင်းရလွယ်ကူ၍ နှစ်ကျပ်တန်း သုံးကျပ်ရသည်မို့ ဝင်ငွေအဝယ်ရောင်းနိုင်လျှင် ငါးကျပ်ရပြီး ငါးကျပ်ရလျှင် အမေ့ကို အကုန်ပြန်ပေး၏။ DC က သိပ်မကျန်လှ။

"လူလေး"

"ဗျာ"

"နင်နေ့ခင်းဆိုတယ်ဟောက်ရောက်သွားတာလဲ"

"ဘာဖြစ်လို့လဲ အမေ"

"ညကျရင် ပြန်လာပြီ၊ ပြီးတော့ အမေ့ကို ငါးကျပ်ပေးလိုက်၊ သုံးကျပ်လိုက်နဲ့ နင်ဘယ်မှာအလုပ်သွားလုပ်လဲပြောစမ်း။ ဘာအလုပ်လုပ်နေတာလဲ"

"အမေ့ကို သားအလုပ်မလုပ်ချင်တော့ဘူး အမေ။ သားကျောင်းမတက်တော့တာကြည့်။ အမေသားဒီအရွယ်ထိရောက်အောင် ပညာသင်ပေးပြီးပြီ။ ခြေတွေ၊ လက်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းအောင်၊ ကျန်းမာအောင်လည်း ဆုတောင်းပေးခဲ့ပြီးပြီ။ တော်ပြီပေါ့ အမေ အမေ့တာဝန်တွေကကျေရုံတင် မကသေးလွန်တောင်လွန်နေတယ်။ သားအတွက်ပြုစုပါရစေတော့၊ သားအလုပ်ပါ ရစေတော့"

"အေးလေ၊ ငါပြောတာက နင် ဘာသွားသွားလုပ်နေလဲလို့။ ငါနင်ပေးတဲ့ ပိုက်ဆံကို စားရတာနဲ့ ရင်မောရတာ တာမဟုတ်ဘူး။ ငါ့သားဘာသွားသွားလုပ် နေသာလဲ၊ ဘယ်မှာအလုပ်ဝင်နေတာ ဆို

"သားရဲ့နေ့တစ်နေ့မှာမင်းစေဝင်လုပ် ပေးတဲ့ အစမ်းလေ့ကျင့်နေတာ အမေ"

"မဖြစ်နိုင်ဘူး၊ မင်းစေဆိုတာ ဆယ်တန်းမအောင်တဲ့သူတွေသာလုပ် သာ မဖြစ်နိုင်ဘူး"

"အမေ၊ အမေ့သား သူများပစ္စည်း ကို ခိုးဘူးမဟုတ်ဘူး၊ သူများဒုက္ခရောက် အောင် သားမလုပ်ဘူး စိတ်ချ။ သား သတ်လွတ်စားနေတာပဲ။ သူများ ဘဝရောက်အောင်ဘယ်လုပ်ပါ့မလဲ"

"အေးလေ၊ ဒါဖြင့်ဘာအလုပ်လဲ"

"အမေ၊ သားဆရာဆီသွားတော့ မယ်။ ဆရာက ဒီနေ့ဘာသင်ပေးမယ် ဆိုဘူး၊ စာအုပ်မမေ့ခဲ့နဲ့တဲ့"

စကားကိုဖြတ်၍ပြောလိုက်ရသော် လည်း ရင်ထဲတွင်မကောင်းပါ။ အမေ့ကို သိမ်ပြောနေရသည်ကို စိတ်မချမ်းသာ ပါ။ အမှန်အတိုင်းပြောလိုက်ရလျှင် ကျွန်ုပ်၏လုပ်စာအား အမေစားတော့ မည်မဟုတ်ပါ။ ရန်ဖြစ်မှာကို စိုးရိမ်ပြီး အန္တရာယ်များသည်ဟုဆိုကာ တား တော့မည် ဖြစ်၏။

"ဒီနေ့မင်းစသင်ရမယ်"

"ဗျာ - ဟုတ်ကဲ့"

ထိတစ်သိန်းဆုကြေးပေါက်လျှင်ပင် ဤမှဝမ်းသာမည်မဟုတ်။ ဆရာ့စကား ကြောင့် ဝမ်းသာလုံးဆို့သွား၏။

"အေး-ဒါပေမယ့် မင်းနဲ့အတူတူ သင်နေကြတဲ့ဟိုလူတွေက မင်းထက်ပို ပြီးကြာနေကြပြီ။ ဒီတော့ သူတို့မေးရင် မင်းကငြိမ်နေ၊နားထောင်လူအမြင်ကတ် အောင်မနေနဲ့။ သူများမေတ္တာပျက် အောင်အပိုတွေမပြောနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"သူတို့မေးလို့ ငါပြောရင် မင်း လည်း ကြားသမျှမှတ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ဒီနေ့ မင်းကိုအခြေခံ စသင်ပေးမယ်ဆိုတာ သူတို့လည်းသိပါ တယ်။ လာ-သွားစို့၊ စာသင်တဲ့အိမ်သွား ကြမယ်"

"ဟုတ်ကဲ့"

အင်္ဂလိပ်ဆရာသည် အိမ်တွင် ကြို ရောက်ပြီး အဆင်သင့်စောင့်နေကြသူ ငါးဦးခန့်အား ကျွန်ုပ်ပညာသင်မည့် အကြောင်း ဆရာပြောလိုက်၏။ အဆင် ပြေပါသည်။ နှစ်ဦးခန့်က မျက်နှာ မကောင်း၊ သုံးဦးက အယ်လဲဝမ်းသာကြို ဆို၏။ နေ့စဉ် မတုန်မလှုပ် ကျောက်ရုပ် လိုထိုင်နေတတ်သောကြောင့်လားမသိ ခင်ခင်မင်မင်နှင့်ကြိုဆိုကြ၏။

"ခင်ဗျားတို့ ဒီကလေးကို သိပြီး နေပါပြီ၊ သူဟာ ကျွန်တော့်ဆီမှာ ကရာ တေးသင်တဲ့ တပည့်လေးဆိုတာလည်း ပြောစရာမလိုလောက်ပါဘူး။ ခုသူဒီကို လာလာနေတာကတော့ အင်္ဂလိပ်ပညာ သင်ချင်လို့ပဲ"

ထိုစကားကို မည်သူမျှမတုန့်လှုပ် ပါ။ အားလုံးမှက်လွှာချပြီးငြိမ်နေကြ၏။ တစ်ဦးသာတပြုံးပြုံးနှင့်ကြည့်ပြီး ခေါင်း လေးညိတ်ညိတ်လုပ်နေ၏။

"ဒါပေမယ့် ခင်ဗျားတို့သိတဲ့ အတိုင်းပဲ၊ သူ့ကိုကျွန်တော်လေ့ကျင့်နေ တာ ခင်ဗျားတို့မြင်ပါလိမ့်မယ်။ ခုပဲ ကြည့်။ တစ်လကျော်သွားပြီ၊ သူဘာ တစ်လုံးမှမသိသေးဘူး။ ဒါပေမယ့် သူက မဆိုင်ရင်မဆိုင်သလိုနေတယ်၊ ဝင်မပြော တတ်ဘူး၊ မစပ်စုတတ်ဘူး၊ မြင်တဲ့ အတိုင်းပဲ။ ခင်ဗျားတို့ကို ကျွန်တော် အကျင့်တွေအကြောင်းပြောတယ်၊ပညာ တွေအကြောင်းပြောတယ် သူနားမလည် ဘူး။ စပြီးမသင်ထားတော့ သူဘာမှမသိ ဘူး၊ ဒီနေ့တော့ သူ့ကိုနည်းနည်းစပေး ထားလိုက်မယ်။ နောက်ပိုင်း ဒီကလေးကို တွဲခေါ်ကြပေါ့ဗျာ။ ကျွန်တော့်တပည့် လေးမို့ သူပြောမှားဆိုမှားဖြစ်ရင် ကျွန် တော်ဆုံးမပါ့မယ်"

"စိတ်ချပါကိုသန့်ဇင်ရယ်။ကလေး ကငြိမ်ပါတယ်၊ အေးပါတယ်၊ သူကြည့် ရတာ မိန်းမလျာလေးလိုပဲ"

ဆရာအားရပါးရယ်ပြုံးလိုက်၏။

ဘာမှတော့မပြော။

"ကဲ-ပေ့ကောင်၊ ဒီကနေ့ မင်း အင်္ဂလိပ်ပညာစသင်ရတဲ့နေ့ပဲ။ ငါက လည်း အချိန်ကောင်းအခါကောင်း၊ နေ ကောင်းရွှေပြီးသင်ပေးတာမို့ အခုစမယ်"

ခေါက်ရိုးကျိုးခမန်းဖြစ်နေသော် လည်း လုံးဝအသက်မဝင်ခဲ့သည့် ဗလာ စာအုပ် ယခုစတင်အသက်ဝင်ပြီမို့ ကျွန်ုပ်မှာ ဝမ်းသာလုံးဆို့ရင်း ပထမဆုံး စာမျက်နှာကို စတင်လှန်လိုက်ရပေပြီ။

"အမေ၊ အမေ"

"ဟဲ့သား၊ ဘာလဲအလန့်တကြား"

"သား စသင်ရပြီ အမေ"

အမေတစ်ချက်တွေသွားပြီး-

"ဟဲ့- နင်ပြောတော့ ဟိုတစ်လောက သင်ရတာ စုံနေတာပဲဆို"

"ဟုတ်ကဲ့- အဲဒီစုံတာက နား နား ထောင်ရတာ။ ခုကလိုက်မှတ်ရပြီအမေ၊ ဟို. . . ဟုတ်တယ်"

"အေး - သေချာမှတ်နော်။ မင်း ဆရာပညာမျိုး အမေကြုံတောင်မကြုံ ဖူးဘူး၊ တကယ်စွမ်းတယ်"

"ဟုတ်ကဲ့ပါ"

"သား"

"ဗျာ"

"ပြောနေရင်း ဘာလို့မျက်နှာ ပျက်သွားတာလဲဟင်"

"ဟို - အမေ့ကိုချစ်လို့၊ အမေဖြစ် စေချင်တဲ့ဘဝရောက်ဖို့ သားကြိုးစားပါ တယ်အမေ။ သားလည်း အဲဒီပညာကို တကယ်တတ်ချင်ပါတယ်။ ဒါပေမယ့် တချို့က သားကိုစကားမပြောကြဘူး အမေ။ ဆရာ့ကို သူတို့က ဝန်းရံနေ တော့ ဆရာကလည်း အရမ်းအားနာ တတ်တယ်အမေ။ စကားပြောနေရင်းက နေ လာ-ကိုသန့်ဇင်၊ လက်ဖက်ရည်ဆိုင် သွားကြရအောင်ဆိုလို့ကတာနဲ့ ဆရာ့ ခမျာလည်း ဘာမှမပြောတော့ဘူး"

"ဆို့နေပါဦး၊ သားကို ဘယ်သူက စကားမပြောတာလဲ"

"အဲဒီဝန်းရံနေကြတဲ့သူတွေပေါ့ အမေရယ်"

"ဩော် - သားက ကလေးမို့ နေမှာပါ"

"သားအရမ်းအနေကျပ်တယ် အမေရယ်။ သူတို့တစ်နာရီစကားပြော ရင် သားလည်းတစ်နာရီထိုင်နေပါတယ်။ ဟိုလူမျက်နှာကြည့်ပြုံးလိုက်၊ ဒီလူမျက် နှာကြည့်ပြုံးလိုက်၊ သူတို့ရယ်ရင်ဘာမှန်း ညာမှန်းမသိ လိုက်ရယ်လိုက်နဲ့"

"ဟင်-စာမသင်ဘူးလားသားကို"

"သင်. . . သင်ပါတယ်"

"သား အမေပြောမယ်၊ သားဟာ တန်ဖိုးကြီးမားတဲ့ပညာကြီးကို သွားသင် တာလေ။ သားပြောပုံဆို သားကိုဘယ် သူမှ အယ်လဲဝင်ဆောစကားပြောပုံမရ ဘူး၊ ဧည့်ဘူးသား သားစကားပြောဖို့ သူးဟာမဟုတ်ဘူး အဲဒီတော့ ဘယ်သူ ပြောပြောမပြောပြော သွားသာသွား။

www.burmeseclassic.com

သွားပါများရင် ခရီးရောက်တာပဲသားရဲ့။ သွားသာသွား။ လူဆိုတာ ကံမရှိရင် ဉာဏ်ရဲ့အကျိုးခံစားရမယ်။ ဉာဏ်မရှိရင် ဝီရိယရဲ့အကျိုးတော့ ခံစားရမှာပဲ။ သားအချည်းအနှီးမဖြစ်ပါဘူး။ ငါ့သားလေးဟာ အမြင့်ကိုရောက်ချင်တယ်မို့လား၊ ဒီတော့ တက်ရမယ်လေ။ ရပ်နေလို့ဘယ်ရောက်မလဲ။ စိတ်ဓာတ်ကျပြီး မတက်တော့ရင်လည်း အမြင့်ကိုဘယ်ရောက်ပါတော့မလဲ။ ငါ့သားလေးဟာ တောင်ပေါ်ကိုတက်နေတဲ့လူတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ်သဘောထားရမယ်သား"

"ဗျာ-တောင်ပေါ်၊ တောင်ပေါ်"

"ဟုတ်တယ် သား၊ တောင်ပေါ်တက်နေတဲ့လူတစ်ယောက်ဆိုတာ တက်ခြင်းဆိုတဲ့ လုံ့လကိုပြုမှု တောင်ထိပ်ရောက်တော့မပေါ့သားရဲ့။ တောင်ထိပ်ကိုရောက်အောင်မတတ်တော့ဘဲတောင်ပေါ်ရောက်သွားသူတွေရဲ့စကားကို နားထောင်ပြီးငေးနေရုံနဲ့သားကျေနပ်မလားပြော အမေ့ကို"

ကျွန်ုပ်၏နှလုံးသားအတွင်းဝယ် အမေ့စကားကို နားထောင်ရင်း မည်သည့်နေရာက မည်သို့ရောက်လာမှန်းမသိသော ခွန်အားများနှင့် ပြည့်သွားပြီဖြစ်၏။ အမေ့ရှေ့တွင် ထိုင်နေရင်းမှ မတ်တတ်ရပ်လိုက်ပြီး မိုးကောင်းကင်ကို မော့ကြည့်လိုက်မိ၏။ လက်သီးနှစ်ဖက်မှာ ကျစ်နေအောင်ဆုပ်ထားမိသောကြောင့် တုန်တောင်နေ၏။

ငါတောင်ထိပ်ရောက်အောင်တက်မယ်။

"ဇွဲကောင်းလှချည်လားကွ"

"ဟုတ်တယ်၊ ဒီကောင့်ဇွဲကတော့ ရှားတယ်။ ခင်ဗျားတို့မလာခင် နာရီဝက်လောက်ကြိုရောက်ပြီး ကျုပ်အတွက် လက်ဖက်ရည်တောင်ပြေးဝယ်ပေးပြီးပြီ။ ဒီမှာ ခင်ဗျားတို့အတွက် ဆေးပေါ့လိပ်"

"မင်းမလည်း တို့အုပ်စုနဲ့မှ လာသင်ရတယ်လို့။ တို့ကဒီလိုပဲကွ။ ကိုသန့်ဇင်နဲ့က အဲလိုပဲနေတာ။ ပညာသင်တာ ရယ်ဘာရယ်မဟုတ်ဘူး။ သင်ချင်လည်း သင်လိုက်တယ်၊ သင်နေရင်းနဲ့လက်ဖက်ရည်ဆိုင်ထဲသွားရင်လည်းသွားထိုင်နေကြတာ မင်းအမြင်ပဲ။ ပြီးတော့ လူကြီးတွေစုဝေးသင်ကြတာကွ။ မင်းက နှစ်ဆယ်ပြည့်ပြီလား"

"ရှေ့နှစ်ဆိုပြည့်ပါပြီခင်ဗျာ"

"အေး-ကလေးပဲရှိသေးတာ။ ဒီပညာကို ဝါသနာပါလို့လား"

"ဟုတ်ကဲ့ - ဝါသနာပါလွန်းလို့၊ တတ်ချင်လွန်းလို့ပါ"

"မပျင်းဘူးလား"

"ဦးလေးတို့နဲ့ ခုလိုပဲနေရတာ ပျော်တောင်ပျော်ပါတယ်"

"တစ်လနေမှ တစ်ကွက်လောက် သင်ရတာများ ပျော်နေရသေးတယ် ငါ့တူရယ်"

ကျွန်ုပ်ပြုံးနေလိုက်ပါသည်။ ပြုံးနိုင်သော ခွန်အားများကို အမေပေးလိုက်ပါပြီ။

"ကဲ - ဟေ့ကောင်"

"ဗျာ"

"ခုဘာအခါလဲ"

ကျွန်ုပ်သည် နာရီကို လှမ်းကြည့်ပြီး လက်ကိုချိုးနေ၏။

"ငါမင်းကိုပြောခဲ့ဖူးတယ်။ အခါပိုင်းရင် လက်ကြီးတချိုးချိုးနဲ့မလုပ်နဲ့ ငါမကြိုက်ဘူးလို့။ မင်းဒါလောက်မှဒဂ်ခနဲမသိဘူးလား"

ပြောရင်းနှင့် ကျွန်ုပ်၏စာအုပ်ကို ယူ၍ ပြန်ပိတ်လိုက်သည့် ဆရာ့အား ကျွန်ုပ်ရဲရဲမကြည့်ရဲတော့ပါ။

ထိုနေ့မှစ၍ (၁၀) ရက်တိတိဘာမှ မသင်ရတော့။ ရောက်၊ ထိုင်၊ လက်ဖက်ရည်ဆိုင်လိုက်၊ ပြန်ဟူ၍သာ ပုံမှန်ဖြစ်နေတော့၏။

"ကဲပြောစမ်း ဟေ့ကောင်၊ ဘာအခါလဲ"

"သူရဇ္ဈအခါပါ ဆရာ"

"အေး-ဟုတ်ပြီ၊ ယာယီမှာဘာရှိလဲ"

"အင်္ဂါရှိပါတယ်"

"ဘာတွေတွေ့တတ်လဲ"

"အင်္ဂါနာမည်ရှင်တွေရောက်လာတတ်ပါတယ်"

စကားမှမဆုံးသေး စာသင်နေသောအိမ်သို့ ဆရာ့ကိုတကြော်ကြော်ခေါ်ရင်း လူတစ်ယောက်ရောက်လာ၏။

"ဟာ - ဟေ့ကောင် ဇော်ထွေး၊ ဘာကိစ္စလဲ"

"အစ်ကိုဒီသွားတယ်လို့ အစ်မကပြောလိုက်လို့။ လက်ဖက်ရည်ဆိုင်သွားရင်လိုက်မလို့ လိုက်လာတာလေ"

ပြောရင်းနှင့် ခပ်လှမ်းလှမ်းခုံတွင် ထိုင်ချလိုက်သော ကိုဇော်ထွေးကို အားလုံးကြည့်နေကြ၏။ ပြီးမှ ကျွန်ုပ်ဘက်မျက်နှာများလှည့်လာ၏။ ဆရာသည် ကိုဇော်ထွေးကိုကြည့်လိုက်၊ သူ့တပည့်ကြီးများကိုကြည့်လိုက်နှင့် ကြည့်နေရာမှ ကျွန်ုပ်ကို ခပ်စွေစွေကြည့်လိုက်၏။ ကိုဇော်ထွေးသည် ယခုစာသင်နေသော လူကြီးများထဲမှ သုံးယောက်လောက်နှင့် ခင်သောသူ ဖြစ်၏။

သင်တန်းသည် ဤနေရာတွင် ပြီးသွား၏။

(၁၀)ရက်ခန့်ဘာမှမသင်ရ၍ ယခုမှသင်ရန် စကားသုံးခွန်းမျှသာ တာဝေး သွားပါပြီဟုစိတ်မကောင်းဖြစ်ရင်း လက်ဖက်ရည်ဆိုင်သို့ လိုက်သွားလိုက်၏။

ကျွန်ုပ်တွေးမိ၏။

'အင်း-ငါဒီပညာစသင်တဲ့နေ့ကစပြီး ဒီနေ့ထိ လက်ဖက်ရည်ဆိုင်ကအမြဲလိုလိုလိုက်ခဲ့ရတယ်။ ဒါပေမယ့် လူငါးယောက်ထိုင်ရင် လက်ဖက်ရည်လေးခွက်ပဲရောက်လာပြီး ငါ့ရှေ့မှာကွက်လပ်ဖြစ်ခဲ့သလို လူခြောက်ယောက်ထိုင်ပြန်ရင်လည်း လက်ဖက်ရည်ငါးခွက်ထဲရောက်လာတယ်။ ငါ့ရှေ့ကွက်လပ်ပဲ။ ငါကလည်း ကားခတောင် အနိုင်နိုင်။ လက်ဖက်ရည်သောက်နိုင်ပေးရော။

ဒီတော့ -

ဒါလောက်တောင် ငါနဲ့အလှူခံပေးလှတဲ့လက်ဖက်ရည်။

ငါနဲ့မတန်လွန်းတဲ့လက်ဖက်ရည်။

ငါနဲ့ ဘယ်လိုမှ ကံမစပ်လွန်းတဲ့လက်ဖက်ရည်။

ဒီလက်ဖက်ရည်ဟာ ငါနဲ့မထန်တော့ပြီမို့ ငါ့အသက်ထက်ဆုံး ဒီလက်ဖက်ရည်ကို လုံးဝမသောက်တော့ဘူး လျှာပေါ်ကို ယောင်လို့တောင်မတင်အောင်ငါနေမယ်'

ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

"ကိုသန့်ဇင်၊ ခင်ဗျား မောင်မောင်သန်းကို ဘယ်အချိန်တွေ့မှာ ဘယ်လိုကျိတ်သင်နေလဲ၊ ဘယ်လိုသင်ထားလဲ"

"ဘာဖြစ်လို့လဲ"

"ဒီကောင်၊ မနေ့က ဇော်ထွေးလာမှာကိုပြောတာတန်းနေတာပဲလေဗျာ"

ဦးလှမောင်ဟု အမည်ရသူသည် ပြောရင်း ကျွန်ုပ်ကိုကြည့်နေ၏။

"မဟုတ်ပါဘူး၊ ဘာမှလဲကျိတ်သင်မထားပါဘူး။ ခင်ဗျားတို့ ကအကြောင်းသိရဲ့သားနဲ့။ ကျုပ်ကလျှောင်ပြောင်ပဲ။ ဒဲ့ပဲပြောတတ်တယ်၊ အဲဒါ ခင်ဗျားတို့လည်းသိပြီးသားပဲလေ။ သူရဲ့

www.burmeseclassic.com

အခါမှာ အင်္ဂါနိုမိတ်ပုံရိပ်တွေ့တွေ့မယ်သို့ ကျုပ်သင်ပေးထားတာပဲ"

သူကတန်းပြောတာဗျ၊ အင်္ဂါနာမည်ရှင်လာတတ်တယ်ဆိုပြီး တန်းပြောတာ ဟော-ဇော်ထွေးတန်းရောက်သာတာပဲ။ အဲဒါကိုမေးတာ။ ဘယ်လိုများ ကိုတ်ပြီးသင်ပေးထားလဲလို့။ သူကသူကိုပြောတာနော်လူကို"

"ကိုင်း - ဒါဖြင့် ခုခင်ဗျားတို့အားသုံးရှေ့မှာပဲ ဒီကောင့်ကိုထပ်စမ်းပြမယ်။ ဟေ့ကောင်ဘာအခါလဲ"

"စန္ဒြာအခါပါ ဆရာ"

"အေး-ဟုတ်ပြီ၊ ငါ့တိုက်ပုံအင်္ဂါအိတ်ထဲမှာဘာရှိနိုင်လဲ၊ ဘာနဲ့လဲပြောစမ်း"

ဆရာ့ထံလာခါနီး လိမ္မော်သီးနှစ်တိုက်ကိုတွေ့ခြင်း၊ လိမ္မော်သီးစားခဲ့ခြင်းကို ချက်ချင်းပြန်သတိရလိုက်ပြီး -

"ကျွန်တော် လာခါနီးတုန်းက သီမွေ့ . . . "

"တော်ပြီ-ရပြီ။ ရော့-စားလိုက်"

အိတ်ထဲသို့ ဆတ်ခနဲနှိုက်လိုက်ပြီး သီမွေ့သီးတစ်လုံးကို ကျွန်ုပ်ထံပစ်ပေးလိုက်၏။ ကျွန်ုပ်ကအသာဖမ်းယူထားပြီး လူက ထူအမ်းအမ်းနှင့် ဘယ်လိုကြီးမြင်သွားမှန်းမသိ။

"ငါမေးရင်အဲလိုသွက်နေမှကြိုက်တယ်"

ဆရာ့မျက်နှာမှာတော့ ကြင်နာထားသော အညိုးတစ်ခုခုကိုကျေနပ်နေပုံရ၏။

"ဒီကောင်က ခင်ဗျားတို့လို ဒီပြင်ပညာတွေဘာမှမတတ်ရှာပါဘူးဗျာ။ ကျုပ်ဘည့်လေးဟာ အင်မတန်မှဆင်းရဲရှာတယ်။ သူကအသက်အပုတ်ကလွဲရင် ကျန်တာမတတ်ပါဘူး။ ဒါကြောင့် သူ့ကို သင်ပေးသမျှ တစ်လုံးဆိုတစ်လုံး၊ နှစ်လုံးဆိုနှစ်လုံး သူဦးနှောက်ထဲ၊ နှလုံးသားထဲ ထွေနေအောင်မှတ်ထားတာဗျ။ ဒါမြင်ရင် ဒါပဲပြောတတ်ရှာပါတယ်။ ခင်ဗျားတို့ဟာ ဒီပြင်ပညာတွေ တစ်ပုံကြီးတတ်ကြတော့ ကျုပ်သင်ပေးလိုက်ရင် ဒီပညာနဲ့ချိန်လိုက် ဒီပညာနဲ့ချိန်လိုက် သိပ်နေကြတာကိုး။ အခံတွေရှိနေတော့ နေတာပေါ့ဗျာ၊ မဆန်းပါဘူး"

ကျွန်ုပ် -

ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိတော့ပြီ။

လိမ္မော်သီးကိစ္စ တိုက်ဆိုင်သွားသည့်နေ့မှစ၍ ပညာသွားသင်ရသောအခါ အထားများပြောင်းလဲခဲ့ပြီ ဖြစ်၏။ ကျောင်းကြသည့်နေရာကို အခြားအိမ်တစ်အိမ်သို့ရွှေ့ရ၏။ ည (၇) နာရီထိုးသည်နှင့် ကျွန်ုပ်ရောက်ပြီဖြစ်သော်လည်း အိမ်တံခါးများပိတ်ထား၏။ (၈) နာရီလည်းမဖွင့်၊ (၉) နာရီလည်းမဖွင့်၊ (၁၀) နာရီလည်းမဖွင့်တော့မှ ဗလာစာအုပ်လေးအသာကိုင်ရင်း အိမ်ကိုလမ်းလျှောက်ပြန်ခဲ့ရသည့်ရက်များမနည်းတော့။

မိုးကျပြီ။

ပညာသင်ကြသည့် အိမ်ရှေ့တွင် ဗာဒံပင်ရှိ၏။ အိမ်တွင် ထီးတစ်ချောင်းထဲရှိ၍ ကျွန်ုပ်မှာထီးယူမလာနိုင်။ မိုးရွာလျှင် အရိပ်အာဝါသကောင်းသော ဗာဒံပင်ကြီးအောက်မှာခိုရင်း တံခါးအဖွင့်ကိုမျှော်ရ၏။ တစ်ခါတစ်ခါတံခါးပွင့်လာပြီး ဟိုကြည့်ဒီကြည့်ကြည့်သော အိမ်ရှင်ကို လှမ်းလည်းမခေါ်ရဲ။ ကျွန်ုပ်ကိုမြင်ပါစေတော့ဟု စဉ်းစားပြီး ရှေ့သို့ခြေတစ်လှမ်း၊ နှစ်လှမ်းတိုးပြရသည်မှာအမော။ လှမ်းရယ်ပြရသည်မှာအကြိမ်ကြိမ်။

ကျွန်ုပ်ကိုယ်ကအလွန်ရုံချာလွန်း၏။

မြင်အောင် လှုပ်ရှားပြနိုင်စွမ်းမရှိရှာထင်၏။ ထွက်လာသူမှာ တစ်ချက်၊ နှစ်ချက် ဟိုကြည့်ဒီကြည့်ကြည့်ပြီး တံခါးပြန်ပိတ်သွားလေ့ရှိ၏။ ထိုအခါမှ ဗာဒံပင်အောက်ပြန်ဝင်ရ၏။

ဆရာအထဲမှာရှိနေမှန်းသိပါသည်။ ဆရာ့အား လက်ဖက်ရည်မှအစ ဆေးပေါ့လိပ်အဆုံး လိုလေသေးမရှိဝယ်ပေးထားကြပြီး လက်ဖက်ရည်ဆိုင်ထွက်မထိုင်ကြတော့၍ မျက်ခြည်ပြတ်နေရပြီဖြစ်ပါသည်။

"ဘယ်လိုဖြစ်ပြီးမျက်နှာမကောင်းတာလဲသား"

"သားသွားသင်တယ်အမေ"

"အေးလေ၊ သားနေ့တိုင်းသွားနေတာပဲ။ တစ်ခါတစ်ခါပြန်လာရင် တုတ်တုတ်ကိုရွဲလို့၊ ထီးလည်းမယူသွားဘူး"

"ဟုတ်တယ် အမေ၊ စာအုပ်ကတော့ အင်္ဂါကြယ်သီးဖြုတ်ပြီး ရင်ဘတ်ထဲထည့်လာတော့ မရွဲပါဘူး။ လူကတော့ ကိစ္စမရှိပါဘူး"

"ဘယ်ဒီလိုဟုတ်မလဲ သားရဲ့၊ လူဆိုတာ သွေးနဲ့ကိုယ်သားနဲ့ကိုယ်"

"ဟုတ်ကဲ့"

"သားသင်ရတာကော အဆင်ပြေရဲ့လား"

"ပြေပါတယ် အမေ"

"ပြေတယ်ဆိုတဲ့အသံက အားမရှိပါလား။ ဟင် - ငါ့သားမျက်ရည်တွေနဲ့ပါလား။ သားဘာဖြစ်လို့လဲ အမေ့ပြောစမ်း"

"သား. . . သား စာမသင်ရဘူးအမေ။ နှစ်လလောက်ရှိပြီ။ နေ့တိုင်းလိုလိုသွားနေပေမယ့် သားဝင်ခွင့်မရှိဘူးအမေ"

"ဟဲ့ - ဘယ်ကိုဝင်ရတာမို့လဲ"

အမေ့ကို အကျိုးအကြောင်းပြောပြလိုက်၏။ အမေသည် အာရုံစိုက်၍နားထောင်နေရင်း မျက်လုံးအိမ်တွင် မျက်ရည်လေးများစို့နေ၏။

ကျွန်ုပ်သိပါသည်။ ဩော်-ငါ့သားလေး ပိုက်ဆံမရှိရှာတော့ မျက်နှာငယ်လိုက်တာ ဟူသော ရင်တွင်းစကားကို အသံတိတ်ပြောနေဟန် ရှိနေပါသည်။ သို့သော် မျက်နှာကို အားယူ၍ပြုံးလိုက်ပြီး မေးလေးတစ်ချက်ရှေ့ကိုမော့၍ -

"ငါ့သားဇွဲကို ဆရာကသိတယ်လေ။ ဒါစာမေးပွဲပဲသား။ ပညာရပ်တစ်ခုဟာ လွယ်လွယ်နဲ့ရမှတော့ ဘယ်တန်ဖိုးရှိပါတော့မလဲ။ အဲဒီလို ခဲရာခဲဆစ်ယူရတဲ့ပညာဟာ ရွှေတွေ၊ စိန်တွေ၊ ကျောက်သံပတ္တမြားတွေထက်ပိုပြီး တန်ဖိုးကြီးမားတယ်သား။ ပြီးတော့ ခိုင်မာတယ်။ သားစာမေးပွဲဖြေနေတာပဲ။ ရအောင်ဖြေသား၊ ရအောင်ဖြေ။ ငါ့သား အောင်ကို အောင်မြင်လာလိမ့်မယ်။ ငါ့သားကို ငါယုံတယ်။ ငါ့သားဟာအာဂပဲ"

နောက်နေ့ -

ဗာဒံပင်အောက်တွင်ပင်ထိုင်ရင်း မေတ္တာသုတ်ကိုသာ အကြိမ်ကြိမ်ရွတ်နေတော့၏။ အမေသင်ပေးလိုက်သည့် အတိုင်းမေတ္တာပွားနေလိုက်၏။ တစ်ရက်၊ နှစ်ရက်။

"ဟေ့ကောင်မင်းဘာလို့မလာတာလဲ။ နှစ်လတောင်ကျော်ပြီ။ ငါပြောထားတယ်။ နေ့တိုင်းလာနိုင်ရင်လာ၊ မလာနိုင်ရင် တစ်ပတ်ကို သုံးရက်လာပါဆို"

ကျွန်တော် -

ဘေးနားနံရံကို မော့ကြည့်နေသလိုလိုနှင့် မျက်နှာမော့ထားသော ပုဂ္ဂိုလ်၏အမူအရာသည် ကျွန်ုပ်၏မြင်ကွင်းထဲသို့ အလိုလိုရောက်လာ၏။ ထိုသူသည် အိမ်တံခါးဖွင့်ပြီး ကျွန်ုပ်ကို မမြင်ခဲ့သူဖြစ်ရာ -

"ကျွန်တော်ပို့ပါ့ဆရာ နေ့တိုင်းဆရာ"

"ဆော - ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟိုရှုပ်ရှင်ရုံအောက်မှာပါဆရာ။ လက်မှတ်မှောင်ခိုဝယ်လိုက်ရောင်းလိုက်ပါ"

ဆရာမျက်နှာသည် ရယ်နေသော်လည်း ကွက်ခနဲပျက်သွား၏။ နံရံကို ကြည့်နေသောသူမှာ မျက်နှာတဖြည်းဖြည်းချလိုက်ပြီး ခပ်တင်းတင်းနှင့် ဟိုကြည့်သလိုလို၊ ဒီကြည့်သလိုလိုဖြစ်နေ၏။

'ဟေ့ကောင်လာမလုပ်နဲ့၊ မသင်ချင်ခုထွက်သွား'

ဟူသောစကားမှာ တိတ်ဆိတ်စွာနှင့် လေထဲ၌ပဲနေသလိုခံစားလိုက်ရ၏။ ကျွန်ုပ်ဘာမှမပြောရဲပါ။ ပြောလိုက်မိလျှင် ဆရာနှင့်ဝေးရပေတော့မည်။

"မင်းအမေသိလား"

"အမေ့ကိုအသိမပေးရဲဘူးဆရာ"

"အေးလေ- မင်းကလည်း၊ ရှာနေရသေးတာကိုး"

"ဟုတ်ကဲ့"

"ကဲ၊ ကဲ - အခါတိုင်တွေတော့ အလွတ်ရပြီမို့လား၊ မျက်လုံးထဲမှာ"

"ဟုတ်ကဲ့၊ ရပါပြီ ဆရာ"

"ခုဘာအခါလဲ"

"ကြာသပတေးအခါပါ ဆရာ"

"ဘာဖြစ်နိုင်လဲ၊ ဘာမြင်နိုင်လဲ"

"စနေပါ ဆရာ"

"ဘာလဲစနေ၊ အဓိပ္ပာယ်နဲ့ပြော"

"ရန်တွေ့ဘာတွေဖြစ်တာမျိုး၊ ပြဿနာဖြစ်တာမျိုးတွေ့ရတတ်ပါတယ်ဆရာ"

ထိုသို့ပြောပြီး (၁၅) မိနစ်ခန့် ဘာမှမတွေ့သေးပါ။ ကျွန်ုပ်လည်း ဒီတစ်ခေါက်တော့သွားပြီ။ ငါအပြောလွဲလိုက်လို့ ငါ့ဆရာမျက်နှာပျက်ရပြီဟု တွေးရင်း စိတ်မကောင်းဖြစ်နေစဉ် -

"ဗုန်း"

အားလုံးလှည့်ကြည့်လိုက်၏။

အိမ်ရှေ့တဲဝင်ဘေး ရေမြောင်းလေးထဲသို့ခွေကျပြီး ပစ်လဲသွားသော အမူးသမားဖြစ်၏။ ပုဆိုးကို မနိုင်မနင်းဆွဲ၍ကုန်းထလိုက်ပြီး ငါနှင့်တုတ်နေချေတော့သည်။ ဘာကိုတုတ်လို့ ဘယ်သူကိုတုတ်နေမှန်းမသိ၊ လေငါးခွန်းတုတ်ပြီးမှဆက်ထွက်သွား၏။

ဆရာသည် အဓိပ္ပာယ်ပါသော မျက်လုံးနှင့် အားလုံးကို ငေ့ကြည့်လိုက်၏။

"ကိုသန့်ဇင်၊ ကျုပ်တို့ ဟိုနေ့က နားထောင်နေတဲ့ ဆာဒူးကြိုးတွေ အကြောင်းဆက်ပြောပါဦးဗျ။ တစ်ဝက်တစ်ပျက်ကြီးနဲ့"

ထိုနေ့မှစ၍ ရေတွက်သော် တစ်ပတ်အကြာတွင် ကျွန်ုပ်မှာ ဝင်ခွင့်မရဖြစ်သွားရပြန်ပါသည်။

အင်္ဂါဒေါပညာကို မြတ်နိုးလွန်း၍ သွားလည်း သူရဇ္ဈ-သောကြ၊ စားလည်း သူရဇ္ဈ-သောကြ၊ အိပ်လည်း သူရဇ္ဈ-သောကြအခါတိုင်များသာ ကျွန်ုပ်၏ နှလုံးသားဝယ် ကိန်းအောင်းနေပြီ ဖြစ်၏။ အလွတ်မခံတော့။ ဘယ်အခါဆိုလျှင် ဘာတွေ့တော့မည်၊ ဘာကခိုက်နေသည်၊ ဘယ်သူက ဘယ်စကားကို ပြောမည်ဟူသောစိတ်သာ ကျွန်ုပ်၌ ကြီးစိုးနေတော့၏။ တစ်ကွက်သင်ရပြီးလျှင် တစ်လခန့်နေလေရောဖြစ်နေလေရာ ကျွန်ုပ်အဖို့ ပညာတစ်ကွက်ရလျှင် အလွန်ကြေညက်လွန်း၏။ ဤတစ်ကွက်ကိုသာ နေ့ရှိသရွေ့ ကြိမ်ဖန်များစွာတွေးလိုက်၊လက်တွေ့ကြည့်လိုက်လုပ်နေရတော့၏။ အခြားတွေးစရာ ပညာများများစားစားမရှိပါ။ တစ်မျိုးသင်ရလျှင် တစ်လ၊ နှစ်လ တွေးပေရော့။

"အမေ"

"ဟေ"

"ကြိုးကြီးဒေါ်မြလွင်မှာ ငွေရေးကြေးရေးပြဿနာတွေ့ရှိနေပါလား"

အိမ်ရှေ့တွင် ရောက်နေသော အမေ့အသိ ဒေါ်မြလွင်သည် အိမ်ပေါ်တက်ခါနီး ပါးစပ်ကြီးအဟောင်းသားနှင့် တုံ့ခနဲဖြစ်သွားပြီး -

"ဟယ်-သားလေး၊ ဟုတ်လိုက်တာဟယ်၊ ပြောပါဦး"

အမေသည် ကျွန်ုပ်ကို တစ်ချက်ကြည့်၍ -

"သားဘာပြောလိုက်တယ်"

"သြော် - ကြိုးကြီး ဒေါ်မြလွင်မှာ ငွေအပူတွေ့နေတာကိုပြောတာပါ"

"ဟုတ်တယ် ၊ ဟိုနေ့က သူဒုက္ခတွေလာပြောပြပြီး အမေ့ဆီမှာ ပိုက်ဆံလာချေးတယ်။ ခုဒီနေ့လာတာလည်း ပိုက်ဆံကိစ္စပဲ။ ဟယ်. . . ဟယ်. . . ငါ့သားလေး၊ ငါ့သားလေး"

"သားလေး၊ ကြိုးကြီးကို ပြောဦးလေ။ ကြိုးကြီးဘာလုပ်ရမလဲ"

"အိမ်မှာကြာသပတေးသားသမီးရှိလား"

"ရှိတယ်"

"သူအိမ်ကထွက်လိမ့်မယ်"

"ခုအဲဒါလေ၊ မငွေသိန်းကို ဟိုနေ့က အဲဒီကိစ္စပေါ့ လာပြောတာ။ မိမော်ကြီးလေ အိမ်ကဆင်းသွားလို့၊ အဲဒါသွားလိုက်ခေါ်ရမှာ။ အမလေးတော်၊ မှန်လိုက်တာ"

"သူ့မှာလည်းငွေကိစ္စရှိတယ်"

"အမလေး - အဟုတ်ရှိတာ။ သူ့ပြဿနာတွေ့လေ၊ အိမ်မှာလာလာပြီးကြွေးတောင်းကြတာ။ အဲဒါကိုပြောလို့ မယ်မင်းကြီးမကစိတ်တိုလေရဲ့"

"သူ့ငွေပြဿနာက သူသီလဖျက်တာနဲ့ဆိုင်တယ်"

"ဖဲရိုက်တာလေ ဖဲ၊ ဖဲ။ ဟယ် - မငွေသိန်းကလေးကဟုတ်လှချည်လား"

"အေးလေ၊ ကျွန်မတောင်ခုပြောမှ သူဒီလောက်တတ်နေမှန်းသိတော့တယ်။ သားလေး ဆက်ပြောဦးလေ"

"အဟဲ - ဒါပဲရတယ်အမေ၊ ကျန်တာမသိဘူး"

"ဟင် - ဟောတော့"

ခေါင်းကုတ်ပြီးစပ်ဖြီးဖြီးလုပ်နေသော ကျွန်ုပ်အားကြည့်ရင်း အမေ အူတက်နေ၏။ ကြိုးကြီးဒေါ်မြလွင်ကနားမလည်သလိုကြိုးကြည့်ကြောင်ကြည့်နေ၏။

"ဟုတ်တယ်၊ သားဒါပဲတတ်သေးတယ်"

တစ်ကွက်စ၊ နှစ်ကွက်စပြောနိုင်လာလေ ကျွန်ုပ်မှာ အတော်လေးအနေရကျပ်လာလေဖြစ်၏။ ကျွန်ုပ်ကိုမည်သို့မျှ အသိအမှတ်မပြုသူများ၊ အလွန်အထင်သေး၊ အလွန်ကြည့်မရကြသူများကြားတွင် ပညာသင်ရသည်ဖြစ်၍ အတော်အနေရကျပ်လှပါသည်။ စကားတစ်ခွန်းပြောမိလျှင် အမှားပါမှာကြောက်လွန်းသောကြောင့် ဘာမှကို မဟရဲတော့။

ဆရာသည် -

တဖြည်းဖြည်းနှင့် တစ်ဆင့်ချင်းတက်တက်ပြီး သင်လာလေ ကျွန်ုပ်ကို လုံးဝမျက်နှာသာမပေးလေဖြစ်လာတော့၏။

ကျွန်ုပ်အလွန်အံ့သြလာ၏။ စသင်ခါစက သိပ်မကျပ်၊ ယခုတဖြည်းဖြည်းကျပ်လာချေပြီ။

ပညာရပ်တစ်ခုကိုမေး၍ အခြားသူများက ချက်ချင်းမဖြေနိုင်လျှင် ဘာမှသိပ်မပြော။ သူကတောင်ထပ်ပြီးရှင်းပြသေး၏။ ကျွန်ုပ်များမသိလျှင် ချက်ချင်းဆဲ၏။ နားရင်းအုပ်သည့်အခါအုပ်၏။ မျောက်လိုခုန်ခိုင်းသည့်အခါခိုင်းလေ့ရှိထိုသို့ ဒဏ်ပေးခံရသူမှာ ကျွန်ုပ်တစ်ဦးထံသာရှိ၏။ သွားသင်ရသည့်အိမ်တွင် ကျွန်ုပ်နှင့်ရွယ်တူမိန်းကလေးနှစ်ဦးရှိလေ

www.burmeseclassic.com

ဆာ ကျွန်ုပ်မှာမျက်နှာထူအမ်းအမ်းကြီးနှင့် ဘာလုပ်လို့လုပ်ရမှန်းမသိ။ မျက်နှာမှာ ပုရွက်ဆိတ်တွေတက်လာသလို ဘဝဉ်းဖျဉ်းနှင့်ဖြစ်ရသည့်အကြိမ်ပေါင်းနည်း။ တစ်ခါတစ်ခါခေါင်းမဖော်ရဲ။

သို့သော် ဆရာမည်မျှဆဲဆဲ၊ မည်မျှနှိုက်ရိုက်၊ မည်မျှဒဏ်ပေးပေး ကျွန်ုပ်သုံးဝမျက်နှာမပျက်ခဲ့ပါ။ ကျွန်ုပ်သည် ဆရာ့ကို အလွန်ချစ်၏။ ကရာတေးညာ၏ တိုက်ခိုက်မှုလျှို့ဝှက်ချက်များကို သင်ကြားပေးခဲ့သော ဆရာအရှင်ဖြစ်၏။ ထိုသို့ ဆဲခြင်း၊ ရိုက်ခြင်း၊ ဒဏ်ပေးခြင်းများမှာ ကျွန်ုပ်အတွက် မဆန်းဟု။ ကရာတေးပညာသင်ပေးစဉ်က ဆရာသည်က ကြုံခဲ့ဖူးပြီဖြစ်၍ အသားကျနေချေပြီ။

ယခုပညာသင်ကြသူများရှေ့တွင် ဆဲခြင်း၊ ရိုက်ခြင်းများမှာ သူတို့အတွက်တော့ ဆန်းကောင်းဆန်းနေပါလိမ့်မည်။

ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်အတွက် မဆန်းတော့ပါပေ။

ကျွန်ုပ်အပြုံးမပျက်သည့်အခါတိုင်း ဆိုသူတို့အံ့သြကြ၏။

"ဘယ်လိုဖြစ်နေတာလဲသား"

"အား ကျွတ် ကျွတ်၊ ခြေထောက်တွေနည်းနည်းညောင်းသွားလို့ပါအမေ။ သားကလည်းသားပဲ၊ ဆရာဒါလောက်သင်ပေးနေတဲ့ကြားက သူဦးနှောက်က ဘိုက်မမီတော့မှေ့သွားလို့။ အဲဒါမှေ့ရောင်းလားဆိုပြီး သားကို မျောက်လိုခုန်ခိုင်းတာ ဟဲ့ . . . ဟဲ့"

ကျွန်ုပ်၏စကားကို နားထောင်နေရင်းမှ အမေ့မျက်နှာအမူအရာနှစ်မျိုးသုံးမျိုးပြောင်းသွား၏။

"ဩော် - ဆရာ၊ဆရာကျေးဇူးကြီးသပါပေတယ်။တပည့်လုပ်တဲ့လူကိုသူများတွေ့ပြီဆြင့်မှာစိုးလို့။ သူကရှေ့ကနေလုပ်နေလိုက်တာ ကြည့်ပါဦးသား။ သားကို ဆရာတော်တော့်ကိုချစ်တာနော်သား။ ဆရာဘာလုပ်လုပ်၊ ဘာခိုင်းခိုင်း၊ သားလေးမျက်နှာလုံးဝမပျက်နဲ့။ ဆရာ့ကို စိတ်နဲ့တောင်မပြစ်မှားနဲ့။ ဩော် - ကျေးဇူးကြီးလိုက်တာ"

ရုပ်ရှင်ရုံအောက်သို့တစ်ရက်ခြားတစ်ခါ၊နှစ်ရက်ခြားတစ်ခါရောက်ရောက်နေ၏။ ကားသစ်ရုံတင်သော သောကြာနေ့ဆိုလျှင် လက်ထဲ၌ရှစ်ကျပ်၊ တစ်ဆယ်ထိကျန်၏။

အမေသည် သူ၏မိတ်ဆွေတချို့နှင့်အဆက်အသွယ်ရပြန်ပြီး မော်လမြိုင်သို့ နယ်မြေသစ်ရှာပြန်၏။ တစ်ညအိပ်၊ နှစ်ညအိပ်သွားရင်း မော်လမြိုင်ရှိ ဒေါင်းမင်းစျေးစျေးကွက်ကို သွားလေ့လာ၏။

"လူလေး"

"ဗျာ"

"အမေ မော်လမြိုင်မှာအိမ်ဝယ်မယ်။ အဲဒီမှာနေလိုက်ဒီပြန်လာလိုက်နဲ့ စျေးရောင်းမယ်"

"ဟာ - အမေလုပ်ပြန်ပြီ"

"မလုပ်နဲ့လေ၊ မင်းကဘာလုပ်လို့ လုပ်နေမှန်းမှမသိတာ။ ငါမင်းလုပ်စာမစားချင်ဘူး"

"မဟုတ်ဘူးလေ"

"ဘာမှမဟုတ်ဘူးလေမနေနဲ့။ ဟိုမှာက လူငှားနဲ့ရောင်းမှာ။ အမေဘာမှမပင်ပန်းတော့ဘူး"

"အမေမပင်ပန်းတော့တာဟုတ်ပါပြီ။ ဒါပေမယ့် သွားလိုက်၊ပြန်လိုက်နေမှာလား"

"အေးလေ"

"သားလည်းလိုက်လိုက်ရောင်းမှာပေါ့"

"ဟဲ့"

"မဟဲ့နဲ့လေ အမေကလည်း၊ သားလည်း အမေ့အလုပ်ကိုကူလုပ်မှာပေါ့။ သားပြောပြီးပြီပဲ။ အမေပင်ပန်းခဲ့တဲ့နှစ်ပေါင်းမနည်းတော့ဘူး။ ဆံပင်တောင်မရှိသလောက်ဖြစ်နေပြီ။ အမေဘာမှလုပ်စရာမလိုတော့ဘူးအမေ။ သားရှာမယ်၊ အမေထိုင်စားရမယ်"

"ငါကထိုင်မှမစားတတ်တာသားရဲ့။ အမေက အလုပ်လုပ်နေရမှ။ငါ့သားနဲ့သမီးက ငယ်သေးတယ်လေ"

အမေ့မျက်နှာကို ဆတ်ခနဲလှမ်းကြည့်လိုက်၏။ အမေပြောသွားသော စကားမှာ အဓိပ္ပာယ်များစွာပါသွားပါပြီ။ အမေ၏အစ်မသည် အမေ့အား ပုံစံအမျိုးမျိုးနှင့် လာရောက်ခေါ်တိုင်း ကလေးတွေ ငယ်ပါသေးတယ်ဟုသာ အမေဆင်ခြေပေးလေ့ရှိ၏။

"ဟုတ်တယ်၊ ဟုတ်တယ် အမေသားတို့ငယ်သေးတယ်။ အမေ့ဆီနေမှလည်း သားတို့ထမင်းဝသလိုပဲ"

အမေရယ်နေပါသည်။ ဇရာ၏အရိပ်များကြားမှ အမေ၏မျက်နှာသည် နုပျိုလှပနေသည်ဟု ကျွန်ုပ်ခံစားမိ၏။ အမေ့အပြုံးများမှာ အေးချမ်းလွန်းလှ၍ အမေနားပြေးကပ်လိုက်ပြီး အားရပးရဖက်ထားလိုက်ပါတော့သည်။

အမေ။

ရောင်စုံပန်းလှလှလေးတွေထက် ပိုလှတဲ့အမေ။

အသာယာဆုံး တေးသွားလေးတွေထက် သံစဉ်ပိုသာတဲ့အမေ။

အရိပ်လေးတွေအားလုံးထက် ပိုပြီးအေးမြတဲ့အမေ။

နေခြည်လေးတွေထက်ကို ပိုပြီးနွေးထွေးတဲ့အမေ။

ရထားတစ်တန်၊ ဇက်တစ်တန်နှင့် မြစ်ကြီးကိုကျော်ဖြတ်၍ အလွန်သာယာလှသော မော်လမြိုင်မြို့သို့ ရောက်ခဲ့ရပြန်ပါပြီ။

"လာ-ဒေါ်လေး၊ ဒီအိမ်လေးလေ"

အိမ်လေးမှာ သစ်သားခင်း၊ သစ်သားကာပြီး အင်ဖက်များ မိုးထားသော အိမ်လေးဖြစ်၏။ စျေးမှာ တစ်ထောင်သာပေးရ၏။ မော်လမြိုင် မီးလောင်ပြင်ရပ်ကွက် လေသာကျောင်းခြေရင်းကပ်လျက်အိမ်လေးဖြစ်၏။ မြစ်ကမ်းနှင့်နီး၏။

ရေမြေသဘာဝကိုလေ့လာလိုက်သည့်အခါ အိမ်ကထွက်၍မျှော်ကြည့်လိုက်လျှင် ခေါင်းဆေားကျွန်းကို မြင်နေရ၏။ ကျောက်ဆောင်များ၊ ကျောက်တုံးကြီးများနှင့် အတော့်ကို သာယာလှပသော ကမ်းနားရှိရပ်ကွက်လေးဖြစ်၏။ ပတ်ဝန်းကျင်ကိုကြည့်၍ ကျွန်ုပ်ပျော်နေပြန်ပါသည်။

"အမေ၊ သာယာတယ်နော်"

"အေး - အဲဒါကြောင့်အမေပြောတာပေါ့။ သားလည်း လာလိုက်၊ သွားလိုက်နေလို့ရတယ်။ ရန်ကုန်မှာက မင်းအစ်မ သူဟာသူအိမ်စောင့်ပေါ့"

(မင်းအစ်မ ဟူသည်မှာ ကရင်တိုင်းရင်းသူအစ်မလှဖြစ်ပါသည်။ အစ်မလှသည် ပထမအိမ်မရောင်းခင်ကပင် ခေါင်းရင်း၊ ခြေရင်းအတူနေခဲ့ပြီး အမေအလွန်ချစ်သောသူဖြစ်၏။ သူ၏ခင်ပွန်းမှာ တောင်သူတိုင်းရင်းသား ကိုပေါ်လော်ဖြစ်၏။ လင်မယားနှစ်ယောက်စလုံး ခွောမောလှပပြီး အလွန်မှန်းဆနည်းသိမ်မွေ့၊ သဘောထားပြည့်ကြသူများ ဖြစ်ကြ၏။ ကိုပေါ်လော်က အကြော်ဆရာဖြစ်ပါသည်။ အစ်မလှတို့က ကျွန်ုပ်အားထိန်းပြီး အစ်မလှမွေးသော ကလေးများကို ကျွန်ုပ်ကထိန်းရ၏။ ထို့ကြောင့် မိသားစုရင်းဘွားများဖြစ်နေ၏။

အမေသည် မည်သူနှင့်ပြောပြော အစ်မလှကို သူ၏သမီးဟုသာပြော၏။ သမီးရင်းကဲ့သို့ချစ်၏။ကျွန်ုပ်တို့ကလည်း အစ်မရင်းကဲ့သို့ရိုသေလေးစား၏။ ငယ်ရွယ် ခွောမောလှပသူဖြစ်သော်လည်း

www.burmeseclassic.com

အစ်မလှနွှင့် ကိုပေါ်လော်သည် ကျွန်ုပ်ကို ဆုံးမလျှင် မျက်နှာထားမာလှ၏။ လုံးဝမျက်နှာသာမပေး။ ကရင်ပီပီပြတ်သား၏။ တစ်ခွန်းထဲပြော၏။ အမေခရီးသွားတိုင်း ကျွန်ုပ်ကို သူတို့အုပ်ချုပ်ထား၏။ ယခု အစ်မလှသည် သားသမီးမြေးများနှင့် ကျန်းမာချမ်းသာစွာ သာကေတ (၁၀) ရပ်ကွက် ရတနာပုံ (၃) လမ်းတွင် နေထိုင်လျက်ရှိပါသည်။ ငယ်ငယ်က ထိန်းကျောင်းလာခဲ့သူဖြစ်၍ အလွန်ကျေးဇူးကြီးလှပြီး ယခုတိုင် ရိုသေသောအစ်မ ဖြစ်ပါသည်။)

"ငါ့သမီးကြီးက ဘာမဆိုမျက်နှာလွဲရတယ်။ ညော် - အလှ၊ အလှ အဘဆရာကြီး ဦးထွန်းရင်က သူ့ကိုမြင်တော့တန်းပြောတယ်။ အမေ့ကိုလက်ညှိုးထိုးပြပြီး ဟဲ့-အလှ၊ နင်ဘယ်တော့များမှသူ့ကိုစိတ်နဲ့တောင်မပြစ်မှားမိစေနဲ့။ နင်ဟာဘဝတော်တော်များများ သူ့သမီးဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် ခုဘဝမှာ နင်တို့မခွဲနိုင်မခွာရက်ဖြစ်နေကြတာဆိုပြီးပြောတယ်။ အလှကလည်း အမေမှအမေပဲ။ ခုကြည့်လေ ငါ့သားကိုစောင့်ရှောက်တယ်။ ထိန်းတယ်။ချက်ပြုတ်ကျွေးမွေးတယ်။တကယ့်အစ်မရင်းလိုပဲ။ အရင်းအချာတွေတောင် အဲလောက်ကောင်းချင်မှကောင်းမယ်။ စိတ်ထားပြောင်းနိုင်သေးတယ်။ ခုများတော့. . .

အမေသည် ပြောရင်းနှင့် သူ့သမီးကြီး အစ်မလှကို သတိရသွားဟန်ရှိ၏။ ရန်ကုန်ဘက်ဆီသို့ကြည့်ရင်း ငေးနေ၏။

မော်လမြိုင်ရောက်ပြီးနောက်နေ့ အမေသည် ကျွန်ုပ်အား အိမ်တစ်အိမ်ဆီသို့ခေါ်သွား၏။ ကျွန်ုပ်၏ သူငယ်ချင်းကောင်းသိန်းဟုခေါ်သောအကြောဆရာလည်း လိုက်ပါလာ၏။

ထိုအိမ်လေးရှေ့ခန်းတွင် လူမျိုးခြားဆရာတစ်ဦးထိုင်နေ၏။ သူ့ရှေ့တွင် စားပွဲခုံခုထား၏။ ပြောပုံဆိုပုံကြားရသည်မှာ ထိုအိမ်သို့ ခေတ္တလာသော ဆရာဖြစ်၏။

"ဆရာ နှစ်ရှာငါးဆယ်ပါ။ အိမ်ထွက်သွားလို့လာကန်တော့တာပါ"

ထိုဆရာသည် ခေါင်းငုံ့နေရာမှ အမေ့အား သေချာစိုက်ကြည့်လိုက်ပြီး မျက်နှာထားတင်းတင်းနှင့် -

"ခင်ဗျားဘာပြောခဲ့လဲ၊ ပြန်စဉ်းစား"

"ကျွန်မပြောခဲ့တယ်လေ၊ အိမ်ကို စွေးကောင်းကောင်းနဲ့ ကျွန်မလိုချင်တဲ့စွေးရရင် သုံးရာကန်တော့ပါမယ်လို့။ အခုဟာက. . . "

"ခင်ဗျားဟာခင်ဗျားဘယ်လောက်ရရ ကျုပ်ကိုလာမပြောနဲ့။ ခင်ဗျားပြောထားတာ အိမ်ရောင်းရရင် သုံးရာကန်တော့ပါမယ်လို့"

"ဟုတ်တယ်လေ၊ စွေးလျှော့ရောင်းလိုက်ရတာလေ ဆရာရဲ့"

"ခင်ဗျားစကားအုပိုတွေလာမပြောနဲ့။ ခင်ဗျားကတိတည်မှာလား၊ မတည်ဘူးလား ဒါပဲပြော"

အခြေအနေမှာ တင်းမာခက်ထန်လာပြီဖြစ်၍ ကျွန်ုပ်နှင့် ကိုကောင်းသိန်းတစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေလိုက်၏။ အမေဘာကတိတွေဘယ်လိုပေးထားမှန်း ကျွန်ုပ်မသိ၍ ဘာမှဝင်မပြောဘဲ အကဲခတ်နေလိုက်၏။ စိတ်ထဲတွင်တော့ ထိုလူမျိုးခြားဆရာကို ရှိန်နေသလို ခံစားရ၏။

"ကျွန်မဘက်လည်းကြည့်ပါဆရာရယ်။ ကျွန်မ ကန်တော့ချင်လို့ပဲ အခုလာကန်တော့နေပြီပဲ။ တကယ်ကိုစွေးမရဘဲရောင်းလိုက်ရတာပါ။ ဆရာမယုံရင် ကျွန်မတို့ဆီက ပွဲစားဦးသန်းညွှန့်ကို လိုက်မေးကြည့်။ ကျွန်မ မဟုတ်တာပြောရင် ဆရာ့ပညာနဲ့ ကျွန်မကို သတ်သာပလိုက်"

ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်တို့နှစ်ယောက်အား ကြည့်လိုက်ပြီး -

"ဘာတော်လဲကွ"

"ကျွန်တော့်အမေပါ ဆရာ"

"ဒီမှာငါဘယ်လိုပုဂ္ဂိုလ်ဆိုတာပြမယ်ကြည့်"

ပြောရင်းနှင့် အနီးရှိ မြေဖြူခဲတို့တစ်ခုကိုယူလိုက်ပြီး သူ့ရှေ့ရှိစားပွဲပေါ်တွင် ကျွမ်းကျင်စွာဆွဲပြလိုက်လေရာ စမများနှင့်ပုံဖော်ထားသော ဟင်္သာစီးနေသည့် သူရဿတီမယ်တော်ပုံတော်ပေါ်လာလေတော့၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

ထိုပုဂ္ဂိုလ် ထိုသို့ဆွဲနေရင်းမှ အိမ်ခေါင်ရှိ အိမ်မြှောင်သုံးကောင်ခန့် စုတ်တွေထိုးနေလေရာ -

"တွေ့လား၊ ငါဟာ တစ်ထိုင်ထဲနဲ့ လုပ်ချင်တာလုပ်လို့ရတယ်။ မင်းအမေကတိမတည်ဘူး"

ကျွန်ုပ်က အမေ့ကို လှည့်ကြည့်လိုက်၏။

"ညော် - ဆရာရယ်၊ ကျွန်မမှာလည်း နောက်အိမ်ထပ်ဝယ်ရတာရယ်၊ အရင်းအနှီးလေးလုပ်ပြီးစားဖို့သောက်ဖို့ချန်ရတာရယ်နဲ့ ဆရာပြောသလို လက်ထဲမှာ အများကြီးမကျန်ပါဘူး။ နို့မို့ဆိုရင် ကျွန်မ ကန်တော့ပါတယ်"

"အေးလေ၊ ခင်ဗျားပြန်တော့၊ ပြန်ပါတော့"

အမေဘာမှမပြောတော့။ 'လာသား' ဟု တစ်ခွန်းထဲပြော၍ထပြန်တော့၏။ကျွန်ုပ်တို့နှစ်ယောက်လည်း ထိုလူကြီးကို ခပ်ရှိန်ရှိန်နှင့်နှုတ်ဆက်ပြီးပြန်ခဲ့တော့၏။ နောက်နေ့တွင် အမေအထက်လှန်အောက်လျှောဖြစ်ပြီး ဆေးရုံတင်ရတော့သည်။

ကျွန်ုပ်နှင့် ကိုကောင်းသိန်းမှာ ဒေါင်ချာဆိုင်းပြီးဘာလုပ်ရမှန်းမသိကြတစ်ရက်၊ နှစ်ရက်တော်တော်ခံလိုက်ရှာ၏။ အမေနေကောင်းစပြုသည်နှင့် နှစ်ယောက်သား ရန်ကုန်ပြန်လာကြပြီး နောက်နေ့ မော်လမြိုင်မှ လူကြုံချက်ချင်းရောက်လာ၏။

"မင်းအမေ အိမ်မှာနေရင်း ကြမ်းကျဲကျပြီး သတိလစ်သွားလို့ ဆေးခန်းကို တို့တွေဝိုင်းပို့လိုက်ရတယ်။ မေ့နေရှာတယ်ကွာ။ ကြမ်းတွေကကြာတော့ ကျိုးကျသွားတာ။ အိမ်အောက်က သံပေလောက်မြေကြီးနဲ့ကွာတော့ကိုင်ရိုက်လိုက်သလိုဖြစ်သွားတာပေါ့ကွာ။အခေါ်သိန်းသနားပါတယ်။ခုထိမထနိုင်ရှာဘူး"

မော်လမြိုင်သို့ နောက်တစ်ကြိမ် လိုက်ရပြန်၏။

ကျွန်ုပ်သည် မည်မျှပင် အသက်အပုတ်ဝါသနာပါသည်ဖြစ်စေ အခုအားကြိမ်းလိုက်သောလူမျိုးခြားဆရာ အလိုလိုနေရင်းရှိန်နေ၏။ ဘာကြောင့်မှန်းမသိ။ ထိုလူမှာ ပန်းနာရင်ကျပ်ရောဂါသည်ဟု သိရပြီး ငါးမိနစ်တစ်ခါခန့် ခွဲသလိပ်မှားဟက်၍ ထွေးလိုက်အော်လိုက်လုပ်နေသူဖြစ်၏။ ခါးကုန်းကုန်းနှင့် မျက်လုံးကြီးမှာ ပြူးဝိုင်းပြီး နီကြင်းကြင်းဖြစ်နေ၏။ တကယ်တမ်း သူ့ကိုဆွဲထိုးလိုက်ရပါလျှင် လက်သီးတစ်လုံးထဲနှင့်ထိုလူပွဲချင်းပြီးသွားနိုင်၏။ သို့သော် ဘာကြောင့်မှန်းမသိ သူ့ရှေ့မှာထိုင်ရသည့်ခံစားချက်မှာ ဘယ်လိုကြီးမှန်းမသိရှိန်နေ၏။ ဘာကိုကြောက်နေမှန်းမသိ။ ကိုကောင်းသိန်းဆိုလျှင် ခေါင်းတောင်မဖော်ရဲ။

မော်လမြိုင်ကို ရောက်သည်နှင့် ထိုဆရာဆီဦးဆုံးသွား၏။ ဘာပဲဖြစ်ပြစ် ငါ့အမေအတွက် ငါတောင်းပန်မယ်၊ သူ့ခြေထောက်ကိုကိုင်ပြီးထိုင်ရှိုးသည်ကျေနပ်တဲ့ထိ တောင်းပန်မယ်။ ကျွန်ုပ်ရရင်ခံရပါစေ သူခိုင်းတာလုပ်မယ်ဟု

www.burmeseclassic.com

www.burmeseclassic.com

တွေးရင်း အပြေးအလွှားသွား၏။

"ဩော် - ဆရာမူတူး၊ ပြန်သွားပြီ မနက်ကပဲ"

"ဗျာ - ဘယ်ကိုပြန်သွားတာလဲ ခင်ဗျာ"

"သူက သံဖြူဇရပ်ကိုပြန်တာ"

"ဟာ - သွားပါပြီ"

"ဘာဖြစ်လို့လဲ ငါ့တူ"

"ကျွန်တော့်အမေနဲ့ သူနဲ့ စကား အခြေအတင်ဖြစ်သွားတော့ ကျွန်တော် ဆရာ့ကို ဒူးဖက်ပြီးတောင်းပန်ချင်လို့ပါ။ ဆရာကျေနပ်တဲ့ထိတောင်းပန်ချင်လို့ပါ"

ထိုသူမျက်နှာကွက်ခနဲပျက်သွား၏။ ကျွန်ုပ်ကို သေချာစိုက်ကြည့်နေပြီး-

"အေးကွာ၊ ဆရာမူတူးကစိတ်ကြီးတယ်။ သူ့ကို ကလန်ကဆန်လုပ်လို့က တော့. . . ဦးလေးပြောမထွက်ဘူးကွာ"

ကိုကောင်းသိန်း မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး အံကိုကြိတ်ထားလိုက်သည်မှာ နှုတ်ခမ်းများပင် ပြတ်ဆွတ်ကုန်ပြီလားထင်ရ၏။

"ကိုကောင်းသိန်း"

"ဗျာ"

"အမေနဲ့နေခဲ့၊ ကျွန်တော်ရန်ကုန် ပြန်မယ်"

"ဟာ-ကိုမောင်သန်းမလုပ်နဲ့လေ၊ ဒေါ်ဒေါ်မေးရင် ကျွန်တော်မပြောတတ်ဘူးနော်"

"မဟုတ်ဘူးလေ၊ ခုလာတာ အမေ့မသိဘဲ။ ကိုကောင်းသိန်းကို ကျွန်တော်လွှတ်လိုက်တယ်ပဲပြောလိုက်။ ဘာရက်၊ နှစ်ရက်ကြာရင် ချက်ချင်းပြန်ခိုက်လာမယ်"

"အေး - ပြန်လာခဲ့နော် ဒါဖြင့်"

"အေးပါဆို"

လူလေး၊ ငါးဦး ထိုင်ကန်တော့ နေသည့်နောက်နားမှနေ၍ ဆရာ့အားကန်တော့လိုက်၏။ ဆရာကြီးဦးလှမြင့်နှင့် အမေကြည်က ကျွန်ုပ်ကို ရှေ့သို့တိုးထိုင်ရန်ဟန့်ခြင်၏။

"ဟော-မောင်မောင်သန်းလေးပါလား"

"ဟုတ်ကဲ့ ဆရာ"

"နေကောင်းလား"

"ဟုတ်ကဲ့"

"မင်းကို မတွေ့ရတာ တော်တော်ကြာနေလို့ ဆရာကမေးမေးနေတယ်"

ပြောရင်းနှင့် ပြုံးပြီး ကျွန်ုပ်ကို ကြည့်နေ၏။ ကျွန်ုပ်၏ရင်ထဲတွင် ဆရာ့အကြည့်ကြောင့် ဘာဖြစ်လာမှန်းမသိ၍ ခေါင်းငုံ့ထားလိုက်ရ၏။ ဆယ်စက္ကန့်လောက်ကြာသော် ခေါင်းပြန်မော့လိုက်သည်နှင့် ဆရာ့အကြည့်က တစ်နေရာရောက်သွား၏။ ဆရာ့ရှေ့တွင်ခင်းထားသော စားပွဲခုံပေါ်မှ စာခေါက်လေးဆီသို့ဖြစ်၏။ ထိုစာခေါက်လေးမှာ ကျွန်ုပ် စရောက်ကတည်းက တွေ့နေ၏။ ဆရာ့ကိုလာကန်တော့နေကြသူများအားပေးမည့်စာဟုသာထင်ခဲ့ပြီး ဘာမှမတွေးခဲ့။

"မင်း ဒီစာခေါက်လေး ယူဖတ်ကြည့်"

"ဗျာ"

"ဩော် - အဲဒီစာဖတ်ကြည့်တဲ့။ ဘာလဲတော့မသိဘူး၊ သွားယူလိုက်လေသား"

"ဟုတ်ကဲ့ အမေကြည်"

ကျွန်ုပ်လည်း ဆရာ့ရှေ့သို့ ရှိရှိသေသေတိုးကပ်သွားပြီး စာခေါက်လေးကို ယူ၍ ဖြန့်ကြည့်လိုက်၏။

"ဟာ"

အလွန်ကျယ်လောင်သောအသံလွှတ်ခနဲထွက်သွားသောကြောင့် အမေကြည်ပင်လျှင် ဘေးနားတိုးပြီးလာကြည့်၏။

'မောင်မောင်သန်းအမေ ပညာတိုက်ခံထားရပြီ'

ဟု ရေးထားသောစာဖြစ်ပြီး မည်သည့်အချိန်က ရေးထားမှန်းမသိ။ မင်မိနှင့်။

စာကိုကိုင်ထားရင်းမှ ကျွန်ုပ်၏ ပါးပြင်ပေါ်သို့ မျက်ရည်ပူများလိမ့်ဆင်းလာသည်ကိုကျွန်ုပ်ခံစားလိုက်ရပါသည်။ ခေါင်းကိုငုံ့ထားလိုက်၍ မျက်ရည်များမှာ ပုဆစ်တုပ်ထိုင်ထားသည့်ဒူးခေါင်းပေါ်သို့ တပေါက်ပေါက်ကျလာ၏။ အံကိုကြိတ်ထားလိုက်၏။

"ငါ့တပည့်၊ ဘာမှစိတ်သောကရောက်မနေနဲ့။ မင်းအမေဘာမှမဖြစ်စေရဘူး။ ဆရာမေတ္တာရပ်ခံပြီးပါပြီ"

ဆရာ့စကားဆုံးသည်နှင့် ဆရာ့ကို ကျေးဇူးကြီးမားလွန်းပါသည်ဟုပြောရင်း ကန်တော့လိုက်၏။ အသံကားမထွက်။

"အေးအေး- ဘာမှမဖြစ်စေရဘူး၊ စိတ်ချမ်းသာအောင်နေ။ မင်းဒီတစ်ခါတွေ့ရင် မင်းအမေကျန်းကျန်းမာမာရှိနေလိမ့်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ဆရာ"

ထိုနေ့ညတစ်ညလုံး အတွေးများနှင့်မိုးလင်းခဲ့၏။ နောက်နေ့မိုးလင်းသည်နှင့် -

"ဟဲ့မောင်မောင်သန်း၊ ဟယ်-နင့်ဆံပင်ကြီးညှပ်ပလိုက်ပြီ ဟုတ်လား"

"ဟုတ်ကဲ့ - အစ်မလှ"

"အေး - ခုမှလူနဲ့တူသွားတယ်"

"ဗျာ"

"ဩော် - ကြည့်လို့ကောင်းသွားတာပေါ့ဟဲ့၊ ဆံပင်ကြီးကရှည်လွန်းတော့ ညှင်းသိုးသိုးကြီးနဲ့ လူမိုက်ကြီးလိုဖြစ်နေတာပေါ့"

ကရင်ပီပီတဲ့တိုးပြောသောအစ်မလှကိုရယ်ပြလိုက်၏။ ကိုပေါ်လော်ကပါ အခန်းထဲကပြေးထွက်လာပြီး အေး-ခုမှတော်သွားတယ်ကွဟုထွက်ပြော၏။

ကျွန်ုပ်၏ ရှည်လျားလှသောကုပ်ဝဲဆံပင်ကြီးကို ဆရာကြည့်မရခဲ့သည်မှာ ကြာပြီဖြစ်၏။ ကျွန်ုပ်ကလည်း ထိုဆံပင်ရှည်ကြီးကြောင့် ဆရာ့ကိုရင်မဆိုင်ရဲခဲ့။ ယခု ဆရာအရှင်သည် ကျွန်ုပ်အလွန်ချစ်ရသောအမေ့ကို ကယ်လိုက်ပြီဖြစ်၏။ ကျွန်ုပ်၏ဘဝတွင် ကျွန်ုပ်အချစ်ဆုံးမှာ ကျွန်ုပ်၏အမေသာလျှင်ဖြစ်ရာ -

ကျွန်ုပ်၏ အမေအား မေတ္တာဖြင့် စောင့်ရှောက်ပေးခဲ့သည့်ဆရာ့အမြင်တွင် ကျွန်ုပ်အတွက်ကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရန် ဆုံးဖြတ်လိုက်ပြီဖြစ်၏။ ဆရာ့စိတ်ကြိုက်ကျွန်ုပ်နေထိုင်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

သို့သော် ဆရာအရှင်သည် အကျင့်မြတ်တို့နှင့် မွေ့လျော်နေသော သူတော်စင်ဖြစ်လေရာ မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်လေရာ -

"ဟာ - ညီလေး၊ သူကပိုက်ဆံယူတယ်နော်"

"ရတယ် အစ်ကို၊ ကျွန်တော့်ကို လိုက်ပို့ပေးပါ"

မင်္ဂလာဒုံဘူတာမှတော်တော်ဝေးဝေးဆက်လျှောက်ရသော ရပ်တွက်လေးတစ်ခုထဲသို့ဝင်လိုက်ပြီး လမ်းကျဉ်းလေးတစ်ခုအဆုံး -

"ဒီအိမ်ပဲညီလေး"

အိမ်ကိုအကဲခတ်လိုက်ရာ ဘုရားစင်ရှာမတွေ့။ အိမ်မှာညစ်ပတ်ပြီး စိမ်းရွှေ့ရွှေ့အနံ့များနှင့်ပြည့်နေ၏။ ခပ်လှမ်းလှမ်းသေတ္တာတစ်ခုပေါ် တွင် လူလက်ဖွဲ့ရိုးနှင့်တူသော အရိုးကြီးတစ်ခောင်းကို လှမ်းတွေ့လိုက်၏။ ကြောပါ အိမ်ထဲမှခောင်းဟန်သံနှင့်အတူ လူတစ်ယောက် ထွက်လာ၏။ ကတုံးနှင့်ပြစ်ပြီး ဝဝဖိုင့်ဖိုင့်ဖြစ်၏။ သူ၏မျက်နှာမှာလည်းလူမျိုးခြား

www.burmeseclassic.com

နှင့်တူ၏။ ကျွန်ုပ်ကိုခေါ်လာသော်သူသည် အနားကပ်၍ခပ်တိုးတိုးပြောလိုက်ရာ ထိုသူက ကျွန်ုပ်ကိုကြည့်ပြီး ခေါင်းညိတ်နေ၏။

"ကလေး-အသေလိုချင်တာလား၊ ကျိုးပဲ့ရွဲ့ပဲလား ဒါမှမဟုတ် ဒုက္ခရောက်သွားအောင်လား"

"ကျွန်တော်ကတော့ ကျွန်တော့်အမေကို ဒုက္ခပေးထားတဲ့လူကို ပြန်ကလဲစားချေချင်တာပဲသိတယ်။ သူ့ကို ကျွန်တော်မမုန်းပါဘူး။ အမေ့ကိုလုပ်လို့ပြန်လုပ်ချင်တာ"

"အေးလေ၊ ဒုက္ခရောက်အောင်ပဲပေါ့"

"အဲဒီလိုမျိုးလည်း မဟုတ်ဘူး။ ဒီအမျိုးသမီးကို ငါဒီလိုလုပ်လိုက်တဲ့အတွက် ငါဒီလိုပြန်ခံရတာပါလားဆိုတာမျိုးလောက်ပါပဲ"

ထိုဦးလေးကြီးသည် ပစ္စည်းတစ်ခုကို ယူလိုက်၏။ သူလက်ဝါးဖြန့်ပြလိုက်သောအခါ ကျောက်အနက်လုံးကို လှပစွာထွင်းထုထားသော ဘီလူးခေါင်းပုံဖြစ်၏။ အရွယ်မှာကွမ်းသီးလုံးလောက်ရှိ၏။ လက်ရာအတော်မြောက်လှ၏။

"ရော့ - မင်းဒါကိုကြည့်စမ်း"

ကျွန်ုပ်လည်း လက်ဖြန့်၍ယူလိုက်ပြီး သေချာကြည့်နေလိုက်၏။ ထိုစဉ် ထိုဘီလူးခေါင်းမှာ လက်ဝါးပေါ်တွင် တဆတ်ဆတ်လှုပ်နေတော့၏။

"ဟာ - ဆရာကြီး၊ ကျွန်တော် မကိုင်ထားရဲဘူး"

"မဟုတ်ဖါဘူး၊ လူသွေးနဲ့ရလို့ သွေးတောင်းတာပါ။ မင်းအိမ်ကျရင် ဈေးထဲသွား၊ ကြက်သွေးနည်းနည်းသွားရှာ၊ ခွက်လေးထဲထည့်၊ သူ့ကို (၁၅) မိနစ်လောက်စိမ်ထားလိုက်။ ဒါဆိုရပြီ မလှုပ်တော့ဘူး။ တစ်ပတ်တစ်ခါတော့ သွေးတိုက်လိုက်ပေါ့ကွာ"

"အဲဒါဘာလုပ်ရမှာလဲဆရာ"

"မင်းပြောတဲ့လူကို သူသွားဆုံးမလိမ့်မယ်လေကွာ။ မင်းပြောသလို ဒုက္ခရောက်ခဲ့ပဲပေါ့။ လာဘ်ပိတ်မယ်။ ကျန်းမာရေးပြဿနာမယ်။ ဒါလောက်ပဲပေါ့။ မင်းက ဒါလောက်ပဲပြောတာကိုး"

"ဗြော် - ဟုတ်ကဲ့"

"ဒါပေမယ့် ညကျရင် သူ့ကို တစ်ခုခုနဲ့အပ်ထား မင်းကသူ့သခင်ဖြစ်သွားပြီ၊ မင်းနားမလည်ထားနဲ့ ဒီပြင်လူတွေနားမှာသွားမထားနဲ့နော်"

"ဟုတ်ကဲ့"

"မင်းသူ့ကိုလူလိုပဲပြော၊ သူနားလည်တယ်။ ပြီးတော့ မင်းသူ့ကိုပြောတိုင်းအာဏာတည်အောင် ငါဆေးကျွေးလိုက်မယ်"

ပြောရင်းနှင့် သူဘေးနားရှိ ကွမ်းအစ်ကိုယူ၍ ကွမ်းတစ်ယာယာလိုက်၏။ ပြီးမှ ထိုကွမ်းယာကိုဘာတွေမန်းနေမှန်းမသိမန်းလိုက်ရာ ကွမ်းယာမှာ လက်ဝါးပေါ်တင်ထားရင်းလှုပ်နေတော့၏။

"ရော့ - စားလိုက်"

"ဗျာ - စားရမယ်"

"အေးလေ"

ပါလာသော အစ်ကိုကြီးကို တစ်ချက်ကြည့်လိုက်ပြီး ကွမ်းယာကိုယူ၍ စဉ်းစားလိုက်ပါသေးသည်။ 'အင်း-ငါ့အမေကိုစော်ကားတဲ့လူအတွက် သူတို့ကို နှိမ်နင်းနိုင်တဲ့ပညာ ငါစယူတာပဲ၊ ဘာဖြစ်လဲ သေချင်လည်းသေပစေ၊ ရူးချင်လည်းရူးပစေ။ ငါ့အမေကို စော်ကားတဲ့လူ၊ ပညာနဲ့လုပ်တဲ့လူကို ငါပြန်လုပ်ရရင် ငါသေပျော်ပြီ၊ ရူးပျော်ပြီ' ဟု အံကြိတ်၍ တွေးလိုက်ပြီး လူငယ်ပီပီ စူးစမ်းချင်သောစိတ်ကလည်းရှိသည်နှင့် ထိုကွမ်းယာကို ပါးစပ်ထဲထည့်လိုက်ပါတော့သည်။ ပထမ စမုန်စပါးနဲ့လေးတမွှေးမွှေးနှင့်ဝါးနေရင်း ဝေ့ခနဲပုပ်စော်တစ်ချက်နံလာပြီး ဝေါခနဲပြန်အန်ထွက်သွားပါသည်။ ပါလာသော အစ်ကိုကြီးက စက္ကူတစ်ခုနှင့် ယူကျုံးပေး၏။

"ကောင်လေး၊ မင်းမှာအခံရှိတယ်"

"ဘယ်လိုအခံလဲခင်ဗျ"

"မင်းအင်းတွေသောက်ထားလား"

အမှန်တကယ်ပင် အုံသြသွားပါသည်။ အဘဆရာကြီး ဦးထွန်းရင်နှင့် အမေပြဿနာတို့ထံတွင် ဆယ်ဆူအင်းပညာယူခဲ့သည်ကို ဘေးတွင်ပါလာအစ်ကိုကြီးပင်မသိ။ ထိုလူကြီးသိနေ၏။

"ဟုတ်ကဲ့"

"စောစောကမပြောဘူး၊ အင်းတွေသောက်ထားရင်တော့ ဘယ်ရမလဲ"

"ဒါပေမယ့် ကျွန်တော်သောက်ထားတာသောက်ထားတာပဲ။ အမေ့ကို သူများစော်ကားတော့ ကျွန်တော်ဘာမှမလုပ်တတ်တာ။ ဒီတိုင်းငြိမ်ခံနေရမယ်ဆိုရင်တော့ မဖြစ်သေးဘူးလေ ဆရာကြီး"

"အေး - အဲလိုဆို"

ထိုလူကြီးသည် ဟိုဟိုဒီဒီကြည့်လိုက်ပြီး -

"အဲဒီ အင်းစောင့်တွေကို မင်းလည်းမေတ္တာရပ်ခံ၊ ငါလည်း မေတ္တာရပ်ခံမယ်။ သူတို့ကိုမင်းခေါင်းပေါ် ပင့်ထားပေါ့ကွာ။ ခန္ဓာကိုယ်အောက်ပိုင်းကတော့ ငါ့ပညာနဲ့သွားပေါ့။ ထပ်ကွေးမယ်"

ထပ်စားလိုက်၏။

ဤတစ်ကြိမ်တွင်တော့ ဝမ်းထဲသို့ ရှောရှောရှူရှူဝင်သွားပါတော့သည်။ ကွမ်းယာဖြစ်သော်လည်း ဘာကြောင့်မှန်းမသိ အော်ကလီဆန်နေမိ၏။

"အေး - ရပြီကွာ"

ဘေးနားမှအစ်ကို တိုးတိုးကပ်ခေါ်၍ ပိုက်ဆံတစ်ဆယ်ပေးခဲ့ရ၏။ ကျွန်ုပ်လည်း -

"ကဲ - ကျောက်ဘီလူး၊ မင်းငါ့တပည့်ဖြစ်ပြီ၊ ငါနဲ့လိုက်ခဲ့ပေတော့"

ဟု ခပ်ကျယ်ကျယ်ပြောရင်း ပြန်လာခဲ့ပါတော့သည်။

"မောင်မောင်သန်း၊ နင်ဘာလွှေလုပ်နေလဲ"

"ဘာဖြစ်လို့လဲ အစ်မ"

"နင့်အခန်းထဲမှာ တစ်ညလုံးနင်းလမ်းလျှောက်နေတယ်။ ဘာလို့မအိပ်တာလဲ။ ခေါက်တုံ့ခေါက်ပြန်နဲ့"

"ဟာ - မဟုတ်..."

ချက်ချင်းစကားရပ်လိုက်ပြီး သတိရလိုက်၏။ ကျောက်ဘီလူးဖြစ်ပုံရေးညကမှေ့ပြီး သူ့ကို တစ်ခုခုနှင့်အုပ်မထားမိခဲ့။

"အေးလေ-မသိပါဘူး၊ ယောင်္ကျားလမ်းထလျှောက်မိတာလားမသိဘူး"

"လမ်းကလည်း တစ်ညလုံးပဲ၊ နင့်နင့်ဆရာကိုသန့်ဇင်ဆီမသွားဘူးလား"

"ဆရာ့ဆီ မရောက်တာကြာပြီ အစ်မ။ မနက်ဖြန် အမေ့ဆီလိုက်သွားမယ်။ ပြန်လာမှဆရာ့ဆီသွားမယ်"

ဤတစ်ကြိမ် မော်လမြိုင်ဆေးလာရသည်မှာ ပေါ့ပါးနေသလိုဖြစ်၏။ အိမ်အထိမသွားတော့။ သခင်ဆိပ်မှသည် ဆိုက်ကားစီးရင်း အေးမင်းဈေးသို့ အရောက်ပြေး၏။

"ဟယ် - လူလေး"

"ဟာ-ကိုမောင်သန်း၊ အဆင်ပြေလား"

"ပြေပါတယ်။ အမေ၊ ဘ ကိုကောင်းသိန်းနဲ့ ခရီးထွက်မလို့"

"ဘယ်ကိုလဲ သား"

"သံဖြူဇရပ်ဘက်"

"ဟဲ့ - အမလေး အတော်အမေ စိတ်မချဘူး၊ မသွားရင်း ဘ နှယ် မဟုတ်တာ"

အမေ့ကို တစ်ခွန်းမှကြည့်၍

www.burmeseclassic.com

ဒိုလ်ကျော်(ဧရာမြေ)
အားဆေးအတွက်
ကြက်ဟင်းခါးရွက်

နှယ်မြက်သစ်ပင် ဆေးဖက်ဝင်သည် ဟူသော ရှေးအစဉ်အဆက်စာပေအားသည် စာဖတ်သူတို့အတွက် ယုံကြည်နေပေလိမ့်မည်။ သို့သော်လည်း ကျွန်တော်၏ တိုင်းရင်းဆေး အစွမ်းထက်သန်ကြိုးစားမှုများသည် လူသားတို့အတွက် ကုသရာ ဘာသာမခွဲခြားဘဲ သုံးစွဲနေကြသူများ ပျောက်ကင်းကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ယခု စာရေးသူက ဆေးလည်းဆေး၊ ဆေးလည်းအစာဖြစ်သော ဟင်းမည်တစ်မျိုးကို ဖော်ပြပါမည်။

ခြံစည်းရိုးတွင်မစိုက်ရဘဲ အလေ့အကျေက်တတ်သော အောင်ဗလ သူသော ကြက်ဟင်းခါးပင်သည် အသီးအပွင့်များ လက်မအရွယ်လောက်သာရှိပြီး ဖူးတို့ ငါး၊ ပုစွန်တို့ဖြင့် ကြော်စားချက်ပြုတ်ရာတွင် ဟင်းလျာတစ်ခွက်အနေဖြင့် ထမင်းမြိန်စေပါသည်။ စာရေးသူ ရထားလိုင်းဝင်းထဲတွင်နေစဉ်အခိုန်အခါက ဆရာဦးတင်ရွှေပြောသောစကား တစ်ခွန်းကို ပြန်လည် ကြားယောင်မိပါသည်။

"ငါ့တပည့်၊ မင်းကို ငါအားဆေးတစ်လက်ပေးမယ်။ ငါပေးမယ့်ဆေးက ငွေလည်းမကုန်ဘူး။ မင်းတို့က ဟင်းသီးဟင်းရွက်အသီးအနှံကြိုက်တော့ ပိုပြီး အဆင်ပြေတာပေါ့။ အောင်ဗလကြက်ဟင်းခါးအညွှန့်ကို လက်တစ်ဆုပ်စာ လောက်ရအောင်ရှာ။ ပြီးတော့ ရေစင်အောင်ဆေးပြီး ကြက်တညှင်ဥ (၂) လုံးနဲ့ ကြော်စား။ ယောကျ်ားတွေမှာ ကုန်ခန်းသွားတဲ့အား (၃) ရက်စားရုံနှင့် ပြန်ပြည့်လာတယ်။ ဆေးရုံဆင်းပြီးခါစ လူမမာများအတွက်တော့ အားဆေးတစ်လက်ပေါ့ကွာ"

ဟု ဆရာဦးတင်ရွှေကဆိုပါသည်။ စာရေးသူလည်း ခါးကြောညပ်သောဝေဒနာဖြင့် ရန်ကုန်တွင် (၂) ကြိမ်ဆေးရုံတက်ရသဖြင့် ပိန်ခြောက်၍သွားပါသည်။ စွေးကြီး၍တန်ဖိုးမနည်းသော ဆေးဝါးများကိုသုံးပါသော်လည်း အားကထင်သလောက်မတက်။ ဆရာဦးတင်ရွှေပြောသောဆေးနည်းကို လက်တွေ့အသုံးချကြည့်သောအခါတွင် ထမင်းမြိန်ရုံက်စွာစားနိုင်လာပါသည်။ အောင်ဗလကြက်ဟင်းခါးအရွက်အညွှန့်သည် နွယ်တက်အပင်မျိုးဖြစ်သလို ရိုးရိုးကြက်ဟင်းခါးထက် ဆေးဖက်ဝင်ပါသည်။ ငါးပိတို့စရာအဖြစ်လည်း လူတို့ခြံစည်းရိုးဟင်းရွက်အဖြစ် အသုံးပြုကြပါသည်။ ငါးပိနှင့်ကြက်ဟင်းခါးရွက်သည် သွေးတိုးသမားများအတွက် အသုံးမပြုသင့်ပါ။ မလိုလားအပ်သောသွေးများတိုးပွားတတ်သောကြောင့် ဖြစ်ပါသည်။ ကြက်ဥနှင့်ကြက်ဟင်းခါးရွက်သည် သွေးအားနည်းသူတို့အတွက် အသင့်တော်ဆုံးဖြစ်သလို လူတိုင်းစားသုံးသင့်ပါသည်။ တစ်လလျှင် သုံးကြိမ်မျှစားသုံးပေးခြင်းဖြင့် ကုန်ခန်းသွားသောအားများပြည့်တင်းလာပြီး ငွေကုန်ကြေးကျများသော အားဆေးပုလင်းကြီး၊ ပုလင်းငယ်များ အသုံးပြုရန်မလိုပါ။ စာရေးသူ၏ ကိုယ်တွေ့အားဆေးတစ်လက်လည်းဖြစ်ပါသည်။

ဒိုလ်ကျော်(ဧရာမြေ)

ပြောရက်တော့ပါ။ အမေနေကောင်းပြီ၊ မင်းအမေဘာမှမဖြစ်စေရဘူး။ ဆရာမကြာရပ်ခံပြီးပါပြီဟူသော ဆရာအသွင်၏စကားသံကို ချက်ချင်းပြန်ကြားယောင်ပြီး ဆရာအသွင်ရှိရာဘက်သို့ သက်အုပ်ချီ၍ကန်တော့နေလိုက်ပါတော့သည်။

"ဟဲ့ - လူလေး၊ ဘာလုပ်တာလဲ"

"ဆရာ့ကိုလှမ်းကန်တော့နေတာပါအမေ"

"ဩော်"

အမေ ဘာမှမပြောတော့။ စွေးဆက်ရောင်းနေ၏။ ကိုကောင်းသိန်းက ပိုင်းကူရောင်းနေ၏။ သို့သော် တစ်ယောက်မှ ဝယ်မသွား။ လှိုင်းကြီး ဖောခရစ်ကိုက်ထိုးစများဖြန့်ပုံသွားသည်သာ အဖတ်တင်၍ ပြန်ခေါက်နေရ၏။ လူတွေထပ်ဝင်လာ၏။ မရောင်းရ။

"ဒီနေ့ဘာဖြစ်တယ်မသိဘူး"

ညဘက်ထမင်းစားကြရင်း အမေပြောလိုက်သည်နှင့် ကျွန်ုပ်လည်း နားထောင်နေလိုက်၏။

"ဒီလိုတစ်ခါမှမဖြစ်ဖူးဘူး။ ဘယ်နေ့ခင်းပိုင်း၊ ညနေပိုင်းဆိုတာ အနည်းဆုံး လေးငါးခြောက်ထောင်ဖိုးရောင်းရနေကျ။ ဒီနေ့ဘာဖြစ်တယ်မသိဘူး"

နောက်နေ့ ပိုဆိုး၏။ လူပါမဝင်တော့။ အမေသည် ဘုရားစာများတတွတ်တွတ်ရွတ်လိုက်၊ လှိုင်းကြီးကိုက်ထိုးပုံများကို လက်နှင့်ပုတ်လိုက်လုပ်နေသော်လည်း လူမဝင်။

"ကိုမောင်သန်း၊ ဒေါ်လေး စွေးဦးမပေါက်တာ သုံးရက်ရှိပြီနော်။ ခင်ဗျားဘီလူးကြောင့်ဖြစ်မယ်၊ ကြည့်လုပ်ဦး"

"ဟုတ်လား"

"အေး-အဲဒါကျွန်တော်ပြောမလို့။ ကြည့်လုပ်ဦး၊ ကြည့်လေ ရှင်းနေတာပဲ။ လာတယ်၊ ဝယ်တယ်၊ ပြီးတော့ တောင်ပြောမြောက်ပြောနဲ့ ပြန်ပေးသွားတယ်။ ဒေါ်လေးမို့ပေါ့၊ တခြားလူဆို သတ်ကုန်ပြီ ကြည့်လုပ်ဦး"

လူလေး"

"ဗျာ"

"အမေလာဘ်တွေပိတ်လိုက်တာသားရယ်။ ပြီးတော့ ငါ့သားကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့"

"အမေ့ဆီလာဝယ်တဲ့လူတွေက စွေးဝယ်နေရင်းကနေ အမေ့ကိုကြည့်ပြီး တကယ့်ရန်သူကြီးလိုပဲ။ ဘာဖြစ်တယ်မသိဘူး။ ထူးဆန်းတာက ညညဆိုတောက်ခေါက်သံကြီး ကြားကြားနေရတယ်။ ယောကျ်ားကြီးတစ်ယောက်တောက်ခေါက်သံပဲ။ အမေဆို အဲဒီအသံကြီးကြားရင် ကြက်သီးတွေတောင်ထတယ်။ သားဘာတွေလျှောက်လုပ်လာလဲ။ အမေနေရတာလန့်တောင်လာပြီ"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့သည့်နှစ် ကိုင်းမြေနုကျွန်းပေါ်ပေါ်လာသည့်မြေက တန်ဆောင်မုန်း၊ နတ်တော်လကုန်ရက်မှာ ပေါ်လာသည်။ မြေက မြေနုရွှဲနုနုန်းလတာမြေ၊ မြစ်ညာဒေသဆီက မြစ်အတွင်းစီးဝင်သည်။ ချောင်းတို့မှ မျောပါလာသည့် နွံနှစ်တို့ စုပုံကျလာခြင်း ဖြစ်သည်။ ရွာဘက်ကွင်းပြင်ကလည်း ရေစီးရေသာခို သဖြင့် မြေကပေါ်လာသော နုနုန်းလတာပြင်၊ မြေအရှည်က တစ်လံတစ်မောင်း မြေနုကရှည်သည်။ မြေပေါ် ခါစ လူ၊ ကွဲ၊ နွားတို့ လုံးဝဆင်းလို့မရအောင်ပင် နွံကွဲကာ တွေ့ရသည်။ ထိုကဲ့သို့ နွံကြောရှည်သည့် ကွဲ၊ နွားဆင်းကာ ထွန်ယက်စိုက်ကြလို့မရသည့် နုနုန်းလတာမြေပေါ် အဓိက အခြံနီမီရာသီမီ ကြဲချစိုက်ပျိုး၍ရသည့်သီးနှံကိုသာ စိုက်ပျိုးရသည်။

မြေအစိုဓာတ် မကြောက်သည့် လူး၊ ပဲရင်း၊ စမုန်၊ စမုန်ဆိုရာတွင်လည်း စမုန်မျိုးငါးပါးအပါအဝင် စမုန်ဖြူ၊ စမုန်နီ၊ စမုန်နက်၊ စမုန်စပါး၊ စမုန်ညိတို့နှင့် မုရင်းစပါး စသည့် အစိုဓာတ်မကြောက်သည့် သီးပင်စားပင်တို့ အဓိကထားစိုက်ကြရသည်။ မုရင်းစပါး၊ လူးတို့အားလည်း နုနုန်းထဲသွားကာကြဲပက်ရသည်။ ရာသီခို့နီမီသည့်၊ ရာသီစောသည့်နှစ်တို့တွင် ကုလားပဲ၊ ပဲတော်တို့အားလည်း ကြဲပက်၍သော် လည်းကောင်း၊ မတ်ပဲတို့အားလည်း စူးထိုးထွန်ထယ်တို့နှင့် ကွဲ၊ နွားတို့ရခို့နီစောင့်ကာ စိုက်ကြကြသည်။ တစ်နှစ်တစ်ရာသီပေါ်လာသည့်မြေဖြစ်၍ မြေကလည်းကောင်းပြီး ဘယ်သူမှ လက်လွတ်မခံကြဘဲ ကိုယ်စိတ်ကူးတည့်ရာ အသီးအပင်တို့အား စိုက်ကြကြသည်။ နှမ်း၊ နွားစာပြောင်း၊ ကွဲ၊ ပဲနောက်တို့ စိုက်ကြသူလည်းရှိသည်။ ထို့သို့ကြစိုက်ကြရာတွင် ပဲနောက်၊ ပဲတီစိမ်းကြသူတို့ တို့တွဲလကတည်းက လက်ထိုးစူးထိုးစိုက်ကြသော်လည်း မြေအစိုဓာတ်နှင့် နှင်းဓာတ်တို့ရှိနေသောကြောင့် ပဲနောက်လည်း အပင်လောက်လားလား မဖြစ်ထွန်းဘဲ အစိုကိုက်ပိုးကျတာ အပင်ငယ်ငယ်နှင့် သေပျောက်ကာသွားသည်။

အခြားပဲရင်းပဲတော်စိုက်ကြသူတို့လည်း မြေအစိုဓာတ်များကအပင်ပေါက်လာပြန်တော့လည်း သန်သန်မာမာမဟုတ်။ နောက်တော့ သေကုန်သည်။ စားတော်ပဲကြသူတို့အဖို့၌ နွံထဲခဲရာခဲဆစ်ကြပက်ရပေမယ့်လည်း ဟင်္သာအုပ်၊ ဘဲရိုင်းအုပ်တွေကျလို့ အခြို့အခင်းတွေ နှစ်ခါပြန်၊ သုံးခါပြန်ကြပက်ရသည်။ ကြဲသမျှမျိုးစေ့တွေ ညဘက် ဟင်္သာ၊ ဘဲရိုင်းတွေ ကောက်တာနှင့်ပင် အပင်ဖြစ်ထွန်းခွင့်မရဘဲ မျိုးပါဆုံးရသည်။ ပန်းနှမ်းကြဲသူတို့လည်း ထိုနည်းတူပင် ငှက်ကောက်သဖြင့် မျိုးသာသာပြန်၍ရသည်။ပဲတော်ကြပက်သည့်အခင်းတို့နေရာတွင် နောက်ပိုင်း အစားထိုးဝင်ရောက်လာသည်။ ပေါင်းပင်တို့မှာ ပုရစ်စာပင်၊ မြေဩဇာပင်၊ ကိုင်းပင်၊ ကျူတော၊ ကုလားနံနံပင်၊ ကုလားမုန်လာပင်၊ ပိတ်စွယ်၊ ဝက်ကြိမ်တော၊ ကြိတ်မှန်ပင်တို့ မြေပြင်အနှံ့ နေရာယူကာ တောကြီးအတိုင်းဖြစ်လာသည်။ အကြီးထွားနှုန်းမြန်သည်။ ကိုင်းပင်၊ ကျူပင်တို့တောထကာ လူတစ်ရပ်တသီ ချက်ချင်းဖြစ်လာသည်။ ကျူပင်နှင့် ကိုင်းတောက ရွှဲလတာပြင်နေရာအနှံ့ ထူထပ်စွာပေါက်လာတာ တွေ့ရသည်။ ကျူပင်ကျူတောကြီးတွေက လူတိုးဝင်လို့ပင်မပေါက်။ (၁)လ၊ (၂)လ၊ (၃)လရာသီကျော်လာသည်နှင့် ကျူတောကြီးကား လူလက်ခုတ်တစ်ဖောင် (၆)တောင်၊ (၇) တောင်အမြင့်သို့ရောက်ကာ ဟီးထလျက်ရှိသည်။

ကိုင်းမြေနုရွှဲလတာပြင်မြေကောင်းမြေရှည်ပေမယ့်လည်း မြေစိုဓာတ်များခြင်း၊နောက်ကျမှပေါ်ခြင်း၊အခြားပေါင်းမြက်တို့ပေါက်ရောက်ကာ များလွန်း၍ စိုက်ကြသည်။ သီးနှံပင်တို့မဖြစ်ထွန်း ပေါင်းစားကာ ကျူတောတွေဖုံးသွားရသည်။ရွှဲလတာပြင်မြေရှည်တို့တွင် မုရင်းစပါး၊ လူးစမုန်တို့ကလွဲလျှင် အခြားသီးပင်တို့အချို့က ပိုကြောက်သလို အခြို့သောသီးပင်တို့ ကြပက်စဉ်ကပင် ငုတ်အန္တရာယ်ကမလွတ်။ ငှက်ကောက်၍ မျိုးဖိုးဆုံးတာ အဖတ်တင်သွားရသည်။ ပေါင်းမြက်ပင်တို့အား စမုန်၊ မုရင်းစပါး လူးတို့လည်း ကြောက်တာတွေ့ရသည်။ ပေါင်းရှင်သည် အသီးအပင်လိုတော့ အပင်ဖြစ်နှုန်း၊ အသီးနှုန်း၊ အထွက်နှုန်း မကောင်းတာတွေ့ရသည်။

ထိုနှစ်က အခြားသူများ ပဲရင်းစားတော်ပဲ၊ ပဲနောက်တို့ စူးထိုးစိုက်ကြသူတွေမျိုးဆုံးကြသည်။ ကျွန်တော်ကတော့ အများသူငါမကြစဖူးတဲ့ အသီးအပင်ကို စိုက်သည်။ အခြားအသီးပင်မဟုတ်။ စမုန်ဖြူတွေဝယ်လာပြီး လတာပြင်မှာ တာရာခွက်အားကိုးပြီး ဖော့နင်းကာ နွံနွံထဲ တရွှေ့ရွှေ့ခဲရာခဲဆစ်သွားကာ စမုန်ဖြူတွေ ရေလိုက်ကြပက်လိုက်သည်။ စမုန်က အခြားအစေ့အသီးအနှံ့တွေလို့ ကြွက်မစား၊ ငှက်မကောက်တော့ အပင်စေ့ကျင်းစေ့ပေါက်သည်။ အထူ၊ အပင်သာကွာသည်။ နုနုန်းလတာပြင်မှာ စမုန်က ဖြစ်ထွန်းတာ တွေ့ရသည်။ ယခင်လွန်ခဲ့သည့် (၁၀)နှစ်၊ (၁၅)နှစ်ဝန်းကျင်ကလည်း စိုက်ကြခဲ့ဖူးသည်။ ပေါင်းပင်မြက်ပင်တွေကိုတော့ အတတ်နိုင်ဆုံး ပေါင်းသင်ပေးရသည်။ အကြောက်ဆုံးက ကျူပင်ကျူတောပေါင်းပင်ဖြစ်သည်။ ပေါင်းသင်ရင်းပင် စမုန်ခင်း အချို့နေရာ ကျူတောက စီးလာတာကြုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ဒေါင်(စလေ)လင်း

မစား(ရ)ငရဲကံ

ဒီနှစ် ရွှံ့လတာပြင်ပက်ကြားမြေ ကြိုက်ကြသည့် သီးပင်စားပင်၊ ပဲ၊ ပဲရင်း၊ ပဲတီစိမ်း၊ ကျဲ၊ ပဲ၊ နှမ်း ကြူတွေ အရင်းမျိုးပြန်နှင့် မျိုးဖိုးဆုံးသူ များသော်လည်း ကျွန်တော်စိုက်ကြ စမုန်ဖြူကတော့ ထင်ကြေးပေါက် သည်။ တပေါင်းရေ တန်ဆူးရေ ကဆုန် လာသည့်ရေတို့လွတ်ကာ အပြီး ရိတ်သိမ်းနိုင်ခဲ့သည်။ အခင်းလည်း ပြီး (၅)ရက်နောက်ပိုင်း ကဆုန်လ ကူ ရုတ်တရက် မြစ်ရေတရကြမ်း တိုးကြမ်းလာလို့ စမုန်ကြစိုက်သည်။ အခင်းပြင်တွေအားလုံး ရေမြုပ်ကုန် သည်။ သို့သော် စမုန်ခင်းတွေအားလုံး မသိမ်းပြီးဖြစ်၍ ကံကောင်းထောက်မ သည်ဟု ဆိုရမည်။ ရိတ်ပြီးမှရေမြုပ်သွား သောကြောင့်ပင် ဖြစ်သည်။ စမုန်ပင် သက်တမ်းက အနည်းဆုံး (၄) လခွဲ (၅) လကြာ သက်တမ်းရှည်ကြာလို့ မြစ်ရေ မလွတ်နိုင်ဟုထင်ခဲ့သော်လည်း ရေလွတ် သွားခဲ့သည်။ စမုန်တင်း (၅၀)၊ (၆၀) ရလိုက်သည်။ စမုန်ပင်ဖတ်အမှော်ရိုး တွေက ကျူတောကိုင်းမြေပက်ကြားတော့ ရေသာခိုသည့် ဒီလိုနေရာမျိုးတွင် ပွစာ ကြ၍နေသည်။ ဟိုနေရာတစ်ခင်းဒီနေ ရာတစ်ကွက် မှော်တွေကလည်း ဟိုတစ် ပုံဒီတစ်ပုံ ကွင်းပြင်အနှံ့ နေရာတိုင်း ကျူ တောကိုင်းတောအကြားရှိနေသည်။

တစ်ညနေတွင် စမုန်အစေ့ထုတ် ပြီး အပင်ဖတ်အပုံမှော်ဖတ်တို့အားကြည့် ကာမေးလာသူက မရိမြ။ သူတို့မိသားစု က ရွာမှာနေပြီး ရေလုပ်ငန်းကိုလည်း လုပ်ကိုင်နေသူများ ဖြစ်သည်။ သူတို့ မိသားစုအဖို့ ရေလုပ်ငန်းကို မီးမိုးဖလာ လုပ်ငန်းတစ်ခုလို ဘိုးဘွားအစဉ်ဆက် လုပ်ကိုင်လာတာလည်း ဖြစ်ပါသည်။ အခုလည်း မရိမြတို့၊ ကိုပုတို့ ငါးဖမ်းလုပ် ကိုင်လာတာ သူတို့အသက်နှင့်အမျှပင်။ အသက်ကလည်း (၄၀)ကျော်ဝန်းကျင်။ လင်မယားနှစ်ယောက်စလုံး သက်တူ ရွယ်တူ။ အိမ်ထောင်သက်ကလည်း နှစ်နှစ်ဆယ်ကျော်ဆိုတော့ မွေးလာ သည့် သားသမီးကလည်း ပုစုခရုလေး တွေ (၇)ယောက်ရှိတာသိရသည်။ ကိုပု၊

www.burmeseclassic.com

www.burmeseclassic.com

မမြရီတို့မိသားစု ရေလုပ်ငန်းသုံးပစ္စည်းလက်နက်ကိရိယာတွေက ပိုက်ဆိုလျှင်လည်း နောက်ဆုံးပေါ် သုံးထပ်ကြာဆံဒိုင်သင်းကြည်ပိုက်မှစ၍ ပိုလိုက္ခါမရှိတဲ့ ပိုက်ဆိုတာမရှိ။ ဒီမျှပင် လက်နက်ကိရိယာတောင့်သည်။ သည်လို ငါးဖမ်းကိရိယာစုံတာတောင် အချို့လရာသီမှာ ငါးရှာမရ။ လှေဦးခြောက်တဲ့အခါကြုံရသည်။ ဒီတော့လည်း ရာသီမရွေး အသုံးတည့်မည့်ပိုက်မျိုးစုံအောင်ထောင်ထားတာမဆန်းတော့။

နောက်နေ့တွေ ပြန်တော့ မရီမြက -

"စမုန်တွေပြီးပြီလား"

"ပြီးလုပါပြီ။ ဒီတစ်ရက်၊ နှစ်ရက်ဆုံရင် အခင်းအကုန်လုံးသိမ်းပြီးပါပြီ"

"စမုန်တွေပုတ်ပြီးပြီလား"

"ပုတ်ပြီးရင် ဘာလုပ်မလို့လဲ"

ဟု ကျွန်တော်ကမေးလိုက်သည်။

"စမုန်တွေအစေ့ထုတ်ပုတ်ပြီးရင် စမုန်ဖတ်၊ စမုန်မှော်တွေမီးရှို့ပစ်ချင်လို့ မေးတာ"

"စမုန်ဖတ်တွေ ဘာဖြစ်လို့မီးရှို့ရတာလဲ"

ဟုမေးရာ -

"စမုန်ဖတ်တွေရှိတော့ စမုန်ဖတ်မှော်တွေ ငါးတွေကစားပြီး အဲဒီငါးတွေလူတွေစားရင် ငါးကစမုန်စော်နံမှာစိုးလို့။ စမုန်နံ့နံ့ရင် ငါးစွတ်စားလို့မကောင်းမှာစိုးလို့"

ဟု ဆိုပါသည်။

မရီမြပြောတာ ဖြစ်နိုင်ပါသည်။ စမုန်အရွက်၊ မှော်၊ အသီးမှော်တို့အတွင်း ပိုးကောင်ငယ်တို့ကား အများအပြားပါတာတွေ့ရသည်။ ပင့်ကူအစ ပုရစ်အဆုံး ပိုးမွှားအကောင်ငယ်တို့အား အများအပြားပင် မြင်တွေ့ရသည်။ ဒီပိုးကောင်တို့နှင့် စမုန်ပင်ဖတ်မှော်တို့ကား ရောထွေးယှက်တင်။ ကုန်းပေါ် နှမ်းထောင်ထဲက ပိုးနှဲလိုအကောင်ငယ်တွေက စုပြုလျက်ရှိသည်။ စမုန်တွေအစေ့ထုတ်ပုတ်ချိန်ကလည်း အများအပြားတွေ့ရသလို ပုတ်ဖတ်တွေထဲမှာလည်း ပိုးကောင်ငယ်တို့က သောက်သောက်လဲ။ မြစ်ရေတက်လာတာနှင့် စမုန်ဖတ်တို့ ရေထဲမျော၊ ပိုးကောင်တွေလည်း စမုန်ဖတ်တို့နှင့်အတူ ရေထဲမျော ငါးတို့ကစားကြ။ ပိုးကောင်ငယ်တို့အား ငါးကထိုးဟပ်ရင်း စမုန်ဖတ်တို့ ငါးတို့ပါးစပ်ထဲပါသွားလို့ ငါးတွေ စမုန်စော်နံတာမဆန်း သဘာဝကျသည်။

ကိုပု၊ မရီမြတို့က ငါးတွေ စမုန်အမှော်အဖတ်တွေစားလျှင် စမုန်စော်နံမှာစိုးလို့အကြောင်းပြပြီး မြစ်ရေတက်လာချိန် ကျူတောထဲ စမုန်ဖတ်မှော်တို့ ရှုပ်ယှက်ခတ်နေလို့ ပိုက်တန်းလို့မရမှာစိုးရိမ်တာလည်းပါသည်။ ဒီတော့ မြစ်ရေမတက်မီ စမုန်ပုတ်ဖတ်တို့အား မီးရှို့ပစ်ဖို့ မေးခြင်းဖြစ်သည်။

နောက်သုံးရက်မြောက်နေ့မှာတော့ ကိုပု၊ မရီမြတို့လင်မယားနှစ်ယောက် ကျူတောစပ်လေ့ကပ်ပြီး စမုန်မှော်တွေ မီးရှို့နေတာမြင်ရသည်။မီးကား ညဉ့်အတော်နက်မှငြိမ်းသွားသည်။ နောက်နှစ်ရက် အကြာမှာတော့ မြစ်ရေလည်းအတိုးကြမ်းလာလို့ စမုန်ပုတ်ဖတ်အချို့ မီးမရှို့ရဘဲ ရေထဲနစ်မြုပ်ကုန်တာတွေ့ရသည်။

ကိုပုတို့လင်မယားကတော့ စမုန်ဖတ်တွေ အကုန်မီးမရှို့လိုက်ရလို့ စိတ်မကောင်းဖြစ်နေမှာ အမှန်ပင်။ ငါးတွေစမုန်နံနံ့မှာထက် သူတို့ပိုက်ချက်မှာ စမုန်ပင်ဖတ်တွေရှုပ်ယှက်ခတ်လို့ ပိုက်တန်းမရမှာစိုးလို့ပင် ဖြစ်သည်။

နောက်ရက်တွေ မြစ်ရေတိုးကလည်းကြမ်းလာသည်။ ကိုပု၊ မရီမြတို့လင်မယား စမုန်တွေအကုန်လုံးမီးမရှို့လိုက်ရသဖြင့် ကျွန်တော်အလွန်ဝမ်းသာသည်။ အခြားမဟုတ်၊ စမုန်ပင်စမုန်မှော်ထဲပေါက်ပွားနေသည်။ ပိုးကောင်ငယ်အချို့ကာ ရိတ်သိမ်းချိန်ကပင် သောက်သောက်လဲတွေ့ရသည်။ ထိုအကောင်ငယ်တို့ မီးမရှို့လိုက်ရတော့ အသက်ဘေးက ဘေးလွတ်ရာပုံသန်းပြေးလွှားနိုင်ကြသည်။ ထိုအချက်ကိုပင် ကျွန်တော်ကဝမ်းသာမိသည်။မီးတင်ရှို့လျှင် ပိုးကောင်ငယ်တို့အားလုံး သေကျေပျက်စီးရမည်။ ကိုပုတို့လင်မယားအကြောင်းပြချက်က ပိုက်ချက်မှာ စမုန်မှော်တွေရှုပ်မှာစိုးရိမ်တာလည်းပါသည်။

ကျွန်တော်ကတော့ သူတို့အရင်မေးကတည်းကပင် -

"အခင်းထဲပိုးကျလို့ ဆေးပက်ရတာက မဖြစ်မနေမတတ်သာလို့ပက်ရတာ။ ဒီလို အကြောင်းမဲ့ ပိုးကောင်တွေ အသက်သေရမယ့် အရိုးအမှော်ပုံကို မီးရှို့ဖို့ကတော့ ဝေလာဝေးပါပဲ။ သူအလိုလိုမြစ်ရေတက်ရင် မျောပါသွားမှာ မင်းတို့ရှို့ချင်ရှို့"

ဟု ပြောလိုက်ခြင်း ဖြစ်သည်။

တောမီးတစ်ကွက်တံငါတစ်သက် တောတောင်တွေမီးရှို့မီးလောင်တဲ့တစ်ကွက် တစ်နေရာမှာပင် သေကျေပျက်စီးကြရသည်။ ပိုးမွှားတိရစ္ဆာန်သတ္တဝါကတံငါရေလုပ်ငန်းတစ်သက်လုပ်ကိုင်သတ်ဖြတ်ခဲ့သည်။ သူအသက်ပေါင်းများစွာနှင့်ညီသည်ဟုဆိုကြသည်။ တောမီးတစ်ကွက် တံငါတစ်သက်ဆိုတဲ့စကား ကိုပုတို့လင်မယား မကြားဘူးဘဲနေမည်မဟုတ်။ စကား၏ အဓိပ္ပာယ်အား ဂဃနဏာသေချာမသိတာလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့်လည်း တောမီးတစ်ကွက်ပမာ အသက်ပေါင်းများစွာပါသည့်စမုန်ပင်ဖတ်မှော်တို့အား မီးရှို့မီးတိုက်နေခြင်းဖြစ်လိမ့်မည်။

စမုန်ပင်ဖတ်တို့အားလုံး မီးရှို့မီးတိုက်နေ၍လည်း ဒီနေရာဝန်းကျင်တစ်ပိုက် ရေသာခိုသည့်၊ ပိုက်ချက်ကောင်းသည့်နေရာတစ်ပိုက် သူတို့တစ်ဦးတည်း ပိုက်စားကျက်ချ၊ ပိုက်တန်းရမည်။ ဒီနေရာဝန်းကျင်တစ်ပိုက် ငါးကြီးငါးငယ်တို့အား သူတို့ပိုက်ချဖမ်းယူလို့ရနိုင်မလဲလား။ ဤသို့လည်း လုံးဝမဖြစ်နိုင်ပါ။

ထိုနေရာဝန်းကျင်တစ်ပိုက်ကား သူတို့လိုဘဝတူရေလုပ်သားအများလည်း သူတို့နည်းတူ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ပိုက်ချငါးဖမ်းကြဦးမည်ကား မလွဲဧကန်ပင်ဖြစ်သည်။

ညနေရီနေခြည် ထန်းတစ်ဖား ရောက်တာနှင့် ဧရာဝတီမြစ်ကြီးအား ကျော်ဖြတ်ကာ လှိုင်းလေထန်လည်းမမြဲ မြစ်တစ်ဖက်ကမ်း ကိုင်းတော ကျူတော စပ် ပိုက်ချက်ကောင်းရာနေရာဆီသို့ရွက်ဖွင့်၍တစ်မိုး၊ ဟွန်ဒါအင်ဂျင်နှင့်စက်တဲထားသည့် ဂျလိုခေါ်တဲ့ စက်တပ်ငါးဖမ်းလှေလေရေလုပ်သားအချို့ကား မြစ်ပြင်အား အလှိုလှိုက္ခုးဖြတ်ကာလာနေကြပြီဖြစ်သည်။မြစ်ရေကျချိန်က စမုန်ခင်း၊ ရိုးပြတ်တော၊ ကျူတော၊ ကိုင်းတောစပ်ကြား ရေသာပြင်မှာ သူထက်ငါ ပိုက်ချငါးဖမ်းဖို့လာနေကြ၊ ပိုက်ချပိုက်တန်းနေကြမဟုတ်ပါလား။

ရေလုပ်သားများအဖို့ ငရဲနှင့်ဝမ်းစာနီးရာလှမ်းကြရသည်ဆိုငြား အခြားသောရေလုပ်သားတို့အဖို့ တံငါတစ်သက်ဆိုသော်လည်း ကိုပုတို့၊ မရီမြတို့ထဲမယားအဖို့တော့ တောမီးတစ်ကွက်အပိုသက်သက် မစားရ ငရဲက် အသက်ပေါင်းများစွာသေကျေပျက်စီးရသည်။ငရဲက်အားခံရပေဦးမည့်အခြားသူတို့တွေးမြင်မိမည်ကား မဟုတ်ပါလော။

နေအောင်လင်း(စကော)

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆရာကြီးဦးဌေးကိုင်၏ 'နှစ်ဆောင့်ပြိုင်' ကြော်ငြာနှင့် အောဝ်ရုပ်စုံမှုက်နှာဖုံးပုံ

ကိုတိုး(ရန်ကုန်)

ပိုလ်မှူးကလေးတစ်ယောက်၏ဖြစ်ရပ်ဆန်း

သို့မဟုတ်

တစ်ချိန်က အောဝ်းဖလင်၏ နစ်ဆောင့်ပြိုင်ဇာတ်ကားကြီး

မြန်မာ့ရုပ်ရှင်လုပ်ငန်းပေါ် ပေါက်ဆည်မှာ ယခုအခါတွင် နှစ်ပေါင်း(၉၀) ကျော်တိုင်ပေပြီ။ လာမည့်၂၀၂၀ပြည့်နှစ် မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်ပေတော့ မည်၊ မြန်မာ့ရုပ်ရှင်ပေါ် စမှ ယနေ့၏ ရုပ်ရှင်လောကတွင် ရပ်တည်ခဲ့သည့် ကုမ္ပဏီတို့တွင် (မြန်မာအဆွေ) အောဝ်း ရုပ်ရှင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အောဝ်းဖလင်ရုပ်ရှင်၏ မူလပထမ မြန်မာအဆွေကုမ္ပဏီနှင့်ရုပ်ရှင်ပညာရှင် (ဖခင်ကြီး) များဖြစ်ကြသော ဦးတင်နွယ်၊ ဦးညီပု၊ ဦးမောင်မောင်စိုး၊ ဦးတင်မောင်တို့သည် မြန်မာ့ရုပ်ရှင်နှင့် ပတ်သက်၍ ကြိုးစား ကြံစည်ခဲ့ကြသူများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





ခရစ်နှစ် ၁၉၃၃ ခုနှစ်တွင် မြန်မာအဆွေကုမ္ပဏီ၊ မြန်မာအဆွေရုပ်ရှင်မှ (အေဝမ်းဖလင်) ဟူသော အမည်ဖြင့် ရုပ်ရှင်ကို သီးခြားကုမ္ပဏီတစ်ခုအနေဖြင့် ထားရှိခဲ့ပါသည်။

မြန်မာအဆွေအေဝမ်းကို ဦးတင်နွယ်က ဦးစီးရ၍ ဇာတ်ကားများကို ရိုက်ကူးစေခဲ့ပါသည်။ ၁၉၂၃ ခုနှစ်တွင် တောမြိုင်စွန်းက လွမ်းအောင်ဖန်မှစ၍ သကုဏ္ဍာလ၊ သမိုင်းညွှန်ပေါင်း၊ ကြယ်တာရာ၊ မြကြေးမုံ၊ ရွှေ၊ မင်းကတော်၊ ဝေဘူစံ၊ ငွေပေးလို့မရ၊ မြဂနိုင်၊ ကြင်သက်ဝေ၊ မြမျက်ချယ်၊ အောင်သပြေ၊ ချစ်စနိုး၊ စန်းရောင်ရှင်၊ ပြဒါးရှင်၊ ဖူးစာရှင်၊ ဂုဏ်မြင့်သူ၊ မြအေးယဉ်၊ စိမ်းရွှေရွှေ၊ ဒွေးညီနောင်၊ သံခမောက်၊ နီလာရောင်၊ ချစ်မယ်ဆို၊ နှစ်ဆောင်ပြိုင်၊ ရတနာနတ်မယ်၊ မိုးကြိုး၊ ဝိဇ္ဇာမ၊ မိန်ရာသီ၊ မြားနတ်မောင်၊ တစ်လိမ်နှစ်လိမ် စသည့် အေဝမ်းအသံတိတ်၊ အသံထွက်ကားများဖြင့် အေဝမ်းတစ်ခေတ်ဖြစ်ခဲ့လေသည်။

အထက်ဖော်ပြပါ အေဝမ်းအသံတိတ်၊ အသံထွက်ကားများအနက် ဇာတ်ကားတစ်ကားဖြစ်သော ဒါရိုက်တာ ဦးလွန်းဘေ စီမံဖန်တီးသည့် နှစ်ဆောင်ပြိုင် ဇာတ်ကားကြီးကို ဖော်ပြလိုပေသည်။

ရုပ်ရှင်ဇာတ်ကားတစ်ခုကို ပြုစုရိုက်ကူးတော့မည်ဆိုလျှင် အရေးကြီးလိုအပ်သည့်အချက်ကြီးများမှာ -

၁။ ဇာတ်လမ်းကောင်း (ဇာတ်ညွှန်ကောင်း)။

၂။ ဇာတ်လမ်းအလျောက် အချိုးကျစွာသင်ပြည့်နှက်ကြားတတ်သည့် ဒါရိုက်တာ။

၃။ ဇာတ်လမ်းနှင့်ဆီလျော်လိုက်ဖက်သောဇာတ်လိုက်သရုပ်ဆောင်များ

www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖျင်းအားဖြင့် ဤသုံးချက်ကို လက်ဦးတွေ့ ရှိရမည် ဖြစ်သည်။ အသက်ဝိညာဉ်လိပ်ပြာကောင်များ ဖြစ်ကြသည်။ မကောင်းခြင်း၊ ရှောခြင်း၊ ညစ်ခြင်း၊ လူကြိုက်နည်းခြင်း ဆိုသည်မှာ အဆက်ပါသုံးခု မည်ညွတ်နိုင်မှု၊ ချွတ်ယွင်းမှု မပြည့်စုံမှု စသော အကြောင်းတို့ကြောင့်သာလျှင်ဖြစ်ရလေသည်။

ဇာတ်ကွက်ဇာတ်လမ်းအဘယ်မျှပင် ထိပ်တန်းကျ ကောင်းမွန်နေသော်လည်း ဒါရိုက်တာညံ့လျှင် လည်းကောင်း သို့မဟုတ် ဇာတ်လမ်းအလိုက် ဆီလျော်အောင်မရိုက်နိုင်လျှင် လည်းကောင်း၊ ဆင်းသိမ်း၊ မင်းသားညံ့လျှင်သော် လည်းကောင်း၊ ဇာတ်ကားကောင်းတစ်ခုအဖြစ် သို့မရောက်နိုင်။ ထို့အတူ ဒါရိုက်တာနှင့် သရုပ်ဆောင်များ မည်မျှပင် နာမည်ကြီးချိတ်သီးကြီးများဖြစ်နေစေကာမူ ဇာတ်အိမ်ဇာတ်ကွက်မှာ ပေါ့ပျက်ပျက်ကလက်တက်တက်ဖြစ်နေပြီးလျှင် အလွန်ယုတ်လျော့တန်၊ မူမမှန်သောဇာတ်လမ်းတစ်ခုဖြစ်နေခဲ့ပါမူ အဘယ်မှာဇာတ်ကားကောင်းဖြစ်နိုင်ပါမည်နည်း။

ယခု ဤနှစ်ဆောင်ပြိုင်ဇာတ်ကားကြီးမှာ -

၁။ မူလဇာတ်သွားကပင် ကောင်းမွန်နေသည့်အပြင် ဦးတင်နွယ်၊ ဦးညီပုတို့ ကြည့်ရှု ခြယ်လှယ် ပြင်ဆင်ထားသဖြင့် ရာလုံးပြည့်ဇာတ်သားပါလှခြင်း။

၂။ ဒါရိုက်တာ ဦးလွန်းဇော်မှာ ရာဇဝင်ဇာတ်တော်ကြီးများနှင့် နာနာဘာဝရုပ်ဖန်ဆင်းမှုများတွင် ထင်ရှားလှသောကြောင့် ဤနှစ်ဆောင်ပြိုင်ဇာတ်တော်ကြီးနှင့် အထူးအဆင်ပြေလျက်ရှိခြင်း။

၃။ မင်းသမီးမေမြင့်မှာ ဇာတ်လမ်းမရွေး၊ ရိုက်ချင်တာရိုက် လိုက်လျောလှ၏။ သူ့အတွက် ဆိုဖွယ်ပြောဖွယ်မရှိ။ မင်းသား မောင်အေးကြူမှာမူ တိုင်းပြည်က ပွဲတောင်းနေသော မင်းသားကောင်းတစ်ပါးဖြစ်သည့်တစ်ကြောင်း၊ ၎င်းပြင် ရာဇဝင်အဆင်အပြင်တို့ဝတ်စားရာတွင် အထူးသဖြင့် လှုပချောညက်၍ စက္ခုအရသာရှိပြီးလျှင် ရှု၍မငြီးနိုင်သောကြောင့် သူ၏တန်အမူအရာတို့မှာလည်း စွဲငြိစရာဖြစ်လှပေရာ ဤဇာတ်ကွက်ကြီးတွင် မင်းသမီး၊ မင်းသားဘက်တွင်လည်း နှစ်သက်ကျေနပ်စရာချည်းသာလျှင် ဖြစ်ပါတော့သည်။

အထူးအဆန်းများ

လူသားစင်စစ်က ဘီလူးကြီးဖြစ်သွားခြင်း၊ မျောက်ကြီးဖြစ်သွားခြင်း ဗြဟ္မာကြီး၊ နတ်ကြီးဖြစ်သွားခြင်းကို အသင်တို့၊ ကျွန်ုပ်တို့ မျက်မှောက်လောကကြီးအတွင်း၌ ယုံကြည်ရန်မှာ အလွန်ခဲယဉ်းနေ**ခဲ့မှ**မည်။

သို့ရာတွင် လောကကြီးကား လောကဆိုးကြီးမဟုတ်။ သူ့ဆန်းချင်တိုင်း ဆန်းကြယ်အောင်ဖန်ဆင်းနိုင်၏။ မည်သည့် အထူးအဆန်းအရာဝတ္ထုမျိုးမဆို

www.burmeseclassic.com

www.burmeseclassic.com

လောကကြီးစက်ကွင်းထဲမှ လွတ်လွတ်ကင်းကင်း တစ်ထီးနေတစ်နန်းသွားဖြစ်ဖြင့် ဖြစ်လေ့မရှိရအောင် လောကကြီးသည် အစဉ်တစိုက် ကြီးကိုင်လျက်ရှိနေလေသည်။ သို့ဖြစ်လျှင် လောကလူတို့ ယုံကြည်နိုင်ခဲလှသော အဖြစ်ထူးအဖြစ်ဆန်းများမရှိဟု မယုံကြည်ဘဲနေအပ်ပါမည်လော။

မယုံကြည်ဘဲမနေအပ်။ လောကကြီး၌ ယုံကြည်ရန် ခက်ခဲလှသည့် မရိုးသားသော အဖြစ်ထူး၊ အကြောင်းအရာဆန်းများ ဇကေန်အမှန်ရှိနေကြောင်းကို မိမိတို့ဉာဏ်၌ သက်ဝင်ယုံကြည်ထားပြီးသောအခါ အောက်ပါ အဖြစ်အပျက်အကြောင်းအရာတို့ကို ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် စိတ်ကူး၍ နဖူးလက်တင် ဆင်ခြင်သုံးသပ်လျက် ဆုံးဖြတ်ကြည့်စေချင်လှကြောင်း။

၁ နှစ်ဆောင်ပြိုင်ဇာတ်လမ်း ၁
ဗိုလ်မှူးကလေးတစ်ယောက်၏အဖြစ်ဆန်း

ညည်းညည်းမှိုင်းမှိုင်း မှိုမှိုဆိုင်းလျက် ရှုတိုင်းသာယာ နတ်မြို့တော်ကြီးပမာ လွန်စွာတင့်တယ်လျက်ရှိလေ၏။ ဆင်၊ မြင်း၊ ရထား၊ ခြေသည်အားဖြင့် လေးပါး အင်္ဂါ ပြည့်ညီညာသော စစ်သည်တော်တို့ဖြင့်လည်း ကေတုမတီ တောင်ဥနေပြည်တော်ကြီးကား တုန်လှုပ်မရအောင် လောကကျက်သရေဆောင်ကြီးဖြစ်လေတော့၏။

ပို့နှင့် လက်၊ ကဗျာ၊ ရတု၊ သီဆို ဖွဲ့နွဲ့မှုတွင် အတုမရှိ ယဉ်ကျေးသာယာလှသော နတ်ရှင်နောင်မင်းသားကလေး၌ ယုံကြည်ကိုးစားအားထားခြင်းရှိသည့် အလျောက် မြောက်စားခြင်းခံရသော ဗိုလ်မှူးကလေးတစ်ယောက်ရှိလေရာ ထို ဗိုလ်မှူးကလေးသည် တစ်နေ့တွင် နယ်လှည့်ထွက်သွားရာမှ ခရီးကွဲပြီးလျှင် ဘုရားကလေးရွာခေါ်သော ဇနပုဒ်တော ရွာကလေးတစ်ခုသို့ ရောက်သွားလေ၏။ (ဘုရားကလေးရွာကား စုန်းကဝေမမှာ နေထိုင်ရာ စုန်းရွာဖြစ်လေသည်။)

ဘုရားကလေးရွာသူကြီးတွင် သမီးချောသမီးလှကလေးတစ်ယောက်ရှိရာ ဗိုလ်မှူးသည် သူကြီးသမီးနှင့် (တောင်ငူဘုရင်မင်းကျိည်နှင့် ငန္ဒဲကုန်းသူကြီးသမီး ခင်ဦးတို့ထုံးနှလုံးသွင်းတော်မူလေလားမသိ) ချစ်ခင်ယဉ်ပါးမိလေ၏။ ဗိုလ်မှူးကလေးမှာ အရွယ်တော်ကလည်း နုနုရွရွပါရုံကလည်း ရှုချင့်စဖွယ်၊ အလွန်တင့်တယ်လှပသူဖြစ်သဖြင့် ဗိုလ်မှူးဆိုသော ဂုဏ်ပုဒ်ကလည်းရှိနေရကား ဗိုလ်မှူးကလေးအား ဝိုင်း၍ချစ်ကြိုက်ကြိတ်ပိုးကြလေပြီ။ ၎င်းတို့အထဲတွင် စုန်းအပျိုးလေးတစ်ယောက်လည်း ပါဝင်လေသို့ရာတွင် ဗိုလ်မှူးကလေးအပေါ်၌ စုန်း၏ ပိုးပန်းချစ်ခင်ခြင်းသည် သူကြီးသမီးအချစ်လောက် ခရီးမရောက်ဘဲရှိနိုင်ရာ အချစ်ကြီးလျှင် အမျက်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဝိုလ်မှူးအား ပြုစားမည်ဆဲဆဲတွင် ဝိုလ်မှူးကို ပိုးပန်းနေသောစုန်းမက ဝင်၍ ကယ်လိုက်သဖြင့် ချမ်းသာရာရသွားလေသည်။ ထိုနေ့မှစ၍ ကဝေမကြီးနှင့် ဝိုလ်မှူးကို ပိုးပန်းသူစုန်းမတို့ မတည့်စေဘဲ ကဝေဂိုဏ်းကြီး နှစ်ဂိုဏ်းကွဲသွားသဖြင့် နေရာတကာတွင် ပညာချင်းယှဉ်ပြိုင်တိုက်ခိုက်နေကြလေတော့သည်။

တစ်နေ့တွင် နောက်ပိုးစုန်းမသည် ဝိုလ်မှူးအား ချစ်ရမည်၊ ကြိုက်ရမည် အတင်းအကျပ် အဓမ္မလုပ်လာလေ၏။ ဝိုလ်မှူးက လက်မခံ။ သူမှာ သူကြီးသမီးနှင့် ချစ်ခင်ပြီးဖြစ်နေကြောင်း ပြောဆို၏။ နောက်ပိုးစုန်းမကား မကျေနပ်နိုင်၊ မကျေချမ်းနိုင်ရှိနေလေပြီး ချက်ချင်းပြန်သွားတော့၏။ အချစ်ကြီးကအမျက်ကြီးသည်ဆိုသည့်အတိုင်း သူကြီးသမီးနှင့် မိမိ၏အချစ်ဝိုလ်မှူးကလေးတို့ ချစ်တင်းမြချို တူနှစ်ကိုယ်စံမြန်နေခြင်းတို့ မလျှစ်မ့်နိုင်အောင် တွေ့တွေ့အချစ်မီးလောင်ကျွမ်းလျက်ရှိနေရကား ဝိုလ်မှူးကလေး မဂ်လာဆောင်မည့်ညတွင် သူကြီးသမီးအား အိမ်မှအရဆိုးယူပြီးလျှင် မိမိပညာစွမ်းဖြင့် ရူးသွပ်အောင်ပြုစားလိုက်လေသဖြင့် သူကြီးသမီးခမျာမှာ ကောင်းရာမှ ရူးသွားရှာလေပြီ။

ဝိုလ်မှူးကလေးမှာ ချစ်သူပျောက်သဖြင့် စိတ်နောက်ကိုယ်ပါ ထင်မိထင်ရာလျှောက်သွားခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့လေ၏။ တစ်နေ့တွင် လမ်းခုလတ်ဇရပ်တစ်ဆောင်၌ ကဝေမများနှင့်တွေ့ရာ ၎င်းတို့သွေးဆောင်ဖြားယောင်းလျက် ကဝေမကြီးထံ ဆက်သကြ၏။ ကဝေမကြီးသည် မိမိတို့၏ ကိုးကွယ်ရာ ဇော်ဂနီနတ်ရုပ်မှ အင်းဆန်ကို ဖြုတ်ယူသည့်သူဖြစ်သောကြောင့် ဒေါသအမျက်ချောင်းချောင်းထွက်ကာ လက်စားချေသောသဘောဖြင့် ဝိုလ်မှူးကလေးအား လူသားစင်စစ်မှသရဲသဘက်ကြီးဖြစ်သွားအောင် ပြုစားလိုက်ပြီးလျှင် ၎င်းတို့၏ဥစ္စာသိုက် (ကဝေသိုက်နန်းကြီး) ကို စောင့်ရှောက်စေလေ၏။ ထိုအခါမှစ၍ တောင်ငူနတ်ရှင်နောင်မင်းသား၏ လက်စွဲတော် ဝိုလ်မှူးသူရဲကောင်းယောကျ်ားမြတ်လေးကား ကဝေမတို့၏လက်ချက်ဖြင့် သိုက်စောင့်သရဲကြီးဖြစ်နေရရှာလေပြီ။

ဇာတ်လမ်းအရ -

မောင်အေးကြူ - ဝိုလ်မှူးကလေး၊ မေမြင့် - သူကြီးသမီးချောအဖြစ်ဖြင့် ပါဝင်ကြရာ မောင်အေးကြူ သရဲဖြစ်သွားခန်းနှင့် မေမြင့်လေးရူးသွားခန်း

ဆိုသောစကားအတိုင်း သူကြီးသမီးနှင့် ဝိုလ်မှူးကလေးတို့ ချစ်တင်းမြချို တူနှစ်ကိုယ်ပျော်ရွှင်နေကြသည်ကို မရှစိမ့်နိုင်ဘဲရှိလေ၏။

ဝိုလ်မှူးကလေးကား သတ္တိပျတ်ထူးခွန်သူတစ်ဦးဖြစ်သည့်အလျောက် ဆေးဆရာကြီးတစ်ဦးသည် ဝိုလ်မှူးကလေးထံလာပြီးလျှင် ဘုရားကလေးရွာစုန်းကဝေမတို့ကိုးကွယ်နေသော နတ်ရုပ်ကြီးမှအင်းတစ်ခုခွာပေးရန် အတန်တန်တိုက်တွန်းနေသည်ကို လက်ခံလိုက်ပြီးလျှင် ဝိုလ်မှူးသည် ဇော်ဂနီနတ်ရုပ်မှအင်းဆန်ကိုတက်၍ဖြုတ်ရန်ကြိုးစားရာ ကဝေမကြီးနှင့်ပက်ပင်းရင်ဆိုင်တွေ့သွား

www.burmeseclassic.com

www.burmeseclassic.com

များမှာ ရုပ်ရှင်ပရိသတ်တို့၏ စိတ်ဝမ်းကို အထူးစွဲလမ်းသွားစေမည် ဖြစ်၏။ လူစင်စစ်မှသရဲဖြစ်သွားစေသော နေရာများတွင် ရှင်းလင်းပြတ်သားစွာအဖြစ်ထူးခြားစေလျက် အံ့ဖွယ်သရဲကိုဖြစ်စေမည့်အပြင် အကြင်သို့သော(မောင်အေးကြူ) ဝိုလ်မှူးသရဲကြီးသည် သရဲအဖြစ်ဖြင့် မည်ကဲ့သို့အမှုထမ်းနေရပုံ၊ သရဲသက်တမ်းဖြင့်ပင် ဇာတ်လမ်းသိမ်းသွားမည်လား သို့မဟုတ် လူသားစင်စစ်မှဖြစ်ရသောသရဲကြီးသည် သရဲဘဝမှတစ်ဖန် လူဘဝပြန်ရောက်လာပြီးလျှင် . . .

သရဲလူထွက်ကြီးများ

ဖြစ်လေမလား စသောအားဖြင့် လူတို့အား ပျင်းရိငြီးငွေ့ခြင်းမရှိစေဘဲ ဦးနှောက်ဓာတ်စာ အာဟာရတည်းဟူသော အဆီ၊ အဥတွေးတောဉာဏ်လုံးတို့ဖြင့် တည်ခင်းကျွေးမွေးလျက် ပျော်ပျော်ကြီး ဧည့်ခံဆက်သထားရာ များစွာစိတ်ဝင်စားဖွယ်ဖြစ်ပေ၏။

လူကဖြစ်သောမျောက်ကြီး

ရာဇဝင်များအရ ပြောရလျှင် သရေခေတ္တရာရာဇဝင်တွင် အတိတ္ထာမင်းသားတစ်ယောက်သည် မိခင်ကို ပြစ်မှားမိသောပြစ်မှုကြောင့် လူစင်စစ်က မျောက်ကြီးဖြစ်သွားသည် ဆို၏။ သို့သော် ကျွန်ုပ်တို့နှင့်တကွ လူအားလုံးတို့ကား စာတွေ့နှုန်းသာ လွမ်းရစ်ကြရ၏။ ဧကန်အမှန် မျောက်ဖြစ်သွားသည်ဟူ၍ မည်သူမျှ မမြင်လိုက်ရသဖြင့် တကယ်ဆိုတာ အတပ်မပြောနိုင်ကြ။

သရဲကြီးကိုဗျတ်ဝိ

သထုံရာဇဝင်အဆိုမှာ ဗျတ်ဝိနှင့် ဗျတ္တကုလားညီနောင်နှစ်ယောက်အနက် ဗျတ်ဝိကိုသတ်၍မြို့စောင့်သရဲကြီးအဖြစ် ဖြင့်စောင့်ရောက်စေသည်ဆိုရုံမက သရဲကြီး ကိုဗျတ်ဝိသည် မင်းအမိန့်အတိုင်း မြို့ရိုးတံတိုင်းမှနေ၍ ရန်သူတို့ကို ခုခံကာကွယ် တိုက်ခိုက်နေသည် ဆို၏။ ဗျတ်ဝိလူစွမ်းကောင်းမှာ လူစိတ်မကုန်သေးသော သရဲကြီးမဟုတ်သော်လည်း အစောင့်အရှောက် ခိုင်စေထားရာ၌မူကား ယခုနှစ်ဆောင်ပြိုင်ဇာတ်သွားသရဲကြီးနှင့် တစ်သားတည်းတစ်ထပ်မျှဖြစ်ခဲ့ရာ ထိုအဖြစ်အပျက်အဆန်းတို့မှာလည်း ရာဇဝင်မှတ်တမ်းအရသာလျှင် ပြောဆိုယုံကြည်နေကြရ၏။ဧကန်အမှန် မဆိုနိုင်ကြမပြောနိုင်ကြ။

အေဝမ်းက ရွှေကျမ်းထွက်ညီအောင်ညို၍ ပြည်သိအောင်ပြသပြီ

ရာဇဝင်စာတွေ့ဖြင့်သာ တင်းတိမ်နေကြရသောအဖြစ်ဆန်းအကြောင်းထူးတို့ကို သရေခေတ္တရာရာဇဝင်အရ လူစင်စစ်မှ မျောက်ဖြစ်သွားတာကဘယ်ပုံ၊ သထုံရာဇဝင်အရ သရဲကြီးဗျတ်ဝိ၏သတ္တိကဘယ်လိုဆိုတာ နှိုင်းစာသိရှိကြစေခြင်းငှာ ဤနှစ်ဆောင်ပြိုင်ဇာတ်လမ်းကြီးကို ဆန်းကြယ်စွာ ဖန်ဆင်းလိုက်သဖြင့် ရာဇဝင်လိုက်စားသူတို့အတွက်လည်းကောင်း၊ တစ်နည်းတစ်လမ်းအားဖြင့် ကျေးဇူးများရမည်မလွဲဖြစ်ပေ၏။

အရှူးမပေါက်ကျော်

မင်းသမီး မေမြင့် စုန်းပြုစား၍ ရှူးသွားသောအခန်းကို ရိုက်ကူးသောနေ့၌ တဝါးဝါးတဟားဟားအလွယ်ရယ်မောကြရ၏။ မေမြင့်သည် သဏ္ဌာန်လုပ်သရုပ်နှင့်တူရုံမျှမက အဟုတ်အရှူးမကြီးအသွင် ပီပြင်လှသောကြောင့် အရှူးမပေါက်ကျော်ဟု ခေါ်နေကြ၏။ သူ၏အမြဲ ပြုံးစိစိနေသော မျက်နှာကလေးသည် နှစ်ဆောင်ပြိုင်ဇာတ်ခင်းတွင် ကြည့်ရင်းကြည့်ရင်း နလုံးတွင်းကို ရှုန်းရင်းဆန်ခတ်ဖြစ်လေ၏။ သနားလည်း သနားစရာ၊ ရယ်လည်းရယ်စရာဖြင့် ပရိသတ်၏ဘဝင်ကို စွဲငြိစေတော့၏။

ကြေကွဲဝမ်းနည်းစရာသူတို့အဖြစ်ဟာ

အားရပါးရ ဝအောင်မှ မချစ်ရသေးသော သမီးရည်းစား၏ အဖြစ်တွင် တစ်ယောက်ကသရဲဖြစ်သွား၊ တစ်ယောက်က ရူးသွပ်သဖြင့် ၎င်းတို့၏ အချစ်ဇာတ်ကို လူတိုင်းစုတ်သပ်ယူရမည်ဖြစ်၏။ ချစ်သူနှစ်ဦးပြန်ပေါင်းထုတ်မိဖို့အရေးကား တွေးလေဝေးလေတော့လေမောလေသာဖြစ်ဖွယ်ရှိ၏။

သရဲကြီးလည်းလူဖြစ်ပါမှ၊ အရူးလည်းအကောင်းဖြစ်ပါမှ

သည်လို နှစ်ဦးနှစ်ဖက်စလုံး အကြောင်းတိုက်ဆိုင်မိပါမှ ပေါင်းနိုင်ကြတော့မည်ဖြစ်ရာ မည်သို့သော ဆရာသမားကောင်းသည် မေမြင့်၊ အေးကြူတို့၏ အချစ်ဇာတ်လမ်းဟောင်းကို ပြန်ပေါင်းစေလိမ့်မည်နည်း။ အဘယ်နည်းဖြင့် အကောင်းပကတိဖြစ်အောင်ဖန်တီးလေမည်နည်း။

ဆရာမနိုင် နှစ်ဆောင်ပြိုင်ဟု ထင်ရှားလျက်ရှိနေလေရာ ဘယ်ဆရာမှ မနိုင်သော နှစ်ဆောင်ပြိုင်ကို လက်မှိုင်ချ၍ကြည့်နေရတော့မည်လော။

ဘယ်ဇာတ်ကားမှုယခုလောက်မများ

အေဝမ်းဖလင်မှ ရာဇဝင်ဇာတ်တော်ကြီးအမျိုးမျိုး၊ စုန်း၊ သရဲ၊ တန္တေဇာတ်လမ်းအဖုံဖုံ စုံလင်အောင် ပြသရိုက်ကူးခဲ့ပါ၏။ သို့ရာတွင် ကင်မရာဓာတ်ပုံလှည့်စား၍ ရိုက်ကူးရသော ကင်မရာထရိတ်ခေါ် အခန်းများမှာ ယခုနှစ်ဆောင်ပြိုင်ဇာတ်ကားကြီးလောက် ဘယ်ကားမှမများခဲ့ပေ။ ယခုဇာတ်ကားတွင် ကင်မရာထရိတ်အတတ်၌လည်း တစ်ဖက်ကမ်းခပ်စွမ်းကြောင်း အထူးပြုလိုလှသဖြင့် အေဝမ်းက အထူးတလည် စိမ်ထားပါသည်။

နှစ်ဆောင်ပြိုင်ကိုမြင်ရခြင်းဖြင့်

ရုပ်ရှင်ဇာတ်လမ်းမှာသာ အထက်တန်းကျကျတွေ့ရမည်မဟုတ်ဘဲ ဓာတ်ပုံရိုက်ကူးခြင်း၊ ကင်မရာလှည့်စားနည်းဘက်တွင်လည်း ပထမတမ်းခရီးရောက်ရှိနေကြောင်း ကောင်းစွာတွေ့မြင်ရမည်ဖြစ်ရာ အေဝမ်းသည် နာမည်နှင့်လိုက်အောင် ရုပ်ရှင်ဘက်စခန်းတွင် လက်စွမ်းထက်မြက်ပါပေသည်ဟု အသိအမှတ်ပြုကြရတော့မည်ဖြစ်ပါကြောင်း ကြော်ငြာကောင်းခဲ့သည့် တစ်ချိန်က မြန်မာအဆွေအေဝမ်းဖလင်ကုမ္ပဏီမှထုတ်လုပ်ခဲ့သော နှစ်ဆောင်ပြိုင် ဇာတ်ကားအကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါသည်။

ကိုတိုး-ခန့်ကင်း

စာညွှန်း -

အေဝမ်းရုပ်စုံနှံပါတ်(၂၈)
၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝိုး

(ဒုန်ကုန်တက္ကသိုလ်)

သီပေါမင်းနှင့်ပထမစာတော်ပြန်ဥပဒေ

မြန်မာတို့၏ပြက္ခဒိန်တွင် နယုန်လသည် ဗုဒ္ဓဘာသာဝင် ရဟန်းတော်များအတွက် စာပြန်ပွဲကျင်းပသောလ ဖြစ်သည်။ ရဟန်းတော်များသည် တိပိဋကတ် အပြီးပြတ် လေ့လာနေကြရသည်။ ဤသာတ်သုံးပုံဆိုသည်မှာ ဝိနည်း၊ သုတ္တန် နှင့် အဘိဓမ္မာတို့ပင် ဖြစ်သည်။ မြန်မာ့ဓလေ့ဓလံများလက်ထက်တွင် နယုန်လ၌ စာပြန်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ စာပြန်ပွဲများနှင့် စပ်လျဉ်း၍ သမိုင်းဆုံးပါရှိသောစာအုပ်မှာ မှန်နန်း ရာဇဝင်တတိယတွဲပင်ဖြစ်သည်။ မှန်နန်း ရာဇဝင်အဆိုအရ စာပြန်ပွဲသဘင်သည် ဘာလွန်မင်းလက်ထက်က စတင်ခဲ့သည် ဟု သိရှိရသည်။ သို့ရာတွင် စာပြန်ပွဲ ကျင်းပသောလမှာ နယုန်မဟုတ်ဘဲ ဝါဆုန်လဖြစ်နေသည်။

အင်ရုံရွာစား ဝန်ကြီးသိရိဉာဏနာ ပြုစုသော လောကဗျူဟာကျမ်း (အင်ရုံ စာတမ်း) တွင်လည်း စာပြန်ပွဲများကို နယုန်လတွင် အင်းဝမင်းများ ဦးစီးရွက် ကျင်းပခဲ့ကြောင်း ဖော်ပြထားသည်။ ဘုန်းဘောင်ခေတ်တွင်လည်း စာပြန်ပွဲများကို အစဉ်အလာမပျက် ဆက်လက် ကျင်းပခဲ့ကြသည်။ ဗဒုံမင်းလက်ထက် အဒီ ၁၇၉၁ ခုနှစ်တွင် အမိန့်တော် ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်တော်တွင် စာပြန်ပွဲအတွက် လွှေလာရသည့်ကျမ်းများကို ပြဋ္ဌာန်းထားသည်။ ထိုမင်းအမိန့်တော်သည် ပုဂံမင်းလက်ထက်အထိ အာဏာတည်ခဲ့သည်။

မန္တလေးမြို့တည်နန်းတည်ပဉ္စမ သင်္ကန်းတင်မင်းတုန်းမင်းလက်ထက်တွင် စာပြန်ပွဲများကျင်းပခြင်းသည် အထွတ်အထိပ်သို့ ရောက်လာသည်။ ဘာသာရေးကိုင်းရှိုင်းသောမင်းဖြစ်သည့် မင်းတုန်းမင်းသည် ရဟန်းသံဃာတော်များအား အစွမ်းကုန်ထောက်ပံ့ခြင်းဖြင့် ဗုဒ္ဓသာသနာ ထွန်းကားရေးအတွက် လုပ်ဆောင်ခဲ့သည်။ ၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်းသည် နေပြည်တော်လေးပြင်လေးရပ်ရှိ ထေရဝါကြီးရဟန်းတော်များကို နန်းတော်သို့ပင့်ဖိတ်ပြီး ရဟန်းငယ်များအား ဝိနည်းသာမက ပိဋကတ်သုံးပုံစလုံးကို နှုတ်တက်အာဂုံဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးဖို့ လျှောက်ထားခဲ့သည်။ ၁၈၇၃ ခုနှစ်မှစပြီး 'ပထမကျော်' ဘွဲ့နှင့်ထိုက်တန်သည့် အထူးဆွန်ဆုံးသော ပုဂ္ဂိုလ်ကျော်ရွေးချယ်သည့် စာပြန်ပွဲများ ကျင်းပခဲ့သည်။ မင်းတုန်းမင်းသည် စာပြန်ပွဲများကျင်းပသည့် သုဓမ္မာဇရပ်များကိုလည်း ဆောက်လုပ်ခဲ့သည်။ မင်းတုန်းမင်း၏ သားတော် သီပေါမင်းလက်ထက်တွင် စာတော်ပြန်ဥပဒေကို ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေသည် သမိုင်းတွင် ပထမဆုံးသောဥပဒေပင် ဖြစ်သည်။ ယင်းဥပဒေကို စာအုပ်ပုံစံဖြင့် ၁၈၈၃ ခုနှစ်တွင် နှန်းမြို့တော်ကြီးအတွင်း ရွှေလွှတ်တော်ရှေ့ စာပုံနှိပ်ရုံတော်မှ ထုတ်ဝေခဲ့သည်။

စာတော်ပြန်ဥပဒေတွင် နှစ်စဉ်သုဓမ္မာစာပွဲဘသင်္ကျင်းပရာ၌ ပထမပဉ္စင်းလောင်းတော်၊ ရှင်လောင်းတော်တို့ကို စာပြန်ဆိုမေးမြန်းရာတွင် ဆောင်ရွက်ခွင့်ရှိသည့်အချက်တို့ကို ဖော်ပြထားသည်။ စာတော်ပြန်ဥပဒေအရ စာပြန်ပွဲ၌ ပိဋကတ်ကျမ်းတို့၏အခြေခံဖြစ်သော သဒ္ဒါရုစ်စောင်ပါဠိအုနက်ရုပ်၊ အဘိဓမ္မတ္ထသင်္ဂြိဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်ကျမ်းပါဠိ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝစ္စဝါစက၊ ဝိဘတ္တိတတ္ထ၊ သဒ္ဒါငယ်ကျမ်း၊ ပါဠိအနက်မာတိကာ၊ ဓာတုကထာပါဠိ၊ အနက်အရကောက်များကို ရှင်းလင်းကွဲပြား ပီသကောင်းမွန်စွာ ပြန်ဆိုနိုင်ရသည်။ မေးခွန်းသဘောအဓိပ္ပာယ်များကို ရှင်းလင်းကွဲပြားပီသကောင်းမွန်စွာပြန်ဆိုနိုင်မှ ပဉ္စင်းလောင်းအဖြစ်တည်စေသည်ဟု သိရှိရသည်။

စာပြန်ဆိုရမည့် ပဉ္စင်းလောင်းတော်၊ရှင်လောင်းတော်တို့သည် အမည်၊ နေရပ်၊ ပြန်ဆိုရမည့်စာများကို စာရင်းတင်ရသည်။ စာရင်းတင်ရာတွင် လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သည့်နှစ်လများကပြန်ဆိုဖူးသည်ဖြစ်စေ၊ ရဟန်းခံပြီးပုဂ္ဂိုလ်တို့သိက္ခာချ၍ဖြစ်စေ၊ မချဘဲဖြစ်စေ၊ ပထမပြန်ဆိုရန်စာရင်း မချမမှတ်မတင်ပေးရန် ပညတ်သည်။ ထိုသို့ ပညတ်သည်ကို မလိုက်နာဘဲ တင်ပေးသည်ကိုတွေ့ရှိလျှင် သာသနာပြု ဆရာတော်ဘုရားကို လျှောက်ထား၍ စေတီယဂ်ဝတ်တစ်နှစ်ပြုလုပ်နေထိုင်စေသည်ဟု သိရှိရသည်။

စာမေးပွဲကိုစစ်ဆေးရာတွင် စနစ်တကျ စစ်ဆေးကြောင်းလည်း တွေ့ရှိရသည်။ စာဖြေသူတို့အား မြေနန်းပြာသာဒ်တော်ဦးတွင် လာရောက်စုဝေးစေသည်။ စာတော်မေးတို့သည် ပဉ္စင်းလောင်းတော်၊ ရှင်လောင်းတော်တို့စာပြန်ဆိုသည်ကို မူရင်းနှင့်တိုက်ဆိုင်ကြည့်ရှုရသည်။ တစ်စုံးဂတိမလိုက်စားဘဲ စာမရလျှင် မရသည့်အလျောက်မှတ်သားရပါသည်။ စာမေးပွဲမပြီးမီ အတွင်း အခြားတစ်စုံတစ်ယောက်သောသူကိုပြောကြားခြင်း၊ ပြသခြင်း၊ ကူးယူပေးခြင်းမရှိအောင် စောင့်ရှောက်ထိန်းသိမ်းစေသည်။

ပဉ္စင်းလောင်းတော်၊ ရှင်လောင်းတော်တို့သည် မြေနန်းတော်သို့ နေ့စဉ်လာရောက် စာပြန်ဆိုရာတွင် စာကြည့်မည့်သူကိုယ်စီအသီးသီးထား၍ တစ်ဦးနှင့်တစ်ဦး ရောယှက်ရှုပ်ထွေးမရှိစေရ။ စာပြန်ဆိုမှုကို ကြည့်ရှုမှတ်သားရာတွင် ကြည့်ခွင့်သူက လုံးစေ့မကျန်သေချာကြည့်ရှုရ၏။ ပြန်ဆိုစဉ်အတွင်း မမှန်ချွတ်ယွင်းသည့်အရာတွေ့လျှင် 'မမှန်' ဟူသောစကားကိုကြည့်ရှုသူက ပြောဆိုရသည်။ စာပြန်တဲ့နေ့ရက်အတွင်း အကြောင်းတစ်စုံတစ်ရာကိုစွဲ၍ စာစောင်ပိုမိုပြန်ဆိုခြင်း၊ နည်းလျှော့ပြန်ဆိုခြင်း၊ တစ်ဖန်ထပ်၍ပြန်ဆိုခြင်းမရှိစေရဟု ညွှန်ကြားထားသည်။

ပါဠိအနက်များကို ပြန်ဆိုရာတွင် မှန်၊ မမှန်၊ ရ၊ မရ တိုက်ဆိုင်ကြည့်ရှုဖို့ မှတ်မှုပေါ်လျော့ လစ်လပ်မရှိစေရ။ စာကြည့်ရှုတိုက်ဆိုင်ပုံ၊ ထောက်ပြောပုံ၊ စာရင်းမှတ်သားပုံ၊ မှန်မှန်ကန်ကန်လုပ်ဆောင်စေရန်အတွက် အတွင်းဝန်၊ ဝန်ထောက်အရာရှိကြီးနှစ်ဦးဟာ နေ့စဉ်အလှည့်နှင့်ကြည့်ရှုစေသည်။

သိပေါမင်း၏ စာတော်ပြန်ဥပဒေတွင် မေးခွန်းများလုံခြုံရေး၊ စနစ်တကျသိမ်းဆည်းရေးတို့လည်း ပါဝင်သည်။ စာတော်မေးတို့သည် နေ့စဉ်-မေးခွန်းများကို ရွေးချယ်ပြီး ပထမနေ့မေးခွန်း၊ ဒုတိယနေ့မေးခွန်း၊ တတိယနေ့မေးခွန်း ဟူ၍ စနစ်တကျထားရှိစေသည်။

မေးခွန်းထုတ်ရာတွင် ရွေနန်းတော်အတွင်း လူသူပရိသတ်နည်းပါးသည့် သင့်ရာအရပ်တွင် စာတော်မေးတို့အား အမြဲနေထိုင်စေပြီး မေးခွန်းထုတ်စေရန် လူနှစ်စုခွဲထားစေသည်။ တစ်စုလျှင် မေးခွန်းငါးဆယ်စီ၊ တစ်ရက်ကို မေးခွန်းတစ်ရာစီ ပြီးစီးအောင်ထုတ်စေသည်။

မေးခွန်းထုတ်သူတို့သည် ပဉ္စင်းလောင်းတို့ကို မေးခွန်းမေးမြန်း၍ မပြီးသမျှလည်း အတွင်းခုထားရင်းနေရာမှ တစ်ပါး မည်သည့်ဒေသကိုမျှမထွက်သွားရပေ။ ထိုသို့မထွက်သွားရအောင်လည်း ဗြတိုက်အရာရှိတို့က အလှည့်နှင့် အမြဲစောင့်ကြည့်နေရသည်။

မေးခွန်းများကိုလည်း ဗြတိုက်အရာရှိတို့က နေ့စဉ်သိမ်း၍ ညကို ဗြတိုက်တွင် လုံခြုံစွာသိမ်းဆည်းထားရသည်။ နံနက်ရောက်လျှင် ကောက်နုတ်ရမေးခွန်း(၁၀၀)အနက် အတွင်းဝန်မင်းများသဘောရှိရာ ရွေးချယ်ရမေးခွန်း(၃၀)ကို ပထမပြန်အရေးတွက်အတွင်းတွင် တစ်စောင်ပို၍ပုံနှိပ်လုပ်ဆောင်စေသည်။

သီပေါမင်း၏ စာတော်ပြန်ဥပဒေတွင် စာမေးပွဲစစ်ဆေးပုံအစီအစဉ်များလည်းပါဝင်သည်။ စာမေးပွဲစစ်မေးသည့်နေ့ရောက်လျှင် မေးခွန်းပုံနှိပ်ပြီးခါနိုင်တွင် စာမေးပွဲဖြေသူတို့အား မြေနန်းတော်တွင် စုဝေးစေသည်။ စာမေးပွဲဖြေဆိုရာတွင် စာဖြေသူတို့သည် တစ်ဦးနှင့်တစ်ဦး မနီးမကပ် မရောမယှက်နှင့်နေရသည်။ စာဖြေသူတို့တွင် ပေစာ၊စက္ကူစာ၊ပုရပိုက်မှစ၍ မည်သည့်စာရွက်စာတမ်းမျှမပါစေရ။ ပုံနှိပ်ပြီးမေးခွန်းများကို တစ်ဦးစီအား ပေးအပ်စေသည်။ နေ့သုံးချက်ကိုးလျှင် ဖြေဆို၍ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ အဖြေလွှာများကို တစ်ပြိုင်တည်း သိမ်းဆည်းစေသည်။ အဖြေလွှာကျောဘက်တွင် အမည်၊ နေ့စွဲ ရေးသားစေသည်။ တစ်ရက်မေးပြီးအဖြေလွှာများကို တစ်ထုပ်တည်း ပေါင်းစည်း၍ပ်တံဆိပ်ခတ်နိုပ်၍ ဗြတိုက်တော်မှာ နေ့စဉ်သိမ်းဆည်းထားရသည်။ စာမေးပွဲကြီးကြပ်ရေးတာဝန်ကို အတွင်းဝန်၊ ဝန်ထောက်အရာရှိကြီးနှစ်ဦး၊ ဗြတိုက်အရာရှိ မဟာဒါန်ဝန်စာရေးတို့က နေ့စဉ်ကြီးကြပ်ရသည်။

စစ်မေးပြီး အဖြေလွှာများကို စစ်ဆေးရာတွင်လည်း စာမေးပွဲဖြေဆိုပြီးနောက်တစ်နေ့တွင် မူရင်းမတ်အရာရှိတို့နှင့် စာတော်မေးတို့ အစုံအညီဖြေဆိုချက်နှင့် တိုက်ဆိုင်ကြည့်ရှုစေသည်။

အောင်စာရင်း ထုတ်ပြန်ရာတွင် ပြန်ဆိုသည့်စာဝါရပုံ၊ ပြန်ပုံ၊ မေးခွန်းဖြေဆိုချက်ဂဏန်းထွက်ရှိပုံ၊ အသာဆုံးအမြင့်ဆုံးပုဂ္ဂိုလ်ကို ပထမကျော်အဖြစ်တည်စေသည်။ ကျန်လူတို့မှာ စာရင်းနှစ်ရပ်ထွက်ရှိသည့်အတိုင်း ကြီး၊ ငယ်၊ နိမ့်၊ မြင့်အလိုက် ပထမကြီးအဖြစ်လည်းကောင်း၊ ပထမငယ်အဖြစ်လည်းကောင်း သတ်မှတ်စေသည်။ ထို့နောက် အတွင်းတော်တွင် မှူးတော်၊ မတ်တော် စာမေးစာကြည့် အကြီးအကြပ်တို့ရှေ့ တံဆိပ်လက်မှတ်ပေးအပ်သည်။

စာမေးပွဲစစ်ဆေးရာတွင် မသမာမှုများမရှိစေရန်အတွက် စာတော်မေးတို့အား ဘုရားရှေ့တွင် သစ္စာမှစေသည်။ စာပြန်ဆိုမှုကို ကြည့်ရှုရာတွင် မရသည်ကို အရ၊ မမှန်ပြန်ဆိုသည်ကို အမှန်စာရင်းမှတ်သားမှု၊ မေးခွန်းများကို လုံခြုံအောင် မစောင့်ရှောက်မှုတို့ကို ကျူးလွန်ပါက ကျူးလွန်သူအား တံစိုးဂတိလိုက်စားငဲ့ကွပ်မှု၊ စည်းလဲလုပ်မှု၊ ပေါ့လျော့မှုတို့ဖြင့် အချုပ်ဒဏ်၊ ထောင်ဒဏ်ရာဇဝတ်အပြစ်သင့်ရာစီရင်စေသည်။

အချုပ်ဆိုရသော် မြန်မာမင်းများလက်ထက်မှစ၍ နှစ်စဉ် နယုန်လတွင် စာပြန်ပွဲများ ကျင်းပလေ့ရှိကြောင်း စာပြန်ပွဲတို့ကို မင်းများကိုယ်တိုင်ဦးဆောင်၍ ကျင်းပခဲ့ကြောင်း၊ ကုန်ဘောင်ခေတ်နောင်း သီပေါမင်းလက်ထက်တွင် စာပြန်ပွဲများသည် ပို၍စနစ်ကျလာကြောင်း၊ ပထမဆုံးအကြိမ် စာတော်ပြန်ဥပဒေကို ထုတ်ပြန်ခဲ့ကြောင်း ဥပဒေပါအချက်အလက်များအရ စာသူများအတွက် လိုက်နာရန် စည်းမျဉ်းများထားရှိပုံ၊ စာမေးပွဲမေးခွန်းထုတ်စစ်ဆေးပုံ၊ စစ်ဆေးရာတွင် သမာသမတ်ကျအောင် စီစဉ်ထားရှိပုံတို့ကို သိရှိနိုင်ရကြောင်း တင်ပြလိုက်ရပါသည်။

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ မောင်မောင်တင်၊ ဦး၊ 'ကုန်းဘောဆက်မဟာရာဇဝင်တော်ကြီး၊တတိယတွဲ'။

၂။ အင်ရဲရွှာစား၊ ဝန်ကြီးသီရိဉာဏ၊ 'လောကဗျူဟာကျမ်း'။

၃။ စာတော်ပြန်ဥပဒေ၊ သာသနာ နှစ် ၂၄၂၇၊ ကောဇာနှစ် ၁၂၄၇ ပြာသိုလဆန်း ၉ ရက်နေ့၊ ရပုံနေပြည်တော် နန်းမြို့တော်အတွင်း၊ ရွှေလွှတ်တော်ကြီးစာရုံတော်တွင်ပုံနှိပ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

လာဘ်ပိတ်နေသူများအတွက် လက်ဆောင်

ဧပွားရေးသမားများ၊ ကုန်ရောင်းသည်၊ လက်လုပ်လက်စား ခုန်စနေ့ အားမီးများအတွက် အရောင်းအဝယ် ဆောင်း လာဘ်လာဘများ ရရှိရလေ့ ဆောင် ဆရာကြီးအဆက်ဆက်မှ နည်းများကို လိုသူများ အသုံးပြုနိုင်ရန် ရေးသား ဖော်ပြလိုက်ပါသည်။

ထာဘ်ခေါ် ရှင်သီဝလိဂါထာ

ဆောင်း - နမောသိဒ္ဓိ သီဝလိရာဇာ၊ ဗေ မိတ္တ၊ ဧဟိ လာဘံ၊ ဧဟိ နာနာ ဆယ်ပွက်၊ ဧဟိ နာနာဘောဇနာယ် ဆာလသရီယံ ဝဏ္ဏာ မတ္တံ ဝိယ ဟောန္တု။ ယာ ဣတ္ထိယောဝါ ပုရိသောဝါ ဒုရေဝါ၊ အဝိဒူရေဝါ၊ ဗုဒ္ဓံ နမေ တိသ္သလောကေသု ပကတော ဒေဝါဟ ပူဇိတော၊ ဣန္ဒာဒေဝါ ပြဟ္မာ သောကေ သဗ္ဗဒေဝရာဇာ နောပသေ ဝေ ဟောန္တု မမ။

ရောင်းလိုသော ကုန်ပစ္စည်းကို ရောင်းလိုပါက ရှင်သီဝလိရဟန္တာ ကြီးတို့ အာရုံပြု၍ ပန်း၊ ဆီမီး၊ ရေချမ်း သပ်လျှပါ။ ထိုကောင်းမှုကို သမ္မာဒေဝ ဆရာများအား အမျှဝေပါ။ အမျှဝေပြီး အခန့်ထဲတွင် ရေထည့်၍ ဤဂါထာ ကို ရှင်သီဝလိအရှင်မြတ်ကို အာရုံပြု ၍ (၇) ခေါက်မန်းပါ။ ထင်းရေထဲတွင် သောရည်ထည့်ပြီး ရောင်းမည့်ကုန်များ ကို ပက်ဖျန်းပါ။

ဆွေခေါ်ကုန်တိုက်

အောက်ပါ ဂါထာကို ငွေပြားမှာ ကြေးစည်နှင့်ရေးပြီး ရေစိမ်၍ ရောင်းမည့် ကုန်များကို ပက်ဖျန်းပါ။

ဂါထာ

ဣဒံ သုဝဏ္ဏံဝါ ရဇတံဝါ ဖလံဝါ ဣတ္ထိ ယောဝါ ပုရိသောဝါ၊ ဧဟိ ဧဟိ အာဂစ္ဆန္တု၊ သွားဟယ်ယကပ် ချဉ်း ဆရာချဉ်းကပ်ဆရာကပ်။

နေ့စဉ် (၇) ခေါက်ရွတ်ပါ။

လာဘ်ပေါများလိုပါက ရေကို ကိုင်၍ (၇) ခေါက်မန်းပြီး မျက်နှာသစ်ပါ။ အိမ်၊ ကားရောင်းလိုပါက အိမ်အတွက် စက္ကူမှာ ဂါထာကိုရေးပြီး အိမ်ထုပ်မှာကပ်။ ထင်းဂါထာဖြင့် (၇) ခေါက်မန်းပါ။ ရေကိုလည်း (၇) ခေါက်မန်း၍ ပက်ဖျန်းပေးပါ။ တစ်နေ့လျှင် (၇)ခေါက်မန်းပါ။

ကားရောင်းလိုပါက

ဂါထာကို စာရွက်မှာရေးပြီး ကား ခေါင်းခန်းထဲမှာကပ်ထားပါ။ ထင်းဂါထာ ဖြင့် တစ်နေ့ (၇) ခေါက်မန်း၊ ရေကို လည်း (၇) ခေါက်မန်း၍ ပက်ဖျန်းပေး ပါ။

ရန်ကုန်ဆရာကြီးဦးကျော်ရင်၏ ဈေးခေါ် လာဘ်ခေါ်

အရဟံ အ-ရဟံ အရ-ဟံ ဥံ အရဟတ္တဂုဏောဂဏာ၊ ဥံ ရတနတ္တယ ဂုဏောဂဏာ၊ တေဇေန ဗလေန အာနုဘာဝေန၊ နေ့စဉ် ဝင်ငွေအပေါင်း ထောင်သောင်းသိန်းသန်းမက ဝင်လာမဲ့၊ တသဲသဲ ဝင်ဆရာဝင်၊ လာဆရာလာ။

တစ်နေ့ (၉) ခေါက်ရွတ်။

ကုန်ရောင်း-ဈေးရောင်းကောင်း (ဆရာကြီးဦးဘိုးဟန်-ပြလိုရွာ)

သူရိယာ နေမင်း စန္ဒာချင်း၊ လမင်း သူရိယာ ဝင်ဆရာဝင်၊ သီဝလိ မဟာနာမံ ဣန္ဒာဒေဝါ သပြဟ္မာကာ၊ ဣတ္ထိယောဝါ ပုရိသောဝါ လာဘံ ဘဝိဿတိ။

(ရေကို ထင်းဂါထာနှင့် (၃၇) အုပ်မန်း၍ ကုန်များကိုပက်ဖျန်းပေးပါ။)

လိုရာကိစ္စပြည့်ဝစေသောဂါထာ

ဣတ္ထိတာ ဣတ္ထိတံ နာထံ၊
ဣတ္ထိ တတ္ထေဟိ သေဝိဟံ၊
ဣတ္ထိ တတ္ထာယ ဝန္ဒာမိ၊
ဣတ္ထိ တတ္ထံ ဒဒါတု မေ။

နမောဗုဒ္ဓါယ အဂ္ဂေါဟမသ္မိ လောကဿ၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
သေဋ္ဌောဟမသ္မိ လောကဿ၊
အဃမန္တိမာဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

ဤလောကတွင် ငါသည်သာ အမြတ်ဆုံး၊ ဤလောကတွင် ငါသည်သာအကြီးဆုံး၊ ဤလောကတွင် ငါသည်သာ အခိုးမွှမ်းခံတိုက်ဆုံးဟူ၍ မိမိစိတ်မှာ ယုံမှတ်၍ စိတ်ချစွာနှင့် အခိုင်အမာ ရွတ်ပါ။ အာရုံတွင် ဤအနက်အဓိပ္ပာယ်ကို သိရှိပြီး အထက်ပါဂါထာကို စကားဟောပြောရာတွင် လည်းကောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များနှင့် အမှုအခင်း စကားအပြိုင်အဆိုင် ပြောဆိုရာတွင် လည်းကောင်း စိတ်မွန်ထက်ဆိုရှိပြိုင်ဆိုင်ပါ။ မိမိကအောင်မြင်မည်၊ အနိုင်ရမည်၊ တစ်ပန်းသာမည်၊အသွေးသာမည်၊အနေသာမည်၊ အဆင့်မြင့် ကျက်သရေတင့်မည်တည်း၊

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တိုးမြင့် (မိုရွာ)

ကားသမားလူမှုရန်နှင့်ဂန္ဓိရဆရာအောင်



တစ်ခါတစ်ခါ လူ့လောကမှာ လူတွေရဲ့ဘဝဟာ လူနေမှုအဆင့်အတန်း၊ စိတ်ဓာတ်နဲ့ စားဝတ်နေရေးတွေ အံ့သြစရာကောင်းလောက်အောင် မထင်မှတ်ဘဲ ပြောင်းလဲသွားတာကို လူမုန်း တွေ့ဖူးတယ် ဆရာ။ ဆရာနားထောင်ပြီး ကြိုက်နှစ်သက်ရင် ဆရာ့စာဖတ်ပရိသတ်ဆီရောက်အောင်ပို့လိုက်ပေါ့ဆရာ။

ဒီလို ဆရာရေ့။ ဆောင်းအကုန်နွေအကူး လူမုန်းတို့အညာမှာ ကျင်းပမြဲဖြစ်တဲ့ ဦးမင်းကျော်ခေါ် ပခန်းကိုကြီးကျော်ပွဲချိန်လည်းရောက်သေး။ ပွဲကြီးလမ်းကြီး ဟုတ်ဟုတ်ငြားငြားမရှိသေးလေးတော့ လူမုန်းတို့ အငှားကားလေးတွေ ကားဂိတ်မှာစုပြုံပြီး လေကန်တဲ့ကောင်တွေကလေကန်၊ ကြွေကစားတဲ့ကောင်တွေကကြွေကစားကြနဲ့ ကားငှားဖို့ "သွားဖူးပါတယ်။ ကျွန်တော့်ကားနဲ့သွားလို့ရပါတယ်။ အရာတော်မြောက်-ရဲကျင်း-မင်းကြီးကန်ဘက်က သွားရမှာပါ"

"အား - ဟုတ်ပြီဗျာ။ ကားခကတော့ ခင်ဗျားတို့ထုံးစံအတိုင်းယူဗျာ သွားမယ်"

"ဟာဟာ - နေပါဦးဗျာ သွားတာပေါ့။ မေးပါရစေဦး။ နေ့ချင်းပြန်လား။ ညအိပ်ဦးမှာလား။ ဘယ်နှရက်သုံးမှာလဲ ပြောပါဦး"

"အလုပ်ပြီးလို့ အချိန်မီရင်လည်း နေ့ချင်းပြန်ပေါ့ဗျာ။ မမီရင်လည်း ညအိပ်ပေါ့။ကားခကတော့ ခင်ဗျားတို့အရပ်ထုံးစံအတိုင်းယူမများစေနဲ့။ မိတ်ဖြစ်ဆွေဖြစ်ပေါ့ဗျာ"

ဒါနဲ့ လူမုန်းလည်း ကားငှားခတွေ ဘာတွေပြောမနေတော့ဘဲ ကားပေါ်တက်ခိုင်းပြီးထွက်ခဲ့ကြတော့တယ်။ ကားပေါ် ရောက်မှသိရတာက ကားငှားတဲ့သူတွေက မိုးကုတ်ကျောက်တွင်းကျောက်တူးတဲ့ကုမ္ပဏီကလူတွေ။ အလုပ်သမားလိုလို့ သူတို့အရင့်အရင်ကအဆက်ရှိတဲ့ကုန်းသာရွာကိုသွားပြီးအလုပ်သမားခေါ်ဖို့သွားကြတာ။ကုန်းသာရွာရောက်တော့ အရင်က သူတို့ အဆက်အသွယ်အိမ်ထဲဝင် အလုပ်လိုက်မယ့်သူတွေကို ကြိုတင်ငွေပေးလက်မှတ်ထိုး၊ တောင်သူလုပ်ငန်းပြီးတဲ့အချိန် မိုးကုတ်ကိုတက်လာရမယ့် ရက်သတ်မှတ်နဲ့ အလုပ်သမားက (၃၀) လောက်လိုတာ ဆိုတော့ တောသူငှားပြန်လာမယ့်သူတွေစောင့်ရင်း ငွေထေးငွေယူကိစ္စတွေလုပ်ရင်းနဲ့ မပြန်နိုင်ဘူးလို့ ညအိပ်လိုက်ရတယ်။ ဒီလမ်းနဲ့ဒီလို အလုပ်ပြီးတဲ့အချိန် ညပြန်မယ်ဆိုလည်း

သူပါးလို့ ကြွေလည်းမကစားတတ်၊ ရုံတွေနဲ့လည်း သိပ်စားပေးမကပ်တဲ့ လူမုန်းလမ်းသွားလမ်းလာတွေကို ကားတားမှာထိုင်ပေးနေတုန်း၊ ရုတ်ရုတ်သဲသဲပြုံးပြုံးနဲ့ လူသုံးဖယောက် ကားငှားချိန်းရောက်လာတယ်။ ဒါနဲ့ လူမုန်းက -

"ကားငှားချင်လို့လားခင်ဗျာ"

"ဟုတ်တယ် ခင်ဗျားက အကားလဲ။ ကျွန်တော်တို့သွားမယ့်လမ်းကနည်းနည်းကြမ်းတယ်"

"ဪ-ကျွန်တော်ကားက စုပါရစေနားနဲ့ဆို ခင်ဗျာ။ ဆရာတို့အမြဲသွားချင်ပါသလဲ"

အရာတော်မြို့

သွားမယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါပေမယ့် သူတို့မှာ ငွေတွေ အများကြီးပါတာမို့ညမပြန်တော့တာပါ။ အဲဒီအဖေးပါဘူး။ အရာတော်အထိ သမ္မာ(၂၇)မိုင်၊ အရာတော်မြောက် ဘုန်းရွာ၊ မင်းကြီးကန်ရွာတွေကနေ ဘူးရတာ တောလမ်းလမ်းကြမ်း (၁၀) (၁၅) မိုင်လောက်ပဲရှိမှာ၊ လမ်းက သည်းလမ်းမောင်းရတာဆိုတော့ နည်း တယ်တော့ဆိုးတယ်။ ဒါတွေက လူမုန်း အသွားနေကျလမ်းတွေပါ။ နောက်နေ့ နေ့လယ်လောက်မှာ အလုပ်ပြီးတော့ ပုန်းသာရွာကပြန်ခဲ့ကြပါတယ်။

တပို့တွဲလကုန်ခါနီး ဆောင်းက သည်းမပီချင်တော့၊ နွေကိုလည်း ရောက်တတ်သေးတဲ့အချိန် ထန်းရည် ဆားလည်း ပေါ်ဦးပေါ်စ။ ကားငှားစီး သွားမင်းကြီးသားတို့က တောင်ပေါ် ရွာလို့တဲ့။ ထန်းရည်ပင်ကျရည် သောက်ချင်တယ်ဆိုတာနဲ့ လူမုန်းလည်း ကားငှားစီးသူများ စိတ်ကျေနပ်အောင် ကြီးကန်ရွာမရောက်ခင် လမ်းဘေး ဆေးတစ်တဲမှာရပ်ပြီး တဲထဲကလူ ကို -

"ဒီမှာ နောင်ကြီး ကျွန်တော့်ညီ သည်တွေက ထန်းရည်ပင်ကျရည်လေး သောက်ချင်ကြလို့ပါ။ ထန်းရည်ရောင်း သလားဗျာ"

"ဘြော် - ကျုပ်တို့က ထန်းရည် မရောင်းပါဘူးဗျာ။ ထန်းလျက်ချက်တာ ပါ။ ဒါပေမယ့် အခုလို ဧည့်သည်လာရင် ဧည့်ပြုရအောင် အခါးရည်လေး နှစ်ပင်၊ သုံးပင်လောက်တော့ဖောက်ထားတာရှိ ပါတယ်။ ထိုင်ကြဦးဗျာ၊ ကျုပ်သွားချ လိုက်ဦးမယ်"

ဒါနဲ့ လူမုန်းတို့လည်း တဲဘေး ဆီးပြူပင်ကြီးအောက်က ထန်းပလပ် အခင်းပေါ်မှာထိုင်ရင်း စောင့်နေကြပါ တယ်။

မကြာခင်မှာပဲ ထန်းဆရာ မြူအိုး သုံးလုံးဆွဲပြီးပြန်လာပါတယ်။ အပြုပ် တစီစီထနေတဲ့မြူအိုးတွေချပေးရင်း -

"ကဲ-သောက်ကြဗျာ၊ လိုရင်ပြော နောက် နှစ်ပင်ကျန်သေးတယ်။ ကျုပ် က ထန်းရည်ခါးမသောက်ဘူး။ ဧည့်လာ ရင် ဧည့်ပြုရအောင်သာ အခါးဖောက် တာ။ အားတော့နာတယ် ဆရာတို့ရာ၊ အပြည်းကတော့မရှိဘူးဗျာ။ စိမ်းစား ငါးပိလေး စလောင်းဖုံးကပ် မီးကင်ထား တာတော့ရှိတယ်။ မြည်းကြမလား"

"အာ-နေပါစေ။ ကျွန်တော်တို့မှာ ပါတယ်"

ပြောပြောဆိုဆို သူတို့အိတ်တွေ ထဲက ရယ်ဒီမိတ်အသားခြောက်ဖုတ်နဲ့ ပဲကြီးလှော်ထုပ်တွေချမြည်းကြပါတယ်။ လူမုန်းကလည်း ထန်းရည်မသောက်တာ နဲ့ သူတို့ဝိုင်းကနေထတော့ -

"ကားဆရာ၊ လာလေဗျာ။ ဘယ် သွားမလို့တုံး"

"ဟာ - ခဏ ခဏ သောက်ကြဗျာ။ ကျွန်တော်ကမသောက်တတ်လို့ပါ"

"ဟာ - မသောက်တတ်တဲ့ ကား ဆရာနဲ့တော့တွေ့ပြီဟေ့"

"ပြည်းပြည်းစိတ်အေးလက်အေး သောက်ကြပါဗျာ"

ပြောပြီး လူမုန်းလည်း မိုးတိုးမတ် တတ်လျှောက်ကြည့်တော့ သန်းသာ၊ ဒဟတ်သားတို့နဲ့ ထန်းလွှတ်မို့ တစ်ဖက် ရပ်တဲထဲမှာ ထန်းလျက်ချက်တဲ့ မိုးပြဲ ဒယ်သုံးလုံးနဲ့ ဒယ်အိုးထဲတို့ ထောင်းမနဲ့ မွှေနေတဲ့ ထာဝရ်ရွှေနဲ့ အမိုးသင်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်၊ တဲအပြင်ဘက်မှာ ခွေးပေါက်စလေးတွေနဲ့ ဆော့ကစားနေတဲ့ (၁၀)နှစ်ခန့်ယောကျ်ားလေးတစ်ယောက်နဲ့ (၆) နှစ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်။ ထန်းလျက်ချက်တဲ့နေရာနဲ့ မနီးမဝေးမှာ ထန်းလက်အခင်းနဲ့ ပိန်လိန်နေတဲ့ သံသေတ္တာလေးတစ်လုံးလည်း မြင်ရပါတယ်။ ဟာ - သူတို့ပိုင်ဆိုင်မှုထဲက အမြင့်မားဆုံးပစ္စည်းတစ်ခုဖြစ်မှာပဲလို့ လူမုန်းတွေးမိလိုက်တယ်။ ခွေးနဲ့ ဆော့ကစားနေတဲ့ ကလေးနား လူမုန်းမယောင်မလည်နဲ့ သွားပြီး -

"လူလေး၊ မင်းကျောင်းမနေဘူးလား"

"နေတယ်ဗျ၊ ကျုပ်ဒုတိယတန်းရောက်ပြီ"

"ဒီနေ့ ကျောင်းမသွားဘူးလား။ ကျောင်းပိတ်သလား"

"မပိတ်ဘူးဗျ။ ကျုပ်က အဖေနောက်ကလိုက်ပြီး မြူအိုးကောက်နေရလို့ ကျောင်းမသွားတော့တာ။ ကျုပ် ကျောင်းမသွားတော့ ဒီနှမလေးကလည်း မသွားတော့ဘူး။ သူက သူငယ်တန်း"

မိသားစုစားဝတ်နေရေးအတွက် ကူညီရအောင် ကျောင်းမတက်တော့တာတဲ့။ လူမုန်းစိတ်မကောင်းဖြစ်မိတယ်။ ဆင်းရဲနွမ်းပါးရှာတဲ့ သူတို့အတွက်တော့ စားဝတ်နေရေးက ပထမ၊ ပညာရေးက ဒုတိယဆိုတာလို ဖြစ်နေရရှာတယ်။ ဒါနဲ့ လူမုန်းလည်း သူတို့နဲ့ စကားဖြတ်ပြီး မြူအိုးအစိမ်းတွေကို မျက်နှာချင်းအပ်တန်းစီ ထန်းရွက်ခြောက်နဲ့ မီးမြှိုက်နေတဲ့ ထန်းဆရာရှိတဲ့ဆီ လျှောက်သွားလိုက်ပါတယ်။ လူမုန်းတို့အညာဒေသမှာ ထန်းရည်ကို မြူအိုးနဲ့ခံပါတယ်။ မြူအိုးဆိုတာ ကမြေကြီးအိုးတွေ။ ထန်းရည်တစ်ဂါလန်လောက်ဝင်တဲ့ မြေကြီးအိုးတွေကို ထန်းရည်မစိမ့်အောင် မြေသားနှပ်အောင် ထန်းရွက်ခြောက်မီးနဲ့မြှိုက်ပြီးမှ အသုံးပြုရပါတယ်။ မြူအိုးကို ဆွဲဖို့ကတော့ ခဲတံလုံးလောက်တုတ်တဲ့ ဝါချည်ကြိုးကိုသုံးတယ်။ ထန်းဆရာပုံစံကတော့ အရောင်လွှင်နေပြီဖြစ်တဲ့စစ်အင်္ကျီအရှည်၊ ဒူးခေါင်းလောက်ဖြတ်ထားတဲ့ စစ်ဘောင်းဘီတို ကိုဝတ်ထားပြီး ခါးမှာက စစ်ခါးပတ်၊ ခါးပတ်မှာ ထန်းလှီးဓားကို ဓားအိမ်ထဲထည့်ချိတ်ထားပြီး ခါးစောင်းမှာက ခါးပတ်မှာ ကုပ်ချိတ်ထားတဲ့ မြူအိုးချိတ်တဲ့ သံချိတ်တွေ၊ ဒီသံချိတ်က ထန်းပင်ပေါ် ကပြန်အဆင်းမှာ ထန်းရည်မြူအိုးတွေ ခါးမှာချိတ်ဆင်းရတာ။ ထန်းပင်ပေါ် ဆင်းရ၊ တက်ရတာမြန်အောင် ရင်းထောင်လို့ခေါ်တဲ့ ဝါးလှေကားအရှည်ကြီးကိုသုံးရတယ်။ တချို့အပင်တွေပေါ်မှာတော့ ထန်းပင်အထက် ပန်လို့ခေါ်တဲ့ အုံထဲမဝင်ခင်မှာ ရင်းဆွဲလို့ခေါ်တဲ့ လူတစ်ရပ်လောက်လှေကားအတိုလေး ကပ်ချည်ထားတယ်။ ထန်းပင်တစ်ပင်ပြီးတစ်ပင် ဆင်းလိုက်၊ တက်လိုက်နဲ့ ကျန်းမာရေးကောင်းပြီး ခန္ဓာကိုယ်ကြံ့ခိုင်ဖို့တော့ အတော်လိုတဲ့အလုပ်ပါ။

လူမုန်း မနေနိုင်မထိုင်နိုင် ထန်းဆရာထံ ချဉ်းကပ်ပြီး စပ်စုလိုက်တော့ ထန်းဆရာမှာ ကိုယ်ပိုင်ထန်းပင်မရှိရှာဘူး။ သူများထန်းပင်တွေကို သီးစားယူပြီးတက်ရတာ ထန်းလျက်စေ့းကောင်းတဲ့နှစ်ဆိုရင်တော့ မြိုးမြိုးမြက်မြက်လေးစားရပါတယ်တဲ့။ ထန်းလျက်စေ့းမကောင်းတဲ့နှစ်မှာတော့ ထမင်းနပ်မှန်စားရရဲ့ပဲလို့ပြောရှာတယ်။ အသောက်အစားကင်းပြီး မိသားစုတာဝန်ကို ရိုးသားစွာနဲ့ ပင်ပန်းတကြိုး ရုန်းကန်နေရှာတဲ့ ထန်းလုပ်သားကြီး ကိုပဲစေ့အကြောင်း တစေ့တစောင်း လူမုန်းသိခဲ့ရပါတယ်။

အဲဒီနှစ်ထဲမှာ လူမုန်းကားကလည်း အရာတော်မြောက်ဘက် မကြာခဏရောက်ခဲ့တယ်။ ကြာပင်လှ၊ ဖုတ်ကုန်း၊ ကိုင်းရွာ အစရှိတဲ့ရွာတွေဘက်ဆီသွားရတော့ ကိုပဲစေ့တို့အိမ်ရှေ့လမ်းကသွားရတာလေ။ သွားတိုင်းသွားတိုင်း ကိုပဲစေ့တို့မိသားစုအတွက် စားစရာသောက်စရာ၊ ခရမ်းချဉ်သီး၊ ကြက်သွန်၊ မုန့်ပဲသရေစာအစ ဝယ်ပေးဖြစ်ခဲ့ပါတယ်။ လူမုန်း တတ်နိုင်သလောက် ဒါနပြုတာပါ။

"ဟာ - ဘာလို့ဝယ်လာတာလဲ ကိုလူမုန်းရာ။ မဝယ်ခဲ့ပါနဲ့၊ အားနာစရာဗျာ"

လို့ ကိုပဲစေ့က ပြောရှာပါတယ်။

ဒါပေမယ့် လူမုန်းက ဒီလိုပေးရတာကို ဝမ်းသာနေမိတာ။ သူတို့အရပ်မှာ ထန်းရည်ပဲပေါတာ။ ရေတောင် အလွန်ရှားတယ် 'ရွှေကိုမလို ရေကိုလိုသည်' ဆိုတဲ့ အရပ်ဗျ။ ကိုပဲစေ့ခမျာ အားနာရှာလို့ လူမုန်းပြန်ရင် မွှမှုန့်လေးနဲ့ ဆေးဖက်ဝင်တဲ့ ထန်းဖိုထည်က် (ထန်းလျက်) လေးတွေ လက်ဆောင်ပြန်ပေးရှာပါတယ်။

မယူချင်ပါဘူး၊ ရောင်းပါပြောပေမယ့် ဇွတ်အတင်းပေးတာနဲ့ စေတနာကို အသိအမှတ်ပြုပြီးယူခဲ့ရပါတယ်။ ထန်းဖို ထည်က်(ထန်းလျက်)က တပေါင်းကျော်ရင် မရချင်တော့ဘူး။ ခဏပဲထွက်တာ။ ထန်းပင်ဟာ ထန်းဖို၊ ထန်းမ (၂) မျိုးရှိတာ။ အသီးမသီးဘဲ ထန်းနို့ပဲထွက်တဲ့ အပင်က ထန်းဖိုပင်။ အသီးသီးတာတာ အမပင်။ ထန်းနို့ကထွက်တဲ့အရည်ကို ချက်တဲ့ထန်းလျက်ကထန်းဖိုထန်းလျက်။ မြန်မာတိုင်းရင်းဆေးတွေဖော်ရင် ထန်းဖို ထန်းလျက်မရမှ ထန်းမထန်းလျက်ကို သုံးတယ်။ အင်း- ဒါတွေပြောပြီး လူမုန်းလေရှည်နေတော့ ဆရာကို မိကျောင်းမင်းရေကင်းပြသလိုဖြစ်နေပါပြီ။

ဒီလိုနဲ့ လူမုန်းလည်း အရာတော်မြောက်ဘက် ကားငှားမယ့်သူမရှိတာနဲ့ မရောက်ဖြစ်တော့ဘူး။ အငှားကားဆိုတာလည်း ကားငှားတဲ့သူရှိရာလိုက်ရတာ။ သူတို့အရပ်မရောက်တာ လေးငါးဆယ်နှစ်လောက်ကြာပြီးမှ ကံအားလျော်စွာ မိုးညှင်းတောရမှာ သီတင်းသုံးနေတဲ့ သီလရှင်ဆရာလေးတစ်ပါးက အသက်ကြီးပြီး ရောဂါစွဲနေတဲ့မိခင်ကြီးကို ရွာပြန်ပို့ချင်လို့ဆိုပြီး ကားလာငှားပါတယ်။ မင်းကြီးကန် (မကျည်းကန်လို့လည်း ခေါ်ကြတယ်) ဘယ်ဟာမှန်သလဲတော့ မသိဘူး။ အဲဒီရွာလို့ငှားပြီး အဲဒီရောက်တော့ မဟုတ်သေးဘူး။ ကိုင်းရွာအထဲသွားရမှာဖြစ်ပြန်တယ်။ ဘာလို့ရွာအမှန် မပြောတာလဲလို့မေးတော့ ကားလေးမှ မလိုက်ဘဲနေမှာစိုးလို့တဲ့။ လူမမာအဘွားကြီးက လမ်းမှာတင် (ဆိုလူးကော့တက်) တစ်လုံး ထပ်ထိုးရသေးတယ်။ လူမုန်းတို့အရင်တုန်းက လူမုန်းဆိုရင် ကားကောင်းလိုက်မယ့်အမျိုး။ လူမုန်းဟိုအရင်က ဘယ်လိုလူလဲဆိုတာသိချင်ရင်တော့ ဆရာနေခဲ့တဲ့ ၂၀၁၂ မေလထုတ် သူရဲ့ မဂ္ဂဇင်းထဲက 'ကားသမားလူမုန်းမန္တလေးကို သာဖတ်ကြည့်ကြပါ။

အဲဒါ မင်းကြီးကန်ရွာတင်ဆိုတာနဲ့ ကိုပဲစေ့တို့အိမ်ရောက်မှာမဟုတ်ဘူးဆိုပြီး ဘာမှမဝယ်ခဲ့ရဘူး။ ကိုပဲစေ့တို့ရွာကသွားရင် မင်းကြီးကန်ရွာလွန်ပြီး (၁) မိုင်သာသာလောက်မှာနေကြတာ။ လူမုန်း နှစ်တွေအတော်ကြာပြီးမှ အဲဒီဘက်ရောက်သွားတော့ အဲဒီအရပ်ဒေသဟာ အတော်ကြီးကို ပြောင်းလဲကုန်ပြီ။ ဟိုအရင်က 'ရွှေကိုမလို ရေကိုလိုသည်' လို့ ကြွေးကြော်ခဲ့ရတဲ့နယ်မြေဟာ အခုတော့ 'မြေကြီးကရွှေသီး' ကြပြီ။ ဟိုအရင်က ခြောက်သယောင်းပြီး ထန်းပင်၊ ထနောင်းပင်၊ မန်ကျည်းပင်၊ ဆီးပင်နဲ့ ဆူးချွေပုတ်တွေလောက်သာရှိခဲ့တဲ့နေရာတွေဟာ အခုတော့ သီးပင်စားပင်တွေ ဝေဆာစိမ်းစိုပြီး ငှက်ပျော၊ သင်္ဘောပင်တွေနဲ့၊ ကွမ်းခြံတွေနဲ့ လမ်းဘေးဈေးမှာလည်း တသွင်သွင်စီးနေတဲ့ မြေမြောင်းတွေနဲ့ဆိုတော့ အများကြီးပြောင်းလဲနေ

www.burmeseclassic.com

ဆာ့ လူမုန်းအံ့ဩြဲရပြီ။ ဒီရေတွေက ဆယ်ကစီးလာသလဲနဲ့ အံ့ဩြဲရပြီ။ ဦးအရင်က ရေချိုးရင် ချိုးပြီးသားရေ အလေအလွင့်မဖြစ်အောင် ရေချိုးစင် အောက်က ရေအင်တုံခံပြီးမှ ရေချိုးခဲ့ရတဲ့အရပ်။ ချိုးပြီးသားရေ နွားရေတိုက် အောင်ခံရတာ။ ခုတော့ ရေတွေပေါလှ ချေလား။ အဲဒါ ရွာလယ်လမ်းက ဖြတ် ဆင်းရင်း လမ်းဘေးဝဲ၊ ယာကြည့်လိုက် ဆာ့ အိမ်တိုင်းလိုလိုပါပဲ မြေကြီးထဲက ရေတွေ အလိုအလျောက်ထွက်နေတဲ့ ရေလွှဲတွင်းတွေကိုယ်စီရှိတာ တွေ့လိုက် ရတော့တယ်။ နောက်မှသိရတာက ဦးစည်ပင်ရဲ့ မြေအောက်ရေရရှိရေး ဒီချက်နဲ့ ရေရှားတဲ့အရပ်တွေမှာ ရေ တွင်းတူးတဲ့စက်ကြီးတွေနဲ့ ရေတွင်းတူး ပေးရာမှာ ဒီနယ်ဒီဒေသမှာတူးလိုက် ဆာ့ မြေအောက်ရေကြောကိုတွေ့ရပြီး ရေတွေအလိုအလျောက်လျှံတက်လာ တဲ့ ရေလွှဲတွင်းတွေပေါ် ပေါက်လာရလို့ အခုတော့ စိမ်းစိုဝေဆာပြီး မြေကြီးက ချွေးထီးတဲ့အဖြစ်ကိုရောက်ခဲ့ရတယ်။

ကိုင်းရွာက ခရီးသည်ချပြီးအပြန် မှာ လူမုန်းတစ်ယောက် မိတ်ဟောင်းဆွေ အောင်းကြီးဖြစ်တဲ့ ထန်းဆရာ ကိုပဲစေ့ အိမ်ကို ရှာရပါတယ်။ နေရာဒေသရဲ့ အခြေအနေတွေဟာ အများကြီးပြောင်း သွားပြီမို့ လူမုန်း ကိုပဲစေ့အိမ်ကို အတော်ရှာမှတွေ့ရတယ်။ မေးမြန်းပြီး ရလို့တွေ့လိုက်ရတော့ နေရာဒေသရဲ့ အခြေအနေပြောင်းလဲသလို ကိုပဲစေ့ရဲ့ အခြေအနေဟာလည်း အံ့ဩစရာ အောင်းအောင် ပြောင်းလဲသွားပါပြီ။ ဦးလွန်ခဲ့တဲ့ ဆယ်စုနှစ်ဆီက စစ်အကြီး စစ်ဘေးဘီနဲ့ စစ်ခါးပတ်မှာ ထန်းလိုး အချိတ်ထားတဲ့ ထန်းဆရာ ကိုပဲစေ့ဟာ အခု ပြန်တွေ့ရတဲ့အခါမှာ ပလေကတ် ပုခုံး၊ ပင်နီတိုက်ပုံ၊ သျှောင်တစောင်း၊ ဆံဆိတ်ကျင်စွယ်နဲ့ ထန်းသမားကိုပဲစေ့ အဖုတ်တော့တဲ့ ဂန္ဓိရဆရာအောင်ဖြစ် နေပါပြီ။

သူနေခဲ့တဲ့ ထန်းရွက်တဲလေးဟာ လည်း သီးပင်စားပင်၊ ငှက်မျောပင်တွေနဲ့ ဆိုင်နေတဲ့ခြံအလယ်ကနံကပ်တိုက်ကြီး ဖြစ်နေပြီဆိုတော့ လူမုန်းအံ့ဩနေမိတာ သွန်ဘူးလို့ထင်ပါတယ်။ အခြေအနေ အပြောင်းပေမယ့် စိတ်မပြောင်းတဲ့ ကိုပဲစေ့ဟာ လူမုန်းကိုမြင်တော့ ဝမ်းသာ အားရနဲ့ -

"ဟာ - ကိုလူမုန်း လာဗျာ၊ မလာ အောတော်ကြာပြီ။ ခင်ဗျားဗျာ နေနိုင် ထိုင်တာ"

"နေနိုင်လို့မလာတာမဟုတ်ဘူး ဗျ။ ကားသမားဆိုတာ ငှားမယ့်သူရှိမှ လာရတာ။ အခု ငှားမယ့်သူရှိလို့ ခင်ဗျား ဆီရောက်လို့လာခဲ့ပြီလေ။ ဘယ်လိုလဲ ကိုပဲစေ့ရဲ့ ပြောင်းလဲလှချေလား။ ကျွန်တော်ဖြင့် လိုက်ပို့တဲ့သူကပို့လို့သာ။ မှတ်တောင်မမှတ်မိဘူး"

"ဒီလိုပဲပေါ့ ကိုလူမုန်းရာ။ ဘဝ ဆိုတာ အနိမ့်အမြင့် အတက်အကျ ပြောင်းလဲတတ်တဲ့ သဘာဝပေကိုးဗျ။ ကဲ - ဒီတော့ ပြောင်းလဲသွားတဲ့ ကျွဲ ဘဝအကြောင်းကို ကိုလူမုန်းကို ပြောပြ ချင်တယ်။ ပြီးတော့ ကျွဲပဲ ကိုလူမုန်းကို ကျေးမွေးပြုစုချင်တယ်။ ဒီမှာညအိပ်ပြီး မှ ပြန်ရမယ် ကိုလူမုန်း"

ကိုပဲစေ့ကလည်း ညအိပ်ဖို့တား တာတစ်ကြောင်း၊ ငြင်းလိုက်ပြန်ရင် လည်း ရိုင်းရာကျသွားမယ်။ ပြီးတော့ သူဘဝအကြောင်းကိုလည်း သိပ်သိချင် နေတာနဲ့ လူမုန်းမပြန်ဖြစ်တော့ဘူး။

"ကဲ - ကိုလူမုန်း၊ အေးအေးဆေး ဆေးနဲ့ နားနားနေနေ။ ရေမိုးချိုး၊ အနား ယူဦးဗျာ။ ကျွဲပန့်စဉ်လုပ်နေကျအလုပ် ကလေးတွေရှိသေးလို့လုပ်ပြီးမယ်"

"သားရေ၊ ကိုလူမုန်းကို နေရာ ပေးလိုက်ဦးဗျေ့"

အဲဒီလို ခေါ်လိုက်တာနဲ့ ဟိုအရင် က မြူအိုးကောက်ဖို့ ကျောင်းပျက်ခဲ့ရ တယ်ဆိုတဲ့ ကိုပဲစေ့ရဲ့သား လူပျိုအရွယ် ကလေးက -

"ဦးလူမုန်း၊ လာဗျာ"

လို့ ခေါ်ပြီး သူတို့တိုက်ရဲ့ဘေးမှာ သီးသန့်ဆောက်ထားတဲ့ ဧည့်သည်တွေ နေရမယ့် ဧည့်ဆောင်မှာ နေရာပေးပါ တယ်။ လူမုန်းလည်း ရေမိုးချိုးပြီး အနား ယူရင်း သတိထားကြည့်လိုက်တော့ ကိုပဲစေ့တို့ရဲ့ တိုက်ခေါင်းရင်းဘက် ဟို အရင်ဆီးဖြူပင်ကြီးရဲ့ဘေးမှာ ဘုရားခန်း၊ ဓာတ်ခန်းပြုလုပ်ထားတဲ့ အဆောက် အအုံတစ်ခုကို ထပ်တွေ့လိုက်ရပါတယ်။ အဲဒီမှာ လူတွေ ဝင်လာကြ၊ ပြန်သွားကြ နဲ့ 'ကိုပဲစေ့နေ့စဉ်လုပ်နေကျအလုပ်လေး တွေဆိုတာ ဒါနေမှာပဲ' လို့ တွေးမိပါ တယ်။

ညနေပိုင်း ထမင်းစားချိန်ရောက် တော့ လူမုန်းကို ဟင်းမြိန်စုံ ထမင်ဝိုင်း ကြီးနဲ့ ကျွေးပါတယ်။ ဒါပေမယ့် ကိုပဲစေ့ ကတော့ (၈) ပါးသီလခံပြီး နေ့စဉ် ဥပုသ်သီတင်းစောင့်သူဖြစ်လို့ ညစာ မစားပါဘူး။ ထမင်းစားပြီးတဲ့နောက်မှာ တော့ ကိုပဲစေ့မဟုတ်ထော့တဲ့ ဂန္ဓိရ ဆရာအောင်ရဲ့ ဘုရားခန်းကို ဖူးမြော် ဓာတ်ခန်းကို ကြည်ညိုခွင့်ရပါတယ်။ ခရာအကြာမှာတော့ -

"ကဲ - ကိုလူမုန်းလည်း ပြောင်းလဲ သွားတဲ့ ကျွဲပဝေတင်ကြောင်းကိုသိ ချင်လှရော့မယ်"

"ဟာ - သိပ်သိချင်တာပေါ့ဗျာ။ သိချင်လို့ အချိန်ကုန်ခံပြီး စောင့်နေတာ လေ"

"သိရပါတယ်ကိုလူမုန်းရယ်။ ကျွဲ ကလည်း ကျွဲရဲ့ဘဝမှာ မေတ္တာ၊ စေတ နာတွေအရင်းခံ မျှော်လင့်ချက်မဲ့ ခင်မင် ရင်းနှီးလာခဲ့ရတဲ့ မိတ်ဆွေကြီးကိုမှ ကျွဲ ဘဝအကြောင်းပြောမပြရင် ဘယ်လို လူမျိုးကိုသွားပြောရမှာလဲဗျာ။ ကျွဲလို ပညာမဲ့၊ ဥစ္စာမဲ့ တောနေတောစားတော သားတစ်ယောက်အဖို့ အခုလိုပြောင်းလဲ သွားတာဟာ အင်မတန်ကြီးမားတဲ့ ပြောင်းလဲမှုမျိုးပါဗျာ။

ဒီလို ကိုလူမုန်းရေ။ ကျွဲလည်း ထန်းရာသီမှာ ထန်းတက်လိုက်၊ ကျန်တဲ့ အချိန်မှာ ရရာအလုပ်လေးလုပ်လိုက်နဲ့ နေလာရာက ကျွဲအသက် (၄၀) ပြည့် ပြီးတဲ့နောက် တစ်ရက်မှာ ညနေပိုင်း ထန်းတက်ပြီး ညစာစားပြီး ပင်ပန်းတာနဲ့ ဆီးဖြူပင်ကြီးအောက်က ကွပ်ပျစ်မှာ လဲနေရင်းက နှစ်နှစ်ခြိုက်ခြိုက် အိပ် ပျော်သွားလိုက်တာ။ အိပ်မက်မက်ပြီးနိုး လာတော့ လင်းကြက်တွန်နေပြီ။

အဲဒီအိပ်မက်က ကျွဲဘဝကို ပြောင်းလဲသွားစေခဲ့တာပဲ။ အိပ်မက်သာ ဆိုတာ တကယ်ဖြစ်နေတဲ့အတိုင်းမက် တာ။ အိပ်မက်မက်တာမှ ဟုတ်ရဲ့လား နဲ့တောင် ဇဝေဇဝါဖြစ်မိတယ်။ ကျွဲ ပင်ပန်းပြီး အိပ်ပျော်သွားတဲ့အချိန် ကျွဲအနားမှာ ဝတ်ဖြူစင်ကြယ်နဲ့ တောင်ဝှေးကိုင်ထားတဲ့ ပုဂ္ဂိုလ်ကြီးတစ် ယောက်ရောက်လာပြီး ကျွဲကို တောင် ဝှေးနဲ့ထိုးပြီးထခိုင်းတယ်။

"ဟေ့ကောင် ပဲစေ့ ထစမ်း။ မင်း ဒီနေ့ကစပြီး ထန်းမတက်နဲ့တော့"

"ဟာ- ထန်းမတက်ရင် ကျွဲတို့ မိသားစု ဘာသွားစားမှာလဲ။ ငတ်ကုန် မှာပေါ့ဗျ"

"တယ်ခက်တဲ့ကောင်၊ အရေးထဲ ငတ်မှာကြောက်နေလိုက်တာ။ ငါ့မှာ မင့် အသက် (၄၀) ပြည့်အောင် စောင့်နေရ တာကွ။ မင်းအခု(၄၀)ပြည့်ပြီ။ သာသနာ ပြုတဲ့အလုပ်တွေလုပ်ရမယ်။ ခုနစ်ရက် သားသမီးတွေကို ကယ်တင်ရမယ်"

"ဟောဗျာ - ကျွဲလိုနလပိန်းတုံး ဘာဆို ဘာမှမတတ်တဲ့ကောင်က ဘယ် လိုလုပ် သာသနာပြု ဘယ်လိုလုပ်ကယ် ရမှာလဲ"

"ဟာ - ဒီကောင်၊ ခက်ပြီးရင်း ခက်နေပါပြီ။ နင့်မှာ နင်မသိနိုင်တဲ့ ဘဝ

www.burmeseclassic.com

ဘဝတွေက ဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေ ရှိတယ်။ အခု အခွိန်ကျလို့ ငါလာတာ။ ဟစ်မ်းနင့်ပါးစပ်"

ကျွပ်ကို ပါးစပ်ဟခိုင်းလို့ ပါးစပ် ဟပေးလိုက်တော့ သူပါလာတဲ့ တောင်ဝှေးနဲ့ ကျွပ်ပါးစပ်ထဲကို ထိုးထည့်မွှေပြီး-

'ဟောဒီပါးစပ်နဲ့ ဟောစား၊ ပြောစားကွာ'

ပါးစပ်ထဲ တောင်ဝှေးနဲ့ထိုးမွှေပြီး မှ ကျွပ်ခေါင်းကို တောင်ဝှေးနဲ့ ဒေါင်ဒေါင်မြည်အောင်ခေါက်ပြီး -

"ခုနစ်ရက်သားသမီး ရောဂါ ဝေဒနာဖြစ်ရင် ဆေးကုပေး။ မေတ္တာ၊ စေတနာထားကု၊ လောဘလာဘမမွှော်နဲ့၊ လောဘမကြီးနဲ့၊ ဆေးကုခမတောင်းနဲ့၊ စေတနာနဲ့ ကန်တော့တာကိုပဲ လက်ခံကြားလား။ ပြီးတော့ ဟောဒီ လပြည့် ဥပုသ်ကျော်ရင် နင် နင့်မိန်းမနားမကပ်နဲ့တော့။ ဥပုသ်သီတင်းစောင့်ပြီး ကိုယ့်ကိုယ်ကိုယ် စင်ကြယ်အောင်နေတော့။ လိုအပ်ရင် ဘိုးဘိုးရေလို့သာတလိုက်။ နင်သိချင်တာ ငါအကြားအာရုံနဲ့ လှမ်းပြောလိုက်မယ်။ ကဲ - ငါသွားပြီ။ နင် နောက်နေ့ကစပြီး နင့်နာမည်ဟာ ပဲစေ့ မဟုတ်တော့ဘူး။ ဂန္ဓိရဆရာအောင် ဖြစ်သွားပြီ ကြားလား။ ဂန္ဓိရဆရာ အောင်၊ ဂန္ဓိရဆရာအောင်၊ ဂန္ဓိရဆရာ အောင်တဲ့"

ကျွပ် အိပ်ရာကနိုးတဲ့အခွိန်မှာ ဝုတ်တုတ်ထထိုင်လျက်ကြိုးဖြစ်နေတယ်။ အိပ်မက်ကိုစဉ်းစားရင်း အိပ်မက်လား၊ တကယ်လားနဲ့ ကျွပ်လေ စဉ်းစားနေမိတာ ပြန်အိပ်လို့မရတော့ဘူး။ မိုးလင်းလို့ ထန်းတက်ခွိန်ရောက်တော့ ကျွပ် ထိုင်ရာက မထသေးတော့ ကျွပ် မိန်းမ မစိန်လှုက -

"ကိုပဲစေ့၊ ဘာငိုင်နေတာလဲ။ ထန်းတက်ဖို့ပြင်တော့လေ။ ဟောတော့်-ဒီလူ ခက်နေပါပြီ"

မိန်းမက ဒီလိုပြောတော့ -

"ငါ ဒီနေ့ကစပြီး ထန်းမတက်တော့ဘူး။ ချက်ပြီးသားထန်းလျက်တွေ သွားရောင်း၊ ဝယ်စရာရှိတာ ဝယ်ခဲ့သွား"

လို့ အသံမာမာနဲ့ လွှတ်ခနဲငေါက်လိုက်မိတယ်။

ဒီတော့ မိန်းမက-

"တော်ထန်းမတက်ရင် ကျွပ်တို့ မိသားစုဘာသွားစားမှာလဲ။ ဒီလူရူးမျှားနေသလားမသိပါဘူး"

ဖျစ်တောက်ဖျစ်တောက်ပြောရင်း ထန်းလျက်တောင်း ခေါင်းရွက်ပြီး ထွက်သွားပါတော့တယ်။ ကျွပ်လည်း မျက်နှာသစ်၊ ညကကျွန်တဲ့ ထမင်းကြမ်းခဲကို ဆီ၊ ဆားလူး၊ နှစ်ပြန်ကြော်လေးဖြူ၊ သန္ဓားချဉ်ကလေးနဲ့ ရေနွေးကြမ်းနဲ့ ဝိုက်ဖြည့်ပြီး ထန်းလက်ကုလားမှာထိုင်ပြီးတော့ တောင်တောင်ဂျိုက်ဂျိုက် စဉ်းစားနေတဲ့ အခွိန်မှာ ရွာလယ်က ကိုအောင်ရွှေတစ်ယောက် ခွေးတွေသံတွေနဲ့ကျွပ်အိမ်ရှေ့ ရောက်လာပြီး -

"ပဲစေ့ကြီး၊ ထန်းမတက်ဘူးလား။ မောလိုက်တာကွာ၊ ရေတစ်ခွက်လောက် သောက်ဦးမယ်"

တဲထဲဝင်ရေသောက်ပြီး ပြန်ထွက်လာတော့ -

"ဘာဖြစ်လာတာလဲ ကိုအောင်ရွှေရ စောစောစီးစီး"

"မပြောချင်ပါဘူးကွာ။ မနေ့က ငါ့သားအငယ်ကောင် နွားကျောင်းထွက်သွားတော့ အိမ်က ခိုင်းနွှားနှစ်ကောင်ပါ ထည့်အကျောင်းခိုင်းလိုက်တာ နွားတွေ ဂရုစိုက်မကျောင်းတော့ အပြန်မှာ အဲဒီနှစ်ကောင်ပါမလာလို့ ငါမနက် ဝေလီဝေလင်းကတည်းက နွားရှာထွက်တာ မတွေ့ခဲ့ပါဘူး။ မောလိုက်တာကွာ"

ပြောပြောဆိုဆို သူဝင်ထိုင်လိုက်တဲ့အခွိန်မှာ ဆန်းကြယ်လိုက်တာ ကိုလူမုန်းရာ။ ကျွပ်အာရုံထဲမှာ သူပျောက်နေတယ်ဆိုတဲ့ နွားနှစ်ကောင်ရှိတဲ့နေရာကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး မြင်လိုက်ရတယ်ဗျို့။

"ကဲ - ကိုအောင်ရွှေ။ ခင်ဗျားနွားနှစ်ကောင် မပျောက်ပါဘူးဗျ၊ ပြန်တွေ့မှာပါ။ အေးအေးဆေးဆေး အမောပြေအောင် အမောဖြေဦး။ ခင်ဗျားအမောပြေမှ နွားနှစ်ကောင်ရှိတဲ့နေရာ ကျွပ် ညွှန်လိုက်မယ်။ သွားဆွဲချေဗျာ"

"ဟ - ပဲစေ့၊ မင်းဟာဘာလဲဟ။ ငါ့နွားပျောက်တာ ခုမှသိတဲ့ကောင်က နွားရှိတဲ့နေရာသိတယ်တဲ့။ မင့်ဟာက ဘာတုံးဟ"

"စကားရှည်မနေနဲ့ ကိုအောင်ရွှေ။ ခင်ဗျားအမောပြေရင် အရှေ့တောအုန်းပင်ခြံရိုး လျှိုထဲက ဖန်ခါးပင်အောက်မှာ ဖန်ခါးသီးစား၊ ရေသောက်ပြီး ဝပ်နေကြလေရဲ့။ သွားဆွဲချေဗျာ"

လို့ ပြောလိုက်တော့ -

"ပဲစေ့၊ မင့်ဟာ ဟုတ်မှဟုတ်ရဲလား။ ငါ့ကို မောအောင်တော့ မလုပ်ပါနဲ့ကွာ"

"သွားမှာသွားစမ်းပါ ကိုအောင်ရွှေရာ။ ခင်ဗျားနွားတွေမတွေ့ရင် ကျွပ်ပါးကို ဂျပန်ရိုက်ရိုက်ပစ်လိုက်။ ခုပြောတာ ပဲစေ့ပြောတာ မဟုတ်ဘူး။ ကျွပ် ဂန္ဓိရဆရာအောင်ပြောတာ။ ပဲစေ့မဟုတ်ဘူး။ ကျွပ်ဂန္ဓိရဆရာအောင်ပြောတာ။ ပဲစေ့မဟုတ်ဘူး၊ ဂန္ဓိရဆရာအောင်၊ ကြားလား၊ ဂန္ဓိရဆရာအောင်"

ကိုအောင်ရွှေလည်း မယုံတယုံနဲ့ ထွက်သွားပြီး နာရီတစ်ပတ် (တစ်နာရီ) လောက်ကြာတော့ နွားနှစ်ကောင်ဆွဲပြန်လာပြီး ပြုံးဖြီးဖြီးနဲ့ -

"ဟုတ်လိုက်လေ မှန်လိုက်လေ၊ ဂန္ဓိရဆရာအောင်ရေ။ ကျေးဇူးတင်လိုက်တာဗျာ၊ တစ်မနက်လုံး တောအနှံ့ဒေါင်းတောက်အောင် ရှာတာမတွေ့ဘူး။ လူသာဖတ်ဖတ်မော။ အခု ဆရာပြောတဲ့နေရာကျတော့ တန်းခနဲတွေ့တာပဲ။ ကဲ-ပြန်ဦးမယ် ပဲစေ့ရေ အဲ - ဆရာအောင်ရေ။ နေ့လယ်မှ ဆရာ့ကို ဘုဏ်ပူဇော်ခလာဏန်တော့ပါဦးမယ်။ သွားပြီ ဆရာရေ"

အင်မတန် ပါးစပ်ပေါက်ပေါပြီး ဟောင်ဖွာဟောင်ဖွာပြောတတ်တဲ့ ကိုအောင်ရွှေတစ်ယောက် ဒီအကြောင်းပြောမဆုံးပေါင် တောသုံးတောင်လုပ်လိုက်တာ မင်းကြီးကန်တစ်ရွာလုံးနဲ့ တစ်နယ်လုံး ခကာနဲ့ကျော်သွားတယ်။ ခေတ်စကားနဲ့ပြောရရင် ပေါက်သွားတယ်ပေါ့ဗျာ။ နောက် မကြာခင်မှာပဲ ကိုအောင်ရွှေ ပြန်ရောက်လာပြီး ကျေးဇူးတင်လွန်းလို့ပါတဲ့ ငွေတစ်ထောင်နဲ့ ဆန်တစ်ပြည်လာကန်တော့တယ်။ အတည်ပေါက်နဲ့လာကန်တော့တာ။ ရိုရိုသေသေ လေးလေးစားစားနဲ့ပါ။ အဲဒါ ကျွပ်လည်း လာဘ်ဦးလာဘ်ဖျား ဆန်တစ်ပြည် ငှက်ပျောသီး၊ အုန်းသီးနဲ့ ဆီးဖယောင်းတိုင်၊ အမွှေးတိုင်တွေ ဝယ်ပြီး ကန်တော့ပွဲထိုးလိုက်တယ်။ တတ်သမျှ မှတ်သမျှ ကြားဖူးနားဝနဲ့ ရွတ်ဖတ်ကန်တော့ပွဲလည်းတင်ပြီးရော မင်းကြီးကန်ရွာက ဒေါ်အေးမေ ရောက်လာတယ်။

"အောင်ရွှေက မင်းဆီလွှတ်လိုက်လို့ လာတာကွယ်။ ဒေါ်ကြီးနားတင် တစ်ရန် ပျောက်သွားတာ ရှာမတွေ့ လို့ ကူညီပါဦးကွယ်"

ပြောတာနဲ့ ကျွပ်လည်း တွေ့ရာ စဉ်းစားမနေပါဘူး။ ခုမှထိုးထားတဲ့ တန်တော့ပွဲဘက်လှည့်ထိုင် မျက်စိမှိတ်ကန်တော့လိုက်တာ ဒေါ်အေးမေရဲ့ လူပ်ရှားမှုတွေဟာ ရုပ်ရှင်ကြည့်ရသလို အကုန်မြင်ရတယ်ဗျာ။ ဒေါ်အေးမေဟာ အိမ်နောက်ဖေး ဘူးစင်အောက်ဆရောက်မှာရေချိုးတယ်။ ဆပ်ပြာတိုက်တယ်။ နားပေါက်က ရွှေစားလို့ကျသလာတော့ နားကပ်တွေက ဆပ်ပြာနဲ့ ချောပြီး ပြုတ်ထွက်လာတာနဲ့ နှစ်ဖက်လုံးချွတ်။ ရေကန်ပေါင်ပေါ် တင်ထားရေဆက်ချိုးတယ်။ နားကပ်တွေက ရေစဉ်ပြီး ရေကန်ဘေးကျကုန်တယ်။ ရေနို့

www.burmeseclassic.com

မေ့ထားခဲ့တယ်။ ရက်တွေကြာ
နားမှနားကပ်မရှိတော့တာသိတယ်။
အချိန်ကျ ဒါတွေမေ့သွားပြီလေ။
ကျပ်လည်းကန်တော့ပြီး ဒေါ်အေး
ပြန်လှည့် -
"က - ဒေါ်ကြီး၊ ကျပ်ပြောသလို
ဆိုပြီးကန်တော့ပျာ။ ကျွန်တော်
ပျောက်ဆုံးနေသော ပစ္စည်း
ကျွန်တော်မ သမ္မာအာဇီဝအလုပ်
ရှာဖွေစုဆောင်းထားသော ပစ္စည်း
သည်။ သို့ပါ၍ ဥစ္စာရင်းမှန်က
ရစေဘုရား။ ကဲကဲ - ဒေါ်ကြီး
အေးမေ စိတ်အေးအေးထားပါ။
ရေခို်းတဲ့ရောကန်ဘေး ရေအိုင်ထဲ
ထဲမှာယက်ရှာဗျာ တွေ့လိမ့်မယ်"
"အဲ-ဟုတ်ပြီ၊ ဒေါ်ကြီးသတိရပြီ။
- ရှိကောင်းပါသေးရဲ့။ ကဲ -
ကြီးကို ခွင့်ပြုပါဦးနဲ့"
ပြောပြီး ငွေတစ်ထောင်ကန်တော့
ကာနဲ့ ကန်တော့ပွဲထဲ ထိုးထည့်
ထားလိုက်တယ်။ အဲဒီနေ့မှာပဲ
ဆန်းဆန်း (၂) ကြိမ်တွေ့လိုက်
ကျပ်လေ ကျပ်ကိုကျပ် ယုံကြည်
ပြီး ဟုတ်ပြီ၊ ကျပ်ထန်းတက်မစား
ဘူးပေါ့။ ပြီးတော့ ဒေါ်အေးမေက
ကန်ရွာလယ်ကုန်မြို့စုံရောင်းတဲ့
စေးသည်။ စေးသည်ပါးစပ်
သိတယ်မို့လား။ သူနားကပ်ပြန်တွေ့
ကြောင်း စေးဝယ်လာတဲ့သူတိုင်း
ပြောပြလေတော့ ဂဇ္ဇိရဆရာအောင်ကို
ပြောပေးသလိုဖြစ်ပြီး ကြောက်ငြာခ
ဆဲ ဂဇ္ဇိရဆရာအောင် နာမည်ကြီး
ဒီယာသမားတွေနဲ့တွေ့ပြီးသတင်း
တကမှကြာဦးမယ်။
အဲဒီနောက် လာလိုက်တဲ့လူတွေ
ပျောက်၊ နွားပျောက်လာမေးကြ
လူတွေလာကြလွန်းလို့ နေရာထိုင်
အတွက် ကျပ်တန်းတဲလေးဖျက်၊
ခင်းနဲ့ ထန်းရွက်တဲကြီးဆောက်
ယ်။ ပြောရဦးမယ်၊ ပစ္စည်းပျောက်
ကြေးတဲ့လူတွေထဲမှာ တန်ဖိုးကြီး
မားနဲ့ ဥစ္စာရင်းမှန်လို့ ပြန်ရတဲ့
သောရွာက မခင်မြင့်လေးအကြောင်း
ယ်။ အဲဒီမခင်မြင့်လေးက ဒုက္ခိတ
မီးယပ်ကျိုးကျိုးပြီးလမ်းမလျှောက်
နိုင်ဘူး။ ထိုင်လျက်ရွေ့သွားရတာ။
ကြီးပြီဖြစ်တဲ့ အဖေအိုကြီးနဲ့နေ
တာ။ ဒုက္ခိတသာဖြစ်တယ်။ အလုပ်
နိုင်တယ်။ ဝိုင်းငင်တယ်၊ ချည်ချ
ယ်။ ရက်ကန်းတော့မခတ်နိုင်ဘူး။
ကိုကိုယ်တိုင်ချက်တယ်။ အဘိုး၊
ဘူးတွေထားခဲ့တဲ့ ယာမြေကက
အစိတ်၊ သုံးဆယ်လောက်ရှိ
ရွှေထည်ပစ္စည်းကလည်း ငါး
သားလောက်ရှိတယ်။ သူတို့နေတဲ့
အိမ်က မြေစိုက်၊ ကပ်ကာ၊ ကပ်မိုး။ နှစ်
တွေကြာလာပြီမို့ ကာထားတဲ့ကပ်တွေ
အောက်ခြေမှာ ဆွေးကြပြီ။ ပစ္စည်းတွေ
ရှိမှန်းသိကြပေမယ့် မခင်မြင့်လေးက
သိသိသပ်သပ်ထားတော့ ဒီလောက်များ
မှန်း စောစောကမသိကြဘူး။ အဲဒါ အိမ်
နီးချင်းအနီးကပ်နေတဲ့မိန်းမက မခင်မြင့်
လေး လှုပ်ရှားမှုကို အမြဲတမ်း အကဲခတ်
ချောင်းကြည့်နေတော့၊ တစ်ရက်မဟုတ်
တော့ ထားတဲ့နေရာတွေ အတိအကျသိ
သွားတယ်။ ထားတာကလည်း သေတ္တာ
တွေထဲ သေ့ခတ်သိမ်းတာမဟုတ်ဘူး။
အိပ်တဲ့ခုတင်တိုင်ခြေတွေနားမှာမြေကျင်း
လေးတူးပြီးဖို့သိမ်းထားရှာတာ။ တစ်ရက်
မှာ အကြဲသမားမိန်းမကကိုယ်တိုင်မလုပ်
ရဲဘူး။ ရွာလယ်က မိန်းမတစ်ယောက်
လက်ထောက်ချခိုးခိုင်းတာ။ ထားတဲ့
နေရာသိမှတော့ အိပ်မောကျနေတဲ့
အချိန်၊ ဆွေးနေတဲ့ နံရံကပ်ကိုဖြဝင်
မြေကျင်းလေးတွေထဲ လက်နဲ့ယက်ယူရုံ
ပဲလေ။ အဲဒီလို ခိုးယူသွားလိုက်တာ။
ရွှေဒင်္ဂါးပြားက (၂၈) ပြား၊ ဆွဲကြိုးအကြိုး
အသေး (၉) ကုံး၊ လက်စွပ်၊ နားကပ်၊
လက်ကောက်မျိုးစုံ ဒေါင်းဘယက်အား
လုံး ရွှေချိန် (၅၀) သားနီးပါးလောက်
ပါသွားရှာတယ်။ အဲဒါ ကျပ်ဆီလာမေး
လို့ စစ်ဆေးလိုက်တော့ ဥစ္စာရင်းမှန်
တယ်။ ပစ္စည်းကဘိုးမွေဘွားမွေသန့်ရှင်း
တယ်။ ပြန်ရမယ့်ကံရှိတယ်။ ဒါနဲ့ ရန်ိင်
တဲ့နည်းလမ်းညွှန်လိုက်တယ်။ ရဲမတိုင်နဲ့၊
အမှုမဖွင့်နဲ့။ ရွာလူကြီးကိုတိုင် ခိုးသူဆွေ
မျိုး၊ ဦးကြီး၊ ဦးလေးတွေနဲ့ အသိပေး
ကျိတ်ပြီးဆွေးနွေး။ လက်ထောက်ချတဲ့
မိန်းမသက်သေထား။ အဲဒီမိန်းမက
ရှယ်ယာလိုချင်တာ။ ဦးတဲ့မိန်းမက ဘာမှ
မပေးရှာတော့ မကျေနပ်ဘူး။ သူကဖော်
မှာ။ ပစ္စည်းအကုန်မပေးသေးဘူး။ တချို့
တစ်ဝက်ပြန်ပေးရှာလိမ့်မယ်။ မငြင်းနဲ့။
ခိုးယူတာခိုင်လုံအောင် သက်သေသက္ကာ
ယနဲ့ လက်ခံယူထားပြီးမှ ကျန်တာတွေ
ပြန်မပေးရင် အမှုဖွင့်တော့မယ်လို့ လေ
သံပစ်လိုက်။ အကုန်ပြန်ရလိမ့်မယ်နဲ့
ကျပ်ဟောပြောပြီး လမ်းညွှန်ပေးလိုက်
တာ။ အကုန်ပြန်ရတယ်ဗျို့။ အဲဒါပြန်ရ
တော့ ထိုက်ထိုက်တန်တန်လာကန်တော့
ရှာတယ်ဗျို့။
အဲဒါ ကျပ်လည်း ပစ္စည်းပျောက်
ဟောတဲ့ဆရာဖြစ်မှန်းသိဖြစ်တော့တာ။
ရွှေဖြစ်နောက်ဖြစ်လည်းဟော၊ ဆေး
လည်းကု။ ဆေးကုတယ်သာပြောတာ
ကျပ်မှာ ဘာဆေးမှရှိတာမဟုတ်ဘူး။
ဓာတ်စာနဲ့ ဘာဖြစ်ရင်ဘာသီးဘာရွက်
စား။ အဲဒီလို ဓာတ်စာနဲ့ကုပေးရတာ။
အထူးသဖြင့် ပယောဂကုတဲ့နေရာ သိသိ
သာသာပျောက်တယ်။ ဟောလိုက်ပြော
လိုက်၊ ဆေးကုလိုက်နဲ့ခုနစ်ရက်သားသမီး
တွေက စေတနာနဲ့ ကန်တော့တာတွေနဲ့
စားဝတ်နေရေး အဆင်ပြေတဲ့အပြင်
ဖြည်းဖြည်းနဲ့ ဒီအခြေထိရောက်လာခဲ့
တာဗျ။
ဆေးကုတယ်ဆိုလို့ ပြောရဦး
မယ်။ ကျပ်ဆီလာတဲ့လူနာတိုင်း ရောဂါ
ပျောက်ရောလား။ ဒီလိုမဟုတ်ဘူး။
သာမန်ကာလျှံကာ အပရိကလူနာတွေ
လောက်သာ ကျပ်ကုလို့ပျောက်တာ။
တကယ့်ရောဂါကြီးတွေကျတော့ ကျပ်
ကုလို့ မပျောက်နိုင်ဘူးလေ။ ကျပ်ကုလို့
ပျောက်မယ်၊ မပျောက်ဘူးဆိုတာ ကျပ်
ကသိတယ်။ မပျောက်နိုင်တဲ့ ရောဂါကြီး
တွေကို ဆေးရုံ၊ ဆေးခန်း ပြောင်းကုခိုင်း
ရတာပေါ့။ ရောဂါအားလုံးပျောက်
အောင်ကုနိုင်တဲ့ ပျောက်စေဆရာမှ
မဟုတ်တာ။ ဒါပေမယ့် ကျပ်ဂဏ္ဍီရဆရာ
အောင်ဘဝရောက်ပြီး ယခုအချိန်ထိ
ဆောက်တည်စောင့်ထိန်းခဲ့တဲ့သီလတွေ၊
အားထုတ်ခဲ့တဲ့တရားတန်ခိုးတွေကြောင့်
ပျောက်မယ့်လူနာတွေပဲရောက်လာကြပါ
တယ်။
နောက်တစ်နေ့ရောက်တော့ လူမှုန်း
တစ်ယောက် ဂဇ္ဇိရဆရာအောင်ရဲ့ ဆေး
ကုတဲ့အစွမ်းကို လက်တွေ့မြင်ခဲ့ရပါ
တယ်။ နောက်နေ့ မိုးလင်းတော့ နံနက်
စောစောစားပြီး စကားစမြည်ပြော
နေတဲ့အချိန်မှာ စောင်ကို ပုခက်လုပ်ပြီး
လူနာလာပို့ကြပါတယ်။ ဒါနဲ့ ဆရာ
အောင်လည်း မာတ်ခန်းပေါက်က ခုတင်
ပေါ် တင်စေပြီးစစ်မေးပါတယ်။
"ဒါ ရွာထဲ မင်္ဂလာဆောင်အိမ်က
သတို့သားပါ ဆရာ။ မင်္ဂလာပွဲနည့်ခဲ့နေ
ရင်း အား - နာတယ်၊ နာတယ် ဆိုပြီး
လဲကျသွားလို့ ဆရာ့ဆီခေါ်လာတာ။
ကယ်ပါဦး ဆရာရယ်"
လူနာကတော့ ခုတင်ပေါ်မှာ
သတိမရဘူး။ ဆရာအောင်က ဘုရား
ခန်းနဲ့ ဓာတ်ခန်းကိုဝင်ပြီး ပြန်ထွက်လာ
တော့ လက်ထဲမှာ ငွေဖလားလေးကိုင်
လာပါတယ်။ ငွေဖလားလေးကို လူနာရဲ့
ခေါင်းရင်းမှာထားပြီးမှ လူနာကိုစမ်းပါ
တယ်။ မျက်စိမှိတ်အာရုံပြု၊ လူနာကို
သုံးလေးမိနစ်ကြာအောင်ကိုင်ထား။ နှုတ်
ကလည်း တိုးတိုးတိုးတိုးနဲ့ ရွတ်ဖတ်နေ
ပါတယ်။ ခဏကြာမှ ငွေဖလားထဲက
အရည်နဲ့ လူနာရင်ဘတ်ကနေ ဝိုက်ပေါ်
အထိ သပ်သပ်ချလိုက်တာ လူနာဟာ
အင်းခနဲညည်းပြီး ချက်ချင်းထထိုင်ပါ
တယ်။
"ဟောဗျာ၊ ကျွန်တော်ဘယ်
ရောက်နေတာလဲ"
"မင်း မင်္ဂလာဦးခဲ့နေရင်း လဲကျ
သွားလို့ ဆရာအောင်ဆီ ရောက်နေတာ

www.burmeseclassic.com

လေ"

"ကဲ - သတို့သား၊ ခုတင်ပေါ်က ဆင်း။ ရော့ - ဒါသောက်လိုက်"

ငွေဖလားထဲကအရည်သောက်ပြီး တာနဲ့-

"သွား - ဘုရားခန်း၊ ဓာတ်ခန်းဝင် ရှိရှိသေသေကန်တော့ပြီး မင်္ဂလာပွဲပြန် ည့်ခံချေတော့"

လို့ ခိုင်းလိုက်ပါတယ်။

"ဆရာဘာဖြစ်တာလဲ"

လို့ ဝိုင်းမေးကြပေမယ့် ဆရာ အောင်က ဘာမှမပြောပါဘူး။ ပြုံးပြီး-

"ပင်ပန်းသွားလို့ပါ"

လို့ပဲ ပြောလိုက်ပါတယ်။

သတို့သားလည်း -

"ဆရာရေ၊ နောက်မှလာကန် တော့တော့မယ်။ ကျေးဇူးတင်လိုက် တာဗျာ"

ပြောပြီး အပြေးအလွှားပြန်သွား ပါတော့တယ်။

"လူရှင်းသွားတော့မှ အဲဒါ ရိုးရိုး ရောဂါမဟုတ်ဘူး ကိုလူမုန်းရ။ လူပြစား တာ။ ဒီကလေးရဲ့အရင်ရည်းစားကလေး မလေးက နောက်လူနဲ့ယူတော့မကျေနပ် လို့ တကယ်လူစည်တဲ့အချိန် အချိန် ကောင်းမှန်းမသိရွေးပြီးလုပ်တာ။ ကျုပ်မေတ္တာ နဲ့တောင်းပန်ပြီး သူပြုစားချက်ကို ချေ ဖျက်ပေးလိုက်တာ။ သေနိုင်တဲ့အထိ တော့လုပ်တာမဟုတ်ပါဘူး။ အဲဒါပြုစား တာဆိုတာ မသိစေချင်လို့ 'ပင်ပန်းသွား လို့ပါ' လို့ ပြောလိုက်တာ"

နောက်နေ့လယ်လောက်မှာတော့ ရွာထဲ ဦးဘကျော် ဆိုတဲ့ လူကြီးတစ် ယောက်ရောက်လာပါတယ်။

"ဆရာအောင်၊ ကျွန်တော်နဲ့ ကြွခဲ့ ပါဦးဗျာ။ ကျွန်တော့်သမီး အကြီးမ ခင်မေကျော်တစ်ယောက် ဘာဖြစ်မှန်း မသိဘူးဆရာ။ စုန်းပူးတာလိုလို၊ နတ်ပူး တာလိုလို ခေါင်းတည်တ်ညိတ်နဲ့ ထင်ရာ ထွက်ရာတွေပြောနေပြီး ငိုလိုက်ရယ် လိုက်ဖြစ်နေလို့"

"ဒီခေါ်လာခဲ့လို့မရဘူးလား"

"ခေါ်မရဘူး ဆရာရေ။ သူ့ကို အထိမခံဘူး။ သူထိရင် ကြမ်းတော့တာ ဆရာ"

"ကဲ၊ ကဲ - ဒါဖြင့် သွားကြစို့။ လာ ကိုလူမုန်းလိုက်ခဲ့ဗျာ"

ဆရာအောင်လည်း ကွမ်းအစ်ပါ တဲ့ လွယ်အိတ်ကြီးလွယ်ပြီး ဦးဘကျော် အိမ်ဘက်ထွက်ခဲ့ကြပါတယ်။ဦးဘကျော် အိမ်ရောက်တော့ ခင်မေကျော်ဆိုသူ အသက်(၂၀)အရွယ်ခန့် ကလေးမလေး ဟာ ခုတင်ပေါ်မှာထိုင်၊ ခေါင်းပေါ်မှာ တဘက်တစ်ထည်တင်ထားပြီး ခေါင်း ထည်တ်ညိတ်နဲ့လုပ်နေရင်းက -

"ဩော်-ဆရာတွေရောက်လာပြီ ကိုး။ အင်း - ဆရာတွေက သွက်ပုံတော့ ရသားပဲ။ တွေ့ကြသေးတာပေါ့လေ"

နဲ့ ပြောတော့ လူမုန်းလည်း ပွဲကြီး ပွဲကောင်းတော့မြင်ရပြီနဲ့ အောက်မေ့ တာပေါ့။ ဆရာအောင်နဲ့လူမုန်းတို့လည်း ခုတင်ခေါင်းရင်းနားချထားတဲ့ ကုလား ထိုင်တွေမှာဝင်ထိုင်လိုက်ပါတယ်။ ဆရာ အောင်ကတော့ လွယ်အိတ်ကို စားပွဲ ပေါ်ချ၊ လူနာကို အကဲခတ်နေပါတယ်။ ပြီးမှ -

"ဒီလိုဖြစ်တာဘယ်နှရက်ရှိပြီလဲ"

"ဘယ်နှရက်ဖြစ်ဖြစ်နင့်အပူလား။ ဘာလဲ နင်ကဆရာလား။ ဆရာတဲ့ အသက်ကြီးလှပြီ။ငါကငယ်မှသဘော ကျတာ ဟီး. . . ဟီး"

ဆရာအောင်က ဘာမှပြန်မပြော တော့ဘဲ သူ့ကွမ်းအစ်ထဲက ကွမ်းရွက်ကို ထုတ်၊ ကွမ်းယာတစ်ယာယာလိုက်ပြီး လူနာကို ကျွေးပါတယ်။

"ရော့ - ဒီကွမ်းယာစား"

"မစားချင်ဘူး"

"စားရမယ် ရောဂါပျောက်အောင် ကျွေးတာစားရမယ်။ ရော့စား မေတ္တာ နဲ့ကျွေးတာနော်"

"ပေး"

လူနာဟာ ပြောပြောဆိုဆို ဆရာ အောင့်လက်ထဲက ကွမ်းယာကိုဆတ်ခနဲ ယူပြီး ပါးစပ်ထဲထည့်ဝါးပါတယ်။ ဝါးပြီး ခဏအကြာမှာ -

"ဖွီ-ကွမ်းယာကလည်းမကောင်း ဘူး။ စပ်လိုက်တာ"

ဆိုပြီး ထွေးပစ်ပါတော့တယ်။

ဆရာအောင်ကတော့ ပြုံးနေပြီး-

"ဦးဘကျော်၊ ခင်ဗျားအိမ်မှာသွေး ဆေးရှိသလား"

"ရှိပါတယ် ဆရာ"

"ရှိရင် သွေးဆေးနဲ့ သကြား၊ ဖန်ခွက်၊ ရေပေးဗျာ"

တောင်းပြီး ဖန်ခွက်ထဲ သွေးဆေး ထည့်၊ သကြားထည့် ရေအေးနဲ့ ကိုယ် တိုင်ဖျော်ပြီး -

"ကဲ - သမီးလေး၊ ဒီဆေးလေး သောက်လိုက်နော်"

"မသောက်ချင်ပါဘူး"

"နေကောင်းသွားအောင်သောက် လိုက်၊ ကလေးကလိမ္မာပါတယ်နော်"

"ပေး၊ ပေး ဘာတွေမှန်းလဲမသိ ဘူး။ ဆရာကလည်း တောင်ကျွေး မြောက်ကျွေး၊ တောင်တိုက်မြောက် တိုက်နဲ့"

ပြော ဆတ်ခနဲယူ မော့သောက် လိုက်ပါတယ် ပြီးမှ -

"အင်း - ဒီတစ်ခါတော့ ကောင်း သားတော့"

"ကဲ - ဦးဘကျော်၊ သူ့ကို နောက် (၂) နာရီလောက်ကြာရင် သွေးဆေး တစ်ခါ ထပ်တိုက်လိုက် ကောင်းသွားမှာ ပါ။ ကျုပ်တို့ပြန်တော့မယ်။ လိုက်ပို့မနေ နဲ့။ သမီးနားမှာနေရစ်"

ပြောပြီး ပြန်လာကြတာ လမ်း ရောက်လို့ လူမုန်းက အကျိုးအကြောင်း မေးတော့ -

"ဒါပယောဂမဟုတ်ဘူး ကိုလူမုန်း ရ။ မိန်းကလေးသဘာဝ သွေးလေမမှန် လို့ စုန်းလိုလို၊ နတ်လိုလို၊ သရဲလိုလိုဖြစ် နေတာ။ ဒီနေရာမှာ အကြေအဖန်ပယောဂ ဆရာနဲ့သာတွေ့လို့ကတော့ ကြိုက်သလို ဖန်တီးပြီး ငွေညှစ်လို့ကောင်းပေါ့ဗျာ၊ သိုက်ကလားဆိုလည်း ဟုတ်တယ်ပြော မှာ။ စုန်းလားဆိုလည်း ဟုတ်တယ်။ မေးတာ အကုန်ဟုတ်တယ် ပြောမှာ၊ ကြိုက်တဲ့လမ်းသာဆွဲခေါ်သွားပြီး ငွေဖန် ပေတော့။ ကျုပ်ကစရောက်ကတည်းက သိပါတယ်။ ကွမ်းယာယာကျွေးတာက ဆေးကုတယ်၊ စမ်းသပ်တယ်လုပ်တာ။ လူနာရှင်ကျေနပ်အောင်လို့"

လူမုန်း မုံရွာမပြန်ခင်တစ်ရက် ရွာထဲရောက်သွားလို့ ဦးဘကျော်အိမ် ထဲ လှမ်းကြည့်လိုက်တော့ လူနာဖြစ်ခဲ့တဲ့ ခင်မေကျော် သီချင်းတကြော်ကြော်နဲ့ ရက်ကန်းခတ်နေတာ မြင်ခဲ့ရပါတယ် ခင်ဗျား။

ကျွန်တော် လူမုန်းလည်း ဂန္ဓိရ ဆရာအောင်အိမ်မှာနေရင်း ဆရာ အောင်ရဲ့ ဟောချက်ပြောချက်၊ ဆေး ကုပုံ၊ ဇာတ်လမ်းအစုံကို တွေ့ရမြင်ရနား ထောင်ရပြီး သူအောင်မြင်မှုကို ဝမ်းသာ ပီတိဖြစ်ခဲ့ရပြီးတဲ့နောက် -

"ကဲ-ဆရာအောင်ရေ။ ကျွန်တော် ပြန်ဦးမယ်ဗျာ။ ခင်ဗျားဒီလိုအောင်မြင် တာမြင်ရတော့ကျွန်တော်ဝမ်းသာတယ်။ ဆက်ကြိုးစားဗျာ"

ကိုလူမုန်းက ကျုပ်ဒီလိုအောင် မြင်တာ ဝမ်းသာတယ်လို့သာပြောတာ ကျုပ် ကြိုးစားရတာ၊ စွန့်လွှတ်ရတာတွေ တော့ မမေးတော့ဘူးလား"

"ခင်ဗျားဘာတွေများကြီးကြီးမား မားစွန့်လွှတ်ခဲ့ရလို့လဲဗျ"

ဟာ - ရှိုးပြီလား ကိုလူမုန်းရာ ကျုပ် ဂန္ဓိရဆရာအောင်ဖြစ်ကတည်းက စိန်လှအနားကိုကပ်လို့မရတော့ဘူး။ ကပ် လိုက်ရင် မမြင်ရတဲ့စွမ်းအားတစ်ခုက တွန်းထားသလိုဖြစ်နေတာ။ ဒါနဲ့ပဲ ကျုပ် နဲ့ စိန်လှ လင်ခန်းမယားခန်းဖြတ်ခဲ့ရ တော့တယ်။ ဒီထက်ကြီးမားတဲ့ စွန့်လွှတ် ရတာရှိဦးမလား ကိုလူမုန်းရာ ဟားဟား ဟား ဟား"

မောင်မောင်းကိုးမြင့် (မုံရွာ)

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမြသန်း (သမိုင်း)

ဆရာတော်ဦးပုဏ္ဍိ၏ သူ့ကြွေးရှိရင်ဆပ်ရလိမ့်မယ်နှင့် ရာဇဝင်တွင်ရစ်စေခဲ့သည်များ

အရှင်အားရမျက်နှာလှအောင်
သာယာဝတီမင်း နန်းတက်ပြီး နောက် အိမ်နီမှဲစံ၌စံနေရသော ကျောင်း

တွင်ရစ်စေခဲ့သည်များကို လေ့လာမှတ်သားသိမှတ်နိုင်ရန်အတွက် ဆရာတော်ဦးပုဏ္ဍိ၏ 'သူ့ကြွေးရှိရင်ဆပ်ရလိမ့်မယ်နှင့်ရာဇဝင်တွင်ရစ်စေခဲ့သည်များ'ကို ရေးသား တင်ပြပါဦးမည်။

သို့ဖြစ်ပါ၍ ဆရာတော်ဦးပုဏ္ဍိ၏ သူ့ကြွေးရှိရင်ဆပ်ရလိမ့်မယ်နှင့် ရာဇဝင်တွင်ရစ်စေခဲ့သည်များကား -

❐

ဦးပုဏ္ဍိ၏ သမိုင်းကြောင်းကောင်းခဲ့သည့် ရာဇဝင်တွင်ရစ်စေခဲ့သည်များကို မိမိလေ့လာဖတ်ရှု သိမှတ်ခဲ့သမျှ ရေးသားတင်ပြခဲ့သည်မှာ 'ဆရာတော်ဦးပုဏ္ဍိ၏ ဩဝါဒနှင့်ရာဇဝင်တွင်ရစ်စေခဲ့သည်များ' နှင့် 'ဆရာတော်ဦးပုဏ္ဍိ၏ထုံးစံကိုပြတော်မူခြင်းနှင့်ရာဇဝင်တွင်ရစ်စေခဲ့သည်များ' ဟူ၍ နှစ်ပုဒ်ရှိသွားပါပြီ။

ယခုကျန်ရှိနေသေးသည့်ရာဇဝင်

အကျိုးအကြောင်း၊ အဆိုးအကောင်းဟူ၍ သမိုင်းကြောင်းပါ။ သမိုင်းကြောင်းကောင်းဖို့အတွက် ကောင်းသော အကြောင်းအရာတွေကိုသာ ဆောင်ရွက်ပါ. . .

ဆိုတဲ့ စာပိုဒ်လေးဟာ ဓမ္မပဒ ဆရာ မြတ်စွာဘုရားရှင်ရဲ့ စကားတော်ပါ။

ဒီစကားတော်ထဲကအတိုင်းကျင့်ကြံဆောင်ရွက်ခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့သားတော်တစ်ပါးဖြစ်တဲ့ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

အမက -

"နိုကာယ်ငါးရပ်ပါဠိပိဋကတ်တော်ကိုးကွယ်လိုပါသည်"

ဟုလျှောက်ထားရာ ဆရာတော်က -

"အိမ်မှ"

ဟုတစ်ခွန်းတည်းမြွှာ၍ ကျောင်းစာရေးကိုညွှန်ပြသည်။ ထိုအခါ ကျောင်းအမသည် ပိဋကတ်တော်ပေများရေးပြီးသည့်တိုင်အောင် ဦးမှိုင်း (ယခင် နန်းမတော်ဝန်ဖြစ်ခဲ့ဖူးသူ)အား တာဝန်လွှဲအပ်လိုက်လေ၏။

ပေများရေးပြီးသောအခါ (၁၀) ကြောင်းပေ (၁) အင်္ဂါ (၁) ကျပ်နှုန်း၊ (၁၁) ကြောင်းပေ (၁) အင်္ဂါ (၁) ကျပ် (၄) ပဲနှုန်း ပေကူးခပေးရိုးထုံးစံရှိသည်ကို (၁၁)ကြောင်းပေချည်းရေးသားထားသည့်ပေများအတွက် ဦးမှိုင်းက (၁၀) ကြောင်းပေနှုန်းဖြင့် လက်ခချေသောကြောင့် ပေစာရေးခကို မကျေမနပ်ဖြစ်နေကြောင်း ဆရာတော်ကြီးသိလျှင် ဦးမှိုင်းကိုခေါ်၍ -

"ငါကလိုချင်လို့ အရေးခိုင်းသည်မဟုတ်။ မင်းတို့မိဖုရားကုသိုလ်လိုလားလို့ သူ့သဘောအတိုင်းအရေးခိုင်းသည်။ ထုံးစံနှင့်အညီ အလုပ်လုပ်တာမဟုတ်ဘဲ သင်က သူတစ်ပါးကုသိုလ်ရေးကိစ္စမှာ အရှင်အားရ မျက်နှာလှအောင် ဘာဝင်ရှုပ်ရတာလဲ"

ဟု မိန့်တော်မူခဲ့ဖူးလေ၏။

မင်း၏သားဖြစ်လိမ့်မည်

တစ်နေ့သော် သာယာဝတီမင်း၏သားတော် ပြည်မြို့စား မဟာသီဟသူရသုခမွှရာဇာပင့်သဖြင့် ညောင်ကန်ရွာမှ ဆရာတော်ဦးမေဓာသည် အမရပူရသို့ကြွလာသည့်အခိုက် ဆရာတော်ဦးပုဓိသီတင်းသုံးနေတော်မူသော မင်္ဂလာဘုံကျောင်းတိုက်သို့ဝင်၍ နှုတ်ဆက်သည်။

ထိုစဉ် ဆရာတော်က -

"မောင်ကြီးပြည်မင်းသားကပင့်၍ ကိုးကွယ်ခြင်းခံရသဖြင့် မင်းဆရာဖြစ်ပြီ။ ဘုရားအလိုတော်အတိုင်း လိုက်၍ကျင့်မှသာ ဘုရားသားတော်ဖြစ်မည်။ မင်းအလိုလိုက်၍ မင်းကြိုက်ကျင့်လျှင် မင်း၏သားသာဖြစ်လိမ့်မည်"

ဟု ဩဝါဒပေးတော်မူလေ၏။

ဘာသီးခေါ်ခေါ်

တလုပ်မြို့ ဆရာတော် ဟူ၍ လည်းကောင်း၊ မြင်းဝန်ဆရာတော် ဟူ၍ လည်းကောင်းခေါ်ကြသော သုမွလင်္ကာရဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော် ဆက်ပင်ခြင်းခံရသော ဆရာတော်သုန္ဒသည် ဆရာတော်ဦးပုဓိထံသို့ မကြာခဏလာ၍ စာပေဆွေးနွေးလေ့ရှိသည်။

တစ်နေ့တွင် ကြွလာသော တလုပ်မြို့ ဆရာတော်အား ဆရာတော်ဦးပုဓိက အဘိဓမ္မာဆိုင်ရာပိဒ်တစ်ခုကိုထုတ်ပြီး -

"ရွှေသီး၊ သည်နေရာ၌ ဋ္ဌီကာကျော်ကဘယ်လိုဖွင့်သနည်း။ မဏိမဉ္ဇူသခေ်ပ၊ပေါရာဏသစ္စသံခိတ်၊အဘိဓမ္မာဝတာရ၊ သည်ဋ္ဌီကာသည်ဋ္ဌီကာများကဘယ်ပုံဖွင့်ကြသနည်း"

ဟု တစ်ကျမ်းပြီး တစ်ကျမ်းဆက်၍ ပုစ္ဆာ၊ ပါဠိဖွင့်ပုံနှင့်တကွ အနက်အဓိပ္ပာယ်အလုံးစုံတို့ကို မကြွင်းမကျန်ရအောင် မေးမြန်းတော်မူသည်။

တလုပ်မြို့ ဆရာတော်ကလည်း မေးတိုင်းမေးတိုင်း ကျမ်းတို့၏အဖွင့်ကို အနက်အဓိပ္ပာယ်နှင့်တကွ နှုတ်ရအောင်လုံအလုံးစုံဖော်ထုတ်၍ဝေဖန်ရှင်းပြသည်။

ပြီးလျှင် ဆရာတော်ဦးပုဓိက -

"သည်နေရာမှာ မဏိဒီပဘာယ်လိုဖွင့်သေးသနည်း"

ဟု ထပ်၍မေးသည်။

တလုပ်မြို့ ဆရာတော်က -

"သည်နေရာ၌ မဏိဒီပကို နှလုံးမသွင်းမိ၍ မဖြေဆိုနိုင်အောင်ပင်ရှိပါသည် ဘုရား"

ဟု ပြန်၍လျှောက်သည်။

ထိုအခါ ဆရာတော်ဦးပုဓိက -

"ရွှေသီး၊ မဏိဒီပ၌ မောဟကြီးနေ၍ မရွှတ်ဆိုနိုင်လျှင် ရွှတ်ပြလိုက်ရုံးမည်ဟု"

ဟုပြော၍ မဏိဒီပဖွင့်ထားပုံကို ရွှတ်ဆိုကာ အနက်အဓိပ္ပာယ်စုံလင်အောင်ဝေဖန်ပြတော်မူလိုက်သည်ဟု ဆိုပါသည်။

တလုပ်မြို့ ဆရာတော် ကျောင်းတိုက်သို့ပြန်ရောက်သောအခါ စာပည့်တို့အား -

"ဆရာတော်ဦးပုဓိသည် ကျပ်ထက် အသက်၊ သိက္ခာလွန်စွာကြီးလှသည်မဟုတ်။ လအရေအတွက်မျှသာကြီးသူဖြစ်ပါလျက် ပရိသတ်အလယ်မှာ ကျပ်ကို ရွှေသီး၊ ရွှေသီးဟုခေါ်သည်ကို ရှေးက ကျွန်ုပ်မကျေနပ် မနှစ်သက်ခဲ့ဘူး။ အခု ကျပ်ကို မဏိဒီပနဲ့စမ်းလိုက်မှပဲ ကျေနပ်နှစ်သိမ့်ပြီး ကြည်ညိုရလာသည်။ နောက်နောင်တော့ဖြင့် ရွှေသီးမကလို့ ဘာသီးခေါ်ခေါ် ကျပ်ကျေနပ်ပြီ"

ဟု မိန့်ကြားတော်မူသည်ဟုအဆိုရှိခဲ့ပါ၏။

ကိုယ်စွမ်းလို့ကိုယ်ဖြစ်တာ

မြန်မာနှစ် ၁၂၀၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့တွင် သဲအင်းသာသနာပိုင်ဆရာတော်ကြီးပျံလွန်တော်မူသွားပြီးနောက် သာယာဝတီမင်းသည် ဆရာတော်ဦးဥေယျကို ဥေယျဓမ္မာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ကပ်လှူ၍ သာသနာပိုင်အပ်တော်မူသည်။

တစ်နေ့သော် သာသနာပိုင် ဦးဥေယျသည် ဆရာတော်ဦးပုဓိကျောင်းသို့ကြွလာရာ လေ့ကားအရောက်တွင် ရဟန်းငယ်များကမြင်ကြ၍ ဖျာ၊သင်ပုန်းများ အလျင်စလိုခင်းကြသည်။ ထိုအချိန်တွင် ဆရာတော်သည် စာကြည့်နေသည်ဖြစ်၍ လှုပ်လှုပ်ရှားရှားအသံများကိုကြားရာ -

"ဘာလုပ်ကြတာတုံး"

ဟုလှမ်းမေးသည်။

"သာသနာပိုင် ကြွတော်မူလာလို့ နေရာခင်းကြတာပါ ဘုရား"

ဟု လျှောက်သော် -

"သာသနာပိုင်က ကိုယ့်နေရာကိုယ်နေတာမဟုတ်ဘူး"

ဟု မိန့်တော်မူပြီး စာကိုကြည့်မြဲကြည့်နေသည်။

လေ့ကားရင်းတွင်ရောက်နေပြီဖြစ်သော သာသနာပိုင်ဆရာတော်သည် ဆရာတော်ဦးပုဓိ၏မိန့်ဆိုချက်ကို ကြားသည်တွင် လောကဋ္ဌ အကင်းပါးလှသဖြင့် ကျောင်းပေါ် သို့ မတက်တော့ဘဲ ထိုနေရာမှပြန်ကြွသွားလေ၏။

ကျောင်းသို့ပြန်ရောက်သောအခါ သာသနာပိုင်သည် လျှောက်ထားရန်ကိစ္စရှိပါသဖြင့် ဘုရားတပည့်တော်၏ကျောင်းသို့ ကြွတော်မူစေလိုပါသည်ဟု စာရေးပြီး ဆရာတော်ဦးပုဓိကိုအပင့်ခိုင်းလိုက်လေသည်။

စာရသောအခါ ဆရာတော်ဦးပုဓိသည် သာသနာပိုင်ကျောင်းသို့ကြွလာပြီး -

"ကိုဥေ ယျ ကျွပ်ကိုဘာကိစ္စခေါ်တုံးဗျ"

ဟုမေးသည်။

သာသနာပိုင်သည် ကြွလာသော ဆရာတော်ကိုနေရာထိုင်ခင်းပေးပြီးမှ -

"အရှင်ဘုရား၊ သင်္ဃာကိစ္စ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းထူးမရှိပါ။ တပည့်တော်မှာ ဖြစ်လျက် သာသနာပြုအရာကို ဆောင်ရပါသောကြောင့် ချွတ်ချော် အမှားများကိုမြင်တွေ့လျှင် ဆုံးမ ခွင့်၌ ပင့်လျောက်ခြင်းဖြစ်ပါသည်

ဟု ပြန်လည်လျောက်ထားသော ဆရာတော်ဦးဗုဒ္ဓိက -

"ကိုယ်စွမ်းလို့ကိုယ်ဖြစ်တာ ပြောလို့ပါဘူး"

ဟု မိန့်တော်မူခဲ့ပါလေ၏။

သာသနာပိုင် ဘုရားတည်တာလောက်

တစ်နေ့တွင် သာသနာပိုင်သည် ဆရာတော်ဦးဗုဒ္ဓိကျောင်းနေ ရဟန်းငယ် ဆေးလိပ်သောက်သည်ဟုကြား၍ ဆုံးမဩဝါဒပေးရန် မဟာဒါန်ဝန်ကို စေလွှတ်လိုက်သဖြင့် မဟာဒါန်ဝန်က -

"ဆရာတော်ဘုရား၏ကျောင်းတိုက် ရဟန်းငယ်များ ဆေးလိပ်သောက်ပါသည် ဘုရား"

ဟု တင်လျောက်ရလေသည်။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓိက -

"ဒါတိုက်က ရဟန်းငယ်များ ဆေးလိပ်သောက်တာ သာသနာပိုင်ဘုရား တည်တာလောက်မဆိုးသေးဘူး"

ဟု မဟာဒါန်ဝန်ကိုပြန်၍ အမိန့်ရှိတော်လေ၏။

အကြောင်းမှာ ဘုရားရှင်မိန့်တော်မူသော ရဟန်းကိစ္စနှစ်ခုရ ဆိုသောအားဖြင့် ရဟန်းတို့အလုပ်သည် ပရိယတ်စာချအလုပ်နှင့်ဝိပဿနာဘာဝနာအရား ပွားများအားထုတ်ခြင်းအလုပ် ဟူသော ကိစ္စနှစ်ကိစ္စသာရှိ၍ ဝိနည်းသိက္ခာပုဒ်အရ အခြားသော လုပ်ငန်းများသည် ရဟန်းတို့အလုပ်မဟုတ်။ ရဟန်းတို့ အလုပ်နှင့် မအပ်စပ်ဟု ဆိုလိုထားသောကြောင့်ဖြစ်၏။

ထိုတစ်ခါက သာသနာပိုင်သည် ဘုန်းသိုက်ကြွ၍ ရွှေတိဂုံစေတီတော်၌ ခြင်းလောင်းကြီးသွန်းလုပ်ခြင်းနှင့် မိမိ ရည်ရွယ်ရာဇဂတိဖြစ်သော နတ်ရဲတောင်ရှိ ဘုရားကြီးတစ်ဆူတည်ထားခြင်းကို ကြည့်ရှုဆင်ခြင်၍ မိန့်တော်မူခဲ့ဟန်တူပါ၏။

ဆုံးနေသည့်စိတ်တစ်ချပ်

ဆရာတော်ဦးဗုဒ္ဓိသည် စာပေနှင့် တော်သက်လာလျှင် ပုဂ္ဂိုလ်မရွေးကူညီ သူရှိရာ တစ်နေ့တွင် တောင်သမန်ဘိုက်မှ ရဟန်းငယ်တစ်ပါးသည် ကခ်ီ စာကိုယ်ကိုကူးပြီးနောက် အကျအပေါက် ရှိလေသလားဟု ကူးပြီးပေကို ဆရာတော် ထံစစ်ဆေးကြည့်ရှုပေးပါမည့်အကြောင်း လျောက်ထားလာသည်။

ထိုအခါ ဆရာတော်က -

"အေး - ထားခဲ့၊ သန်ဘက်ခါလာယူလှည့်"

ဟု အမိန့်ရှိလိုက်သည်။

ဆရာတော်သည် ရဟန်းငယ်ယူလာသောပေကိုကြည့်ရာ (၁၀) ကြောင်းပေတစ်ချပ်ကျန်နေသည်ကို တွေ့သဖြင့် ပေအသစ်တစ်ချပ်ရေးပြီးထည့်ထားလိုက်လေသည်။

ချိန်းဆိုထားသောနေ့တွင် စာရှင်ရဟန်းငယ်ပေလာယူသောအခါ -

"မောင်ပဉ္စင်းပေတွင် စာတစ်ချပ်ကျန်၍ ငါဖြည့်ရေးထားလိုက်သည်"

ဟု မိန့်တော်မူပြီး ပေကိုပြန်ပေးလိုက်သည်။

ပေရှင်ရဟန်းငယ်သည် တောင်သမန်ကျောင်းသို့ပြန်ရောက်၍ မိမိကျရစ်သောပေနှင့် ဆရာတော်ရေးထည့်ပေးလိုက်သောပေကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုရာ အက္ခရာအနေအထားသည် တစ်ပါဒမျှမတိမ်း၊ ပိုက်သေး၊ ပိုက်ကြီးက မကျန် အစအဆုံးကိုက်ညီနေသည်ကို အံ့သြစွာတွေ့ရသဖြင့် ထိုအကြောင်းမှာ တစ်မြို့လုံးဟိုးဟိုးကျော်သွားခဲ့လေ၏။

သူကြွေရှိရင်ဆပ်ရလိမ့်မယ်

တောင်ငယျာဉ်တောအတွင်း ဘုရင့်ရွှေတော်တွင် သံတော်ဆင့် ဦးရွှေသားကိစ္စမေးရာ နောင်တော်မင်းတရား ရွှေထီးရွှေနန်းစည်းစိမ်တော် တစ်ဖန်စံစေရအောင် မိဖုရားခေါင်ကြီး နန်းမတော်၏ အစီအစဉ်ဖြင့် တိတ်တဆိတ် မှူးဟောင်းမတ်ဟောင်းများနှင့် တိုင်ပင်ရပါကြောင်း ထွက်ဆိုသဖြင့် ထုံးစံနှင့်အညီ နန်းမတော်ကိုရေတွင်ချ၍ အဆုံးစီရင်ရန် အမိန့်ချပြီး မြို့ဝန်၏လက်သို့လွှဲအပ်လိုက်လေ၏။

ရေတွင်ဖျောက်သည့်နေ့တွင် နန်းမတော်က -

"ဆရာတော်ကို နောက်ဆုံးဖူးမြော်လိုပါသည်"

ဟု ဆိုရာ မြို့ဝန်သည် ရှေးကကျေးဇူးကို ထောက်ထား ငဲ့ညှာကာ ထိုအကြောင်းကို သာယာဝတီမင်းထံလျှောက်ထားလေသည်။ အခွင့်ရသည်နှင့် ဆရာတော်ဦးဗုဒ္ဓိ၏ ခြေတော်ရင်းသို့ရောက်အောင်ပို့ပေးလေသည်။

ကျောင်းအမသည် ဆရာတော်အားဦးချပြီး -

"ဆရာတော်ဘုရား၊ ယခုအခါ သာယာဝတီမင်း၏တန်ခိုးလွှမ်းပိုးလာ၍ သူ၏အာဏာစက်ဖြင့် တပည့်တော်မ၏ အသက်အဆုံးစီရင်ခြင်းခံရပါတော့မည်"

ဟု လျှောက်ထားလေလျှင် ဆရာတော် ဦးဗုဒ္ဓိသည် ကျောင်းအမကိုကြည့်၍ -

"သူကြွေးရှိရင်ဆပ်ရလိမ့်မည်"

ဟု တစ်ခွန်းတည်းသောစကားကို မိန့်ကြားတော်မူလေသည်။

ဆရာတော်၏ ဆိုလိုရင်းကို နားလည်သော ကျောင်းအမသည် ဆရာတော်ကိုဦးချကာ အာဏာသားတို့၏ခေါ်ရာသို့ ရဲရဲကြီးလိုက်ပါသွားလေတော့၏။

ဤတွင် စာရေးသူ ရေးသားတင်ပြလိုသည့် ဖတ်မှတ်သိရှိခဲ့သည်များထဲမှ ဆရာတော်ဦးဗုဒ္ဓိ၏ ရာဇဝင်တွင် ကျန်ရစ်ခဲ့သည်များကို လက်လှမ်းမီသရွေ့ ရေးသားတင်ပြ၍ပြီးပါပြီ။

သို့ပါသော်လည်း ဤဆောင်းပါးနှင့် ဆက်စပ်နီးနွယ်နေသည့် နန်းမတော်၏ဘဝနိဂုံးနှင့် ကောင်းမှုကုသိုလ်များကို လေ့လာမှတ်သားနိုင်ရန်၊ ဗဟုသုတအဖြစ်သိရှိနိုင်ရန် မိမိလေ့လာမှတ်သားထားသမျှကို ဤဆောင်းပါး၏နောက်ဆက်တွဲအဖြစ် ဆက်လက် ရေးသားဖော်ပြလိုက်ပါ၏။

❐

နန်းမတော်၏ဘဝနိဂုံး

နန်းမတော်ကို ရေသွေးဖျောက်သောနေ့မှာ မြန်မာနှစ် ၁၂၀၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (၁၂-၅-

www.burmeseclassic.com

www.burmeseclassic.com

၁၈၄၀) ရက်နေ့ ဖြစ်သည်။

ထိုနေ့သည် နန်းမတော်၏ အသက် (၅၅) နှစ်၊ (၉) လနှင့် (၂၃)ရက် ရောက်သောနေ့ဖြစ်သည်။

တောင်သမန်အင်း၏ အရှေ့မြောက်ထောင့် မယ်ဘယက်ဘုရားကုန်းတော်ကမ်းစပ်တွင် ရေချကွပ်မျက်သည်ဟု စာဟောင်းများတွင်တွေ့ရသည်။

ကောင်းမှုကုသိုလ်များ

ရှာဖွေတွေ့ရှိရသော ဘကြီးတော်နှင့် မိဖုရားခေါင်ကြီး၏ ကုသိုလ်တော်စာရင်းတွင် -

၁။ နန်းတက်သည့်နှစ် ရှင်သာမဏေလောင်း (၄၉) ပါးနှင့် ပဉ္စင်းလောင်း (၅၅) ပါးကို သာသနာ့ဘောင်သို့ သွတ်သွင်းသည်။

၂။ ထိုနှစ် သံဃာတော်မြတ်များအား ကထိန်သင်္ကန်းစုံရေ (၇၇၇) စုံ လှူဒါန်းသည်။

၃။ မင်းကွန်းပုထိုးတော်ကြီးမြောက်ဘက် ဧရာဝတီကမ်းနဖူး ဆင်ဖြူတက်ဆိပ်တွင် တောင်စဉ်(၇)ထပ်၊ အာလိန်ငါးဆင့်လိုဏ်မုခ်၊ စောင်းတန်းနှင့်တကွ ရှင်ဖြူဘုရားတည်သည်။

၄။ စစ်ကိုင်းမြို့ စတုမော်အထက်မြစ်ဆိပ်ကမ်းထိပ်တွင် အောင်ချောဇိန္ရေဘုံသာစေတီတော်။

၅။ စစ်ကိုင်းမြို့ရာဇဝူဥာစေတီတော် အရှေ့တောင်ယွန်း လောကချမ်းသာစေတီ။

၆။ အညာသီဟတောစေတီတော်ပျက်စီးသည်ကိုပြင်သည်။

၇။ ရွှေကြက်ယက်ဘုရားနှစ်ဆူကို ထပ်မံပြင်သည်။

၈။ ရွှေဆပ်သွားဘုရားကိုပြင်သည်။

၉။ မန္တလေးတောင်ဘုရားရှင်နှင့်စောင်းတန်း ဇရပ်၊ ရေကန်များကိုပြင်သည်။

၁၀။ စစ်ကိုင်းမြို့ အောင်မြေလောကဘုရားတောင် ဧရာဝတီမြစ်ကမ်းထိပ်တွင်တည်လုပ်သည့် ဥမင်ဇရပ် (၂) ဆောင်။

၁၁။ အိန္ဒိယပြည်မဟာဗောဓိသို့ အထူးထူးသောလျှုဖွယ်နှင့် အလှူတော်ကျောက်စာရေးထိုးစေလွှတ်တော်မူသည်။

၁၂။ အမရပူရမြို့တော်အနောက်ဘက်ရှိ ခမည်းတော်၊ မယ်တော်တို့ကောင်းမှုကုသိုလ်ရာ မင်္ဂလာဝေယျကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော မဟာဝိဇယရံသီစည်းခုံတော်ကြီးကို ပြုပြင်သည်။

၁၃။ မဟာဝိဇယရံသီစည်းခုံတော်ကြီးအတွင်း မဟာမေရုမကုဋယဏ္ဏရာဇာခေါင်းလောင်းကြီး။

၁၄။ အင်းဝနန်းတော် အနောက်တောင်ယွန်း၌ ဘုံ(၇)ဆင့် ပြာသာဒ်ကျောက်ဖြူပလ္လင်နှင့် တံကွသော ဘုဏ်တော်အမြင့် (၉) တောင်၊ (၂) မိုက်ရှိသည့် ဝိဿာချိန် (၁၆၁၁၀) ရှိ မဟာသကျသီဟရုပ်ပွားတော်ကြီး။

(ထိုရုပ်ပွားတော်ကြီးကို အင်းဝမှ အမရပူရသို့ ပုဂံမင်းက ပင့်ဆောင်ခဲ့သည်။ အမရပူရမှ မန္တလေးသို့ သီပေါမင်းက ပင့်ဆောင်ခဲ့သည်။ ယခု မန္တလေးသကျသီဟဘုရားဖြစ်သည်။)

၁၅။ အင်းဝ၌ ဘိုးတော်ဗဒုံမင်း နန်းတော်ရာတွင် သိမ်သမုတ်လှူဒါန်းသည်။

၁၆။ အင်းဝ၌ ငွေတော် (၉၀၄၉၀) ကျပ်တန် ဘုံကျော်ပြာသာဒ်ကျောင်းတော်ကိုဆောက်၍ မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိသီရိသဒ္ဓမ္မပါလဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရှိ စလင်းသာသနာပိုင်ဆရာတော်ကြီးအား တင်လှူသည်။

၁၇။ အင်းဝ မဟာအောင်မြေဘုံစံအုတ်ကျောင်း (မယ်နုအုတ်ကျောင်း)။

၁၈။ မင်းကွန်းပုထိုးတော်ကြီး အနောက်မြောက်တောင်ရံတွင် တောရဇေတဝန်ကျောင်းတော်ကြီး။

၁၉။ အင်းဝ ရွှေစည်းခုံစေတီအနီး မဟာအောင်မြေဘုံသာ ကျောင်းတော်ကြီး။

၂၀။ မြန်အောင်မြို့မြစ်ကမ်းတွင် ထပ်မံပြင်ဆင်တည်လုပ်သောမြန်အောင်ဘုံသာစေတီတော်။

၂၁။ အင်းဝအလုံဝန်ကြီးကျောင်းတော်အတွင်း မဟာဗောဓိမှ ပင့်လာသော မဟာဗောဓိပင်စိုက်တော်မူခြင်း။

၂၂။ အင်းဝမြို့ သကျသီဟရုပ်ပွားတော်ကြီးအနီးတွင် ဉာဏ်တော် (၁၁) တောင်၊ (၂) မိုက်၊ (၄) သစ်ကျောက်ဖြူဆင်းတုတော်ကြီး။ (ထိုကျောက်ဖြူဆင်းတုတော်ကြီးကို ပုဂံမင်းက မြန်မာနှစ် ၁၂၁၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၉ရက် နေ့တွင် အမရပူရသို့ ပင့်ဆောင်၍ တောင်သမန်အင်းအနီး တောင်သမန်ရွာနှင့် ထန်းတောရွာကြား၌ ပြာသာဒ်တော်ဆောက်လုပ်၍ ကိုးကွယ်သည်။ ယနေ့တောင်သမန်ကျောက်တော်ကြီးဘုရားဟု ခေါ်သည်။) နှင့် -

၂၃။ အင်းဝစွယ်တော်စင်အနီး သကျမုနိရုပ်ပွားတော်တို့ ဖြစ်ပါသည်။

ထို့အပြင် ရှေးမင်းများတည်ထားကိုးကွယ်ခဲ့သောလောကချမ်းသာဘုရား ရတနာမဋ္ဌုဘုရား၊ ရွှေမုဋ္ဌောဘုရား ရွှေစည်းခုံဘုရား၊ မာရ်အောင်ရတနာဘုရား၊ ရွှေယင်းရဲဘုရား၊ သက်တော်ရဘုရားမှစ၍ စေတီပုထိုးပေါင်းများစွာတို့ ပျက်ပြားယိုယွင်းသည်များကို အသစ်ပြုပြင်တော်မူခဲ့သည်။

အောင်ပင်လယ်ကန်၊ နန္ဒာကန်တောင်ဘက်ကိုးရိုင်း၊ ကျောက်ဆည်ဆည်တော်၊ မတ္တရာဆည်တော် စသောကန်၊ ချောင်း၊ ဆည်မြောင်းများကိုလည်း ပြုပြင်ခဲ့သည်။

နန်းမတော်မယ်နုသည် အုတ်ကျောင်းကြီးဆောက်၍ ဆရာတော်ဦးဗုဒ္ဓံကို တင်လှူရခြင်းနှင့် ထွဋ်ခေါင်ဆရာတော်၏ ရဟန်းအမဖြစ်လိုက်ရခြင်းသည် သူ့ဘဝတွင် ကျေနပ်စရာအကောင်းဆုံး ဖြစ်ပေလိမ့်မည်။

သူတစ်ပါးလက်ချက်ဖြင့် အသက်ခံရမည်ရှိစဉ် ဆရာတော်ဦးဗုဒ္ဓံထံ အသေခံရဲဆေးကိုရသွားသည်။ သေးမှုးတွင်မူ ထွဋ်ခေါင်ဆရာတော်၏ ကဗ္ဗာန်းတရားတော်ကို နှလုံးသွင်းနိုင်ခဲ့သည်။ ဤသည်မှာ ကလျာဏီဌာသံဝါသ သပ္ပုရိသူ ပနိဿယရှိခြင်း၏ အကျိုးပင် ဖြစ်လေသည်။

(စကားချပ်။ ။ နန်းမတော်ရေမှာဖောက်ပြီး (၁၂) နှစ်အကြာတွင် ကျန်ရစ်ခဲ့သော သမီးတော် တိလောကမြတ်စွာသည် ၁၂၁၄ ခုနှစ် အမရပူရနန်းကို သိမ်းတော်မူသော မင်းတုန်းမင်း၏ အလယ်နန်းတော်မိဖုရား ဆင်ဖြူမရှင်ဖြစ်လာသည်။ ဆင်ဖြူမရှင်၏သမီးတော် စုဖုရားလတ်မှာလည်း ၁၂၄၀ ပြည့်နှစ် ရတနာပုံထီးနန်းကို သိမ်းမြန်းသော သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်လာသည်။)

ကိုရွှေမြသန်း (သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ခရီးရှောင်ရန်အချိန်အခါ

မည်သည့်နေ့သားမဆို မိမိတို့၏ ကြွေးနှဲ့ပဋ္ဌပွတ်အချိန်၊ ဆပွတ်အချိန် ကောင်း မိမိတို့အိမ်မှ တခြားအရပ်ဒေသ သွားစ၍မသွားကောင်းပါ။ အကယ်၍ အတတ်တမဲ့မသိနားမလည်ဘဲထွက်သွား ခဲ့ကာ မိမိတို့၏ အကြံအစည်၊ အလုပ် အကိုင်များ မပြီးမြောက် မအောင်မြင် သည့်အပြင် စိတ်အနှောင့်အယှက်နှင့် ဥပဒ်အန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့တတ်ကြောင်းကို ယုံမှားမရှိရာ ထပ်ပြုစေလိုပါသည်။

ခုနစ်နေ့သားသမီးများအတွက် ရှောင်ရန်(လက်ာ)

၁။ ဥဩမြည်သံ
၂။ ချစ်ငံသက်တူ
၃။ ညည်းညူထွန်းအေး
၄။ လေးလေးအဲကျူး
၅။ မေမူးခေါ်ညံ
၆။ သံသာဆွတ်လောင်
၇။ တောတောင်ဝေဖြာ

ဤအခါသည် ရှောင်ခွာရပ်မြေ ခရီးတည်း။

လက်ာ၏လိုရင်းသဘောကား -

၁။ တနင်္ဂနွေ - (ဥဩမြည်သံ) ဥ မည်သော တနင်္ဂနွေသားသမီးသည် ဩ မည်သော နံသင့်တနင်္ဂနွေနေ့တွင် မြည် ဖြစ်သော နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲအချိန်မှစ၍ နံနက်(၉)နာရီအတွင်းတစ်ကြိမ်၊ နေလွဲ (၁)နာရီခွဲအချိန်မှစတင်၍ ညနေ(၃)နာရီအတွင်းအချိန်ထိ (သံ)ဖြစ်သော နံသင့်ဆပွတ်အချိန်တွင် တစ်ကြိမ်၊ မိမိအိမ်မှ စတင်၍ ခရီးမသွားကောင်းပါ။ အထူးသတိပြုပါလေ။

၂။ တနလာ (ချစ်ငံသက်တူ) (ချစ်) မည်သော တနလာသားသမီးသည် (ငံ) မည်သော တနလာနေ့တွင် (သက်) ဖြစ်သော နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲအချိန်မှစ၍ နံနက် (၉) နာရီအတွင်းတစ်ကြိမ်၊ နေလွဲ (၁)နာရီခွဲအချိန်မှစတင်၍ ညနေ(၃)နာရီအချိန်ထိ (တူ) ဖြစ်သော နံသင့်ဆပွတ်အချိန်မှာတစ်ခါ မိမိအိမ်မှစတင်၍ ခရီးမသွားကောင်းပါ။ သတိပြုပါလေ။

၃။ အင်္ဂါ (ညည်းညူထွန်းအေး) (ညည်း) ဟူသော အင်္ဂါနေ့သားသမီးသည် (ညူ)မည်သော အင်္ဂါနေ့၌ (ထွန်း) ဖြစ်သော နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲအချိန်မှစ၍ နံနက် (၉) နာရီအချိန်အတွင်းတစ်ကြိမ်၊ နေလွဲ (၁) နာရီခွဲအချိန်မှစတင်၍ ညနေ (၃) နာရီအချိန်အထိ (အေး)ဖြစ်သော နံသင့်ဆပွတ်အချိန်မှာတစ်ကြိမ် မိမိအိမ်မှစတင်၍ ခရီးမထွက်ကောင်းပါ။ သတိပြုပါလေ။

၄။ ဗုဒ္ဓဟူး (လေးလေးအဲကျူး) (လေး) ဟူသော ဗုဒ္ဓဟူးသားသမီးသည် (လေး) မည်သော ဗုဒ္ဓဟူးနေ့တွင် (အဲ) ဖြစ်သော နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲအချိန်မှစ၍ နံနက် (၉) နာရီအချိန်အတွင်းတစ်ကြိမ်၊ နေလွဲ (၁) နာရီခွဲအချိန်မှ ညနေ (၃) နာရီအတွင်း (ကျူး) ဖြစ်သော နံသင့်ဆပွတ်အချိန်မှာတစ်ကြိမ် မိမိအိမ်မှ စတင်၍ ခရီးမသွားကောင်းပါ။ အထူးသတိပြုပါလေ။

၅။ ကြာသပတေး (မေမူးခေါ်ညံ) (မေ့) ဟူသော ကြာသပတေးသားသမီးသည် (မူး) မည်သော ကြာသပတေးနေ့တွင် (ခေါ်) ဖြစ်သော နံသင့် ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲမှစ၍ နံနက်(၉)နာရီအချိန်အတွင်း တစ်ကြိမ်၊ နေလွဲ(၁)နာရီခွဲအချိန်မှ ညနေ(၃)နာရီအထိ (ညံ)ဖြစ်သောနံသင့်ဆပွတ်အချိန်မှာ တစ်ကြိမ် မိမိအိမ်မှ စတင်၍ ခရီးမထွက်ကောင်းပါ။ အထူးရှောင်ပါလေ။

၆။ သောကြာ (သံသာဆွတ်လောင်) (သံ) ဟူသော သောကြာသားသမီးသည် (သာ) မည်သော သောကြာနေ့၌ (ဆွတ်) ဖြစ်သော နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက်(၇)နာရီခွဲမှစ၍ နံနက်(၉)နာရီအချိန်အတွင်းတစ်ကြိမ်၊ နေလွဲ (၁) နာရီခွဲအချိန်မှ ညနေ (၃) နာရီအထိ (လောင်)ဖြစ်သော နံသင့်ဆပွတ်အချိန်မှာတစ်ကြိမ် မိမိအိမ်မှစတင်၍ ခရီးမထွက်ကောင်းပါ။ သတိပြုပါလေ။

၇။ စနေ (တောတောင်ဝေဖြာ) (တော) ဟူသော စနေသားသမီးများသည် (တောင်) မည်သောနေရာတွင် (ဝေ) ဖြစ်သည့် နံသင့်ပဋ္ဌပွတ်အချိန်အခါ နံနက် (၇) နာရီခွဲမှ စတင်၍ နံနက် (၉) နာရီ အချိန်ထိတစ်ကြိမ်၊ နေလွဲ (၁) နာရီခွဲအချိန်မှ ညနေ (၃) နာရီအထိ (ဖြာ) ဟူသော နံသင့်ဆပွတ်အချိန်မှာ တစ်ကြိမ် ၎င်းနေနေ့တွင် နှစ်ကြိမ်နှစ်ခါတို့၌ မိမိတို့ အိမ်မှအစပြုလျက်၊ အရပ်တစ်ပါးသို့ ခရီးမထွက်ကောင်းပေ၊ သတိထားကြပါကုန်။

ခုနစ်နေ့သားသမီးများ ဘေးဥပဒ်အန္တရာယ်ကင်းဝေး၍ လိုရာဆန္ဒပြည့်ကြပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ခုနစ်နေ့သားများ၏နေ့စဉ်	တနင်္ဂနွေ	တနလာ	အင်္ဂါ	ဗုဒ္ဓဟူး	၎တေး	သောကြာ	စနေ
	ဥဩနေ့	ချစ်ငံနေ့	ညည်းညူ	လေးလေးနေ့	မေ့မူးနေ့	သံသာနေ့	တောတောင်နေ့
ရှောင်ကြဉ်ရန်နေ့	ဩဩနေ့	ငံသံနေ့	ညူထွန်းနေ့	လေးလေးနေ့	မူးမူးနေ့	သာသာနေ့	တောင်တောင်နေ့
ရှောင်ရန်အချိန်-ပဋ္ဌပွတ်နံ	မြည်၅ခါ	သက်၅ခါ	ထွန်း၅ခါ	အဲ၅ခါ	ခေါ်၅ခါ	ဆွတ်၅ခါ	ဝေ၅ခါ
ရှောင်ရန်အချိန်-ဆပွတ်နံ	သံ၆ခါ	တူ၆ခါ	အေး၆ခါ	ကျူး၆ခါ	ညံ၆ခါ	လောင်၆ခါ	ဖြာ၆ခါ
	ဥဩ မြည်သံ	ချစ်ငံ သက်တူ	ညည်းညူ ထွန်းအေး	လေးလေး အဲကျူး	မေ့မူး ခေါ်ညံ	သံသာ ဆွတ်လောင်	တောတောင် ဝေဖြာ

www.burmeseclassic.com

www.burmeseclassic.com

(မသိုးလိုး)
ဒေါင်မြင့်တွန်း
မြစ်ဝမြေနကျွန်းပေါ်မြေက
လွမ်းဆွေးဖွယ်ရာ ကယက်တာ

မြစ်ဝကျွန်းပေါ် နယ်မြေဒေသရှိ တစ်ခုသော မြို့နယ်အတွင်း၌ ကျေးရွာကြီးတစ်ရွာရှိလေသည်။

ထိုရွာကြီးသည် သာမန်မြို့နယ်လေးတစ်ခုနီးပါး ဖွံ့ဖြိုးစည်ပင်၏။ ဒီရေများပတ်လည်ဝိုင်းနေသောကြောင့် ကျွန်းပေါ်နေသောကျေးရွာကြီးတစ်ခု ဖြစ်ပါတော့သည်။ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကောင်းပါ၏။ မင်းမျိုးမင်းနွယ်မင်းမှထမ်းဆက်တချို့လည်း ထိုရွာကြီးတွင် နေထိုင်ခဲ့ဖူးကြောင်း ကြားသိရသည်။ သို့ကြောင့်ပင် မင်းပိုင်းစိုးပိုင်းရှေးမင်းမှထမ်းမျိုးရိုးတို့ နေထိုင်ခဲ့ဖူးသော ခမ်းနားသည့် နှစ်ဆောင်ပြိုင်အိမ်အိုအိမ်ဟောင်းကြီးများလည်း ကျန်ရှိနေပါသေးသည်။ ထိုအိမ်ကြီးမျိုးသည် ရှေးယခင်ခေတ်က အလွန်ကြည့်ကောင်းသော အိမ်ကြီးအိမ်ကောင်းများဖြစ်ဖွယ်ရာရှိပါ၏။

ယခုခေတ်တွင်ကား မြင်ရသူကျော်ချွမ်းမိသည့်ပုံစံမျိုးပေါက်နေပါ၏။ အိမ်ကြီးကိုကြည့်ရသည်မှာ သာမန်အိမ်မျိုးနှင့်မတူ ကြီးလွန်းနေ၏။

ထိုအိမ်ကြီးမျိုးတွင် အဆက်ဆက်နေထိုင်လာခဲ့သူတို့၏ ပုံပန်းသဏ္ဌာန်သည် အရပ်မြင့်များ၍သန်မာထွားကျိုင်းသူများဖြစ်ကြပေ၏။ ရွာ၏အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ စိုက်ခင်းသီးနှံဒေသထွက်ကုန်များကို ထိုရွာကြီးသို့ လှေသမ္ဗန်တို့ဖြင့် နေ့စဉ်လာရောက်ရောင်းချကြလေ၏။ ရွာကြီး၏ ကမ်းနားပိုင်းတွင် နံနက်ပိုင်း အရောင်းအဝယ်တို့ဖြင့် စည်ကားပါသည်။ ရွာကြီး၏စွေးပိုင်းတွင် စွေးရောင်းစွေးဝယ်တို့နေ့စဉ်စည်ကားသည်ထက် လပြည့်နေ့တိုင်း ပိုမိုစည်ကားသည်ကို တွေ့ရှိနိုင်ပါသည်။

လပြည့်နေ့သည် ထိုရွာကြီးအတွက် ထူးခြားသောနေ့ဖြစ်ကြောင်း ရွာသူရွာသားတို့ သတိထားမိလာကြ၏။ ထိုနေ့တွင် ကုန်ရောင်းလာသူတို့ ပုံမှန်ဖြစ်သော်လည်း ဝယ်ယူသူစွေးဝယ်တို့မူ ပျားပန်းခပ်မှု ပိုမိုများပြားသည်ကိုတွေ့မြင်နိုင်ပါသည်။

အခြို့ကား ၁၉၆၀ ပြည့်နှစ်ပိုင်းလောက်ကဖြစ်လေသည်။ ယခုခေတ်စနေ့နေ့မှာ ပိုလ်ချုပ်စွေးဟု ကာလသားတို့ မျှော်လင့်နေကြသလို ရွာကြီး၏ကာလသားလူပျိုပေါက်တို့ အိမ်ပြင်ထွက်ဂယက်တာ၏ လပြည့်စွေးနေ့တွင် ရေတစ်ခွင်၌ ယောက်ယက်ခတ်သွားလေ့လှုပ်ရှားကြကုန်၏။ အဘယ်ကြောင့်လူပျိုကာလသားတို့ ထိုနေ့တွင်လှုပ်ရှား မငြိမ်မသက်ဖြစ်ကြရပါသနည်း ထိုရွာကြီး၏ လပြည့်စွေးနေ့တွင် ရေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

သည်လာသူ လုံမပျိုတို့ ဘယ်ရွာကလာ
မြို့သေရသော်လည်း လုံမပျိုဖြူချောတို့
ရွာများစွာ စေးဝယ်ထွက်ဟန်ရေးပြကြ
သောကြောင့် ဖြစ်ပါလေသည်။ လုံမပျို
တို့သည် မိမိတို့ရွာခံများမဟုတ်ကြသည်
ကတော့အမှန်။

အဘယ်ကြောင့်ဆိုသော် ရွာကြီး
ငှို့ စေးဝယ်လာကြကုန်သော ပျိုဖြူ
များတို့မှာ ဆံပင်ရှည်ကြီးများဖြင့် သူ
ဌာထဲထွက်ထူးလျက် ပိုမိုလှပကြသူများ
ဖြစ်နေသောကြောင့်ပါ။ ထိုလုံမပျိုတို့
သည် စေးဝယ်ပြီးသည်နှင့် လက်လော်
ဆေးများဖြင့် ပြန်လည်ထွက်ခွာသွားကြ

www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ဘယ်အရပ်ဘယ်ဒေသသို့ ပြန်သွားကြသည်ကို စုံစမ်းမရရှိကြလေ၏။ လပြည့်နေ့သည် ကြည်နူးရင်ခုန်ဖွယ်ရာတို့နှင့် ပြည့်လျှံနေသော်လည်း တစ်နေ့တာနိဂုံးချုပ်လျှင် အမောသာအဖတ်တင်ကြလေ၏။ ကာလသားအပေါင်းတို့ ရင်တလှပ်လှပ် ဟာလာဟင်းလင်းဖြင့် သာ လွမ်းမောကျန်ခဲ့ကြရလေ၏။

ထိုရွာကြီးကို ဂယက်တာကျေးရွာဟု ခေါ်ကြပါသည်။

ဂယက်တာကျေးရွာ၏ ရွာဦးရွာထိပ်တွင် ကိုးတောင်ပြည့်ထုံးဖြူဖြူစေတီလေးတစ်ဆူ တည်ထားကိုးကွယ်လျက်ရှိပါသည်။ စေတီအနီးတွင် ရေကန်တစ်ခု တည်ရှိခဲ့သည်မှာလည်း ကာလရှည်ကြာပြီ ဖြစ်ပါ၏။ ပဒုမ္မာကြာဖြူများသာ ပေါက်ရောက်လျက်ရှိပြီး ရေကန်သည် ကြာဖြူပန်းဖွေးဖွေးများနှင့် ပန်းရနေလေ၏။ စေတီလေးသို့ ရွာသူရွာသားများ ရေချမ်း၊ ပန်း၊ ဆီမီး နေ့စဉ်မပြတ်ကပ်လှူကြပါ၏။ ဘုရားပန်းအတွက် ကြာဖြူပန်းကိုလည်း ခူးယူကပ်လှူကြသည်။

ထိုစေတီလေး၏ အရှေ့ထောင့်ရှိ ဘုရားညောင်ရေအိုးတွင် ကြာဖြူပန်း တစ်ပွင့် (အသစ်) လတ်လတ်ဆတ်ဆတ် နေ့စဉ်ကပ်လှူထားသည်ကို မြင်တွေ့နိုင်ပါ၏။ ထိုဘုရားပန်းညောင်ရေအိုးတွင် ရွာသူရွာသားအချို့ ယနေ့အတွက် ကြာဖြူပန်း သူများထက်စီးအောင်ကပ်လှူရန် ကြိုးစားကြ၏။ နံနက်စောစောလာကြည့်လျှင်လည်း ကြာဖြူပန်းလတ်လတ်ဆတ်ဆတ်ကပ်လှူပြီးသားတွေ့ရ၏။ ထိုထက်စော၍ အရုဏ်ကျင်းသည်နှင့် အချိန်မီရောက်လာပါသော်လည်း ယမန်နေ့က ပန်းကိုစွန့်ပြီးသားနှင့် ကြာဖြူပွင့်(အသစ်) ကပ်လှူပြီးနှင့်သည်ကိုသာ တွေ့ရပါတော့သည်။ ရွာသူရွာသားတို့ ဦးဦးဖျားဖျားကပ်လှူခွင့်မရရှိနိုင်ဘဲ လက်မှိုင်သာချရပါတော့သည်။

ထုံးစေတီ၏အနီးတွင်ကား သက်တမ်းရင့်ရော်နေပြီဖြစ်သော ညောင်ပင်အိုကြီးက သန်မာဆဲ။ ညောင်ရွက်များ အုပ်ဆိုင်းလျက် ရှင်သန်ကြီးထွားနေပါသည်။ ထိုညောင်ပင်ကြီး၏ သက်တမ်းကို ရွာရှိ ရှေ့မီနောက်မီပုဂ္ဂိုလ်များပင် မခန့်မှန်းနိုင်အောင် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်ပါ၏။ ထိုညောင်ပင်ကြီး၏ တစ်ခုသော ညောင်ကိုင်းကြီးသည် တောင်ဘက်ရှိစေတီအား ဦးခိုက်ဖူးမြော်နေသကဲ့သို့ ကိုင်းကြီးတစ်ခုတည်းချွန်းထွက်လျက်ရှိပါ၏။ ထိုကိုင်းကြီးသီးသန့်တည်ရှိနေပုံမှာ စေတီထီးတော်ကို အုပ်မိုးလျက်ရှိနေပါသည်။

ထိုညောင်ပင်ကြီးတွင် သစ်သီးများကိုသာ စားသုံးသော လင်းဆွဲအကောင်များ အုပ်စုဖွဲ့ခိုနားလျက် အပင်ကြီးတွင် မှီတင်းနေထိုင်လျက်ရှိပါသည်။ လင်းဆွဲသည် လေထဲတွင် ပျံဝဲသောကြောင့် ငှက်သတ္တဝါဟုခေါ်ဆိုနိုင်ပါ၏။ သို့သော် နှုတ်သီးချွန်နှင့်မဟုတ်ပါ။ လင်းဆွဲ၏ ဦးခေါင်းမှာ ခွေးခေါင်းသဏ္ဌာန်အတိုင်းဖြစ်ပါ၏။ ကိုယ်လုံးကိုယ်ထည်မှာ လူ၏ခန္ဓာကိုယ်ဖွံ့စည်းပုံနှင့်တူ၏။ အတောင်ပံတို့တွင် ငှက်မွေးများမရှိ၊ သားရေပြားကြီးနှင့်အတိုပြီး၏။ သစ်ကိုင်းတွင် ခြေ (၂)ချောင်းချိတ်ဆွဲလျက် ဇောက်ထိုးနားခို ရပါသည်။

ထိုညောင်ပင်ကြီးမှ လင်းဆွဲအုပ်ကြီးသည် ညနေစောင်းသည်နှင့် ရွာ၏ အနောက်ဘက်တောထဲသို့ ပျံသန်းကြလေ၏။ တောထဲမှ သစ်သီးမျိုးစုံတို့ကို သူတို့၏ ချွန်မြသော သွားစွယ်တို့ဖြင့် ကိုက်ဖဲ့လျက် တစ်ညလုံးစားသောက်ကြလေ၏။ မိုးမလင်းမီ ညောင်ပင်ကြီးဆီသို့ အရောက်ပျံသန်းခဲ့ကြပါသည်။ ထိုညောင်ပင်ကြီး၌ တစ်နေကုန် အနားယူအိပ်စက်ကြတော့သည်။

ထိုလင်းဆွဲအုပ်ကြီးသည် လပြည့်ညတွင်ကား စုရုံးပျံသန်းကြသည်နှင့် စေတီလေးကို လက်ယာရစ်သုံးပတ် ပူဇော်ကန်တော့ပြီးမှ မိမိတို့လိုရာသို့ အစာရှာထွက်လေ့ရှိကြပါသည်။

ထုံးဖြူဖြူစေတီ၏ ထီးတော်သည် နှစ်ကာလကြာညောင်းလာသည့် အလျောက် ရေညှိတက်သံချေးစားကာ ပျက်စီးယိုယွင်းလာပြီဖြစ်ပါ၏။ ဂယက်တာရွာသားတို့ စုပေါင်းတိုင်ပင်ကြကာ စေတီအား ထီးတော်အသစ်တင်လှူရန် ဆုံးဖြတ်ကြပါသည်။ စေတီကိုအုပ်မိုးနေသော သစ်ကိုင်းကြီးသည် ထီးတော်တင်ရာတွင် လွတ်ကင်းမည် မဟုတ်ပါ။ ထို့ကြောင့် ရွာသားတို့သည် သစ်ကိုင်းကြီးကိုခုတ်ချရန် အားလုံးသဘောတူကြလေ၏။ သစ်ကိုင်းကြီးခုတ်ဖြတ်ချမည့် နေ့ရက်ကို အများသဘောတူဆုံးဖြတ်ကြပါသည်။

❐

ယနေ့သည် သစ်ကိုင်းခုတ်ချရန် နေ့ရက်သို့ ရောက်ရှိလာခဲ့သည် ဖြစ်ပါသည်။ ကောင်းကင်ပြာကြီးသည် နေ၏ အလင်းရောင်ဟပ်လျက် လင်းလက်တောက်ပနေ၏။ ကောင်းကင်တစ်ခွင်လုံး ကြည်လင်ရှင်းသန့်နေပါ၏။ ရာသီဥတု သာယာနေသောကြောင့် အလုပ်လုပ်ကိုင်ကြမည့်သူများအားလုံး တက်ကြွလှုပ်ရှိကြပါ၏။

ညောင်ပင်ကြီးဆီသို့ သစ်ကိုင်းခုတ်ချမည့် ရွာသား(၅)ဦး နှစ်ဖက်ဆွဲလျှပေါက်ဆိန်၊ အလုံးကြီး၍ ခိုင်ခံ့သော အုန်းဆံကြိုးခွေ (၂) ခွေ စသည်တို့ကို အသီးသီး ယူဆောင်ရောက်ရှိလာခဲ့ကြပါ၏။ သစ်ကိုင်းခုတ်ရာသို့ ဂယက်တာဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးနှင့် ဂယက်တာကျေးရွာသူကြီးတို့လည်း ကြီးကြပ်လမ်းညွှန်ပေးရန် ရောက်ရှိခဲ့ကြသည်။ မော်တော်ရေယာဉ်များတွင် အသုံးပြုသော အုန်းဆံကြိုးလုံးကြီးအခွေလိုက်လွယ်လျက် သစ်ပင်ခုတ်မည့်သူတစ်ဦး ညောင်ပင်ကြီးအပေါ်သို့ တက်ခဲ့တော့သည်။

ထိုးထွက်နေသောကိုင်းကြီးပေါ်သို့ထိုင်လိုက်မိသည်နှင့် ထက်ကောင်းကင်အာကာတစ်ခွင်လုံး ပိန်းပိတ်အောင်မှောင်မည်းသွားလေ၏။ ကြည်လင်တောက်ပလျက်ရှိသော အလင်းရောင်များ ရုတ်ခြည်းကွယ်ပျောက်သွားလေ၏။ အမှောင်ထုကြီးစိုးသွားသည်နှင့် စိုးရိမ်ထိတ်လန့်ကြကုန်သည်။

ထိုအချိန်တွင် အိပ်စက်အနားယူနေကြသော လင်းဆွဲအုပ်ကြီးမှာ ဝုန်းဒဏ်းထပျံကြလေသည်။ တစ်ချိန်တည်းမှာပင် ဂယက်တာတောင်ပေါ်မှ ဖြူဖြူသဏ္ဌာန်တစ်ခု ဖြည်းဖြည်းလေးလေးဆင်းလာသည်ကို သူတို့အုပ်စုမြင်တွေ့ကြရသော်၏။ သစ်ကိုင်းခုတ်မည့်သူများ ကြောင်ရွဲ့ ထိတ်လန့်လာကြပြီး ကစဉ့်ကလျားလူစုကွဲသွားသောကြောင့် သူကြီးစုဝေးနေကြရန် ထိန်းသိမ်းလိုက်နိုင်ပါ၏။

တောင်ပေါ်မှဆင်းလာသောဖြူဖြူသဏ္ဌာန် တောင်ခြေသို့ရောက်ရှိခဲ့သည်နှင့် ညောင်ပင်ကြီးဆီသို့ ဦးတည်လာနေပါ၏။ သူတို့အုပ်စုအနီးသို့ ရောက်လာသောအခါ ခေါင်းပေါင်းဖြူ၊ မုတ်ဆိတ်ဖြူ၊ ဝတ်စုံဖြူနှင့် အဘိုးအိုတစ်ဦးဖြစ်သည်။ သက်ရွယ်အိုမင်းလှပြီဖြစ်သော ထိုအဘိုးအိုက အသံသြဇာတည်ကြည်စွာဖြင့် -

"မောင်ရင်တို့၊ ဒီညောင်ကိုင်းကြီးကို မခုတ်ကြနဲ့ကွယ်။ မင်းတို့လုပ်လည်းရမှာမဟုတ်ပါဘူးကွယ်။ မောင်တို့ရဲ့ အတွေးမယ် ဒီအကိုင်းကြီး ဟေ

www.burmeseclassic.com

www.burmeseclassic.com

ကြီးနဲ့ လွတ်စေချင်ကြပါသလားကွယ်"

"မှန်ပါတယ်အဘိုး"

"အဘိုး အခုပြောမယ့် စကားကို သေချာချာနားထောင်ကြပါ။ မောင်ကြီးဦး ဆက်မခုတ်ကြနဲ့။ ဆက်ခုတ်ဖို့ ကြားရင်တော့ ဒုက္ခနဲ့ရင်ဆိုင်ကြရပေလိမ့်မယ်။ ဒီကိုင်းကြီးထီးတော်နဲ့လွတ်သွားအောင် ငှက်ပျောပွဲ၊ အုန်းပွဲ၊ ဘောက်ပွဲနဲ့ ညောင်ပင်အောက်မှာ သန့်သန့်ပြန့်ပြန့် ပြင်ဆင်လိုက်ကြကွယ်။ ဦးဆွေ ဘိုးတော်ဝိုက်းချုပ်ကြီးကို ကျကျနနောင်းပန်လိုက်ကြ။ အဲဒီအခါမယ် ညောင်ကိုင်းကြီးဟာ ဘုရားထီးတော်နဲ့ ချွတ်လွတ်ကင်းကင်းဖြစ်သွားပါလိမ့်မယ်ကွယ်"

ဝတ်ဖြူစင်ကြယ်အဘိုးအို သည်အပ်သည်များ ပြည့်စုံစွာ ညွှန်ကြားပြောဆိုပြီးနောက် သူ၏တောင်ဝှေးကို ဆောက်ကာထောက်ကာ ဂယက်တာဆောင်ပေါ် သို့ ပြန်လည်ထွက်ခွာသွားလေသည်။ အဘိုးအိုထွက်ခွာသွားပြီးနောက် လုပ်ဆောင်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်ရန် သူကြီးက ရွာသားတစ်ဦးကို ညွှန်ကြားလိုက်ပါ၏။

"မောင်မှတ်ရေ၊ အဘိုးပြောတဲ့အတိုင်း တောင်းပန်ကြရအောင်။ ရွာထဲသွားပြီး လိုအပ်တာတွေ မင်းတို့လည်း ကြားပြီးသားပဲ။ အဲဒါတွေပြည့်စုံအောင် လုပ်လာခဲ့ကြ။ အမြန်သွား၊ မောင်တိုးကို အဖော်ခေါ် သွားလိုက်။ မြန်မြန်လုပ်ကြ။ ဦးတစ်တွေ အမှောင်ထဲမှာ ဒုက္ခရောက်တော့မယ်။ ကဲ - သွားကြပေတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ သူကြီးမင်း။ ကဲ - မောင်တိုး၊ သွားကြမယ်ဟေ့"

မောင်မှတ်နှင့် မောင်တိုးတို့သည် အမွေးနုံသာများနှင့် အောင်သပြေညွှန့် ထိုးထားသော အုန်းပွဲ၊ ငှက်ပျောပွဲ၊ လက်ဘက်ပွဲတို့ကို ရွာထဲမှစုဆောင်းလိုက်ကြပြီး ညောင်ပင်အောက်တွင် အမြန်ဆုံး ပြင်ပြင်လိုက်ကြသည်။ ရွာ၏ အကြီးအကဲဖြစ်သောသူကြီးက ပွဲရှေ့သင်ဖြူးဖျာပေါ်တွင် ရှိသေစွာထိုင်၍ -

"ဘိုးတော်ဝိုက်းချုပ်ကြီး ခင်ဗျား။ သားတော်တို့ မရိုမသေမလေးမစားပြုမူလုပ်ဆောင်မိခဲ့ကြပါတယ်။ သည်းခံခွင့်လွှတ်ပေးပါရန် သားတို့အားလုံးက လေးလေးစားစား တောင်းပန်ပါတယ်။ သားတို့ရဲ့အမှားကို သည်းခံဖြေဖျောက်ပေးပါတော့ခင်ဗျား"

သူကြီးက လေးလေးစားစား တောင်းပန်သမှုပြုလိုက်သည်နှင့်တစ်ပြိုင်နက် အုံအုံသဲသဲနှင့် လေပြင်းများဝှေ့ယမ်းတိုက်ခိုက်ပေးပါသည်။

"ဝေါ်. . . ဝေါ်. . . "

လေပြင်းနှစ်ချက်ကဆောင့်တိုက်လိုက်ပါ၏။

ထိုအခါ ဘုရားထီးတော်ကို အုပ်မိုးနေသော ညောင်ကိုင်းကြီးသည် -

"ဝှီး. . . ဟီး. . . ဟီး"

အသံကြီးမှာ တုန်ဟည်းလာပြီး အရှေ့ဘက်ဆီသို့ ကွေးညွတ်လျက် ရွေ့လျားသွားလေသည်။ ဘုရားထီးတော်နှင့် ကောင်းစွာ လွတ်ကင်းသောနေရာအရောက်တွင် တုံ့ခနဲရပ်တည်နေပါတော့သည်။

ကောင်းကင်ယံသည် ပြန်လည်ကြည်လင်လာပြီး ကောင်းကင်ပြာကြီးမှာ နေမင်း၏ အလင်းရောင်ဟပ်လျက် ပြန်လည် လင်းလက်တောက်ပလာပါတော့သည်။

BURMESE CLASSIC

ဂယက်တာကျေးရွာ၏ရွာဦးစေတီထီးတော်တင်လျှူပွဲကို တပေါင်းလပြည့်နေ့တွင် တင်လျှူပုဇော်ကြမည် ဖြစ်လေသည်။ ထိုဘုရားပွဲတော်သို့ ရန်ကုန်မှ မောင်တိုး၏သူငယ်ချင်း (၃) ယောက်တို့သည် ဘုရားပွဲတော်နဲ့ပျော်ကြရန် မောင်တိုး၏ ဖိတ်ကြားချက်အရ ယမန်နေ့ကပင် ဂယက်တာကျေးရွာသို့ရောက်ရှိကြသည်။ သူတို့ (၃) ယောက်သည် အင်္ဂလိပ်-ဗမာကပြားလေးများ ဖြစ်ကြလေ၏။ သူတို့ (၃) ဦး ဆိုသည်မှာ တွတ်နီ၊ တော်မီနှင့် ဝင်နီ ဆိုသူတို့ ဖြစ်ကြပါ၏။

တွတ်နီသည် အရေးပိုင်ကြီး၏ သားဖြစ်သည်။ တော်မီသည် နယ်ပိုင်ကြီး၏သားဖြစ်သကဲ့သို့ ဝင်နီဆိုသော မိန်းကလေးမှာ သစ်တောဝန်ထောက်ကြီး၏ ချစ်မဦးသော သမီးကညာလေးဖြစ်ပါလေ၏။ သူတို့သည် တောဘုရားပွဲသို့လာရန် စိတ်အားထက်သန်ကြသူများဖြစ်သည့်အလျောက် စိတ်တူကိုယ်တူ ရွာသို့အရောက်လာခဲ့ကြခြင်း ဖြစ်လေသည်။ တပေါင်းလပြည့်နေ့ ဘုရားပွဲလာ လူအုပ်ကြီးအတွင်းတိုးဝှေ့ရသည်ကို ပျော်ရွှင်နေကြလေ၏။

မောင်တိုးနှင့်အဖော်အပေါင်းတို့သည် ဘုရားပွဲကို ပျော်ရွှင်စွာဆင်နွှဲကြပါ၏။ ကပြားမလေးဝင်နီသည် ဖဲကြိုးပါကြက်တောင်စည်းလေးနှင့် မြို့သူအလှပေါ်လွင်သောကြောင့် တောမှကာလသားများ၏ ဂရုတစိုက်အကြည့်ကို ကောင်းစွာခံရလေ၏။ တော်မီသည် မောင်တိုးနားနားကပ်၍ -

"မင်းတို့ရွာမှာ ဥစ္စာစောင့်မလေးတွေပေါတယ်ဆိုကွ။ ချောတယ်လို့ပြောကြတယ်။ ငါတွေ့ချင်လိုက်တာ သူငယ်ချင်းရာ၊ အရမ်းအရမ်းကိုတွေ့ချင်နေပြီကွာ"

"တော်မီ၊ စကားကို မဆင်မခြင်မပြောနဲ့။ ဒီဘုရားတစ်ပိုက်နယ်မြေက မြေကြမ်းတယ်ကွ။ စကားများသွားရင် မင်းတို့ဒုက္ခရောက်လိမ့်မယ်။ မင်းစကားပြောဆင်ခြင်စမ်းကွာ"

မောင်တိုးက အထိတ်တလန့်ဖြင့် တော်မီ့ကို ဟန့်တားလိုက်ပါ၏။ သို့ပါသော်လည်း တော်မီ၏စကားကို ကြားလိုက်ရသည်နှင့် တွတ်နီနှင့် ဝင်နီတို့ကပါ မောင်တိုးကို ပူပူဆာဆာဖြင့် မရမကထပ်မံဆန္ဒပြုကြပြန်သည်။

"မောင်တိုးရေ၊ ငါတို့လည်းတွေ့ချင်တယ်ကွာ။ ကြည့်ချင်လိုက်တာ"

"မောင်တိုးရာ၊ နင့်ဥစ္စာစောင့်မလေးတွေကို ဝင်နီလည်း တွေ့လိုက်ချင်စမ်းပါဘိ ဟီ. . . ဟိ"

ရန်ကုန်သား (၃)ယောက်တို့သည် မောင်တိုး၏စကားကို ဂရုမစိုက်တော့ဘဲ -

"ဥစ္စာစောင့်မကို တွေ့ချင်တယ်၊ လာခဲ့စမ်းပါနော်"

"တွေ့ချင်လွန်းလို့ လာခဲ့စမ်းပါ၊ ဥစ္စာစောင့်မလေးရယ်"

"ဝင်နီနဲ့ ဘယ်သူပို့ချောမလဲ၊ ဥစ္စာစောင့်မလေးရှင့်"

သူတို့လေးတွေ၏ ဥစ္စာစောင့်ဖိတ်ခေါ်သံ အဆုံးအဟုန်မြင့်တက်လာကြ၏။ တွေ့ချင်သည်ကို နှုတ်မှ အသံထွက်သည်အထိ ဖိတ်ခေါ်လိုက်သကဲ့သို့ ဖြစ်သွားလေ၏။

မောင်တိုးက ရှင်းပြခဲ့သေးသည်။ ဤနေရာတစ်ပိုက်သည် မြေကြမ်းဖြစ်သောကြောင့် မရိုမသေအပြုအမူမျိုးမပြုလုပ်ကြဘဲ ရှောင်ရှားကြရန် အထပ်ထပ်သတိပေးပါ၏။ တစ်ခါတုန်းက ရွာသားတစ်ဦး မြေကြမ်းသောကွင်းတွင် မတ်ရပ်အပေါ့စွန့်စဉ်က သူ၏ (----)

www.burmeseclassic.com

ဘောလုံးသဖွယ်ကြီးထွားခဲ့ရ၏။ လူငယ်တစ်ဦး ဤနေရာတွင် အယုတ္တအနုတ္တ ဆဲဆိုခဲ့ဖူး၏။ သူ၏ပါးစပ်ဒေါင့်တန်းရွဲ့စောင်းသွားလေ၏။ လောက်လေးခွကိုင်နွားကျောင်းသားလေးသဲ့သဲ့ ညောင်ပင်ကြီးကို လေးခွနှင့်ပစ်ခတ်ရာ သူ၏လက် ကြီးထွားရောင်ရမ်းခဲ့ရ၏။ ပြောမှားဆိုမှားပြုမူသုံးအပေါင်း အနှီးဌက်ဟောပွဲနှင့် တောင်းပန်လိုက်မှ နဂိုမူလအနေအထားသို့ အကောင်းပကတိ ပြန်လည်ရရှိကြပါ၏။

မောင်တိုး သတိပေးလို့မှမဆုံးမီ ဥစ္စာစောင့်မကို သူတို့အားလုံးက လိုလိုလားလား ဖိတ်ခေါ်လိုက်ပြီ ဖြစ်သည်။

ဆံပင်ရှည်ကြီးနှင့် အမျိုးသမီးသုံးဦး သူတို့အနားသို့မြို့ရွှေစွာဖြင့်ချဉ်းကပ်လာနေသည်ကို သူတို့သုံးဦးသာ မြင်တွေ့လိုက်ကြရလေ၏။ ဝင်နီဆိုသောကပြားမလေးသည် ရုပ်ရည်အတော် ချောမောလှပသူလေးဖြစ်ပါ၏။ ရန်ကုန်တွင် အလှသရဖူဆောင်းသူ သုမကိုယ်၌ကပင် ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်ရသည့် ဥစ္စာစောင့်မလေးများ၏အလှကွန်ရက်မှာ မှင်တက်တွယ်ငြိသွားရပါတော့သည်။

BURMESE CLASSIC

"ချောလိုက်တာတယ်"

ဝင်နီ၏နှတ်ခမ်းပါးမှ ထုတ်ဖော်ချီးမွမ်းလိုက်ပါ၏။

နှုတ်မစောင့်စဉ်းသူတို့ ဥစ္စာစောင့်မလေး (၃) ဦးတို့နှင့် နဖူးတွေ့ခွေးတွေ့ ရင်ဆိုင်တွေ့ရချေပြီ။ နှုတ်စောင့်စဉ်းသော ဘုရားပွဲလာရွာသူရွာသားတို့က ဆံပင်အရှည်ကြီးနှင့် အမျိုးသမီး(၃)ဦးတို့ကို မတွေ့မြင်ကြရပါ။ သူတို့လမ်းသူတို့လွတ်လပ်ပျော်ရွှင်စွာသွားလာနေကြလေ၏။ အမျိုးသမီး (၃) ဦး အသားကုန်ချောမောလှပသည်ကို ရန်ကုန်သားတို့မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရပါ၏။ ရန်ကုန်သူတို့၏အလှကို သူတို့မေ့ပစ်လိုက်ကြတော့၏။

တွတ်နီ၊ တော်မီ၊ ဝင်နီတို့သည် မချင့်မရဲဖြစ်လာပြီး ဆံပင်ရှည်ကြီးများကိုထိတွေ့ပွတ်သပ်ကိုင်တွယ်ကြည့်လိုက်သည်နှင့် ထိုအမျိုးသမီး (၃) ဦးတို့က ဝင်နီတို့၏ခြိုင်းကြား၊ ခါးတို့ကို ကလိထိုးကျိစယ်လိုက်ကြ၏။ ဝင်နီတို့နှင့်ဆော့ရသည်ကို ဥစ္စာစောင့်မလေး(၃)ယောက်ပျော်ရွှင်ကြလေ၏။ လူအုပ်ကြီးထဲတွင် ရန်ကုန်သား(၃)ယောက်တို့ ခြေမြောက်လက်မြောက်နှင့် ခုန်ပေါက်နေကြရ၏။ မောင်တိုးသည် သူ၏သူငယ်ချင်းများကခုန်နေသည်ကိုသာ မြင်ရလေ၏။

မောင်တိုးက -

"သူငယ်ချင်းတို့ ဘာဖြစ်ကြတာလဲ"

သူငယ်ချင်းတို့က မောင်တိုးမေးသည်ကို ပြန်မဖြေနိုင်ကြဘဲ -

"ဟ-မလုပ်ပါနဲ့၊ ဟဟ-မလုပ်ကြပါနဲ့"

"ယားတယ်၊ ယားလို့ပါ"

"ယားတယ်၊ ယားလို့ပါ"

"ယားလိုက်တာ အော်ငမယ်လေးလုပ်ကြပါဦး"

လူအများကြား ခုန်ပေါက်နေရသောကြောင့် ရှက်လည်းရှက်ကြရသည်။ ဥစ္စာစောင့်မလေးများ၏ကလူကျီစယ်နေကြသည်လည်း မခံမရပ်နိုင်ဖြစ်လာကာ လူအုပ်ကို ဖယ်ကြဉ်ရှောင်ခွာလျက် ပြေးထွက်လိုက်ကြပါ၏။ သို့သော် မရပ်မနား ဆက်လက်ကလိထိုးနေကြသည်ဖြစ်၍ ပြေးမိပြေးရာစွတ်ရွတ်ပြေးရလေတော့၏။ လူအုပ်ကြီးကတော့ မျောက်ပွဲကြည့်နေရသည့်ပမာ သူတို့ခုန်ပေါက်နေပုံကို ငေးကြည့်နေကြပါသည်။ နောက်မှ နေ၍ လိုက်လံကလိထိုးဆဲသာဖြစ်သည်။ သူတို့ (၃) ဦးသည် ရှေ့မှပြေးရင်းပြေးရင်း ရွာစည်းရိုးအတွင်းပိုင်းရောက်ရှိသွားကြသည်။ အမျိုးသမီး (၃) ယောက် သူတို့ (၃) ယောက်နောက်သို့ ဆက်မလိုက်ကြတော့ပါ။ ထိုအခါမှ ကလိထိုးရပ်သွားကြပါတော့သည်။ သူတို့နောက်သို့ ဆက်မလိုက်ကြတော့ဘဲ ရွာ၏ ခြံစည်းရိုးအပြင်ဘက်တွင် ရပ်၍ကျန်ခဲ့ကြသည်။

ရွာခြံစည်းရိုးအတွင်းရောက်သူတို့သာ အန္တရာယ်ဘေးမှကင်းလွတ်ခဲ့ကြရလေသည်။

တွတ်နီ၊ တော်မီ၊ ဝင်နီတို့သည် ဥစ္စာစောင့်မလေးများကိုဖြို့သွားကြတော့သည်။ ဘုရားပွဲဆက်လက်ဆင်နွှဲရန် ကြောက်ရွံ့သွားကြလေသည်။ သူတို့ (၃)ယောက် အထုပ်အပိုးကိုယ်စီဆွဲကာ ရန်ကုန်သို့ ချက်ချင်းလစ်ကြလေတော့၏။

❐

ဂယက်တာကျေးရွာ၌ဘုန်းတန်ခိုးဩဇာကြီးမားသော ဆရာတော်ကြီးတစ်ပါးရှိလေသည်။ ဂယက်တာဆရာတော်ကြီးဟု လူသိများကြပါ၏။ အင်း၊ လက်ဖွဲ့၊ အဆောင်တို့ကို အစွမ်းထက်စွာစီရင်နိုင်စွမ်းရှိ၏။ သို့ကြောင့်ပင် ပယောဂများကိုလည်း နိုင်နင်းစွာကုသ၍ သတ္တဝါတို့၏အသက်ကို ကယ်တင်ပေးနိုင်သောပုဂ္ဂိုလ်ထူးကြီးတစ်ပါးလည်းဖြစ်ပါ၏။ အင်းကွက်ချပညာစွမ်းနိုင်နင်းကျွမ်းကျင်လှပါသည်။

ဆရာတော်ကြီးသည် ကျောက်ပျဉ်တွင် အင်းကွက်ချ၍ ဂါထာမန္တရားစုတ်သည်။ မန်းမှတ်ပြီးသည်နှင့် ကျောက်ပျဉ်ကို မြစ်ထဲသို့ပစ်ချလိုက်ပါ၏။ ကျောက်ပျဉ်သည် ရေတွင်မနစ်မြုပ်ဘဲ တစ်ဖက်ကမ်းသို့ကူးသွားလေသည်။ ဤမျှအစွမ်းထက်သော ဆရာတော်ကြီးပါတကား။

ထိုရွာ၏မြေကြမ်းသောကွင်းကြီးထဲတွင် လယ်လုပ်ငန်းအဆင်ပြေစေရန် နွားတင်းကုပ်တစ်လုံး ဆောက်လုပ်ကာ မောင်လှကြိုင်တစ်ယောက် နွားများနှင့် အတူနေထိုင်လေ၏။ မောင်လှကြိုင်၏ဖခင်ဦးတုတ်စီသည် ရွာထဲတွင်ဆောက်ထားသောအိမ်တွင်နေထိုင်ပါ၏။ လယ်ထဲနေ မောင်လှကြိုင်ထံသို့ ထမင်းနေ့စဉ်ပို့ပေးရလေ၏။သူတို့ပိုင်လယ်ကွက်အနီးတွင် နွားတင်းကုပ်ဆောက်နေထိုင်ခြင်းဖြင့် လယ်ကိုလည်း စောင့်ရှောက်နိုင်သည်။နွားစားကျက်တွင်လည်း အေးအေးလူလူလွတ်ကျောင်းထားနိုင်လေသည်။ ဦးတုတ်စီမှာ မောင်လှကြိုင်တစ်ယောက်တည်းနေထိုင်ရသည်ကို စိတ်မချနိုင်ရှိလေ၏။

"လူလေး၊ အဖေလာစောင့်အိပ်ပေးရမလား"

"ရပါတယ် အဖေ၊ ကျွန်တော် ကြောက်မှာစိုးလို့လား။ ကျွန်တော် ရတနာ (၃) ပါး ဆည်းကပ်ပြီးမှ အိပ်ပါတယ် ။ ကျွန်တော်က အဖေ့ကိုပဲစိုးရိမ်တာ။ အဖေ့ကျန်းမာရေးကိုပဲဂရုစိုက်ပါ အဖေနော်။ ဒီကွင်းထဲမှာ လေစိမ်းတိုက်တယ်။ တော်နေကြာ နေမကောင်းဖြစ်နေပါ့မယ် အဖေရာ"

ဦးတုတ်စီက လာအိပ်မည်ကြောတိုင်း မောင်လှကြိုင်က ငြင်းပယ်လေ့ရှိပါသည်။ အဖေ့အပေါ် အကြင်နာပိုသောသားအဖြစ် ဦးတုတ်စီ၏ရင်ထဲမှာ ကြည်နူးဝမ်းသာရပါသည်။ ဦးတုတ်စီသည် လိမ္မာသောသားလေးကို အချစ်ပို ရသည်။ ထိုအချိန်မှစ၍ ဦးတုတ်စီလာအိပ်မည့်အကြောင်းမပြောဖြစ်တော့ပါ။ ဦးတုတ်စီသည် ညနေပိုင်း ထမင်းချိုင့်ယူပြီးစောစောပြန်လေ့ရှိပါသည်။

❐

တစ်နေ့ နွားရိုင်းကွင်းချိုန် မောင်ရီပျိုးစအခါသမယဘဝ မောင်ထွ

www.burmeseclassic.com

www.burmeseclassic.com

ကြိုင်တစ်ယောက် စိုက်ပျိုးရေးနည်း
ဘာစာအုပ်ကို ကွပ်ပျစ်ပေါ်ဝယ်
ပါဝင်စားစွာ ဖတ်ရှုနေလေ၏။
မောင်လှကြိုင်သည် စာအုပ်ထဲတွင်
အာရုံနစ်လျက်ရှိစဉ် -

"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ဟု သာယာသော ဆည်းလည်း
သံလွင်လွင်ကလေးကြားလိုက်ရသည်။
မောင်လှကြိုင် အသံလာရာ
အောင်းကုပ်အပေါက်ဝသို့ လှမ်းကြည့်
လိုက်ပါ၏။ရွှဲရည်အဆင်းပြေပြစ်သော
မိန်းမပျိုလေးတစ်ဦးကို တွေ့ရှိလိုက်ရ
သည်။ အလွန်လှသောကြောင့် ရုတ်တ
ရက် စကားမပြန်ဖြစ်ဘဲ ငယ်ရွယ်နုပျိုသူ
လေးကို ငေးကြည့်နေမိလေ၏။

မိန်းမပျိုလေးက -

"ကျွန်မကိုအထဲဝင်ခွင့်ပြုပါရှင်"

ချိုလွင်သာယာသော စကားသံ
လေးများက မောင်လှကြိုင်၏ နှလုံးသား
ကို ဆွဲကိုင်လှုပ်ရှားစေ၏။ ဤမျှချောမော
သောမိန်းကလေးကို မောင်လှကြိုင်
တစ်ကြိမ်တစ်ခါမျှမမြင်ဘူးခဲ့မှာ။ ဝင်ခွင့်
တောင်းခံနေသောကြောင့် -

"ညော် - အင်း၊ အင်း ဝင်ပါ။ ဝင်
ပါ"

အိမ်ရှင်၏ ခွင့်ပြုချက်ရရှိသည်နှင့်
မိန်းမပျိုလေးသည် အတားအဆီးမရှိ
အောင်းကုပ်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့လေ
သည်။ အတွင်းသို့ရောက်သောအခါ -

"ကျွန်မကိုထိုင်ခွင့်ပြုပါရှင်"

"ဟုတ်ကဲ့ - ထိုင်ပါ။ ထိုင်ပါ"

မောင်လှကြိုင်သည် မိန်းမပျို
လေး၏အလှကွန်ရက်ဝယ် ညှို့ဆောင်ငင်
နေလေပြီ။ မိန်းမပျိုလေးပြောသမျှကို
သိုက်လျောသည်ချည်းဖြစ်နေရပါတော့
သည်။ မိန်းမပျိုလေးသည် မောင်လှ
ကြိုင်၏ ယောင်နနအမူအရာကိုကြည့်၍
ပြုံးနေလေ၏။ မောင်လှကြိုင်၏အနီးသို့
ရောက်သောအခါ ကွပ်ပျစ်အပေါ်ဝယ်
ဘင်ပျဉ်လွှဲထိုင်လိုက်ပါ၏။ ထိုအခါမှ
မောင်လှကြိုင်သတိဝင်လာကာ -

"ညော် - ဒါနဲ့ မအတ္တာ အဲလေ
မဒိုဇင်"

"မြလေးနွယ်လို့ခေါ်ပါသတဲ့ရှင်"

မိန်းမပျိုလေးက မျက်ဝန်းစိုစို
ချက်လုံးရွဲကြီးဖြင့် မောင်လှကြိုင်ကို
တစ်ချက်ဝင့်ကြည့်လျက် သူမ၏အမည်
နာမပြောပြရင်း မိတ်ဆက်လိုက်ပါ၏။

"ဘာကိစ္စနဲ့ ဘယ်ကိုသွားမလို့လဲ
ခင်ဗျ"

"ကျွန်မက ဟိုဘက်ရွာကပါ။
ကျွန်မအဒေါ်နေမကောင်းလို့ တောင်
ဘက်ရွာကိုသွားရင်း မောင်လာတာနဲ့
မိန်းမပျိုလေးတစ်ယောက်တည်းအနေနဲ့
မသွားသင့်တော့လို့။ ဒါနဲ့ ဒီမှာ တစ်ည
လောက်တည်းခိုခွင့်ပြုပါလားရှင့်"

မိန်းကလေးသည် ရှည်လျားစွာ
ရှင်းပြရင်း တစ်ဆက်တည်း ညအိပ်
တည်းခိုခွင့်တောင်းခံလိုက်သည်။

"ဘယ်ရွာကလာတာပါလဲ"

"ဟိုအဝေးကြီးကပါရှင့်"

"ရွာနာမည်ကိုပြောပါဦး"

"ရွာနာမည်ကို မသိချင်ပါနဲ့ရှင်။
ကျွန်မလာတာအဝေးကြီးကပါ"

မြလေးနွယ်ကို ဘယ်လိုမှမေးမရ
တော့၍ သူမကို အနီးကပ် လေ့လာမိ
လိုက်ရာ ထုံသင်းသော ရနံ့တစ်မျိုးကို
ရှုရှိုက်ခံစားလိုက်ရပါလေ၏။ အစိမ်း
ရောင်အင်္ကျီအပွလက်ရှည်ကို ဝတ်ဆင်
ထားပြီး လုံချည်ကပါ အစိမ်းရောင်
ယိုးဒယားကနုတ်ပွင့်လှလှကလေးများ
ပိုးချည်ဖြင့်ထိုးထားသည်။ နက်မှောင်
ထူထဲသော ပိတုန်းရောင်ဆံကေသာက
သူမ၏ ကျောပြင်တစ်လျှောက် ကော့
ညွတ်ဝဲပျံကျနေသည်။မျက်တောင်ကော့
ဖြင့် မော့ကြည့်လေတိုင်း မောင်လှကြိုင်
ရှိုက်ဖိုမောရပါ၏။

မြလေးနွယ်က -

"တစ်ယောက်တည်းနေတာလား
အစ်ကို"

"ဟုတ်ပါတယ်"

မြလေးနွယ် တစ်ညတည်းခိုခွင့်
တောင်းသည်ကိုလည်း မောင်လှကြိုင်
မငြင်းမိပါ။ ဤသည်ကိုပင် မြလေးနွယ်
က မောင်လှကြိုင်လက်ခံပြီးဖြစ်သည်ဟု
ယုံမှတ်ပြီး ဖြစ်ပါသည်။

"အစ်ကိုထမင်းစားပြီးပြီလား"

"အစောကြီးကတည်းက စားထား
တာ။ အဖေက ထမင်းချိုင့်အစောကြီး
လာယူတတ်လို့"

"ဒါဖြင့်ရင် အတော်ပဲ အစ်ကို။
မြလေး အစ်ကိုစားဖို့ မုန့်တွေယူလာ
တယ် စားနော်"

"အစ်ကိုစားဖို့ဟုတ်လား"

"အဲ. . . အဲလိုဟုတ်ဖူး အစ်ကို၊
မြလေး လမ်းမှာတွေ့လို့၊ ကြုံလို့ဝယ်ခဲ့
တာပါ"

မြလေးနွယ်သည် သူမ၏စကား
များသွားသည်ကို အမြန်ဆုံးဖာထေးလိုက်
ပါ၏။ မောင်လှကြိုင် မုန့်တစ်ခုကိုယူစား
ကြည့်ရာ ရသာထူးကဲမှုရှိနေသည်ကို
သတိပြုမိလိုက်ပါသည်။

"စားလို့ကောင်းရဲ့လားအစ်ကို"

"အင်း - ကောင်းသားပဲ။ မြလေး
လည်းစားလေ"

"စားမှာပေါ့"

ဟု အမူအရာချိုချိုဖြင့် မြလေးနွယ်
ခေါင်းလေးငဲ့၍ ကန့်ကယပြောလိုက်တန်
ကို မောင်လှကြိုင် တစ်သက်မမေ့နိုင်
တော့ပါ။ သူတို့နှစ်ယောက် မုန့်များကို
ဝေစားရင်း တစ်ညလုံးထိုင်စကားပြော
ကြလေ၏။ နံနက်အရုဏ်ကျင်းသော
အခါ မြလေးနွယ်သည် မောင်လှကြိုင်
ကို နှုတ်ဆက်၍ ပြန်သွားလေသည်။
မြလေးနွယ်သည် မပြန်မီ မောင်လှကြိုင်
ကို အမှာစကားပါးခဲ့လေ၏။ ညနေ
ထမင်းကို လျှော်စားထားရန် သတိပေး
ထားခဲ့ပါသည်။ နောက်နေ့တွင် မြလေး
နွယ် သူ့ဆီလာပါစေလို့ ဆုတောင်းရင်း
မောင်လှကြိုင်သည် မြလေးနွယ်ကို
စက္ကန့်မလပ် သတိရလျက်ရှိနေလေ၏။

နွားရိုင်းသွင်းခါနီရောက်လာသည်
နှင့် မောင်လှကြိုင် ထုံသင်းရနံ့သင်းသင်း
ခံစားမိလိုက်၏။ မြလေးနွယ်သည်
ယွန်းထမင်းချိုင့်ဆွဲကာ ရောက်လာခဲ့ပြီ
ဖြစ်ပါ၏။ မောင်လှကြိုင်ပျော်ရွှင်သွား
လေ၏။

"မြလေး၊ လာပြီလား"

မောင်လှကြိုင်က အချိုသာဆုံး
နှုးညံ့ဉာဏ်သာစွာ နှုတ်ဆက်လိုက်သည်။

"ရောက်ပါပြီ၊ အစ်ကို မျှော်နေ
တာလားဟင်"

"အင်း - အဲလိုဟုတ်ပါဘူး။ လက်
ထဲကဘာတွေလဲ မြလေးရဲ့"

မောင်လှကြိုင်က စကားကိုလှီးလွှဲ
ပစ်လိုက်သည်။ တစ်ဦး၏ရင်တွင်းစကား
ကို တစ်ဦးက မသိစေလိုသေးပါ။ ပွင့်
လင်းမှုမရှိသေး၍ အံ့ပုန်းချစ်အဖြစ်နှင့်
သာ ရင်တွင်းမှကျိတ်၍တိတ်တခိုးမြတ်
နိုးတွယ်တာနေကြရလေသည်။

"ထမင်းနဲ့ ဟင်းတွေ ထည့်ယူလာ
တာ အစ်ကို။ အတူတူစားကြမယ်လေ"

မြလေးနွယ်သည် မောင်လှကြိုင်
ထံ ရင်းနှီးမှုစကားလုံးလေးများပျံဝဲစေပြီး
ယွန်းထမင်းချိုင့်ကိုဖြုတ်၍ ထမင်းပွဲ
ကို လှုပ်စွာ ပြင်ဆင်ပေးနေသည်။
မောင်လှကြိုင်သည် ချစ်သော မြလေး
နွယ်နှင့် ထမင်းလက်ဆုံစားရမည်ဖြစ်
၍ ရင်အတွင်းပိတိရွှင်မိုးစိုလျက်ရှိလေ၏။
မြလေးနွယ်၏ ထမင်းပန်းကန်၊ ဟင်းပန်
းကန်နေရာချပုံ၊ အထားအသိုမှာ တိုယ်
လက်လှုပ်ရှားနေပုံလေးကို မောင်လှ
ကြိုင် တစ်ခုချင်းစီလိုက်ကြည့်မိသည်

www.burmeseclassic.com

www.burmeseclassic.com

အထိ မြလေးနွယ်အပေါ် စိတ်ဝင်စားမှု ပိုလာသည်။

မောင်လှကြိုင်နှင့် မြလေးနွယ်တို့ မျက်လုံးချင်းဆုံတွေ့ကြရင်း ထမင်းစား မြိန်နေလိုက်ကြသည်မှာ လောကကြီးကို ပင် မေ့ထားလိုက်ကြ၏။ သည်လိုနှင့် သူတို့နှစ်ဦး နေ့စဉ် ထမင်းလက်ဆုံစား ဖြစ်ကြလေ၏။ နေ့စဉ်နှင့်အမျှ ထမင်း အတူတူစားကြလေတိုင်း အသည်းဖတ် လေးဖဲ့၍ အပြန်အလှန်ခွဲ့ကျွေးကြသည် အထိ မိမိတို့၏ ရင်တွင်းမေတ္တာကို ထုတ်ဖော်ပြသကြပါသည်။ ဟော်ရွှင်စရာ ကောင်းသောနေ့ရက်လေးများ ရယူပိုင် ဆိုင်ခဲ့ကြသည်။

တစ်နေ့တွင် မြလေးနွယ်သည် မောင်လှကြိုင်ကို သဒ္ဒါလွန်လာ၍ ရွှေဒင်္ဂါးတစ်ပြားလက်ဆောင်ပေးလေ ၏။ ရွှေဒင်္ဂါးလက်ဆောင်ပေးခြင်းသည် မြလေးနွယ်အဖို့ အမှားတစ်ရပ်ကျူးလွန် မိခြင်း ဖြစ်ပါ၏။

ဒါကို ဦးတုတ်စီသိသွားသော အခါ မောင်လှကြိုင်ပြောပြောနေသည့် မြလေးနွယ်ဆိုသည်မှာ ဥစ္စာစောင့်တစ် ယောက်မှန်း ခန့်မှန်းမိလေ၏။ ဦးတုတ် စီသည် မောင်လှကြိုင်ကို ရတနာပစ္စည်း များစွာတောင်းခိုင်းလေ၏။ မြလေးနွယ် သည် ဦးတုတ်စီရှိနေချိန်တွင်လာလေ့ မရှိပါ။ တကယ်တမ်းလာမည်ဆိုပါက လည်း မြလေးနွယ်တို့ ဦးတုတ်စီ တွေ့ မြင်နိုင်မည် မဟုတ်ချေ။

မောင်လှကြိုင်သည် ဖခင်ကို ကြောက်၍ မြလေးနွယ်ကို နားပူသည် အထိ ရတနာပစ္စည်းတောင်းခံခြင်းပြုရ လေ၏။ မောင်လှကြိုင် နားပူနားဆာ လုပ်လွန်းသဖြင့် မြလေးနွယ်က နိုင်သ လောက်သာယူပါရန် ခွင့်ပြုလိုက်တော့ ၏။ ရတနာပစ္စည်းယူရာတွင် လောဘ မကြီးရန် အထပ်ထပ်မှာကြားလိုက်ပါ သည်။ မြလေးနွယ်သည် ချစ်လွန်းသူ မောင်လှကြိုင်အတွက် အရာရာကို စွန့် လွှတ်နိုင်ပါသည်။

ဦးတုတ်စီသည် ရတနာပစ္စည်း များ ယူခွင့်ပြုသည်နှင့် လောဘအမှောင် ဖုံးလွှမ်းတော့၏။ ဦးတုတ်စီက လောဘ ကြီးလွန်းသဖြစ်၍ ရတနာပစ္စည်းများ ထည့်ရန် တင်းတောင်းကြီးတစ်ခုပြင်ဆင် တော့၏။ ဦးတုတ်စီနှင့် မောင်လှကြိုင်တို့ သည် မြလေးနွယ်ညွှန်လိုက်သည့် ထုံးဖြူ ဖြူစေတီလေးအနီးရှိ ခဲ့ပုတ်ထူထူတစ်ခု သို့ရောက်ရှိခဲ့ကြ၏။ ဦးတုတ်စီတို့သား အဖ ခဲ့ပုတ်အတွင်းတိုးဝှေ့ဝင်လိုက်ကြ သည်။ ခဲ့ပုတ်အတွင်း၌ လိုဏ်ခေါင်း ရှည်ရှည်မျောမျောထဲသို့ သတိကြီးစွာဖြင့် လျှောက်လှမ်းဝင်ခဲ့ကြသည်။ လိုဏ်ခေါင်း သည် အနည်းငယ်ကျဉ်းမြောင်း၍မှောင် ရိပ်သန်းနေသည်။

မကြာမီ သူတို့၏ရှေ့တွင် ဂူပေါက် ကျယ်ကျယ်အဝတစ်ခုကို တွေ့ရှိကြလေ ၏။ ထိုအပေါက်ဝမှ လင်းလက်သော အရောင်များဖြာထွက်နေသည်။ဂူပေါက် ကြီး၏ ဘေးနံရံတွင် မြဘုရားတစ်ဆူကို သပ္ပာယ်စွာဖူးတွေ့ကြရသည်။ ဂူပေါက် ကြီးအတွင်းပိုင်းတွင် ကလိုင်ကြီးတစ်ခု မှာ များစွာကျယ်ဝန်းလေ၏။ မြေသား မျက်နှာပြင်ပေါ် ဝယ် ရတနာကျောက် သေတ္တာကြီးများတည်ရှိနေ၏။ လိုဏ်ဂူ အောက်ခြေပိုင်းသည် ကျောက်သား ကဲ့သို့ ထူးခြားစွာ မာကျောနေသည်ကို မြင်တွေ့ကြရ၏။

ကျောက်သေတ္တာအဖုံးတံခါးများ ပိတ်ဖုံးခြင်းမရှိ။ သေတ္တာအတွင်းမှစိန်ရွှေ ရတနာကျောက်သံပတ္တမြားများမောက် လှဲလျက်ရှိသည်။ မြေပြင်ပေါ် တွင်လည်း အဖုံးအကာမရှိသော ရတနာအုပုံကြီး များရေတွက်မကုန်နိုင်ချေ။ ယခုလောက် များပြားသော ကျောက်သံပတ္တမြားတို့ကို ဦးတုတ်စီတစ်သက်တွင်တွေ့မြင်ခဲ့ဖူးခြင်း မရှိချေ။ လောဘအမှောင်တိုက်ကာ တင်းတောင်းကြီးထဲသို့ ပြည့်လျှံသည် အထိ ရတနာများကိုသိမ်းကျုံးထည့်လေ တော့၏။

မြလေးနွယ်၏ သတိပေးစကားကို နာခံခြင်းမရှိဖြ။

သူတို့နှစ်ယောက် တင်းတောင်း ကြီးကို မ,လိုက်ကြသည်။ တင်းတောင်း ကြီးသည် နေရာကမရွေ့ပါ။ ကြီးစား အားထုတ်၍မနေကြရသဖြင့် အေးစိမ့် နေသော ဂူအတွင်းမှာ ချွေးပြိုက်ပြိုက် ကျရရှာလေသည်။ ငြာသံပေး၍မနေ သော်လည်း အချည်းနှီးသာ။ ရတနာ ပစ္စည်းများ တစ်နိုင်သယ်ယူကြသည် မဟုတ်။ စည်းဖောက်သောကြောင့် အမွေးရှည်ရှည်၊ မျက်လုံးပြူးပြူး၊ အစွယ် အဖွေးသားနှင့် ဘီလူးကြီးတစ်ကောင် ပြေးထွက်လာလေသည်။ ပါးစပ်ပြဲကြီး မှ အစွယ်နှစ်ချောင်းငေါထွက်နေသော ကြောက်စရာဘီလူးကြီးသည် ဦးတုတ်စီ တို့တိုလိုက်၍ တင်းပုတ်နှင့်ထုလေတော့ ၏။ ဦးတုတ်စီတို့သားအဖ တင်းပုတ်ထု ရိုက်သည့်ဒဏ် ဆက်လက်မခံနိုင်တော့ ပါ။ ကိုယ်လွတ်ရုန်းပြေးထွက်ခဲ့ကြရလေ သတည်း။

ရတနာပစ္စည်းများ လက်လွတ် ဆုံးရှုံးခဲ့ရသည်ကို ဦးတုတ်စီသည် မြလေး နွယ်အား ရန်ငြိုးဖွဲ့လေတော့၏။ မြလေး နွယ်ကို ဒေါကန်လှက် မကျေမချမ်းဖြစ် နေသည်။ မောင်လှကြိုင်နှင့် မြလေးနွယ် ကိုခွဲရန် ကြံစည်လေသည်။

ဦးတုတ်စီက သူတို့ (၂) ယောက် ချစ်ခြင်းကိုခွဲရန် ကြံစည်နေကြောင်း မြလေးနွယ်ကောင်းကောင်းသိပါသည်။

"အင်း - ရွှေဒင်္ဂါးတစ်ပြားလက် ဆောင်ပေးမိလို့ ဒီလိုဖြစ်ရတာပါလား။ ငါမှားပြီ"

မြလေးနွယ် စိတ်မကောင်းခြင်း ကြီးစွာနောင်တရမိပါတော့သည်။

"အစ်ကို၊ အစ်ကို့အဖေက မြလေး နဲ့အစ်ကို့ကိုခွဲဖို့ကြံစည်နေတယ်။ ဂယက် တာဆရာတော်ကြီးဆီက ချည်မန်းကွင်း ယူလာပြီး အစ်ကိုရဲ့လက်မောင်းမှာချည် ပေးလိမ့်မယ်။ အဲဒါအစ်ကိုအချည်မခံ နဲ့။ မြလေးတို့ကွဲလို့မဖြစ်ဘူး။ အစ်ကိုရဲ့ ရင်သွေးလေးရှိနေပြီ။ မြလေးတို့ဝေးရာ ပြေးကြပါစို့ အစ်ကိုရယ်နော်၊ အစ်ကို နော်"

မြလေးနွယ်သည် မောင်လှကြိုင် ၏လက်မောင်းကို ကိုင်လှုပ်ရင်း ငိုယိုခြင်း အသနားခံ တောင်းပန်နေရှာပါသည်။ မောင်လှကြိုင်သည် မြလေးနွယ်အပေါ် သံယောဇဉ်ကြီးလွန်းသောကြောင့် နှစ်ဦး သား အတူတကွ အဝေးသို့ထွက်ပြေးကြ ရန် ကြိုးစားကြသည်။ မောင်လှကြိုင် သည် ဖခင်သံယောဇဉ်ကြောင့် အဝေး သို့ပြေးရန် ခြေတစ်လှမ်းနောက်ကျခဲ့သော ၏။ မောင်လှကြိုင်သည် ဖခင်၏လက် အတွင်း သက်ဆင်းခဲ့ရလေသည်။

ဖခင်၏ ချုပ်နှောင်ထားသော လက်အတွင်းဝယ် မောင်လှကြိုင်ခမျာ မလူးသာမလွန့်သာ ရုန်းမရနိုင်ရှာတော့ ပါ။ မောင်လှကြိုင်၏ ညာဘက်လက် မောင်းတွင် ချည်မန်းကွင်းအသေချည် ပေးလိုက်တော့၏။ ဂယက်တာဆရာ တော်ကြီး၏ ချည်မန်းကွင်းအစွမ်းထက် ပုံကို မောင်လှကြိုင် သိရှိပြီးဖြစ်သည် ထို့အချိန်မှစ၍ မြလေးနွယ်နှင့် မောင်လှကြိုင်အနားကပ်လိုသော်လည်း မကပ်နိုင်ခဲ့ချေတကား။ တစ်ဦးနှင့်တစ် တဖြည်းဖြည်းဝေးကွာသွားကြလေသည်။ မောင်လှကြိုင်သည် ချည်မန်းကွင်းကို ရန် ဘယ်လက်ကိုလှမ်းလိုက်သော်လည်း မမြင်ရသောအဟန့်အတားမှာကား ဆွ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကို ကိုင်၍မရနိုင်အောင် ဟန်ဆောင်လေ၏။

မောင်လှမြိုင်သည် ညည်းညူရုံသာမက နွမ်းလျမောပိုက်လျက် ငေးမှေးသွားရာပြီဖြစ်လေသော မြလေးမျက်ဝန်းဝိုင်းအရိပ်သဏ္ဌာန်ကို ငေးမျှော်ရင်း -

"မြလေးရေ မြလေး မသွားပါနဲ့၊ မသွားပါနဲ့"

မောင်လှကြိုင်သည် ရင်တွင်းပူဆွေးစွာဖြင့် အသံကုန်ဟစ်၍ မြလေးကိုတို့ တားရှာပါသည်။ တံကယ်တော့ မြလေးနွယ် ထွက်ပြေးခြင်းမဟုတ်ရပါ။ မောင်လှကြိုင်အနီးတွင်နေလို့မရ၊ အနားသို့ ဆောပ်နိုင်ရှာတော့ဘဲ ငေးရာသို့သာ ကျောခိုင်းမော ပျောက်ကွယ်သွားရလေသည်။

❐

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးဆောက်ပိုင်း -

မောင်လှမြိုင်၏စိတ်တည်ငြိမ်သောအလယ်သို့ အတန်ကြာအချိန်ယူမှရောက်ခဲ့ပါ၏။ ဦးတုတ်စီသည် မောင်လှကြိုင် စိတ်အပြောင်းအလဲဖြစ်စေလိုသို့ ရည်ရွယ်အလွန်တရာချောမောလှပသော ကြင်ဖော်ကိုတစ်ဦးနှင့် ပေးစားရန် ကြံစည်ထိုက်၏။ မောင်လှကြိုင်၏ရင်တွင်းသည် ရှုပ်ထွေးနေလေ၏။ မြလေးနွယ်ကို အတွေးအာရုံထဲမှ ဖျောက်ဖျက်မရခဲ့။ သူ၏မျက်နှာသွင်ပြင်သည် တိမ်ဖုံးသောနေ့ယ်တည်း။ အမြဲတမ်းလင်ပုပ်ဖမ်းနေ၏။

မောင်လှကြိုင်သည် ဦးတုတ်စီ၏အစီအမံကို အားမတန်၍ မာန်လျှော့ပိုက်သော တစ်နေ့ဝယ် -

မောင်လှကြိုင်နှင့် မြမြတို့၏မင်္ဂလာဆောင်ပွဲနေ့ကို ခြိမ့်ခြိမ့်သဲသဲကူးပကြလေ၏။ ထိုမင်္ဂလာဆောင်နှင့်တစ်နေ့တည်း၌မှာပင် မြလေးနွယ်မိုးဗွားသောနေ့နှင့်လည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပေါ်လာ၏။ သန့်စင်သောသားသောက်ဂုဏ်းလေးတစ်ဦး လူလောကထဲသို့ ရောက်ရှိလာပါသည်။ 'သားတို့ရုပ်ရည်သဏ္ဌာန်မ

www.burmeseclassic.com

ကျွန်တော်တို့နေထိုင်ရာ ရွှမ်းပြည်နယ်မှာတော့ (၉) ဂဏန်းကို အထူးအလေးထားရှောင်ကြဉ်ကြပါသည်။ ခရီးထွက်လျှင် (၉)ရက်နေ့ကိုမသွားပါ။ ကားစီးလျှင် ဒဂုိင်ဘာ အပါအဝင် လူ (၉) ယောက်ဖြစ်နေလျှင် မောင်ကျောက်ခဲကို ကားပေါ် တင်၍ထွက်ခွာရပါသည်။

ကျွန်တော်ကိုယ်တိုင်ကမူ ဘုရားရှိခိုးသောအခါ ဂုဏ်တော် (၉) ပါးကို အာရုံပြု၍ လေးလေးနက်နက် ယုံကြည်မှု သဒ္ဓါတရား၊ သမာဓိအားကောင်းကောင်းယူ၍ မြတ်စွာဘုရားသခင်၏ ဂုဏ်တော် (၉) ပါးမှ - တစ်ပါးစီ၏ ဂုဏ်တော်တစ်ခုချင်းအနက်အဓိပ္ပာယ် တို့ကို စိတ်ဝယ်ကြည်ညိုသဒ္ဓါထက်သန်လာအောင်မွမ်းထုံကာ နှုတ်ဖြင့်ပူဇော်ကန်တော့ပြီး ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်နေကျဖြစ်ပါသည်။

ကျွန်တော်တို့ ဂုဏ်တော် (၉) ပါးကို အားထား ကိုးကွယ်ဆည်းကပ်၍ ကောင်းကျိုးချမ်းသာများ ရရှိခံစားရ

(ကျိုင်းတုံ)
ဒေါးမင်း
ကိုးဂဏန်းတို့၏လျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံဆိုးကျိုးများကိုလည်း
ရသလို အလှည့်အပြောင်းလေးများ
တတ်သလားဆိုသည့် သံသယစိတ်
ပါသည်။

မှန်ပြည်နယ် (အရှေ့ပိုင်း) အထူး
တွဲ တန်းတော်တို့နေသောမြို့လေးမှာ
လုပ်လုပ် (၉) ဂဏန်းကိုရှောင်ကြ
သည်။ (၉) လ၊ (၉) ရက်၊ (၉) နာရီ၊
၉ နေ့ စသည့် ရက်တိုင်း၊ အချိန်တိုင်း၊
တိုင်း၊ မိနစ်တိုင်း (၉) ဂဏန်းကို
ရှောင်၍ သွားလာလုပ်ကိုင်ပြုလုပ်နေကြ
သည်မှာ (၉) ဂဏန်းသည် ကောင်းကျိုး
များပေးတတ်သလို ဆိုးကျိုးများစွာ
လာတတ်သည်လား။ ဤ(၉)ဂဏန်း
ခွက်ချက်ကို မည်သို့လေ့လာဆန်း
စစ်ကြမည်နည်း။ တိုက်ဆိုင်မှုကြောင့်ဖြစ်
တတ်သလား။ ကိုးဂဏန်း၏ပင်ကိုသတ္တိ
ထူးကြောင့်ဖြစ်တတ်သလား လေ့လာ
ကြည့်ကြပါကုန်။

၂၀၁၁ ခုနှစ် ကိုးတန်းအတန်း
တင်စာမေးပွဲဖြေဆိုပြီးချိန်။

ကိုးတန်းကျောင်းသူများဖြစ်ကြ
သော နန်းခမ်းနွဲ့တို့သူငယ်ချင်းတစ်စု
(၉) တန်းစာမေးပွဲ အတန်းတင်တစ်နှစ်
တာ၏ နောက်ဆုံးစာမေးပွဲဖြေဆိုပြီးချိန်
မိမိတို့ တစ်နှစ်တာ ကြိုးစားလာသမျှ
စာမေးပွဲကြီးပြီးလျှင် စိတ်လက်ပေါ့ပါး
စွာ လွတ်လပ်သွားသလိုခံစားမိပါသည်။

"မေမေ၊ သမီးတို့သူငယ်ချင်းတွေ
စာမေးပွဲပြီးလို့ဟော်ပွဲစားထွက်ဦးမယ်"

မိခင်ဖြစ်သူ ဒေါ်နန်းဖူးမှ သမီး
ဖြစ်သူပြောစကားကိုနားထောင်ရင်း-

"အေး - နင်တို့ဘယ်ကိုဟော်ပွဲစား
ထွက်မှာလဲ"

"သမီးတို့ နန်းလွေချောင်းကိုသွား
မှာ"

နန်းခမ်းနွဲ့မှ ပြန်လည်ဖြေကြား
ရင်း အိမ်ခန်းအတွင်းဝင်၍ ကျောင်းဝတ်
စုံများကို ဂျင်းဘောင်းဘီဝမ်းဆက်နှင့်
လဲလှယ်ဝတ်ဆင်ပြီး အခန်းအပြင်သို့
ထွက်လာသည်။

"ခဏနေသူငယ်ချင်းတွေလာခေါ်
လိမ့်မယ်"

"အေး - ကောင်းကောင်းသွား၊
သိပ်လည်းကဲမနေကြနဲ့"

မိခင်ဖြစ်သူမှ သမီးအား အမှာ

www.burmeseclassic.com

www.burmeseclassic.com

စကားပြောလိုက်ပါသည်။

"ခမ်းနွဲ့ရေ၊ ပြီးပြီလားဟေ့"

အိမ်ရှေ့သို့ ဆိုင်ကယ်(၆)စီးနှင့် သူငယ်ချင်းများရောက်လာကြသည်။

"အေး - ခဏစောင့်ဦး"

နန်းခမ်းနွဲ့မှပြန်ဖြေရင်း မိခင်အနီး ကပ်ကာ -

"မေမေ၊ မုန့်ဖိုးပေးဦး"

မိခင်ဖြစ်သူမှာ အတွင်းအိတ်ကပ် ထဲသို့လက်နှိုက်ပြီး (၅၀၀)တန်တစ်ရွက် မုန့်ဖိုးပေးလိုက်သည်။

"ခမ်းနွဲ့ရေ၊ နင်ဆိုင်ကယ်မယူနဲ့ တော့။ ငါ့ဆိုင်ကယ်လာစီး"

သူငယ်ချင်းဖြစ်သူ နန်းဝိုးတစ်မှ ခေါ်လိုက်သဖြင့် ဆိုင်ကယ်နောက်ဘက် မှတက်ထိုင်လိုက်သည်။

"စျေးဘက်ကိုမောင်းကွာ၊ စား စရာတွေဝယ်ရအောင်"

နန်းခမ်းနွဲ့တို့ ဆိုင်ကယ်(၆)စီး သူငယ်ချင်း(၉)ယောက်တို့သည် စျေး အပြင်တန်းရှိ စျေးဆိုင်မှ စားစရာမုန့် များ၊ ဖျော်ရည်ဘူးများ၊ လိုအပ်သည် တို့ကိုဝယ်ပြီး ပျော်ပွဲစားထွက်ခွာသွား ကြပါသည်။

နွေအကူး လေရူးငယ်သုန်သုန် ဆိုသည့်အတိုင်း နွေနေ၏အပူဒဏ်ကို ပခာဏမထားဘဲ နန်းခမ်းနွဲ့တို့သူငယ် ချင်းတစ်စု နှမ်လွှေချောင်းဘေးရှိ သစ်ပင် ကြီးတစ်ပင်အောက်တွင် ပါလာသော ပလတ်စတစ်စကိုခင်းပြီး ပါလာသော စားသောက်စရာများကို ပလတ်စတစ် အခင်းပေါ်တွင်စုပုံထားပြီး ပျော်ပျော် ပါးပါးစားလိုက်သောက်လိုက် ပျော်ရွှင် စွာ အနားယူနေကြပါသည်။

"နွေအကူး×××လေရူးတွေလည်း မြူးပြလေ×××သစ်ရွက်တွေမြေမှာလူး တော့×××ဥည့်ကြတွေ×××

မြန်မာသံစဉ် မြန်မာသီချင်းကို ကြိုက်သော နန်းစံဖူးမှ ပါလာသောဖုန်း တွင် ချစ်ရက်ရှည်ရှည် အင်ယားမြေ သီချင်းကိုဖွင့်ထားရာ သူငယ်ချင်းများ သီချင်းအတိုင်း ပျော်ရွှင်စွာလိုက်ဆိုနေ ကြပါသည်။

အချိန်မှာ ညနေ(၃)နာရီခန့်ရှိနေ ပြီဖြစ်ရာ သူငယ်ချင်းတွေအားလုံး စား သောက်ပြီးရှင်အနားယူနေရာမှ -

"ငါတော့ရေဆင်းချိုးဦးမယ်"

နန်းခင်းနွဲ့မှဆိုရာ - -

"နင့်မှာ အဝတ်အစားလဲစရာပါ လာလို့လား"

"အဝတ်အစားမပါလည်း ဒီ အတိုင်းဆင်းချိုးပြီး အိမ်ကျမှအဝတ် အစားလဲမယ်"

နန်းခမ်းနွဲ့မှ သူငယ်ချင်းများကို ပြောပြီး ချောင်းအတွင်းသို့ဆင်းသွားပါ သည်။

ချောင်းရေမှာသိပ်မနက်။ရင်စိုသာ သာလောက်သာရှိသည်။

"ခမ်းနွဲ့ရေ၊ ရေနက်ဘက်ကိုမသွား နဲ့"

နန်းစံဖူးမှလှမ်း၍ သတိပေးစကား ပြောလိုက်သည်။

နန်းခမ်းနွဲ့မှာရေထဲဆင်းကစားနေ ရသည်ကို အလွန်ပျော်ရွှင်နေသည်။

ကျန်သူငယ်ချင်းများလည်း ခမ်းနွဲ့ ရေထဲဆင်းပျော်ရွှင်စွာကစားနေသည်ကို ကြည့်ရင်း ရေထဲသို့ဆင်း၍ ခမ်းနွဲ့နှင့် အတူ တစ်ယောက်နှင့်တစ်ယောက် ရေ များနှင့်ပက်လိုက် ရေထဲမှာ ခုန်ပေါက် မြူးထူးလိုက်နှင့်ကစားနေကြပါသည်။

သူငယ်ချင်း(၉)ယောက်စလုံး ရေ ထဲဆင်းမကစားဘဲ (၆)ယောက်သာ ရေ ထဲဆင်းကစားကြပါသည်။

"သူငယ်ချင်းတို့၊ ရေငုပ်ပြိုင်ရ အောင်"

နန်းခမ်းနွဲ့မှ ရင်စိုလောက်ရှိသော ရေချောင်းထဲတွင် ရေငုပ်ပြိုင်ကြရန် စိန်ခေါ်လိုက်သည်။

ကျန်သူငယ်ချင်းများလည်း ရေငုပ် လိုက်၊ ပြန်ပေါ်လိုက်နှင့်ပျော်နေကြ သည်။

ကုန်းပေါ်တွင်ကျန်ရစ်နေသော သူငယ်ချင်း(၃)ယောက်ထဲမှ နန်းစံဖူးက လှမ်းပြောလိုက်သည်။

"ဟေ့-သူငယ်ချင်းတို့၊ ခမ်းနွဲ့ရေ ငုပ်တာကြာလှချေလား"

နန်းစံဖူးပြောစကားကိုကြားရသော အခါ ရေကစားနေကြသောသူငယ်ချင်း များအားလုံးငြိမ်သက်သွားပြီး -

"အေး-ဟုတ်တယ်၊ ရေထဲမှာရှာ ကြပါဦး။ ကြာလှချေလား"

ရေကစားနေကြသောသူငယ်ချင်း များအားလုံး ကြိုးစား၍ ရေထဲမှာရှာဖွေ နေကြသော်လည်း နန်းခမ်းနွဲ့အားရှာ၍ မတွေ့ဖြစ်နေသည်။

"အားလုံးဒုက္ခရောက်ကြတော့မှာ ပဲ။ ဒီအတိုင်းကြည့်နေလို့မဖြစ်ဘူး။ အိမ် ပြန်လူကြီးတွေကိုခေါ်မှဖြစ်မယ်"

နန်းစံဖူးမှ ပြောပြောဆိုဆို ဆိုင် ကယ်ပေါ်တက် စက်နှိုးပြီး မြို့ထဲသို့ အမြန်ဂမောင်းသွားပါသည်။

ကျောင်းသူတွေ၏မိဘတွေလည်း နန်းစံဖူးနှင့်အတူလိုက်လာကြပြီး နန်းခမ်း နွဲ့ရေငုပ်သောနေရာအား လူကြီးများ ရေထဲဆင်းရှာဖွေနေကြရာ ရေမှာသိပ် မနက် ရင်စိုလောက်ပဲရှိသည်။

သိပ်မကြာလိုက်ပါ။ နန်းခမ်းနွဲ့၏ ဖခင်မှ သူ့သမီးအားရေထဲမှပွေ့ယူလာခဲ့ ပါသည်။

ကုန်းပေါ်သို့ရောက်ရှိ မြေပေါ်သို့ ချပြီး နန်းခမ်းနွဲ့၏ကျင်းအကျီ၊ ကြယ်သီး များကိုဖြုတ်၍ ရင်ဘတ်ကိုလက်နှစ်ဖက် နှင့်ဖိပေးပြီး ပါးစပ်မှရေများအန်ထွက် အောင် ပြုလုပ်ပေးနေစဉ် အခြားတစ်ဦး မှ -

"အဲဒီလိုမလုပ်နဲ့၊ ကလေးရဲ့ ဝမ်းလျားမှောက် ခင်ဗျားပခုံးပေါ် ထမ်း ပြီးပြေး"

ခမ်းနွဲ့ဖခင်မှ ပြောသည့်အတိုင်း ပြုလုပ်နေသော်လည်း -

"မရတော့ဘူး၊ ကလေးကအသက် မရှိတော့ဘူး"

ဝိုင်းအုံကြည့်ရှုနေသော လူအုပ် အတွင်းမှ ကျောင်းသူတစ်ဦး၏ဖခင်က မှတ်ချက်ပြုလိုက်သည်။

"ကဲ - အလောင်းကို ဆေးခန်းသို့ အောင်"

လူကြီးများ နန်းခမ်းနွဲ့အလောင်း ကို ဝိုင်းဝန်း၍ ဆေးရုံသို့သယ်သွားခဲ့ တော့သည်။

❐

၂၀၁၂ ခုနှစ် ကိုးတန်းစာမေး ဖြေပြီးသည်နှေ့ ဖေဖော်ဝါရီလနော ဆုံးပတ် မှတ်မှတ်ရရ ဖေဖော်ဝါရီ ရက်နေ့ (၉) တန်းကျောင်းသားမော မောင်အားဆာသည် အတန်းထ စာမေးပွဲကြီးဖြေဆိုပြီး၍ စာမေးပွဲ ထဲမှထွက်လာပြီး သူငယ်ချင်းတွေ ခေါ်ကာ လက်ဖက်ရည်ဆိုင်ထိုင် သည်။ သူငယ်ချင်းတွေနှင့် လက် ရည်၊ မုန့်များမှာပြီး စားကြသောထဲ စာမေးပွဲအကြောင်း ပြောကြဆိုကြ ကြနှင့် ပျော်ပျော်ပါးပါးစားသောထဲ အပန်းဖြေနေကြပါသည်။ အားဆေး သူတို့ (၉)တန်းတွင် စာတော်သူ ထင်ပေါ်ပြီး စိတ်သဘောထားပြေ သူငယ်ချင်းများဆိုးနွဲ့သမျှ အနစ်နာ ဖြစ်သဖြင့် လူချစ်လူခင်ပေါများ ဆရာ၊ ဆရာမများ၏ ချစ်ခင်မှုရရှိ ပါသည်။

သုံးနာရီထိုးတော့မယ်၊ ပြန်မယ်"

www.burmeseclassic.com

www.burmeseclassic.com

မောင်အားဆာမှ သူငယ်ချင်းများကို ပြောပြီး ဆိုင်ကယ်ပေါ် တက် စက်နှိုးပြီး အိမ်သို့ပြန်သွားပါသည်။

အိမ်ရောက်၍ ဆိုင်ကယ်ကိုအိမ်ရှေ့တာအောက်တွင်ရပ်၍ အိမ်ထဲသို့ ဝင်သွားပြီး -

"အမေ၊ ကျွန်တော်ချောင်းဘက်သွား ရေချိုးလိုက်ဦးမယ်"

မိခင်ဖြစ်သူ ဒေါ်ဘူးညွှန့်အား အသိပေးရင်း စွပ်ကျယ်လက်ပြတ်နှင့် ပုဆိုးတစ်ထည်ကို ပခုံးပေါ် တင်ရင်း နမ့်လွှဲချောင်းဘက်သို့ လျှင်မြန်စွာထွက်သွားပါသည်။

ညနေ(၅)နာရီခန့်လောက်တွင် -

"ကိုအားတူရေ၊ ရှင့်သားရေသွားခေါ်ဘာကြာလှချေလား။ ခုထိပြန်မလာသေးဘူး"

မိခင်ဒေါ်ဘူးညွှန့်မှ သူယောကျ်ားအားပြောလိုက်ရာ -

"အေး-ဟုတ်တယ်၊ ငါးနာရီထိုးပြီ။ ခုထိမလာသေးဘူး"

ဦးအားတူမှာ စိတ်ပူ၍နေသည်။ ဘေလိုပုံနှင့်မိုးကြိုးချုပ်လျှင် မခက်ပါလား။ အချိန်သည် တဖြည်းဖြည်းမှောင်စပြုလာပြီ။

ဦးအားတူမှာထိုင်မနေနိုင်။ ရွာထဲမှ အားဆာသူငယ်ချင်းနှစ်ယောက်ကို ခေါ်၍ နမ့်လွှဲချောင်းဘက်သို့ လိုက်သွားပြီး ချောင်းဘေးတစ်နေရာလျှောက် သားဖြစ်သူအားဆာကို လိုက်ရှာရာ အရိပ်အယောင်မျှပင်မတွေ့ရပေ။

"ဟောဒီမှာ အားဆာပုဆိုး"

အားဆာ၏သူငယ်ချင်း အားဟူမှ ချောင်းဘေး သစ်ငုတ်ပေါ် တွင်တင်ထားသော အားဆာ၏ပုဆိုးခေါက်ကလေးကို ဆိုင်ကြည့်ရင်းပြောလိုက်သည်ကို -

"အေး ဟုတ်တယ်၊ ဒါ ငါ့သား အားဆာပုဆိုးပဲ"

အားဆာဖခင် ဦးအားထူမှ ပုဆိုးကိုကိုင်ကြည့်ရင်းပြောလိုက်ရာ -

"ဒီကောင် ဘယ်သွားနေတာလဲ။ ယူလည်းမတွေ့ဘူး"

သူငယ်ချင်းအားဒိုမှပြောလိုက်ရာ-

ဦးအားထူမှာ စိတ်ပူပြီး မျက်နှာမှာ ဒေါသိမ်ထိတ်လန့်စွာဖြင့် -

"ကုန်းပေါ် မှမရှိလောက်ဘူး၊ ပုဆိုးနှိုနေတယ်။ ရေထဲဆင်းရှာကြကွာ"

ဦးအားထူနှင့် သူငယ်ချင်းနှစ်ယောက် ရေထဲသို့ဆင်း၍ ရှာကြပါသည်။ ရေမှာ ရင်စို့လောက်ပဲရှိနေ၍ သိပ်ကြာကြာမရှာလိုက်ရပါ။

"ဦးလေးရေ၊ ဒီမှာတွေ့ပြီ"

အားဆာသူငယ်ချင်း အားဒိုမှ အားဆာ၏ခန္ဓာကိုယ်ကြီးအား ကျောက်တုံး(၂)ခုကြားမှ ဆွဲထုတ်ယူပြီး ပွေ့၍ကမ်းဘက်သို့သယ်လာခဲ့ပါသည်။ ကုန်းပေါ် သို့ရောက်လျှင် အားဆာအား ပခုံးပေါ် ထမ်းပြီး မြေကြီးပေါ် တွင်ခုန်ဆွခုန်ဆွလုပ်ပေးနေပါသည်။ အားဆာ၏ပါးစပ်ထဲမှ ရေအနည်းငယ်ထွက်လာပါသည်။

မိခင်ဒေါ်ဘူးညွှန့်ပြောပြ၍ ရွာသားများလိုက်လာကြပါသည်။ လူအုပ်ကြီးသည် မြေပေါ် တွင်ပက်လက်လှန်ချထားသော အားဆာကို ဝိုင်းအုံကြည့်ရှုကြပြီး-

"ကလေးက အသက်မရှိတော့ဘူး"

လာရောက် ကြည့်ရှု လေ့လာကြသောလူအုပ်ကြီးအတွင်းမှ လူကြီးတစ်ဦး၏မှတ်ချက်ပြုသံ။

ဦးအားထူသည် အားဆာ၏အလောင်းကို ရင်ခွင်ထဲပိုက်၍ -

"အဖြစ်ဆိုးလှချေလား လူလေးရယ်"

အော်ဟစ်ငိုကြွေးနေမိပါသည်။

တဖြည်းဖြည်းနှင့် အမှောင်ထုကဖုံးလွှမ်းစပြုလာသည်။

ဦးအားထူ၏အော်ဟစ်ငိုကြွေးနေသံကို ဖုံးလွှမ်းသွားသော အသံတစ်ခု။

လာရောက် လေ့လာ ကြည့်ရှုသောလူအုပ်အတွင်းမှ လူကြီးတစ်ဦး၏အသံ။

"ဒါ မနှစ်က နမ်းခမ်းနဲ့ ရေနစ်သေဆုံးတဲ့နေရာပဲ"

"ဒီနေရာကတော်တော်ဆိုးတယ်။ အစောင့်လဲတာနေမှာပေါ့"

"အစောင့်လဲတာကလည်း (၉) တန်းကျောင်းသူနဲ့ ကျောင်းသားကိုပဲ လဲရသလား"

အတွေ့အကြုံမျိုးစုံ၊ဗဟုသုတမျိုးစုံ၊ အသက်ရွယ်ကြီးသူတို့၏ တစ်ယောက်တစ်ပေါက် ဝေဖန်ချက်တို့ကို ဦးအားထူရော ဒေါ်ဘူးညွှန့်ပါ အမှုမထားမိ။ ရင်ခွင်တွင်းမှ အားဆာ၏အလောင်းကိုသာ မျက်ရည်မိုးစွေနေပါတော့သတည်း။

ရွှင်လန်းကျန်းမာချမ်းသာကြပါစေ

အေးမင်း(ကျိုင်းတုံ)

(ဖြစ်ရပ်မှန်အား အမည်ပြောင်း၍ မှတ်စေခံစားပါသည်။)

နေမင်း(နတ်မောက်)

နေချင်းပြီးပျောက်ကြွက်နို့သတ်နည်း

ကြွက်နို့သည် လူခန္ဓာကိုယ်အရေပြားပေါ် တွင် နှမ်းစေ့ခန်းမွှေးစေ့အခန့် အထိအသားပိုအဖုလေးထိုးထွက်နေခြင်းဖြစ်ပါသည်။ ကြွက်သတ္တဝါ၏နို့သီးနှင့် တူသဖြင့် ကြွက်နို့ဟု ပညတ်ပြောဆိုကြခြင်း ဖြစ်ပါသည်။ ကြွက်မှရသောရောဂါ မဟုတ်ပါ။

ကြွက်ကို ကြောင်ကအလွန်နိုင်သည်ကို လူတိုင်းသိပါသည်။ သို့အတွက် ကြွက်နို့ကို ကြောင်ပန်းရွက်နှင့် နေ့စဉ်ပွတ်တိုက်ပေးလျှင် ဆယ်ရက်ခန့်ရှိလျှင် ကြွက်နို့ကြွေသွားပြီးပျောက်ကင်းသည်ဟု ဆိုပါသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။

သို့သော် ထိုနည်းမှာ ဆယ်ရက်မှတစ်လအထိ နေ့စဉ်မပြတ် ပြုလုပ်ပေးရသဖြင့် တာရှည်ပါသည်။ ယခုနည်းစနစ်မှာ နေ့ချင်းပြီးပျောက်ကင်းသောလက်တွေ့မြင်တွေ့ခဲ့ရသဖြင့် တင်ပြအပ်ပါသည်။

ပထမဦးစွာပေါက်သောကြွက်နို့မကြီးကိုပွတ်တိုက်ရပါမည်။ ထိုကြွက်နို့မအဖုကြီးမှာ သေးသေးလေးများပွားများနေတတ်ပါသည်။ ၎င်းကြွက်နို့မကြီးကို သတ်ပေးလျှင် အခြားပွားနေသောကြွက်နို့သေးသေးလေးများပါ အလိုလိုကန်းသွားပျောက်ကင်းသွားပါမည်။

ပြုလုပ်နည်းမှာ -

ချင်းအစို့တစ်တက်ကို ထိပ်ပိုင်းဘက်မှ ဓားနှင့်အနည်းငယ်လှီးပါ။ ပြီးလျှင် ၎င်းထိပ်ပိုင်းကို ထုံးအနည်းငယ်တို့ယူပြီး ကြွက်နို့မကြီးပေါ် သို့ တဖြည်းဖြည်းဖိပွတ်ပေးနေပါ။နာရီဝက်၊တစ်နာရီခန့် ဖိပွတ်ပေးနေလျှင် ထိုကြွက်နို့အဖုကြွေသွားပါလိမ့်မည်။ ကြွက်နို့မကြီးကြွေသွားလျှင် ကြွက်နို့ပွားသေးသေးလေးများမှာ တဖြည်းဖြည်းကန်းသွားပျောက်သွားပါမည်။

နေ့ချင်းပြီး ကြွက်နို့သတ်နည်းအကောင်းဆုံးနည်းဖြစ်၍ တင်ပြလိုက်ပါသည်။

နေမင် (နတ်မောက်)

www.burmeseclassic.com

www.burmeseclassic.com

တင်အေးကျော်

(အောင်သေ)

ရိုးချောင်းထဲမှ လောကြိုးပြိုပေါက်ရန်စွယ်



ဆောင်းကုန်တော့မည်။ ဆောင်းအကုန် နွေအကျူးမို့ ပတ်ဝန်းကျင်တစ်ခုလုံး ပြုန်းမှုများဝေကာ မှုန်မှိုင်းရီဝေနေသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လိုက်သော နွေလေလွှမ်းကြောင့် အပင်တချို့မှ ရော်ရွက်ဝါများက မိုးရွာလိုက်သလို မြေပြင်ထက်သို့ တဖွဲဖွဲသက်ဆင်းကြေကျနေသည်။

အလွန်လက်ရာမြောက်လှသော ပန်းချီကားတစ်ချပ်ထက်ပင် ပို၍လှနေသည်ဟုပြောရမလားမသိ။ ပေါက်လဲ၊ လက်ပံပင်များထက်တွင်လည်း အပွင့်နီနီလဲလဲများက ပင်လုံးပြည့်အောင်ပွင့်လျက်ရှိပြီး ကျေးငှက်သာရကာအသံများဖြင့် ဆူညံလျက်ရှိသည်။ တစ်ချက်တစ်ချက် ပဲ့လွှင့်လာသော ဥဩငှက်လေးတစ်ကောင်၏ ဆွေးဆွေးမြေမြေအော်နေသံကလည်း အလှမ်းဝေတံခွန်ရှိသူများအဖို့ လွမ်းစရောကောင်းနေပြန်သည်။

နေ့ ညခုမ်း တပေါင်းလဆန်း ဟုဆိုစမှတ်ပြုထားသလို မနက်စောစော ချမ်းအေးလှသဖြင့် ဝတ်လာခဲ့ရသော အနွေးထည်များကလည်း နေနည်းနည်း မြင့်လာသည်နှင့်အမျှ ဝန်ထုပ်ဝန်ပိုး တစ်ခုလို ဖြစ်လာပြီဖြစ်သည်။

အေးလွင်တို့ ဘူမိဗေဒလေ့လာရေးတစ်ဖွဲ့လုံးကတော့ သဘာဝအလှတရားများကို ဂရုမပြုမိအားဘဲ ရေထဲတွင်ချော်မလဲစေရန်သာ ဂရုစိုက်၍သွားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်နယ်တစ်ဝိုက် ဝင်ရောက်ခဲ့သည့် မိုးချောင်းများအနက် ယနေ့ရောသည့်မိုးကြီးက အကြီးဆုံးဖြစ်သည်။ မိုးမတောင်ခြေမှ စတင်စီးဆင်းသောစမ်းကြီးမိုးသည် ကြေးနီချောင်းချောင်းသို့စီးဝင်ပြီး ထို့မှတစ်ဆင့် ဆက်ဆုံးတွင် မိုးကောင်းကျေးရွာနှင့် ညောင်ပင်ကျေးရွာကြားမှ ဧရာဝတီမြစ်ထဲသို့စီးဝင်သွားသည်။

သာမန်ချောင်းလက်တက်တစ်ခုဆက်ဘဲ ကြေးနီချောင်းကြီးပြီးလျှင် ဒီလောက်အကြီးဆုံး မိုးချောင်းကြီးတစ်ခုမဖြစ်သည်။ ထို့ကြောင့် နေပြောက်မထိုးအောင် အုပ်ဆိုင်းနေသော သစ်ပင်ကြီးများ၊ မတ်စောက်လှသည့် ချောက်ကမ်းပါးကြီးများနှင့် နက်ရှိုင်းလှပြီး ရှဲနွံထူလှသော ရေအိုင်ကြီးများရှိသည်ဟု အလုပ်မစတင်မီကပင် ရွာခံလူကြီးများက ကြိုတင်ပြောပြထားခဲ့ကြသည်။

ချောင်းမိုးကြီးတစ်ခုလုံး နွေ၊ မိုး၊ ဆောင်း ဆယ့်နှစ်လရာသီ ရေပြတ်သည်ဟူ၍မရှိဘဲ အချို့နေရာများတွင် ရင်စို့လောက်ရှိသည့်နေရာများပင် တွေ့နေရသဖြင့် အလုပ်လုပ်ရသည်မှာ ခရီးမတွင်လှပေ။

"ဒီပုံစံနဲ့ဆိုရင် အနည်းဆုံး သုံး၊ လေးရက်လောက်တော့ လုပ်ရလိမ့်မယ်ထင်တယ် ကိုမြတ်အောင်ရေ၊ အောက်ခံကလည်း ရှဲဆိုတော့ မြန်မြန်လျှောက်လို့လည်းမရဘူး။ စဝင်ကတည်းက တစ်ယောက်ပြီးတစ်ယောက် ချော်လဲနေတာခင်ဗျားရောကျွပ်ရောအားလုံးပဲ"

အဖွဲ့ခေါင်းဆောင် ဦးလှအေးက လက်ထောက်ခေါင်းဆောင် ဦးမြတ်အောင်ကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ် ကိုလှအေးရေ၊ အောက်ခံက သဲမြေဆိုရင်တော့ ရေဘယ်လောက်ရှိရှိတော်သေးတယ်။ ခုတော့ အားလုံးလည်းချမ်းတုန်ကုန်ကြပြီ။ ဒီကြားထဲ မနက်ကအေးလို့ဝတ်လာတဲ့အနွေးထည်တွေကလည်း ရေစိုလေလေးလာလေဖြစ်လာပြီ။ ရှေ့နားကျရင် ခဏနားကြရအောင်ဗျာ။ ရေလွတ်တဲ့သဲပြင်လေးဘာလေးတွေ့ရင်ပေါ့"

အလုပ်လုပ်ရင်း စကားတပြောပြောနှင့်လာခဲ့ကြသည်။ တချို့နေရာများတွင် အရွက်မကြွေသေးသောအပင်ကြီးများက နေပြောက်ထိုးအောင် အုပ်ဆိုင်းနေသဖြင့် အလင်းရောင်ကောင်းကောင်းမရသော မှိုင်းအုံ့အုံ့ဖြစ်နေသည်။

အပင်ကြီးများ ထူထပ်စွာပေါက်နေရသည့်အထဲတွင် ပတ်ဝန်းကျင်တစ်

www.burmeseclassic.com

www.burmeseclassic.com

ခုလုံး မြင်ကွင်းကသိပ်မကြည်လင်သဖြင့် တောကောင်များ၏ အန္တရာယ်အပြင် မွေ့မျှား၊ ကင်းများ၏ အန္တရာယ်ကိုပါ သတိထားကြရသည်။

သို့ရာတွင် ကွင်းဆင်းဆောင်ရွက်ရသည့်ဒေသအလိုက် သက်ဆိုင်ရာ ရဲစခန်းများမှ ဝန်ထမ်းလေးဦးကို လုံခြုံရေးတာဝန်ထည့်ပေးထားသဖြင့် တောကောင်ကြီးများ၏အန္တရာယ်က သိပ်စိတ်ပူစရာမရှိသော်လည်း ယခုကဲ့သို့ တောနက်သည့် ရိုးချောင်းများတွင် အဓိကသတိထားကြရသည့် အန္တရာယ်မှာ အလွန်အဆိပ်ပြင်းလှသည့် မွေ့ကြီးများပင် ဖြစ်သည်။

မကြာခဏတွေ့ကြုံရဖူးပေါင်းများလှပြီဖြစ်၍ သတိကတော့မပြတ်ကြပါ။ တရွေ့ရွေ့လျှောက်ကြရင်း အလုပ်လုပ်ခဲ့ကြရာ နေတော်တော်မြင့်လာသည့် အချိန်တွင်တော့ သဲသောင်ပြင်ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။

မလှမ်းမကမ်းတွင် မတ်စောက်လှသည့် ချောက်ကမ်းပါးကြီးတစ်ခုရှိပြီး အောက်ခြေတွင် အချင်းပေတစ်ရာနီးပါး ခန့်ရှိသော ရေအိုင်တစ်အိုင်ကိုလည်း တွေ့ရသည်။

ချောက်ကမ်းပါးကြီးက မတ်စောက်လှသဖြင့် အပေါ်ဘက်သို့ မော့ကြည့်လိုက်လျှင် ပေါက်နေသောသစ်ပင်ကြီးများကိုပင် ခပ်ဝေးဝေးသာတွေ့မြင်ရသည်။

"ကဲ - အဖွဲ့သားအားလုံး ခဏနားကြမယ်ဟေ့၊ နေလည်းမြင့်နေပြီ။ မနက်စာလည်းစားမယ်"

တစ်ဖွဲ့လုံးဝမ်းသာအားရဖြစ်သွားကြပြီး သဲသောင်ပြင်ပေါ်တွင် ခြေဝပ်လက်ပစ်ထိုင်သူကထိုင်၊ အဝတ်အစားများချွတ်၍ ရေညှစ်ပြီး နေလှန်းသူကလှန်းနှင့်နားလိုက်ကြသည်။

"ဟာ-ဟိုမှာရေအိုင်တစ်အိုင်ကွ။ သီးသီးခြားခြားဖြစ်နေတာဆိုတော့ ရေသန့်နိုင်တယ်။ ခြေလက်ဆေးရင်း ရေနည်းနည်းလောက်သွားခပ်ရအောင်"

အေးလွင်နှင့်စန်းဦးကပြောလည်း ပြော ရေအိုင်ဆီသို့ပြေးသွားကြသည်။ ထိုအချိန်တွင် သယ်လာသည့် ထမင်းတောင်းကြီးချကာ အမောဖြေနေသည့် နယ်ခံလမ်းပြ ကိုသိန်းအောင်မြင့်သွားပြီး ထအော်လိုက်သည်။

"ဟေ့-ကိုအေးလွင်တို့ ခဏနေကြပါဦး၊ ရေထဲကိုလည်းအရမ်းမဆင်းကြပါနဲ့"

ကိုသိန်းအောင် ထအော်လိုက်သံကြောင့် တစ်ဖွဲ့သားလုံးအာရုံက အေးလွင်တို့နှစ်ယောက်ဆီသို့ ရောက်သွားကြသည်။

"ဘာဖြစ်လို့လဲ ကိုသိန်းအောင်ရဲ့၊ ရေစပ်ကလေးမှာတင် ခြေလက်ဆေးမှာပါ။ ရေကလည်း ဒီလောက်နက်မှာ မဟုတ်ပါဘူး"

"မဟုတ်သေးဘူးဗျ နေဦး နေဦး၊ အဲဒီကို ကျွန်တော်လာခဲ့မယ်။ ခဏလေးစောင့်နေ"

ကိုသိန်းအောင်က ပြောပြောဆိုဆို ခပ်သွက်သွက်ထလာသဖြင့် အရာရှိနှစ်ဦးရော ကျန်အဖွဲ့သားအားလုံးပါ ရေအိုင်လေးရှိရာသို့ ထလာကြသည်။

ရေအိုင်လေးမှာသေးသော်လည်း ရေက ကောင်းကင်ပြာသလို ပြာလဲ့နေသည်။ ရေအိုင်အစပ်တွင်ရပ်လိုက်ရင်း ကိုသိန်းအောင်က ပေကြိုးဘူးလှမ်းတောင်းသည်။

"ကိုသန်းထွန်းရေ ခင်ဗျားလက်ထဲက ပေကြိုးဘူးခဏလောက်ပေးစမ်းပါ"

ပေတစ်ရာတိတိရှိသော ပေကြိုးဘူးဖြစ်ပြီး သဲကြိုးမဟုတ်ဘဲ အဝတ်ပေကြိုးဘူးဖြစ်သည်။ ကိုသိန်းအောင်က ပေကြိုးအစတွင် အနည်းငယ်လေးလံသောခဲတစ်လုံးကိုချည်လိုက်ပြီး ကန်စပ်မှ ခပ်လှမ်းလှမ်းသို့ပစ်လိုက်သည်။

ခဲလုံး၏ အလေးချိန်ကြောင့် ပေကြိုးက တဖြည်းဖြည်း ရေထဲသို့နစ်ဝင်သွားရာ အေးလွင်တို့တစ်ဖွဲ့လုံးလည်း စိတ်ဝင်စားစွာ ကန်ဘေးမှရပ်ကြည့်နေမိကြသည်။

တဖြည်းဖြည်း နစ်ဝင်သွားသောပေကြိုးသည် အစအဆုံးပေတစ်ရာရှိသောအရှည်ကုန်သွားသော်လည်း ရေအနက်က မဆုံးသေးဘဲရှိနေသည်။ ထိုအခါကျမှ ဘေးတွင်ရပ်ကြည့်နေသော အေးလွင်နှင့်စန်းဦးမှာ ဘုရားပင်တမိလိုက်ကြသည်။

"ဒီလိုချောင်းရိုးကြီးတွေမှာ ဒီလိုမျိုးရေကန်တွေရှိတတ်တယ်လို့ ကျွန်တော်တို့ငယ်ငယ်ကတည်းက လူကြီးတွေ ပြောသံကြားဖူးတယ်။ ကျွန်တော်လည်း ခုမှပဲမြင်ဖူးတာပါ။ ဒီရိုးကြီးကို အလယ်နေရာတွေကဖြတ်သွားဖြတ်လာတော့ လူတိုင်းသွားလာကြဖူးပေမယ့် အစအဆုံးတော့ ဘယ်သူမှမရောက်ဖူးကြဘူး။ ကျွန်တော်တို့တင်မဟုတ်ဘူး၊ ဒီပတ်ဝန်းကျင်တစ်ဝိုက် ရွာတွေမှာရှိကြတဲ့သက်ကြီးရွယ်ကြီးလူကြီးတွေတောင် ဘယ်သူမှမရောက်ဖူးကြဘူး။ ရိုးကြီးကလည်းနက်တယ်၊ ပြီးတော့ တချို့နေရာတွေမှာ မြေကြမ်းတယ်၊ နတ်ကြီးတယ်လို့ ဟိုအရင်ကတည်းက နာမည်ရှိခဲ့တော့ မသွားရဲကြတာလည်းပါမှာပါ။ ဒီလိုရေအိုင်တွေက နက်လည်းနက်သလို အထဲကိုဝါးလုံးတွေ၊ သစ်လုံးတွေချကြည့်ရင် ရောဝတီမြစ်ထဲကိုထွက်သွားတယ်လို့ပြောကြတယ်။ တချို့ကတော့ ဒီလိုအိုင်မျိုးတွေမှာ နတ်မြွေလိုလို နှစ်ချို့နေတဲ့မြွေကြီးတွေရှိတယ်လို့ပြောကြတယ်။ အတိအကျတော့ မပြောတတ်ဘူးပေါ့။ ဒါကြောင့် ရှေ့ဆက်သွားမယ့်ခရီးမှာ သတိထားကြပါလို့ ကျွန်တော်မေတ္တာရပ်ခံချင်ပါတယ်"

ကိုသိန်းအောင်က ရှည်လျားစွာ ရှင်းပြပြောဆိုလိုက်သဖြင့် အေးလွင်တို့တစ်ဖွဲ့လုံးနည်းနည်းတော့ဖြုံသွားမိကြသည်။

"ကိုသိန်းအောင်ပြောတာဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့လည်း မြန်မာပြည်အနှံ့ခရီးထွက်ပြီး အလုပ်လုပ်နေကြရတဲ့သူတွေဆိုတော့ ဒီလိုအိုင်မျိုးတွေ့ဖူးကြဖူးပါတယ်။ အရမ်းမြင့်တဲ့ချောက်ကမ်းပါးပေါ်ကနေ ဟိုးအောက်ကုန်းက ရေတံခွန်လိုမျိုးစီးကျခဲ့ပြီး နှစ်ကာလကြာလာတော့ အောက်ခြေမှာ အရမ်းနက်တဲ့ရေအိုင်တွေပေါ်လာတာဖြစ်လိမ့်မယ်။ ဒီလိုအိုင်မျိုးတွေကို ထောနယ်ထဲက ပုံတောင်၊ ပုံညာဘက်မှာ ကွင်းဆင်းတုန်းက ကျွန်တော်တွေ့ဖူးတယ်။ ဒီဘက်မှာတွေ့တာတော့ ဒါပထမဆုံးပါပဲ။ ဘာပဲဖြစ်ဖြစ် အဖွဲ့သားအားလုံးလူစုမကွဲစေနဲ့။ အစအဆုံးရှာသတိထားကြပါ။ အပေါ့အပါးကိုလည်း ဆင်ဆင်ခြင်ခြင်နဲ့ တောင်းပန်ကန်တော့ပြီးမှသာ အကောင်းဆုံးပဲ။ ထူးထူးဆန်းဆန်း ဘာပဲတွေ့တွေ့ အရမ်းစွတ်မလုပ်ကြပါနဲ့။ ကဲ - စားသောက်ပြီးရင်ဆက်ထွက်ကြမယ်"

❐

ယနေ့ပါဆိုလျှင် ဤရိုးချောင်းကို သို့ကွင်းဆင်းခဲ့သည်မှာ သုံးရက်မြောက်ရှိပြီ ဖြစ်သည်။ ချောင်းဖျားဘက်တဖြည်းဖြည်းရောက်ရှိလာပြီဖြစ်သောကြောင့် ရှုခင်းများ၊ ရေအိုင်များ သိမတွေ့ရသဲ့ သဲသောင်ခဲ့ကြီးများ၊ ကျောက်တုံးကျောက်ဖျာကြီးများကိုလည်း အများအားဖြင့် တွေ့ရတော့သည်။

နေ့တစ်ပိုင်းခန့်သာလှော်ထား

www.burmeseclassic.com

www.burmeseclassic.com

ဆော့သဖြင့် ယာယီစခန်းချထားသော ခွက်ဖျင်တဲများ၊ ချက်ပြုတ်စရာအိုးခွက်ခန်းကန်များနှင့် အခြားပစ္စည်းများအား သိုးအား ချက်ပြုတ်စားသောက်ကာ ဆမင်းဘူးများထည့်ပြီးသည်နှင့် ပင်မစခန်းချထားသောရွာကြီးသို့ မနက်စောစောကပင် နွားလှည်းများငှားကာ ပြန်ပို့လိုက်ပြီဖြစ်သည်။

နေ့လယ်ဘက် အလုပ်သိမ်းသည်နှင့် ပင်မစခန်းချထားသောရွာကြီးသို့ ဘိုက်ရိုက်ပြန်ကြရမည်ဖြစ်သောကြောင့် တစ်ဖွဲ့လုံး တက်ကြွစွာ လုပ်ငန်းလုပ်ဆိုင်လျက်ရှိနေကြသည်။

ရိုးဖျားဘက်ကိုရောက်လာသဖြင့် ရေခန်းခြောက်နေသော ချိုင့်ကြီးများ၊ ညီညာပြန့်ပြူးနေသော သဲသောင်ပြင်များ တစ်ခါတစ်ရံ ရှည်လျားလှသော ကျောက်ဖျာချပ်ကြီးများသာတွေ့ရတော့သဖြင့် ရိုးတစ်လျှောက် ပေကြိုးဆွဲခြင်း၊ အကွေ့အကောက် အနေအထားမှတ်တမ်းတင်ခြင်းနှင့် ထူးခြားသော မြေသားနမူနာများကူးယူသိမ်းဆည်ခြင်း စသည့် သုတေသနများလုပ်ကိုင်ရသည်မှာ မပင်ပန်းဆာ့ဘဲ သွက်သွက်လက်လက်နှင့် ခရီးတွင်လှသည်။

"ဆရာတို့ရေ၊ ဒီဘက်ကိုခရာလာကြည့်ကြပါဦး၊ ဒီသဲသောင်ခုံပေါ်မှာ သွားထားတဲ့ခွေးပိုက်ရာတွေ။ နည်းတဲ့အကောင်ကြီးတွေမဟုတ်ဘူး။ ထင်ကျန်ခဲ့တဲ့ ဗိုက်ရာကြီးတွေကြည့်ပြီးမှန်းရရင် အနည်းဆုံး လူကြီးပေါင်လုံးလောက်ဆော့ရှိလိမ့်မယ်ထင်တယ်။ တစ်ကောင်ဆောင် မကလောက်ဘူး၊ နှစ်ကောင်ဖြစ်နိုင်တယ်"

ရှေ့ဘက်မှသွားနေသော ကိုသိန်းအောင်၏ အော်ပြောလိုက်သံကြောင့် တစ်ဖွဲ့လုံး ထိုနေရာသို့ ဒရေပြေးရောက်သွားကြသည်။

ကိုသိန်းအောင်ပြောသလိုပင် မြွေကြီးများသွားထားသည့်ဗိုက်ရာကြီးများက ညီညာပြန့်ပြူးနေသည့် သဲသောင်ပြင်ကြီးပေါ်တွင် အထင်းသားမြင်နေရသည်။

"ကဲ-အားလုံးသတိတော့ထားကြ။ မြွေကဘာအမျိုးမှန်းလဲမသိတော့ သတိထားတာ အကောင်းဆုံးပဲ။ တော်ကြာငန်းတွေ၊ တောကြီးမြွေဟောက်တွေဖြစ်နေရင်ခက်မယ်။ ဒီမြွေတွေသိပ်အန္တရာယ်များတယ်"

ဦးလှအေးက သတိပေးစကားပြောရင်းဆက်ထွက်ခဲ့ကြသည်။ မနက် (၁၁) နာရီခန့်တွင်တော့ ရိုးဖျားထိပ်နားသို့ရောက်လာခဲ့ပြီဖြစ်သည်။

ထိုအခိုက် ရှေ့ဘက်မှသွားနေသော အေးလွင်တစ်ယောက် ရုတ်တရက်ထိုင်ချလိုက်ပြီး နားထင်နှစ်ဖက်ကိုလက်ဖြင့် အုပ်ကိုင်ထားသည်ကို မြင်လိုက်ရသောကြောင့် ဦးလှအေး ရှေ့သို့ခပ်သွက်သွက်လျှောက်သွားပြီးမေးလိုက်သည်။

"မောင့်အေးလွင် ဘာဖြစ်လို့လဲဟေ့၊ နေမကောင်းဘူးလား"

"ဟုတ်တယ် ဆရာ၊ ခေါင်းတွေကိုက်လာတာ ဘယ်လိုမှမခံနိုင်တော့ဘူး"

"မင်းပုံကြည့်ရတာဖျားနေပြီထင်တယ်ကွ။ မျက်နှာလည်းနီရဲနေတယ်။ နေမကောင်းရင်လည်း မနက်စောစောကတည်းကလိုက်မလာဘဲနဲ့ စခန်းကိုပြန်လိုက်သွားပြီးနားနေရမှာ"

"မနက်ကတော့ ကောင်းနေလို့ ကျွန်တော်လိုက်လာတာပါ။ ညကတည်းက ဖျားချင်သလိုလိုဖြစ်နေလို့ ဆေးသောက်လိုက်တာကောင်းသွားလို့ ဆရာတို့ကိုမပြောတာပါ"

"ကဲပါကွာ၊ ဒါဆိုရင်လည်း ခုပဲ မနက်(၁၁)နာရီထိုးနေပြီ။ နောက်ထပ်တစ်နာရီလောက်ဆိုရင် ရိုးထိပ်ရောက်လောက်ပါပြီ။ အဲဒီမှာခရာနားပြီး ထမင်းစားကြမယ်။ ပြီးရင် အလုပ်သိမ်းပြီးပြန်ကြတာပေါ့။အခုတော့ လောလောဆယ် မင်းခဲ့ကိုသိန်းအောင် ရိုးထိပ်ကိုကုန်းပေါ်ကသွားပြီးစောင့်နှင့်။ လုံခြုံရေးတစ်ယောက်ကိုခေါ်သွား၊ နောက်က ငါတို့လိုက်လာခဲ့ပေ့ါ"

ဦးလှအေး စီစဉ်ပေးလိုက်သောကြောင့် အေးလွင်ကို ကိုသိန်းအောင်ကတွဲကာ လုံခြုံရေးဝန်ထမ်း ကိုဟန်စိန်ကိုခေါ်ပြီး ကုန်းအပေါ်ဘက်မှ ရိုးထိပ်သို့ထွက်လာခဲ့သည်။

ရိုးထိပ်သို့ခရာနှင့်ရောက်သွားပြီး နောက်ဘက်မှ လိုက်လာသောအဖွဲ့ကို စောင့်ရန် အေးလွင်နှင့် ကိုသိန်းအောင် ရိုးထဲသို့ဆင်းခဲ့ကြသည်။ ကိုဟန်စိန်ကတော့ ပတ်ဝန်းကျင်အခြေအနေကိုကြည့်ရန် နောက်ဘက်တွင် ကျန်ရစ်ခဲ့သည်။

သဲမြေနှင့်ရေဟူ၍လုံးဝမရှိတော့ဘဲ ပေတစ်ရာလောက်ရှည်လျားသော ကျောက်ဖျာပြင်ကြီးကိုသာ တွေ့လိုက်ရသည်။ ကျောက်ဖျာကြီးကတစ်ချပ်တည်း ဆက်မနေသော်လည်း အဝေးမှကြည့်လိုက်ပါက တစ်ချပ်တည်းခင်းထားသလို ထင်ရသည်။

အေးလွင်နှင့် ကိုသိန်းအောင်တို့နှစ်ယောက် အံ့သြလှစွာဖြင့် ကျောက်ဖျာကြီးနားလျှောက်ခဲ့ကြရင်း ကျောက်ဖျာအစပ်တွင်ခရာထိုင်ခဲ့ကြသည်။

"ကိုအေးလွင်၊ ဒီမှာနားရင်းခရာနေခဲ့ဦး။ ကျွန်တော် ဒီနားတစ်ဝိုက်မှာ ရေအိုင်လေးဘာလေးရှိလားလိုက်ရှာလိုက်ဦးမယ်။ အဝေးကြီးမသွားပါဘူး။ တော်ကြာနောက်ကအဖွဲ့ရောက်လာရင် ခြေလက်ဆေးဖို့ရေရှိမှဖြစ်မှာ။ ကိုဟန်စိန်လည်း ခရာနေရောက်လာမှာပါ"

"ကောင်းပါပြီဗျာ၊ စိတ်ချလက်ချသာသွားပါ။ကျောက်ဖျာကြီးကအကျယ်ကြီးဆိုတော့ ခပ်ဝေးဝေးကိုတောင် လှမ်းမြင်နေရတာပဲ။ ဘာအန္တရာယ်မှမရှိလောက်ပါဘူး"

ကိုသိန်းအောင် ထွက်သွားသည်နှင့် အေးလွင် စိတ်ကိုလျှော့ချလိုက်ကာ မျက်စိကိုမှိတ်ထားလိုက်သည်။ ထိုအခါကျမှ ခေါင်းကအဆမတန်ကိုက်လာကာ ဘယ်လိုမှထိုင်မရတော့၍ ပါလာသည့် ကျောပိုးအိတ်ကို ခေါင်းအုံး၍ ကျောက်ဖျာပေါ် လှဲချလိုက်ပြီး မျက်စိကိုမှိတ်ထားလိုက်မိသည်။

ကိုယ်အပူရှိန်ကြောင့် မွေးခန့်ဖြစ်သွားမိသည်။ ရုတ်တရက် ကိုယ်ပေါ် သို့လေးလံသောအရာဝတ္ထုတက်ဖိခြင်းကို ခံလိုက်ရပြီး လည်ပင်းကိုလည်းညှစ်သလို ခံစားလိုက်ရသဖြင့် ရုန်းထလိုက်မိသည်။

သို့သော် ဘယ်လိုမှရုန်းထမရဘဲ ကြာလာတော့ အသက်ရှူပင်ကျပ်လာသည်။ သည်းမခံနိုင်တော့သည့်အဆုံး အားအကုန်သုံးပြီး ရုန်းထလိုက်သဖြင့် လွတ်ထွက်သွားသလို ပေါ့ပါးသွားပြီး လူကလည်း အိပ်မျော်နေရာမှနိုးသွားသည်။ ပက်လက်အိပ်မျော်နေရာမှ ထထိုင်လိုက်သည်နှင့် နောက်ကျောဘက်ဆီမှ အသံကြီးတစ်ခုကိုကြားလိုက်ရပြီး လူကိုလည်း လေဟပ်လိုက်သလို ခံစားလိုက်ရသည်။

"ရှီး... ဖြီး... ဖြီး... ရှီး... ရှီး"

အေးလွင် နောက်ဘက်သို့ ဆုံးခန့်လှည့်ကြည့်လိုက်တော့ ရုတ်တရက် အသက်ရှူပင်ရပ်သွားသလို ထင်လိုက်ရသည်။

ကြီးမားလှသော မြွေကြီးတစ် ကောင်ဖြစ်ပြီး ကိုယ်လုံးကြီးက [illegible]

www.burmeseclassic.com

www.burmeseclassic.com

တောက်ပြောင်နေသည်။ ထမင်းစားပန်းကန်တစ်ချပ်လောက်ရှိသော ပါးပျဉ်းခွက်ရှည်ရှည်ဝိုင်းဝိုင်းကြီးနှင့် လည်ပင်းတွင်လည်း သံကွင်းစွပ်အရစ်ကြီးသုံးရစ်က အထင်းသားမြင်နေရသည်။ ရဲရဲတောက်နေသော မျက်လုံးကြီးနှစ်လုံးဖြင့် စူးစူးစိုက်စိုက်ကြည့်နေပြီး သွားစွယ်များအကြားမှ မည်းနက်နေသော လျှာကြီးနှစ်ခွကို ထုတ်လိုက်၊ သွင်းလိုက် လုပ်နေသည်မှာ အသည်းယားစဖွယ်မြင်နေရသည်။ အရှည်ဆယ်ပေကျော် ခန့်ရှိမည်ဖြစ်ပြီး လူကြီးတစ်ယောက်၏ လက် မောင်းလုံးခန့်ရှိသော တောကြီး မြွေဟောက်ခေါ် ငန်းပုပ်အမျိုးအစား မြွေကြီးတစ်ကောင်ဖြစ်သည်။ ခွေထားသောအခွေပုံကြီးပေါ်မှ လူတစ်ရပ်ခန့်ရှိမည့် ပါးပျဉ်းခွက်ကြီးဖြင့်မိုးထားပြီး ဝေးလံသီခေါင်လှသော ရိုးချောင်းကြီး အတွင်း လူသားတစ်ဦးကို တွေ့လိုက်ရသဖြင့် ရန်သူအမှတ်နှင့် ဒေါသတကြီး ဖြစ်နေပုံရသည်။

အနေအထားကလည်း လှုပ်ပေါက်လျှင်မိနိုင်သည့် အနေအထားဖြစ်၍ အေးလွင်တစ်ယောက် လှုပ်ရှားရန် မဆိုထားနှင့်၊ အသက်ပင်ရဲရဲမရှူရဲတော့ပါ။ တစ်ကိုယ်လုံးလည်း ချွေးမျှားဖြင့် ရွှဲနစ်နေကာ အကြောသေသလိုပင်ဖြစ်နေသည်။

ကိုသိန်းအောင်နှင့် ကိုဟန်စိန်ကို လည်းလှုပ်မခေါ်ရဲ၊ လှုပ်လည်းမလှုပ်ရဲနှင့် တစ်စက္ကန့်ကိုပင် တစ်ကမ္ဘာလောက် ကြာသည်ဟု ထင်နေမိသည်။

ထွက်ပြေးရန်လည်းမဖြစ်၊ လှုပ်လည်းမလှုပ်ရဲတော့သည့်အနေအထားကြောင့် အမှန်တကယ်သေရတော့မည်ဖြစ်ကြောင်း အေးလွင် သဘောပေါက်နားလည်လိုက်မိသည်။

ထို့ကြောင့် မျက်စိကိုသာမှိတ်ထားလိုက်မိသည်။ မျက်စိထဲတွင်တော့ မြို့ပေါ်တွင်ကျန်ရစ်ခဲ့သည့် မိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမများ၏ မျက်နှာများက တစ်ခုချင်းစီပေါ်လာနေသည်။

ဘုရားမှတစ်ပါး အားကိုးရာမရှိတော့ပြီမို့ ဘုရားဂုဏ်တော်များကိုသာ စိတ်ထဲမှ ဂုဏ်တော်တစ်ခုချင်းစီအာရုံထား၍ ရွတ်ဆိုနေမိတော့သည်။

"ဒိုင်း. . . ဝေါ. . . ဝေါ"

ပြင်းထန်လှသောယမ်းပေါက်တွဲသကြီးနှင့်အတူ ပတ်ဝန်းကျင်ရှိသစ်ပင်ကြီးများဆီမှ ငှက်များ၏ အလန့်တကြား ထပျံသံများကြောင့် မျက်စိကိုစုံမှိတ်ထားရာမှ အမြန်ဖွင့်ကြည့်လိုက်မိသည်။

မျက်စိရှေ့တည့်တည့်တွင်တော့ ယမ်းငွေ့ဝေနေသည့် ရိုင်ဖယ်သေနတ်ကို အသင့်အနေအထားကိုင်ထားရင်း မားမားကြီးရပ်နေသူက လုံခြုံရေးဝန်ထမ်း ကိုဟန်စိန်ဖြစ်သည်။

"ကိုအေးလွင်၊ ကိုအေးလွင် မြန်မြန်ထ။ ဒီဘက်ကိုလာ"

ရိုးပေါ်ဘက်ဆီမှ ကိုသိန်းအောင်၏အော်သံကိုကြားလိုက်ရပြီး ပြေးဆင်းလာသည့်ခြေသံကိုပါကြားလိုက်ရသည်။

အေးလွင်၏ ရှေ့တွင်တော့ မြွေဟောက်ကြီးက ခေါင်းမှပြတ်ထွက်နေသည်။ ကိုယ်လုံးကြီးက ရုတ်တရက် မသေသေးဘဲ သွေးများပန်းထွက်နေပြီး တွန့်လိမ်ကာ တဝုန်းဝုန်းနှင့် လူးလှိမ့်နေသည်။

ထိုအခါကျမှ အေးလွင်လည်း သတိပြန်ဝင်လာပြီး ကိုသိန်းအောင်အော်ခေါ်သည့်ဘက်သို့ထပြေးခဲ့သည်။ ကိုသိန်းအောင်က အေးလွင်ကိုဆီးဖမ်းလိုက်ပြီး -

"ကိုအေးလွင် ကိုအေးလွင်၊ ဘာဖြစ်သွားသေးလဲ၊ ကဲကောင်းလို့ပေါ့ဗျာ။ နည်းနည်းလောက်များနောက်ကျလိုက်ရင်တော့ တွေးတောင်မတွေးဝံ့ဘူး။ ကိုဟန်စိန်သတိကောင်းတာလည်းပါလို့ နောက်ဘက်ကိုအသာလေးပတ်သွားပြီး ပစ်လိုက်တာ။ ဒီကောင်ကြီးက ခင်ဗျားကိုပဲ မဲနေတော့ ပတ်ဝန်းကျင်ကို သတိလွတ်သွားပုံရတယ်။ အမဲပစ်နေကျလက်ဆိုတော့ တစ်ချက်တည်းနဲ့ချက်ကောင်းကို မှန်လို့။ လွဲသွားရင်လည်း ခင်ဗျားမချောင်ဘူး"

အေးလွင်ကတော့ စကားတစ်ခွန်းမှပြန်မပြောနိုင်သေးဘဲ အကြောက်လွန်ကာ ကြောင်စီစီဖြစ်နေသည်။ သေနတ်သံကြားသဖြင့် နောက်ဘက်တွင်ကျန်ခဲ့သည့်အဖွဲ့ကလည်း အပြေးအလွှားရောက်လာကြသည်။

"ကိုသိန်းအောင် ဘာဖြစ်တာလဲ။ တောကောင်တွေ့လို့လား။ သေနတ်သံကြားလိုက်လို့ ကျွန်တော်တို့အပြေးတက်လာကြတာ"

"တောကောင်တွေ့တာမဟုတ်ပါဘူးဆရာ။ဒီကျောက်ဖျာပေါ်မှာ ကိုအေးလွင်ခဏလဲနေတုန်း ဟောဟိုမှာသေနေတဲ့ တောကြီးမြွေဟောက်ကြီးက အန္တရာယ်လာပေးတာနဲ့ ကိုဟန်စိန်ပစ်သတ်လိုက်တာပါ"

"မောင်အေးလွင်ကော ဘာဖြစ်သွားသေးလဲ။ ကြည့်ရတာတော့ ဒီကျောက်ဖျာတစ်ပိုက်မှာ မြွေသိုက်နေပုံရတယ်။ အနည်းဆုံးတော့ အထီး၊ အမနှစ်ကောင်ရှိမှာသေချာတယ်။ သေနေတာက အထီးလား အမလားမသိပေမယ့် နောက်တစ်ကောင်မလာခင် ဒီနေရာကမြန်မြန်သွားကြရအောင်။ အလုပ်တာလည်းပြီးသလောက်ရှိနေပါပြီ။ ကဲ - ဒါဆိုရင် ငါတို့တစ်ဖွဲ့လုံးစခန်းပြန်ရောက်မှပဲ မနက်စာစားကြရအောင်။ အခုတော့ ဒီနေရာက မြန်မြန်ခွာကြတာကောင်းမယ်"

အဖွဲ့ခေါင်းဆောင် ဦးလှအေးက ခပ်မြန်မြန်ဆုံးဖြတ်ချက်ချလိုက်ပြီး အေးလွင်တို့အဖွဲ့ ထိုနေရာမှ အမြန်ဆုံးထွက်ခဲ့ကြသည်။

နေ့ခင်းပိုင်းစခန်းသို့ပြန်ရောက်ခဲ့ကြပြီး စခန်းရောက်မှ မနက်စာထမင်းဆာဆာနှင့်စားလိုက်ကြသည်။ အေးလွင်ကတော့ စခန်းပြန်ရောက်သည်နှင့် အဖျားတက်လာပြီး အိပ်ရာမှပင်မထနိုင်တော့ပါ။

"မောင်အေးလွင်ကို ကြည့်ရတာ ရိုးရိုးဖျားတာ မဟုတ်လောက်ဘူးထင်တယ် ကိုမြတ်အောင်ရေ။ ကျွန်တော့် အတွေ့အကြုံအရ ပြောရရင်တော့ ငှက်ဖျားပိုးရှိနေလို့ ဖျားနေတာထင်တယ်။ ဒီမှာက ဆေးဝါးအပြည့်အစုံ ပေမယ့် တချို့ဆေးတွေက ဘာတွေမှန်း ကျွန်တော်လည်း မဖတ်ထားဘူးဗျ။ ဂျာမနီနိုင်ငံကထုတ်တဲ့ ဆေးတွေဆိုတော့ မြို့ပေါ်မှာတုန်းက ဆရဝန်တစ်ယောက်ကို ကျွန်တော်လွှဲပြောင်းသေးတယ်။ စာတွေက အင်္ဂလိပ်မဟုတ်တော့ သူလည်းတစ်မျိုး နှစ်မျိုးလောက်ပဲပြောပြတတ်တယ်။ ဒီဆေးမောင်အေးလွင်ကို ဒီမှာနားခိုင်းထားထက်စာရင် မြို့ပေါ်ကဆရာဝန်ကို နေကားနဲ့ပို့လိုက်တာ ကောင်းလိမ့်မထင်တယ်။ နောက်လအတွက်ဆေးစခန်းမှာလို့တဲ့ ရိက္ခာတွေဘာတွေတွဲရင်းပေါ့ဗျာ"

"ကိုလှအေး စီစဉ်တာကောင်းတယ်။ မြို့ပေါ်မှာဆိုတော့ ဆရာဝန်အပြည့်အစုံရှိတဲ့အပြင် ဆေးရုံလည်းတော့ မြန်မြန်သက်သာတာပေါ့ဗျာ"

ထိုညနေစောင်းတွင် စခန်းသို့သော LAND ROVER ကားဟောင်းအေးလွင်တစ်ယောက် အဝတ်အစားချို့ကိုသာယူကာ မြို့ပေါ်စခန်းသို့ပြန်လာခဲ့သည်။ အိပ်ရာလိုက်တာတော့

www.burmeseclassic.com

www.burmeseclassic.com

ွင် မိဘအိမ်ရှိ၍ မယူခဲ့တော့ဘဲ
ွင်ပင်ထားခဲ့သည်။

❐

တစ်နေကုန်ပင်ပန်းခဲ့ကြ၍ ညစာ
းသောက်ပြီးသည်နှင့် တစ်ဖွဲ့
ပင်မပြောနိုင်ကြတော့ဘဲ အိပ်
းသွင်းခဲ့ကြသည်။

ဆောင်းကုန်ခါနီးပြီဖြစ်၍ ညနေ
သည်နှင့် အအေးဓာတ်ကသိသိ
ာင်လာပြီး ပတ်ဝန်းကျင်တစ်ခု
း မြူနှင်းများက ခပ်ပါးပါးကျနေ
စခန်းတစ်ခုလုံး အပ်ကျသံပင်
လောက်အောင် တိတ်ဆိတ်စွာ
ောကျနေကြသည်။

ကိုသိန်းအောင်တစ်ယောက် အိပ်
နေရာမှလန့်နိုးလာခဲ့သည်။လက်
ကိုကြည့်လိုက်တော့ နာရီမီးစုန်း
လေးများက ညသန်းခေါင်ဆယ့်
ရီကျော်နေပြီဖြစ်ကြောင်းသိလိုက်
း

အပေါ့အပါးသွားရန်အတွက် စား
တွင်တင်ထားသော ဓာတ်မီးကို
ယူလိုက်ပြီး ယာယီခေါက်ခုတင်လေး
ဆင်းရန်ပြင်လိုက်သည်။

ယာယီရွက်ထည်တဲတစ်လုံးတွင်
ခြင်း ခေါက်ခုတင်လေးတစ်လုံးစီဖြင့်
ကြရပြီး သူနှင့်အတူနေသည့် အေး
ွင်တစ်ယောက်ကတော့ အဖျားမကျ
ောကြောင့် ညနေစောင်းကပင် စခန်း
ားလေးနှင့်မြို့ပေါ်စခန်းသို့ပါသွားပြီ
းသည်။

ထို့ကြောင့် တစ်ဖက်ခုတင်တွင်
ရှိသဲ့ဲ တဲတစ်လုံးတွင် သူတစ်
ောက်တည်းသာရှိသည်။

ထိုအခိုက် ကိုသိန်းအောင်၏နား
ထဲတွင် အသံတစ်ခုကိုကြားလိုက်ရသလို
အရဲ့ထဲတွင်ထင်လိုက်မိသဖြင့် လက်ထဲ
ဓာတ်မီးဖြင့် ပတ်ဝန်းကျင်ကိုဝှေ့ယမ်း
ကာ ထိုးကြည့်လိုက်မိသည်။

လင်းထိန်နေသော ဓာတ်ခဲသုံး
ောင့်ထိုးဓာတ်မီးရောင်က တဲတစ်ခုလုံး
လင်းထိန်သွားပြီး တစ်ဖက်ရှိ အေးလွင်
အိပ်သော ခုတင်ပေါ် သို့မီးရောင်ဖြာကျ
သွားချိန်တွင်တော့ ကိုသိန်းအောင် ရုတ်
တရက်ယောင်ရွပင် အော်လိုက်မိမလို
ဖြစ်သွားမိသည်။

အေးလွင်အိပ်ခဲ့သောခုတင်ပေါ်
တွင်တော့ နက်မှောင်ကြီးများလှသော
မြွေကြီးတစ်ကောင်က ပါးပျဉ်းထောင်
ကာရှိနေပြီး ထိုးထားသောမီးအလင်း
ရောင်အောက်တွင် မီးကျီးခဲလိုနီရဲနေ
သည့်မျက်လုံးများဖြင့်ကြည့်နေသည်ကို
မြင်လိုက်ရသည်။

ခဏကြာမှ ကိုသိန်းအောင်လည်း
သတိဝင်လာပြီး ပတ်ဝန်းကျင်ကိုအော်
ဟစ်အကူအညီတောင်းရန်ပြင်လိုက်စဉ်
မှာပင် မြွေကြီးသည် ပါးပျဉ်းကြီးကိုချ
လိုက်ပြီး ခုတင်အောက်သို့ရှောခနဲဆင်း
သွားတော့သည်။

"မြွေကြီးဗျို့၊ မြွေကြီး"

ကိုသိန်းအောင် အော်လိုက်သံ
ကြီးက တိတ်ဆိတ်နေသော ပတ်ဝန်း
ကျင်တစ်ခုလုံး လှုပ်နိုးလိုက်သလိုဖြစ်
သွားပြီး စခန်းတစ်ခုလုံးနိုးလာကြသည်။
လက်နှိပ်ဓာတ်မီးရောင်များ ဟိုမှသည်
မှပေါ်လာပြီး လူများအားလုံး ကိုသိန်း
အောင် တဲရှိရာဝိုင်းလာကြသည်။

"သတိထားပြီးလာကြဗျို့၊ မြွေကြီး
က အခုလေးတင် ခုတင်အောက်ကို
ဆင်းသွားတာ။ တော်ကြာ တက်နင်းမိ
နေဦးမယ်"

ခဏအကြာတွင် အောက်လင်း
ဓာတ်မီးတစ်လုံးအမြန်ထွန်းလိုက်သဖြင့်
စခန်းပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်
သွားသည်။

"ဘယ်မှာလဲမြွေကြီး၊ ကိုသိန်း
အောင် ဘယ်နေရာမှာတွေ့လိုက်တာ
လဲ"

"ဟာ - ဆရာမြွေကြီးတစ်ကောင်
နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး။ နေ့
ခင်းက ရိုးထဲမှတွေ့ခဲ့တဲ့ အကောင်ကြီး
လောက်ရှိတယ်။ကိုအေးလွင် ခုတင်ပေါ်
မှာ ပါးပျဉ်းကြီးထောင်နေတာ။ ကိုအေး
လွင်တော့ ကံကောင်းသွားပြန်ပြီ။လူသာ
ရှိနေရင်တော့ ခုလောက်ဆိုသေနေ
လောက်ပြီ။ထိလိုက်ရင် ဆေးမီမှာမဟုတ်
ဘူး"

"အင်း-ကျွန်တော်ထင်တော့ထင်
လိုက်သားပဲ။နေ့ခင်းက ရိုးထဲမှာပစ်သတ်
လိုက်တဲ့အကောင်ကြီးကြောင့် နောက်
ကလိုက်လာတာဖြစ်မယ်။ ဒီမြွေမျိုးတွေ
ကအပြိုးသိပ်ကြီးတတ်တာ။ တစ်ကောင်
ကိုသတ်လိုက်ရင် ကျန်ခဲ့တဲ့နောက်တစ်
ကောင်ကလိုက်ပြီး လက်စားချေတတ်
ကြတယ်။ ခပ်စောစောပိုင်းကတည်းက
ရောက်နေပြီး လူသံသူသံတွေဆူညံနေ
လို့ တစ်နေရာရာမှာဝင်ခွေနေတာဖြစ်
မယ်။ တကယ်တမ်းသတ်လိုက်တာက
ကိုဟန်စိန်ဖြစ်ပေမယ့် သေနေတဲ့
အကောင်နားမှာကျန်နေတာက မောင်
အေးလွင်ရဲ့ကိုယ်နဲ့ဆိုတော့ နောက်က
လိုက်လာပြီးလက်စားချေတာပဲ။ ကျွန်
တော်ကြားဖူးဖတ်ဖူးတာကတော့ မြွေဆို
တဲ့သတ္တဝါဟာ သေသွားရင် သူ့ရဲ့မျက်လုံး
ထဲမှာ နောက်ဆုံးမြင်ခဲ့တဲ့ပုံရိပ်ကဟောက်
မသွားဘဲ ဓာတ်ပုံရိုက်ထားသလို ထင်
ကျန်ခဲ့တယ်တဲ့။ ဒါကြောင့် မြွေသေရင်
တချို့က ခေါင်းပိုင်းကိုဖြတ်ပြီးမြေမြှုပ်
ပစ်ကြတယ်။ အထူးသဖြင့် ကျန်ခဲ့တဲ့
ကောင်ဟာ အထီးထက် အမဆိုရင်ပိုပြီး
အငြိုးတကြီးလိုက်တတ်တယ်လို့ သိရ
တယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သတိဝီရိယ
နဲ့သွားကြလာကြနေကြထိုင်ကြပေါ့"

အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးလှ
အေးက ရှည်းလျားစွာ ရှင်းပြလိုက်ပြီး
စခန်းတစ်ခုလုံး လူစုခွဲကာရှာကြသော်
လည်း မြွေကြီးကိုတော့ ရှာမတွေ့ကြ
တော့ပါ။

နောက်ပိုင်းရက်များတွင်လည်း
တစ်ဖွဲ့လုံးသတိထား၍ စောင့်ကြည့်ကြ
သော်လည်း မြွေကြီးကိုထပ်မတွေ့ကြရ
တော့ပါ။

သို့သော် ထိုသတင်းကိုကြားသိရ
ပြီးနောက် အေးလွင်တစ်ယောက် မြို့
ပေါ်မှ လုပ်ငန်းခွင်ရှိရာစခန်းသို့ပြန်မလာ
တော့ဘဲ အလုပ်မှနုတ်ထွက်စာတင်ခဲ့ပါ
သည်။ စခန်းလည်း နောက်ထပ်တစ်နေ
ရာသို့ပြောင်းရွှေ့တော့မည်ဖြစ်၍ အလုပ်
မှမထွက်ရန် တစ်ဖွဲ့သားလုံး ဝိုင်းဝန်း
တားဆီးနေသည့်ကြားမှ အေးလွင်
အလုပ်ထွက်ခဲ့သည်။

စခန်းပြောင်းသော်လည်း တစ်ချိန်
လုံးတောကြားတောင်ကြားတွင် လှုပ်ရှား
သွားလာကာ အလုပ်လုပ်နေရသူများ
ဖြစ်သည့်အတွက် တစ်ချိန်မဟုတ်တစ်
ချိန် ထိုအန္တရာယ်ရှိသောမြွေများနှင့်ထပ်
မတွေ့ဟု မည်သူမျှအာတပ်မပြောနိုင်ပါ။

တစ်ရက်တည်းတွင် မြွေကြောင့်
သေဘေးမှန့်စ်ကြိမ်ကံကောင်းထောက်မ
စွာ လွတ်မြောက်ခဲ့သော်လည်း တတိယ
အကြိမ်တွေ့ခဲ့လျှင်မူ ကံဆိုး၊ ကံကောင်း
အတပ်မပြောနိုင်သည့်အတွက် မသေချာ
မရေရာသည့် တတိယအကြိမ်ကို
ရင်တထိတ်ထိတ်ဖြင့် သွားလာလှုပ်ရှား
ရင်း အေးလွင် မတွေ့ချင်မကြုံချင်
တော့ပါ။

ထို့ကြောင့် အလုပ်မှနုတ်ထွက်
လိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်
မည်ဟု ဆုံးဖြတ်လိုက်ရခြင်းဖြစ်ပါတော့
သည်။

ဘင်အေးကျော် (အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်သူချင်းချစ်ခင်နှစ်သက်စာကိုခွဲထားလို့ သောကမဖြစ်ပါနဲ့

ရသဂ္ဂိရ-ကျော်ဝင်းအောင်

လောကကြီးမှာ လူမျိုးမျိုး စိတ်အဖုံဖုံဆိုတာရှိကြတာမဆန်းပါဘူး။ လူဘဝဆိုတာကလည်း အခက်သားလားဆိုရမလိုပါဘဲ။ လူတွေဟာ တစ်နေ့ထက်တစ်နေ့ မလွဲမသွေတွေ့ကြုံရမယ့် သေခြင်းစာရားကို မေ့လျော့နေကြပြီး နောက်တစ်ဖန် ဘဝအတွက် အားကိုးရာဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတရားတွေကို မေ့လျော့နေကြပါတယ်။ အဲဒီလို မေ့လျော့ခြင်းတွေနဲ့အတူ လူတိုင်းနီးပါး မျှဟာ ဘွဲ့တွေ၊ ဂုဏ်တွေ၊ ဒီဂရီတွေ၊ ရွှေတွေ၊ ငွေတွေနဲ့ တည်ဆောက်တိုင်းတာနေကြတော့ လောကလူဘဝထဲမှာ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ရကြတော့နေရတာဟာ ဓမ္မတာတရားမို့ အဆန်းမဟုတ်တော့ပါဘူး။

ဒီအထဲမှာ လူတွေသတိမမူကြလို့ပါ။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောကြားထားတဲ့ တရားတော်တွေရှိပါတယ်။ ဘာလဲဆိုတော့ မချစ်ခင်မနှစ်သက်သောသူနှင့် နေရခြင်းသည် ဒုက္ခတစ်ပါးဖြစ်သည်။ ထို့အတူ ချစ်ခင်နှစ်သက်သူနှင့် အတူတကွ မနေရခြင်းသည်လည်း ဒုက္ခတစ်ပါးဖြစ်သည်လို့ ဟောကြားဆုံးမထားခဲ့ပါတယ်။ ဒါတွေကို လူလောကမှာရှိကြတဲ့ လူကြီးမိဘအတော်များများဟာ သိရှိလိုက်နာကြခြင်းမပြုကြပါ။ ဒုံအပြင် မြတ်စွာဘုရားရှင်က ဆက်လက်ပြီး မိမိခန္ဓာကိုယ်အဆင့်အတန်းဟာ ဖြူစင်သန့်ရှင်းစင်ကြယ်တဲ့စာရိတ္တကို ဦးစားပေးဟောကြားထားပါတယ်။ ဒီတော့ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကောင်းမွန်မှုဟာ ရွှေတွေ၊ ငွေတွေ၊ ဘွဲ့တွေဒီဂရီတွေနဲ့ ဘာမှမဆိုင်သလိုပါဘဲ။

ဒါပေမယ့် လောကကြီးထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝတရားတွေထဲမှာ ဂုဏ်ရည်တူသော်လည်း နှစ်ဖက်မိဘတွေရဲ့ရွှေဂုဏ်၊ ငွေဂုဏ်တွေ၊ အာယာတဒေါသ၊ နာကြည်းမှုအတိတ်ကအဖြစ်အပျက်တွေကြောင့် ချစ်ခင်နှစ်သက်သူနှစ်ဦး မပေါင်းဖက်ရဘဲ စိတ်ထောင်းကိုယ်ကြေပြီး ဘဝကို သေခြင်းတရားနဲ့ အနှုံးပေးသွားသူတွေ အမြောက်အမြားပါ။ ဒီအထဲမှာ အဆိုးဆုံးက နှစ်ယောက်တွဲဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ၊ မိမိကိုယ်မိမိအဆုံးစီရင်သွားမှုတွေပါ။ ဒါဟာ ဖြစ်သွားတဲ့သူကိုရော ကျန်ရစ်ခဲ့တဲ့ မိသားစုအသိုင်းအဝိုင်းပါ သောကပင်လယ်ဝေကြရတဲ့အဖြစ်အပျက်တွေပါ။ ဒါကြောင့် စာရေးသူဟာ မိဘဆွေမျိုးအသိုင်းအဝိုင်းတွေဘက်ကိုမလိုက်ဘဲ ရိုးသားပြီး ကြိုးစားနေတဲ့ ချစ်သူမောင်နှံတွေအတွက် ဘဝအတွက် အမောပြေတိုက်လိုက်တဲ့ ဆေးတစ်ခွက်အဖြစ် ယခုအင်းအဖို့၊အမလေးကို ရွေးဟောင်းဂမ္ဘီရဆိုင်ရာပညာရပ်တွေထဲက ရှာဖွေဖော်ထုတ်ပေးလိုက်ပါတယ်။ ဒါမှလည်း ချစ်သူမောင်နှံတွေ ပျော်ရွှင်ပေါင်းဖက်နိုင်ပြီး ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ကာ တိုင်းပြည်ရဲ့ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အထောက်အကူရမှာ မလွဲဘူးဆိုတဲ့ဆန္ဒနဲ့ပါ။

အင်းစီရင်ပုံတွေကတော့ ယခင်ယခင်က နက္ခတ္တရောင်ခြည်မှာ စာရေးသူ ရေးသားဖော်ပြခဲ့တဲ့ စည်းမျဉ်းစည်းကမ်းအတိုင်းဆိုတာ ပြောပါရစေ။ ဒီအင်းလေးကတော့ သုံးကွက်ပတ်လည်ငယ်ငယ်လေးပါ။ ဒါပေမယ့် ထူးခြားတာကတော့ အဖို့၊ အမဆိုတဲ့နှစ်အင်းတွဲအသုံးပြုမှုပဲ ဖြစ်ပါတယ်။ ထူးခြားသလောက်လည်း အကျိုးပေးလျင်မြန်ပါတယ်။ အထက်ပိုင်းအညာဒေသတွေမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုတာကို စာရေးသူတွေ့ခဲ့လို့ပါပဲ။ စာရေးဆရာပြောခဲ့သလို တပည့်သားမြေးများ စိတ်သောကဖြစ်ပြီးနေတာကို မမြင်ရက်၊ မကြည့်ရက်တဲ့ ရွာဦးကျောင်းဆရာတော်တွေ၊ ကပ္ပိယကြီးတွေ ပြုလုပ်ပေးနေကျ အစီအရင်တွေပါ။ ဒါကြောင့်လည်း စာရေးသူက ရေးသား ဖော်ထုတ်ပေးရတာပါ။

အင်းပုံစံကတော့ -

ဒ	ရံ	သွား
တွေ	(နံ)	ယေ
ပ	ဟ	ယု

အဖိုအင်းပုံစံ



အင်းဆန်သွင်းပုံနံပါတ်စဉ်

အဖိုအင်းဆန်ဂါထာ
'နယေပရံ ယာတွေသွားဟ'

မိ	ယေ	သွား
ယေ	(နံ)	ယေ
ဝါ	ဟ	မ

အမအင်းပုံစံ

www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်စွာ(ကမ္ဘီရန္ဓာစု)

ကျွဲငမန်းနှင့်ကမ္ဘီရနည်းတွေတလာ

လောကီထုပ္ပတ် လူတို့ဇာတ်၌ အတော်များများပင် အခက်ခဲများ ဆိုင်ဖြတ်သန်းကြရသည်။ နည်းလမ်း ၌ ပိုမိုခက်ခဲသွားသလို နည်းလမ်း ၌ လွယ်ကူသည်လည်းရှိသည်။ နည်း ရှာဖွေ၍ ညွှန်ပြကြသူများမှာ ကလူသားတို့အပေါ် စိတ်ကောင်း စေတနာထားသူများ ဖြစ်သည်။ ယခု ထိုသို့ နည်းလမ်းများကို ရှာဖွေပြသခဲ့သူ များအနက်မှ ဖော်ထုတ်လက်ဆင့်ကမ်း ခဲ့သူတစ်ဦးအကြောင်းကို တင်ပြပါမည်။ ထိုသူကား မြေလတ်မြို့ လေးတစ်မြို့ ရှိ ကုမုဒြာစုရွာသား ကျွဲငမန်းခေါ် လူငယ် လေးတစ်ယောက်ပင် ဖြစ်သည်။

အချိန်ကာလအားဖြင့် ခရစ်နှစ် ၁၉၇၀ ပြည့်နှစ်ကို ကျော်စွန်းခဲ့သော တစ်နှစ်ကာလလောက်ကပင် ကုမုဒြာစု ရွာလေးရှိ ကျွဲငမန်း နေထိုင်ရာ အိမ်ဝင်း ထဲသို့ (၁၆) နှစ်ခန့်အရွယ် လူငယ်ထစ် ယောက် ကသုတ်ကနှင်ဝင်လာပါသည်။ ကျွဲငမန်းငယ်သူငယ်ချင်း ဒီရွာသား ကြည်ရှင်းဖြစ်ပါသည်။ ကျွဲငမန်းကို မိခင် ဒေါ်စိမ်းခင် ရက်ကန်းရုံအနောက်ဘက် သရက်ပင်ရိပ်အောက် ကွပ်ပျစ်ပေါ်၌



အင်းဆန်သွင်းပုံနံပါတ်စဉ်

အမအင်းဆန်ဂါထာ

'မိယေဝါယေမယေသွားဟ'

ဒါဆိုရင် အင်းအကြောင်းကို သိ ထားသူတွေ စီရင်တတ်ပါပြီ။ အဓိက သတိထားရမှာက ဒီအင်းစီရင်သူဟာ သီလ၊ သမာဓိ၊ ဖြူစင်ဖို့ အဓိကကျပါ တယ်။ ဒါပေမယ့် အင်းလေးငယ်တယ် လို့ အထင်မသေးလိုက်ပါနဲ့။ စာရေးသူ ဟာ အင်းအသုံးနဲ့ လက်ဘက်ကို သင်ကြား ပြသတဲ့အတိုင်း ယနေ့တိုင် နှုတ်ငုံနေရ ဆဲပါ။ အဲဒါကတော့-

၁ အင်းလေးခပ်ငယ်ငယ်၊ သုံးကွက် ပတ်လည်၊ ငယ်သာငယ် သာယာ မယ့်အင်း။ ဖို၊ မနော့ နှစ်နံထည့်ပါ လို့၊ အင်းမြတ်ကို စက်ရာခေါင်း၊ ထားအိပ်မှကောင်း. . .

လို့ ဆိုထားပါတယ်။

အသုံးပြုပုံတွေကတော့ အင်းကို အသုံးပြုမယ့် ကာယကံရှင်နှစ်ဦးဟာ ကာမဂုဏ်မရှိတဲ့ လွတ်လပ်သူတွေဖြစ်ရ ပါမယ်။ ရန်ငြိုးရန်စအမုန်းတွေနဲ့ နှင့်ကို ရအောင်ယူပြီး ဒုက္ခရောက်အောင် နှိပ်စက်မယ်ဆိုတဲ့ ဆန္ဒရှိသူတွေ စီရင်လို့ မရပါဘူး။ မယုံလို့စီရင်ရင်တော့ တန်ပြန် အကျိုးပေးပြီး ခိုက်တတ်ပါတယ်။ ဥပမာ အားဖြင့် မိမိလိုရာပန်းတိုင်မရောက်ဘဲ မိမိရဲ့နှမ၊ တူမတွေမှာ တန်ပြန်ဖြစ်ပွားပြီး ဒုက္ခရောက်တတ်ပါတယ်။ အဖေအရွယ်၊ အဘိုးအရွယ်နဲ့ သမီး၊ မြေးအရွယ်ကို လိုချင်လို့ စီရင်ချင်လည်း အစွမ်းပြမှာ မဟုတ်ပါဘူး။ ဒါဟာ အင်းရဲ့ သတ်မှတ် ချက် ဥပဒေစည်းမျဉ်းပါ။ မယုံရင်လုပ် ကြည့်ပါ။ အချိန်ကုန်လူပန်းရုံပါပဲ။ အဲဒီ ကိစ္စကို သီလ၊သမာဓိရှိတဲ့အတိုင်းမလုပ် ဝံ့ကြပါဘူး။ တန်ပြန်မှာကြောက်လို့ပါ။ ဂုဏ်တွေ၊ ရွှေတွေ၊ ဒီဂရီတွေနဲ့ တိုင်းတာ လာလို့။ အရွယ်တူမောင်နှံတွေအတွက် ကွေကွင်းရရှင် ချက်ချင်းစီရင်ပေးလိုက် ပါ။

အဖိုအင်းမှာ ကာယကံရှင် ယောကျ်ားလေးမွေးနံထည့်ပါ။ အမအင်း မှာ ကာယကံရှင်မိန်းကလေးမွေးနံထည့် ပါ။ ပြီးရင် ယောကျ်ားလေးဘက်က ခွဲထားရင် အဖိုအင်းကို အောက်ဘက် ထားပြီး အင်းဆန်ရေသားထားတဲ့ဘက် ချင်းမျက်နှာချင်းဆိုင်ထပ်ပါ။ မိန်းကလေး ဘက်ကစွဲထားရင် အမအင်းကိုအောက် ဘက်ကထားပြီး အင်းဆန်ရေသားထား တဲ့ဘက်ချင်း မျက်နှာချင်းဆိုင်ထပ်ပါ။ အင်းကို အထပ်မမှားဖို့အရေးကြီးတယ်။ လာစေလိုတဲ့သူကို အောက်ဘက်က ထားပြီးထပ်ရပါမယ်။ ပြီးရင် ရွာတွေမှာ တော့ ရွာဦးနတ်စင်အောက် အလယ် တည့်တည့်မှာမြှုပ်ပြီး ငှက်ပျောဖက်စိမ်း ထဲမှာ လက်ဖက်သန့်သန့်၊ဆီ၊ဆားထည့် ဆုတောင်းပြီး မြှုပ်ထားရင် ခုနစ်ရက် မကြာဘူးလို့ဆိုပါတယ်။ တချို့ကတော့ ကာယကံရှင် ခေါင်းအုံးထဲထည့်ချုပ်ပြီး အိမ်တွင်းနတ်စင်ရှေ့မှာ လက်ဖက်သန့် သန့်ကို ဆီဆမ်း၊ ဆားထည့်ပြီး ပန်းကန် လေးနဲ့တင်ကာ ဆုတောင်းယပ်တော် ခတ်ပါတယ်။ အုန်းတော်ကိုလည်း ယပ် သွင်းပြီး ဆုတောင်း ရပါတယ်။ ဒါဟာ စီရင်ပုံတွေပါ။ စီရင်ပုံတွေဟာ ကျယ် ဝန်းလို့ စာရေးသူတောင် ဉာဏ်မမီပါ ဘူး။

ဒါကြောင့် လောကကြီးမှာ ချစ်ခင် နှစ်သက်သူနဲ့ အတူတကွမနေရသူတွေ၊ မချစ်ခင်မနှစ်သက်သူတွေနဲ့ အတူတကွ နေရမှာကြောက်သူတွေအတွက် မဟာ အားဆေးတစ်ခွက်ပါ။ ကာယကံရှင် ဘက်ကလည်းမှန်သလို စီရင်တဲ့သူဘက် ကလည်း သီလသမာဓိရှိရင် ကုသိုလ် လည်းရစေတဲ့ ရွှေဟောင်း ဂမ္ဘီရအင်း အစီအရင်လေးပါပဲ။ ဒီအင်းပုံစံကို ပုံစံကွဲ တစ်ခုလည်း စာရေးသူ တွေ့ဖူးပါသေး တယ်။ အင်းဆန်ဂါထာသာကွဲပြားသွား တာပါ။

ဒီတစ်ပတ်တော့ သူရဇ္ဈမဂ္ဂဇင်းက အင်းပရိသတ်တွေအတွက် ရွှေဟောင်း ပညာရပ်ဖြစ်တဲ့ အင်းပညာလေးကို ရေးသား ဖော်ပြလိုက်ပါတယ်။ နောက် နောင်လည်း ယခုလို ဂမ္ဘီရဆိုင်ရာအင်း စမတွေကိုလည်း ဆက်လက်ရေးသား ပါဦးမယ်ဆိုတာ ဝန်ခံကတိပေးရင်း -

(ရွှေဘိုအထက်ပိုင်းရှိ [illegible] တောရွာများမှ သင်ဆရာ [illegible] ကို ဦးခိုက်၍)

[illegible]

www.burmeseclassic.com

www.burmeseclassic.com

အခန့်သင့်တွေ့ရပါသည်။ကြည်ရှင်းကား ကရောသောပါးပြောလိုရာကို ပြောကြားပါလေတော့သည်။

"ကိုမန်းရေ၊ ငါ့ကိုနည်းနာပေးပါဦးကွာ။ ငါ့ခေါင်းတွေကိုက်နေတယ်။ လုပ်ပါဦး။ တစ်ခါတည်းယူပစ်သလို ပျောက်မယ့်နည်းလေးရှိရင် ပြောစမ်းပါ"

ကြည်ရှင်းရာ၊ ငါ့ဆီကို ဒီပုံစံမျိုးနဲ့ မင်းလာဖူးတယ်နော်။ ဟိုစဉ်ကလည်း ငါညွန့်ပြေးပေမယ့် မင်းလုပ်ခဲ့ဟန်မပေါ် ဘူး။ နည်းနာဆိုတာ ရရင် လက်တွေ့ဖော်ဆောင်မှ အောင်တော့မှပေါ့"

"ဟုတ်တယ် ကိုမန်း၊ လွန်ခဲ့တဲ့ နှစ်လလောက်က ငါခေါင်းကိုက်နေလို့ ပြောဖူးတယ်။ ဘာတဲ့ကွာ ကိုးကွက်ရှိတဲ့ အင်းပုံစံဘောင်အကန့်နဲ့ ဆွဲရမယ်။ အပေါ် ဘယ်ဘက်ထောင့်ကစပြီး ၁ က နေ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ စတဲ့ နေ့နံဂဏန်းတွေထည့်ရမယ်။ အလယ်ကောင်အကွက်မှာ ခေါင်းကိုက်သူရဲ့ မွေးနံကို ထည့်ရမယ်လို့ပြောသေးတယ်။ တနင်္လာသားဆို (၁)၊ အင်္ဂါသားဆို (၃) စသဖြင့် မဟုတ်လား"

ကြည်ရှင်းက စက္ကူကတ်ပြားတွင် ဆွဲသားနည်းကို ပြန်ပြောပြနေသည်။ ကိုငမန်းက သူ့စကားကို မစောင့်ဘဲ ပြောပြန်သည်။

"ဒါတွင်မကပါဘူး ကြည်ရှင်းရာ၊ ဘေးက ခေါင်းမကိုင်တွယ်သူကတစ်ယောက်က ခေါင်းကိုက်နေသူကို ပြောရတယ်လေ။ "သတိကြပ်ကြပ်ထားနော် ခေါင်းကိုက်သူကို အိပ်စေရမယ်။ စောစောက ကတ်ပြားလေးကို သေတ္တာသို့မဟုတ် စားပွဲအလွတ်တစ်ခုအပေါ်မှာ တင်ရမယ်။ ပြီးရင် ကျောက်ပျဉ်နဲ့ ဖိထားရမယ်။ခေါင်းကိုက်သက်သာတော့ တာပေါ့။ ဒါတွေပါ မှာလိုက်ပါသေးတယ်"

ထိုအခါ ကြည်ရှင်းမှာ ကိုမန်းကို ထောက်ခံစကားပြောပါသည်။ သို့သော် ယခုထပ်၍တောင်းဆိုသည်မှာ ယူပစ်သလိုပျောက်သွားနိုင်သည့် ဂမ္ဘီရနည်းလမ်းရှိလျှင်ပေးပါဟု စော်ဒကတက်နေပြန်သည်။ ကိုမန်းက ရှိကြောင်းပြောလိုက်တော့ ကြည်ရှင်းခမျာ မရမက အသဲအမဲမေးပါတော့သည်။ ကြည်ရှင်းကိုလည်း တကယ်လုပ်မှပေးမည်ဟု ပြောရင်းက နည်းနာကို ပြောပြလေသည်။

"ပထမဆုံး လူတစ်ယောက် သာမန်အုံးလို့ရမယ့် ခေါင်းအုံးပုံစံအသေးလေးအရင်ချုပ်ပါ။ ချုပ်ပြီဆိုရင် မန်ကျည်းပင်က မန်ကျည်းရွက်ကြမ်းတွေကို ခူးရပါမယ်။ ဖို့အစား မန်ကျည်းရွက်ကြမ်းတွေအပြည့်သိပ်ပြီး အဝပိတ်လိုက်ပါ။ ခေါင်းအုံးလေးတစ်ခုသဖွယ် ဖြစ်သွားပြီဆိုရင် ခေါင်းကိုက်သူ အလွန်အမင်းကိုက်နေချိန်မှာအုံးပြီး အိပ်စေရမယ်။ ညဘက်ကအိပ်တယ်ဆိုရင် မနက်ကျတော့ ရေအမြဲစီးနေတဲ့ ရေစီးမြောင်းတို့၊ ချောင်းတို့မှာ သွားမျှောရမယ်။ မျှောတာကို ကြည့်နေစရာ မလိုဘူး။ ပြန်လှည့်ထွက်ခဲ့ပါ။ ကိုယ်တိုင်သွားမမျှောနိုင်ရင် သေချာအောင်လုပ်ပေးမယ့်လူကိုခိုင်းပါ"

ကြည်ရှင်းမှာ လျှာရှည်နေကျဖြစ်၍ မည်သည့်သဘောတရားပါနည်းဟု သိချင်ပြန်သည်။ ကိုမန်းက ရှင်းပြသည်မှာ 'မကိုက်' ဆိုသော နံတူ 'မန်ကျည်း' ကို ခေါင်းအုံးတွင် ကုံးပါစေ၊ ပြီးယူပစ်သလို မျှောလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ 'ဓာတ်တူနံတူ ဆေးဖက်ကူ' ဓာတ်သဘော ဖြစ်ပါသည်။ ခေါင်းအုံးလုပ်ရာမှာ သေးသေးလွယ်လွယ်ကူကူလုပ်ပါ။ ခေါင်းမကိုက်တဲ့သူတွေက ခေါင်းကိုက်သူ အုံးထား၊ အိပ်ထားတဲ့သည်ခေါင်းအုံးကို ယောင်လို့တောင် သွားမအိပ်မိဖို့တော့ ကိုမန်းကမှာပါသေးသည်။ ကြည်ရှင်းက ဘာဖြစ်လို့လဲ မေးတော့ ကိုမန်းက နောက်အုံးတဲ့လူဆီကို ခေါင်းကိုက်ကူးသွားတယ်လို့ဆိုပါသည်။

ကြည်ရှင်းမှာ အလိုပြည့်၍ပြန်မည်ပြုပြီးမှ တစ်ခုခုသတိရသွားဟန်ဖြင့် စကားဆက်ပြန်ပါသည်။

"ဩော် - ကိုလေးမန်းကို ရောက်စကတည်းက ပြောမယ့်စကားမေ့နေတယ်။ မနက်က စျေးရောက်လို့ ထိန်ကုန်းက ကိုဘမှန်နဲ့တွေ့ခဲ့တယ်။ မြလေးနွယ်အစ်ကိုဝမ်းကွဲလေကွာ။ မင်းသတင်းမေးတယ်။ ရှိတယ်လို့ပြောတော့ သည်နေ့နေ့ခင်းလောက် မင်းဆီကိုလာဖြစ်မယ်တဲ့။ ငါ့ကိုမှာလိုက်တယ်။ တခြားအရေးကြီးကိစ္စမရှိရင် စောင့်ပေးပါလို့ ပြောလိုက်တယ်"

ကိုမန်းမှခေါင်းညိတ်လိုက်မှ ကြည်ရှင်း ထွက်ခွာသွားလေသည်။ ကြည်ရှင်းထွက်သွားပြီး ညကအိပ်ချိန်နောက်ကျခဲ့၍ မျက်စိကိုအသာလေးပိတ်၍ မှေးမှိတ်လိုက်မည်ကြံလိုက်သည်။ ရုတ်ကနဲရုံဘက်က လူရိပ်တစ်ခု ရိပ်ခနဲမြင်လိုက်သော်လည်း ဂရုမပြုအားတော့ဘဲ ခေါင်းငိုက်စိုက်ချလိုက်သည်။ ခြေသံမှာ နီးသထက်နီးလာသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ မလေးမဲ့ရောက်လာခြင်းပင်။

"ဩော် - ကိုမန်း၊ အိပ်မလို့လား။ အိပ် အိပ်တော့၊ ဘာမှမဟုတ်ပါဘူး။ စောစောက ကြည်ရှင်းပြောတာ ကြားလိုက်တယ်။ မလေးနွယ်ရဲ့အစ်ကိုဝမ်းကွဲလာမယ်ဆိုလား ဟုတ်လား ကိုမန်း၊ ဘာကိစ္စနဲ့လဲဟင်"

"ဘာကိစ္စရယ်တော့ မသိရပါဘူး၊ တစ်ယောက်ယောက်ရဲ့ အခက်အခဲရှိလို့နေမှာပေါ့။ ဘာဖြစ်လို့လဲ မလေး"

"သိပါဘူး။ မြလေးနွယ်တို့ဆီကဆို တော့ မြလေးနွယ်နဲ့ဘာများပတ်သက်စရာတွေပေါ် လာသလဲလို့ပါ"

"သိပြီ၊ သိသွားပြီ၊ မြလေးနွယ်သာကိုမန်းဆီကိုလာပြီးပတ်သက်မယ်ဆိုရင် ဟောသည်က မလေး မလေးရယ်တဲ့မှ က စိတ်တော့မဆိုးဘူး၊ ကျွဲမြီးတိုတယ်ဆိုပါတော့။ ဒီလိုမဟုတ်လား မလေး"

"ဟာကွာ၊ ကိုမန်း ကောင်းဖူးကွာ၊ တော်တော်လူကို ကလိချင်ရိချင်ပါလားနော်။ ကဲ၊ ကဲ. . . ရော့၊ ရော့"

နှုတ်မှပြောသလို လက်ကလည်း ဘယ်ဘက်လက်က စံပယ်ပန်းကုံးမှ ခွေဖြုတ်ပြီး ပန်းကြွေလေးတွေကို ညှာလက်ဖြင့် ကိုမန်းကို ပစ်ပေါက်လိုက်သည်။ ကိုမန်းက မလေးကို ရွှန်းရွှန်းစားစားကြည့်ရင်း စကားဆိုလိုက်သည်။

"မလေးရယ်၊ ပန်းကလေးတွေက မလေးကို သည်လိုပြောနေတယ်"

'ပန်းကလေးတွေ သီကုံးစေတဲ့ အနေဘဝပြန်မရရင် ထားလိုက်တော့ မှားမြင်ကွင်းမှာခွေနေပါတော့ စိတ်နာသည်၊ ပန်းဘဝက မတည်ကြည်'

"တတ်တယ် သူတတ်တယ်၊ ဒီလို ကဗျာတွေလက်တန်းစပ်ပြီး ဘယ်နှယောက်လောက်ကြွေခဲ့ပြီလဲ ဆရာကြီး၊ ကြပ်ကြပ်သတိထားနေနော်"

ပြောပြောဆိုဆိုနှင့် မလေးထွက်သွားပါလေပြီ။ ကိုမန်းက ဥစ္စာပေါ့။ ရယ်ချော့၊ အပြောကောင်း အဟောကောင်း စိတ်ကောင်းရှိ တည်တည်ကြည်ကြည်ဆိုတော့ မလေးအဖို့ မဆွတ်ခင်ကညွတ်ချင်လှသည်။ အလှတွင် အယဉ်ဆင့်လို့ မယားတောသူစကားနှင့် ပီသညီမျှသူ မလေးကိုလည်း ကိုမန်းနှလုံးအိမက မဖယ်ရှားနိုင်ခဲ့ပါပေ။ ကိုမန်း၏ စိတ်အတွေးလှိုင်းမျှားကို ခေါ်သံတစ်ခုက ရပ်တန့်လိုက်ပါသည်။

"ဆရာလေးကိုမန်းခင်ဗျား ကိုမန်းကို တွေ့ချင်တဲ့ဧည့်သည် ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရမှာက ပြန်လာလိုသူရဲ့ နာမည်ကို အိမ်လျောက်တန်းပေါ်မှာ ရေးရမယ်။ မြေဖြူ။ မီးသွေးခဲတစ်ခုခုနဲ့ ပေါ်လွင်အောင်ရေးပါ။ ခေါ်လိုသူ၊ပြန်လာစေလိုသူရဲ့ နေ့နံ့ဂြိုဟ်သက်အချက်ရေယူပြီး လက်ဝါးဖြင့် ရိုက်ခေါ်ပါ။ ဂြိုဟ်သက်ကိုမသိရင် ဘုရားမှာ ဂြိုဟ်တိုင်သွားကြည့်

ကြောင်းပါ ခင်ဗျာ”

ကြည်ရှင်းက ဘေးမှပါလာသော ကိုဘမှန်နှင့်အတူပင် လာရင်း နောက်ပြောင်သောစကားလုံး ခွန်းဆင့်လိုက်သည်။ ကိုဘမှန်တို့ကို ကွပ်ဖျစ်တွင် နေရာထိုင်ခင်းပေးပြီးသော် လာရင်းကိစ္စ မေးရသည်။ ကိုဘမှန်က သူလိုအပ်သော အကူအညီအတွက် ပြောပြပါတော့သည်။

“သည်လို ကိုမန်းရေ၊ ကျွပ်နဲ့ဆို ညီဝမ်းကွဲ မှတ်စိုးတဲ့။ ကာလသားပေါက် တလေးပေါ့ဗျာ။ မြလေးနွယ်နဲ့ဆိုတော့ မောင်နှမဝမ်းကွဲတော်တယ်။ ကျွပ်တို့ ထိန်ကုန်းအနောက်ဘက် မြစ်သုံးဆိုင် ဘက်ထွက်သွားတယ်။ သူငယ်ချင်းတွေဆီ ဟိုမှာလောင်းကြေး ဘော်လီဘောတစားတယ်ဆိုပါတော့။ ခုဆိုသွားတာ တစ်လကျော်သွားပြီ ပြန်မလာပါဘူး။ ခရီးကြဲလူကြဲတွေနဲ့မေးတော့ မြစ်သုံးဆိုင်မှာရှိတယ်လို့ ပြောကြတယ်။ အိမ်ကမိဘတွေက စာကြုံပါး၊ လူကြုံနဲ့ခေါ်ခိုင်းလုပ်တယ်။ ဒါလည်းမလာဘူးဗျ။ အိမ်ကလိုက်ခေါ်ရင်လည်း ရှောင်နေမလားဆိုပြီး ကျွပ်ကို တိုင်ပင်တယ်။ ကျွပ်က ခင်ဗျားကိုသတိရသွားတယ်။ ကိုမန်းတတော့ လူစုံ၊ ပညာလည်းစုံတယ်။ အားကိုးပါတယ်ဗျာ”

“ကိုဘမှန်၊ မှတ်စိုးကို ဂဗ္ဘီရပညာတစ်ခုခုနဲ့ပြန်ခေါ် ပေးစေချင်တယ်ဆိုပါတော့”

“ဟုတ်သပ္ပါဗျာ၊ ဆရာမန်းပြောရင် ရေးမှတ်သွားဖို့ မင်တံ၊ စာအုပ်ပါယူလာတယ်။ ပြောဆရာရယ်”

ထွက်သွားတဲ့သူ အိမ်ကို အမြန်ပြန်ရောက်အောင် ဓာတ်ဆင်နည်းလို့ဆိုရပါမည်။ ဦးစွာ စရေဓာတ်ပေါ် ခြိန်မှာ ဆင်ဖို့လိုပါသည်။ (၇)ရက်စဉ်တွင် စရေဓာတ်သည် တစ်နေ့လျှင် (၁)နာရီခွဲစီ တစ်ခြိန်ပေါ်ပါသည်။ နေ့တာ (၁၂)နာရီကို(၈)ခြိန်ပိုင်းရမည်။ တစ်ခြိန်တွင် (၁)နာရီခွဲစီရှိသည်။ ပထမ၊ ဒုတိယမှသည် အဋ္ဌမခြိန်ထိပိုင်းပြီးကြည့်ပါ။ မနက်(၆)နာရီမှ(၇)နာရီခွဲသည် ပထမခြိန်ဖြစ်ပါသည်။ ထို့အတူ (၇)နာရီခွဲမှ (၉)နာရီ၊ (၉)နာရီမှ(၁၀)နာရီခွဲတို့ ဒုတိယခြိန်၊ တတိယခြိန်ဟု နားလည်ပါ။

အဲဒီလို ပ-ဒု-တ စသည့်အခြိန်တွေဟာ ဘယ်နာရီပိုင်းမှ ဘယ်နာရီပိုင်းထိဆိုတာ လက်တွေ့ဆွဲကြည့်ပါ။ ပြီးရင် တနင်္ဂနွေနေ့မှ စနေနေ့ထိ (စရေ)ဓာတ်ဖော်ခြိန်တွေကို အက္ခရာ (နံ) ကောက်ယူပြီး ဘယ်အခြိန်ဆိုတာကို သိနိုင်တဲ့ လက်နဲ့တိုက်ကြည့်ပါ။ ဒါဆို နေ့စဉ် (၇)ခုရဲ့ စရေဓာတ်ပေါ် ခြိန်တွေ သိနိုင်ပါတယ်။ လက်နကိုအရင်မှတ်ပါ။ တနင်္ဂနွေကနေ စနေအထိ (၇) ရက်ရှိလို့ ဘယ်အကြိမ်မြောက်မှာကျတာလဲ (၇) ခုရှိမယ်။ ဒါကြောင့် လက်က ‘ဂျိုး-သိန်း-ဆို-တာ-ဝဲ-အုံး-မှာ’ တဲ့။

နေ့ခုနစ်ခုနဲ့တိုက်ကြည့်ရင် တနင်္ဂနွေဟာ-ဂျိုး၊ တနလ်ာဟာ-သိန်း၊ အင်္ဂါဟာ-ဆို၊ ဗုဒ္ဓဟူးဟာ-တာ၊ကြာသပတေးက-ဝဲ၊ သောကြာက-အုံး၊ စနေက-မှာ ပေါ့။ သိမြင်လွယ်ပါတယ်။ အက္ခရာတွေကိုကောက်ပြီး ဂဏန်းသွင်းရင် ဂျိုး တနလ်ာက (၂)၊ သိန်း သောကြာက(၆)၊ ဆို အင်္ဂါက (၃)၊ တာ-စနေက (၇)၊ ဝဲ-ဗုဒ္ဓဟူးက(၄)၊ အုံး-တနင်္ဂနွေက (၁)၊ မှာ-ကြာသပတေးက (၅) ရပြီနော်။ ပြန်တိုက်ကြည့်ရင် တနင်္ဂနွေနေ့မှာ ဂျိုး-တနလ်ာကျလို့ (၂) ဂဏန်း၊ ဒုတိယအခြိန်-တနလ်ာနေ့မှာ သိန်း-သောကြာကျလို့(၆)ဂဏန်း၊ ဆဋ္ဌမခြိန် အဲဒီ ပ-ဒု-တ အခြိန်တွေကို နေ့စဉ်(၈)ခြိန်ပိုင်းမှာတိုက်ကြည့်ရင် (၇)ရက်စဉ် စရေဓာတ်ရပြီဖြစ်ပါတယ်။ စာရွက်ပေါ်မှာလည်း ဆွဲပြပါမည်။

ကိုယ်ယူဆတာ မှန်၊ မမှန်သိရအောင် တိုက်ရိုက်ကျခြိန်တွေပြောမည်။ တနင်္ဂနွေနေ့ မနက် (၇)နာရီခွဲမှ (၉)နာရီ၊ တနလ်ာနေ့ နေ့လယ် (၁)နာရီခွဲမှ (၃)နာရီ၊ အင်္ဂါ - မနက် (၉)နာရီမှ (၁၀)နာရီခွဲ၊ ဗုဒ္ဓဟူးနေ့ ညနေ (၃)နာရီမှ (၄)နာရီခွဲ၊ ကြာသပတေး နေ့လယ် (၁၀)နာရီခွဲမှ (၁၂) နာရီ၊ သောကြာနေ့ မနက် (၆) နာရီခွဲမှ (၇)နာရီခွဲ၊ စနေနေ့ နေ့လယ် (၁၂)နာရီမှ (၁)နာရီခွဲတို့ ဖြစ်ပါတယ်။ ကဲ - ကိုဘမှန်လည်း စရေဓာတ်ပေါ် ခြိန်တွက်လို့ရပြီဆို ကြိုက်တဲ့ရက်နဲ့ စရေဓာတ်ပေါ် ခြိန်ကိုယူလုပ်နိုင်ပါတယ်။

လုပ်ရမှာက ပြန်လာလိုသူရဲ့ နာမည်ကို အိမ်လျောက်တန်းပေါ်မှာ ရေးရမယ်။ မြေဖြူ။ မီးသွေးခဲတစ်ခုခုနဲ့ ပေါ်လွင်အောင်ရေးပါ။ ခေါ်လိုသူ၊ ပြန်လာစေလိုသူရဲ့နေ့နံ့ဂြိုဟ်သက် အချက်ရေယူပြီး လက်ဝါးဖြင့်ရိုက်ခေါ်ပါ။ ဂြိုဟ်သက်ကိုမသိရင် ဘုရားမှာဂြိုဟ်တိုင်သွားကြည့်။ သိတဲ့သူလည်းမေးနိုင်ပါတယ်။

ဒါလည်း မှတ်လိုလွယ်တဲ့ပညာပေးလိုက်ပါမယ်။ ပါပလို့ခေါ်တဲ့ ၁နွေ၊ ၃ဂါ၊ ၇နေ့၊ စဟူလေးခုက (၆) ကနေ (၂) ခု စီတိုးပြီးမှတ်။ ၆-၈-၁၀-၁၂ ရမယ်နော်။ နောက် ၂လာ၊ ၄ဟူး၊ ၅တေး၊ ၆ကြာဆို တဲ့ သောမ (၄) ခုက (၁၅)ကနေ (၂)ခုစီတိုးမှတ်ရင် ၁၅-၁၇-၁၉-၂၁-(၄) ခုဆိုရင် (၈)ခုစုံသွားပြီ။ ဘယ်နှယ်လဲ၊ မှတ်လို့ လွယ်သွားပြီ မဟုတ်လား”

ကိုဘမှန်မှာ အကုန်လုံးရေးမှတ်သွားပြီး ပြန်ရန်အခြိန်လင့်မည်စိုးရဲ့ ပြန်သွားခဲ့ပါသည်။ တစ်ပတ်ခန့်အကြာတွင် ကြည်ရှင်းတစ်ယောက် ငမန်းထံသို့ ညနေဘက်ပေါက်ရောက်လာပါသည်။

“ကိုမန်းရေ၊ ငါ့ဆီကို ကိုဘမှန် လူကြုံလွှတ်ပြီးသတင်းပါးလိုက်တယ်ကွ။ ဓာတ်ရိုက်ခေါ်တဲ့ မှတ်စိုးပြန်ရောက်လာပြီတဲ့ကွ။ မင်းကို ကျေးဇူးတင်တဲ့အကြောင်း၊ သူမိဘတွေကလည်း ကိုဘမှန်ကို ဆရာကိုကန်တော့ဖို့ စီစဉ်နေတယ်တဲ့။ ကိုဘမှန်ကပဲ လာကန်တော့ပါလိမ့်မယ်။ မှတ်စိုးကိုပါခေါ်လာမယ်လို့ပြောတယ်ကွ။ မြလေးနွယ်ကလည်း သူ့မောင်ဝမ်းကွဲအတွက် ကျေးဇူးတင်ပါသတဲ့။ ငါကတောင် တွန့်လိုက်သေးတယ် ဆရာရေ။ ကိုဘမှန်ညီ ဘဟန်တို့ကော မြလေးနွယ်တို့ပါ လာမယ့် တို့ဆီကဘုရားပွဲ နောက်တစ်ပတ်သောကြာနေ့ လာခဲ့ကြဖို့ ဖိတ်ခေါ်တယ်ဟေ့။ မင်းနဲ့မြလေးနွယ်က မိဘတွေ နေရာကို အမိအရ နယ်လှဲ့ ဇာတ်လမ်းပြတ်ရတာပဲ။ မြလေးနွယ်နဲ့ မင်းက သံယောဇဉ်မပြတ်ပါဘူးကွာ၊ အများအကျိုးဆောင် ကိုယ့်အကျိုးလည်း အောင်မှာပါ”

ဟု ပြောရင်း ကြည်ရှင်းက ယောက်ထွက်ခွာသွားခဲ့တော့သည်။

ထင်ကျော်ဦး (ဒီဇိုင်းနာ)

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒမ (စလင်း)

အစွမ်းထက်သည့်ဟောဝိပက္ခိယအင်း

၂၂၈
သူရဖွဲ့စဉ်ဝင်း
အတွဲ (၁၅) အမှတ် (၃) ၊ ၂၀၁၅ ခုနှစ် ဖေဖော်

စာရေးသူသည် ဗေဒင်၊ လက္ခဏာ၊ နက္ခတ်၊ အင်းအိုင်၊ ခဲးလှည့်၊ လက်ဖွဲ့တွေ နှင့်မစိမ်းလှ။ အကြောင်းမှာ စာရေးသူ၏ ဒုတိယဆရာဘုန်းကြီးရွှေမြင်တင်ဆရာ တော်ဦးကသလက သည်ဘက်မှာပိုင်နိုင် ကျွမ်းကျင်သူဖြစ်သည်။

'ဟဲ့ - ကိုရင်ကျောက်သင်ပုံးယူခဲ့၊ ဒီစာကျက်၊ ဒီဟာတွက်၊ မဟာဘုတ်တိုင် ထူ'ဆိုပြီးလက်ထပ်သင်ပေးခဲ့သည်။ အစ ကတော့ သိပ်စိတ်မဝင်စား။ နောက် တော့ ကိုယ်လိုရွယ်တူတွေတွက်တတ် တာကြည့်ပြီး 'ငါလည်း ဘာလို့မတတ် ရမှာလဲ၊ သူတို့တောင်တတ်သေးတာ' ဆိုသည့် မခံချင်စိတ်နှင့် စာတွေကျက် အတွက်အချက်တွေ စူးစမ်းလေ့လာရင်း ထိုက်သင့်သလောက် တတ်မြောက်သွား ပါတော့သည်။ သည်ပညာရပ်က ကျယ် တော့ကျယ်ဝန်းလှသည်။ ပြီးပြည့်စုံနိုင် သည်မရှိ။ ရှာဖွေလေတွေ့ရှိလေ၊ သင်ယူ လေမကုန်နိုင်လေဖြစ်သည်။

ကလေးအတွေးဆိုတော့ အင်း တွေနှင့်ပတ်သက်ပြီး ဂဏန်းသချာတွေ အကွရာတွေ၊ အရပ်တွေက လူတွေကို ကောင်းကျိုး၊ ဆိုးကျိုးမပေးနိုင်ဘူးဟု လည်း ထင်မှတ်ထားသည်။ ဒီဌမျက်မြင် ထူးဆန်းဖွံ့ဖြိုးရာတွေ့လာရတော့ မိမိထင်သလို မဟုတ်ပါလားဟု သိလာ ရသည်။ ဒါတွေက အတော်အကျိုးပေး ပါသည်။ မယုံကြည်နိုင်လောက်အောင် လည်း ထူးဆန်းပါသည်။ သို့သော် စီမံ သူအဖို့ သီလ၊ သမာဓိ၊ ပညာရှိဖို့တော့ လိုပါသည်။ နည်းစနစ်တကျသေချာရ ပါမည်။ အာစိဏ္ဏကံဝတ်မြဲရပါမည်။ မိမိ ဆရာဘုန်းကြီးသည် အင်မတန် ပရိတ် ရွတ်သူ၊ ပုတီးစိပ်သူဖြစ်သည်။ ဒါကြောင့် ထက်မြက်ပါသည်။

နောက်ပြီး ငွေကြေးနှင့်ဘာပစ္စည်း ဆိုသည့်သတ်မှတ်ချက်မရှိ။ မေတ္တာရှေ့ ထား စိမံပေးလိုက်သည်ချည်းဖြစ်သည်။ ဘာမှမလှူလဲ မေတ္တာမပျက် မငြိုငြင်။ ဆရာတော်အမြဲမိန့်တဲ့ အဆိုတစ်ခုရှိပါ သည်။

"မေတ္တာထားကြ။ မေတ္တာရှေ့ ဆောင်ရင် ကိုယ်လုပ်တဲ့အလုပ် အောင် မြင်တယ်၊ မယုံမရှိနဲ့"

ဟူ၍ ဖြစ်ပါသည်။

ဆရာတော်က ပယောဂတော် မကု။ သို့သော်လည်း အတော်အခက် အခဲဖြစ်၍ တောင်းပန်ရင်တော့ ခံစား နေရတဲ့လူနာကို ကျောင်းသို့ခေါ်စေပြီး မေတ္တာပို့၊ အင်းတိုက်ပါသည်။ ခံစားနေ ရသူ လူနာလည်း လွတ်မြောက်သွားပါ တော့သည်။ တချို့လည်း အစပိုင်းကြမ်း တမ်းခက်ထန်တာတွေရှိတတ်ပါသည်။ ထိုအခါမျိုးမှာဆိုလျှင် မေတ္တာအရင်ပို့၊ အမျှဝေ၊ ပြောချင်တာတွေပြောစေပြီး နောက်ဆုံး အင်းပြာချရေတို့က်ခြင်းဖြင့် ပြေပျောက်သွားတော့သည်။ ဒါပေသိ သည်ဘက်မှာ ဝါသနာမပါ။ ရှောင်ပါ သည်။ မဖြစ်လွန်းပါမှ တစ်ခါတစ်ရံသာ။ ဒါတင်မက ခွေးရူးကိုက်မန်းတာ၊ မျက်စိ နာမန်းတာ၊ ရေယုန်နာမန်းတာ၊ မှက္ခရူ နာမန်းတာ၊ အရိုးမျက်တာမန်းတာတွေ လည်း ပိုင်ပါသည်။ (မိုင်းကိုင်စက္ကူ၊ ကြေး ပြားအင်းချရသည်။)

စာရေးသူက ပယောဂနိုင်သည့် အင်းကို စိတ်ဝင်စားပါသည်။ ကိုယ့်

မျက်စိအောက်မှာတင် ချမ်းသာခွင့်ရ သွားတာတွေ မြင်နေရတာကိုး။ သည် အင်းတွေနှင့် ပတ်သက်၍ အမိန့်ရှိပြန်ပါ သည်။

"စစ်တိုက်တယ်ဆိုတာ လက်နက် ပြည့်စုံမှကွ။ မေတ္တာလက်နက်နဲ့ ပရိတ် ဂါထာအာစိဏ္ဏကံပေါ့။ ပုတီးလည်းမှား မှားစိပ်၊ မြန်မြန်စိပ်။ ငါတတ်တယ်၊ ငါပိုင် တယ်၊ ငါပိုင်တယ်ဆိုပြီး မာန်မာနစိတ် မထားနဲ့။ တချို့က စားချင်သောက်ချင် လို့လုပ်တာ။ တချို့ကျတော့ အဲသည် မဟုတ်ဘူး၊ ကျွတ်လွတ်ခါနီးလို့ သား ခေါ်ချင်လို့ ဝင်ပူးတာ။ ကိုယ်ပြုသမျှ ကုသိုလ်အမျှအတန်းပေးဝေရင် ကိစ္စပြီး ပြီ။ သူတို့က ကျေးဇူးတောင်တင်လိမ့် ဦးမယ်"

ဆရာတော်က မြေကိုင်သူ့ကြွက် လည်း သုဝဏ္ဏဘုမ္မိအင်းချ။ ပြာချည်

www.burmeseclassic.com

www.burmeseclassic.com

အသောက်ခိုင်း၊ အလိမ်းခိုင်းခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ အင်းခုပို့အခွင့်မသာလျှင် တမာခက်အချိုးခိုင်းပြီး သုဝဏ္ဏဘူမိဂါထာ (၉) ခေါက် ရွတ်၊ ဒူးကနေ အသာရိုက်ပေးကာ အဆင်ပြေစေပါသည်။

ပယောဂအင်းအကြောင်းကို ပြန်ဆက်ချင်ပါသေးသည်။ ထိုအင်းနှင့်ပတ်သက်၍ ဆရာတော်အား စာရေးသူက လျှောက်ထားကြည့်ပါသည်။

"ဆရာတော်၊ အဲဒီအင်းကခက်သလားဘုရား"

သည်တော့ ဆရာတော်က ဟက်ဟက်ပက်ပက်ရယ်ပါသည်။ ပြီးမှ ဆက်မိန့်ပါသည်။

"ကိုရင့်နှယ်ကွာ၊ နီးလျက်နဲ့ဝေးနေပြန်ပါပြီ။ မင်းတို့ သင်ဖူး၊ တတ်ဖူးထားတဲ့ ဗောဓိပက္ခိယအင်းပေါ့ကွ။ အဲ - ငါ ပြောနေကျအတိုင်း အင်းချတော့မယ်ဆိုရင် လက်တွေ့၊ ပါးစပ်တွေပြောင်အောင်၊ စင်ကြယ်အောင်ဆေး။ စည်းချအင်းချတဲ့စည်းထဲ ဘယ်သူမှမလာစေနဲ့။ အင်းချရင် စကားမပြောနဲ့။ သမာဓိရှိပစေ။ အင်းချမယ့်ပေတံကို ကိုင်လိုက်တာနဲ့ သရာသရေလောပဲ ရွတ်။ သန့်လိုက်တာလေ။ ခဲတံလည်းဒီအတိုင်းဆိုကိုင်။ အင်းတွက်ဆွဲတဲ့အခါ 'နပေ ပရံဃတ္တော' လို့ဆိုလိုက်ဦး။ ကပ်ဆရာကပ်ပေါ့ကွာ။ အင်းတွက်အပြင်က အရံပေါ့။ အဲဒီအခါမယ် 'ရန္တံရန္တံမဟာရန္တံ' လို့ဆိုလိုက်ဦး။ မဟာရံတံတိုင်းခတ်ပါတယ်ဆိုတဲ့ သဘောအမိပ္ပာယ်ပေါ့။ ပြီးရင် ဘုရား၊ တရား၊ သံဃာဝုဏ်တော်နဲ့ အဌာနမေတံဂါထာ ရွတ်။ ဘုရားရှေ့ ရိုရိုသေသေနဲ့အင်းစာရွက်လက်ထဲထည့်ရွတ်ပြီးရင် ပြာချ၊ ရေနဲ့ ပယောဂဝင်ခံရသူတိုက်။ မေတ္တာပို့၊ အမျှဝေဖို့လည်းမမေ့နဲ့။ ပယောဂကို ဘာကြိမ်၊ ဘာတုတ်မှကိုင်စရာမလိုဘူး။ ခြိုက်နှက်နေစရာမလိုဘူး။ မေတ္တာဆောင်အောင်ရပြီဆိုတာသာ မှတ်ပေတော့။ အဲ - သတိတော့ထား။ ပယောဂအပူးခံရသူနား နမေနကေသွားမကပ်နဲ့။ ကြမ်းတာ၊ ရမ်းတာနဲ့တွေ့ရင် တစ်ခုခုနဲ့ ကောက်ရိုက်တာ၊ ပေါက်တာခံရတတ်တယ်။ ဒါတွေသိပ်မလုပ်ချင်ပါနဲ့။ ဘုန်းကြီးနဲ့မဆိုင်ဘူး"

နောက်နေ့ အကြောင်းတိုက်ဆိုင်သောအခါ ဆရာတော်က သည်အင်းအစွမ်းနှင့်ပတ်သက်၍ မိန့်ဆိုပြန်ပါသည်။

"အေး - ငါလည်း ဒီဗောဓိပက္ခိယအင်းကို ဒီလောက်အစွမ်းထက်မှန်းမသိဘူး။ အထက်ချင်းရွာတစ်ရွာက ဆရာတော်တစ်ပါးကပြောမှသိတာရယ်။ ဒီအဖြစ်က နှစ်ပေါင်းကြာတော့ကြာပါပြီ။ သူတို့ချင်းရွာလေးကို တစ်နေ့သားမှာ ရွှေတန်းပြန်စစ်သားတွေ ရခိုင်ဘက်ရောက်လာပြီး ကျောင်းထဲနားကြတယ်။ စစ်သားတစ်ယောက်က ဘာမပြောညာမပြောနဲ့ ရွာထဲကအိမ်တစ်အိမ်ဝင်ပြီး ကြက်တစ်ကောင်သတ်ယူချက်စားလိုက်ရော။ ညနေကစား၊ ညကျတော့ သူ့ဗိုက်ထဲကကြက်တွန်သံထွက်လာပါလေရော။ အစကတော့ စိတ်ကထင်နေတာလားဆိုပြီး သာမန်ပဲ။ နောက်တော့သာ ကြက်တွန်သံက ပီပီသသနဲ့ မကြာခဏမြည်လာတော့တာကိုး။ ဒီတော့မှ စစ်သားလည်း ညနေတုန်းက သူများကြက် ခွင့်မတောင်းဘဲ ချက်စားလာတာ သတိရပြီး ကြောက်ကြောက်လာရင်း ငိုတော့တာတဲ့။ ဆရာတော် တပည့်တော်ကို ကယ်ပါဦးဘုရားဆိုပြီး ကျောင်းပေါ်တက်လာတယ်။ ဆရာတော်က ဖြစ်ကြောင်းကုန်စင်မေးပြီးနောက် သူများပစ္စည်း ခွင့်မတောင်း၊ မပေးကမ်းဘဲ မယူတော့ပါဘူးဆိုတဲ့ ကတိတောင်းပြီး ဗောဓိပက္ခိယအင်းဆွဲ၊ ပြာချ၊ ရေနဲ့တိုက်လိုက်တာ ကြက်တွန်သံပေါ် မလာတော့ဘူးတဲ့။ ဒီဆရာတော်ပြောကြားရပြီးက တည်းက ငါလည်း ဒီအင်းစွဲစွဲမြဲမြဲအသုံးပြုတော့တာပဲ။ ငါ့အစ်ကိုဝမ်းကွဲဘုန်းကြီးလည်း ဒီအင်းကို အမြဲပြာချသောက်ပြီး ရွှေစက်တော်တောထဲမှာ အရှင်ထွက်ထွက်သွားတာပဲ။ မစွမ်းခံနိုင်ရိုးလားကွာ။ ပိဋကသုံးပုံကိုအနှစ်ချုပ်ရင် ဗောဓိပက္ခိယရတယ်။ ဗောဓိပက္ခိယကို အနှစ်ချုပ်ရင် မဂ္ဂင်ရတယ်၊ မဂ္ဂင်ကို အနှစ်ချုပ်ရင် သိက္ခာသုံးပါးရတယ်။ ဒါထက်ကောင်းတာဘာရှိဦးမလဲ"

သည်ဗောဓိပက္ခိယအစွမ်းပြောပြီး သည်နှင့် အင်းကွက်ဆွဲပုံကိုပါ ဖော်ပြလိုက်ပါသည်။

(ဗောဓိပက္ခိယအင်းပုံစံ)

၄	၇	၂
၂	မွေးနံ	၄
၄	၉	၇

(အင်းချရန် နံပါတ်စဉ်)

၁	၄	၃
၆	၉	၂
၃	၈	၅

အင်းချသည့်အခါရွတ်ဆိုရန်

၁။ စတ္တာရောသတိပဋ္ဌာနာတိဋ္ဌတု (သတိပဋ္ဌာန် ၄ ပါး)

၂။ စတ္တာရောသမ္မပ္ပဓါနံတိဋ္ဌတု (သမ္မပဋ္ဌာန် ၄ ပါး)

၃။ စတ္တာရောဣဒ္ဓိပါဒါတိဋ္ဌတု (ဣဒ္ဓိပါဒ် ၄ ပါး)

၄။ ပဉ္စဣန္ဒြိယာနိတိဋ္ဌတု (ဣန္ဒြေ ၅ ပါး)

၅။ ပဉ္စဗလာနိတိဋ္ဌတု (ဗိုလ် ၅ ပါး)

၆။ သတ္တဗောဇ္ဈင်္ဂါတိဋ္ဌတု (ဗောဇ္ဈင် ၇ ပါး)

၇။ အဋ္ဌမဂ္ဂင်္ဂါတိဋ္ဌတု (မဂ္ဂင် ၈ ပါး)

၈။ နဝလောကုတ္တရာတိဋ္ဌတု (လောကုတ္တရာတရား ၉ ပါး)

အားလုံးပေါင်းသောအခါ ဗောဓိပက္ခိယတရား (၃၇) ပါး ဖြစ်ပါသည်။ တစ်နေရာမှာ (၄) ဂဏန်းချ။ နှစ်နေရာမှာ (၄) ဂဏန်းချ။ သုံးနေရာမှာ (၄) ဂဏန်းချ။ လေးနေရာမှာ (၅) ဂဏန်းချ။ ငါးနေရာမှာ (၅) ဂဏန်းချ။ ခြောက်နေရာမှာ (၇) ဂဏန်းချ။ ခုနစ်နေရာမှာ (၈) ဂဏန်းချ။ ရှစ်နေရာမှာ (၉) ဂဏန်းချ။ အလယ်ကွက်မှာ မွေးနံဂဏန်းချ။ သခ်ၤဂဏန်းကို အောက်ဖော်ပြပါအတိုင်းရေးပါ။

> / ၃ ၄၇၆၁^ ၃

(အပြည့်အစုံသိလိုလျှင် ခင်ကြီးပျော်ဆရာတော်၏ အင်္ဂါဝိဇ္ဇာဋီကာကြီးဖတ်ပါ။)

ဦးစန္ဒိမ (စလင်း)

www.burmeseclassic.com

www.burmeseclassic.com

မိုးတို့စွေနေသောနေ့တစ်ရက်တွင် မွေးသောကြောင့် သမီးကို မမိုးစွေဟု အမည်ပေးခဲ့သည်။

သမီးကို တပ်ထဲတွင်မွေးခဲ့သည်။ သမီးမွေးသောအချိန်က ခင်ပွန်းဖြစ်သူ တပ်ကြပ်ထွန်းဝေမှာ ရှေ့တန်းတစ်နေရာတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ကျွန်မနာမည်မှာ မမြသက် ဖြစ်သည်။ တပ်ရင်းမြောက်ဘက် နှစ်မိုင်ခန့် အကွာရှိ ထနောင်းပင်ရွာသူ ဖြစ်သည်။ တပ်ကြပ်ထွန်းဝေမှာ ထနောင်းပင်ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တပ်မတော်သားများ လုပ်အားပေးလာရောက်စဉ် ကျွန်မနှင့် ဆုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ကျွန်မတို့ ချစ်ကျွမ်းဝင်ပြီးမကြာမီ တပ်ကြပ်ထွန်းဝေက ကျွန်မကိုလာတောင်းမည်ဟုပြောသည်။

"ဖြစ်ပါ့မလား ကိုထွန်းဝေရယ်၊ ကျွန်မတို့တွေ့တာမကြာသေးဘူး။ တော်ကြာ သူများတွေပြောနေပါဦးမယ်"

"အစ်ကိုတို့က စစ်သားတွေလေ။ အချိန်မရဘူး၊ မကြာခင် ရှေ့တန်းကို ထွက်ရဦးမှာ။ ရှေ့တန်းမထွက်ခင် အတူနေချင်တယ် မမြသက်ရယ်"

ကိုထွန်းဝေ၏ စကားကို ကျွန်မ မပယ်ရှားနိုင်ခဲ့ပါ။ ရှေ့တန်းထွက်ရန် တစ်ပတ်ခန့်အလိုတွင် ကျွန်မတို့လက်ထပ်ခွင့်တင်၍ အကြင်လင်မယားဖြစ်ခဲ့ကြသည်။

တစ်ပတ်ဆိုသော အိမ်ထောင်သက်လေးသည် ကျွန်မတို့ပျော်ရွှင်ခဲ့ကြပါသည်။ သို့သော် တပ်ထဲသို့ ရှေ့တန်းထွက်မည့်ကားများရောက်လာချိန်တွင် ကျွန်မငိုခဲ့ရပါသည်။

"ကဲပါကွာ၊ မငိုတော့နဲ့တော့နော်။ စစ်သားမိန်းမဆိုတာ ဒီလိုပါပဲကွာ။ တိတ်တော့နော်"

အစ်ကိုက ကျွန်မမျက်ရည်စများကိုသုတ်ပေးရင်းအားပေးနှစ်သိမ့်ခဲ့သည်။ ကျွန်မသည် အစ်ကို့ရင်ခွင်ထဲသို့ ဦးစိုက်၍ငိုရှိုက်မိခဲ့ပါ၏။

ထိုညက ကျွန်မတို့တစ်ညလုံးအိပ်မပျော်။ နံနက်စောစော စစ်ကားများထွက်ကြတော့မည်ဖြစ်သည်။ အစ်ကိုဆိုကတော့ သေနတ်ထုတ်၊ ရိက္ခာထုတ်နှင့် အလုပ်ရှုပ်နေကြသည်။

စစ်ကားတန်းကြီး စထွက်တော့ ကျွန်မ အစ်ကိုမျက်နှာကို လိုက်ကြည့်နေမိသည်။ အခြားသောရဲမေများကလည်း လက်ပြန္နတ်ဆက်လျက် မျက်ရည်စများနှင့်ဖြစ်သည်။ သည်လိုနှင့် ကျွန်မသည် တပ်ရင်းလိုင်းခန်းတွင် တပ်မတော်သားဇနီးတစ်ဦးအဖြစ် လွမ်းဆွတ်စွာ ကျန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတို့ရွှေတန်းထွက်ပြီး တစ်လခန့်အကြာတွင် ကျွန်မတွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း အစ်ကိုဆီ စာရေးအကြောင်းကြားသည်။ ရွာမှ အမေက ကြာခဏလာကြည့်သည်။

"သမီး ကိုယ်ဝန်ကို ဂရုစိုက်နော်။ သားဦးသမီးဦးဆိုတာ မွေးရခက်တယ်။ အလေးအပင်တွေလည်းမ,မခဲ့နော်"

အမေက ကျွန်မကို သွန်သင်ပါသည်။ အမေရွာပြန်သွားလျှင် ကျွန်မ အစ်ကိုကို သတိရနေပြန်သည်။

ခုတစ်ခေါက် တပ်ရင်းရှေ့တန်းထွက်သည့်ရက်တို့မှာ ရှည်လျားခဲ့ပါသည်။ ထိုနေ့ကိုမှတ်မိနေဆဲဖြစ်သည်။ ကျွန်မဗိုက်နာတော့ အမေက တပ်တွင်းသားဖွားခန်းသို့ခေါ်သွားသည်။ မှတ်မှတ်ရရ မိုးတွေကစွေလျက်ရှိသည်။

"မမြသက် အားတင်းထားနော်၊ ကလေးကထွားတော့ များများညှစ်ပေး။ ဟုတ်ပြီ ဟုတ်ပြီ"

တပ်တွင်းသားဖွားဆရာမ၏ အားပေးသံကိုကြားနေရသည်။နာလိုက်သည့်ဖြစ်ခြင်း။ အမှေလက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း ရှေ့တန်းစစ်မြေမှ အစ်ကို့ကို ပို၍တမ်းတမိပါ၏။

"မွေးပြီဟေ့ မွေးပြီ၊ သမီးလေးတော့် ဖြူဖြူဖွေးဖွေး ချစ်စရာလေးဟေ့"

တပ်ထဲကရဲမများကလည်း လာအားပေးကြသည်။ သမီးဆိုသောအသံကိုကြားလိုက်ရစဉ်ခဏ ကျွန်မရင်ထဲဝယ် သမီးအပေါ် ချစ်ခြင်းမေတ္တာများဖြင့် နာကျင်မှုဝေဒနာများကိုပင် မေ့လျော့သွားစေခဲ့ပါသည်။

"ဟဲ့-မြသက်၊ ဒီမှာနင့်သမီးလေးကြည့်ပါဦးဟယ်၊ တစ်လုံးတစ်ခဲကြီး"

တပ်ရင်းအရာခံဗိုလ်ဇနီးက သမီးလေးကို အနှီးဖြင့်ထုပ်ပြီး ကျွန်မရင်ခွင်ထဲသို့လာပြသည်။ ကျွန်မသည် သမီးလေးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ရင်သားများတင်းရင်းလာသည်။ သမီးကို နို့ဦးရည်တိုက်ချင်သောဆန္ဒက တဖွားဖွားပေါ်လာသည်။ ကျွန်မသည် ချက်ချင်းပင် သမီးလေးကို နို့တိုက်သည်။ သမီးသည် ဘယ်အချိန်ကတည်းက ဆာလောင်နေသည်မသိ နို့ကိုအားရပါးရစို့တော့သည်။ ကျွန်မ၏အပျိုရင်သားများနာကျင်လွန်းသဖြင့် ကြိတ်မှိတ်ခံနေရသည်။ သို့သော် ကျွန်မကျေနပ်ပါသည်။

မိုးစွေမွေးပြီး တစ်လခန့်အကြာတွင် တပ်ကြပ်ထွန်းဝေမှာ ရှေ့တန်းတစ်

(တေးဟာ)

ရဲရဲထွန်း

ဘုရားနှိစေတီပေါ်က ဆည်းလည်းသံ

www.burmeseclassic.com

www.burmeseclassic.com

နေရာတွင် ကျဆုံးသွားပြီဖြစ်ကြောင်း သတင်းဆိုးကြီးကို ကြားလိုက်ရသည်။ ကျွန်မအားကိုးခဲ့စိမ်ခြေဖျားရာ ရွှေတောင်ကြီး ပြိုလဲသွားပြီဖြစ်ကြောင်းသိလိုက်ရသည်။ သမီးလေးကို ရင်ခွင်ပိုက်၍ ရှေ့တန်းသို့လိုက်သွားခဲ့ပါသည်။ သို့သော် နောက်ဆုံးတွင် သမီးလေးကို ပိုက်ထွေး၍ ရွာသို့ပြန်လာခဲ့ရပါတော့သည်။

"အစ်ကိုရေ၊ သမီးမျက်နှာကို တောင် မြင်မသွားရလို့ ရင်ထဲမှာနာကျင်နေပါတယ်။ ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်"

မမြသက်သည် အရှေ့ဘက်ရှမ်းရိုးမကြီးဆီသို့မျှော်ကြည့်ရင်း အစ်ကို့ကို တမ်းတမ်းတတလွမ်းခဲ့ရသည်။ ကံဆိုးရှာတဲ့သမီးလေးမျက်နှာကိုကြည့်ပြီး ငိုခဲ့ရတဲ့ မျက်ရည်တွေကများခဲ့ပါပြီ။ သည်လိုနှင့် အချိန်ကာလတို့ ဖြတ်သန်းခဲ့ရသည်။ သို့သော် အစ်ကိုနှင့်ဆုံတွေ့ခဲ့သည့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သမီးလေးကို လက်ဆွဲ၍ နေ့စဉ်ရောက်ဖြစ်ခဲ့သည်။

❐

အမေဆုံးတော့ အဖေက ရွာဦးထိပ်မြေကွက်ကလေးတွင် အိမ်လေးဆောက်ပေးပါသည်။ ကျွန်မသည် ထိုနေရာတွင် အကြော်တဲလေးထိုးကာ အကြော်ကြော်ရောင်းသည်။ ထိုနေရာသည် ရထားလမ်း၊ ကားလမ်းနှင့်လည်း နီးသည်။ ရှမ်းရိုးမကြီးကိုလည်း လှမ်းမြင်ရသည်။ စစ်ကားတန်းများဖြတ်သန်းသွားလေတိုင်း ကျွန်မငေးမျှော်ကြည့်နေမိသည်။

ကျွန်မအရွယ်ရှိသေးသော်လည်း နောက်အိမ်ထောင်မပြုတော့။သမီးလေးကို လူဖြစ်အောင်မွေးရမည် ဟူသော အသိဖြင့်ကျောင်းထားပေးခဲ့သည်။ သမီးလေး မမိုးစွေ ဆယ်တန်းသို့ရောက်ရှိပြီဖြစ်သည်။ ကျွန်မလည်း ဇရာ၏သဘာဝတရားနှင့်အညီ အရွယ်ရခဲ့ပြီဖြစ်၏။ အကြော်သည်မတစ်ဦး၏နှစ်ရှည်လများ ညောင်နဲ့ဒဂံတို့သည် ကျွန်မ၏ကျန်းမာရေးကိုထိခိုက်စေခဲ့ပါသည်။

သမီးလေး မမိုးစွေသည် ဖြူဖြူဖွေးဖွေးနှင့် အပျိုဖော်ဝင်စ လှသွေးကြွယ်နေသည်ကို ကျွန်မသတိပြုမိသည်။ သမီးလေးကို အရိပ်တကြည့်ကြည့်ကြည့်ရင်း ဝမ်းသာ၊ ဝမ်းနည်းဖြစ်ခဲ့ရသည်။

ညောင် - ဖတဆုံးသမီးလေးရယ်။

"အမေမုန့်ဖိုး"

ကျောင်းဝတ်စုံအဖြူ အစိမ်းလေးနှင့် တင်းတင်းရင်းရင်းလှနေသော သမီးလေးကိုကြည့်ပြီး သူ့အဖေကို သတိရနေမိပြန်သည်။ 'သူ့အဖေမြင်ချင်စမ်းပါဘိ သမီးရယ်' ဟူ၍ တီးတိုးရွတ်ဆိုနေမိသည်။

"အမေ၊ ကျောင်းစာအုပ်ဖိုးတွေ ကျန်သေးတယ်နော်"

သမီးက ကျောင်းသွားခါနီး သတိပေးသည်။

"အေးပါ အေးပါ သမီးလေးရယ်၊ အခု တစ်ရက်၊ နှစ်ရက်ဆိုပြည့်တော့မှာ။ အမေစုထားပါတယ်ကွယ်"

ကျွန်မသည် တစ်နေ့တစ်ရာကျပ် စုဘူးလေးထဲထည့်စုထားသည်။ သမီးလိုအပ်သောစာအုပ်ဖိုးများပြည့်လုပြီဖြစ်သည်။ ထို့ကြောင့် သမီးစိတ်မကောင်းဖြစ်မှာစိုးသည်။ မျက်နှာငယ်မှာလည်း စိုးသည်။ ကျွန်မသည် သမီးကျောင်းသွားသည်နှင့် အကြော်ဖိုသိမ်းလိုက်သည်။အကြော်ကြေးများကို ထမင်းကြမ်းခဲနှင့် အမြန်စားလိုက်ပြီး ငရုတ်ခင်းထဲသို့ အမြန်ဆုံးသွားခဲ့သည်။

"ဟဲ့ - မမြသက်၊ နင်နောက်ကျနေပြီနော်"

ငရုတ်ခင်းပိုင်ရှင်က ဆီးပြောသည်။

"ဟုတ်တယ် အမေရေ၊ သမီးလေးကျောင်းသွားဖို့လုပ်ပေးနေရတာနဲ့ နည်းနည်းနောက်ကျသွားတယ်။ ဒါပေမယ့် မပူပါနဲ့။ ကျွန်မ အမြန်ဆုံး ငရုတ်ကောက်ပါ့မယ်"

ကျွန်မသည် သမီးလေး ကျောင်းစရိတ်အတွက် အကြော်ကြော်တာမလုံလောက်၍ ငရုတ်ခင်းများသို့ဆင်း၍ ငရုတ်ကောက်ရသည်။ ဒါမှလည်း သမီးလေးစာအုပ်ဖိုးပြည့်မည်ဖြစ်သည်။

သမီးလေးကျောင်းဆင်းလာလျှင် စားရန် ကျွန်မချက်ပြုတ်ရသည်။ကျောင်းဆင်းလျှင် သမီးလေးက ဆာတတ်သည်။ ဟင်းမကောင်းပြန်လျှင်လည်း စိတ်ကောက်တတ်သည်။ ကျွန်မ သမီးစိတ်ကောက်သည်ကိုမခံနိုင်။ တမလွန်မှ အစ်ကိုထွန်းဝေ အပြစ်တင်မှာလည်းစိုးပါသည်။

အဖေဆုံးသည်။ ကျွန်မသည် အမေဆုံးစဉ်က ထနောင်းပင်ပျိုတစ်ပင်ကို အမေမြေပုံထိပ်တွင် စိုက်ပျိုးထားခဲ့သည်။ ထိုထနောင်းပင်လေးမှာ ရှင်သန်ကြီးထွားနေသည်ကိုတွေ့ရသည်။ အဖေ့ကိုလည်း အမေမြေပုံအနီးမှာပင် ဂူမသွင်းနိုင်၍ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့သည်။

"ဟဲ့-မမြသက်၊ ရွာကလူတွေပြန်ကုန်ကြပြီ။ တော်လောက်ပါပြီကွယ်၊ လူဆိုတာ တစ်နေ့ ဒီလမ်းကိုသွားကြရမှာပဲလေ။ ကဲ - ပြန်ကြရအောင် သမီးရယ်နော်"

ဒေါ်ကြီးမထွေးက ကျွန်မကို နှစ်သိမ့်စကားဆို၍ဆွဲခေါ်သည်။ ကျွန်မမိဘနှစ်ပါး၏မြေပုံအနီးမှာပင်ထိုင်လျက်ရှိသည်။ သမီးလေး မမိုးစွေကလည်း ကျွန်မလက်ကိုကိုင်၍ ငိုရှိုက်လျက်ရှိသည်။

သမီးလေး မမိုးစွေ ဆယ်တန်းအောင်သည်။ တက္ကသိုလ်ဆက်မထားနိုင်သဖြင့် တပ်ကုန်း (နေပြည်တော်) မြို့ပွဲရုံတစ်ခုတွင် စာရေးဝင်လုပ်သည်။ ပွဲရုံသူဌေးက လူချောလူခဲ့ဖြစ်သည်၊ သမီးလေးကို အလိုလိုက်သည်။ လစာလည်းပို့ပေးသည်။ သမီးလေးလစာဖြင့် ကျွန်မလှူနိုင်တန်းနိုင်ခဲ့သည်။ သို့သော် အကြော်တဲလေးကိုတော့ မဖျက်နိုင်။ ဒီနေရာမှနေ၍ရွှေတန်းသွားစစ်ကားများဖြတ်သွားသည်ကို မြင်တွေ့နိုင်သည်။ လက်ပြန္နတ်ဆက်နိုင်သည်။ အစ်ကို့ကို အလွမ်းဖြေနိုင်သည်။

❐

တစ်နေ့တွင်ဖြစ်သည်။ သမီးလေး မမိုးစွေ အကြော်တဲသို့ တစ်ယောက်တည်းရောက်လာသည်။ ဝတ်စားထားသည်မှာလည်း အပျိုစားဖြစ်သည်။ လှလိုက်သည်မှာလည်း ကြည့်လို့မဝဖြစ်ရသည်။

"ဟဲ့ - သမီးလေး လာထိုင်လေ သမီးအဆင်ပြေရဲ့လား။ နေကောင်းရဲ့လားကွယ်"

ကျွန်မက သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း အငမ်းမရမေးမိပါသည်။

"အဆင်ပြေပါတယ် အမေ၊ သမီး အခုလာတာက သမီးပွဲရုံသူဌေးနဲ့လက်ထပ်တော့မယ်။ သူမယားကြီးနဲ့ကွာရှင်းမယ်လို့ပြောတယ်။ အဲဒါ အမေ့ကိုလာပြောတာ"

သမီး၏စကားကို ကြားရတော့ ကျွန်မရင်တုန်ပန်းတုန်ဖြစ်ခဲ့ရသည်။

"ဟဲ့ - ဘယ်လိုဖြစ်တာလဲ သမီးရယ်။ သူကကော သမီးကို တကယ်ယူမှာလား။ သူမယားကြီးကကောခွင့်ပြုပလား။ ကြည့်လုပ်ပါဦး သမီးရယ် အမေရင်တွေတုန်လိုက်တာ"

သမီးဇောဖြင့် မေးခွန်းတွေမေးသည်။

"အမေဘာမှပူမနေနဲ့၊ သမီးပိုင်လို့

www.burmeseclassic.com

www.burmeseclassic.com

လုပ်တာ အမေစိတ်ချနေ။ သမီးကောင်းစားရင် အမေ့ကိုလည်းပစ်မထားဘူး"

သမီးက ပြောပြောဆိုဆို မြင်းလှည်းပေါ် သို့တက်သွားသည်။ ကျွန်မက သမီးလေးကိုငေးကြည့်နေမိသည်။

"သြော် - တစ်ခုကျန်သေးတယ်။ သမီးတို့ တရားရုံးမှာပဲ လက်ထပ်မှာ။ လာမနေပါနဲ့တော့ အမေရယ်"

သမီးလေး၏နောက်ဆုံးစကားသံသည် ကျွန်မရင်ကို ကျဉ်ခနဲဖြစ်အောင် နာကျင်ခဲ့ပါသည်။

"သြော် - သမီးလေးရယ်"

ကျွန်မသည် ထိုသို့ ဇာမ်းတရုံက လွဲ၍ ဘာမှမတတ်နိုင်ခဲ့ပါ။ သမီးလေး စိတ်ချမ်းသာဖို့က အရေးကြီးသည်။ ကျွန်မအကြောက်တဲလေးက တစ်ဖဝါးမှ မခွာ။ အကြောက်ကိုသာ မဲကြော်နေမိပါတော့သည်။

သမီးတို့ အမှန်တကယ်ပင် လက်ထပ်ဖြစ်ခဲ့ကြသည်။ ပွဲရုံပိုင်ရှင်သည် တပ်ကုန်း(နေပြည်တော်)ပွဲရုံကို ဇနီးကြီးထံ လွှဲအပ်ခဲ့ပြီး ပျဉ်းမနား(နေပြည်တော်) သို့တက်၍ ပွဲရုံအသစ်တစ်ခု တည်ထောင်သည်။ သူတို့အကျိုးပေးကောင်းသည်။ သုံး၊ လေးနှစ်အတွင်း ထင်ရှားသောပွဲရုံကြီးတစ်ရုံဖြစ်ပေါ်လာခဲ့သည်။ ပွဲရုံအမည်က မိုးစွေပွဲရုံဟု နာမည်ကြီးသည်။

ကျွန်မသည် အကြော်တဲမှ နေ့စဉ် သမီးသတင်းကိုနားထောင်နေရင်း သမီးလေးကိုမြင်တွေ့ချင်လာသည်။ပျဉ်းမနား(နေပြည်တော်) သို့လိုက်သွားပြီး သမီးလေးကိုတွေ့မည်ဟုဆုံးဖြတ်လိုက်သည်။

❐

ပျဉ်းမနား (နေပြည်တော်) ကားဂိတ်တွင် ကျွန်မယောင်လည်လည်ဖြစ်နေသည်။ တစ်ခါမှခရီးမသွားဘူးသော ကျွန်မမှာ အခက်အခဲဖြစ်ရသည်။ သမီးတွေ့ချင်ဇောဖြင့်သာလာရသည်။

"ဒီမှာ ဆိုက်ကားဆရာ၊ ပေါင်းလောင်းဘက်က မိုးစွေပွဲရုံသွားချင်လို့ပါ"

နောက်ဆုံး ဆိုက်ကားသမားအကူအညီဖြင့် သမီးတို့ပွဲရုံကိုရောက်သွားသည်။

"အဒေါ်ကြီး၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ပွဲရုံအဝင်အစောင့်ကမေးသည်။

"ဟို ဒီပွဲရုံက မမိုးစွေနဲ့တွေ့ချင်လို့ပါကွယ်"

"အဒေါ်ကြီး၊ ဒီမှာခဏစောင့်။ သူဌေးကတော်ကို သွားသတင်းပို့ပေးမယ်"

ကျွန်မရင်တွေခုန်နေသည်။ ကြီးကျယ်သောပွဲရုံကြီးကိုမြင်တွေ့နေရသဲ့သည်။ သမီးလေးမျက်နှာကိုလည်း မြင်တွေ့ရတော့မည်ဟူသောအသိဖြင့် အထဲသို့ မျှော်ကြည့်နေမိသည်။

ခဏအကြာတွင် ပွဲရုံအစောင့် ထွက်လာသည်။

"အဒေါ်ကြီး၊ သူဌေးကတော်မရှိဘူး ခရီးသွားနေတယ်။ ကဲ-ပြန်တော့"

ကျွန်မသည် တုန်တုန်ယင်ယင်ဖြင့် ဘာစကားမှမပြောနိုင်၊ ယိမ်းယိုင်သောကိုယ်ကိုထိန်း၍ ပြန်ထွက်လာခဲ့သည်။

ကျွန်မအပေါ် ထပ်သို့ ရုတ်တရက် လှည့်ကြည့်မိလိုက်သည်။ ပြတင်းလိုက်ကာနောက်တွင်ရပ်ကြည့်နေသော သမီးလေးပုံရိပ်ကို မြင်တွေ့လိုက်ရသည်။ ကျွန်မသဘောပေါက်သွားပြီဖြစ်သည်။ စုတ်ပြတ် ပေကျံနေသော အကြော်သည်မကြီးကို သမီးလေးအမေအဖြစ် ဘယ်တွေ့ချင်ပါ့မလဲ။ ငါ့ကိုယ်ကလည်း အလိုက်မသိတာဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ရွာသို့ပြန်လာခဲ့ရသည်။

ထိုနေ့မှစ၍ ကျွန်မအိပ်ရာထဲလဲတော့သည်။ ည၏အိပ်မက်ထဲတွင် ခင်ပွန်းဖြစ်သူ ကိုထွန်းဝေကလာခေါ်နေသည်။ ညဉ့်အမောင်သည် ပို၍နက်ရှိုင်းလာသည်။ အပြင်ဘက်တွင် မိုးသက်မုန်တိုင်းတို့၏ အော်မြည်သံကိုလည်း ကြားနေရသည်။

"ဂျိန်း"

ထိုစဉ်အခိုက် လျှပ်စီးလက်လိုက်ပြီး ကျယ်လောင်သော မိုးထစ်ချုန်းသံကို ကြားလိုက်ရသည်။ ကျွန်မအိပ်ရာနံဘေးတွင် ထွန်းထားသော ဖယောင်းတိုင်မီးလေးမှာ ရုတ်တရက်ငြိမ်းသွားသည်။

လောကကြီးတစ်ခုလုံးမှောင်အတိကျသွားသည်။ထိုစဉ်အခိုက် ကိုထွန်းဝေသည် ကျွန်မလက်ကိုဆွဲကာ နှစ်ကိုယ်တူသစ္စာဆိုခဲ့ကြသော ဘုရားနီစေတီလေးဆီသို့တွဲခေါ်သွားသည်ကိုသာ နောက်ဆုံး မှတ်မိလိုက်တော့သည်။

❐

ဒေါ်ကြီးမထွေးသည် ဒေါ်မြသက်ပေးထားခဲ့သော လွယ်အိတ်ကလေးလွယ်၍ ပျဉ်းမနား(နေပြည်တော်)မြို့မိုးစွေပွဲရုံသို့ရောက်သွားခဲ့သည်။

ဘယ်သူ့ကိုတွေ့ချင်လို့လဲ အဒေါ်ကြီး"

ပွဲရုံဂိတ်စောင့်ကဆီးမေးသည်။

"အဒေါ် ထနောင်းပင်ရွာကလာခဲ့တာပါ။ ဒီမှာ သူဌေးကတော် ဒေါ်မိုးစွေကို ပစ္စည်းလေးလူကြုံပါးလိုက်လို့ပါ"

ထိုအချိန် ပွဲရုံရုံးခန်းတွင် ပါဝါမျက်မှန်ရွှေကိုင်းနှင့်လှပနေသော မမိုးစွေသည် ထနောင်းပင်ရွာကဟူသောအသံကြောင့် လှမ်းကြည့်လိုက်သည်။

"ဟဲ့ - မောင်အုန်း၊ ဘာတဲ့လဲ"

"အစ်မရေ၊ ထနောင်းပင်ရွာကတဲ့။လူကြုံပစ္စည်းလေးလာပို့တာလို့ပြောတယ်"

"အဲဒါဆို အထဲခေါ်လာခဲ့ငါတွေ့မယ်"

မမိုးစွေ၏ ခွင့်ပြုချက်နှင့်အတူ ဒေါ်ကြီးမထွေး လွယ်အိတ်လေးလွယ်ကာ ပွဲရုံထဲသို့ဝင်လာသည်။

"ဟင် - ဒေါ်ကြီးမထွေး၊ ထိုင်စမ်းပါဦး။ ဘယ်သူကဘာပစ္စည်းလူကြုံပါးလိုက်တာလဲ"

မမိုးစွေ၏စကားအဆုံး ဒေါ်ကြီးမထွေးက လွယ်အိတ်လေးကို စားပွဲပေါ်တင်လိုက်သည်။ မမိုးစွေက လွယ်အိတ်လေးကို ကိုင်ကြည့်သည်။ အထဲက လုံချည်စိမ်းလေးနှင့် အင်္ကျီကို ဆွဲထုတ်လိုက်သည်။

"ဟင် - ဒါကျွန်မလွယ်အိတ်နဲ့ ကျောင်းဝတ်စုံလေးပဲ။ ကျွန်မမှတ်မိတယ်။ ဘယ်သူပေးခိုင်းလိုက်တာလဲ"

မမိုးစွေက စိတ်ဝင်စားစွာ မေးလိုက်သည်။

"ဒေါ်မြသက်"

ဒေါ်ကြီးမထွေးက နာမည်တစ်ခုကို ကျယ်လောင်စွာပြောချလိုက်သည်။

ဒေါ်မြသက်ဟူသောစကားသံနှင့်အတူ မမိုးစွေ၏မျက်နှာမှာ အရောင်အမျိုးမျိုးပြောင်းသွားသည်။ ကြေကွဲဝမ်း

www.burmeseclassic.com

www.burmeseclassic.com

နည်းနေသည်မျက်နှာမှာ ညို့မှိုင်းသွားတော့သည်။

"အခု အမေကောဟင်။ အမေ နေကောင်းရဲ့လား။ ဒီလွယ်အိတ်လေးကို ဘာဖြစ်လို့ပေးခိုင်းရတာလဲဟင်"

ငယ်စဉ်ကဝတ်ခဲ့ဖူးသည့်ကျောင်းဝတ်စုံနှင့် လွယ်အိတ်လေးကိုမြင်ပါမှ အတိတ်မှအရိပ်တို့ကို မြင်ယောင်လာသည်။ ထိုအခါမှ အမေ့ကို အငမ်းမရမေးလိုက်သည်။

"ဒေါ်မြသက် မနေညက မိုးသက်လေတွေနဲ့အတူဆုံးသွားရှာပါပြီကွယ်"

❐

မိုးစွေ မောင်းနှင်လာသောကားလေးသည် တပ်ကုန်း(နေပြည်တော်)မြို့ကို ကျော်လွန်လာပြီးနောက် မိုးစွေသည် သူမွေးခဲ့သည့်တပ်ကိုမြင်ရသည်။ မမြင်တွေ့လိုက်ရသည့်အဖေ့ကိုမျှော်မှန်းကြည့်မိသည်။

ထနောင်းပင်ရွာထိပ်ရှိ အကြော်တဲလေးမှာ ယခင်ကအတိုင်း မပျက်မယွင်းရှိနေသည်။ မိုးစွေသည် ကားပေါ်မှဆင်း၍ တဲအတွင်းသို့ ဝင်လိုက်သည်။ အမေနှင့်အတူအိပ်ခဲ့ရသောကွပ်ပျစ်လေးကို မြင်တွေ့လိုက်စဉ်ခဏာမှက်ရည်တို့ဖြေမဆည်အောင်စီးကျလာသည်။

"သမီး မိုးစွေ၊ ညည်းအမေ ဒေါ်မြသက်ဟိုမှာလေ"

ဒေါ်ကြီးမထွေးက သချိုင်းဆီသို့ လက်ညှိုးထိုးပြသည်။မိုးစွေကားမောင်း၍ထွက်ခဲ့သည်။ ထိုအချိန် မိုးသက်လေနှင့်အပြိုင် မိုးတို့စွေနေပြီဖြစ်သည်။

သချိုင်းအနီး ကားကိုရပ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်သည်။ တစ်ကိုယ်လုံး မိုးရေတို့စိုစွတ်နေသည်။ တွေ့ပါပြီ ထနောင်းပင်အောက်ဆီမှာ မြေပုံအသစ်စက်စက်လေးတစ်ခု။

"ဒေါ်မြသက် အသက်(၆၀)နှစ်"

"အို - အမေရယ်"

မိုးစွေသည် အမေ၏မြေပုံရှေ့တွင် ဒူးထောက်လိုက်ပြီး အမေရယ်ဟု တမ်းတမ်းတတခေါ်လိုက်သည်။

အမေ၏ မြေပုံထိပ်တွင် 'စုဘူးအဟောင်းလေးတစ်လုံးတင်ထားသည်ကို တွေ့ရသည်။ ထိုစုဘူးကလေးမှာ မိုးစွေ စာအုပ်ဖိုးပေးရန် အမေစုထားသောစုဘူးလေးဖြစ်ကြောင်း မိုးစွေမှတ်မိလိုက်သည်။

မိုးစွေသည် ထိုစုဘူးလေးကို

လှမ်းယူပြီး အမေ့မြေပုံလေးကိုကန်တော့ပြီး ပြန်ထွက်လာခဲ့သည်။ ထိုအချိန်လေတစ်ချက်အဝေ့တွင် ထနောင်းပင်သည် လှုပ်ခတ်သွားသည်။ မိုးစက်မိုးပေါက်များသည် မမိုးစွေ၏ ခန္ဓာကိုယ်ပေါ် သို့ကျဆင်းလာခဲ့သည်။ ထိုအခိုက် လျှပ်စီးလက်၍ မိုးတို့ထစ်ချုန်းလျက်ရှိသည်။

မိုးစွေထနောင်းပင်ထက်သို့မော့ကြည့်လိုက်သည်။ အမေ၏ပုံရိပ်လိုလို လျှပ်စီးလက်လိုက်သည့်အခိုက် ဝိုးတဝါးမြင်တွေ့လိုက်ရသည်။

မိုးစွေ၏မျက်ရည်တို့ မိုးစက်များနှင့်အတူ စီးမျောလျက်ရှိသည်။ မမိုးစွေသည် လက်အုပ်ချီလိုက်ပြီး နှုတ်မှတိုးတိုးရွတ်ဆိုနေမိသည်။

"သမီးမိုးစွေ ရောက်နေပါတယ်အမေ။ အမေ့ကိုကန်တော့ဖို့ သမီးမိုက်ရောက်လာပါပြီ အမေ။ သမီးမှားခဲ့ပါတယ်။ သမီးကိုကြည့်နေသလား အမေရယ်၊ သမီးကိုခွင့်လွှတ်ပါ"

ထို့နောက် မမိုးစွေသည် စုဘူးအဟောင်းလေးကို တယုတယပွေ့ပိုက်ပြီး နောင်တတရားများနှင့်အတူ ကြေကွဲနေသောနှလုံးသားများဖြင့် ထနောင်းပင်သချိုင်းဆီမှ ကားမောင်းထွက်ခွာလာခဲ့သည်။

ထိုစဉ်အခိုက် ဝမ်းဗိုက်ထဲတွင် စစ်ခနဲနာကျင်သွားသည်။ မမိုးစွေသည် မိမိဝမ်းဗိုက်ကိုငုံကြည့်မိသည်။ မိမိတွင်ရင်သွေးငယ်ကို လွယ်ထားကြောင်း အမေသိရှိမသွားရှာခဲ့ပေ။

ရုတ်တရက်အတွေးတစ်ခုကြောင့် မမိုးစွေ ထိတ်လန့်တုန်လှုပ်သွားသည်။ မိမိရင်သွေးလေးသည် ဒုတိယမိုးစွေ မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းရင်း အမေ့ကို အကြိမ်ကြိမ်အခါခါတောင်းပန်နေမိသည်။

မမိုးစွေသည် ကားမောင်းလာရင်း ရှေ့သို့လှမ်းကြည့်လိုက်၏။ လမ်းနံဘေးကုန်းမြေထက်တွင် ဘုရားနိစ္စတီလေးကို မြင်တွေ့နေသည်။ စိတ်ထဲတွင် တစ်မျိုးဖြစ်လာသည်။ ဝင်ဖူးချင်စိတ်က အလိုလိုပေါ်လာသည်။

ဘုရားနိစ္စတီကို ငယ်စဉ်က အမေနှင့်အတူရောက်ဖူးသည်။ အစောင့်အရှောက်များရှိသည်။ သိုက်ချုပ်ဘိုးတော်စောင့်ကြပ်နေသည်ဟု အမေပြောပြခဲ့သည်ကို အမှတ်ရနေမိသည်။

မမိုးစွေသည် ကားလေးကို ဘုရားနိစ္စတီတန်ဆောင်းရှေ့သို့ထိုးရပ်လိုက်ပြီး ကားပေါ်မှဆင်း၍ အထဲသို့ဝင်သွားခဲ့သည်။

"လာ - သမီး၊ အဘတို့ဘာအတူအညီပေးရမလဲ"

တန်ဆောင်းထဲမှ ပိတ်ဖြူဝတ် ဂေါပကအဘိုးနှစ်ဦးက ခရီးဦးကြိုပြုမေးလိုက်သည်။

"သမီး ဒီဆွဲကြိုးလေးနဲ့ စုဘူးလေးကိုလှူချင်လို့ပါ"

မမိုးစွေသည် သူ၏လည်တွင်ဆွဲထားသောဆွဲကြိုးလေးကိုဖြုတ်ယူလိုက်သည်။ ပြီးနောက် ကားထဲကစုဘူးလေးနှင့်အတူ လှူလိုက်တော့သည်။

"အလှူရှင်အမည် ဘယ်လိုရေးရမလဲ သမီး"

"မိဘများဖြစ်ကြသော ကွယ်လွန်သူ ဦးထွန်းဝေနဲ့ဒေါ်မြသက်လို့ရေးလိုက်ပါ အဘရယ်"

မမိုးစွေသည် ဘုရားနိစ္စတီလေးကို တစ်ခေါက်လှည့်လည်ဖူးမြော်ပြီး ကားလေးကိုမောင်းထွက်လာခဲ့သည်။

"ကွယ်လွန်သူ အမိ၊ အဖတို့အားရည်စူး၍ သမီးမမိုးစွေက ဆွဲကြိုးတစ်ကုံးနှင့် စုဘူးတစ်လုံးတို့ကို ဘုရားမှာလှူဒါန်းခဲ့ပါ၏။ ဤကောင်းမှုအစုစုတို့အတွက် အမိ၊ အဖတို့သည် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေသော်။ အားလုံးကြားကြားသမျှ အမျှ၊ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

ဘုရားနိစ္စတီတော်၊ အတိုးအကျယ်လောင်သော ဆုတောင်းသံအဆုံး မိုးသက်လေတစ်ချက်အဝေ့တွင် ဘုရားဆည်းလည်းသံတို့၏ လှုပ်ခတ်သံသည် ပို၍ကျယ်လောင်စွာကြားလိုက်ရသည်ဟု မမိုးစွေစိတ်ထဲတွင်ထင်ခဲ့မိပါသည်။

ခဲခဲထွန်(ဟံသာဝတီ)

www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်တိုင်ထူနည်းသုံးမျိုး

သာသနာအစသထဲက ဟု ဆိုရိုး ရှိသလို 'ဗေဒင်အစ မဟာဘုတ်က' ဟု ဆိုရိုးလည်းရှိ၏။ 'ဗေဒင်အချုပ် မဟာဘုတ်' ဟူ၍လည်း ဆိုစမှတ်ပြုကြ၏။ မှန်ပါသည်။ မဟာဘုတ်ကို သေသေ ချာချာ လေ့လာသဘောပေါက်ပြီး ဂြိုဟ် ပရိယာယ်ကိုလည်း ကောင်းစွာ တတ်သိ နားလည်လျှင် မဟာဘုတ်ဖြင့် လူတစ်ဦး တစ်ယောက်၏ အကောင်း၊ အဆိုး၊ အခြေအနေကို ကောင်းစွာဟောကြား နိုင်ပေသည်။ ဘယ်ပညာရပ်မဆို လေ့လာ လေ ကျယ်ဝန်းလေ ဖြစ်ပါသည်။ ယခု တင်ပြမည့်အချက်မှာ ဗေဒင်ပညာကို လေ့လာလိုက်စားသူများ အထူးသဖြင့် မသိရှိသေးသူများ မြန်မာ့ဗေဒင်ပညာ တွင် မဟာဘုတ်တိုင်ထူနည်းသုံးမျိုးရှိ ပါလားဟု သိရှိစေလိုသောဆန္ဒဖြင့် ရေးသား တင်ပြခြင်းသာဖြစ်ကြောင်း ဦးစွာမတင်ပြလိုပေသည်။

ဗေဒင်ပညာလေ့လာလိုက်စားသူ အတော်များများသိထားကြသော မဟာ ဘုတ်တိုင်ထူနည်းမှာ 'အောင်လံထူစစ် သူကြီးပွဲ' ဟူသော လက်ဖြင့်ထူရသော နည်း ဖြစ်၏။ ဤနည်းကို အများသိရှိ ပြီး မဟာဘုတ်တိုင်ထူတတ်ကြသဖြင့် ဖော်ပြခြင်းမပြုတော့ပါ။ ဒုတိယနည်းမှာ လက်ာမရှိပါ။ မဟာဘုတ်အိမ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အထွန်း (အဆုံး)	
ရာဇာ	သိုက်
အဓိပတိ	ပုတိ
မရဏ	ဘင် (အစ)

ဒုတိယနည်း
မဟာဘုတ်တိုင်

မူလမွေးသက္ကရာဇ်ကိုတည်၊ (၇) နှင့်စားပါ။ အကြွင်းကို ပထမမဟာဘုတ် တိုင်ချသည့်အတိုင်း ဘင်အိမ်မှစ၍ချရ ပါသည်။ သို့သော် လက်ာမရှိဘဲ ဂဏန်း အစဉ်အတိုင်းချသွားရပါမည်။ ဥပမာ (၁) ကြွင်းပါက (၀) ကို ဘင်မှစချပြီး ၁ ၂ ၃၊ ၄၊ ၅၊ ၆ စသည်ဖြင့် အစဉ် အတိုင်းချရန်ဖြစ်ပြီး နေ့သားအလိုက် အသွားကြည့်ပြီးဟောရန်သာ ဖြစ်သည်။ မဟာဘုတ်တိုင်မတူ၊ လက်ာမူချင်းသာ ထူခြားပါသည်။

၆ (အဆုံး)	
၅	၂
၄	၁
၃	၀

(၀) ကြွင်းမဟာဘုတ်တိုင်ထူပုံ

တတိယမဟာဘုတ်တိုင်ထူနည်း

ဤနည်းမှာ 'အထွန်းကိုဆောင်၊ အပုပ်ကိုရှောင်သောနည်း' ဖြစ်ပါသည်။ သို့ဖြစ်၍ အထွန်းအိမ်မှစပြီးချရသော နည်းဖြစ်ပါသည်။

လက်ာမှာ-

ကာ	မေ	ဦး	ရာ	နံ	စေ	သံ
၂	၅	၁	၄	၀	၃	၆

ဟူ၍ ဖြစ်ပါသည်။

ဥပမာ (၀) ကြွင်းသူအတွက် ဤနည်းဖြင့် မဟာဘုတ်တိုင်ထူကြည့် ပါစို့။ ကာမေဦးရာနစေသံ ဟူသော လက်ာကို အမှတ်စဉ်ပေးပါက -

အမှတ်စဉ် -

ကာ	မေ	ဦး	ရာ	နံ	စေ	သံ
၂	၅	၁	၄	၀	၃	၆

	၄	
၆	၂	၅
၃	၀	၁

(၀) ကြွင်းသဖြင့် လက်ာတွင် (၀) မှာ အမှတ်စဉ် (၇) တွင်ကျပြီး လက်ာ အရ သံတွင် ကျရောက်ပါသည်။

လက်ာအရ သံ - ၆ ကို အထွန်း အိမ်မှစ၍ ချရပါသည်။ သို့ဖြစ်၍ ၆၊ ၂ ၅၊ ၁၊ ၄၊ ၀၊ ၃ ဖြစ်လာ၏။ သတိပြုရန်မှာ ပုတိအိမ်တွင် (၁) (ဦး)ကိုချပြီး အဓိပတိ အိမ်တွင် (၄) (ရာ) ကိုချပါ။ ပြီးက ဝ (နံ) ကို ဘင်အိမ်တွင်ချပြီး နောက်ဆုံး စေ (၃) ကိုယူကာ အိမ်တွင်ချရပါမည်။ ပထမလူသိများသောနည်းအတိုင်း ပြန် ဖြစ်ပါသည်။ အထွန်းကိုဆောင်နည်း။

မြန်မာ့ဗေဒင်ပညာတွင် မဟာ ဘုတ် တိုင်ထူနည်းသုံးမျိုးရှိကြောင်း ဗဟု သုတရစေလိုရင်း စေတနာဖြင့် ဖော်ပြ ခြင်းဖြစ်ပါသည်။ စာရေးသူလည်း လူသိ များပြီး အများသုံးသော ပထမနည်းကို သာ အသုံးပြုလေ့ရှိပါသည်။

ဗေဒင်တွက်ရာတွင် မြန်မာခုနှစ် ဖြင့်သာတွက်ကြလေ့ရှိပါသည်။ တချို့ အင်္ဂလိပ်ခုနှစ်သာသိပြီး မြန်မာခုနှစ်မသိ ကြသည်ကိုအများအပြားတွေ့ရပါသည်။ ဤသို့အခက်အခဲဖြစ်နေလျှင် နှစ်တစ်ရာ ပြက္ခဒိန်ကိုကြည့်ရပါသည်။ နှစ်တစ်ရာ ပြက္ခဒိန်မရှိပါက အခက်ကြုံရပြန်သည်။

ဗဟုသုတအဖြစ် နည်းကောင်း လမ်းကောင်းတစ်ခုကို တင်ပြလိုက်ရပါ သည်။ ဥပမာ ၁၉၄၀ ပြည့်နှစ်ဖွားသူ အတွက် အင်္ဂလိပ်ခုနှစ် ၁၉၄၀ တွင် (၆၃၈) ကို နုတ်လိုက်ပါ။ မြန်မာခုနှစ် ၁၃၀၂ ခု ရရှိပါသည်။ မြန်မာခုနှစ်သာ သိပြီး အင်္ဂလိပ်ခုနှစ်သိလိုပါက မြန်မာ ခုနှစ်ကို (၆၃၈) ပေါင်းလိုက်လျှင် ၁၉၄၀ အင်္ဂလိပ်ခုနှစ်ရပါသည်။ နှစ်တစ်ရာ ပြက္ခဒိန်နှင့် တိုက်ဆိုင်ကြည့်ပါ။ မှန်၊မမှန် သိပါလိမ့်မယ်။ အကောင်းဆုံးနည်းဖြစ် သည်ဟု ယူဆပါသည်။

နောက်တစ်နည်းမှာ မြန်မာခုနှစ် မသိ၊ အင်္ဂလိပ်ခုနှစ်သာသိသောသူ အတွက် မဟာဘုတ်ထူရန်အကြွင်းကို ရှာနည်းဖြစ်ပါသည်။ ဇန်နဝါရီ ၁ ရက် နေ့မှ ဧပြီလ ၁၆ ရက်အတွင်း မွေးဖွား သူအတွက် မိမိမွေးသော အင်္ဂလိပ် ခုနှစ် တွင် (၂) နုတ်၍ (၇) နှင့်စားရန်။ ဧပြီလ ၁၇ ရက်မှ ဒီ ဇင်ဘာလ ၃၁ အတွင်း မွေးဖွားသူအတွက် မိမိမွေးသော အင်္ဂ လိပ်ခုနှစ်တွင် (၁) နုတ်၍ (၇) နှင့်စားရန် ဖြစ်သည်။

ဥပမာ ၁၉၄၀၊ ဇူလိုင် ၂၄ မွေးသူ အား တွက်ကြည့်လျှင် ၁၉၄၀ - ၁ = ၁၉၃၉ ÷ (၇) = (၀) ကြွင်းဖြစ်၍ မဟာ ဘုတ်တိုင်ထူ၍ရပါပြီ။

ဗေဒင်ပညာလေ့လာလိုက်စားသူ တိုင်း တိုးတက်အောင်မြင်ကြပါစေ။

(ဖော်ပြခဲ့သော မဟာဘုတ်နည်း များကို သင်ကြားပြသပေးခဲ့သော ဒုအရာခံဗိုလ် ဖိုးရွှေ (ကျောက်ဆည်)၊ ဆရာဦးမောင်ရှိန် (ယင်္ကန်းသည်မရွာ ဘီလင်းမြို့နယ်)၊ ဆရာဦးကျော်သန်း (ကျိုက်ထို) တို့မှာ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြပြီဖြစ်ပါသည်။ ဆရာ များအား ကျေးဇူးဆပ်သောအနေဖြင့် ဤဆောင်းပါးဖြင့်ကန်တော့အပ်ပါသည်။

သဒ္ဓေဒေါ်အေးကြူ
ကျိုက်ထို(မန်အောက်)

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓိရဆန်သောအရာများသည် သိပ္ပံပညာနှင့်တိုင်းတာ၍မရသောအရာဝတ္ထုဖြစ်စဉ်များဖြစ်ကြသည်။ သိပ္ပံပညာဆိုသည်မှာလည်း လက်တွေ့ကျသောပညာတစ်ခု ဖြစ်သည်။ ယနေ့အလွန်အလွန်ပင် တိုးတက်နေပါသည်ဆိုသော အင်တာနက်၊ ကွန်ပျူတာများပင် လိုက်မမီသောဖြစ်ရပ်များသည် စိတ်နယ်လွန်သဘာဝဖြစ်ရပ်များပင်ဖြစ်ကြသည်။ ထိုဖြစ်ရပ်များကို ယနေ့ထက်တိုင် တိုးတက်ခေတ်မီနေသော အနောက်နိုင်ငံတိုင်းပြည်များကပါ လက်ခံယုံကြည်ထောက်ခံမှုရှိလာပြီ ဖြစ်သည်။ ထိုသို့ ဂန္ဓိရဆန်သောဖြစ်ရပ်များပေါက်ဖွားရာ တိုင်းပြည်များမှာ အရှေ့တောင်အာရှဒေသသည် အများဆုံးဖြစ်ပြီး အိုဂျစ်ပါရှန်ဒေသသည် အာရှဒေသထက်နည်းပြီး ကမ္ဘာတွင် လူသိများလှသော တိဘက်ပြည်၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဂန္ဓိရဆိုင်ရာပညာရပ်များ၊ အဖြစ်အပျက်များတွင် ကမ္ဘာ့အနှံ့အပြားကျော်ကြားသောဒေသများ ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ရှေးရာခလေ့စရိုက်၊ ဒေသအလိုက် ဂန္ဓိရဆန်သောပညာရပ်များ၊ ကိုးကွယ်မှုများမှာ အများဆုံးဖြစ်သည်။ ဒါတွေကို နိုင်ငံခြားသားများကပါ သိရှိလက်ခံကြသည်။

ဤနေရာတွင် မြန်မာနိုင်ငံ၏ ထင်ရှားလှသော ဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ဖူးသည်။ ထိုဇာတ်လမ်းမှာ မမြစိမ်းဇာတ်လမ်းဖြစ်ပါသည်။

ထိုမမြစိမ်းဇာတ်လမ်းကို ကလေးမှလူကြီးတိုင်အောင် အဘိုးအဘွားများကပါ လက်ခံယုံကြည်ထားသော ဂန္ဓိရဆိုင်ရာအလွမ်းကြေကွဲဖွယ်ရာဇာတ်လမ်းဖြစ်သည်။ ယနေ့ထက်တိုင် ပြည်မြို့အနီးရောဝတီမြစ်လယ်ကောင်တွင် မြစိမ်းကျွန်းဆိုတာ အမှန်တကယ်တည်ရှိပါသည်။ ကျွန်းပေါ်တွင် ရွာတွေတည်ထားကာ မိရိုးဖလာတောင်သူလုပ်ငန်းနှင့် တဲငါးသည် အနည်းအငယ် လုပ်ကိုင်အသက်မွေးကြသည်။ ထိုမမြစိမ်းနေထိုင်သော မြစိမ်းကျွန်းနှင့် ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိဘုရား

(ပြည်-အင်္ဂပြောင်း)
ရသဂန္ဓိရ-ကျောက်ဝင်းဒေါင်
အစ်မတော်မမြစိမ်းကို ပလေးမစားမလုပ်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ အဆက်အသွယ်ရှိကြသည်။ သို့ဘုံသာမုနိဘုရားကြီးကို မမြစိမ်းတို့ ဆွေတွေမျိုးတွေ အမြတမ်းဘုရားဖူးလာရင်း ဗုဒ္ဓဝေယျာဝစ္စလုပ်ကိုင်ပေးကြသည်ကို ရှေ့မီနောက်မီလူကြီးများက သနေ့တိုင်ပြောဆိုနေကြသည်။ ယနေ့ခေတ်လူသားတွေလိုဖြစ်မည်ထင်ပါသည်။ ဒါတွေကို နှောင်းခေတ်လူငယ်လူရွယ်တွေက မခန့်လေးစားမှုဓလေ့စရိုက်ကို သိနားမလည်ဘဲ ပြုမူလုပ်ကိုင်ပြောဆိုမှုတွေကြောင့် ဖြစ်ပေါ်လာရသောဘေးကယ်ဖြစ်ရပ်မှန်ကို ရေးသားဖော်ပြလိုပါ၍ စကားပလ္လင်ခံရခြင်း ဖြစ်ပါသည်။ ဤအဖြစ်အပျက်အကြောင်းအရာများမှာ -

ရွှေဘုံသာဘုရားပွဲတော်မှာ အမြဲလိုလို ရွာနီးဝန်းကျင်များနှင့် စည်ကားသော ပွဲတော်တစ်ခုဖြစ်ပါသည်။ ဤဘုရားပွဲတော်မှာ ရွှေဘုံသာဘုရားကို နိုင်ငံတော်မှ မပြုပြင်သေးသောကာလများတွင် နှစ်စဉ် ကျင်းပ ပူဇော်သောဘုရားပွဲ ဖြစ်သည်။ ရွှေဘုံသာဘုရားသည် မြေလတ်ပိုင်း ပြည်မြို့တစ်ဖက်ကမ်းတွင် ဧရာဝတီမြစ်သာခြားနေသော်လည်း ရွှေဘုံသာဘုရားကို ပြည်မြို့မှ စက်လှေများနှင့် လည်းကောင်း၊ နဝဒေးတံတား ဆောက်လုပ် ပြီးစီးသွားသောကြောင့် ဆိုင်ကယ်များ၊ ကားများဖြင့် အမြဲမပြတ် ဘုရားဖူးများနှင့် စည်ကားသော ဘုရားတစ်ဆူလည်း ဖြစ်သည်။ ရွှေဘုံသာဘုရားကို နိုင်ငံတော်မှ မပြုပြင်မီ ရွှေထီးတော်မတင်လှူမီကာလက ပြည်မြို့မှအနုပညာပန်တျာကျောင်းဆင်းဦးအောင်ကျော်တည်ထောင်ထားသော ရဲမင်းရဲလင်းဇာတ်အဖွဲ့မှာ ပြည်မြို့ဝန်းကျင်နှင့်အခြားသောဒေသများကပါ နာမည်ကျော်ကြား အထူးလူကြိုက်များသောဇာတ်အဖွဲ့ ဖြစ်သည်။ ထိုဇာတ်အဖွဲ့ကို ရွှေဘုံသာဘုရားပွဲတွင် ကပြရန် ဇာတ်ဝင်အခမ်းအနားများ ပွဲကြည့်ဇာတ်ရုံများတွင်ဆောက်လုပ်တပ်ဆင်ပြီးသော အခါ ဇာတ်အဖွဲ့ပိုင်ရှင် ဇာတ်ဆရာဦးအောင်ကျော်မှ ကြည့်ရှုမည့် ရွာသားများကြားသိစေရန် မိုက်ဖြင့်ကြေညာပါတော့သည်။

ကြေညာပုံမှာ -

"ယနေ့ညတွင် ရဲမင်းရဲလင်းဇာတ်အဖွဲ့မှ မြန်မာတစ်ပြည်လုံး နာမည်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ကြားလူကြိုက်များသော ခေတ္တရာပြည်မြို့ရဲ့ သမိုင်းဝင်ဖြစ်တဲ့ အစ်မတော်မြစိမ်းဇာတ်ထုပ်ကို ကပြပေးမည်ဖြစ်ပါသောကြောင့် အနုပညာချစ်သူ ရွာသူရွာသားအပေါင်း မကြည့်မရှုလိုက်ရမဖြစ်အောင် လာရောက် အားပေးကြပါရန် ကြိုတင်သတိပေးကြေညာအပ်ပါတယ် အနုပညာချစ်သူ ဝါသနာရှင်အပေါင်းတို့ခင်ဗျား"

ဇာတ်ဆရာဟာ အနုပညာပန်တျာကျောင်းဆင်းပီမီ သူ့ရဲ့ပြောင်မြောက်တဲ့ အနုပညာကို လက်ကုန်ပြသရန်အတွက် ကြေညာခြင်း ဖြစ်ပါတယ်။ ရွှေဘုံသာကျေးရွာသူကျေးရွာသားတွေဟာ ဇာတ်ဆရာရဲ့ ကြေညာသံကြားကတည်းက သွားရောက် ကြည့်ရှုဖို့ အစွမ်းကုန်စိုင်းပြင်းနေကြပါတယ်။ ရွာထဲမှ မီးဦးတိတ်အောင် အားပေးကြမလား မသိဘူး။ ထိုနေ့ဇာတ်ကပြမယ့် ရဲမင်းရဲလင်း ဇာတ်အဖွဲ့မှ မီးစက်မောင်းစက်ဆရာမှာ ရွှေဘုံသာရွာမှ အသိမိတ်ဆွေနဲ့တွေ့ကာ ဇာတ်ပွဲမကပြခင် စားသောက်ရန်လာရောက်ခေါ် ဆောင်သွားပါတယ်။

"ဟာ - စက်ဆရာ၊ ဒီမှာဘာလာလုပ်နေတာတုံးဗျ"

"ဘာမှမလုပ်ပါဘူးသူငယ်ချင်းရာ၊ ငါလည်း စက်ပြင်ရတဲ့လုပ်ငန်းပါးနေတာနဲ့ ဇာတ်ဆရာအတင်းခေါ် လာလို့ ဇာတ်ပွဲမှာ မီးစက်မောင်းဖို့ လိုက်လာတာပါကွာ"

"အေး - ဒါဆိုရင် အတော်ပဲ စက်ဆရာရေ။ ငါတို့အိမ်လည်းရောက်ဖူးအောင် ညစာလိုက်စားကွာ။ ဘာမှအားနာစရာမလိုဘူးနော် စက်ဆရာ"

"ဟာကွာ - မလိုက်ချင်ပါဘူး သူငယ်ချင်းရာ"

"မလိုက်လို့မရဘူး စက်ဆရာရေ။ ကျုပ်တို့ရွာကိုရောက်တုန်းပြုစုချင်လို့ပါကွာ လိုက်ခဲ့စမ်းပါ။ စက်ဆရာကြိုက်တဲ့ တောဝက်သားစစ်စစ် ဝယ်ထားတာနဲ့ အတော်ဖြစ်နေလို့ပါ။ လာပါ မငြင်းပါနဲ့ စက်ဆရာရာ"

အဲဒီလိုနဲ့ ဇာတ်ထဲက မီးစက်မောင်းတဲ့စက်ဆရာရဲ့ မိတ်ဆွေဟာ အတင်းမရမက ခေါ် နေတာကတစ်ကြောင်း၊ ထိုမိတ်ဆွေရဲ့ပွင့်လင်းဖော်ရွေမှုကို အားနာတာကတစ်ဖုံ၊ မိမိအလွန်ကြိုက်တဲ့ တောဝက်သားဖြစ်နေတာက စက်ဆရာကို မလိုက်လိုက်အောင်ဖန်တီးနေတာမို့ စက်ဆရာဟာ ငြင်းဖို့ထပ်မလုပ်တော့ဘဲ ရွာထဲကို ညစာလိုက်စားဖို့ ဇာတ်ဆရာကို ခွင့်ပြုခွင့်တောင်းခဲ့ပါတယ်။

"ကိုကြီးအောင်၊ ကျွန်တော့် မိတ်ဆွေ ထမင်းကျွေးဖိတ်လို့လိုက်သွားလိုက်ဦးမယ် ခွင့်ပြုပါဦး ကိုကြီးအောင်"

"အေး အေး - လိုက်သွား။ ဒါပေမယ့် နေဝင်ရင် မီးစက်မောင်းရမှာမို့ အချိန်မီပြန်ခဲ့နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ - ကျွန်တော် အချိန်မီပြန်ခဲ့ပါမယ် ဇာတ်ဆရာ"

ထိုအခါ စက်ဆရာရဲ့ မိတ်ဆွေကလည်း ဇာတ်ဆရာကို ထပ်မံအာမခံချက်ပေးရှာပါတယ်။

"ကျွန်တော်တို့ စက်ဆရာကို မိုးမချုပ်ခင် အချိန်မီပြန်ပို့ပေးပါ့မယ်။ ဇာတ်ဆရာ အခုလို့ခွင့်ပြုတာကိုလည်း ကျေးဇူးတင်ပါတယ် ဇာတ်ဆရာ။ ကျွန်တော်တို့ခေါ် သွားပြီနော်"

ရွှေဘုံသာရွာသားဟာ သူ့မိတ်ဆွေစက်ဆရာကိုခေါ် ပြီးထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ရေချိုးပြန်လာတဲ့ ဦးကျော်စိန်ဟာ မီးစက်ဆရာကို လှမ်းပြီးနှုတ်ဆက်လိုက်ပါတယ်။

"ဗျို့ - စက်ဆရာ ဘယ်သွားမလို့လဲဗျ"

"ဩော်-ဦးကျော်စိန်ရေ၊ ရွာထဲက ထမင်းစားလာဖိတ်လို့သွားလိုက်ဦးမယ်နော်"

"အေး အေး"

ရွှေဘုံသာရွာသား စက်ဆရာမိတ်ဆွေဟာ စက်ဆရာကို ဇာတ်ထဲမှာတွေ့ပြီး ခေါ် လာတာဟာ ရုပ်ရှင်လာရိုက်တဲ့အဖွဲ့ထဲကခေါ် လာသူလို လမ်းမှာတွေ့တဲ့သူတိုင်းကို ကြွားလုံးထုတ်နေရတာ အမောပါပဲ။ ဘယ်လိုကြွားလုံးထုတ်သလဲဆိုတော့ -

"ဟေ့ဒီမှာ ရဲမင်းရဲလင်းဇာတ်အဖွဲ့ထဲက မီးစက်မောင်းတဲ့စက်ဆရာကိုတွေ့လို့ ထမင်းဖိတ်ကျွေးတာကွ။ မင်းတို့လည်း ညကျရင် လာအားပေးကြနော် သိလား"

တောသူတောင်သားဓလေ့စရိုက်အရ ရိုးသားလှသော ရွာသားတွေရဲ့ ဟန်အတိုင်း ဇာတ်ပွဲကပြရာကို လာရောက်ကြည့်ရှုဖို့ သူကိုယ်တိုင်တိုက်တွန်းအားပေးနေတော့တယ်။ ဇာတ်ဆရာသာသိရင် ဒီလိုလူမျိုးတွေ တစ်ရွာမှာလေး၊ ငါးယောက်ရှိရုံနဲ့ ဇာတ်အဖွဲ့ကို နှိုးဆော်ပေးလို့ မိလျှံနာသူဌေးကြီးဖြစ်လောက်တယ်လို့ စိတ်ကူးယဉ်နေတာ မလွဲဘူးလေ။

ထိုနေ့ညနေဘက် နေလုံးမဝင်တဝင်အချိန်မှာ စက်ဆရာဟာ မီးစက်ကို အင်ဂျင်ပိုင်၊ ရေတို့ကို စစ်ဆေးပြီး တစ်ခဏတာအစမ်းမောင်းကြည့်လိုက်တယ်။ မီးစက်ဟာ အဆင်ပြေချောမွေ့စွာအလုပ်လုပ်နေပါတော့တယ်။ ဇာတ်စင်မျက်နှာစာက ဆလိုက်မီးအားလုံးကို အလင်း၊ အမှောင်၊ အပိတ်၊ အဖွင့် စမ်းသပ်စစ်ဆေးကြည့်ရှုတဲ့အခါ စိတ်တိုင်းကျ ဘာတစ်ခုမှချို့ယွင်းချက်မတွေ့ရပါဘူး။ဇာတ်ဆရာလည်း သဘောတွေ့ကျပီတိုဖြစ်နေပါတယ်။ ညကျရင် သူကြေညာထားတဲ့ မမြစိမ်းဇာတ်ထုပ်ကို အားရပါးရ ကပြအသုံးတော်ခံဖို့တွေးပြီး ပီတိဖြစ်နေတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ဒါပေမယ့် ည (၇) နာရီလောက် မရှိတန့် အချိန် အပျိုတော်ခန်းတွေကန်တော့ပြင်ဆင်နေတုန်း ဖြန်းခနဲ မီးစက်ဟာ ထိုးရပ်သွားပါတော့တယ်။

အဲဒီလို မီးပျက်သွားတဲ့အချိန်မှာ အလှအပပြုပြင်နေတဲ့ ဇာတ်အဖွဲ့သားတွေနဲ့ ပြင်ဆင်ခြယ်သပြီးသား ဇာတ်အဖွဲ့သားတွေဟာ ကိုးဝိုးကားရားဖြစ်ကုန်ကာ ဖယောင်းတိုင်ရှာ၊ မီးခြစ်ရှာနဲ့ မီးထွန်းရပါတယ်။ မီးစက်ထိုးရပ်သွားလို့ ဇာတ်ဆရာဟာ မီးစက်ဆီကို အပြေးအလွှားလာပြီး စက်ဆရာကို အမောတကောမေးပါတော့တယ်။

"စက်ဆရာ၊ မီးစက်က ဘာဖြစ်သွားတာလဲ။ စစ်ဆေးကြည့်ပါဦးဗျာ"

ဇာတ်ဆရာဟာ အသံတုန်ယင်စွာမေးသံကို စက်ဆရာဟာ ပြန်မြေလိုက်ပါတယ်။

"ညနေတုန်းက စမ်းမောင်းတာ အကောင်းကြီးပဲ။ ဇာတ်ဆရာလည်းသိသားပဲ။ အခုမှ မီးစက်ကဘာဖြစ်တာလဲ မသိဘူး။ ကျွန်တော်အသေးစိတ်ပြန်စစ်ပါဦးမယ်"

အခုလိုက်လာတဲ့ စက်ဆရာမှာ မိမိတို့လုပ်ငန်းပါးနေခိုက် ဇာတ်ဆရာနဲ့ ညီအစ်ကိုသဖွယ် ခင်မင်နေလို့ ဇာတ်ဆရာခေါ် လို့သာ အားနာကာလိုက်ခဲ့ခြင်း ဖြစ်ပါတယ်။ စက်နဲ့ပတ်သက်သမျှ စက်အမျိုးမျိုးကို အရည်ကျိသောက်သလို ပြုပြင်တတ်သူဖြစ်ပေမယ့် မီးစက်ရဲ့ အပြစ်အနာအဆာကိုတော့ ဘယ်လို မှရှာမတွေ့ဘူးဖြစ်နေပါတယ်။ဒါကြောင့် စက်ဆရာလည်း ဇောချွေးတွေတောပြန်နေပါတော့တယ်။ ဒါနဲ့ ရွာဘက်ကောင်းမွန်တဲ့တခြားစက်တွေကိုငှားပြီး စမ်းမောင်းကြည့်ပေမယ့်လည်း မောင်း

www.burmeseclassic.com

www.burmeseclassic.com

တုန်းခဏသာစက်ကနဦးပြီး လည်ပတ်နေသော်လည်း ဇာတ်ပွဲခွင်အခမ်းအနားကို မီးလည်းပေးရော ဇာတ်အဖွဲ့ပိုင်တဲ့ မီးစက်လိုပဲ သူ့အလိုလိုထိုးရပ်သွားပါတော့တယ်။ ဒါနဲ့ပဲ ရွှေဘုံသာရွာသားတွေရော၊ ဘုရားဝေါပကအဖွဲ့တွေရော၊ ဇာတ်အဖွဲ့သားတွေပါ မီးစက်ရဲ့အပြစ်ကိုရှာဖွေသော်လည်းမတွေ့ရဘဲ တစ်ည လုံးမီးစက်ဟာ မောင်းမရတော့ပါဘူး။ ဒီလိုနဲ့ ဇာတ်အဖွဲ့သားတွေဟာ တစ်ည လုံး အိပ်မပျော်ဘဲ နံနက်အရုဏ်တက် ခိုနဲ့ကျော်ကျော်မှာ ဇာတ်အဖွဲ့ရဲ့မီးစက် ကိုနှိုးကြည့်ရာ ဘယ်လိုမှမထင်မှတ်ဘဲ ဘာမှမပြုပြင်ရသေးတဲ့ စက်ဟာ ရှောရှောရှူရှူနိုးပြီး ကောင်းစွာလည် ပတ်နေပါတယ်။ မီးစက်သံကြောင့် ဇာတ်ဆရာနဲ့ ဇာတ်အဖွဲ့သားတွေဟာ အံ့ဩမှင်တက်ပြီး မီးစက်ကို မမြင်ဘူး သည့်အလား ဝိုင်းဝန်းကြည့်ရှုနေပါ တယ်။ ဒီကြားထဲ ဇာတ်ထဲက လူရွှင် တော်တစ်ဦးရဲ့စကားကြောင့် စိတ်ပျက် နေတဲ့ဇာတ်အဖွဲ့သားတွေကို ပြုံးစေခဲ့ တယ်။

"ဩော် - မီးစက်ကလေးရယ်၊ နှိပ် စက်ရက်တယ်။ တို့ကတော့ ညကြေးမရ ဘဲ အိပ်ရေးပျက်ရတယ်။ ဇာတ်ဆရာက တော့ အိပ်ရေးပျက်ရဲ့မကဘူး ညမကရ လို့ ညကြေးတွေလျော့ရဦးမယ်။ သူ့ဌေး နှိပ်စက်တာ အကြောင်းမဟုတ်ပေမယ့် တို့ကိုနှိပ်စက်တာတော့ အိမ်ပြန်ရင် အိမ် ဓာတ်မိန်းမနဲ့ ရန်ဖြစ်အောင်လုပ်ရက်ပေ တယ် ကျေးဇူးရှင် မီးစက်ရယ်"

စိတ်ပျက်လက်ပျက်ဖြစ်နေကြတဲ့ ဇာတ်အဖွဲ့သားတွေဟာ ပြုံးစိစိဖြစ်ကုန် ကြတယ်။ ဒီအချိန် ရွာထဲကရှေ့မီနောက် မီဘိုးဘွားအရွယ် ဘကြီးတစ်ဦးပြော သွားတာ မှတ်သားစရာကောင်းလှပါ တယ်။

"ငါ့တူတို့၊ ဘကြီးတို့ ပြည်မြို့နယ် မြစိမ်းကျွန်းတစ်ဝိုက် (မမြစိမ်းအပိုင်နယ် မြေ) မှာ မမြစိမ်းဇာတ်လမ်းကို ကလို့မရ ဘူးကွယ်။ ဝက်သား၊ အမဲသားစားတာ တွေလည်း မကြိုက်ဘူးကွယ့်။ အဓိက ရှောင်ရမှာတော့ ဇာတ်ဆရာနဲ့ မီးစက် မောင်းသူပဲကွယ့်။ အဘက ခေတ်မီတဲ့ ငါ့တူတွေမယုံကြည်မှာစိုးလို့မပြောမိတာ တွယ်။ အဘကြီးတို့ငယ်ငယ်ကတည်းက တို့ အယူအဆရှိတယ်။ နောက်ပြောင် ပြောဆိုလို့လည်းမရဘူး။ ဒါက မမြစိမ်း ပိုင်တဲ့ ဒီဒေသတစ်ဝိုက်ကိုပြောတာနော်"

ရဲမင်းရဲလင်းဇာတ်အဖွဲ့ရဲ့ဇာတ် ဆရာဟာ အဲဒီညက မီးစက်ပျက်တာ ကြောင့်၊ တစ်ညလုံးမမြစိမ်းဇာတ်ထုပ်ကို မကပြရသောကြောင့် ဘုရားဝေါပက အဖွဲ့ကို တစ်ညတာပွဲကြေးကို လျော်ကြေး ပေးခဲ့ရပါတယ်။ ဒီပြဿနာကို စဉ်းစား ကြည့်ရင် မမြစိမ်းဇာတ်ထုပ်ကို မမြစိမ်း ကိုယ်တိုင်က သဘောမတူတာလား ဒါမှမဟုတ် မီးစက်ဆရာကို ရွာထဲက ထမင်းဖိတ်ကျွေးတာ ဝက်သားစားမိလို့ လားတော့မသိ။ ဘာမှအပြစ်အနာအ ဆာမရှိတဲ့ မီးစက်က အလိုလိုနေရင်း ထိုးရပ်သွားလို့ တစ်ညလုံးပွဲမကရတာ မီးစက်ဆရာအသိပါ။ ဒါပေမယ့် ညက ဘယ်လိုမောင်းမောင်း မရခဲ့တဲ့ မီးစက် ဟာ မနက်လင်းရောင်ခြည်သန်းချိန်မှာ ရှောရှောရှူရှူမောင်းလို့ရတာဘာကြောင့် လဲ။ တိုက်ဆိုင်လွန်းလှချေလား အစ်မ မမြစိမ်းရယ်လို့ မီးစက်ဆရာရင်ထဲက အော်မိပါတော့တယ်။ ဒါက အစ်မ မမြစိမ်းရဲ့ မကြိုက်တဲ့ဖြစ်ရပ်တစ်ခုပါ။ ယုံပါလို့ မတိုက်တွန်းပါဘူး။ ကြုံလာရင် စမ်းကြည့်ပါ သိပါလိမ့်မယ်။ ဒါပေမယ့် ဖြစ်လာရင် စမ်းကြည့်သူရဲ့တာဝန်သာ ဖြစ်ပါတယ်။

ဒီလိုပဲ နောက်ထပ်ဖြစ်ရပ်မှန် တစ်ခုကတော့ -

❐

ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာ မြတ်စွာဘုရားကို နှစ်စဉ်နှစ်တိုင်း ဝါဆို လပြည့်နေ့များမှာ အောက်ဘက်မှ ကျီးသဲ၊ လက်ပံဖူး၊ ဆင်တဲ၊ ခတ္တိယတို့နဲ့ အထက်ဘက်မှ မင်းတုန်း၊ ကံမနယ် ပတ်ဝန်းကျင် ရောဝတီမြစ်ဘေးမှ ရွာ များဟာ စက်လေတွေနဲ့ လာရောက် ဖူးမြော်ပူဇော်ကြတာ နှစ်စဉ် စည်ကား လှတဲ့ ဘာသာရေးပွဲတော်တစ်ခုလိုပါပဲ။

ဒီအထဲမှာ အခုတင်ပြမယ့်အကြောင်း အရာကတော့ မယုံမကြည်နဲ့ မူးယစ် သောက်စားရမ်းကားပြီး အစ်မ မမြစိမ်း ကို နောက်ပြောင်ပြောဆိုမိလို့ ဒုက္ခ ရောက်ကြတဲ့ ဖြစ်စဉ်လေးတစ်ခုဆိုပါ တော့။ ကျီးသဲအုပ်စုအပိုင် လက်ပံဖူး ကျေးရွာရှိ ရွာသူရွာသားကာလသမီး များဟာ နှစ်စဉ်နှစ်တိုင်း ဝါဆိုလပြည့် နေ့များမှာ ရွှေဘုံသာမြတ်စွာဘုရားကို ဝါဆိုပန်းကပ်လှူခြင်း ဘုရားဖူးခြင်းကို အမြဲသွားရောက်နေတဲ့ တွေးရွာတစ်ရွာ ဆိုပါက မမှားပါ။ အခုနှစ် ဝါဆိုလပြည့် နေ့မှာလည်း လက်ပံဖူးကျေးရွာမှ ကာလ သမီးကာလသားများ ဝါဆိုပန်းကပ်လှူ ရန်၊ ဘုရားဖူးသွားရန် စိုင်းပြင်းလုံးပန်း နေတဲ့အခါသမယလည်း ဖြစ်ပါတယ် ရွှေဘုံသာဘုရားမှာ ဝါဆိုပန်းကပ်လှူ ခြင်း၊ ဘုရားဖူးသွားခြင်းကြောင့် နဖူးစာ ဆက်သွားတဲ့ သားပျိုသမီးပျိုများလည်း လက်ညှိုးထိုးမလွဲအောင်ပဲရှိခဲ့ကြဖူးပါ တယ်။ ကျေးရွာတွေရဲ့ အလှူမဂ်လာ ပျော်ပွဲရွှင်ပွဲများမှာ တွေ့ကြုံဆုံစည်းပြီး နဖူးစာရေစက်ဆုံကြရတာ ယနေ့တိုင် အစဉ်အလာဖြစ်ပါတယ်။ အခုလည်း လက်ပံဖူးရွာမှ မိန်းကလေးများက အစွမ်းကုန် ခြယ်သဟန်ရေးပြနေသလို လုလင်ပျိုများကလည်း ဖူးစာဖက်ဖို့ အတွက် အကြံထုတ်နေတဲ့အချိန်ဖြစ်ပါ တယ်။ တချို့ကတော့ သောက်စားမူးရူး ပြီး ပါးစပ်အရသာခံကာ နောက်ပြောင် သူတွေလည်း ပါရှိပါတယ်။ လက်ပံဖူး ကျေးရွာမှ ပျိုပျို အိုအို ကာလသမီး များဟာ မော်တော်ပေါ်မှ နီးကပ်လာ တဲ့ ရွှေဘုံသာမြတ်စွာဘုရားကို ကြည်နူး ဝိတိနဲ့ ငေးမောကြည့်ရှုနေကြပါတယ်။ ရွှေဘုံသာမြတ်စွာဘုရားအရှေ့ဘက် ကမ်းစပ်ကို မော်တော်ဆိုက်ကပ်တာနဲ့ မော်တော်ပေါ်က ကာလသားကာလ သမီးများဟာ ရွှေဘုံသာဘုရားကြီးဆီ စောစောစီးစီးရောက်ဖို့ အလုအယက် တိုးဝှေ့ဆင်းသက်နေကြပါတယ်။

"သူငယ်ချင်းရေ၊ မြန်မြန်ဆင်းပါ ဟ။ ဝါဆိုပန်းကြိုက်ခွင်ပတ်လှူဖို့ နေရာ မရဘဲနေဦးမယ်"

"အေးပါဟာ - ကောင်မကလည်း၊ လောလိုက်တာ။ ဒီမှာလူတွေကျပ်နေ တာ"

"နင်တို့ကလည်း အလောသုံး ဆယ်ပဲ။ ကြိုက်ခွင်တွေကို ပန်းတော်လှူဦး ရင် အစ်မမမြစိမ်းနန်းတော်သွားပြီး ပန်းဆက်ဆင်းမယ်မတွေးဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ - ဒါကတော့မေ့ထားလို့မရဘူးလေ။ ပန်းဆက်ပြီး ဆုတွေပါတောင်းရမှာပေါ့အေ"

"ကောင်မတွေတော်တော်ကဲနော်၊ ဒီနေ့လပြည့်နေ့ကြီး"

"ဒါက ကဲတာမဟုတ်ပါဘူးတော်။ ကျုပ်တို့ အပျိုအရွယ်မှာ လင်ကောင်းသားကောင်းရပြီး စိတ်ချမ်းသာစွာနဲ့ လှုချင်တန်းချင်လို့ အစ်မမမြစိမ်းဆီဆုတောင်းရတာပါနော်။ အမေမမြစိမ်းကလည်း လက်တွေ့စောင့်ရှောက်တာညည်းတို့ငြင်းဦးမလား"

"အေး - ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မငြင်းရဲပါဘူးတော်"

လက်ပံဖူးကျေးရွာမှ အမျိုးသမီးအပျိုချောတစ်သိုက်ဟာ စကားတွေအချီအချပြောရင်း မော်တော်ဆိပ်မှာ ရွှေဘုံသာဘုရားကြီးပေါ် ကိုတက်သွားကြပါတယ်။ လောကကြီးမှာ အဖြူနဲ့ အမည်း၊ အမှန်နဲ့ အမှား၊ ကောင်းမှုနဲ့ မကောင်းမှု၊ ဓမ္မတရားနဲ့ အဓမ္မတရားဟာ အမြဲတမ်းတွဲဖက်နေတာ အမှန်ပါပဲ။ ခုဝဲကြည့်လေ အဲဒီအချိန်မှာပဲ ရွာထဲက မူးယစ်သောက်စားပျော်ပါးမှုကို အလိုလိုက်နေတဲ့ လူပျိုတစ်သိုက်ဟာ နောက်ကပါလာရင်း -

"တို့တစ်ရွာတည်းသားတွေပဲ။ နင်တို့ မမြစိမ်းဆီဆုတောင်းရင် တို့အတွက်ပါပိုတောင်းပေးစမ်းပါ။ အစ်မမမြစိမ်းလို ချောမောလှပပြီး ဥစ္စာပေါတဲ့မိန်းကလေးနဲ့ညားပါစေလို့နော်။ ဒါမှမဟုတ် အစ်မမမြစိမ်းရဲ့ဆွေမျိုးသားချင်းထဲကလည်း ပေးစားလို့ရတယ်လို့ပေါ့ဟာ"

"ရွာမှာလည်း အော့ကြောလန်တွေ၊ ဘာမှန်းမသိဘူး"

"မူးရူးပြီး အစ်မ မမြစိမ်းကို မခန့်လေးစားနောက်ပြောင်ဝံ့တယ်။ ရွာမှာလည်း ဘာမှအသုံးမဝင်ဘူး၊ နင်တို့တော့ ဘေးတွေဦးမယ်"

ဒါက အပြင်ကိုထွက်ပေါ်လာတဲ့ စကားသံမဟုတ်ပါဘူး။ မိန်းမပျိုကလေးတစ်သိုက်ရဲ့ရင်ထဲက ကြိမ်ဝါးတဲ့စကားသံတွေပါ။ သိတယ်မဟုတ်လား၊ အပြင်ကို အသံထုတ်ပြောလို့မဖြစ်ဘူးလေ။ သူတို့က မူးရူးပြီး လူရှေ့မရှောင်သူရှေ့မရှောင်တဲ့ အရွက်တရားကင်းမဲ့သူတွေမို့ ဖက်ပြီးရန်မဖြစ်လိုက်ပါဘူး။ တစ်ရွာသားတွေဖြစ်နေတာလည်းတစ်ကြောင်းပေါ့။

ဒီလိုနဲ့ လက်ပံဖူးရွာက ဘုရားဖူးလာသူအုပ်စုတွေဟာ နှစ်နာရီ သုံးနာရီလောက်ကြာတဲ့အချိန်မှာ ရွာကိုပြန်ကြဖို့ မော်တော်သမားရဲ့နှိုးဆော်မှုကြောင့် ဘုရားဖူးလာသူအားလုံးဟာ ဟိုတစ်စု၊ ဒီတစ်စုနဲ့ မော်တော်ဆီကို ဆင်းလာကြပါတယ်။ မော်တော်ပေါ် ရောက်လို့ နေရာတကျနေရာယူပြီးတဲ့အခါ လူကျန်မကျန် စစ်ကာ လူတွေစုံတော့မှ မော်တော်စက်နှိုးပြီးလွှင်ခဲ့ပါတယ်။ မော်တော်ဟာ အလာတုန်းက ရေဆန်ကိုတက်ရလို့ နှေးပေမယ့် အပြန်ကတော့ ရေစုန်မို့ မော်တော်ဟာ အသွားထက် အပြန်မှာ ပိုမိုမြန်ဆန်နေပါတယ်။ မော်တော်ဟာ ရွှေဘုံသာဘုရားကြီးခပ်လှမ်းလှမ်းရောက်နေတဲ့အချိန်မှာ မူးရူးနေတဲ့လူငယ်အုပ်စုထဲကတစ်ယောက်ဟာ ရွှေဘုံသာဘုရားကြီးဆီလှည့်ပြီး -

"အမေမမြစိမ်းရေ၊ သားတို့ပြန်ပါဦးမယ်။ သမက်လောင်းတွေကို အသိအမှတ်ပြုပါဦးနော်"

"ဟေ့ကောင်တွေ ဘာတွေစွတ်ပြောနေတာလဲ၊ မင်းမခန့်လေးစားမလုပ်နဲ့နော် အားလုံးဒုက္ခတွေ့ကုန်မယ်"

သူတို့ထဲက တစ်ယောက်က ထပြောလိုက်လို့ နှုတ်ဆိတ်သွားပေမယ့် မော်တော်မှာပါတဲ့ ကျန်တဲ့သူတွေဟာ မခန့်လေးစားပြောတဲ့သူကို မကျေမနပ်နဲ့ မျက်စောင်းထိုးကြည့်နေကြပါတယ်။ မော်တော်ဟာ ရေစုန်တရိပ်ရိပ်ပြေးနေပါတယ်။ မူးရူးပြီး နာမ်လောကကို မယုံကြည် မလေလေးစားမှုကြောင့်လား ဒါမှမဟုတ် ရေစုန်နဲ့ မော်တော်ပြေးအားကြောင့်လား မသိပါဘူး။ ကံကြမ္မာက ဘုရားဖူးအဖွဲ့တွေကို မျက်နှာမပေးခဲ့ပါဘူး။ မိုက်ရိုင်းပြီး မလေးမခန့်သွားလုပ်လို့ အစ်မမမြစိမ်းကပဲ နယ်ပိုင်အနေနဲ့ ပညာပေးတာလားတော့ မသိပါဘူး။ အဲဒီလိုနဲ့ မော်တော်သွားနေရာ နဝဒေးတံတားကြီးနားရောက်တဲ့အခါ မော်တော်ဟာ ဘယ်လိုပဲထိန်းထိန်းမရတော့ဘဲ နဝဒေးတံတားတိုင်နံပါတ် (၄) ကို ဝင်ရောက်တိုက်မိသွားပါတယ်။

"ဝုန်း. . . ဂျွတ်. . . ဂျွတ်"

"ဟာ-တိုက်မိပြီ၊ လုပ်ကြပါဦး"

"အား - အမလေး"

အသံတွေဟာ မော်တော်ဆီကပေါ် ထွက်လာပြီး ရေစီးတဲ့အား၊ မော်တော်စက်အရှိန်အားတွေနဲ့ လူတွေအားလုံး ဧရာဝတီမြစ်ထဲကိုလွင့်စဉ်ပြုတ်ကျကုန်ပါတယ်။ အဲဒီမှာ ဦးနှောက်စားသွားတာတစ်ခုရှိပါတယ်။ မော်တော်အကြီးကြီးတွေတောင် ဖြတ်သန်းသွားနေတဲ့ ရေလမ်းကြောင်းအကျယ်ကြီးပါ။ အဲဒီလို ရေလမ်းကြောင်းအကျယ်ကြီးတို့ အလယ်ဗဟိုကသွားနေပါလျက်နဲ့ တံတားနားရောက်ခါနီးမှာ မော်တော်သမားကိုယ်တိုင် ဘယ်လိုမှမမျှော်မှန်းထားပါဘဲ မော်တော်ဦးဟာ နဝဒေးတံတားတိုင်နံပါတ် (၄) တည့်တည့်ကြီး ပြေးတိုက်ဆောင့်တာကို အံ့အားသင့်ရမိတယ်။ မော်တော်ကို နောက်ကတွန်းပြီး ဆောင့်တိုက်လိုက်မိပြီးပါ။ ဒါဟာ ထူးခြားမှုတစ်ခုပါ။ အဲဒီလိုတိုက်မိပြီး ပြုတ်ကျသွားသူတွေကို နီးစပ်ရာလေ့၊ မော်တော်တွေလိုက်လံဆယ်ယူရပါတယ်။ တချို့ဆိုမိကျောင်းရဲက စောင့်ဆယ်ရတာလည်းရှိပါတယ်။

ဒီအဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့ခြောက်နှစ်၊ ခုနစ်နှစ်ခန့်က ဖြစ်ပျက်ခဲ့တဲ့ တကယ့်ဖြစ်ရပ်တွေပါ။ ယခုလောလူငယ်လူရွယ်တွေဟာ ဘာသာတရားခေါင်းပါးတာများကြပါတယ်။ ဒေါစရိုက်၊ မိုက်မိုးဖလာအကျင့်တွေကို ပြုရယ်ပြုကြပါတယ်။ ဒီအရာတွေအနောက်နိုင်ငံ သိပ္ပံပညာရှင်စူးစမ်းအဖွဲ့ကတောင် ယနေ့ လက်ခံ စမ်းဆောင်ရွက်နေတာ အင်တာနက်ဖတ်ရှုတွေ့မြင်ကြရမှာပါ။ ဒီအကြောင်းတွေကို တစ်ချိန်က ဇာတ်လောကနာမည်ကြီးခဲ့တဲ့ ရဲမင်းရဲလင်းဇာတ်အထဲက ဦးကျော်စိန် (ယခု. ခေတ္တရာသစ်၊ ရပ်ကွက်အုပ်ချုပ်သူအထောအကူပြုအဖွဲ့ဝင်) မှ ပြန်ပြောပြစာဖတ်သူများ စိတ်ဝင်စားမှုရှိရေးဇာတ်လမ်းဆင် ရေးသား တင်ဆက်ခြင်း ဖြစ်ပါတယ်။ ပရလောက၊ နာလောကဆိုတာ တကယ်ရှိပါတာမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ပေတဝတ္ထုကို ဟောကြားထားတယ်။ မယုံကြည်ချင်နေပါ။ ဒုက္ခမသေဘူး။ မလေးမစား စော်ကားရင်အသက်ပါအလျော်အစားပေးရတဲ့အဒုက္ခများသွားနိုင်ပါတယ်။ ဒါကြောင့်ယခုလိုဖြစ်ရပ်ကို ရေးသားတင်ပြဆင်ခြင်နေထိုင်တတ်ဖို့ သတိပေးတာရင်း -

(ဇာတ်လမ်းကို ပြောပြပေးသော ဦးကျော်စိန်-ခေတ္တရာရပ်ကွက်အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့ဝင်)

ရသဂန္ဓီရ-ကျော်ဝင်းထွန်း
(ပြည်-ဆည်မြောင်း)

www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဖြိုးနိုင်ဇာ၏ ၂၀၁၅ ခုနှစ်၊ မိန်ရာသီဖြောင်း

မန်ဒိန်းဇာတာဟောကိန်း

(၁၅-၄-၂၀၁၅) ကနေ (၁၄-၄-၂၀၁၆) အထိ ကာလအတွက်

၁၅-၃-၂၀၁၅ နေ့ နံနက် (၈း၁၅) နာရီတွင် တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီသို့ ကူးပြောင်းဝင်ရောက်သည်ဖြစ်သဖြင့် ဥဒယလင်္ဂသည် မီသရာသီ ၅ ဒီဂရီ ၁၅ မိနစ်ထွက်နေသည်။ ဤဇာတာခွင်ကို မိန်ရာသီပြောင်း မန်ဒိန်းဇာတာ ဟူ၍ လည်းကောင်း၊ မိန်ရာသီ စူဠသင်္ကြန်ဇာတာဟူ၍လည်းကောင်း ခေါ်ဆိုနိုင်သည်။

စိတ်ဝင်စားစရာတစ်ခုမှာ ၂၀-၃-၂၀၁၅ နေ့၊ ၁၆း၁၆း၄၇ နာရီတွင် နေသမ္ဗကြတ်မည်ဖြစ်သော်လည်း မြန်မာပြည်မှမြင်ခွင့်မရှိပါ။ သို့သော် နေကြတ်ဇာတာ ဥဒယလင်္ဂသည် လွတ်လပ်ရေးဇာတာ၏ ကမ္မဘာဝတွင် ကျရောက်နေသည်။ ၄-၄-၂၀၁၅ နေ့၊ ၁၈း၃၁း၂၄ နာရီတွင်လသမ္ဗကြတ်မည်ဖြစ်ပြီး မြန်မာပြည်မှ မြင်တွေ့နိုင်ပါသည်။

နောက်ထူးခြားချက်မှာ ဥဒယလင်္ဂနှင့် သောကြာဂြိုဟ်တို့သည် ၃° အတွင်း ဆယ့်ဥနေကာ ဥဒယလင်္ဂသည်ပင် အင်္ဂါဂြိုဟ်နှင့်ဂြိုဟ်ပြိုင်ဖြစ်ကာ အင်္ဂါဂြိုဟ်သည် ယူရေးနပ်ဂြိုဟ်နှင့် ၃° အတွင်း ဆယ့်ဥလျက်၊ ယူရေးနပ်ဂြိုဟ်သည် ကိတ်ဂြိုဟ်နှင့် ၆° အတွင်း ပူးယှဉ်နေသည်။ ဒဿဟူးဂြိုဟ်နှင့် နပ်ပကျွန်းဂြိုဟ်သည် ၆° အတွင်း၊ တနင်္လာဂြိုဟ်နှင့် ပလူတိုဂြိုဟ်သည် ၅° အတွင်း ယှဉ်တွဲနေသည်။ နောက်ကြာသပတေးဂြိုဟ်သည် ဝဂွသွားလျက် တနင်္လာဂြိုဟ်နှင့် ရာသီအိမ်ခွင်းဖလှယ်၍ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းတို့သည်လည်း ရာသီအိမ်ခွင်းဖလှယ်နေကြသည်ဖြစ်၏။ တစ်ခါ ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်ကို ၉၀° ၊ ပလူတိုဂြိုဟ်က အင်္ဂါဂြိုဟ်ကို ၉၀° ဖြင့်မြင်ထားသည်။ ဓနေဂြိုဟ်က နပ်ပကျွန်းဂြိုဟ်ကို ၉၀° ၊ ပလူတိုဂြိုဟ်က နပ်ပကျွန်းဂြိုဟ်ကို ၄၅° အမြင်တိုဖြင့် မြင်ထားသည်။ အင်္ဂါဂြိုဟ်နှင့် သောကြာဂြိုဟ်တို့က ကြာသပတေးဂြိုဟ်ကို ၁၂၀° ဖြင့် မြင်ထားကြသည်။

ဂင်းတို့ကို အနှစ်ချုပ်၍ ကောက်ချက်ဝင်ရလျှင် စစ်ဘေးရှောင်ဒုက္ခသည်စခန်း၊ ပဋိပက္ခရှောင်ဒုက္ခသည်စခန်း၊ ပရဟိတဆိုင်ရာစခန်း၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဖွံ့ဖြိုးရေးဆိုင်ရာ စသည်တို့ကို အကြောင်းပြု၍ ဥပဒေလက်တစ်လုံးခြားပြမှု၊ ပုဒ်ခတ်စွပ်စွဲမှု၊ မငြိမ်မဝပ်ဖြစ်မှု၊ စောဒကတက်မှု၊ ပြဿနာဖော်ဆောင်မှု စသည်တို့ ဖြစ်ပေါ်တတ်မည်။ ဘာသာရေး၊ အမျိုးသားရေး၊ နိုင်ငံတကာရေး၊ နယ်စပ်အရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ တရားစီရင်ရေးနှင့် နှီးနွယ်နေသော ပဋိပက္ခဆိုင်ရာ၊ အကြမ်းဖက်ဆိုင်ရာ၊ သံတမန်ဆိုင်ရာ တင်းမာစွာ ဖြစ်ပေါ်တတ်မည်။ ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ NGO အဖွဲ့ စသည်တို့၏ မပွင့်လင်းမမြင်သာမှု၊ လက်တစ်လုံးခြားမျက်လှည့်ပြမှု၊ မရိုးစင်းမှုများဖြင့် ပြည်သူများ၏ အမြင်မကြည်လင်မှုကိုခံရမှု၊ ဆန္ဒထုတ်ဖော်မှု၊ ပဋိပက္ခဆန်မှုများကို တွေ့ရတတ်မည်။ ၎င်းတို့နှင့် နှီးနွယ်လျက် ပဉ္စမံတပ်သားဆန်ဆန်လှုပ်ရှားမှုများကိုလည်း တွေ့ရတတ်မည်။ ပြည်သူများ ထိခိုက်နစ်နာမှုရှိမည်။

အစိုးရနှင့် လွတ်တော်၊ အစိုးရထဲ၊ လွတ်တော်ထဲတွင် သဘောထားလွန်ဆွဲမှုများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်တတ်သည်။ ဝန်ကြီးအပြောင်းအလဲ၊ လွတ်တော်ကိုယ်စားလှယ်အပြောင်းအလဲ ဖြစ်ပေါ်တတ်မည်။ အတိုက်အခံများအသာစီးရနိုင်သော်လည်း အစိုးရနှင့် လွတ်တော်ပုံရိပ်ကောင်းများကိုလည်း တွေ့ရတတ်မည်။

ငွေရေးကြေးရေး၊ ဘတ်ဂျက်၊ အခွန်အကောက်၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းဆိုင်ရာနှင့်ပတ်သက်၍ ကျေနပ်စရာ တိုးတက်မှုရှိသော်လည်း မရိုးစင်းမပွင့်လင်းမှုများကိုလည်း တွေ့ရတတ်မည်။ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေးအလားအလာကောင်းရှိသော်လည်း



၂၀-၃-၂၀၁၅ နေ့ ၁၆း၁၆း၄၇ နာရီ နေကြတ်ဇာတာ



၄-၄-၂၀၁၅ နေ့ ၁၈း၃၁း၂၄ နာရီ လကြတ်ဇာတာ

စောဒကတက်မှုရှိမည်။ တယ်လီဖုန်း၊ အင်တာနက်အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ၌ ပြဿနာအနည်းငယ်ရှိမည်။ မီဒီယာလောက၊ စာပေလောက၊ နိုင်ငံရေးလောက၊ ဥပဒေလောက၊ ဘာသာရေးလောကနှင့် ဆက်နွယ်နေသော ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရမည်။ အနုပညာလောကမှာ ကောင်းသတင်းရော မကောင်းသတင်းရော စုံနေမည်။

အခြေခံလူတန်းစားများ၊ အလုပ်သမားများ၊ လက်သမားများတို့၏ ဆန္ဒထုတ်ဖော်မှုများ၊ တောင်းဆိုမှုများ ပို၍ကျယ်လောင်လာမည်။ အထူးသဖြင့် မြေယာပိုင်ဆိုင်မှု၊ နေရာထိုင်ခင်းပိုင်ဆိုင်မှု၊ လုပ်ခလစာများနှင့် ပတ်သက်နေတတ်သည်။ အသေအပျောက်များသောရာဇဝတ်မှုခင်းများ၊ အမျိုးသမီး-ကလေးသူငယ်နှင့်ပတ်သက်နေသော ရာဇဝတ်မှုခင်းများပိုဖြစ်တတ်မည်။ ရေကြီးမှု၊ ရေရှားမှု၊ မြေပြိုမှု၊ တွင်းပြိုမှု၊ မြေလျင်လှုပ်မှုများ ဖြစ်ပေါ်တတ်မည်။ စိုက်ပျိုးရေးမကောင်း၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါထိခိုက်တတ်သည်။ ဆင်းရဲသားလူအလွှာကြားထဲတွင် ကပ်ဘေးဆန်ဆန်ဖြစ်ရပ်များ ဖြစ်ပေါ်တတ်သည်။ မီးဘေး၊ လက်နက်ဘေး၊ ပေါက်ကွဲမှုဘေး၊ ရောဂါဘေး ဖြစ်နိုင်သည်။ လေကြောင်းဆိုင်ရာယာဉ်၊ ရေကြောင်းဆိုင်ရာယာဉ်တို့၌ မတော်တဆထိခိုက်မှု တမင်တကာဖန်တီးသော ထိခိုက်မှုများဖြစ်ပေါ်တတ်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်ကြီးမှာ ဗုသိမ်သားဖြစ်သည်။ ဗုသိမ်ပြို့ တက်ဆိပ်ရပ်ကွက်တွင်နေထိုင်သည်။ဆန်စပါးများဝယ်ရှိလျှောင်သည်။ စေးချိုချိုနှင့်ဝယ်၍ စေးကြီးချိန်မှထုတ်ရောင်းသဖြင့် အမြတ်အစွန်းရလေသည်။ အိမ်တွင် အဘအောင်မင်းခေါင်ရုပ်တုနှင့် ပွဲမပြတ်တင်ပြီး ကိုးကွယ်လေသည်။

ရုပ်ရှိမှ နာမ်ကိန်းနိုင်သည်ဟု ဆိုစကားရှိသည်နှင့်အညီ အဘရုပ်တုရှိသဖြင့် အဘအောင်မင်းခေါင်ကြွလာတတ်သည်။ တစ်ခါတစ်ရံ ဓာတ်စီးခဲ့အဘမှ ဆုံးမတတ်သည်။ အဘကောင်ရောက်သဖြင့် စီးပွားရေးတစ်နေ့တခြား တိုးပွားချမ်းသာလာလေသည်။

အကြောဝါလိုင်း

ဦးစိန်ကြီးအား အဘအောင်မင်းခေါင်ကယ်ချတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

တစ်ညက ဦးစိန်ကြီး ဘုရားခန်းဦးရှေ့ရှိခိုးရန်ဝင်ပြီး မီးပူဇော်လေသည်။ သောက်တော်ရောပါသည်။ အမွှေးတိုင်၊ ယောင်းတိုင်ကို ထွန်းညှိပူဇော်လေသည်။ အခန်းအား ဖယောင်းတိုင်ထွန်းညှိလိုက်သောအခါ မီးအလင်းရောင်ကြောင့် အရာဝတ္ထုများသဲသဲကွဲကွဲမြင်ရလေသည်။ အဘအောင်မင်းခေါင်၏ပွဲပေါ်တွင် ထူးထူးခြားခြား အရာဝတ္ထုတစ်ခုတင်နေသည်ကို တွေ့ရှိလိုက်လေသည်။ ဖယောင်းတိုင်၏ အလင်းရောင်အောက်တွင် သဲသဲကွဲကွဲတွေ့လိုက်တာကတော့ အဘအောင်မင်းခေါင်၏ရုပ်တုသေးသေးလေးအုန်းသီးပေါ်တင်နေလေသည်။ သေသေချာချာကြည့်လိုက်သောအခါ အဘရုပ်တုလေးက အသက်ဝင်သွားပြီး -

"ဟေ့ကောင် ဖိုးစိန်ကြီး"

"ဗျာ - ခင်ဗျား"

ဦးစိန်ကြီးသွေးလန့်သွားနှလုံးခုန်သွားသည်။ တစ်ခါမှမကြုံဘူးသောဖြစ်ရပ်ကြောင့် အံ့သြသွားလေသည်။

"မလန့်ပါနဲ့၊ ငါပါ မင်းအဘပါ"

"ဟုတ်ကဲ့ အဘ၊ အမိန့်ရှိပါ"

"မင်းအဓိဋ္ဌာန်ဝင်ရမယ်"

"ဘယ်တော့ဝင်ရမှာလဲ အဘ။ ဘယ်နေရာမှာဝင်ရမှာလဲ၊ ဘယ်လို အဓိဋ္ဌာန်မျိုးလဲ အဘ"

"မင်း သာပေါင်း - မွှောင်ညိုကို သွားရမယ်။ (၇)ရက်အဓိဋ္ဌာန်ဝင်ရမယ်"

"ဘယ်တော့လဲ အဘ"

"နောက်(၅)ရက်ကြာ တန်ဆောင်မုန်းလပြည့်နေ့ရမယ်"

"မသွားလို့မရဘူးလား အဘ"

"စျေးမဆစ်ရဘူး၊ ဝိဇ္ဇာကခိုင်းရင် လုပ်ရမယ်"

"မလုပ်ရင် ဘယ်လိုအပြစ်ပေးမှာလဲ အဘ။ သားမသွားချင်ဘူး"

"မလုပ်ရင် ရမယ့်အပြစ်ဒဏ်ကို ပြောပြည့်လိုက်လေ"

"ဒီလိုဆိုရင် လုပ်ပါ့မယ် အဘ။ ဒီပေမယ့် သားမှာစီးပွားရေးမပြည့်စုံသေးဘူး"

"မင်းကို ငါစောင့်ရှောက်လာတာ ဒီသိမ်မှာလူကုံထံအသိုင်းအဝိုင်းရောက်နေပြီ။ ဆင်းရဲသားဘဝနဲ့ပြန်ကြည့်လေ"

"သားက ဆင်းရဲတယ်ပဲ မြင်နေတာ"

"လူဆိုတာ လိုဘပြည့်တယ်ဆိုတာမရှိဘူး။ အမြဲလိုချင်နေကြတာ။ ကဲ-ခိုင်းတာလုပ်၊ မင်းဘာလိုချင်သေးလဲ"

"သား ဒီအိမ်ရှေ့မှာ အိမ်တိုင်(၄)တိုင်ရှိတယ်။ နွားအထီးလှလှ(၄)ကောင်ချည်ပြီးသားလိုချင်တယ်။ မိန်းမအတွက် လက်စွပ် (၅) ကွင်း လိုချင်တယ်။ ထီ (၁)သိန်းဆုပေါက်ချင်တယ်"

"မင်းလိုချင်တာများနေပြီ။အမြတ်များများလိုချင်ရင် အရင်းများများပေးဆပ်ရတယ်။ အလကားတော့ ဘယ်ဝိဇ္ဇာမှ မပေးနိုင်ဘူး"

"သားလိုချင်တာပဲသိတာ၊ ကိုယ်က ပေးဆပ်ဖို့ဆိုရင် ကြောက်တယ်"

"မင်းဘက်အလှည့်ရောက်ရင် ခံရမှာကြောက်တယ်ပေါ့"

"ဟုတ်တယ် အဘ။ သားနဲ့ထိုက်တာပဲလိုချင်ပါတယ်။အဘစောင့်ရှောက်ပေးပါ။ အဘခိုင်းတာကိုလည်းလုပ်ပါ့မယ်"

"အေး၊အေး-ဒီလိုလုပ်ပါ။ ခိုင်းတာလုပ်ရင် မင်းဘဝလည်း အဆင်ပြေမယ်ကြားလား"

"ဟုတ်ကဲ့ အဘ၊ သားပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ အဘ။ သားကန်တော့ပါတယ်"

ဦးစိန်ကြီးတစ်ယောက် အဘကို ရှိခိုးကန်တော့လိုက်သည်။

ဘယ်အခိုက်ကရောက်နေသည် မသိသော ဇနီးဖြစ်သူမှာ ဦးစိန်ကြီးကို ကြည့်ပြီးရူးနေပြီဟု ထင်နေသည်။

"ရှင်တစ်ယောက်တည်းဘယ်သူနဲ့ စကားပြောနေတာလဲ"

"ငါအဘနဲ့ပြောနေတာ"

"ဘယ်မှာလဲအဘ"

"ဒီပွဲပေါ်မှာ ခုနထိုင်နေတာ။ ငါနဲ့ စကားပြောနေတာ။ အခုမရှိတော့ဘူး"

"ရှင် ရူးနေပြီထင်တယ်။ ကျုပ် ရောက်နေတာကြာပြီ။ ဘယ်ကအဘမှ ရောက်မလာဘူး၊ရှင်တစ်ယောက်တည်း စကားပြောနေတာ"

"အေး၊ အေး - ကောင်းပါပြီ။ ငါ ရှင်းပြလည်းယုံမှာမဟုတ်ဘူး"

ဦးစိန်ကြီးသည် အဘအောင်မင်းခေါင်ကို ယုံကြည်သည်။ အဘခိုင်းသည့် အတိုင်း သာပေါင်းသို့ သွားသည်။ အဓိဋ္ဌာန် (၇) ရက်ဝင်ပြီး ပြန်လာလေသည်။ အဘအောင်မင်းခေါင်ခိုင်းသမျှ အဓိဋ္ဌာန်မပျက်ဝင်သည်။ သမာဓိစခန်းရင့်သန်လာပြီး ခရီးအတော်ရောက်လေနေသည်။ အိမ်၏စီးပွားရေးမှာလည်း ဒီရေအလား တစ်နေ့တခြား ကြီးပွားချမ်းသာလာလေတော့သည်။ ပုသိမ်မြို့တက်ဆိပ်ရပ်ကွက်တွင် ရေခဲစက် ဦးကျော်ဌေးပြီးလျှင် ဦးစိန်ကြီးသည် ချမ်းသာကြွယ်ဝသူဖြစ်လာလေသည်။

ဦးစိန်ကြီးသည် နှစ်ထပ်အိမ်ဆောက်ပြီး အိမ်အောက်၌ ပွဲရုံလုပ်ငန်းလုပ်ပြီး အပေါ်ထပ်တွင် အဘဓာတ်ခန်းဖွင့်ထားလေသည်။ အဘအိပ်ရန် သလွန်ညောင်စောင်းအားလည်းကောင်း၊ အဘရုပ်တုကြီးများအားလည်းကောင်း အခန်းပြည့်ပြင်ဆင်ထားလေသည်။ မည်သူမျှ မတက်ရပေ။ ပုသိမ်မြို့တွင် အဘဓာတ်ခန်းအား ခပ်ခမ်းနားနား ကြီးကြီးကျယ်ကျယ် ဖွင့်လှစ်ကိုးကွယ်သူမှာ ဦးစိန်ကြီးတစ်ယောက်သာရှိလေသည်။ အိမ်၏ဘေးဘက်ခြမ်းတွင် ဖိုထိုးရန် အခန်းသီးသန့်ပြုလုပ်ထားလေသည်။ အခန်းထဲတွင် ဖားဖိုတစ်လုံး၊ လုံနှင့်မီးသွေးများ ရှိလေသည်။ အချိန်နှင့်အမျှ ဖိုထိုးလေသည်။ ဓာတ်ခန်းပေါ်တက်ပြီး ဘုရားဝတ်ပြုလိုက်၊ ဖိုထိုးလိုက်နှင့် အချိန်ကုန်လေသည်။ မိသားစုများမှာ ဦးစိန်ကြီးအား ဘာမှမပြောတော့ပေ။

ဦးစိန်ကြီးသည် အဘခိုင်းသည်ဟုဆိုကာ ရေကြည်ရေနောက်သို့သွားသည်။ တစ်ခါတစ်ရံ ရွှေမော်ဓောဘုရားသို့သွားသည်။ ဓာတ်ကျရာသွားပြီး ဓာတ်ကျမှ ပြန်လာတတ်သောကြောင့် သူကိုဘေးမဲ့ပေးထားကြလေ၏။ အဘအောင်မင်းခေါင်ကို သူတွေ့သည်။ သူမြင်ရသည်။ သူနှင့်စကားပြောရသည်။ သို့သော် ဘယ်သူပြောပြောမယုံကြချေ။ သူကို ဓာတ်ရူးဟုထင်နေကြလေသည်။

ဆရာစုသည် 'သာမည' ရပ်ကွက်မှာနေသည်။ အဘအောင်မင်းခေါင်ကို ကိုးကွယ်လေသည်။ သူလည်း အဘကို ကိုးကွယ်သည်။ ပညာညီအစ်ကိုများဖြစ်ကြသဖြင့် ခင်မင်ရင်းနှီးကြလေသည်။ သူသွားလည်စရာဆို၍ သာမည၌ဆရာစုအိမ်ပဲရှိလေသည်။ ဆရာစုနှင့်တွေ့ကရေနွေးကြမ်းတစ်အိုးပြီးတစ်အိုးကုန်သွားပေမယ့်လည်း စကားပြော၍မပြီးပေ။ သူတော်အချင်းချင်း သတင်းလွှဲလွှဲပေါင်းဖော်မွှေ့ဆိုသလို ဓာတ်တူရာပေါင်းမိကြလေသည်။

အဘအောင်မင်းခေါင်နှင့်ဆရာစုတို့ မနေ့က ရန်ကုန်-ပုသိမ်သင်္ဘောဖြင့် ပုသိမ်သို့ရောက်လာကြသည်။ အဘကို ကမ်းနားမှကြိုဆိုပြီး အိမ်သို့ပင့်လာလေသည်။ အိမ်အပေါ်ထပ်ဓာတ်ခန်းတွင် အဘကိုထားပြီး အဘ၏သွန်သင်ဆုံးမမှုကို ခံယူလေသည်။ အဘအောင်မင်းခေါင်ဟု ပတ်ဝန်းကျင်မှလူများ မည်သူမျှ မသိကြ။ သာမန်အဘိုးကြီးတစ်ယောက်အနေဖြင့်သာသိကြလေသည်။

အဘအောင်မင်းခေါင်၏သားသမီး

www.burmeseclassic.com

www.burmeseclassic.com

များ ဦးစိန်ကြီးအိမ်သို့ ရောက်လာကြသည်။ တပည့်များစုဝေးမိသောအခါ အဘကိုကန်တော့ကြလေသည်။ တပည့်များ၏လိုအပ်ချက်များကို ထောက်ပြပြီး လိုင်းမမှားရအောင် တည့်မတ်ပေးလေသည်။ ယနေ့ချွတ်ရမည့်သူမှာ ဦးစိန်ကြီးပင်ဖြစ်သည်။

"သာထူး"

"ရှိပါတယ် အဘ"

"မင်း ဂုဏ်တော်(၉) ပါးရပြီလား"

"ရပါပြီ အဘ"

"ဘုရားဂုဏ်တော်ဘယ်နှပါးလဲ"

"(၉) ပါးပါ အဘ"

"တရားဂုဏ်တော်ကကော"

"(၆) ပါးပါ အဘ"

"အင်း-ဟုတ်ပြီ၊ သံဃာဂုဏ်တော်ကဘယ်နှပါးလဲ"

"(၉) ပါးပါ အဘ"

"ဒီရတနာ(၃) ပါးရဲ့ ဂုဏ်တော်တွေကိုပွားတဲ့အခါ အာရုံထဲမှာမြင်အောင်ကြည့်ရတယ်"

"ဟုတ်ကဲ့ အဘ"

"အာရုံထဲမှာမြင်ပြီဆိုမှ ဂုဏ်တော်ကိုပွားရတယ်။ ပုတီးစိပ်တယ်ဆိုလည်း ဒီဂုဏ်တော်တွေကို အာရုံထဲမှာဝင်စားရမယ်။ ပြီးမှ ပွားရမယ်"

"ဟုတ်ကဲ့ အဘ"

"ပုတီးအပတ်ရေပြည့်ပြီးပြီးရောစိပ်ရင် သိဒ္ဓိမရဘူး"

"မှတ်သားပါမယ် အဘ"

"အဘပြောတာ နားလည်ပြီလား"

"ဟုတ်ကဲ့ - နားလည်ပါပြီ"

"ခင်မြင့်"

"ရှိပါတယ် အဘ"

"မင်းက အင်းလိုင်းကိုလိုက်တယ်"

"ဟုတ်ကဲ့ အဘ"

"အင်းကျိုးတယ်၊ အင်းပေါက်တယ်၊ အင်းကန်တယ်ဆိုတာကောကြားဖူးသလား"

"ဟုတ်ကဲ့ အဘ"

"အင်းစွမ်းရင်လည်း သိဒ္ဓိပြီးမြောက်နိုင်တာပဲ"

"ဟုတ်ကဲ့ အဘ"

"အင်းကဘာလို့အစွမ်းရှိတာလဲသိလား"

"မသိပါဘူး အဘ"

"စာတစ်လုံးဘုရားတစ်ဆူလို့ပြောကြတယ်။ ဘုရားဟောတဲ့ တရားတော်တွေ၊ ဂုဏ်တော်တွေဟာ စာလုံးတိုင်းအစွမ်းသတ္တိရှိကြတယ်။

ဒီဂါထာတွေကို အင်းဆန်းအဖြစ် ရေးသွင်းရင် သိဒ္ဓိရှိတာပေါ့။

နောက်ပြီး အင်း'ကစား'တဲ့သူက နက္ခတ်ပညာကိုနားလည်ရတယ်။နက္ခတ်မိရင် အင်းစွမ်းတာပဲ"

"ဟုတ်ကဲ့ အဘ"

"ခင်မြင့်၊ မင်းအင်း'ကစား'တာလူစိတ်လူသဘောနဲ့ ရေးဆွဲလို့မရဘူး။ အဓိဌာန်စခန်းဝင်ရမယ်၊ သမာဓိထူထောင်ရမယ်။ နက္ခတ်ပညာလေ့လာရမယ် ကြားလား"

"ဟုတ်ကဲ့ အဘ"

"သိန်းရွှေ"

"ရှိပါတယ် အဘ"

"မင်းကဘာဝိဇ္ဇာလဲ"

"သား ဆေးဝိဇ္ဇာပညာကို လိုက်စားနေပါတယ်"

"ဆေးဝိဇ္ဇာဖြစ်ဖို့ အဝေးကြီးလိုသေးတယ်။ လောလောဆယ် ဝိနှောဆရာလုပ်၊ ကြားလား"

"ဟုတ်ကဲ့ အဘ"

"ဘိုးစိန်ကြီး"

"ရှိပါတယ် အဘ"

"မင်းကကောဘာဝိဇ္ဇာလဲ"

"သားက ဖိုထိုးနေပါတယ်။ ပြဒါးဝိဇ္ဇာလိုင်းလိုက်စားပါတယ်"

"အရှေ့ကောင်ပဲ"

"သားကိုပြောတာလား"

"ဟုတ်တယ်၊ မင်းကိုပြောတာ။ မင်းကအလကားကောင်ပဲ"

"ဟဲဟဲ - အဘကလည်း"

"မင်းငါခိုင်းတာလုပ်မလား"

"ဟုတ်ကဲ့ - လုပ်ပါ့မယ်"

"အေး - ဒီလိုဆို ရှေ့ထွက်ခဲ့၊ ငါဆီကိုလာခဲ့"

"ဟုတ်ကဲ့ အဘ"

"အခု မိုးတွေရွာနေတယ်၊ ကြားလား"

"ဟုတ်ကဲ့အဘ၊ အပြင်မှာမိုးတွေရွာနေတာ သားသိပါတယ် အဘ"

"အဘ လက်ညှိုးထိုးပြီး အမိန့်ပေးလိုက်မယ်၊ တိတ်စေ"

အဘသည် အပေါ်သို့ လက်ညှိုးထိုးရှဲ့ မိုးနတ်သားအား ပြောလိုက်လေသည်။ အသည်းအသန်ရွာနေသော မိုးမှ ချက်ချင်းတိတ်သွားလေသည်။ အဘသားသမီးများမှာ အံ့သြကုန်ကြလေသည်။

"အေး - မင်းတို့အဘရဲ့အစွမ်းကိုမြင်ပြီလား"

"မြင်ပါပြီ အဘ"

"သဘာဝဆိုတာ တားလို့မသင့်ဘူး။ သဘာဝကို ဆန့်ကျင်လို့မရဘူး။ မှတ်ထားကြ"

"ဟုတ်ကဲ့ အဘ"

အဘသည် လက်ညှိုးဖြင့် အမိုးကိုထိုးရှဲ့ မိုးနတ်မင်းကိုပြောလိုက်သောအခါ မိုးမှာပုံမှန်ရွာလေသည်။

"ဟေ့ကောင် ဘိုးစိန်ကြီး၊ မင်းအဘကိုယုံပြီလား"

"အဘရဲ့ သိဒ္ဓိ၊ မဟိဒ္ဓိကို ယုံပါပြီအဘ။ အဘခိုင်းတာ သားအကုန်လုပ်ပါ့မယ်"

"သေချာလား အရှူးရဲ့"

"သေချာပါတယ် အဘ၊ သားအဘခိုင်းတာလုပ်ပါမယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ငါအပေါ်ကို လက်ညှိုးထိုးလိုက်မယ်။ 'ဗုန်း' ဆို ငွေထုပ်ကြီး မင်းရှေ့မှာပြုတ်ကျလာလိမ့်မယ်။ မင်းဖမ်းရမယ်"

"ဖမ်းမယ် အဘ၊ သားအဘခိုင်းတာလုပ်မယ်"

"ကဲ - ဒီလိုဆို မင်းရှေ့ကိုတည့်တည့်ချပေးလိုက်မယ်"

"ဟုတ်ကဲ့ အဘ"

အဘအောင်မင်းခေါင်သည် လက်ညှိုးဖြင့်အပေါ်သို့ထိုးပြီး နှုတ်မှလူမကြားအောင် ရေရွတ်နေလေသည်။ မကြာမီ ခေါင်ပေါ်မှ အထုပ်ကြီးတစ်ထုပ် ဦးစိန်ကြီးရှေ့သို့ ပြုတ်ကျလာလေသည်။

"ဗုန်း"

ဦးစိန်ကြီးလည်း ငွေထုပ်ကြီးထင်ပြီး ဖမ်းမည်ပြုစဉ် ငွေမဟုတ်ဘဲ မွေ့ဆွဲကြီးတစ်ကောင်ဖြစ်နေလေသည်။

"အမလေးဗျ"

ဦးစိန်ကြီး ယောင်၍အော်ပြီး ကြောက်အားလန့်အားဖြင့် နောက်သို့ဆုတ်သွားလေသည်။

"ဟေ့ကောင် အရှူးရဲ့၊ ဖမ်းလေ မင်းပဲ အဘစကားကိုနားထောင်မယ်ဆို"

"အဘ၊ ငွေထုပ်ကြီးမှမဟုတ်တာ၊ အခုဟာက မွေ့ပွေးကြီးပဲ"

မွေ့ကြီးသည် ပါးပျဉ်းထောင်၍ ဦးစိန်ကြီးထံသို့လာလေသည်။ အသင်းဝင်လှုပ်ရှားလာသော မွေ့ပွေးကြီးမှာ ကြောက်စရာဖြစ်နေလေသည်။

"ဘိုးစိန်ကြီး၊ 'ငွေ'နဲ့ 'မွေ့' လွဲသွားလို့ပါကွာ"

"ဟုတ်ကဲ့ အဘ။ မွေ့ကြီး လုပ်ပါဦး၊ သားဆီလာနေပြီ"

"အေး၊ အေး ဟေ့ကောင် မင်း အပြင်ထွက်သွားတော့"

အဘသည် မွေ့ကြီးအား အပြင်သို့ လက်ညှိုးထိုး၍ ထွက်သွားခိုင်းလေသည်။

မွေ့ကြီးမှာ လူစကားနားလည်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အိမ်အောက်ထပ်သို့ လျှောဆင်း၍ ပျောက်ကွယ်သွားလေသည်။

"အေး- ဒီညတော့ ဘိုးစိန်ကြီးကို ခိုထိုးတာ လက်တွေ့သင်ပေးမယ်"

"ဟုတ်ကဲ့ အဘ"

"ပြဒါး ငါးကျပ်သား ယူခဲ့"

"ရှိပါတယ် အဘ"

"လုံကောရှိလား"

"လုံလည်းရှိပါတယ် အဘ"

"မှတ်ကျောက်ကောရှိသလား"

"မှတ်ကျောက်လည်း ရှိပါတယ် အဘ"

"အေး - ဟုတ်ပြီ၊ ဖိုထိုးရအောင် ဘိုးစိန်ကြီးဖိုရုံကိုသွားကြမယ်"

အဘ၊ ဖိုရုံမှာ ရေတွေဝင်နေတယ်အဘ။ မီးတအားရွာတော့ အောက်ဆင်းမှာ ရေတွေကြီးနေတယ်"

"ဒါဆိုလည်း ဒီဓာတ်ခန်းထဲမှာပဲ ခိုထိုးမယ်၊ မီးဖိုဖိုကွာ"

အပေါ်ထပ် ဓာတ်ခန်းထဲတွင် ထမင်းချက်ခန်းထဲမှ မီးဖိုကို မ,လာကြသည်။ ထမင်းချက်မီးဖိုတွင် မီးပျိုးပြီး ဆီသွေးများကို ယပ်တောင်ဖြင့်ယပ်တာ မီးပျိုးကြလေသည်။ မီးများအရှိန်ပြင်းစွာ တောက်လာလေသည်။

"လုံယူခဲ့"

"ဒီမှာပါ အဘ"

"အေး-ပြဒါးထည့်ကွာ၊ အပေါ်က အဖုံးကိုလုံအောင်မံရမယ်။ ပြီးရင် ရွှံ့လုံးကြီးဖြစ်အောင်မြေတွေကပ်ပြီးအုံရမယ်"

"ဟုတ်ကဲ့ အဘ"

"အဘခိုင်းတဲ့အတိုင်း စီမံပြီးပါပြီ အဘ"

"ဒါဆိုရင် မီးသွေးခဲပေါ်တင်တော့၊ အပေါ်က မီးသွေးထပ်ထည့်"

"ဟုတ်ကဲ့ အဘ"

"အေး - မင်းတို့အားလုံး ယပ်တောင်တစ်ချောင်းစီယူထားကြ။ မီးကိုခဲနေအောင်ခတ်ကြ"

"ဟုတ်ကဲ့ အဘ"

အဘသည် မီးဖိုပေါ်မှမီးသွေးများ အားလုံး နီရဲပြီးမီးများအရှိန်ပြင်းစွာ တောက်လောင်စေပါသည်။ တဖြည်းဖြည်း မီးများအရှိန်ရလာပြီး လုံနှင့်မံထားသော ရွှံ့တုံးကြီးမှာ နီရဲလာလေသည်။ ဒီကလည်းရွာကောင်းဆဲ။ ဖိုမရှိဘဲယပ်ခတ်ပြီးဖိုထိုးရသော အဘ၏ ပြဒါးဖမ်းပွဲသည်းပြီးပို့နီးလာလေသည်။

"ကဲ - အားလုံးရပ်ကြတော့၊ ဒီလောက်ဆိုရင် ပြဒါးကသေလောက်ပြီ"

ယပ်ခတ်နေကြသောတပည့်များ နောက်သို့ဆုတ်ပေးပါသည်။ မီးသွေးခဲများနီရဲနေပြီး အရှိန်ပြင်းစွာဖြင့်တောက်လောင်နေသည်။ မီးသွေးခဲများအလယ်တွင် ပြဒါးထည့်ထားသော'လုံ'မှာလည်း နီရဲနေလေသည်။

"ဟေ့ကောင် အရှူးဘိုးစိန်ကြီး၊ ရှေ့ကိုတိုးလာ"

"ဟုတ်ကဲ့"

"မင်းဖိုထိုးတာဘယ်လောက်ကြာပြီလဲ"

"ကြာပြီ အဘ၊ (၅)နှစ်လောက် ရှိပြီ"

"မင်းရွှေဖြစ်ပြီလား"

"ရွှေမဖြစ်သေးဘူး အဘ"

"မင်း ရွှေလိုချင်သလား"

"ဟုတ်ကဲ့"

"မင်း ရွှေလိုချင်ရင် ဒီနီရဲနေတဲ့လုံကို မင်းလက်နဲ့နှိုက်ယူစမ်း"

"ဟာ - အဘ၊ ဘယ်ဖြစ်မလဲ လက်ကိုမီးလောင်သွားမှာပေါ့"

"မင်းနှိုက်ပြီးယူလေ။ မင်းပဲရွှေလိုချင်တယ်ဆို"

"အဘ၊ သားမယူရဲဘူး"

"အေး - ဒါဆိုငါယူမယ်မင်းကြည့်နေ"

ပြောပြောဆိုဆို အဘသည် မီးတောက်နေသော မီးလျှံကြားမှ နီရဲနေသောလုံကို လက်ဖြင့်နှိုက်ယူလိုက်သည်။ လက်ပေါ်တွင် လုံကိုတင်ပြီး တပည့်တွေကိုပြလေသည်။ ပြီးမှ မီးဖိုဘေးပြုပုံပေါ်တွင်တင်ထားလိုက်လေသည်။ အတော်ကြာသောအခါ လုံမှာအေးလာပြီး ကိုင်၍ရသည့်အခြေအနေသို့ရောက်လာလေသည်။

"ကဲ-ဘိုးစိန်ကြီး၊ မင်းလုံကိုခွဲကြည့်စမ်း"

"ဟုတ်ကဲ့ အဘ"

ဘိုးစိန်ကြီးသည် လုံကိုခွဲလိုက်သောအခါ အထဲတွင် ဝင်းဝါနေသော ရွှေတုံးကြီးထွက်လာလေသည်။

"ကဲ - ဘိုးစိန်ကြီး၊ ရွှေစစ်မစစ် မှတ်ကျောက်တိုက်ကွာ"

ဘိုးစိန်ကြီး၏လက်ထဲတွင်ရှိသော ရွှေတုံးကြီးကို မှတ်ကျောက်တိုက်လိုက်သောအခါ မှတ်ကျောက်တွင် ရွှေစများ တင်ကျန်နေပါသည်။ ပြဒါးမှရသော ရွှေသည် အိန္ဒိ (၁၀၀) ရာခိုင်နှုန်း အစစ်ဖြစ်နေသဖြင့် ဘိုးစိန်ကြီးအကြိုက်တွေ့နေလေသည်။

"ကဲ-ချိန်ခွင်ယူပြီးချိန်ကွာ။ ဘယ်လောက်ရှိတယ်ဆိုတာသိရအောင်"

"ဟုတ်ကဲ့ အဘ"

ဘိုးစိန်ကြီးစိတ်ထဲတွင် သူရတော့မည်ဟု လုံးဝအပိုင်တွက်ထားလေသည်။ ရွှေတုံးကြီးကို လုံးဝလက်ထဲတွင်မချချင်ဖြစ်နေလေသည်။လောဘရမ္မက်တို့သည် ဘိုးစိန်ကြီး၏ မျက်နှာတွင် ပေါ်လွင်တောက်ပနေလေသည်။

"အဘ၊ ရွှေကငါးကျပ်သားတိတိရှိတယ်"

"အေး - ကောင်းပြီ၊ ငါ့ကိုပြစမ်း"

ဘိုးစိန်ကြီး၏ လက်ထဲမှာရှိသော ရွှေတုံးကြီးကို အဘလက်ထဲသို့ထည့်ပေးလိုက်လေသည်။ အဘသည် ရွှေတုံးကြီးကိုကိုင်ပြီး တပည့်များကိုဆုံးမလေသည်။

"မင်းတို့ကို သိအောင်လုပ်ပြတာပဲရှိတယ်။ တကယ်တော့ ဒီရွှေက ဘာမှတန်ဖိုးမရှိဘူး။ ပညာကမှ တန်ဖိုးရှိတာ။ ဘာပညာမဆိုအဆုံးထိ ထူးထူးချွန်ချွန် တတ်မြောက်အောင်သင်ကြရမယ်၊ အားလုံးကြားလား"

"ဟုတ်ကဲ့ - ကြားပါတယ် အဘ"

"အေး၊ အေး - တန်ဖိုးမရှိတဲ့ ဒီရွှေတုံးကိုစွန့်ပစ်တာပဲကောင်းတယ်"

အဘသည် ပြောပြောဆိုဆို ရွှေငါးကျပ်သားတုံးကြီးကို အိမ်အပြင်သို့လွှင့်ပစ်လိုက်လေသည်။ ရေထဲသို့ ပလုံဆို မြုပ်သွားလေတော့သည်။ ရင်ထဲမှာ မခံချင်တဲကဖြစ်နေသူမှာ ဘိုးစိန်ကြီးပင်ဖြစ်လေသည်။ စားရခါနီးမှ ရေထဲကျသွားတယ်ဆိုပြီး အဘပစ်လိုက်ပြီးမြုပ်သွား သာနေရာကို သေသေချာချာမှတ်သားထားလေသည်။ အဘပြန်လျှင် ငေ့ဝှာမယ်ပေါ့။

မိုးကတိတ်သွားသည်။ အဘလည်း ဦးစုနှင့်အတူ ရာမညာသို့ကြွသွားလေသည်။ ပရိသတ်များ အသီးသီး မိမိနေအိမ်သို့ ပြန်သွားကြပြီ။ သည်အခွင့်အရေးကိုစောင့်နေသော ဘိုးစိန်ကြီး ရေထဲဆင်း၍ ရွှေတုံးကိုရှာလေသည်။ ရေမှာ ခြေချင်းဝတ်မြုပ်ရုံပဲရှိသည်။ ကလေးတွေ ရေဆော့ကစားနေသလို ရွှေတုံးကြီးကို လက်နှစ်ဖက်ဖြင့်စမ်း၍ရှာနေလေသည်။ ဘယ်လိုမှရှာ၍မရတော့သဖြင့် မတ်တတ်ရပ်လိုက်ပြီး အဘပစ်လိုက်သော အကွာအဝေးအနေအထားကို စဉ်းစားနေလေသည်။ သို့သော် ၎င်းခြေထောက်ဆီသို့ တွန့်၍တွန့်၍လာနေသောမြွေပွေးကို သူမမြင်ပါ။ မြွေပွေးသည် ဘိုးစိန်ကြီးခြေထောက်ကို မိမိရရကိုက်လိုက်ပါတော့သည်။

"အမလေးဗျ"

ဘိုးစိန်ကြီးမျက်လုံးအစုံတို့သည် မီးဝင်းဝင်းတောက်သွားတော့သည်။ မြွေကိုက်သဖြင့် ဖင်ထိုင်၍လဲကျသွားလေ

www.burmeseclassic.com

သည်။ မြွေပွေးကြီးမှာ ဘိုးစိန်ကြီးကို ကိုက်ပြီး ဣန္ဒြေရစွာ အဝေးသို့ထွက်ခွာသွားလေပြီ။

"အမေ၊ အမေ လာပါဦး။ အဖေ ဘာဖြစ်လဲမသိဘူး"

အိမ်သားအားလုံးနီးကပြီး ဘိုးစိန်ကြီးကို အိမ်ပေါ် သို့ ထမ်းတင်လာကြသည်။ အဝတ်များလဲပြီး ဆေးရုံပို့ရန် ပြင်ဆင်ကြသည်။

"ယောကျ်ားဘာဖြစ်တာလဲ၊ ပြောပါဦး"

"ငါသေရတော့မယ်ထင်တယ်၊ ငါ ဘာမှမမြင်ရတော့ဘူး။ မျက်လုံးတွေပြာလာပြီ။ ငါ့ခြေထောက်ကို မြွေပွေးကိုက်သွားတယ်"

ဘိုးစိန်ကြီး၏ ညာဘက်ခြေချင်းဝတ်တွင် မြွေစွယ်ရာနှစ်ခုတွေ့ရသည်။ သွေးလည်းစို့နေသည်။

"ငါ့ကိုဆေးရုံမပို့နဲ့။ အဘကိုပင့်ပြီးအဘပြောတာလုပ်ကြ"

ပြောပြောဆိုဆိုနှင့် ဘိုးစိန်ကြီး ဇက်ကျိုးကျသွားပြီး လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားပါတော့သည်။ မြန်မာတို့၏ ထုံးစံအတိုင်း နာရေးကိစ္စကို ဆောင်ရွက်ကြလေသည်။ အသုဘကို ရေချိုးသည်။ ပိတ်ဖြူဖြင့်လွှားထားသည်။ အသုဘကိုပြင်ဆင်ထားကြလေသည်။

အဘအောင်မင်းခေါင်ဆေးကုပေးခြင်း

ဦးဘိုးစိန်မိသားစုမှာ ဦးဘိုးစိန် မသေမီက မှာကြားခဲ့သော စကားအရ အဘအောင်မင်းခေါင်ကိုပင့်ရလေသည်။ ရာမညကွက်သစ်သို့သွားပြီး အဘကိုရှာသည်။ ဦးစုအိမ်တွင် အဘကိုတွေ့ပြီး အဘသား မြွေကိုက်၍ ညကဆုံးသွားကြောင်း လျှောက်ထားလေသည်။

"ကဲ - မောင်စုရေ၊ ဘိုးစိန်ကြီး အသုဘချဖို့ ငါတို့သွားကြရအောင်"

"ဟုတ်ကဲ့ အဘ"

အဘအောင်မင်းခေါင်နှင့် သားသမီးများသည် တက်ဆိပ်ရပ် ဦးစိန်ကြီး၏ အိမ်သို့ ရောက်လာကြလေသည်။ အသုဘအခမ်းအနားကို ရပ်ကွက်မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြပါသည်။ ခေါင်းမှာသူကမှာသည်။ ကနားဖျင်းထိုးသူကထိုးသည်။ ယပ်တောင်ဝယ်ပြီး နာရေးကောင်းမှုလုပ်တဲ့သူကလုပ်သည်။ ဘုန်းကြီးပင့်တဲ့သူက ပင့်ကြလေသည်။

"အဘသားတော်မောင်က အဘသားအရင်းပါ။ သူသေခါနီးအထိ စကားပြောသွားသေးတယ်"

"အေး - ဘာပြောသွားလဲ"

"သူ့ကို ဆေးရုံမတင်နဲ့၊ အဘကို ပင့်ပြီး အဘပြောတဲ့အတိုင်း ဆောင်ရွက်ပါလို့ မှာခဲ့တယ်"

"ဩော် - အရှုးက ဒီလိုပြောသွားသေးတာကိုး။ ဒါဖြင့်ငါ့ကိုယုံသလား"

"ယုံပါတယ် အဘ၊ အဘခိုင်းတာ သမီးတို့ အကုန်လုပ်ပါမယ်"

"ကောင်းပြီ၊ ဒါဆိုရင် ဘိုးစိန်ကြီးရဲ့ အသုဘကို(၃)ရက်ထားရမယ်"

"ဟုတ်ကဲ့"

"နေ့စဉ်လာတဲ့သူတွေကို ဒံပေါက်ကျွေးရမယ်"

"ဟုတ်ကဲ့"

"အသုဘကို ခမ်းခမ်းနားနားဖြစ်အောင် ဆိုင်းဌားရမယ်"

"ဟုတ်ကဲ့ အဘ"

"ဒီအသုဘကို ဆိုင်းဝိုင်းနဲ့ မြိုင်မြိုင် ဆိုင်ဆိုင်ချမယ်"

"ဟုတ်ကဲ့ အဘ"

"အေး - အသုဘချတဲ့နေကျရင် ငါပြန်လာခဲ့မယ်"

ဦးဘိုးစိန်၏အိမ်တွင် နေ့စဉ် လူတွေစည်ကားနေပါသည်။ အသုဘကို လူတိုင်းကြိုဖူးသော်လည်း ယခုတော်ရှု၏ အသုဘသည် ထူးခြားပေစွ။ နေ့စဉ် ဆရာတော်တွေပင့်၍ ဒံပေါက်ဆွမ်းကပ်သည်။ လာကြသူ အယုတ်အမြတ် အလတ်မရွေး ဒံပေါက်ကျွေးသည်။ နေ့စဉ် လာကြသူတွေ မပျင်းအောင် မြန်မာ့ဆိုင်းဝိုင်းဖြင့် ဧည့်ခံလေသည်။ ဆိုင်းသံကြား၍ လာကြသူတွေမနည်းပါ။ အလှူမဟုတ်၊ နတ်ကနားပေးတာမဟုတ်ပါ။ တစ်ခါမှ မမြင်ဘူးသော အသုဘ အခမ်းအနားဖြစ်လေ၏။

(၃)ရက်မြောက်နေ့တွင် အဘကြွလာသည်။ ပရိသတ်ကြီးသည်လည်း အုတ်အုတ်ကျွက်ကျွက်နှင့် အထူးစည်ကားနေလေသည်။ တာဝန်အရလာကြသူများရှိသလို တစ်ခါမှမမြင်ဘူးသော အသုဘအခမ်းအနားကို စူးစမ်းရန်လာကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများဖြင့် ပြည့်နေလေသည်။ အသုဘအခမ်းအနားကို ညနေ (၁) နာရီတွင် မြေချမည်။ အဘသည် တပည့်များနှင့် ဣန္ဒြေရစွာ ထိုင်နေလေသည်။

ဦးဘိုးစိန်၏ဇနီးမှာ အာဘံထံလာပြီး အဘကိုကဲ့ရဲ့တော့ရင်း -

"အဘသားတော်ကို လူဘဝပြန်ရောက်အောင်ကယ်မပေးတော်မူပါ"

"ငါ့ကိုကယ်ခိုင်းတာလား"

"ဟုတ်ကဲ့ အဘ၊ သားတော်မှာ အပြစ်ရှိရင်ကျေပါစေကြောင်း သမီးကန်တော့ပါတယ်။ သားတော်ကို သည်းခံခွင့်လွှတ်ပါ။ သားတော်အသက်ကို ကယ်တင်ပေးပါ"

"အေးအေး-ကောင်းပြီ၊ ငါတော့ကယ်ချင်တယ်။ ငါ့ကို ငွေဘယ်လောက်ကန်တော့မှာလဲ"

"အသက်ထက်ငွေကအရေးမကြီးပါဘူးအဘ။ လိုသလောက်ကန်တော့ပါမယ်"

"ကောင်းပြီ၊ ဘိုးစိန်ကြီးအသက်ရှင်ချင်ရင် ငွေ (၁၀) သိန်းကန်တော့ရမယ်"

"ကောင်းပါပြီ အဘ"

"မောင်စုရေ လာပါဦးကွယ်၊ ငါ့ငယ်ငယ်က လူကြီးတွေပြောသံကြားဖူးတယ်။ မြွေကိုက်တဲ့သူတွေဟာ အပူများတယ်။ ရေအေး(၉)လုံးချိုးပေးရင် ရောဂါပျောက်တယ်လို့ ကြားဖူးတယ်"

"ဟုတ်ကဲ့"

"အေး - ရေအေးအေး(၉)လုံးယူခဲ့။ ဒီအသုဘခေါင်းကိုဖွင့်ပြီး လောင်းထည့်ကြကွာ"

"ဟုတ်ကဲ့ အဘ"

ဦးစုနှင့် အဘသားသမီးများသည် ဘိုးစိန်ကြီး၏ အသုဘအခေါင်းကိုဖွင့်ပြီး ရေအိုး (၉) လုံး လောင်းချလိုက်သည်။ အဘသည် နှုတ်မှတတွတ်တွတ်ရွတ်ဆိုပြီး ဘိုးစိန်ကြီးကို လက်ညှိုးထိုးလိုက်သောအခါ အံ့သြစရာမြင်ကွင်းဖြစ်ပေါ်လာလေသည်။ သေနေသော အသုဘ ဦးစိန်ကြီးမှာ ခေါင်းထဲမှ ထထိုင်လေတော့သည်။

"မြမြဘယ်မှာလဲ၊ မြမြ"

မြမြဆိုသည်မှာ ဦးစိန်ကြီး၏ဇနီးဖြစ်ပါသည်။ အားလုံးဝိုင်း၍လာကြပြီး ဝမ်းပန်းတသာပြေးဖက်ကြလေသည်။

"ဒါဘာလုပ်နေကြတာလဲ"

"ရှင်သေလို့ အခုအသုဘချမလို့"

"ဘာပြောတယ်၊ ငါသေလို့ ဟုတ်လား"

"ဟုတ်တယ်၊ ဒါ ခေါင်းကြီးပဲ။ ခွံမြေချဖို့လုပ်နေတာ"

"ဖြစ်မှဖြစ်ရလေ မြမြရယ်၊ ငါ့မသေပါဘူးကွ၊ ရေကူးတတ်ပါတယ်"

"အဘကယ်လို့ ရှင်သေရွာက ပြန်လာတာ၊ အဘကိုကန်တော့လိုက်ပါဦး"

ဘိုးစိန်ကြီးသည် ခေါင်းထဲမှ ထလာပြီး အဘကိုထိုင်၍ကန်တော့လေသည်။

"သားမှားပါပြီ အဘ၊ သားကို ခွင့်လွှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com

ယားသစ်သင်တန်းကို ၁၉၆၆ ခုနှစ်က မိတ္ထီလာမြို့ အမှတ်(၃)လေ့ကျင့်ရေးကျောင်း (ယခု ရမည်းသင်းမြို့) ဘပ်ခွဲ(၁)မှာ တက်ခဲ့ရတာပါ။ သင်တန်းတက်ခဲ့ပတ်က (၉/၆၆) ဖြစ်ပါတယ်။

သင်တန်းသား(၂၅၀)ပါ။ သင်တန်းခွဲလက (၆) လ၊ ကိုယ်ပိုင်နံပါတ်တွေ (၂၉၃၉×××) မှစပြီး (၂၉၄၀×××) တွေ ဆုံးပါတယ်။ စာရေးသူရဲ့ကိုယ်ပိုင်နံပါတ်က (၂၉၃၉၈၈) ဖြစ်ပါတယ်။

၁၉၆၇ခုနှစ်၊ မတ်လပထမပတ်မှာ သင်တန်းဆင်းပါတယ်။

သင်တန်းဆင်းတော့ ကျောင်းအုပ်ကြီး ကြည်း-၅၄၉၅ ဒုတိယဗိုလ်မှူးကြီး ဦးညီက ကျောင်းဆင်းမိန့်ခွန်းပြောပါတယ်။

အောင်မြင့်မိုး

ကျည်လွှဲအဆောင်

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ခေတ်က တပ်ထဲဝင်ရတာ လွယ်လွယ်နဲ့ဝင်လို့မရဘူး။ ဝင်တဲ့လူကလည်းများမှများ။

မန္တလေး နန်းတွင်းစုဆောင်းရေးမှာ ဝင်တာပါ။ သေသေချာချာစစ်ပြီးမှ လက်ခံတာ။ ဘာသာ၊ လူမျိုးစုံမှစုံ။ ဆေးကျသူကလည်း များမှများ။ တချို့မှာ ငိုတောင်ငိုကြတယ်။

ဒီနေ့ခေတ် အရာရှိသင်တန်းလွှေ့သလောက်ခက်တယ်လို့တောင်မှ ပြောချင်ရဲ့။

သင်တန်းဆင်းတော့ ဘိုကလေးမြို့အခြေစိုက် ခ-လ-ရ (×××) ကို စာရေးသူ အပါအဝင် (၁၆)ယောက်ရောက်ပါတယ်။ အခုတော့ ခ-လ-ရ (×××) က မြစ်ကြီးနားရောက်နေပြီ။ ၁၉၆၈ ခုနှစ်၊ ဧပြေလမှာ ပြောင်းခဲ့ရတာ။ စာရေးသူတို့တပ်ရင်းနေရာမှာ ဆရာအတတ်သင် ကျောင်းဖွင့်ထားတယ်လို့ ကြားတာပဲ။

တပ်ရင်းကို ရောက်ရောက်ချင်း အရာရှိရိပ်သာမှာ သန့်ရှင်းရေးလုပ်ဖို့ တာဝန်ကျတယ်။

အရာရှိရိပ်သာမှာ (×××)မြို့၊ ခရိုင် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ (ခ-လ-က) လုပ်ခဲ့တဲ့ ဗိုလ်ကြီးမောင်လှဆိုတဲ့ ဗိုလ်ကြီးတစ်ယောက် အမှုဖြစ်လို့ရောက်နေပါတယ်။ ဘယ်တပ်ရင်းကဆိုတာတော့ မသိပါဘူး။ အသက်ကတော့ (၄၀) လောက်ရှိပြီ။

အရာရှိရိပ်သာမှာ သုံးရက်လေးရက်လောက် အလုပ်သွားလုပ်တော့ ဗိုလ်ကြီးမောင်လှ(အမည်လွှဲ)နဲ့ တော်တော် ခင်မင်ရင်းနှီးသွားကြပါတယ်။

ဗိုလ်ကြီးမောင်လှဟာ ဘာသာရေးအလွန်ကိုင်းရှိုင်းသူပါ။ တစ်နေကုန် ဘုရားကျောင်းဆောင်ရွေ့ကထတယ်လို့ မရှိပါဘူး။

တစ်ခုတော့ရှိတာပေါ့လေ။ အမှုဖြစ်ခါမှ ဘုရား၊ တရား အားကိုးနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

အဲ-တစ်နေ့တော့ ဗိုလ်ကြီးမောင်လှက -

"လူလေး၊ မင်း အခုမှ စစ်တပ်ထဲရောက်စရှိသေးတယ်။ နောင်နှစ်ပေါင်းများစွာနေရဦးမှာ။ တိုက်ပွဲတွေလည်း အများကြီးတွေ့ရဦးမှာ။ ဒီတော့ မင်းကို ကျည်လွှဲ (ကျည်ဆန်လွှဲ)အဆောင်ပေးလိုက်မယ်"

ဘာပြောကောင်းမလဲ။ ဝမ်းသာဘိခြင်း။ ရေဆာနေတုန်း ရေတွင်းထဲကျဆိုသလိုပေါ့။

အဲသည်ကာလက မြစ်ဝကျွန်းပေါ်ဒေသမှာ အလွန်ဆိုးတဲ့ကာလပေါ့။ သောင်းကျန်းသူဆိုတာ ပေါမှပေါ။ ဘိုကလေးမြို့ပေါ်မှာတောင်မှ ခဏခဏ ဝင်တာ။ ဟိုနေရာဝင်ပစ်လိုက်၊ သည်နေရာသတ်လိုက်၊ မီးရှို့လိုက်နဲ့ တစ်ည မှ အေးအေးချမ်းချမ်းမရှိဘူး။

ရှေ့တန်းမှာလည်း တိုက်ပွဲတွေ ခဏခဏဖြစ်သံတွေကြားနေရတယ်။

သည်အချိန်ကာလမျိုးမှာ ဗိုလ်ကြီးပြောတဲ့ 'ကျည်လွှဲ' အဆောင် မလိုချင်ဘယ်ရှိပါ့မလဲ။

ဒါနဲ့ ဟန်မဆောင်နိုင်ဘူး။ ချက်ချင်း တုံ့ပြန်လိုက်တယ်။

"လိုချင်ပါတယ် ဗိုလ်ကြီးရယ်၊ ကျွန်တော့်ကိုပေးပါ။ ကျွန်တော်ဘာလုပ်ပေးရပေးရ လုပ်ပေးပါ့မယ်"

စာရေးသူစကားဆုံးတော့ ဗိုလ်ကြီးမောင်လှက ခဏလောက်ဆိုင်းပြီး အောက်ပါအတိုင်း တုံ့ပြန်ပြောပြပါတော့တယ်။

"မင်း စစ်ဆင်ရေးမှာ ခရီးထွက်တဲ့အခါ ချီတက်တော့မယ်ဆိုတာနဲ့ ပထမဦးဆုံး စိတ်နဲ့သစ္စာဆိုရမယ်။

'ငါသည် မည်သူကိုမျှသေစေလိုသော စေတနာဆိုးဖြင့် သတ်ဖြတ်ရန် မရည်ရွယ်ပါ။ သို့ရာတွင် ဘာသာ၊ သာသနာ၏ အန္တရာယ်၊ တိုင်းပြည်နှင့် လူမျိုး၏အန္တရာယ်တို့ကို သုတ်သင်ရှင်းလင်းခြင်းအဖြစ်ဖြင့်သာ ပစ်ခတ်သတ်ဖြတ်ရပါမည်။ ဤသစ္စာမှန်ကန်ပါက တွေ့ကြုံရသည့်တိုက်ပွဲတိုင်း အနိုင်ရပါစေသား' လို့ သစ္စာဆိုရမယ်။' သမီး

ဒါက ပထမအဆင့်။ ဒုတိယအဆင့်အနေနဲ့ကတော့ -

"တိုက်ပွဲစဖြစ်ပြီဆိုပါစို့ ရန်သူပစ်လိုက်တဲ့ သေနတ်သံ 'ဒိုင်း' ဆိုတာနဲ့ ပထမဆုံး ကျည်ကွယ်၊မျက်ကွယ်တစ်ခုမှာနေရာယူမှာ အမှန်ပဲ။

အဲဒီလို နေရာယူလိုက်တာနဲ့တစ်ပြိုင်နက် မင်းလုပ်မှာက လက်တစ်ဖက်နဲ့ အမြန်ဆုံး ခဲရရ၊ တုတ်ရရ၊ သစ်ကိုင်း ဝါးကိုင်း၊ သစ်ရွက်၊ ဝါးရွက် ရနိုင်တဲ့အရာတစ်ခုခုကို 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လို့ဆိုပြီး ကိုင်လိုက်။ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' လို့ဆိုပြီး ဆွဲယူလိုက်။ 'သံဃံ သရဏံ ဂစ္ဆာမိ' လို့ဆိုပြီး ပါးစပ်ထဲထည့်ပြီး သွားနဲ့ကိုက်ထားလိုက်။ မင်းရဲ့အာခံတွင်းထဲမှာ သရဏဂုံသုံးပါးရှိနေမှတော့ ကျည်လွှဲပြီ။ အန္တရာယ်ကင်းပြေပါ့ကွာ။ စိတ်ချလက်ချ ယုံယုံကြည်ကြည် လိုက်နာဆောင်ရွက်ပါ ရဲဘော်ကလေးရယ်။ မင်းစစ်သက်တစ်လျှောက်လုံး ဘာဒဏ်ရာမှ မရစေရဘူး။ တိုက်ပွဲတိုင်း အောင်မြင်မူရမှာ မြေကြီးလက်ခတ်မလွှဲဘူး။ ငါရဲ့ရဲကြီး အာမခံတယ်"

စကားကို စိတ်ရှည်လက်ရှည်၊ ရွှေဟန်လက်ဟန်နဲ့ သရုပ်ပြပြောဆိုပြီး အဆုံးသတ်လိုက်ပါတယ်။

စာရေးသူလည်း ခ-လ-ရ (×××) ဘိုကလေးမြို့၌ရှိစဉ် ၁၉၆၇ ခုနှစ် မတ်လက ဗိုလ်ကြီးမောင်လှပြောခဲ့တဲ့ ကျည်လွှဲအဆောင်ကို စစ်သက်တစ်လျှောက်လုံး တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ပါတယ်။

တပ်မတော်အတွင်းမှာ (၄၁) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တပ်သားအဆင့်မှ အရာခံဗိုလ်အဆင့်အထိပါ။ တပ်ရင်းအသီးသီး၊ ပြည်နယ်နေရာအသီးသီး၊ မြန်မာပြည်တစ်နံတစ်လျား နေရာအနှံ့ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ရပါတယ်။

၂၀၀၆ ခုနှစ်မှာ သက်ပြည့်အပြီး စားယူခဲ့တဲ့အခွင့်အထိ ရန်သူလက်နက်နှင့် ဒဏ်ရာဒဏ်ချက် တစ်စုံတစ်ရာမရခဲ့ဖူးပါ။

အထက်ဖော်ပြပါ ကျည်လွှဲနည်းစနစ်အတိုင်း လိုက်နာ ကျင့်သုံးမည်ဆိုပါက အမှန်ပင် အစွမ်းထက်သည့် အဆောင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ် ခင်ဗျား။

ဒေါင်ဦးမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုး (ရွှေဘာရာလိုဦး)
(ဘားဒေါသဆောင်) နှံကြီး

တားရော်ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
(အဓိကကားချပ်များ/ Major Arcana)
VIII. Justice

[မှတ်မမြင်ပဘူးခြောက်ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော်ပြင် (၁) ဆောင်းပါးအားဖတ်ပြီးမှ တားရော်ကားချပ်ဆောင်းပါးများအား လေ့လာဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည်ဖြစ်ပါသည်။]

အညွှန်းကွဲများ

- Judge
- Astraea
- The Scales
- Magdalene
- Ma (Egyptian goddess of Truth)

အဆင့်နှယ်မှုများ

- တူရာသီ
- ဟီးဘရူးအက္ခရာ "Lamed"
- နေနှင့်လ
- အီဂျစ်နတ်ဘုရားမ Ma' at

အနှစ်ဖော်ပုံ

စိမ်းပြာရောင် နောက်ခံပေါ်တွင် ဘီမွှေးရောင်နှင့် အဝါရောင်လွှမ်းသော အောက်မီပါထိုင်ခုံ/သလွန်ပေါ်မှာ အမျိုးသမီးတစ်ဦးထိုင်နေသည်။ ဝါ/လိမ္မော်ဆောင်များပါသောသရဖူကို ခေါင်းတွင် ဆောင်းထား၏။ သရဖူ၏ရှေ့တည့်တည့်တွင် အနီရောင်တောက်ပသောကျောက်မှတ်ရတနာတစ်ခုတပ်ဆင်ထားသည်။ အတွင်းခံ အနီရောင် ထက်+အောက်ဆင်စုံပေါ်တွင် အပြာရောင်အပေါ်ဝတ်ရုံကို ဝတ်ဆင်ထားသည်။ယာဘက်လက်နှင့် (၂) ဖက်သွားဓားရှည်ကို ထောင်ကိုင်ဆောင်ထားသည်။ ဘယ်ဘက်လက်တွင် ခြိန်ခွင်ကို ကိုင်ထား၏။ နှစ်ဘက်စလုံးသို့ စူးစိုက်ကြည့်နေသော မျက်လုံးအစုံသည် အစိမ်းရောင်တောက်ပလျက်ရှိပါသည်။

ကားချပ်တစ်ခုလုံးကို ခြုံကြည့်သူင် လိမ္မော်၊ အဝါ၊ အပြာ၊ အနီတို့အား ပြိုင်လျက်ရှိ၏။ သို့သော် သရဖူတွင် တပ်ဆင်ထားသော အနီရောင်ကျောက်မျက်ရတနာတစ်လုံးနှင့် တောက်ပသော အစိမ်းရောင်မျက်လုံးတစ်စုံက ထူးခြားစွာ ပေါ်လွင်စေပါသည်။ ခြိန်ခွင်က အမှား-အမှန်၊ အကြောင်း-အကျိုးကို စစ်ဆေးဆုံးဖြတ်မည့်အဓိပ္ပာယ်။ ဓားက အမှားကျူးလွန်ခဲ့သည်ရှိသော် အပြစ်ပေးမည့်သဘော/ပြန်လည်ပေးဆပ်ရမည့်သဘောနှင့် မတူညီသော လားရာရှိသည့်အားနှစ်ခုတို့ တွေ့ဆုံအားပြိုင်မှုတို့ ဖော်ပြနေပါသည်။

အမှား/အမှန် အကြောင်းအကျိုးကို စိစစ်ဝေဖန်၍ (အပြာရောင်)၊ မှန်ရာအတိုင်း သတ္တိရှိစွာ ဆုံးဖြတ်ဆောင်ရွက်မည့် (အနီရောင်) သဘော၊ လူသားတို့အတွက် မှန်ကန်သော အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်/ဖြစ်ထွန်းစေမည့်သဘော (အစိမ်းရောင်) တို့ကို ထင်ရှားပေါ်လွင်စွာ မြင်တွေ့နိုင်ပါတယ်။

လောကသစ္စာ/ လောကဓမ္မ (သို့) လူသားတို့၏ ဥပဒေကို ဖော်ညွှန်း၏။ လောကသစ္စာ/လောကဓမ္မ/တရား ဥပဒေတို့မည်သည် မသိ၍ဖောက်ဖျက်ကျူးလွန်ခဲ့မိပါသည်ဟု ဆင်ခြေပေး၍ မရ၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဖောက်ဖျက် ကျူးလွန်မိပါက တစ်ခုခုတော့ ပြန်လည်ပေးဆပ်ရမည်မှာ အသေအချာပင် ဖြစ်သည်။

လူမှုရေး၊ စည်းကမ်း၊ ဥပဒေနှင့် သက်ဆိုင်သောကိစ္စတစ်ခုခုကို အဆုံးအဖြတ်ပေးနိုင်မည့်သူ၊ တရားသူကြီးကိုလည်း ညွှန်းပါတယ်။ အမှုကိစ္စတစ်ခုနှင့် ကြုံတွေ့ရခြင်း၊ စာချုပ်စာတမ်း၊ အသိသက်သေလက်မှတ်ရေးထိုးခြင်းတို့လည်း ဖြစ်နိုင်ပါတယ်။

လူတွေ စုပေါင်းနေထိုင်ကြတဲ့ လူ့လောကကြီးမှာ တစ်ဦးတစ်ယောက်ရဲ့ ပြုမူလုပ်ဆောင်ချက်တစ်ခုဟာ အခြားသောသူတစ်ဦးတစ်ယောက်ကို မထိခိုက်စေဖို့နဲ့ အခြားလူတစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွား/ဆန္ဒ/ရပ်တည်မှုတွေကို မထိခိုက် မနစ်နာစေဘဲ မိမိရဲ့ အကျိုးစီးပွား/ဆန္ဒ/ဖြစ်တည်မှုတွေကို တိုးပွားအောင်လုပ်ဆောင်ဖို့၊ တစ်ဦးချင်း ကျင့်ဝတ်သိက္ခာ၊ အဖွဲ့ချင်း စည်းမျဉ်း၊ ဥပဒေတွေကို လိုက်နာပြီး ဆောင်ရွက်ကြမှသာ ပတ်ဝန်းကျင်နဲ့ သဟဇာတညီမျှပြီး မိမိလိုရာခရီးကို လျှောက်လှမ်းနိုင်မှာ ဖြစ်ပါသည်။

'လွတ်လပ်စွာ ဆောင်ရွက်မှု'နှင့် 'ရမ်းကားမှု' ဆိုတာကို စည်းကမ်းဥပဒေက ပေါင်ခတ်ပေးထားပါတယ်။ မိသားတစ်စုအတွင်း၊ လူမှုဒေသတစ်စုအတွင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း နယ်နိမိတ်တစ်ခုအတွင်း စုစည်းနေထိုင်ကြတဲ့ အဖွဲ့ဝင်တွေဟာ မိသားစု၊ လူမျိုး၊ အဖွဲ့အစည်း၊ နယ်နမိတ်အတွင်းချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို ကိုယ်စီကိုယ်စီလိုက်နာကျင့်သုံးကြမှသာလျှင် လူ့ဘောင်လောကကြီးဟာ သာယာအေးချမ်းနိုင်ကြမည် ဖြစ်ပါသည်။

ဥပမာအနေနှင့် လူသားအချင်း

www.burmeseclassic.com

www.burmeseclassic.com

ချင်း စာနာထောက်ထားပါ။ အရာရာမှာ ကိုယ်ချင်းစာတရား ပြုမူဆောင်ရွက်ခြင်းဟာ ယေဘုယျ လူသားတိုင်းလိုက်နာဆောင်ရွက်သင့်တဲ့ အခြေခံဥပဒေသတစ်ခု ဖြစ်ပါသည်။ အဲဒီက ဆင့်ပွားလိုက်တဲ့အခါ -

□ မိမိရဲ့အသက်ကို
အသတ်မခံချင်သလို
သူတစ်ပါးရဲ့အသက်ကိုလည်း
မသတ်ပါနှင့်။
မိမိပစ္စည်းကို
သူတစ်ပါးခိုးယူတာမကြိုက်လျှင်
သူတစ်ပါးရဲ့ပစ္စည်းကိုလည်း
မခိုးပါနှင့်။
စသည် စသည်ဖြင့် . . .

လူသားတိုင်း လိုက်နာသင့်တဲ့ အခြေခံလူကျင့်ဝတ်တွေရှိသလို ဘာသာအလိုက်၊ လူမျိုးအလိုက်၊ တိုင်းပြည်အလိုက်၊ ရပ်ရွာဓလေ့အလိုက်၊ အဖွဲ့အစည်းအလိုက်၊ မိသားစုအလိုက် ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကိုလည်း ကိုယ်စီကိုယ်စီ လိုက်နာရမှာဖြစ်ပါသည်။

လောကကြီးရဲ့ အခြေခံဥပဒေသတွေကို ဖောက်ဖျက်လျှင် လောကဓမ္မ၊ လောကသစ္စာတရားကြီးရဲ့ ဒဏ်ခတ်မှုကို ခံရပါလိမ့်မည်။

ဒီနှိုင်ငံအတွင်းမှာနေပြီး ဒီနှိုင်ငံက ထုတ်ပြန်ထားတဲ့ တရားဥပဒေကို ဖောက်ဖျက်ရင် ဥပဒေဆိုင်ရာ တာဝန်ရှိသူတွေ၏ အရေးယူအပြစ်ပေးမှုခံရပါမည်။

ဒီရွာထဲမှာနေပြီး ဒီရွာရဲ့ စည်းကမ်းဥပဒေကို မလိုက်နာလျှင် ရွာအပြင် ထုတ်ပြီး ဝိုင်းကြဉ်ခြင်းခံရပါမယ်။

ဒီမိသားစုအတွင်းမှာ မွေးဖွားကြီးပြင်းလာပြီး ဒီမိသားစုရဲ့ စည်းကမ်းကို ဖောက်ဖျက်မယ်ဆိုလျှင် ဝိုင်းကြဉ်ဒဏ်ခတ်ခြင်းကိုခံရပါမယ်။

ပုထုဇဉ်လူသားတိုင်းမှာ အတ္တစိတ်ရှိကြတယ်။ ကြီးမားကြတယ်။ ဘဝကို အတ္တကို အလိုလိုက်ပြီး စိတ်ကြိုက်လုပ်ဆောင်ကြရင် တခြားလူတစ်ယောက်ရဲ့အတ္တကို ထိခိုက်စရာတွေပါလာတတ်ပါတယ်။ ဒါကြောင့် ယဉ်ကျေးတဲ့လူသားအဖွဲ့အစည်းအတွင်းမှာ မိမိအကျိုးကို ချည်း ဦးစားမပေးဘဲနဲ့ သူတစ်ပါးရဲ့အကျိုးစီးပွားတိုလည်း စောင့်ရှောက်ကူညီပေးဖို့ စဉ်းစားလုပ်ဆောင်လာကြပါသည်။

တစ်နည်းအားဖြင့် အတ္တနှင့် ပရမ္မတစေဖို့ ရည်ရွယ်ရင်းဖြစ်ပါသည်။ လူသားအချင်းချင်း အပြန်အလှန်မေတ္တာတရားနှင့် ကျေးဇူးတရားတွေ အလေးထားကြမယ်ဆိုလျှင် လူလောကကြီး အေးချမ်းပါသည်။ မိမိလည်း အေးချမ်းပါသည်။

ဒါကြောင့် "ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ" ဆိုသည့်ဆောင်ပုဒ် ပေါ်ထွက်လာတာပါ။

အနှစ်ချုပ်ပြောရလျှင် ဒီကားချပ်ထဲက ချိန်ခွင် အမှားနဲ့အမှန်၊ အဆိုးနဲ့အကောင်း၊ အကုသိုလ်နဲ့ ကုသိုလ်တို့ရဲ့ အင်အားကို ချင့်ချိန်နိုင်းဆခြင်းဖြစ်ပြီး ဓားကတော့ အမှားတွေအတွက် ပြန်လည်ပေးဆပ်ရမယ့် သင်္ကေတတွေပဲ ဖြစ်ပါတယ်။

ဒီတော့ ယခု တွေ့ကြုံနေရတဲ့ အခြေအနေ၊ အကြောင်းအရာ၊ အဖြစ်အပျက်တွေကို ဂရုတစိုက် ဆင်ခြင်စဉ်းစားပြီးမှ ဆောင်ရွက်ဖို့ သတိပေးနေပါသည်။

ဟောချက်နမူနာ (၁)

အိမ်ဝယ်/ရောင်းလုပ်နေတဲ့ လာနေကျ Custommer အမျိုးသမီးတစ်ဦး။ ထုံးစံအတိုင်း သူလေ့လာပြီး အိမ်တစ်လုံးကိုဝယ်ဖို့၊ မဝယ်ဖို့ တားရော့နဲ့ အဆုံးအဖြတ်ချာယူပါတယ်။ သူမရဲ့ မေးနေကျမေးခွန်းက ပြတ်ပြတ်သားသားပဲ။ သူများတွေလို မရွှပ်ထွေး၊ မရှည်လျားဘူး။ ဒီအိမ်ကို ဝယ်သင့်သလား၊ မသင့်ဘူးလား၊ ပြန်ရောင်းရင် မြတ်မလား၊ မမြတ်ဘူးလား။ တားရော့ကားချပ်တစ်ချပ်နဲ့ပဲ အဖြေက ပြတ်ပါတယ်။

ဒါပေမယ့် တားရော့ကားချပ်တွေနဲ့ ကျွန်တော်က ရင်းနှီးလာတာကြာတော့ တစ်ခါတလေ လူတွေလိုပဲ မေးတာကို ချက်ချင်းမဖြေဘူး၊ နည်းနည်းလေး 'ဝိ' ချင်တယ်။ ကိုယ်မေးတာကို အရင်မဖြေဘူး။ သူမြင်တာ သူပြောချင်တာကို အရင်ပြောတယ်။ ပြီးမှ ကိုယ်မေးတာကို ဖြေတယ်။ ဒီအထာကို ကျွန်တော်က သိနေပြီ။ အခုလည်း Yes (or) No မေးတာကို သူက ချက်ချင်း မဖြေဘူး။ သူပြောချင်တာကို ပြောနေပြန်ပြီ။ သူက ဘာပြောလဲဆိုတော့-

Justice တဲ့။

"ငါ့တူမ ညည်းအိမ်က စာချုပ်စာတမ်းနဲ့ ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စတွေထမရှင်းမလင်း မပြတ်မသားဖြစ်နေတယ်။ ဥပဒေအရ မပြတ်သားဘူးလို့ တားရော့က ပြောနေပါလား"

"ဟုတ်တယ် ဆရာ၊ ဂရန်ထအမည်ပေါက်မဟုတ်ဘူး။ သူတို့ထတစ်ဆင့်ဝယ်ထားတာ။ ဒါပေမယ့် ဝယ်ထားတာတော့ ကြာပါပြီ။ တောင်ဥက္ကလာစတည်ထောင်ပြီးစ အချိန်လောကတည်းကဝယ်ထားတာ။ မူလပိုင်ရှင်တွေလည်း ဘယ်ရောက်နေပြီလဲ မသိတော့ဘူး။ အသက်ရှိထင်ရှားတောင်ရှိရှိသေးရဲ့လားမသိဘူး။ နောက်ဝယ်ထားတဲ့သူကလည်းသေပြီ။ အခုလက်ရှိနေတာက သူသားနဲ့သမီး။ တခြားရောက်နေတဲ့သားသမီးတွေကလည်း ဒီအိမ်ကို ရောင်းဖို့ သဘောတူကြောင်းလက်မှတ်ထိုးပေးထားတယ်"

"ကျွန်မက ဝယ်/ရောင်းလုပ်မှာဆိုတော့ ဂရန်အမည်ပေါက်မလုပ်ချင်တော့ဘူး။ ငွေကုန်တယ်။ အချိန်ကြာတယ်။ ဒီအိမ်နဲ့ ဒီလမ်းလေးကသန့်ရှင်းတာ။ ပြဿနာမရှိအောင်တော့ ရှေ့နေနဲ့စနစ်တကျလုပ်မှာပါ။ ဒါကြောင့် ပြန်ရောင်းရင် မြတ်မမြတ်၊ ဝယ်ရ၊ မဝယ်ရ သိချင်တာထက် ဆက်မေးပေးပါဦး"

သူမကလည်း မေးနေကျဆိုတော့ ကျွန်တော်နဲ့ တားရော့အပေါ် ယုံကြည်မှုရှိသလို နားလည်မှုလည်းရှိပါတော့ နှောက်ထပ်မေးလိုက်တော့မှ တားရော့က ဖြေတယ်။ ဝယ်ပါ၊ မြတ်ပါမဲ့ တဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဆောချက်နမူနာ (၂)

အသက် (၂၀) အရွယ်ခန့် မိန်းကလေးတစ်ဦး၊ သူမက သူမရဲ့ လက်ရှိအခြေအနေလေးတွေကို ပြည့်ပြည့်စုံစုံသိချင်တယ်ဆိုလို့ Celthic Cross Spread လို့ခေါ်တဲ့ ကားချပ် (၁၀) ခုနဲ့ ဖြန့်ခင်းပြီး ဟောပေးလိုက်ပါတယ်။ အဲဒီလို ဖြန့်ခင်းထားတဲ့ နံပါတ် (၉) မြောက် မိမိ၏ ဘဝရည်မှန်းချက်ဆိုတဲ့နေရာမှာ Justic ကားချပ် ကျရောက်နေပါတယ်။ ဒီတော့ ကျွန်တော်မေးလိုက်တယ်။

"သမီးကျောင်းသူလား"

"မဟုတ်ဘူး ဆရာ၊ (၁၀) တန်းအောင်ခါကျပြီး နားလိုက်တယ်။ အခု အလုပ်လျှောက်ထားတယ်"

"ဒါဆို သမီးအလုပ်လျှောက်ထားထဲနေရာက တရားဥပဒေနဲ့ပတ်သက်ပြီး ရွေးရတဲ့ ဌာနလား"

"မဟုတ်ဘူး ဆရာ၊ ခရီးသည်ဆောင်ရေးပါ"

"အဲဒါဆိုရင်တော့ နည်းနည်းထူးဆန်းနေပြီ။ ဒီလို ဘဝရည်မှန်းချက်ဆိုထဲနေရာမှာ ဒီကားချပ်ပေါ်လာတာ ဆရာ မကြုံဖူးသေးဘူး။ ဒီကားချပ်ရဲ့ အဓိပ္ပာယ်က (တရားဥပဒေ၊ အမှားအမှန် တရားမျှတမှု) ဆိုတဲ့ အဓိပ္ပာယ်တွေရှိတယ်။ သမီးက ဥပဒေကျောင်းသူလည်းမဟုတ်၊ တရားဥပဒေနဲ့လုပ်ရတဲ့ အလုပ်မျိုးမှာလည်း မဟုတ်ဆိုတော့ တစ်ခုပဲ ပြောစရာရှိတော့တယ်။

သမီးက လူမှုဆက်ဆံရေးမှာ အရမ်း Sansitive ဖြစ်ပုံရတယ်။ သိပ်ခံစားလွယ်တယ်။ မဟုတ်တာ၊ မမှန်တာ၊ မကြိုက်တာဆိုရင် လုံးဝသည်းမခံတတ်ဘူး။ ချက်ချင်းတုံ့ပြန်တတ်တယ်။ ဘယ်သူကိုမှဂရုမစိုက်တတ်ဘူး။ ရဲရဲတင်းတင်း ဖွင့်ပွင့်လင်းလင်း နေထိုင်ဆက်ဆံတတ်ပုံရတယ်။ အဲဒီပုံစံကိုလည်း တောက်လျှောက် ဆုပ်ကိုင်ထားမယ့်သဘောရှိတယ်။ မိမိကိုယ်ကိုလည်း မှန်တယ်။ မှန်တဲ့အတိုင်းပြောတာ၊ လုပ်တာဖြစ်လို့ ဘာဖြစ်လာလာမကြောက်ဘူး ဖြေရှင်းနိုင်တယ်လို့ ယုံကြည်ချက်ရှိပုံရတယ်။ ပတ်ဝန်းကျင်နဲ့တော့ သိပ်သဟဇာတဖြစ်မယ်မထင်ဘူး"

"ဟုတ်ပါတယ် ဆရာ၊ သမီးက မှန်တယ်ထင်ရင် ဘယ်တော့မှ နောက်မဆုတ်ဘူး။ သူများမှားရင်လည်း ငုံ့မခံတတ်ဘူး။ အိမ်မှာပဲ အမေတစ်ယောက်ပြောတာပဲ လိုက်နာတယ်။ ကျန်တဲ့

အစ်မတွေပြောလို့ကတော့ မမှန်တာ၊ သမီးမလုပ်ချင်တာဆိုရင် ဘယ်တော့မှ ငြိမ်မနေဘူး။ သမီးက မလုပ်ချင်ရင် မလုပ်ချင်ဘူး ပြောတယ်။ တကယ့်ကို မလုပ်ဘူး။ သမီးလုပ်ချင်တာဆိုရင် ဖြစ်အောင် ရအောင်လုပ်တယ်။ သူငယ်ချင်းတွေကိုလည်း ဒီအတိုင်းပဲ။ သမီးမကြိုက်ရင် မကြိုက်တဲ့အကြောင်းကို အကျိုးအကြောင်းနဲ့ ငြင်းတယ်၊ ပြောပြတယ်။ တစ်ခုတော့ရှိတယ်။ သမီးထက်ကြီးတဲ့ သူတွေက သမီးရဲ့အမှားတစ်ခုကို အကြောင်းအကျိုးနဲ့ ရှင်းလင်းပြောပြလာရင်တော့ သမီးနားထောင်ပါတယ်။ ပြင်ပါတယ်။ ဒါကြောင့် သမီးမှာ အပေါင်းအသင်းလည်း များများမရှိပါဘူး။ ငယ်သူငယ်ချင်း (၃)၊ (၄) ယောက်နဲ့ပဲ တွဲဖြစ်ပါတယ်"

"သမီးအတွက် စိတ်ပိုင်းဆိုင်ရာခံစားမှုတွေနဲ့ ပတ်သက်တဲ့နေရာတွေမှာ ခံစားကပ်တွေကြီး ကျရောက်နေတယ်။ ဒါကဘာကိုပြောနေသလဲဆိုတော့ သမီးစိတ်မချမ်းမသာ ဖြစ်ရတာတွေ၊ အလိုဆန္ဒ မပြည့်ဝမှုတွေ၊ အလိုမကျမှုတွေ ဒါတွေက များနေတယ်။ အခု Justice ကားချပ်နဲ့ ဆက်စပ်လိုက်တော့ သမီးရဲ့စိတ်ဆင်းရဲမှု၊ အလိုမကျမှုတွေမှာ သမီးကိုယ်တိုင် တရားခံဖြစ်နေတယ်။

သမီး အေးအေးဆေးဆေးနားထောင်နော်။ သမီးကို ကိုယ့်သားသမီး၊ တူမတစ်ယောက်အနေနဲ့ ပြောမယ်"

"ပြောပါ ဆရာ။ သမီးလည်း နားထောင်ချင်ပါတယ်။ သမီးရဲ့ လိုအပ်ချက်တွေ၊ အမှားတွေကို သိချင်ပါတယ်။ အမှန်ပြောရရင် သမီးက ကိုယ့်ဘဝကို ရော တခြားသူတွေကိုပါ စိတ်တိုင်းမကျဖြစ်တာ အတော်ကြာပြီ။ ဆရာရွေးမှာ ဟောခဲ့တဲ့ သမီးဘဝမှာ တစ်ချိန်တုန်းက ဘဝကို ရွှေ့ဆက်လို့မရတော့လောက်အောင် အခက်အခဲ အကျဉ်းအကျပ် တစ်ခုနဲ့ ကြုံခဲ့ရတယ်ဆိုတာလည်း မှန်ပါတယ်။ သမီး (၉) တန်းနှစ်မှာ အဖေက နောက်အိမ်ထောင်ပြုသွားခဲ့တယ်။ မိဘတွေရဲ့ပြဿနာမို့ အကောင်းအဆိုးမဝေဖန်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီအချိန်ကစပြီး သမီးစိတ်ကြိုက်နေခဲ့တာ။ လွတ်လွတ်လပ်လပ်နေခဲ့တာ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ်မှန်တယ်ထင်ရာလုပ်ခဲ့တာပါ။ မှားတာတွေလည်းရှိမှာပေါ့ ဆရာရယ်"

"ဝမ်းသာပါတယ် သမီးက ခု လို လိုချင်ချင်နဲ့ တောင်းဆိုတော့ ဆရာကလည်း ပြင်သင့်တာ၊ ဖြစ်သင့်တာလေးတွေကို ပြောရတာ အားရှိတာပေါ့"

အဲဒီလို အစချီပြီး Justic ကားချပ်ရဲ့ ပရိယာယ်၊ အဓိပ္ပာယ်၊ သတိပေးချက်တွေကို ဝေဝေဆာဆာနဲ့ စေတနာပါပါ ပြောလိုက်မိတယ်။ နာရီဝက်လောက် ကြာသွားပါတယ်။ နောက်ဆုံးအနေနဲ့-

"ကဲ-သမီး၊ ဆရာပြောတာလည်း များပြီး သမီးသဘောပေါက်ရဲ့လား။ လက်ခံနိုင်ရဲ့လားမသိဘူး။ အဓိကကတော့ ကိုယ်စိတ်ချမ်းသာမှုလိုချင်ရင် ပတ်ဝန်းကျင်ရဲ့ စိတ်ချမ်းသာမှုကို တတ်နိုင်သမျှဖြည့်စွမ်းပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေတတ်ပါစေ။ လူတွေအပေါ်မှာ မေတ္တာစိတ်နဲ့ကြည့်ပါမြင်ပါ။ အဲဒီအခါ ကိုယ်ချင်စာစိတ်တွေ ဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ကို နားလည်ခွင့်လွှတ်လာနိုင်တဲ့အခါ သမီးစိတ်တွေကြည်လင်အေးချမ်းလာပါလိမ့်မယ်။ စစ်မှန်တဲ့၊ အေးချမ်းတဲ့၊ မေတ္တာစိတ်တွေမွေးမြူနိုင်ပါစေ။ သမီးဘဝတစ်လျှောက်အေးချမ်းပါစေ"

စေတနာရိုးသားစွာဖြင့်-

ဆရာစိုး-ရွှေအောရုဏ်ဦး
(တားရော့-သုတေသီ)
ဦးကောင်း

www.burmeseclassic.com

ဝိုင်းတွန်းနောင်
ဦးရွှေရိုး၏ဗမာမှတ်တမ်းထဲက
ဆယ့်နှစ်ကြိုးပညာသည်ဆိုင်ရာကိုယ်တွေ့

ဦးရွှေရိုးဆိုသောကြောင့် စာဖတ်သူအချို့က ဦးရွှေရိုးကို မြန်မာလူမျိုးတစ်ယောက်ဟု ထင်မှတ်သွားစရာရှိပါသည်။ မြန်မာ့ဂီတအကနှစ်မြှုပ်သူများကမူ ဦးရွှေရိုးဆိုသည်နှင့် ဒေါ်မိုးနှင့် တွဲဖက်နှုတ်ခမ်းမွေးကားကား၊ တောင်ရှည်ပုဆို၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်း (ပတ်ပေါင်း)၊ ပုသိမ်ထီးငယ်လေးနှင့် ကနေကျ ဟာသလူပျော်ကြီး ဦးရွှေရိုးဟုထင်ကြမည်။ စာပေဝါသနာရှင်များနှင့် ရွေးလူကြီးများကမူ လွတ်လပ်ရေးခေတ်နှင့်လွတ်လပ်ပြီးခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော စာပေ(ကာတွန်း)ဂီတ၊ ရုပ်ရှင်ပညာရှင်ကြီး ဦးဘကလေး (ရွှေရိုးဘကလေး)ကို မြင်ယောင်မိကြမည်ထင်သည်။

အမှန်မှာတော့ စာရေးသူပြောမည့် ဦးရွှေရိုးဆိုသည်မှာ အနောက်နိုင်ငံသားတစ်ဦးပင်ဖြစ်သည်။

ရွှေးမြန်မာယောကျ်ားတို့နှစ်သက်စွာမှည့်ခေါ်ခဲ့သော ရွှေရိုးဆိုသည့်မြန်မာ (ဗမာ) သင်္ကေတနာမည်ကို နှစ်မြှုပ်စွာ ယူငင်မှည့်ခေါ်ခဲ့သည့် အနောက်နိုင်ငံသား စာရေးဆရာကြီးတစ်ယောက်ဖြစ်ပေသည်။ ထိုသော ဦးရွှေရိုးကလောင်နာမည်ရွှေရိုး (SHWE YOE) ရေးသားထုတ်ဝေခဲ့သည့်စာအုပ်များထဲတွင် -

THE BURMAN HIS LIFE AND NATIONS ဆိုသည့် စာအုပ်တစ်အုပ်လည်း အပါအဝင်ဖြစ်သည်။ မြန်မာ၊ သူဘဝနှင့် ယုံကြည်ချက် ဟူသည့် ထိုစာအုပ်သည် အင်္ဂလိပ်ခေတ်က (သို့မဟုတ်) ရွှေးမြန်မာတို့၏ ပုံရိပ်တို့ကို တိကျမှန်ကန်စွာ ထင်ဟပ်ပေါ်လွင်စေသော ကြေးမုံမှတ်တမ်းပင်ဖြစ်သည်ဟု ဆိုရပါမည်။ ထိုစာအုပ်တွင် အပိုင်း (၅၉) ပိုင်းပါရှိပါသည်။ မြန်မာတို့၏ (ဗမာတို့၏) ယဉ်ကျေးမှု၊ ဓလေ့၊ ရိုးရာထုံးတမ်းစဉ်လာဆိုင်ရာပြဖွယ်ကိစ္စများကို စုံလင်စွာ အသေးစိတ် လေ့လာရေးသားထားခြင်းများဖြစ်သည်။ အားလုံးစိတ်ဝင်စားစရာချည်းဖြစ်ပါသည်။

ထိုသော ငါးဆယ့်ကိုးကဏ္ဍမှ အပိုင်းလေးဆယ်တွင် 'ကဝေဆရာများ၊ ဆေးဆရာများနှင့် ပညာသည်များ' ဟူသည့်အပိုင်းကို ရေးသားထားသည်။ ဤအပိုင်းမှ အချို့အဝက်ကိုသာ ကောက်နုတ်တင်ပြရင်း ဆောင်းပါးကို ဆက်ပါမည်။

၅ ကဝေဆရာနှင့် အောက်လမ်းဆရာများသည် မြန်မာပြည်တွင် များစွာအတွေ့ရများသည်။ မြန်မာပြည်အထက်ပိုင်း ချင်းတွင်းမြစ်ကမ်းပါးရှိ ကလေးတောင်ထွက်ရွာကလေးမှာ ထိုပညာသည်များကြောင့် ကျော်ကြားသည်။ ထိုရွာကလေးတွင် ပညာသည်တို့၏ အကြီးအကဲ ဟူ၍ရှိသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ပြုစားခြင်းခံရပါက ထိုအကြီးအကဲထံသွားပြီး အကူအညီတောင်းသည်။ ထိုအခါ အကြီးအကဲက အခမ်းအနားများပြုလုပ်ပြီး ပြုစားသူကိုရှေ့သို့ခေါ်သည်။

ပြုစားသူရောက်ရှိလာလေလျှင် ဘယ်အတွက်ကြောင့်ပြုစားကြောင်းစေ

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ လုံလောက်သော
ကောင်းမပြနိုင်ပါက ပြုစားသူကို
ဆော်ပေးပြီး ပြုစားခံရသူအား
ဆေးကောင်းလွတ်စေသည်။

ဦးရွှေရိုးသည် စုန်းကဝေများ၊
သည်များကို လေ့လာ၍ အဆင့်
မြှင့်တင် ခွဲခြားရေးသားခဲ့သည်ကို
အောက်ပါစာပိုဒ်က သက်သေခံ
ပြ၏။

"စုန်းကဝေများအနက် ကောင်း
စုန်းကဝေနှင့် မကောင်းသောစုန်း
ဟူ၍ ရှိကြသည်။ လူအများကို
အန္တရာယ်ရောက်ရန် အမျိုးမျိုး
သူစုန်းများရှိသကဲ့သို့ ထိုစုန်းများ
ဆန့်ကျင်ပြီး လူလောကသာယာရေး
ပြုလုပ်ပေးသည့် ပညာသည်များ
ရှိသည်။ ၎င်းတို့၏တတ်ကျွမ်းမှု
အဆင့်အတန်းအရ ပညာသည်
ကို လေးမျိုးလေးစားခွဲခြားနိုင်သည်။

၎င်းတို့မှာ -

၁။ ပြဒါးဝိဇ္ဇာ
၂။ သံဝိဇ္ဇာ
၃။ ဆေးဝိဇ္ဇာ
၄။ အင်းဝိဇ္ဇာ

စသည်တို့ဖြစ်ကြသည်။

လူများအပေါ် ကောင်းသည်ကို
လုပ်စေ၊ မကောင်းသည်ကိုပင်လုပ်
သံဝိဇ္ဇာနှင့် အင်းဝိဇ္ဇာများမှာ အစွမ်း
အထက်ဆုံးဖြစ်သည်။ ပညာသည်တို့
အနက် အဆင့်အတန်းအမြင့်ဆုံးဟု
လက်ခံထားကြ၏။

အနောက်နိုင်ငံသား ခေတ်ပညာ
တတ်တစ်ယောက်ဖြစ်သော ဦးရွှေရိုးကို
ဆွဲဆောင်မှုပေးပြီး စဉ်းစားတွေဝေသွား
စေသော ကိုယ်တွေ့မျက်မြင်အကြောင်း
အရာများမှလည်း အနည်းငယ်ထုတ်နုတ်
တင်ပြပါမည်။

"သံနှင့် အင်းဝိဇ္ဇာများကား
တစ်နည်းအားဖြင့် မှော်ဆရာများဟု
အမည်ပေးလျှင် ပို၍မှန်ကန်ပေမည်။
သံဝိဇ္ဇာဆိုသည်မှာ သဘာဝပစ္စည်းများ
ကို နားလည်သူတစ်ယောက်ဟု ဆိုလို
ခြင်းဖြစ်သည်။ သူသည် ဆေးဝါးကုသ
ခြင်းနှင့် ပတ်သက်ပြီး အကြံပေးပြော
ဆိုသည်။ စစ်သားများနှင့် လူဆိုးများ၏
ကိုယ်ရေပြားများအောက်တွင် တွေ့ရ
တတ်သော သတ္တုပြားများ ကျောက်ခဲ
တုံးကလေးများ စသည်တို့မှာ ထိုပညာ
သည်တို့၏လက်ရာများဖြစ်တော့သည်။
အဲ့သြထိတ်လန့်ဖွယ်ရာများကို ဆောင်
ရွက်ခြင်းဖြင့်လည်း သူတို့၏အစွမ်းများ
ကိုပြသကြ သည်။

တစ်ခါက မှော်ဆရာတစ်ဦးနှင့်
ကျွန်တော် တွေ့ခဲ့ဖူးသည်။ ထိုဆရာက
ရွှေပြားများ၊ ငွေပြားများ၊ ကြေးပြားများ
ကိုမန်းမှုတ်ပြီး ရေခွက်ထဲသို့ထည့်လိုက်
သည်။ ပစ္စည်းများမှာ ရေအောက်သို့
နစ်မြုပ်သွားသည်။ သို့သော်လည်း
မှော်ဆရာက ချက်ချင်းပင်မန်းမှုတ်လိုက်
ရာ ထိုပစ္စည်းများ ရေပေါ်သို့ တဖြည်း
ဖြည်းတက်လာပြီး ပေါလောပေါ နေကြ
တော့သည်။ ထိုနောက် မှော်ဆရာက
မန်းမှုတ်နေခြင်းများကို ရပ်လိုက်သော
အခါ ပစ္စည်းများ ရေအောက်သို့ ပြန်ကျ
သွားသည်။ အချို့မှာလည်း ရေလယ်
တွင် ရပ်တန့်နေကြသည်။ ထိုသို့သော
မှော်ဆရာတို့သည် ပန်းတနော်မြို့ရှိ
ရွာလေးတစ် ရွာတွင်အနေများကြသည်။

အင်းများ၏ အစွမ်းသတ္တိများမှာ
ထူးခြားပေါများသည်။ အထူးစီမံထား
သောအင်းကိုကိုင်ထားခြင်းဖြင့် အိမ်တစ်
အိမ်ကို မီးလောင်သွားစေနိုင်သည်။
ကျောက်တုံးတစ်တုံးတွင် အင်းထွင်းထား
လျှင် ထိုကျောက်တုံးသည် ရေတွင်ပေါ်
သည်။ ထိုကျောက်တုံးကို လူ၏အရေ
ပြားထဲထည့်ထားပါက ထိုလူမှာရေမနစ်
တော့ချေ။အခြားမှော်ဆရာတစ်ယောက်
က ထိုအစွမ်းကိုလာရောက်ဖျက်ဆီးခြင်း
မပြုသည်အထိ ထိုလူမှာ ဆက်လက်၍
ရေမနစ်နိုင်ချေ။ သစ်ပင်တစ်ပင်တွင်
သို့မဟုတ် အိမ်တစ်အိမ်တွင် အင်းတစ်
အင်းကိုသွား၍ထားပါက ထိုအိမ်ကို
သို့မဟုတ် ထိုသစ်ပင်ကို မီးကြိုးပစ်စေ
နိုင်သည်။

အခြားအင်းအချို့ကလည်း ဘေး
ဒုက္ခများကျရောက်မည့်အန္တရာယ်မှ ကာ
ကွယ်ပေးသည်။ ဗမာတိုင်းလိုလိုသည်
သူတို့ကိုယ်အန္ဒုံအပြားတွင် အင်းမှားကို
ဆေးမင်ဖြင့်ထိုးထားကြသည်။ ထိုအင်း
များသည် အမှားအားဖြင့် သေနတ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြီးရန်ထိုးထားကြသည်ကများကြသည်။ အချို့ကမူ အထူးကာကွယ်မှုအတွက် ထိုးထားကြသည်။

စုန်းနှင့်ပတ်သက်၍ ထိုအပိုင်းတွင် အများအပြားပါရှိရာ တစ်ပိုဒ်နှစ်ပိုဒ်ခန့် ထုတ်နုတ်တင်ပြပါဦးမည်။

၁ စုန်းများ၏ ကြောက်စရာအကောင်းဆုံးမှာ သူတို့သည် တိရစ္ဆာန်များအဖြစ် ပြောင်းလဲသွားနိုင်ခြင်းပင်တည်း။ထိုမျှမက လူတစ်ယောက်အဖြစ်သို့လည်းကောင်း သို့မဟုတ် ဆွေမျိုးသားချင်းများအဖြစ်သို့ပင် လည်းကောင်း၊ သူတို့ကိုယ်သူတို့ ဖန်ဆင်းနိုင်ကြသည်ဟုဆို၏။ အကယ်၍ ထိုဖန်ဆင်း၍လာသောသူကိုဒဏ်ရာအနာတရဖြစ်အောင် လုပ်လိုက်နိုင်မည်ဆိုပါက ထိုဒဏ်ရာသည် မူလစုန်းဖြစ်သူ၏ ကိုယ်ပေါ်တွင်လည်း သွားရောက်ဖြစ်ပေါ်သည်။

စုန်းပြုစားခြင်းကို ရောဂါတစ်ရပ်အနေဖြင့် သဘောမထားကြချေ။ ပမာ တို့၏ယုံကြည်ချက်အရ ရောဂါဝေဒနာများမှာ (၉၆) ပါးရှိလေသည်။ သို့သော်လည်း စုန်းပြုစားခြင်းမှာ ထိုရောဂါတို့နှင့် မည်သို့မျှမပတ်သက်ချေ။ ရံဖန်ရံခါဆိုသလိုပင် အချို့ဖွားနာသူများသည် ဆေးအမျိုးမျိုး တိုက်၍မရဘဲရှိတတ်သည်။ ထိုအခါမျိုးတွင် ဆေးဆရာက ရောဂါသည်မှာ အပင်းသွင်းခံရသည်ဟု စွပ်စွဲလေတော့သည်။ ထိုအပင်းကိုထုတ်ရန်ဆိုပြီး ပယောဂကုဆရာအချို့က လူမမာ၏ဝိုက်ထဲသို့ အသားစိမ်းတုံးများထည့်သွင်းကြသည်။ အပင်းသွင်းခံရသည်ဆိုသောလူမမာများမှာ နောက်ဆုံးတွင် ထိုအသားတုံးများကြောင့်ပင် သေရရှာတော့သည်။

စုန်များပြုစား၍နေထိုင်မကောင်းဖြစ်ပြီဆိုပါက ထိုဘေးဒုက္ခမှကယ်ဆယ်ပေးမည့်သူများမှာ ဝိဇ္ဇာများပင်ဖြစ်တော့သည်။

ဦးရွှေရိုးသည် ဤ 'ကဝေဆရာများ၊ ဆေးဆရာများနှင့်ပညာသည်များ' အပိုင်းကို ရေးသားရာတွင် တစ်ဆင့်စကား တစ်ဆင့်နားဖြင့်ကြားရသည်ကို ရေးသားခြင်းသည် မှတ်တမ်းစစ်မဟုတ်ဟု ယူဆဟန်တူသည်။ သူ၏လက်တွေ့မျက်မြင်များကိုသာ ရေးသားမှတ်တမ်းပြုခဲ့သည်ကို တွေ့ရသည်။

စာတွေ့ဆို၍ မြန်မာ့ရှေးဟောင်းကျမ်းစာအုပ်များမှလေ့လာ၍ ရေးသော ဗေဒင်ပညာ၊ ကဝေပညာနှင့်ဆိုင်သော စာပိုဒ်တစ်ပိုဒ်ကိုသာတွေ့ရသည်။ စိတ်ဝင်စားစရာ၊ စဉ်းစားစရာ၊ အတွေးပွားစရာကောင်းမည်ဟု ယူဆမိသဖြင့် ထုတ်နုတ် တင်ပြပါဦးမည်။

၈ ဗေဒင်၊ အင်းအိုင်၊ မန္တရားများအကြောင်းကို ရေးသားထားသော စာအုပ်များထဲတွင် သို့ပုံပညာ၏ အရင်းအမြစ်အချက်အလက်များကို တွေ့ရလေ၏။ သို့သော်လည်း ထိုစာအုပ်များထဲပါ အချက်အလက်များသည် ပြည့်စုံခြင်းကား မရှိချေ။

မြတ်စွာဘုရားလက်ထက်ကမူ ထိုစာအုပ်များမှာ ပြည့်ပြည့်စုံစုံရှိခဲ့သည်ဆို၏။ ထို့နောက် ဘုရား၏ဟောပြောချက်များအရ လူတို့ကိုအန္တရာယ်အမျိုးမျိုးပြုလုပ်နိုင်သော၊ လူဘဝကို ဖျက်ဆီးနိုင်သောထိုစာအုပ်များကို လူအများအပြားက စုဆောင်းပြီး မီးပုံ၌ကာ ဖျက်ဆီးလိုက်ကြသည်။

သို့သော်လည်း ဘုရားနှင့်ဆန့်ကျင်ဘက်ကိုသာ အစဉ်လုပ်တတ်သော ရှင်ဒေဝဒတ်က မီးပုံထဲမှ မီးလောင်စာအုပ်အချို့ကိုယူခဲ့သည်။ ထို့ကြောင့် ယနေ့တွင် မပြည့်စုံသော ထိုကဝေပညာများရှိနေခြင်းပင်ဖြစ်တော့သည်။

❐

ဦးရွှေရိုးသည် ဤအပိုင်းတွင် စုန်း၊ အောက်လမ်း၊ အထက်လမ်း၊ ကဝေဆရာများ၊ ဗေဒင်ဆရာများ၊ ပယောဂကုဆရာများ၊ တိုင်းရင်းသမားတော်များ၊ အဂ္ဂိရတ်၊ ဝိဇ္ဇာ စသည်ဖြင့် အကြောင်းအရာစုံစုံကို လိုရင်းတိုရှင်း အနှစ်ချုပ်ပြီး ရေးသားမှတ်တမ်းပြုထားသည်ကိုတွေ့ရသည်။

ကြားဖြတ်၍ ဦးရွှေရိုး၏မှတ်တမ်းအပိုင်း (၅၇)တွင်ပါရှိသော မှတ်စုမှတ်ရာအပိုင်းများမှ စိတ်ဝင်စားဖွယ် မှတ်စုတစ်ခုကို ထုတ်နုတ် တင်ပြပါမည်။

၈ သရက်နှင့် ပြည်မြို့အကြားရှိ ကမ္မဆိုသောမြို့မှာ ဝိညာဉ်နှင့်ပတ်သက်၍ ကျော်ကြားခဲ့လေသည်။ တစ်ခါက ပန်းပဲဆရာတစ်ဦးသည် ခိုက်ရန်ဖြစ်ပွားရာမှ အသတ်ခံရလေ၏။ သူသည် သူ့လုပ်ငန်းအပေါ် သံယောဇဉ်ကြီးခဲ့ရာ သူသေပြီးသည့်နောက်တွင်လည်း ညဘက်များ၌ သူ့ပန်းပဲဖိုတွင် လာရောက်၍ အလုပ်လုပ်လေ၏။ ပထမတွင် ထိုအကြောင်းကို သိသောသူတို့သည် ကြောက်လန့်ခြင်းမျှသာဖြစ်ကြသော်လည်း နောက်ပိုင်းတွင်မူ သူတို့သည် ကြောက်လန့်ခြင်းမရှိကြတော့ပေ။

မကြောက်လန့်သည်သာမက နေ့ဘက်များတွင် အနီးရှိလူများက ထိုပန်းပဲဖိုထဲသို့ သံချောင်းတစ်ချောင်းသွားထည့်ကာ 'ငါ့အတွက် ဓားလုပ်ပေးပါ၊ လှံလုပ်ပေးပါ၊ ပုဆိန်လုပ်ပေးပါ' ဟုပြောဆိုပြီးထားခဲ့တတ်သည်။နောက်တစ်နေ့ နံနက်တွင် သူတို့တောင်းဆိုသည့်အတိုင်းပင် ရရှိတတ်ကြသည်။

တစ်နေ့တွင် လူနောက်လူရှည်ချင်းအမျိုးသားတစ်ဦးသည် သန်းခေါင်ယံကြက်များတွန်ပြီးသည့်နောက်တွင် ပန်းပဲဖိုအနီး သွားရောက် ပုန်းအောင်နေသည်။ သန်းခေါင်ကျော်ပြီးခဏကြာလျှင် ပန်းပဲသမားမကောင်းဆိုးဝါးသည် ပန်းပဲလုပ်ရာတွင်ဝတ်စားသော အဝတ်အစားများဝတ်၍ ဖိုအနီးသို့ရောက်လာကာ သူလုပ်ငန်းကိုစလေတော့သည်။ ထိုအခါတွင် ချောင်းကြည့်နေသောခရီးသည်က 'မြန်မြန်လုပ်စမ်း' ဟု အော်ဟစ်လိုက်ရာ မကောင်းဆိုးဝါးက သူ့ဘက်သို့လှည့်ပြီး သူလုပ်လက်စ မီးရဲရဲခဲများဖြင့်ပေါက်လိုက်သည်။ ပေါက်လိုက်သော မီးခဲများဖြင့်ခံသည် ချင်း၏ပါးကိုထိမိရာ ကြောက်လန့်တကြားထွက်ပြေးလေတော့သည်။

❐

ဤဆောင်းပါး၏ နိဂုံးပိုဒ်လည်းဖြစ်၊ ဦးရွှေရိုး၏ ကဝေဆရာများ ဆေးဆရာများနှင့် ပညာသည်များ အပိုင်း၏ မူရင်းနိဂုံးပိုဒ်လည်းဖြစ်သည့် စာပိုဒ်ကိုမတင်ပြမီ စာရေးဆရာဦးရွှေရိုး၏အတ္ထုပ္ပတ္တိကို အတိုဆုံးအနှစ်ချုပ်၍ တင်ပြပါဦးမည်။

ဦးရွှေရိုးသည် စကော့တလန်ပြည်သားဖြစ်သည်။ ၁၈၅၁ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)တွင် မွေးဖွားသည်။ အမည်အရင်းမှာ ဂျိမ်းစ်စကော့ (Jame Geoge Scott) ဖြစ်သည်။ ကျော့စကော့ (ဟု သုံးနှုန်းပါမည်) ၏ မွေးဖွားရာဇာတိမှာ စကော့တလန်ပြည် စိန့်အင်းဒရူးအနောက်ပိုင်းရှိ ဒေးဒေးမြို့ကလေးဖြစ်သည်။

ကျော့စကော့ (၁၀)နှစ်အရွယ်တွင် ပြည်နယ်ဝန်ကြီးဖြစ်သောဖခင်ကွယ်လွန်သွားသည်။ ဖခင်ကွယ်လွန်ပြီး သုံးနှစ်အကြာ မိခင်နှင့်အတူ စတပ်ဂတ်မြို့သို့ ပြောင်းရွှေ့ပြီး ကျော့စကော့တို့ညီအစ်ကိုများ ကျောင်းဆက်တက်ကြသည်။ ကျော့စကော့သည် အားကစားသမားတွင်

www.burmeseclassic.com

www.burmeseclassic.com

ားလုံးအလွန်ထူးချွန်ပါသည်။

အထက်တန်းအောင်ပြီးနောက် ကျော်စကော့တက်ခဲ့သောတက္ကသိုလ်နှစ် သင်တန်းကောလိပ်နှင့်အီဒင်ဘတ် တက္ကသိုလ်တို့ဖြစ်သည်။ ၁၈၇၅ခုနှစ်တွင် ဆန်းတတ်သတင်းစာ၏သတင်းထောက် အဖြစ်လုပ်ကိုင်ရန် မာလာယုသို့ပြောင်း သွားသည်။ မာလာယုတွင် သုံးနှစ်အကြာ သတင်းထောက်လုပ်ပြီး မြန်မာနိုင်ငံသို့ ရောက်ခဲ့လာသည်။ ရန်ကုန်မြို့ စိန့်ဂျွန်း ကောလိပ်(ယောက်ျားလေးကျောင်း)တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းသည်။

(ထိုစဉ်က အောက်မြန်မာနိုင်ငံမှာ အင်္ဂလိပ်လက်အောက်ရောက်ရှိပြီးခါစ် ဖြစ်သည်။ ကျော့စကော့၏ အသက်မှာ ဆယ့်ရှစ်နှစ်သာရှိသေးသည်။ စိန့်ဂျွန်း ကောလိပ်အုပ်ကြီး ကျော့စကော့သည် ဗြိတိန်ထိပ်တန်းဘောလုံးအသင်းဖြစ် သော ဟာလီကွင်းနှင့် လန်ဒန်စကော့ အသင်းတို့၏ လက်ရွေးစင်ဘောလုံး သမားဖြစ်သည်။ ဂိုး(၃၀၀)ကျော်သွင်းခဲ့ သည်။ ကျော့စကော့သည် သူကျွမ်းကျင် သည့် ဘောလုံးကစားနည်းကို သူ၏ ကျောင်းသားများအား စတင်သင်ကြား ပေးပြီး (မြန်မာနိုင်ငံတွင် ဘောလုံးကစား နည်းလုံးဝမရှိသေးသဖြင့်) မြန်မာနိုင်ငံ တွင် ဘောလုံးနည်းပညာနှင့် ဘောလုံး အားကစားထွန်းကားအောင် ကြိုးစည် နှိုးဆော်မြေတောင်မြှောက်ပေးသဖြင့် မြန်မာ့ဘောလုံးအစ ကျော့စကော့ကဟု ဆိုရပါမည်။)

ရန်ကုန်တွင်နေပြီး မကြာမီမှာပင် ကျော့စကော့သည် မြန်မာများနှင့် တစ်သားတည်းဖြစ်သွားသည်။ ရန်ကုန် ဆုတ် ဂေဇက်သတင်းစာတွင် 'ရွှေရိုး' ဟူသော ဗမာ(မြန်မာ)အမည်ကိုယူ၍ ဆောင်းပါးများ စတင်ရေးသားလေ သည်။ ၁၈၇၉ ခုနှစ်နှင့် ၁၈၈၀ ပြည့်နှစ် တို့တွင် မန္တလေးရတနာပုံနေပြည်တော် သို့ သွားရောက် လေ့လာလေ၏။ ထိုအချိန်မှစတင်၍ ကျော့စကော့သည် စိန့်ဂျိမ်းဂေဇက်သတင်းစာတွင်, မြန်မာ လူမျိုးတို့၏အကြောင်းအခြင်းအရာများ ကို အကြမ်းအားဖြင့် စတင်ရေးသားလေ ၏။

၁၈၈၁ ခုနှစ်မှ ၁၈၈၃ ခုနှစ်တွင် လန်ဒန်သို့ပြန်ပြီး ဥပဒေပညာကိုသင်ယူ ရင်း THE BURMAN HIS LIFE AND NATIONS ကို ၁၈၈၂ခုနှစ်တွင် ထုတ်ဝေ ခြင်း ဖြစ်သည်။ ထိုစာအုပ်သည် နိုင်ငံ ခြားတွင် အကြိမ်ကြိမ်ထုတ်ဝေရပြီး မြန်မာနိုင်ငံတွင်မူ ဘာသာပြန်ဆရာကြီး (ဦး) တင်ထွေး ဘာသာပြန်ပြီး 'ဗမာ' အမည်ဖြင့် ပင်မရေစီးစာအုပ်တိုက်မှ ၁၉၆၆၊ ဩဂုတ်လတွင်ထုတ်ဝေခဲ့သော ကြောင့် ကျေးဇူးကြီးလှသည်။

၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်သို့ကျရောက် သွားသည်။ ထိုအခါ ကျော့စကော့သည် မြန်မာနိုင်ငံသားများကို အနီးကပ်ပို၍ လေ့လာနိုင်ရန် အုပ်ချုပ်ရေးပိုင်းတွင်ဝင် ရောက်အမှုထမ်းတော့၏။ ၁၈၉၁ ခုနှစ် တွင် ရှမ်းပြည်နယ်မင်းကြီး၊ ၁၈၉၃-၉၄ တွင် ထိုင်းနိုင်ငံသံမှူးအဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်တွင် အမှုထမ်းရ၏။ ၁၉၂၀ ပြည့်နှစ်တွင် တောင်ပိုင်းရှမ်းပြည်မင်း ကြီးအဖြစ် ပြန်လည် အမှုထမ်းရပြန် သည်။

ကျော့စကော့သည် ကိုလိုနီအရာရှိ ဖြစ်သော်လည်း မြန်မာနိုင်ငံကို အလွန် ခင်တွယ်ပြီး မြန်မာများဘက်ကရပ်တည် ခဲ့သည်။ ကျော့စကော့သည် မြန်မာနိုင်ငံ နှင့်ပတ်သက်၍ စာအုပ်များစွာရေးသား ခဲ့သည်ကိုတွေ့ရသည်။ စာအုပ်အဖြစ် မထုတ်ဝေခဲ့ရသည့်စာများလည်း များစွာ (သတင်းစာတို့၌) ကျန်ရှိပါသည်။ မြန်မာ နိုင်ငံနှင့်ပတ်သက်၍ သုတေသနပညာ ရှင်များ အားထားကိုးကားကြရသည့် ကျော့စကော့၏မြန်မာဆိုင်ရာစာအုပ်များ မှာ Burma: A Handbook at Practial (မြန်မာပြည်အကြောင်းသိကောင်းစရာ) စာအုပ်နှင့် အထက်မြန်မာနိုင်ငံနှင့် ရှမ်း ပြည်ဆိုင်ရာ ဂေဇက်တီးယားငါးအုပ်တွဲ မှာ အထူးထင်ရှားသည်။ မြန်မာပြည် အကြောင်းသိကောင်းစရာစာအုပ်ကို ၁၉၀၆ ခုနှစ်တွင် ထုတ်ဝေပြီး ဂေဇက်တီး ယားငါးအုပ်တွဲကိုတော့ ၁၉၀၀ - ၁၉၀၁ တွင် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

မြန်မာဘာသာပြန်သင့်သည်ထင် သည့်စာအုပ်နှစ်အုပ်ကိုလည်း စာရေးသူ ထပ်မံတွေ့ရှိပါသည်။ ထိုနှစ်အုပ်မှာ ၁၉၂၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော Burma : from the earliest times to the Present day စာအုပ်နှင့် ၁၉၃၂ ခုနှစ် တွင် ထုတ်ဝေခဲ့သော Burma and beyond စာအုပ်တို့ဖြစ်သည်။

သုတေသနပညာရှင်၊ ဥပဒေ ပညာရှင်၊ ဗြိတိန်ထိပ်တန်းလက်ရွေးစင် ဘောလုံးသမားဟောင်း၊ ဆာဘွဲ့ရစာရေး ဆရာကြီး ဆာဂျိမ်းကျော့စကော့ (သို့) စာရေးဆရာကြီး ဦးရွှေရိုးသည် အသက် (၈၄) နှစ်အရွယ် ၁၉၃၅ ခုနှစ်၌ မွေးဖွား ရာ ဇာတိတွင် ကွယ်လွန်ခဲ့လေ၏။ ဤမျှ ဆိုလျှင် ဦးရွှေရိုး၏ အထူးပုဂ္ဂိုလ်သည် မပြည့်စုံသော်လည်း လုံလောက်ပြီဟု ယူဆပါ၏။

ဆက်လက်ပြီး ဦးရွှေရိုး၏ 'ကဝေ ဆရာများ၊ ဆေးဆရာများနှင့် ပညာ သည်များ' ဟူသောအပိုင်း၏ နိဒါန်းကို ကောက်နုတ်တင်ပြ၍ ဤဆောင်းပါး အား အနှားသတ်လိုက်ပါပေ၏။

> ၈ မော်ဆရာ၏ အစွမ်းသတ္တိကို တစ်စုံတစ်ယောက်က သံသယဖြစ်သည် ဆိုပါက မော်ဆရာက သူ၏ထူးဆန်း သောအစွမ်းများကို တတ်နိုင်သမျှပြ သည်။ သူက မြေအိုးတစ်အိုးကိုယူပြီး အဝတ်ဖုံးလိုက်ကာ မန်းမူတ်ခြင်းများပြု သည်။ ထို့နောက် အဝတ်ကိုဖယ်လိုက် သောအခါ ဟင်းများနှင့်ရောထားသော ထမင်းပူပူနွေးနွေးများကို တွေ့ရသည်။ ထိုထမင်း၊ ဟင်းများကို မည်သူမဆိုစား ကြည့်နိုင်သည်။ အကယ်၍ သူတို့က ရာခိုင်နှုန်းအပြည့် ယုံကြည်စွာဖြင့်စား ကြမည်ဆိုပါက ဆာလောင်မွတ်သိပ် ခြင်းတို့မဖြစ်ပွားတော့၊ မပေါ်ပေါက် တော့ဟုပြောသည်။
>
> သို့သော်လည်း လက်တွေ့အား ဖြင့်မူ ရာခိုင်နှုန်းပြည့်ယုံကြည်မှုများသိပ် မရှိ။ တစ်ခါတစ်ရံတွင် ပညာစွမ်းပြပွဲမျိုး ကို မကောင်းဆိုးဝါးများက ဝင်ရောက် ဖျက်ဆီးတတ်သည်။ တစ်ခါတစ်ရံတွင် မော်ဆရာကိုယ်တိုင်က အောက်လမ်းနှင့် ဆိုင်သောပညာများကိုပြသတတ်သည်။ ကြည့်ရှုသူများသည် မော်ဆရာ၏လက် ထဲတွင် စားချင်စရာကောင်းသော ဖရဲ သီးစိတ်များကို တွေ့ကြရ၏။ ထိုအခါ သူတို့က ဖရဲသီးစိတ်များကိုယူ၍စား ကြည့်ရာ နှုတ်ခမ်းဝသို့ရောက်လျှင် ဖရဲ သီးစိတ်များမှာ ပျောက်သွားပြီး သူတို့ လက်များကိုသာ ပြန်လည်ကိုက်မိတော့ သည်။

စိုင်းထွန်းနောင်

စာညွှန်း -

- *The shan state and the British Annexation. Cornell :Cornell University 1969 (2nd ed) by Sao Saimong*
- ဗမာ - တင်ထွေး ပင်မရေစီးစာအုပ်တိုက် ၁၉၆၆ ခုနှစ် ထုတ်လ

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မူတက္ကသိုလ်)

ရသေ့ကြီးဦးခန္တီအမှတ်တရ

၁၂-၅-၁၉၇၄။ တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီ။

အဖေစာရေးဆရာကြီးဦးရန်အောင်နှင့် ကျွန်တော်သည် မန္တလေးမြို့၏ အပူရှိန်များကို ရှောင်ရှားရန် မန္တလေးတောင်ပေါ်သို့ အရှေ့ဘက်စောင်းတန်း (၂၅၀-ခန်း) မှ တက်ရောက်ပြီး ဘုရားများကို လှည့်လည်ဖူးမြော်နေသည်။ တစ်နေရာတွင် ရသေ့ကြီးဦးခန္တီတည်ခဲ့သော ဦးခန္တီစေတီကို ဖူးမြော်ကြည်ညိုရင်း စိတ်အစဉ်သည် အတိတ်ဆီသို့ လွင့်မျောသွားလေသည်။

၂၇-၁၂-၁၉၆၅၊ တနလ်ာနေ့။

အဖေဦးရန်အောင်၊ စာရေးဆရာကြီးပါရဂူနှင့် စာရေးဆရာကြီးဦးလေးမြိုင်တို့သည် သာစည်မြို့နယ် ဟံဇာမြို့ (စာရေးဆရာကြီးဦးလေးမြိုင်၏ဇာတိ) သို့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောရန် ရောက်ရှိနေသည်။ ကျွန်တော်လည်း ကပ်ပါလာသည်။ ဟံဇာမြို့တစ်မြို့လုံး ရက်ကန်းရုံကြီးများ ပြည့်နှက်နေသည်။ စာပေဟောပြောမည့် သူနာမည်စာရင်းကို ကြော်ငြာဆိုင်းဘုတ်တွင် ကြေညာထားရာ ပါရဂူ၊ ရန်အောင်၊ လေးမြိုင်ဟူ၍ ပါရှိရာ ပါရဂူနှင့်ရန်အောင်သည် တစ်ယောက်တည်းဟူ၍ ထင်မှတ်မှားရာ အဖေဦးရန်အောင်မှာ စာပေဟောပြောပွဲ၌ ပါရဂူနှင့် ရန်အောင်မှာ တစ်ဦးစီဖြစ်ကြောင်း ရှင်းပြရလေသည်။

အဖေတို့သည် ဟံဇာမြို့တွင် စာပေဟောပွဲကျင်းပပြီးနောက် ဟံဇာမြို့မှ မိုင် (၉၀) ကွာဝေးသော မန္တလေးမြို့သို့ ခရီးဆက်ခဲ့ကြသည်။ အဖေနှင့် ကျွန်တော်သည် (၃၄) လမ်း၊ ညောင်ဇင်တန်းရှိ ဆရာကြီးမြမျိုးလွင်အိမ်သို့လာခဲ့ကြသည်။ ဆရာကြီးမှာ အိမ်ရှေ့မြေကွက်လပ်၌ ခြင်းခတ်နေသည်ကို တွေ့ရသည်။ ဆရာကြီးသည် မြန်မာ့ရိုးရာခြင်းပညာစာအုပ်ကြီးကို ရေးသားပြုစုခဲ့သည်။ ဆရာကြီးသည် အဖေ့ကိုတွေ့သောအခါ -

"ဆရာရန်အောင် လာတာနဲ့အတော်ပဲ။ ဒီည မြို့တော်ခန်းမ (၁) မှာ ပါးစပ်စာပေစာတမ်းဖတ်ပွဲရှိတယ်။ အဲဒါ ကျွန်တော်နဲ့အတူလိုက်ခဲ့ပါဗျာ"

အဖေလည်း ဘုမသိဘမသိဖြင့် လိုက်သွားလေသည်။ ဟိုကျမှ အကြောင်းစုံသိရသည်မှာ စာရေးဆရာရဲ့ခေါင်းသည်သူ၏ (M.A) ဘွဲ့စာတမ်းအတွက် ချက်တက္ကသိုလ်တွင် ပါးစပ်စာပေစာတမ်းတင်လေသည်။ ယင်းစာတမ်းကို ရဲခေါင်းသည် ရန်ကုန်တက္ကသိုလ်သို့ တစ်စောင်၊ မန္တလေးတက္ကသိုလ်သို့တစ်စောင်မိတ္တူပို့လေသည်။ ယင်းစာတမ်းကို ရန်ကုန်တက္ကသိုလ်မှ ခေါက်သိမ်းထားပြီး မန္တလေးတက္ကသိုလ်မှ စာတမ်းဖတ်ပွဲကျင်းပလေသည်။

ရသေ့ကြီး ဦးခန္တီ
(သာသနာ့အဆောက်အအုံများစွာကို ဦးစီးတည်ဆောက်ခဲ့သော သာသနာ့အာဇာနည်ကြီး)

ယင်းစာတမ်းဖတ်ပွဲတွင် အဖေဆွေးနွေးသည်မှာ -

"စာပေတိုင်းကို ပါးစပ်စာနဲ့ရေးလို့မရပါဘူး။ ဘုရားဟောကျမ်းစာတွေတောင် ပါးစပ်စာနဲ့ရေးရင် ပေါ့ပြက်ကုန်လိမ့်မယ်။ ပုံပြင်တို့၊ ကာတွန်းတို့ကို ပါးစပ်စာနဲ့ရေးရင်ဖတ်လို့ကောင်းရင်ကောင်းမယ်။ စာကြီးပေကြီးတွေကို အကုန်ပါးစပ်စာနဲ့ရေးရင်ပျက်စီးကုန်လိမ့်မယ်"

ယင်းအခမ်းအနားပြီးသောအခါ အဖေနှင့် ကျွန်တော်သည် ဆရာကြီးမြမျိုးလွင်အိမ်တွင်အိပ်လေသည်။ နောက်တစ်နေ့တွင် အဖေ၏ တူတော်သူ ပန်း

www.burmeseclassic.com

www.burmeseclassic.com



ဦးခန္တီ ကြီးမှူးမှုမှ်မံခဲ့သော မန္တလေးတောင်အထောက်အစုံများကို ဤသို့ တွေ့မြင်နိုင်ပေသည်



ဦးခန္တီ စိုက်ထူပူဇော်ခဲ့သော ပိဋကတ်ကျောက်စာတော်များကို
မန္တလေးတောင်ခြေတွင် ဖူးတွေ့နိုင်ပေသည်

ဦးအုန်းကြိုင် (မြို့မတေးအဖွဲ့ဥက္ကဋ္ဌလုပ်သူ) လာခေါ်၍ မန္တလေးတောင်ခြေသို့ အပေးရောက်ခဲ့ရသည်။ မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်အနီးတွင် ဦးအုန်းကြိုင် ပန်းချီပြခန်းတစ်ခုဖွင့်လှစ်ထားသည်။ ထိုပန်းချီပြခန်းသို့ ပန်းချီကို စိတ်ဝင်စားသူများ လာရောက် ကြည့်ရှုနေကြသည်။ အဖေနှင့် ဦးအုန်းကြိုင်သည် ရသေ့ကြီးဦးခန္တီပန်းချီကားကိုကြည့်ရင်း အဖေက -

"မောင်အုန်းကြိုင်၊ မန္တလေးတောင်ပေါ်မှာ သာသနာပြုသွားတဲ့ ရသေ့ကြီး ဦးခန္တီဆိုတာ ဘယ်သူလဲ"

"ရသေ့ကြီးဦးခန္တီဆိုတာ သီပေါမင်းလို့ ငယ်ငယ်ကတည်းကပြောသံကြား နားပါတယ်။ ရတနာဂီရိကိုပါတော်မူသွားတာက သီပေါမင်းအတုတဲ့။ ဒီနေ့အထိ အဲဒီလိုယုံကြည်နေသူတွေ တစ်ပုံကြီးရှိသေးတယ်"

ရတနာဂီရိသို့ ပါတော်မူသွားသော သီပေါမင်းကို မင်းတုန်းမင်းနှင့် လောင်းရည်မိဖုရားတို့က ၁၂၂၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့တွင်မွေးဖွားခဲ့သည်။ ရသေ့ကြီးဦးခန္တီလောင်းလျှာကို အဖ ဦးရွှေလှ၊ အမိခေါ်ဦဥတို့မှ ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ကြီးကြာအင်းအုပ်စု အနောက်တောင်၊ ရွာသာယာရွာနီဂုံး၌ ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနလ်ာနေ့နံနက် (၅) နာရီတွင် မွေးဖွားခဲ့သည်။ ဦးခန္တီက သီပေါမင်းထက် (၉) နှစ်ခန့်ငယ်ပါသည်။ အချို့ကအမိအမည်ကို ဒေါ်ကန်ဟု အမှတ်အသားပြုသည်။ ဦးခန္တီ၏ငယ်နာမည်မှာ မောင်ဖိုးမောင်ဖြစ်ပါသည်။ အချို့က အမိအမည်ကို ဒေါ်ကန်ဟု အမှတ်အသားပြုသည်။ ဦးခန္တီ၏ငယ်နာမည်မှာ မောင်ဖိုးမောင်ဖြစ်သည်။ အရပ်အမောင်း (၆) ပေ (၃)လက်မရှိ၍ သေးသွယ်သောမျက်နှာ၊ ဖြောင့်စင်းသောနှာတံ၊ ကျယ်ပြန့်သောနဖူး၊ရှည်၍ကားသောနားရွက်၊ခွန်သောဦးခေါင်းနှင့် သွယ်ပျောင်းသော ခြေတံ၊ လက်တံများရှိသည်။

အသက်(၁၃)နှစ်တွင် သာမဏေဝတ်သောအခါ သိမ်ကုန်းရွာမကျောင်းဆရာတော်က ရှင်ခန္တီဟုဘွဲ့ပေးခဲ့သည်။ အသက်(၂၀)အရွယ်တွင် ရဟန်းဘောင်တက်ခဲ့ပြီး ပထမရွှေကျင်ဆရာတော်ကြီး သစ်ဆိပ်ဆရာတော်ကြီးထွင့်ခေါင်ဆရာတော်ကြီးနှင့် ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလတို့ထံ၌ ပရိယတ်၊ ပဋိပတ်များသင်ကြားခဲ့သည်။ ရဟန်း(၁၂)ဝါအရ ၁၂၆၁ ခုတွင် ရသေ့အသွင်ကူးပြောင်းပြီး သာဝိတောင်၊ ရွှေမြင်တင်တောင်တို့၌ လှည့်လည်ကျင့်ကြံ၍ ကမ္မဋ္ဌာန်းအားထုတ်ခဲ့သည်။ မန္တလေးတောင်သို့ ၁၂၆၉ ခုနှစ်တွင် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဦးခန္တီအား တောင်ခွင်သာသနာ

www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆရာကြီးက သာသနာ့ဟိတဓေ နာယက ဟူသောဘွဲ့ ချီးမြှင့်ပါသည်။ ယင်းသို့ချီးမြှင့်သည်နှင့်အညီ ဦးခန္တီသည် ရွှေမြင်တင်တောင်အဝန်းတွင် စေတီ (၄၉) ဆူ၊ ကျောင်း (၃၄) ကျောင်း၊ တန်ဆောင်း (၁၆) ဆောင်၊ ရုပ်ပွားတော်ကြီး (၁၅) ဆူတို့နှင့် အခြားအဆောက်အအုံများကို ရှစ်နှစ်တာကာလအတွင်း အပြီးတည်ဆောက်သည်။ တောင်ပခြုပ်၌ ချမ်းသာရစေတီ၊ ဆုတောင်းပြည့်စေတီ၊ ကျိုက်ထီးရိုးစေတီ၊ ကျောင်ဆင်စေတီတို့ကိုတည်သည်။ မန္တလေးတောင်ခြေ စန္ဒာမုနိဘုရားနှင့် သထုံမြို့ ရွှေစာရံဘုရားများတွင် ကျောက်ချပ်ရေ(၃၀၀၀) ကျော်ရှိ ပိဋကတ်တော် အဋ္ဌကထာများကို ကျောက်ထက်အက္ခရာတင်ခဲ့သည်။ ၁၂၆၂ ခုနှစ်တွင် ပျဉ်းမနား ဆင်ဖြူတောင် (ယခုစမတောင်)၊ ထိုမှတစ်ဖန် လယ်ဝေး (နေပြည်တော်) ၁၂၆၉ ခုနှစ်တွင် မန္တလေးတောင်၊ ၁၂၇၅ ခုနှစ်တွင် ရန်ကင်းတောင်သို့ ကြွရောက်၍ ဘုရားပုထိုး အဆောက်အအုံများကို တည်ဆောက်ခဲ့သည်။

မန္တလေးတောင်ပေါ် သို့တက်ရာ စောင်းတန်းလေးသွယ်ဖြစ်သည့် အရှေ့ဘက်စောင်းတန်း (၂၅၀) ခန်း၊ တောင်ဘက်စောင်းတန်း (၃၅၆)ခန်း၊ အနောက်ဘက်စောင်းတန်း (၃၈၁) ခန်း၊ မြောက်ဘက်စောင်းတန်း (၄၉၂) ခန်းတို့မှာ ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုများ ဖြစ်သည်။ မန္တလေးနှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သော နှစ်(၁၀၀) ပြည့်မန္တလေးစာအုပ်တွင် ဆရာတော် ရွှေကိုင်းသား (ဦးသောတိတ) က ရသေ့ကြီးဦးခန္တီနှင့် မန္တလေးတောင်မှာ ခွဲခြား၍ မရသည့်အကြောင်း အောက်ပါအတိုင်း ရေးသား မှတ်တမ်းတင်ခဲ့သည်။

မန္တလေးတောင်တော်သည် မန္တလေးသာသနာ့အခြေအနေကို အခြားဌာနများထက် ပေါ်လွင်စွာထင်ဟပ်ပြနိုင်ပေသည်။ သိုက်ဝင်ဗာဒိတ်ရကောင်ထူးတောင်မြတ်တစ်လုံးဖြစ်သည်တွင် ရသေ့ကြီးဦးခန္တီက ပြုပြင်မွမ်းမံလိုက်ပြန်သောအခါ ပိုမိုထင်ရှားလာပေသည်။

နှစ်ပေါင်း (၄၀) အတွင်း ရသေ့ကြီးဦးခန္တီ သာသနာပြုသွားခဲ့သော သာသနိက အဆောက်အအုံများမှာ မြန်မာပြည်အနှံ့ လက်ညှိုးထိုးမလွဲအောင် များပြားလှသည်။ မှတ်တမ်းအစောင်စောင်နှင့်တိုက်ဆိုင်၍ စာဖတ်သူတို့ ကြည်ညိုနိုင်ရန်တင်ပြရသော် -

၁။ မန္တလေးမြို့၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မယ်ဥတောင်၊ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ သုဓမ္မာသိမ်တော်ကြီး၊ ဘုရားကြီးအာနန္ဒာ၊ နန်းတွင်းတောရ၊ ရွှေစာရံ၊ သကျသီဟ၊ တောင်ပြိုးဆုတောင်းပြည့်၊ တောင်ပြိုးဆုတောင်းရ၊

၂။ ပြင်ဦးလွင် ဘုဏ်တော်မဟာမြတ်မုနိနှင့် ရေဝင်တောင်၊

၃။ နမ္မတ္ထရွေမြင်သာတောင်၊

၄။ သီပေါဘော်ကြိုဘုရား၊

၅။ မိုးကုတ်ဘီးတောင်ဘုရား၊

၆။ မိုးကောင်းမန်းဦးတောင်ဘုရား၊

၇။ တောင်ကြီးရပ်တော်မူဘုရားကြီး၊

၈။ ပင်းတယရွှေဥမင်ဘုရား၊

၉။ စစ်ကိုင်းဆင်များရှင်နှင့် ရှင်ဖြူရှင်လှဘုရားကြီး၊

၁၀။ အင်းဝတံတားဦးမင်္ဂလာစေတီ၊

၁၁။ ပုပ္ပားရွှေသာလျောင်းဘုရား၊

၁၂။ မင်းဘူးမန်းစက်တော်၊ ကျောင်းတော်ရာနှင့် ဆည်တော်မဟာမြတ်မုနိဘုရား၊

၁၃။ ပျဉ်းမနား ဆင်ဖြူတောင်၊ ဓမ္မကတောင်စူဠာမဏိဘုရား

၁၄။ ရမည်းသင်း ရွှေမြင်တင်တောင်၊ တောင်ပခြုပ်၊ ရွှေရင်မွှေး၊ ရွှေရင်မိ၊ ရွှေရင်ပုန်း၊ မင်းသမီးဘုရား၊ မျှောရွာပိတောက်ကုန်းဘုရားနှင့် ညောင်ဇွန်မဟာမြတ်မုနိ၊ သားခိုတောင်ဘုရား။

၁၅။ လယ်ဝေး ရန်အောင်မြင်ရွှေလက်လှဘုရား၊

၁၆။ ပဲခူးဟင်္သာကုန်းနှင့် နောင်တော်ကြီးဘုရား၊

၁၇။ ကျိုက်ထို ကျိုက်ထီးရိုး ရသေ့တောင်ဘုရား၊

၁၈။ သထုံမဟာမြတ်မုနိ၊ ရဟန္တာကျောင်း၊ ဓာတ်တော်စေတီ၊ ရွှေစာရံဘုရား၊ ကျောက်စာနှင့် နေမိန္ဒရတောင်သိမ်တော်ဘုရား၊

၁၉။ မော်လမြိုင် အလံတစ်ရာတောင်၊ ဦးခန္တီနယ် ရွှေမြင်တင်တောင်ရှိ ဘုရား၊ တန်ဆောင်း၊ စောင်းတန်းများ တည်ဆောက်ခြင်းတို့ ဖြစ်ကြပါသည်။

ဤကဲ့သို့ သာမန်လူတို့စိတ်ကူးရုန်မဝံ့သည့် အဆောက်အအုံကြီးများကို တောင်ထိပ်များပေါ်၌ တည်ဆောက်ရသည့်တာဝန်မှာ ကြီးလေးလှသော်လည်း ဦးခန္တီ၏ စေတနာအစွမ်းသတ္တိကြောင့် လွယ်ကူစွာ ပြီးစီးခဲ့သည်သာပင် ဖြစ်သည်။

အထက်ပါသာသနိကအဆောက်အအုံများကုန်ကျစရိတ်မှာ ထိုခေတ်ကာလတန်ဖိုးနှင့်တွက်လျှင်ပင် အနည်းဆုံး ကုဋေ (၆၀) ရှိလိမ့်မည်ဟု ခန့်မှန်းကြသည်။ ရသေ့ကြီးဦးခန္တီ ဤမျှလူနိုင်တန်းနိုင်၊ သာသနာပြုနိုင်သည်မှာ သာမန်ကြောင့်မဖြစ်နိုင်။ ရွှေဖြစ်၊ ငွေဖြစ် စသောကြောင့်သာ ဖြစ်သည်ဟု တဖြည်းဖြည်း နာမည်ကြီးလာခဲ့သည်။ နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံချုပ်စီပင်တို့က ဤရွှေဖြစ်၊ ငွေဖြစ်သောသတင်း မှန်မမှန်စုံစမ်းတင်ပြရန် မြန်မာနိုင်ငံဘုရင်ခံ ပို့ကဒ် ညွှန်ကြားတော့သည်။

ဘုရင်ခံလည်း ရန်ကုန်ရဲမင်းကြီးစကော့၊ စကားပြန်ဦးလှအောင် (စာရေးသူမိခင်၏ဦးလေး)တို့ခေါ်ပြီး မန္တလေးသို့လာ၍ ရသေ့ကြီးထံစုံစမ်းသည်။ ရဲမင်းကြီးက သူသည် ရဲမင်းကြီးဖြစ်ကြောင်း ရသေ့ကြီးဦးခန္တီသည် ရွှေဖြစ်သည်ဟုကြား၍ ဟုတ်၊ မဟုတ် သိပါရစေဟု လျှောက်ထားသည်။ ထိုအခါ ရသေ့ကြီးက ရွှေဖြစ်ပါသည်ဟု ပြောသည်။ ဖြစ်ခဲ့လျှင် တပည့်တော်အား လက်ငင်းပြပါဟု ရဲမင်းကြီးကတောင်းပန်သည်။

ထိုအခါ ရသေ့ကြီး ဦးခန္တီသည် သူ၏တပည့်များအား လင်ပန်းသုံးချပ်ကို ပြောင်နေအောင်ဆေးစေပြီး အဝတ်နှင့်သုတ်ပြီးလျှင် ဘုရားကျောင်းဆောင်ရှေ့ နားရှိ ပလ္လင်အောက်တွင်ထားစေသည်။ ရသေ့ကြီးဦးခန္တီသည် ဘုရားရှေ့တော်သို့သွား၍ ဘုရားရှိခိုးသစ္စာပြုလေ့ကိစ္စများနှင့် ရှိခိုးပူဇော်သည့်နည်းနာဝက်လောက်ကြာအောင် ဘုရားရှိခိုး

www.burmeseclassic.com

ပြီး၍ ကြေးစည်ကို သုံးချက်တိတိ
ရိုက်၍ အမျှပေးဝေသည်။ သာခုခေါ်
သူ။ ထို့နောက် ရဲမင်းကြီးနားလာ၍
မေးနေရာမှာ ထိုင်နေတော်မူသည်။
ထိုတော်လောက်ကြာသောအခါ အနယ်
အရပ်ရပ်မှ များလှစွာ ဘုရားဖူးများ
သည် မန္တလေးတောင်တော်သို့ ရောက်
လာကြသည်။ ဘုရားဖူးများက ရွှေလက်
ဝတ်များ၊ ရွှေလက်ကောက်များ၊ ရွှေဆွဲ
နားကိုင်များကို ရွှတ်၍လျှူကြသည်။ ထိုအခါ
ဘုန်းကြီးထိုင်နေသောတစ်နာရီလောက်
အတွင်းတွင် လင်ပန်းသုံးချပ်ထဲ၌ရွှေတွေ
ပြည့်နေအောင်ရသည်။

ထိုအခါ ရသေ့ကြီးက သူ့ရွှေဖြစ်
ကြောင်းဟုဆိုသည်မှာ ဒီနည်းပင်ဖြစ်ပါ
သည်ဟု ပြောပြလေသည်။ ထိုအခါ
ဘုန်းကြီးသည် ဦးခန္ဓိအား အလွန်
ကြည်ညိုစွာရှိခိုးပြီး အမှတ်တရ ဓာတ်ပုံ
ရိုက်ကာ မည်သည့်ကိစ္စမဆို ရဲအဖွဲ့က
အကူအညီပေးပါမည်ဟု ကတိပြုပြီး
သွား ရန်ကုန်သို့ ပြန်သွားသည်။

(ရသေ့ကြီးက ဒီဝါတဟိ အစချီ
သော လိရာပြည့်စေဂါထာတော်ကို ရွတ်
ဆိုပုဇော်ခြင်း ဖြစ်သည်။ ဤဂါထာကို
ဘုရားရှိခိုး၊ ငါးပါးသီလယူ၍
ဆုတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင်
တော်ပြီး (၃၇) ကြိမ်ဖြစ်စေ၊ (၁၀၈) ကြိမ်
ဖြစ်စေ၊ အသက်ကြီးလျှင် သက်စေ့ဖြစ်
အောင် ပုတီးစိပ်၍ ဆုတောင်းက အံ့သြ
သောက်အောင် ပြည့်စုံစေသည်။)

ရသေ့ကြီးဦးခန္ဓိဖြစ်ပေါ် လာပုံမှာ
ရသေ့ကြီးသည် ပခုံးက သီလအား
ကောင်းသော ရဟန်းတော်ဖြစ်ခဲ့သည်။
ဆွေတွယ် ရမည်းသင်းဘက် မှဖြစ်သည်။
သက်တော် (၄၀) ကျော်ငယ်သောအခါ
အခြားရွာကလေးတစ်ရွာမှ ဆွမ်းစားပင့်
၍ တောလမ်းမှဖြတ်သွားသည်။ သူ့၏
နောက်၌ ကျောင်းသားလေးနှစ်ယောက်
ပါသည်။ လမ်းတစ်ဝက်လောက်တွင်
မြေကြီးပေါ်၌ ငွေဒင်္ဂါးဆယ်ပြားတန်းစီ
ကျနေသည်ကို တွေ့ရသည်။ ကျောင်း
သားများက ကောက်မည်လုပ်သော
အခါ ဘုန်းကြီးက အလွှင့်ရှိလိမ့်မည်
ကောက်ရဟု တားမြစ်ခဲ့သည်။ နောက်
ဆယ့်ငါးရက်ကြာသောအခါ ထိုရွာတ
ဝင် အလှူရှိ၍ ဆွမ်းစားပင့်ပြန်သည်။
ဤအကြိမ်မှာတော့ ဘုန်းကြီးက ဤငွေ
များသည် ပိုင်ရှင်ရှိဟန်တူ၊ ထို့ကြောင့်
ကျောင်းသားများ ကောက်ခဲ့ပြီးလျှင်
ဘုရာကို ဆီမီး၊ ပန်း စသည်ဖြင့် လှူရ
မည်ဟု အဓိဋ္ဌာန်ရှိပြီး ကောက်ယူခဲ့သည်။

ဤကဲ့သို့ ငွေရပြီးနောက် မကြာမီ
လူသူတော်ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်၍
ဘုန်းကြီးအား သာသနာပြုတော်မူပါ၊
ငွေရေးကြေးရေးပူပင်စရာမရှိ။ ဆိုင်ရာ
သာသနာပြုမည့်ပုဂ္ဂိုလ်များက လိုအပ်
သလို ပြည့်စုံအောင် ကူညီပေးမည်ဟု
လျှောက်ထားသည်။ထိုအခါ ဘုန်းတော်
ကြီးက သူသည် ရဟန်းဘဝမှ ရသေ့
အသွင်သို့ ကူးပြောင်း၍ သာသနာပြု
မည်ဟု အာမခံပြီးလျှင် မန္တလေးတောင်
မှစ၍ သာသနာပြုခဲ့သည်။ ကျပ်ကုဋေ
ပေါင်းများစွာတန်သောအဆောက်အအုံ
များစွာလှူဒါန်းခဲ့သည်။

ဤသို့ လူသာမန်တို့ နားလည်ရန်
ခက်သော ထူးဆန်းအံ့သြဖွယ်ရာဖြစ်ရပ်
များက ရသေ့ကြီးဦးခန္ဓိတွင် အများ
အပြားဖြစ်ပေါ် ခဲ့သည်။ ဦးခန္ဓိအား
သက်ရှိထင်ရှားမီခဲ့သော စာရေးဆရာမ
ကြီး လူထုဒေါ်အမာက သူ၏ကိုယ်တွေ့
မျက်မြင်ဖြစ်ရပ်တစ်ခုကို 'ကျွန်မတို့
မန္တလေးတောင်' စာအုပ်၌ အောက်ပါ
အတိုင်း ရေးသား ဖော်ပြထားသည်မှာ
စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"ရသေ့ကိုယ်တော်ကြီးနဲ့ပတ်သက်
လို့ ဒဏ္ဍာရီတွေလို၊ ပုံပြင်တွေလိုပြော
စကားတွေ အလွန်များတဲ့ပုဂ္ဂိုလ်ကြီးပါ။
ကျွန်မရဲ့ကိုယ်တွေ့ကလေးပြောပြချင်ပါ
သေးတယ်။ မန္တလေးတောင်ကို ခြေသုံ့
ကြီးနှစ်ကောင်ကနေပြီးတက်လာကြရော။
လမ်းတစ်နေရာမှာ ရသေ့ကြီးတက်လာ
တာကို ဖူးတွေ့ရပါတယ်။ ပြီးတော့
ကျွန်မတို့ပြန်ကြီးကိုရောက်တော့ ရသေ့
ကိုယ်တော်ကြီးက ပြန်ကြီးမှာထိုင်နေပြီး
ဘုရားဖူးတွေရဲ့ အဖူးမြော်ကိုခံနေတာ
တွေ့ရပါရော။အတူတူတောင်ပေါ် တက်
ခဲ့ကြတာပဲ။ ဘယ်အချိန်က ရသေ့ကိုယ်
တော်ကြီးက ကျွန်မတို့ကိုဖြတ်တက်သွား
လို့ ဒီကိုအရင်ရောက်နေတယ်ဆိုတာ
သတိမထားလိုက်မိတာကတော့ အမှန်
ပါ။ ကိုယ်တွေ့ခဲ့တုန်းက ရသေ့ကြီးက
ဘုရားတစ်ဆူကန်ဇွန်ဆော်တစ်ယောက်
ကို တစ်စုံတစ်ရာမှာကြားပြောဆိုနေတာ
ကို အမြင်ခဲ့သား။ ပြီးတော့ ကိုယ်ကရှေ့
ကတက်ခဲ့တယ်လို့ထင်တာပဲ။ ဒါပေမယ့်
ခုတော့ ရသေ့ကြီးက ထိုင်အကန်တော့
ခံနေပြီ။ ရသေ့ကြီးနဲ့ဒီလိုကြုံရဆုံရတယ်
ဆိုတာက ကိုယ်ချည်းမဟုတ်ပါဘူး။
ဘုရားဖူးအများစုရဲ့ ပြောစမှတ်စကား
တစ်ခုပါ"

စစ်ပြီးခေတ်တွင် ဦးခန္ဓိသည်
စစ်ဒဏ်ကြောင့် ပိမိ၏ကောင်းမှုများ
ပျက်စီးရသည်ကို အသစ်ပြန်လည်
ပြင်ဆင်မွမ်းမံလေသည်။ ထိုအချိန်၌
အဖေဦးရန်အောင်သည် 'အညာသား
ကလေး' ဝတ္ထုရေးခဲ့ပြီး တစ်သောင်း
ကျပ်ရလေရာ ရသေ့ကြီးဦးခန္ဓိထံ အဖေ
ငွေတစ်ထောင်ကျပ်လှူဒါန်းလေသည်။
ထိုစဉ်က ရွှေတစ်ကျပ်သားမှတစ်ရာကျပ်
ရှိလေသည်။

အဖေက ရသေ့ကြီး ဦးခန္ဓိ၏
ကျင့်စဉ်ကို မေးမြန်းလျှောက်ထားရာ
ရသေ့ကြီးက ငယ်စဉ်က ရုက္ခမူကျင့်စဉ်
ကိုကျင့်ခဲ့ကြောင်းသိရသည်။ ရသေ့ကြီး
သည် အနှစ်တစ်တောင်ထက်ကြီးသော
သစ်ပင်ကြီး (၁၅) ပင်တွင် တစ်ပင်လျှင်
သုံးရက်ကြာ ည (၈) နာရီမှ နံနက် (၄)
နာရီအထိ မငိုက်ဘဲ အောက်ပါဂါထာ
တော်များကို ပုတီးစိပ်သည်။ လိုအင်ဆန္ဒ
များပြည့်ဝသည်။ ထွက်ရပ်ပေါက်သည်
အထိ အောင်မြင်နိုင်သည်။

ရုက္ခမူကျင့်စဉ်

၁။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ
မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ။
ဟောတုမေ အာယုဝမုနံ၊ ဟောတု
မေ သုခဝမုနံ။

၂။ နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော
မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမုနံ၊ ဟောတု
မေ သုခဝမုနံ။

၃။ နတ္ထိ မေ သရဏံ အညံ၊ သံဃော
မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမုနံ၊ ဟောတု
မေ သုခဝမုနံ။

၄။ ဇိဝိတဿ အန္တရာယောပိကာတုံ၊
ဗုဒ္ဓဿ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျ မင်္ဂလံ၊
ဟောတု မေ အာယုဝမုနံ၊ ဟောတု
မေ သုခဝမုနံ။

၅။ ဉာဏဿ အန္တရာယောပိကာတုံ၊
ဗုဒ္ဓဿ ကေနစိ နသက္ကာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ။
ဟောတု မေ အာယုဝမုနံ၊ ဟောတု
မေ သုခဝမုနံ။

www.burmeseclassic.com

www.burmeseclassic.com

၆။ ရသို့သာ အန္တရာယော်ပိကာတုံ၊
ဗုဒ္ဓသ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၇။ သိက္ခာသ အန္တရာယော်ပိကာတုံ၊
ဗုဒ္ဓသ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၈။ ဗုဒ္ဓေါ အဘိဇ္ဇကာယော၏ နတ္ထိ
လောဟိတသုဒ္ဓံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၉။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမ္ဖိ၊ သံသယော
နိတ္ထိ မေ သဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၁၀။ သဒ္ဓါမေ ဓမ္မသေဋ္ဌမ္ဖိ၊ သံသယော
နိတ္ထိ မေ သဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၁၁။ သဒ္ဓါမေ သံဃသေဋ္ဌမ္ဖိ၊ သံသယော
နိတ္ထိ မေ သဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ
ဇယျမင်္ဂလံ၊
ဟောတု မေ အာယုဝမ္ဏံ၊ ဟောတု
မေ သုခဝမ္ဏံ။

၁၂။ ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာ
သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တ
ရောပုရိသဒမ္မသာရထိ။

၁၃။ သွာက္ခာတော ဘဂဝတာဓမ္မော၊
သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိ
ပဿိကော၊ ဩပါနေယျိကော၊ ပစ္စ
တ္တံ ဝေဒိတဗ္ဗော ဝိညူဟိတိ။

၁၄။ သုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော၊ ဥုပ္ပဋိပန္နော ဘဂဝတော
သာဝက သံဃော၊ ဉာယပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော၊
သာမိစိပ္ပဋိပန္နော၊ ဘဂဝတော
သာဝကသံဃော၊ ယဒိဒံ စတ္တာရိ၊
ပရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊
ဧသော ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီ
ယော၊ အနုတ္တရံ ပုညက္ခေတ္တံ
လောကဿ။

၁၅။ အဇ္ဈတ္တိကတ္တာ၊ အဟံအတ္တာနံ၊ ဗုဒ္ဓ
သနိယျာဒေမိတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ၊ အဟံအတ္တာနံ၊ ဓမ္မ
သနိယျာဒေမိတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ၊ အဟံအတ္တာနံ၊
သံဃသနိယျာဒေမိတိ မံ ဓာရေ
ထ။

၁၆။ အဇ္ဈတ္တိကတ္တာ အဟံဗုဒ္ဓသပရာ
ယနောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံဓမ္မသပရာ
ယနောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံသံဃသ
ပရာယနောတိ မံ ဓာရေထ။

၁၇။ အဇ္ဈတ္တိကတ္တာ၊ အဟံ ဗုဒ္ဓသ
အန္တေဝါသိကောတိ မံ ဓာရေထ၊
အဇ္ဈတ္တိကတ္တာ၊ အဟံ ဓမ္မသ
အန္တေဝါသိကောတိ မံ ဓာရေထ၊
အဇ္ဈတ္တိကတ္တာ၊ အဟံ သံဃသ
အန္တေဝါသိကောတိ မံ ဓာရေထ။

ဤဘုရားရှိခိုးဂါထာကို မည်သူ
ပေးသည်မသိ။ ရသေ့ကြီးဦးခန္ဓိကို
အထက်ဆရာသမားက ပေးဟုန်တူ
သည်။ ရသေ့ကြီးကလည်း တွေ့ရာလူ
ကို ပေးသူမဟုတ်။ အဖေဦးရန်အောင်
သည် အလွန်ကံကောင်း၍၊ အဖေ့အား
အလွန်ခင်မင်၍ပေးသော ဘုရားရှိခိုး
ဂါထာဖြစ်သည်။ ဘုရားရှိခိုးပြီးလျှင်
သစ္စာပြုသောဂါထာဖြစ်သည်။ ရတန
သုတ်နှင့် ခပ်ဆင်ဆင်ဖြစ်သည်။

ရသေ့ကြီးဦးခန္ဓိနှင့် ပတ်သက်၍
ပိုပြီး အံ့သြကြည်ညိုဖွယ်ကောင်းသည်
မှာ ငွေကြေးမြောက်များစွာ ကိုင်တွယ်
သုံးစွဲနေရပါလျက် ကိုယ်ကျိုးသုံးသည်ဟူ
သောအစွန်းအထင်းမျိုး၊ နေ့စဉ်နှင့်အမျှ
မိန်းမကြီးငယ်ပေါင်းများစွာ လာရောက်
ဖူးမြော်နေပါလျက် အငြိအစွန်းသတင်း
မျိုး လုံးဝကြားခြင်းပင် ဖြစ်ပါသည်။
ဦးခန္ဓိ၏စေတနာလုပ်ငန်းကို မြန်မာနိုင်ငံ
တစ်ဝန်းလုံး သိရှိနှစ်သက်ကြသဖြင့်
အနှယ်နယ်အရပ်ရပ်မှ စေတနာရှင်များ
သည် အလှူငွေများရက်ရောစွာထည့်
ဝင်လှူဒါန်းကြသည်။ဦးခန္ဓိဆိုလျှင် သဒ္ဓါ
ယုံကြည်ကြပေသည်။ ဖြိတ်သူအစိုးရ
လည်း ဦးခန္ဓိအား သွားလိုရာ ရေ
ကြောင်း၊ ကုန်းကြောင်းခရီးလမ်းများကို
အလွယ်တကူ သွားလာနိုင်ရန် ခွင့်ပြု
လက်မှတ်များ ဆက်ကပ် လှူဒါန်းခြင်း၊
မိမိပြုစုတည်ထားသော ဘုရားပွဲတော်၊
ဟော်ပွဲရွှင်ပွဲများ ကျင်းပလိုက အစိုးရထံ
၌ အမိန့်ခံယူရန်မလိုခြင်း စသော အထူး
အခွင့်အရေးများကိုပေးထားလေသည်။

ရသေ့ကြီးသည် အဆောက်အအုံ
သစ်များကို တည်ဆောက်ရန် စီမံဆဲ၌
ပင် ၁၃၀၇ ခုနှစ်ကစွဲကပ်ခဲ့သောလေငန်
ရောဂါဝေဒနာကြောင့် ကိုယ်တစ်ခြမ်း
အနည်းငယ်သေနေရာမှ မြန်မာနိုင်ငံ
လွတ်လပ်ရေးရပြီး တစ်နှစ်အကြာ ၁၉၄၉
ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ၁၃၁၀
ပြည့်နှစ်၊ ငြာသိုလပြည့်ကျော် ၁၄ ရက်၊
တနင်္ဂနွေနေ့ည၁တွင် ကွယ်လွန်ရှာလေ
သည်။ ဦးခန္ဓိ၏ရုပ်ကလာပ်ကို (၂) နှစ်
တိုင်တိုင် အပူဇော်ခံထားရှိခဲ့သည်။

၂၀-၁၂-၅၀ နေ့တွင် ဆရာကြီး
သခင်ကိုယ်တော်မှိုင်းသည် ဆရာကြီး
ဇေယျနှင့် အဖေဦးရန်အောင်တို့လိုက်ပါ
ပြီး ရန်ကုန်မြို့မှ လေယာဉ်ဖြင့် လာ
ရောက်ပြီး ရုပ်ကလာပ်ကိုဖူး၍ လေးခွန်
ကြီးတစ်ပုဒ် ရေးဖွဲ့ပူဇော်သွားခဲ့သည်။
နိုင်ငံတော်အစိုးရမှ ထောက်ပံ့အလှူငွေ
(၅၀၀၀) ကျပ်နှင့် အရပ်ရပ်စာပန အလှူ
တော်ရန်ပုံငွေများစုပေါင်းလျက် ၁၃၁၂
တပို့တွဲလဆန်း ၈ ရက်မှ တပို့တွဲလပြည့်
နေ့အထိ (၁၄-၂-၅၁ မှ ၂၁-၂-၅၁)
အထိ စာပနပွဲကြီးကျင်းပကာ ခမ်းနား
သိုက်မြိုက်စွာ သဂြိုဟ်ခဲ့ပါသည်။ ရသေ့
ကြီးဦးခန္ဓိသည် မန္တလေးတောင်ကို ဗဟို
ပြု၍ မြန်မာနိုင်ငံအနှံ့အပြား အံ့မခန်း
သာသနာပြုသွားခဲ့သော သူတော်
ကောင်းရသေ့ကြီးတစ်ပါးသာ ဖြစ်ပါ
ကြောင်း တင်ပြလိုက်ရပါသည်။

*(ဤဆောင်းပါးဖြင့် ရသေ့ကြီး
ဦးခန္ဓိနှင့် အဖေဦးရန်အောင်တို့ကို ဦးညွှတ်
လျက်)*

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

ဆရာကြီးစန္ဒြ၏
ဘဝခရီးနှင့်အတွေ့အကြုံများ
ပထမအကြိမ်၊ စံပယ်ဦးစာအုပ်တိုက်
ဒုတိယအကြိမ်၊ လမ်းသစ်စာအုပ်
တိုက်။

မောင်မောင်(ဥပဒေ)၏
ရသေ့ကြီးဦးခန္ဓိမည်သူနည်း
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ၊ သူ့မှ
မဂ္ဂဇင်း၊ မြန်မာ့စွယ်စုံကျမ်း အတွဲ
(၂)၊ စာပေဗိမာန်။

www.burmeseclassic.com

www.burmeseclassic.com

ဒီးသာတဲ့ သောင်ရေမှာ၊
တောင်လေကိုမိတ်ဆွေဖွဲ့ပါလို့၊
ကောက္ကလဲ မြောက်ကိုလှည့်ကာမှ၊
ပြန်ခဲ့မယ် ရွှေညာသူရဲ့၊
ဝါဆိုမီပွဲ။ ။

အထက်ဖော်ပြပါ တေးကဗျာလေးအား မည်သူရေးဖွဲ့သည်၊ မည်သည့်ဇာတ်အဖွဲ့မှ မင်းသားမည်သူသီဆိုသည်ကို ကျွန်တော် မသိပါ။ သို့သော် ကျွန်တော့်ဦးလေးကိုထွန်းစိန် မကြာခဏသီဆိုလေ့ရှိသဖြင့် ယနေ့အထိမှတ်မိနေပါသည်။ ဤသီချင်းကိုသီဆိုရင်း ဦးလေးဦးထွန်းစိန်သည် အထက်အညာဒေသဒီးပွားလာရာသောအညာသားလေထိုး

ဖြစ်ရိုးတစ်လျှောက် မြို့ရွာအနှံ့သို့လာရောက်ရောင်းချကြ၏။ ထိုကုမ္ပဏီကြီးများသည် ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် မီးသင်္ဘောကြီးများကို ငှားရမ်းပြီး စွေးသင်္ဘောအဖြစ် လာရောက်ရောင်းချခြင်း ဖြစ်သည်။ ထိုစွေးသင်္ဘောကြီးများမှာ ဘေးတွင်သမ္ဗန်ကြီးများတွဲထားလေ့ရှိသည်။

သင်္ဘောအပေါ် ထပ်နှင့် တွဲသမ္ဗန်များပေါ်တွင် ထိုစဉ်ကခေတ်စားသော အထည်အလိပ်များ၊ သားရေရူးဖိနပ်၊ တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ၊ လက်ပတ်နာရီ၊ ကလေးကစားစရာ၊ စက်ဘီး၊ ချုပ်ပြီးအင်္ကျီများ၊ ဦးထုပ်၊ သိုးမွေးအင်္ကျီ၊

လှမိုး(ဗညားရေး)
ရောဝတီဖလော်တီလာကုမ္ပဏီအား အန်တုသူများ

သားများ မိမိတို့အညာဒေသရှိ ချစ်သူအား တမ်းတ၍သီဆိုသောသီချင်းဖြစ်ကြောင်း မိုးဦးကာလ တောင်လေသွေးခိုန် ကုန်တင်လှေကြီးများတိုင်ထိပ်မှ ဆောက္ကလံ(အလံ)မြောက်ဘက်လွှင့်ခိုန်တွင် ကြိုးစုံရွက်စုံဖွင့်သည့်လှေကြီးများ ရောဝတီမြစ်ကို အပြိုင်အဆိုင်ဆန်တက်သာသည်ဟုလည်း ရှင်းပြလေ့ရှိ၏။

ဒုတိယကမ္ဘာစစ်ကြီးကာလတုန်းက ဦးလေးကိုထွန်းစိန်ကဲ့သို့ လူပျိုများသည် ဇာတ်သဘင်များ၊ ရုပ်သေးများမှ မင်းသား၊ မင်းသမီးများသီဆိုသောတေးသီချင်းများကို ညအခါ လမ်းလျှောက်ဆိုသော တေးသီချင်းအဖြစ် သီဆိုလေ့ရှိရာ ဆိုသီချင်းလေးမှာလည်း ဇာတ်သဘင်သို့မဟုတ် ရုပ်သေးပွဲတစ်ပွဲမှ မင်းသားတစ်ယောက်သီဆိုသောသီချင်းဖြစ်ပါလိမ့်မည်။ ထိုကာလကမူ ကျွန်တော်သည် အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်သဖြင့် ကောင်းစွာမှတ်မိနေခြင်း ဖြစ်ပါသည်။

ဤသီချင်းသံကြားသည်နှင့် ရောဝတီမြစ်တစ်ရိုး ရွက်လွှင့်၍စုန်ဆန်သွားလာနေသော ရွက်လှေကြီးများကို မျက်စိတွင် မြင်ယောင်လာသည်။ အမှန်အားဖြင့် ကျွန်တော့်ဇာတိ စကုမ္ပဏီသည် ရောဝတီမြစ်မှ (၁၀) မိုင် ကွာဝေးပါသည်။ သို့သော် ကိုလိုနီခေတ်က နာမည်ကြီး ဗြိတိသျှကုမ္ပဏီကြီးများသည် ရောဝတီဖဲထီး၊ သားရေအိတ်၊ အိမ်ထောင်ပရိဘောဂနှင့် လယ်ယာသုံးပစ္စည်းများကို ခင်းကျင်း ပြသထားလေ့ရှိသည်။ ကျွန်တော်မှတ်မိသလောက် ထိုစဉ်က ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီပိုင်သင်္ဘောများကို စွေးသင်္ဘောအဖြစ် ငှားရမ်းသော ကုမ္ပဏီကြီးများမှာ ဝိုက်ဝေးကုမ္ပဏီနှင့် ရှုးကုမ္ပဏီများဖြစ်ကြသည်။

ဤစွေးသင်္ဘောကြီးများ မင်းဘူးဆိပ်ကမ်းတွင် ဆိုက်ကပ်သည်ကို သိရှိသည်နှင့် ကျွန်တော်တို့မြို့မှ လူကြီး၊ လူငယ်အများသည် မော်တော်ကားငှားရမ်းကြပြီး စွေးသင်္ဘောကြီးများဆီသို့ သွားရောက်၍ မိမိတို့နှစ်သက်ရာပစ္စည်းများကို ဝယ်ယူလေ့ရှိကြသည်။ မင်းဘူးမြို့ဆိပ်ကမ်းသို့ ဧရာဝတီဖလော်တီလာကုမ္ပဏီမှစွေးသင်္ဘောကြီးများဆိုက်ကပ်ပြီ ဟူသောသတင်းကို ကြားသည်နှင့် ကျွန်တော်တို့မြို့တွင်သာမက မင်းဘူးခရိုင် ကျေးလက်ဒေသမှ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမတို့သည် ဘုရားပွဲတော်တွင် စွေးဝယ်လာသည့်ပမာ အုတ်အုတ် ကျက်ကျက်နှင့် မင်းဘူးမြို့သို့ သွားရောက်ကြ၏။ စွေးသင်္ဘောကြီး၏ အထက်၊ အောက်နှင့် တွဲသမ္ဗန်များပေါ်တွင် လူများတိုးမပေါက်အောင်စည်ကားလှသည်။

မှတ်မှတ်ရရ ထိုစဉ်က ကျွန်တော်တို့ ကလေးငယ်များသည် 'ဝိုက်ဝေးဇာဘော်လီ'ဟု ရွတ်ဆိုလေ့ရှိကြသည်။ ထိုကုမ္ပဏီမှချုပ်ရောင်းသော အင်္ကျီသင်းဝတ် ဇာဘော်လီအင်္ကျီမှာ လူသိများလှ၏။ ရောဝတီဖလော်တီလာကုမ္ပဏီသင်္ဘောများကို တောနေလူထုပါမကျန် သိကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ရောဝတီဖလော်တီလာကုမ္ပဏီကြီးသည် ကျွန်တော်တို့ မြန်မာနိုင်ငံအား ကျွန်ဇာတ်သွင်းခဲ့သော ဗြိတိသျှနယ်ချဲ့သမားတို့၏ ကျူးကျော်ရေးစစ်ပွဲများတွင် အား

ပေးအားမြှောက်ပြုခဲ့သော ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ ဗြိတိသျှတို့၏ ပြည်သစ်တည်ရှိစီးပွားရေးသစ်တည်ဆောက်မည့် စီမံကိန်းတွင် ရှေ့တန်းမှပါဝင်ခဲ့သော ကုမ္ပဏီကြီး ဖြစ်ပါသည်။

ကျွန်တော်သည် ၂၀၁၄ ခုနှစ်၊ မတ်လထုတ် သူရဇ္ဈမဂ္ဂဇင်းကြီးတွင် 'သတင်းမီဒီယာများကပြောသော ဧရာဝတီသင်္ဘောကုမ္ပဏီ'ဟူသောဆောင်းပါးတွင် ဧရာဝတီဖလော်တီလာကုမ္ပဏီအား လွတ်လပ်ပြီးစ မြန်မာနိုင်ငံအစိုးရက ပြည်သူပိုင်သိမ်းယူခဲ့သည့်အကြောင်းကို အတော်အသင့် ပြည့်စုံအောင် ရေးသားဖော်ပြခဲ့ပါသည်။ ယခုရေးသည့်ဆောင်းပါးသည် အထက်ဖော်ပြပါ ဆောင်းပါး၏ နောက်ဆက်တွဲဆောင်းပါးဟု ဆိုနိုင်ပါသည်။

မှန်ပါသည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ကျွန်တော်တို့မြန်မာနိုင်ငံ ကိုလိုနီခေတ်အရှုပ်ဦးအချိန်က စခဲ့သည်ဟု ဆိုကြ၏။ ဗြိတိသျှနယ်ချဲ့သမား၏မူဝါဒမှာ မြန်မာနိုင်ငံနယ်စပ်ဒေသရှိသော ဗန်းမော်မြို့ကိုဖြတ်၍ တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်

www.burmeseclassic.com

www.burmeseclassic.com

ခန့်ထားခဲ့၏။ ဤကဲ့သို့ မြန်မာမင်းပိုင်နက်အထိ ရေကြောင်းခရီးလမ်းကို တိုးချဲ့ဆွဲခဲ့ရာတွင် ခရီးသည်များ၏ သင်္ဘောဝန်ထမ်းများ၊ အလုပ်သမားများကို အကြောင်းပြု၍ သင်္ဘောကုမ္ပဏီက တစ်ဖက်၊ မြန်မာအစိုးရတို့ကတစ်ဖက် ဆက်ဆံရေးများ အဆင်မပြေဖြစ်လာခဲ့သည်။ မုတ်တမ်းများအရ ထိုကာလက ရောဝတီကုမ္ပဏီပိုင် မီးသင်္ဘောကြီး အချို့မှာ အလျား (၃၂၆) ပေ၊ ဖြတ် (၄၆) ပေရှိပြီး အင်ဂျင်စက်များမှာလည်း အားကောင်းသဖြင့် တွဲသမွန်နှစ်စီးကို ဆွဲနိုင်ကြသည်။ ပထမတန်းစီးခရီးသည် (၃၆)ဦးဆံ့အခန်းများကို အပေါ်ထပ်ဦးပိုင်း၌လည်းကောင်း ထားရှိပြီး ဒုတိယတန်းခရီးသည် (၂၄) ဦးအတွက် အခန်းများကိုမူ ပဲ့ပိုင်း၌ထားရှိသည်။ ကုန်တတိယတန်း ခရီးသည်များအတွက်ခု သင်္ဘောကုန်းပတ်ပေါ်တွင် စီးနင်းလိုက်ပါခွင့်ပြုခဲ့၏။

ရောဝတီဖလော်တီလာကုမ္ပဏီသည် သံလွင်မြစ်နှင့်ကျိုင်းမြစ်တွင်လည်း ခရီးသည်တင်နှင့် ကုန်စည်တင်သင်္ဘောများဖြင့် တိုးချဲ့ပြေးဆွဲခဲ့၏။ သံလွင်မြစ်မှာ ရေစီးကြမ်းသဖြင့် ရောဝတီမြစ်ကဲ့သို့ လှေ၊ သင်္ဘောများသွားလာရန် ကောင်းသောမြစ် မဟုတ်သော်လည်း မော်လမြိုင်မြို့မှ မိုင်(၅၀)ကျော်ကွာဝေးသောရွှေဂွန်းမြို့အထိ လှေ၊ သင်္ဘောများ ဆန်တက်နိုင်သည်။ သို့ဖြစ်၍ ရောဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများသည် ထိုခရီးစဉ်တွင် အခြားပဂ္ဂလိကပိုင် သင်္ဘောများနှင့်အပြိုင် ပြေးဆွဲခဲ့သည်။ ထို့အတူ ရောဝတီမြစ်ဝကျွန်းပေါ် ခရီးစဉ်များတွင်လည်း အခြားပဂ္ဂလိကပိုင် မီးသင်္ဘောများကလည်း မိမိတို့အစီအစဉ်နှင့်ပြေးဆွဲခဲ့သည်။

သို့သော် ရောဝတီဖလော်တီလာကုမ္ပဏီသည် နည်းလမ်းအမျိုးမျိုးနှင့် အခြားပြိုင်ဘက်ပြေးဆွဲသည့်ရေကြောင်းသွားလာရေးကုမ္ပဏီငယ်များကို လက်အောက်ကြီးအုပ်ရန် ကြိုးစားခဲ့သည်။ ထိုစဉ်က ဗြိတိသျှအာဏာပိုင်များကလည်း ရောဝတီဖလော်တီလာကုမ္ပဏီနောက်တွေမှ အထိုက်အလျောက် အကူအညီပေးခဲ့သည်ဟု သိရ၏။ သို့ဖြစ်၍ အထက်မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ပြီးစီးခဲ့သည့်အခါတွင်မူ ရောဝတီမြစ်အပါအဝင် မြန်မာနိုင်ငံ၏ ရေလမ်းသွားယုပ်ဆွေးရေးလုပ်ငန်းတွင် အဓိကလက်ဝါးကြီးအုပ် ပို့ဆောင်ရေးလုပ်ငန်းရှင် မီးသင်္ဘောကုမ္ပဏီဖြစ်လာခဲ့၏။ ထိုကုမ္ပဏီတွင် ဒုတိယကမ္ဘာစစ်ကြီးကာလ စစ်သင်္ဘောအစင်းပေါင်း ခြောက်ဆယ်ကျော် ဖောက်ကားရန် ဖြစ်၏။ တရုတ်နိုင်ငံမှ ထွက်သောပိုးထည်အလိပ်များနှင့်အခြားကုန်စည်များကို ဝယ်ယူ၍ အင်္ဂလန်နိုင်ငံအတွက် အထည်အလိပ်နှင့် စက်မှုကိရိယာပစ္စည်းများကို တရုတ်ပြည်သို့ တင်သွင်းရန် ဖြစ်၏။ တရုတ်နိုင်ငံနှင့် ကုန်စည်ဖောက်ကားရောင်းဝယ်ရေးတွင် ရောဝတီမြစ်ကြီးကို အဓိကပင်မလမ်းအဖြစ် အသုံးပြုရန်ဖြစ်သည်။ ကုန်သည်များနှင့် ကုန်စည်များကို ဗန်းမော်သို့ ပို့ဆောင်နိုင်အတွက် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောအုပ်စုဖွဲ့ရန် လိုအပ်လာ၏။

ဤတွင် အောက်မြန်မာနိုင်ငံအား သိမ်းပိုက်ထားသော ဗြိတိသျှအစိုးရသည် ပုဂ္ဂိုလ်ကမီးသင်္ဘောကုမ္ပဏီများနှင့် အစိုးရတို့ သဘောတူညီမှုရလျှင် စရိတ်သက်သာလာမည်သာမက ကုန်စည်ကူးသန်းရောင်းဝယ်ရေး အလျင်အမြန် တိုးတက်လာပေလိမ့်မည်ဟု မှတ်ယူထား၏။ ဤစီမံချက်ကို အလျင်အမြန် အကောင်အထည်ဖော်ရန် မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တို့တွင် ကုမ္ပဏီခွဲများဖွင့်ထားသော တော့(ဒ်)ဖင့်လေကုမ္ပဏီက တင်ဒါတင်သွင်းခဲ့သည်။ ထို့ကြောင့် ခရစ်နှစ် ၁၉၆၃ ခုနှစ်တွင် အစိုးရပိုင် မီးသင်္ဘောများအား တင်ဒါရသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့သည်။ ထိုဖွဲ့စည်းခဲ့သောကုမ္ပဏီကို ခရစ်နှစ် ၁၈၆၈ ခုနှစ်တွင် ရောဝတီဖလော်တီလာကုမ္ပဏီ အရပ်အခေါ် ရောဝတီမီးသင်္ဘောအမည်ဖြင့် စနစ်တကျ ပြန်လည် ဖွဲ့စည်းပြီး မီးသင်္ဘောများ စတင်ပြေးဆွဲခဲ့သည်။

ဤတွင် ရောဝတီဖလော်တီလာကုမ္ပဏီသည် သင်္ဘောအများကို ရန်ကုန်၊ မော်လမြိုင်ခရီးစဉ်သာမက မြစ်ဝကျွန်းပေါ် ခရီးစဉ်များကိုပါ စတင်ပြေးဆွဲခဲ့ရာ အခြေထ်အစွန်းများ စိုစိုပြိုပြိုရရှိခဲ့သဖြင့် ခရီးစဉ်များကို တိုးချဲ့ရန် စီစဉ်ခဲ့၏။ ထို့နောက် ရောဝတီဖလော်တီလာကုမ္ပဏီသည် သင်္ဘောခုနစ်စင်းအား ရန်ကုန်နှင့် ထိုစဉ်က မြန်မာမင်းတို့ ပိုင်ဆိုင်သည့် အထက်မြန်မာနိုင်ငံနှင့် ဗြိတိသျှအစိုးရပိုင် အောက်မြန်မာနိုင်ငံ နယ်ခြားမြို့ဖြစ်သော သရက်မြို့အထိ ပြေးဆွဲစေခဲ့သည်။ ထိုခရီးစဉ်မှာ ဗြိတိသျှအစိုးရတို့ ပိုင်နယ်မြေအတွင်း ဖြစ်၏။ ခရစ်နှစ် ၁၈၆၈ ခုနှစ်တွင်မူ အထက်မြန်မာနိုင်ငံ မန္တလေးအစိုးရနှင့် အောက်မြန်မာနိုင်ငံ ဗြိတိသျှအာဏာပိုင်တို့ သဘောတူညီချက်အရ ရောဝတီဖလော်တီလာပိုင် မီးသင်္ဘောများကို မန္တလေးအထိ တိုးချဲ့ဆွဲပေးနိုင်ခဲ့သည်။ မန္တလေးမြို့တွင် ရောဝတီဖလော်တီလာကုမ္ပဏီ၏ ကိုယ်စားလှယ်တစ်ယောက်ကိုလည်း

www.burmeseclassic.com

ကျော်ရှိ၍ ကမ္ဘာပေါ်၌ သင်္ဘောအများဆုံးပိုင်သော ကုမ္ပဏီကြီးတစ်ခုဟု ဆိုကြသည်။ ယင်းဧရာဝတီဖလော်တီလာပိုင် သင်္ဘောများသည် ခရီးသည်အများကို ဆောင်ပေးခြင်း၊ နိုင်ငံခြားမှ မြန်မာနိုင်ငံသို့တင်သွင်းသောသွင်းကုန်များကို မန္တလေးမြို့မှ နိုင်ငံအနှံ့ ပို့ဆောင်သယ်ယူပေးခြင်း၊ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့မည့်ကုန်များကို ဆိပ်ကမ်းမြို့များအရောက်ပေးပို့ခြင်းလုပ်ငန်းများကို ဆက်ဝါးကြီးအုပ်၍ အများဆုံးပြုလုပ်နေသည်။

ထိုစဉ်ကာလ မှတ်တမ်းများအရ မြန်မာအမျိုးသားပိုင် လှေကြီးများက သယ်ယူပို့ဆောင်သော ကုန်တန်ချိန်မှာ ဧရာဝတီဖလော်တီလာကုမ္ပဏီနှင့် ယှဉ်လျှင် အလွန်နည်းပါးသည်ဟု သိရသည်။ ဤသို့အခြေအနေတွင် မြန်မာနိုင်ငံရေးသားဒွေကြေးတတ်နိုင်သူများက ဧရာဝတီဖလော်တီလာကုမ္ပဏီကို ဖြိုခွဲပြီးရန် သင်္ဘောငယ်ကလေးများ ဆောင်တည်ထောင်ကြည့်ခဲ့သည်။ ပထမအဆင့်အဖြစ် ထောင်သူမှာ စစ်ကိုင်းမြို့မှ ကြေးအရင်းအနှီးရှိသူ ဒေါ်နှင်းဆီသူ ဖြစ်သည်။ ဒေါ်နှင်းဆီသည် သင်္ဘောငယ်တစ်စင်းဝယ်ယူ၍ စစ်ကိုင်းတွင် စတင်ပြေးဆွဲခဲ့သည်ဟု သိရသည်။ စစ်ကိုင်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအချို့သို့လည်း ခရီးသည်နှင့်ကုန်များ ပို့ဆောင်ပေးခဲ့သည်။ ဤတွင် ဧရာဝတီဖလော်တီလာပိုင် နှစ်ထပ်သင်္ဘောတစ်စင်းက ဒေါ်နှင်းဆီပိုင်သင်္ဘောနောက်သို့ ထာဝစဉ်ကပ်လိုက်၍နှောင့်ယှက်သည်။ မြန်မာသင်္ဘောမှ ခရီးသည်တစ်ယောက်ကို ငါးမူး(ပြားငါးဆယ်)ယူငွေ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင်သင်္ဘောက တစ်မတ် (နှစ်ဆယ့်ငါးပြား) ယူခဲ့သည်။ ဒေါ်နှင်းဆီပိုင်သင်္ဘောက ခရီးသည်များကို ငွေကြေးတစ်စုံတစ်ရာ ဆောင်းခံခြင်းမပြုဘဲ ကုသိုလ်ဖြစ်ပို့ပေးသည်။ ဧရာဝတီကုမ္ပဏီမီးသင်္ဘောက ခရီးသည်များကို မေတ္တာဖြင့် အခကြေးငွေ ယူဘဲပို့ပေးသည်သာမက လက်ဖက်ရည်တိုက်၊ ပဲဝါကမ်းနှင့် အလုအယက် ပြုလုပ်ခဲ့ရာ နောက်ဆုံးတွင် ဒေါ်နှင်းဆီမှာ အရင်းအနှီးပြုတ်ခဲ့ရသည်သာမက သူ့ကုမ္ပဏီပိုင် မီးသင်္ဘောများကို လျှော့လျှော့ပေါ့ပေါ့ဈေးနှင့် ဧရာဝတီဖလော်တီလာကုမ္ပဏီအား ထိုးအပ်ခဲ့ရတော့၏။

အလားတူဖြစ်စဉ်တစ်ခု သံလွင်နှင့် ကျိုင်းမြစ်ခရီးစဉ်များတွင် ဖြစ်ပွားခဲ့သည်ဟု သိရ၏။ ခရစ်နှစ် ၁၈၉၈ ခုနှစ် ခန့်ကပင် ဗြိတိသျှအမျိုးသား ဒေါ်ဆန်းဆိုသူ လုပ်ငန်းရှင်တစ်ဦးသည် သူပိုင် မီးသင်္ဘောလေးစင်းဖြင့် သံလွင်မြစ်နှင့် ကျိုင်းမြစ်ခရီးစဉ်များတွင် ဆောင်ခြင်း၊ ကုန်များသယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်ခဲ့၏။ ထို့အတူ အိန္ဒိယအမျိုးသားပိုင် မီးသင်္ဘောကုမ္ပဏီတစ်ခုကလည်း မီးသင်္ဘောငယ်များနှင့် ထိုခရီးစဉ်များတွင် အပြိုင်ပြေးဆွဲခဲ့သည်။ ဤခရီးစဉ်များ၏အလားအလာကို ကြိုတင်သိမြင်ထားသော ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ထိုခရီးစဉ်များတွင် ၎င်းတို့ပိုင်မီးသင်္ဘောများနှင့် ဝင်ရောက်ပြေးဆွဲရန် စီစဉ်ခဲ့တော့၏။ ဤသို့ပြိုင်ဘက်ပြေးဆွဲသည့်သင်္ဘောကုမ္ပဏီများကိုလက်ဝါးကြီးအုပ်ရန် ဧရာဝတီဖလော်တီလာကုမ္ပဏီသည် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့သည်။ ပထမ၌ ပြိုင်ဘက်ကုမ္ပဏီများက တင်းခံခဲ့ကြသော်လည်း နောက်ဆုံးတွင် ၎င်းတို့ပိုင်မီးသင်္ဘောများကို ဧရာဝတီဖလော်တီလာကုမ္ပဏီသို့ ရောင်းချခဲ့ရတော့၏။ သို့ဖြင့် ဧရာဝတီဖလော်တီလာကုမ္ပဏီသည် မော်လမြိုင်ခရီးစဉ်များတွင် လက်ဝါးကြီးအုပ်လာနိုင်ခဲ့သည်။

ဤသို့သော အခြေအနေတွင် ဧရာဝတီဖလော်တီလာကုမ္ပဏီအားယှဉ်ပြိုင်ရန်အားထုတ်သူတစ်ဦး ပေါ်ပေါက်လာခဲ့သည်။ ထိုသူမှာ မော်လမြိုင်ကတို့သစ်ဆိပ်နှင့် မိုင်အနည်းငယ်ကွာဝေးသော ကောနပ်ရွာဇာတိ မွန်အမျိုးသား ဦးနာအောက်ဆိုသူဖြစ်၏။ ငယ်စဉ်က ချို့တဲ့သူတစ်ဦးဖြစ်သော်လည်း ဇွဲကောင်းကောင်းနှင့် ရိုးသားဖြောင့်မတ်စွာ အလုပ်လုပ်ခဲ့ရာမှ ဟိုးဟိုးကျော်ခဲ့သော သစ်ကုန်သည်သူဌေးကြီးတစ်ဦးဖြစ်လာခဲ့သည်။ မှတ်တမ်းများအရ ထိုစဉ်က လျှမ်းလျှမ်းတောက်ထင်ရှားသော တိုင်းရင်းသားသစ်ကုန်သည်လောကတွင် နေလိုလလို ထင်ရှားခဲ့သူဖြစ်သည်။ ကျောင်းကန်ဘုရားများတည်ဆောက်၍ ဆင်းရဲနွမ်းပါးသူများကို ပေးကမ်းစွန့်ကြဲရာတွင် သူမတူအောင် နာမည်ကျော်ခဲ့သူလေ ဖြစ်သည်။ နိုင်ငံခြားသားပိုင်သစ်ကုမ္ပဏီများကိုယှဉ်ပြိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ မော်လမြိုင်ခရီးစဉ်များတွင် လက်ဝါးကြီးအုပ်ထားသော ဧရာဝတီဖလော်တီလာကုမ္ပဏီကို အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော စစ်ကိုင်းသူ ဒေါ်နှင်းဆီကဲ့သို့ အန်တုသူတစ်ဦး ဖြစ်သည်။

ဦးနာအောက်သည် နှစ်ထပ်မီးသင်္ဘောများဝယ်ယူ၍ သံလွင်နှင့်ကျိုင်းမြစ်ခရီးစဉ်များတွင် ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင်မီးသင်္ဘောများနှင့်အပြိုင်ပြေးဆွဲခဲ့သည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများကလည်း ဦးနာအောက်ပိုင်သင်္ဘောများနှင့် ကပ်သင်္ဘောစီးခကို လျှော့ထုသည်။ ခရီးသည်များကို မေတ္တာဖြင့် ထမင်းကျွေးလက်ဖက်ရည်တိုက်၊ ပဲဝါကမ်းနှင့် ခရီးသည်နှင့် ကုန်စည်ပါရအောင် အလုအယက်လုပ်ကိုင်ခဲ့ရာ နောက်ဆုံးတွင် ဦးနာအောက်သည် ဧရာဝတီဖလော်တီလာကုမ္ပဏီကို အလျှော့ပေးခဲ့ရတော့၏။

ဤသို့အတွင်း လက်ဝါးကြီးအုပ်အရင်းရှင်ပိုင် ဧရာဝတီဖလော်တီလာကုမ္ပဏီအား အနိုင်တိုက်ခဲ့သည့် သူရဲကောင်းများပေါ်လာသည်။ ထိုကာလက ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများသည် မော်လမြိုင်နှင့် ခရာလမ်း ကျိုင်းမြစ်တွင် အစုန်အဆန်ပြေးဆွဲခဲ့ကြ၏။ ထိုခရီးစဉ်တစ်လျှောက်ရှိ ကျေးရွာပေါင်း (၃၈) ရွာမှ ခရီးသည်များသည် ထိုဧရာဝတီဖလော်တီလာကုမ္ပဏီပိုင်သင်္ဘောများကို စီးနင်းလိုက်ပါခဲ့ကြ၏။ ကျေးရွာသူကျေးရွာသားများက သင်္ဘောခန္ဓနိုးနှင့် ကုန်တင်ခန္ဓနိုးကို မြန်မာနိုင်ငံ မီးရထားဌာနမှ ကောက်ယူသော တစ်မိုင် တစ်ပြားနှုန်း ကောက်ခံရန် ဧရာဝတီဖလော်တီလာကုမ္ပဏီသို့ တောင်းဆိုခဲ့ကြသည်။ ယင်းကိစ္စကို ရွာပေါင်း (၃၈) ရွာမှ လူထု၏ ကိုယ်စားလှယ်အဖြစ် ထိုစဉ်က ဒို့ဗမာအစည်းအရုံးမှ သခင်ဗဆွေက ခေါင်းဆောင်ခဲ့သည်။ပထမတွင် ကုမ္ပဏီကလိုက်လျောခြင်းမပြုခဲ့သဖြင့် အထက်ဖော်ပြပါကျေးရွာများမှလူထုက ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများအား သပိတ်မှောက်ခဲ့ကြ၏။

သပိတ်တိုက်ပွဲ စတင်သည့်နေ့မှစ၍ မော်လမြိုင် - ခရာသို့သွားသော ခရီးစဉ်များတွင် ဧရာဝတီဖလော်တီလာပိုင်သင်္ဘောများမှာ ခရီးသည်တစ်ယောက်မျှမပါဘဲ ခုတ်မောင်းခဲ့ရသည်။ သို့သော် ဧရာဝတီဖလော်တီလာကုမ္ပဏီအာဏာပိုင်များသည် နည်းလမ်းအမျိုးမျိုးနှင့် သပိတ်ပြိုကွဲရန် ပြုလုပ်ခဲ့ကြသည်။ ခေါင်းဆောင်သူ တို့ဗမာအစည်းအရုံးမှ သခင်များကိုဖမ်းဆီးနှိပ်ရန် ကြိုးစားခဲ့ကြ၏။ သို့သော် ထိုစဉ်က လူထုမှာ ညီညွတ်ခဲ့ကြရကား နောက်ဆုံး လူထုတောင်းဆိုချက်ကို ဧရာဝတီဖလော်တီလာကုမ္ပဏီက လိုက်လျောခဲ့ရတော့၏။ ပြည်သူများဘက်မှ အောင်ပွဲခံခဲ့ရပြီး ဧရာဝတီဖလော်တီလာကုမ္ပဏီမှာ အရှုံးပေးခဲ့ရပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

၁။ Ayear on the Irrawarddy.

၂။ ကျွန်တော် သံလွင်ဖောင်စီးလူထုဦးလှ

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး
ရေကြောမြေကြော

ရေကြောမြေကြော

"ဒီရေဒီမြေကိုက ရေကြောမြေကြောလိုက်နေတယ်ထင်ပါရဲ့ အစ်ကိုလေးရယ်။ ကျွန်မဖြင့် ဘာမှကိုမမွေးရဲတာ"

ဆိုပြီး ပြောပြလေ့ရှိတယ်။ ပြောမယ်ဆိုလည်းပြောလောက်စရာပါ။ ဒီရေဒီမြေမှာ ဟိုးရှေးတုန်းကဆို ဦးထွန်းရဆိုတာ မိုက်လွန်းလို့ အိမ်ပိုင်းထဲတောင် မဝင်ဝံ့ကြဘူး။ မိုက်တာက မူးပြီးမိုက်တာမျိုးမဟုတ်ဘူး။ ယဉ်ယဉ်ကလေးနေပြီး မိုက်တာ။ မျက်စိထဲ ခံတွင်းမတွေ့လို့က တော့ အသားလွတ်ထွက်ရိုက်တတ်တဲ့ လူမျိုးပို့ သူ့ကိုဝေးဝေးကရှောင်ကြတယ်။ သူကစကားမပြောဘူး။ တည်တည်ငြိမ်ငြိမ်နေတာ။ ရယ်စရာကြုံရင်တောင်မှ ပြုံးရုံလေးပြုံးတဲ့လူ။ မသိရင်တော့ အတော်အေးတဲ့လူလို့ထင်ကြမှာ။ အမှန်တော့ ပြာဖုံးထားတဲ့ မီးကျီးခဲနီရဲရဲအစစ်ပါ။

ဦးထွန်းရ ကိုထွန်းရအရွယ်မှာ မြောက်သပြေကုန်းကို တစ်ယောက်တည်းသွားတာကို ရွာကလူတွေသိတယ်။ အဲဒီခေတ်က ဂျပန်ခေတ်ဆိုတော့ တိုင်းပြည်ဖရိုဖရဲနဲ့ ဥပဒေမစိုးမိုးတဲ့ခေတ်လို့ဆိုရမှာပါ။

ကိုထွန်းရမိုက်ပုံများ ဒီလောက် ခေတ်ပျက်ကြီးမှာ လက်နက်မပါ လက်ဗလာနဲ့ မြောက်သပြေကုန်းကို သွားရဲတာ အံ့သြဖွယ်ပါ။ အဲဒီခေတ်က ခရီးသွား ဓားပါမှ' ဆိုတဲ့ခေတ်ပါ။ ဓားပါလာရင် အဟန့်ရှိတာပေါ့။ အားကိုးအားထားလည်းဖြစ်တာပေါ့။ သူများလည်း ကိုယ့်ကိုမစော်ကားရဲဘူးပေါ့။ ခုတော့ လက်နက်မပါဘာမပါနဲ့ အတော်ဝေးတဲ့ခရီးကိုသွားခဲ့တာပါ။

ဒါမျိုးကို ချောင်းနေတဲ့ ကိုစံဝတို့လူစုဟာ ငှက်ကြီးတောင်ဓားကိုယ်စီကိုင်ကာ ကိုထွန်းရကို အပြတ်ရှင်းဖို့ လမ်းတစ်ဝက်က တိတ်တဆိတ်ပုန်းကွယ်စောင့်နေကြပါတယ်။ ရွာမှာဝိုလ်ကျလွန်းလို့ အခွင့်ရတုန်း အပြတ်ရှင်းမလို့ပါ။

မှောင်ရီပျိုးစ ကိုထွန်းရပြန်လာတယ်ဆိုရင်ပဲ ကြိုစောင့်နေတဲ့လူစုက အပိုင်ပိုင်းခုတ်ကြပါတယ်။ ကိုထွန်းရဟာ သတ္တိကောင်းသူမို့ လျင်လျင်မြန်မြန် ရှောင်တိမ်းပြီး ရန်သူလက်ထဲက ဓားရအောင်ယူကာ ပတ်ခုတ်ပါတယ်။ အကွဲကွဲအပြဲပြဲအလဲလဲအပြိုပြိုနဲ့ သူတို့လူစုကျန်ခဲ့ရတာပါ။ ဒဏ်ရာတွေကိုယ်စီနဲ့ သူတို့ပြန်လာကြပေမယ့် ကိုထွန်းရကတော့ ခလုတ်မထိဆူးမငြိဘဲ အိမ်ကိုအေးချမ်းစွာပြန်လာပါတယ်။ ဒီကိစ္စကို အိမ်မှာရှိတဲ့လူတွေကို မပြောပါဘူး။ ဘာမှမဖြစ်ခဲ့သလိုနေတာပါ။ ဒဏ်ရာတွေ ဆေးကုနေရတဲ့လူတွေဆီက ဒီသတင်းကို ကြားရတာပါ။ အဲဒီနောက်မှာတော့ ကိုထွန်းရကို ယှဉ်ရဲသူဆိုတာ လုံးဝမပေါ်ခဲ့ပါဘူး။

အဲဒီလို မိုက်ဂုဏ်၊ သတ္တိဂုဏ်နဲ့ ဓားပြတိုက်တာမျိုး၊ လုယက်တာမျိုးတော့ လုံးဝလုပ်လေ့မရှိပါဘူး။ မူးရူးပြီး ရမ်းကားတာမျိုးလည်းမလုပ်ဘူး။ လုပ်ရင် ပြောင်ပြောင်လုပ်တာ။ အကြောက်တရားဆိုတာ တစ်စက်ကလေးမှကို မရှိတဲ့လူပါဘဲ။ လူမဆိုထားနဲ့ ဘဝချင်းမတူတဲ့သရဲတောင် ပြန်လုံးတာ အတော်နာမည်ကြီးသွားခဲ့ဖူးပါတယ်။ အဲဒါလည်း ဂျပန်ခေတ်မှာပါပဲ။

ဂျပန်ခေတ်မှာ လူတွေအသေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အပျော်များတော့ကာ သရဲတစ္ဆေတွေ ကလည်းပေါတဲ့ခေတ်လို့ ဆိုရမှာပါ။ မိုးရာသီတစ်ည‌မှာဖြစ်ပါတယ်။ လယ်ရှင်တွေဟာ ဟင်းစားငါးရအောင် လယ်ဝင်ရေထွက်ရေမြောင်းဝမှာ ငါးပုံးလေးတွေ ထောင်ကြပါတယ်။ ညနေထောင်ထားရင် မနက်ဆို ငါးသွားယူရုံပါပဲ။

ကိုထွန်းရဟာ ဒီည သူများတွေ ထောင်ထားတဲ့ ပုံးတွေထဲ ငါးသွားနှိုက်မယ်ဆိုပြီး ပလိုင်းလွယ်ကာ လယ်တောတွေထဲသွားပါတယ်။ ထောင်ထားတဲ့ ပုံးတွေထဲက မိထားသမျှငါးတွေ သူ့ပလိုင်းထဲ နှိုက်ထည့်ပါတယ်။ စားလောက်သောက်လောက်ရမှ ရွာဘက်ပြန်ခဲ့ပါတယ်။

သူသွားနှိုက်တာက ရွာမြောက်ဘက်က လယ်တောပါ။ ပြန်ရင် လယ်ပြင်ကျောင်းဘေးလမ်းက ပြန်ဝင်ရမှာပါ။ သူလာတဲ့ လယ်ကန်သင်းပေါ်မှာ ပေါက်ပင်ကြီးတစ်ပင်ရှိပါတယ်။ သူပေါက်ပင်အောက်ရောက်တယ်ဆိုရင်ပဲ ပေါက်ပင်ပေါ်က ခပ်မည်းမည်းသရဲက ဆင်းလာပြီး သူ့ကိုဝင်လုံးတော့တာပါ။ ကိုထွန်းရလည်း သတိရှိတယ်။ ပလိုင်းကိုလွတ်တဲ့နေရာမှာထားပြီး ပြန်လုံးတော့တာပါ။ သူငါးကိုတော့အထိမခံပါဘူး။

ဒီလိုနဲ့ သူတစ်ပြန်ကိုယ်တစ်ပြန် လုံးနေလိုက်ကြတာ သရဲက အညှဉ်မခံသလို ကိုထွန်းရကလည်း အနှုံးမပေးဘူး အင်တိုက်အားတိုက်ကို လုံးနေကြတာ။ ဒီလိုနဲ့ လူတွေ လယ်တောဝင်တဲ့ ဝေလီဝေလင်းအချိန်ရောက်လာတယ်။

လူတွေအမြင်မှာတော့ ကိုထွန်းရ တစ်ယောက်တည်း လေထဲမှာလုံးနေတာပါ။ အဲဒီကျမှ လူတွေက -

"ကိုထွန်းရ၊ ဘာလုပ်နေတာလဲ"

လို့ မေးမှ သရဲက ပေါက်ပင်ပေါ်ပြန်တက်ပြေးပါတယ်။ အဲဒီကျမှ ကိုထွန်းရ ပလိုင်းကောက်လွယ်ပြီး-

"ငါ သရဲနဲ့ အပျင်းပြေ နပန်းလုံးတမ်းကစားနေတာပါ"

လို့ ပြောပြီး ရွာဘက်ပြန်သွားပါတော့တယ်။ အမှန်တော့ သရဲက ငါးဖြတ်လုတာပါ။ ကိုထွန်းရကလည်း တစ်ကောင်မှအပါမခံခဲ့ပါဘူး။ အဲဒီမှာ ကိုထွန်းရကို လူတွေပိုပြီးကြောက်ကြပါတယ်။ ဘာဆိုဘာမှကို မကြောက်တတ်တဲ့ လူစားမျိုးပါ။

အဲဒီ ဦးထွန်းရဟာ ဒီအိမ်ဝိုင်းထဲမှာ သေတစ်ပန်သက်တစ်ဆုံးနေသွားခဲ့တာပါ။ ခင်ထွေးယောကျ်ား တင်မောင်လတ်နဲ့ ဦးကြီးတော်ပါတယ်။ တင်မောင်လတ်အမေ ဒေါ်အုန်းခင်ရဲ့ အစ်မဖြစ်သူ ဒေါ်အုန်းရင်ယောကျ်ားပါ။ ဦးထွန်းရနဲ့ ဒေါ်အုန်းရင်မှာ သားသမီးမထွန်းကားပါဘူး။ တင်မောင်လတ်ကိုပဲ ဖူးဖူးမှုတ်ပြီး ဝိုင်းချစ်ကာ လူလားမြောက်အောင် ပြုစုပျိုးထောင်ခဲ့ကြတာပါ။

တင်မောင်လတ်ဖခင်က တပ်မတော်သား တပ်ကြပ်ကြီး ဦးဖြူဝင်းပါ။ ဆိတ်နံတုန်းမှာ ဝိုလ်တာရာစစ်တပ် တပ်စွဲထားစဉ်က ဒေါ်အုန်းခင်နဲ့ရပြီး တင်မောင်လတ်မွေးအပြီးမှာ တိုက်ပွဲမှာ ကျဆုံးသွားခဲ့တာမို့ မုဆိုးမ ဒေါ်အုန်းခင်ဟာ နောက်အိမ်ထောင်မပြုဘဲ တင်မောင်လတ်ကို လူလားမြောက်အောင် မွေးမြူခဲ့ခြင်းပါပဲ။

ကလေးကြည့်ပါဦး

မခင်ထွေး တင်မောင်လတ်နဲ့ အိမ်ထောင်ကျတော့ ဦးထွန်းရ အရွယ်ကျတဲ့ အချိန်ရောက်နေပါပြီ။ ငယ်တုန်းကလို မဆီးတော့ပေမယ့် အရင်ဆိုးခဲ့ဖူးတဲ့ အရှိန်အဝါဟာ သူ့မှာရှိနေဆဲဆိုတော့ ဘယ်သူကမှ လူအိုဆိုပြီးပမာမခန့်မလုပ်ရဲကြပါဘူး။ လူအိုတော့ လူမလေး၊ ကြောင်အိုတော့ကြွက်မလေးဆိုတဲ့စကားရှိတယ်လေ။

အဲဒီ ဦးထွန်းရရဲ့ ဆိုးမွေကိုရတာက မခင်ထွေးရဲ့ ဒုတိယမြောက်သားပါ။ ငယ်စဉ် ကလေးဘဝကတည်းက ဇာတိပြလာပါတယ်။ ကျောင်းစာမှာ ပထမမရပေမယ့် ရန်ဖြစ်တဲ့နေရာ၊ ဆိုးတဲ့နေရာမှာ ပထမရတာပါပဲ။

လက်နိုင်ခြေနိုင်ရှိလာတဲ့ အရွယ်မှာ မျှော်ရွေ့ကိုင်တော့တာပါ။ လက်အငြိမ်မနေဘဲ ဟိုပစ်ဒီပစ်အမြဲလေ့ကျင့်နေတော့ကာ လက်ကလည်းဖြောင့်သလားမမေးနဲ့၊ ပစ်မှတ်ကို ပစ်မလွဲဖြစ်လာတာပါ။

အဲဒီမှာဘာလုပ်သလဲဆိုတော့ သူတို့အိမ်ထဲဝင်လာတဲ့လူဆိုရင် သူမျက်စိစပါးမွှေးစူးတဲ့လူမျိုးဖြစ်ပါက မျှော်ရွေ့ခဲနဲ့ ပစ်တာပါ။ သူက လူပါးပါ။ လူကျတော့ နစ်နာလောက်တဲ့ မျက်နှာတို့၊ ရင်ဘတ်တို့ မပစ်ပါဘူး။ ခြေထောက်လောက်ကို ပစ်တာပါ။

အဲဒီခေတ်က တော်လှန်ရေးအစိုးရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ပါ။ သူအဖေ တင်မောင်လတ်က ရွာမှာပါတီအတွင်းရေးမှူးဆိုတော့၊ ပြီးတော့ ရပ်မိရပ်ထလည်းဖြစ်၊ မင်္ဂလာဘိသိက်ဆရာလည်းဖြစ်တော့ကာ အစိုးရကိစ္စ၊ ရပ်ကိစ္စရွာကိစ္စ၊ လူမှုရေးကိစ္စတွေနဲ့ များလွန်းအားကြီး အခါ လူဝင်လူထွက်များလှပါတယ်။

အဲဒီ ဒုတိယသားရဲ့ ဆိုးဒဏ်ကိုလည်းခံဖူးသူက ခံဖူးထားတော့ တင်မောင်လတ်တို့အိမ်ကိုဝင်တော့မဆို ဆိုရင် အိမ်စည်းအပြင်အဝင်လမ်းပေါ်ကနေပြီး -

"အိမ်ရှင်တို့၊ ကလေးကြည့်ပါဦး"

လို့ အမြဲအော်ရတယ်။ အဲဒီအခါ အိမ်မှာရှိနေတဲ့ လူကြီးတွေက ကလေးဆွဲပြီး ဟန့်ထားရလေ့ရှိပါတယ်။ ထဲမှာတော့ မျှော်ရွေ့နဲ့ လောက်စားက အသင့်ရှိနေမြဲပါ။

အဲဒါကို အဘိုးဖြစ်သူ ဦးထွန်းကြည့်ပြီး ပြုံးပြုံးကြီးနေလေ့ရှိတယ်။ သူ့ရဲ့ ငယ်မူငယ်သွေး ငယ်စိတ်တွေကို ပြန်ပြောင်းအောက်မေ့နေမိလို့နေမှာပေါ့။ ငါ့ရဲ့ဆိုးမွေကို ဒီကောင်ရတာပဲလို့လည်း တွေးနေမှာပါ။ ဟဲ့ - ကလေး မလုပ်နဲ့ကွလို့ ဘယ်သောအခါမှ ဦးထွန်းက မတားပါဘူး။ ဒီအတိုင်းပဲ ကြည့်ကောင်းနဲ့ ကြည့်နေတာပါ။ အဘွား ဦးနဲ့ မိဘတို့ကသာ အဟန့်အတားပါတယ်။ ပြောဆိုဆုံးမကြပါတယ်။

အဲဒီကလေးရဲ့ အဟန့်အတားဟာ ဘယ်လောက်ကြီးလဲဆိုရင် ဝိုင်းထဲကို အိမ်ရှင်ဆီ ခွင့်မတောင်းဘဲ ဘယ်သူမှ မဝင်ရဲကြပါဘူး။ အဲဒီလိုဖြစ်နေတာကြောင့် လူကြီးလုပ်နေတဲ့ တင်မောင်လတ်ဟာ မျှော်ရွေ့ခမည်းဘူးဆိုပြီး ဘယ်လိုသိမ်းသိမ်း၊ ဘယ်ပြောပြော၊ ဘယ်လိုလုပ်လုပ် နားမလည်ဘဲ မျှော်ရွေ့ ရအောင်ပြန်ရှာပြီး ထိုးကိုင်တာပါ။

သွေးထဲမှာ ဗီဇပါလာတော့ ပြောသူသာမောပြီး နောက်ဆုံး ထမြှောက်ရတဲ့ အခြေအနေပါ။ အချိန်လေးရလို့ အသိပြင်လာတဲ့အခါမှာတော့ မျှော်ရွေ့ခွေကို သူ့အသိနဲ့သူ စွန့်လွှတ်လိုက်ပါတော့တယ်။

အဲဒီအခါမှာတော့ 'အိမ်ရှင်တို့ ကလေးကြည့်ပါဦး' လို့ အော်ရတဲ့ခွေးလူတွေ ကင်းဝေးသွားခဲ့ပါတော့တယ်။ စဉ်းစားကြည့်ကြပါ။ ဒီလိုကလေးကြီးခိုင်းရတဲ့အိမ်ဆိုတာ မြန်မာနိုင်ငံမှာ ကမ္ဘာတစ်ခုလုံးမှာပါ ဒီအိမ်တစ်အိမ်ရှိမယ်ထင်ပါတယ်။ ရေကြောမြေကြဆိုတာ အဲဒီလိုလိုက်တာပါ။ မယုံရင်ပါနဲ့။ အဲဒီကလေးဟာ သူ့ဇနီးကသမီး (၄) ဦးပွားစီးကာ သားတော်

www.burmeseclassic.com

www.burmeseclassic.com

အပျိုပေါက်အရွယ်ကို ရောက်နေပါပြီ။ ကျွန်တော့်အိမ်အနီးမှာနေထိုင်လျက်ရှိတယ်။ မမူးရင်တော့ အလွန်ကောင်းပေမူးလာရင် သူမိန်းမကို ဂျစ်တော့တာပဲ။ ရပ်ကွက်ထဲက ဆူညံပူညံစာရင်းမှာ သူတို့လည်းပါပါတယ်။

မိုးကုတ် ပတ္တမြားမြေမှာကျတော့ သူတွေရဲ့စိတ်တွေ အဆင့်မြင့်ကြတယ်။ ညည်းခံနိုင်စွမ်းအား မြင့်မားကြတယ်။ ဒီလို အော်ကြီးဟစ်ကြီးဖြစ်ဖို့ဆိုတာ ဆယ်နှစ်တစ်ခါတောင်ကြုံဖို့ ခက်ခက်ရယ်ပါ။ မတော်တဆကြုံလို့ကတော့ ကြည့်သလို တစ်ရွာလုံးထွက်ကြည့်ကြတာ။ အထူးအဆန်းပေကိုး၊ ကြုံခဲတယ်လေ။

နေပြည်တော် အောဝဇမ္ဗူကျွန်တော့်ဝန်းကျင်မှာကျတော့ မိုးချုပ်တက်တာနဲ့ အမူးသမားတွေကြောင့်ထင်ပါရဲ့၊ တစ်အိမ်အိမ်ကတော့ ပူညံပူညံကြီးရတတ်ပါတယ်။

လူဆိုတာ ကိုယ်ဘယ်အဆင့်ရှိတယ်ဆိုတာ ကိုယ့်ဟာကိုယ်ဖော်ပြနေလေ့ရှိတယ်။ အဆင့်အတန်းဆိုတာ ငွေကြေးကိုပြောတာမဟုတ်ဘူး။ လူနေမှုအဆင့်ကို ဆိုလိုတာပါ။ ပိုက်ဆံဘယ်လောက်ချမ်းသာပါစေ စိတ်ဓာတ်အောက်တန်းကျရင် အဲဒီလူဟာ အောက်တန်းစားပါပဲ။ စိတ်ဓာတ်မြင့်မားသူသာ အဆင့်အတန်းမြင့်မားသူဖြစ်ပါတယ်။

ခွေးကြည့်ပါဦး

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေက ခွေးချစ်တတ်ကြပါတယ်။ မခင်ထွေးလည်း ခွေးချစ်တတ်တော့ကာ ခွေးလေးတစ်ကောင် သူများဆီကတောင်းမွေးပါတယ်။ ခွေးက ဖြူနက်ကြားပါ။ ခွေးမွေးတဲ့ရည်ရွယ်ချက်က အိမ်လုံးစေဖို့ အဓိကမဟုတ်ပါဘူး။ အပျင်းပြေဆော့ကစားနိုင်အောင် ဆွမ်းတော်တင်ရန်တဲ့အခါတွေ၊ စားကြွင်းစားကျန်တွေ အလဟဿမဖြစ်ရလေအောင်ဆိုပြီးမွေးတာပါ။ ခွေးက အထီးလေးဖြစ်ပြီး ချစ်စဖွယ်ကောင်းလှပါတယ်။

သူ့အမေက သိပ်သဘောကောင်းတာမို့ ကိုက်တတ်တဲ့မျိုးရိုးမဟုတ်ပါဘူး။ ကိုက်တဲ့ခွေးမျိုးကိုလည်း မခင်ထွေးလုံးဝမရချင်ပါဘူး။ ကိုယ့်ခွေးက သူများကို ကိုက်တယ်ဆိုရင် အိမ်မှာပဲကိုက်ကိုက်လမ်းမှာပဲကိုက်ကိုက် ဆေးကုပေးကြရတာ ထုံးစံဆိုတော့ ဇယားအရှုပ်မခံချင်ပါဘူး။

ခွေးလေးအမည်ကို ကျားဘိုလို့ အလွယ်တကူ မှည့်ခေါ်လိုက်ပါတယ်။ ခွေးလေးဟာ ခွေးမို့ ခွေးဇီဇင်ယင်းက တည်းကပြပါတယ်။ အဲဒါက မဟောင်ဘဲ အိမ်ထဲဝင်လာတဲ့လူကို အလစ်ဝင်ခွဲတတ်တဲ့အကျင့်ပါ။ ငယ်သေးချိန်ဆိုတော့ လူတွေကလည်း မခန့်ကြပါဘူး။ ခွေးသေးသေးကို ကန်ထုတ်လိုက်ကြတာပါပဲ။ မကိုက်အောင် ဘယ်လိုရိုက်ပေမယ့် မရပါဘူး။

ခွေးဆိုတာ အကြီးမြန်တာမို့ မကြာမီမှာပဲ ခွေးကြီးတစ်ကောင် ဖြစ်လာတယ်။ ခွေးကစည်းကမ်းရှိပါတယ်။ အိမ်အပြင်လုံးဝထွက်မကိုက်ပါဘူး။ ဝင်ခွင့်တောင်းတဲ့လူဆိုရင်လည်း မကိုက်ပါဘူး။

အိမ်စည်းအဝင်ဝကနေပြီး လာသမျှလူတွေက 'ခွေးကြည့်ပါဦး' လို့အော်ကြရတယ်။ ဒါဆို အိမ်ကလူတစ်ဦးဦးက လာလာ၊ ဘာမှမလုပ်ပါဘူး' လို့သာပြောလိုက်၊ ကျားဘိုက ဘာမှမလုပ်ပါဘူး။ မကိုက်တတ်တဲ့ခွေးလို သူဟာသူနေတာပါ။ အဲဒီလို သခင်စကားကို နားလည်နေတဲ့ ခွေးမို့လည်း မခင်ထွေးက တအားချစ်တာပါ။

ဒီခွေးရဲ့ အဖေနဲ့ အမေဆိုတာ အလွန်သဘောကောင်းတဲ့ ခွေပေါ်ကြီးတွေပါ။ ဝေးဝေးကမဟုတ်ပါဘူး။ အနောက်ဘက်အိမ်က မျိုးပါ။ ကျားဘိုဟာ ဖအေတူခွေးမို့လှလည်းလှပါတယ်။

ရေကြောမြေကြောက အရင်ကတည်းက ကြိမ်းတော့ကာ အဲဒီရေဓာတ်မြေဓာတ်ဟာ ခွေးဆီကူးဆက်သွားပုံရှိပါတယ်။ အလွန်သဘောကောင်းတဲ့မျိုးကနေ အလွန်ကိုက်တဲ့မျိုးဖြစ်သွားခဲ့တာပါ။

'ခွေးကြည့်ပါဦး' ဆိုတဲ့ အော်သံဟာ (၃) နှစ်သို့တိုင်လာပါတယ်။ တစ်နေ့မှာတော့ အနောက်ဘက်အိမ်က ကိုလှငွေဟာ တောလိုက်ချင်လို့ခွေးခဏထည့်လိုက်ပါလို့ ပြောပါတယ်။ မခင်ထွေးလည်း ခေါ်သွားလို့ခွင့်ပေးလိုက်ပါတယ်။ ခွေးက စည်းရိုးမရှိတော့ကာ အဲဒီအိမ်ကိုလည်းသွားလေ့ရှိတော့ ခင်နေတာပေါ့။ တောထဲရောက်တော့ ကျားဘိုဟာ တွင်းတစ်တွင်းကို ဟောင်ဟောင်ပြီး အတင်းတူးလိုက်၊ နှာခေါင်းနဲ့နမ်းကြည့်လိုက်လုပ်နေတော့ ဒါဟာ ဖွတ်တွင်းနေမှာဆိုပြီး ထွက်လာရင်ရိုက်ဖို့ အသင့်စောင့်နေပါတယ်။

သိပ်ပြီးမကြာလိုက်ပါဘူး။ အထဲကို နှွတ်သီးနဲ့ထိုးနမ်းနေတုန်း ကိန်ဆို တစ်ချက်ကြားလိုက်ရပါတယ်။ အထဲတ အကောင်က နှွတ်သီးကိုကိုက်လိုက်ပုံပါ။ အဲဒီမှာခွေးဟာ သဲကြီးမဲကြီးတူးပြီးအထဲကအကောင်ကိုကိုက်ကာ အတင်းဆွဲထုတ်ပါတော့တယ်။

အဲဒီကျမှ ကိုလှငွေ လန့်သွားပါတယ်။ ပါလာတာက လက်မောင်းလောက်ရှိတဲ့ မြွေပွေးကြီးပါ။ ခွေးက မြွေရဲ့လည်မျိုကို မလွတ်တမ်းခဲပြီး မသေမချင်းကိုက်နေတာပါ။ ကိုက်ပြီး အားရပါးရဆွဲယမ်းနေတော့ကာ 'မြွေဟာ လည်ပင်းရိုးဆက်တွေပြုတ်ထွက်ကုန်သလား မသိပါဘူး။ မလှုပ်ရှိုင်တော့ပါဘူး။ အဲဒီကျမှ ကျားဘိုကလွှတ်ချပါတယ်။

ကျားဘိုလည်း ဟောဟဲခတ်အောင်မောနေတာပါ။ ခွေးရဲ့နှာခေါင်းမှာတော့ မြွေကိုက်ထားတဲ့ ဒဏ်ရာက သွေးစို့နေပါတယ်။ တော်သေးတယ်၊ လျှာမှာ အနက်စက်ပါလို့သာ မြွေဆိပ်ဒဏ်ကိုခံနိုင်တာပါ။ အတော်အတန်ခွေးဆို နေရာမှာပဲလဲကျနိုင်တဲ့ အဆိပ်ပမာဏပါ။

ကိုလှငွေဟာ မြွေရဲ့ဦးခေါင်းကို ဖြတ်ပြီး အဲဒီကျင်းထဲမှာ မြှုပ်ကာ မြွေကို ခွေပြီး နွယ်ကြိုးနဲ့ချည်ပါတယ်။ ပြီးမှ လွယ်အိတ်ထဲထည့်ကာ အိမ်ပြန်ခဲ့တာပါ။ ခွေးကတော့ ဘာမှမဖြစ်သလိုပါဘဲ။

အိမ်ရောက်တော့ နှွတ်သီးကြီးဟာ အကြီးကြီးရောင်ရမ်းလာတာပါ။ ဘာဆိုဘာမှမစားနိုင်တော့ပါဘူး။ မခင်ထွေးတို့ သနားလို့မဆုံးကြပါဘူး။ (၃) ရက်အရမှာ ကျားဘိုသေဆုံးသွားပါတယ်။

အဲဒီနေ့တစ်ပြီး ခွေးကြည့်ပါဦးဆိုတဲ့ အော်သံလည်း ပျောက်ကွယ်သွားခဲ့ရတာပါ။ ရေမြေကြမ်းလို့ နောက်ထပ်ခွေးမမွေးတာ ခုထိဆိုပါတော့။

ဝက်ကြည့်ပါဦး

မခင်ထွေးတို့အိမ်မှာ အဲဒီအချိန်က စားအိုးကကြီးပါတယ်။ လူကြီး (၅) ယောက်၊ သား (၄) ယောက်နဲ့ဆို (၉) ယောက်စားအိုးလို့ ဆိုနိုင်ပါတယ်။ လူကြီးတွေဆိုတာ အတိုင်းအတာသိကြပေမယ့် ကလေးတွေကျတော့ မသိကြဘူး။ လောဘတကြီးထည့်ပြီး ကုန်ချင်မှကုန်ကြတာ။ ဒီတော့ စားကြွင်းစားကျန်တွေဆိုတာ များလှပါတယ်။ လမ်းမှာ ခွေးတွေစားရအောင် သွားသွားပုံပေးရတာနေ့စဉ်ပါ။

www.burmeseclassic.com

နေ့စဉ်ဒီလိုစားကြွင်းစားကျန်တွေလမ်းမှာ သွားပုံမယ့်အတူတူ ဝက်တစ်ကောင်ဝယ်မွေးရင်တော့ ဒီစားကြွင်းစားကျန်ပြဿနာလည်းပြေလည် တစ်ဖက်တစ်လမ်းက စီးပွားရေးစုဘူးဖြစ်အောင် ဆိုပြီး လူကြီးတွေက အကြံပေးတာနဲ့ ဝက်မတစ်ကောင် ဝယ်မွေးလိုက်ပါတယ်။

အဲဒီ ဝက်မကလေးကို ချစ်စနိုးနဲ့ 'တိုးတိုး' ဆိုပြီး နာမည်ပေးကာ ဝိုင်းချစ်ကြပါတယ်။ အစားကောင်းတဲ့ဝက်ဟာ လေထိုးပေးလိုက်သလိုပါပဲ လအနည်းငယ်နဲ့ အကြီးကြီးဖြစ်လာပါတယ်။ ဆိုရရင်တော့ ဝက်ယျိုမဖြစ်လာတော့တာပါ။

သိတယ်မဟုတ်လား။ ဘယ်တိရစ္ဆာန်မဆို အရွယ်ရောက်လာတာနဲ့ လိင်စိတ်ဆိုတာ ဖြစ်ပေါ်လာစမြဲပါ။ ငယ်ငယ်က ငြိမ်ချက်သားကောင်းခဲ့တဲ့ ဝက်မဟာလိင်စိတ်ဖြစ်ပေါ်လာတဲ့အချိန်မှာ ဆန္ဒမပြည့်ဝတာကြောင့် တွေ့သမျှလူစိမ်း အိမ်ထဲဝင်လာတာနဲ့ လိုက်ကိုက်တော့တာပါပဲ။

ဝက်ရယ်လို့ အထင်သေးပြီး အမှတ်တမဲ့ဝင်လာသူတိုင်း ဝက်ကိုက်ခံကြရတဲ့အခါ အဲဒီဝက်မဟာလည်း ဟိုးလေးတကျော့်ဖြစ်သွားခဲ့ပြန်ပါတယ်။ အဲဒါကြောင့် အိမ်ဝိုင်းထဲဝင်တော့မယ်ဆိုရင် 'ခြံဝကနေပြီး 'ဝက်ကြည့်ပါဦး' လို့ အော်ရပြန်တာပါပဲ။

အများအားဖြင့် ခွေးကြည့်ပါဦးဆိုတာမျိုးသာရှိတာပါ။ ခုတော့ 'ဝက်ကြည့်ပါဦး' ဆိုတဲ့ အခြေအနေကိုရောက်ခဲ့ရပါတယ်။ ရေကြောမြေကြောလိုက်ပုံပြောပါတယ်။ ဝက်ကတောင် ခွေးလို့ လိုက်ကိုက်နေတယ်ဆိုတော့ ဘယ်လောက်အံ့သြဖို့ကောင်းလဲ ကြားဖူးဖို့ခပ်ခက်ခက်ရယ်ပါ။ တောထဲက တောဝက်ပက်တယ်ဆိုတာမျိုးကတော့ရှိတာပေါ့။ အဲဒါက သူ့အသက် ကိုယ့်အသက် လုကြရတဲ့ မုဆိုးအလုပ်ကိုး။ တောဝက်က အစွယ်နဲ့ကော်ပတ်တာ။ လူတို့၊ ခွေးတို့ တောဝက်အပက်ခံရလို့ကတော့ အူပွင့်ပြီးသေကြရတာပါ။ ခုဟာကျတော့ အိမ်ဝက်လေး အစွယ်ပါတာ မဟုတ်ဘူး။ ဒီတော့ ပါးစပ်နဲ့ကိုက်တာပါ။

လူဆိုတာက ကိုယ့်ထက်နိမ့်ကျတဲ့ တိရစ္ဆာန်ကိုက်ရင် ကံနိမ့်တယ်လို့ သတ်မှတ်ကြတာပါ။ ဒီတော့ အိမ်မှာ ဝက်မကလည်း အနှောင့်အယှက်ဖြစ်လာပြန်ပါတယ်။ လူဝင်လာရင် ဝက်ကြည့်ရတာ အလုပ်တစ်ခုဖြစ်လာပြန်တော့ ဒီလောက်ဆိုးတဲ့ဝက်မရောင်းပစ်လိုက်တာ အေးပါတယ်လို့ မိသားစုတိုင်ပင်ပြီး ရောင်းပစ်လိုက်ပါတယ်။

တကယ့် လူဝင်လူထွက်အများဆုံးအိမ်မှာမှ ရေကြောမြေကြောကြောင့် အားလုံးဆိုးကုန်ကြတာကလည်း အထူးအဆန်းပါပဲ။ ဝက်မရောင်းထုတ်လိုက်ပါမှ 'ဝက်ကြည့်ပါဦး' ဆိုတဲ့ လူတွေကို ဝက်မက ရောင်းပစ်လိုက်ပြီလို့ ပြောပြရပါတော့တယ်။ ဒီအခါ မိသားစုဝက်ကြည့်ရတဲ့ဒုက္ခက လွတ်ငြိမ်းချမ်းသာခဲ့ပြန်ပါတယ်။

ကြက်ကြည့်ပါဦး

မခင်ထွေးအနေနဲ့ တိရစ္ဆာန်တွေမွေးရင် သံယောဇဉ်လည်းဖြစ်၊ အကုသိုလ်လည်းဖြစ်လွန်းလို့ ဘာမှကိုမမွေးချင်တာပါ။ တော်သေးတယ်၊ ဦးချိုပါတဲ့ ကျွဲတို့၊ နွားတို့ ပြီးတော့ ကိုက်တတ်ကန်တတ်တဲ့ မြင်းဆိုတာတို့ မမွေးမိတာကံကောင်းတယ်ဆိုရမှာပါ။ ဒီအိမ်ဝိုင်းရဲ့ ရေကြောမြေကြောမှာ မွေးမိလို့ကတော့ ကျွဲခတ်လို့သေတာ၊ နွားဝှေ့လို့သေတာ၊ မြင်းကန်လို့သေတာတွေတောင် မေ့ပေါ်ပေါက်နိုင်မါတယ်။

တင်မောင်လတ်ကလည်း ကျောင်းထွက်ပြီဆိုကလည်းက မိတ္ထီလာထွန်စက်မောင်းသင်တန်းမှာ သင်တန်းတက်တာပါ။ သင်တန်းဆင်းတော့ ထွန်စက်ပဲ မောင်းတာပါ။ ကျွဲ၊ နွား၊ မြင်းတွေ မမွေးပါဘူး။ ကျွဲ၊ နွား၊ မြင်း မွေးတယ်ဆိုတာ ရိုက်နှက်ခိုင်းကြရတော့ကာ စင်ကြယ်သော အ္ဘသက်မွေးဝမ်းကျောင်းပေမယ့် အကုသိုလ်နဲ့မကင်းပါဘူး။ အဲဒါကြောင့် ကျွဲ၊ နွား၊ မြင်းတွေနဲ့ ဖက်ရှုန်းတာနဲ့စာရင် ထွန်စက်မောင်းတာ အပြစ်ကင်းစင်တယ်ဆိုတဲ့အယူအဆနဲ့ ထွန်စက်မောင်းသင်တန်းတက်ခြင်းပါ။ ထွန်စက် အဓိကမောင်းပေးရတာက ကြံစိုက်ခင်းတွေပါ။ ကြံစိုက်ခင်းတွေအတွက် မောင်းနေရတော့ ကြံစိုက်လိုက်တဲ့ မခင်ထွေးနဲ့ဖူးစာဆုံရခြင်းဟာ အဆန်းတော့မဟုတ်ပါဘူး။ တင်မောင်လတ်တို့ ဆိတ်နံတုန်းနဲ့ မခင်ထွေးတို့ ပြန်ကပြေးဆိုတာက ကြားမှာ ငလိုက်ချောင်းပဲ ခြားတာပါ။ ကာလဟာ သား (၄) ယောက် ရှိခဲ့ပါပြီ။

အဲဒီတုန်းက ပိတောက်မြောင်မှာ အဖေသက်ကယ်ကွင်းကြီးရှိသေးတော့ မခင်ထွေးလည်း သက်ကယ်ရိတ်လိုက်ဖြစ်ပါတယ်။ပိတောက်မြောင်က ချောင်းရဲ့တောင်ဘက်ကုန်းပေါ် မှာပါ။ အဲဒီကုန်းပေါ် တက်တဲ့ ပိတောက်မြောင်ချပ်ကြားလမ်းဆိုတာကလည်း နာမည်ကြီးပါ။ အဖာက်၊ အဆင်းကြမ်းလှပါတယ်။

ချပ်ကြားလမ်းရဲ့ မြောက်ဘက်တည့်တည့် ငလိုက်ချောင်းကမ်းဘေးမှာ တာအထော်ရှည်တဲ့လယ်တာကြီးဆိုတဲ့ လယ်တောရှိတယ်။ လှိုမြောင်ထဲမှာပါ။ အဲဒီ လယ်တာကြီးလယ်တွေက အဖေညီ ဘထွေးလေးဦးပေါ် သစ်ပိုင်တဲ့ လယ်တောဖြစ်ပြီး တောထဲမှာ အိမ်မြင့်ကြီး ဆောက်ပြီး မိသားစုနေတာပါ။ ဆိတ်နံတုန်းမှာလည်း အိမ်ရှိပါတယ်။ စပါးပေါ်ပြီးမှ ပြန်နေကြတာပါ။

မခင်ထွေး သက်ကယ်ရိတ်နားချိန် သွားလည်တော့ ဘထွေးလေးက မခင်ထွေးကို ကြက်မတစ်ကောင်အတင်းပေးပါတယ်။ တောထဲမှာ ကြက်တွေအများကြီးပါ။ ပွားလာအောင် မွေးထားဆိုပြီး အတင်းပေးတာနဲ့ မယူချင်ယူချင်နဲ့ ယူခဲ့ရခြင်းပါ။ တိရစ္ဆာန်မွေးရတာ စိတ်ကုန်လွန်းလို့ပါ။ ဘထွေးက ကြက်မကို ခြေနှစ်ချောင်း ကြိုးနဲ့ချည်ပြီးထည့်ပေးလိုက်တာပါ။ ကြက်မက မည်းမည်းလေးဆိုတော့ 'ကျီးဇာန်းမ' လို့ နာမည်ပေးလိုက်ပြီး ခြေတစ်ချောင်း ကြိုးချည်ကာ အိမ်နဲ့ယှဉ်အောင် သုံး၊ လေးရက်မွေးရပါတယ်။

ကြက်ဆိုတာ ခွေးကျရာမျော်တတ်တဲ့အမျိုးမို့ (၄) ရက်မြောက်မှာ လွှတ်ပေးလိုက်တော့ သူ့ခွေးကျရာ ဒီအိမ်ဟာ သူ့အိမ်လို့သတ်မှတ်ပြီးနေတော့တာပါပဲ။ တောထဲကလာတဲ့ကြက်ဆိုတော့ တောလေ့ကမယျောက်ပါဘူး။ သူတို့က တောထဲမှာတုန်းက အိမ်အနီးက သရက်ပင်ကြီးမှာ တက်အိပ်ကြတာလေ။ ဒီမှာကျတော့ အတော်မြင့်တဲ့အုန်းပင်ပေါ် မှာတက်အိပ်ပါတယ်။ အတော်အမြင့်အထိလည်း ပျံတက်နိုင်စွမ်းရှိတဲ့ တောကြက်တစ်ပိုင်းဖြစ်နေပုံရှိတယ်။

ရောက်စမှာ ဘာပြဿနာမှမရှိသေးဖါဘူး။ အနောက်ဘက်အိမ်က ကြက်တွေနဲ့ အလေလိုက်ပြီး မန်ကျည်းကိုင်းပုံကြီးအောက်မှာဝင်ဥရာက ကာလအတန်ကြာတဲ့အခါ ကြက်ကလေးတွေ ပေါက်လာပါတော့တယ်။ ကြက်ပေါက်လေးတွေနဲ့မန်ကျည်းကိုင်းပုံကြီးအောက်က ထွက်လာပြီးတဲ့နောက်ပိုင်းမှာတော့ အိမ်ဝိုင်းထဲ လူစိမ်းဝင်တာနဲ့ လိုက်ဆိတ်တော့တာပါ။ ဆိတ်တာက ခုန်ပုံပြီးအားနဲ့မာန်နဲ့ဆိတ်တာဆိုတော့ အဆိတ်ခံရတဲ့လူတွေ အတော်ကြောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပွေး၊ ဝဲ၊ ယားနာအမျိုးမျိုးနှင့် ညှင်း၊ တင်းတိပ်၊ ရေယုန်၊ နှင်းခူတို့ သက်သာပျောက်ကင်းသောဆေးနည်းကောင်းများ

ရောဂြေ-ကျော်ဇေ

ပွေးပေါက်သောသူတို့အတွက် မခက်စေရာ ဆေးနည်းတစ်ဖြာမှာ ဥနှုံပင်မှ လက်ဖျံအရွယ် အကိုင်းတစ်ကိုင်းကို ခုတ်ပါ။ ခုတ်ပြီးလျှင် တံတောင်သာသာ ခန့်ဖြတ်ပါ။ အတွင်းမှအနှစ်ကိုထုတ်ပြီး အပွေးအခေါက်ကို ရယူပါ။ အထက်၊ အောက်တွင်တွေ့မြင်ရသောခေါင်းပေါက်ဝါးကဲ့သို့ဖြစ်လျှင် ထိပ်တစ်ဖက်ကို နှိုးကြိုးဖြင့် ခိုင်အောင်ချည်ပါ။ ၎င်းနောက် ကျည်တောက်ပုံသဏ္ဌာန်အတွင်း ရေဆေးထားသော ကောက်ညှင်းဆန်ကို ကာသရွေထည့်ပြီး ကောက်ညှင်းကျည်တောက်ဖုတ်သကဲ့သို့ မီးဖုတ်ပါ။ ကျက်ပါက ပူပူနွေးနွေးစားပါ။ ဒက်နှင့် ပွေးပေါက်သောသူသာလျှင် စားရပါမည်။ (၂) ခါ၊ (၃) ခါ ပြုလုပ်ပြီးစားခြင်းဖြင့် မကုတ်မဖဲ့ရဘဲနှင့် ဒက်နှင့်ပွေးရောဂါ ပျောက်ကင်းပါလိမ့်မည်။

(၃) ပွေးဆေးအတွက် ဆေးနည်းတစ်ဆက်

လူတို့ခန္ဓာကိုယ်ပေါ်တွင် ပေါက်ဆွဲသော ပွေးရောဂါအတွက် မြန်မာဦးစီးပွေးဆေးတစ်လက်ကို ဖော်ပြလိုပါသည်။ ဆေးနည်းမှာ အုန်းသီး၏အတွင်းအခွံမာအခြောက်ကိုယူပြီးမီးရှို့ပါ။ ၎င်းအခွံမှထွက်သောအဆီကို ဓားဖြင့်ဆော်လည်းကောင်း၊ သံပြားတစ်ခုခုဖြင့်ဆော် လည်းကောင်း တို့ယူပြီး ပွေးပေါက်နေသောအနာကို ရေဖြင့် သေချာဆေးပြီးမှ နှိုးပြားဖြင့်ခြစ်ပါ။ ၎င်းအနာသို့ တို့ယူထားသောအုန်းခွံအဆီကို သုတ်လိမ်းပေးပါ။ တစ်နေ့လျှင် (၂)ကြိမ်၊ (၃)ကြိမ်သုတ်လိမ်းပေးခြင်းဖြင့် (၃)ရက်အတွင်း ပျောက်ကင်းပါသည်။

(၄) ဒက်နှင့် ပွေးအတွက် ပျောက်ကင်းဆောစားဆေးတစ်နည်း

ဦးခေါင်းတွင် ဒက်၊ ပေါင်ခြံတွင် လက်သည်းပွေးအတွက် ကုသရန် ဆေးနည်းတစ်လက်

လက်သည်းပွေးပေါက်နေသောနေရာသို့ အရက်ပြန်ဖြင့်ဦးစွာဆေးကြောပေးပါ။ ပြီးနောက် ယမ်းမီးခြစ်မီးခြစ်ဆန်များကို အမှုန့်ပြုလုပ်ပါ။ ပြီးလျှင် အရက်ပြန်နှင့်ဆေးထားသော လက်သည်းပွေးပေါ်သို့ ယမ်းအမှုန့်များကိုဖြူးပေးပါ။ ပြီးလျှင် ပတ်တီးစည်းပေးထားပါ။ နေ့စဉ်ပြုလုပ်ပေးခြင်းဖြင့် တစ်ပတ်အတွင်း ရောဂါပျောက်ကင်းပါလိမ့်မည်။

ကြက်ဆိတ်တာလည်း နာပါတယ်။

အဲဒီနောက်မှာတော့ 'ကြက်ကြည့်ပါဦး' ဆိုတဲ့ အော်သံ အိမ်ခြံဝန်းကြားမှာ ပြန်တာပါပဲ။ ခွေးသားအုပ်မတို့၊ ကြက်သားအုပ်မတို့ဆိုတာ သူတို့ကလေးတွေကို ကာကွယ်တဲ့အနေနဲ့ မိခင်စိတ်အပြည့်နဲ့ ခုလိုရန်ပြုကြတာပါ။ သူတို့ကလေးတွေ သူများယူမှာစိုးလို့ ရန်ပြုပြီး ကာကွယ်ကြခြင်းပါ။

ကြက်မတွေဟာ သူတို့ကလေးတွေ ပြေးနိုင်လွှားနိုင်၊ ရှာနိုင်ဖွေနိုင်တဲ့အရွယ်ရောက်တာနဲ့ သားခွဲတော့တာမို။ အဲဒီကျတော့ ကလေးတွေ အနားကပ်မခံတော့ဘူး။ ကပ်ရင် ဆိတ်လွှတ်တော့တာ ကလေးတွေ သူအုပ်နဲ့သူနေတတ်သွားတာပါပဲ။ အဲဒီကျရင် ကြက်မကနောက်တစ်သားအတွက် ပြန်လိုက်ပါပြီ။ ဥတွေနေ့စဉ်ဥပါပြီ။

သားဇော်နဲ့မို့ လူတွေကို ဆိတ်တာ၊ သားခွဲပြီးရင်တော့ လုံးဝဆိတ်မှာ မဟုတ်တော့ဘူးလို့ ယူဆထားပေမယ့် ကြီးကွန်းမဟာ ထင်သလိုဖြစ်မလာဘဲ ရေကြောမြေကြောကြောင့်ထင်ရဲ့။ ဆိုးမြဲဆိုး၊ ဆိတ်မြဲဆိတ်နေလေတော့ 'ကြက်ကြည့်ပါဦး' ဆိုတဲ့အသံဟာ ကြားမြဲကြားနေရပါတယ်။ အတော်လေး အံ့သြဖို့ကောင်းတာပါ။ တစ်ခါတစ်ရံ အုန်းပင်ထိပ်ဖျားက တဖြည်းဖြည်းပြန်ဆင်းလာပြီး ထိုးဆိတ်တတ်တာမို့ အိမ်ရှင်ကြီး -

"ဟဲ့- ကျီးကန်းမနော်"

ဆိုပြီး တုတ်ကိုင်ကာ ဟန့်ရတာ ကလည်း အလုပ်တစ်ခုပါပဲ။

တော်သေးတယ်၊ အိမ်မှာက တင်မောင်လတ်အမေ ဒေါ်အုန်းခင်ရယ်၊ ဒေါ်အုန်းခင်အစ်မ ဒေါ်အုန်းရင်ရယ်၊ ဒေါ်အုန်းရင်ရဲ့ယောကျ်ား ဦးထွန်းရရယ် လူကြီးသူမ (၃) ဦး ရှိနေလို့သာ ကလေးကြည့်ဖော်၊ ခွေးကြည့်ဖော်၊ ဝက်ကြည့်ဖော်၊ ကြက်ကြည့်ဖော်ရနေတာပါ။ နို့မို့ဆိုရင် ခပ်ခက်ခက်ပါပဲ။

လောကမှာ တည်မြဲနေတာ ဘာမှမရှိဘူးဆိုတာလိုပေါ့လေ။ ကျီးကန်းမတို့အုပ်စုဟာ (၂) နှစ်နီးပါးမျှ နေသွားပြီး ကြက်နာကျကာ အကုန်သေဆုံးကုန်တော့တာပါပဲ။ ကြက်နာကျရင် ကြက်တွေသေလိုက်တာမြန်လိုက်တဲ့ဖြစ်ခြင်းပါ။

အကုသိုလ်ကိုကြောက်တဲ့ မခင်ထွေးတို့အိမ်ဟာ ကြက်တွေကိုရောင်းမစားခဲ့ဘူး၊ သတ်မစားခဲ့ဘူးလို့ဆိုတယ်။ ဒီအတိုင်းပဲ မွေးထားရင်း ကြက်နာကျကာ ကြက်မျိုးပြုတ်သွားခြင်းလို့ ပြောပြပါတယ်။ အဲဒီရဲ့နောက်မှာတော့ ယခုလက်ရှိကာလ ၂၀၁၄ ခုနှစ်ထိတိုင် အိမ်မွေးတိရစ္ဆာန်ဆိုရင် ဘာကောင်မှမမွေးရဲတော့ကြောင်း မခင်ထွေးက ပြောပြပါတယ်။

အဲဒီအိမ်ပိုင်းရဲ့ ရေကြောမြေကြောကတော့ ခုထိတိုင်လည်း အစွမ်းပြနေဦးမယ်ထင်ပါရဲ့။

ညီမ မခင်ထွေးသို့ အမှတ်တရ
ခုနှစ်မျိုးသမီး

နေပြည်တော်ကောင်စီကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com

(၄) မျက်နှာတင်းတိပ်ပျောက်ဆေးနည်းတစ်လက်

နူးညံ့သောမျက်နှာအရေပြားပေါ်တွင် တင်းတိပ်ပေါက်ခြင်းသည် ညှင်းကဲ့သို့ပင် အရှုပ်ဆိုးစေပါသည်။ ၎င်းမည်းမည်းကွက်တင်းတိပ်များကို ကုသရန်အတွက် ဆေးနည်းကောင်းတစ်လက်မှာ ဂုံမင်းသီးနှင့် နန်းလုံးကြွေင်သီးတို့ကို ဆတူချိန်ပြီး နှစ်မျိုးစလုံးကို မီးဖုတ်ပါ။ မီးဖုတ်ရာတွင် ကျွမ်းအောင်ဖုတ်ပါ။ ၎င်းနောက် အမှုန့်ပြုလုပ်ပြီး နှမ်းဆီစစ်စစ်ဖြင့်ဖျော်ပြီး မျက်နှာကို ခြောက်သွေ့အောင်ပြုပါ။ သန့်စင်လျှင် ၎င်းတင်းတိပ်ပေါ်သို့ အထက်ပါဆေးရည်ကိုလိမ်းပေးပါ။ သုံးရက် သို့မဟုတ် တစ်ပတ်ခန့် လိမ်းပေးခြင်းဖြင့် တင်းတိပ်များပါးသွား၍ ချောမွေ့လာပြီး ပျောက်ကင်းသွားပါလိမ့်မည်။

(၅) ရာသီဥတုကြောင့်ဖြစ်ပေါ်ပြီး ယားယံ၍ထွက်လာသော မိတ်ဖုများ ပျောက်ကင်းရန် ဆေးနည်းတစ်လက်

ခရေပန်းခြောက်များကို သနပ်ခါးနှင့်ညှက်အောင်သွေး၍ မိတ်ဖုများပေါ်သို့လိမ်းပေးခြင်းဖြင့် အယားသက်သာ၍ မိတ်ဖုများပျောက်ကင်းသွားပါလိမ့်မည်။

(၆) အင်ပျဉ်ဖြစ်လျှင်ပျောက်သည့် ဆေးနည်း

ခန္ဓာကိုယ်ပေါ်တွင် ယားယံပြီး အဖုအပိမ့်များထွက်ကာ နီရဲ၍နေလျှင် အင်ပျဉ်ပေါက်ခြင်းဖြစ်သည်။ ၎င်းအပျဉ်လိုက်ထွက်၍ပေါက်သော အင်ပျဉ်များကို ကုတ်ဖဲ့ခြင်းမပြုပါနှင့်။ အင်ပျဉ်မှရသော အင်သားအခေါက်ကို ကျောက်ပျဉ်မှာ ရေနှင့်သွေး၍ လိမ်းပေးပါ။ မကြာခင် ၎င်းအင်ပျဉ်ရောဂါပျောက်ကင်းပါလိမ့်မည်။

(၇) အင်ပျဉ်ရောဂါပျောက်ဆေးနည်းတစ်လက်

အင်ပျဉ်ရောဂါဖြစ်သူ ကလေး၊ လူကြီးမှန်သမျှ အင်ရွက်ပြုတ်ရည်ဖြင့် ရေချိုးပေးပါ။ သို့မဟုတ် တမာရွက်၊ ရှောက်ရွက်၊ သံပရာရွက်များကို သင့်တော်သလောက်ဆုံးပြီးပြုတ်၍ရေချိုးပေးပါ။ ရေချိုးရာတွင် နေ့လယ်နေ့ခင်းဖြစ်ရပါမည်။ ပြီးလျှင် ကိုယ်ကိုသန့်စင်အောင်သုတ်ပြီး နံ့သာဖြူစစ်စစ်ကို သံပရာရည်ဖြင့် ကျောက်ပျဉ်တွင်သွေးကာ တစ်ကိုယ်လုံးလိမ်းကျံပေးပါ။ ပြီးလျှင် အနွေးထည်ဝတ်ပေးပြီး လေကွယ်ရာတွင်နေပါ။ အထက်ဖော်ပြပါအတိုင်း ယုံယုံကြည်ကြည်ပြုလုပ်ပေးလျှင် ခံစားရသော အင်ပျဉ်အဖုအပိမ့်ထွက်သော ရောဂါယားယံခြင်းဝေဒနာတို့ကို အမှန်တကယ် သက်သာပျောက်ကင်းပါသည်ဟု ဆရာကြီး ဦးမင်းဌေးက ကုသပုံကုသနည်းကို ပြောကြားပါသည်။

(၈) ညှင်းပျောက်ဆေးနည်း

အရေပြားပေါ်တွင်ဖြစ်လေ့ဖြစ်ထရှိသော ညှင်းပေါက်ခြင်းရောဂါဝေဒနာသည် ညှင်းအမျိုးမျိုးရှိသော်လည်း ကုသရန် ဆေးနည်းများမှာ မတူညီကြပါ။ စပါးညှင်း၊ ညှင်းလေး၊ ညှင်းကြီးများကို ကုသရာတွင် စပါးညှင်းနှင့် ညှင်းလေးတို့သည် လိမ္မော်ခွံ၏အခိုးအငွေ့များနှင့် ပျောက်ကင်းကြပါသည်။ ဖြစ်ပေါ်နေသော အရေပြားပေါ် မှညှင်းကို လိမ္မော်အခွံကိုညှစ်ပြီးပွတ်ပေးရပါမည်။ မကြာခဏပြုလုပ်ပေးပါ။ ရေချိုးလျှင် ဆပ်ပြာနှင့်တိုက်ချိုးခြင်းလုံးဝမပြုလုပ်ရပါ။ ညွှန်ထားသည့်အတိုင်းပြုလုပ်ပါက စပါးညှင်းနှင့်ညှင်းလေးတို့ ပျောက်ကင်းပါသည်။

(၉) ညှင်းပျောက်သည့် ဆေးနည်းတစ်လက်

လူတို့၏ဆိုစကားရှိခဲ့ဖူးပါသည်။ ညှင်းထူလျှင် လူလှသူ နောက်ပြောင်၍ ဆိုကြပါသည်။ စပါးညှင်း၊ ညှင်းလေးတို့သည် ခန္ဓာကိုယ်ပေါ်တွင် အနှံ့ဆိုးများမထွက်ကြသော်လည်း ညှင်းကြီးမှာမူ ညီစီစီ့အနှံ့ရှိပါသည်။ ညှင်းပေါက်သူများတွေ့၍ မကြောက်ပါနှင့်။ ပျောက်ကင်းသောဆေးနည်းရှိပါသည်။ ကုသရန် ဆေးနည်းမှာ ဇွန်းခြေအုန်းသီးထဲမှ အုန်းရည်ကိုယူပြီး ပုလင်းထဲသို့ထည့်ပါ။ ကန့်(၁) လက်မခန့်ကိုသွေးပါ။ ပြီးလျှင် အုန်းရည် ပုလင်းထဲသို့ထည့်ပါ။ လက်ချား(၂) ကျပ်သားကို သံပြားဖေါ်တင်ပြီး လက်ချားမီးပေါက်ဖြစ်အောင်ဖုတ်ပါ။ ဖုတ်ပြီးပါက အမှုန့်ပြုလုပ်ပြီး အုန်းရည်တွင်ထည့်ပြီး နေလှန်းပါ။ ပြီးလျှင် ညှင်းများပေါ် သို့လူးပေးပါ။ (၇) ရက်မျှလူးပေးခြင်းဖြင့် ညှင်းများအဖတ်လိုက်ကွာ၍ အနှံ့ဆိုးများထွက်ခြင်းဘေးကင်းဝေး၍ ပျောက်ကင်း သက်သာပါလိမ့်မည်။ ယုံယုံကြည်ကြည်ဖြင့် သုံးစွဲကြည့်ပါက လက်တွေ့ပျောက်ကင်းပါသည်။

(၉) နင်းခူပျောက်ဆေးနည်း

ကြက်ဆူနီအခွံပါသောအသီးကို မီးဖြင့်ကျွမ်းအောင်လှော်ပါ။ ကျွမ်းလျှင် အမှုန့်ပြု၍ လေလုံသောပုလင်းဖြင့်ထည့်ထားပါ။ အလိုရှိသလောက်ယူပြီး ရေနှံ့ချေးဖြင့် သမအောင်ဖျော်စပ်ပါ။ ဆေးမလူးမီ နှင်းခူနာကို နှီးစပါးပါးဖြင့်နှံ့စပ်အောင်ခြစ်ပေးပါ။ နှံ့စပ်အောင်ခြစ်ပြီးလျှင် ဆေးကိုလိမ်းပေးပါ။ မကြာခင်လိမ်းပေးခြင်းဖြင့် ရက်ပိုင်းအတွင်း ပျောက်ကင်းပါလိမ့်မည်။

(၁၀) ဝဲနင်းခူပျောက်ဆေး ဆေးနည်းတစ်လက်

၁။ ဝဲနှင်းခူပေါက်သောနေရာတွင် မည်သည့်ဆပ်ပြာမျှမသုံးရပါ။

၂။ ဝဲနှင်းခူကို ရေကျက်အေးရည်သို့မဟုတ် အနာဖန်ရည်ဆေးရေဖြင့် ညအိပ်ခါနီး အိပ်ရာမဝင်မီ ဆေးကြောပါ။

၃။ ဝဲနှင်းခူပေါက်သည့်နေရာကို အဝတ်သန့်သန့်ဖြင့်သုတ်ပါ။

၄။ ဝဲနှင်းခူပေါ် သို့ ကိုယ်ရံကြီးရွက်ကို မီးအုံပြီးပတ်ထားပါ။ ၎င်းပတ်ထားသောအပေါ် သို့ ပတ်တီးကို ကွာမတူအောင်စည်းပေးထားပါ။

၅။ အိပ်ရာမနိုးလျှင် ပတ်တီးကို ဖြည်းညင်းစွာဖြေ၍ ကိုယ်ရံကြီးရွက်အဟောင်းကို စွန့်ပစ်လိုက်ပါ။

၆။ ထိုဝဲနှင်းခူပေါ် သို့ ရေကျက်အေး သို့မဟုတ် အနာဖန်ရည်ဆေးရည်နှင့် ဆေးကြောပေးပြီး ထရစ်ဖာဆာလင်ဖာဆေးတစ်လုံးကိုကြိတ်ပြီး အုန်းဆီနှင့်ရောချေလိမ်းပေးပါ။

အထက်တွင်ဖော်ပြခဲ့သောနည်းများအတိုင်း ရက်ဆက်ပြုလုပ်ပေးပါက ဝဲနှင်းခူရောဂါပျောက်ကင်းနိုင်ပါသည်။ သတိပြုရန်မှာ ရက်ပျက်၍မရပါ။

(၁၁) ဆင်ရေယုန်ပျောက်ဆေးနည်း

ယောကျ်ားများတွင် ဆင်ရေယုန်ပေါက်ပါက သမီးမိန်းကလေးမွေးဖွားသော မိခင်ထံမှနို့ရည်ဖြင့် ဆင်အံသွားကိုသွေး၍ လိမ်းပေးပါ။ မိန်းကလေးများတွင် ဆင်ရေယုန်ပေါက်ပါက သားယောကျ်ားလေးမွေးဖွားသော မိခင်ထံမှ နို့ရည်ဖြင့် ဆင်အံသွားကိုသွေးလိမ်းပေးပါ။ ပျောက်ကင်းပါသည်။

တစ်နည်းမှာ မြေစာမြက်၏သတ္တုရည်ကို ထောပတ်နှင့်ချက်ပြီးစားပါ။ ဝဲနောက်ကို ထောပတ်နှင့်ကြိတ်ပြီးလူးပေးပါက ဆင်ရေယုန်ရောဂါသက်သာပျောက်ကင်းပါသည်။

အာရောဂျံပရမံဘာဘိ
ဇရောဇြေကျာဝေ

www.burmeseclassic.com

www.burmeseclassic.com

(မဟာဝိဇ္ဇာ ရွှေသူ)

သေခြင်းတရား
(The Death)

မြင်းဖြူကြီးတစ်ကောင်ကိုစီးလို့သူ
နေပေါ့။ ဘယ်နေရာမဆိုသူရောက်
ရဲ့၊ ညအမှောင်ရောက်တော့မယ်။
တွေလည်း ညိုးနွမ်းခြောက်သွေ့
ပြီး ရွက်ကြွေတွေက မြေကိုလွှော
ကျနေပြီ။ သူ့ကိုမြင်လိုက်ရသူတိုင်း
လည်း ဒူးတွေခွေယိုင်ကျသွားကြ
ယ်။

ဒီနေရာမှာ နေဝင်သွားတယ်။
ပေမယ့် နေမင်းရဲ့ပြုမြဲမှုတာအတိုင်း
နေရာကနေထွက်လာမှာပေါ့။ ဘဝ

Death

တွေဟာ မွေးဖွားခြင်းနဲ့အတူ ရောက်ရှိ
လာပြီး နောက်တော့ သေဆုံးသွားပြန်
မှာပဲလေ။ ပြီးရင် သေဆုံးခဲ့သလိုပဲ မွေး
ဖွားခြင်းလည်း ရောက်လာလိမ့်ဦးမယ်။

သေခြင်းတရားဆိုတာ

အရှင်မင်းတရားကြီးသော်မှလည်း
သူစိုးစံတဲ့ ပလ္လင်တော်ထက်ကနေ
လျှောကျသွားခဲ့ရတယ်။ တည်ရှိနေခဲ့
သမျှ အားလုံးသော အရာတွေဟာ
ပြောင်းလဲဖြစ်ပေါ်နေတတ်ရဲ့။

သင်္ဘောနဲ့ရွက်လွှင့်ခြင်း

မကြာခင်မှာ သင်ဟာလည်း မြစ်
ထဲမှာ သင်္ဘောနဲ့ ရွက်လွှင့်ပြီး တောင်
ကုန်းတွေအလွန်က မြေအပြင်အထိကို
အရောက်သွားနေရလိမ့်ဦးမယ်။

ရွက်လွှင့်ခြင်းဆိုတာ ဘဝ
ပင်လယ်ပြင်ကြီးထဲမှာ နေထိုင်ကျင်လည်
နေရခြင်းကို သင်္ကေတနဲ့ ကိုယ်စားပြု
ထားတာပါ။ သေခြင်းဆိုတဲ့ ရေအပြင်ကို
ဖြတ်လို့ပေါ့။ ဒါမှမဟုတ် သင့်ဘဝတာ
အတွင်းမှာ ဒီနေရာကနေ နောက်ထပ်
တစ်နေရာရာကို ရွှေ့ပြောင်းကူးလာနေ
ကြရခြင်းကို ဆိုလိုနေရဲ့။

မသိနားမလည်နိုင်တဲ့ လောက
ကြီးထဲမှာ ဝင်တိုးရင်း သင်ကိုယ်တိုင်
အဲဒီလိုအပြောင်းအလဲတွေနဲ့ ဆက်လက်
ပြီး လက်တွေ့ကြုံလာရတဲ့အခါ ဘယ်လို
များ သင်ခံစားရတယ်ဆိုတဲ့အပေါ်မှာ
နားလည်မှုတစ်စုံတစ်ရာကော ရှိခဲ့ပါ
လေစ။

ဒါပေမယ့် ကျောက်တိုင်နှစ်လုံး
(The Two pillars) ကို ရောက်တဲ့အထိ
တော့ သင်သွားရပေလိမ့်မပေါ့။ အဲဒီ
အမှတ်ကိုအရောက် သင်ခရီးနှင်ပြီးရင်
ကော ဘာတွေဖြစ်လာလိမ့်ဦးမှာလဲ။

ကျောက်တိုင်နှစ်လုံး

တိုင်နှစ်လုံး ဆိုတာကိုတော့ ယဇ်
ပလ္လင်ပြင်ဆင်ပေးရတဲ့ အဆင့်မြင့်နတ်
ကတော် (The High Priestess) က
သူ့တော်အုပ်ကိုဝင်လာတဲ့အခါ ပိုပြီး
သေသေချာချာကြည့်ခဲ့ပါလို့ အကြံပေး
ထား ရဲ့။

တိုင်နှစ်လုံးရှိတဲ့အနက် တစ်လုံး
က အဖြူရောင်ဖြစ်ပြီး ကျန်တိုင်တစ်လုံး
ကတော့ အနက်ရောင်ဖြစ်နေတာ တွေ့
ရလိမ့်မယ်တဲ့။ ကျောက်တိုင်လုံးနှစ်ခုလုံး
မှာ သင့်အတွက်သတင်းစကားတွေရေး
ထွင်းထားပါလိမ့်မယ်။ ကျောက်တိုင်လုံး
နှစ်ခုကြားမှာ သင်လျှောက်သွားနေရတဲ့
အခါဘယ်လိုများခံစားရမလဲ။ဒီကျောက်

Looking at . . .

The Two Pillars



The High Priestess suggests that you look more closely at the two pillars at the entrance to her grove. One pillar is black, the other white.

www.burmeseclassic.com

www.burmeseclassic.com



တိုင်လုံးတွေကို သင်ဖြတ်ကျော်လာနိုင်ခဲ့ပြီးရင်လည်း ဘာတွေထပ်ပြီးတွေ့ရဦးမှာလဲ။

ကျောက်တိုင်နှစ်လုံး ဆိုတာကတော့ ဘဝရဲ့ရှုထောင့်အမြင်နှစ်မျိုးကို ကိုယ်စားပြုနေတာပါပဲ။

ကျောက်တိုင်အမည်းက ဣတ္ထိလိင်ဖြစ်ပြီး မသိစိတ်အပိုင်း (Unconscious) ပါ။ အဖြူရောင်ကျောက်တိုင်ကတော့ ပုလ္လိင်ဖြစ်ပြီး ရုပ်ဝတ္ထုအထည်ကိုယ်ခြပ်ရှိတဲ့ကမ္ဘာ (Material world) ဖြစ်ရဲ့။ ကျောက်တိုင်လုံးနှစ်ခုအကြားလျှောက်လှမ်းနေရခြင်းကတော့ ဝိညာဉ်လောက (The world of the psyche) ထဲကို ဝင်လာနေတာကို ကိုယ်စားပြုနေပါတယ်။

သင်ဘယ်လိုများခံစားရပါသလဲ။

ဒါဟာ ခရီးလမ်းဆုံးလား။ သင်မေ့လျော့နေတာတွေ၊ သင်သိနားလည်ခဲ့တာတွေ၊ သင်သင်ယူမှတ်သားခဲ့တာတွေ၊ သင်လက်ခံယုံကြည်ခဲ့တာတွေ၊ သင်ဖြစ်မေါ်ကြုံတွေ့ရဦးမှာတွေ၊ သင်မလွဲမသွေဖြစ်ရဦးမယ့်အရာတွေ၊ သင်သိလာရမှာတွေ၊ သင်စွန့်လွှတ်ခဲ့ရမှာတွေ၊ အဲဒီမှာဘာတွေဖြစ်လာဦးမှာတဲ့လဲ။

မြေကြီးဆန်တဲ့ဘဝရဲ့သေဆုံးခြင်းကို ဝိညာဉ်ပိုင်းဆိုင်ရာပြန်လည်မွေးဖွားခြင်းမထိုင်မိမှာ မလွဲမသွေကြုံရဦးမှာပေါ့။ သေခြင်းတရားရဲ့သင်္ကေတ (The Symbol of Death) ဟာ သွားခွင့်ပြုလိုက်ဖို့ အသင့်ရှိနေရဲ့။ ရှေးထုံးဓလေ့နည်းဟန်တွေအတိုင်းလောက်ပဲဖြစ်ဖြစ် ဒါမှမဟုတ် ကြီးစွာသောဆုံးရှုံးသွားမှုတစ်ခုလည်း ဖြစ်နိုင်ကောင်းပါရဲ့။ ဘဝသစ်တစ်ခုအတွက် လမ်းကြောင်းဖောက်ဖို့ အဆင်ပြေအောင်လုပ်ပေးလိုက်တာကော မဖြစ်နိုင်ဘူးလား။

သေခြင်းတရားရဲ့ သင်္ကေတတွေမှာ ဘဝသစ်တစ်ဖန်မွေးဖွားဖို့အတွက် အစီအစဉ်တကျ ပုံသဏ္ဌာန်ပြောင်းလဲခြင်းကိုလည်း သင်္ကေတတွေပြုပေးထားရဲ့။ သေခြင်းတရားရဲ့သင်ခန်းစာကတော့ ကျွန်ုပ်တို့အားလုံးဟာ အတိတ်ကိုလက်ကိုလက်ခံရမှာဖြစ်ပြီး ထားကိုလည်း ထားခဲ့လိုက်ရမယ်ဆိုတာပါပဲ။ ပြန်လည်မွေးဖွားခြင်းနဲ့ အသစ်တစ်ဖန် ဖြစ်ပေါ်လာရခြင်းတွေဟာ ဘဝရဲ့ အသက်ဝင်နေတဲ့အပိုင်းတွေပါ။

အဲဒီပြန်လည်မွေးဖွားခြင်းနဲ့အသစ်အသစ်သောဖြစ်ပေါ်မှုတွေအားလုံးဟာလည်း ကြီးမားစွာသော ဆုံးရှုံးခြင်းတွေဖြစ်ပြီးမှသာ ပေါ်ပေါက်လာနိုင်တာမျိုးဖြစ်ရဲ့။

သင့်ရဲ့ကောက်ချက်တွေကထွေးဒီဘုံအဆင့်မှာအပေါ် သင့်ရဲ့အမြင်တွေကို ညွှန်ပြနေမှာဖြစ်ပါတယ်။ ဒီကောက်ချက်တွေဟာလည်း သင်မလွဲမသွေရင်ဆိုင်ကြုံတွေ့ရမယ့် အပြောင်းအလဲတွေနဲ့ သင့်ဘဝမှာ သင်လက်ခံရယူခဲ့ရသမျှအပေါ် သင့်ရဲ့ရပ်တည်မှုကိုထင်ဟပ်ပြနေမှာပါ။

သင့်ကိုယ်သင်ပြောကြည့်လိုက်ပါဦး။

ငါ့ကိုယ်ငါ ပြောင်းလဲပြီး အသစ်တစ်ဖန်ပြန်စဖို့ အသင့်ဖြစ်နေပါပြီလို့ ဝိညာဉ်အားဖြင့် အသစ်တစ်ဖန်ပြန်လည်ဖြစ်ထွန်းပေါက်ဖွားဖို့ အခွင့်အရေးတစ်ခုကို မျှော်ကြည့်နေပါပြီလို့။

(မှတ်ချက် - ကျမ်းကိုးပြုထားသည့် Alexandra Collins Dickerman ရဲ့ "Following Your Path" စာအုပ်ထဲမှ သေခြင်းတရားအပေါ် အနောက်တိုင်းသဘောထားရဲ့ အယူအဆမျှသာ ဖြစ်ပါတယ်။)

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေးဘုရား)

The symbol of Death represents letting go of something to make way for the new.

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းမြင့်

သဘာဝကပြောသောမိုးလေဝသ

ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာ
ကြီးသည် စကြဝဠာကြီးနှင့်ယှဉ်ကြည့်လျှင်
အလွန်အညတရပြုလင်ငယ်လေးတစ်ခု
ဖြစ်သော်လည်း ကျွန်တော်တို့အတွက်
ကတော့ အလွန်အားကိုးအားထား
ကြီးမြတ်မိုတင်းနေထိုင်ကြရသည့် ကမ္ဘာ
မြေပင် ဖြစ်ပါသည်။

ဤကမ္ဘာသည် အလွန်ချစ်ခင်
ရာကောင်းလှပါ၏။

အီကွေတာခေါ် ကမ္ဘာ့အချင်း
ဝက်ရှိရာပတ်လည်သည် မိုင်ပေါင်း
(၂၄၀၀) ခန့်ရှိပါသည်။ ကမ္ဘာသည်
နေ့ပေါ်တွင် အနောက်မှ အရှေ့သို့
လည်ပတ်လှုပ်ရှိသောကြောင့် နေ့နှင့်
ညကို ပုံမှန်ဖြစ်ပေါ် လှုပ်ရှိနေရခြင်း ဖြစ်
ပါသည်။ ထိုအပြင် မိမိဝင်ရိုးပေါ်တွင်
လည်ပတ်ရင်း သူရိယနေမင်းကြီး
ကိုသည်း လက်ဝဲရစ်လှည့်ပတ်လှုပ်ရှိ
နေ၏ လ ဟူ၍ အချိန်ကာလအတိုင်း
အမှားများပေါ် ပေါက်လာရပြန်ပါသည်။
ထို့ပြင်မက ကမ္ဘာ၏ဝင်ရိုးသည် (၂၃½)
ဒီဂရီ အမြဲတမ်းတိမ်းစောင်းနေပြန်သော
ကြောင့် နွေ၊ မိုး၊ ဆောင်း စသည့် ရာသီ
ဥတုများ မျိုးစုံပေါ် ထွန်း၍ လာရပြန်ပါ
သည်။ ထိုအချက်သည် လူသားနှင့်
တိရိစ္ဆာန်များဘဝ ရှင်သန်ရေးအတွက်
များစွာပင်အထောက်အကူပြုလှုပ်ပါသည်။
ထိုမျှသာမက သစ်သီးဝလံပန်းမန်ပင်
များ၊ ဆေးပင်၊ အရိပ်ရပင်များစသည်တို့
အတွက်ပါ ပေါက်ရောက် ရှင်သန်ရေး
ကို အထောက်အကူပြုလှုပ်ပါ၏။ထို့ကြောင့်
ဤကမ္ဘာသည် အလွန်ချစ်ခင်ဖွယ်ရာ
ကောင်းလှပါသည်ဟု ကျွန်တော် ဆိုခဲ့
ခြင်း ဖြစ်ပါသည်။

ရာသီဥတုမျိုးစုံပေါ် ပေါက်လာစေ
ရန်လည်း နေရောင်ခြည်၏အပူစွမ်းအင်
များက အထောက်အကူပြုလှုပ်ပါသည်။
နေ့အခါ နေအပူရှိန်သည် ကမ္ဘာပေါ် ရှိ
ပင်လယ်နှင့် ကုန်းမြေများပေါ် ကျရောက်
လာ၏။နေပူရှိန်ကြောင့် ပင်လယ်ရေပြင်
က ကောင်းစွာ ပူနွေးလာခြင်းမရှိသေး
မီတွင် ကုန်းမြေက အရင်ဆုံးပူနွေးလာ
လေ၏။ ထိုအခါ ကုန်းမြေထက်မှလေထု
က ပူနွေးပြီး အပေါ် သို့တက်သွားသော
အခါ ပင်လယ်ပြင်မှလေတို့က ကုန်းမြေ
ဘက်သို့ တိုက်ခတ်ရွှေ့ပြောင်းလာလေ
တော့၏။ ထိုသို့ ပင်လယ်ပြင်မှဝင်ရောက်
တိုက်ခတ်လာသည့် လေထုထဲတွင် ရေ
ငွေ့ရေမှုန်များပါလာနိုင်ပေရာ ကုန်းတွင်း
သို့ရောက်လျှင် မိုးရွာသွန်းမှုဖြစ်ပေါ် နိုင်
ပါတော့သည်။

ဥာဏ်အခါ ပင်လယ်ရေပြင်က
တစ်နေ့လုံး နေပူရှိန်ရရှိထား၍ အနွေး
ဓာတ်များမပြယ်သေးမီ ကုန်းမြေက
ပင်လယ်ထက်ပို၍လျင်မြန်စွာပင် အပူ
ဓာတ်ပျက်ပြယ်သွားလေတော့ရာ ကုန်း
မြေမှလေထုက ပင်လယ်ပြင်ဆီသို့ပြန်၍
ရွှေ့လျားတိုက်ခတ်ပြန်ပါသည်။ ထို့သို့
နေပူသည်၊ မိုးရွာသည်၊ လေတိုက်သည်၊
ချမ်းအေးသည်၊ ပူအိုက်သည် စသည့်
ရာသီဥတု အခြေအနေမျိုးစုံတို့သည်
ကမ္ဘာမြေ၌ တစ်လှည့်စီ ဖြစ်တည်
ပေါ် ပေါက်ပြောင်းလဲနေခြင်းပင် ဖြစ်
ပါသည်။

'သတ္တလောကတွင် လူ၏ဦးနှောက်
သည်အကြီးမားဆုံးဟု ပညာရှင်များက
ဆိုကြပါသည်။ ထို့ကြောင့် လူတို့သည်
မိုးရွာမည်၊ နေသာမည်၊ မုန်တိုင်းကျ
မည်၊ မိုးကောင်းမည်၊ မိုးလယ်ကောင်း
မည်၊ မိုးနှောင်းကောင်းမည် စသည့်
ကြိုတင်ဟောကိန်းများကို နည်းမျိုးစုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်နိုင်ကြပါသည်။ တိရိစ္ဆာန်လေးများ၏အမူအကျင့်များကိုကြည့်ခြင်းဖြင့်လည်း ရာသီဥတုကိုကြိုတင်ခန့်မှန်းကြပါသည်။ အပင်၊ အရွက်၊ အသီး၊ အပွင့်တို့ကို ကြည့်၍လည်း ကြိုတင်ခန့်မှန်းနိုင်ကြပါသည်။

ရာသီဥတု ကြိုတင် ခန့်မှန်းခြင်းကို ကျွန်တော်တို့၏ ချစ်စွာလှသော တောင်သူလယ်သမားဦးကြီးများက ပို၍ ကျွမ်းကျင်ကြပါသည်။

ကျွန်တော်၏ လက်ဦးဆရာကို ပြန်လည်သတိရမိပါ၏။

ကျွန်တော်ငယ်စဉ်က ဖခင်၏ အလုပ်တာဝန်ကျရာ ဝါးခယ်မမြို့လေးတွင်နေခဲ့ရပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မြစ်ချောင်းများပေါများလုပါသည်။ ကလေးဘဝဆိုတော့ ဘယ်ကိုရောက်ရောက်မျော်ရသည်သာဖြစ်ပါသည်။ မိုးတွင်းကာလ၌ ရေတက်တတ်သောကြောင့် အိမ်တိုင်းတွင် လမ်းမပေါ်မှ အိမ်အဝင်အထိ ဝါးတံတားခုံခုံးလေးတွေက ကျွန်တော့်စိတ်ကို နှစ်သက်သာယာစေပါသည်။ ထိုမြို့တွင် ကျွန်တော် စတုတ္ထတန်းအတန်းပညာကိုသင်ယူခဲ့ရပါသည်။ ကမ်းနားလမ်းမြစ်ကမ်းစပ်မှ မင်းပိုင်းရပ် အစိုးရမူလတန်းကျောင်းကလေးတွင်နေရပါသည်။ အတန်းပိုင်ဆရာမှာ ဆရာဦးငွေလှိုင် ဖြစ်ပါသည်။ ဆရာ့ကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်၍လည်း ယခုနှစ်ပေါင်း (၅၀)ကျော်သည့်တိုင်အောင် ဆရာ့နာမည်ကို မှတ်မိနေပါသည်။ ဆရာ၏ တည်ကြည်ခဲ့ညားသော ဥပဓိရုပ်ကိုလည်း မျက်စိထဲတွင် ယနေ့တိုင် ပြန်လည်မြင်ယောင်နေမိပါသည်။ သင်ပြုပုံ၊ ဆုံးမပုံကောင်းလွန်း၍လည်း ယခုတိုင် မြင်ယောင်ကြားယောင်ခံစားမိပါသည်။ ထိုစဉ်ကသူငယ်ချင်းများ ယနေ့တိုင် အနယ်နယ်အရပ်ရပ်၌ရှိနေကြပါလျှင် 'တုတ်၊ ဓားမကိုင် ဆရာလိုင်' ဆိုသော ငယ်စဉ်ကကြားဖူးခဲ့သည့် စကားလေးကိုပြန်ပြောင်းအမှတ်ရနေကြမည်ထင်ပါသည်။ အားလုံးသောတပည့်များက ချစ်ကြောက်ရိုသေသည့်ဆရာဖြစ်ပါသည်။

ဆရာသည် ကျွန်တော်တို့ကို တစ်ခါတစ်ရံ အိမ်ခေါ်၍စာသင်ကြားပေးပါသည်။ စာသင်ပြီးလျှင် သူ၏အိမ်ဝင်းအတွင်း စိုက်ပျိုးထားသည့် ခရမ်းချဉ်ပင်၊ ချဉ်ပေါင်ပင်၊ ငရုတ်ပင်၊ ရုံးပတီပင်များကို လိုက်လံပြသကာ စိုက်နည်းပျိုးနည်းများကိုလည်း ဗဟုသုတအဖြစ် ပြောပြတတ်ပါသည်။

ရာသီဥတုခန့်မှန်းခြင်းနည်းလမ်းများကိုလည်း ပြောပြတတ်ပါသည်။

"ရာသီဥတုကို ခန့်မှန်းတော့မယ်ဆိုရင် ကျီးတွေဟာ မင်းတို့ရဲ့ဆရာလို့ သာမှတ်လိုက်ပေတော့။ ကျီးသားပေါက်တွေ သားပေါက်ကြတာ မှန်လည်းမှန်မယ်၊ စောလည်းစောမယ်ဆိုရင် မိုးဦးကာလမှာ မိုးကောင်းမယ်လို့ ယူဆရတယ်။ အဲ-အသိုက်လုပ်တာနောက်ကျရင်တော့ မိုးဦးကာလမှာ မိုးသိပ်မရွာဘဲ မိုးလယ်ကျမှကောင်းလိမ့်မယ်လို့မှတ်ပေတော့"

ဆရာက စကားပြောရင်း ကွမ်းအစ်ထဲမှ ကွမ်းသီးစိတ်ကလေးကိုယူ၍ ဝါးပြီးမြို့နေပြန်ပါသည်။

"အေး - အိမ်ခေါင်မိုးပေါ်က စာကလေးသိုက်တွေ လုံလုံခြုံခြုံလုပ်ထားဘူးဆိုရင် အဲဒီမိုးတွင်းမှာမိုးနည်းလိမ့်မယ်။ သိပ်များများမရွာဘူး။ အသိုက်တွေ လုံလုံခြုံခြုံနဲ့ ကောင်းကောင်းလုပ်ထားတာတွေ့ရင်တော့ ဒီနှစ်မိုးများပြီလို့ သာမှတ်ပေတော့"

ဆက်လက်၍ ပြောပြန်ပါသည်။

"ပုတ်သင်ညိုရဲ့ခေါင်းက စိမ်းနေပြီဆိုရင် မိုးဦးဟာ ကောင်းပြီသာမှတ်။ အစိမ်းရောင်ဖျော့ဖျော့သာဆိုရင် မိုးသိပ်မကောင်းတတ်ဘူး"

ဆရာက ရေနွေးအကြမ်းပန်းကန်လေးများကို ကျွန်တော်တို့ရှေ့ချပေးပြီး ရေနွေးငွေ့ပေးပြန်ပါသည်။ ဘိန်းမှုန့်နှင့် ကောက်ညှင်းပေါင်းပန်းကန်များကို ကျွန်တော်တို့ရှေ့တိုးပေးရင်း အဆာပြေစားခိုင်းနေပြန်ပါသည်။

"အေး-ကနဦးပင်ကိုကြည့်။ အပင်ရင်းမှာအသီးမျှားရင် မိုးဦးကောင်းမယ်။ အပင်အလယ်ပိုင်းမှာအသီးများရင် မိုးလယ်မှာ မိုးကောင်းမယ်။ အဖျားမှာ အသီးများရင်တော့ မိုးနှောင်းမှာ မိုးကောင်းလိမ့်မယ်လို့ ခန့်မှန်းရဲတယ်။

အဲ အဲ - ဝါးပင်တွေကြည့်စမ်း။ တစ်နှစ်တစ်ခါတော့ ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေတတ်ကြတယ်။ ဒါပေမယ့် ဝါးရွက်အဟောင်းတွေက ကြွေသင့်တဲ့အချိန်မကြွေသေးဘူးဆိုရင် မိုးနည်းမယ်။ သူ့အချိန်နဲ့သူကြွေသင့်တဲ့အချိန်အကုန်ကြွေလို့ ရွက်သစ်ဝေသင့်တဲ့အချိန်ဝေနေမယ်ဆိုရင်တော့ မိုးကောင်းမယ်ပေါ့လေ"

ဆရာပြောပြသည်မှာ စိတ်ဝင်စားစရာလည်းဖြစ်ပြီး ရှင်းလင်းစွာ နားလည်သဘောပေါက်စေပါသည်။

"သရက်ပင်တွေ အသီးစောစောသီးရင် မိုးဦးကောင်းမယ်။ အသီးတွေ အများကြီးသီးရင် မိုးလယ်မှာမိုးကောင်းမယ်။ အသီးနည်းတဲ့နှစ်ဆိုရင်တော့ မိုးနှောင်းပိုင်း မိုးသိပ်ရွာတော့မှာ မဟုတ်ဘူး။

ကဲကဲ - မင်းတို့လည်းငယ်သေးတော့ ဒီလောက်ပဲမှတ်ဦး။ ဗဟုသုတပေါ့ကွာ။ တကယ်တော့ မိုးလေဝသခန့်မှန်းတဲ့နည်းတွေက တို့ရဲ့ဘိုးဘွားမိသားတောင်သူတွေမှာအများကြီးရှိတယ်"

ဆရာကပြောရင်း ကျွန်တော့်ကို ကြည့်လိုက်ပါသည်။

"ဆရာ့တပည့် မောင်ဝင်းမြင့်ထာအဖေကဝန်ထမ်းဆိုတော့ မြို့တွေနယ်တွေ အများကြီးလိုက်ပြီးပြောင်းနေရတာကောင်းတာပေါ့ကွာ။ တစ်မြို့နဲ့တစ်မြို့ တစ်ရွာနဲ့တစ်ရွာ ရေမြေဒေသမတူသင့်အတွေ့အကြုံအယူအဆတွေကမတူကြဘူးကွ။ သဘာဝဝန်းကျင်မှာ ပညာတွေ အများကြီးရှိတယ်။ ငါ့တပည့်ဘဝရောက်ရောက် လူကြီးတွေကိုမေး၊ သူငယ်ဆီကအတွေ့အကြုံပညာတွေကိုယူတတ်တဲ့အကျင့်ကိုလုပ်ထား။ ကဲကဲ - အခုလည်းကုန်သွားပြီ၊ ပြန်ကြတော့"

ဆရာဆိုသည်မှာ တစ်ဦးနှင့်တစ်ဦးမတူကွဲပြားကြသော်လည်း မှန်ကန်သောအဆုံးအမမှာ အမြဲတစေ တစ်သဘောတိုင်းပင်ဖြစ်ပါပေသည်။ ငယ်ရွယ်စဉ်မှသည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လုပ်ငန်းခွင်သို့ ရောက်သည့်အခါတွင် ကျွန်တော် လေးစားမြတ်နိုးရသည့် အထက်အရာရှိကြီးတစ်ဦးက အထက်ဆရာ၏စကားနှင့် ဆင်တူသောစကားကိုပြော၍မှာကြားပါသည်။

"မင်းဟာ ငါကသင်တန်းပေး အများကြီးတက်ခဲ့ဖူးတယ်၊ စာပေး အများကြီးဖတ်ခဲ့ဖူးတယ်၊ ဘွဲ့ရုပညာတတ်ပဲဆိုတဲ့ လွဲမှားတဲ့ မာန်မာန ကိုယ့်ကိုယ်ကိုယ်ဘယ်သောအခါမှမထယူနဲ့။ ကိုယ့်ကိုယ်ကိုယ်တော်တယ်ထင်ရင် အဲဒီလူဟာ ကြာလေညံ့လေတော့တာပဲ။ ငါညံ့နေသေးတယ်လို့ထင်ရင်တဖြည်းဖြည်းတော်တဲ့သူဖြစ်လာမယ်။ မြို့ရွာဒေသတစ်ခုကိုရောက်သွားတဲ့အခါမှာ ပထမဆုံး မင်းလုပ်ရမယ့် အလုပ်က အဲဒီဒေသက အသက်အရွယ်ဖြင့်၊ ဝါအားဖြင့်အကြီးဆုံး၊ အတွေ့အကြုံအများဆုံး ဒေသခံသက်ကြီးဝါကြီးတွေနဲ့ တွေ့ဆုံပါ။ မိတ်ဆက်ပါ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်ဆောင်စမိခင်များ ပျို့အန်ခြင်းနှင့်ဖောရောင်ခြင်းအတွက်

နုတ်မောက်မင်းသန့်နိုင်

ကိုယ်ဝန်ဆောင်စ မိခင်လောင်းတိုင်း ကိုယ်ဝန်ရှိစ တစ်လ၊ နှစ်လ၊ သုံးလအတွင်း ပျို့အန်ခြင်း၊ အစားအသောက်ပျက်ခြင်းများကြုံရတတ်ရပြီး ကိုယ်ဝန်ခြောက်လ၊ ခုနစ်လမှမွေးဖွားသည်အထိ ကိုယ်ဝန်အဆိပ်သင့်ကာ ကိုယ်ဖောကိုယ်ရောင်ခြင်း ကြုံတွေ့ရတတ်ပါသည်။

ထိုသို့ကြုံတွေ့ခြင်းသည် အမျိုးသမီးများ၏ အာဝေဏိကဒုက္ခတစ်ပါးဟု မြတ်ဘုရား ဟောကြားတော်မူခဲ့ပါသည်။

သို့သော် အမျိုးသမီးတိုင်း ထိုသို့ကြုံသည်မဟုတ်ပါ။ အချို့အမျိုးသမီးတို့တွင် ပထမဦးဆုံးသားဦးကိုယ်ဝန်ဆောင်စဉ်တွင်သာ ထိုသို့ပျို့အန်ခြင်း၊ ဖောရောင်ခြင်းကြုံရတတ်ပြီး နောက်သားကိုယ်ဝန်ဆောင်များတွင် ပျို့အန်ခြင်း၊ ဖောရောင်ခြင်းမရှိတော့ပါ။ အချို့အမျိုးသမီးများတွင်တော့ ကိုယ်ဝန်ဆောင်သည့်အခါတိုင်း ပျို့အန်၊ ဖောရောင်ခြင်းကြုံရပါသည်။ သွေးသားခန္ဓာ၊ မျိုးရိုးအလိုက်ပါဆိုရပါမည်။

မည်သို့ပင်ဖြစ်စေ ကိုယ်ဝန်ဆောင်မိခင်တိုင်း ပျို့အန်၍ အစားအသောက်ခံတွင်းပျက်ပါက အောက်ပါဖျော်ရည်ပြုလုပ်သောက်ပေးပါ။

လတ်ဆတ်သော နွားနို့အစိမ်းတစ်ဖန်ခွက်တွင် ထန်းလျက်တစ်လုံး၊ နှစ်လုံးထုခြေထည့်ပြီး ဖျော်သောက်ပေးပါ။ သုံးလေးရက်ဆက်တိုက်သောက်ပါ။ ခံတွင်းလိုက်စားသောက်ကောင်းလာပြီး ပျို့အန်ခြင်းများပျောက်ကင်းသွားပါလိမ့်မည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိပါ။

ကိုယ်ဝန်ဆောင်မိခင်ဖောရောင်နေပါက -

နံ့သာဖြူ၊ ကရက်မက်၊ သနပ်ခါးမြစ်တို့ကို အနှစ်ရအောင်သွေး၍ နနွင်းမှုန့်ထည့်ဖျော်ကာ နေ့စဉ်တစ်ကိုယ်လုံးလိမ်းပေးပါ။ သနပ်ခါးမြစ်ကိုသွေးပြီးသောက်ပေးပါ။

သင်္ဘောသီးမှည့်၊ လိမ္မော်သီးမှည့်၊ ပန်းသီး၊ နာနတ်သီး၊ ပိန္နဲသီးရရာကို လက်လှမ်းမီသမျှ စားနိုင်သမျှစားပေးပါ။ ကန်စွန်းရွက်၊ ဆလတ်ရွက်၊ ပဲရွက်၊ ပဲသီး၊ ကိုက်လန်၊ မုန်ညင်းတို့ကြော်ချက်၍စားနိုင်သမျှစားပေးပါ။

ကိုယ်ဝန်အဆိပ်သင့်ဖောရောင်ခြင်း သိသာစွာသက်သာပျောက်ကင်းပြီး ကျန်းမာရွှင်လန်းစွာ မွေးဖွားနိုင်ပါလိမ့်မည်။

သားကောင်းမိခင်များဖြစ်ကြပါစေ

နုတ်မောက်မင်းသန့်နိုင်

မင်းခေါင်းထဲကပညာတွေကို သူတို့ကို ထုတ်မကြွားပါနဲ့။ မင်းရဲ့ရာထူးဂုဏ်၊ ပညာဂုဏ်တွေကို ဖယ်ထားလိုက်ပါ။ သူတို့ဆီက ဗဟုသုတကိုရအောင်ယူပါ။ သူတို့ဘဝနဲ့ရင်းပြီးရထားတဲ့ အတွေ့အကြုံအချက်အလက်တွေကိုမေးပါ။မှတ်သားပါ။ အဲဒါတွေက မင်းရဲ့ဆုံးဖြတ်ချက်တွေမှန်ကန်အောင် ဖြည့်စွမ်းပေးလိမ့်မယ်"

အလွန်တန်ဖိုးရှိသည့် ဆုံးမစကားဖြစ်ပါသည်။

ဒေသခံ အဘိုးအဘွားတို့၏ သကြံန်နှင့်ပတ်သက်၍ ရာသီဥတုကို ခန့်မှန်းသည့် အယူအဆများကိုလည်း မှတ်သားရပါသည်။

"သကြံန်အကျနေ့ဆိုတာ မိုးဦးကို ကိုယ်စားပြုတယ်၊ သကြံန်အကြတ်နေ့တွေကတော့ မိုးလယ်ကို ကိုယ်စားပြုတယ်၊ သကြံန်အတက်နေ့က မိုးနှောင်းကို ကိုယ်စားပြုတယ်လို့ မှတ်သားခဲ့ကြတယ်ကွယ့်။ သကြံန်အကျနေ့မှာ လေတိုက်တာတို့၊ မိုးရွာတာတို့ဖြစ်ရင် ဒီနှစ်တော့ မိုးဦးကောင်းလိမ့်မယ်လို့ယူဆကြတယ်။ အဲ - သကြံန်အကြတ်နေ့မှာ လေတိုက်တာတို့၊ မိုးရွာတာတို့ဖြစ်ရင် မိုးလယ်ကောင်းမယ်လို့ တို့များမှတ်ယူခဲ့ကြတယ်။ သကြံန်အတက်နေ့မှာ လေတိုက်ရင်၊ မိုးရွာရင် မိုးနှောင်းကောင်းမှာလို့ဆိုကြတာပဲ"

နောက်တစ်ဦးက ဆိုပြန်ပါသည်။

"ပိတောက်ကိုလည်း ဒီလိုပဲကြည့်ကြတယ်ကွယ့်။ သကြံန်မကျခင် ပိတောက်တွေပွင့်ရင် မိုးဦးကောင်းမယ်။ သကြံန်တွင်း ပိတောက်ပွင့်ရင် မိုးလယ်ကောင်းလိမ့်မယ်။ သကြံန်နောက်ပိုင်း ပိတောက်ပွင့်ရင်တော့ မိုးနှောင်းမှာ မိုးစွေလိမ့်မယ်လို့ ဆိုကြတယ်လေ။

ပိတောက်ဆိုတာ တစ်နှစ်မှာ (၃) ကြိမ်ပွင့်တတ်ကြတာ။ အဲ - (၃)ကြိမ်လုံး ပိတောက်တွေမှန်မှန်ပွင့်ရင်တော့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးကောင်းပေါ့ကွာ"

နောက်တစ်ဦးကလည်း ဆိုပြန်ပါသည်။

"ငါတို့ကတော့ သကြံန်အကျနေ့မှာ ရှားပင်ကို အပေါ်၊ အောက် ဓားနဲ့ (၃)ချက်ထစ်ထားလိုက်တယ်။ နောက်နေ့တွေမှာကြည့်လိုက်လို့ အပေါ်ဆုံးအထစ်ကအစေးထွက်တာများရင် မိုးဦးကောင်းမယ်။အလယ်ကများရင် မိုးလယ်ကောင်းမယ်။ အောက်ဆုံးကများရင် မိုးနှောင်းမှာ ကောင်းလိမ့်မယ်။ (၃) ချက်စလုံးအစေးထွက်တာများရင်တော့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကောင်းအံ့လို့မှတ်ရမှာပေါ့ကွာ"

သို့နှင့်ပင် ကျွန်တော်သည် ရောက်လေရာဒေသတွင် ရပ်ရွာသက်ကြီးရွယ်အိုများထံ သွားရောက် ကန်တော့ပြီး စကားလက်ဆုံကျတတ်သော အကျင့်တစ်ခုကိုရလာပါတော့သတည်း။

အဘိုးအဘွားတို့

သက်ရှည်၍ကျန်းမာကြပါစေသတည်း

[illegible]

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါ ကျွန်ုပ်၏သား ကို ထိန်းကျောင်း၍ပြုစုလေ့ကျင့်ပေးသူ တောင်ပစ်ကုန်းရွာသား ဘိုးယွန်းက ကျွန်ုပ်၏သားဖြစ်သူ မောင်ဆိတ်ဖားကို သူငယ်စဉ်က အင်္ဂလိပ်-မြန်မာတတိယ စစ်ပွဲတွင် မင်းလှခံတပ်၌ စလင်းပဲနင်းကြီး ဗိုလ်ဖိုးဦးနှင့်အတူ တိုက်ပွဲဝင်ခဲ့ကြရာ လက်နက်အင်အားချင်းမမျှ၍ ဆုံးရှုံးရကြောင်း၊ ဖိုမိတို့လက်နက်မှာ ယမ်းထိုးနေရချိန်တွင် ကုလားဖြူတို့သေနတ်မှာ (၃)ချက်မျှပစ်ဖောက်နိုင်ပုံ၊ ပြောင်း (၈) လက်မျှ လည်ပတ်လျက် လိုအပ်သလို ပစ်နိုင်သော ဂက်သလင်းသေနတ်၏ လုပ်ဆောင်ချက်တို့ကိုပြောပြလျက် မိမိတပ်မှူးဗိုလ်ဖိုးဦးကျဆုံးခဲ့ရပုံ၊ မြန်မာများအတိုက်အခိုက်ညံ့ဖျင်း၍ စစ်ပွဲရှုံးရသည်မဟုတ်။ မြန်မာများလောကဓာတ်ပညာတတ်မြောက်ခြင်းမရှိ၍၊ လက်နက်ချင်းမယှဉ်နိုင်၍ အင်္ဂလိပ်တို့လက်အောက်ရောက်ရသည်။ ထို့ကြောင့် မောင်ဆိတ်ဖားကို ပညာတတ်စေလိုသည်။ အိပ်ရာဝင်တိုင်း ပြောဆိုဆုံးမပုံကို ပြန်လည်အမှတ်ရမိပါ၏။ သူအုပ်ထိန်းလာသော မောင်ဆိတ်ဖားမှာ ယခုသော် လူဝင်မှုကြီးကြပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေပြီး ဘိုးယွန်းကား မရှိပြီ။ သို့သော် သူ၏ အဆုံးအမများကား ကျွန်ုပ်၏သား မောင်ဆိတ်ဖားအတွက် ထာဝရရှိပေလိမ့်မည်။ သူသင်ပေးလိုက်သောမြင်းစီးခြင်း၊ မားခုတ်ခြင်း၊ သေနတ်ပစ်၊ ဒူးလေး၊ လောက်လွှဲအတတ်ပညာတောလိုက်ပညာတို့သည် သားဖြစ်သူအား နယ်စပ်၌တာဝန်ထမ်းဆောင်လျှင် အထောက်အကူပြုနိုင်ပြီ။

ကျွန်ုပ်ကမူ သားဖြစ်သူအား ငါတို့သည် ပုဂံခေတ်မှ စတင်၍ အမှုထမ်းရာတွင် သစ္စာရှိသည်ဟု ထင်ရှားသည့် မျိုးရိုးဖြစ်သည်။ မင်းလည်းထိုသို့ဖြစ်ပါစေဟုသာ ဆုံးမခဲ့ပါသည်။ ထိုမျှသာဆွန်လျှင် မဟုတ်သည်ကိုမလုပ်ပြီ။

သားဖြစ်သူအား အမှတ်ရသည့် အခိုက် ကျွန်ုပ်တို့တိုင်းပြည်တွင် ပညာတတ်သူ နည်းပါးသဖြင့် မိမိတို့တိုင်းပြည် အရေးနိမ့်ရခြင်း ထိုစဉ်ကအခြေအနေကို သားဖြစ်သူအား ဖတ်ကြားစေလိုသဖြင့် မင်းဘူးမြို့ကို သောင်းကျန်းသူတို့ ၁၉၃၉ ခုနှစ်တွင် ဝင်ရောက်အာဏာရယူစဉ်က အရေးပိုင်မင်းရုံး၏ စာကြည့်တိုက်မှ စာအုပ်စာတမ်းများ မြို့ပေါ်တွင် ဖွာလန်ကြဖြစ်ရာ သတင်းစာလက်ပွေ့ရောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်ပြုအုပ်ကြီးတင်ဦးမှတ်တမ်း

အနောက်တိုင်းမျိုးမောင်မျိုး

(ဒုတိယတွဲ)

ခရစ်ယာန်ဘုန်းကြီးကိုန်း(စ်)အယ်ဖရက်ကို(လ်)ဘက်၏ မန်းမြို့တော်မှပေးစာများကိုတောင်ပြခြင်း

www.burmeseclassic.com

မောင်ဘသန်းသည် စာအုပ်ကို လာရောက်ရောင်းချရာတွင် အုပ်များထဲမှ 'ခရစ်ယာန်ဘာသာ နာပြုဘုန်းကြီး ကိုမ်း(မ်)အယ်ကို(လ်)ဘက်၏ မန်းနေပြည်တော်စာများ' မှာ သင့်တင့်လျောက်ပတ်သည်ဟု ယူဆ၍ မှတ်တမ်းတင်ထားပါကြောင်း။

ကိုမ်း(မ်)အယ်ဖရက်ကို(လ်)ဘက်သည် မန္တလေးနေပြည်တော်တွင် ခရစ်ဘာသာ ၁၈၇၈ - ၁၈၇၉ ကာလ၊ ခရစ်နှစ် ၁၈၈၈ - ၁၈၈၈ ကာလတို့၌ မန္တလေးနေပြည်တော်တွင် သာသနာပြုဘုန်းကြီးအဖြစ်နှင့်သူဖြစ်လေသည်။ သူ၏ရေးစာများ ထိုအချိန်ထိုအခါက ကုန်းဘောင်ဆက်နောင်း၏ မန်းရွှေမြို့တော်အခြေအနေကို မြင်တွေ့ရ၏။

ကျွန်ုပ်သတိမူမိသည်မှာ ကိုမ်း(မ်)အယ်ဖရက်ကို(လ်)ဘက်၏စာများသည် ရန်၊ မှတ်ရန်ကောင်းပါ၏။ သို့ရာတွင် ထိုစာများကိုမည်သူထံရေးသည်ကို လိပ်မူသည့်သူမပါရှိသောကြောင့် အတွက်တစ်ခုသို့ဖြစ်နေသည်။ ဗြိတိသျှနိုင်ငံ ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးတစ်ဦးဖြစ်လေရာ သူ့အမျိုးသူ့ဘာသာအမြင်ဖြင့် ရေးသားမည်ကိုလည်း သတိပြုမိသည်။ ခရစ်နှစ် ၁၈၇၈ မှ ၁၈၇၉ ကာလအတွင်း မြန်မာနိုင်ငံ၏ နှန်းတွင်းရေး၊ ပြည်တွင်းရေးတို့တွင် ဖြစ်ပေါ် နေသောအခြေအနေကို ထိတွေ့နေသောသူတစ်ဦး၏ မှတ်တမ်းအဖြစ်သာ ဖတ်သင့်သည်ဟု ယူဆပါသည်။

(ကိုမ်း(မ်)အယ်ဖရက်ကို(လ်)ဘက်၏ စာများကို နှစ်ပိုင်းခွဲလျက် ပထမပိုင်းကို ခရစ်နှစ် ၁၈၇၈ မှ ၁၈၇၉ ကာလ အတွင်းရေးသားသောစာများ၊ဒုတိယပိုင်းကို ခရစ်နှစ် ၁၈၈၅ မှ ၁၈၈၈ ကာလ ဟု နှစ်ပိုင်းခွဲခြားထား၍ သူ၏ညီတော်စပ်သူ ဂျော့အိပ်(ချ်)ကို(လ်)ဘက်က ခရစ်နှစ် ၁၈၉၂ တွင် တည်းဖြတ်ထုတ်ဝေသည်ကို တွေ့ရပါကြောင်း။)

ရန်ကုန်၊ ခရစ်နှစ် ၁၈၇၈ ခု၊
ဇူလိုင်လ ၁၆ ရက်

ဂိုဏ်းချုပ် ဘိရှော့ဆရာတော်က မန္တလေးမြို့တော်သို့ ခရီးဆက်ရန် အမိန့်ရှိသည်ဖြစ်၍ ခရီးဆက်ရပြန်သည်။ ကျွန်ုပ်သည် ကြောက်ရွံ့တတ်သူမဟုတ်သော်လည်း ဤအချိန်အခါမျိုးတွင် မန္တလေးသို့သွားရန်ကိုမူ လုံးဝမကြိုက်ပါ။ မန္တလေး၌ ခရစ်ယာန်အချို့ရှိပါသည်။ အင်္ဂလိပ်လူမျိုးတို့မှာ လက်ချိုး၍တွက်ရ၏။ လူဦးရေနည်း၏။ ကျန်သူတို့မှာ တမဲ့ တို့သာ ဖြစ်၏။ ထိုသူတို့နှင့် မန္တလေးမြို့ရှိ ခရစ်ယာန်သာသနာပြုဆရာတော်မှာ အပယ်ခံဘဝသို့ရောက်ရသလို ခံစားရတော့သည်။ ထပ်ဆင့်လောင်းပြီး ဖော်ပြရသော် ဤသို့ မင်းတရား၏ ပစ်ပယ်ခြင်းခံရမှုကိုထပ်ဆင့်လောင်း၍ မကြာခဏပုန်ကန်မှုများဖြင့်ကြုံနေရချိန်တွင် မန္တလေးမြို့တော်၌ ခရစ်ယာန်သာသနာရောင်ဝါထွန်းစေရန် အချက်အချာကျပြီဆိုခြင်းမှာ အချိန်အခါလိုပါသေးသည်ဟု ဆိုရပါမည်။ ဘိရှော့ကြီးကမူ ကျွန်ုပ်သည် မန်းနေပြည်၌ မြန်မာအစိုးရက အမှုဆင်၍ တစ်လအတွင်း ထောင်သွင်းအကျဉ်းချခံရမည်ကို မြင်ယောင်မိသေးသည်ဟု မှတ်ချက်ကပြုလိုက်သေးသည်။ မည်သည့်အတွက်ဆို၍ မည်မျှမှန်မည်တော့မသိသော်လည်း အကယ်၍သာ ကျွန်ုပ်သည် ထောင်သွင်းအကျဉ်းချခံရပြီဆိုပါက ခရစ်ယာန်သာသနာတော်ပြန့်ပွားရန်အတွက်ဖြစ်၍ ကျွန်ုပ်တို့နှစ်ဦးအတွက် ဂုဏ်ယူဖွယ်တစ်ရပ်သာဖြစ်သည်ဟု ခံယူပါသည်။ မန္တလေးမြို့တော်သည် ကျွန်ုပ်နှင့်အရိပ်သဖွယ် အစဉ်တွဲနေရာမှ ယခုမန္တလေးမြို့တော်သို့သွားရန် အမိန့်ရခြင်းသည် ကျွန်ုပ်အတွက် အံ့ဩစရာအကြောင်း

www.burmeseclassic.com

မရှိဟု ယူဆပါသည်။

ပြန်လှန်၍ တွေးကြည့်မိတိုင်း အဖမ်းခံအကျဉ်းချခံရနိုင်သည့်အချက်ကို လက်ခံပြီး ရှေ့လာမည့်ကိစ္စရပ်များကို တည်ငြိမ်စွာ စဉ်းစားဆင်ခြင်သော အခါ ကောင်းသောမျှော်လင့်ချက်များလည်း တွေ့ရသည်။ ဗြိတိသျှ၏ အိန္ဒိယအစိုးရသည် မန္တလေးမြို့ရှိ ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး (မန္တလေးဆရာတော်) အား သြဇာအာဏာသက်ရောက်စေသော သတ်မှတ်ချက်များရှိလာသောအခါ သာသနာပြုအဖွဲ့နှင့် ဂိုဏ်းချုပ်ဘိရှော့ဘုန်းတော်ကြီးက တစ်ဖက်၊ မြန်မာဘုရင့်အစိုးရကတစ်ဖက် ရှိနေရာမှ နှစ်ဦးနှစ်ဖက်အကြားတွင် ဗြိတိသျှအစိုးရသည် ဝင်ရောက်လာသည်။ အစဉ်အလာအရ ခရစ်ယာန်သာသနာပြုဘုန်းကြီး (မန္တလေး) သည် နှစ်စဉ် ဗန်းမော်သို့သွားရောက်ရမည်ဖြစ်လေသည်။ ဗန်းမော်သည် မြန်မာနှင့် တရုတ်နယ်ခြားမြို့တစ်မြို့ဖြစ်လေသည်။ ဗြိတိသျှတို့၏ အိန္ဒိယနိုင်ငံမှ နိုင်ငံရေးရာအဖွဲ့သည် ဗန်းမော်မှ မြန်မာနှင့်တရုတ်တို့၏ဆက်ဆံရေးကို စောင့်ကြည့်လျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဗန်းမော်သို့ မကြာခဏသွားရောက်လည်ပတ်နိုင်ပေပြီ။ သူတို့နှင့်တွေ့သောအခါ နိုင်ငံရေးအခြေအနေ၊ မြန်မာဘုရင်နှင့်အစိုးရအဖွဲ့ကမိမိတို့အပေါ် ထားသောသဘောထား စသဖြင့် အကြောင်းစုံကို သင်သိနိုင်ပြီဖြစ်၍ သင်ကျေနပ်လိမ့်မည်ဟု ယူဆမိပါကြောင်း။

(ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး ဂိုမ်း(မ်)အယ်ဖရက်ကို(လ်)ဘက်သည် မန္တလေးမြို့တော်သို့ သွားရောက်ရမည်ဖြစ်ကြောင်းကို စာရေးသားခြင်းဖြစ်သည်။ သူ၏လုပ်ဆောင်ချက်အခြေအနေ၊ တိုင်းရေးပြည်ရေးအခြေအနေတို့ကို သိသင့်သူတစ်ဦးထံ ရေးသားသည်ဟုဆိုလျှင် မမှားနိုင်ပါ။)

ဖော်ပြထားသော ဂျိန်း(မ်)၏ဒုတိယစာ

မန္တလေး၊ ခရစ်နှစ် ၁၈၇၈ ခု၊ ဇူလိုင်လ ၃၀

၁၈ ရက်နေ့ နံနက် (၆) နာရီခွဲက ရန်ကုန်မြို့ ကြည့်မြင်တိုင်ဘူတာရုံမှ မီးရထားဖြင့်ခရီးစတင်ရာ ၎င်းနေ့ ည (၇) နာရီခွဲတွင် ပြည်မြို့သို့ရောက်ရှိပါသည်။ ထိုညတွင် ခရီးသည်များနားနေရန် အဆောင်တွင် တစ်ညရပ်နားရပြီး နောက်တစ်နေ့ သောကြာနေ့နံနက် အထတွင် ပြည်မြို့မှ သင်္ဘောဖြင့် ဆန်တက်ရာ မကြာမီ အိန္ဒိယကရောင်ဘုရင်ကြီး၏ပိုင်နက် သရက်မြို့ကိုဖြတ်ကျော်ကာ မြန်မာဘုရင်၏နယ်မြေသို့ ဝင်ရောက်ခဲ့ပါသည်။ ယခင်က (ခရစ်နှစ် ၁၈၇၄) က ဖြတ်ကျော်ဝင်ရောက်ခဲ့စဉ်ကနှင့်မတူသောခံစားမှုမှာ ယခုမြန်မာဘုရင့်နယ်နိမိတ် ဖြတ်ကျော်ဝင်မှုမှာ လေးနက်သည်၊ တစ်မူထူးခြားလှသည်ဟု ခံစားမိပါသည်။ သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်သော ဆုတောင်းသည်ထက် အလေးအနက်အာရုံပြု၍ မြန်မာဘုရင်မင်းမြတ်အတွက် ဘုရားသခင်ထံ ဆုတောင်းရပါတော့သည်။

(၂) ရက်မှ မြန်မာဘုရင့်နယ်ပယ်အထက်မြန်မာနိုင်ငံတွင်းသို့ ဆန်တက်လာရာမှ မိုးသက်လေပြင်းကျစဉ်အတွင်း ကျွန်ုပ်တို့စီးနင်းလာသောသင်္ဘောသည် သောင်တင်လေတော့သည်။ ကျွန်ုပ်တို့သည် သောင်ခုံပေါ်ဝယ် အကူအညီကင်းမဲ့စွာဖြင့် ခရီးတန့်နေရတော့သည်။ ကံကောင်းချင်တော့ နောက်တစ်နေ့ မနက်စောစောပိုင်း၌ အခြားမီးသင်္ဘောတစ်စင်းသည်ရောက်လာသည်။ တစ်နေ့လုံး သင်္ဘောခွင်းယှဉ်၍ဘေးဆွဲခဲ့ချသည်။ ရွှေတွန်းသည်။ နောက်ကို ကြိုးနှင့်ဆွဲသည်။ သင်္ဘောချင်းချိတ်လျက် ပတ်ချာလှည့်သည်။ မရ။ သင်္ဘောပေါ်မှ ဆန်အိတ် (၅၀၀) ကို အခြားတွဲပေါ်တင်စေကာ စက်ကုန်ဖွင့်ခုတ်မောင်းစေမှသာ သောင်တင်ရာမှ ထွက်ရတော့သည်။ သို့နှင့် မန္တလေးရွှေမြို့တော်သို့ စနေနေ့ည (၇) နာရီတွင် ဆိုက်ရောက်ပါတော့သည်။ ကျွန်ုပ်သင်္ဘောပေါ်မှဆင်း၍ ကမ်းတက်ခိုန်ကား ည (၇) နာရီထိုးပြီး နောက်အခိုန်ကြာမှသာဖြစ်တော့သည်။

မန်းမြို့တော်သို့ ပြန်လည်ရောက်ခြင်းကိုလည်း ဝမ်းသာပါသည်။ ပျော်ရွှင်ရလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ သိဟောင်းကျွမ်းဟောင်းများနှင့်လည်း ပြန်လည်တွေ့ရပါဦးမည်။ နိုင်ငံရေးကိစ္စရပ်များကို မပြောလိုပါ။ နန်းတွင်းရေးရာအကြောင်းတို့ကို အနည်းငယ်မျှသာ သိပါသေးသည်။ နိုင်ငံရေးကိစ္စများတွင် ဝင်ရောက် မပတ်သက်စေရန်လည်း ကျွန်ုပ်ကို ညွှန်ကြားထားပါသည်။ ဘုရင်မင်းမြတ်နှင့်တွေ့ဆုံရန်အတွက် မည်သို့ဆောင်ရွက်ရမည်ကိုမူ မခန့်မှန်းရသေးပါ။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းခမ်းနားလှသော ခရစ်ယာန်ဘုန်းကြီးအိမ် စသည်တို့ကို တည်ဆောက်ပေးသောဘုရင်ကို လေးစားသမှုပြုမူခြင်းမရှိဘဲ သူဆောက်လုပ်လျှုသည့်အဆောက်အအုံများတွင်မနေအပ်ဟုယူဆထားပါသည်။ သို့ဖြစ်၍ ဘုရင်မင်းမြတ်အား လေးစားသမှု တွေ့ဆုံဂါရဝပြုရပါမည်။

သို့ရာတွင် တွေ့ဆုံရန်အတွက် အဟန့်အတားများရှိပါမည်။ ကျွန်ုပ်အပေါ် မြန်မာဘုရင်မင်းမြတ်၏စေတနာကို တုံ့ပြန်သောအားဖြင့် မြန်မာဘုရင်မင်းမြတ်အတွက် အထူးဆုတောင်းမှုကို ကျွန်ုပ်ပြုလုပ်သော ဝတ်ပြုရာတွင် ထည့်သွင်းထားရ၏။ ဤနယ်မြေသည် အင်္လန်ပြည့်ရှင်ဘုရင်မ၏အုပ်ချုပ်မှုအောက်တွင် မရှိသည်ကိုလည်း သတိမူရသည်။ လက်ရှိအုပ်ချုပ်နေသောမြန်မာဘုရင်ကို ပစ်ပယ်လျက် အင်္လန်ပြည့်ရှင်ဘုရင်မအတွက် ဆုတောင်းခြင်းသည်မှ သင့်လျော်သည်ကို သဘာဝကျကျကြည့်သော် မြင်နိုင်ပါ၏။

ဖော်ပြထားသော ဂျိန်း(မ်)၏တတိယမြောက်စာ

မန္တလေး၊ ခရစ်နှစ် ၁၈၇၈ ခု၊ ဩဂုတ်လ ၇ ရက်

အကယ်၍ ကျွန်ုပ်အား ဘုရင်မင်းမြတ်နှင့်ဖူးမြော်ရန်အမိန့်ရသော် ပထမအကြိမ် ဘုရင်နှင့်တွေ့ရသော ရလဒ်အပေါ်တွင် ကျွန်ုပ်၏အခြေအနေသည် အမျှားကြီးတည်နေသည်။ ကျွန်ုပ်အား ညွှန်ကြားထားချက်မှာ ဘုရင်နှင့် တွေ့ဆုံခွင့်၊ နန်းတွင်းဝင်ရောက်ခွင့်ရရန် မည်စားဖို့ဖြစ်သဖြင့် ကျွန်ုပ်အတွက်မှာမူ ဘုရင်မင်းမြတ်အား ချက်ချင်းဝင်ရောက်တွေ့ဆုံဖူးမြော်ရန်မှာ ဘုရင်မင်းမြတ်ဝင်ရောက်ဖူးမြော်ရန် အမိန့်ချမှတ်ခြင်းသည် ဖြစ်နိုင်ခြေရှိသော အကောင်းဆုံးနည်းလမ်း ဖြစ်၏။

မန္တလေးရွှေမြို့တော်ဝယ် နန်းတွင်းရေးကား နိုင်ငံရေးအကွက်ဆင်ခြင်းအတတ်ဖက်မှလည်း တန်ပြန်နိုင်ငံရေးအကွက်ဆင်မှုတို့သည် ဖြစ်နေကျနေရာဖြစ်သည်အလျောက် နိုင်ငံခြားသားများအတွက် နေရထိုင်ရမှုသည် မကောင်းပါ။ ကာလဝမ်းရောဂါသည် အဖြစ်များသည်တကယ်ပြောရလျှင် မြန်မာနိုင်ငံအပြားဖြစ်ကြသည်။ အများကလေလင့် တောင့်တနေသောမိုးသည်သော အပတ်မှစ၍ ရွာသည်။

www.burmeseclassic.com

www.burmeseclassic.com

သော မိုးရေစက်များ ရွာသွန်းပေးသည့် အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရပါမည်။

(ဒုတိယစာနှင့် တတိယစာပါ အချက်များတွင် ဘုန်းတော်ကြီးကိုန်း(မ်) သည် ၁၈-၇-၇၈ နေ့တွင် ရန်ကုန်မှပြည်သို့ ကြည့်မြင်တိုင်ဘူတာမှ မီးရထားဖြင့် ပြည်သို့သွားသည်။ ပြည်တွင် ညအိပ်ပြီး ၁၉-၇-၇၈ တွင် သင်္ဘောဖြင့် မန္တလေးသို့ဆန်တက်ရာ ၂ ရက်ခန့်အကြာတွင် သင်္ဘောသောင်တင်၍ ထိုနေရာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် သင်္ဘောတစ်စီးရောက်လာလျှက် ကူညီသဖြင့် ခရီးဆက်ရာ ၁၆-၇-၇၈ တွင် မန္တလေးသို့ရောက်ကြောင်း၊ မြန်မာဘုရင်ထံ ဝင်ရောက်ရန် ဆန္ဒရှိသော်လည်း မတွေ့ရသေးသည့်အကြောင်း၊ မန်းမြို့တော်၌ ဝမ်းရောဂါဖြစ်ပွားနေကြောင်း၊ အများတောင့်တနေသောမိုးစတင်ရွာသည့်အကြောင်းကို ဖော်ပြထား၏။ ဖော်ပြထားသောစာများအနက် စတုတ္ထစာတွင်ကား ထူးခြား၏။)

ဖော်ပြထားသော
ဂျိန်း(မ်)၏စတုတ္ထမြောက်စာ

မန္တလေး၊ ခရစ်နှစ် ၁၈၇၉ ခု၊ စက်တင်ဘာလ (၁၉)

ယခင်ရေးခဲ့သောစာ၌ ကျွန်ုပ်သည် အစုလိုက်အသတ်အဖြတ်ခံရမည့် အေးမှလွတ်မြောက်သွားသည့် မင်းသားများသည် ကျွန်ုပ်ထံသို့ လာရောက် ခိုလှုံလိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း စောင့်ကြည့်နေရသည်။ ဘုရင်မင်းမြတ်ဘား နတ်ရွာစံသည်၊ အသက်ရှင်လျက်ရှိသည်ကို ကျွန်ုပ်တို့လည်း မှန်းဆမရ။ အချို့မရွေး အော်ဟစ်ငိုကြွေး ရှုန်းရင်းဆန်ခတ်သံများ ကြားရတော့မည်ဟု မှတ်ယူရတော့သည်။ ထိုညကတစ်ည လုံးမအိပ်နိုင်။ နောက်တစ်နေ့နံနက် (၃) နာရီခန့်တွင်တစ်ခါ၊ (၆) နာရီတွင် တစ်ခါ ထွက်ကြည့်လည်း အကြောင်းမထူးခြားပါ။ သို့သော် နောက်တစ်နေ့ မနက်တွင်မူ ကျွန်ုပ်ထံသို့ သတင်းတစ်ခု လျှို့ဝှက်စွာ ရောက်လာလေသည်။ ကျွန်ုပ်၏အိမ်သို့ နန်းတွင်းအပျိုတော် တစ်ဦးသည် စေးသည်သဏ္ဌာန်ဝတ်ဆင်၍ ဝင်ရောက်လာ၏။ ၎င်းရောက်၍ မနေ့မနှောင်းတွင်ပင် လူ (၁၂) ဦးခန့် ဝင်ရောက်ခိုလှုံသည်ဟု သတင်းပို့လေသည်။ ကျွန်ုပ်နှင့် သဘောတူထားသည်မှာ တစ်ဦးသာဖြစ်၏။ ကျွန်ုပ်နှင့်တွေ့ရာ ထိုအထဲမှ ကူလီတစ်ဦးထွက်လာ၍-

"အသင်မည်သူနည်း"

ဟု ကျွန်ုပ်ကမေးရ၏။

ထို့သူက -

"ကျွန်ုပ်သည် ညောင်ရမ်းမင်းသားဖြစ်သည်။ ခိုလှုံခွင့်ပြုပါ"

ဟု ဆိုသည်။

မင်းသားသည် စိတ်အလွန်လှုပ်ရှားနေသည်။ ထိန်းသိမ်းထားသော အဆောက်အအုံအတွင်းမှ ထွက်ပြေးရာတွင် ကူညီလမ်းပြသည့် သူ၏ဦးလေးမှာ ဓားနှင့် အပိုင်းခံလိုက်ရသည်ဟု သိရသည်။ ထို့ကြောင့် ကျွန်ုပ်ကယ်ရမည့်သူမှာ (၁၂) ဦး ဖြစ်တော့သည်။ ညောင်ရမ်းမင်းသား၊ သူ၏ကြင်ရာမင်းသမီး၊ သမီးတော်နှစ်ပါး၊ သားတော်တစ်ပါး၊ အထိန်းတော်၊ သူ့သမီးနှင့်အစေခံများတို့ ဖြစ်၏။

ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး၏အိမ်ဟု အများကသိသော ကျွန်ုပ်၏အိမ်သည် ဗုဒ္ဓဘာသာများအကြား တွင်ပင် လေးစားသမျှပြုခံရသော အဆောက်အအုံတစ်ခု ဖြစ်၏။ သာမန်လူတို့အတွက် မဝင်ရ၊ အလေးထားရာ နေရာဖြစ်၏။ သာမန်ကိစ္စမျှဖြင့်လည်း ဝင်ရောက် မနှောင့်ယှက်နိုင်။ လွတ်မြောက် ထွက်ပြေးသွားသောသူများကို နေပြည်တော်တစ်ခွင် ရှာဖွေမေးမြန်းမည်မှာအမှန်ဖြစ်၏။ သို့ဖြစ်ရာ နေဝင်ရီသရော နွားရိုင်းသွင်းချိန် ညီအစ်ကိုမသိတသိအချိန်ဖြစ်သည့် မှောင်စပျိုးသောအခါ ညောင်ရမ်းမင်းသားကို ကျွန်ုပ်အိမ်တွင် ဝင်ထွက်နေကျ တမဲလ် (Tamil) အစေခံ၏အဝတ်အစားကိုဆင်ပေးလိုက်သည်။ ကံကလည်းပေးသောကြောင့် ဗြိတိသျှကိုယ်စားလှယ်တော်၏ အိမ်တော်ဝိုင်းအတွင်းသို့ တံခါးဝတွင်ရှိသော အစောင့်များရှေ့မှ ဝင်ရောက်ရာ ချောမော အောင်မြင်၏။ သဏ္ဌာန်လုပ်အဟုတ်တူ ဆိုသကဲ့သို့ ကျွန်ုပ်သည် မင်းသားအား အစေခံတစ်ဦးကဲ့သို့ခိုင်းရာတွင် မင်းသားတစ်ဖြစ်လဲ ရာမာဆွာမီသဏ္ဌာန်ဖြင့် မီးအိမ်ကို လက်မှဆွဲ၍ ကျွန်ုပ်အား ထီးမိုးပေးလေရာ ကျွန်ုပ်ကလည်း ရာမာဆွာမိကို ခိုင်းနေကျဟန် ပန်လေသံနှင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်တော်အိမ် ရောက်သည်အထိ ဆရာဝန်တပည့် အိန္ဒိယအစေခံတို့ အတိုင်း ခိုင်းစေရပါသည်။ မင်းသားနှင့်ကျွန်ုပ်မှာ အသက်အန္တရာယ်ကြောင့် သာ ဟန်လုပ်နေရသည်။ အမှန်မှာတော့ ရုယ်စရာကောင်းသေလေတော့သည်။ နက်ဖြန် သူဘုရင်ဖြစ်နိုင်ချေရှိသော မင်းမဖြစ်သော် အခြားအစေတူအလှေ့ညီအစ်ကိုတော်စပ်သူက ဘုရင်ဖြစ်လျှင် မြန်မာပြည်အထက်ပိုင်းတွင် သူအတွက် အန္တရာယ်မရှိသောနေရာမရှိပြီ။

ထိုနေ့အတွက် တော်လောက်ပြီ။ ထို့ထက်လုပ်ဆောင်ရန်မသင့်။ နောက်တစ်နေ့တွင် အစောင့်အကြပ်များ နှစ်ထပ်ချထားသည်ကို တွေ့ရသည်။ ကျွန်ုပ်နေအိမ်သို့စောင့်သော တပ်ကြပ်ကြီးလည်း ဝင်ရောက်လာပြီးရှာမည်ကိုစိုးရိမ်ရသည်။ နေ့ (၁၁း၃၀) တွင် အိမ်ပြန်ရောက်သောအခါ ကျွန်ုပ်၏ အစေခံတစ်ဦးကို ဖမ်းထားကြောင်း သိရသဖြင့် အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီးကိုခေါ်ပြီးလျှင် အိမ်ဝိုင်းတံခါးရှေ့တွင်စောင့်သော တပ်ကြပ်ကြီးထံသွားရတော့သည်။ သူကိုခေါ်ပြီး အခြားသော နေရာတွင် အဖမ်းခံရသော အစေခံကို ငင်းတို့ထံမှ ထုတ်ယူရန် ဖြစ်၏။ စစ်သားများနှင့်အခြေအတင်စကားပြောပြီးသည့် နောက် တပ်ကြပ်ကြီး၏ အကူအညီဖြင့် ကျွန်ုပ်တပည့်ကို အချုပ်အတွင်းမှ ဆွဲထုတ်ခဲ့ရသေးသည်။ ကျွန်ုပ်က စစ်သားများကိုပြောဆိုသောစကားများကိုကြည့်ပါဦး။

"ဟဲ့ - မောင်မင်းရှိက အင်္ဂလိပ်ဘုန်းတော်ကြီးအစေခံကိုဖမ်းရန် ဘာအကြောင်းရှိသလဲ"

"မင်းတို့သတိထားနေပေတော့။ ငါအထက်တိုင်လိုက်ရင်တော့ မင်းတော့ကိစ္စများပြီမှတ်တော့မောင်ရေ"

ဟု တစ်ခါ။

ထပ်ဆင့်၍ -

"ဟဲ့- စကားမရှည်နဲ့။ တောင်ပြောမြောက်ပြော ဆင်ခြင်ဆင်လက်တွေ့မများနဲ့။ ခုချက်ချင်းသူ့လွတ်လိုက်"

ဟု အမိန့်သံနှင့်ပြောသောအခါ ကျွန်ုပ်တပည့်ကျော် အချိန်မတော် ည (၉) နာရီကျော်မှထွက်လည်တော်မူသည့် ကြောင်းသူတော်သည်လွတ်လေသတည်း။

နောက်တစ်နေ့ညစာကို ဗြိတိသျှအစိုးရကိုယ်စားလှယ်တော်အိမ်ထွင်စားပါသည်။ ပြုလေ့ပြုထရှိ၍ ပြုခွင့်ပြုမြဖြစ်လေရာ ညမှောင်မှောင်တွင် လရောင်စာမလင်းသည်မို့ မင်းသားတပည့်တော်တစ်ဦးက မီးအိမ်ကိုင်၍လမ်းပြသည်။ သူက ကျွန်ုပ်၏အစေခံဖြစ်ရ မင်းသား၏သမီးတော်အငယ်က သောက်ဦးလေး

www.burmeseclassic.com

www.burmeseclassic.com

လို ဝတ်သည်။ သူက စာအုပ်နှင့်ကျွန်ုပ်ပစ္စည်းအချို့ကိုကိုင်၍ နောက်ကလိုက်သည်။ မြန်မာဘုန်းတော်ကြီးများလည်း သူတို့နောက်က ထီး၊ ဖိနပ်ကိုကိုင်သည့် ဘုန်းကြီးကျောင်းသားများပါလေ့ရှိသည့် အတွက် မဆန်းပါ။ အစီအစဉ်အတိုင်း ဝိမိအိမ်မှထွက်ရာ အိမ်ဝိုင်းဝမှာအစောင့်များရှေ့ရောက်သော် ခေါင်းဆောင်အကြပ်သည် ကျွန်ုပ်တို့အား မေးမြန်းစုံစမ်းမည်ဟု ရပ်တန့်ရန် ကြိုးစားသော်လည်း ကျွန်ုပ်က ရဲတင်းစွာ ဟန်မပျက် ဆက်လက်သွားသဖြင့် လမ်းဖယ်ပေးရသည်နှင့် မင်းသမီးကလေး ထိပ်တင်လတ်သည် ဗြိတိသျှအစိုးရကိုယ်စားလှယ်တော်ကြီးအိမ်တွင် ခိုလှုံနေသော သူမ၏ဖခင် ညောင်ရမ်းမင်းသားထံ အေးချမ်းစွာရောက်လေသတည်း။

အိမ်တော်မှ ည (၁၁) နာရီခန့်တွင် မိမိ၏ဘုန်းတော်ကြီးအိမ်သို့ ပြန်ရောက်သောအခါ အိမ်ဝိုင်းအတွင်း ခြေသံများကြားရသဖြင့် -

"ဟဲ့ - အပြင်ကဘယ်သူလဲ"

ဟု မေးလိုက်ရာ -

"အစောင့်တပ်ကပါဘုရား"

ဟု ဖြေသည်။

"ဘာအလိုရှိသလဲ"

ဟု ထပ်မံမေးရာ-

"အပြင်မှာ မငြိမ်သက်ပါ ဘုရား။ သို့အတွက် အတွင်းဝင်ကင်းလှည့်ရပါသည် ဘုရား"

ဟု အစောင့်တို့က ဖြေသည်။

ကျွန်ုပ်က -

"ကောင်းပါပေ့မောင်ရယ်၊တကယ် စောင့်သင့်တာက တံခါးပေါက်မှာဖြစ်သဗျ"

ဟု ဩဘာပေးလိုက်ရ၏။ သူတို့သတင်းများရ၍လားဟု စဉ်းစားမိသည်။

နောက်တစ်နေ့၌ ထိပ်တင်ကြီးကို ယောကျ်ားကလေးသဏ္ဌာန်ဝတ်ဆင်စေပြီး အိမ်တော်ဝင်းအတွင်းရှိ စာတိုက်သို့ လွှတ်လိုက်ရသည်။ သူနှင့်အတူ ကြည့်မြင်တိုင်ခရစ်ယာန်သာသနာပြုကျောင်းမှ ကျောင်းသားကလေးလည်း အဖော်ထည့်လိုက်သည်။ မကြာမီ ကြည့်မြင်တိုင်ကျောင်းသားကလေးသည် ဗြိတိသျှကိုယ်စားလှယ်တော်ကြီး မစ္စတာရှောထံမှ ထိပ်တင်ကြီး ကောင်းမွန်စွာ ရောက်ရှိကြောင်း စာနှင့်အတူ ပြန်လာသည်။ စာတိုက်ဗိုလ်ကြီးလည်း ကျွန်ုပ်ထံသို့ နံနက်စာသုံးဆောင်ရန်လာလေသည်။ သူအပြန်တွင် လူငယ်လေးတစ်ယောက် တိုလီမိုလီတွေသယ်ဆောင်ပြီး သူနှင့်အတူ ထည့်ရသည်။ စာတိုက်ဗိုလ်ကြီးကို အခြားတံခါးပေါက်မှထွက်စေသည်။ ထိုအပေါက်မှာလည်း အစောင့်ရှိသည်။ သူတို့လည်း ကျွန်ုပ်တို့နှင့်အတူ ပစ္စည်းသယ်ရန်၊ ထီးမိုးရန်၊ ဖိနပ်ကိုင်ရန်ကလေး ငယ်များပါလေ့ရှိသောကြောင့် အစစ်အဆေးမရှိထွက်စေ။ အထိန်းတော်သမီး လွတ်မြောက်သွားပြီ။ သူသည် ကျွန်ုပ်ထံသို့ ရှေးဦးစွာ စေးသည်ယောင်ဆောင်၍ ရောက်လာသူတည်း။ အကယ်၍သာ ထိုစဉ်က အဖမ်းခံခဲ့ရသော် သူမကို သေသည်အထိ ရိုက်နှက်စစ်ဆေးခြင်းခံရပေမည်။ မင်းသားထွက်ပြေး တိမ်းရှောင်စဉ်က လမ်းရှင်းပေးခဲ့သော မင်းသား၏ဦးလေးမှာ ဓားနှင့် အပိုင်းခံရသည်။ အန်းရှိ ၎င်း၏သားမှာ ဖမ်း၍ သေသည်အထိအရိုက်ခံရသည်။ မင်းသား၏ကြင်ရာတော်မှာ ကျောက်ကုန်သည်သဏ္ဌာန်ဖြင့် ဗြိတိသျှအစိုးရကိုယ်စားလှယ်တော် မစ္စတာရှောထံဝင်စေရသည်။ မင်းသမီးမှာ ချောမောလှသော လူငယ်တစ်ဦးနှင့် တူသော်လည်း အရပ်အမောင်းနှင့်ကိုယ်လုံးဟန်ပန်မှာ ယောကျ်ားကလေးနှင့်မတူ၍ အိမ်တော်ဝင်းဝမှ တပ်ကြပ်ကြီး၏ မြင်ကွင်းတွင် တစ်စုံတစ်ရာ သဘာဝမကျသည်ကို တွေ့ဟန်တူသဖြင့် အတူထည့်လိုက်သော တရုတ်ကလေးနှင့် မြန်မာကလေးနှစ်ဦးအား တား၍ မေးရာ မသိကြောင်း တွေ့ရသည်။ မင်းသား၏ကြင်ရာတော် မင်းသမီးသည် သူနှင့်အတူပါလာသူ ကလေးနှစ်ဦးဖမ်းသည်နှင့် အိမ်တော်ဝိုင်းအတွင်းသို့ဝင်သွားရာ ဗြိတိသျှအစိုးရနယ်သို့ဝင်ပြီးသကဲ့သို့ မှတ်ယူရသည်ဖြစ်၍ မိန်းမတစ်ဦး အိမ်တော်ဝင်းသို့ဝင်ရောက်သွားပြီး ပြန်ထွက်မလာကြောင်း သိရသည်မှတစ်ပါး အခြားအစီရင်ခံစရာမရှိ။ သို့နှင့် ညောင်ရမ်းမင်းသားနှင့် သူဇနီး၊ သားသမီး၊ တပည့်တို့သည် ဗြိတိသျှအာဏာစက်အောက် ခိုလှုံခွင့်ရတော့သည်။

ညောင်ရမ်းမင်းသား၏ယောကျ်ားတော်သူ အဘွားအိုကြီးကိုပို့ရန်သာကျန်တော့သည်။ ညစာစားရန် အိမ်တော်သို့ အသွားတွင် မီးအိမ်ကိုင်ပြီး လမ်းမပြန်အစေခံတစ်ဦးပါမြဲ ဖြစ်ပါသည်။ သို့ဖြစ်၍ တော်ဝင်အမျိုးသမီးကြီးကို ယနေ့ည တွင် ကျွန်ုပ်၏မီးအိမ်ကိုင်လမ်းပြမည့်သူ အဖြစ်ခန့်အပ်၍ အိမ်တော်သို့သွားရမည်။ အနုည်းငယ်မျှ တယ်တော်တဲ့ငါပါ တကားဟု ဘဝင်မြင့်မိသေးသည်။ သူ၏ မြေးကလေး မင်းသားငယ်ကလည်း အင်္ဂလိပ်ဘုန်းကြီးကျောင်းသားအနေဖြင့်ပါ၏။ အမယ်ကြီးက အဘိုးကြီးအိုအဖြစ် သရုပ်ဆောင်ရာ အိမ်တော်ဝိုင်းပေါက်ရှေ့မှ တပ်ကြပ်ကြီးရှေ့ရောက်ခါမှ မျက်စိကမှုန်သဖြင့် ခလုတ်တိုက်လဲရာ ကျွန်ုပ်လည်း သူ့အပေါ် လဲကျမတတ်ဖြစ်လေသည်။ နှစ်ယောက်သား တပ်သား(၃) ယောက်အပေါ် မလဲမိစေရန် မနည်းကြိုးစားလိုက်ရ၏။ ဤအဖြစ်အပျက်တို့ကိုကျော်လွန်၍ အိမ်တော်ဝင်းသို့ရောက်လျှင် မြန်မာအရာရှိတို့သည် အနှောင့်အယှက်မပြုနိုင်ပြီ။ ယခုသော် မင်းသားနှင့်တကွ သူမိသားစုကိုကယ်နိုင်ပြီ။ စဉ်းစားစရာအချက်တစ်ခုကား အစောင့်အကြပ်တပ်သားများထဲတွင် ညောင်ရမ်းမင်းသား၏ဘက်တော်သားများကိုလည်း မှတ်ယူရမည် ဖြစ်၏။ ကျွန်ုပ်တို့ဦးရောတိုက်သား မျက်နှာဖြူများကို အိမ်တော်အဝင်၊ အထွက်တွင် တားဆီးလေ့မရှိ၊ တားမြစ်ရန်လည်းမဝံ့။ ကျွန်ုပ်တို့ ဝင်ထွက်ရာတွင် မီးအိမ်ကိုင်သူ၊ ထီးမိုးသူနှင့် စာရွက်စာတမ်းသယ်သူတို့သည် အမြဲပါသည်။ ကျွန်ုပ်တို့သွားရာသို့ အပြိုလိုက်ရသည်ဖြစ်၍ သူတို့လည်း ခွင့်ပြုရမြဲ ဖြစ်ပါသည်။

နောက်တစ်နေ့တွင် အစောင့်ခိုင်ဂေါင်းကြီးသည် ကျွန်ုပ်ထံလာသည်။ သူနှင့်အတူ ကျောင်းအုပ်ဆရာကြီးလည်း ပါလာသည်။ အင်္ဂလိပ်ဘုန်းတော်ကြီး၏ အိမ်ကိုရှာရမှာ အားနာပါသည်။ သို့သော်လည်း ရှာခွင့်ပြုပါ။ သံသယကင်းအောင် ရှာခွင့်ပြုပါရန် ခွင့်တောင်းလေသည်။

ကျွန်ုပ်က -

"ရှာခွင့်ပြုပါသည်။ သဘောထားသလိုရှာပါ"

ဟု ပြောရသည်။

(ဌက်များက လွတ်ရာသို့ ပြေးကြ၏။)

သို့သော် သူလာ၍မရှာတော့ပါ။ ကျွန်ုပ်မှာ (၆) နာရီအိပ်ရမည့်အစား (၃) နာရီခန့်သာအိပ်ရသည်ဟုထင်ပါသည်။ ဝိုင်းဝတွင် လူမြင်တိုင်းထကြည့်မိသောကြောင့်တည်း။

ညောင်ရမ်းမင်းသားနှင့်တကွသော သူတို့မှာ ကျွန်ုပ်တို့အား ကျေးဇူးတင်သည်။ အကယ်၍ သူသာ ဘုရင်ခံသော် သူ့ခံစားရချက်ကို အမှန်းရလိမ့်မည်။ ထိုသူတို့အတွက် မည်သို့

www.burmeseclassic.com

www.burmeseclassic.com

ဗျူးနီ (ကြို့ပင်ကောက်-လယ်တီ)

ထိုနာကျဉ်နာပျောက်စေသည့် ကချင်ဆေးနည်း

စာရေးသူသည် နတ်တလင်းမြို့ အနောက်ဘက် (၁၀) မိုင်ခန့် ကွာဝေးသော တာပွန်မြို့ ဦးနေဝင်း၏နေအိမ်တွင် ရှုထောင့်မှုခင်းသတင်းမီဒီယာရုံးခွဲ ဒုတိယအခမ်းအနားသို့ ဦးမောင်မောင်သိန်း (မောင်မောင်သိန်း-မှုခင်းအထူးသတင်းထောက်)၊ ဦးသန်းဌေးအောင် (ရွှေကော်မြေကိုစိမ်းလန်း)၊ ဦးကြည်သိန်း (မှုခင်းသတင်းထောက်-ရေတာရှည်) တို့နှင့်အတူ သွားရောက်ကြသည်။

တာပွန်မြို့ ရှုထောင့်သတင်းမီဒီယာဥက္ကဋ္ဌ ဦးနေဝင်းအိမ်တွင် တိုင်းမီဒီယာဥက္ကဋ္ဌအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် သတင်းမီဒီယာဥက္ကဋ္ဌအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မင်းလှကြို့ပင်ကောက် ပြည်မြို့တို့မှ ရှုထောင့်မှုခင်းသတင်းမီဒီယာအဖွဲ့ဝင်များတက်ရောက်ကြပြီး အခမ်းအနားအား နံနက် (၁၁) နာရီတွင် ဖွင့်လှစ်ရာ စာရေးသူသည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရသည်။

အခမ်းအနားဖွင့်လှစ်ပြီး၍ နေ့လယ်ခင်း လက်ဖက်ရည်ပိုင်းတွင် သတင်းမီဒီယာနှင့် စာပေရေးရာတို့အား ဆွေးနွေးပြောဆိုနေကြစဉ် ရေကြည်ရွာမှ မောင်မြင့်ဇော်သည် လက်ဖက်ရည်ပိုင်းသို့ ဝင်ရောက်လာရာ ကျွန်းကတုတ်ရွာ မှုခင်းသတင်းထောက် ဦးလှစိုးမှ မောင်မြင့်ဇော်နှင့် မိတ်ဆက်ပေးပြီး မောင်မြင့်ဇော်တွင် ထုံနာကျဉ်နာစွဲကပ်နေရာ ကချင်ဆရာမကြီး၏ဆေးဖြင့် ပျောက်ကင်းသွားကြောင်း ပြောပြသဖြင့် စာရေးသူမှ မောင်မြင့်ဇော်အား မေးမြန်းရာ မောင်မြင့်ဇော်မှ ပြောပြသည်မှာ -

❐

မောင်မြင့်ဇော်သည် လွန်ခဲ့သည့် (၁) နှစ်ကျော်ခန့်က ဥရုမြစ်ဘေးတွင် တည်ရှိသော ဖားကန့်သို့ ကျောက်တူးသွားရာ ဖားကန့်ဒေသသည် အေးမြစိုစွတ်သောနေရာဒေသဖြစ်သဖြင့် မြေလတ်ဒေသတွင် နေထိုင်ကြသော မောင်မြင့်ဇော်လို ကျောက်တူးသူများတို့သည် ရာသီဥတုဒဏ်ခံနိုင်ကြဘဲ ထုံနာကျဉ်နာစွဲလာတော့သည်။

မောင်မြင့်ဇော်သည် အင်္ဂလိပ်ဆေးအား ဆေးလည်းထိုး ဆေးလည်းသောက်ပါသော်လည်း မပျောက်တင်း သဖြင့် ကချင်ဆရာမကြီးတစ်ဦးမှ ဆေးကျိုရှုတိုက်ရာ (၃) ကြိမ်သာ သောက်ပြီး ယနေ့ထိတိုင် ထုံနာကျဉ်နာပြန်လည်ဖြစ်မလာတော့ဘဲ ကျန်းမာစွာ ရှိလျက် နေထိုင်၍ကောင်းပြီး အလုပ်များအား ကောင်းမွန်စွာ လုပ်ကိုင်နေလျက်ရှိသည်။

ကချင်ဆရာမကြီး ဖော်စပ်ကျိုချက်ပေးသောဆေးမှာ -

၁။ သစ်ကဖိုမြစ် ၂၅ ကျပ်သား
၂။ မြေပဲဆန် ၅ ကျပ်သား
၃။ မုန့်လုပ်ထန်းလျက် ၁၀ ကျပ်သား

ဆေးခြိုန် (၄၀) ကျပ်သားအား ရေ (၈၀) ကျပ်သားထည့်ပြီး ဆူပွက်အောင်ကျိုပြီး (၃) ခွက်မျှ၍ (၃) ကြိမ်သောက်ရန် ဖြစ်သည်။

ရာသီဥတုဒဏ်ခံရ၍ ထုံနာကျဉ်နာစွဲကပ်နေသော ဝေဒနာရှင်များအား ရောဂါဖျောက်ကင်းစေရန် သူရဇမဂ္ဂဇင်းမှ ဖော်ပြလိုက်ရပါသည်။

ဗျူးနီ (ကြို့ပင်ကောက်-လယ်တီ)

မည်ကို မစဉ်းစားနိုင်၊ ဘုရင်ဖြစ်မည်ဟု နာမည်ကြီးနေသော မင်းသားတစ်ပါးလည်းရှိသည်။ သို့သော် သတင်းစကားများ အကွဲကွဲအပြားပြားဖြစ်နေရာ မည်သည့်သတင်းကို အတည်ပြုရမည်မသိဖြစ်၏။

မင်းသားနှင့်တွေ့ရာတွင် -

မင်းသားကမိန့်တော်မူသည်မှာ -

"ငါ့၌ မိဘပေးသောအသက်သည် မရှိပြီ။ ထို့နေ့ကပင်စ၍ သင်ပေးသောအသက်သည်သာလျှင်ရှိတော့သည်"

ကျွန်ုပ်ကမူ-

"အရှင်မင်းသား၊ ကျွန်ုပ်သည် နန်းတွင်းရေးရာများမကျွမ်းပါ။ ပြောမှားဆိုမှားရှိလျှင် ခွင့်လွှတ်တော်မူပါ"

မင်းသားက -

"ထိုသို့မဆိုလင့်။ သင်ပြောသမျှ လက်ခံပါသည်"

ဟု ပြန်လည် မိန့်ကြားပါသည်။

အကယ်၍ မင်းသား မင်းအဖြစ်ရသော် ကျွန်ုပ်သည် လူသားချင်းစာနာမှု၊ သနားညှာတာမှုကို မူတည်၍ ဆောင်ရွက်ရန် သံတော်ဦးတင်ခွင့်ရပါမည်။ မင်းသားသည် မင်းတုန်းဘုရင်ကြီးက ကျွန်ုပ်တို့ကျောင်းသို့ ပညာသင်ရန် စေလွှတ်သောသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်၏။ နန်းတွင်း၌ အဖမ်းခံရသူများထဲတွင် ကျွန်ုပ်ကျောင်းသားဟောင်း (၁၂) ဦးခန့်ရှိလေသည်။

မြန်မာအာဏာပိုင်များကမူ မည်သူ့ကိုထီးနန်းအပ်သည်ဟု မကြားရသေးသဖြင့် တစ်ဦးတစ်ယောက်မျှ အသက်ဆုံးရှုံးမည်မဟုတ်သေးဟု ကျွန်ုပ်တို့ယူဆသည်။ မင်းသားအတွက်မှာမူ ဗြိတိသျှပိုင် အောက်မြန်မာပြည်တွင် နေထိုင်ခြင်းက ပို၍သင့်လျော်သည်။ မြန်မာအာဏာပိုင်များကိုမူ ဗြိတိသျှအလံတော်အောက်ခိုလှုံသော မင်းသားများကို အင်အားသုံး၍ အိမ်တော်မှ ထုတ်ယူသော် သင်တို့သည် ဗြိတိသျှကို စစ်ကြေညာသည်နှင့်အတူဖြစ်မည်ဟု ဟန့်တားလိုက်သည်။

စစ်ဖြစ်ရမည်ကို မြန်မာမှူးမတ်များ စိုးရိမ်ကြသည်။ အခြေအနေလည်းငြိမ်သက်စပြုပြီ။ သီပေါမင်းသားနှင့် မိုင်းတုံမင်းသားတို့မှတစ်ပါး အခြားသော မင်းသားများကို သေသည်အထိ အစာငတ်ထားသည်ဟု ကြားရလေသည်။ သို့သော် ယနေ့အထိ အတည်ပြုနိုင်သောသတင်းအရဆိုသော် အစောင့်အကြပ်ထူထပ်စွာဖြင့် အကျဉ်းချထားကြောင်း သိရ၏။

မှတ်ချက် -

ဤတွင် ခရစ်နှစ်၁၈၇၈ခုနှစ်တင် ဘာလ ၁၈ ရက်စွဲပါ ပြီးဆုံးသည်။

အခြေခံတံခါးမှူးမောင်မှူး

၁ မင်းတုန်းမင်းလက်ထက် ကံတော်ကုန်ခါနီးအချိန်
၂ သီပေါမင်းပါတော်မူပြီး ဗြိတိသျှအုပ်ချုပ်ရေးအစ
၃ Tamils

www.burmeseclassic.com

www.burmeseclassic.com

(ရန်ကုန်တက္ကသိုလ်)

လှမြင့်

ရှေးမြန်မာ့ဝေလေ့ အခိုင်နာရီသတ်မှတ်ချက်

မြန်မာသမိုင်းကြောင်းကို လေ့လာလျှင် ခေတ်အဆက်ဆက်တွင် တကောင်းခေတ်မှသည် ကုန်းဘောင်ခေတ်ကုန်ဆုံးသည်အထိ မြန်မာ့ရိုးရာ ဓလေ့ထုံးစံယဉ်ကျေးမှုကို အခြေခံသော မြန်မာ့အခိုင်နာရီသတ်မှတ်ချက်ကို ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် သတ်မှတ်အသုံးပြုခဲ့ကြသည်။ ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် မြန်မာ့အခိုင်နာရီသတ်မှတ်ချက်ကို ပဟိုရ်စည်ဟူသော အခိုင်နာရီအချက်ပေးတီးခတ်သည့်စည်ကြီးဖြင့် တီးခတ်သတ်မှတ်ခဲ့ကြသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် တစ်ရက်တာအခိုင်းကာလအတွက် နေ့လေးပဟိုရ်၊ ညလေးပဟိုရ်သတ်မှတ်ခြင်းဆော် တီးခတ်သည်။ တစ်ပဟိုရ်၏ အခိုင်းအတိုင်းအကွာအဝေးသည် ယနေ့ခေတ်သုံး စက်နာရီ၏ သုံးနာရီအကြာနှင့်ညီမျှသည်ဟူ၍ မိန့်ဆိုခဲ့ကြသည်။ ထို့ကြောင့် စက်နာရီသုံးနာရီအကြာတွင် တစ်ပဟိုရ်တီးခတ်၍ နေ့အခိုင်လေးပဟိုရ်သည် (၁၂) နာရီဖြစ်ပြီး ညအခိုင်လေးပဟိုရ်သည် (၁၂)နာရီဖြစ်သောကြောင့် တစ်ရက်လျှင် (၂၄) နာရီဟူသော ခေတ်အခိုင်သတ်မှတ်ချက်နှင့် အညီပင်ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်၌ မြန်မာမှဓလေ့အရ တစ်ရက်လျှင် နာရီ(၆၀)ရှိသည်ဟု သတ်မှတ်သည်။ နေ့၊ မိုး၊ ဆောင်း သုံးရာသီ၏ နေလှည့်လည်မှုခရီးတာကို အခြေခံ၍ နေ့တာတို့၏ ညတာရှည်သောလ၊ နေ့တာရှည်၍ ညတာတိုသောလ၊ နေ့အခိုင်နှင့်ညအခိုင်တူညီသောလဟူ အမျိုးမျိုးရှိလေသည်။ ထိုသို့ (၁၂)လတွင် တစ်လနှင့် တစ်လ၏ နေ့နာရီနှင့် ညနာရီမတူမှုအခိုင်ကာလကွဲပြားမှုကို 'နေ့ဝါဆို၊ ညပြာသို' ဟူ၍ ဆိုရိုးစကားပြုခဲ့သည်။

'နေ့ဝါဆို၊ ညပြာသို' ဟူသော ဆိုရိုးစကားအဓိပ္ပာယ်မှာ (၁၂) လတွင် ဝါဆိုလသည် နေ့တာအရှည်ဆုံးလဖြစ်ပြီး ပြာသိုလသည် ညတာအရှည်ဆုံးလဖြစ်သည် ဟူ၍ ဆိုလိုသည်။ မြန်မာ့မှုဓလေ့အရ တစ်ရက်လျှင် နာရီ (၆၀) ရှိသည့်အနက် ဝါဆိုလတွင် နေ့နာရီသည် (၃၆) နာရီနှင့် ညနာရီသည် (၂၄) နာရီရှိသည်။ ပြာသိုလတွင် နေ့နာရီပေါင်းသည် (၂၄) နာရီသာရှိပြီး ညနာရီပေါင်းသည် (၃၆) နာရီအထိ ရှည်ကြာခဲ့သည်ဟု ဆိုကြသည်ဟူ၍ မြန်မာပညာရှင်များဖော်ထုတ် မိန့်ဆိုခဲ့သည်။

ရှေးမြန်မာ့ဓလေ့အခိုင်နာရီသတ်မှတ်ချက်ထုံးစံယဉ်ကျေးမှုကို ရှေးမြန်မာလူကြီးများအဆက်ဆက်က ဤသို့ဆိုရိုးပြု၍ သတ်မှတ်ထားခဲ့သည်။ ယင်းဆိုရိုးစကားမှာ 'ပတ်သဲတာရှည်တီးသံမြည်လက်ဆည်ကံစာရေး' ဟူ၍ ဖြစ်သည်။ ယင်းဆိုရိုးစကားဖြင့် မြန်မာ့တစ်ဆယ့်နှစ်လဖြစ်သောတန်ဆူးလမှသည် တပေါင်းလ၏နေ့အခိုင်သတ်မှတ်ချက်၊ ညအခိုင်သတ်မှတ်ချက် အခိုင်နာရီတွက်ချက်မှုကို ကျဉ်းသုံးခဲ့သည်။ လက်တွေ့အသုံးချခဲ့ကြသည်။

'ပတ်သဲတာရှည်တီးသံမြည်လက်ဆည်ကံစာရေး' ဟူသော ဆိုရိုးစကား၏ အနှစ်သာရအဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ မြန်မာဆယ့်နှစ်လဖြစ်သော တန်ဆူးလမှသည် တပေါင်းလအထိ (၁၂) လကို ပတ် (တန်ဆူးလ)၊ သဲ (ကဆုန်လ)၊ တာ (နယုန်လ)၊ ရှည် (ဝါဆိုလ)၊ တီး (ဝါခေါင်လ)၊ သံ (တော်သလင်းလ)၊ မြည် (သီတင်းကျွတ်လ)၊ လက် (တန်ဆောင်မုန်းလ)၊ ဆည် (နတ်တော်လ)၊ ကံ (ပြာသိုလ)၊ စာ (တပို့တွဲလ)၊ ရေး (တပေါင်းလ) ဟူ၍ အတိုကောက် သတ်မှတ်ခြင်းဖြစ်သည်။

ဆယ့်နှစ်လ၏ လတစ်လချင်းစီ၏ နေ့နာရီနှင့်ညနာရီအခိုင်ကာလတွက်ချက်နည်းကို 'ပတ်သဲတာရှည်တီးသံမြည်လက်ဆည်ကံစာရေး၊ တစ်ဆယ်တိုး၍ ထင်ပေါ်တင် ညဉ့်လျှင်အကြွင်းဆေး' ဟူ၍ သတ်မှတ်ပြောဆိုတွက်ချက်ခဲ့ကြသည်။

တွက်ချက်ပုံမှာ -

တန်ဆူးလ၏ နေ့နာရီနှင့် ညနာရီ စုစုပေါင်း အခိုင်ကာလကြာမြင့်မှုသည် သိရှိလိုလျှင် ပတ် (တန်ဆူးလ) - ၀ (ကြာသပတေးနံကိုယ်စားပြု၀ဏန်းဆိုသော ၅) ကို (၁၀) ၀ဏန်းတိုးလျှင် (၁၅) ဖြစ်သည်။ ထမ်းပိုးတင် ဟူသည် ရှိရင်း၀ဏန်းကို တစ်ဆတိုးခြင်းဖြစ်၍ (၃၀) ဖြစ်သည်။ ထို့ကြောင့် တန်ဆူးလတွင် တစ်ရက်လျှင် နာရီစုစုပေါင်း (၆၀) ရှိသည့်အတွက် နေ့နာရီ(၃၀)နှင့် ညနာရီ (၃၀) ရှိပြီး နေ့အခိုင်နှင့် ညအခိုင် နာရီညီတူညီမျှဖြစ်သည်။ ထိုသို့သော ရှေးမြန်မာအစဉ်အလာဓလေ့အခိုင်နာရီသတ်မှတ်ချက်ကို ကုန်းဘောင်ခေတ် ဘိုးတော်မင်းလက်ထက်တွင် ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ဦး ဦးဃာ၏ ဆယ့်နှစ်ရာသီဘွဲ့လူးတွဲ မိဿရာသီ တန်ဆူးလဘွဲ့၌ -

တန်ဆူးလဟု၊ စ၀ရာသီ၊ နာရီ၌ နေ့၊ မှု၍တူညီ သုံးဆယ်စီတည့်' ဟူ ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့သည်။

ကဆုန်လကိုလည်း ကဆုန် (သဲ) - (သောကြာနံ ၆) ကို (၁ ၀ဏန်းပေါင်းလျှင် (၁၆) ဖြစ်ပြီး တိုးလျှင် (၃၂) ရရှိသောကြောင့် သည် (၃၂) နာရီဖြစ်ပြီး (၂၈) နာ

www.burmeseclassic.com

www.burmeseclassic.com

သည် ညနာရီအချိန်ကာလဖြစ်ကြောင်းကို ပြဿနာသိ ကဆုန်လဘွဲ့တွင် -

'နာရီနေ့ဝယ်၊ သုံးဆယ်ကကျော်၊ နှစ်ခုပေါ်လျက်၊ ညဉ့်သော်နှစ်ဆယ်၊ နှစ်ခုသွယ်၏' ဟူ၍ ဖွဲ့ဆိုခဲ့သည်။

နယုန်လတွင် နယုန်လ (တာ) - (စနေနံ့ ၇) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် (၃၄) နာရီအဖြစ် နေ့နာရီဖြစ်ပြီး ညနာရီသည် (၂၆) နာရီဖြစ်သောကြောင်းကို မေထုန်ရာသီ နယုန်လဘွဲ့၌ -

'နာရီနှစ်ဖြာ၊ နေ့မှာ သုံးဆယ်၊ ခွန်းကယ်စတု၊ ညဉ့်သို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်စွန်းသော' ဟူ၍ ဖွဲ့ဆိုခဲ့သည်။

ဝါဆိုလကိုမူ ဝါဆိုလ (ရှည်) - (ရာဟုနံ ၈) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးကာ (၃၆) နာရီသည် နေ့နာရီဖြစ်ပြီး ညနာရီသည် (၂၄) နာရီသာရှိခြင်းနှင့် ဝါဆိုလသည် မြန်မာ့(၁၂)လတွင် နေ့တာအရှည်ဆုံးလဖြစ်ကြောင်းကို -

'သည်ရာသီတွင်၊ နာရီနေ့တို့၊ သုံးဆယ်ဆိုရှင့်၊ စွန့်ပိုခြောက်ခု၊ ကြွင်းစုနာရီ၊ ညဉ့်ဖို့စီသော်၊ မည်အရေး၊ နှစ်ဆယ့်လေးတည်' ဟူ၍ ဖွဲ့ဆိုသည်။

ဝါခေါင်လသည် ဝါခေါင်(တိုး)-(စနေနံ့ ၇) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးကာ နေ့နာရီ (၃၄) နာရီနှင့် ညနာရီ (၂၆) နာရီရှိပုံကို -

'သည်မာသတွင်၊ ဇယကြီး၊ နေ့ရှိနာရီ၊ မမှီညဉ့်ရောက်၊ နှစ်ဆယ်ခြောက်တည်'

ဟု ဖော်ပြခဲ့သည်။

ထိုနည်းတူ တော်သလင်းလကို လည်း တော်သလင်းလ(သဲ)-သောကြာနံ ၆) ကို၊ (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် နေ့နာရီ (၃၂) နာရီနှင့် ညနာရီ (၂၈) နာရီရှိပုံကို -

'နာရီနေ့တွင်၊ သုံးဆယ်မြင့်၍၊ နှစ်လျှင်စွန်းပါ၊ ညဉ့်ခါအဋ္ဌ(ရှစ်)၊ ဗီသ(နှစ်)သို့နေ'

ဟူ၍ ဖွဲ့ဆိုတင်ပြထားသည်။

သီတင်းကျွတ်လတွင် သီတင်းကျွတ်လ(မြည်) - (ကြာသပတေးနံ ၅) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် နေ့နာရီ (၃၀) နာရီနှင့် ညနာရီ (၃၀) အညီအမျှရှိနေမှုကို -

'နာရီနှစ်ပါး၊ နေ့ကား သုံးဆယ်၊ ညဝယ်ညီမျှ၊ ထပ်တူရလျက်'

ဟူ၍ တင်ပြခဲ့သည်။

စဉ်	လအမည်	နေ့နာရီ	ညနာရီ	မှတ်ချက်
၁။	တန်ဆူးလ	၃၀	၃၀	(အချိန်တူညီ)
၂။	ကဆုန်လ	၃၂	၂၈	
၃။	နယုန်လ	၃၄	၂၆	
၄။	ဝါဆိုလ	၃၆	၂၄	(နေ့တာရှည်၊ ညတာတိုဆုံးလ)
၅။	ဝါခေါင်လ	၃၄	၂၆	
၆။	တော်သလင်းလ	၃၂	၂၈	
၇။	သီတင်းကျွတ်လ	၃၀	၃၀	(အချိန်တူညီ)
၈။	တန်ဆောင်မုန်းလ	၂၈	၃၂	
၉။	နတ်တော်လ	၂၆	၃၄	
၁၀။	ပြာသိုလ	၂၄	၃၆	(ညတာရှည်၊ နေ့တာတိုဆုံးလ)
၁၁။	တပို့တွဲလ	၂၆	၃၄	
၁၂။	တပေါင်းလ	၂၈	၃၂	

တန်ဆောင်မုန်းလတွင် တန်ဆောင်မုန်းလ (လက်) - (ဗုဒ္ဓဟူးနံ ၄) ကို (၁၀) ဂဏန်းပေါင်း၍တစ်ဆတိုးလျှင် နေ့နာရီသည်(၂၈) နာရီ၊ ညနာရီသည်(၃၂)နာရီရှိကြောင်းကို -

'မာသပြိုစွာ၊ နေ့မှာနာရီ၊ စွန်းညီအပြား၊ ရှစ်ခုသားရှိ၍၊ နေ့အားနှစ်ဆယ်၊ ညဉ့်ဝယ်ဗီသ (နှစ်)၊ တြိန္နဲ(သုံး)နှင့်'

ဟူ၍ ပဟေဠိနည်းဖြင့်ဖွဲ့ဆိုတင်ပြခဲ့သည်။

နတ်တော်လတွင် နတ်တော်လ (ဆည်) - (အင်္ဂါနံ ၃) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် နေ့နာရီ (၂၆) နာရီနှင့် ညနာရီ (၃၄) နာရီဖြစ်ကြောင်းကို -

'မနုခေါ်တွင်၊ ရာသီခွင်၌၊ နေ့လျှင်နာရီ၊ ဆဒ္ဒေး (၂၆) စီ၍၊ တစ်လီညဉ့်ရောဝ၊ သုံးဆယ့်လေးတည်း'

ဟူ၍ လည်းကောင်း၊

ပြာသိုလတွင်လည်း ပြာသိုလ (ကဲ) - (တနလ်ာနံ ၂) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် နေ့နာရီ (၂၄) နာရီနှင့် ညနာရီ (၃၆) နာရီဖြစ်ပြီး မြန်မာ့ (၁၂) လတွင် ပြာသိုလသည် နေ့တာအတိုဆုံးနှင့် ညတာအရှည်ဆုံးလအဖြစ် -

'မကာရဟု၊ စရရာသီ၊ နာရီနှစ်ခန်း၊ ချင့်မှန်းတိုင်းထွာ၊ နေ့မှာနှစ်ဆယ်၊ စွန်းကယ်ဇယ (လေး)၊ ညဉ့်သို့ကျသော်၊ ဆနှင့်တြိန်း(၃၆)၊ ကိန်းခန်းသခ်ျာ'

ဟူ၍ လည်းကောင်း ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။

တပို့တွဲလတွင် တပို့တွဲလ (စာ)-(အင်္ဂါနံ ၃) ကို (၁၀) ဂဏန်းပေါင်း၍ တစ်ဆတိုးလျှင် နေ့နာရီ (၂၆) နာရီ၊ ညနာရီ (၃၄) နာရီရှိနေပုံကို -

'ကုရာသီဟု၊ နာရီနှစ်ဝ၊ နံနှင့်ပြသော်၊ ပူးလှကျားမင်း (၂၆)၊ နေ့ဖို့ခင်းသော်၊ ညဉ့်တွင်ရီမှောင်၊ ဆင်ပြောင်၊ ခြင်္သေ့ (၃၄)၊ ဟော်မွေ့ဖြူးသန်း'

ဟူ၍ ပဟေဠိသခ်ျာနည်းဖြင့် ဥာဏ်ကွန့်ဖွဲ့ဆိုတင်ပြခဲ့သည်။

တပေါင်းလတွင် တပေါင်းလ (ရော) - (ဗုဒ္ဓဟူးနံ ၄) တွင် (၁၀)ဂဏန်းပေါင်းကာ တစ်ဆတိုးလျှင် နေ့နာရီ (၂၈) နာရီ၊ ညနာရီ (၃၂) နာရီရှိနေမှုကို -

'နာရီမှကား၊ နေ့သာရောက်ညား၊ ဟိုင်းနှင့်ကျား(၂၈)တို့၊ ပျော်ပါးစံနေ၊ တစ်တွေညဉ့်သွား၊ ကျားနှင့်ခြင်္သေ့(၃၂)၊ မွေ့မွေ့သာသာ သည်အခါ၌'

ဟူ၍ ဖွဲ့ဆိုတင်ပြခဲ့သည်။

ထို့ကြောင့် မြန်မာမူဝေလေ့ယဉ်ကျေးမှုဆိုင်ရာ မြန်မာတို့၏ တစ်နေ့တာတွင် နာရီ (၆၀) သတ်မှတ်မှုနှင့် (၁၂)လ အလိုက် နေ့နာရီနှင့် ညနာရီခွဲဝေသတ်မှတ်မှုများကို ဇယားဖြင့် တင်ပြပေးထားပါသည်။

သူမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ ဆယ့်နှစ်လရာသီဘွဲ့လူးတား (ဦးယာ)

၂။ မြန်မာစာဌာန ရန်ကုန်တက္ကသိုလ် ဆရာ၊ဆရာမကြီးများ၏သင်ကြားချက်မှတ်စုများ

www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းအရာလေးကို ရေးဖြစ်တာက စာဖတ်သူဆီကနေ တိုုပြန်လာတဲ့အသံကို ပြန်ပြီးရေးလိုက်တာပါ။ စာဖတ်သူနာမည်က 'လေးလေး'။ သူက ကျွန်တော့်ရဲ့ သူရဇ္ဈမဂ္ဂဇင်းစာဖတ်ပရိသတ်ပါပဲ။ ဘာကြောင့်ဒိုင်ခံဖတ်နိုင်သလဲဆိုရင် ကျွန်တော်က စာအုပ်ဆိုင်လို ငွေမှမယူဘဲကိုး။ Free ဆိုတော့ ဖတ်တဲ့သူလည်း စိတ်ကြိုက်ဖတ်နိုင်တာပေါ့။ ဒီသူငယ်မက ကျွန်တော့်ဆီမှာ တစ်ခါလာယူရင် အနည်းဆုံး(၅)အုပ်ပဲ။ တကယ်ဖတ်တာနော်။ အပျော်ဖတ်မဟုတ်ဘူး။ စာအုပ်ထဲက သူကြိုက်တဲ့ကျွင့်စဉ်ဆိုရင်လည်း လက်တွေ့ကျင့်ကြည့်တဲ့မိန်းကလေး။

ဒီလိုနဲ့ လေးလေးတစ်ယောက် ကျင့်စဉ်တွေ စမ်းစမ်းကျင့်တာ မနည်းလှပါဘူး။ သူရဇ္ဈထဲက ကျင့်စဉ်တစ်ခုကတော့ သူနဲ့လမိုင်းတော်တော်လေးကပ်သွားတယ်။ တကယ်အောင်မြင်လာတော့ မရွှေချောက မနေနိုင်ပြန်ဘူး။ ကျွန်တော့်ဆီကို တကူးတကလာပြီး သူရဲ့အောင်မြင်မှုကို ပြောပါတော့တယ်။ ဒီလို့ပြောပြဖြစ်လို့လည်း ဒီအကြောင်းအရာကို ရေးဖြစ်တာပါပဲ။ မထင်မှတ်တဲ့နေ့တစ်နေ့မှာ လေးလေးတစ်ယောက် ကျွန်တော်ဆီပေါက်ချလာတယ်။

"ဆရာရဲ့ သူရဇ္ဈစာအုပ်တွေထဲက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် စာမျက်နှာ (၉၄) က ရွှေက်ကူသာသနာပြုမယ်တော်ကြီးရဲ့ **ငွေကိုရေလိုသုံး ကျင့်စဉ်တော်** ဆောင်းပါးကို တကယ် ကြိုက်တယ် ဆရာ"

"ဟုတ်လား၊ဘာကြောင့်ဒီလောက် ကြိုက်သွားရတာလဲ"

"ကြိုက်ဆို အဲဒီကျင့်စဉ်တော်ကို ကျွန်မက တကယ်အမှီဌာန်ဝင်ပြီး တကယ်အောင်မြင်သွားခဲ့လို့ ကြိုက်တာပါ"

"ကဲ - ဒါဆိုရင် အမှီဌာန်စဝင်ပုံလေးကိုပြောပါဦး"

"အမှီဌာန်ဝင်ပုံမပြောခင် ကျွန်မဘဝကို အရင်တင်ပြမှ ပြည့်စုံလိမ့်မယ်ထင်တယ်။ ဆရာသိတဲ့အတိုင်း ကျွန်မ (၃၂) နှစ်အရွယ်မှာ ယောကျ်ားဆုံးသွားတယ်။ သားလေးက (၁၀)တန်းမအောင်သေးဘူး။ ယောကျ်ားပင်စင်ကလည်း သားအမိနှစ်ယောက်စာကို မလောက်မငဲ့ နေစရာကတော့ အမေ့အိမ်ရှိနေလို့ အဆင်ပြေပါတယ်။ အဲဒီလို ယောကျ်ားဆုံးခိုန်မှာ မလုပ်တတ်လုပ်တတ် စီးပွားရေးလုပ်ကြည့်ပါတယ်။ ကြွေးက သိန်း(၃၀) အထိတက်ပါလေရော။ အရင်းအသာထားလို့ အတိုးတောင် လမှန်အောင်မပေးနိုင်ပါဘူး။

(၁၈) လ အတိုးပေးပြီးခိုန်မှာ ငွေထုတ်ပေးတဲ့လူက အတိုးမပေးနဲ့တော့။ အရင်းပဲဖဲ့ဖဲ့ဆပ်လို့ဆိုတာနဲ့ အသက်နည်းနည်းရှူလို့ရသွားတယ်။ ဒါပေမယ့် သားအမိနှစ်ယောက်ရဲ့ စားဝတ်နေရေးရယ်၊ သားရဲ့ပညာရေးစရိတ်ရယ်၊ အရင်းကြွေးသိန်း(၃၀)ကို တစ်လဘယ်လောက်ဆပ်ရမယ်ဆိုတာတွေက မုဆိုးတစ်ယောက်အနေနဲ့ တော်တော်လေးမလွယ်လှပါဘူး။ တွေးမိတိုင်း ကိုယ့်ကိုယ် ကိုယ်သတ်သေဖို့အထိစဉ်းစားလာတယ် ဆရာ။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်သန်းတွန်း

တကယ်လုပ် အဟုတ်ဖြစ်ရမယ်

ကျွန်မလေ ကြွေးကိုခေါင်းပူအား
ကြီးလို့ အိုစာနာစာတွေမထားတော့ဘဲ
နှံ့သမျှလက်ဝတ်လက်စား အကုန်ရောင်း
ဆပ်တာတောင် (၁၀) သိန်းပဲ ဆပ်နိုင်ပါ
ဘယ်။ ကျွန်မက အခုလို(၁၀)သိန်းသွား
ဆပ်ချိန်မှာ 'ကျွန်မကို (၁) နှစ်လောက်
အနားပေးပါ။ လစဉ်ဆပ်ဖို့ဆိုတာ
အဆင်မပြေလို့နဲ်းအားကြီးလို့ အခုလို
နှဲ့တောင်းရတာပါဆိုတော့ ငွေရှင်က
သဘောတူသွားလို့ တော်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့-လေးလေးရဲ့၊ နင့်အကြောင်းတွေ ဒီလိုသာပြောနေရင် ကုန်ပါတော့မလား။ ပြောရင်းနဲ့ အခ်ိဳင္ဘာန်ကိစ္စ ပျောက်နေတယ်"

"မပျောက်ပါဘူး။ အခုလို ကြွေးသိန်း(၂၀)နဲ့ စားရေး၊ ဝတ်ရေး၊ ပညာရေး၊ ကျန်းမာရေးစရိတ်တွေ မနိုင်မနင်းဖြစ်နေခ်ိန်မှာ ဒီအခ်ိဳင္ဘာန်ကိုစဉ်းဝင်ခဲ့တာပါ ဆရာ"

"ကဲ - ဒါဆိုရင်လည်း အခ်ိဳင္ဘာန်ဝင် ပုံလေးရှင်းပါဦး"

"ဒီလိုဆရာရဲ့၊ ရွှေကံကူသာသနာပြုမယ်တော်ကြီးက အခ်ိဳင္ဘာန်ဝင်မယ့်သူက ရေသန့်တစ်ဘူးရှာရမယ်တဲ့။ ကျွန်မက ရေသန့်ဘူးတောင်မဝယ်နိုင်ပါဘူး။ အိမ်မှာရှိတဲ့ ပုလင်းကို ရေနဲ့ဆေးပြီး အိမ်ကသောက်ရေကိုပဲထည့်ပြီးကပ်တာပါ။ ပြီးတော့ ငွေကိုရေလိုသုံးရပါစေဆိုတဲ့ စာတန်းကို ဖြတ်ယူဖို့ကမလွယ်ပြန်ဘူး။ ကျွန်မက စာအုပ်အပိုင်မရှိတော့ ဆရာ့စာအုပ်ကို ဘယ်လာညှပ်ယူရဲပါ့မလဲ။ ကိုယ်လက်ရေးနဲ့ကိုယ်ရေးပြီး ကပ်လိုက်တယ်။ အခုလို တင်ပြရတာက ကျွန်မလို မရှိတဲ့လူဆိုရင် အခုလိုအဆင်ပြေအောင် လုပ်ရင်လည်း ရနိုင်တာကိုသိအောင် ရင်ဖွင့်ပြီးပြောတာပါ"

"ဆက်ပါဦး၊ ဘယ်လိုပရိက်ံတွေ လုပ်ရသေးလဲ"

"ရှိသေးတယ် ဆရာ၊ တစ်ထောင်တန်၊ ငါးထောင်တန်၊ တစ်သောင်းတန်နဲ့ ဒေါ်လာဖြစ်ဖြစ် တစ်ရွက်ကို ပလတ်စတစ်အိတ်မှာထည့်ပြီး မီးနဲ့ပိတ်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီငွေစက္ကူထည့်ထားတဲ့ ပလတ်စတစ်အိတ်ကို ရေဘူးထဲကိုထည့်ရမှာဖြစ်လို့ပါ။ ကျွန်မကတော့ ငါးထောင်တန်၊ တစ်သောင်းတန်မတတ်နိုင်တော့ တစ်ထောင်တန်တစ်ရွက်ကိုပဲ ထည့်ပါတယ်"

"ဘယ်နေ့ကစပြီး အခ်ိဳင္ဘာန်ဝင်သလဲ ပြောဦးလေ"

"ဘယ်နေ့သားသမီးပဲဖြစ်ဖြစ် အခ်ိဳင္ဘာန်ပထမရက်ကို တနင်္လာကစရမယ်။ မယ်တော်ကြီးက ဘယ်လိုညွှန်ကြားသလဲဆိုရင် အခ်ိဳင္ဘာန်ကို (၁) ရက်၊ (၂) ရက်၊ (၄) ရက်လောက်ပဲ ဝင်မယ်ဆိုရင် တစ်နေ့ကို မနက် (၂) ကြိမ်၊ ည (၄) ကြိမ်ဝင်ရမယ်။ (၈) ရက်၊ (၉) ရက်၊ (၂၄) ရက်နဲ့ (၂၈) ရက် ဝင်မယ့်သူကတော့ တစ်နေ့တစ်ကြိမ်ဆိုရင်ရပါတယ်တဲ့။ ကျွန်မကတော့ (၉) နဝင်းကို သဘောကျလို့ (၉) ရက် အခ်ိဳင္ဘာန်ဝင်လိုက်တယ်။

ပထမဆုံး တနင်္လာနေ့ ည (၉) နာရီမှာ ကျွန်မ အခ်ိဳင္ဘာန်စတင်ပါတယ်။ ပန်း၊ ရေချမ်း၊ ဆီမီးတွေကပ်ပြီးရင် ခုနကပိုက်ဆံထည့်ထားတဲ့ သောက်ရေပုလင်းကိုဆက်ကပ်တယ်။ပြီးတော့ ငါးပါးသီလယူတယ်။ သီလယူပြီးရင် သောက်ရေပုလင်းကို လက်နှစ်ဖက်နဲ့မြှောက်ရမယ်။ ပြီးတာနဲ့ 'ဘုရားရှင်အဆူဆူအတွက် သောက်ရေတော်ကိုကပ်ပါတယ်ဘုရား' လို့ပြောပြီး ကျောင်းဆောင်ရှေ့မှာ ရိုရိုသေသေပြန်တင်ပေါ့။ ကျွန်မအခ်ိဳင္ဘာန် (၉) ရက်ခရီးမှာ အဲဒီသောက်ရေတော်ပုလင်းအပြင် နေ့စဉ် သောက်တော်ရေ (၃) ခွက်ကိုလည်း ကပ်ပါတယ်"

"အခုလို ငါးပါးသီလယူပြီးရင် ဘယ်ဂါထာတွေ ရွတ်ရသေးလဲ"

"ရွတ်ရတယ် ဆရာ၊ မပြီးသေးဘူး။ ပဌာန်း-၂၄ပစ္စည်းကို (၂၄)ကြိမ် ရွတ်ဆိုရမယ်"

"ပဌာန်းပစ္စယုဒ္ဒေသပါဠိတော် အကျယ်လား"

"မဟုတ်ပါဘူး၊ ပဌာန်းခေါင်းစဉ် (၂၄) မျိုးကို (၂၄)ကြိမ်ဆိုရမယ်လို့ ပြောတာပါ။

ပြီးရင် သဗ္ဗသိဒ္ဓိဂါထာတော်ကိုလည်း (၂၄) ခေါက် ရွတ်ရပါဦးမယ်။ ဒီဂါထာတော်ကတော့ သူရဇ္ဈမဂ္ဂင်း ပထမစာမျက်နှာမှာ အပိုဒ် (၃) ပိုဒ်နဲ့ ဖော်ပြထားလို့ ရှာရတာလွယ်ပါတယ်"

"ဒါဆိုရင် အခ်ိဳင္ဘာန်ကိစ္စပြီးပြီပေါ့"

"မပြီးသေးဘူး ဆရာ၊ ပဌာန်းနဲ့ သဗ္ဗသိဒ္ဓိဂါထာတော်ကိုရွတ်ပြီးရင် အရပ် (၈) မျက်နှာကို မေတ္တာပို့ ပြီးတာနဲ့ (၇) ရက်သားသမီးတွေ ငွေကိုရေလိုသုံးနိုင်ကြပါစေလို့ ဆုတောင်း။ ဒီလိုဆုတောင်းပြီးမှ ကိုယ့်အတွက် တပည့်တော်သည်လည်း ငွေကိုရေလိုသုံးနိုင်တဲ့သူဖြစ်ပါစေသတည်းလို့ ဆုတောင်းရမယ်။

ကျွန်မက (၉)ရက်အခ်ိဳင္ဘာန်ဝင်တဲ့ သူဆိုတော့ (၉)ရက်ပြည့်တဲ့နေ့မှာ ဘုရားမှာကပ်ထားတဲ့ သောက်ရေပုလင်းကိုယူ အိမ်က ဆင်းတုတော်ဖြစ်ဖြစ်၊ စေတီတစ်ဆူဆူက ဂြိုဟ်ခွင်ဘုရားမှာဖြစ်ဖြစ် ယူလာတဲ့ရေနဲ့ ရေသပ္ပာယ်၊ ဒီလို ရေသပ္ပာယ်နေတုန်းမှာ -

'မကောင်းတဲ့ အညစ်အကြေးတွေ ကြမ္မာဝဋ်ကြွေးတွေ ပြေပျောက်ပါစေ၊ သန့်စင်လာပါစေ၊ ကောင်းတဲ့ကံတွေပေါ်ထွက်လာပါစေလို့ (၇) ရက်သားသမီးအတွက် အရင်ဆုံးဆုတောင်း။ (၇) ရက်သားသမီးပြီးမှ ကိုယ်အတွက်ကို ဒီစကားအတိုင်း ဆုတောင်းပေါ့"

"ရေသန့်ဘူးထဲက ငွေကိုတော ဘယ်လိုစီမံသေးလဲ"

"ဒီငွေကို ထုတ်ယူပြီးရင် ဘုန်းတော်ကြီးတစ်ပါးပါးကို နဝကမ္မအဖြစ် ကပ်လှူရမယ်။ လှူတဲ့အခ်ိန်အတန့်ဟာ စိတ်ထဲက ဒီလိုဆုတောင်းရပါမယ်။

'ယခုလို နဝကမ္မအလှူသည် အလိုရှိရာ လိုအပ်ရာနေရာတွေမှာ မိ လိုသလိုသုံးစွဲနိုင်အောင် ဆက်ကပ်လှူ ဒါန်းခြင်းဖြစ်ပါသဖြင့် တူညီသောအထူး ပေးနဲ့ (၇)ရက်သားသမီးအပေါင်းနဲ့တကွ တပည့်တော်သည်လည်း အလိုရှိတဲ့အခ လိုအပ်တဲ့ ငွေကြေးများလည်း အလုံ အမြန်ရပါစေသတည်း'

လို့ ဆုတောင်းရမယ်။ ဒီနည်း တ္ထန်မ အခ်ိဳင္ဘာန်(၉)ရက်ကိုဝင်ခဲ့တာ ဒီနည်းက ပစ္စည်းရှာဖွေရတာလည်းလွယ် တယ်၊ ရပ်ဝေးဘုရားစေတီတွေကိုလည် နေ့တိုင်းထွက်စရာမလိုဘူး။ အိမ်ဘုရ မှာ (၉) ရက် အခ်ိဳင္ဘာန်အေးအေးဆေး ဆေးဝင်နိုင်သလို တစ်ခါဝင်တော့မှ တစ်ထောင်လှူရတာ။ ဒီလောက်သေ ကျွန်မကတတ်နိုင်ပါတယ်။ အခု တွ တစ်ခါလှူရင် တစ်သောင်းတန်တစ်ရွ ကပ်နိုင်နေပြီ ဆရာ"

"တယ်ဟုတ်ပါလား၊ တစ်သော တန်တစ်ရွက်တောင်လှူနိုင်တယ်ဆိုတ လေးလေး တော်တော်လေး အဆင် နေပြီထင်တယ်"

"ဟုတ်ကဲ့ - တော်တော်လေး အဆင်ပြေပါတယ်။ အဲဒီအကြောင် ပြောချင်နေတာပါ။ ဒီအခ်ိဳင္ဘာန်မဝင် က စင်ကာပူမှာ အိမ်ဖော်လုပ်ဖို့သွ လျှောက်သေးတယ်။ ဟိုက အသ (၃၀) အောက်ကိုလိုချင်တယ်လို့ ပြော တယ်။ ကျွန်မက အသက် (၃၅) တောင်ကျော်နေတော့ လိမ်ပြီးလျှ တာပေါ့။ ခက်တာက မာလေးပုံပဲ။ ပ

www.burmeseclassic.com

www.burmeseclassic.com



ကောင်ပုံတစ်ပုံရယ်၊ တစ်ကိုယ်လုံးရိုက်
ကောင်ပုံရယ် အရင်ပို့လိုက်ရတယ်။

အခုကျင့်စဉ်ကို စဝင်ချိန်မှာ
ကတည်းက ဘယ်လိုအကြောင်းပြန်လာ
သလဲဆိုရင် ဓာတ်ပုံမြင်တာနဲ့ ပယ်ချ
လိုက်ကြောင်းပြောပါတယ်။ အဲဒီတော့
ကျင့်ရေလိုသုံးကျင့်စဉ်ကိုပဲ စိတ်တုံးတုံး
ပြီး အဓိဋ္ဌာန်ဝင်လိုက်တယ်။ ပထမ
ရောက်ပြည့်ချိန်မှာ ကျွန်မသူငယ်ချင်း
အေးမြင့်က သုံးချင်တာသုံးဆိုပြီး ငွေ
(၅၀၀) လာပေးတယ်။ ဘာပဲဖြစ်ဖြစ်
ရအေးတာနဲ့ အဓိဋ္ဌာန်ပြီးတာ တိုက်ဆိုင်
သွားတယ်။ စိတ်ထဲမှာ အဓိဋ္ဌာန်အောင်
သွားတာကို ပိုပြီးပီတိဖြစ်နေတယ်
လေ့ရှာ။

ဒုတိယအဓိဋ္ဌာန်မှာတော့ တစ်ခါ
ပေးလေ့ပေးထမရှိတဲ့ အဒေါ်က
ကျောင်းသိန်းမုန့်ဖိုးဆိုပြီးတော့ပေးတယ်။
သူငယ်ချင်းတွေကဘာပြောသလဲဆိုရင်
အလုံကပ်စေးနဲ့အဒေါ်က ငွေပေးပြီဆို
ရင် နင်ထီထိုးပေတော့။ ထီပေါက်ဖို့ထက်
ခဲတဲ့အဒေါ်ဆီက ရဖို့ဆိုတာ ပိုပြီးခဲယဉ်း
တယ်' လို့ ပြောကြတယ်။ ဘာရမလဲ၊
ကျွန်မလည်း အဲဒီငွေတစ်သိန်းထဲကနေ
ထားလာစုံတွဲတစ်တွဲစွန့်ပြီးထိုးလိုက်တယ်
လေ့ရှာ။

တတိယအဓိဋ္ဌာန်မှာတော့ ဘာမှ
မထူးခြားဘူး။ စတုတ္ထအဓိဋ္ဌာန်ရောက်
တော့ တော်တော်ထူးခြားထွယ် ဆရာ။
ထီထိုးတာ တစ်လပြည့်သွားတာကိုး။ ထီ
ပေါက်တဲ့ရက်မှာ ကျွန်မထီပေါက်ပါတယ်။
အများကြီးရတာမျိုးတော့မဟုတ်ပါဘူး။
ဆုတော်ဝင်တာမျိုးပါ။ ဒါပေမယ့် အစောင်
ရေများတော့ (၁၀)သိန်းရတယ် ဆရာ။
ကျွန်မဆိုတာ နှစ်လ၊ သုံးလမဆပ်ဖြစ်တဲ့
အကြွေးရှင်ကို ကိုယ့်အတွက် တစ်သိန်းချန်
ပြီး ကိုးသိန်းတိတိသွားဆပ်လိုက်တယ်။
ဒီကကျွန်မငွေလာဆပ်တာကိုဘာပြော
သလဲဆိုတော့ -

'နင်ထီပေါက်တာငါကြားပါတယ်။
ဆွတွေဝင်လာရင် နင်ဘယ်လောက်လာ
ပြီးဆပ်မလဲလို့ ငါကစောင့်ကြည့်နေတာ။
အခုတော့ နင်ကသုံးဖို့တစ်သိန်းသာထား
ပြီး ကျန်တာကို ဆပ်တာဖြစ်လို့ နင့်ရဲ့
ဒေါသမူကို ငါအသိအမှတ်ပြုပါတယ်။
ဒါကြောင့် ကျန်တဲ့ငွေကိုမဆပ်နဲ့တော့။
ငါလျှော်လိုက်ပြီ။ သံသရာမှာပါမသွား
တော့ဘူးပေါ့။ ဒါမှ နင်လည်းခေါင်းခဲတဲ့
ပြဿနာတွေ တစ်တောရှင်းသွားမယ်
မဟုတ်လား'

ကဲ - အခုအဆင့်မှာလည်း ကျွန်မ
ဘယ်လောက်ဝမ်းသာသလဲဆိုတာ စာနဲ့
ရေးပြီးမဖော်ပြတတ်တော့ပါဘူး။ ကြွေး
သိန်း(၃၀)ကိုစွပြီးသွားရင် သားအမိနှစ်
ယောက် ငါးပိနဲ့စားပြီးအဓိဋ္ဌာန်ဝင်မယ်
လို့ ကျွန်မကကြုံးဝါးလိုက်တယ်။ ငါးကြိမ်
မြောက် အဓိဋ္ဌာန်အပြီးမှာ ထူးခြားမှုက
တစ်မျိုးလေးဆရာရဲ့။

ဒေါ်ကျင်စိန်ဆိုတဲ့ အဘွားကြီးကို
အလောင်းတော်ကဿပလိုက်ပို့ပါတဲ့၊
စားစရိတ်ကို ဒေါ်ကျင်စိန်က တာဝန်ယူ
လိမ့်မယ်တဲ့၊ ကျွန်မက အဘွားကြီးကို
စောင့်ရှောက်ပေးရုံ စောင့်ရှောက်ပါတဲ့၊
သွားစရိတ်၊ လာစရိတ်ကို စရိတ်ငြိမ်း
တာဝန်ယူတဲ့အကြောင်း၊ လမ်းမှာလိုရာ
သုံးဖို့ ငါးသောင်းယူပါတဲ့၊ ဘာသာရေးကို
လိုက်စားသူဖြစ်လို့ ကျွန်မကိုရွေးတာတဲ့၊
ကဲ အဲဒါပဲကြည့်ပါဦး။

ရှင်းရှင်းပြောရရင် ကျွန်မက
အလောင်းတော်ကဿပကို ဘုရားဖူး
ချင်နေတာကြောပါပြီ။ လမ်းစရိတ်နဲ့ စား
စရိတ်မတတ်နိုင်လို့ မသွားခဲ့တာပါ။
အခုတော့ စရိတ်ငြိမ်းလည်း ဖြစ်မယ်၊
လှူဖွဲ့တန်းဖွဲ့ငွေတောင်အပိုထည့်ပေးသေး
တယ်ဆိုတဲ့ ဘုရားဖူးခရီးစဉ်လောက်
ကောင်းတာ ဘယ်လာရှိပါမလဲ ဆရာ။
ပိုပြီးအဆင်ပြေတာက အဘွားကြီးကိုယ်
တိုင် လမ်းတစ်လျှောက်လုံး ကျွန်မကို
တောင် သူကပြန်ပြီးပြုစုနေပါသေးတယ်။
သားသမီးတွေက စိုးရိမ်တာပဲရှိပါတယ်။
အဘွားကြီးကတော့ ကျွန်းမာလိုက်တာမှ
ဒေါင်ဒေါင်ကိုမြည်နေတာပါပဲ။

အခုလို ဘုရားဖူးထွက်ချိန်မှာပဲ
သားလေး(၁၀)တန်းအောင်တဲ့သတင်းကို
ကားမထွက်ခင်သိခဲ့ရတယ်ဆရာ။ ကျွန်မ
အလောင်းတောင်ကဿပရောက်ချိန်
မှာ သားဆီကဖုန်းဝင်လာတယ်။ 'မေမေ
ဘုရားတရားအလုပ်ကိုစိတ်ဖြောင့်ဖြောင့်
သာလုပ်။ အခု သားကို ကုမ္ပဏီက
အလုပ်ပေးထားတယ်။ မေမေ့ကို သား
တစ်လည့်ရှာပြီးကျွေးမယ်တဲ့'။ ဒါကြောင့်
အခုဆိုရင် ကြွေးပင်လယ်ထဲကရုန်းထွက်
လို့လည်းရခဲ့ပါပြီ။ စားဝတ်နေရေးကို
သားက တစ်လည့်တာဝန်ယူမယ်ဆို
တော့ ကျွန်မဘဝ အေးချမ်းသွားပြီပေါ့
ဆရာ။ အခုလိုဖြစ်လာတာ အဲဒီ
အဓိဋ္ဌာန်ကြောင့်ပါ ဆရာ"

လေးလေးက သူ အခုလို အောင်
မြင်တယ်ဆိုတာ သူရဇမဂ္ဂဇင်းကိုဖတ်ပြီး
အောင်မြင်ခဲ့ရတာဖြစ်လို့ သူရဇမဂ္ဂဇင်း
ကိုလည်းကျေးဇူးတင်ကြောင်း၊ ကျင့်စဉ်
တော်ကိုပြောပြတဲ့ ရွှေက်ကူသာသနာပြု
မယ်တော်ကြီးကိုလည်း ကျေးဇူးတင်
ကြောင်း၊ မယ်တော်ကြီးပြောကြားချက်
ကို စာရေးဖော်ပြတဲ့ စာရေးသူ ဘိုဘို
(ရွှေက်ကူ) ကိုလည်း ကျေးဇူးတင်ပါ
ကြောင်း၊ သူ့အနေနဲ့ စာဖတ်သူအဆင့်
သာဖြစ်တဲ့အတွက် ကျေးဇူးရှင်အားလုံး
ကိုတွေ့ဆုံပြီး ကျေးဇူးတင်စကားပြောဖို့
ဆိုတာ မလွယ်ကူကြောင်း၊ ဒါကြောင့်
ဒီအကြောင်းအရာတွေကို ကျွန်တော်က
တစ်ဆင့် တင်ပြပေးစေလိုကြောင်းတွေ
ကို လာပြီးရင်ဖွင့်ခဲ့တာပါ။

ဒါ့အပြင် ကိုယ့်ကိုယ်ကိုယ်သတ်
သေဖို့အထိဖြစ်ခဲ့တဲ့ လေးလေးဟာ
ဒီကျင့်စဉ်တော်ကို အဓိဋ္ဌာန်ဝင်ပြီးချိန်မှာ
တဖြည်းဖြည်း အဆင်ပြေလာကြောင်း၊
လက်ထဲမှာ ငွေပြတ်တယ်လို့ကို မရှိ
ကြောင်း၊ သူရဇမာဖတ်ပရိသတ်အားလုံး
လည်း ဒီကျင့်စဉ်တော်ကို အဓိဋ္ဌာန်ဝင်
ရင်း ငွေတွေကိုရေလိုသုံးစေချင်ကြောင်း၊
ဒါကြောင့် ကျွန်တော်က 'တကယ်လုပ်
အဟုတ်ဖြစ်ရမယ်' ခေါင်းစီးနဲ့ စာဖတ်
သူရဲ့အသံကို သူ့ရဲ့ရင်တွင်းစကားအတိုင်း
တင်ပြလိုက်ရပါကြောင်း။

ကျေးဇူးတင်ထိုက်သူအားလုံးကို
ကျေးဇူးတင်လျှက်

မောင်မောင်သန့်ဇော်

www.burmeseclassic.com

www.burmeseclassic.com

ကျီးပေါင်း ဆိုသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် မည်သို့အဓိပ္ပာယ် ဖော်ဆောင်ထားသည်မသိပါ။ အရပ်သုံး အရဆိုလျှင်တော့ လိုအပ်သည်ထက်ပို၍ သက်တမ်းလွန်နေသော အပင်များတွင် အပွေးအခေါက်များမှ ထူးခြားစွာ စုန့်တက်လာသောအသားမာများဟုပင် နားလည်ထားကြပါသည်။ လူများမှာလည်း အသက်ကြီးလာသည်နှင့်အမျှ ကုပ်ဆစ်ကျီးပေါင်းတို့၊ ခါးရိုးဆစ်ကျီးပေါင်းတို့ ဖြစ်လာတတ်ပြန်လေရာ ကျီးပေါင်းဆိုသည်နှင့် အရွယ်လွန်သက်တမ်းလွန်တို့မှာသာရှိသည်ဟု သမားရိုးကျတွေးနိုင်ပါသည်။

ကျီးပေါင်းရှိသော အပင်များမှာ သက်တမ်းရင့်အပင်များသာဖြစ်သည်မို့ သူတို့မှာ ထူးခြားသော အစောင့်အရှောက်များရှိသည်ဟု လူအများကယူဆကြပါသည်။ ဤသို့သော သတ်တမ်းရင့်အပင်များမှာ လူသူမနီး တောကြီးမြိုင်ကြီးများမှာသာအရှိများသည့်အတွက် သစ်ပင်တို့၏ လျှို့ဝှက်ချက်များ၊ ထူးခြားချက်များ၊ ဆန်းကြယ်ချက်များကို တောထဲတောင်ထဲမှာသာ အလွယ်တကူတွေ့နိုင်ပါသည်။ မြို့လယ်ကောင်လူစည်ကားရာမှာနေ၍ သစ်ပင်တို့၏ ထူးခြားဆန်းကြယ်မှုများကို သိရှိရန်မလွယ်ပါခြေ။ သို့ပါသော်လည်း မြို့လယ်ကောင် လူအစည်ကားဆုံးအရပ်မှာနေထိုင်ရင်း သစ်ပင်ကြီးတစ်ပင်၏ လျှို့ဝှက်ချက်၊ ထူးခြားချက်များကို အံ့ဩဘနန်း သိရှိလိုက်ကြသူများရှိခဲ့ပါသည်။

သူတို့တွေကတော့ -

❐

ဝဲညည်မြို့ကလေး တည်နေပုံက အနည်းငယ်ထူးခြားနေပါသည်။ မြို့လေးသည် ရှမ်းတောင်တန်းကြီးများပေါ်တွင် တည်ရှိသော်လည်း တောင်ငါးလုံးကာရံထားသည့်တောင်ကြားချိုင့်ဝှမ်းလေးထဲမှာရှိနေသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင်းရှိမြစ်တို့သည် အများအားဖြင့် မြောက်မှတောင်သို့လည်းကောင်း၊ အရှေ့မှ အနောက်သို့ လည်းကောင်း စီးဆင်းကြသော်လည်း သည်မြို့၏ မြို့လယ်ကောင်ကို ဖြတ်သန်းစီးဆင်းနေသော နမ့်စောင်းငေါင်းချောင်းမှာမူ အနောက်မှ အရှေ့သို့စီးချေသည်။ မြို့ကို ဝိုင်းပတ်ထားသည့် တောင်တွေကလည်း အရှေ့မြောက်၊ အနောက်တောင်၊ အရှေ့တောင်၊ အနောက်မြောက် စသဖြင့် ကိုးလိုးကန့်လန့်တွေတည်ရှိနေကြလေသည်။ ထို့ကြောင့် ရေကန့်လန့်၊ တောင်ကန့်လန့်မြို့ဟု သမုတ်သူက သမုတ်ကြသည်။ သို့ပေမယ့် ရေနှင့်တောင်ကသာ ကန့်လန့်ရှိနေခြင်းပါ။ မြို့သူမြို့သားတွေကတော့ လူကန့်လန့်တွေမဟုတ်ကြပါ။ ကြည့်လေ။

သည်မြို့မှာ ရှမ်း၊ ပလောင်၊ ကချင်၊ ဗမာ၊ တရုတ်၊ ကုလား လူမျိုးစုံသလို ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ မွတ်စလင်၊ နတ်ကိုးကွယ်သူ စသဖြင့် မိမိယုံကြည်ရာစသက်ရာ အယူဝါဒအမျိုးမျိုးကို လွတ်လပ်စွာ ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာဖြစ်၍ အလွှာဟုအရှင်ကို မကောင်းမပြောသလို မွတ်စလင်တွေကလည်း ထာဝရဘုရားသခင်ကို အပြစ်မတင်ပါ။ သင်္ကြန်အကပြိုင်ပွဲလုပ်မှာမို့ ထွက်ကြဟဲ့ဆိုလျှင် ခရစ်ယာန်ကလည်းဝင်ကသလို ဟိန္ဒူတွေကလည်း ဝင်ပြီးတီးမှုတ်ပေးရင်း ပျော်ကြပါသည်။ ကဆုန်လရောက်လို့ လွယ်ခွန်တောင်ပေါ်က ဗောဓိပင်မှာ ညောင်ရေသွန်းသူများဖြင့် စည်ကားနေသလို ဗောဓိပင်နှင့်တစ်ခေါ်သာသာ အကွာမှာရှိသည့် ကိုးမြို့ရှင်နန်းမှာလည်း တဂျိမ်းဂျိမ်းနှင့် ကနားပေးနေလေ့ရှိပါသည်။

ထို့ကြောင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဘာသာနှင့်တစ်ဘာသာ မတူကွဲပြားသော်လည်း မခြားနားဘဲ သင့်တင့်အောင် ညှိနှိုင်းနေထိုင်တတ်ကြသောကြောင့် သည်မြို့ကလူတွေကို လူကန့်လန့်တွေမဟုတ်ပါဟုဆိုရခြင်းပါ။ လူကန့်လန့်မဟုတ်ရုံမျှမက တစ်ယောက်နှင့်တစ်ယောက်လည်း အလွန်ချစ်တတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တရုတ်နှစ်သစ်ကူးရောက်ပြီဆိုရင် တရုတ်တွေဝေသော အမျှင်ရှည်ဟု ခေါ်ကြသည့် ခေါက်ဆွဲမျိုးစုံကို ဝိုင်းဝန်းစားသောက်ကြ၊ မူးတဲ့သူလည်းမူးကြ ခဲ့၊ မယ်တော်စန္ဒီရေမျှောပွဲဆိုလျှင်လည်း တစ်မြို့လုံးကရှိသမျှကားတွေ တန်းစီပြီး မိုင်နှစ်ဆယ်လောက်ဝေးသည့် ဒဋ္ဌဝတီမြစ်ဆီ တစုတဝေး ပျော်ပျော်ပါးပါး ချီတက်ကြပြန်သည်။ ဘက္ကရီးအစ်ရောက်ပြီဆိုလျှင်တော့ မွတ်စလင်တွေဝေသည့် စမိုင်တွေ၊ ဆန္ဒင်းမကင်းတွေကို ကျန်လူမျိုးတွေကစားသောက်ပြီး သာခုခေါ်ကြပြန်ပါရော။ အသားအစ်ဆိုလျှင်တော့ မြို့လူထုက အမဲသားစားသူများသည်မို့ မွတ်စလင်များကလည်း မဝေကြတာပေါ့။ ဤနည်းဖြင့် ဘာသာမတူ၊ လူမျိုးကွဲပြားသော်လည်း ညီနှိုင်းပြီး နေထိုင်ကြသောကြောင့် တောင်ငါးလုံးကြားက တောင်ပေါ်မြို့လေးသည် အလွန်ပျော်စရာကောင်းသော နေချင်စဖွယ်မြို့ကလေးဖြစ်နေပါတော့သည်။

❐

ဤသို့အေးချမ်းသာယာသည့်မြို့လေးမှာ မေဦးတစ်ယောက် စွေးရောင်းကာ အသက်မွေးဝမ်းကျောင်းခဲ့ပါသည်။ ဗဟိုစွေးကြီးအရှေ့ဘက်တိုက်တန်းတွင် 'စိမ်းလဲ့' အမည်ရှိသောစာအုပ်နှင့်စာရေးကိရိယာအရောင်းဆိုင်လေးရှိခဲ့ပါသည်။ ရှေ့မီနောက်မီလူများတော့မှတ်မိဦးမည် ထင်ပါသည်။ ၎င်းဆိုင်သည် မေဦး၏ဆိုင်လေးပါ။ ၎င်းအရှေ့ဘက်တိုက်တန်း၌ မေဦး၏ဆိုင်အပြင်၊ ရွှေဆိုင်၊ ဖိနပ်ဆိုင်၊ အလှကုန်ဆိုင်၊ အထည်ဆိုင်၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင် စသဖြင့် ဆိုင်မျိုးစုံရှိပြီး လူစည်ကားပြီး အရောင်းအဝယ်ဖြစ်ထွန်းသော မြို့၏ အချက်အချာနေရာတစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။

ဤမေဦးစွေးရောင်းသည့်စွေးမှာ ထူးထူးခြားခြားအရောင်းအဝယ်ဖြစ်ထွန်းသည့်ရက်များရှိပါသည်။ မြို့ခံတွေက အခါစွေးဟုခေါ်သည့် ဝါဆိုအဖိတ်စွေး၊ သီတင်းကျွတ်အဖိတ်စွေး၊ တရုတ်နှစ်သစ်ကူးအကြိုစွေးနှင့်သင်္ကြန်အကြိုစွေးတို့ဖြစ်ပါသည်။ ၎င်းရက်များတွင် စွေးကတိုးမပေါက်အောင်စည်ပါသည်။ ထိုနေ့မှာ စွေးဝယ်သွားလို့ကတော့ ဘာမှမဝယ်လိုက်ရဘဲ လူကြားထဲညှပ်ပါသွားကာ စွေးဟိုဘက်ထိပ်ကိုရောက်သွားပေလိမ့်မည်။ သမာန်းကျစွေးဝယ်သူတွေအလွန်စိတ်ညစ်ရသောအခါစွေးပါပေ။ ထိုနေ့မျိုးဆို စွေးတွေကလည်း ခေါင်ခိုက်နေသေးသည်။ သို့ပေမယ့် ဘာကြောင့်များဒီနေ့မှ စုပြုံစွေးဝယ်ကြသည်ကို မေဦးခုထိတွေးမရနိုင်ပါ။

❐

၎င်းအခါစွေးများထဲမှ တရုတ်နှစ်သစ်ကူးအကြိုစွေးမှာ ထင်းရှူးပင်တွေရောင်းကြလေသည်။ အရှင်ပင်တွေမဟုတ်ပါ။ စိမ်းစိုနေသော ထင်းရှူးကိုင်းတုတ်တုတ်လှလှကြီးများကို ခုတ်ရောင်းကြခြင်းပါ။ နွေးယခင်က တရုတ်တွေက တရုတ်နှစ်သစ်ကူးရောက်လျှင် အဝတ်အစားအသစ်တွေဝတ်ပြီး လျှောက်လည်ကြ။ ညစာအတူစားကြသည်လောက်ပါပဲ။ ယခုခေတ်တရုတ်နှစ်သစ်ကူးကျမှ

မိုမိုနိုနို (ကျောက်မဲ)

ကျိုက်ပေါင်းထင်းရှူး နှစ်ကူးကော်ညက် အိပ်မက်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

မည်သူကထွင်လိုက်သည်မသိ ညကြီးသန်းခေါင် ငြောက်တွေကို တငြောင်းငြောင်းတဒိုင်းဒိုင်းနှင့်ဖောက်လိုဖောက်၊ အရက်မတက်သေး ကလေးတွေက တရုတ်ကဗျာတွေဆိုပြီး ပိုက်ဆံလိုက်တောင်းလို့တောင်း (အချို့သွက်သည့် ကလေးများ သောင်းချီရကြသည်တဲ့။) ထင်းရှူးကိုင်းတွေမှာ စက္ကူနီလေးတွေ ပတ်ပြီး အိမ်ရှေ့မှာတောင်းလို့တောင်း။ ယဉ်ကျေးမှုတွေ ရောယှက်ကုန်သည်ပဲ ဖြစ်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် အခုခေတ်မှာ တရုတ်နှစ်သစ်ကူးပြီဆိုသည်နှင့် သည်မြို့လေးနှင့် နှစ်မိုင်ခန့်အကွာမှာရှိသည့် ဓနုရွာလေးက ဓနုတွေစီးပွားဖြစ်ကြလေသည်။ ၎င်းဓနုရွာလေးမှာ သဘာဝကပေးထားသော ထင်းရှူးတောကြီးရှိသောကြောင့်ပါ။ ၎င်းထင်းရှူးတောကြီးမှာ ပြန်းတီးသွားခြင်းမရှိဘဲ တစ်နေ့တခြားပွားများလာလေသည်။ ရွာခံတွေက ဂရုစိုက်ကြသည်ကိုး။ ၎င်းဓနုတို့သည် ကိုယ်ပိုင်တောင်ယာတွေမှာ ဘူး၊ ဖရုံ၊ သခွား၊ ဂေါ်ရခါး စသည့် သီးနှံတွေကို အကြီးအကျယ်စိုက်ပျိုးပြီး တစ်နိုင်ငံလုံးကို တင်ပို့ကြသည်။ ၎င်းထင်းရှူးတောကိုတော့ တစ်နှစ်မှတစ်ခါ တရုတ်နှစ်သစ်ကူးချိန်ရောက်မှ တစ်ရွာလုံးကလူတွေ ထင်းရှူးကိုင်းတွေချိုင်ပြီး စျေးမှာလာရောင်းကြသည်။ ကလေးတွေက ကိုင်းသေးသေးလေးတွေ၊ လူကြီးတွေက တုတ်တုတ်ခိုင်ခိုင် သန်သန်မာမာကိုင်းတွေ၊ ယောကျ်ားတွေကတော့ တကယ့်ရှယ်ကိုင်းကြီးတွေ သယ်ယူပြီး ရောင်းကြလေသည်။ သည်ကိုင်းကြီးတွေသယ်လာရသည်မှာ သူတို့အဖို့ မလွယ်ကူပါဘူး။ တစ်ယောက်နှစ်ကိုင်းဆိုသည်မှာ အများဆုံးသယ်နိုင်ကြခြင်းပင်။

၎င်းအကြိုတရုတ်နှစ်ကူးနေ့မှာ မေဦး ဆိုင်ဖွင့်ဖို့ ဆိုင်ရှေ့ရောက်သည်နှင့် ထင်းရှူးတောဒုပ်ကြီးထဲရောက်သွားသလိုပင် ခံစားလိုက်ရပါသည်။ လူတစ်ယောက်ကို ထင်းရှူးကိုင်းဘယ်တစ်ကိုင်း၊ ညာတစ်ကိုင်းကိုင်ပြီး မတ်တတ်ရပ်နေကြသည်မှာ အရှေ့ဘက် တိုက်တန်းအစ မြောက်ဖျားမှ အဆုံးတောင်ဖျားထိ။ အခြားအချိန်များဆို ကိုယ့်ဆိုင်ရှေ့လာရှုပ်ရကောင်းလားဆိုကာ စိတ်ဆိုးကောင်းဆိုးမည်ဖြစ်သော်လည်း သည်နေ့တော့ ဘယ်လိုမှမဆိုးနိုင်ပါ။ စိမ်းညို့နေသည့် ထင်းရှူးပင်များကြား ကုလားမင်းသမီးလေးလို လှည့်ပတ်ကခုန်လာအောင် ရင်ထဲမှာကြည်နူးပျော်ရွှင်နေမိပါသည်။ မေဦးတို့ စျေးပလက်ဖောင်းက မြန်မာနိုင်ငံ၏ပလက်ဖောင်းစံချိန်မီစွာ နှစ်ပေခန့်မြင့်ပါသည်။ ထင်းရှူးပင်သည်များက ပလက်ဖောင်းပေါ် မှရောင်းပြီး စျေးဝယ်များက လမ်းပေါ်ကဝယ်ကြသည်။ ကထိန်အလှူများလှည့်လှင်လည်း သည်လိုပါပဲ ကြည့်သူများက ပလက်ဖောင်းပေါ် ကကြည့်ကြသည်။ လမ်းပေါ် ဘယ်သူမှမဆင်းကြ။ လမ်းပေါ် မဆင်းကြသည်မှာ အော်တိုစည်းကမ်းလိုဖြစ်နေပါတော့သည်။ ယနေ့ပလက်ဖောင်းအောက်က ထင်းရှူးပင်ဝယ်သူများမှာ တရုတ်အိမ်ရှင်မကြီးများပါ။

"အဲဒီအကိုင်းဘယ်လောက်လဲ"

"တစ်သောင်းခွဲပါ"

"များတာပေါ့၊ ဒါမျိုးဟိုဘက်မှာ ငါးထောင်ပဲ"

မေဦးစိတ်ထဲ အချဉ်ပေါက်သွားသည်။ 'လေကုန်ခံပြီးလာမမေးနဲ့ဟိုဘက်သွားဝယ်' ဟု စိတ်ထဲက ဘုတီးပစ်လိုက်သည်။ ထင်းရှူးပင်သည်ကမူ ထိုသို့မဟုတ်။

"မတူပါဘူး သာမားရယ်။ ဒီနေ့ရောင်းသမျှတွေထဲမှာ ဒီအပင်က အလှဆုံး၊ အထွားဆုံး။ နှစ်သစ်ကူးမှာ ဒီလို သန်မာထွားကျိုင်းတဲ့ထင်းရှူးပင်စိုက်မှ သာမားတို့ရဲ့စီးပွားရေး တစ်နှစ်ပတ်လုံး သန်မာပြီးစီးပွားတက်မှာပ"

ဓနုသံဝဲဝဲနှင့်အပြောကို တရုတ်မကြီး သဘောခွေသွားပုံရလေသည်။ ဆိုင်ကယ်ပေါ်မှ ခြေတစ်ဖက်ထောက်မေးနေရာမှ ခြေနှစ်ဖက်စလုံး မြေကြီးပေါ် ရောက်လာလေသည်။

"ဘယ်လိုဖြစ်ဖြစ် ညည်းဟာစျေးများတယ်၊ လျှော့ဦး"

"ကဲပါ - တစ်ထောင်လျှော့ပေးမယ်။ ထပ်မဆစ်နဲ့တော့နော်။ စီးပွားရေးက အရှိန်နဲ့တက်မယ့်ဟာ၊ စျေးဆစ်ရင် ထစ်သွားမှာစိုးလို့ပါ"

"ငါတော့လေ ညည်းအပြောကောင်းတာနဲ့ပဲဝယ်ဖြစ်တော့မယ်။ကဲပါ၊ တစ်သောင်းသုံးထောင်တော့ထား၊ လိုက်ပို့ပေးနော် ဒီနားလေးတင်"

"ပို့ပေးပါ့မယ်ဗျာ။ တစ်နှစ်လုံးကြီးပွားပါစေ၊ တိုးတက်ပါစေ။ ဟဲ့သားပု ဒီအကိုင်းကိုင်ထားဦး၊ အဖေလိုက်ပို့လိုက်ဦးမယ်"

မဆိုး။ နာရီပိုင်းအတွင်းမှာပင် တစ်သောင်းသုံးထောင်ပိုက်မိသွားပြီ။ အားကျပါဘိ။ ထင်းရှူးသည်တိုင်းမှာ တရုတ်မကြီးငယ်တွေပိုင်နေလေသည်။ ၎င်းဓနုတွေလည်း သည်အချိန် အပြီးရောင်းပါမှ ရှစ်နာရီထိုးသည်နှင့် စည်ပင်ကလာမောင်းပြီးရောင်းခွင့်မရတော့။

"အားညမ်း - ထင်းရှူးမဝယ်ဘူးလား"

မေဦးဘေးနားက ရွှေဆိုင်သူဌေးတရုတ်မကိုသွားစလိုက်သည်။

"နင်ကလည်းသိရဲ့သားနဲ့"

အနီ့တရုတ်မက မျက်စောင်းခဲကာ တိုးတိုးလေးစကားပြန်သည်။ မေဦးဆိုင်နားက တရုတ်မတွေကတစ်မျိုး၊ နှစ်သစ်ကူးမို့ အခြားတရုတ်မတွေဆိုင် ပိတ်ပြီးလျှောက်လည်လည်း သူတို့က မလည်။ အလည်အပတ်ဝါသနာမပါတဲ့။ အိမ်မှာ ငုတ်တုတ်ကြီးထိုင်နေရတော့လည်း ပျင်းသည်ဆိုပြီး ဆိုင်လာထွက်ကြသည်။ ဆိုင်ရှေ့ဖြတ်သွားသမျှ တရုတ်မိတ်ဆွေတွေကို ပြုံးပြရ၊ လက်ပြရ၊ နှုတ်ဆက်ရန့် လက်မလည်အောင်ရှိလေသည်။ နှစ်သစ်ကူးမှာ ဘယ်တရုတ်မှ ဆိုင်မထွက်လေတော့ စျေးရောင်းကောင်းမှန်းသိကာ ဆိုင်လာထွက်ကြခြင်း ဖြစ်လေသည်။ သူများတွေထင်းရှူးကိုင်းစိုက်လည်း တော်တော်နှင့်မစိုက်ကြသေး။ တရုတ်အချင်းချင်းအတင်းကြော်ပါများမှ မနှစ်ကစပြီး ထင်းရှူးပင်စဝယ်သည်။ ဝယ်ပြန်တော့လည်း စျေးအနည်းဆုံးပေးရသည့် ထင်းရှူးကိုင်းသေးသေးလေးဝယ်သည်။ ရှစ်နာရီထိုးတော့ ထင်းရှူးပင်သည်တွေ ရောင်းမကုန်တာတွေကို ဆိုင်ရှေ့မှာပစ်ထားခဲ့တော့သည်။ ပြန်သယ်တော့ကော ဘာလုပ်မှာလဲလေးကလေးသနဲ့။ သည်တွင် အားညမ်းတို့ သဘောခွေ့တော့သည်။ စိတ်ကြိုက်အကိုင်းတုတ်တုတ်လှလှကြီးတစ်ပင်ကို ရွေးကာ သူ့ဆိုင်ထဲသို့ထည့်ထားလိုက်သည်။ တစ်ပြားမှာလည်းမကုန်။ အင်ကြီးကြီးကိုလည်းရသေးသည်။ ကြိုဝယ်ထားမိသည့် ထင်းရှူးကိုင်းသေးသေးလေးအတွက် နောင်တရမဆုံး။ ငါ့နယ်နော် အလိုက်တာဟု ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရသေးသည်။ သည်နှစ်တော့ အားညမ်းတို့ပါးသွားပြီ။ မဝယ်နေနဲ့ မဝယ်တော့။

"မရွှေမိတ်၊ မဝယ်သေးဘူးလား ရွှေကျတွေဖြစ်ကုန်လိမ့်မယ်"

ဖိနပ်သူဌေး မရွှေကိုကာ အဓိပ္ပာယ်ပါပါ ငါးခွပြုံးပြသည်။

ရှစ်နာရီထိုးပြီး။ စည်ပင်ဝန်ထမ်

www.burmeseclassic.com

www.burmeseclassic.com

တွေက စွေးသည်တွေကိုလာမောင်းပြီ။ စွေးရောင်းချိန်ကုန်ပြီ။ ပြန်တော့ဆိုသည့် သဘော။ ရောင်းနေကျ စွေးသည်တွေ တာ အထာနပ်နေပြီမို့ 'ဟုတ်ကဲ့ဆရာ၊ သိမ်းပြီဆရာ'နှင့် ဆရာချင်းထပ်အောင် အရိုအသေပေးကာ ဆက်ရောင်းကြလေသည်။ တစ်နှစ်တစ်ခါသာလာရောင်းသော ထင်းရှူးပင်သည်များကမူ စွေးသည်ပါးမဝ။ တိတိကျကျပင်လာမောင်းသည်နှင့် လက်ကျန်ကိုင်းတွေကိုပစ်ချ ထား ငွေစက္ကူတွေရေတွက်ပြီးပြန်တော့သည်။

ထင်းရှူးကိုးပေါင်းဇာတ်လမ်းကသည်မှာစခဲ့ခြင်း ဖြစ်ပါသည်။ ထင်းရှူးသည်တွေ ရောင်းမကုန်ရှိထားခဲ့သော ကိုင်းကျန်များကို မေဦးတို့တစ်တွေမနိုင် တနိုင်ဖြင့်သယ်မကာ ပလက်ဖောင်းပေါ်မှာ စုပုံထားလိုက်လေသည်။

အိပ်ရာထနောက်ကျသည့်တရုတ် အိမ်ရှင်မများက -

"ဟယ် - စွေးသည်ဘယ်ရောက်သွားပြီလဲ"

ဟု ဆိုလျှင် -

"ယူပါ။ ယူပါ။ အပ်ထားခဲ့တာ တစ်ကိုင်း သုံးထောင်၊ လေးထောင်"

စသဖြင့် ပါးစပ်ထဲတွေ့ရာတွေ လျှောက်ပြောပြီးရောင်းကြသည်။ ဝယ်တဲ့သူကလည်းဝယ်၊ အထာနပ်သည့် တရုတ်မတွေကျတော့ -

"နင်တို့ထဲငါတို့ရောကုသိုလ်ပါပါရစေ"

ဟု ပြောကာ ငါးရာ၊ တစ်ထောင်ပဲပေးပြီး ယူသွားသူလည်းရှိသည်။ ဘယ်လိုဖြစ်ဖြစ် စာရင်းချုပ်လျှင် အတော်ရသည်။ ရသည့်ငွေဖြင့် သင်္ကြန်ပဌာန်းမှာလှူ။ ကထိန်မှာလှူ စသဖြင့် တုသိုလ်လုပ်ပေးလိုက်သည်။ အကျိုးဆောင်ခအဖြစ် ဧတံ့ ငင်းညနေမှာ မှက်လုံးစိမ်းတီးဟောက်(စ်)ကနေ ပူရီမှာ စားကြသည်။ ဒါတွေက တရုတ်နှစ်သစ်ကူးမှာ ထင်းရှူးကိုင်းစိုက်သည့်ယဉ်ကျေးမှုပေါ် ထွန်းလာချိန်ကစပြီး နိစ္စဓုဝဖြစ်ရပ်တစ်ခုပါ။

သည်နှစ်တော့ ကျန်ခဲ့သည့် ထင်းရှူးကိုင်းတွေထဲမှာ အရုပ်ဆိုးလှစွာသော ထင်းရှူးကိုင်းကြီးတစ်ခုပါလာလေသည်။ အရွက်များက အခြားအရွက်များနှင့်မတူဘဲ အစိမ်းရောင်ရင့်လွန်းရှိ အနက်ဘက်ကူးနေသည်။ အနက်ရောင် အရွက်ချောင်းများဟုပင် ခေါ်နိုင်ပါသည်။ ကိုင်းနှစ်ခွဆုံရာမှာ အထွတ်အထွတ်တွေနှင့် အသည်းယားစရာ လည်းကောင်းသည်၊ ကြောက်စရာလည်းကောင်းသည်။

"ဟ - ဒါကြီးက တစ်မျိုးဟ။ အမယ် - အသည်းမှာမြားစိုက်ဒီဇိုင်းနဲ့"

တစ်စွေးလုံးက ဘည်ိုဟုခေါ်ကြသော ရွှေဆိုင်ပိုင်ရှင် ဦးခင်မောင်ညိုက ငင်းကိုင်းအရုပ်ဆိုးဆိုးကြီးကိုကြည့်ကာ သရုပ်ဖော်သည်။ သူပြောမှ ငင်းသစ်ကိုင်းကြီး၏ အထွတ်အထွတ်တို့သည် အသည်းနှစ်ထပ်လိုဖြစ်နေကာ အတွက်ကြီးကြီးတစ်ခုကကန့်လန့်ဖြတ်နေသည်ပုံပေါ်လာသည်။ အားလုံးတအံ့တသြဝိုင်းကြည့်ပြီး ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက်မှတ်ချက်ပေးကြသည်။ ထို အချိန်မှာပင် ဆွမ်းခံကြွလာသော ကိုယ်တော်တစ်ပါးရောက်လာကာ -

"ကိုညီ၊ ဘာဖြစ်နေကြတာလဲ"

"ဒီထင်ရှူးကိုင်းဆုံကြီးကိုကြည့်နေတာ အရုပ်ဆိုးလွန်းလို့"

"ဟ - ဒါထင်ရှူးကိုးပေါင်းခေါ်တယ် ကိုညိုရဲ့၊ ရှားတယ်နော်။ အပင်တစ်သိန်းမှာတောင် တစ်ပင်ရှိချင်မှရှိတာ"

"ရှားတာတော့ဟုတ်ပါပြီ၊ ဘယ်နားအသုံးတည့်မှာတဲ့လဲ"

"ခင်ဗျားတို့ကျုပ်တို့အရွယ်တော့ ဘယ်အသုံးတည့်မှာလဲဗျာ၊ သူတို့လို အရွယ်လေးတွေကျ သိပ်အသုံးတည့်ပေါ့။ ညခေါင်းဒုံးဘေးထားအိပ်။ ကိုယ့်အိမ်ထောင်ဖက်ကို အိပ်မက်ထဲမှာမြင်ရသတဲ့ဗျာ။ ဖူးစာရှင်မဟုတ်ဘူးနော်၊ အိမ်ထောင်ဖက်"

ဘုန်းတော်ကြီးက အပျိုကြီးစာရင်းဝင်စပြုနေပြီဖြစ်သော မရွှေမိတ်သမီး မိန်မိန်းကိုလည်းကောင်း၊ အားညမ်းသမီး လင်းလင်းကို လည်းကောင်း၊ အနီးအနားက ဆိုင်အကူကောင်မလေးများကိုလည်းကောင်း မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီးထွက်သွားလေသည်။ ဦးပဉ္စင်းပြောတာ အတည်လား၊ ရယ်စရာပြောသွားတာလား မသိပေမယ့် ချာတိတ်မလေးများအတွက်တော့ အရုပ်ဆိုးဆိုးသစ်ကိုင်းကြီးအဖြစ်မှ အလွန်လှပတန်ဖိုးရှိသောသစ်ကိုင်းကြီးဖြစ်သွားတော့သည်။ ငွေပန်းထိမ်ဆိုင်ပိုင်ရှင်စိုင်းလင့်ပေါင်းက ငင်းကိုးပေါင်းကြီးကို လွှဖြင့် စိတ်ရှည်လက်ရှည်တိုက်ဖြတ်ပေးသည်။ ဘည်ိုက ဒီနေ့ဘယ်သူနှင့်အိပ်၊ နောက်နေ့ဘယ်သူနှင့်အိပ် စသဖြင့် ခွဲတမ်းချပေးသည်။ သို့ပေမယ့် ကတိတစ်ခုတော့ပေးရသည်။ အိပ်မက်ထဲကလူက ဘယ်သူဆိုတာ သူကိုပြောပြရမည်တဲ့။

❐

ကြာတော့ကြာခဲ့ပါပြီ။ ထိုစဉ်က ကြံခိုင်သန်စွမ်းစွာ စွေးရောင်းခဲ့သော မေဦးပင် ကျန်းမာရေးကြောင့် စွေးရောင်းခြင်းကို ရပ်နားခဲ့ရပြီ ဖြစ်ပါသည်။ အပျိုကြီးမိန်မိန်းသည်လည်း မန္တလေးသားနှင့် အိမ်ထောင်ကျကာ ပြီးခဲ့သည့်သင်္ကြန်က ပြန်ရောက်လာခဲ့သေးသည်။ ကလေးနှစ်ယောက်ကို ဘယ်၊ ညာလက်တစ်ဖက်စီ ဆွဲကာ ကျောပိုးအဝတ်နှင့်ကတစ်ယောက်၊ အရွှေ့အလယ်ပိုင်းမှာလည်း လူဦးရေတိုးမည့် လက္ခဏာက အထင်းသား။ ဒါတောင် သားနှစ်ယောက်ကို သူ့အဖေနှင့်ထားခဲ့သေးသည်တဲ့။

ဟိုတုန်းက ထင်းရှူးကိုးပေါင်းကြီးနှင့်အိပ်ပြီး နောက်နေ့မှာ မျက်စိပျက်မျက်နှာပျက်နှင့် -

"အသက်ကြီးကြီး လူကြီးတစ်ယောက်ပဲ ဘည်ိုရယ်၊ မမြင်ဖူးဘူး"

ဟု ငိုမဲ့မဲ့နှင့် ပြောခဲ့သည်ကို အမှတ်ရမိသည်။ ဩော် - ခုတော့လည်း ဒီအသက်ကြီးကြီးကိုပဲ သူမှာချစ်လိုက်ရတာ။

လင်းလင်းကတော့ လီယိုနာဒို ဒီကာပရိုကို အိပ်မက်မက်သည်တဲ့။

"လင်းလေ သူ့ကို အိပ်မက်ထဲမှာနင် နဲ့ငါနဲ့တူသလားတန်သလားနဲ့အပြတ်ကောလွတ်နေတာလေ။ နိုးလာတော့မှ ကိုယ့်ကိုယ်ကိုယ်စိတ်ဆိုးလိုက်တာ" တဲ့။

ဒါကြောင့်ထင်သည်။ ဒီကလေးမခုထိအိမ်ထောင်မကျ။ မကျဆို လာကြိုက်တဲ့သူမှန်သမျှကို ငြင်းလွှတ်နေသည်ကိုး။ လီယိုနာဒိုလို ကမ္ဘာကျော်ကို တောင် မတုဘူးမတန်ဘူးထင်နေသူက ရွာနားက မြက်ခြောက်တွေကို ဘယ် စာရင်းသွင်းပါ့မလဲ။ အပျိုကြီးဖြစ်တာ ဘာမှမဆန်း။

ဘည်ိုခွဲတမ်းချစဉ်ကာလက မိန်းကလေးအုပ်စုထဲ ရောပြီးတန်းစီခဲ့သော ဘည်ိုသား လုံးလုံးကမူ ထင်းရှူးကိုးပေါင်းကြီးနှင့်အိပ်ပြီး နောက်တစ်နေ့မှာ လက်မတထောင်ထောင်ဖြင့် 'လုံးကောင်မလေးကိုပဲမက်တယ်' ဟု ကျူးရင့်ခဲ့သည်။ ခုတော့ လုံးလုံးလည်း ထိပ်အနည်းငယ်ပြောင်စပြုနေပြီ။ သူကောင်မလေးနှင့်ပင် အိမ်ထောင်ကျပြီး သမီးနှစ်ယောက်၊ သားအမြွာနှစ်ယောက်တို့ဖြင့် သုံးနှစ်အတွင်း စာရင်းလေးယောက်

www.burmeseclassic.com

ကုက္ကိုရွက်ဟာ ငှက်များကိုနှိုင်းသတဲ့လား

ကျွန်တော်တို့ ကလေးဘဝတုန်းက ညအခါ လသာသာမှာ သီဆိုခဲ့တဲ့ 'ကုက္ကိုပင်မြန်မြန်ခုတ်လှည်းလုပ်ပမောင်၊ လှည်းလုပ်ရင်ကြောလိမ့်မယ်၊ မဘုတ်ဆုံအင်တုံကြီးလှည်းလုပ်လိုစီး' ဆိုတဲ့ ကဗျာလေးဟာ ကျွန်တော့် ဦးနှောက်ထဲဝင်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ရေးမယ့်ဆောင်းပါးလေးဟာ ကုက္ကိုပင်ပါနေလို့ပါ။ ကုက္ကိုပင်ဆိုတာ အပင်ကြီးမျိုးဖြစ်ပါတယ်။ အရွက်က သေးပြီး ဘဲဥသဏ္ဌာန်လိုဖြစ်ပါတယ်။ အကိုင်းအခက်များဟာ ဆတ်ပြီးကျိုးလွယ်ပါတယ်။ အခေါက်ထူပါတယ်။

ကျွန်တော့်အိမ်ပတ်ဝန်းကျင်မှာ ကုက္ကိုပင်များစွာရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့မြို့ လမ်းဝဲ၊ယာနှစ်ဖက်လုံးမှာလည်း ကုက္ကိုပင်တွေတန်းစီပြီး လူတွေကိုအရိပ်ပေးနေပါတယ်။ လူတွေကလည်း အေးမြေတဲ့ ကုက္ကိုပင်အောက်မှာ အနားယူကြပါတယ်။ အမှန်တော့ ကုက္ကိုပင်ဆိုတာ လူတွေကိုအေးရိပ်ပေးတဲ့ အမောပြေစေတဲ့ သစ်ပင်တစ်မျိုးလို့ပဲ သိခဲ့ပါတယ်။

ကျွန်တော့်အိမ်နားမှာ မွတ်စလင်လူမျိုး ဦးထွန်းရွှေဆိုတာရှိပါတယ်။ အဲဒီဦးထွန်းရွှေဟာ တောရွာတွေသွားပြီး စေးရောင်းပါတယ်။ တစ်ခါတစ်ခါ နှစ်ရက်၊သုံးရက်ကြာမှ အိမ်ပြန်လာတတ်ပါတယ်။ ဒီတစ်ခါပြန်လာတော့ အကြီးအကျယ်ဖျားလာပါတယ်။သူ့အိမ်ရောက်တဲ့အထိ ရွာကလူတွေလိုက်ပို့ပေးရပါတယ်။ အိမ်ရောက်ရောက်ချင်းပဲ မိသားစုအားလုံးက ဆေးရုံကြီးကိုတင်လိုက်ကြပါတယ်။ ဆေးရုံကြီးက လူနာကိုစစ်ဆေးလိုက်တော့ ငှက်ဖျားရောဂါဖြစ်ကြောင်း သိလိုက်ကြတယ်။ ငှက်ဖျားရောဂါကို ဆရာဝန်များကြပ်မတ်ပြီး ကုသပေးကြပါတယ်။ သက်သာတော့ ဆေးရုံဆင်းခွင့်ပြုလိုက်ပါတယ်။ ဒါပေမယ့် အိမ်ရောက်တော့ နှစ်ရက်တစ်ခါဖျား၊ သုံးရက်တစ်ခါဖျားနေပါတယ်။ တစ်ခါတစ်ခါ တစ်ရက်တည်း နှစ်ကြိမ်လောက် ချမ်းဖျားတတ်ပါတယ်။ ငွေလည်းကုန်၊ ရောဂါမပျောက်ဖြစ်နေပါတယ်။ တစ်အိမ်လုံးလည်း စိတ်ဓာတ်ကျနေကြပါတယ်။

တစ်ရက်မှာ မိုင်းခေါင်ရွာက ကချင်အဘိုးကြီးတစ်ယောက် ဦးထွန်းရွှေအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါတယ်။ ဗန်းမော်(၃)မိုင်ကွင်းမှာ မနောပွဲရှိလို့လာတဲ့အကြောင်း ပြောပါတယ်။ ဦးထွန်းရွှေဟာ ရွာတွေမှာ အရောင်းအဝယ်လုပ်နေတော့ သူနဲ့အင်မတန်ရင်းနှီးလို့ ခေတ္တဝင်ရောက်ခြင်းဖြစ်ကြောင်း ပြောပါတယ်။

ဦးထွန်းရွှေ နေမကောင်းကြောင်း သိသွားတော့ -

"ဘာဘူးကြီး၊ ဘယ်လိုဖြစ်တာလဲ" မေးပါတယ်။

"ကျွန်တော့်ကို ဆေးရုံကြီးကတော့ ငှက်ဖျားဖြစ်တယ်လို့ပြောပါတယ်။ဆေးရုံတက်ပြီး ဆေးလည်းကုပြီးပါပြီ။ ဒါပေမယ့် မကြာမကြာအဖျားတက်နေတယ်။ ဒါကြောင့် တစ်အိမ်လုံးစိတ်ဆင်းရဲနေပါတယ်။ ကျွန်တော်လည်း သေချင်နေပါပြီ၊ ငွေလည်းကုန်လှပြီ"

ဦးထွန်းရွှေဟာ ဝမ်းနည်းသံနဲ့ ပြောပြပါတယ်။

"ကဲ - ဒီလိုဆို ကျွန်တော် ဆေးတစ်ခုပြောခဲ့မယ်။ ဒီဆေးက အလွယ်လေးပါ၊ ခင်ဗျားတို့အနားမှာရှိပါတယ်။ ကုက္ကိုပင်ပါ။ ကုက္ကိုအရွက်ကိုထောင်းပြီး အရည်ကိုညှစ်ပါ။ သတ္တုရည်ပေါ့။ အခါးရည်ပန်းကန်တစ်လုံးလောက်ညှစ်ပြီးရင် ဆားနည်းနည်းထည့်ပြီးမွေပါ။ အဲဒါကိုသောက်ပါ။ သုံးရက်ဆက်သောက်ရင် ငှက်ဖျားလုံးဝပျောက်သွားလိမ့်မယ်။ ဒီဆေးသောက်ရင် ဝမ်းတော့သွားလိမ့်မယ်။ မကြောက်ပါနဲ့။ ကိုယ့်ကိုဒုက္ခပေးနေတဲ့ ငှက်ဖျားပိုးများဟာ ဝမ်းနဲ့အတူ ပါသွားလိမ့်မယ်။ ဆေးသောက်တာ မပျက်စေနဲ့။ သုံးရက်တည်းပဲ။ နောက်ဘယ်တော့မှမဖျားတော့ဘူး။ ကုက္ကိုရွက်ဟာ ငှက်ဖျားတိုက်ဖျက်ရာမှာအကောင်းဆုံး ဆေးမြီးတိုတစ်ပါးပဲ သောက်ကြည့်ပါ"

ဒုဝါကြီးပြန်သွားပြီး ချက်ချင်းပဲ ကုက္ကိုရွက်ကောက်ခိုင်းပြီးထောင်းအရည်ညှစ်ပြီး ဆားနဲ့သောက်လိုက်ပါတယ်။ ဒုဝါကြီးပြောထားသလို ဝမ်းတွေသွားခဲ့ပါတယ်။ အဲဒီနေ့က လုံးဝအဖျားမပေါ်တော့ဘူး။ (၃)ရက်ဆက်တိုက်သောက်လိုက်ပါတယ်။ လုံးဝအဖျားမပေါ်လာတော့ဘူး။ အဲဒီအချိန်ကစပြီး ငှက်ဖျားလုံးဝဖြစ်မလာတော့ပါဘူး။ ယနေ့ဆိုရင် နှစ်ပေါင်း (၂၀) ရှိခဲ့ပါပြီ။ ဝဝဖြိုးဖြိုးနဲ့ စီးပွားရေးကောင်းနေပါတယ်။

ဒါကြောင့် ကျွန်တော် တင်ပြလိုတာက ကုက္ကိုရွက်ဟာ ဘာကြောင့်များ ငှက်ဖျားကိုနှိုင်းသလဲ။ ကုက္ကိုရွက်ထဲမှာ မည်သည့်ဓာတ်များပါဝင်နေသလဲ။ အခုအချိန်ဟာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို တစ်ကမ္ဘာလုံးလုပ်နေကြပါတယ်။ ငှက်ဖျားရောဂါဟာ ဘယ်အထိအရေးကြီးတယ်ဆိုတာ ပညာရှင်တိုင်းသိကြတယ်။ တစ်ထောင့်တစ်နေရာက အကြိုးပြုလိုတာက ကုက္ကိုရွက်ဟာ ဘာကြောင့်များ ငှက်ဖျားရောဂါကိုပျောက်စေသလဲဆိုတာ ဆေးသုတေသနပညာရှင်များက ဝိုင်းပြီး သုတေသနပြုကြပါဦးလို့ တင်ပြရင်း။

ဗန်းမော်ညီညူ

ပေါ်ခဲ့လေသည်။ ခုတော့ သူသမီးကို အတန်းထဲက ကောင်လေးက စာလိုက်ပေးလို့ဆိုပြီး ကျောင်းအုပ်ဆရာမကြီးထံသွားတိုင်ရ၊ အသက်မပြည့်သေးတဲ့ သားငယ်က ကားတက်မောင်းပြီး သူများခြံစည်းရိုးဝင်တိုးလို့ဆိုကာ ရဝက်ရုံးမှာ ဖြေရှင်းရန့်ငွေ် ချစ်ရှ်ရလာသော ချစ်ဒုက္ခတို့ကို ပျော်ပျော်ကြီးခံစားနေရှာလေသည်။

ဟိုတုန်းက ဆိုင်အကူကောင်မလေးအတော်များများ (အားလုံးပါပဲ) သည်လည်း ထင်းရှူးကျီးပေါင်းကြီးညွှန်ပြသည့်ကြောင့်ဖက်များနှင့်ပေါင်းဖက်ကြရပါသည်။ အိမ်ထောင်ရေးကံကောင်းသူလည်းရှိ၊ ယောကျ်ားကိုရှာကျွေးနေရသူလည်းပါသည်ပေါ့။

ငင်းထင်းရှူးကျီးပေါင်းကြီးကပေးသော ဖူးစာရှင်မှာ မှန်လွန်းလို့ဆိုကာ အလွန်နာမည်ကြီးပြီး ဟိုသားရှင်ကဌား၊ ဒီသမီးဌားနှင့်လက်ဆင့်ကမ်းလိုက်သည်မှာ ဘည့ိ ဆေးရုံမှာ အသည်းအသန် ဝေဒနာခံစားနေရချိန် အစအနပျောက်သွားလေသည်။ ယခုမည်သူ့လက်ထဲရောက်နေသည်ကို မှန်း၍ပင်မရတော့ပါ။ ဘည့ိသည်ပင် ဘဝတစ်ပါးသို့ ထင်းရှူးကျီးပေါင်းကြီးအား သယ်သွားလေသည်လား မသိတော့ပါ။

မြို့လယ်ကောင် လူစည်ကားရာ အရပ်မှာနေပြီး သစ်ပင်ကြီးတစ်ပင်၏ အုံ့ညြဖွယ်ရာ ထူးခြားဆန်းကြယ်မှုတို့ကို မျက်မြင်ကိုယ်တွေ့သိရှိလိုက်ရသူများ သူတို့ပါပဲ။

ခိုခို (လေ့လာသူ)

www.burmeseclassic.com

www.burmeseclassic.com

ရှေးသရောအခါက ကာသိတိုင်းဘရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း စိုးစံတော်မူစဉ် တောသူဌေး ပုဏ္ဏားညီနောင် လေးယောက်တို့သည် သတိသံဝေဂရသဖြင့် ဟိမဝန္တာတောခြေတစ်နေရာ၌ တောထွက်ရသေ့ပြုပြီး ကျောင်းသခင်မ်းကိုယ်စီခွဲခြားကာ သီတင်းသုံးလျက်ရှိကြလေသည်ဖြစ်၏။ ထိုအထဲတွင် အကြီးဆုံး နောင်တော်ကြီးရသေ့သည် သီလ၊ သမာဓိ၊ သိက္ခာ ပြင်းပြင်းထန်ထန်ပြည့်ပြည့်စုံစုံ စောင့်စည်းမှုလွန်ကဲမှုကြောင့် ကျန်းမာရေးထိခိုက်ကာ စောစောသေလွန်ခဲ့သည်။ ထိုသေလွန်ပြီးနောက် နောင်တော်ကြီးရသေ့သည် သိကြားမင်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

တစ်ခါသော် သိကြားမင်းသည် လူ့လောကၦ ကျန်ရစ်ခဲ့သော သူ၏ ရသေ့ညီတော်သုံးယောက် အဘယ်သို့ သီတင်းသုံး၍ ဘာများလိုအပ်နေသလဲဟု လှမ်းမျှော်ကြည့်လေသည်။ ထိုအခါ ရသေ့ညီနောင်သုံးယောက်၌ မတူညီသော အလိုဆန္ဒကိုယ်စီရှိနေကြသည်ကို သိကြားမင်း သိရှိသွားလေသည်။

ထို့ကြောင့် သိကြားမင်းသည် အကြီးဆုံးရသေ့ထံသွား၍ မေးသော်ထိုရသေ့က သူ ဖျော့တော့သောရောဂါရှိသဖြင့် မီးမပြတ်အမြဲလိုအပ်သည်ဆို သဖြင့် ပဲခွပ်စကြာ၊ အိတ်စကြာ၊ မီးပွတ်စကြာတို့ကို သိကြားမင်းက ရသေ့ကြီးကို ပေးနှင်းခဲ့လေသည်။ ပဲခွပ်စကြာ၊ အိတ်စကြာကို လက်ခတ်၍စေလွှင့်သစ်သီး၊ သစ်ရွက်၊ ထင်းများကို ခုတ်ဖြတ်၍ အိတ်မှာထည့်ကာပြန်၍လာစေနိုင်သည်ဟူ၏။ မီးပွတ်တိုစေလွှင့် မိမိလိုသလောက်မီးကို ရရှိနိုင်သည် ဆို၏။

သိကြားမင်းသည် ရသေ့လတ်ထံ ရောက်လျှင် ရသေ့လတ်၏ ကျောင်းသခ်မ်းကို ဆင်ရိုင်းများ မကြာခဏလာ



www.burmeseclassic.com

www.burmeseclassic.com

ရောက် နှောင့်ယှက်တတ်သဖြင့် စိုးရွံ့ထိတ်လန့်နေရသည်ဟု ဆိုသောကြောင့် စည်ကြီးစကြာတစ်လုံးကို ပေးနှင်းခဲ့လေသည်။ ထိုစည်ကြီးစကြာ၏အစွမ်းမှာ စည်ကြီးစကြာ၏ အဖိမျက်နှာကို တီးလျှင် ဆင်မြင်းဗိုလ်ပါရန်သူ စသူတို့ကြောက်လန့်ချောက်ချားရှောင်ပြေးကြပြီး စည်ကြီးစကြာ၏ အမမျက်နှာကို တီးခတ်လျှင် ဆင်မြင်းဗိုလ်ပါ စစ်အင်္ဂါလေးပါးတို့ ခြံရံစောင့်ရှောက်ကာကွယ်ပေးတတ်၊ စစ်မက်ဆင်ပေးတတ်သည်ဟူ၏။

သိကြားမင်းသည် ရသေ့ငယ်ထံ ရောက်၍ လိုအပ်သည် မေးမြန်းသောအခါတွင် ရသေ့ငယ်က သူသည် ဓာတ်ချောက်ချားသောရောဂါစွဲကပ်နေသဖြင့် နို့ခမ်းအမြဲတစေလိုအပ်နေသည်ဟု ဆိုလေသော် သိကြားမင်းက ရသေ့ငယ်က နို့ခမ်းအိုးစကြာကို ပေးလေသည်။ ထိုနို့စမ်းအိုးစကြာ၏ အစွမ်းမှာ ဘယ်အချိန်မဆို နို့ခမ်းလိုအပ်လျှင် ထိုနို့ခမ်းအိုးစကြာထဲမှ နို့ခမ်းလိုချင်သလောက်ရရှိနေပြီး ရန်သူလာလျှင် ထိုနို့စမ်းအိုးကို သွန်မှောက်လိုက်ပါက ရန်သူနှင့် မိမိ၏ကြားထဲတွင် မြစ်ကြီးတစ်စင်းခြားနားသွားသည် ဟူ၏။

ထိုရသေ့ညီနောင်သုံးပါးတို့သည် နောင်တော်ကြီး သိကြားမင်းပေးသော ပဲခွပ်စကြာ၊ အိတ်စကြာ၊ မီးခတ်စကြာ၊ စည်ကြီးစကြာ၊ နို့ခမ်းအိုးစကြာများ၏ အကျိုးကျေးဇူးများကို နေ့နှင့်အမျှ ညနှင့်အမျှ ခံစားနေရသည်ဟူ၏။

ထိုအချိန်လောက်တွင် သမုဒ္ဒရာသွားရွက်သင်္ဘောတစ်စီးတွင် သင်္ဘောသားလုပ်နေသော ဗာရာဏသီပြည်က သူကြွယ်တစ်ဦး၏ သားသည် သမုဒ္ဒရာထဲတွင် သူ့သင်္ဘောပျက်သဖြင့် လူမနေသော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိသွားသည်။ ထိုကျွန်းပေါ်တွင် ဣန္ဒိမတီဒို့ တန်ခိုးရှိသော ပတ္တမြားတစ်လုံးကို ပိုင်ဆိုင်သည်။ တောဝက်ကြီးတစ်ကောင်ကို တွေ့ရှိခဲ့လေသည်။ ထိုပတ္တမြားအစွမ်းဖြင့် တောဝက်ကြီးသည် မိုးကောင်းကင်သို့ ပျံသန်းနိုင်ကြောင်းကို သိရှိခဲ့လေသည်။ ထို့ကြောင့် သူကြွယ်သားသည် တောဝက်ကြီး အိပ်မောကျနေစဉ်တွင် ထိုပတ္တမြားကိုရယူပြီး ထိုတောဝက်ကြီးကို ပရိယာယ်သုံးကာ သတ်ဖြတ်ပစ်လိုက်ပြီး ထိုပတ္တမြားအစွမ်းဖြင့် ဟိမဝန္တာတောင်ခြေကြာများပိုင်ရှင် ရသေ့ညီနောင်များ သီတင်းသုံးရာသို့ ရောက်ရှိသွားခဲ့လေသည်။

ပတ္တမြားပိုင်ရှင်သူကြွယ်သားသည် ရသေ့သုံးပါး၏ စကြာများအစွမ်းကို သိရှိသွားသောအခါ ဥပယိတ်မျှဉ်သုံးပြီး ထိုစကြာလက်နက်များကို ရအောင်ယူကာ ထိုရသေ့များကို သုတ်သင်ရှင်းလင်းလိုက်လေသည်။ ထို့နောက် ဗာရာဏသီပြည့်ရှင်မင်းအား တိုင်းပြည်နှင့် သမီးတော်ကို အပ်နှံရန် (သို့) စစ်ထိုးရန် စိန်ခေါ်လိုက်လေသည်။ ဗာရာဏသီမင်းက စစ်ထိုးလာလေသော် သူကြွယ်သားက စည်ကြီးစကြာကို တီးခတ်လျှင် သူ့အား အင်္ဂါလေးပါးနှင့်ပြည့်စုံသော စစ်သည်ရဲမက်များရဲလျက် စစ်ခံလေသည်။ နို့ခမ်းအိုးစကြာကိုမှောက်သွန်၍ မြစ်ကြီးတစ်စင်းကို သူ့စစ်တပ်နှင့် ဗာရာဏသီမင်းစစ်တပ်တွင် ခြားနားစေသည်။ အိတ်စကြာကိုစေလွှတ်၍ ဗာရာဏသီမင်း၏ ဦးခေါင်းကို ဖြတ်ယူစေသည်။ ဤနည်းဖြင့် သူကြွယ်သားသည် ဗာရာဏသီပြည်တွင် ဒဓိပါဟနမင်းအဖြစ်နှင့် အုပ်စိုးခွင့်ရသွားလေသည်။ ဤကား ငါးရာ့ငါးဆယ်နီပါတ်တော်လာ ဒဓိဝါဟနဇာတ်ကွက်ပင် ဖြစ်သည်။

ဤနေရာတွင်ပြောစရာတစ်ခုက စကြာဆိုတိုင်း စကြာမင်းတို့၏ စကြာနှင့် မတူပါချေ။ ရသေ့တို့၏ စကြာလက်နက်သည် လည်၍ပျံမှတက်တတ်ပေမယ့် စေခိုင်းတိုင်း ပျံလွှား၍ပြီးပြည့်စုံအောင် ပြုလုပ်ပေးနိုင်စွမ်းရှိသည်ဟူ၏။ စကြာမင်းတို့၏ စကြာရတနာကတော့ မြေလျှိုးမိုးပျံ နတ်ပြည်၊ ငရဲပြည်သွားနိုင်စွမ်း၊ ရောက်နိုင်စွမ်းရှိသည်ဟူ၏။

မြန်မာစာအဘိဓာန်ထဲ စကြာမင်းခေါ် စကြဝတေးမင်းကို စကြာယာဉ်ရသောမင်းဟု ပြဆိုထားသည်။ စကြာကို စကြာမင်းစီနင်းသော အထူးယာဉ်ဟု ဖွင့်ဆိုထားပြန်သည်။ ဗုဒ္ဓဝင်စာပေများထဲ၌ မဟာသုဒဿနဇာတ်၊ ကလိင်္ဂဗောဓိဇာတ်၊ မန္ဓာတ်ဇာတ်တို့တွင် စကြာမင်းများအကြောင်း ဖော်ညွှန်းထားသည်ကို တွေ့ရှိရပေသည်။ စကြဝတေးမင်းခေါ် စကြာမင်းတို့သည် ဖွားမြင်စကပင် ခြေဖဝါးတွင် စကြာပုံတောင်းတံဆိပ်လက္ခဏာပါရှိပြီး ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်ငါးရာနှင့်တကွ မြင်းမိုရ်တောင်ကိုပင် စိုးမိုးခွင့်ရရှိသည် ဟုဆို၏။ စကြာမင်းဆိုလျှင်-

၁။ စကြာပုံတောင်ရတနာ၊
၂။ ဆင်ပျံရတနာ၊
၃။ မြင်းပျံရတနာ၊
၄။ ပတ္တမြားရတနာ၊
၅။ မြောက်ကျွန်းသူမိဖုရားရတနာ၊
၆။ သားကြီးဩရသရတနာ၊
၇။ သူဌေးရတနာ ဟူသော ရတနာ (၇) ပါးကို ပိုင်ဆိုင်ရသည်ဟူ၏။

အင်္ဂတ္တရဋ္ဌကာ၌ စကြာမင်းကျင့်ဝတ် (၃) ပါး၊ စကြာမင်းကျင့်ဝတ် (၁၀) ပါး၊ စကြာမင်းကျင့်ဝတ် (၁၂) ပါး စကြာမင်းဖြစ်ကြောင်း ကုသိုလ် (၃) ပါးဟူ၍ ပါရှိရမည်ကို တွေ့ရှိရပေသည်။ ဤကျင့်ဝတ်ကုသိုလ်များသည် စကြာမင်းဖြစ်စေသော အကြောင်းရင်းခံပင် ဖြစ်သည်။

ဤနေရာမှာ စကြာရတနာခေါ် စကြာပုံတောင်းရတနာနှင့်ပတ်သက်၍ ပြောဆိုလိုခြင်းပင် ဖြစ်သည်။ ပုံတောင်းဆိုသည်မှာ တခြားမဟုတ်။ နွားလှည်းဘီး သဏ္ဌာန်၊ မြင်းလှည်းဘီးသဏ္ဌာန်ပင် ဖြစ်သည်။ စကြာပုံတောင်ဆိုသည်မှာ လည်း ၎င်းဘီးသဏ္ဌာန်မျိုးပင် ဖြစ်သည်။ ဤစကြာပုံတောင်းရတနာသည် စကြာမင်းခေါ် စကြဝတေးမင်းတို့သာ စီးနင်းအပ်သော အထူးယာဉ်တစ်မျိုးပင် ဖြစ်သည်။

ဤစကြာပုံတောင်းယာဉ်သွားလာလှုပ်ရှားပုံနှင့် စပ်လျဉ်း၍ မန္ဓာတ်စကြာမင်းဝတ္ထုဇာတ်ထဲ၌ ဤသို့ဆိုထားသည်ဖြစ်၏။ ပုံတောင်းအကန့်အကွက်နှင့်ပြည့်စုံသော ကောင်းကင်၊ မြေထဲကိုလှုပ်ခွဲ၍ သွားလာနိုင်သည့် စကြာရတနာ (စကြာအထူးယာဉ်)ကိုရသည်ဖြစ်၍ ထိုစကြာရတနာကို ရှေ့တင်လျက်၊ ကောင်းကင်ခရီးဖြင့် ဗိုလ်ပါပရိသတ်နှင့်တကွ လေးကျွန်းစလုံးကို လှည့်လည်လျက် နံနက်စာမစားမီ ကုသာဝတီနေပြည်တော်ပြန်ရောက်ရှိနိုင်သည်ဟု ဆိုထားသည်ကို တွေ့ရပေသည်။ အထက်နတ်ပြည်သို့ တက်ရောက် သွားရောက်လိုသောအခါတွင် စကြာရတနာကို ရွှေခရားဖြင့် ရေသွန်းလျက် တိုက်တွန်းပြီးလျှင် ထက်ဝန်းကျင်ခစားသော ပရိသတ်နှင့်တကွ အထက်နတ်ပြည်ကို တတ်ရောက်နိုင်ပေသည်ဟူ၏။ အောက်ရပ်လူပြည်ပြန်သွားလိုသောအခါတွင် စကြာရတနာကို ရွှေခရားဖြင့် ရေသွန်းတိုက်တွန်းလျက် လိုက်လိုသောပရိသတ်နှင့်အတူ ကုသာဝတီပြည်သို့ ရောက်ရှိနိုင်သည်ဟူ၏။ ဤစကြာရတနာပိုင်ရှင် စကြာမင်းခေါ် စကြဝတေးမင်းကို တချို့ကျမ်းများ၌ ပုညပဒစက္ကဝတ္တိရာဇာ (ဝါ) ပုညပဒစကြာမင်းဟု သမုတ်ခေါ် ဝေါ်ကြပါသေး

www.burmeseclassic.com

သည်။ ထို့စကြာရတနာခေါ် စကြာအထူးယာဉ်သည် ရှေးကပြုခဲ့ဖူးသော စကြာမင်းဖြစ်စေနိုင်သည့် အကျင့်သီလ တုသိုလ်များကြောင့် စကြာမင်းခေါ် စကြဝတေးမင်းတို့သာပိုင်ဆိုင်ခွင့်ရသော သီးသန့်ထူးခြားသည့်ယာဉ်တစ်မျိုးဖြစ်သည်ဟု ဆို၏။

ဤစကြာရတနာခေါ် စကြာအထူးယာဉ်လို ထူးထွေဆန်းပြားသော ဘခြားယာဉ်တစ်မျိုးကတော့ ဖုဿရထားပင် ဖြစ်လေသည်။ သဋ္ဌိနိပါတ် အရိန္ဒမာဇာတ်တော်ထဲတွင် 'ရာဇဂြိုဟ်ပြည် မာဂဓမင်း၏ သားတော် အရိန္ဒမာမင်းသားနှင့် ပုရောဟိတ်ကြီး၏သား သောဏကသတိုးသားတို့ တက္ကသိုလ်ပြည်မှ ပညာသင်ကြားပြီး၍ အပြန် လမ်းခုလတ် ဘရာဏသီပြည့်ရှင်မင်းကြီး၏ ဥယျာဉ်တော်တွင် ဝင်ရောက်နားနေစဉ် မင်းသားက ကျောက်ဖျာကြီးပေါ် တက်ရောက် အိပ်စက်အနားယူနေပြီး သတိုးသားက သစ်တစ်ပင်အောက်တွင်တရား ဆိုင်နေသည်။

တိုက်ဆိုင်မှုတစ်ရပ်က ဘရာဏသီပြည်တွင် ပြည့်ရှင်မင်းကြီး နတ်ရွာစံသည်မှာ ထိုနေ့မှာပင် (၇) ရက်ပြည့်သောနေ့ဖြစ်နေပေသည်။ ထို့ကြောင့် ဘရာဏသီ ရွှေပြည်ရွှေနန်း၏ မှူးကြီးတော်ကြီး၊ ပုဏ္ဏားကြီးတို့သည် နတ်ရွာစံသောမင်း၌ သမီးတော်သဘင်္ဂဖွန်ရစ်ခဲ့ရာ ဘုံထုံးဥပဒေများအရ ထီးနန်းဆက်ခံခွင့်မရှိသဖြင့် သူမနှင့် လက်ဆက်ပြီး ထီးနန်းဆက်ခံမည့် မင်းလောင်းရှာဖွေရန် အလို့ငှာ ဖုဿရထားကို စီရင်စေလွှတ်ရာ နောက်ဆုံးတွင် မင်းဥယျာဉ်တော်မင်္ဂလာကျောက်ဖျာတော်မှာ လဲလျောင်း အိပ်စက်နေသော အရိန္ဒမာမင်းသားအနီးတွင် ဆိုက်ရောက်လေသည်။ ဆက်ကြပ်မကွာ ရောက်ရှိလာသော ဧကမတ်၊ ပုဏ္ဏားပညာရှိတို့က မင်းသား၏ ရုပ်ရည်လက္ခဏာများကို လေ့လာကြပြီး ကျေနပ်မှုရှိလျှင် တူရိယာငါးပါး မြေတုန်ဟည်းအောင် တီးခတ်စေသည်။ ထိုမင်းသား အလန့်တကြား ဆောက်ခွားမှုကို မတွေ့လျှင် မှူးမတ်တို့သည် အရိန္ဒမာမင်းသားကို ဘရာဏသီရွှေပြည်ရွှေနန်း၏ ဘုရင်မင်းတရားအဖြစ်အုပ်ချုပ်ရန် ပင့်ခေါ်လေသည်။ အရိန္ဒမာမင်းသားသည် ဘရာဏသီသည် နတ်ရွာစံမင်းကြီး၏ သမီးတော်နှင့် ထက်ဆက်ပြီး ဘရာဏသီရွှေပြည်ရွှေနန်းကို စိုးစံမင်းလုပ်လေသည်။

ဤနေရာမှာ အထူးတလည် ထောက်ပြပြောဆိုချင်သည်က ရှေးရှေးတုန်းက တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရန် မင်းမရှိသောအခါတွင် ယခုဆိုနေသော ဖုဿရထားစီရင်စေလွှတ်ပြီးမင်းလောင်းရှာဖွေလေ့ရှိကြသည်ဟူ၏။ ဤသို့ပင် လျှင် ဇာတ်ကြီးဆယ်ဘွဲ့ဝင် မဟာဇနကဇာတ်၊ ဇနိပါတ် စူဠဇနကဇာတ်၊ ဆတ္တနိပါတ် ဒရိမုခဇာတ်၊ ဇကာဒသနိပါတ် နိဂ္ဂြောဓဇာတ်တို့တွင် ဖုဿရထား စေလွှတ်၍ မင်းလောင်းရှာဖွေပုံကို တခမ်းတနား ဝေဝေဆာဆာ ဖော်ပြထားသည်ကို တွေ့ရှိရနိုင်ပေသည်။

ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာသည်က ဖုဿရထား ဟူသည် အဘယ်နည်း။ ဖုဿရထားဆိုသည်မှာ တခြားမဟုတ်။ မင်းစီးမင်္ဂလာရထားကို စီရင်လျက် မင်းလောင်းရှာဖွေပေးရန် စေခိုင်းသည့်အတိုင်း လုပ်ဆောင်ပေးနိုင်သည်ဟူ၏။ ဤဖုဿရထားကို တချို့က ဖုတ်သွင်းရထားဟု နားလည်မှုလွဲစွာ သမုတ်ကြသည်။ လောကီပညာဖြင့် ဖုတ်ပြိတ္တာများကို စေစား၍ ရထားကို သွားလာစေသည့်သဘောသက်ရောက်သွားသည်။

ဤသည့်နှင့်ပတ်သက်၍ ၁၁၂၁ ခုနှစ် မင်းလက်ဝဲနော်ရထာမေးလျှောက်၍ တောင်တွင်းသာသနာပိုင်ဆရာတော် ဖြေဆိုချက်က ရှင်းလင်းမှုပေးသွားစေမှာ ဧကန်ဖြစ်သည်။ ၎င်းမှာ ဖုတ်သွင်းရထား (ဖုဿရထား) ဟူသည် မင်းစီးရထားကိုပင် ဆိုလိုသည်။ ထိုဖုတ်သွင်းရထား (ဖုဿရထား) ကို ဥယျာဉ်၊ ရေကန်သို့ မင်းထွက်လျှင် မြင်းမှ၍ စီးစမြဲဖြစ်သည်။ မင်းမရှိ၍မင်းလောင်းရှာစေသောအခါလည်း မင်္ဂလာရထားတွင် မြင်းကပြီးလျှင် (မင်းဖြစ်ထိုက်သူရှိရာ ဆိုက်စေသော်) ဟု ပြည်သူ့အပေါင်းတို့ သစ္စာအဓိဋ္ဌာန်ပြုလျှင် ထိုဖုတ်သွင်းရထား (ဖုဿရထား) ကို မြင်းပင်ရုန်း၍ မင်းပြုထိုက်သူရှိရာ ဆိုက်ရောက်လေသည်။ တစ်စုံတစ်ခုသော ဝိဇ္ဇာမယအတတ်ဖြင့် သွားသည်မဟုတ်။ ပကတိပင် မြင်းရုန်း၍ သွားသည်။ လူတို့သစ္စာအဓိဋ္ဌာန်၏အာနုဘော်ကြောင့် မင်းပြုထိုက်သူရှိရာသို့ဆိုက်လေသည်ဟူ၍ ဖြစ်၏။ ဤနေရာမှာ သစ္စာသည်သာ အဓိက၊ အဓိဋ္ဌာန်သည် ပဓာနဟု ဆိုလိုရာရောက်နေပေသည်။

တစ်ခါ ကေနိပါတ် အင်္ဂုတ္တိရဲ့ ဋီကာထဲတွင် 'ဖုဿရတန္တိမင်္ဂလံရထံ' ဟူ၍ ဖုဿရထားကို မင်္ဂလာရထားဟု ဖွင့်ဆိုပြကာ ဖုဿနက္ခတ် (ဖုဿနက္ခတ်) နှင့် ယှဉ်ကြွိုက်လျက် ဤမင်းလောင်းရှာမင်္ဂလာရထားကိုလွှတ်အပ်သောကြောင့် ဖုဿရထားဟု တွင်ဆိုသည်ဟု ပြထားလေသည်။ အဘိဓာန်ဋီကာထဲတွင်လည်း ဖုဿနက္ခတေန-ဖုဿနက္ခတ်ဖြင့် ကတောသဇ္ဇတော - စီရင်အပ်သော၊ ရရထော - ရထားသည်၊ ဣတိ - ထို့ကြောင့်၊ ဖုဿရထော - ဖုဿရထားမည်သည်ဆိုထားပြန်သည်။

အရေးကြီးသောတစ်ချက်ကတော့ ဖုဿရထား၌နှစ်မျိုးရှိသည်။ တစ်မျိုးက မြင်းကသော မောင်းသူမဲ့ မင်းစီးမင်္ဂလာရထားဖြစ်ပြီး နောက်တစ်မျိုးမှာတော့ မြင်းမကသော မင်းသူမဲ့ မင်းစီးမင်္ဂလာရထားပင် ဖြစ်သည်။ နှစ်မျိုးစလုံးကို သစ္စာအဓိဋ္ဌာန်ပြု၍ စေလွှတ်ရသည် ချည်း ဖြစ်သည်။

သိကြားမင်းပေးသော စကြာလက်နက်၊ စကြဝတေးမင်း၏ စကြာရတနာ၊ မင်းလောင်းရှာဖွေပေးသော ဖုဿရထားကဲ့သို့ပင် ဗုဒ္ဓစာပေထဲ၌ တခမ်းတနားဖော်ပြချက်တစ်ခုကတော့ စက္ကောမအတတ်၊ ဘူတဝါမာနအတတ် ဟု ဆိုရမည့် (၀၊) ဆိုထိုက်သည့်ယန္တရားအတတ်ပင် ဖြစ်သည်။ ၎င်းကို ဓမ္မပဒဥတေနရာဇာဝတ္ထုထဲတွင် ဖုံးတစ်ဝက် ပေါ်တစ်ဝက် ရိုးတိုးရိပ်တိပ်တွေ့ရှိရပေသည်။ ကောသမ္ဗီပြည့်ရှင် ဥတေနမင်းသည် တောထဲမှ မွေးစားဖခင် အာလကပဂရသေ့ကြီးထံမှရရှိလာသော ဆင်ကို စေစားနိုင်သည်၊ ဆင်ကိုပိုင်နိုင်သည့် ဟိတ္ထိကန္တမန္တန်နှင့် ဟိတ္ထိကန္တစောင်းတို့ အောင်ပွဲတစ်ခုပြီးတစ်ခုရရှိနေသည်ကို ထီးပြိုင်နန်းပြိုင်ဖြစ်သော ဥဇ္ဇနီပြည့်ရှင် စဏ္ဍောပဒ္ဒေါတမင်းက အားကျလိုချင်တပ်မက်သဖြင့် ဥတေနမင်းထံမှထိုဟိတ္ထိကန္တမန္တန်နှင့် ဟိတ္ထိမန္တာန်ကို ရအောင် ဥပါယ်တမျှင်ဖြင့်ကြံစေလေတော့သည်။

စဏ္ဍောပဒ္ဒေါတမင်းသည် သာမန်ပကတိဆင်ပြောင်ကြီးထက် ပိုမိုအလုံးအရပ်ကြီးမားသည့် လှပ်ရှားနိုင်သော ဆင်ရုပ်ကြီးတစ်ခုကို ပြုလုပ်စေကာ ထိုဆင်ရုပ်ထဲတွင် လူ (၆) ယောက်ခန့် ဝင်ရောက်စေလျက် ဥဇ္ဇနီပြည့်နှင့် ကောသမ္ဗီပြည်နယ်စပ် ခွဲနွှဲပေါသော ရေကန်တစ်ခုတွင် သွားလာလှုပ်ရှားစေပြီး ကောသမ္ဗီပြည်ဘက်သို့ နယ်စပ်အနီးတွင် ဧရာမဆင်ပြောင်ကြီးတစ်ကောင် ပေါ်ထွက်လှုပ်ရှဲကြောင်း သတင်းကြွေး

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါခဲ့လေသည်။

ဆရာဦးလှိုင် မေ့မရွေ့စွာခွဲမက်တတ်သော ဥာဏ်ရောင်းသည် တခြားဘာဘာညာညာကို မဆင်ခြင်မသုံးသပ်တော့ဘဲ သူ၏ ဟိတ္ထိကန္ဓမန္တန်၊ ဟိတ္ထိကန္ဓစောင်းအားကိုးဖြင့် ထိုဆင်ရုပ်ကြီးကို တကယ့်ဆင်ကြီးအမှတ်ဖြင့် ဖမ်းဆီးရန် ကြိုးစားလေတော့သည်။ သို့သော် ထိုဆင်ကြီးသည် တကယ့်ဆင်မဟုတ်ဘဲ လူထိန်းချုပ်လှုပ်ရှားသောဆင်ဖြစ်ရကား မခံချိမခံသာ နှိုးဆွကလူပြုလုပ်ရင်းဖြင့် ရွှံ့နှံ့ထူပြောသောရေကန်စပ်သို့ သွေးဆောင်ဖြားယောင်းယူသွားရာ၌ ဥတေနမင်းနှင့် သူ၏စီးတော်ဆင်သည် သူတို့လူများနှင့် ကွင်းဆက်ပြတ်သွားပြီးလျှင် နယ်ကျွံသွားလျက် နောက်ဆုံးမှာ ဥတေနမင်းနှင့် သူ၏ စီးတော်ဆင်သည် ရွှံ့နှံ့ပြင်ထဲ နစ်ကျွံသွားကာ စင္ကောပဒေါမင်း၏လူတို့ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံရလေတော့သည်။

ဤတွင် မေးစရာတွေးစရာဖြစ်လာသည်။ စင္ကောပဒေါမင်း၏ဆင်ရုပ်ကြိုးသည် အဘယ်သို့သောဆင်ရုပ်ကြိုးနည်း။ ဘယ်သို့ဘယ်ပုံ တကယ့်ဆင်နှင့်တူလေအောင် သွားလာလှုပ်ရှားနိုင်သနည်း။ စင္ကောမအာဏာပညာ၊ ဘူတဝါဟန အာဏာပညာတို့၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ယန္တရားအတတ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်လေသူလား။

တစ်ဖန် ကဋဝါဟနဇာတ်ထဲတွင် ကောသမ္ဗီပြည်ရှင် ဥတေနမင်းနှင့် ဝါသုလဒတ္တာမိဖုရားကြီး၏ သားတော်ဖြစ်သော ဗောဓိကုမာရမင်းသားသည် တစ်ခါ၌ လူတကာတို့ မတုပနိုင်အောင် လှပမွေ့လျော်ပြီးလျှင် ကြီးကျယ်ခမ်းနားထည်ဝါလှသော ကော်ကနုအမည်ရှိသည့် ပြာသာဒ်ဗိမာန်ကြီးကို ကဋဝါဟန အမည်ရှိသော ဗိသုကာဆရာကြီးအား ဆောက်လုပ်စေခဲ့ရာ ဆရာကြီးသည် စိတ်တိုင်းကျ ပညာစွမ်းပြ ဆောက်လုပ်သည်ဖြစ်၍ ကောကနုပြာသာဒ်ဗိမာန်ကြီးသည် ခန့်မှန်းသည်ထက် ပိုမိုထည်ဝါခံ့ညားလှပ မွေ့လျော်ဖွယ်ကောင်းနေသဖြင့် ဗောဓိမင်းသားသည် ကဋဝါဟန ဆရာကြီးသည် နောင်တွင် ယခုထက်ပိုမိုကောင်းမွန်သောလက်ရာကို မပြုလုပ်စေလိုသောစိတ်ပေါ် ပေါက်လာသဖြင့် ဤကောကနုဗိမာန်ပြာသာဒ်ကြီးပြီးလျှင် ဤကဋဝါဟနဆရာကြီးကို လက်စတုံးသတ်ဖြတ်ပစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဤသည်ကိုရိပ်မိသော ကဋဝါဟန ဆရာကြီးသည် ကောကနုဗိမာန်ပြာသာဒ်ကြီးကို အချိန်ဆွဲပြုလုပ်ပြီးလျှင် ၎င်းအပေါ်တွင် ဂဠုန်ရုပ်တစ်ခုကို ဆောလျင်စွာပြုလုပ်လေ၏။ ထိုဗိမာန်ပြာသာဒ်ပြီးစီးချိန်တွင် ဂဠုန်ရုပ်လည်း ပြီးစီးသွားသဖြင့် ထိုဂဠုန်ရုပ်ထဲကို ကဋဝါဟနဆရာကြီး၊ သူ၏ မိသားစု၊ သူ၏ တပည့်လက်သားတို့ ဝင်ရောက်ကာ ထိုဂဠုန်ရုပ်ကို မိုးပေါ်တက် ပျံသန်းစေပြီး မြောက်ဘက် ဟိမဝန္တာတောင်ဘက်သို့ ပျံသွားခဲ့လေသည်။ ဟိမဝန္တာတောင်တန်းပေါ် တစ်နေရာရောက်လျှင် သူတို့သည် ကဋဝါဟနတိုင်းပြည်ကို တည်ထောင်နေထိုင်ကြသည် ဟူ၏။

ဤတွင်မေးခွန်းထုတ်စရာဖြစ်လာသည်က ကဋဝါဟနဆရာကြီးတို့ စီးနင်းသွားသော ထိုဂဠုန်ရုပ်သည် စင္ကောမအတတ်၊ ဘူတဝါဟနအတတ်တို့နှင့် ပြုလုပ်ထားသော ယန္တရားရုပ်များဖြစ်လေသလား။

နောက်စိတ်ဝင်စားစရာကောင်းသည်က ပါဠလိပုတ်ပြည့်ရှင် တတိယသင်္ဂါယနာတင်ပွဲဒါယကာ သီရိခမ္မာသောကမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သော ကောန္တပုတ္တတိဿမထေရ်၊ သုမိတ္တမထေရ် ရဟန္တာညီနောင်တို့၏ မယ်တော် ကောန္တဒေဝီနှင့် ပတ်သက်၍ ဖြစ်သည်။ သုတ်မဟာဝါအဋ္ဌကထာတို့တွင် ထိုရဟန္တာညီနောင်တို့သည် ပါဠလိပုတ်ပြည်သား မုဆိုးကြီးတစ်ဦးနှင့် ကောန္တဒေဝီအမည်ရှိသော ကိန္နရာမတို့မှ မွေးဖွားသည်ဟုဆိုထားသော်လည်း မဟာဝင်ဒီပါဝင်ထဲမှာမူ ကောန္တဒေဝီသည် ကိန္နရာမဟုမဖြက်ဆိုဘဲ ဆိုခဲ့သော ကဋဝါဟနမင်း၏အဆက်အနွယ်မင်းသမီးတစ်ဦးဖြစ်ပြီး တောနက်ထဲတွင် ယန္တရားဂဠုန်ဌက်ရုပ်ငယ်တစ်ခုကို စီးနင်း၍ မြူးထူးပျော်ပါးကစားနေစဉ် ထိုပါဠလိပုတ်ပြည်သား မုဆိုးနှင့် တွေ့ဆုံခွစ်ကြိုက် ပေါင်းဖက်ကြသဖြင့် ထိုရဟန္တာညီနောင်လျောင်းလျာနှစ်ဖော်ကို မွေးဖွားသန့်စင်သည်ဟု ဆိုကြပြန်သည်။

ထို့ထက်ပို၍စိတ်ဝင်စားစရာလှကောင်းသည်က ပထမသင်္ဂါယနာတင်ပွဲဒါယကာ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်း စီရင်တည်ဆောက်ခဲ့သော ဘုဉ်ဘုရားရှင်၏ သရီယဓာတ်တော်တို့ကို တတိယသင်္ဂါယနာတင်ပွဲ ဒါယကာ ပါဠလိပုတ်ပြည့်ရှင် သီရိခမ္မာသောကမင်းက တူးဖော်ပင့်ဆောင်ယူပုံကိုပင်ဖြစ်၏။

သုတ်မဟာဝါအဋ္ဌကထာတို့တွင် အဇာတသတ်မင်းကြီးသည် ဇမ္ဗူဒိတ်တစ်ခွင်တွင် ပြန့်ကျဲနေသော ဘုဉ်သရီရဓာတ်တော်များကို စုစည်းလျက် သာသနာ့ရွေ့ရေးကို မျှော်တွေးလျက် ဓာတ်တော်တိုက်တည်ဆောက်ကာ စီရင်ထားရှိခဲ့ကြောင်း၊ သို့ကြားမင်း၏ စေစားချက်အရ ဝိသုကြံနတ်သားသည် လေထက်လျင်မြန်စွာ ပတ်ပတ်ဝန်းဝန်းလည်လှည့်နေသော သန်လျက်စွဲရုပ်တုများ၊ ယန္တရားများအချင်းချင်းခတ်နေသော သရဲယန္တရားများ၊ လက်နက်ယန္တရားများကို တပ်ဆင်ပေးလျက် ဓာတ်တော်တွင်းကို ကျောက်ဖျာကြီးဖြင့် ပိတ်ဆို့ခဲ့ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။ ဒီပါဝင်မဟာဝင်များမှာမူ အဇာတသတ်မင်း၏ ဓာတ်တော်တိုက်၌ ယန္တရားစီရင်ခြင်းကို ရောမတိုင်းက ပညာသင်ယူခဲ့သော ယန္တရားပညာရှင်တို့ကစီရင်သည်ဟု ဆိုထားသည်ကို တွေ့ရှိရသည်။

နောင်နှစ်ပေါင်း (၁၃၀) ခန့် အကြာတွင် ပါဠလိပုတ်ပြည့်ရှင် သီရိခမ္မာသောကမင်းကြီးက အဇာတသတ်မင်း၏ ဓာတ်တော်တိုက်ကို ဖွင့်ယူပြီး ဆောင်သောအခါတွင် ထိုဓာတ်တော်တိုက်၌ စီရင်ထားခဲ့သော ယန္တရားများကို ယန္တရားစက်များကို ဝိသုကြံနတ်သားကဖယ်ရှားပေးခဲ့သည်ဟု သုတ်မဟာဝါအဋ္ဌကထာတို့မှာဆိုထားသော်လည်း မဟာဝင်ဒီပါဝင်ထဲ၌မူ အဇာတသတ်မင်း၏ဓာတ်တော်တိုက်ကို ယန္တရားစီရင်တည်ဖွဲ့ပေးခဲ့သော ယန္တရားပညာရှင်တို့၏ အဆက်အနွယ် မျိုးဆက်သစ်တို့က ဖြုတ်ချတ်ဖျက်သိမ်းပေးခဲ့ရသည်ဟု ညွှန်းဆိုထားသည်ကို တလေးတနက် တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ ဤသည်တို့သည် စင္ကောမအတတ်၊ ဘူတဝါဟန အတတ်၊ ယန္တရားအတတ်တို့၏သဲလွန်စသင်္ကေတအညွှန်းပင်ဖြစ်သည်ဟု ဆိုနိုင်ရန်မည်ထင်သည်။

ဆိုခဲ့သမျှကို ချုပ်၍ဆိုရလျှင် ထိုစကြာလက်နက်၊ စကြာရတနာ၊ ဖုတ်ရထား၊ ယန္တရားအတတ်တို့သည် ဒဏ္ဍာရီလား၊ ဂန္ဓာရီလား၊ ကလာသိပ္ပံအထာလား၊ အဋ္ဌရသသိပ္ပအတတ်လား စသည်စသည်ဖြင့် တနက်ရှိုင်းရှိုင်း လေ့ထုံးသုံးသပ်စရာဖြစ်နေသည်ကတော့ အမှန်ပင်။

ဒေးဗွင်နှင့်အေး

www.burmeseclassic.com

www.burmeseclassic.com

စာစု (၁)

ခရစ်နှစ် ၁၉၂၉ ခုနှစ်။ မြန်မာတစ်နိုင်ငံလုံး ဩတီသျှကိုလိုနီနယ်ချဲ့တို့၏လက်အောက်သို့ ကျရောက်နေသောအခါသမယ။

စာစု (၂)

"ဟေ့-ငထီး၊ မျက်နှာမသာမယာဖြစ်လာပုံထောက်တော့ မောင့်ဇနီး မိစိန်နဲ့ ရန်ဖြစ်ခဲ့ပြန်ပြီထင်တယ်"

ဦးစံ၏အမေးကို ငထီးအဖြေပြန်မပေးနိုင်ဘဲ ကုက္ကိုပင်ရိပ်အောက်တွင် ပြုလုပ်ထားသည့် ကွပ်ပျစ်ကြီးပေါ် သို့ခြေပစ်လက်ပစ်ဝင်ရောက်ထိုင်ချလိုက်၏။ တစ်ဆက်တည်းပင် သက်ပြင်းပူကြီးကို ဆူဝေစွာဖြင့် မှုတ်ထုတ်လိုက်၏။ ဒေါသစိတ်၏ ဖိစီးမှုကြောင့် အိမ်မှ တရစပ်လွှောက်လှမ်းလာခဲ့သော ငထီး တစ်ယောက် စကားပြန်ပြောဖို့နေနေသာသာ အမောပင်မပြေနိုင်သေး။ ဒါကို ဦးစံကရိပ်မိသည်။

"မောင့်ကြည့်ရတာမသက်မသာရှိလိုက်တာကွာ။ ရော့-ရေသောက်လိုက်ဦး"

ဦးစံက အနီးရှိရေအိုးစင်မှ ရေတစ်ခွက်ခပ်ကာ လှမ်းပေးလိုက်သည်။ ငထီးအကြောင်းကို ဦးစံအဖို့ တစ်ရွာသားချင်းမို့ အတွင်းသိအစင်းသိ။ ဦးစံပေးလိုက်သည့်ရေခွက်ကို ငထီးဆွဲယူပြီး တစ်ရှိန်ထိုးမော့ချလိုက်သည်။ အမောပြေသွားသော်လည်း ရင်ထဲတွင်ရှိနေသည့် ဒေါသအစိုင်အခဲကတော့ ငထီးမပြေနိုင်သေး။ သို့နှယ်ဖြစ်လာတိုင်းငထီး၏နားခိုရာက ဦးစံ၏ကုန်စုံဆိုင်သာ ဖြစ်သည်။ ဦးစံ၏ကုန်စုံဆိုင်ကလော့ကားတစ်ရွာလုံးကင်းလို့မရသည့် ဆိုင်ဖြစ်သလို အကြွေးစနစ်ဖြင့်ပါရောင်းချပေးသောကြောင့် အားကိုးအားထားအမြဲပြုနေရသည့်ဆိုင်လည်း ဖြစ်သည်။ စီးပွားရေးလောဘမြင်သော ဦးစံက သူ၏ဆိုင်ကလေးကို လော့ကားဘူတာရုံအနီးတွင်ဖွင့်လှစ်ထားကာ စားသောက်ကုန်၊ လူသုံးကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သောပစ္စည်းများကိုသာမက တိုလီမုလီအဆုံး လိုချင်တာအကုန်ရအောင် စီမံပေးထားသည်။ သို့သာမက ထမင်းဆိုင်နှင့် ကဖီးကိုပါ တွဲဖက်ရောင်းချပေးသည်။ နေဝင်လျှင် သွေးတောင်းရှိ တစ်ခွက်တစ်ဖလားသုံးဆောင်တတ်ပါသည်ဆိုသော လူကြီး၊ လူငယ်များအတွက်လည်း လိုင်စင်မဲ့ပုလင်းကလေးများကိုပါ တိုးတိုးတိတ်တိတ်ရောင်းချပေးသေးသည်။ ထို့ကြောင့် လော့ကားရွာကလေးသို့ရောက်လာသော မင်းသား ထမ်း၊ စာရေးစာချီများနှင့်ကုန်သည်များကျန် ဦးစံဆိုင်ကို မပတ်သက်ဘူးမရှိ။ ဦးစံကလည်း သူ၏ဆိုင်ကို ကျန်းခင်းကျင်းထားသည်။ ဩတီသျှအစိုးရအရာရှိကြီးငယ်များ ဝင်ထွက်စတည်းသည့်အတွက် သူ့ဆိုင်အတွင်း၌ ဝိတ်ဘုရင်မကြီးနှင့် ဆဋ္ဌမမြောက်ကျော်ဘုရင်းမြတ်၏ ရုပ်ပုံကားချပ်နှစ်ခုကို အတွင်း ဝဲ၊ ယာတွင် ခမ်းနားစွာယှဉ်၍ တန်ဆာဆင်ထားသည်။ ဒါတင်မကဆိုင်ရှေ့ရှိ ကုက္ကိုပင်ရိပ်အောက်ထွ လည်း ကွပ်ပျစ်တစ်ခုပြုလုပ်၍ စင်တည်ကာ ဘူတာအတွင်းသို့ဝင်ထွ သွားလာကြသည့် ရွာခံနှင့်ခရီးသွားများ အတွက် နားခိုရာအဖြစ် စီမံထားသည်။ ထို့ကြောင့်လည်း ဦးစံ၏ ဆိုင်သည် လော့ကားရွာကလေး၏ စိုက်ရာဌာန ဖြစ်နေခြင်းပင်။ မှန်သည်

www.burmeseclassic.com

www.burmeseclassic.com

ငွေစိုး
(ရွှေကြွန့်မြေ)
သေချည်တစ်ခွက်

တကယ်လည်း ဦးစံ၏ကုန်စုံဆိုင်သည် ရွာခံလူအပေါင်း၏ နားခိုရာနေရာတစ်ခုပင်။ ယခုလည်း ထီးတစ်ယောက်အိမ်သူနှင့် ကတောက်ကဆဖြစ်ကာ ရောက်လာပြန်ချေပြီ။

"ထုံးစံအတိုင်းပေါ့ ဦးကြီးရော၊ ဦးကြီးတူမက ကျွန်တော့်ဆို ဘယ်လိုအပြစ်ပြောရမလဲ ဆိုတာကို အမြဲစဉ်းစားနေတာ"

စိတ်ပျက်လက်ပျက်အမူအရာနှင့်ပြောလိုက်သော ထီးကေားကြောင့် ဦးစံပြုံးလိုက်သည်။ အကြောင်းမဲ့မဟုတ်၊ အရင်းစစ်တော့ ထီး၏အပြစ်က ခပ်များများ။

"ဆိုပါဦး ဖြစ်ပုံက"

ဦးစံက ထီးကို စကားထောက်ပေးလိုက်သည်။ ထီးကလည်း မတီးဘဲနှင့်မြည်ချင်နေသူ။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလေ၊ ကျွန်တော့်ကို ငွေးက သူ့အိမ်မှာ အိမ်သာကျင်းတူးလို့ ကူတူးပေးပါဆိုပြီး အကူအညီတောင်းတယ်"

"ဒါကို မောင့်ဇနီးက ဆူညံပူညံ လုပ်တယ်ဆိုပါတော့"

"ဒီလိုလည်းမဟုတ်ဘူး ဦးကြီးစံရ" ငထီးစကားက ဝင့်လည်ကြောင်ပတ်။ ဦးစံပင် စိတ်မရှည်ချင်။

"ဒါဆိုဘယ်လိုလဲ မောင့်ရဲ့"

"ငွေးက ဆက်ပြီး အကူအညီတောင်းတာနဲ့ ခြံစည်းရိုးလေးပါဆက်ပြီး ကာပေးမိပါတယ်။ မိစိန်က ငွေးခိုင်းတာကို ဒီလောက်လုပ်ရကောင်းလားဆိုပြီး မိုးမီးလောင်နေတာလေ။ ခုထက်ထိ ကိုမပြီးနိုင်တော့ဘူး"

ငထီးစကားဆုံးသည်နှင့် ဦးစံတစ်ယောက် ခွက်ထိုးခွက်လန်ဖြင့် ရယ်မောလေတော့သည်။ ဦးစံ၏အမူအရာကို ကြည့်ပြီး ငထီးကြောင်တောင်တောင် ဖြစ်သွားသည်။

"ကျွန်တော့်စကားမှာ ရယ်စရာဘာများပါလို့လဲ ဦးကြီးစံရယ်"

ငထီးက အထိတ်အလန့်အမူအရာဖြင့် မေးခွန်းထုတ်လိုက်သည်။

"ငထီးရယ်၊ မောင်အဲဒီလောက် နိုးလို့အလို မောင့်အိမ်သူနဲ့ ခဏခဏ ပြဿနာတက်နေတာပေါ့။ မိစိန်ဟာ မောင့်ထင်သလောက် သဘောမဆိုးပါဘူး။ ဒီကိစ္စမှာ အဓိကလက်သည်က ငွေးပဲ။ ငွေးဆိုတဲ့ကောင်က သူများကို မြှောက်ပင့်ပြီးခိုင်းတဲ့နေရာမှာတော့ ပြိုင်စံရှားပဲ"

ဦးစံ၏စကားမှားပါ။ ငွေးက အာဝဇ္ဇန်းရှင်သည်။ လူရည်လည်သည်။ သူ့အတွက်အကျိုးမရှိလျှင် ဘာကိုမှ မလုပ်သူ။ ဒါကို လော်ကားတစ်ရွာလုံး သိသည်။ မသိသူက ငထီးသာ။ ဒါက လည်း သူတစ်ပါးအပေါ် ကူညီတတ်သည့် ငထီး၏ စိတ်သဘောကြောင့် ဖြစ်သည်။ ငထီး၏ဉာဉ်က သူတစ်ပါးခိုင်းစေမှုကို ငြိုငြင်မှုမရှိဘဲ အကူအညီအမြဲပေးတတ်လေ့ရှိသူ။ ဒါက ငထီး၏ကောင်းကွက်။ သို့တစေ ငထီး၏အားနည်းချက်က သူ့မိသားစုအတွက် အလုပ်လုပ်ရန် ကိုကား အလွန်ဖျင်းလှသည်။ ဤသည်ကို လော်ကားတစ်ရွာလုံးအသိ။ ငထီးတွင် လယ်မြေများစွာရှိသည်။ သို့သော် ဖိဖီစီးစီးမလုပ်သည့်အတွက် သူ၏လယ်များက ဖုန်းဆိုးမြေပမာ။ ထို့ကြောင့် နှစ်တိုင်း သီးနှံအထွက်နည်းပါးသည်။ သို့အတွက် ငထီးဘဝက ရရစားစား။ ဝါသနာတူအပေါင်းအသင်းများနှင့် ရွာတကာလှည့် တောလည်ထွက် အချိန်ပြည့်လိုလို ဦးစံ၏ဆိုင်သို့သွားကာ ဝိုင်းဖွဲ့စကားပြောနေရလျှင် ငထီးအဖို့ ထမင်းမေ့ဟင်းမေ့။ ထိုအခြေအနေများကြောင့် ငထီးနှင့် မိစိန် နေ့ချင်း တကျက်ကျက်။ အမှန်ဆိုလျှင် မိစိန်ဘဝက လင်ရှိမုဆိုးမပမာ။ ရှားရှားပါးပါး သားလေးတစ်ယောက် ထွန်းကားသည်။ လူလားမမြောက်သေးသည့် သားငယ်ကိုပင် ငထီးက ထိန်းပေးဖော်မရ။ အစစအရာရာ မိစိန်ဆိုတော့လည်း ငထီးနားမခံသာအောင်မြည်တွန်ခြင်းမှာ မိစိန်အလွန်မရှိချေတော့တကား။

စာစု (၃)

လော်ကားတောထဲသို့ ငထီးရောက်တော့ နေထန်းတစ်ဖျားပင်ရောက်နေချေပြီ။ ယခင်အဖော်တစ်သင်းဖြင့် လော်ကားတောသို့ တောလည်ထွက်လေ့ရှိသော်လည်း သည်တစ်ခါတော့ ငထီးတစ်ယောက်တည်း။ အဖော်ဆိုလို့ တောကျော်သာပါ၏။ တောကျော်က ငထီးမွေးထားသည့်ခွေး ဖြစ်သည်။ ငထီးတောလည်ထွက်တိုင်း တောကျော် အမြဲပါသည်။ သည်တစ်ခါ ငထီးတစ်ယောက် အစီအစဉ်မရှိဘဲ တောလည်ထွက်ခဲ့ခြင်းဖြစ်သည်။ မိစိန်၏ မြည်တွန်တောက်တီးမှုဒဏ်ကို နားမခံနိုင်သောကြောင့် လော်ကားတောအတွင်းသို့ ရှောင်ပြေးလာခြင်းပင် ဖြစ်သည်။ ငထီးတွင်ပါသည်က လောက်လေးခွ၊ လေးသီး၊ ဓားမတိုတစ်ချောင်းနှင့် ထမင်းတစ်ထုပ်ကို ပလိုင်းတွင်ထည့်လွယ်လာခဲ့သည်။ လော်ကားတောတွင် ရှင်း၊ မျောက်၊ ယုန်၊ ဒရယ်၊ ဆတ်နှင့် တောဝက်များပေါသည်။ တောအတွင်း၌ အင်း၊ အိုင်များရှိသောကြောင့် ရေမုဆိုးလည်းလုပ်လို့ရသည်။ ယနေ့တွင် လော်ကားတောအတွင်း၌ တစ်နေကုန် အချိန်ဖြုန်းရန် ငထီးစိတ်ကူးထား၏။ လော်ကားတောသည် တောကြီးမျက်မည်းမဟုတ်သော်လည်း တောထူသည်။ တောင်ကုန်း၊ လျှိုမြောင်များပေါသောကြောင့် သားကောင်ငယ်လေးများ ကျင်လည်ကျက်စားသည်။ ထို့ကြောင့် ရှာတတ်ဖွေတတ်သူအဖို့ လော်ကားတောက ထမင်းအိုးသဖွယ်။ ဦးစွာ ငထီး တောစပ်မှနေ၍ မြေဖြူတောင်ဘက်သို့ ဦးတည်လိုက်သည်။ မြေဖြူတောင်တွင် တောကောင်ငယ်လေးများ ပေါများသည်။ မြေဖြူတောင်သို့ရောက်ရန် တောင်နှာမောင်းတစ်ခုနှင့် ကသစ်လျှိုကို ဖြတ်ကျော်ရမည်။ သွားနေကျခရီးမို့ ငထီးအတွက် အပန်းမကြီးလှ။ အဆင်ပြေချင်တော့ ကသစ်လျှိုအဆင်းတွင် တောကြက်တစ်ကောင်ရလိုက်သည်။ မြေဖြူတောင်အတက် မျောက်လွဲကျော်တစ်ကောင် ထပ်ရသည်။ အချိန်တို့အတွင်း ဟင်းစားလေးများကို လွယ်ကူစွာ ရလိုက်သဖြင့် ငထီးတစ်ယောက် မိစိန်ဖြင့် ကတောက်ကဆတ်ဖြစ်လာသည်ကိုပင် မေ့ပျောက်သွားသည်။ သို့ဖြင့် မြေဖြူတောင်ပေါ် သို့ရောက်လာသည်။ မြေဖြူတောင်သည် လော်ကားအတွင်း၌ အမြင့်ဆုံးတောင်ဖြစ်သည်။ မြေဖြူတောင်ပေါ်မှကြည့်လျှင် လော်ကားတောအလုံးနှင့်ပတ်ဝန်းကျင်တွင်ရှိသော ကျေးရွာကလေးများကို မြင်နိုင်လေသည်။ မြေဖြူတောင်တွင် ငထီးခေတ္တနားကာ ပါလာသည့် ထမင်းထုပ်ကိုဖြေ၍ ဝမ်းဖြည့်လိုက်သည်။ ပို့သည့်ထမင်းကို တောကျော်ကဆက်ရှင်းသည်။ အချိန်က နေပင်ခေါင်းပေါ်ရောက်နေချေပြီ။ သည့်နောက် မြေဖြူတောင်အရှေ့ဘက်တွင်ရှိသော ဂုံမင်းလျှိုသို့ ဦးတည်ကာ တောင်ပေါ်မှ ငထီးဆင်းလိုက်သည်။ ဂုံမင်းလျှိုကိုကျော်လွှင် လော်ကားကန်ကိုရောက်မည်ဖြစ်သည်။ တောကျော်ကမူ ငထီးရှေ့မှ ဦးဆောင်ကာ ဂုံမင်းလျှိုသို့ဆင်းသွားပြီ ဖြစ်သည်။

စာစု (၄)

တောင်အဆင်းကို ငထီး ပေါ့ပါးစွာဆင်းလာသည်။ ရှေ့တစ်ကွေ့ရောက်လျှင် ဂုံမင်းလျှိုကိုမြင်ရပြီ ဖြစ်သည်။ ရုတ်ခြည်းဆိုသလို တောကျော်၏ဟောင်သံက စူးစူးဝါးဝါးထွက်ပေါ်လာသည်။ တောကျော် ဘယ်အရာကိုမြင်၍ စူးစူးစွာဟောင်ရသနည်း။ ထိုအတွေးကြောင့် ငထီးခပ်သွက်သွက်ပြေးဆင်းလိုက်သည်။ တောင်ဆင်းအကွေ့လမ်းတွင် လူထွားကြီးတစ်ယောက်ကို ငထီး တွေ့လိုက်သည်။ အထုပ်ကြီးအထုပ်ငယ်များနှင့် သစ်သားစည်တစ်လုံးကို နံဘေးတွင်ချ ကာ တစ်စုံတစ်ယောက်ကို စောင့်နေသည့်ဟန်ဖြင့် မတ်တတ်ရပ်နေသည်။ ထိုလူစိမ်းကို တောကျော်က ပူးတုံ့ခွာတုံပြုကာ အသဲအမဲဟောင်နေခြင်းပင်။ ခြေသံကြား၍လားတော့မသိ။ ငထီးထံသို့ လူစိမ်းက လှည့်ကြည့်လိုက်သည်။ လူထွားကြီး၏မျက်နှာက ငထီးကို တွေ့လိုက်ရ၍ အားရဝမ်းသာဖြစ်သွားသည်ဟန်။ သို့တစေ ငထီးအဖို့ကလော့ ခေါင်းနားပန်းပင်ကြီးသွားသည်။ မှန်သည်။ လူထွားကြီး၏သွင်ပြင်က ငထီး

www.burmeseclassic.com

www.burmeseclassic.com

အတွက် ဘဝင်ပျက်စရာ။ ကြည့်ဦးတော့၊ အရပ် (၆) ပေကျော်၊ ညိုမောင်းသောအသားအရေ၊ သွေ့ရောင်တစောင်းထုံးကာ ပလာကျင်းလျက်ရှိသည့် ခန္ဓာကိုယ်ပေါ်တွင် ထိုးကွင်းမင်ကြောင်များက ပြည့်နှက်နေလျက်။ အောက်ပိုင်းကမူ ပုဆိုးတောင်ရှည်ကို ခါးတောင်းကျိုက်ထားလျက်။ သည်လိုပုံစံထူးကိုတွေ့လိုက်တော့ ထီး ခေါင်းကြီးသွားသည်မှာ အဆိုးတော့မဆိုသာ။

"အဆင်သင့်လိုက်တာ နောင်ကြီးရယ်။ ကျုပ်ဒီပစ္စည်းတွေနဲ့မနိုင်မနင်းဖြစ်နေလို့ တစ်ဆိတ်လောက်အကူအညီပေးပါဦး"

လူထွားကြီးက သူ့အနီးတွင်ရှိနေသည့်ပစ္စည်းပုံကိုပြကာ အသံဝါကြီးဖြင့် ထီးကို အကူအညီတောင်းလိုက်သည်။ သည်လိုဆိုတော့လည်း ထီးမနေသာ။ တောင်တောင်ဏ္ဏ၌ တွေးမနေနိုင်တော့။

"ရပါတယ် ဆရာကြီး၊ ကျွန်တော် ကူပါ့မယ်"

ပြောပြောဆိုဆိုဖြင့် အထုပ်အပိုးတို့ကို ထီးထမ်းပိုးလိုက်သည်။ လူထွားကြီးကလည်း သစ်သားစည်ကြီးကို ပခုံးပေါ် သို့လွှဲတင်ကာ ဂုံမင်းလျှိုသို့ဆင်းသည့်လမ်းအတိုင်း ရှေ့မှဦးဆောင်၍ လျှောက်လှမ်းသွားသည်။ တောကျော်ကား နောက်မှစူးစူးဝါးဝါးဟောင်ကာ လိုက်ပါလာဆဲ။

စာစု (၅)

ခြေလှမ်းကျဲကျဲဖြင့်လျှောက်လှမ်းနေသော လူထွားကြီးကြောင့် ထီး နောက်မှမီအောင် မနည်းလိုက်နေရသည်။ ဂုံမင်းလျှိုအတွင်းသို့ရောက်တော့ လူထွားကြီးကို ထီးမီလာသည်။ ထီး အဖြစ်က ကိုယ်ကူညီသည့်သူ မည်သူမည်ဝါဆိုသည်ကိုမသိသေး။

"ဒါနဲ့ ဆရာကြီး ကျွန်တော်ဘဲယ် အထိလိုက်ပို့ပေးရမှာလဲ ခင်ဗျ"

"ဒီလျှိုကိုကျော်ရင်ရောက်ပါပြီဗျာ၊ ဟိုမှာကျုပ်တို့လူတွေစောင့်နေပါထယ်"

လူထွားကြီးက အဖြေပြန်ပေးသည်။ ဒီလိုဆိုတော့လည်း ထီးအဖို့ လမ်းသင့်နေသည်။ မကြာမီ ထီးတို့နှစ်ယောက် ဂုံမင်းလျှိုကိုကျော်လာသည်။

"ရှေ့ဆိုရောက်ပြီဗျ"

လူထွားကြီးထံမှ အသံထွက်လာသည်။ ထီး ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်သည်။ လူထွားကြီးညွှန်ပြသည့်နေရာတွင် မီးခိုးလိုလို မြူလိုလိုများရစ်သန်းနေသည်။ ထိုမီးခိုးမြူမှုန်များဖုံးလွှမ်းနေသော တောလမ်းလေးကို တိုးဝှေ့ဖြတ်ကျော်လိုက်သည်နှင့် စိမ့်ခနဲ ရုတ်ခြည်းအေးလာသောကြောင့် ထီးကောင်းကင်ပေါ် သို့မော့ကြည့်လိုက်သည်။ ကောင်းကင်တစ်ပြင်လုံး တိမ်တောင်မည်းများဖုံးကာ နေရောင်ကိုပင်မမြင်တော့။ ထီး စဉ်းစားရကျပ်သွားသည်။ ရာသီက တပို့တွဲ၊ တပေါင်းလေ။ သို့နှယ် အခါသမယ တစ်မူထူး၍ အဘယ်ကြောင့်တိမ်သားကျူးနေရသနည်း။ အတွေးပင်မဆုံး မြက်ရိုင်းများဝန်းရံနေသည့် ပြန့်ငယ်တစ်ခုအတွင်းသို့ရောက်လာ၏။ ပြန့်အတွင်းရှိမြေပြင်ပေါ်၌ လူ(၂၀)ခန့်သည် တစ်ဦးချင်းထိုင်နေသူကထိုင်၊ မတ်တတ်ရပ်နေသူကရပ်၊ ဝိုင်းဖွဲ့စကားပြောနေသူကပြောဖြင့် ပုံသဏ္ဌာန်အနေအထား အမျိုးမျိုးဖြင့် ရှိနေသည်ကို ထီးတွေ့လိုက်လေသည်။

"ကျေးဇူးပဲ နောင်ကြီးရာ။ နောင်ကြီးကူလို့ ဒီကိုအချိန်မီပြန်ရောက်တာ။ နောက်မို့ဆို ဒီအချိန်ရောက်မှာမဟုတ်ဘူး။ နောက်ကျနေရင် ဗိုလ်မင်းက ကျုပ်ကို ကျိန်းသေပြစ်ဒဏ်ပေးမှာဗျ။ ကဲ - နောင်ကြီးလည်း ခဏနားပါဦး။ ပြီးမှ လိုရာခရီးဆက်ပေါ့။ ကျုပ်လည်းပြန်ရောက်ကြောင်း ဗိုလ်မင်းဆီကို သတင်းသွားပို့လိုက်ဦးမယ်"

လူထွားကြီးက သို့နှယ်စကားဆိုကာ ဗိုလ်မင်းဆိုသူထံသို့ ခပ်သုတ်သုတ် လျှောက်လှမ်းသွားသည်။ လူထွားကြီးကို ထီးအဖြေပြန်မပေးနိုင်။ တကယ်လည်း မောနေသောကြောင့် ထိုင်နားနေလိုက်သည်။ သို့သော် ထီးစိတ်အေးလက်အေးမနားနိုင်။ လူထွားကြီးတစ်သိုက်နှင့် ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်သည်။ ခက်နေသည်က လျှော်ကားတော တစ်ခွင်ကို ခြေရာချင်းထပ်အောင် တောလည်ထွက်ခဲ့ဖူးသော ထီးတစ်ယောက် ယခုရောက်ရှိနေသာနေရာကို မရောက်ဘူး၊ မမြင်ဘူးခဲ့။ သို့သာမက ဤလို လူထွားကြီးများကိုလည်း ထီးတစ်ခါမျှမမြင်ဖူး၊ ကြုံခဲ့ဖူးခြင်းမရှိ။ လူထွားကြီးများ၏ပုံစံက တော်လှန်ရေးသမားများနှယ်။ မှန်သည်။ ဗိုလ်မင်းဆိုသူကိုလည်း ကြည့်ဦးတော့။ ချပ်ဝတ်ညှပ်မိန် မောက်ရှနားရွက်ကာ၊ ကတ္တီပါကိုယ်ကျပ်၊ ရွှေချည်အနားကွပ်ဘောင်းဘီ၊ ရွှေချည်ထိုး ဦးကော့ခြေနင်းတို့ကို ဝတ်ဆင်၍ ကျောက်စီရွှေပိန်းချဓားကြီးကို မာန်ပါပါ ကိုင်ဆွဲထားလျက်။ အသွင်ထူးအမြင်ထူးနေသည့်မြင်ကွင်းကိုကြည့်၍ လူထွားကြီး တစ်သိုက်ထံပါးမှ ထီးမခွာနိုင်သေး။ သိပ်မကြာလိုက် လူထွားကြီးတစ်စု ထီးအနီးသို့ စုပြုံရောက်လာသည်။

"ကဲ-ရောင်းရင်း ခရီးမဆက်ခင် ကျုပ်တို့နဲ့ တစ်ခွက်တစ်ဖလားလောက် မော့သွားပါဦး"

ထီး အကူအညီပေးခဲ့သော လူထွားကြီးကဖိတ်ခေါ်သည်။ အခုမူ ထီးသဘောပေါက်သည်။ လူထွားကြီးထမ်းလာသည့်သစ်သားစည်ကြီးသည် အရက်စည်ကြီးပင်။

"မိတ်ဖြစ်ဆွေဖြစ်ပေါ့ဗျာ၊ ရောင်းရင်းပါလာတဲ့အမြည်းတွေနဲ့ဆို ကျုပ်တို့ ဝိုင်းမြိုင်ပြီပေါ့"

လူထွားကြီးတစ်ယောက်က ထီး ပလိုင်းထဲတွင်ရှိနေသည့် မျောက်နှင့် တောကြက်ကိုကြည့်ပြီး သို့နှယ်စကားဆိုသည်။ ထီးမငြင်းသာ။ လူထွားကြီးလက်သို့အပ်ကာ တစ်ခွက်တစ်ဖလားဝင်မော့လိုက်သည်။ ပြင်းလိုက်သည့်အရက်ယိုင်လဲယုမတတ်။ လူထွားကြီးများက အားချင်း မီးဖို၍ မျောက်နှင့်ကြက်ကို မီးဖုတ်၊ အမွေးနုတ်ကာ ရင်ခွဲ၍ကျုပ်တင်တော့သည်။ မီးကတဟုန်းဟုန်း၊ လူထွားကြီးများရယ်မောသံက တအုန်းအုန်း၊ သီချင်းဆိုသူကဆို၊ သောက်သူက သောက်၊ ကသူက၊ လှော်ကားတော အလုံး ခြိမ့်ခြိမ့်ဆဲဖြစ်နေလျက်။ ထီး တစ်ယောက် ဟန်မဆောင်နိုင်၊ ရွံ့တွန့်တွန့်ဖြစ်မနေနိုင်တော့။ လူထွားကြီးများနည်းတူ လက်ချင်းဆက်၍ တစ်ခွက်ပြီး တစ်ခွက် သောက်လိုက်၊ ကလိုက်၊ လူးလိုက်လိမ့်လိုက်ဖြင့်။ နောက်ဆုံး ထီး၏ အမြင်အာရုံတစ်ခုလုံး အမှောင်လုံးလုံးကျသွားလေတော့သတည်း။

စာစု (၆)

ကျေးဇူးတို့၏အော်မြည်သံလေးများ ထီးနားအတွင်းသို့ဝင်လာသည်။ လေနှင်းအေးအေး၏ အထိအတွေ့ကို စတင် ခံစားလိုက်ရသည်။ ထီး အလုံးအလဲထကာ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်သည်။ မီးပုံဟောင်းတစ်ခု ဆွေးမြည့်စပြုနေသည့် ပလိုင်းနှင့် လေးခွတစ်ချောင်းကို ထီး သတိပြုမိလိုက်သည်။ တစ်ဆက်တည်း သူ့အတွေးအာရုံထဲတွင် လူထွားကြီး တစ်စုနှင့် ပြင်းရှရှသေရည်အရသာ။ ဒါတွေထားတော့။ ထီး အပြန်လမ်းကို ဦးတည်လိုက်သည်။ မှန်သည်။ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးအစုံဖြင့် ခါးထောက်၍စောင့်ကြိုနေမည့် ဇနီးမြစ်သူ မိစိန်မျက်နှာကိုပြေးမြင်လိုက်သောကြောင့် ဖြစ်၏။

စာစု(၇)

ထီး လှော်ကားရွာအတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။ ရွာ၏အခင်းအကျင်းနှင့် မြင်တွင်းများအားလုံး မျက်လှည့်ပြလိုက်သည်နှယ် အပြောင်းလဲကြီးပြောင်းလဲနေသည်။ မိမိနေခဲ့သည့်အိမ်ပိုင်းကို ပင် ထီးရှာမတွေ့ဖြစ်နေသည်။ အသေအချာသတိထားကြည့်မိမှာ ရွာအခင်းအကျင်းသည်သာ ပြောင်းရုံသာမက ရွာရှိ လူများအားလုံးကိုလည်း ထီးမတွေ့ဘူး၊ မမြင်ဘူးဖြစ်နေ၏။ မှန်သည်၊ တစ်ရွာလုံးကလည်း ထီးကို လူထူးလူဆန်းသဖွယ် ဝိုင်းအံ့ကြည့်နေကြသည်။ အဆိုးတော့ မဆိုသာ။ ထီး၏ ပုံစံက တောတွင်းသား လူရိုင်းတစ်ဦးနှင့်မခြား။ ဆွေးမြည့်စပြုနေသော အကျီ၊ ပုဆိုးတို့က အပိုင်းပိုင်းအပြတ်ပြတ်။ ရှည်လျားနေသည့်ဆံပင်၊ နှုတ်ခမ်းမွေးများကလည်း ထီး၏ပုံစံကို မကောင်းဆိုးဝါး တစ်ကောင်ကဲ့သို့ဖြစ်နေ၏။ ထို့ကြောင့် ထီး ရွာထဲဝင်သည်နှင့် ခွေးတစီစီဖြစ်နေခြင်းပင်။

ဒါတွေက ထီးအတွက် ပြဿနာမရှိလှ။ အရေးကြီးတာက မိမိ၏အိမ်ပိုင်းနှင့် ဇနီးသည် မိစိန်။ နောက်သားဖြစ်သူ ဖိုးတောက်။ ထိုအရာများဘယ်ရောက်ကုန်သည်ကို ထီးနားဝေတိမ်တောင်ဖြစ်နေသည်။ ထီးမေးပါသည်။ ထီးမေးခွန်းကို တစ်ရွာလုံးက တိတိကျကျ အဖြေပြန်မပေးနိုင်။ ထီးခေါင်းရွှဲလာသည်။ ခေါင်းအတွင်းလက်ခနဲထွက်လာသောအကြောတစ်ခုကြောင့် ဦးစံ၏ ဆိုင်သို့ အပြေးတစ်ပိုင်းခြေလှမ်းဖြင့် ထီး လျှောက်လှမ်းလိုက်သည်။

ဦးစံ၏ဆိုင်သို့ရောက်ပါပြီ။ ဆိုင်အခင်းအကျင်းက မပြောင်း။ ပြောင်းနေသည်က ဆိုင်တွင်ခင်းထားသည့်ပစ္စည်းများ။ ဒါသာမက ဝိတိုရိယဘုရင်မကြီးနှင့် ဂျော့ဘုရင်၏ ရုပ်ပုံကားချပ်များနေရာတွင် ပီးပဝါခေါင်းပေါင်း၊ မျက်မှန်ဝိုင်း တပ်ထားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ကျက်သရေခေါင်းပေါင်း၊ မျက်နှာပေးချိချိရှိနေသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ရုပ်ပုံကားချပ်တို့က နေရာယူထားလေ၏။ ထို ပုံကားချပ်တို့၏အောက်တွင် 'နိုင်ငံတော်သမ္မတကြီး'၊ 'နိုင်ငံတော်ဝန်ကြီးချုပ်' ဟူသော စာတန်းများကို ရေးထိုးထားလေသည်။ ထီး ခေါင်းရွှဲသည်ထက် ရွှဲပါပြီ။ ပစ္စက္ခအခြေအနေကို ထီး မှန်းဆလို့မရတော့။ ဦးစံလည်းမရှိတော့။ ဆိုင်မှာရှိနေသူများကိုလည်း ထီးကောင်းကောင်းမသိ။ ထီးအဖြစ်က မိမိရွာကို ကမ္ဘာတစ်ခုမှ ပြန်ရောက်လာသည့်နှယ်။

ထိုအခြေအနေတွင် လက်တွင် တောင်ဝှေးတစ်ချောင်းကိုင်စွဲထားသည့် အသက် (၈၀) ကျော် အဘိုးအို့တစ်ဦး ရောက်လာ၏။ အဘိုးအို့က မှုန်ရီဝေဝါးနေသောမျက်လုံးအစုံပေါ် သို့ လက်တင်ကာ စူးစမ်းသောအကြည့်ဖြင့် ထီးကို အသေအချာကြည့်သည်။ နောက်တစ်စုံတစ်ရာကို စဉ်းစားသည့်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်သည်။

ပြီးမှ -

အင်း - မောင်ရင်က ထီးဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကိုတော့ အဘအနေနဲ့ ဖြေရှင်းချက်မထုတ်လိုပါဘူးကွယ်။ အဘသိတာကတော့ လွန်ခဲ့တဲ့ နှစ် (၂၀) လောက်က ဒီရွာမှာ ထီးဆိုတဲ့လူတစ်ယောက်ရှိခဲ့ဖူးတယ်ကွယ်။ တစ်နေ့တော့ လော်ကားတောထဲ တောလည်ထွက်မယ်ဆိုပြီး သူ့ရဲ့ခွေးနဲ့ထွက်သွားလိုက်တာ အခုချိန်အထိ ရွာကိုပြန်မရောက်လာတော့ဘူးကွယ်။ သူ့ခွေးတော့ ရွာကိုပြန်ရောက်လာပါရဲ့။ တို့မျှော ရွာကလူတွေလည်း လော်ကားတောတစ်တောလုံးအနှံ့ လိုက်ရှာကြပါရဲ့။ ဒါပေမယ့် မတွေ့လိုလက်လျှော့လိုက်ရတယ်။ သူမိန်းမမိစိန်လည်း သူစိတ်နဲ့ တရှောင်ရှောင်ဖြစ်ပြီး သေပါရော့လား။ သူသား ဖိုးတောက်ဆိုတဲ့ ကလေးတစ်ယောက်တော့ ရွာမှာကျန်ခဲ့လေရဲ့။ ဖိုးတောက်လည်း သူအဖေ ထီးလိုပါပဲ။ အလုပ်ကို မည်မည်ရရမလုပ်ဘဲ သူများအလုပ်တွေပဲလျှောက်လုပ်နေလို့ သူမိဘတွေပိုင်တဲ့ လက်ရင်းလက်ငုတ်လယ်ယာဥယျာဉ်ခြံမြေတွေသူများလက်ထဲရောက်ကုန်ပါရော့လား။ ဒီကလေးလည်း ထီးလိုပဲ စိတ်ရင်းလေးကဖြူတယ်ကွယ်။ သူတစ်ပါးကို အလွန်ကူညီချင်တဲ့ကလေးပေါ့။ သနားပါတယ်၊ သူ့ဓမ္မာ မိဘမဲ့ဘဝနဲ့နေနေရရှာပေမယ့် ခပ်ပျော်ပျော်ပါပဲ။ ဟော၊ ဟော - ဟိုမှာပြောရင်းဆိုရင်းနဲ့ ဖိုးတောက်လာနေပါပြီ။ ဒီနေ့ရာက သူအမြဲလာထိုင်နေတဲ့နေရာလေ"

အဘိုးအို့ညွှန်ပြသည့်လူငယ်လေးကို ထီးကြည့်လိုက်သည်။ အံ့ဖွယ်ကောင်းလေစွ။

လူငယ်လေး၏မျက်နှာသွင်ပြင်နှင့် ကိုယ်လုံးကိုယ်ထည်က ထီးနှင့်တထေရာတည်း။ ထီးမျက်လုံးမှားပြာဝေသွားသည်။ ထီးလူငယ်လေးနှင့်မျက်နှာချင်းဆိုင်၍ သူအဖြစ်သနစ်ကို ဇာတ်စုံခင်းပြသည်။သို့သော် အကြောင်းစုံရှင်းသော်လည်း ဖိုးတောက်အဖို့ ဇာတ်ရည်မလည်ရှာ။သူအသိ၊ ရွာအသိက သူအဖေ ထီးတစ်ယောက် လွန်ခဲ့သောနှစ်(၂၀)ခန့်က လော်ကားတောအတွင်းဆုံးပါးခဲ့လေပြီ။ ဒီအကြောင်းကို မိခင်ဖြစ်သူမဆုံးပါးခင်ကပြောပြခဲ့ဖူးသည်။ ထို့ကြောင့် ထီး၏ စကားများက ဖိုးတောက်အတွက် အဇ္ဈစကားများပမာ။ ဘာကြောင့် မိမိဘဝနေ့ချင်းညချင်းပြောင်းလဲသွားရသနည်း၊ ထီးစဉ်းစားရမရတော့။ ဆိုင်အတွင်း၌ ရှိနေသည့်ပြက္ခဒိန်တစ်ခုဆီသို့ ထီး မျက်စိရောက်သွားသည်။ ပြက္ခဒိန်က ခရစ်နှစ် ၁၉၄၉ ခုနှစ်ကိုဖော်ပြနေသည်။ ထီးရောက်ရှိနေသည့်ခုနှစ်ကိုစိတ်တွက်ဖြင့်တွက်လိုက်သည်။ အနှစ်နှစ်ဆယ်။ ထိုအနှစ်နှစ်ဆယ်အတွင်းတွင် မိမိဘယ်ရောက်နေသနည်း။ လော်ကားတောအတွင်း၌ တဒင်္ဂအိပ်ပျော်ခဲ့မိသော ထီးတစ်ယောက် အင်္ဂလိပ်ပြေးသည်ကိုလည်းမသိ၊ ဂျပန်ခေတ်ကိုလည်းမသိ၊ ဂျပန်ပြန်ပြေး၍ အင်္ဂလိပ်ပြန်ဝင်ကာ မြန်မာပြည် လွတ်လပ်ရေးရရှိနေကြောင်းကိုလည်း နားမလည်။ မှန်သည်။ မိမိအတွက် တဒင်္ဂသည် ပစ္စက္ခဘဝတွင် အနှစ်(၂၀)ကာလကိုရောက်ကာ လမ်းပျောက်ခဲ့ရသော ထီးအဖြစ်က ပြောမယုံ ကြုံဖူးမှသိကဲ့သို့နှယ်။

စာစု (၇)

လော်ကားရွာကလေးသည်ကား တစ်နေဝင်တစ်နေထွက်ဖြင့် ဆက်လက်ရှင်သန်သက်ဝင်နေဆဲ။ လော်ကားဘူတာလေးသည်လည်း စုန်ဆန်ခို့ရထားများကဆိုက်ဝင်ထွက်ခွာနေဆဲ။

အပြောင်းအလဲဆိုသော ယန္တရားကြီးထဲမှ ထူးခြားစွာ နှစ်(၂၀)ကာလကို တဒင်္ဂအတွင်း ခုန်ပေါက်ဖြတ်ကျော်ခဲ့ရသော ထီးတစ်ယောက် တစ်နှစ်ခန့်အကြာတွင် လော်ကားရွာမှာပင် ဆုံးပါးသွားသည်။ သူ့အဖြစ်ကို နောင်းလူတို့က ဒဏ္ဍာရီသဖွယ် ပုံပြင်ဆန်ဆန်ပြောစမှတ်အဖြစ် ယနေ့တိုင်ပြောနေကြဆဲ။ တကယ်အရင်းစစ်ကြည့်တော့ ထီး၏ဘဝတဒင်္ဂအတွင်း ပြောင်းခဲ့ရခြင်းမှာ လူထွားကြီးများ၏ သေရည်တစ်ခွက်ကြောင့်ပါတကား။

သဒိသံပါကံဇနေတိ

ဌေးဝိုး(ချောကြန့်မြေ)

စာကြွင်း -

အင်္ဂလိပ်-မြန်မာပထမကမ္ဘာ့ကျော်စစ်ကာလ ကျိုက်ကလို့ဘုရားကုန်းတိုက်ပွဲဖြစ်ပွားစဉ်အတွင်း မြန်မာစစ်သည်တော်များ လော်ကားအတွင်း၌ စခန်းချတပ်စွဲခဲ့ဖူးသည်ဟု ရေးစကားဖြို့ခဲ့လေသည်။

www.burmeseclassic.com

သက်ဆိုင်ရာခေတ်က စာပေများတွင် အရည်းကြီးတို့၏ လုပ်နည်းလုပ်ဟန် အကြောင်းခြင်းရာ တစ်စုံတစ်ရာကိုမျှ မတွေ့ရှိရုံမျှမကဘဲ အရည်းကြီးဟူသော ဝေါဟာရကိုပင် မတွေ့ရှိရကြောင်း လေ့လာမှုဆိုင်ရာ ကျွမ်းကျင်သူတို့၏ အဆိုအရ သိရပါသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ပြောဆိုခဲ့သော ပညာရှင်ဆရာကြီး အချို့တို့၏ မိန့်ဆိုချက်များကို ဖော်ပြလိုပါသည်။

ဆရာကြီး ဦးသော်ဇင်ဆိုလျှင် မြန်မာစာပေပညာရှင်တစ်ဦးဖြစ်သကဲ့သို့ ဗုဒ္ဓစာပေဆိုင်ရာပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်။ ဆရာကြီး ဦးသော်ဇင်က လည်း အဆိုပါ အရည်းကြီးဝါဒကို လည်းကောင်း၊ ပန်းဦးလွှတ်ခြင်းဓလေ့ မြန်မာနိုင်ငံ၏ ပုဂံခေတ်သမိုင်းတွင်ရှိခဲ့ဖူးသည်ဆိုခြင်းကို လည်းကောင်း အခိုင်အမာ ဆန့်ကျင်ငြင်းဆိုခဲ့ပါသည်။ ဆရာကြီးက နှုတ်ဖြင့်ကန့်ကွက်ခဲ့ခြင်းသာမက စာပေအရပါ ရေးသားပြီး ကန့်ကွက်ခဲ့ပါသည်။

ထို့အတူ ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာကြီး ဆန်းထွန်းတို့က လည်း အဆိုပါအယူဝါဒများ မြန်မာနိုင်ငံ၌ ရှိခဲ့ကြောင်း၊ ပေါ်ထွန်းခဲ့ကြောင်း လက်မခံသည့် အယူအဆများကို ထုတ်

သန်းခေါင်ကျီးလမုအဆက်)

အရည်းကြီးဝါဒ

မြန်မာ့သမိုင်းတွင် ပန်းဦးလွှတ်ခြင်း စသည့်အမှုတို့ကို ကျင့်သုံးသော အရည်းကြီးဝါဒသည် အမှန်တကယ် ပေါ်ထွန်းခဲ့ပါသလော ဟူသည်ကို ဦးစွာပထမ သုံးသပ်ရမည် ဖြစ်ပါသည်။

ရှေးမြန်မာ့သမိုင်းတွင် လည်းကောင်း၊ ပုဂံခေတ်သမိုင်းတွင် လည်းကောင်း၊ ပုဂံခေတ်က ရေးထိုးခဲ့သောကျောက်စာများ၊ မင်စာများတွင် လည်းကောင်း၊ မှတ်တမ်းများတွင် လည်းကောင်း၊ ကမ္ဘည်းမော်ကွန်းများတွင် လည်းကောင်း စသည့် ရှေးကျသော

ဝိဇ္ဇာဆရာ မြန်မာ့အဂ္ဂရတ်ပညာအစဉ်အလာ

(အယူဝေဖြန့်)

ဆရာဦးဆက်ထွန်းလင်း

www.burmeseclassic.com

www.burmeseclassic.com

ဖော်ခဲ့ကြပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းသည် သမိုင်းပညာရှင်ဖြစ်ပြီး ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) သည် ဗုဒ္ဓစာပေပညာရှင်နှင့် မြန်မာစာပေပညာရှင်ကြီးများ ဖြစ်ပါသည်။

ထို့ကြောင့် အရည်းကြီးဝါဒကို လည်းကောင်း၊ ပန်းဦးလွှတ်ခြင်းဓလေ့တို့ လည်းကောင်း နောက်ပိုင်း စာရေးဆရာများက လူစိတ်ဝင်စားမှုရှိစေရန်အတွက် သူတို့၏ဇာတ်လမ်းများတွင် အညီအဟောက်အကြောင်းအရာများကို ထည့်သွင်းရေးသားရာ၌ သူတို့ရေးချင်သလို တမင်ဖန်တီးရေးသည်ဟု မထင်စေရန် လည်းကောင်း၊ အညီအဟောက်ကို တရားဝင်ရေးခွင့်ရစေရန် လည်းကောင်း စသည့် အမျိုးမျိုးသော ရည်ရွယ်ချက်များဖြင့် ရေးသားခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

အရည်းကြီးတို့နှင့် ပတ်သက်၍ စာပေအထောက်အထားတွေ့ရသည်မှာ ဦးပုည၏ မေတ္တာစာတွင် ဖြစ်၏။ ထိုမေတ္တာစာတွင်ပါရှိသော အရည်းကြီးတို့၏လုပ်နည်းလုပ်ဟန် သဘောသဘာဝ စရိုက်လက္ခဏာများကို နောင်းပိုင်း စာရေးဆရာများက အတုယူပြီး အခြေပြုဇာတ်အိမ်တည်ကာ စိတ်ကူးယဉ်ဇာတ်လမ်းများကို ဖန်တီးရေးသားခဲ့ကြခြင်းဖြစ်သည့် 'အရည်းမာယာ' စသည့် စာအုပ်များကို စစ်ကိုင်းဦးဘိုးသင်း၊ စာရေးဆရာခုဝံ စသည့် စာရေးဆရာများက ရေးသားခဲ့ပါသည်။ သူတို့ရေးသည့်စာအုပ်များကလည်း တကယ့်ကျမ်းကြီးကျမ်းခိုင်များ မဟုတ်ပေ။ စိတ်ကူးယဉ်ဝတ္ထုများသာ ဖြစ်ပါသည်။

စလေဦးပုည၏ မေတ္တာစာဆိုသည်မှာလည်း သမိုင်းဆိုင်ရာခိုင်မာသည့်ကျမ်း မဟုတ်ပေ။ သူ၏ စာပေပညာ၊ ဗဟုသုတအချို့နှင့်အတ္ထနောမတိုတို့ကို ရောမွှေ၍ ရေးသားထားခြင်းသာ ဖြစ်ပါသည်။ စလေဦးပုညသည် ကုန်းဘောင်ခေတ်နောင်းပိုင်းတွင်မှပေါ်ခဲ့သည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ သူရေးသားခဲ့သည့် အရည်းကြီးဆိုင်ရာအခြင်းအရာတို့သည် ပုဂံခေတ်ဦးက ပေါ်ပေါက်ခဲ့သောကိစ္စ ဖြစ်၏။ ကာလအားဖြင့်မူ နှစ်ပေါင်း ရှစ်ရာကျော်ခန့် ကွာခြားနေသည်ကို သတိပြုရမည် ဖြစ်ပါသည်။

ယနေ့အချိန်အထိ အရည်းကြီးဝါဒ၊ ပန်းဦးလွှတ်ပွဲတို့နှင့်ပတ်သက်၍ ဖော်ပြခဲ့သော စာအုပ်စာပေများအားလုံးလောက်နီးပါးသည် ပါးစပ်ရာဇဝင်များနှင့် စိတ်ကူးယဉ်များကို ရောမွှေထားကြခြင်းသာ ဖြစ်၏။ အခိုင်အမာပြုအပ်သောကျမ်းများတွင်ကား ဤကိစ္စသည် မပါဝင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် အညီဟောက်ပါသော ပါးစပ်ရာဇဝင်မျိုးသည် ပို၍ပို၍ လွယ်ခြင်း၊ ကျော်ကြားခြင်းဖြစ်မည်ကို ကား ယုံမှားသံသယမရှိသင့်ပေ။

ထိုသို့ ခိုင်မာမှုမရှိသော အရည်းကြီးဇာတ်လမ်းများသည် ပါးစပ်ရာဇဝင်များ၊ စိတ်ကူးယဉ်ဝတ္ထုများမှတစ်ဆင့် ရှုပ်ရှင်ဇာတ်လမ်းများပင် ရိုက်ကူးလာသည်အထိ ဖြစ်လာခဲ့၏။ ဤကိစ္စသည် အရေးကြီးပါသည်။ မှန်ကန်လျှင် ပြဿနာမရှိသော်လည်း မမှန်ကန်သည့်ကိစ္စကို ဤမျှအထူးပြုနေပါက ပြဿနာရှိပါသည်။ အမှားကြောလျှင် အမှန်ဟုထင်နိုင်ပါသည်။ နောင်လာနောက်သားမျိုးဆက်သစ်များအနေဖြင့် အယူအဆအထင်အမြင် တိမ်းစောင်းသွားနိုင်ပါသည်။

ထိုသို့သော အမြင်ပြောင်းလဲမှုများနှင့်အတူ ရှေးခေတ် မြန်မာတို့အား လည်းကောင်း၊ ဗုဒ္ဓဝါဒဆိုင်ရာအပေါ်တွင် လည်းကောင်း အထင်အမြင်သေးနိုင်စရာသော၊ညစ်ညမ်းသော၊သေးသိမ်သောသဘောထားများ ကိန်းဝပ်သွားစေနိုင်ပါသည်။ ဤကိစ္စသည် နိုင်ငံ၏ သမိုင်းကို လည်းကောင်း၊ လူမျိုး၏ အတွေးအခေါ် အဆင့်အတန်းကိုလည်း ကောင်း၊ ဘာသာသာသနာ၏ သန့်ရှင်းမွန်မြတ် စင်ကြယ်မှုကိုသော် လည်းကောင်း များစွာ ထိခိုက်နစ်နာစေနိုင်ပါသည်။

အမှန်ကား အရည်းကြီးတို့ရှိခဲ့သည်၊ ဖြေပါ်ခဲ့သည် ဆိုလျှင်လည်း ပန်းဦးလွှတ်ပွဲကဲ့သို့သော အစဉ်အလာမျိုးရှိနိုင်ရန်၊ ဖြစ်နိုင်ရန် ယုတ္တိတန်လွန်းလှပါသည်။အဘယ်ကြောင့်ဆိုသော် အရည်းကြီးဝါဒတို့ အပါအဝင်ဖြစ်သော မဟာယာနဝါဒ ဆိုသည်မှာလည်း ဗုဒ္ဓဝါဒပင် ဖြစ်သည်ကို သတိပြုရပါမည်။

မဟာယာန၏ ဆိုးပြစ်များ၊ အားနည်းချက်များကို ဖိနှိပ်တင်းဆိုခြင်းဟု ဆိုသော်လည်း နောက်ကွယ်တွင် ဗုဒ္ဓပင် ရှိနေပါသည်။ ထို့ကြောင့် မဟာယာနဆန့်ပြီး ပြောချင်တိုင်းပြော၊ ဆိုချင်တိုင်းဆို၊ ရေးချင်တိုင်းရေး၍ မသင့်ဟု ထင်ပါသည်။ အနည်းဆုံးတော့ ဗုဒ္ဓ၏မျက်နှာတော်ကို ထောက်သင့်ပါသည်။ မဟာယာနကို သိက္ခာကျစေခြင်းဖြင့် မဟာယာနသာ သိက္ခာကျသွားခြင်းမျိုးမဟုတ်နိုင်ပေ။ ဗုဒ္ဓဝါဒ၏သိက္ခာပါ ထိခိုက်သွားနိုင်သည်ကိုလည်း သတိချပ်ရပါမည်။ လက်သည်းဆိတ်ခံရခြင်းနှင့်အတူ လက်ထိပ်လည်းနာလိမ့်မည်သာ ဖြစ်ပါသည်။ ကိုယ်ပေါင်ကိုယ်လှန်ထောင်းသကဲ့သို့ပင် ဖြစ်ပါမည်။

ဤနေရာ၌ ဝါဒတစ်ရပ်၏ ချွတ်ယွင်းမှုကို မဝေဖန် မထောက်ပြရတော့ဘူးလား ဟူ၍ မေးခွန်းထုတ်နိုင်ပါသည်အမှန်တကယ် ကျမ်းဂန်အကိုးအကားခိုင်ခံ့သော အထောက်အထားများအရ ဆိုလျှင် ဝေဖန်ဆန်းစစ်နိုင်ပါသည်။ သိမ်မွေ့နက်နဲသော ဓမ္မသဘောတရားများနှင့် စပ်ဆိုင်သောကိစ္စရပ်များတွင် ဝိဝါဒဖြစ်ခြင်း၊ ဝေဖန်သုံးသပ်ခြင်းတို့သည် သူတော်စင်တို့၏အပြုသဘောဆောင်သော ဝေဖန်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းမျိုး ဖြစ်၏။

ယခုမဟာယာနဗုဒ္ဓဘာသာဆိုင်ရာ အရည်းကြီးဝါဒ၊ ပန်းဦးလွှတ်ပွဲဆိုသည်တို့ကား တစ်ဖက်ဝါဒအား နှိမ့်ချလွန်းသည့်သဘောဆောင်နေပါသည်။ ဤကိစ္စမျိုးကိုမျှ မှားနေမှန်း မသိဘဲ အမှန်ထင်၊ အကောင်းထင်နေသောလူမျိုးတို့သည် မည်မျှညံ့မည်ကိုကား မှန်းဆကြည့်နိုင်ပါသည်။ လူသမိုင်းတွင် လူသားတို့သည် အလွန်ပင်ညံ့လှပါသည်။ အလွန်ပင်အသိဉာဏ်ဗဟုသုတခေါင်းပါးလှပါသည်ဟူသောလူမျိုးများတွင်ပင် ဤကိစ္စမျိုးလောက်ကိုကား အမှားအမှန် ခွဲခြားဝေဖန်နိုင်မှတော့ အနည်းဆုံးရှိကြပါသည်။

ထိုဝါဒ၏ ပိုင်ရှင်သည်လည်း ဗုဒ္ဓပင် ဖြစ်နေပါသည်။ ဗုဒ္ဓသည် ခင်ပွန်းကြီးဆယ်ပါးတို့တွင် အမြင့်ဆုံးသောပုဂ္ဂိုလ် ဖြစ်ပါသည်။ ထို့ကြောင့် အရည်းကြီးဝါဒ၊ မဟာယာနတို့ကို ဝေဖန်ရင်း မလွဲမရှောင်သာဘဲ ဗုဒ္ဓအပေါ် ထိခိုက်မှုတစ်စုံတစ်ရာ သက်ရောက်စေမိပါက အလွန်ပင် ဝန်လေးလှသည့်ပြစ်မှုမျိုး ဖြစ်သွားနိုင်ပါသည်။ ခင်ပွန်းကြီးဆယ်ပါးဆိုင်ရာအပြစ်တို့နှင့်လည်း ငြိစွန်းသွားနိုင်ပါသည်။ ဗုဒ္ဓဘာသာတို့အဖို့ ခင်ပွန်းကြီးဆယ်ပါးတွင် ဗုဒ္ဓသည် မိမိတို့စတင် မွေးဖွားလာပြီဆိုကတည်းက အလွန်ပင် ကျေးဇူးကြီးသည့်ပုဂ္ဂိုလ်ကြီးအဖြစ် သတ်မှတ်ထားပြီး ဖြစ်နေပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ဝါဒကွဲပြားသူအချင်းချင်း ဝေဖန်ပြစ်တင်ခြင်းသည် အလွန်ပင် အန္တရာယ်ကြီးမားလှပါသည်။

ဤနေရာ၌ အရည်းကြီးဝါဒကို မဟာယာနအတွင်း ထည့်သွင်းပြောဆိုနေကြသည်မှာ ယေဘုယ္ယအားဖြင့်သာ

www.burmeseclassic.com

ဖြစ်ပါသည်။ အတိအကျကား မဟုတ်သေး။ အမှန်တကယ်တွင်မူ ထိုကိစ္စရပ်များနှင့် အဓိကပတ်သက်နေသည်မှာ တန္ဆရဘုဒ္ဓဘာသာသာလျှင် ဖြစ်သည်။

တန္ဆရဘုဒ္ဓဘာသာနှင့်ပတ်သက်၍ ရှေ့ပိုင်းတွင်လည်း အချို့အဝက်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သူ၏ ဖို၊ မဆိုင်ရာ သဘောတရားများသည် အခြားသော ဘုဒ္ဓဘာသာများနှင့်မတူ တမူထူးခြား၏။ အထူးသဖြင့် သူ၏ လိင်ပိုင်းဆိုင်ရာ သဘောတရားခံယူချက်များသည် တစ်နည်းတစ်ဖုံဖြစ်၏။

ဥပမာအားဖြင့် တန္ဆရဘုဒ္ဓဘာသာဆိုင်ရာ ဘုဒ္ဓဘုရားရှင်တို့၏ ပုံတော်၊ ဆင်းတုတော်များကိုကြည့်လျှင်ပင် တစ်မူထူးခြားနေမည် ဖြစ်၏။ ပို၍ရှင်းလင်းစွာဆိုရပါမူ ထေရဝါဒ ဘုဒ္ဓဘာသာ၏ ရှထောင့်မှကြည့်လျှင် အမြင်ရိုင်းသည့် အသွင်ကိုပင် ဆောင်နေစေပါသည်။ အဘယ်ကြောင့်ဆိုသော် တန္ဆရဘုဒ္ဓဝါဒဆိုင်ရာ ဘုရားရှင်၏ပုံတော်တွင် အမျိုးသမီးတစ်ဦး၏ပုံ တွဲလျက်ပါရှိနေသောကြောင့်ပင် ဖြစ်၏။

ထိုတွင်လည်း အဆိုပါအမျိုးသမီး၏ပုံသည်လည်း သာမန်ပုံမျိုးမဟုတ်ပေ။ ဝတ်လစ်စားလစ်ပုံမျိုး ဖြစ်၏။ ထိုအမျိုးသမီးသည် ဘုရားရှင်၏ရှေ့ တင်ပျဉ်ခွေပေါ်တွင်ထိုင်ပြီး ဘုရားရှင်အား ခြေများ၊ လက်များဖြင့် သိုင်းပြီးဖတ်ထားသည့်ပုံဖြစ်၏။ ထို့ကြောင့် အမျိုးသမီး (ဝါ) ဆန့်ကျင်ဘက်လိင်သည် ဘုဒ္ဓဘုရားရှင်အား ဖက်နေသည့်ပုံဖြစ်နေပါ၏။ သမားရိုးကျ ဘုဒ္ဓဘာသာအဖို့ ထိုကဲ့သို့သော ဟီရီသြတ္တပ္ပကင်းသည့်ပုံများသည် ဘုရားရှင်တစ်ဆူအဖို့ မဆိုထားဘိ သာမန်လောကီလူသားတစ်ဦးအဖို့ ထိုကဲ့သို့နေလျှင်ပင် အမြင်ရှုန့်ရင်းလွန်းသည့် အတွက် ပြင်းထန်စွာပင် ဆန့်ကျင်ရွှတ်ချကြမည် ဖြစ်ပါသည်။ ထိုပုံစံမျိုးဖြင့် မိမိတို့ ကိုးကွယ်သည့် ဘုဒ္ဓဘုရားရှင်အား ဖူးတွေ့ရလျှင် မည်သို့သောခံစားချက်မျိုး ရှိပါမည်နည်း။ တွေးဆကြည့်ရုံဖြင့်သိနိုင်ပါသည်။

ဘုရား၊ ရဟန္တာပုဂ္ဂိုလ် ဟူ၍ ဖြစ်ပေါ်မှုဆိုင်ရာ သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်စသည့် ဖြစ်ပေါ်မှုတွင် ကာမဂုဏ်လေသာ၊ ရာဂတဏှာကို အောင်ခြင်းသည် အမြင့်ဆုံးဖြစ်၏။ ဘုဒ္ဓဘုရားရှင်၏ တောမိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းတွင် ဘုဒ္ဓဘုရားရှင် ဦးစွာကြွေးကြော်သည့် 'အနေကဇာတိသံသာရံ' အစချီသောဥဒါန်းဂါထာတော်တွင် -

ဤခန္ဓာအိမ်ကြီးအား ဘဝအဆက်ဆက်၊ သံသရာအဆက်ဆက် အဖန်တလဲလဲ တည်ဆောက်ခဲ့သော လက်သည်အစစ် တဏှာယောက်ျား ပဲကွပ်သမားကို ငါတွေ့ပြီဟု ကြွေးကြော်ခဲ့၏။

တဏှာ၏ရင်းမြစ်သဘော၊ သရုပ်မှန်သဘောကို မျက်ဝါးထင်ထင်တွေ့မြင်သိရှိသွားသောဉာဏ်သည် သာမန်ဉာဏ်မျိုးမဟုတ်။ လွန်စွာ အဆင့်မြင့်သော သဗ္ဗညုတဉာဏ်အရာသာ ဖြစ်တော့၏။ ထိုဉာဏ်မျိုးရသည့်ပုဂ္ဂိုလ်ကိုသာ သမ္မာသမ္ဗုဒ္ဓဟု သတ်မှတ်ပါသည်။

ထို့ကြောင့် ဘုရားဖြစ်ရေးတွင်လည်းကောင်း၊ အရဟတ္တမဂ်ရရှိရေးတွင်လည်းကောင်း တဏှာသည် အရေးကြီးဆုံးဖြစ်၏။ ပို၍ တိတိကျကျဆိုရပါမူ တဏှာနှင့် အဝိဇ္ဇာ (အမှန်ကို အမှန်အတိုင်းမသိခြင်း မောဟ) တို့သည် မူလဝဋ်ဖြစ်နှစ်ပါး ဖြစ်၏။

အရေးပါသောတဏှာကို ပိုင်းခြားစိတ်ဖြာကြည့်လျှင် တဏှာသုံးပါးကိုတွေ့ရမည် ဖြစ်၏။ ၎င်းတို့မှာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့ ဖြစ်၏။ ထိုတွင် ကာမတဏှာသည် ကာမဂုဏ်အာရုံတို့အပေါ်၌ ငြိတွယ်ခြင်း၊ စွဲလမ်းခြင်း ဖြစ်၏။ ဘဝတဏှာသည် ဘဝတို့အပေါ် ငြိတွယ်ခြင်းဖြစ်၏။ ဝိဘဝတဏှာသည်ကား သိမ်မွေ့၏။ နားလည်ရန်ခက်၏။ ဘဝ၏ကင်းခြင်း၊ ဆိတ်ခြင်းအပေါ် ငြိတွယ်ခြင်း ဖြစ်၏။

ဤတဏှာသုံးပါးအားဖြတ်ရခြင်းတွင် ကာမတဏှာကို ဖြတ်ရခြင်းသည် အခက်ခဲဆုံးဖြစ်၏။ ကာမတဏှာဟုဆိုရာတွင်လည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ အာရုံငါးပါး၊ အာရုံခြောက်ပါးရှိရာတွင် ဖြတ်ရန်၊ ရှောင်ကြဉ်ရန် အခက်ခဲဆုံးကာ ရူပတဏှာ၊ သဒ္ဒါတဏှာ စသည်တို့ထက် ဖောဋ္ဌဗ္ဗာတဏှာ (ဝါ) အတွေ့အထိဆိုင်ရာတဏှာက ရှောင်ကြဉ်ရန် အခက်ဆုံး၊ ဖြတ်ရအခက်ခဲဆုံး ဖြစ်၏။ အတွေ့ဆိုရာတွင် အဓိကအားဖြင့် ဖို၊ မဆိုင်ရာလိင်အထိအတွေ့၊ မေထုန်အမှု၊ သံဝါသအမှုတို့ကို ဆိုခြင်းပင် ဖြစ်၏။

ထို့ကြောင့် ဖို၊ မဆိုင်ရာ အမှုကိစ္စသည် အရေးကြီးဆုံးဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ဤကိစ္စသည် မည်မျှအရေးကြီးပါသနည်းဟူမူ လောကုတ္တရာအရေးများတွင်မက လောကီအရေး၊ လောကီလွန်အရေးကိစ္စတွင်ပါ အရေးကြီး၏။ အဆုံးဖြတ်ပင်ပြုပါသည်။

ဤအရေးကိစ္စများတွင် မဂ်အရေး၊ ဖိုလ်အရေးတွင်သာမက ဈာန်အရေး၊ အဘိညာဉ်အရေးတို့လည်း ပါ၏။ လူသား၏ အဆင့်မြင့်စိတ်ကျင့်စဉ်များအတွက်လည်း အရေးကြီး၏။ သို့ဖြစ်ပါသောကြောင့် ဤဖို၊ မဆိုင်ရာ အခြင်းအရာသည် သိဒ္ဓိအရေး၊ မဟိဒ္ဓိအရေး၊ မယိဒ္ဓိအရေး စသည့် ကိစ္စရပ်များတွင်လည်း အဆုံးအဖြတ်ပြု၏။ ဝိဇ္ဇာဓိရ်ပုဂ္ဂိုလ်ဖြစ်ရေး၊ မဖြစ်ရေးတွင်လည်း အဆုံးအဖြတ်ပြုပေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဣဿာသဃ၊ ဣသိနာဂ ဇင်ဗျိုးရွာ ဒုတိယယဣန်းစင်တောင်ဆရာတော် ဦးဥဂ္ဂံသ အမိန့်ရှိခဲ့သည့်ဩဝါဒမှာ -

'အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာများသည် ယင်တစ်ကောင်သောက်စရာခန့် မိမိခန္ဓာကိုယ်မှ သုက်လွှတ်မိပါက မိမိတတ်ထားသော ပညာမှန်သမျှ၊ မိမိအောင်မြင်ပြီးသောသိဒ္ဓိမှန်သမျှ၊ မိမိရထားပြီးသော ပညာအကျင့်မှန်သမျှအားလုံး ပျက်စီးရ၏။ အားလုံးသည် သုညဖြစ်လေတော့၏။ မိမိ၏ ကျင့်ဆဲအကျင့်များ၊ ရထားပြီးသောအသိဉာဏ်၊ ဝိဇ္ဇာဆိုင်ရာတိုးတက်ခဲ့ပြီးသော အဆင့်များအားလုံး ပျက်စီးရတော့၏။ ဘာမှသုံးစွဲ၍မရတော့ပေ။ ဘာမှသုံးစား၍လဲမရတော့ပေ။ အသက်အရွယ်ရှိသေးလျှင် တစ်ကယ်ပြန်စ၍ပရိက်ပြန်၌ပြန်စတင်ရတော့၏။ အသက်အရွယ်မရှိတော့ဘဲ အသက်ကြီးရင့်နေပါက တစ်ကယ်ပြန်စလည်း အပိုပင်ဖြစ်တော့၏။ ဘာမှဖြစ်လာတော့မည် မဟုတ်ပေ။ ထိုအခါ ပုဂံဘုရားက ဆွမ်းတော်ကြီးတင်လည်းမမြိ၊ ညောင်ဦးဘုရားက ဆွမ်းတော်ကြီးတင်လည်းမမြိ အားလုံးလက်လွတ်ဆုံးရှုံးရပြီး သေပွဲဝင်၍ ဘဝပြောင်းသွားရတော့၏'

ဟု မိန့်ဆိုခဲ့ပါသည်။

ဤမိန့်ဆိုချက်အရ မိမိခန္ဓာကိုယ်မှ ယင်တစ်ကောင်သောက်စာမျှပမာဏရှိသော သုက်ထွက်သွားလျှင်ပင် မိမိအား ထုတ်လုပ်ကိုင်နေသော လောကုတ္တရာကိစ္စ၊ လောကီလွန်ဝိဇ္ဇာကိစ္စအားလုံး လွဲချော်သွားရပြီဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါသုက်ထွက်စေခြင်း အမှုဆိုင်ရာနှင့်ပတ်သက်ပြီး ဖြစ်နိုင်ခြေနှစ်ရပ်ရှိပါသည်။ ထိုဖြစ်နိုင်ခြေနှစ်ရပ်မှာ မိမိတစ်ဦးတည်း မေထုန်သံဝါသပြုသော အမှုနှင့် ယောကျ်ား၊ မိန်းမတို့ နှစ်ဦးသား ဖို၊ မပေါင်းစပ်ကာပြုကွင်းသော မေထုန်သံဝါသအမှုတို့ပင် ဖြစ်ပါသည်။ ထိုအမှုတစ်မျိုးမျိုးကြောင့် သုက်သည် ထွက်

www.burmeseclassic.com

www.burmeseclassic.com

လွှတ်ခြင်း၊ ထွက်ခြင်းသည်ဖြစ်ရ၏။ ထိုသို့ သုက်လွှတ်မိသည်နှင့် လုပ်ထားသမျှသော အားထုတ်မှုများ၊ သိဒ္ဓိများ အားလုံးပျက်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဤကိစ္စသည် ထန်းလည်ဆစ်ကျိုး ဟူသကဲ့သို့ နောက်ထပ်တစ်ဖန် အညွှန့်အညောက်ထွက်ရန် ခက်ခဲဘိသကဲ့သို့မျိုးဖြစ်သွားမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုကိစ္စသည် **ရဟန်းတို့၏ ဝိနည်း** သိက္ခာပုဒ်တွင်လည်း အမြင့်ဆုံးသော၊ အပြင်းထန်ဆုံးသောသိက္ခာပုဒ် ဖြစ်၏။ ၎င်းသည် ဝိနည်းသိက္ခာပုဒ်တွင် ပါရာဇိက (၄) ပါး၌ ပါဝင်၏။ ရဟန်းတို့သည် ထိုပါရာဇိက (၄) ပါးထဲမှ တစ်ပါးပါးကို ကျူးလွန်ဖောက်ဖျက်မိပါက ရဟန်းဘဝ တစ်ခုလုံးကျင့်ထားသမျှသော တရားအားလုံး ပျက်သုဉ်းရတော့၏။ ရဟန်းအဖြစ်သည် လုံးဝဆုံးရှုံးသွားတော့၏။

ထို့အတူ ဝိဇ္ဇာခိုရိဘဝဖြစ်ရေး၊ မဖြစ်ရေးတွင်လည်း မေထုန်သံဝါသအမှုပြုခြင်း၊ မပြုခြင်းသည်လည်း အဆုံးအဖြတ်ပင် ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် တန္တရဗုဒ္ဓဘုရားရှင်၏ ဆင်းတုရုပ်ပွားတော်များ၌ ဖို၊ မသဘောဖက်၌နေခြင်းသည် တဏှာပေမဆိုင်ရာ ကိလေသာကာမဂုဏ် ခံစားလိုခြင်းကြောင့် မဟုတ်ပေ။ နိမိတ်ပုံသကေတဖြင့်ဖော်ပြပေးခြင်း ဖြစ်သည်။ ထို့ကြောင့် တိုက်ရိုက် အဓိဗွယ်ဖွင့်ဆို၍ မရပေ။ တိုက်ရိုက်အဓိဗွယ်ဖွင့်ဆိုပါက ရှုန့်ရင်းသည့် အဓိဗွယ်မျိုးသာထွက်ပါလိမ့်မည်။

ထိုတန္တရဗုဒ္ဓရုပ်ပွားတော်နှင့် ပတ်သက်ပြီး အဓိဗွယ်ဖွင့်ဆိုမည်ဆိုပါက လူသားသည် ပါရမီလမ်းစဉ်၊ ဘုရားအလောင်းလမ်းစဉ်သို့ လိုက်မည်ဆိုပါက ပါရမီပြည့်သည်အထိ ဖြည့်ကျင့်ရမည်။ ပါရမီပြည့်ကျင့်ရာ သံသရာတစ်လျှောက်လုံးတွင်လည်း သာယာစိုပြည်သော ဃရာဝါသဆိုင်ရာ၊ လောကီဆိုင်ရာ ကာမဂုဏ်များ၊ ဟော်ရွှင်ချမ်းမြေ့ဖွယ်ရာများကို ခံစားရင်း၊ စံစားရင်းပင် တစ်စထက်တစ်စ ပါရမီပြည့်သွားကာ နောက်ဆုံး သမ္မာသမ္ဗုဒ္ဓ ဆုထူးဆုမြတ်အထိ ရောက်ရှိနိုင်မည့် သဘောတရားများ၊ နည်းလမ်းများ၊ ကျင့်စဉ်များ တန္တရဗုဒ္ဓဘာသာတွင်ရှိသည်ဟုဆိုလိုခြင်း ဖြစ်ပါသည်။ လောကီနယ်လွန် အဆင့်မြင့် လူသားများအတွက်မူ အဆိုပါ ဖို၊ မလိင် သဘာဝဆိုင်ရာသင်္ကေတသည် သူတော်စင်နှင့် ကိလေသာအညစ်အကြေးတို့၏ သဘောသဘာဝကို ယှဉ်တွဲဖော်ပြခြင်း၊ ဆန့်ကျင်ဘက်နှစ်မျိုးအား ထင်ရှားသိသာစေလိုခြင်း၊ သူတော်စင်တို့၏ကိလေသာထုံအောင်ခြင်း၊ တဏှာကိုအောင်ခြင်း စသည့် အထိမ်းအမှတ် သင်္ကေတများကို ဖော်ဆောင်ထားခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် လောကရှိအမြင်များကို ဆုံးဖြတ်ရာတွင် အပြင်ပန်းအသွင်သဏ္ဌာန်ကိုသာကြည့်ပြီး အနှစ်သာရကို မမြင်ဘဲရှိသွားတတ်ပုံကိုလည်း ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ ထို့အပြင် အရာရာတိုင်းအပေါ် အမှတ်သညာများ အတိုင်း ယူဆရန်မသင့်ကြောင်းကိုလည်း ဖော်ဆောင်ထားခြင်း ဖြစ်၏။ ထို့အပြင် နိမိတ်ပုံတစ်ရပ်သည် အဓိဗွယ်တစ်ရပ်ကိုသာ ဖော်ဆောင်ခြင်း၊ ဖွင့်ဆိုတတ်ခြင်း ဟူသည့် အသိတစ်မျိုးတည်းမျှမက အခြားသောအဓိဗွယ်များ၊ အသိအမြင်ဆိုင်ရာများရှိနေသေးကြောင်း သင်္ကေတလည်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း တန္တရဗုဒ္ဓဘာသာဝင် အရည်းကြီးတို့၏ကိစ္စ၌လည်း ဤအတိုင်း ကျယ်ပြန့်စွာ စဉ်းစားသင့်ပါသည်။ အရည်းကြီးဆရာတော်များနှင့် ကညာစင်သတို့သမီးတို့၏ နိမိတ်ပုံသင်္ကေတသဘောကိုလည်း အပေါ်ယံသဘောမျှမဟုတ်ဘဲ နက်နဲစွာ စဉ်းစားရမည် ဖြစ်ပါသည်။ ဤပုံစံနှင့် ဤနိမိတ်ပုံသင်္ကေတတွေ့တိုင်း ဤကိစ္စပင်ဖြစ်ရမည်ဟု တရားသေဝါဒမျိုးမဖြစ်သင့်ပေ။ ဗုဒ္ဓဝါဒသည် မည်သည့်ဗုဒ္ဓဝါဒအမျိုးအစားတွင်မဆို ခွဲခြားစိတ်ဖြာလေ့လာသုံးသပ်ရသော ဝိဘဇ္ဇဝါဒဖြစ်၏။ ယခုလည်း ရဟန်းနှင့် မာတုဂါမနိမိတ်ပုံ ယှဉ်တွဲ၍ ဖော်ပြခြင်းသည် အကြောင်းမဲ့မဟုတ်ပေ။ စဉ်းစားစရာ၊ ကျင့်သုံးစရာ မြောက်မြားစွာကို ပေးထားခြင်းလည်း ဖြစ်၏။ ထို့အတူ နည်းလမ်းများကို ပေးထားခြင်းလည်း ဖြစ်၏။

အဆိုပါ နည်းလမ်းများဆိုသည်မှာ လွတ်မြောက်ရန်နည်းလမ်းများ ဖြစ်နိုင်သကဲ့သို့ အလိုဆန္ဒပြည့်ဝစေသော နည်းလမ်းများ၊ ဆုတောင်းပြည့်စေနိုင်သောနည်းလမ်းများလည်း ဖြစ်နိုင်သည်ဟူသောသဘောကိုလည်း မှတ်ပိုက်သင့်ပါသည်။ ဖိုသဘာဝရှိသော တန္တရဆရာတော်နှင့် အပျိုစင်သတို့သမီးတို့ကို တွဲဖက်ဖော်ပြတိုင်း ဤလိင်ကိစ္စသာဖြစ်မည်၊ မေထုန်အမှုသာပြုမည်၊ အငြိဟ္ဗစရိယအကျင့်သာကျင့်မည်ဟု တစ်ကြောင်းဆွဲကောက်ယူမှုမျိုးကိုကား တော်ရုံတန်ရုံ သာမန်ကလေးတစ်ဦးဆင်သိသောကိစ္စ ဖြစ်ပါသည်။

ဤသို့ ကလေးသူငယ်ပင်သိသောကိစ္စမျိုးအတွက်နှင့်ကား ဤနိမိတ်ပုံသင်္ကေတမျိုးကို တန္တရဗုဒ္ဓဘာသာတွင် အလေးအနက်ထားပြီး ဖော်ပြမည့် မဟုတ်ကြောင်းကို သတိပြုရမည် ဖြစ်၏။

ထို့အတူ အဂ္ဂိရတ်ပညာသည်လည်း သင်္ကေတဝါဒအပေါ် မှားစွာ အခြေခံထားပါသည်။ ထို့ကြောင့် တန္တရဗုဒ္ဓဘာသာ၏ အကောက်အယူနိမိတ်ပုံများ၏ အဓိပ္ပာယ်ကောက်ယူမှုသဘောတရားကို နားလည်သောအခါတွင်မှ အဂ္ဂိရတ်ပညာတွင် အကောက်အယူဆိုင်ရာတို့၌ နိမိတ်ပုံထပ်တူပြုနိုင်မည် ဖြစ်သဖြင့် အရေးကြီးပါသည်။

ကညာစင်သတို့သမီးကို **တန္တရ** ဆရာတော်များရှိရာကျောင်းသို့ မင်္ဂလာဦးညွှတ်လွှတ်ရခြင်း ဟူသည့် ကိစ္စတွင်လည်း အဘက်ဘက်မှစဉ်းစားသင့်၏။ ကိလေသာကာမဂုဏ်ဆိုင်ရာကိစ္စတစ်ခုတည်းကို စဉ်းစားရုံဖြင့် လုံလောက်ပြည့်စုံမည် မဟုတ်ပေ။ ထိုထက်ပို၍ထေနက်သောအကြောင်းများရှိနေပါသည်။

တန္တရဘုန်းတော်ကြီးနှင့်လိင်ကိစ္စ

သမားရိုးကျ တန္တရဗုဒ္ဓဘာသာကိုးကွယ်သူများအဖို့ လိင်ကိစ္စနှင့်ပတ်သက်လျှင် ထူးထွေသောပြဿနာမရှိသော်လည်း ဘုန်းတော်ကြီးများနှင့် ဝိဇ္ဇာရေလမ်းစဉ်လိုက်သူများအဖို့ကား အရေးကြီး၏။ အဆိုပါပုဂ္ဂိုလ်များအဖို့ လိင်ကိစ္စသည် တစ်ချက်မှားရုံမျှနှင့် တစ်သက်ပြန်ပြင်၍မရသောအမှားမျိုး ကျူးလွန်မိသကဲ့သို့ ဖြစ်သွားနိုင်သောကြောင့်ပင် ဖြစ်ပါသည်။ မိမိကျင့်သုံးဆောက်တည်ခဲ့သမျှအားလုံး အဟောသိက်ဖြစ်သွားရပါလိမ့်မည်။ ထို့ကြောင့် အထူးဆင်ခြင်သတိပြုရပါမည်။ အရေးကြီးဆုံးမှာ မိမိစိတ်ကို အထူးနိုင်နင်းခိုင်လိုခြင်းပင် ဖြစ်၏။

စိတ်ကို နိုင်နင်းသည်ဆိုရာတွင် ဆန့်ကျင်ဘက်လိင်နှင့် ပတ်သက်ပြီး မဖောက်မပြန်မိစေရန် ဃရာဝါသအမှု မေထုန်အမှုတို့မပြုမိစေရန်ပင်ဖြစ်ရမည်။ သတိကြီးကြီးထားရပါမည်။

ပထမပါရာဇိကသိက္ခာပုဒ်ကို ဗုဒ္ဓဘာသာဝင်ရဟန်းများအားလုံး ပြင်းထန်ကျပ်တည်းစွာစောင့်ရှောက်ရသည်ချည်းဖြစ်ပါသည်။ သို့သော် စောင့်ထိန်းသည်ဆိုရာတွင်လည်း ထေရဝါဒသုံးတော်

www.burmeseclassic.com

www.burmeseclassic.com

ကြီးများနှင့် တန္ဆရဝါဒဘုန်းတော်ကြီးများတို့သည် စောင့်ထိန်းပုံချင်း ကွဲပြားခြားနားကြပါသည်။

ထေရဝါဒဘုန်းတော်ကြီးတို့သည် ဓာတုဂါမများဆိုင်ရာ သိက္ခာပုဒ်များနှင့် တည်သက်၍ မကျူးလွန်မိစေရန် လည်းကောင်း၊ ပါရာဇိကမကျစေရန် လည်းကောင်း အမျိုးသမီးများနှင့် နီးနီးကပ်ကပ် မနေကြပေ။ အတတ်နိုင်ဆုံး ဝေးကွာစွာထား၍ ဆက်ဆံကြ၏။ အမျိုးသမီးများနှင့် တစ်မိုးတစ်ရံတည်းနေခြင်း၊ ညဉ့်အိပ်ခြင်းညဉ့်နေခြင်းတို့ကို ရှောင်ကြဉ်ကြပါသည်။

တန္ဆရဝါဒဘုန်းတော်ကြီးများသည်လည်း ဓာတုဂါမများကို ရှောင်ကြဉ်ကြပါသည်။ သို့သော် တန္ဆရဝါဒဘုန်းတော်ကြီးများအနေဖြင့် အမျိုးသမီးများနှင့် တည်သက်လျှင် အတွင်းစည်းအထိရောက်ခဲ့လာနိုင်သောအခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထား၏။ ဆိတ်ကွယ်ရာ အရပ်၌ နှစ်ဦးတည်း အတူတကွရှိနေသောအခြေအနေ၊ အမျိုးသမီးဘက်မှ သွေးဆောင်ဖြားယောင်းသောအခြေအနေ၊ အစစအရာရာ အားလုံး အဆင်ပြေသောအခြေအနေစသည်အားလုံးအတွက် ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်းများပြုထားကြ၏။ ကျင့်စဉ်အဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ အဆိုပါ ဓာတုဂါမ ကိစ္စကို ဂရုစိုက်ရလေ၏။

တန္ဆရဝါဒ ရဟန်းတော်နှင့် ထေရဝါဒ ရဟန်းတော်များ၏ ကျင့်စဉ်ပိုင်းဆိုင်ရာတွင် ကွာခြားသောအချက်ရှိ၏။ ထေရဝါဒရဟန်းတော်များသည် အကျင့်ပိုင်းဆိုင်ရာ ဝိပဿနာ စသည်ကျင့်ရာတွင် မိမိအားထုတ်နိုင်လျှင် အားထုတ်နိုင်သလောက် အဆင့်မြင့်ချင်သလောက်မြင့်နိုင်၏။ အဆုံးစွန်ဆုံးအားဖြင့် မဂ်၊ ဖိုလ်ဆိုင်ရာ ဉာဏ်အမြင်များအထိ သွားနိုင်ဂ သွား၍ရ၏။ ဤသို့အားထုတ်ရင်း အရဟတ္တမဂ်အဆင့်အတန်းမျိုးအထိရသွားလျှင်ကား ကိလေသာ၊ ကာမဂုဏ်၊ တဏှာ၊ ရာဂ စသည်တို့ကို ထိုမဂ်သတ္တိ၏အပြီးတိုင်ပယ်သတ်ခြင်းမျိုး၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်ပြီးဖြစ်သွားတော့၏။ ထို့ကြောင့်လည်း မည်သည့် ဓာတုဂါမအမျိုးအစားနှင့်မျှ ပတ်သက်စရာအကြောင်းမရှိတော့ပါ။

သို့သော် အဆိုပါ အရဟတ္တမဂ် အဆင့်အတန်း၊ အနာဂါမိမဂ်အဆင့်အတန်းသို့မရောက်ရှိသေးသော ထေရဝါဒ ရဟန်းတော်များအဖို့ကား ဘေးအန္တရာယ်ရှိနိုင်သည်ဟုဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထေရဝါဒ ရဟန်းတော်များသည် ဓာတုဂါမဆိုင်ရာ ရှောင်ကွင်းနည်း၊ ရှုနိုးထွက်နည်း၊ စိတ်သတ္တိခံနိုင်ရည်ဆိုင်ရာ အလေ့အကျင့်နည်းကြသောကြောင့် ဖြစ်၏။

ထို့ကြောင့်လည်း အချို့ အတော်များများသော အစိတ်အပိုင်းတို့သည် မိမိကိုယ်တိုင်က စိတ်အခြေအနေပြောင်းလဲသွားပြီး အားထုတ်သောကိစ္စများကို မဆိုဘဲ တစ်ဖက်မာတုဂါမမှ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်သတ်ကြီးပမ်းလာခြင်း၊ ဓာတ်ထောင်ချောက်ဆင်ခြင်းစသည့် အခြေအနေများကြောင့် ပါရာဇိကတ်မကျသည့်တိုင် လူထွက်ပြီး ဃရာဝါသအမှုတို့ကိုပြုရသည့်အခြေအနေသို့ ရောက်သွားတတ်၏။ ထိုအခါတွင်လည်း လုပ်ထားသမျှ၊ ကျင့်ထားသမျှသော သတ္တိအပေါင်းတို့သည် အဟောသိကံ ဖြစ်သွားရတော့၏။

တန္ဆရရဟန်းတော်များအနေဖြင့်မူ ထေရဝါဒရဟန်းတော်များနှင့်မတူသည့် အချက်မှာ သူတို့သည် ဘုရားဆုကိုပန်ဆင်ထားသူများဖြစ်နေကြ၏။ သူတို့သည် သံသရာတစ်လျှောက်တွင် ပါရမီလမ်းစဉ်ကို အစွမ်းကုန်ဖြည့်ဆည်းပြီး နောက်ဆုံးဘဝတွင်မှ ဘုရားအဖြစ်ကို ရယူကာ သတ္တဝါအပေါင်းတို့အား ချေချွတ်ကယ်မကာ နိဗ္ဗာန်စံဝင်မှုပြုမည်ဟု ပဋိညာဉ်ပြုထားသည့်ပုဂ္ဂိုလ်များ ဖြစ်၏။

ထို့ကြောင့် သူတို့သည် ဘဝများစွာသံသရာက ပါရမီများဖြည့်ဆည်းခဲ့သဖြင့် ယခုဘဝတွင် ပါရမီအတော်ပင်ရင့်သန်လာပြီဖြစ်သဖြင့် ရဟန်းတော်ဘဝအဆင့်အတန်းသို့ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် သူတို့သည် ရဟန်းဘဝအဆင့်အတန်းဖြစ်သဖြင့် သာမန်လူတို့နှင့်မတူဘဲ သီလ၊ သမာဓိ၊ ပညာဆိုင်ရာလမ်းစဉ်များကို မဖြစ်မနေ၊မကျင့်မနေ ကျင့်ကိုကျင့်ရမည် ဖြစ်၏။

၎င်းတို့သည် မိမိအတွက်လည်း ကျင့်ရသလို အများဝေနေယျသတ္တဝါအပေါင်းတို့အတွက်လည်း ကျင့်ရ၏။ ပါရမီလမ်းစဉ်အတိုင်းလည်း ဖြည့်ကျင့်ရ၏။ ထိုကျင့်သုံးသမျှသော အကျင့်အပေါင်းတို့သည် လည်းကောင်း၊ ဖြည့်ဆည်းသမျှသော ပါရမီအပေါင်းတို့သည်လည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓဘုရား၏ အထောက်အပံ့အဖြစ်သာ ရည်ရွယ်ထားကြခြင်း ဖြစ်၏။

ထို့ကြောင့် တန္ဆရဝါဒရဟန်းတော်များသည် သီလ၊ သမာဓိ၊ ပညာလမ်းစဉ်များကို အားထုတ်ရာတွင် အားထုတ်ချင်တိုင်း အားထုတ်၍မရပေ။ သီလသမာဓိပညာတို့ပြင့်လျှင်ပြင့်သလိုကိုးကွယ်စဉ်များကို အဆင့်မြင့်လာသောအခါ မြင့်မားအောင်အားထုတ်၍မရပေ။ ကန့်သတ်ချက်ရှိ၏။ ထိုကန့်သတ်ချက်ဘား သောတာပတ္တိမဂ်ဉာဏ် ဖြစ်၏။

အကယ်၍ သောတာပတ္တိမဂ်ဉာဏ်အဆင့်အတန်းသို့ ရောက်ရှိသွားလျှင် အရိယာအဆင့်အတန်းဖြစ်သွားတော့၏။ သောတာပန်သည် ဘဝအနေဖြင့် အလွန်ဆုံး နောက်(၇)ဘဝသာဖြစ်တော့မည် ဖြစ်သည်။ သံသရာကို ကန့်သတ်လိုက်ပြီဖြစ်၏။ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်သည် ပါရမီလမ်းစဉ်ကို ဆက်ဖြည့်၍မရတော့ပေ။ ထို့ကြောင့်လည်း အဆိုပါပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓလည်းဖြစ်ခွင့်မရှိတော့ပေ။

ထို့ကြောင့် တန္ဆရရဟန်းတော်များသည် တရားအားထုတ်လျှင် ဉာဏ်စဉ်အဆင့်အတန်းဖြင့်ဆိုရပါမူ အလွန်ဆုံး အနုလောမဉာဏ်ရသည်အထိသာ အားထုတ်ကြပါသည်။ ထိုထက်ပို၍အားထုတ်လို့မရပါ။ အားထုတ်လျှင် ဝေါတြဘူဉာဏ်မှ သောတာပတ္တိမဂ်ဉာဏ်သို့ ကူးပြောင်းသွားနိုင်၏။ ထိုအခါ မိမိတို့တစ်သံသရာလုံး ရည်ရွယ်အားခဲခဲ့သမျှတို့သည် လမ်းကြောင်းပြောင်းသွားတော့မည် ဖြစ်၏။ ထိုအဖြစ်မျိုးကိုလည်း လက်မခံနိုင်ပေ။ ထို့ကြောင့်လည်း အနန္တအသတ်ဖြင့် တရားအားထုတ်ကြရခြင်း ဖြစ်၏။

သို့ဖြစ်ပါသောကြောင့် သူတို့သည် မည်သည့်အခါတွင်မျှ အရဟတ္တဖိုလ်အဆင့်အတန်းသို့ မရောက်ရှိနိုင်ကြပေ။ အရဟတ္တဖိုလ်အဆင့်မဖြစ်ရုံမျှမက သောတာပန်အရိယာအဆင့်ပင် ဖြစ်၍ မရနိုင်ပေ။ သို့ပါ၍ သူတို့သည် လောကီဆိုင်ရာ ကိလေသာ၊ ကာမရာဂ၊ တဏှာပေမဆိုင်ရာတို့နှင့် ပတ်သက်ပြီး အပြီးတိုင် ပယ်သတ်၍မရသောအခြေအနေမျိုးဖြစ်နေ၏။ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်မျိုးလောက်သာ ပယ်နိုင်မည်ဖြစ်၏။

ထို့ကြောင့် ကိလေသာ၊ ကာမတဏှာဆိုင်ရာ ဓာတုဂါမကိစ္စနှင့် ပတ်သက်ပြီး ရှောင်ကြဉ်နိုင်ရန်အတွက် စိတ်၏ခံနိုင်ရည်သတ္တိအားကိုလည်း မွေးမြူလေ့ကျင့်ကြရ၏။ ကြိုတင်၍အဆင့်ဆင့်ပြင်ဆင်ကြ၏။ သို့မှသာ တန္ဆရရဟန်းတော်များသည် ဓာတုဂါမ၏ အန္တရာယ်ကို အဆင့်မြင့် တရားကျင့်စဉ်မဟုတ်သောအခြားနည်းများကို အသုံးပြုမှသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ပေ၏။

အဆိုပါ အခြားနည်း ဆိုသည်မှာ တန္တရဝါဒရဟန်းတော်များသည် မာတုဂါမများနှင့်အတူနေထိုင်စေပြီး ခက်ခဲပြင်းထန်စွာသောရှောင်ကြဉ်ခြင်းဆိုင်ရာ စာမေးပွဲများကို အစမ်းသပ်ခံသည့် သဘောဖြင့် ဖြေဆိုကြရ၏။ အဆိုပါ စာမေးပွဲများကို တိကျသေချာစွာဖြင့် ကျပ်တည်းစွာ စစ်ဆေးကြခြင်း ဖြစ်၏။ အမှန်တကယ် မိမိစိတ်ကို မအောင့်သည့် အဆိုပါ စာမေးပွဲကို အောင်နိုင်ရန်အခြေအနေမှ ဝေကွာသွားမည် ဖြစ်ပေသည်။ အဆိုပါ စာမေးပွဲမျိုးသည် မတွေ့အောင်၊ မမြင်အောင် ရှောင်နေပြီးမှ ရှောင်ကြဉ်နိုင်သော သိက္ခာပုဒ်မျိုး မဟုတ်ပေ။ မာတုဂါမ မရှိသော လူသူအရောက်အပေါက် လွန်စွာနည်းသည့် တောထဲတောင်ထဲ သွားရောက်နေထိုင်ပြီးမှ အပြဟ္ဓစရိယာသိက္ခာပုဒ်ကို စောင့်ထိန်းနိုင်ခြင်းမျိုးသည် သိပ်ပြီးစိတ်ချရသည့်အဆင့်မျိုးတော့ မဟုတ်ဟု ဆိုနိုင်ပါသည်။ မာတုဂါမကို မတွေ့၍ ရှောင်နိုင်ခြင်းအခြေအနေမျိုး ဖြစ်ပါသည်။

ထိုသို့ တောထွက်ပြီး ရှောင်ကြဉ်ကာ ကျင့်သုံးနေထိုင်မှုမျိုးကို 'အညရဝါသီ' ဟု ခေါ်ပါသည်။ တောရဆောက်တည်ခြင်း ဖြစ်ပါသည်။ ထိုသို့ တောရဆောက်တည်မှုမျိုးကို ထေရဝါဒရော မဟာယာနဝါဒတို့ပါ ကျင့်သုံးလေ့ရှိကြပါသည်။ အထူးသဖြင့် ထိုနည်းစနစ်ကို ထေရဝါဒတို့က ပိုပြီးကျင့်သုံးကြ၏။

တန္တရဝါဒဗုဒ္ဓဂယာန်းတော်တို့ကား တောသို့ထွက်၍ ကျင့်သုံးသည့် တောရဆောက်တည်မှုကိုပြုခဲကြ၏။ မြို့ထဲ၊ ရွာထဲ၌ပင်နေထိုင်ပြီး ရအောင်ကျင့်သုံးကြခြင်း ဖြစ်၏။ ပါရမီလမ်းစဉ်ကိုကျင့်သုံးသည့်ပုဂ္ဂိုလ်များဖြစ်သည့်အားလျော်စွာ လူတောထဲနေထိုင်ပြီး လူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှု ရည်ရွယ်ရင်း ရောက်မည် ဖြစ်၏။ ပါရမီဖြည့်ရမည့် ပရဟိတ စသည့် လုပ်ငန်းအပေါင်းတို့သည် လူများရှိမှပြု၍ရမည်၊ ဖြည့်၍ရမည် ဖြစ်၏။ ထို့ကြောင့် ၎င်းတို့ကို 'ဂါမဝါသီ'များ (ဝါ) ကိစ္စများမြောင် လူတို့ဘောင်၌နေထိုင်ကြသူများဟု ခေါ်ခြင်း ဖြစ်ပါသည်။ 'ဂါမ'၏အဓိပ္ပာယ်မှာ ရွာ၊ ဇနပုဒ်တို့ကို ခေါ်ခြင်း ဖြစ်၏။ အဆိုပါ 'ဂါမဝါသီ'ပုဂ္ဂိုလ်များ သီတင်းသုံးသည့် ကျောင်းကို ရွေးမြေမြန်မာတို့က 'ပွဲကျောင်း' ဟု ခေါ် ဝေါ်လေ့ရှိကြပါသည်။

ထို့ကြောင့် ဂါမဝါသီတို့သည် လူနေထူထပ်သည့် မြို့များ၊ ရွာများ၊ ဇနပုဒ်များတွင် လှုပ်ပေါင်းစုံတို့နှင့်ရောထွေးနေထိုင်ကြရသူများ ဖြစ်၏။ မာတုဂါမဆိုင်ရာကိစ္စကို လည်းကောင်း၊ ကိလေသာကာမ၊ ရာဂ၊ တဏှာပေမဆိုင်ရာကိစ္စများကို လည်းကောင်း၊ ကာမဂုဏ်အာရုံများကို လည်းကောင်း ပေါများစွာ၊ လွယ်ကူစွာ၊ အဆင်သင့်စွာ စိတ်တိုင်းကျစွာ တွေ့နိုင်၊ မြင်နိုင်၊ ခံစားနိုင်မည် ဖြစ်၏။

သို့ပါ၍ ဂါမဝါသီတို့သည် ကိလေသာ ကာမဂုဏ် စသည်တို့ကို လည်းကောင်း ပို၍ရှင်းလင်းစွာဆိုရပါမူ မိန်းမအာရုံတို့ကို နမူးတွေ့ ဒူးတွေ့ ထိပ်တိုက်တွေ့ပြီး ရှောင်လွှဲမရနိုင်ဘဲ ရောနှောနေထိုင်ရခြင်း၊ လုပ်ကိုင်ရခြင်း၊ ဆက်ဆံခြင်းပြုရပါသည်။ ထိုသို့ ရောနှောပူးကပ်နေထိုင်ရသည့် ဘဝနေနည်းမှာ စနစ်ထဲမှ မာတုဂါမနှင့်မငြိစွန်းအောင်၊ အပြဟ္ဓစရိယမဖြစ်၊ ပါရာဇိကတ်မကျအောင် ရှောင်ကြဉ်ပြီး နေထိုင်နည်းမျိုး ဖြစ်ပါ သည်။

၎င်းနေရာ၌ 'အရညဝါသီ'နှင့် 'ဂါမဝါသီ' ဟူသည့် ပုဂ္ဂိုလ်အမျိုးအစားနှစ်မျိုး၊ ကျင့်သုံးနေထိုင်နည်းနှစ်မျိုးတို့၌ မည်သည်က ပို၍ ခက်ခဲပါမည်နည်း။ နက်နဲပါမည်နည်း။ စဉ်းစားကြည့်ရုံဖြင့် ရှင်းလင်းစွာ အဖြေထွက်နိုင်ပါသည်။

ထို့ကြောင့် ကိလေသာကာမဂုဏ်တို့ကို ထိပ်တိုက်ပက်ပင်းရင်ဆိုင်ပြီး ဖြတ်ကျော်ရင်ဆိုင်ကာ ကြံကြံခိုင်ပြီး သိလ၊ သမာဓိ၊ ပညာတို့ကို ဆောက်တည်ကျင့်သုံးနေနိုင်သော ဘဝနေနည်းသည် လွယ်ကူသောဘဝနေနည်းမျိုး မဟုတ်ပေ။ ပုဂ္ဂိုလ်တိုင်းမဖြစ်နိုင်သောကိစ္စ ဖြစ်၏။ အောင်မြင်နိုင်ခဲ၏။ ဘဝတစ်လျှောက် ယှဉ်ပြိုင်ရသောပွဲများကလည်း တစ်ပွဲပြီး တစ်ပွဲပြည့်နေ၏။ ထို့ကြောင့် အခန့်မသင့်သည်နှင့် တစ်ပွဲပွဲတွင် နောက်ကောက်ကျသွားပြီး ပြိုင်ပွဲမှထွက်ခွာသွားရပေလိမ့်မည်။ ထို့ကြောင့် ပုဂ္ဂိုလ်ရာထောင်သောင်းတွင်မှ တစ်ယောက်ရဲရဲပေါ်ထွက်နိုင်ခဲ့၏။ ထိုသို့ အောင်မြင်လျှင် ထိုပုဂ္ဂိုလ်ကို အာဇာနည်သူရဲကောင်း ခေါ် အပ်၏။

သို့ဖြစ်ပါသောကြောင့် 'ဂါမဝါသီ'တို့၏ ကျင့်သုံးနေထိုင်မှုသည် စစ်ပွဲတစ်ဖွဲတွင် ရှေ့တန်းစစ်မျက်နှာနှင့် တူ၏။ 'အညရဝါသီ'တို့၏ ကျင့်သုံးနေထိုင်မှုသည် နောက်တန်းစစ်မျက်နှာနှင့်တူ၏။ မည်သို့ပင်ဖြစ်စေ ရှေ့တန်းစစ်မျက်နှာကား ထိခိုက်ပျက်စီးရန် ဖြစ်နိုင်ခြေများသကဲ့သို့ အောင်မြင်အောင် စွမ်းဆောင်နိုင်ပါကလည်း သူရဘွဲ့ စသည့် သူရဲကောင်းဘွဲ့တံဆိပ်များလည်းရရှိနိုင်မည်။ ရာထူးလည်းတက်လွယ်မည်ကဲ့သို့ ဖြစ်၏။

၎င်းနေရာတွင်လည်း ဝေဖန်ဆန်းစစ်နိုင်သည့် အခြေအနေအမျိုးမျိုးရှိပါသည်။အချို့သောပုဂ္ဂိုလ်များသည် တောထွက်ရန် အစွမ်းသတ္တိပြည့်စုံမှုမရှိသောကြောင့် မြို့ထဲ၊ ရွာထဲမှ ထွက်ခွာရန်မစဉ်း၍ မထွက်ဖြစ်သည်လည်း များစွာရှိပါသည်။ အချို့လည်း ကာမဂုဏ်အာရုံများကို မစွန့်နိုင်၊ မဖြတ်နိုင်၊ မလျော့နိုင်သဖြင့် မထွက်လိုကြခြင်းလည်း ဖြစ်ပါသည်။ ၎င်းနေရာ၌ သီလ၊ သမာဓိ၊ ပညာလမ်းစဉ်၊ ဝိဇ္ဇာရေလမ်းစဉ်ဆိုင်ရာတို့အတွက် အနေးအကြီးဆုံးဖြစ်သော မာတုဂါမကိစ္စကို အဓိကထား၍ ဆိုနေရခြင်းဖြစ်သဖြင့် 'အရညဝါသီ' နှင့် 'ဂါမဝါသီ'တို့ကိစ္စ နှိုင်းယှဉ်ပြရခြင်းသာ ဖြစ်ပါသည်။ အဆင့်အနိမ့်၊အမြင့်ကိုနှိုင်းယှဉ်ဖော်ပြခြင်းမဟုတ်ကြောင်းကိုလည်း သိစေလိုပါသည်။

တကယ့်တကယ်တွင်မူ 'အရညဝါသီ' အလုပ်သည်လည်း လွယ်ကူသောအလုပ် မဟုတ်ပေ။ မလွယ်ကူသည်မှာ အတော်ပင်မလွယ်ကူသည့်လုပ်ငန်း ဖြစ်ပါသည်။ မာတုဂါမနှင့် ပတ်သက်သော အန္တရာယ်အတွက် အဝေးမှရှောင်တိမ်းနည်းများတွင် အကောင်းဆုံးသောနည်းစနစ်တစ်ရပ်လည်း ဖြစ်ပါသည်။ ထိုနည်းတွင် မာတုဂါမတို့၏ဘေးအန္တရာယ်ကင်းမှုမှတစ်ပါး အခြားသော ဘေးအန္တရာယ် အပေါင်းတို့သည် အလွန်ပင်ထူပြောလှသည့် အခြေအနေတို့ကလည်း များပြားလွန်းလှစွာ ဝန်းရံနေပါသည်။

ထို့ကြောင့် အထက်တွင် ဖော်ပြခဲ့သမျှတို့သည် ဂါမဝါသီတို့ကို ခိုးကျူးအမွှမ်းတင်နေခြင်း မဟုတ်ပေ။ အမှန်တကယ်ပင် မိမိတို့လမ်းစဉ်များအတိုင်း မသွေမဖည် မတိမ်းမစောင်းဘဲ တိကျစွာလိုက်နာကျင့်သုံးသည့်ပုဂ္ဂိုလ်များကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များအထဲတွင်လည်း တစ်ချို့က အရည်းကြီးများဟု နာမည်ဆိုးပညတ်များအမျိုးမျိုးတပ်ကာ ခေါ် ဝေါ် သမုတ်ခြင်းခံထားခဲ့ရသော တန္တရဝါဒ ဗုဒ္ဓဘာသာ ရဟန်းအစစ်ပုဂ္ဂိုလ်တို့၏ အမှန်တကယ် ကျင့်သုံးနေထိုင်မှုကိုသာ ထင်ရှားစေလိုမှု ဖြစ်ပါသည်။

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်လွန်းလင်း
(အောပုဇ္ဈဒ)

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

ရွှေပြည်မင်း

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

တိုင်းရင်းဆေးကုဌာန

ဆည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊
ဆည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့်
းတိုက်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျိုနာ၊ စအိုဝတွင် အဖုအကိုတ်၊ စအိုနာအမျိုးမျိုး။
မျိုးသမီးများသားအိမ်အတွင်းအလုံးအကိုတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊
်သားအဖုအကိုတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့်
းသန့် သက်သာပျောက်ကင်းစေရမည်။
မှာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊အကိုတ်၊အဖု၊
ဆင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းပွင့်ချိန် -
ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန
- ၂၇၊အဝိုင်း(၃)၊သဇင်ရပ်ကွက်၊သံသုဓာလမ်းမကြီးမြင်သာ၊ထောင်ဦးတွင်လာ၊ရန်ကုန်မြို့။ ☎ -
တနင်္လာနေ့တိုင်း ပိတ်သည်။

ဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးခိုးလင်းတို့၏ တပည့်

ဆရာ ဦးခင်ဇော်

- နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မို့ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
- ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
- (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
- ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
- လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
- နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကဓံရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
- အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
- နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
- ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြေဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
- မြောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရိုကိုအရိုးအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

ဆရာ ဦးခင်ဇော်

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခရပ်ကွက်)
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာသုတေသနအဆောက်အဦ)
ဖုန်း-၀၁-၇၃၀၁၈၈၀၁ ။ ဝင်္ဂ ဥက္ကလာ

www.burmeseclassic.com

www.burmeseclassic.com

ထောင်မျှားကြီးသိန်းဝင်း

အင်းရွာပုံပြင်

ကျွန်တော်တို့ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံဝိဇ္ဇာတက္ကသိုလ် တတိယနှစ်တက်စဉ် မိုးရာသီကျောင်းပိတ်ရက်မှာ ကျွန်တော်နှင့် မေကျာတူ၊ Sectionတူ သူငယ်ချင်းက စောကျော့လေက သူတို့ဒေသကိုအလည်ဖိတ်၏။ သူက ကရင်တိုင်းရင်းသား၊ ခရစ်ယာန်ဘာသာဝင်။ သူ့အဖေက ဦးစောဆမ်းမား။ ဒုရဲအုပ်စခန်းမှူး။ သူ့အစ်ကို ကြီးဦးစောဝိလျံက မြို့နယ်တရားသူကြီးအဖွဲ့ဝင်။ တိုက်ကြီးနှင့် ဥက္ကဋ္ဌကြား ပြည်ကားလမ်းဘေးက အင်းကုန်းဆိုတဲ့ရွာမှာ နေကြ၏။ အင်ကုန်း ဆိုတာက ကရင်ရွာကြီး။ ခရစ်ယာန်ဘာသာဝင် ကရင်တိုင်းရင်းသားတွေ အများစုနေထိုင်ကြပြီး လုပ်ငန်းကတော့ ဆန်စပါးနှင့်ပဲမျိုးစုံစိုက်ကြသည်။ အင်းလုပ်ငန်းနှင့် တခြားလုပ်ငန်းတွေလည်းရှိပါသည်။

ကျွန်တော့်သူငယ်ချင်းကဖိတ်တာကြာပါပြီ။ ကျွန်တော်က မအားတာနှင့် မလိုက်ဖြစ်ခဲ့။ ဒီတစ်ခါတော့ သူ့အစ်ကို ဦးစောဝိလျံကပါ တကူးတကဖိတ်တာကြောင့် ကျွန်တော်သွားဖြစ်ခဲ့ခြင်း ဖြစ်၏။ တိုက်ကြီးကားစီးပြီးတော့ တိုက်ကြီးမှာ နေ့လယ်စာစား၊ ဥက္ကဋ္ဌကားနှင့် အင်းကုန်းရွာကိုသွားရတာပါ။ ရွာရောက်တော့ သူငယ်ချင်းမိသားစုက ဆီးကြိုနေပါသည်။ ညနေခင်းအချိန်ဖြစ်သည်။ သူငယ်ချင်းမိသားစုကတော့ ညနေစာအတွက် စီစဉ်နေကြပါသည်။ သူတို့ရွာက ကားလမ်းဘေးက ရွာတန်းရှည်ရွာကြီး။ ခြံဝိုင်းကြီးတွေက အလွန်ကျယ်သည်။ အိမ်ဝိုင်းတွေကို ထီးရိုးဝါး၊ ဝါးနက်ဝါး၊ ဝါးပိုးချဲကြီးတွေနှင့်စည်းရိုးလုပ်ထား၏။ ရွာအနောက်ဘက်မှာတော့ စိမ်းစိုနေတဲ့ စပါးခင်း၊ မြေပဲခင်းနဲ့ မတ်ပဲပင်တွေက တစ်ခေါ်တစ်မျှော်ကြီးပါပဲ။ ကျွန်တော် ခရီးရောက်မဆိုက် ခဏနားပြီး ဝါးပိုးချဲဘေးက အုတ်စီရေတွင်းမှာ ရေချိုးရသည်။ ရေချိုးပြီး၍ အဝတ်အစားလဲနေတုန်း မြွေဟောက်တွန်သံကို တရှိန်ရှိန်နှင့်ဝါးခုံတွေဘက်ကကြားရတယ်။

အဲဒီအခါမှ သူငယ်ချင်းစောလွေးလေက -

"သူငယ်ချင်းအိမ်ပေါ် တက်တော့။ ကိုယ်တို့အမြည်းထုစ်ခုထပ်တိုးပြီ။ ဖင်လိုက်ဦးမယ်။ မြွေဟောက်ဆိုတော့ ဟိုပြေးဒီပြေးနဲ့အန္တရာယ်ရှိတယ်။ အိမ်ပေါ် တက်နေ"

ကျွန်တော်အိမ်ကပြင်ပေါ် ရောက်တော့ သူတို့ တုတ်များ၊ ဓားမများ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းကြသည်။ မြွေဟောက်ကြီးအား လူ ပိုင်းထားလိုက်ပြီး ထွက်ပေါက်ပေးထား သောနေရာမှ ရှောခနဲအထွက် သူငယ် ချင်း စောလျှော့လေက ခြေမြန်လက်မြန် ဦးခေါင်းအား ဂုက်ကြီးတောင်ဓားနှင့်ပိုင်း လိုက်ခြင်းဖြစ်သည်။ မြွေဟောက်ကြီးမှာ ပါးပျဉ်းပင်မထောင်နိုင်၊ ခေါင်းပြတ်ကြီး [illegible] အကြီးပိုင်းကထွန့်ထွန့် [illegible] ဆဲဝင်ဖြစ်သည်။ သူတို့ အဖွဲ့က အလွန်မြန်လှသည်။ လူ(၄)ဦး ဘက်ညီသည်။တစ်ဦးက ဝါးရွက်ခြောက်၊ သစ်ကိုင်းခြောက်များဖြင့်မီးဖိုလေသည်။ တစ်ဦးက ခေါင်းပြတ်ကြီးကို မြွေတွင်း တူး၍မြှုပ်သည်။ ကျန်(၂)ဦးက မြွေကိုယ် ထည်ကြီးအား ကြိုးချည်၍မီးကင်သည်။ အသားညှော်နံ့မှာ အလွန်မွှေးသည်။ ကျက်သလောက်ရှိမှ အိမ်ပေါ် သို့ယူခဲ့ ကြသည်။ ကရင်မကြီးတစ်ဦးက မြွေကင် ကြီးအား သားရေဆုတ်ပြီး ဗိုက်ခွဲ၍ အူ အသည်းများကို နုတ်ထည့်ပြီးနောက် ဇလုံတစ်လုံးထဲသို့ အသားမျှင်များအား ဓားဖြင့်ခြစ်ချသည်။ ပြီးနောက် ငရုတ် သီးစိမ်း၊ ကြက်သွန်နီ၊ ဖျူး၊ ဆီ၊ ဆားထည့် ၍ သုပ်ခြင်းဖြစ်သည်။

ညနေဝိုင်းအား မြွေဟင်းသည် ဝါးပိုးဝါးရွက်ကြီးအနီး၌ပင် စားသုံခဲ့များခင်း ၍ စားသောက်ဝိုင်းဖွဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော် ထိုအချိန်တုန်းက အရက် မသောက်တတ်ပါ။ အမြည်းများစားရင်း မြွေဟောက်သားဟင်းအား စားဖူးသည်ရှိ အောင်မြည်းကြည့်ရာ လွန်စွာဆိမ့်၍ ချို သည်။ ဘယ်အသားဖြင့်မှမတူ အတော် စားကောင်းသည်။

သူတို့ကတော့ ဒေသထွက် တော အရက်ဖြင့် မြည်းကြခြင်း ဖြစ်သည်။ ည စာထမင်းစားတော့ လယ်ငါးကလေးများ ကို အိုးကပ်ဟင်း၊ ဘဲငန်းသားဟင်း၊ ကျော်စံကေးခေါ် ဖားကလေးများနှင့် မန်ကျည်းရွက်နုချဉ်ရည်ဟင်း၊ မြေပဲပင် ပေါက်ကြော်၊ မှိုနှင့်ကန်စွန်းရွက်ကြော် ဟင်းများ၊ ငါးပိရည်၊ တို့စရာဖြင့်မြိန်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

လှလေသည်။ ကရင်လယ်သမားဟင်း ဖြစ်သော်လည်း အစပ်အဟပ်တည့် သောကြောင့် အလွန်စားကောင်းသည်။ ညစာစားပြီးဝိုင်းသိမ်းတော့ ည(၉)နာရီ ထိုးချေပြီ။ အစ်ကိုကြီး ဦးစောဝီလျံက မနက်ဖြန် ခရီးထွက်မည့်အစီအစဉ်ကို ပြောပြသည်။

ကျွန်တော်တို့ မနက် (၆) နာရီခန့် ထကြသည်။ ကိုယ်စီသုံးလွယ်အိတ်များ လွယ်၍ ရွာအနောက်ဘက်လယ်ကွင်း များကိုဖြတ်ပြီး လမ်းလျှောက်ရခြင်း ဖြစ်သည်။ ပဲခူးရိုးမတောင်တန်းကြီးက အနောက်ဘက်အဝေးတွင် ညို့ညို့မှိုင်း မှိုင်း လှမ်းမြင်နေရသည်။ လယ်ကွင်းများ ဆုံးတော့ တောင်ခြေတောစပ်၊ တောစပ် ဆုံးတော့ ကိုင်းတောကြီး၊ ရေနက်တွင်း ဒေသ၊ အင်းရွာသို့ရောက်လုနီးချေပြီ။ တောင်ခြေနှင့်ကိုင်းတောစပ်အလွန်တွင် စုစုဝေးဝေး တဲ (၁၀) လုံးခန့်ကို တွေ့ရ သည်။ အင်းသူကြီးဦးလူမောင်၏ အင်း ရွာဟု အစ်ကိုကြီးဦးစောဝီလျံကပြော၍ သိရပါသည်။

"ကဲ-ညီတို့ ရွာကိုရောက်ရင် အင်း သူကြီးဦးလူမောင်နဲ့ မင်းတို့ကို မိတ်ဆက် ပေးမယ်။ သူက အင်းသူကြီးလုပ်ပေမယ့် လူမှုရေးအလွန်သိတတ်တဲ့လူပဲ။ မင်းတို့ လို ပညာတတ်မဟုတ်ပေမယ့် သူ့လုပ် ငန်းမှာတော့ အလွန်တော်တဲ့ ပညာရှင် တစ်ယောက်ပဲ။ ဒါကြောင့်လည်း ဒီအင်း ကြီးကို (၅) နှစ်ဆက်တိုက် လေလံဆွဲခဲ့ ကြတာ သူပဲရတယ်။ ငါတို့ကလည်း မြို့ နယ်အဖွဲ့အစည်းနဲ့ လုပ်ရကိုင်ရတာဆို တော့ မျက်နှာလိုက်တာမဟုတ်ပေမယ့် (၅) နှစ်ဆက်တိုက် လေလံအောင်ခဲ့တဲ့ ဦးလူမောင်နဲ့တော့ အတော်ရင်းနှီးနေကြ ပြီး ငါတို့မြို့နယ်အဖွဲ့က တခြားအဖွဲ့အ စည်းတွေလို လာဘ်ပေးလာဘ်ယူကင်း တယ်။ အဲ - ဒါပေမယ့် ဦးလူမောင်ဖိတ် ရင်တော့ (၁)နှစ်ကို (၂)ခါ၊(၃)ခါ သူ့အင်း တဲမှာ ညအိပ်ပြီး စားကြသောက်ကြတာ ပေါ့ကွာ။ သူကလည်း အလွန်ကြည်ဖြူ ပါတယ်။ လိုလေသေးမရှိအောင် ပြုစုပါ တယ်"

"အစ်ကိုကြီးစော၊ အင်းထဲကဘာ တွေထွက်သလဲဗျ"

"ငါးမျိုးစုံပေါ့ ငါညီရာ။ အဖိုးတန် တာကတော့ပုစွန်တုပ်ကြီးတွေပဲ။ ဒီအင်း ကြီးက (၁၀)ဧကလောက်ကျယ်ပြန့်ပြီး ရိုးမတောင်ခြေ ချောင်းမြောင်းတွေနဲ့ ဆက်နေတော့ နွေ၊ မိုး၊ ဆောင်း ရေ မခန်းဘူး။ အဲဒါကြောင့် အင်းကြီးရဲ့ရေ ထွက်ပေါက်တွေမှာ ယင်းထောင်ပြီး ကျ လာသမျှ သားငါးတွေကို အလုပ်သမား တွေနဲ့ကောက်ယူရတာ။ငါးကြီးငါးသေး၊ ပုစွန်တုပ်၊ ကဏန်း၊ ငါးရှဉ့်၊ မြွေ၊ ဖားက အစ အကုန်ကျတယ်။ အဲဒီရေသတ္တဝါ တွေက နေ့ပိုင်းမှာမကျဘဲ ညပိုင်းနဲ့မနက် ပိုင်းမှာ အကျများတယ်။ အလုပ်သမား တွေက ငါးအမျိုးအစားတွေခွဲပြီး သီးသန့် ထားရတယ်။ နောက်ပြီးတော့ ပုစွန်၊ ငါး ရှဉ့်၊ ဖားတွေကိုလည်း သီးသန့်ခွဲပြီး တောင်းတွေနဲ့ထားရတယ်။ အင်းတဲ ရောက်ရင် ဦးလူမောင်က ညီလေးတို့ ဘာစားမလဲမေးရင် ပုစွန်တုပ်စားမယ်လို့ ပြော"

"ကိုကြီးစော၊ ထမင်းစားတာပဲဗျာ သားငါးအစုံနဲ့စားရမှာမဟုတ်ဘူးလား"

"အဲလိုမဟုတ်ဘူး ညီလေးရဲ့။ ပုစွန်တုပ်စားမယ်ဆိုတာ ထမင်းလွတ် ပုစွန်တုပ်ကိုပဲ ကြော်၊ လှော်၊ ဖုတ်ကင်ပြီး သူ့ချည်းစားရတာ။ မင်းတို့စားနိုင်ရင် နောက်တစ်မျိုးက ပုစွန်တုပ်ကို အစိမ်း အသားထွင်ပြီး ရှောက်ရည်ညှစ်၊ နံနံပင်နဲ့ ငရုတ်သီးစိမ်း၊ ကြက်သွန်နီတွေနဲ့ အစိမ်း သုပ်စားရတာ။ ငါတို့အရက်သမားတွေ အတွက်တော့ အမြည်းကောင်းပေါ့ကွာ။ လတ်လတ်ဆတ်ဆတ် ပုစွန်တုပ်အသား က မညှဉ်းဘူး။ အလွန်ချိုပြီးအရသာရှိ တယ်"

"ကိုကြီးစော၊ တခြားဟာတွေက ရောဗျာ။ အင်းထဲရောက်တုန်း ရေသတ္တ ဝါစုံစုံစားရရင် ကောင်းတာပေါ့"

"အေး - တခြားစားစရာတွေက တော့ ငါးရံ့ရွှံ့လိမ်းပြီး မီးဖုတ်၊ ဖားသား ဟင်းနဲ့ငါးရှဉ့်ဟင်းတွေပေါ့ကွာ။ နောက် ပြီးတော့ ငါးခုံးမနဲ့ငါးဇင်ဝိုင်းငါးကလေး တွေကို လတ်လတ်ဆတ်ဆတ်ကြော်ပြီး မြည်းရတာအလွန်အရသာရှိတယ်။အချို မှုန့်တွေဘာတွေမလိုဘူးကွ။ မင်းတို့စား ချင်ရင် နောက်တစ်မျိုးက လိပ်သားဟင်း ပဲ။ လိပ်သားကတော့ တော်ရုံလူမစား ကြဘူးကွ။ သူကစားမိရင်နဂိုအခံရောဂါ ဟောင်းတွေပြန်ပြီးထွက်တတ်တယ်လို့ ယူဆကြလို့ပဲ။ လိပ်သားဆိုတာက အရိုး နုနဲ့အသားဖွဲ့စည်းထားတာမို့လို့ စားလို့ အင်မတန်ကောင်းတယ်။ မချက်တတ် ရင်တော့ ညီတာပေါ့ကွာ"

ကျွန်တော်တို့ စကားတပြောပြော နှင့် လျှောက်လှမ်းလာကြပြီး ကိုင်းတော ကိုလွန်သည်နှင့် အင်းရွာအတွင်းသို့ ရောက်သည်။ အကြီးဆုံးတဲကြီးရှေ့သို့ ရောက်တော့ ဦးစောဝီလျံက -

"ဦးလူမောင်၊ ဦးလူမောင်"

ဟူ၍ အသံပြုလိုက်သည်နှင့် တြိ ခိုင်တောင့်တင်းပြီး အသားနေလောင် ၍ နီစပ်စပ်၊ ခေါင်းတုံးဆံတောက်နှင့် အသက် (၄၀) ကျော်ခန့် လူကြီးတစ်ဦး ထွက်လာသည်။

"ဟာ - ဆရာတို့၊ စောစောစီးစီး ရောက်လာကြပြီ။ကျွန်တော်ညကတည်း က ကြိုတင်ပြင်ဆင်ခိုင်းထားပါတယ်။ ခရီးရောက်မဆိုက် ခေတ္တနားကြရင်း ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကလေး မြည်းကြပါဦး။ ရွှေပုစွန်ခြောက်နိုင်းခွင်း နဲ့ပါ"

ထို့ကြောင့် ကျွန်တော်တို့ အင်းသူကြီးဦးလူမောင်၏ မြေစိုက်တဲ ကြီးအတွင်းရှိ ဝါးပက်လက်ကုလားထိုင် များတွင်ထိုင်ကာနားကြရင်း အမောပြေ ရေနွေးကြမ်းဝိုင်းဖွဲ့ကြသည်။

အစ်ကိုကြီး ဦးစောဝီလျံက -

"ဦးလူမောင်၊ဒီနှစ်ထွက်ကုန်အခြေ အနေဘယ်လိုရှိသလဲ"

"ဆရာရေ၊ မိုးဦးကျစဆိုတော့ ငါး ရစ်မြူးရုံလောက်ပဲ။ အခုအချိန်မှာတော့ ပုံသေထွက်လို့မရနိုင်သေးပါဘူး။ ရေ များသေးတော့ ငါးကကောင်းကောင်း မဆင်းသေးဘူး။ ဆောင်းဦးပေါက်ဟု ကာမှ လုပ်ငန်းအခြေအနေကို သုံးသပ် လို့ရမှာပါ ဆရာ။ ဒီအင်းကြီးက နွေ၊ မိုး ဆောင်း ရေမခန်းတော့ ကုန်စင်အောင် ရေခန်းငါးကိုတော့စောင့်လို့မရဘူး။နည်း မျိုးစုံနဲ့ ပိုက်မျိုးစုံသုံးပြီး ဖမ်းရဆီးရတာ ပါပဲ ဆရာ။ ကျွန်တော်က (၅) နှစ် ဆက်တိုက် လုပ်ငန်းအတွေ့အကြုံရှိပြီး မို့ အတော်တော့ ခန့်မှန်းတတ်နေပါပြီ။ ဒါကြောင့် ဒီနှစ်မိုးဦးကျမှာ အကြမ်းခန့် မှန်းရတာကတော့ မနှစ်ကလောက် သာ ငါးပေါပေါများများထွက်မယ့် အခြေအ နေမရှိဘူးလို့ ခန့်မှန်းရပါတယ် ဆရာ"

"ဘာကြောင့်လဲ ဦးလူမောင်၊ (၁၀) ဧကကျော် ရိုးမတောင်ခြေ ရေ နက်ကွင်းအင်းကြီးပဲ။ တောင်ပေါ်က ချောင်းရေမြောင်းရေစီးဝင်လို့ သားငါး မကုန်နိုင်မခန်းနိုင်ရှိရမှာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော့် အထင်ကိုပြောတာပါ။ ဒီနှစ် အနှောင့် အယှက်တစ်စုံတစ်ရာရှိတဲ့ပုံပေါက်နေ တယ်။ ငါးဆိုတာ ရောဂါအလွန်တစ်ဇာ နည်းတဲ့သတ္တဝါမျိုးပါ။ အခုတချိန်နေ့ အင်းစပ်တွေမှာ ငါးခန္ဓာကိုယ်အင်းအ စတွေသေကျေပြီး ပေါလောပေါ နေတဲ့ ငါးသေတွေ ခြေပြတ်လက်ပြတ်နဲ့မသေ

www.burmeseclassic.com

www.burmeseclassic.com

ရှင် ဖားကောင်တွေကိုတွေ့နေရတော့ အင်းကန်ကြီးအထဲမှာ သားစားကြွေးတဲ့ အကောင်တစ်ကောင် ဒါမှမဟုတ် အုပ်စုတစ်စုရောက်နေတယ်လို့ ယူဆရတယ်။ ဒါကြောင့် ကျွန်တော်လည်း အင်းလုပ်သားတွေနဲ့ နေ့နေ့ညည ကင်းစောင့်ခိုင်းထားရတယ်။ အခုအခို်နဲ့အထိတော့ အနှောင့်အယှက်ပေးတဲ့ သတ္တဝါတစ်စုံတစ်ရာကိုဖမ်းမိဖို့ဝေးစွ မြင်တောင်မမြင်ရသေးပါဘူး"

"ဦးလှမောင်၊ အာဖရိကကလို သားစားငါးရိုင်းတွေများရောက်နေရော လားဗျာ။ အဲဒီအကောင်မျိုးတွေက ရေသတ္တဝါချင်းဆိုပေမယ့် ဘာကောင်ကိုမှ အလေးမထားဘူး။ တွေ့ရာမြင်ရာ ရေသတ္တဝါတွေကို အုပ်စုဖွဲ့ပြီး စားတတ်ကြတယ်။ အလွန်လည်းကြောက်စရာကောင်းပါတယ်။ ငါးဘီလူးမျိုးတွေပေါ့ဗျာ။ သူခန္ဓာကိုယ်က ငါးပြေမနဲ့ဆင်ဆင်တူတယ်။ ပါးစပ်ကျယ်ပြီး ခွန်မြတဲ့သွားတွေက အတန်းလိုက်ရှိတယ်။ အလွန်သန်စွမ်းပြီး တစ်ကောင်ကို (၂၅) ကျပ်သား၊ (၃၀) သားခန့်ရှိတယ်"

"ဆရာ၊ အဲဒီငါးမျိုး ကျွန်တော်တို့ အင်းကန်ကြီးထဲမှာမရှိသေးပါဘူး။ ငါးပြေမတော့ရှိတာပေါ့။ သူ့အုပ်စုနဲ့သူပါပဲ။ အဲလို ငါးငါးချင်းစားလေ့မရှိပါဘူး။ သူတို့ထက်ကြီးတဲ့ ငါးပတ်ကြီးတွေက ငါးပေါက်ကလေးတွေကို စားကြတာများပါတယ်။ ဒါပေမယ့် ငါးပေါက်ကလေးကိုစားပြီး အရိုးရင်းချန်ထားတာမျိုး၊ မသေမရွင်စားထားတာမျိုး၊ အဲလိုအပြုအမူတွေကိုတော့ ငါးပတ်ကြီးတွေမှာမရှိကြပါဘူး။ သူတို့က ငါးကလေးတွေကိုဖမ်းမိတာနဲ့ အကောင်လိုက်မျိုကြတာပါ"

ထိုနေ့က နေ့လယ်စာစားတော့ အစ်ကိုကြီးဦးစောဝီလျံပြောသလိုပဲ ဟင်းများက စုံလင်လှပါသည်။ ငါးအမျိုးမျိုး ဟင်းများအပြင် ငါးရွှဲ့ကို မန်ကျည်းသီးဖြင့်ချက်ထားသော အချဉ်ဆိပြန်ဟင်း၊ ငါးရံ့ခေါင်းနှင့် ဒန့်သလွန်သီးဟင်း၊ ကကတစ်ငါးပေါင်း၊ ငါးပြေမဒီးကင်၊ ငါးဖန်ပိုင်းဟုဆိုသော ငါးကြီးများအား ကြော်ထားသည့် ငါးဖန်းမကြော်၊ ဖားကလေးများအား အကောင်မပျက်အကြွပ်ကြော်ထားသောကြောင့် အရိုးပါဝင်၍ရသောကျော်စံကေးဖားကြော်၊ ပုစွန်ကျော့အား အခွံနွာ၍ သံပရာရည်ညှစ်ပြီးသုပ်ထားသော ပုစွန်အစိမ်းသုပ်၊ နားရွက်ပါသော ငါးရွှဲ့ပုံစံ ငါးလင်ပန်းဟု ခေါ်ဆိုသည့် အကောင်ကြီးများအားကြော်ပြီး နှပ်ထားသော ငါးလင်ပန်းဟင်း စသဖြင့် ရောသတ္တဝါသားအတော်စုံလင်ပါသည်။ တောလက်ရာဖြစ်သော်လည်း လတ်ဆတ်သောကြောင့် လွန်စွာစားလို့ကောင်းပါသည်။

❐

ကျွန်တော်တို့မှာ လူငယ်များပီပီ အတော်ပင် စားနိုင်သောက်နိုင်ကြပါသည်။ စားသောက်ပြီးနောက် အင်းတဲကြီးထဲ၌ နေ့လယ်နေ့ခင်း ငါးပက်လက်ကုလားထိုင်ကိုယ်စီဖြင့်နှပ်၍အနားယူကြရပါသည်။ ညနေပိုင်းတွင် ဦးလှမောင်က ကျွန်တော်တို့အဖွဲ့အား လက်ဖက်ရည်ချိန့်ခေ့ခဲ့ပါသည်။ ပြီးသည်နှင့် ကြီးမားကျယ်ပြန့်လှသောအင်းကြီးအားပတ်၍ လိုက်လံ ပြသပါသည်။ အင်းကြီးမှ ရေဆင်းသော ဆည်ပေါက်များမှာ ယင်းထောင်ထားပြီး (၁၀) ခုခန့်ရှိပါသည်။ အလုပ်သမားတဲများက အနီးတွင် ဆောက်လုပ်ထားပြီး နေ့နေ့ ညည အစောင့်များချထားခြင်းဖြစ်ပါသည်။

မိုးဦးကျစဖြစ်၍ အင်းပြင်ကြီးမှာ ရေတွေဖွေးနေသည်။ အင်းကန်ကြီး အတွင်း၌ လက်လော့်လေ့ကလေးများကိုလည်း အဆင်သင့်တွေ့ရသည်။ အင်းကန်ကြီးအတွင်း၌ ငါးဖမ်းရန်နှင့် လှည့်လည်ကင်းစောင့်ရန် လေ့ကလေးများအား အဆင်သင့်ထားရှိဟန်တူပါသည်။ ကိုင်းပင်များနှင့်ကျူပင်များက အင်းကန်ကြီးအစပ်တွင်ပေါက်ရောက်နေပြီး အင်းကန်ကြီးအား ကုလားနားသပ်ထားဟန်တူပါသည်။ ရိုးမတောင်တန်းကြီးနောက်ခံ၍ အင်းကန်ရေပြင်စိမ်းစိမ်းကြီးမှာ လွန်စွာပန်ရပါသည်။ ကျွန်တော်တို့အဖွဲ့ အင်းကန်ကြီးအစပ်အား လှည့်လည်ကြည့်ရှုကြရာ လျှောက်စရာလမ်းမရှိတော့ဘဲ ကိုင်းတောကြီးခံတော့မှ အင်းကန်တဲဆီသို့ပြန်လာကြပါသည်။ကန်စပ်အချို့သောနေရာများတွင် အင်းသူကြီး ဦးလူမောင်ပြောသလိုပင် ငါးသေ၊ ဖားသေများ ပေါလောမျောနေသည်ကိုမြင်ခဲ့ရပါသည်။အင်းလုပ်သားများက ကန်ရေမညစ်နွမ်းရန်အတွက် ဆန်ခါခွက်များဖြင့် လိုက်လံဆယ်ပြီး သန့်ရှင်းရေးလုပ်နေကြပါသည်။

ထိုအခါတွင် အစ်ကိုကြီးဦးစောဝီလျံက -

"ဦးလှမောင်၊ အလုပ်သမားတွေကို ကန်စပ်နဲ့ကန်ထဲကိုဆင်းရာမှာ ဂရုတစိုက်နဲ့ သတိထားဖို့ပြောထားပါ။ ကျွန်တော့်အထင်တော့ အန္တရာယ်ရှိတဲ့ အကောင်ကြီးတစ်ကောင် တန်ရေခြောင်းထဲမှာရှိနေတယ်လို့ ယူဆပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် သတိပေးထားပါတယ်။ တန်ထဲဆင်းတာနဲ့ အလုပ်သမားတွေ ကိုင်းခုတ်တာ ဆောင်ပြီးဆင်းကြတာပေါ့။ အခုအခို်နဲ့ အထိတော့ အန္တရာယ်အကောင်ကို အစအန အရိပ်အယောင်တောင်မှ မမြင်မိသေးပါဘူး"

❐

ထိုညက ကျွန်တော်တို့အဖွဲ့အား ဦးလူမောင်က ပုစွန်တုပ်စိမ်းစိမ်းကြီးများကို အမျိုးစုံလုပ်၍ ကျွေးမွေးပြုစုပါသည်။ တစ်ထောင်ခန့် ငါးရံ့ကြီးများကို ရွှဲမံပြီး မီးဖုတ်ကျွေးသည်ကလည်း လွန်စွာဆိမ့်ပြီးချိုပါသည်။ နှစ်ချို့ငါးရံ့ကြီးများမှာ ကြီးမားသလို သားစားငါးများလည်းဖြစ်ပါသည်။ ငါးပတ်ငါးကြီးများနှင့် ငါးရံ့ကြီးများမှာ ကန်တွင်းရှိ ငါးပေါက်လေးများကိုဖမ်းဆီးပြီးစားသောက်တတ်သောကြောင့် အင်းလုပ်သားများက ထိုငါး (၂) မျိုးကို အလျင်ဦးစွာနည်းမျိုးစုံဖြင့် ဖမ်းဆီးရလေ့ရှိပါသည်။ သားစားငါးကြီးများမှာ အခြားငါးမျိုးများထက် ကြီးထွားမှုန့်နှန်းမြန်ပါသည်။ ရောင်းချလျှင်လည်း အလေးချိန်စီးပြီး ဈေးကောင်းရတတ်ပါသည်။

ထိုညက ကျွန်တော်တို့ဝိုင်းဆွဲ၍ စားသောက်ပြီး ည(၉)နာရီခန့်၌ အိပ်ရာဝင်ကြရန် ပြင်ဆင်နေသောအချိန်တွင် အင်းကန်ကြီးဘက်မှအော်သံများကြားရပြီး ထွက်ကြည့်သောအခါ လရောင်တည့်တည့်အောက်၌ လှေတစ်စင်းအပြင်းလှော်ခတ်၍ ပြေးလာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အင်းသူကြီးဦးလူမောင်၏ အော်ဟစ်သတိပေးမှုကြောင့် အင်းလုပ်သားများ မီးတုတ်ကိုယ်စီဖြင့် တုတ်၊ ဓားများဆွဲ၍ ပြေးထွက်လာကြပါသည်။ အင်းကန်အတွင်းမှ လှေသမား(၂)ဦး ကမ်းပေါ် သို့ ဒရောသောပါးအပြေးတက်လာကြသောအချိန်တွင် လှေအနောက်ပိုင်း၌ ရေပန်းများထအောင် ရေပြေပေါ်၌ ကူးခတ်လာသော ငွေရောင်အဆင်းဖြင့် အကောင်ရှည်ကြီးတစ်ကောင်ကိုတွေ့မြင်ရပါသည်။

လူကြီးပေါင်လုံးခန့်ရှိသောမွေးကြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးလူမောင်တ အင်းလုပ်သားများအား နေရာခွဲထားပြီး အပေါက်ဖွင့်ပေးရာ မွေးကြီးမှာ တင်းစပ်

www.burmeseclassic.com

www.burmeseclassic.com

တွင်ဆိုက်ထားသည့်လှေကို ကျော်ဖြတ်ပြီး ကမ်းပေါ်သို့အပြေးတက်လာသည့် အင်းလုပ်သားတစ်ဦးထံ အပြေးတက်၍ လိုက်လာသည်။ ထို့ကြောင့် ဦးလူမောင်က အင်းလုပ်သားများအား အော်ဟစ်၍ ဝိုင်းရိုက်ခိုင်းရာ မွေကြီးမှာ လူအင်အား များသောကြောင့် ကန်ထဲသို့ ဆင်းပြေးပါသည်။ဦးလူမောင်တို့အဖွဲ့ စောင့်နေကြသော်လည်း မွေကြီးမှာ ကမ်းပေါ် သို့ပြန်တက်မလာတော့ဘဲ အင်းရေထဲငုပ်လျှိုးပြီး ပျောက်ကွယ်သွားပါတော့သည်။

သို့နှင့် ကျွန်တော်တို့အဖွဲ့ အိပ်ရာဝင်ခဲ့ကြသော်လည်း ဦးလူမောင်နှင့် အင်းလုပ်သားများကတော့ တစ်ညလုံးတုတ်၊ ဓားကိုယ်စီဖြင့် အင်းကမ်းစပ်တွင် ကင်းစောင့်နေကြရပါသည်။ သို့သော်ထိုည က မွေကြီးပြန်ပေါ်မလာတော့ပါ။ ကန်အတွင်းမှာ ငါး၊ ဖားများစားသောက်နေသူမှာ ကြီးမားသောမွေကြီးဖြစ်ကြောင်း တရားခံကို ရှာဖွေတွေ့ရှိရသည် ဖြစ်ပါသည်။

နောက်တစ်နေ့မနက်တွင် ဦးလူမောင်နှင့် အင်းလုပ်သားများက ငါးမျှားချိတ်များတွင် အစာတပ်၍လည်းကောင်း၊ ပိုက်ထောင်၍တစ်နည်း၊ အင်းကန်ကြီးအတွင်း မွေကြီးအား ဖမ်းဆီးရန်ရိုင်းရန် အတွက် နည်းမျိုးစုံဖြင့် ရှာဖွေကြသော်လည်း တစ်နေ့တာကုန်သွားသည်။ မွေကြီး၏ အရိပ်အယောင်ကိုမှ မမြင်တွေ့ရပါ။ (၁၀) ဧကခန့် ကျယ်ဝန်းသော အင်းကန်ကြီးအတွင်း၌ မွေကြီးပုန်းအောင်းပြီး တည်ရှိမည့်နေရာကို ရှာဖွေရန် လွယ်ကူမည်မဟုတ်ပါ။

ထို့ကြောင့် ထိုနေ့ညနေက ဦးစောဝိလျံက အင်းသူကြီး ဦးလှမောင်အား အကြံဉာဏ်ပေးပါသည်။

"ဦးလှမောင်၊ ခင်ဗျားတို့မှာ ဘဲတွေဘာတွေမွေးထားတာမရှိဘူးလား"

"ရှိပါ့ဆရာရယ်၊ ဘာကောင်ကိုက်မှန်းမသိမျောက်မျောက်သွားလို့ အခုဆိုရင် ဘဲအကောင်(၂၀)လောက်အုပ်ဟာ (၄)၊ (၅) ကောင်လောက်သာကျန်တော့လို့ ကန်ထဲပေးမလွှတ်တော့ ဘဲကုန်းပေါ်မှာပဲ ခြံထဲထည့်ပြီးမွေးထားရတယ်။ အခုမှ သဘောပေါက်တာကတော့ ဒီမွေကြီးလက်ချက်ဝဲဖြစ်ပါလိမ့်မယ်"

"အမှန်ပဲပေါ့ဗျာ၊ မွေတွေက သားငါးတွေနဲ့ဘဲတွေ၊ကြက်တွေကို ပိုပြီးကြိုက်တယ်။ ကျွန်တော် အကြံပေးချင်တာကတော့ ဘဲခြေထောက်မှာ ငါးမျှားချိတ်ကြီးကြီးတပ်ပြီး အင်းကန်ထဲမှာ ထောင်ပြီးမျှားရင် ဒီမွေကြီးကို ဖမ်းဆီးရနိုင်မယ်ထင်ပါတယ်"

"ဟုတ်ပါ့ ဆရာရယ်၊ ကျွန်တော်မေ့နေလိုက်တာ။ ကျွန်တော်က ဘိုကလေးသား။ ကျွန်တော် ငယ်စဉ်တုန်းက ကျွန်တော်တို့နယ်ဘက်မှာ မိကျောင်းအင်မတန်ရဲတာ။ အဲဒါကို ရေမုဆိုးတွေက ဘဲခြေထောက်မှာ ငါးမျှားချိတ်တွေ တပ်ပြီးထောင်ဖမ်းတာ မိကျောင်းရဖူးတယ်။ အခုလည်း အဲဒီနည်းကိုသုံးပြီး ဖမ်းရတော့မှာပဲ။ ကျေးဇူးပဲ ဆရာ၊ ကျွန်တော် အလုပ်သမားတွေနဲ့ စီစဉ်လိုက်ဦးမယ်"

သို့နှင့် ညနေစောင်းအချိန်တွင် ဘဲ (၄)၊ (၅) ကောင် ကန်ထဲတွင် တဂတ်ဂတ်အော်နေပြီး လှည့်ပတ်နေပါတော့သည်။ ကမ်းစပ်တွင် အစောင့်များချထားသောကြောင့် မွေကြီးက ဘဲကိုဟပ်သည်နှင့် ငါးမျှားချိတ်တပ်ထားသော နိုင်လွန်ကြိုးများကဆွဲထားပြီး မွေကြီးအား ဖမ်းဆီးမိနိုင်မည် ဖြစ်ပါသည်။

ညမိုးချုပ်စ နွားရိုင်းသွင်းချိန်ခန့်တွင် အင်းကန်ထဲမှဘဲများ ဆူဆူညံညံ အော်သံနှင့် ကန်စပ်အစောင့်လုပ်သားများ၏အော်ဟစ်သံကြောင့် ကျွန်တော်တို့ စားသောက်နေရာမှ အပြင်သို့ပြေးထွက်လာကြရာ ဘဲတစ်ကောင်အား မွေကြီးကဟပ်ပြီး ငါးမျှားချိတ်နှင့်ဆက်သွယ်ထားသော နိုင်လွန်ကြိုးများကြောင့် ရေပြင်ပေါ်၌ တပွပ်ပွပ်ရုန်းကန်နေသောမြင်ကွင်းဖြစ်ပါသည်။ အလုပ်သမားများကလည်း လှေကိုယ်စီဖြင့် အင်းရေထဲဆင်းကြသည်။ ရုန်းကန်နေသောမွေကြီးအား ဝိုင်းပတ်၍ ရိုက်နှက်သတ်ဖြတ်ရန် ကြိုးစားနေကြပါသည်။ ဦးလူမောင်ကလည်း မွေကြီး၏အနားသို့ အရဲစွန့်၍ မကပ်ရန်နှင့် အဝေးကစောင့်ကြည့်ပြီး မွေကြီးရုန်းကန်ရာမှ မောလောက်၍ငြိမ်သက်သွားမှာ ရိုက်နှက်ဖမ်းဆီးကြရန် အော်ဟစ်သတိပေးနေပါသည်။

သို့သော် သွေးပူနေသော အင်းလုပ်သားများက ဦးလူမောင် ဟန့်တားအော်ဟစ်သည်ကိုမကြားကြဘဲ မွေကြီးအနားသို့ အတင်းတိုးဝင်ကပ်ကြရာ မွေကြီး၏ အမြီးရိုက်ချက်ကြောင့် လှေတစ်စီးမှောက်သွားသည်။ မွေကြီးမှာ ငါးမျှားကြိုးဆွဲဝင်ပြီး ဆွဲထားသောကြောင့် ကိုက်ခဲရန် အန္တရာယ်မပြုနိုင်သော်လည်း သူ၏ရှည်လျားလှသော ခန္ဓာကိုယ်ကြီးက လွန်စွာ သန်စွမ်းပြီး လျင်မြန်လှပါသည်။ ထို့ကြောင့် အင်းလုပ်သားများက မွေကြီး၏ဦးခေါင်းပိုင်းကိုသာ မဲနေကြရာမှ အန္တရာယ်ပေးနိုင်သောအပြီးပိုင်းကို အလျင်ဆုံး ဖြို့ခွင်နေကြိုးစားကြပြန်သည်။ မွေကြီး၏အပြီးပိုင်းမှာ အငြိမ်မနေ လှုပ်ယမ်းနေသောကြောင့် ဖမ်းဆီးရန် မလွယ်ပါ။

ထို့ကြောင့် ရေတွင် ပေါ်လိုက်မြုပ်လိုက်ဖြစ်နေသော ခန္ဓာကိုယ်ကြီးအား ကြိုးတပ်ထားသောမှိန်းဆုံးဖြင့်ထိုးကြပြန်သည်။ (၄)၊ (၅)ချက် မိမိရရထိုးမိသောအချိန်ကျကာမှ မွေကြီးသည် တဖြည်းဖြည်းငြိမ်သက်သွားတော့သည်။ ထို့ကြောင့် အလုပ်သမားများက ကမ်းပေါ် သို့ တဖြည်းဖြည်းဆွဲတင်ကြရာ မွေကြီးကိုယ်ထည်မှာ လူကြီးပေါင်လုံးခန့်ရှိပြီး အရှည်မှာ ပေ(၂၀)ခန့် စပါးကြီးမွေလို အကွက်များမပါ တစ်ကိုယ်လုံး ငွေရောင်အဆင်းဖြင့် အကြေးခွံများပါရှိပြီး ဦးခေါင်းထိပ်၌ကြာခွက်ပါသောကြောင့် တောကြီးမွေဟောက်ဟု ဦးလူမောင်ထပြောပါသည်။

တောကြီးမွေဟောက် ဟူသည်မှာ လွန်စွာအဆိပ်ပြင်းပြီး ကြောက်စရာအလွန်ကောင်းလှပါသည်။ တောကြီးမွေဟောက်မျိုးမှာ မောင်နှံစုံနေလေ့ရှိပြီး လူသားများကိုလွန်စွာဒုက္ခပေးနိုင်သောတောရိုင်းသတ္တဝါဖြစ်ပါသည်။ ယခုဖြစ်ဆဲးမိသောမွေကြီးသည် မွေမကြီးဖြစ်သည်။ ဝမ်းတွင်း၌ မွေဥများစွာကိုတွေ့ရှိရသည်။ ထို့ကြောင့် အတွေ့အကြုံများသော ဦးလူမောင်က ထိုညတွင်လည်း အလုပ်သမားများအား မအိပ်စေဘဲ ကမ်းစပ်၌ လက်နက်ကိုယ်စီဖြင့် ကင်းစောင့်စေရသည်။

ဦးလူမောင် ယူဆထားသည့်အတိုင်း မွေဖိုကြီးမှာ လက်စားချေရန်အတွက် ညဉ့်သန်းခေါင်ခန့်၌ ကမ်းပေါ်သို့တက်လာရာ သတိရှိနေသော အင်းလုပ်သားများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံလိုက်ရပါတော့သည်။ ဤသည်မှာ ကျွန်တော်တို့ကိုယ်တွေ့ အင်းလုပ်ငန်းပုံပြင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရေလုပ်ငန်း၊ အင်းလုပ်ငန်းစသည်တို့မှာ မကျွမ်းကျင်ဘဲ၊ အတွေ့အကြုံမရှိဘဲလုပ်၍ရသောလုပ်ငန်းများ မဟုတ်ကြပါ။ အသက်ကိုစွန့်၍ အတွေ့အကြုံကိုအရင်းတည်ကာ လုပ်ကိုင်ကြရသော အသက်မွေးဝမ်းကျောင်းပြုရသည့် အန္တရာယ်ရှိသောလုပ်ငန်းတစ်ခုသာဖြစ်ပါသတည်း။

ထောင်မှူးကြီးဝင်းဆင်း

www.burmeseclassic.com

www.burmeseclassic.com

(ကျောက်မြဲ)
မြောင်သင်းထီ
ဝိဇ္ဇာမြိုရမျိုးစိုးရင်အပ်သော ရွှေမန်ကျည်းဆစ်ကလေး

"မှန်လှပါဘုရား၊ ကျွန်တော်မျိုးကတော့ သေလူဖြစ်နေတာမို့ ကျွန်တော်မျိုးဆီမှာရှိနေလည်းပဲ အကျိုးမထူးလောက်ပါဘူး။ ဒါကြောင့် ကျွန်တော်မျိုးရဲ့ ဟောဒီရွှေမန်ကျည်းဆစ်လေးကို အရှင်မင်းကြီးထံမှာပဲ နောက်ဆုံးအနေနဲ့အပ်ခဲ့ပါရစေတော့ဘုရား"

"ဟေ - ဘာပြောတယ်မောင်မင်း၊ ငါဘုရင်နားရှင်းအောင်လျှောက်တင်စမ်းပါဦးတော့လား"

သူဦးငမိုက်သားကို စစ်သည်များ၊ အာဏာပါးကွက်သားတွေက လက်ပြန်ကြီးတုပ်ပြီး နန်းတွင်းအချုပ်ထဲခေါ်သွားခဲ့ကြတယ်။သေမိန့်သတ်မိန့်ချမှာပေမယ့် လောလောဆယ်တော့ မစီရင်ရသေးပါဘူး။ နေရာက ဘုရင့်ရဲ့ညီလာခံသဘင်ကျင်းပရာနေရာမှာပါ။ ခုတော့ ညီလာခံသဘင်စဲသွားပြီမို့ ပလ္လင်ထက်မှာက မင်းကြီးနှင့် မင်းညီမင်းသားအချို့သာကျန်ရစ်ပါတော့တယ်။ ဝန်ကြီး၊ မင်းကြီး၊ စစ်သူကြီးအမတ်၊ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညီတွေကတော့ အသီးသီးပြန်ကုန်ကြပါပြီ။

မင်းကြီးကတော့ လက်ထဲမလည်သူဦးပေးသွားတဲ့ရွှေမန်ကျည်းဆစ်လေးကရှိနေပါတယ်။ ရွှေက ရွှေရွှေမို့ ရွှေစင်ရွှေသားက ဝင်းပြောင်လို့နေဝါတယ်။ မန်ကျည်းဆစ်ကလေးက ရွှေနဲ့လုပ်ထားပေမယ့် တကယ့်မန်ကျည်းသီးအရွယ်ပါ။ အဆစ်ကလည်း သုံးဆစ်။ ရွှေပန်းထိမ်ဆရာတွေက အစွမ်းကုန် လက်စွမ်းပြထားကြလို့လားပဲ တကယ့်မန်ကျည်းဆစ်လေးနဲ့တူလိုက်တာ။ ကဲ-ဒီရွှေမန်ကျည်းဆစ်ကလေး ငါ့လက်ထဲရောက်နေပြီ၊ ခုငါဘာလုပ်ရင်ကောင်းလေမလဲ ဘုရင်ကြီးစဉ်းစားနေပါတယ်။

အချိန်က ဆောင်းအခါသမယပါ။ တစ်မိုးလုံး အားကြိုးမာန်တက်စိုက်ပျိုးခဲ့ကြတဲ့သူတွေဟာ ဆောင်းနှင်းမြူတွေ အောက်မှာ အောင်မြင်စွာ ရိတ်သိမ်းပြီးခဲ့ကြပြီမို့၊ ကျီသွတ် ပျိုးချန် ပိုတဲ့သီးနှံတွေ ရောင်းတန်သာရောင်းပြီးပြီမို့ ရပ်ထဲရွာထဲမလည်း စည်ပြောသံတွေညံနေပါတယ်။ ရဟန်းခံရှင်ပြု၊ နားသ၊ အလှူမဂ်လာပွဲတွေနဲ့ ဂီသသံတွေညံနေလေတော့ တောမီးလောင် တောကြောင် လက်ခမောင်းခတ်တာက သဘာဝပါလေ။ ရပ်ထဲရွာထဲ ဓားပြ၊ သူခိုးတွေပူနေပါရောလား။သူခိုးတစ်ယောက်ရဲ့သတင်းဘုရင့်နားကြားရပုံများ သူခိုးကငွေကြေးချမ်းသာတဲ့အိမ်မှ ရွှေပြီးခိုးသတဲ့ဗျာ။ အဲဒါလောက်တင်ကပါရိုးလား၊ အခုတစ်လော နန်းတော်နဲ့နီးစပ်တဲ့အိမ်တော်တွေမှာပါ ဟိုဟာပျောက်ဒီဟာပျောက် တောက်လျှောက်ကြားနေတော့ နန်းတော်ထဲက အမှုထမ်းအရာထမ်းတွေ နှိမ်နင်းစေတာလည်း အကြောင်းဟာမထူးလှပေဘူး ။ ဒီကြား သူခိုးကအတင့်ရဲပြီး နန်းတွင်းအထိပါ ခိုးယူတဲ့သတင်းတွေကြားလာတော့ မင်းကြီးလည်း မနေသာတော့ပါဘူး။

စဉ်းစားကြည့်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်တစ်ပါးရဲ့ တာဝန်ကပြည်တွင်း-ပြည်ပလုံခြုံရေး၊ တိုင်းသူပြည်သားအားလုံးရဲ့ဘဝ အေးချမ်းသာယာရေးအတွက် သူမှာတာဝန်ရှိနေတော့ ဒီနန်းတွင်းထဲအထိ အတင့်ရဲခိုးရဲတဲ့ သူခိုးကို လက်ရဖမ်းဖို့ မင်းကြီးမှာ တိတ်တိတ်စီရင်ရတယ်။ သူခိုးတွေထွက်တတ်တဲ့ လက္ခဏာညဉ့်သန်းခေါင်ယံမှာ နန်းတော်က တိတ်တဆိတ်ထွက် ရုပ်ဖျက်ပြီးမှ လက်သုံးတော်များနဲ့စောင့်ပြီးအဖမ်းမှာ သူခိုးကို တန်ဖိုးကြီး စိန်ရွှေရတနာတွေနဲ့ လက်ပူးလက်ကြပ်မိပါကရောလား။ ဘုန်းတန်ခိုး လည်းပါတာပေါ့။

ဖမ်းမိလာတော့ နန်းရင်ပြင်ထက် လက်ပြန်ကြီးတုပ်ခေါ်လာ။ သူခိုးဖိုပ်စက်လို့ အိပ်ပျက်ပေါင်းများခဲ့တာရယ်၊ စိတ်ပန်းလူပန်းဖြစ်ရတာရယ်၊ နောက်ပြီး သူခိုးလက်ထဲက တန်ဖိုးမနည်းတဲ့ ခိုးရာပါပစ္စည်းတွေနဲ့ လက်ပူးလက်ကြပ်မိတဲ့အခါ နောင်ကြဉ်အောင် သေဒဏ်ပေးဖို့ မင်းကြီးကမိန့်လေတော့ သူခိုးလည်း အားမတန်မာန်လျှော့ကာ ကျွန်တော်မျိုးကြီး သေသင့်ပါတယ်ဘုရားဖြစ်ရပါရောလား။

"မှန်လှပါ အရှင်မင်းကြီး၊ ဟောဒီရွှေမန်ကျည်းဆစ်လေးဟာ ကျွန်တော်မျိုးတို့ ဘိုးဘေးအစဉ်အဆက်ထိန်သိမ်းလာခဲ့တဲ့ အမွေခံပစ္စည်းပါ ဘုရား"

"ဆက်တင်စေဗျား"

www.burmeseclassic.com

www.burmeseclassic.com

"ဒီရွှေမန်ကျည်းဆစ်ကို စီစဉ်ခဲ့တုန်းက နက္ခတ်ရယ်၊ အချိန်အခါရယ်၊ ရက်ကောင်းရက်မြတ်ရက်ရွှေးချယ်ပြီးမှ အထက်ပုဂ္ဂိုလ်တွေရဲ့အစီအမံနဲ့သွန်းလုပ်ခဲ့တဲ့ ရွှေမန်ကျည်းဆစ်မို့ ထူးခြားမှုလည်း ရှိလှပါတယ်"

"ဘာများထူးခြားလို့လဲ မောင်မင်းရဲ့၊ ရှင်းလင်းအောင်သာလျှောက်စမ်းပါ"

"ဒီရွှေမန်ကျည်းစေ့ကိုစိုက်လိုက်ရင် ရွှေမန်ကျည်းပင်ပေါက်လာပါမယ် ဘုရား။ အချိန်တန်တော့ ရွှေမန်ကျည်းသီးတွေသီးလာပါမယ်ဘုရား။ အဲဒီရွှေမန်ကျည်းသီးတွေနဲ့ကို ဆွမျိုးတော်သိုက် စားသုံးလို့မကုန်နိုင်ပါဘူး အရှင်မင်းကြီးဘုရား"

"ကဲ - ဒါဖြင့် မောင်မင်းတို့မိသားစုကကော ဘိုးဘွားစဉ်ဆက် ဒီရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်ပေါက်အောင် ဘာလို့မစိုက်ခဲ့ကြတာလဲ။ မောင်မင်းကကော ဘာပြုလို့ ခုလိုပြစ်မှုကျူးလွန်ခဲ့ရတာလဲ။ ဒါလောက်အသုံးဝင်တဲ့ ရွှေမန်ကျည်းဆစ်ရှိနေမှဟာ"

"အရှင်မင်းကြီး အပြစ်တင်ရင်လည်း ခံရမှာပါလေ"

ဆိုပြီး သူခိုးက မင်းကြီးကို ဆက်လျှောက်ပါတယ်။

"ကျွန်တော်မျိုးတို့ မျိုးရိုးက ဘိုးဘေးကနေ ခုကျွန်တော်မျိုးအထိက သူခိုးနဲ့ပဲ အသက်မွေးကြသူတွေဖြစ်နေပါတယ်ဘုရား။ ရွှေမန်ကျည်းစေ့က ရွှေမန်ကျည်းပင်ကြီးပေါက်ဖို့ရာက စိုက်ပျိုးတဲ့လူက တကယ်တော့ အာဒိန္နဒါနကံမကျူးလွန်တဲ့သူဖြစ်ဖို့လိုပါတယ်ဘုရား။ ဒါကလည်း ဝိဇ္ဇာမိုရ်ဆွိရဲ့ ထူးခြားတဲ့အစီအမံပါဘုရား။

ခု ကျွန်တော်မျိုးမှာတော့ ခိုးမှုနဲ့ အပြစ်စီရင်ပေးဖို့ရာပင်ရှိတော့တာမို့ ကျွန်တော်မျိုးမှာရှိတဲ့ ရွှေမန်ကျည်းကို မင်းကြီးထံ ဆက်သရခြင်းပါ ဘုရား။ အရှင်မင်းကြီးတို့ဆိုတာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လာကြတဲ့သူတွေဆိုတော့ ဥစ္စာဓနကုံလုံကြွယ်ဝ အာဒိန္နဒါနကံကျူးလွန်ရန်အပြစ်မရှိတာမို့ ရွှေမန်ကျည်းစေ့ကနေ ရွှေသီးတွေသီးအောင် စီမံရစ်ပါတော့ဘုရား"

လို့ သူခိုးဖြစ်သူက အကြောင်းစုံဇာတ်စုံခင်းပြီး ရွှေမန်ကျည်းဆစ်ကလေးသုံးဆစ်အပ်ခဲ့တာမို့ အခုဘုရင်ကြီးလက်တော်မှာရှိနေပါတယ်။ အဲဒါကိုကြည့်ရင်း မင်းကြီးစဉ်းစားနေတာပါ။ ဖြစ်ပုံမှလား၊ ရွှေမန်ကျည်းစေ့က ရွှေမန်ကျည်းပင်ကြီးပေါက်၊ ရွှေမန်ကျည်းသီးတွေသာသီးလာလို့ကတော့ ဘုရားတည်၊ ကျောင်းဆောက်၊ မဟာဒါနအလှူကြီးလှူပစ်လိုက်ဖို့ပဲရှိတာပေါ့။

ဒါပေမယ့် မင်းကြီးမှာတွေးပြီးခက်နေတာက သူခိုးပြောသွားတဲ့အာဒိန္နဒါနာကျူးလွန်ခြင်းရှိ မရှိပါဘဲ။ ခုလို မင်းကြီးဘဝ လူကြီးဘဝရောက်လာ ကုံလုံပြည့်စုံလို့ ငါးပါးသီလထဲက ဒီကံတော့ ဖြင့် မကျူးလွန်ဘူးတဲ့ထား။ ဟိုင်ယစဉ် မင်းကြီး ကျောင်းသားဘဝကကော။ ဘုန်းကြီးကျောင်းသားဘဝနဲ့ မင်းဆရာကျောင်းမှာ နေခဲ့ဖူးတယ်။ အဲဒီကမှ ဒီသာပါမောက္ခကြီးထံ သုံးနှစ်သုံးပိုး ပညာသင်ကြားခဲ့ဖူးတယ်။ ခုလို ဘုန်းကံကြောင့် မင်းဖြစ်လာရပေမယ့် ကျောင်းသားငယ်ဘဝက ဒီလိုရည်ရွယ်ချက်မျိုးတွေ ဘယ်ကလာရှိပါ့မလဲ။ ပျော်မယ်ပါးမယ်၊ ကစားမယ်၊ လူငယ်ချင်းဆုံတော့ တရားသာ မတရားသာ အပထား လိုချင်တာရှိရင်တောင်းမယ်။ တောင်းလို့မရရင် တိတ်တဆိတ်ယူချင်ယူမိမှာပါပဲ။ တင်း-ဒီအကြောင်းတွေစဉ်းစားမိတော့ မင်းကြီးဟူးခနဲသက်ပြင်းချမိပြန်ရော။

ခက်တာ ဒီလိုရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်ကြီးစိုက်တဲ့အလုပ်က ကိုယ့်ဘာသာကိုယ်တိတ်တဆိတ်လုပ်လို့မှမရတဲ့ဟာ။ မင်းခန်းမင်းသားနဲ့ ကိုယ့်ရဲ့ကိုယ်ကျင့်တရားတွေကိုရှေ့မှာထား အလောင်းအထပ်လုပ်ရမှာဆိုတော့ မင်းကြီးအမှန်ပြောရရင် မဝံ့တာပါဘဲ။ မင်းကြီးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်လို့ အများပြည်သူရှေ့ ရွှေမန်ကျည်းစေ့ကို စိုက်လိုက်ပါပြီတဲ့။ ထိုင်နေရင် အကောင်းသား ထသွားမှအကျိုးမှန်းသိ ဆိုတာလို မင်းကြီးကိုယ်တိုင် ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်ကြီးစိုက်ပါလျက်နဲ့ မပေါက်ခဲ့ရင်ကော။ မင်းကြီးဖြင့် တွေကြည့်ရုံရှိသေး စက်တော်ခေါ်လို့မပျော်နိုင်တာနဲ့ နောက်တစ်ရက် ညိလာခံခေါ်။ ကဲ - မှူးကြီးမတ်ကြီးတွေ ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်ကြီးစိုက်ကြစေဗျား။ မအောင်မြင်က မောင်မင်းတို့တာဝန်သာရှိစေလို့ မိန့်လိုက်တော့မှပဲ မင်းကြီးလည်း ကောင်းစွာ စားဝင်အိပ်ပျော်ပါလေတော့သတဲ့။

ဒီတစ်ခါ ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်ကြီးပေါက်အောင်စိုက်ဖို့က မင်းကြီးမင်းလေး၊ မင်းတိုင်ပင်အမတ်၊ ဝန်ကြီးတို့တာဝန်ဆိုပြီး ဘုရင်မင်းမြတ်က ချမှတ်တော့ တစ်ခါ မင်းအမတ်ထဲကနေ အသင်းတော်ရဲ့ သက်တော်ရှည်အမတ်ကြီးကိုတာဝန်ပေးလိုက်တဲ့အခါမှာ သူကို အားကိုးကြပါတယ်ဆိုမှ သူကလည်း သူ့ကိုယ်သူ တာဝန်မယူရဲဘူးတဲ့။ ငယ်ဘဝက မသိလို့ အာဒိန္နဒါနကံကျူးလွန်ခဲ့ရင်ကော ဘယ်လိုလုပ်သိနိုင်မှာလဲ။ ငါတော့ဖြင့် အာမဘန္တေမခံနိုင်ဘူးဆိုတော့ အမတ်ထဲမှာက ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်စိုက်ဖို့ကရှားသွားတာနဲ့ နောက်တစ်ပတ် ညိလာခံမှာပဲ မျက်နှာအောက်ချသံတော်ဦးတင်ကြရတော့တာပေါ့။

"မင်းကြီးဘုရား၊ ကျွန်တော်မျိုးတို့ကို ဒီရာထူးနဲ့မတန် ယခုပင်ဆင်းကြေးဆိုလည်း ဆင်းကြပါမယ် ဘုရား။ ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်စိုက်ဖို့အရေးကဖြင့်. . .

"ကဲ - ဒါဖြင့်ရင် ဒီတာဝန်ကို မင်းအမတ်ကနေ ပုဏ္ဏားဖြူပုဏ္ဏားညိုပညာရှိပုရောဟိတ်လက်ထဲ ရွှေမန်ကျည်းစေ့လွှဲအပ်စေဗျား"

"သင့်မြတ်လှကြောင်းပါဘုရား"

ပုဏ္ဏားများကဖြင့် ပညာရှိပေကိုး၊ ပညာနဲ့နေ၊ ပညာနဲ့သွားခဲ့ကြတော့ အမှားနည်းခဲ့ကြမှာပါ။ နန်းတွင်းမှာ ရွှေမန်ကျည်းစေ့ကနေ ရွှေမန်ကျည်းပင်စိုက်ဖို့က မြတ်ဗုဒ္ဓပုဏ္ဏားတွေကလွဲလို့ အားထားစရာမရှိတော့ပါဘူးလို့ မင်းကြီးကအထင်ရှိပေမယ့် နောက်တစ်ပတ် ညိလာခံနာကြတော့ ရွှေမန်ကျည်းဆစ်က ထုံးစံအတိုင်း မင်းကြီးလက်ပြန်ရောက်နေပါရောလား။

ဘုရင်ကြီးကတော့ စိတ်လုံးထမလျှော့ပါဘူး။ နန်းတော်ထဲ မင်းမူထမ်းတွေ၊ မောင်းမမိသံတွေ၊ မိဖုရားတွေ ဒါလောက်များသာ တစ်ဖွဲ့ပြီးတစ်ခု တာဝန်ပေးပေမယ့်လို့ ဒီလိုပဲ နောက်ညိလာခံတွေမှာ ရွှေမန်ကျည်းစေ့က မင်းကြီးလက်ထဲမှာပဲ တဝဲလည်လည်နဲ့ နေတာမို့ နောက်ဆုံးတော့ မင်းကြီးက အမတ်တွေ၊ မင်းမူထမ်းတွေစုံညီတဲ့ ညိလာခံမှာပဲ အမိန့်တော်မှတ်ရပါတော့တယ်။

"ကိုင်း - အမိန့်တော်မှတ်မယ် နာခံကြစေဗျား။ နန်းတွင်းသူခိုးအား အချုပ်မှချက်ချင်းလွှတ်။ ရွှေမန်ကျည်းဆစ်အား မူလပိုင်ရှင်ထံပြန်အပ်ကြစေ"

"သင့်မြတ်လှကြောင်းပါ မင်းကြီးဘုရား"

မောင်သင်းထုံ (ကျောက်မဲ)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် - မန္တလေး အပြန်ရထားလမ်း၏ ရထားဘီးနှင့် သံလမ်းတို့၏ပွတ်တိုက်သံ သံစဉ်ပြောင်းသွားပြီးနောက် ရထားအရှိန်လျော့သွားသည်ကို ပျင်းရိငြီးငွေ့ အိပ်ငိုက်နေရာမှ သတိပြုမိလိုက်၏။

"ပျော်ဘွယ်မှန်ကြွပ်ရမည်၊ ရေရမည်၊ အကြော်စုံရမည်"

ဆိုသည့် အသံစုံကြားလိုက်သည်နှင့် ပျော်ဘွယ်မြို့လေးကို ရောက်နေပြီဆိုတဲ့အသိဝင်လာမိလိုက်၏။

ဤမြို့၊ ဤနေရာဒေသမှ ကျွန်ုပ် ခွဲခွာလာခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော်ခဲ့ပြီ။ ယခင်အခါက အိမ်စု၊ အိမ်ကြီး၊ အိမ်အိုတွေ ယခင်ကကဲ့သို့မဟုတ်။ ခေတ်မီစွာဖြင့် ရုံး၊ ဘဏ်များ၊ ကုန်တိုက်၊ ကုန်စုံဆိုင်၊ စတိုးဆိုင်တွေ ပြည့်စုံလျက် မြို့တွင်းလမ်းအချို့မှာ ယခင်ကဲ့သို့ နွားလှည်း၊ မြင်းလှည်းများ သွားနိုင်သည့် လမ်းမှ ယခုအခါ ကတ္တရာလမ်းများ ဖြစ်လာ၏။ ဆိုက်ကား၊ သုံးဘီး၊ အငှားကားတို့ဖြင့် ကြီးကျယ်စည်ကားနေခဲ့လေပြီ။ ကျွန်ုပ်တို့ငယ်စဉ်ခါ ကစားခဲ့သော လွတ်လပ်ရေးပွဲ၊ ကြည့်ခဲ့ပွဲများ၊ အစိုးရပြန်ကြားရေးဌာနမှ ပြသသော ပိတ်ကားထောင်ရုပ်ရှင်၊ ယိုးဒယားပြန်အမာစိန်၊ ဆိုဝီယက်ပြန် နွဲ့နွဲ့စန်းတို့ကဲ့သို့သော အငြိမ့်များ၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်းနာမည်ကြီးဇာတ်ကြီးများ ကခဲ့သောနေရာ၊ အဝေးပြေးယာဉ်ကြီးများ ရပ်နားခဲ့သောနေရာတွေမှာ ယခုအခါတွင် ခမ်းနားသော အဆောက်အအုံ၊ စာတိုက်ကြီး၊ တရားရုံး၊ ဘဏ်တို့ဖြင့် မြို့ကျက်သရေမှာ အလွန်ပင်လှပတိုးတက်နေလျက်ရှိနေပေသည်။ ခေတ်အဆက်ဆက်၏ ပြုပြင်ပြောင်းလဲလာမှုကြောင့် လှုပတိုးတက်နေခြင်း ဖြစ်ပေသည်။

ကျွန်ုပ်မွေးဖွားခဲ့ရာ မိဘများနှင့် မောင်နှမ (၇)ယောက် တပေါင်းတစည်းတည်း အတူနေထိုင်ခဲ့သော တိုက်အိမ်ကြီးသည် ပြုပြင်ပြောင်းလဲမှုမရှိပေသော်လည်း ပျော်ဘွယ်မြို့သူမြို့သားများခေါ် ဆိုသော 'ကြေးသံကုန်သည်တန်း' ဆိုသည့်အမည်မှာ ပျောက်ကွယ်သွားပြီး 'မုန့်ဆိုင်တန်း' ဆိုသည့်နာမည်တွင်လာခဲ့ပါသည်။ ဤနာမည်ပေါ် ပေါက်လာခဲ့သည်မှာ ကျွန်ုပ်၏မိဘနှစ်ပါးရှိစဉ်အခါကလို ကြေးသံကုန်လုပ်ငန်းကို မလုပ်ကိုင်တော့ဘဲ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်များ၊ စားသောက်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်မှုကြောင့် လည်းကောင်း၊ တစုတဝေးတည်းသော အမျိုးတွေအားလုံး မုန့်ဆိုင်၊ စတိုးဆိုင်၊ စားသောက်ဆိုင်လုပ်ကိုင်ခဲ့ကြသောကြောင့် ယခုနာမည်ကို တွင်လာခဲ့ခြင်း ဖြစ်ပါသည်။

မိဘများရှိစဉ်က ရောင်းချခဲ့သော မုန့်ဆိုင်ကို အငယ်ဆုံးညီမမှ လက်ရှိရောင်းချနေပြီး ကျွန်ရှိသော ညီအစ်ကို မောင်နှမ (၆) ယောက်မှာ မိဘနှစ်ပါးမကွယ်လွန်ခင်ပင် နေရာအသီးသီးသို့ ပြောင်းရွှေ့သွားခဲ့ကြပြီ။ ယခုညီမအငယ်ဆုံးမှာ မိဘနှစ်ပါး၏ လုပ်ငန်းစဉ်တို့ သားနှစ်ယောက်နှင့် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ပျော်ဘွယ်မြို့တွင် ကျွန်ုပ်ရှိစဉ်ထပန်းစုံအလယ်တန်းကျောင်း၊ ပျော်ဘွယ် အ-ထ-ကကျောင်းတို့မှာ သင်ကြားခဲ့ပြီး ပန်းစုံအလယ်တန်းကျောင်းမှ (၇)တန်း အောင်ခဲ့၏။ ကျွန်ုပ်တို့နေစဉ်ကာလ အလယ်တန်းကျောင်းသည် (၇) တန်း မူလတန်းကျောင်းသည် (၄) တန်း စကောလားရှစ် ဆိုတာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(လားရှိုး)

မင်းမြတ်သိန်း

သချိုင်းကုန်းမှစိန်ခေါ်ပွဲ

ခင်က ပညာရေးဌာနမှ မူလတန်း
အထက်တန်းအထိ စာအုပ်မျိုးစုံ ဝေငှ
ပေးခဲ့သည့်ပြင် ကျောင်းဝင်ကြေး၊ လစဉ်
ကြေးဆိုတာ မရှိခဲ့ပါ။ ကျွန်ုပ်တို့ကျောင်း
ခင် ဆရာဦးစိန်ထွန်း၊ ဆရာဦးထွန်းစိန်
ဒေါ်မေမေခင်၊ ဒေါ်မြင့်မြင့်ဆွေ
ဒေါ်မြင့်မြင့်၊ ဆရာဦးဘသန်း၊ ဆရာဦး
စိန်၊ ဆရာဦးဘညွှန့်၊ ဆရာမဒေါ်ကြင်
ဌေး၊ ဆရာမဒေါ်ခင်စန်းရီ စသည့်
ဆရာများမှာ တပည့်တွေအပေါ် အလွန်
နှံခင်သည်။ ပညာကို မတတ်၊ တတ်
အောင် သင်ကြားပို့ချပေးပါသည်။
ဤအချိန်က ဆရာများမှာ ကိုယ့်တပည့်
များ ပညာရေးနှောင့်နှေးမှာ အလွန်စိုး
ရိမ်သည်။ ထို့ကြောင့် ဆရာဦးစိုးသိန်း
ဦးဆွေ တပည့်များကို ညအချိန်ခေါ်ယူ

ကျွန်ုပ်တို့ ခင်မောင်တို့ခေါ်
ထိုးကြိုးဆိုလျှင် ကျောင်းတ ကျောင်း

ကျောင်းတွင် ပင်နီတိုက်ပုံ၊ ကျော
သား ပုဆိုးစိမ်းကိုစည်း၍ ခုံဖိနပ်
တခွပ်ခွပ်နှင့် ကျောင်းဝရန်တာမှာ နို
ရေးသမားလိုလို၊ စာရေးဆရာ စာပေ
လိုလို၊ ဟိုနေရာစပ်စပ် ဒီနေရာစပ်စ

www.burmeseclassic.com

www.burmeseclassic.com

ပါတတ်သည်။ စကားရည်လုပွဲ၊ ကျပန်း စကားပြောပွဲ၊ နံရံကပ်စာစောင်၊ ကဗျာ တို့တွင် ကျွန်ုပ်တို့ (၂)ယောက်နှင့် ကျွန်ုပ်၏အစ်ကို ဦးခင်မောင်ရင် (ကဗျာဆရာ ပွင့်)တို့သည် ပြိုင်ဘက်ဖြစ်ကြပါသည်။ သည်လိုပွဲမျိုးတွေဆိုလျှင် ဝင်လိုက်နဲ့ လိုက်သေးသည်။ လွတ်လပ်ရေးပြိုင်ပွဲ၊ အားကစားပွဲတော်များတွင်လည်း အမြဲပါဝင်ဆင်နွှဲပါသေးသည်။

၁၉၆၅ ခုနှစ် ရမည်းသင်းခရိုင် အလေးမပြိုင်ပွဲများတွင် ကျွန်ုပ်သည် ပထမနှင့် ဒုတိယရွေးပြီး မြို့နယ်ကိုယ်စား ဂုဏ်ယူခဲ့ရပါသေးသည်။ ကျွန်ုပ်တို့ခေတ်၌ အလေးမနှင့် လှယဉ်ကျေးမယ်ပြိုင်ပွဲ ရှိခဲ့ပါသည်။ ယခုလို ကျင်းပတာမျိုး မဟုတ်ပါ။ အင်မတန်မှ ဝိုးဝိုးဝါးဝါး လေးနှင့် လှတဲ့သူလေးတွေ ပြိုင်ကြတာပါ။ ဗျော်ဘွယ်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်း၊ ယခု နေပြည်တော် ပေါင်းလောင်းကွင်းမှာပြိုင်ကြတာပေါ့။ ကျွန်ုပ်တို့မြို့မှ ကြည်ကြည်နှင့် ခင်မာတင်၊ ကျွန်ုပ်၏ ကျောင်းနေဖက် အမျိုးသမီးများ ပထမ၊ ဒုတိယဆု ရခဲ့ပါသည်။

ကျွန်ုပ်နှင့်ခင်မောင်တင့်တို့သူငယ်ချင်းနှစ်ယောက်မှာ နေရာတကာဝင်ဝင်ပါတော့ အားလုံးက သိနေကြလေ၏။ ကျွန်ုပ်ဖေဖေ ကျောင်းအပ်စဉ်ကာလ ပြောလိုက်သည့်စကားတစ်ခွန်း ကျွန်ုပ် ဘယ်သောအခါမှမမေ့မေ့။

"ငါ့သား၊ ကျောင်းနေရင် စာတော်အောင်လုပ်။ စာမတော်လို့ စာညံ့ရင် လူမှုထူးချွန်အောင်လုပ်။ ထူးချွန်မှု တစ်ခုခုလုပ်ပြီး မိဘဂုဏ်၊ ဆွေဂုဏ်မျိုးဂုဏ်၊ ကျောင်း၊ မြို့၊ တိုင်းပြည်ရဲ့ဂုဏ် ပြောင်မြောက်အောင် ထူးချွန်အောင် လုပ်ဆိုတာမှတ်ထား။ နောက်ဆုံးကွာ ဆရာတွေ မင်းကိုသိအောင်၊ တစ်ကျောင်းလုံးသိအောင် လုပ်ထားရမယ်။ ဒါမှ ဆရာတွေဟာ မမေ့မှာ"

ကျွန်ုပ်ဖခင် မှာသကဲ့သို့ ကျွန်ုပ်မှာ စာညံ့တော့ ဟိုနေရာဆိုကျွန်ုပ်၊ ဒီနေရာဆိုကျွန်ုပ်၊ ယနေ့ထက်တိုင် ဆရာ၊ ဆရာမများနှင့် ပြောလိုက်၊ တွေ့လိုက်သည်နှင့် ဆရာ၊ဆရာမများ ကျွန်ုပ်ကို မမေ့၊ သိနေကြသည်။ အရွယ်ရ၍ ပြန်တွေ့သည်တိုင် ကျွန်ုပ်ကိုမမေ့ကြပါ။ ကျွန်ုပ်သည် ထိုစဉ်က လူငယ်သဘာဝ စူးစမ်းလိုသောစိတ်၊ စပ်စပ်စုစု၊ မဆင်မခြင်လုပ်ရပ်တစ်ခုကြောင့် ကျွန်ုပ်၏ ငယ်သူငယ်ချင်း အသက်ဆုံးရှုံးသွားခဲ့ရပါသည်။ ကျွန်ုပ်၏ဘဝမှာ အစားထိုး၍ မရသော ကြီးစွာသောဆုံးရှုံးမှုကြီး ဖြစ်ခဲ့ပါ၏။ ထိုကြီးစွာသော ဆုံးရှုံးမှုအဖြစ် အပျက်များကို မကြာခဏ ပြန်ပြောင်း သတိရမိလေ၏။

❐

ပျော်ဘွယ်မြို့လေး အဝင်တွင် ဆေးရုံကြီးရှိခဲ့သည်။ ထိုဆေးရုံ၌ ခေတ်ဆိုးခေတ်ပျက်ခေတ်ကြီးတွင် လူသတ်မှု၊ ဓားပြတိုက်မှု၊ ရိုက်မှု၊ လောင်းကစားမှု အလွန်ပေါများပါသည်။ မကြာခဏဆို မြို့နှင့် တောတွေတွင် လူသတ်မှုတွေ၊ ရိုက်မှုတွေပေါသလို မကြာခဏ ကျွန်ုပ်တို့အိမ်ရှေ့မှ နွားလှည်းကြီးဖြင့် လူသေအလောင်းတွေ မမြင်ချင်သော်လည်း တစ်နေ့ နှစ်လောင်း၊ သုံးလောင်းဆို သလို တွေ့ရတတ်ပါသည်။ သေသမျှလူ သေတွေအားလုံး အစိမ်းသေတွေဆိုတော့ ဗျော်ဘွယ်မြို့အဝင် ဆေးရုံကြီးနှင့်နီးသော ဆားတောင်းသချိုင်းကုန်းသို့ ပို့ကြသည်။ ညနေ နေဝင်ပြီး ညမှောင်သည်နှင့် လူသွားလူလာမရှိသလောက် ပြတ်လပ်လှပါသည်။ ညည ခွေးအူသံ အမြဲကြားရသည်။ ၎င်းသချိုင်းကုန်း သုသာန်တွင် သရဲခြောက်သည်ဆိုတာ ကြားရမြဲဖြစ်သည်။ညနေမှောင်ရီရောက်လာသည်နှင့် ထိုအချိန်၊ ထိုနေရာကို မည်သူမျှ အသွားအလာမရှိတော့။ ယခုကဲ့သို့ ရန်ကုန်-မန္တလေးသွားခရီးသည်တင် ညကားများ၊ ကုန်ကားများ မရှိ။ နေပြည်တော်ဒေသ၊ ယခင် ပျဉ်းမနားဒေသ ဖြစ်သည်။ ညနေ (၅) နာရီ၊ (၆) နာရီဆိုလျှင် ပျဉ်းမနားတောင်ကြားသည် အလွန်ဆိုး၏။ သူခိုး၊ ဓားပြ၊ လူဆိုး၊ သူပုန်များပေါ၍ အစိုးရက မည်သည့်ကား၊ ရထားမျှ မလွှတ်ပါ။ ယခင်ကာလ အလွန်ပင် နာမည်ကြီးပါသည်။ မီးရထားဆိုလျှင် ပျဉ်မနားမှာ ညအိပ်ရသည်။ သာစည်ကို မလွှတ်မါ။ ကားဆိုလျှင် ပျော်ဘွယ်မှ မန္တလေး - မိတ္ထီလာ အထိ အသွားအလာလုံးဝမရှိရပါ။

ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရတက်ပြီးနောက်ပိုင်း တဖြည်းဖြည်းချင်း သွားလို့ရလာသည်။ ယခုခေတ်တွင် ရန်ကုန် - မန္တလေး ရွေ့ဟောင်းလမ်းအပြင် အမြန်လမ်းမကြီးပေါ် ပေါက်လာခဲ့ပြီ။ ကျွန်ုပ်တို့ငယ်စဉ် ရန်ကုန်သို့ ရထားနှင့်သွားလိုလျှင် ပျဉ်းမနား၌ ညအိပ်ရပါသည်။ ရန်ကုန်မှ ကားဖြင့် မန္တလေးသို့သွားလိုလျှင် တောင်ငူ။ ပျဉ်းမနား၊ ပျော်ဘွယ် စသည်ဖြင့် (၅)နာရီထိုးသည်နှင့် ရောက်သည်မြို့တွင် ဝင်ရောက်၍ အိပ်ရပါသည်။ ကားလမ်းဘေး၌ မအိပ်ရ။ နီးရာ မြို့တွင်းအရောက် မောင်းပြီးအိပ်ရပါသည်။ ခေတ်ဆိုး ပျက်ကာလအချိန်ဖြစ်၍ ယခုခေတ်ကဲ့ ငြိမ်းချမ်းသာယာ၍ မိမိရောက်လိုရာ နေရာကို တစ်နေ့တည်း တစ်ခါတည်း မရောက်နိုင်ပါ။

ယခုကာလသည် ငြိမ်းချမ်းသာ ကာလဖြစ်၍ အချိန်တိုတိုဖြင့်ရောက် သည့်ကာလဖြစ်ပါသည်။ ညမှောင်နှင့် မြို့ပြင်သို့ မည်သူမျှမသွားထော့ တော့။ လူဆိုး၊ လူမိုက်၊ အရက်မူး များရန်ကြောင့် လည်းကောင်း၊ ဘာဝ ပရလောကသားတွေ၏ ယုက်မှုကြောင့် လည်းကောင်း ကြပါ။

ကျွန်ုပ်တို့သူငယ်ချင်း(၅)ယောက် မှာတော့ သူများပြောတာဆိုတာနဲ့ မယုံကြည်တတ်။ လူမျိုး၊ လူညံ့ ကြောက်တွေ၊ သူရဲဘောကြောင်တွေ တွေ ပြောကြတာ။ သရဲ၊ တန္ဆေဆိုး တကယ်မရှိ။ ယုံတမ်းစကားတွေပေါ မိမိကိုယ်ကိုအထင်ကြီး၍ ကျွန်ုပ် အဝင် သူငယ်ချင်း (၅) ယောက် အလောင်းအစားလုပ်ပြီး ဆားသေ သချိုင်းကုန်းသို့ နောက်တစ်နေ့ ည သွားမည်။ သချိုင်းကုန်းမှာ မီးမ လုပ်မည်။ ကြောက်လျှင် မလိုက် ကြေညာလိုက်၏။ မိဘများကို ပြော မပြောစတမ်းဆို၍ တစ်ယောက် ခေါက်ဆွဲကြော်တစ်ထုပ်စီ ဝယ်ထ သချိုင်းကုန်းရောက်မှ ဖွင့်စားကြ မလိုက်ရဲတဲ့သူတွေမလိုက်နှင့်။ အ သဘောတူလျှင်သွားကြမည်။ ဟို ကိုယ်ကျတဲ့နေရာကို မိန်မိန်ကြီးတော့ မည်ဟု ကျွန်ုပ်တို့ (၅) ယောက် မိဘတွေမသိအောင် တိုင်ပင်လို့ တော့သည်။

နောက်တစ်နေ့ညနေ ဆင်းသည်နှင့် (၅)ယောက်သားခို သူငယ်ချင်း ချစ်အန်း (ချိုင်းနားဆွဲ ဆိုင်) မှ ခေါက်ဆွဲထုပ်များကို ဝေ တော့သည်။ သူငယ်ချင်းဖြစ်သူ ချစ်အန်းက -

"တွေ့ကောင်တွေ၊ မင်းတို့ သွားမှာလဲ။ ငါလည်းလိုက်မယ်"

လို့ ပြောတော့ ကျွန်ုပ်တို့ ယောက် တစ်ယောက်တစ်မျိုးလုပ် လာခဲ့ရသည်။ သူငယ်ချင်း မောင်ချစ်အန်းကလည်း လည် သည်မှ -

"မင်းတို့ မဟုတ်တာတွေ နော်။ မင်းတို့မိဘတွေကို ငါသွ လိုက်မှာ"

ဆို၍ သူကိုမနည်းပင်မ

www.burmeseclassic.com

www.burmeseclassic.com

ပါသေးသည်။

ညနေ (၆) နာရီထိုးသည်နှင့် ဆားတောင်းသချိုင်းကုန်းသို့ ရောက်လာခဲ့ကြသည်။ထင်းညနေမှာ မိုးလေးတစ်ဖြိုက်ပြိုက်၊ နှစ်ပြုံကျလောက် ရွာသေးတော့ စိုစွတ်နေပြန်သေးသည်။ လူသတ်မှုနှင့် လူသေလောင်းတစ်လောင်းကို မကြာခင် အချိန်ပိုင်း မှောင်စပျိုးကမှ မြေမြှုပ်ထားခဲ့ကြသေးသည်။ ရဲစခန်းနှင့် ဆေးရုံကြီးမှာ မြို့ဝင်ထိပ်နီးနီးလေးဆိုတော့ လူသေမှုဆိုလျှင် ရဲလာစစ်ပြီးမှ မြှုပ်ကြတော့ နောက်ကျသွားခြင်း ဖြစ်သည်။ သချိုင်းကုန်းဇရပ်က သွပ်တွေ၊သံတွေပြုတ်နေ၍ လေတိုက်လိုက်တိုင်း တဝုန်းဝုန်းဆူညံစွာဖြင့်ရှိသည့်ပြင် ငှက်ဆိုးတစ်ကောင်မှ ဂီး. . . ဂီး ထိုးပြီး အနောက်အရပ်သို့ ပျံသွားလိုက်သည့်အသံမှာ စိတ်ချောက်ချားဖွယ်ရာဖြစ်မိသေးသည်။

သချိုင်းကုန်းသို့ရောက်သည်နှင့် ကျွန်ုပ်တို့(၅)ယောက် တွေ့သည့် တုတ်ချောင်းများကို ချိုး၍ အတို၊ အရှည်ဆွဲပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် မဲနှိုက်လိုက်ကြသည်။ ကျွန်ုပ်က အရှေ့အရပ် ကားလမ်းဘက်မှ၊ သူငယ်ချင်း မာခင်က တောင်အရပ်မှ၊ ကျန်သော သူငယ်ချင်း သုံးယောက်၊ နှစ်ယောက်မှာ မြောက်နှင့် အလယ်ကိုကျပြီး သူငယ်ချင်း ခင်မောင်တင့်ခေါ် အရှည်ကြီးကတော့ တောထူ၍ ဂူဟောင်း၊ ဂူပျက်၊ ဂူသစ်များ၊ မြေပုံဟောင်း၊ အသစ်လတ်လတ်ဆတ်ဆတ်တွေရှိသော အနောက်အရပ်သို့ကျပါသည်။ ညရဲ့အမှောင်ကလည်း ကြီးစိုးလာ၍ ပုရစ်အော်သံ၊ ခွေးအူသံ၊ ဟောင်သံအသံမျိုးစုံတွေကဆူညံလို့နေပြီး ဇရပ်မှ သွပ်မိုးများ၏လေတိုက်လိုက်တိုင်း ဝုန်းဒိုင်းအသံ၊ ညနေက ရွာလိုက်တဲ့မိုးကြောင့် လေအေးအေးကလေးပြင်းပြင်းတိုက်နေ၏။ကျွန်ုပ်လည်း ကြက်သီးတဖြန်းဖြန်းနှင့် ကြောက်စိတ်များပင် ဝင်လာမိသည်။ ညကလည်းမှောင်၊ လူကလည်း အသွားအလာမရှိ၊ အဝေးကလူတွေပြောသံ၊ အော်သံကြားရင်ဖြင့် ကျွန်ုပ်တို့ တော်သေးရဲ့ဆိုပြီး အသံတွေအာရုံစိုက် နားထောင်သော်လည်း ခွေးအူသံ၊ ခွေးဟောင်သံ၊ ပုရစ်အော်သံ၊ မြေအောင်းသတ္တဝါတွေရဲ့အသံတွေသာကြားနေရတော့ ပိုပြီးကြောက်လာမိ၏။ ဆင်ချက်တစ်ချက် လေတွေ့လိုက်တိုင်း ဇရပ်မှ သံပြုတ်နေတဲ့သွပ်အသံတွေကို ကြားမိပြီး တထိတ်ထိတ်ဖြင့် နှလုံးခုန်လာမိ၏။ ကြာလေ ပိုပြီးကြောက်စိတ်ဝင်ဝင်လာလေ၏။

ကျွန်ုပ်မှ -

"အချိန်ကိုမဆွဲနဲ့၊ ဟေ့ကောင်တွေ မြန်မြန်လုပ်"

လို့ လှမ်းပြောလိုက်သည်။

ကျွန်ုပ်တို့ (၅) ယောက်လည်း အမြန်ဆုံး ခေါက်ဆွဲထုပ်ကို အလယ်လူကစပြီး -

"ဟေ့ - ပျော်ဘွယ်က တို့သတ္တိခဲ့တို့တွေ စားကြမယ်ကွ"

လို့ ပြောလိုက်ရာ ကျွန်ုပ်လည်း ခေါက်ဆွဲထုပ်ကို အမြန်ဖြေ၍ စားမည်လို့လုပ်သည့်အချိန် ကျွန်ုပ်သူငယ်ချင်း ခင်မောင်တင့်မှ -

"အောင်မလေးဗျ၊ လက်မည်းကြီး၊ လက်မည်းကြီး။ အမွေးတွေနဲ့ ငါ့ခေါက်ဆွဲထုပ်ကိုလုသွားပြီကွ"

ဆိုပြီး အော်ပြီး ထပြေးတော့တာပဲ။ ကျွန်ုပ်တို့အားလုံးလည်း မည်သူမျှ မစားနိုင်။ ခေါက်ဆွဲထုပ်တွေကိုချပြီး တစ်ချိုးတည်းလစ်ကြ၊ ပြေးကြတော့တာပေါ့။ နောက်ကိုလုံးဝပြန်မကြည့်ရဲတော့။ အော်သံဘာသံတွေကြားရပါသည်။ နားမထောင်နိုင်ပါဘူး။ သူငယ်ချင်း မာခင်လည်း ထ၍ အပြေး မြေပုံတစ်ခုပေါ် သို့ မှောက်၍လဲလိုက်ပါသေးသည်။ အားလုံး ကျွန်ုပ်တို့ လူစုကွဲ၍ တစ်ချိုးတည်း ပြေးကြပါတော့သည်။ ကျွန်ုပ်လည်း အိမ်ရောက်သည်နှင့် အိမ်နောက်သို့ ကြောက်ကြောက်နှင့်ဝင်သွားပြီး ရေအဝသောက်ပစ်လိုက်မှ အမောပြေသွား၏။ ကြောက်စိတ်ကတော့ စိုးမိုးဆဲပါ။

"ဟေ့ကောင်တွေ၊ ဘာဖြစ်လာတာလဲ"

ဟု အဖေက မေးသောအခါ ကျွန်ုပ်က ကောင်းအောင်သာ ဖေဖေ့ကို ပြောပြရပါသည်။ ထိုည ထိုအချိန်မှ ထိုအဖြစ်အပျက်တို့ကို ကျွန်ုပ်သည် ယနေ့ထက်တိုင်မမေ့သေးပါ။ ကျွန်ုပ်သည် ခင်မောင်တင့်ကို စိတ်မချဖြစ်နေမိသည်။ခင်မောင်တင့်မှာ ကိုယ်တိုင်တွေ့ပြီး ကိုယ်တိုင် အခြောက်ခံရသူဖြစ်၍ သူ့အခြေအနေကို သိလိုလှ၏။ ကျွန်ုပ်လည်း အစ်ကိုဖြစ်သူ ခင်မောင်ရင် (ကွယ်လွန်) ကိုခေါ်ပြီး နှစ်ယောက်သား မီးရထားဘူတာရုံ အနောက်ဘက် မီးရထားသံလမ်းကျော်၍ မြို့သစ်ရပ်ကွက်ရှိ ခင်မောင်တင့်တို့ အိမ်ကိုဝင်ပြီး အခြေအနေဝင်ကြည့်သောအခါ ခင်မောင်တင့်၏ အော်သံကြားလိုက်ရ၏။ ၏

"သရဲကြီး၊ သူ့နောက်လိုက်လာတယ်"

ဆိုပြီးအော်ဟစ်နေလေရဲ့။ ကျွန်ုပ်သူငယ်ချင်းတော့ ဒုက္ခတွေ့ပြီဆိုပြီး စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ၎င်းအချိန်မှစ၍ ခင်မောင်တင့်သည် ကြောက်ဖျားလန့်ဖျားဖြစ်၍ ငှက်ဖျားလိုလိုတိုက်ဖြိုက်လိုလိုရောဂါမှာ မသက်သာလာပါ။ တဖြည်းဖြည်းနှင့် တစ်ပတ်အတွင်း၌ ကျွန်ုပ်၏ အချစ်ဆုံးသူငယ်ချင်း ကွယ်လွန်သွားပါတော့သည်။ ကျွန်ုပ်တို့၏ မိုက်မဲမှု မလုပ်အပ်တဲ့အရာတွေကို သွားလုပ်မိခဲ့တာ၊ သချိုင်းကုန်းမှာ နာနာဘာဝ မကောင်းဆိုးဝါးကို စိန်ခေါ်မိသလိုမျိုး လုပ်ခဲ့တာ နောင်တရမိသည်။ ကျွန်ုပ်၏ မိဘသည် လည်းကောင်း၊ သူငယ်ချင်းများ၏ မိဘများသည် လည်းကောင်း ကွယ်လွန်ကုန်ကြသည်အထိ ဖြစ်ရပ်မှန်ကို မည်သူမျှမသိခဲ့ကြပါ။ ကျွန်ုပ်တို့ သူငယ်ချင်း (၅) ဦးသာလျှင် သိခဲ့ခြင်း ဖြစ်ပါသည်။ဤလုပ်ရပ်များကို ယခုအခါ ကျွန်ုပ်တို့ အသက်အရွယ်ရလာသော အခါမှာ မည်သည့်အရာမျိုးမဆို အလုပ်တစ်ခုတော့လုပ်တော့မည်ဆိုလျှင် ကြိုတင်၍ အကောင်း၊အည့်တွေကို တွေးဆပြီး လုပ်သင့်ပါသည်။

ခင်မောင်တင့် အသုဘမြေမြှုပ်ပြီး နောက် ကျွန်ုပ်မှာ စိတ်မကောင်းခြင်းများစွာဖြင့် တွေးရင်းတောရင်း အိမ်ရှေ့ကုပ်ပျစ်တွင် အိပ်ပျော်သွားပါသည်။ ညဉ့်သန်ခေါင်ကျော်သည်နှင့် ကျွန်ုပ်၏ ခြင်ထောင်ကို လူတစ်ယောက်လာပြီး နှိုးလိုက်သလိုဖြစ်တော့ ကျွန်ုပ်မှာ ကြက်သီးမွေးညင်းထ၍ ကြည့်လိုက်မိသည်။ သူငယ်ချင်း ခင်မောင်တင့်မျက်နှာကို ညိုးငယ်စွာ တွေ့လိုက်ရသည်။

ကျွန်ုပ်က -

"သူငယ်ချင်း၊ မင်းနဲ့ငါဘာမှမဆိုင်တော့ဘူးကွာ။ သွား၊ သွား - ထွက်သွား"

ဆိုပြီး အော်ငေါက်လိုက်တော့ သူငယ်ချင်းဟာ ချက်ချင်းပဲ နောက်လှည့်၍ ညိုးငယ်သောမျက်နှာဖြင့် မြောက်အရပ်သို့ ထွက်ခွာသွားပါသည်။ သူ၏ ကျောပြင်ကို ငေးကြည့်နေမိရာမှ ကျွန်ုပ် လန့်နိုးလာပါတော့သည်။

ငယ်သူငယ်ချင်း ကောင်းရာမွန်ရာရောက်ပါစေလို့ ဆုတောင်းရင်းဖြင့် ဤဖြစ်ရပ်သည် ကျွန်ုပ်ငယ်စဉ်ကာလ နှစ်ပေါင်း(၅၀)ကျော်အချိန်က ဖြစ်ရပ်မှန် ဖြစ်ပါသည်။ အားလုံးသော ငယ်သူငယ်ချင်းများရှိကောင်းရှိမည်ဆိုပါက ထို အချိန်ထိုကာလကို အမှတ်ရနေဦးမည်ဟု ထင်မိပါသည်။

မင်းမြတ်သိန်း(သားရှိုး)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရင်ကိုစား၊ မြေစာ)
နာမည်မြင့်ကွင်း

ဒါတ -
စဉ်းစားမြဲတာပါ။
ထကယ်လည်း သေချာစဉ်းစားကြည့်လေ။ ဘယ်သူနဲ့ပေးပေး ကလေးကောင်းရင် မကောင်းဘူးလား။
ဘယ်သူနဲ့ပေးတာဘယ်ဝါနဲ့ပေးတာဆိုတာက ကလေးနဲ့ ကလေးကို ပိုင်ဆိုင်ကြသူတွေကြားထဲမှာ အမြင်ကွယ်နိုင်တဲ့တံတိုင်းကြီးတစ်ခုကာနေသလိုပါပဲ။ အဲဒီဘယ်သူတို့ဘယ်ဝါတို့တွေကပေးလိုက်ကြလို့ ကလေးဆေးခန်းပြေးရပြီ၊ ဆေးရုံရောက်ရပြီဆိုရင်လည်း ကျေနပ်စွာနဲ့ အဲဒီနာမည်ကို ဆက်ခေါ်နေကြသူတွေရှိပါတယ်။
နာမည်တွေကလှတာကိုး။
နာမည်တွေက ဟိုမိုးပေါ်ကနေဆင်းမှမဆင်းဘဲ။
နာမည်တွေက အဓိပ္ပာယ်ဘာမှန်းညာမှန်းမသိရဘဲ ခေါ်လို့ကောင်းနေတာလည်းပါတယ်လေ။
ဒါကြောင့် ဆက်ခေါ်ရင်းခေါ်ရင်းနဲ့ နောက်ဆုံး အဲဒီကလေးလေးဟာ အားလုံးကို နှုတ်ဆက်သွားတော့မှ ရင်ထုမနာဖြစ်ကြရတော့တယ်။
ကြည့်စမ်း -
ဘယ်လောက်ရင်နာဖို့ကောင်းလဲ၊ ဘယ်လောက် စိတ်ထိခိုက်ဖို့ကောင်းလဲ။
လွှာဝကြီးထဲကိုသွားသုံးရောက်လာရှာတဲ့ဓာလေးလေး။
ခြေကောင်း၊ လက်ကောင်း၊ မျက်လုံးကောင်း၊ နားကောင်းလေး၊ ချစ်စရာလေး။ ဘာအပြစ်မှမရှိတဲ့ အပြစ်ကင်းစင်တဲ့ကလေးလေး 'အကင်းတပြိုက်ပြိုက်' ထဲပါသွားရှာတယ်။
ဒါဘယ်သူတွေမှာအပြစ်ရှိတယ်လို့ ပြောလို့ရပါဘူး။
ကလေးရဲ့ကံကို ဒီလိုဖြစ်တော့မယ်ဆိုတာပါလာပြီကိုး။
အဲဒီလိုဖြစ်ချင်လာတဲ့ကံဝင်လာနိုင်အောင်လမ်းဖွင့်ပေးလိုက်တာနဲ့တူတာကတော့ စောစောကပြောတဲ့ နာမည်ပါပဲ။
ဒီနာမည်ဟာ လမ်းဖွင့်ပေးလိုက်သလိုပါပဲ။
ဒီနာမည်ဟာ မကောင်းကံတွေဝင်လာဖို့ အားဖြည့်ပေးလိုက်သလိုဖြစ်သွားရုံတင်မကဘဲ မကောင်းကံတွေဝင်လာနိုင်စေတဲ့တံခါးလိုပါပဲ။
သေသေချာချာပြန်စဉ်းစားကြည့်ပါ။
တော်တော်များများ ကလေးလေးသူတို့နှစ်ယောက်အိမ်ထောင်ဖက်ပဲတွေ့လိုက်ပြီး သုံးနှစ်လောက်ကြာဆုံးဖြစ်ပါတယ်။ ဥမ္မာသက်ထိမတွေ့တော့ပေမယ့် မောင်တို့ကလေးနဲ့ ပြန်ဆုံဖြစ်ပါတယ်။ နှစ်ယောသား လမ်းခွဲသွားကြပြီဆိုတဲ့အခြေစိတ်မကောင်းစွာနဲ့ပဲ ကြားရတဲ့ဟိုဘက်ဒီဘက် နယ်လှည့်ကြတဲ့ပြေပျို့။ကလေးလေးတစ်ယောက်ရဲ့ကလေးအခါလည်မှာကွဲကြတယ်ဆိုစိတ်ဝင်စားစရာနဲ့ ကလေးနာမည်ကြည့်လိုက်မိပါတယ်။ ကလေးနာ

သူတွေရှိပါတယ်။
နာမည်တွေကလှတာကိုး။
နာမည်တွေက ဟိုမိုးပေါ်ကနေဆင်းမှမဆင်းဘဲ။
နာမည်တွေက အဓိပ္ပာယ်ဘာမှန်းညာမှန်းမသိရဘဲ ခေါ်လို့ကောင်းနေတာလည်းပါတယ်လေ။
ဒါကြောင့် ဆက်ခေါ်ရင်းခေါ်ရင်းနဲ့ နောက်ဆုံး အဲဒီကလေးလေးဟာ အားလုံးကို နှုတ်ဆက်သွားတော့မှ ရင်ထုမနာဖြစ်ကြရတော့တယ်။
ကြည့်စမ်း -
ဘယ်လောက်ရင်နာဖို့ကောင်းလဲ၊ ဘယ်လောက် စိတ်ထိခိုက်ဖို့ကောင်းလဲ။
လွှာဝကြီးထဲကိုသွားသုံးရောက်လာရှာတဲ့ဓာလေးလေး။
ခြေကောင်း၊ လက်ကောင်း၊ မျက်လုံးကောင်း၊ နားကောင်းလေး၊ ချစ်စရာလေး။ ဘာအပြစ်မှမရှိတဲ့ အပြစ်ကင်းစင်တဲ့ကလေးလေး 'အကင်းတပြိုက်ပြိုက်' ထဲပါသွားရှာတယ်။
ဒါဘယ်သူတွေမှာအပြစ်ရှိတယ်လို့ ပြောလို့ရပါဘူး။
ကလေးရဲ့ကံကို ဒီလိုဖြစ်တော့မယ်ဆိုတာပါလာပြီကိုး။
အဲဒီလိုဖြစ်ချင်လာတဲ့ကံဝင်လာတွေဟာကောင်းကြပါတယ်။
နာမည်ပညာတိုးကာမှ တစ်ခုပြီးတစ်ခုထဖြစ်နေကြတဲ့ ကလေးလေးတွေ မရေမတွက်နိုင်အောင်များပြားနေပါပြီ။
အကြောင်းကြောင့်ဖြစ်တဲ့အကျိုးဆိုတာရှိပြီးသားပါ။
လူတိုင်းလည်းသိပြီးသားပါ။
အလုပ်တွေများနေကြလို့၊ မအားမလပ်ကြလို့သာမေ့နေကြသူတွေရှိနိုင်ပါတယ်။
ဒါက ပြန်စဉ်းစားလိုက်တာနဲ့ချက်ချင်းပေါ်ပါတယ်။
ဥမ္မာ ကလေးတွေ့ရှိယောကျ်ားမျိုးတယ်။ နာညီးလိုက်တယ်။ မိဘနှစ်ပါးလမ်းခွဲသွားကြတယ်။
[illegible] မေတ္တာတွေကြီးမားလို့ပါ။ မေတ္တာတရားကြီးမားလို့ပါ။ စိတ်ဝေးလို့စိတ်ဝဖြစ်လာကြပြီ။ ဒီဒီကလေးမွေးတယ်။ ချက်ချင်းမကွဲသူး၊ နာမည်လည်းတေးပြီးရောဘာလို့ကွဲလဲ။
ဒီလိုပြောရင်းနဲ့ -
တစ်နေရာမှာကြုံခဲ့ရပုံလေးကိုပြောပြချင်ပါတယ်။
ဖခင်နာမည်က မောင်တိုးကျော်၊ မိခင်က ဥမ္မာသက်။ သူတို့ဆွေဟာ တူလေး၊ တူမလေးတွေလိုခင်ခဲ့ဖူးတေမယ့်

www.burmeseclassic.com

www.burmeseclassic.com

ကတော့ 'ကျော်မြင့်သက်' ဖြစ်ပါတယ်။

အံ့သြသွားရပါတယ်။ သူတို့တ
လည်း ဟိုးတုန်းကထဲက ရိုးရိုးပဲခင်ကြ
သူတွေဖြစ်ပြီး ဒီပညာရပ်တွေနဲ့ မပတ်
သက်ခဲ့ဘူးတော့ သူတို့ကိုဗဟုသုတဘာ
မှမပြောဖြစ်ခဲ့ပါဘူး။ ခုကလေးနာမည်
ကြားတော့မှ ကလေးရဲ့နာမည်မှာ မီဘာ
နှစ်ပါးလမ်းခွကြရတဲ့ထိထိခိုက်သွားနိုင်
တဲ့ 'အား' တွေတွေ့ရပါတော့တယ်။

မောင်ကျော်နဲ့ မသက်တို့ လမ်းခွ
ကြရတဲ့အကြောင်းလေးဟာ နာမည်မြင့်
ကွင်းထဲကို အလိုလိုရောက်လာပါတယ်။

သူတို့နှစ်ယောက် တအားချစ်ကြ
ပါပေရဲ့။

လက်လည်းလက်တွဲဖြစ်ကြပါရဲ့။

တိုလေးလေးရမှ ဘာလို့ဘယ်က
ဘယ်လို အစတွက်လာမှန်းမသိတဲ့
အကြောင်းတွေပေါ်လာရသလဲ။

ဘာအကြောင်းကြောင့်ဖြစ်လာတဲ့
အကျိုးပါ။

ဘယ်လိုမှထင်မထားတဲ့ကိစ္စတွေ
ပါ။

တို့တွေယူကြမယ်၊တစ်နှစ်လောက်
ပေါင်းပြီးကွဲကြတာပေါ့လို့ ဘယ်သူမှရှိ
မယ်မထင်ပါဘူး၊ စောစောကပြောတဲ့
အကြောင်းတရားတွေကိုဘယ်လိုမှမလွန်
ဆန်နိုင်တော့တဲ့အဆုံးဘဝတွေခြားသွား
ကြရတာ ဖြစ်ပါတယ်။

သိသိနဲ့၊ ထိနေမှန်းသိသိနဲ့ ဘဝကို
အပျက်ခံပြီး မြို့ရေရှက်ရေခေါ်နေကြ
တဲ့ မိဘတွေရှိနေပါတယ်။

ဥပမာ ဘဝကိုရေစုန်မျောသွား
နိုင်တဲ့နာမည်မျိုးမှန်း သိလည်းသိတဲ့
အဖိုဘွယ်လည်းထွက်နေပါရဲ့၊ ဒါပေ
မယ့် အသိလို စုန်ဆင်းသွားမယ့် နာမည်
ပြောင်မျိုးကိုပဲ မြို့ရေရှက်ရေခေါ် နေကြ

www.burmeseclassic.com

www.burmeseclassic.com

သူတွေလည်းရှိနေပါတယ်။ သူတို့ဟာ ကြီးပွားချမ်းသာခြင်း၊ နှလုံးစိတ်ဝမ်းအေး ချမ်းခြင်း၊ သာယာခြင်းတွေကို ကျော်ခိုင်းပြီး လမ်းလျှောက်နေသူတွေလိုပါပဲ။

အဲဒီလိုခေါ်တဲ့သူတွေကိုလေ့လာလိုက်ရင် အဲဒီကလေးတွေရဲ့ ဘိုးအေတွေ၊ ဘွားအေတွေ၊ ဦးလေးတွေ၊ ဒေါ်လေး၊ ဒေါ်ကြီးတွေကိုယ်တိုင် အားရပါးရခေါ်နေကြလို့ အဲဒီကလေးလေးတွေရဲ့မိဘတွေခမျာ မလွန်ဆန်နိုင်ဘဲ၊ မလွန်ဆန်ရဲဘဲ အားလုံးအကြိုက်လိုက်ခေါ်နေကြသူတွေများပါတယ်။

ဘိုးအေ၊ ဘွားအေတွေဘက်ကလည်း 'ဟယ်-ဒီနာမည်ဟာဒီလိုထိခိုက်သွားပြီး သူတို့အိမ်ထောင်ရေးတွေ ဒီလိုဖြစ်ကုန်တာပါလား။ ငါတို့ဒီလိုဆက်ခေါ်နေရင် နောက်ထပ်အိမ်ထောင်တွေပြုလည်း ဒီလိုပဲဆက်ဖြစ်နေရတော့မှာပါလား' ဆိုတဲ့ အသိလေးနဲ့ သတိလေးထားပြီး အဲဒီလိုရေစုန်မျောသွားနိုင်တဲ့ နာမည်မျိုးကို မခေါ်ဘဲနေလိုက်ကြရင် မကောင်းဘူးလား။

ဒါဆိုကိုယ်ကမွေးတဲ့ကိုယ့်ရင်သွေးတွေမှာလည်း အိမ်ထောင်ရေးသောကတွေ ဆက်ဖြစ်မလာတော့ဘူး။ ကိုယ့်သားသမီးတွေကိုလည်း တစ်ဖက်တစ်လမ်းက ကူညီရာလည်းရောက်ပါတယ်။

ဒီလိုမှမဟုတ်ဘဲ အိုး - ချစ်စနိုးခေါ်တာပဲ၊ ဘာဖြစ်လဲဆိုလို့ကတော့ ကိုယ့်သားသမီးအိမ်ထောင်ကသောင်းကနင်းဖြစ်တာကို သူဟာသူကွဲတာပဲ။ ငါတို့ကွဲတာမှမဟုတ်ဘဲဆိုတဲ့ပုံစံမျိုးကြီးဖြစ်မနေဘူးလား။

ဒါ - စဉ်းစားပြတာပါ။

နှုတ်ကျိုးနေပြီတို့၊ ပြင်မရဘူးတို့ ဆိုတာတွေဟာ အဓိပ္ပာယ်မရှိတဲ့ဆင်ခြေတွေပါ။

မင်းဒီတိုင်းဆက်ခေါ်နေရင် မင်းဟာ မကြာခင်မှာ ကုမရတဲ့ရောဂါကစ်ခုခုစွဲပြီးသေရတော့မယ်။ သုံးလမကျော်တော့ဘူးလို့ ပြောကြည့်ပါလား။ သွားပြီ၊ နှုတ်ကျိုးပယ်ဆိုတာ ဘယ်ဆီရောက်သွားမှန်းသိမှာမဟုတ်တော့ဘူး။

သေပါစေ၊ ငါကလည်း သေချင်တာနဲ့ အတော်ပဲ။ ဆက်ခေါ်မယ်လို့ ဘယ်သူမှမရှိပါဘူး။

တချို့ကလေးတွေများ ရေတိမ်မနစ်သင့်ဘဲ ရေတိမ်နစ်သွားကြရရှာတာ စိတ်မကောင်းဘူး။

တချို့က တမင်စမ်းတာလည်းရှိပါတယ်။

ခေါ်တယ်ကွာဘာဖြစ်လဲ။ ငါမွေးထားတာပဲ၊ ငါခေါ်ချင်ရာခေါ်မယ်ဆိုတဲ့ သူတွေလည်းရှိပါတယ်။ မြင်ခဲ့ဖူးပါတယ်။ အဲဒီကလေးလေးဟာ ခေါင်းကြီးကိုယ်သေးလေးဖြစ်ပြီး အစာမဝင်တော့တဲ့ထိ အဲဒီမာနကရှိနေတုန်းပါ။

နောက်ပိုင်းတော့ ဘယ်လိုတွေဖြစ်သွားပြီလဲဆိုတာ မသိတော့ပါဘူး။ ကလေးလေးတွေရဲ့ဘဝလှလှလေးတွေကို မငဲ့ညှာဘဲ အဓိပ္ပာယ်မရှိ ဘဝင်မြင့်ပြီး ငါမှငါဆိုပြီး အတ္တတွေရင်မှာအမိအရုပ်ကထားသူတွေနဲ့ ဘယ်တော့မှမဆုံမိအောင်နေပါတယ်။

ဒါက -

ကလေးလေးတွေနဲ့ ပတ်သက်ပြီးပြောချင်လွန်းတဲ့စကားထဲကတချို့ပါ။

မိဘကိုကျော်တဲ့၊ မိုးတဲ့၊ လွှမ်းတဲ့၊ အောင်တဲ့အဓိပ္ပာယ်ရတဲ့ နာမည်ရှင် ကလေးလေးတွေကိုမြင်တိုင်း ရင်ထဲမှာ မကောင်းဘူး။ ဘာလို့လဲဆိုတော့ သူတို့လေးတွေခမျာ လူဘဝကြီးမှာ ဘုမသိဘမသိနဲ့ လောကခံတရားပေါင်းစုံကို ခါးစည်းခံရတော့မယ်ဆိုတာသိနေလို့ပါပဲ။ တချို့ခံတောင်ခံနေရရှာပါပြီ။

တချို့ကျတော့ ငယ်သေးတယ်၊ ဒါပေမယ့် အစွမ်းလေးတွေကပြပြီ။

ပြောလိုက်ရင်တော့ ပြုပြင်သွားကြသူတွေရှိသလို စောစောကပြောတဲ့ အတိုင်း အသိုင်းအဝိုင်းအုပ်စုကြားမှာ မပြုပြင်ရဲ၊ ပြောင်းမခေါ်ရဲ၊ အားလုံးရဲ့ အကြိုက်လိုက်ပြီး ဆက်ခေါ်နေရရှာသူတွေလည်း တွေ့ရပါတယ်။ သူတို့ဟာ ဘယ်လိုမှရုန်းကန်လှုပ်ရှားလို့မရရှာကြပါဘူး။

တစ်ခါများ -

နယ်မြို့လေးတစ်မြို့ကို ရောက်သွားတော့ မိတ်ဆွေတော်တော်များများ လာနှုတ်ဆက်ကြပါတယ်။ အဲဒီလိုနှုတ်ဆက်ကြသူတွေထဲမှာ အင်မတန်မှအေးချမ်းတည်ငြိမ်ပုံရတဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားပြောဖြစ်ပါတယ်။ သူဟာ အင်မတန်ဆိုးလွန်းတဲ့ သားတစ်ယောက်ရဲ့မိခင်ဖြစ်ကြောင်း၊ ဒီကလေးဟာ သူများကတစ်ခုခုလုပ်ထားတဲ့အတွက် မိဘတွေကို မိဘမှန်းမသိဘဲ အတော့်ကို ဆိုးလွန်းနေတယ်ဆိုတဲ့ အကြောင်းပြောပါတယ်။

ပယောဂမကုတတ်တဲ့သူဆိုတော့ သူများတစ်ခုခုလုပ်ထားတဲ့လမ်းကြောင်းကို မတွေးဟော့ပါဘူး။ အများကြီးကြုံတွေ့ခဲ့ဖူးတဲ့၊ ကြုံတွေ့နေရဆဲဖြစ်တဲ့ အတွေ့အကြုံတွေနဲ့ စဉ်းစားလိုက်ပြီး ကလေးနာမည်ကို မေးလိုက်ပါတယ်။

ကလေးနာမည်က ရန့်လင်းကျော်

ဒါနဲ့ အဖေ၊ အမေနာမည်ကော ကပျာကယာမေးလိုက်တော့ -

ထင်ထားတဲ့အတိုင်းပါပဲ။

အဖေက ကိုစိန်ကျော်၊ အမေက တင်တင်လင်း။

သွားပြီပေါ့ ဒီကလေး။

သူ့အမေကို ကျော်သလိုဖြစ်နေပြီး သူ့အဖေကိုကျတော့ ဇောက်ထိုးသွားပါပြီ။

ပြီးတော့ သူ့အမေ တင်တင်ထင်က အတွက် 'အပြင်အာယုကပ်' ဇောက်ထိုးကြီးဖြစ်နေပြန်ပါတယ်။

ဒါ အဖေနာမည်ပိတ်မှည့်ခံခဲ့ရတွေရဲ့လမ်းကြောင်းပေါ်က အဖြစ်အပျက်တွေပါ။

ကျွန်တော့်နာမည်ပိတ်မှည့်ခံခဲ့ရတဲ့ကျွန်တော့်နာမည်လို့ပြောကြည့်ပါဘူးလား -

ကျွန်တော်က ကျွန်တော့်နာမည်ကို နောက်ကထည့်ချင်တာ -

သူ့အဖေနာမည်လေးပါလို့မေးကြည့်ပါလား -

သူ့အဖေနာမည်ပါအောင်မှည့်ခဲ့ပါ -

ဆိုတဲ့သူတွေကြားမှာ ဒီလိုပြဿနာလေးတွေ မမျှော်လင့်ဘဲဝင်လာတတ်ရှိပါတယ်။

ခု ရန့်လင်းကျော်လေးကိုပဲကြည့်ပါ၊ ဖအေနာမည် 'ကျော်'ကို ရအောင်ယူခဲ့ကြတယ်။

သူ့အဖေ အင်္ဂါနှစ်ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးချမ်းသာမင်္ဂလာကို ပွားစီးစေတာက အမြစ်၊ အညွှန့်အမှုန့်။

တနလ်ာစ၊ ဗုဒ္ဓဟူးပိတ်မှည့်တဲ့ညတ်။

ဒါဖြင့် 'ခရေ'။

ခုမှည့်လိုက်တာက ဗုဒ္ဓဟူးစနလ်ာပိတ်မှည့်ထားတဲ့ပညတ် ခရေဟုတ်တော့ဘူး။ ရှောက်ချိုဖြစ်သွားရ



(အမှုန်)



(အမှား)

ဒီကလေးလေးခမျာ အလိုလိုနေနဲ့ အကြောင်းတရားပေါင်းများစွာတို့ရဲ့ အားသတ္တိထိုးနှက်ချက်တွေကြောင့် ဆုံးလေးဖြစ်သွားရရှာတယ်။

ဒါနဲ့ပဲ အကျိုးသင့်အကြောင်းသင့်ကို ရှင်းပြပြီး နာမည်ကိုပြင်ခိုင်းလိုက်တာ။

အမျိုးသားရဲ့ အဖေကိုယ်တိုင် ချက်ပြီးပေးထားခဲ့တာမို့ ပြောင်းသွယ်လိမ့်မဖြစ်ပါဘူးတဲ့။ ကျန်တဲ့သူတို့တော်တွေ၊ ဦးလေးတွေကလည်း ဆိုတူကို အူတုံ့၊ အသည်းတုံ့ ချစ်မှချစ်ခေါ်တာတောင် ကျော်ငယ်လေးပြောင်းမှာမဟုတ်ဘူးတဲ့။

သူကိုကောင်းအောင်ပဲလုပ်ပေးပါ

ခက်တာက တန်ခိုးရှင်မဟုတ်လည်း ခက်တာပဲ။

အဲဒီမှာတင် သူတို့စကားကထပ်သွားတယ်။ လုပ်တာလည်းစုံနေပြီတဲ့။ ကြာတွေလည်းများလှပြီတဲ့။ ဘာမှလဲ ထူးမလာဘူးတဲ့။

သိလိုက်ပါတယ်။

ဒီကလေးမလေးတွေခမျာ သူတို့သားလေးကိုကောင်းစေချင်လွန်းလို့ ဘာတွေပဲ လုပ်နေလုပ်နေ ရေမချိုးဘဲ သနပ်ခါးလိမ်းသလိုပဲဖြစ်နေတော့မပေါ့။

အကြောင်းကိုသိမှ အကျိုးကိုသိမှာပေါ့။

ဒါကြောင့်ဘာမှပြောမနေတော့ဘဲ နှုတ်ဆိတ်စွာနဲ့ပြုံးနေခဲ့ရတာတွေလည်း ရှိပါတယ်။

ဖြစ်နိုင်ရင်တော့ ကလေးလေးတွေကို ဒီလိုမဖြစ်စေချင်ပါဘူး။ လူချွန်လူကောင်းလေးတွေ၊ ပညာတတ်လေးတွေဖြစ်အောင်ပဲ ကြိုးစားပေးကြစေချင်ပါတယ်။ ငါ့ခွေးကဏ္ဍထားပြီးတော့ပေါ့။ ဒါငါမှည့်တာ၊ ဒါဘယ်လိုပုဂ္ဂိုလ်ဆီမှာ သွားပေးထားတာဆိုတာတွေကိုပေါ့။

အေးအေးဆေးဆေး ချင့်ချိန်ခြိန်နဲ့ စဉ်းစားပေးစေချင်ပါတယ်။

တွေ့လား၊ ငါ့ကလေးဟာ အတန်းထဲမှာ ထိပ်တန်းကပါတယ်။ စာဘယ်လောက်တော်လဲ -

ငါ့ကလေးဟာ ဘယ်လောက်လိမ္မာယဉ်ကျေးလဲကြည့်စမ်း -

ငါ့ကလေးဟာ ဘာသာတရားကိုင်းရှိုင်းရှိသေလိုက်တာကြည့်စမ်း -

ငါ့ကလေးလေးဟာ အကျင့်စာရိတ္တပိုင်းမှာပြောစရာကိုမရှိဘူးကြည့်စမ်း -

ဆိုတဲ့ ဂုဏ်ယူပုံမျိုးပဲ ဖြစ်သင့်ပါတယ်။

တလွဲမာနတွေမထားသင့်ပါဘူး။

ဒါကြောင့် -

ကိုယ့်ကလေးလေးကို ကိုယ့်နာမည်ပါအောင် မှည့်ချင်ပြီဆိုတာနဲ့ အရင်ဆုံးစဉ်းစားပေးလိုက်ပါ။ ကလေးအတွက်အချိန်ပေးပါ။

ဆိုပါစို့ -

နမူနာနာမည်တွေနဲ့ပြဆိုရရင် -

ဖအေက ကျော်မိုး၊ သားက ကျော်မိုးအောင် -

ဖအေက ဝင်းမြင့်၊ သားက မြင့်အောင်၊ မြင့်ဦး၊ မြင့်ကျော် -

ဖအေက ထွန်းဆက်၊ သားက ထွန်းအောင်၊ ထွန်းကျော် -

ဖအေက စိုးမြင့်၊ သားက မြင့်မိုး။

ဖအေက ထက်အောင်၊ သားက အောင်ကျော်၊ အောင်မိုး -

ဆိုတာမျိုးတွေဖြစ်နေပြီဆိုရင်တော့ ကလေးလေးတွေအတွက် နည်းနည်း စဉ်းစားပေးလိုက်ပါ။

မဖြစ်သင့်တာတွေမဖြစ်စေဘဲဖြစ်သင့်တာလေးတွေဖြစ်လာအောင်ကြိုးစားပေးလိုက်ပါ။

ဒါဟာ -

ငယ်စဉ်တောင်ကျေးကလေးဘဝကထဲက အကောင်းဆုံး မြှောက်စားခြင်းပါပဲ။ ကိုယ့်ကလေးရဲ့အရည်အချင်းဟာ ကိုယ့်ထက်မြင့်နေသင့်ပါတယ်။ အစစအရာရာကိုယ့်ထက်သာနေသင့်ပါတယ်။ ကိုယ်တောင် ကိုယ့်သားသမီးလောက် ပညာမတတ်ပါလားဆိုရလောက်အောင် ပညာကအစ ကိုယ့်ထက်သာနေသင့်ပါတယ်။ ကိုယ့်ကလေးဟာ ကိုယ့်ထက်ချမ်းသာသင့်ပါတယ်။ ကိုယ့်ထက်ပိုပြီး အရှိန်အဝါကြီးသင့်ပါတယ်။

အဲဒီအတွက် -

ကိုယ့်ကလေးကိုကိုယ်မြှောက်စားတတ်ဖို့လိုပါတယ်။

ငယ်စဉ်တောင်ကျေးကလေးဘဝက ကိုယ်က သူလက်လေးကိုဆွဲပြီး ငုံကြည့်လာရတဲ့ကလေးဟာ ကိုယ်ကပြန်ပြီးမှော်ကြည့်ရတဲ့ကလေးဖြစ်ဖို့ အရေးကြီးပါတယ်။

အဲဒီအတွက် ကလေးထိခိုက်သွားနိုင်တာမှန်သမျှ ရှောင်ရှားသင့်ပါတယ်။

မြင့်အောင်မြင့်တယ်ဆိုတာ -

ပြုတ်တတ်ဖို့တော့လိုပါလိမ့်မယ်။

ကိုယ်မြင့်လိုက်တဲ့ မြင့်ခြင်းဟာ ကလေးကိုနှိမ်လိုက်သလိုဖြစ်မသွားမိဖို့တော့လိုပါတယ်။ ကျဉ်ဖြစ်လာမယ့် ကလေးဟာ အနိဋ္ဌနဲ့နိဂုံးမချုပ်သင့်ပါဘူး။

အဲဒီလို မိဘကိုကျော်တဲ့လွားတဲ့ ဖြစ်သွားစေနိုင်တဲ့ နာမည်မျိုးတွေ အကြောင်းဖွင့်ဆိုရရင် -

အဲဒီနာမည်မျိုးတွေကြောင့်ထိခိုက်နာကျင်ရတဲ့ ကလေးတွေအကြောင်းဖွင့်ဆိုရရင် ဖြစ်နေတာချည်းပဲ။ ဗဟုသုတရပြီး စိတ်ချမ်းသာမှာမဟုတ်ပါဘူး။

ဒါကြောင့် မိုးပြီလား၊ ကျော်ပြီလား၊ အောင်ပြီလား၊ ဒါဆိုဘယ်လိုပြုပြင်ပေးမလဲဆိုတာမျိုးပဲ ဗဟုသုတပေးချင်ပါတယ်။ စိတ်ညစ်စရာတွေချည်းမတွေးတော့ဘဲနဲ့ စိတ်ဘယ်လိုချမ်းသာအောင် စဉ်းစားပေးရမယ်ဆိုတာကိုပဲ ဝိုင်းပြီးတွေးပေးချင်ပါတယ်။

ဒီလိုတွေးပေးလိုက်ရင်း -

ထပ်ပြီးသတိပေးချင်တာလေးတွေနဲ့ နာမည်မြင်ကွင်းထဲကို ကြည့်လိုက်ရင်

အခါ -

ဘာမှမဟုတ်တာလေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ပါရော။

ဘယ်လိုဘာမှမဟုတ်တာတွေလဲ ဆိုတော့ -

ဘာမှန်းညာမှန်းမသိတဲ့နာမည်မျိုးတွေပါပဲ။

အဓိပ္ပာယ်ဘယ်လိုမှန်းကိုစဉ်းစားမရတဲ့နာမည်မျိုးတွေပါ။

တစ်နေရာမှာ တွေ့ပါတယ် သွင်ဇူဝေ။

တကယ်ကိုညံ့တာပါ။

အဓိပ္ပာယ်ဘယ်လိုမှမဖော်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် သူဟာ အရွယ်လေးရောက်ခါစမှာ ယောကျ်ားနောက်လိုက်ပြေးသွားတာတော့ တွေ့ခဲ့ရပါတယ်။ ပညာတစ်ပိုင်းတစ်စကြီးနဲ့ နှမြောဖို့အတော်ကောင်းပါတယ်။ သူရုပ်သွင်ဟာ တကယ့်ကိုပညာတတ်ရုပ်သွင်လေးပါ။

သူလိုပဲ တစ်ယောက်တွေ့ပါသေးတယ်။

ဇူးကစ် ဆိုတဲ့ ကလေးပါ။ သူကတော့ ပညာတတ်လေးပါ။ ဒါပေမယ့် ရှစ်တန်းတောင်မအောင်တဲ့ ကလေးရဲ့ကြီးကိုင်မှုလောင်းရိပ်အောက်က ရှန်းမထွက်နိုင်တာတွေ့ခဲ့ရပါတယ်။ သူမိဘတွေကနည်းမျိုးစုံနဲ့ခွဲကြပေမယ့် မျက်ရည်ခံထိုးပြီးတောင်းပန်တဲ့ မအေကိုတောင် လှည့်မကြည့်တော့တဲ့ကလေးပါ။တကယ်ရင်နာဖို့ကောင်းပါ့တယ်။

တော်တော်များများတွေ့နေရသလိုကြားလည်းကြားနေရပါတယ်။

ဘာမှန်းညာမှန်းမသိရတဲ့ နာမည်မျိုးတွေပါ။

ဘာအဓိပ္ပာယ်မှမရှိတဲ့၊ ထူးဆန်းတဲ့ စကားလုံးတွေကို တမင်တကာယူပြီး နာမည်ပြုလုပ်ထားသူတွေပါ။

နာမည်ဟာ အဓိပ္ပာယ်ရှိရပါတယ်။

ဒါမှသာ ထိုက်တန်တဲ့အောင်မြင်မှုတွေနဲ့ပြည့်လာတာပါ။

ဆိုကြပါစို့ -

ပြည့်ကျော်အောင်။ သူ့အဓိပ္ပာယ်ကောင်းပါတယ်။ နာမည်အဓိပ္ပာယ်ကို က ပြည့်စုံခြင်း၊ ကျော်ကြားခြင်း၊ အောင်မြင်ခြင်းဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ပြည့်နှက်နေပါတယ်။ ကြီးစားနေရမယ်။ နိုးကြားတက်ကြွနေရမယ်။

မြင့်ထူး။ မြင့်မြတ်ခြင်း၊ ထူးခြားခြင်းတွေနဲ့ပြည့်စုံနေတဲ့နာမည်ပါ။

ထူးမြတ်အောင်။ ပြောစရာကိုမလိုလောက်အောင် အဓိပ္ပာယ်ကောင်းလွန်းတဲ့နာမည်တွေပါ။

ဒီနာမည်ရှင်တွေဟာ ကြီးစားရင်ကြိုးစားသလောက်ထိုးတက်သွားကြသူတွေများပါတယ်။

ဒါကြောင့် နာမည်တွေမှာ ကောင်းမြတ်တဲ့အဓိပ္ပာယ်တွေနဲ့ပြည့်နှက်နေသင့်ပါတယ်။

ဒါဟာ လူတစ်ယောက်ရဲ့ ဘဝ အတွက် တွန်းအားတစ်ခုပါ။ နာမည် အရှိန်နာမည်ဟိတ်က တော်တော်ပြေးပါတယ်။အဲဒီလိုအရှိန်တွေကြောင့်လည်း နာမည်ပညာဆိုတာရှိနေတာပါ။

ဒါတွေဟာ ရှေးပညာတွေပါ။ ခုမှ ထွင်လို့ရတဲ့ပညာတွေမဟုတ်ပါဘူး။

ဗျူပွတ်ဆိုတာရှိပြီးသားပါ။

အတော့်ကိုအရေးကြီးပါတယ်။

လက်မခံဘူးတို့၊ မယုံဘူးတို့ဆိုပြီး ပြောကြသူတွေလည်းတွေ့ဖူးခဲ့ပါတယ်။ နာမည်ဟာ အဓိကမကျပါဘူးဆိုတဲ့သူတွေနဲ့ စကားလက်ဆုံကျခဲ့ပါတယ်။

ဟုတ်ပါတယ်၊ ဘာမဆို လူပေါ်မူတည်ပါတယ်။

လူကောင်းမှကောင်းတာပါ။

လူစွမ်းမှစွမ်းတာပါ။

နာမည်က အဲဒီ ကောင်းခြင်း၊ ဆိုးခြင်းတွေကို တစ်ထောင့်တစ်နေရာကနေ တွန်းပေးတဲ့တွန်းအားတစ်ခုလို့ အင်အားရှိပါတယ်။

သူ့နေရာနဲ့သူစွမ်းအားရှိပါတယ်။

နာမည်ကြောင့်ပြောင်းလဲ၊အောင်မြင်ခဲ့ကြသူတွေ ဒုနဲ့ဒေးပါ။

မူလနာမည်ရင်းနဲ့မအောင်မြင်ဘဲ အားပါတဲ့နောက်နာမည်ကို မှည့်ပြီးမှ အောင်မြင်ထင်ရှားကျော်ကြားလာကြသူတွေ အများကြီးပါ။

လက်မခံချင်သူကို ပြောခဲ့ဖူးပါတယ်။

မင်းကလေးရဲ့ နာမည်လေးကို 'အောက်ဆုံး' လို့ ပြောင်းလိုက်ပါလား။ ဒါမှမဟုတ် 'ဘိတ်ချီး' လို့ ခေါ်ပါလား။ မောင်အောက်ဆုံး၊ မောင်ဘိတ်ချီးပေါ့ ကွာဆိုတော့ ဟာမလုပ်ပါနဲ့ဗျာတဲ့။ ဘာဖြစ်လို့လဲကွဆိုတော့ ဟင် - နာမည်ကြီးတွေကိုလည်းကြည့်ပါဦးတဲ့။

အေး - မယုံရင်မှည့်ကြည့်လိုက်၊ စမ်းကြည့်လိုက်၊ မင်းမှာ လုပ်ပိုင်ခွင့်ရှိတာပဲ။ မင်းဟာသူအဖေပဲ။ လုပ်လို့ရတယ်လေကွာလို့ ပြောလိုက်တော့ မယုံကြည်တာတို့၊ မဖြစ်နိုင်တာတို့ဆိုတာ နောက်ပိုင်း လုံးဝမဟုတော့ပါဘူး။

ရှေးပညာရှိကြီးတွေက သူယုံအောင်ထားခဲ့တဲ့ပညာမှမဟုတ်ဘဲ၊

သူယုံတာ၊ မယုံတာကို စာဖွဲ့ မလိုဘူးလေ။

ဒီလိုပညာတွေရှိထားတယ်ဆို ကို နောင်လာနောက်သားတွေအတွ ထားခဲ့တဲ့ပညာရှင်ကြီးတွေဟာ တ ကျေးဇူးရှင်ကြီးတွေပါ။ ဒီလိုထား ပညာကြီးတွေကို ပြန်ရေးသားဖွင့် တဲ့ ပညာရှင်ကြီးတွေဆိုရင်လ တကယ့်ကျေးဇူးရှင်တွေပါပဲ။

ဒါကြောင့် -

ရှင်းပါတယ်၊ မယုံရင်မှည့်ကြ မောင်သုသာန်၊ မယ်သချိုင်း ရ ကိုယ့်သဘောပဲလေ။ ဘယ်လိုမှည့် ရတာပဲ။ ဘယ်သူကကိုယ့်ကိုလာ မှာမို့လို့လဲ။

ဒီလိုပြောရင်းနဲ့ လူတစ်ယော အကြောင်းကို သတိရလို့ -

သူဟာ အောင်မြင်တဲ့ စီးပွာ လုပ်ငန်းရှင်ကြီးတစ်ယောက်ပါ။ တွေလေး၊ ငါးစီးဝယ်ထားပြီး လုပ် ကြီးတွေမှာသွင်းထားရုံမက အိ လည်း ပလတ်စတစ်လုပ်ငန်းပါရှိတဲ့ သူဟာ အောင်လည်းအောင်မြင် ရော နောက်လုပ်ငန်းချဲ့ဖို့ရောက်ယာ ကနေခင်သွားခဲ့သူပါ။ သူချမ်းသာ က သူဟာသူကြိုးစားခဲ့တာပါ။

အရမ်းချမ်းသာမှဆုံးဖြစ်ပါတ

သူက စနေနာမည်ရှင်ပါ။ နော လုပ်ငန်းဟာ အရေးကြီးလို့ အဲဒီလုပ် မှာ သူလုပ်အဖြစ်ထားမယ့်သူနာမည် အောင်ကိုသက်ဖြစ်နေပါတယ်။

သူ့ကားကိုမောင်းဖို့ နောက် ခန့်လိုက်သူက အေးသူဖြစ်ပါတယ်။

ဒါနဲ့ ဟာ - သွားမလုပ်နဲ့။ သူ တွေဟာ ခင်ဗျားအတွက် ဘယ် အကျိုးမပြုနိုင်ဘူး။ ခင်ဗျားတို့ဇော ဇောက်ထိုးဖြစ်သွားစေမယ့်နာမည် နော်လို့သတိပေးလိုက်ပါတယ်။

ဒါပေမယ့် -

သူ့အတွက် အင်အားအကြီ ပုဂ္ဂိုလ်ရဲ့အမိန့်ကပါလာပြီးသားဖြစ် ပါပြီ။

ကျွန်တော့်မိန်းမက အော သက်ကိုပဲ ခန့်ရမယ်တဲ့ဗျာ။ သူ အင်မတန် သစ္စာရှိတယ်၊ ရိုးသား တဲ့။

ကိုင်း - ဘာပြောလို့ရတော့ ထပ်ပြောလိုက်တယ်။ အလုပ်ထုတ်ခိုင်းတာမဟုတ်ပါဘူး။ အဓိကကျတဲ့ နေရာတွေ

www.burmeseclassic.com

www.burmeseclassic.com

ထားဖို့ပါ။ ထားချင်ရင်လည်း လူတစ်ယောက်ကြားခံခန့်ပြီးမှ သူ့ကိုထားပါဆိုတော့ သူကပဲကျွမ်းကျင်တာ၊ သူကတကယ့်လူယုံတဲ့။

ဘယ်လိုမှပြောလို့မရဘူး။

ဒါနဲ့ပဲခန့်ဖြစ်သွားပါတယ်။

ကုန်တာပါပဲတရိပ်ရိပ်။ဟိုကလေးတ ဖြုန်းတီးတာ၊ ဒုက္ခပေးတာမဟုတ်ပါဘူး။ အဲဒီကလေးလည်း ကြိုးစားပေးရှာပါတယ်။ တကယ်လည်း သစ္စာရှိပါတယ်။

တဖြည်းဖြည်းကုန်သွားရတာက တနှစ်နွေ၊ သောကြာပိတ်မှည့်ထားတဲ့ ညတ်အားကြောင့်ပါပဲ။

၄
၁ အောင်
၅
၀
၉ သက်
၂

စနေနာမည်ရှင်

ဒါ - ပညာပါပဲ။

ပညာကမျက်နှာမလိုက်ပါဘူး။

ဒီနံနဲ့ဒီနံတွဲရင် ဒီလိုထိလိမ့်မယ်ဆိုလို့ကတော့ ထိမှာပါပဲ။

နောက်လုပ်ငန်းဖြစ်တဲ့ ဆေးဆိုးခန်းရှိက်လုပ်ငန်းတွေ တဖြည်းဖြည်းအဆုံးပေါ်သွားရုံမကဘဲ ကားတွေပါ တစ်စီးပြီးတစ်စီးထိုက်နဲ့ပါတော့တယ်။

ပြောရမယ်ဆိုရင်တော့ လုပ်ငန်းပိုင်ရှင်ရဲ့ ဘုန်းတွေက်တွေနိမ့်သွားတဲ့သဘောပါပဲ။

လုပ်ငန်းတွေ အဆင်မပြေဖြစ်ပြီး လေတစ်တစ်လုပ်ငန်းတွေပါရပ်သွားပါတယ်။ ကားကသုံးစီးလောက်ပြုတ်သွားပါတယ်။ အခုဆို ကားလေးနှစ်စီးနဲ့ ဘဝကို အနိုင်နိုင်ရပ်နေရပါပြီ။ ဒါဟာ လူတစ်ယောက်ကို သစ်ပင်တစ်ပင် အမြစ်ဆွဲနုတ်ပြီး ဇောက်ထိုးဖြစ်အောင်လုပ်ညှိုက်တာနဲ့ အလားသဏ္ဌာန်တူတဲ့ 'အမြစ်၊ အညွှန့်ဇောက်ထိုး' ကိန်းမိသွားတာပါပဲ။

သူလည်း ကြိုးစားပါတယ်။ ကြိုးစားလို့မြည့်စုံလာတာပဲလေ။

သူခန့်တဲ့ကလေးလည်း ကြိုးစားသူပါ။

ဒါပေမယ့် ခုနပြောသလို အတန်အဆင့်နားလည်တဲ့သူက အကြံပေးရင် မလိုလားအပ်တဲ့ ပါဝါကြီးတွေခုခံပြီး ကြိတ်မှိတ်လုပ်လည်စင်းခံဖို့တော့မသင့်ပါဘူး။

ကုန်တော့သူကုန်တာပါ။ ဘယ်သူမှလာမခံပါဘူး။

ထိတော့သူထိတာပါ။

ဒါဟာ စီးပွားကျအောင် ပညာနဲ့တိုက်တာတို့ -

မလိုသူတွေက အောက်လမ်းနဲ့ လုပ်တာတို့ဆိုတာတွေနဲ့ ဘာမှမပတ်သက်ပါဘူး။

ကိုယ်တိုင်မဆင်ခြင်လို့ကိုယ်တိုင် ကုန်တာပါ။

ပညာကမျက်နှာမလိုက်ပါဘူး။

ဒီလိုလုပ်ငန်းရှင်တွေ အဲဒီလိုကုန်သွားတာ အများကြီးတွေ့ခဲ့ဖူးပါတယ်။ ခုလည်းတွေ့နေပါတယ်။

ကုန်သွားတဲ့ လုပ်ငန်းရှင်တွေကို လေ့လာလိုက်ရင် -

သူတို့ထားတဲ့ အဓိကပုဂ္ဂိုလ်တွေဟာ သူတို့အတွက် ကျွမ်းထိုးမှောက်ခုံဖြစ်သွားစေတဲ့ နာမည်ဇောက်ထိုးတွေများပါတယ်။ တချို့ဆို စောလှ၊ လှေဆန်မိပြီး လူပါဒုက္ခရောက်သွားတာတွေတွေ့ဖူးပါတယ်။

အတော်လေးညစ်ညစ်နွမ်းနွမ်းနေတတ်ပြီး ဘုန်းမရှိကံမရှိသလိုဖြစ်နေတဲ့သူကို သူ့ရဲ့လုယုံထားလိုက်ရတာ သူလုပ်ငန်းတွေပါ ထိုးဆင်းသွားသူလည်းတွေ့ဖူးပါတယ်။

ဟိုက နဂိုကထဲက လာဘ်မရှိဘုန်းမရှိကံမရှိဖြစ်နေတဲ့လူ။ ဒီလိုလူမျိုးကို အောင်မြင်နေတဲ့လုပ်ငန်းမှာ အကြံပေးလူယုံ အနီးကပ်ထားလိုက်တော့ တဖြည်းဖြည်း လာဘ်ပိတ်ပြီးကုန်သွားတာတွေလည်း တွေ့ဖူးပါတယ်။ နာလန်မထူကြတော့ပါဘူး။

အရှိန်ဆိုတာ ဟပ်တတ်တဲ့သဘော။

အပူဆိုတာကူးတတ်တဲ့သဘောရှိပါတယ်။

မယုံဘူး၊ မယုံဘူး ဆိုတာ နေရာတကာတိုင်း မကောင်းပါဘူး။ လူကိုထိခိုက်အောင်၊ စီးပွားတွေထိခိုက်အောင်၊ မယုံတာမျိုးတော့မဖြစ်စေနဲ့ပေါ့။ ကိုယ့်ကိုယ်ကိုယ်တော့ ဒုက္ခရောက်ခံပြီး မယုံဘူးလုပ်မနေနဲ့ပေါ့။

တစ်ယောက်ရဲ့ အတွေ့အကြုံဆိုတာ တစ်ယောက်မှာရှိချင်မှရှိမယ်လေ။ သူလျှောက်ထားတဲ့လမ်းကို ကိုယ်ကရောက်ဖူးချင်မှရောက်ဖူးမှာ။ သူဘယ်လိုလျှောက်ခဲ့လဲကိုယ်မှမသိရတာ။ အတွေ့အကြုံဆိုတာမတူနိုင်ဘူးလေ။

ပန်းပဲဆရာဟာ သူနေရာနဲ့သူ ပညာရှင်ဖြစ်ပြီး ဓားကောင်းကိုဖန်တီးနိုင်သလို -

ပန်းထိမ်ဆရာကလည်း သူနေရာနဲ့သူ အဖိုးတန်ရတနာတွေ ဖန်တီးနိုင်တာပါပဲ။

ဒီလိုပါပဲ စုတ်ချက်နိုင်တဲ့ ပန်းချီဆရာကလည်း သူနေရာနဲ့သူ တန်ဖိုးမဖြတ်နိုင်တဲ့ ဂန္ဓဝင်ပန်းချီကားကြီးတွေကို ဖန်တီးနိုင်တာပါပဲ။

တန်ဖိုးဆိုတာ သူနေရာနဲ့သူရှိကြပါတယ်။

ဒါက နမူနာပြလိုက်တာပါ။

ဟိုမယုံဘူးတို့ဒီမယုံဘူးတို့လုပ်ပြီး ကိုယ့်ကလေးကိုဒုက္ခရောက်တဲ့ထိတော့ မစဉ်းစားစေ့ချင်ပါဘူး။

မိဘကိုကျော်နေပြီ၊ လွန်းနေပြီ၊ မိုးနေပြီဆိုရင် -

ဘာအဓိပ္ပာယ်မှန်းမသိတဲ့နာမည်မျိုးမည့်ထားမိပြီဆိုရင် စဉ်းစားဖို့ပါ။

မယုံဘူးတို့ဘာတို့လုပ်နေရအောင် စိတ်ကူးယဉ်ဖို့လည်း မဟုတ်ပါဘူး။ ဥဖွဖွလည်းမဟုတ်ပါဘူး။ သူကိန်းတွေနဲ့သူ၊ သူပညတ်တွေနဲ့သူရှိပြီးသားပါ။

အရေးကြီးတာက -

စဉ်းစားဖို့ပါပဲ။

ဒါ ကောင်း၏၊ မကောင်း၏၊ သင့်၏၊ မသင့်၏ စဉ်းစားဖို့ပါ။ သင့်ရင်ပို့ကောင်းအောင် ဘယ်လိုမြှင့်တင်ပေးမလဲ။ ကောင်းရင် ဒီထက်ပိုပြီး ကောင်းအောင်ဘယ်လိုမြှင့်ရမလဲ။ အဓိပ္ပာယ်မကောင်းရင် ကောင်းအောင် ဘယ်လိုလုပ်ရမလဲ ဒါလေးပါ။ ဒါလေးတွေးလိုက်ပြီဆိုတာနဲ့ မိဘတွေကို ကျော်တဲ့လွှားတဲ့ မိုးတဲ့နာမည်တွေကို သဘောပေါက်သွားလောက်ပါပြီ။ လက်ရှိကိုယ်မှည့်ပေးထားတဲ့နာမည်နဲ့ ကိုယ့်ကလေး ဘယ်လိုနေလဲ အရင်ဆုံးလေ့လာရပါလိမ့်မယ်။

ပြန်ခဲပြော၊ ပြန်ခဲအော်တော့မှ -
ပြန်လည်းပြော၊ နားလည်းမထောင်ဖြစ်မှ -
ပြန်မပြောနားမထောင်ဖြစ်မှ -
ဘယ်လိုလုပ်ရမှန်းမသိတော့ဘူးဆိုရင် . . .

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးခြေစေသား)

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်အတွင်းမှ

စမ္ဘာနဝအင်းများ

ဦးဇင်းဇောနာဇေရာဇေယျာသင်း
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)

မြန်မာ့ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်တွင် ပညာရပ်အမျိုးအစားအမျိုးမျိုးရှိကြရာ အင်းစမအတတ်ပညာသည် သူ့ချည်းသက်သက် ရပ်တည်နေသော အထင်ကရပညာရပ်ဖြစ်သည်သာမက အခြားသောပညာရပ်အမျိုးမျိုးတို့အတွက်လည်း မရှိမဖြစ်လိုအပ်သော အတတ်ပညာတစ်ခု ဖြစ်ပေသည်။ အကြောင်တစ်ဦးတစ်ယောက်သည် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာအတတ်တို့ကို လေ့လာလိုက်စားခြင်း၊ ပေါက်မြောက်သည်အထိ ကျင့်ကြံပွားများအားထုတ်ခြင်းပြုမည်ဆိုပါက ထိုသူသည် အင်းစမပညာရပ်အတတ်ပညာကို တစ်စုံတစ်ခုသော အတိုင်းအတာတစ်ခုအထိ တတ်မြောက်ထားရန် မလွဲမသွေ လိုအပ်လှပေမည်။ အကြောင်းဆိုသော် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်အများစုတို့သည် အင်းစမပညာရပ်နှင့်မကင်းနိုင်ကြသောကြောင့် ဖြစ်ပေသည်။ ဥပမာဆိုသော် ဂါထာမန္တန်ဝိဇ္ဇာလမ်းနှင့် ဝိဇ္ဇာမယဆေးအတတ်ပညာတို့တွင် အင်းစမတို့ကို မလွဲမသွေ ထည့်သွင်း အသုံးပြုစီရင်အားထုတ်ကြရသောကြောင့်ဖြစ်ပေသည်။

ထိုအထက်ပါပညာရပ် (၂) မျိုးအနက်မှ ဝိဇ္ဇာမယဆေးအတတ်ပညာဖြင့် ဆေးဝိဇ္ဇာဓိရဲအဖြစ် သိဒ္ဓိပြီးမြောက်ထွက်ရပ်ပေါက်လိုသောသူတို့သည် ပြီးမြောက်အောင်မြင်စေတတ်သော ဆေးအမျိုးမျိုးအဖုံဖုံ ရေတွက်၍မကုန်ခန်းနိုင်လောက် များလှစွာသောဆေးများဖြင့် စီရင်အားထုတ်ကြရသည်။ ထိုသို့များပြားလှသော ဆေးအမျိုးမျိုး၊ ဆေးအမယ်ပစ္စည်းအမျိုးမျိုးတို့ကို အင်းကောင်း၊ ဂါထာကောင်းများ၏ အကူအညီဖြင့်သာ စွမ်းဆောင်ရရှိနိုင်သည်။ သာမန်နည်းမျှတို့နှင့် ရှာဖွေ၍ ပြည့်စုံစွာ ရရှိရန် မလွယ်လှပါဘေး။ ထို့ကြောင့် ဆေးဝိဇ္ဇာဓိရဲအဖြစ်ကို ရရှိပေါက်မြောက်လိုသောသူတို့သည် အင်းကောင်း၊ ဂါထာကောင်းများရှိရပါသည်။ သို့မှသာ အလိုရှိသော ဆေးပင်ပစ္စည်းများကို ရရှိနိုင်ပြီး ထိုအင်းကောင်းများဖြင့်စီရင်နိုင်မှသာ သိဒ္ဓိပြီးမြောက်ခရီးရောက်ပေလိမ့်မည်ဟု ဆရာစဉ်ဆက်ကျမ်းဂန်များ၌လည်း ထွက်ဆိုထားပေးသည်။ သို့ဖြစ်ရာ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာများအနက် မည်သည့်ပညာကိုပဲ အထူးပြုလိုက်စားသည်ဖြစ်စေ၊ အင်းစမအတတ်ပညာများအနက် မည်သည့်ပညာကိုပဲ အထူးပြုလိုက်စားသည်ဖြစ်စေ အင်းစမအတတ်ပညာကိုတော့ သတိထားရန် လိုအပ်လှပေသည်။ အင်းဝိဇ္ဇာဓိရဲ၊ စမဝိဇ္ဇာဓိရဲဖြစ်လိုသော သူတို့အတွက်ကား ဆိုဖွယ်ရာမရှိပါရဝူမြောက်သည်အထိ တတ်ကျွမ်းကျင်ရန် လိုအပ်လှပေတော့သည်။

မြန်မာ့အင်းစမအတတ်ပညာကို လေ့လာကြည့်သောအခါ သက်ဆိုင်ရာအင်းစမတို့၌ ထည့်သွင်း အသုံးပြုထားသော အင်းဆန်အမျိုးအစားကိုလိုက်၍ အင်းအမျိုးအစားအမျိုးမျိုး ခွဲခြားသိရှိနိုင်လေသည်။ ဥပမာ ဗျည်း၊ သရအက္ခရာသုံးအင်း၏ အမျိုးအစား၊ ဂါထာမန္တန်များသုံးထားသည့် အင်းအမျိုးအစား၊ ဂဏန်းနံပါတ်များကို အသုံးပြုစီရင်သည့် အင်းအမျိုးအစားများ ဟူ၍ အကြမ်းအားဖြင့် ဆိုရပေမည်။ (ဤမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးအစားများအကြောင်း အသေးစိတ်ရေးရသော် စာတစ်စောင်ပေတစ်ဖွဲ့ကျမ်းတစ်ကျမ်းမျှ ကျယ်ပြန့်လှသဖြင့် ဤမျှသာပြောပါရစေ။) တစ်ဖန် ဂဏန်းနံပါတ်အင်းများကိုလေ့လာကြည့်သောအခါ၌လည်း -

ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့နှင့် စပ်လျဉ်းသောအရာများကို ကိန်းဂဏန်းနံပါတ်များအဖြစ် ကောက်ယူရေးသွင်း စီရင်အပ်သော ဂဏန်းနံပါတ်အင်းများ - ဥပမာ အဘယဇာတအင်း၊ ဗောဓိပက္ခိယအင်းစသည်များ။

လောကီပညာလက်သွားများဖြင့် ရေးသွင်းစီရင်အပ်သော ကိန်းဂဏန်းနံပါတ်သုံးအင်းများ- ဥပမာ 'ပေတကင်းသင်း၊ ဝက်နင်းခွာလှံ၊ တံလှံမကော၊ နင်တကယ်လော' ဟူသော လှံကာအသွားအရ ကိန်းဂဏန်းနံပါတ်ကောက်ယူသွင်းရသော ပေတကင်းသင်းအင်း

ဗေဒင်ကိန်းခန်းအရ ထ
နံပါတ်များကို ကောက်ယူရေးသွင်း
ရသော ဗေဒင်ကိန်းသုံးဂဏန်းနံ
အင်းမျိုးများ ဥပမာ အောင်ပ၊ တ
ဆွေသား၊ တော်ရင်းဟူသော အပြ
လက်သွားအရ ၁၅၊ ၂၄၊ ၃၆၊ ဝ
ဟူသော ကိန်းဂဏန်းနံပါတ်မျ
ရေးသွင်းစီရင်ထားသည့်အပြင်မိတ်
များ။ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ ရ
သောရီ၊ ဂုရု၊ ဘောမ (၁၆၄
ဟူသော အင်္ဂဝိဇ္ဇာဂြိုဟ်သွားလ
အသုံးပြု ကောက်ယူ စီရင်အပ်
ဂဏန်းနံပါတ်အင်းများ စသည်
မြန်မာဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိဂဏန်း
အင်းအမျိုးအစားများစွာရှိရပါသ
(အသေးစိတ်သိလိုပါမူကား ဤရ
ဆရာဇေယျာလင်း၊ ထွဋ်ခေါင်ရေ
(ဝိဇ္ဇာမယသုတေသီ) တို့ ရေးအပ်
မြန်မာ့အင်းအမျိုးအစားများ၌
လေ့လာသည့် ဆောင်းပါးမ
ရှာဖွေဖတ်ရှုနိုင်ပါသည်။)

ထိုကဲ့သို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာ
အင်းစမပညာရပ်တွင် စီရင်အသုံးပြု
သော ဂဏန်းနံပါတ်အင်းအမျိုး
များ များစွာရှိသည့်အနက် ဤ
ဆောင်းပါးတွင် ရေးသား ဖော်
သော စမ္ဘာနဝင်းအင်းများမှာ
ကိန်းဂဏန်းနံပါတ်များသုံးထား
ဂဏန်းအင်းအမျိုးအစားတွင်
အဝင် ဖြစ်ပေသည်။ ဂန္ဓာရီဝိဇ္ဇာ
လောကီပညာများကို လေ့လာလိုက်
နေသူများ၊သုတေသီများ၊ဂန္ဓာရီဝိဇ္ဇာ
အင်းဝဇ္ဇာရှင်များအားလုံးနီးပါး
စမ္ဘာနဝင်း (အချို့က စမ္ဘာနဝအင်
လည်း ခေါ်ကြသည့်) အင်းများကို
ဖူးကြ၊ ရင်းနှီးကျွမ်းဝင်ကြသာသည်
ဂန္ဓာဂိဝိဇ္ဇာမယအင်းစမပညာကိုလေ့
လိုက်စားနေသူတစ်ဦးဖြစ်ပါလျှက်
စမ္ဘာနဝင်းအင်းအမျိုးအစားကိုမသိ
မကြားဘူးပါက ထိုသူကို အင်းဇ
ရှင်တစ်ဦးဟူ၍ အသိအမှတ်ပြု

www.burmeseclassic.com

www.burmeseclassic.com

လွန်စွာခဲယဉ်းပေလိမ့်မည်ဖြစ်ပေသည်။ အကြောင်းမူကား ဤစမ္ဘာနဝင်းအင်းများသည် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်တွင် အလွန်ပင် အသုံးကြွယ်၊ အသုံးကျယ်လှသော အင်းများဖြစ်နေသောကြောင့်ပင်။ ရှေးသမားဆရာစဉ်ဆက် အဆိုအမိန့်များဟူမူ ဤစမ္ဘာနဝင်းအင်းများကို ပါရဂူမြောက် ကျွမ်းကျင်နိုင်နင်းတတ်မြောက်က ထိုအင်းများဖြင့်ပင် သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်လျက် အင်းဝိဇ္ဇာဓိရိန်စင်စစ် ဧကန်ဖြစ်ပေလိမ့်မည်ဟု မှတ်သားခဲ့ရဖူးပေသည်။

အမှန်စင်စစ်၌လည်း ပထမဟံသာဝတီခေတ်၌ ထင်ရှားသောမင်းတစ်ပါးဖြစ်သည့် ဓမ္မစေတီမင်းကြီးသည် သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ရုံမျှမက ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များ၌လည်း လွန်စွာနှံစပ်ကျွမ်းကျင်လိမ္မာလှသော ဂန္ဓာရီဝိဇ္ဇာမယလောကီအတတ်ပညာရှင်တစ်ဦးဖြစ်ပေသည်။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်၌ အလွန်တတ်သိကျွမ်းကျင်လှပြီး ဓမ္မစေတီမင်းကြီးသည် စမ္ဘာနဝင်းအင်းများကို အထူးကျွမ်းကျင်နိုင်နင်းလှစွာသော စမ္ဘာနဝင်းအင်းပါရဂူဟုဆိုရလောက်သည့် အင်းအတတ်ပညာရှင်ကြီးတစ်ဦးလည်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်၌ ဓမ္မစေတီမင်းကြီးတို့ထွင်သုံးစွဲခဲ့သော 'ဓမ္မစေတီစမ္ဘာနဝင်းအင်းသိုက်' ဟူ၍ ထင်ရှားလှသော စမ္ဘာနဝင်းထောင့်ထွက်အင်းအမျိုးမျိုးပါဝင်နေသည့် အင်းအစုအစည်းတစ်ခုပေါ် ပေါက်ခဲ့ပေသည်။ ထိုအင်းအစုအဝေးအုပ်စုကိုဟူ၍ ခေါ်ဆိုသမုတ်ပြုခဲ့ကြပါသည်။ တစ်ဖန် ထိုဓမ္မစေတီမင်းကြီးသည် အဆိုပါ စမ္ဘာနဝင်းအင်းများကို ကစား၍ နောက်ဆုံး 'ဓမ္မစေတီခင်းခေါင်' ဟူသောအန္တိမအမည်သည်ခြင့် အင်းဝိဇ္ဇာမိုရ်ကြီးအဖြစ် သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်သွားခဲ့သည်ဟု ဆိုမိန့်ကြပါသည်။

(ဓမ္မစေတီမင်းကြီးနှင့် ဓမ္မစေတီခင်းသိုက်အကြောင်းကို ဤဆောင်းပါးနောက်ပိုင်း၌ ထပ်မံ၍ ရှင်းလင်းပြတိုးပြီးဦးမည်။)

ဤစမ္ဘာနဝင်းအင်းများသည် ယင်းအင်းများချည်းသက်သက် အင်းသွား၊ အင်းကွက်၊ အင်းဆန်အတက်၊ အကျအမျိုးမျိုး ကစားလျက် လိုအပ်သော အကျိုးတန်ခိုးသိဒ္ဓိများကို ရယူနိုင်သည်သာမက ဝိဇ္ဇာမယသိဒ္ဓိမှော်ဝင်ဆေးအမျိုးမျိုး ဖော်စပ်ရာတွင်လည်း ဆေးကျောက်ပျဉ်၊ ဆေးကြိတ်လုံးများ၌ ခံအင်း၊ ကြိတ်အင်းများအဖြစ် လည်းကောင်း အမျိုးမျိုးအဖုံဖုံ ဘက်စုံအသုံးဝင်လှသဖြင့် အသုံးကြွယ်၍ အသုံးကျယ်လှသောအင်းမျိုးများဖြစ်ကြကြောင်းဆိုရလေခြင်းဖြစ်ပါသည်။ ဤအကြောင်းအရာများကို နောက်၌ ထင်ရှားစွာတွေ့မြင်ကြရမည် ဖြစ်ပါသည်။

၁။ စမ္ဘာနဝင်းအင်းဆိုသည်မှာ

ဦးစွာ စမ္ဘာနဝင်းအင်း ဟူသည်မည်သို့သောအင်းမျိုးဖြစ်သည်ကို ဦးစွာဆွေးနွေး တင်ပြလိုပါသည်။ အထက်ဆောင်းပါးနိဒါန်းပိုင်းတစ်နေရာ၌ တင်ပြခဲ့ပြီး ဖြစ်သကဲ့သို့ စမ္ဘာနဝင်းအင်းများသည်လည်း လောကီပညာဂါထာလက်စာသွားအတိုင်း အသုံးချစီရင်ရသော ဂဏန်းနံပါတ်အင်းအမျိုးအစားဝင်အင်းများဖြစ်ပါသည်။ ဤအင်း၏ အင်းဆန်အင်းသွားလက်မှာ အောက်ပါတိုင်း ဖြစ်ပါသည်။

စမွာ (၂)၊ နဝင်း (၉)၊ ဇာလင်း (၄)၊ သတ္တ (၇)၊ ပဉ္စ (၅)၊ တြိ (၃)၊ ဆ (၆)၊ ဧက (၁)၊ အဋ္ဌ (၈) ဟူ၍ ဖြစ်ပါသည်။

လက်စာသားချည်းဆိုရသော -
စမ္ဘာနဝင်းဇာလင်းသတ္တပဉ္စတြိ
ဆဧကအဋ္ဌဟူ၍ ဖြစ်ပြီး -

အင်းလက်စာသားအရ နှေနံသင့်အင်းဆန်ဂဏန်းကောက်သော် -

၂ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၁၊ ၈ ဟူ၍ ဖြစ်သည်။

ဤနေရာ၌ ဤဂဏန်းနံပါတ်အင်းဖြစ်သည့် စမ္ဘာနဝင်းအင်းကို အဘယ်ကြောင့် စမ္ဘာနဝင်းဟု ခေါ်ပါသနည်းဟု မေးသည်ရှိသော် များသောအားဖြင့် ပြန်လည်ဖြေကြားကြသည်ကား အင်းဆန်လက်စာသွားအစပိုင်းဖြစ်သည့် စမ္ဘာနဝင်းကိုဟူ၍ အခေါ်ရလွယ်စေရန် အမည်ပညတ် သတ်မှတ်ခဲ့ကြသည်ဟုသာ ပြန်လည် ဖြေကြားခဲ့ကြပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုသို့သာနားလည်လက်ခံထားခဲ့သည်မှာ နှစ်အတော်ကြာပင်။ သို့နှင့်ပင် အခါနိကာလများ ရှည်ကြာလွန်မြောက်ကာလာသည်နှင့်အမျှ စမ္ဘာနဝင်းအင်းများ၏ အရေးပါပုံအဖုံဖုံနှင့် အသုံးကြွယ်အသုံးကျယ်လှသည်ကို မြင်တွေ့လာရလေရကား ကျွန်ုပ်စိတ်ထဲ၌ ဤစမ္ဘာနဝင်း (အချို့က စမ္ဘာနဝအင်းယူလို) ၏ အင်းလက်စာသွားဖြင့် စီရင်အပ်သော ဤစမ္ဘာနဝင်းအင်း၏ အင်းဆန်များကို ရှေးမဟိဒ္ဓိသိဒ္ဓိရှင်ဆရာသခင်တို့သည် သာမန်စီစဉ်ထားရစ်ခဲ့ကြသည်မဟုတ် ခိုင်လုံသော အကြောင်းခြင်းရာတို့ဖြင့် စီစဉ်ထားရစ်ခဲ့ကြပေမည်မှာ မုချမလွဲဟုစဉ်းစားမိလေရကား အမျိုးမျိုးအဖုံဖုံ စဉ်းစားလျက် ဤစမ္ဘာနဝင်းအင်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရန် ကြိုးစားခဲ့ပါသည်။

၂။ စမ္ဘာနဝင်းအင်းလျှို့ဝှက်ချက်

ထိုသို့စဉ်းစားရာ၌ စမ္ဘာနဝင်းဟု ခေါ်ဆိုရာတွင် ဤအင်းမျိုးများကို နဝင်းကိုက်အောင် စီစဉ်ထားခဲ့ကြသည်မှာ မလွဲကောန်ဖြစ်ရအံ့ဟု ယုံကြည်မိပါသည်။ အခြားတစ်ပါးသော ဂန္ဓာရီဝိဇ္ဇာပညာများနှင့်မတူ တစ်မူထူးခြားသည်ကား မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယပညာရှင်များသည် နဝင်းဓာတ်ကို လွန်စွာယုံကြည်အားကိုးလေ့ရှိခြင်းပင်။ နဝင်းဓာတ်သည် ကိန်းရှင်ဂဏန်းဖြစ်သော (၉) ဂဏန်းအခြေပြုထား၏။ (၉) ဂဏန်းနှင့်ပတ်သက်၍ (၉) ကို အကြိမ်မည်မျှပေါင်းသည်ဖြစ်စေ၊ (၉) ဂဏန်းနှင့် မည်သည့်ဂဏန်းအက္ခရာနှင့်မြှောက်သည်ဖြစ်စေ အားလုံး တစ်လုံးတည်းဖြစ်အောင် ပြန်ပေါင်းက (၉) ဂဏန်း (၀၊) နဝင်း၊ နဝ ဂဏန်းကိုသာ ပြန်ရပေလိမ့်မည်။ သို့ဖြစ်လေရကား (၉) ဂဏန်းသည် အရှင်ဂဏန်းဖြစ်၏။ တစ်ဖန် မြန်မာဗုဒ္ဓဘာသာလူမျိုးတို့အဖို့ ဘုရားဂုဏ်တော်သည် (၉) ပါး၊ သံဃာ့ဂုဏ်တော်သည် (၉) ပါး ဖြစ်၏။ ထို့အပြင် လောကုတ္တရာတရားကလည်း (၉) ပါးပင် ဖြစ်နေပြန်ပါ၏။ တစ်ဖန် တနင်္လာအစ ဓနေအဆုံးဂြိုဟ် (၇) လုံးနှင့် ရာဟု၊ ကိတ်ဂြိုဟ်ပေါင်းသော် ဂြိုဟ်ကြီး (၉) လုံးရှိနေပြန်ပါ၏။ ဂြိုဟ်စီးဂြိုဟ်နင်းညှဉ်ခြင်း၊ အတိတ်နိမိတ်များဆိုးခြင်း၊ ကံဇာတာညှဉ်နေခြင်းဟုယူရသော ကာလများ၌ ဘုရားကိုးဆူပူဇော်ပွဲလုပ်ကြ၏။ တစ်ဖန် နက္ခတ်(၂၇)လုံးကိုကြည့်က (၂+၇=၉) ပင် ရပြန်၏။ ထိုမျှမက သုံးလောကထွတ်ထား ဗုဒ္ဓဂေါတမဘုရားရှင်၏ ခြေတော်ရာတို့၌ (၁၀၈) ကွက်စက်လက္ခဏာတို့ဖြင့် ပြည့်စုံနေ၏။ (၁၀၈) သည်လည်း (၁+၀+၈=၉) ပင် ဖြစ်ရာ နဝင်းကိုက်၏။ ပုဂံရာဇဝင်၌ လယ်တွင်းကိုးခရိုင်ရှိခဲ့၏။ ထိုလယ်တွင်းကိုးခရိုင်သည် ပုဂံ၏အသက်သွေးကြောတစ်ခု ဖြစ်ခဲ့ရ၏။ ထိုလယ်တွင်း ကိုးခရိုင်၌ပင် မင်းမြတ်အနော်ရထာသည် မုခ်

www.burmeseclassic.com

www.burmeseclassic.com

(၉) မုခ် (ရွှေမုဋ္ဌော ၉ ဆူ)၊ ဂူ(၉)ဂူ တည်ခဲ့ပြန်၏။ သို့ဖြစ်ရာ မြန်မာတို့အဖို့ ကိုးနဝင်းမှာ အနှေးပါလှ၏။ ထို့ကြောင့် လည်း ကိုးနဝင်းမိုးလင်းမှသိမည်ဆိုသော ဝိဇ္ဇာတို့ အဆိုအမိန့်စကားပေါ် ထွက်တွင်ကျယ်ခဲ့ရ၏။ (၉) နဝင်းအကြောင်း ရေးရသော် ဤသည်တို့ကား အမြွက်မျှ ပမာဏသာရှိပေလိမ့်မည်။

ဤအကြောင်းအချက်များတို့ကို အခြေခံလျက် ကျွန်ုပ်တွေးကြံလိုက်သည်ကား ဤစမွာနဝင်းအင်းများကိုလည်း ရှေးဆရာမြတ်တို့သည် ဤအင်းများ၌ 'အတွင်းဓာတ်နဝင်းအမိ' လျက် ကြံစည်ထားရစ်ခဲ့ကြလေရာ၏ဟုအတွေးပေါက်မိ၏။ သို့အားလျော်စွာ၍ စမွာနဝင်းအင်း၏အင်းဆန်းလက်သွားပါ အင်းဆန်ဂဏန်းများကို ဂြိုဟ်နံများဖြင့် ဖော်ထုတ်လေ့လာကြည့်ရာ အောက်ပါအတိုင်း တွေ့ရ၏။

စမွာ	- ၂ -	တနလ်္ဂာဂြိုဟ်
နဝင်း	- ၉ -	ကိတ်ဂြိုဟ်
ဇလင်း	- ၄ -	ဗုဒ္ဓဟူးဂြိုဟ်
သတ္တ	- ၇ -	စနေဂြိုဟ်
ပဉ္စ	- ၅ -	ကြာသပတေးဂြိုဟ်
ဂြိ	- ၃ -	အင်္ဂါဂြိုဟ်
ဆ	- ၆ -	သောကြာဂြိုဟ်
ဧက	- ၁ -	တနင်္ဂနွေဂြိုဟ်
အဋ္ဌ	- ၈ -	ရာဟုဂြိုဟ်

သို့ဖြစ်ရာ အထက်စမွာနဝင်းအင်းဆန်းလက်သွားအတိုင်း အစဉ်လိုက်ပေါ် ထွက်လာသော ဂြိုဟ်ကြီးကိုးလုံးတွင် ကိတ်ဂြိုဟ် (၉) သည် အရိပ်ဂြိုဟ်ဖြစ်သဖြင့် ယင်းကို အလယ်ခွင်း၍ ကျန်ဂြိုဟ်ကြီးရှစ်လုံးကို လက်ဝဲစာသွားအတိုင်း အစဉ်လိုက်ရေးသွင်း၍ စက္ကဝဠာစက်ဝိုင်းအသွင်စဉ်ကြည့်သောအခါတွင် အောက်ပါအတိုင်း တွေ့ရှိရပါလေသည်။



အထက်အဆိုပါ စမွာနဝင်းအင်းဆန်းလက်သွားအရ ကိတ်ဂြိုဟ်ကိုပယ်၍ စက္ကဝဠာစက်ဝန်းပုံပေါ်ပါ ဂြိုဟ်များကို တနင်္ဂနွေဂြိုဟ်မင်းမှအစပြုကာ လက်ဝဲရစ် (နာရီလက်တံပြောင်းပြန်စဉ်အတိုင်း) ပြန်၍စဉ်ကြည့်လိုက်သောအခါ ဂြိုဟ်တို့သည် အောက်ပါအတိုင်း အစဉ်လိုက်တည်ရှိနေကြကြောင်း တွေ့ရပါမည်။

၁-၆-၃-၅-၇-၄-၂-၈ ဟူ၍ ဖြစ်ပေသည်။ ဂြိုဟ်စဉ်များအလိုက် ကြည့်သော် -

၁ - တနင်္ဂနွေ
၂ - သောကြာ
၃ - အင်္ဂါ
၄ - ကြာသပတေး
၅ - စနေ
၆ - ဗုဒ္ဓဟူး
၇ - တနလ်္ဂာ
၈ - ရာဟု ဟူ၍ဖြစ်ရာ ယင်းဂြိုဟ်စဉ်များအတိုင်း ဂြိုဟ် (၂) လုံးစီတွဲ၍ အစဉ်လိုက်လေ့လာကြည့်သော အခါ -

ဥသာ (၁-၆)၊ စိန်ပန်း (၃-၇)၊ ဒါန်းလှ (၅-၄)၊ ကိုရှာ (၂-၈) ဟူ၍ ကိုက်ညီဖြစ်ပေါ် နေကြောင်း တွေ့ရပေမည်။

သို့ဖြစ်ရာ စမွာနဝင်းအင်းတို့၏ အင်းဆန်းများသည် ကိတ်ဂြိုဟ်ကိုယ်စားပြု (၉) ဂဏန်းမှလွဲ၍ ကျန်သော အင်းဆန်းဂဏန်းများကို ဥသာ-စိန်းပန်း-ဒန်းလှ-ကိုရှာဟူသော အတွင်းမိတ်ဂြိုဟ်တွဲအတိုင်း တွဲဖက်စီစဉ်ထည့်သွင်းထားကြောင်း တွေ့ရပါလေသည်။ ထိုအင်းဆန်းအတွင်း မိတ်ဂြိုဟ်တွဲများအလိုက် ဂြိုဟ်တွဲများကို လေ့လာကြည့်သော အခါ အောက်ပါအတိုင်း တွေ့ရှိရပြန်ပါသည်။

ဥသာ = (၁ + ၆) = (၆ နှစ် + ၂၁ နှစ်) = ၂၇ (၁နွေဂြိုဟ်သက် ၆ နှစ် - ၆ကြောဂြိုဟ်သက် ၂၁ နှစ်)

စိန်ပန်း = (၃ + ၇) = (၈ နှစ် + ၁၉ နှစ်) = ၂၇ (၃ဂြိုဟ်သက် ၈ နှစ် - ၇တေးဂြိုဟ်သက် ၁၉ နှစ်)

ဒန်းလှ = (၅ + ၄) = (၁၀ နှစ် + ၁၇ နှစ်) = ၂၇ (စနေဂြိုဟ်သက် ၁၀နှစ် - ၄ဟူးဂြိုဟ်သက် ၁၇ နှစ်)

ကိုရှာ = (၂ + ၈) = (၁၅ နှစ် + ၁၂ နှစ်) = ၂၇ (၂လာဂြိုဟ်သက် ၁၅ နှစ် + ရာဟုဂြိုဟ်သက် ၁၂ နှစ်)

သို့ဖြစ်ရာ အထက်အင်းဆန်းဂဏန်းများကိုယ်စားပြုဂြိုဟ်များအလိုက် သက်ဆိုင်ရာဂြိုဟ်သက်များကို အင်းဆန်းဂဏန်းအတွဲလိုက် ပေါင်းကြည့်ပါက အားလုံး (၂၇) အသီးသီးရရှိပြီး (၂၇) ဟူသော ဂဏန်းတွဲကိုပေါင်းသည်ပါက အားလုံး (၂၇+ ၂ + ၇ = ၉) ဂဏန်းချည်းသာဖြစ်သဖြင့် နဝင်းဖြစ်သည့်အပြင် ဂြိုဟ်တွဲအလိုက် ရကိန်း (၂၇) တို့သည်လည်း နှစ်(၂၇) လုံးကိုက် သတ္တဗီသကျော်ကြွေးတွေ့ရပါသည်။ သို့ဖြစ်၍ ဤစမွာနဝင်းအင်းများကို စိရင်ရာ၌ အင်းဆန်းများစီစဉ်ရာတွင် ထူးခြားစွာ စီစဉ်ထားမှုများမှာ -

(၁) အင်းဆန်းဂဏန်းများအားလုံး (၉) လုံးဖြစ်နေခြင်း။ (၁ မှ ၉ ထိ ဝဏ္ဏ (၉) လုံးပါဝင်ခြင်း။

(၂) ကိတ်ဂြိုဟ်မှ ကျန်ဂဏန်းများသည် အတွင်းမိတ်ဂြိုဟ်များကို ထိစားပြုစီစဉ်ထားခြင်း (၀၊၀) အတွင်းဓာတ်ယူထားခြင်း။

(၃) အင်းဆန်းဂဏန်းများကိုထိစားပြုသည့် အတွင်းမိတ်ဂြိုဟ်သည်ပေါင်းတို့သည် နက္ခတ် (၂၇) လုံးလုံးသတ္တဗီသကျေနေခြင်း။

(၄) အင်းဆန်းဂဏန်းအစဉ်တွက် (၉) လုံး၊ အင်းဆန်းများ၏ထိစားပြုန် ဂြိုဟ်သက်ပေါင်းကိန်းများသည်လည်း (၉) ပင်ဖြစ်နေခြင်းကြောင့် နဝင်းကိုက်နေခြင်း စသည့်ထူးခြားမှုစွာ အင်းဆန်းများကိုစီစဉ်ထည့်သွင်းထားကြောင်း တွေ့ရပေသည်။

သို့အားလျော်စွာ မြန်မာ့ဝဏ္ဏဗေဒ ဝိဇ္ဇာမယအင်းစမအတတ်ပညာတွင် စမွာနဝင်းအင်းတို့ကို သတ္တဗီသကျော်နဝင်းကိုက်၊ အတွင်းမိတ်ဓာတ်လိုအောင် ထူးခြားစွာသော ဂမ္ဘီရအဆင့်သဘောတို့ဖြင့် စီရင်ထားကြောင်း တွေ့ရှိရလေသည်။ သို့ဖြစ်၍လည်း မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကပညာနယ်ဌာန၌ ဤစမွာနဝင်းအင်းတို့သည် လိမ္မာထက်သိပညာရှိတို့ ဉာဏ်ရှိသမျှ စေတနာအားထား စိရင်အမျိုးမျိုးအသုံးပြုခဲ့သဖြင့် လိုရာပြီးမြောက် ခရီးရောက်ကြောင်း ဆိုစမှတ်ပြုခဲ့ကြလေသည်။

၃။ ဂမ္ဘီရဝိဇ္ဇာမယယနယ်အတွင်း စမွာနဝင်းအင်းများ

အထက်တွင် တင်ပြပြီးသည့်အတိုင်း စမွာနဝင်းအင်းများသည် သတ္တဗီသကျော်နဝင်းကိုက်၊ အတွင်းမိတ်ဓာတ်များကိုလိုက်၍ စိရင်ထားသော အင်းဖြစ်သဖြင့် အလွန်တန်ဖိုးသိဒ္ဓိရှိလှသောအင်းအုပ်စုတစ်ခုဖြစ်လေသည်။

www.burmeseclassic.com

သို့အားလျော်စွာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာနယ်အတွင်း စမ္ဘာနဝင်း အင်းများကို ရှေးမဟိဒ္ဓိဝိဇ္ဇာပညာ အကျော်အမော်တို့သည် အမျိုးမျိုးအဖုံဖုံ စုံလင်စွာ ကြံစည်စီရင်ထားရှိခဲ့ကြလေသည်။ ထိုသို့များစွာသော စမ္ဘာနဝင်း အင်းအစီပေါင်းများစွာအနက်မှ သုတေသီများရော ပညာလိုက်စားကြသူများ အဖို့ပါ သိသင့်သိအပ်လှသောအစီအရင်များကို ရွေးချယ်ကောက်နုတ်ဖော်ထုတ် တင်ပြသွားမည် ဖြစ်ပါသည်။

အခြေခံအားဖြင့် စမ္ဘာနဝင်းအင်းများသည် ကိုးကွက်အင်းများ (၃×၃=၉) ဖြစ်ကြပြီး ထိုကိုးကွက်အင်းများကို -

(၁) အဝင်အင်းများ၊

(၂) အထွက်အင်းများ

ဟူ၍ အုပ်စုငယ်နှစ်ခုခွဲခြားပြု၍ လေ့လာကြည့်ရမည် ဖြစ်ပါသည်။

(၃-၁) စမ္ဘာနဝင်းအင်းများ

ဤအင်းများသည် ပထမဝင်းအင်း၌ နဝမဝင်းအထိ အင်း (၉) အင်း ပါဝင်ပါသည်။

(၁) စမ္ဘာနဝင်းပထမဝင်းအင်း

ယခု တင်ပြခဲ့သော စမ္ဘာနဝင်းအင်းများမှာ ကိုးကွက်စမ္ဘာနဝင်းအင်းများဖြစ်ကြပြီး ရှေးဆရာများတို့ အမျိုးမျိုး ရေးသုံးခဲ့ကြသော အင်းမျိုးများဖြစ်သကဲ့သို့ အခြေခံအင်းများလည်း ဖြစ်ကြပါသည်။ စမ္ဘာနဝင်းအင်းများကို လေ့လာသင်ယူသူတိုင်း သိတတ်လှ၊ သိအပ်လှသောမင်းများ ဖြစ်ပါသည်။ ဤမင်းများ၏ အခြေခံအင်းဆန်းအသွားမှာ မြင်းသွားဖြစ်ပြီး အစပြုအင်းဆန် စမ္ဘာ (၂) ၏အထိုင်ကို အခြေပြု၍ ထို အင်းဆန်တွင်ဖော်ပြထားသော ဤစမ္ဘာနဝင်းအင်းအဝင်အင်း(၉)အင်း၏ အင်းဆန်အသွားပြန်မူနာဂဏန်းအင်းကွက်ကို ကြည့်ပါလေ။

၃	၆	၁
၈	၉	၄
၅	၂	၇

အထက်ပါ အင်းဆန်အသွားပြန်မူနာဂဏန်းအင်းအတိုင်း စမ္ဘာနဝင်းအင်းကို ရေးသွင်းသည်ရှိသော် အောက်ပါအတိုင်း စမ္ဘာနဝင်းပထမဝင်အင်းကို ရရှိပေလိမ့်မည်။

၄	၃	၂
၁	၅	၉
၆	၇	၈

သို့ရာတွင် တစ်ခုသတိထားရန်မှာ ယခုနမူနာရေးပြနေခြင်းဖြစ်သဖြင့် သိမ်းရိုးကျဂဏန်းများဖြင့် အင်းဆန်များကိုရေးပြနေသော်လည်း အမှန်လက်တွေ့စီရင်ကြရာ၌မူ အင်းဆန်များကို အောက်ဖော်ပြပါ ပုံးတွဲယှဉ်ပြထားသည့် ပိဋကတ်အက္ခရာသခ္ခါဂဏန်း(ပါ)အင်းဂဏန်းပုံစံများဖြင့်သာ ရေးသွင်းစီရင်ရပါမည်။

စမ္ဘာ -	၂	- ၁
နဝင်း -	၉	- ၃
ဇာလင်း-	၄	- ၄
သတ္တ-	၇	- ၆
ပဉ္စ-	၅	- ၅
တြိ-	၃	- ၃
ဆ-	၆	- ၂
ဧက-	၁	- ၇
အဋ္ဌ-	၈	- ၈

အထက်ပါ စမ္ဘာနဝင်းအင်းကို အင်းဆန်ဂဏန်းပုံစံဖြင့် ရေးသွင်းစီရင်လျှင် အောက်ပါအတိုင်းတွေ့ရမည် ဖြစ်သည်။ (အမှန်စီရင်သောအခါ ထိုနမူနာအင်းပုံစံအတိုင်း ရေးသွင်းစီရင်ရပါမည်)

၃	၃	၁
၇	၆	၆
၅	၃	၂

ဤစမ္ဘာနဝင်းအင်းကိုကြည့်ပါက အင်းအသွားမှာ မြင်းသွားဖြစ်ပြီး ဤအင်းအစပထမဖြစ်သော စမ္ဘာ - ၂ အင်းဆန်ကို အင်း၏ဘယ်ဘက်ထောင့်စွန်း (အထက်ထောင့်စွန်း) (ပါ) အင်္ဂါထောင့်မှစ၍ ရေးသွင်းစီရင်ထားပြီး မြင်းသွားအတိုင်း စမ္ဘာနဝင်းဇာလင်း စသည်ဖြင့် အစဉ်လိုက် ရေးသွင်းလိုက်ပါက အထက်ဖော်ပြအတိုင်း စမ္ဘာနဝင်းပထမဝင်အင်းကို ရရှိပေလိမ့်မည် ဖြစ်သည်။

ဤစမ္ဘာနဝင်းပထမအင်းအကျိုးကား ဤအင်းကိုလက်ဖွဲ့ပြုလုပ်၍ သားသမီးအဖတ်မတင်သော **အမျိုးသမီးများ**ကို ဆွဲပေးပါက **သားသမီးရရှိနိုင်၏၊** အသိုးမသိုးသော သိုးနှံ၊ **သစ်ပင်များ**ကို ဤအင်းဖြုပ်ပေးခြင်း၊ အင်းကို **ရေစိမ်၍** ဖျန်းပေးခြင်းဖြင့် အပင်များကို **အသီးသီးစေ၏။** အသီးတင်စေ၏။

စမ္ဘာနဝင်းဒုတိယအဝင်အင်း

ဤစမ္ဘာနဝင်းဒုတိယအဝင်အင်းကား မူလစမ္ဘာနဝင်းအင်းဆန်များတွင် တစ်ခုစီတိုးပေးလိုက်ခြင်းဖြင့် စမ္ဘာနဝင်းဒုတိယဝင်အင်းကို စီရင်ရရှိနိုင်၏။ အင်းဆန်ဂဏန်းများကား-

၁။ စမ္ဘာ - ၂ + ၁ = ၃၊
၂။ နဝင်း - ၉ + ၁ = ၁၀၊
၃။ ဇာလင်း - ၄ + ၁ = ၅၊
၄။ သတ္တ - ၇ + ၁ = ၈၊
၅။ ပဉ္စ - ၅ + ၁ = ၆၊
၆။ တြိ - ၃ + ၁ = ၄၊
၇။ ဆ - ၆ + ၁ = ၇၊
၈။ ဧက - ၁ + ၁ = ၂
၉။ အဋ္ဌ - ၈ + ၁ = ၉၊

အထက်ပါ အင်းဆန်ဂဏန်းအတိုင်း မြင်းသွားဖြင့် အင်းဆန်များကို ရေးသွင်း စီရင်လိုက်သောအခါတွင် အောက်ပါ စမ္ဘာနဝင်းဒုတိယဝင်းအင်းကို ရရှိပေလိမ့်မည်။

၅	၄	၃
၂	၉	၈
၆	၁၀	၇

နို့နို့ဂဏန်းအင်းပုံစံ

၇	၄	၃
၂	၆	၁
၉	၅၀	၈

အင်းသခ္ခါဂဏန်းပုံစံ

ဤစမ္ဘာနဝင်းဒုတိယဝင်းအင်း၏ အကျိုးကား ကျွန်ုပ်လာဘ်လာဘပေါများစေ၏။ အရောင်းအဝယ်ကောင်း၏။ ရောင်းပန်းသာ၍ ဝယ်ပန်းလှ၏။ စီးပွားရေးလုပ်ငန်းကိုင်ငန်းများ အဆင်ပြေကောင်းမွန်စေ၏။ ကြေးပြား၊ ငွေပြား၊ ရွှေပြားတို့တွင် ရေစီရင်၍တောင်းရမည်။

(ဆက်ရန်)

ဘြဂုတာနာ-ဆရာဇေယျာထင်း
(ကတ္တီပါမိုနှင်းဆီး ဦးထွဋ်ဆောင်း)

www.burmeseclassic.com

စိုးမင်း(မြောက်စည်း)

ဉ၊ သြ၊ သံ၊ ကြက် စီးပွားတက်

ရွှက်ဟောင်းကြွေ၍ ရွှက်သစ်လဲစ တပေါင်းလသို့ရောက်လာ၏။နှစ်ဟောင်း ကုန်၍ နှစ်သစ်သို့ ရောက်တော့မည်။ အဘထံသို့ မရောက်သည်မှာ တစ်နှစ် ကျော်လာ၍ သတိရလှ၏။

ကိုစိုးအလုပ်ပြုတ်ပြီးသည့်နောက် ပိုင်း ယခုအချိန်ထိ အဘထံသို့အရောက် နည်းလာ၏။ တစ်ခါတစ်ရံ (၂)နှစ်ခန့် ကြာမှ တစ်ခေါက်ရောက်တော့၏။ ယခု လည်း အဘထံသို့သွားရန်သင့်၍ ဇနီး ဖြစ်သူအား အကျိုးအကြောင်းပြော ကြည့်ရာ ကြည်ဖြူစွာခွင့်ပြု၍ ရက်ပိုင်း အတွင်းသွားရန် ဆုံးဖြတ်လိုက်ရ၏။

မနက် (၇)နာရီ ရထားဖြင့် ရွာမှ လိုက်ပါလာခဲ့၏။ ရထားစီးရင်း အဘ နှင့်တွေ့ဆုံခဲ့စဉ်က လောကီပညာရပ်များ တစ်ခုပြီးတစ်ခုသင်ပေးခဲ့ရပုံများတွေးမိ ကာ ဝမ်းသာပိတိဖြစ်ရသေး၏။ ယခု လည်း အကြောင်းတစ်ခုခုရှိမည်ထင်၏။ ကိုစိုးသည် အဘထံသို့ ရောက်တိုင်း ပညာတစ်မျိုးရ၏။ ပညာတစ်ခုခုရဦး မည်ကို ကြိုသိနေမိပြန်၏။

နံနက်(၉)နာရီခွဲတွင် ရဲလှဘူတာ ရောက်၍ (၅) ဖာလုခန့်ဝေးသောရွာသို့ ခြေကျင်ခရီးဖြင့် (၁၀) နာရီခန့်တွင် ရဲလှရွာဦးကျောင်းဆရာတော်အား ဝင် ၍ကန်တော့၏။ ဆရာတော်သည် ကျန်းမာရေးအဖတ်အတန်ကောင်းလာ ၍ တောင်ဝှေးဖြင့် တစ်ပါတည်း လမ်း လျှောက်နိုင်သဖြင့် ဝမ်းသာလှ၏။ မနှစ် က ဆရာတော်မှာ ဘယ်ဘက်ခြမ်းလေ ဖြတ်ခံထားရ၍ အိပ်ရာထက်လဲနေရာမှ ယခုကျန်းမာရေးအတော်ကောင်းမွန်လာ ၏။

ယောနယ်တွင် (၁၇) နှစ်တာကာ လ ဆရာတော်နှင့် အဘသည် ကိုစိုး၏ ပဌာန်းဆက် အနီးဆုံးဆရာများသာဖြစ် ၏။ ယခုလာရင်းသည် ဆရာတော်အထံ မဟုတ်၍ ဆရာတော်အား နှုတ်ဆက် ကာ တစ်မိုင်သာသာဝေးသော ချောင်း ကောက်ရွာသို့သွားရန် ကျောင်းမှထွက် လာရာ မြစ်သာမြစ်ကမ်းနဖူးထိပ်မှ အရှေ့သို့လှမ်းမျှော်ကြည့်ကာ မြစ်ကူး ဝါးတံတားဆောက်ထား၍ ဝမ်းသာလှ ၏။ ရေပါ၍ မြစ်ရေနည်းသောအခါမှ သာ ဝါးတံတားဆောက်နိုင်၍ ကျန်မိုး ရာသီနှင့်ဆောင်းဦးအချိန်တွင် လှေငယ် ဖြင့်သာ တစ်ဖက်ကမ်းသို့ကူးရ၏။

ချောင်းကောက်ရွာသို့ မွေ့လယ် ရွာမှတစ်ဆင့် သာစည်ရွာ၊ ထိုမှ မြစ်သာ မြစ်ကူး၍ သွားလျှင် ခရီးအနည်းငယ်ပို ၏။ ကိုစိုးသည် ဆရာတော်အား ဝင်ဖူး လို၍ တစ်ကြောင်း၊ ခရီးပိုတို၍ ဤလမ်း မှရွေးခဲ့ခြင်းဖြစ်၏။

မြစ်ကူးဝါးတံတားပေါ်မှဖြတ်၍ လာခဲ့ရာ အဝေးမှ ချောင်းကောက်ရွာသို့ မြင်နေရ၏။ လမ်းဘေးဝဲယာအခင်းများ စိမ်းစိမ်းစိုစိုမရှိ။ နယ်ပြီးသား ပဲမှော် အမှိုက်များသာကျန်၍ တောင်သူများ အလုပ်နားချိန်ဖြစ်တော့၏။ တဖြည်း ဖြည်းနှင့် ရွာအနီးရောက်၍ အားရှိကာ နေပူသော်လည်း မောသည်မထင်။ အဘနှင့်တွေ့ရန်သာ စိတ်စောနေမိ၏။

ရွာအဝင် ကုက္ကိုပင်ခြေရင်း၌ အမောဖြေရသေး၏။ အမောပြေ၍ ရွာထဲသို့ဝင်ကာ အဘအိမ်ရှေ့သို့ရောက် တော့၏။ အိမ်ရှေ့လမ်းမမှ ရပ်ကြည့် သောအခါ အိမ်အပေါ်ထပ်တွင် အဘ အားမြင်ရ၍ ဝမ်းသာမိ၏။ အိမ်အပေါ် ထပ်တက်၍ အဘအား နှုတ်ဆက်ရင်း မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

ကိုစိုးအား အဘသည် ဝမ်းသာစွာ နှုတ်ဆက်၍ အလာနည်းသောကြောင့် အပြစ်တင်စကားဆို၏။ ကိုစိုး၏စီးပွား ရေးအဆင်မပြေမှုကြောင့် အဘထံ အရောက်နည်းရကြောင်းရှင်းပြရာ အဘ က စိတ်မကောင်းဖြစ်ရှာ၏။

နေ့ခင်း (၁၀) နာရီခန့်တွင် ကိုစိုး အား မနက်စာကျွေး၏။ ထမင်းစားပြီး သောအခါ အဘနှင့် တရားစကားများ ဆွေးနွေးကြ၏။ အဘသည် ယခုအခါ ပုတီးအနည်းငယ်သာစိပ်၍ ဝိပဿနာ အားထုတ်နေ၏။ အဘ၏တရားစကား များ ကိုစိုးဉာဏ်မမီ အလိုက်သင့်သာ ပြန်ဖြေရ၏။

အဘသည် ကိုစိုးနှင့်တရားဆွေး နွေးသည့်အခါတိုင်း မခြင်းမချန်ပြောပြ ၏။ တစ်ခါတစ်ရံ မည်သူကိုမျှမပြောရန် နှုတ်ပိတ်မိသေး၏။ ဆရာတပည့်စကား ပြောရင်းဖြင့် နေ့လွဲ(၂)နာရီခန့်ရောက် သော် အဘအား နှုတ်ဆက်နှုတ်ခွာ လိုက်၏။ ရထားအမီ ဘူတာသို့ ခြေကျင် ပြန်ရဦးမည်ဖြစ်သဖြင့် အဘသည် စိတ်မကောင်းစွာကြည့်၍ ကိုစိုးအား -

"မင်းလည်း ဆင်းရဲလိုက်တာဗျာ ဘယ်လိုကြောင့် ဒီလိုဖြစ်နေရတယ်ဟေ့ ဘူး။ ကဲ၊ ကဲ - ဒါလောက်တောင်ဆင်းရဲ လှတာ ပေးရဦးမှာပေါ့ကွာ"

ဟု ဆိုကာ ဘုရားခန်းသို့ထသွား ၍ စာအုပ်နှင့် ဘောလ်ပင်ယူကာ ကိုစိုး အားပေး၍ အမှတ်ခိုင်းတော့၏။ အခို ရင်အား ရေးမှတ်ပြီးသောအခါ အဘ သည် ကိုစိုးအား ကတိတောင်း၏။

"လူလေးမို့ပြောတာ၊ ဘယ်သူမှ ပြောသေးတာမဟုတ်ဘူး ကြားလား"

"ဟုတ်ကဲ့"

"ကဲကဲ - အောင်မြင်ပါစေဗျာ၊ အဘက လူလေးညီအစ်ဦးမယ်ထင်ထာ မအိပ်ရင်လည်းပြန်ရုံပေါ့။ အဘလိုက်ပို့ ရဦးမလား"

"မပို့နဲ့တော့ အဘ၊ နေကပူသေးတယ်"

"အေး - ဒါဆိုလည်းပြန်တော့"

အဘအားနှုတ်ဆက်၍ အိမ်ပေါ် မှဆင်းကာ ရွာထဲမှထွက်သည်အထိ စဉ်းစားရင်းဝမ်းသာနေမိ၏။ လာလမ်း အတိုင်းပြန်၍ ရဲလှရွာအဝင် မြင်သာမြင် ကူးဝါးတံတားလေးဖြတ်ကျော်၍ ဆရာ တော်အထံဝင်ရာ ဆရာတော် ကျိန်းစေ ၍ နှုတ်မဆက်သာ။ ကျောင်း၏တောင် ဘက် မွေ့ရုံတွင် အလည်ရောက်မိနေ သော မန္တလေး ရေတံခွန်တောင်မှ ဖိုးထီး ဝါသနာပါသော ဦးပဉ္စင်းလေးဆီသို့ အလည်ဝင်လိုက် ၏။ ဦးပဉ္စင်းလေးနှင့် တွေ့၍နှုတ်ဆက်ကာ အစီရင်အကြောင်း ဖွင့် ပြောလိုက်ရာ ဦးပဉ္စင်းမှ ဤအစီရင် သည် အလွန်ကောင်းကြောင်း အပွင့် ဓာတ်ကဲသောအစီရင်ဟုပြော၏။ ဤ နည်းထက်ပိုကောင်းရန် တစ်နည်းအား ဖြင့် သွပ်ဓာတ်ပိုကောင်းစေရန် ဖိုထိုး၍ အသုံးပြုရန် အကြံပေးသဖြင့် ဦးပဉ္စင်း နှင့်အတူ သဘောတူကာ အကူညီ တောင်းကြည့်ရာ လုပ်ပေးမည်ဆိုသဖြင့် ဝမ်းသာရ၏။

ထို့နေ့တွင် ဦးပဉ္စင်းအားနှုတ်ဆက် ၍ မြောက်စည်းသို့ ရထားဖြင့်ပြန်ခဲ့ တော့၏။ နောက်တစ်နေ့တွင် လိုအပ် သော လုံနှင့်သွပ်အား ကလေးမြို့သွား ဝယ်လိုက်၏။ တစ်ပတ်ခန့်ကြာသော အခါ ဦးပဉ္စင်းရှိရာ ရဲလှရွာသို့ ရထား ဖြင့် လိုက်ပါခဲ့ရ၏။ ထို့နေ့ အလုပ်နှုန် နည်း၍ မစဖြစ်။ နောက်နေ့နှစ်ဆ အလုပ်စရ၏။

လိုအပ်သောပစ္စည်းသည် ဉ၊ သြ

www.burmeseclassic.com

www.burmeseclassic.com

ပြဿဒါးရှောင်ယတြာ

ပြဿဒါရွေးရန်

၁ ကူးခေါင် နတ်တော်၊ တမာခေါ်၊ ကြံသော် ခွေနှင့်ကြွက်။
ဆုန်လင်းပြာသို၊ သက်ရင်းဆို၊ ယူလို ပူးဆင်သက်။
နယုန်ကျွတ်တွဲ၊ အင်းကြင်းပဲ၊ ကျားရဲ ဂဠုန်ငှက်။
ဆိုဆောင်တပေါင်း၊ ဆူးရစ်လောင်း၊ မကောင်းဟိုင်းနက် ခြသေ့ဖက်။

ပြဿဒါးရက်မခိုက်အောင် ယတြာပြုလုပ်ခြင်း

ကျောဘုတောင်ဒိပ်ဆရာတော်ကြီး၏ နည်းသက်

၁။ တနင်္ဂနွေနေ့တွင် ပြဿဒါးရက် ကြုံပါက မိမိအိမ်မှ တစ်စုံတစ်ရာ တစ်ခုခုတောင်းသွားပါ။

၂။ တနင်္လာနေ့ ပြဿဒါးရက်နှင့်ကြုံပါလျှင် အိပ်ရာတွင်ခေတ္တခဏလဲ့ အိပ်ပြီးမှသွားပါ။

၃။ အင်္ဂါနေ့ ပြဿဒါးရက် ကြုံတွေ့ပါက လက်ကိုမီးကင်သွားပါ။

၄။ ဗုဒ္ဓဟူးနေ့ ပြဿဒါးရက်ဖြစ်နေလျှင် မှန်ကြည့်ပြီးမှသွားပါ။

၅။ ကြာသပတေးနေ့မှာ ပြဿဒါးရက်ဖြစ်ပါက အိမ်မှထွက်လိုက် ဝင်လိုက်လုပ်ပြီးမှသွားပါ။

၆။ သောကြာနေ့ ပြဿဒါးရက်ဖြစ်နေသော် အစားအစာတစ်ခုခုကို အဝစားသွားပါ။

၇။ စနေနေ့ ပြဿဒါးရက်ဖြစ်နေပါမူ အငြင်းအခုံစကားပြောပြီးမှသွားပါ။

ပြဿဒါးရက်သည် မည်သည့်ကိစ္စမဆို ဆောင်ရွက်လုပ်ကိုင်ရန်မသင့်လျော်သောရက်ဟု ရှေးမြန်မာလူကြီးသူမများက ဗေဒင်အယူအဆအရရှောင်ကြ၏။ မလွဲမရှောင်သာ ထိုပြဿဒါးရက်ကိုမရှောင်နိုင်ဘဲ ပြုလုပ်ရန်ကိစ္စများကို ဆောင်ရွက်လုပ်ကိုင်ရန်ရာတွင် အခိုက်အည့်များမဖြစ်ရလေအောင်၊ ဘေးဥပဒ်ကင်းဝေးအောင် ရွှေဘုတောင်ဒိပ်ဆရာတော်ကြီး၏ယတြာနည်းကို ဖော်ပြပေးလိုက်ပါသည်။ ထိုလက်ာကို အရက္ခာက်၍ ဆောင်ရွက်ပါ။

မိမိတို့ပြုလုပ်လိုသောနေ့များတွင် ဆောင်ရွက် လုပ်ကိုင်ကြပါက အဆိုးအည့်ဟူသမျှများ ပျောက်သွားပါလိမ့်မည်။

ကောင်းကျိုးမင်္ဂလာအဝဝနှင့်
ပြည့်စုံစွာ ရရှိကြပါစေသောဝ်

မူဒိတာ (ကျိုက်လတ်)

ပြဿဒါးဇယား

လအမည်	ပြဿဒါးကြုံသောနေ့
တန်ခူး၊ ဝါခေါင်၊ နတ်တော်	စနေ၊ ကြာသပတေး။
ကဆုန်၊ တော်သလင်း၊ ပြာသို	သောကြာ၊ ဗုဒ္ဓဟူး။
နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ	တနင်္ဂနွေ၊ တနင်္လာ။
ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း	အင်္ဂါ၊ ရာဟု ဖြစ်သည်။

သံ ကြက်ဖြစ်ပါသည်။ ဥသည် ဥသျှစ်ငင်မှပဉ္စင်းပါး၊ ဩသည် ဩဇာပင်မှ ပဉ္စင်းပါး၊ သံသည် သံပရာပင်မှ ပဉ္စင်းပါး၊ ကြက်သည် ကြက်ဟင်းခါးပင်မှ ပဉ္စင်းပါးဖြစ်၏။ အကယ်၍ ပဉ္စင်းပါးစလုံး လျှင် ရသမျှနှင့်လုပ်ရပါမည်။

ထိုဓာတ်(၄)ပါးအား အခြောက်ဟုန်း၊ အမှုန်ထောင်း၍ သွပ်(၁)ကျပ်သားထည့်၊ လုံတွင်ဇော်မံ၊ မီးဖိုအောက်မြှုပ်ရန်သာ ဖြစ်၏။ ဓာတ်(၄)ပါးတွင် ဓာတ်စင်မျိုးလျှင် (၁)ကျပ်သားစီ စုစုပေါင်း (၄)ကျပ်သားနှင့် သွပ်(၁)ကျပ်ပေါင်းရန်ဖြစ်ပါသည်။ ဤနည်းသည် အဘ၏နည်းဖြစ်ပါသည်။

ကိုစိုးသည် ဦးပဉ္စင်းနှင့်တိုင်ပင်၍ ဆိုးသည့်အစီရင်လုပ်ခဲ့ပါသည်။ စာရှုသူများ ကြိုက်နှစ်သက်သလို ပြုနိုင်ပါသည်။ ကိုစိုးတွင် ပေးရန်မိတ်ဆွေများရှိ၍ အဆုပို၍ လုပ်ခဲ့ပါသည်။

လိုအပ်သော ဥ၊ ဩ၊ သံ၊ ကြက် (၄)ကျပ်သားစီအား မြေအိုးသန့်သန့်တွင် အုံးပိတ်၍ ထင်းမီးနှင့် ညနေစောင်းမှ စ၍လုံးဖုတ်၍ မိုးလင်းသောအခါ ထိုဓာတ်(၄)ပါးပြာကျပါသည်။

သွပ်(၁)ကျပ်သားအား ထိုဓာတ်ပေါင်းနှင့်ပေါင်း၍ လုံတွင်ထည့် ဖိထိုးသောအခါ (၅)ရက်ပြည့်သောနေ့တွင် သွပ်သည် (၅) မူးသားမျှသာ ကျန်ပါသည်။ ထိုအချိန်တွင်ရပ်၍ ထိုသွပ်ဓာတ်အား အလုံးပြန်ခွဲပါသည်။ အလုံးပြန်ခွဲသည်ဆိုရာ၌ အဆောင်အတွက် လည်းကောင်း (သို့) လက်စွပ်ကွင်း၍ ဝတ်ဆင်ရန်အတွက် လည်းကောင်း ရည်ရွယ်၍ ခွဲပါသည်။

ဤနေရာတွင် ကိုစိုးသည် ရိုးရိုးသွပ်နှင့် သွပ်ရွှေဝါနှစ်မျိုးအား အထက်က ဓာတ်(၄)ပါးနှင့် တစ်မျိုးစီ စီရင်ခြင်းဖြစ်ပါသည်။

ရိုးရိုးသွပ်သည်လည်း အရောင်ထွက်၍လှ၏။ သွပ်ရွှေဝါသည် မိုးကြိုးရောင်ပြောင်း၍ပြောင်လက်နေ၏။ ကိုစိုး၏ မိတ်ဆွေများသို့ လက်ဆောင်ပေးရာသူတို့သည် လက်စွပ်ကွင်း၍ ဝတ်ဆင်ကြ၏။ ယခင်နှင့်မတူ၊ စီးပွားတက်ကြ၏။

ဤဓာတ်လုံးအားအဆောင်မဝတ်ရန်၊ ဆောင်မထားရန် ဦးပဉ္စင်းလေးမှ ကိုစိုးအား အကြိမ်ကြိမ်သတိပေးထားပါသည်။ အကြောင်းမေးကြည့်သော်နောက်မိန်းမရမည်စိုး၍ဟုပြောရာ ရယ်မောရပြန်ပါသည်။ ကိုစိုးကတော့ ဤဓာတ်လုံးအား မဆောင်ထားပါ။

သွပ်(၅)ကျပ်သားအား (၅)ရက်ကြာအောင်ထိုးရသော်လည်း သွပ် (၁) ကျပ်ဆိုလျှင် (၂)ရက်မျှသာကြာပါမည်။ သွပ်ဓာတ်လုံးထဲတွင် ဓာတ်(၄)ပါး ပါဝင်ထား၍ ထိုဓာတ်လုံးအား ဇီးဖိုးလုံတွင် ထည့်ပိတ် ဇော်(၃)ထပ်မံ မီးဖိုအောက်မြှုပ်ရန် ဖြစ်ပါသည်။

မြို့မှမိတ်ဆွေများ၏ မီးဖိုချောင်သည် လျှပ်စစ်မီးဖို၊ မီးသွေးဖိုစသည်ဖြစ်လျှင် အုတ်သမံတလင်းအား ဓာတ်လုံးပါသော လုံမြှုပ်ရန် လက်(၄)သစ်ခန့်အပေါက်ဖောက်ပြီးမြှုပ်၊ မြေကျစ်လျှပ်ပြန်သိပ်ထားကာ သူအပေါ်မှ မီးဖိုတင်ထားလျှင် ဓာတ်လုံးအား မီးရှိန်ထိ၍ ဓာတ်မိပါသည်။

ကိုစိုးတို့တောအရပ်မှာ မြို့ကကဲ့သို့ မဟုတ်။ မြေကြီးပေါ် ကျောက်ခဲ၊ အုတ်ခဲနှင့်သာအသုံးပြု၍ လက်(၄)သစ်ခန့် မြေကြီးထူးထည့်မြှုပ်လျှင်ရ၏။ အဘပေးသောနည်းအရ ဓာတ်(၄)ပါးအား ရိုးရိုးအမှုန့်ပြု၊ သွပ် (၁) ကျပ်ထည့်လျှင် လုံသေးသေးနှင့်မရ။ လုံကြီးမှဆုံးပါမည်။

(၃)ရက်၊ (၄)လ၊ (၅)နှစ်အတွင်း သိသာစွာ အကျိုးပေးကြောင်း အဘမှာထားပါသည်။ ဤနည်းအား ဆရာတော်ဘုရားသို့ပြောပြရာ တစ်နှစ်ပြည့်လျှင် ပြန်ဖော်ကြည့် အဲဒီသွပ်သေသည်ဟု အမိန့်ရှိပါသည်။

အထူးမှာကြားချက်မှာ အကယ်၍ အိမ်ပြောင်းရွှေ့ရလျှင် ရွှေ့ကိုက်ပါစေ၊ ဤသွပ်ဓာတ်အား အရင်မုံးဖော်ယူပါဟု မှာလိုက်ပါသည်။

စိုးမင်း(မြောက်ဧည့်)

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပဲတိုက်ဆိုင်လွန်းပါတယ်။

ဟိုနေ့က အဖေမြို့ထဲကပြန်လာတော့ စကားတစ်ခွန်းပြောပါတယ်။ ဒီစကားကတော့ အဖေ ၁၉၉၇ - ၉၈ လောက်ဆီကရေးခဲ့ဖူးတဲ့ အကြောင်းအရာလေးတွေထဲကတစ်ခုပေါ့။

အဲဒီအကြောင်းလေးကို ထပ်ပြီး ပညာပေးနေပုံထောက်တော့ တစ်ခုခု အကြောင်းရှိမယ်လို့တွေးပြီးသား။

အဖေပြောတဲ့ အကြောင်းလေးတွေကလည်း ကျွန်တော် လေး၊ ငါးယောက်ကြုံခဲ့ပြီးပါပြီ။ သုံးယောက်ကတော့ တစ်လအတွင်း၊ နှစ်လအတွင်း မထင်မှတ်ဘဲ အောင်မြင်သွားကြပုံတွေလာပြောလို့သိရပြီးပါပြီ။ ကျန်တဲ့ နှစ်ယောက်လည်း အောင်မြင်မှာပါ။ ကျွန်တော်ယုံတယ်။

အဲဒီတုန်းက ဘာမှမပြောဘဲ ခုမှထပ်ခါတလဲလဲပြောနေပုံထောက်တော့ အကြောင်းလေးတစ်ခုခုရှိလိမ့်မယ်လို့ တွေးရင်း ကျွန်တော်နဲ့ ကျွန်တော့်ဆီလာကြသူတွေကို ပြန်စဉ်းစားနေလိုက်ပါတယ်။

ရာသီဥတုကလည်း ဒီဇင်ဘာလ။ အေးအေးချမ်းချမ်းလေးဆိုတော့ စဉ်းစားလို့ကောင်းမှကောင်း။

"ဆရာ"

"ဗျား"

"အိမ်ရောင်းချင်လို့"

"ဟုတ်ကဲ့ - ခုနှစ်သတ္တရာဇလေးပြောပါဦး"

သူ့ကိုတွက်လိုက်ပြီးတာနဲ့ သူက်မှာ ငွေရေးကြေးရေးအဆင်မပြေတဲ့ကံတွေတွေ့ရပါတယ်။ ငွေနံမကောင်းတာပေါ့။

"အန်တီငွေနံတွေမကောင်းဘူး။ အရမ်းအထွက်တွေများနေတယ်နော်။ ဝင်တာနဲ့ ထွက်တာနဲ့ ဘယ်လိုမှမကာမိဘူး"

"ဟာ- ဘာလဲ လျှော့ပြောနေတာလား ဆရာလေး"

"ဘာဖြစ်လို့လဲ အန်တီ"

"ပြောတာနည်းတောင်နည်းသေးတယ်။ ရှိတာကုန်နေပြီ။ ပြောပါ အန်တီ့ကိုအားမနာပါနဲ့။ ပြောထဲ့လိုက်ပါဆရာ"

ဒီအန်တီမှာ ခံစားချက်တွေတော်



www.burmeseclassic.com

www.burmeseclassic.com



မင်းပြည့်

သောကြာအာခါ

www.burmeseclassic.com

www.burmeseclassic.com

တော်များနေပုံရပါတယ်။ သူကြည့်ရတာ အားမလိုအားမရနဲ့ မျက်နှာတော်တော် မကောင်းဘူး။

ကျွန်တော်စဉ်းစားနေမိပါတယ်။ ဒီအန်တီကို ဟိုယတြာလုပ်ဒီယတြာလုပ် ဆိုရင်လည်း သူမှာခံစားနေရတဲ့ခံစား ချက်တွေကြောင့် လုပ်မယ်မထင်ပါဘူး။ ကျွန်တော်ထင်တယ်၊ မေးပြီးပြီးသွားမှာ လုပ်မှာမဟုတ်ဘူး။ ဒါဖြင့် တစ်မျိုးတည်း အပန်းမကြီးတာကို အန်တီကိုပြောမှဖြစ် တော့မှာပေါ့။ ဒီတစ်မျိုးက ထိလည်းထိ ရောက်ရမယ်။ လွယ်လည်းလွယ်ရမယ်။ ဒါမှဖြစ်မှာလေ။

အဖေက အဲဒီနည်းကို ဟိုးတုန်း ထဲက လက်တွေ့ပြပြီး သင်ပေးခဲ့တာ ကြာခဲ့ပါပြီ။ ကျွန်တော့်ရှေ့မှာတင် လူ တွေကိုလည်း တော်တော်လုပ်ခိုင်းပြခဲ့ တယ်။ အဖေလုပ်ခိုင်းတဲ့အတိုင်းလုပ်ကြ ပြီး အောင်မြင်ကြလို့ လာလာကန်တော့ ကြတဲ့လူတွေကိုကြည့်ပြီး ကျွန်တော် အဖေ့ကို အရမ်းသဘောကျခဲ့မိတာ တကယ်ပါ။

'ငါလည်း အဖေလိုဟောလာရင် ဒီနည်းနဲ့ လူတွေအများကြီးကိုစိတ်ချမ်း သာအောင်လုပ်ပေးမယ်။ လူတွေအများ ကြီးကိုကျန်းမာရေးတွေကောင်းအောင်၊ လာဘ်တွေရွှင်အောင် ငါလုပ်ပေးမယ်။ စိတ်တွေချမ်းသာအောင်ငါလုပ်ပေးမယ်'

ဆိုပြီး ခဏခဏ စိတ်ကူးယဉ်ခဲ့ ရတာ ဟိုးကလေးဘဝထဲကပါ။ ခုတော့ လက်တွေ့ဖြစ်လာပါပြီ။

"အန်တီဒီလိုလုပ်ပါ။ ကျွန်တော် အန်တီ့ကို နေ့နဲ့နာရီအချိန်တွေရေးပေး လိုက်မယ်။ အဲဒီအချိန်တွေရောက်တိုင်း ဘုရားကို အန်တီပူဇော်ရမယ်။ ပူဇော် ရမှာက စတီးဗန်းကလေးတစ်ခုခုထဲကို ဖယောင်းတိုင်အသေးလေး(၃)တိုင်ထည့် ထွန်း။ သိပ်အကြီးကြီးတွေမလိုဘူး။ ပြီး ရင် ယပ်တောင်တစ်ချောင်းနဲ့ ဘုရားကို ယပ်တော်သွင်းပူဇော်ရမယ်"

"ကျွန်မအိမ်ကဘုရားက ကျောင်း ဆောင်ထဲမှာ . . . "

"ရတယ်အန်တီ။ ကျောင်းဆောင် အပြင်ကပဲ အာရုံပြုရည်မှန်းပြီး ယပ် တော်သွင်း။ ဖြည်းဖြည်းလေးယပ်ခတ်ပြီး ယပ်တော်သွင်း"

"ဘယ်နှချက်လဲ"

"ဂုဏ်တော် (၉) ပါးကို ရည်မှန်း ကန်တော့တဲ့အနေနဲ့ ဘုရားဂုဏ်တော် (၉) ပါးရွတ်ပြီး (၉) ချက်သွင်း။ ဖြည်း ဖြည်းချင်းပေါ့။တစ်ချက်ခတ်ရင် အရပ်၊ နောက်တစ်ချက်ခတ်ရင် သမ္မာသမ္ဗုဒ္ဓါ အဲလိုပေါ့"

"ဩော် - သိပြီ၊ သိပြီ"

"ဖယောင်းတိုင်ကိုခတ်ရမှာမဟုတ် ဘူးနော်။ ဖယောင်းတိုင်ရှေ့မှာခတ်ရမှာ မဟုတ်ဘူး။ ဘုရားကို ယပ်တော်သွင်း တာ"

"ဩော် - ဖယောင်းတိုင်က သတ်သတ်ထွန်းထားရမှာ"

"ဟုတ်တယ် အန်တီ။ ဖယောင်း တိုင်က ဘုရားကို ပူဇော်ထားတာလေ။ ဒါက သူ့ဟာသူပူဇော်ထား၊ ယပ်တော် က သတ်သတ်သွင်း"

"ဩော် - သိပြီ"

"အန်တီရွတ်ရမှာရှိတယ်။ ဘာလဲ ဆိုတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ ရတနာ (၃) ပါးကို အခေါက် (၃၀) ပြည့်အောင်ရွတ်ရမယ်"

"ဩော် - နည်းနည်းလေးပါ၊ ရ တယ်"

"နည်းတော့နည်းတယ် အန်တီ။ ဒါပေမယ့် သေချာအာရုံစူးစိုက်ထားပြီး ဘုရားကိုအာရုံပြုပြီးမှ တစ်ခွန်းချင်းပီပီ သဘရွတ်ရမှာ။ အခေါက်(၃၀)လုံး အဲလို ရွတ်ရမှာ၊စိတ်ဟိုရောက်ဒီရောက်ရောက် လို့မရဘူး။ လက်အုပ်ချီရွတ်။ အဲဒါက ယပ်တော်သွင်းပြီးမှရွတ်"

"ဩော် - သိပြီ"

"ဒါပဲလုပ်ပါ အန်တီ။ ဘယ် လောက်လုပ်ရမလဲဆိုတော့ တစ်ခါလုပ် ရင် (၉) ရက်ပဲ။ စိတ်ဟိုရောက်ဒီရောက် ရောက်လို့တော့ စွမ်းမှာမဟုတ်ဘူးနော် အန်တီ။ အဲဒါတော့ အန်တီ့အတွက် နည်းနည်းခက်နေလိမ့်မယ်။ သေချာ အာရုံစိုက်ပြီး တစ်ခွန်းချင်းရွတ်ရမှာ"

"ဩော် - သိပြီ၊ (၉) ရက်ဆိုရပြီ လား"

"(၉) ရက်လုပ် နား၊ ပြီးရင် (၉) ရက်လုပ်။ နှစ်ကြိမ်၊ သုံးကြိမ်တော့လုပ် ပေါ့ အန်တီရယ်။ ဘာမှပင်ပန်းတာမှ မဟုတ်ဘဲ။ တချို့လည်း နှစ်ကြိမ် လောက်နဲ့ အောင်မြင်သွားတယ်။ တချို့ က (၉) ကြိမ်လောက်လုပ်မှ အောင်မြင် တယ်။ အဖေ့မိတ်ဆွေတော်တော်များ များကတော့ နှစ်ပေါင်းကြာခဲ့ပြီ၊ တစ်လ ကို (၉) ရက် အဲလိုပူဇော်ကြတယ် ခုထိ ပဲ။ သူတို့ကတော့ ရှိပြီးရင်းရှိ၊ ပြည့်ပြီး ရင်းပြည့်နေကြပါပြီ"

အဖေကတော့ သူမိတ်ဆွေတွေ အဲလိုအောင်မြင်နေကြရင် ပြုံးလို့ပေါ့။

အဲဒီလို ကြုံခဲ့ရတဲ့ အန်တီ ခုအိမ်ရောင်းထွက်သွားပါပြီ။ အိမ်တစ်လုံးပြန်ဝယ်ဖို့တောင်လာ သွားပြီ။ မြို့နယ်တော့ ပြောင်း ပေါ့။ ဘာပဲဖြစ်ဖြစ်လေ အောင်မြင် ဖို့က အဓိကပဲ။ ငုတ်တုတ်ထိုင်ဒုက္ခ မယ့်အစား တစ်လကျော်လောက် နဲ့ အဆင်ပြေသွားတော့ မကောင်း လား။

အန်တီ့လိုမျိုးတစ်ယောက် တော့ သူငယ်ချင်းတစ်ယောက်ပါ။ မိန်းကလေး။ သူ့ယောကျ်ားက ငွေမအပ်တော့တာကစပြီးဖြစ်ရတဲ့ ဒုက္ခ။ သူကလည်းသူပဲ၊ အသုံး များတော့ ယောကျ်ားကမအပ်ချင် နဲ့တူပါရဲ့။

"ဘယ်လိုခေါ်ရမလဲ၊ ဆရာ ပြည့်ပေါ့နော်"

"ရပါတယ်ဟာ၊ တို့တွေကတော့ သူငယ်ချင်းတွေပဲ။ မင်းပြည့်ပဲခေါ် ရပါတယ်။ ဘာဖြစ်လဲ၊ သူငယ်ချင်း ဟာ"

"မဟုတ်ဘူးလေဟယ်။ ငါ ဆီလာပြီးအကူအညီတောင်းရတာ ငါကလေးစားရမှာပေါ့"

"အေးပါ ကဲပြော။ ငါဘာ ကူညီပေးရမလဲ"

ခုနပြောတဲ့ ငွေကိစ္စတွေကို မပြီးနိုင်တဲ့လေသံနဲ့ပြောပြပါတယ်။ တော့်ထောင်ပေးရတာပေါ့။

"အေး - ငါပြောမယ်။ ငါ တစ်ခုလုပ်ခိုင်းမယ်။ အဲဒါကတော့ ရေးပေးလိုက်တဲ့စာရွက်ထဲက နေ့နဲ့ တွေကိုကြည့်ပြီး နင်ဘုရားကိုယပ် သွင်းပူဇော်ဖို့ပဲ"

"အယ် - လွယ်သားပဲဟ"

"အေး-လွယ်ပါတယ်။ ဒါပေမဲ့ ဒီအတိုင်းမရဘူး။ ယပ်တောင်အား (၁) ချောင်းတော့ နင်ဝယ်ရလိမ့်မယ် နိုးနိုးယပ်တောင်ပါ။ ဘုရားကို ယပ် (၉) ကြိမ်သွင်းပြီး ဂုဏ်တော် (၉) ရွတ်ပူဇော်ပေါ့။ အဲဒီယပ်တော် ဘုရားပူဇော်ဖို့ပဲသတ်သတ်ထား"

"အေးပါ"

"နင်သရဏဂုံရွတ်ရမယ်၊အခေါက် (၃၀)"

"ဟယ် - လွယ်သားပဲ"

"အေး-တစ်ခွန်းချင်းအာရုံစူး ရွတ်မှစွမ်းမှာနော်။ အဲလိုမရွတ်ရင် ဘာမှထူးမှာမဟုတ်ဘူး"

သူမျက်နှာပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ယပ်တော်သွင်းပူဇော်ရမည့်သောကြာအခါများ

၁။	တနဂ်နွေနေ့	နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း။ ည (၇) နာရီခွဲမှ (၉) နာရီအတွင်း။
၂။	တနလ်ာနေ့	မွန်းလွဲ (၁) နာရီခွဲမှ (၃) နာရီအတွင်း။
၃။	အင်္ဂါနေ့	နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း။ ည (၉) နာရီမှ (၁၀) နာရီခွဲအတွင်း။
၄။	ဗုဒ္ဓဟူးနေ့	မွန်းလွဲ (၃) နာရီမှ (၄) နာရီခွဲအတွင်း။
၅။	ကြာသပတေးနေ့	နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း။ ည (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း။
၆။	သောကြာနေ့	နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း။ ညနေ (၄) နာရီခွဲမှ ည (၇) နာရီခွဲအတွင်း။
၇။	စနေနေ့	မွန်းတည့် (၁၂) နာရီမှ (၁) နာရီခွဲအတွင်း။

"မျက်နှာမပျက်နဲ့၊ အာရုံစိုက်ရွတ်။ နင်အောင်မြင်ဖို့ပဲလေ"

"အေး - ရွတ်ပါ့မယ်၊ ဒါပဲလား"

"ဘုရားကို ဖယောင်းတိုင် (၃) တိုင်ထွန်း ပူဇော်ထားမယ်။ စတီးပန်းနဲ့ ဆည်ပူဇော်။ ခင်ဗျားသေးသေးအရွယ်ဆိုရတယ်"

"အဲဒီ ဖယောင်းတိုင်မီးကို ယပ်ခတ်ရမှာလား"

"မဟုတ်ဘူး၊ မီးကသတ်သတ် ထွန်းပူဇော်။ လေကသတ်သတ်ယပ်တာ"

"ဩော် - သိတယ်"

"မီးမငြိမ်းစေနဲ့။ သူဟာသူ ဖယောင်းတိုင်ကုန်သွားမှငြိမ်းပါစေ။အဲဒါတော့ အလုပ်လုပ်နေရင်း၊ အိမ်ထဲမှာ သွားရင်းလာရင်းနဲ့စောင့်ကြည့်ပေါ့"

"အေးပါ"

"တစ်ခါပူဇော်ရင် (၉) ရက်ပူဇော်။ နှင့်မွေးနေ့ကပဲဖြစ်ဖြစ်၊ ဘယ်နေ့ကဖြစ်ဖြစ် စပူဇော်ရင်ရတယ်။ (၉) ရက်ပြည့်ရင်တစ်ခါနား။ နောက် (၉) ရက်ပူဇော်၊ အဲလိုလုပ်"

သူကတော့ (၉) ရက်ကို (၅) ကြိမ်လောက်လုပ်ပြီးမှ ထူးခြားသွားပါတယ်။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်း ထူးခြားသွားတာလာပြောတော့လည်းဟော်တာပေါ့။ သူလက်ဆောင်လာပေးတဲ့ ပုဆိုးလေးတစ်တိုင်း သူ့ကိုမေတ္တာပို့နေရတာအမော။

စဉ်းစားလို့ကောင်းမှကောင်း။

ရာသီဥတုကအေးနေတာကိုး။

အဲဒီပညာနဲ့တော်တော်လေးကူညီပေးခဲ့တာ (၃) ယောက်ကတော့ တော်တော်ဟုတ်သွားပါပြီ။ ဒီပြင်လူတွေကိုပါ အခုထပ်ပြီးကူညီပေးနေပါပြီ။ အောင်မြင်ကြဦးမှာပါ။

ဒီပညာက -

အဖေသင်သင်ပေးထားတဲ့ 'အင်္ဂဝိဇ္ဇ'ပညာထဲက 'မီးနှင့်ကားလေ-မြေနှင့်ရေ-မိတ်ဆွေတော်ကြ သဟာယ' ဆိုတဲ့ ပညာပါပဲ။

လျင်မြန်လှတဲ့ စရေဓာတ်ပေါ်ခြိုန်မှာ အန္တောဓာတ်ဆိုတဲ့ မီးအပြင်လေနဲ့ပါ ဘုရားပူဇော်တဲ့အတွက် လေနဲ့မီးတွေပြီး တော်တော့်ကို ထိထိရောက်ရောက်အောင်မြင်တာဖြစ်ပါတယ်။

ကောင်းတဲ့ကိစ္စတွေကိုသာ စီရင်လို့ အကျိုးပေးတဲ့ ပညာခန်းပါ။

ပုံစံနဲ့ပြရရင် -

ဖယောင်းတိုင်သုံးတိုင်ထွန်း

စ ၃ - (သရဏဂုံအခေါက်၃၀ရွတ်)
ဝ - မီး
ရေ ၄ - ယပ်တော်သွင်း(လေ)
၆ - သောကြာအခါ
၂
၅
၀

ဒီလိုပုံစံပါ။

နေ့နဲ့ အချိန်တွေကိုပါ တစ်ခါထဲပြလိုက်ပါတယ်။ ဒီနည်းနဲ့ပူဇော်ကြပြီး အောင်မြင်သွားကြတဲ့ မိတ်ဆွေတွေ၊ အောင်မြင်နေကြတဲ့ မိတ်ဆွေတွေအတိုင်း နောက်ထပ်အောင်မြင်လာကြတော့မယ့် မိတ်ဆွေတွေအတွက်ဆိုပါတော့။

ဒါ သောကြာအခါမှာ မီးနဲ့လေနဲ့တွဲပြီး ဘုရားပူဇော်တာပါပဲ။

ပြောရမယ်ဆို စရေပေါ်ပြီး လျင်မြန်တဲ့အခါဖြစ်လို့ မြန်မြန်ဆန်ဆန် အောင်မြင်ကြတာများပါတယ်။

လုပ်ပုံကိုင်ပုံထိရောက်မှုအပေါ် မူတည်ပြီး တစ်လတန်သည်၊ နှစ်လတန်သည်လောက်ပဲကွာပါတယ်။ တချို့ဆို ရက်ပိုင်းနဲ့တောင်အောင်မြင်ကြသူတွေရှိပါတယ်။

ကျွန်တော်သိနေပါတယ်။ ဒီအစီအရင်ကိုစီရင်ကြသူတိုင်း တစ်နည်းနည်းနဲ့ အောင်မြင်ကြမှာ သေချာပါတယ်။

ဒီအစီအရင်ကို ကျွန်တော်ပေးရတိုင်းလည်း ကျွန်တော်ကိုယ်တိုင် အရင်းကို တက်ကြွနေတတ်ပါတယ်။

နောက်ကိုလည်း နေ့တိုင်းတွေ့နေရတဲ့အတွေ့အကြုံတွေထဲက အောင်မြင်အောင် ဘယ်လိုအကြံပေးခဲ့ရတယ် ဆိုတာလေးတွေတင်ပြနိုင်ဦးဒို့ -

ကြိုးစားသွားပါဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဝိုးတဝါး

လက်မည်းကြီးများနှင့်ရိုးမကျား

"ဟေ့၊ဟေ့ - မြို့ကြီးပြကြီးတွေမှာ မီးသွေးတစ်ပိဿာလေး၊ ငါးရာဖြစ်ကုန်ပြီတဲ့။ ဒီနှစ်တော့ တို့လက်မည်းကြီးတွေ ရွှေကိုင်ကြရမည့်နှစ်ပဲဟေး၊ ရွှေကိုင်ကြရမည့်နှစ်ပဲ"

ဦးကြီးထွန်း ကြုံးဝါးလိုက်သည်မှာ အမှန်ပင်။

မြို့ကြီးပြကြီးများတွင် မီးသွေးတစ်ပိဿာ လေး၊ ငါးရာစွေးရကုန်ပြီ။ ထို့ကြောင့် ရိုးမတောင်ခြေရှိ မီးသွေးဖုတ်သမားများမှာ ဤနှစ်တော့ သူတို့၏ လက်တွင် 'ရွှေကိုင်ရပြီ၊ ရွှေဝယ်နိုင်ပြီ' ဟု ဝမ်းသာအားရဖြစ်ကုန်ကြ၏။

သူတို့ကြားသောသတင်းမှာအမှန်ပင်။ မကြာမီကာလ၌ သူတို့၏ မြို့နယ်လေးရှိ မီးသွေးကုန်သည်များ၊ မီးသွေးပွဲရုံများက လူများသည် ရွာစဉ်လျှောက်၍ ဆွေမျိုးသားချင်းတော်စပ်သူများကို ကြိုတင်စရန်ငွေပင်ပေးလာကြသည်။ မီးသွေးကောက်မည့်သူ မီးသွေးဖိုကို ကြိုချုပ်မည့်သူများလည်း ခြေချင်းလိမ်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း မီးသွေးဖုတ်သမားများ သူ့ထက်ငါဦး သက်ဆိုင်ရာတောကောင်းချောင်းကောင်းများမှတစ်ဆင့် အပတောများတွင် ခွင့်ပြုချက်ယူကြသည်။ အပတောဆိုသည်မှာ ဒေသခံများအတွက် အိမ်သုံးယာသုံးခွင့်ပြုထားသောတောကို ခေါ်သည်။ ထိုအပတောများကိုလိုင်စင်ယူကြသည်။ အထူးသဖြင့် သစ်တောကြီးများနှင့်ဆက်စပ်နေသော အပတောများကို ပို၍လက်ဦးမှုယူကြ၏။ အကြောင်းမှာ အပတောကိုအခြေခံပြီး မီးသွေးကောင်းရန်ိုင်သော သစ်မာ၊ သစ်ကောင်းများကို ဥပဒေလွတ်ခုတ်ယူပြီး မီးသွေးဖုတ်ကြရန် ဖြစ်၏။ ဤသည်မှာ မီးသွေးခိုးဖုတ်နည်းတစ်မျိုးပင်။

ထို့ကြောင့် ဖက်သန်းကုန်းရွာကလှည်း(၃)စီးသည် မီးသွေးဖုတ်ရန် တောတက်လာကြ၏။ လှည်း (၃) စီးတွင် ခိုကွာသမားများ အပါအဝင် လူ (၉) ယောက်ပါသည်။ သူတို့မှာ တောထဲရောက်က မီးသွေးဖုတ်မည့်သူ (၃) ဆိုင်း (၆) ယောက်သာ တောထဲ၌နေခဲ့ကြရမည်ဖြစ်ပြီး ရိက္ခာပို့ရန်ငှားလာသူများက မိမိတို့ရွာကိုပြန်ကြရမည် ဖြစ်သည်။

မိမိတို့ရွာက ဝေလီဝေလင်းအချိန်ဘဝင် တောတက်လာကြသော သူတို့သည် နေမွန်းမတည့်မီပင် သူတို့စခန်းချမီးသွေးဖုတ်ရမည့်တောထဲကို ရောက်လာကြ၏။ ထိုအခါ လှည်း (၃) စီးမှ မီးသွေးဖုတ်ရာတွင်သုံးသော လက်နက်ကိရိယာများနှင့်ရိက္ခာများကို စုပုံထားခဲ့ကြပြီး လှည်း (၃) စီးကို ရွာပြန်လွှတ်လိုက်ကြသည်။ ထိုလှည်း (၃) စီးသည် နေမဝင်မီ မိမိတို့ရွာကိုရောက်သွားကြပေလိမ့်မည်။

မီးသွေးဖုတ်ရန်ကျန်နေခဲ့ကြသော သူများမှာ ဦးဆောင်ကြီး၊ ဦးကြီးထွန်း၊ လှထွန်းအောင်၊ မောင်သိုက်၊ သိမ်းမောင်၊ ရွှေမော်တို့ဖြစ်ကြ၏။ အလာတုန်းက (၉)ယောက်ဖြစ်သော်လည်း ဆင်အောင်းကျားနေတောနက်ကြီးဖြစ်၍ ကြည်ဝင်း၊ တင်ဆိုင်၊ စိန်သန်းတို့ကို ကျွဲနွားများနှင့်အတူ ပြန်လွှတ်လိုက်ကြ၏။ သူတို့ (၆) ယောက်သည် ထိုနေ့၌ သူတို့နေရန်တဲကို အလျင်ဆောက်လုပ်ကြသည်။ နောက်တစ်နေ့မှ မီးသွေးဖုတ်ရန် ထင်းရှာ၊ ဖိုဆောက်အလုပ်ကိုလုပ်ကိုင်ကြပြီး မီးသွေးဖုတ်ကြတော့သည်။ သူတို့ကဲ့သို့ အနီးအနား၌ ဦးကျော်ခိုင် ဦးဆောင်သော မီးသွေးဖိုတစ်ဖိုလည်းရှိသေး၏။ သူတို့မှာ လုပ်ကိုင်ဆောင်ရွက်ရင်း တစ်ဖိုနှင့်တစ်ဖို ကူးလူးဆက်ဆံအသွားအလာလည်း ရှိကြသည်။

တန်ခူးကုန်၍ ကဆုန်လဆန်းကို ရောက်လာပြီ။ကောင်းကင်တွင် တိမ်များကိုလည်း မကန်းတစ်ကွက်ကဏန်းယှက်၍ မြင်နေရပြီ။ သူတို့မှာလည်း မီးသွေးက လိုသလောက်ရပြီဖြစ်သဖြင့် ရွာကို လှည်း(၆)စီးဆင့်၍ပင် တောထဲမှမီးသွေးတွေကို အခေါက်ခေါက်အခါခါသယ်နေကြလေပြီ။ သူတို့သုံး၊လေးလနေနေခဲ့ကြသော တဲဝန်းကျင်တွင် အိပ်တန်းလုရင်းရန်ဖြစ်နေကြသော ငှက်သံများကိုလည်း ကြားနေရ၏။

ရွာကရောက်နေသော လှည်း (၃) စီးပေါ် မီးသွေးအိတ်တွေတင်နေကြ၏။ နွားနှင့် ကျွဲတွေကိုတော့ အစာကျွေးရေတိုက်၍ ပတ်ဝန်းကျင်တွင် လွှတ်ထားကြသည်။ ဤကျွဲ၊ နွားများသည် မနက်ဖြန်တွင် ရွာကို မီးသွေးသွားပို့ကြရမည့် လှည်းဆွဲကျွဲ၊ နွားများ ဖြစ်သည်။

နွားတွေနှာမှုတ်သံကြောင့် လှည်းပေါ် မီးသွေးတင်နေသူတွေ အလန့်တကြားဖြစ်ကုန်ကြ၏။

မောင်သိုက်က -

"ထွန်းအောင်၊ ဘာလဲကွ"

ဟု မေးလိုက်၏။

"မသိဘူး၊ ဟို ဟိုမှာ ဦးကျော်ခိုင်တို့ဖိုက နွားတွေနဲ့တူတယ်။ ဒီဘက်ကို ပြေးလာနေကြပြီဘာတွေ့လို့လဲမသိဘူး"

မောင်သိုက်နှင့် ထွန်းအောင်တို့စကားကြောင့် စံကျော်နှင့် ရွှေမော်တို့ကလည်း ဦးကျော်ခိုင်တို့ဖိုက နွားတွေပြေးလာရာဘက် လှမ်းကြည့်ကြ၏။ ထိုအချိန်မှာပင် ဦးကျော်ခိုင်တို့နွားတွေသာမဟုတ်။ သူတို့နွားတွေ၊ ကျွဲတွေပါလန့်ပြေးဝရုန်းသုန်းကားဖြစ်ကုန်ကြသည်။

"ဟဟ - တို့နွားတွေပါလန့်ကုန်ပြီ လုပ်ကြပါဦး"

မောင်သိုက်၏ စကားပင်မဆုံးလိုက်။ ကျားဟိန်းသံကြီးကပေါ်ထွက်လာသည်။

"ကျား. . . ကျား. . ကျားကြီးဗျို့၊ ကျား. . . ကြီး. . . . ကျားကြီး"

သူတို့တဲဘက်ကပြေးလာကြသော နွားနောက်ကိုလိုက်လာရင်း ဦးကျော်ခိုင်လည်း မောင်သိုက်တို့ဆီရောက်လာ၏။ ဦးကျော်ခိုင်တို့နွားတွေမှာ ဦးထွန်းကြီးတို့နွားအုပ်နှင့်ပေါင်းသွားကာ ရုတ်ရုတ်

www.burmeseclassic.com

www.burmeseclassic.com

သဲသဲဖြစ်ကုန်ကြ၏။

ဝရုန်းသုန်းကားထွက်ပြေးကြသော နွားတွေကို လိုက်ထိန်းရင်း ဦးကြီးထွန်းတို့ မီးသွေးဖိုနား ရောက်သွားကြ၏။ ဦးကြီးထွန်းကလည်း -

"ဘယ်မှာလဲဗျို့ ကျား၊ စောစော က အော်ကြသံကြားလိုက်လားလို့"

"ဟို. . . ဟိုဘက်မှာ။ နွားတွေ နောက်ကို လိုက်လာတယ်ထင်တာပဲ။ ရဲလိုက်တဲ့ကျားဗျာ၊ ကျုပ်တို့တဲနားက နွားတွေကိုလာခွေးတာ။ အဲဒါကြောင့် နွားတွေလန့်ပြေးကုန်တာ"

ဦးကြီးထွန်း၏ အမေးမဆုံးမီ ဦးကျော်ခိုင်၏ အော်ပြောလိုက်သံနှင့် အတူ ထွန်းအောင်၏ညီ ထွန်းမောင် အော်ပြောသံကိုလည်း ကြားလိုက်ကြရ ၏။

"ဟုတ်တယ်ဗျို့၊ ဟုတ်တယ်၊ ဟုတ်တယ်။ ဟိုကုန်းပေါ်ကို ကျားကြီး ရောက်နေပြီ"

ပြောပြောဆိုဆိုနှင့်ပင် ထွန်းမောင်က နီးစပ်ရာသစ်ပင်ပေါ် ပြေးတက်၏။

ဦးကျော်ခိုင်နှင့် စံကျော်တို့ မီးသွေးဖိုလူနေတဲမှာ ရိုးမနှင့်ပိုနီးသဖြင့် ကျားကြီးသည် သူတို့တဲဘက်ကို အလျင် ရောက်လာခြင်းပင်။ သူတို့ဆီကနွားများ ဤဘက်ကိုပြေးလာကြခြင်းမှာ ကျားကြီး ကို တွေ့သွားကြ၍ဖြစ်ရမည်။

ယခုအချိန်ထွင် မီးသွေးဖုတ် သမားများမှာလည်း ဝေစုမီးသွေးတွေကို လှည်းနှင့်တိုက်ကာ ရွာရောက်သူက ရောက်သွားကြပြီ။ ထို့ကြောင့် ဦးကျော် ခိုင်တို့မှာလည်း သူတို့တဲ၌ လှည်းနှစ်စီး နှင့် လူသုံးယောက်သာကျန်တော့သည်။

ကျားကြီးမှာ ထွန်းအောင်တို့နှင့် ပေ (၁၀၀) ကျော်တွင်ရှိသော ကုန်းပေါ် ၌ မားမားကြီးရပ်ပြီး ကျွဲ၊ နွားများကို ဟန်ရေးပြခြိမ်းခြောက်၍ အုပ်ခွဲရန် ခြိမ်းခြောက်နေ၏။ အချိန်ကလည်း ဆည်းဆာကွယ်ပျောက်ကာ မှောင်ရိပ် သန်းနေပြီ။ ထို့ကြောင့် ကျားရဲကြီး၏ ကြီးမားသော မျက်လုံးအစုံမှာ မီးကျီး မီးခဲပမာ ရဲရဲနီနီတောက်ပလာသည်။ ကျားရဲကြီးကိုကြည့်၍ လူတွေမှာ ကျော ချမ်းနေကြသည်။

သူတို့တစ်တွေမှာ လူများသော် လည်းမစည်။ အစီအစဉ်လည်းမရှိကြ။ သစ်ပင်ပေါ် တက်ပြေးသူပြေး။ တဲခေါင်း မိုးပေါ် ရောက်သူကရောက်၊ လှည်းပေါ် နှင့် တဲထဲဝင်ပြေးသူကပြေး။ အော်သူက အော်ဟစ်သူကဟစ်နှင့် တောထဲတွင် တိုင်းပြည်ပျက်သည့်အလား ကျွဲသံ၊ နွားသံ၊ လူသံတွေနှင့် ဝရုန်းသုန်းကားဖြစ် ကုန်ကြသည်။

အများစုမှာ ကျားကို ကြားဖူးကြ သော်လည်း ယခုလို နဖူးတွေ့ဒူးတွေ့ တွေ့ဖူးကြသူတွေ မဟုတ်ကြ။ လူငယ် တွေမှာ ကြောက်လန့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်မသိဖြစ်ကုန်ကြ၏။ ယခု အချိန်တွင် သူတို့၏အားထားရသူ ဦးကြီး ထွန်းမှာလည်း ဘယ်ရောက်သွားသည် မသိ။

ညကလည်း မှောင်သထက်မှောင် လာပြီ။ လူတွေအားလုံးမှာ ကစဉ့် ကလျားဖြစ်ပြီး တောင်မင်း မြောက်မင်း မကယ်နိုင်ဆိုသလို မိမိအသက်အတွက်၊ ကျားကိုက်မခံရရေးအတွက်သာ နီးစပ် ရာ သစ်ပင်၊ တဲခေါင်မိုး စသဖြင့် ကျား ရန်မှလွတ်မည့်နေရာတွေကို အသီးသီး ရောက်ကုန်ကြသည်။ ယခုအခါ ကျား ကိုလည်း အမှောင်ထဲ၌ မျက်လုံးနှစ်လုံး သာ မြင်နေရတော့သည်။

ထွန်းမောင်တို့ကျွဲကြီးနှစ်ကောင် ကမူ နွားများလို ကစဉ့်ကလျားထွက် မပြေးကြဘဲ တစ်ကောင်နှင့်တစ်ကောင် ဖင်ချင်းကပ်ထားကြ၏။ သူတို့၏ချွန်မြည့် နေသော ချိုအစုံကိုထောင်ကာ ပတ်ချာ လှည့်၍ ခံနေကြသည်။ ကစဉ့်ကလျား ထွက်ပြေးနေကြသော နွားများသည် ကျွဲ ကြီးနှစ်ကောင်၏ အားကိုးနှင့်လားမသိ၊ ကျွဲကြီးနှစ်ကောင်နောက်ပြန်ရောက်လာ ကြသည်။ ပြီးတော့မှ ကျွဲနှစ်ကောင်လို ဖင်ချင်းပူးပြီး လူများကို အကူအညီ တောင်းသလို တဗွတ်အဲအဲအော်မြည် နေကြ၏။ သူတို့နှစ်ကောင်နောက်ကို နွားအုပ်ပါပြန်ရောက်လာကြသောအခါ ကျွဲနှစ်ကောင်ကလည်း အားရှိသွားပုံရ ၏။ တညည်းညည်းမြည်ကာ ကျားကြီးကို 'လာ စမ်း' ဟု စိန်ခေါ်နေသလိုပင်။ ဤကျွဲ နှစ်ကောင်မှာ မီးသွေးတိုက်ရင်း တောထဲ တောင်ထဲ အကြိမ်ကြိမ်ရောက်ဖူးပြီး ကျားနှင့်လည်း အကြိမ်ကြိမ်တွေ့ဖူးထား ကြသော ကျွဲကြီးနှစ်ကောင် ဖြစ်သည်။ ထို့ကြောင့်လည်း ကျွဲကြီးနှစ်ကောင်မှာ နွားများလို အကြောက်ကြီးကြောက်နေ ကြပုံမရ။ ကျားကြီးလှည့်ပတ်ခွောင်းလာ ရာဘက်ကို နှစ်ကောင်စလုံးက ချီတယမ်း ယမ်းနှင့် ဖင်ချင်းပူးကာ လှည့်ပတ်ခံနေ ကြ၏။ ကျားက ကျွဲကြီးနှစ်ကောင်နောက် ရှိနွားများကို ကစဉ့်ကလျားဖြစ်ပြီး ထွက် ပြေးရန်ဟိန်းဟောက်အသံပေးနေသည်။ သို့သော် ဤတစ်ခါ စောစောကလို ကစဉ့်ကလျားထွက်မပြေးကြတော့ဘဲ ကျွဲကြီးနှစ်ကောင်လိုပင် ဖင်ချင်းထိ အော်မြည်ချီခါလျက်ခံနေကြ၏။

ဤကျွဲကြီးနှစ်ကောင်ကား အံ့ဖွယ် ဖြစ်၏။ နွားဘက်ကို ကျားလှည့်သွား သည်နှင့် မိမိကိုယ်ကို ကာကွယ်ခံမည် နွားများရှေ့ကိုပါလှည့်၍ နွားများ အကာအကွယ်ပေးနေကြသလိုပင်။ ဤ သည်ကို ကျားပေါ်ကြီးကလည်း ရိပ် ပြီး ကျွဲကြီးနှစ်ကောင်ကို ဒေါသဖြစ်မှန် ပုံရ၏။ ထို့ကြောင့် ကျားကြီးက ဟိန်း ပေးကာ ဤတစ်ခါတော့ ကျွဲကြီး ကောင်ကောင်ပေါ်ကို ခုန်ကိုက်မည်ဟု ဆုံးဖြတ်လိုက်ပုံရ၏။ ထိုအခါ သစ်ပင်ပေါ် ရောက်နေသော ထွန်းမောင် တို့ ညီအစ်ကိုက အထိတ်တလန့် အော် လိုက်ကြသည်။

"ကျား ကျားကြီး၊ ကျုပ်တို့ ကျွဲ နှစ်ကောင်ကို ကိုက်တော့မယ်ဗျို့။ ကြီး တော့မယ် ခုန်အုပ်တော့မယ်"

သူတို့ ညီအစ်ကိုနှစ်ယောက်သား ကျွဲ၊ နွား၊ ကျားတို့နှင့် အနီးဆုံးသစ်ပင် ပေါ် ရောက်နေကြသဖြင့် အတော်အား ထင်ရှားရှားမြင်နေကြပုံရ၏။

"ဝေါင်း၊ ဟောင်း ဟူး၊ ဝူး ဝူး"

"ကျားဘသားကွ၊ ဟေ့ - ကျား ဘသား"

ကျားကြီးခုန်အုပ်လိုက်သံနှင့်အတူ အောင်မြင် ခန့်ညားသော အသံနက် တစ်ခုနှင့် မီးတစ်ပွင့်သည် လင်း လင်းလက်သွားကာ လေထဲ၌မီးကွင်း သွားပြီး ကျားကြီး၏ လည်ပင်းသွား စွပ်နေလေသည်။

ကျွဲ၊ နွားတစ်ကောင်ကောင်မှာ မှန်းပြီး တအားခုန်ကိုက်လိုက်သော ကျားကြီးမှာ မမျှော်လင့်ဘဲ သူ့နေ ရာတ်ခနဲထွက်ပေါ်လာသော မီးကွင်း သူ့လည်ပင်းလာစွပ်လေရာ ဟန်ချက် ပျက်ကာ လိုရာမရောက်တော့ဘဲ ပြင်ပေါ် ပစ်ကျသွားသည်။

တောအတွေ့အကြုံနှင့် အတွေ့အကြုံ ရင့်သန်နေကြသော ဖိုသူကြီးနှစ်ယောက်သည် မီးကွင်း ဒူးလေးတွေနှင့် ကျွဲနွားအုပ်ထဲ ဘယ် ဘယ်နည်းရောက်နေကြသည်ကို လူ မများမှာ ရိပ်ပင်မရိပ်မိလိုက်ကြ။ ကျွဲ နွား အုပ်ထဲက ဦးကြီးထွန်းနှင့် ဦးကျော် တို့အသံကို ကြားကြရတော့မှ ကျွဲ တွေကလည်း လူအားကိုးနှင့်ထွက် ကြသည်ကို သိကြရတော့သည်။

မီးကွင်းလည်ပင်းစွပ်နှင့် ကြွေ

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ပစ်ကျသွားသော ကျားကြီးမှာ သွေးရူးသွေးတန်းနှင့်ခုန်ထပြီး လည်ပင်းတမိုးကွင်းကို လက်နှင့်ကုတ်ဆွဲလိုက်ရာ လည်ပင်းက မီးကွင်းပြုတ်မကျသည့်အပြင် လက်တစ်ဖက်ပါ မီးကွင်းထဲ ဝင်သွားပြန်၏။

"ဦးကျော်ခိုင် ပစ်ဗျ၊ ပစ်ပစ် မြန်မြန်ပစ်"

ဦးကြီးထွန်း၏ အော်ပြောလိုက်သံနှင့်အတူ နောက်ထပ်မီးကွင်းတစ်ကွင်းက ကျားကြီးကိုယ်ပေါ် ပစ်ကျလာသလို ဒူးလေးမြားတစ်စင်းကလည်း ကျားလည်ပင်းလာစိုက်နေပြန်၏။ ဒုတိယပစ်လိုက်သော မီးကွင်းမှာ ကျားလည်ပင်းမစွပ်မိ။ ကျားကိုယ်ပေါ်ကိုသာ မီးစွဲလောင်သောအခါ ကျားကြီးမှာ ဟိန်းသံဝင်မပြုနိုင်တော့ဘဲ -

"ဂရွူး. . . ရွူး. . . ရွူး. . . ပူး. . . ဒူး. . . "

ဟု အော်ဟစ်ကာ ဦးတည်ရာမဲ့ထပြေးရင်း ကွဲ၊နွားအုပ်အနီးတွင် လဲကျသွား၏။ ထိုအခါမှ ကွဲနွားများမှာလန့်ပြီး တည္ကြည္၊ တဗွတ်အဲအော်မြည်ကာ ဝရုန်းသုန်းကားထွက်ပြေးကြတော့သည်။ ကျားကြီးက သူ့ကိုယ်ကိုထိန်းမရပစ်ကျသာသလို ဦးတည်ရာမဲ့ထွက်ပြေးသော ကွဲနွန်ကောင်မှာ ကျားကြီးကိုပင်တက်နင်းမိသွားကြသည်။ ထိုအခါ လည်ပင်းမီးကွင်းနှင့် မြားစူးခံနေရသော ကျားကြီးမှာ သွေးရူးသွေးတန်းနှင့် ခုန်ထပြေးပြန်၏၊ သို့သော် ဝေးဝေးကို ထွက်မပြေးနိုင်ဘဲ ဒေါက်ထောက်ရပ်ထားသော ကွဲသူ့ညီးထောက်ကို ဝင်တိုက်မိပြန်၏။ ကွဲလှည့်ထောက်၊ ပြုတ်ကျသောအခါ သူ့ညီထမ်းပိုးရိုက်မိပြီးလဲကျသွားပြန်၏။

"ဟေ့ကောင်တွေ၊ ကွဲနွားတွေကို မြန်မြန်ထမ်းကြပါဟာ။ ကျားက မင်းတို့ကို မကိုက်နိုင်တော့ဘူး။ ကွဲ၊ နွားတွေ ဝေးဝေးရောက်ကုန်မယ်။ မြန်မြန်ထိန်းကြ၊ မြန်မြန်ပြေးထိန်းကြ။ ဦးကျော်ခိုင် ကျားကိုထပ်. . . ဟာ - ဘယ်သူလဲကွ၊ အတင့်မရဲပါနဲ့။ ကျား. . . ကျား မသေသေးဘူးဟ"

'ကျားက မင်းတို့ကို မကိုက်နိုင်ဘူး' ဟူသော ဦးကြီးထွန်း၏ အော်ပြောသံကြောင့် စောစောက ကျားကို ကြောက်ကာ တဲထဲဝင်ပြေးပုန်းနေသော ဆောင်သိုက်က လှံဆွဲထွက်လာပြီး သူ့ဦးဦးမှထိုးကွင်းထဆိုသလို မီးလောင်နေသော ကျားကြီးကို ဝင်ထိုးသည်။

တဲပတ်ဝန်းကျင်တွင် မီးဖိုနှစ်ဖို၊ ကျားလည်ပင်းတွင် ယခုအထိ တောက်လောင်နေသော မီးကွင်း၊ လွဲချော်သွားသော မီးကွင်းတို့၏အလင်းနှင့် ယခုတော့ မီးသွေးတဲပတ်ဝန်းကျင်တွင် အခြေအနေကို လင်းလင်းထင်းထင်း မြင်နေကြရပြီ။

ကျားမှာ မီးလောင်ခံရသည့်အပြင် ဦးကျော်ခိုင်၏ မြားချက်၊ မောင်သိုက်၏ လှံချက်နှင့် ငြိမ်းသက်သေဆုံးသွားပြီ။ သို့သော် ဦးကြီးထွန်း၊ ပထမပစ်လိုက်သော မီးကွင်းက ကျားလည်ပင်းတွင်တောက်လောက်နေတုန်း။

ထိုအချိန်မှာပင် မီးသွေးကော်သောသံထွန်ခြစ်ကြီးကိုဆွဲကာ ရွှေမောင်က ကျားသေဆီပြေးချလာပြန်သည်။

"ဟေ့ကောင် ဟေ့ကောင်၊ ကျားက သေနေပြီကွ။ မင်းသံထွန်ခြစ်ကြီးနဲ့ ဘာလုပ်မလို့တုံး။ ကျားသားရေတွေ စုတ်ပြတ်ကုန်ရင် ဈေး. . . "

သိမ်းမောင်ကြီး၏ စကားပင်မဆုံး -

"အမွေးတွေကို မီးလောင်ကုန်ရင် ကျားသရေက ဈေးရတော့မလားဗျ။ ကျားကိုယ်ကမီးကွင်းကို သံထွန်ခြစ်နဲ့ မြန်မြန်ဆွဲချွတ်ရတော့မပေါ့ဗျ"

ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့ လူကြီး(၂)ယောက်မှာမူ စိတ်မောကိုယ်မောနှင့် ပင်ပန်းကာ ယခုထိ လူငယ်များလို ကျားသေကိုသွားမကြည့်နိုင်ကြသေးဘဲ တဲထဲပြေးဝင်ကာ ရေသွားသောက်နေကြသည်။ ထိုစဉ် ထွန်းအောင်တို့ ညီအစ်ကို (၂) ယောက် သစ်ပင်ပေါ်က ပြန်မဆင်းတတ်၍ အကူအညီအော်ဟစ်တောင်းခံနေသံကို ကြားလိုက်ကြရပြန်၏။ ထို့ကြောင့် ကိုကျော်စိန်က တဲတွင်းထောင်ထားသော ဝါးလုံးနှစ်လုံးကို ပြေးယူကာ -

"ခွေးကောင်လေးတွေ၊ မင်းတို့ တက်တုံးကဘယ်လိုတက်လို့ သစ်ပင်ပေါ် ရောက်သွားတာလဲ"

ဟု အော်သည်။

"ကိုကြီးစိန် မြန်မြန်လုပ်ပါဗျ၊ ကျားကြည့်ရအောင်။ အဲ - ဟို ဟိုတက်တုန်းကတော့ ကြောက်ကြောက်နဲ့ ပြေးတက်မိကြတာပေါ့ဗျ။ ရင်ဘတ်တွေတောင် ပွန်းပဲ့ကုန်ပြီ"

ထွန်းအောင် သစ်ပင်ပေါ်က အော်ပြောနေ၏။

ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့ ရေသောက်ပြီး တဲထဲကထွက်လာကြချိန်မှာ လူငယ်တွေအားလုံး ကျားသေကို ဝိုင်းကြည့်နေကြ၏။

ဤသည်ကို ဦးကြီးထွန်းက -

"ဟေ့ကောင်တွေ၊ မင်းတို့ ကျားသေကို ဘယ်အချိန်ကြည့်ကြည့် ရွာရောက်မှကြည့်လည်း မရဘူးလား။ ကွဲနွားတွေကို ထိန်းကြပါပြောနေတာ။ ခုကွဲတွေ၊ နွားတွေဘယ်ရောက်ကုန်ပလဲ။ တစ်ကောင်မှမမြင်ပါလား"

ဟု အော်ငေါက်လိုက်၏။

ထိုအခါမှ လူငယ်တွေမှာ ကွဲနွားတွေကို လှည့်ပေးရှဲလိုက်ရကြ၏။ မိုးတုတ်ကိုယ်စီနှင့် သူကွဲ၊ ကိုယ့်ကွဲ၊ သူနွား၊ ကိုယ့်နွား နာမည်များနှင့် 'ယော. . . ယော. . . ယော. . . ' ဟု အော်ခေါ်ရှာကြ၏။

လှည်းဆွဲကွဲ၊ နွားများကား သူတို့ပတ်ဝန်းကျင်တွင် တစ်ကောင်မှ မရှိတော့။ မီးကွင်းလည်ပင်းစွပ်နှင့် သူတို့ရှေ့ခုန်ကျလာသော ကျားကြီးကို လန့်ကြောက်ကြောက်ကာ အကုန်လုံးရွာပြန်ပြေးသွားကြပြီ။

ညတွင်းချင်း ဝရုန်းသုန်းကားနှင့် အော်မြည်ပြေးလာကြသော ကွဲ၊နွားများမှာ သူတို့၏ မူလချည်တိုင်ဖြစ်သော ကွဲအုပ်၊ နွားအုပ်တွေကြားထဲ ပြေးဝင်လာကြရာ ချည်တိုင်ရှိ ကွဲအုပ်၊ နွားအုပ်တွေပါ ငေါ့အော်ပြီး ဆူညံသွားကြ၏။

ထိုသို့ မီးသွေးသယ်သွားကြသောကွဲ၊ နွားများလန့်ပြေးလာကြသောအခါ မီးသွေးဖုတ်သွားကြသော ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့အဖွဲ့သည် တောထဲ၌ ညကြီးမင်းကြီး ဒုက္ခတစ်စုံတစ်ခုတော့ မုချတွေ့နေကြပြီဟု ရွာကလူတွေ တပ်ခ်ျပြီး လိုက်လာကြ၏။

ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့ မီးသွေးဖို့ကို ရောက်ကြသောအခါ စိုးရိမ်သောကနှင့် ရွာမှလိုက်လာကြသူများမှာ ကျားကြည့်ရန်လာကြသလိုဖြစ်သွားလေသည်။ ကျားကြီးကလည်း ဧရာမရိုးမကျားကြီး နီလာစင်း။ ဤမျှကြီးသော ကိုးတောင်ကျားကြီးသည် ရွာမှလိုက်လာကြသူများအတွက်မူ အံ့ဖွယ်ဘနန်းဖြစ်သွားလေသည်။

မည်သို့ဆိုစေ ဤနှစ်မီးသွေးဖုတ်သမားတွေမှာ မီးသွေးအပြင် ဧရာမကျားကြီးတစ်ကောင်ကိုပါ ရလာကြသဖြင့် သူတို့အတွက် ရွှေတစ်မူးတစ်ပဲတော့ ကိုင်ကိုင်ကြရတော့မည် ဖြစ်လေသည်။

ဦးကျော့

www.burmeseclassic.com

ဆရာမော်
အလွယ်လေ့လာ
လက်ခုံဗေဒာပညာ

ထက်ခလယ်နှင့်ထက်သူကြွယ်ကြားနေရာ

လက်ခလယ်နှင့်လက်သူကြွယ်ကြားနေရာ

ရည်မှန်းချက်ကြီးသူ၊ ဂုဏ်သရေတိုးတက်ပြီး အများကြည်ညိုအောင် စွမ်းဆောင်နိုင်သူ၊ အခြားသူများနှင့် မိတ်ဖွဲ့ခြင်း၌ (သို့) တွဲဖက်အလုပ်လုပ်ကိုင်ခြင်း၌ အခက်အခဲရှိတတ်သူ၊ အလုပ်တစ်ခုအား တစိုက်မတ်မတ်လုပ်တတ်သူ၊ အများယုံကြည်လက်ခံနိုင်အောင် စွမ်းဆောင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်သူကြွယ်နှင့်လက်သန်းကြား

ထက်သူကြွယ်နှင့်ထက်သန်းကြားနေရာ

လွတ်လပ်မှုလိုအပ်နေသည်သဘော၊ ပုဂ္ဂလဆန်ဆန်နေတတ်သူ၊ အသင်းအဖွဲ့နှင့်မနေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းပြင် အဆိုပါ လက္ခဏာရှင်သည် လူမှုအသိုင်းအဝန်းအတွင်း ဝင်ဆံ့မှုမရှိဘဲ သီးသီးသန့်သန့်နေတတ်သူ၊ ဖိုမကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံမရှိတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်ချောင်းများအားလုံး၏ ကြားနေရာများ

ထက်ချောင်းအားလုံး၏ကြားနေရာ

မိမိအရေးထက် သူတစ်ပါးအရေးကို အလေးထားသူ၊ အပေါင်းအသင်းအုပ်နှင့်နေတတ်သူ၊ မိမိကိုယ်မိမိ ယုံကြည်တတ်သူ၊ မိမိကိုယ်မိမိအားကိုးတတ်သူ၊ မိမိအမြင်အား ကျယ်ပြန့်စွာထုတ်ဖော်တတ်သူ၊ အများ၏ အမြင်အပေါ် စိတ်ရှည်သည်းခံ နားလည်ပေးခြင်းမရှိတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ လက္ခဏာပညာရှုထောင့်အရ အဆိုပါ လက္ခဏာရှင်များမှာ အရာရာအလွယ်တကူ အလျှော့မပေးတတ်ဘဲ ခေါင်းမာမာနှင့် ဆန့်ကျင်တတ်သူများပင် ဖြစ်သည်။

လက်ချောင်းများ၏ ထူခြားသောအရှည်နှင့် ဖြောင့်တန်းမှုအခြေအနေတို့ကို လေ့လာပါ။

လက်ညှိုးသည် လက်သူကြွယ်ထက်ပိုပြီး ရှည်လျားနေပါသလား

ပိုပြီးရှည်လျားပါက အများအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သူ၊ ဦးဆောင်နိုင်သော အရည်အချင်းရှိသူ၊ စိမ်ခန့်ခဲ့နိုင်စွမ်းရှိသူ၊ တစ်ခါတစ်ရံ၌ အာဏာပြုတတ်သူ၊ မိမိကသာသြဇာပေးလိုစိတ်ရှိပြီး အခြားသူတို့၏ အမိန့်အာဏာများ

ထက်ညှိုးနှင့်ထက်သူကြွယ်တို့၏အရှည်နိုင်းယှဉ်ခြင်း

ပိုမိုတိုတောင်းပါက အများပေါ် လွှမ်းမိုးချုပ်ကိုင်လိုစိတ်မရှိသူ၊ များနှင့်ပူးပေါင်းဆောင်ရွက်တတ်သူ၊ ကျိုးသင့်အကြောင်းသင့် စဉ်းစားလေ့တတ်သူ၊ မိမိအစား အခြားသူခေါင်းဆောင်တင်ရခြင်းကို ကျေနပ်ရာထူးအာဏာမက်မောခြင်းမရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်ညှိုးသည် လက်သူကြွယ်ရှိရာဘက်သို့ (သို့) လက်ခလယ်သည် လက်သူကြွယ်ရှိရာဘက်သို့ ကွေးညွှတ်နေပါသလား၊ လက်ညှိုးနှင့် လက်ခလယ်က ထက်သူကြွယ်ရှိရာဘက်သို့ ကွေးညွှတ်နေသလား

အကယ်၍ အထက်ပါအခြေအနေဖြစ်နေပါက ထက်မြက်သော ဉာဏ်ရည်၏ သိစိတ်ဆိုင်ရာ စွမ်းအင်အားမသိစိတ်ဆီသို့ တိမ်းညွတ်နေသဘော ရည်ညွှန်သည်။ လက္ခဏာအနေဖြင့် သူ၊ သူမ၏ မသိစိတ်ဆိုင်ရာ စွမ်းရည်များအား လက်တွေ့ဆုံဖြတ်ချက်ချရာ၌ အများအားဖြင့် အသုံးမည်ဖြစ်သည်။

လက္ခဏာပညာ၏ ထုံးတမ်းအထက်ပါလက္ခဏာသည် ထိုးထွင်းမြင်နိုင်စွမ်းနှင့် အမှန်၊ အများခွဲခြင်းများကို ဖော်ပြသည်။

လက်သူကြွယ် (သို့) လက်သန်း၊ လက်သူကြွယ်နှင့် လက်သန်းဆို၊ လက်ခလယ်ရှိရာဘက်သို့ ကွေးညွှတ်နေပါသလား

အထက်ပါအခြေအနေအ

www.burmeseclassic.com

www.burmeseclassic.com



ထက်ညှိုးနှင့်ထက်ခလယ်က ထက်သူကြွယ်မှီရာတက်သို့ ကွေးညွှတ်နေပုံ

ဟာရှင်၏ မသိစိတ်ဆိုင်ရာ စွမ်းအင်ကောင်းများနှင့် ဖန်တီးနိုင်စွမ်းများကို ရည်ညွှန်းသည်။

ထက်ညှိုးနှင့်ထက်ခလယ်ပူးကပ်နေပုံ

လက်ခလယ်နှင့် လက်သူကြွယ်ပူးကပ်နေပါသလား

လက်ညှိုး၊ ထက်ခလယ်နှင့် ထက်သူကြွယ်တို့ ပူးကပ်နေပုံ

လိုက်အဖြစ်နေရသူ၊ အဖွဲ့အစည်းအတွင်း နောက်လိုက်အဖွဲ့ဝင်အဖြစ်နေရသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။ အဆိုပါလက္ခဏာရှင်များသည် စိတ်ကူးနှင့် ခံစားချက်များအား ထုတ်ဖော်ပြသရန် အတွက်အခက်အခဲရှိနေတတ်ကြသည်။

လက်သူကြွယ်နှင့် လက်သန်း ပူးကပ်နေပါသလား

လက်သူကြွယ်နှင့်ထက်သန်းက ထက်ခလယ်မှီရာတက်သို့ ကွေးညွှတ်နေပုံ

ဂင်းပြင် အဆိုပါလက္ခဏာရှင်သည် စိတ်ကူးယဉ်တတ်သူ၊ အာရုံ (၅) ပါး၏ ထူးခြားသော အခြေအနေများအား ခွဲခြားသိမြင်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

ယခုတစ်ဖန် လက်ချောင်းများအား သက်သောင့်သက်သာအနေအထားဖြစ်အောင်ဖြေလျှော့၍ တစ်ချောင်းနှင့်တစ်ချောင်း ပူးကပ်နေခြင်း ရှိ၊ မရှိ စစ်ဆေးရမည်ဖြစ်သည်။

ထက်ညှိုးနှင့် လက်ခလယ်ပူးကပ်နေပါသလား

လက်ညှိုးနှင့်လက်ခလယ်ပူးကပ်နေခြင်းသည် ဦးဆောင်နိုင်သည့်စွမ်းရည်များအား ကိုယ်စားပြုသည်။ လက္ခဏာရှင်အနေဖြင့် မိမိကိုယ်မိမိယုံကြည်မှုမရှိခြင်းကြောင့် ဦးဆောင်နိုင်သည့် စွမ်းရည်များ ကျဆင်းရသည့်သဘောကို ဖော်ပြသည်။



လက်ခလယ်နှင့်လက်သူကြွယ်ပူးကပ်နေပုံ

အကယ်၍ ဖော်ပြပါလက်ချောင်းနှစ်ချောင်း ပူးကပ်နေခဲ့ပါက ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ၊ စွန့်လွှတ်စွန့်စားလုပ်ကိုင်ရဲသူဖြစ်ကြောင်း ဖော်ပြသည်။ သို့သော်လည်း စိတ်ကူးရှိသည့်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ကျရှုံးမှုများနှင့်ရင်ဆိုင်ရတတ်သည်။

ဂင်းပြင် အထက်ပါအခြေအနေသည် ဖိနှိပ်ချုပ်ချယ်ခံရသည့်အနေအထားကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် ဖိအားပေးခံရခြင်းကြောင့် ပန်းချီအနုပညာဆိုင်ရာ ဖန်တီးနိုင်စွမ်းများအား စွန့်လွှတ်လိုက်ရသူ၊ ချစ်သူနှင့်ဝေးကွာရသူဖြစ်ကြောင်း ဖော်ပြသည်။

လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ်တို့ (၃ချောင်းအတူ) ပူးကပ်နေပါသလား

လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် (၃ ချောင်းစလုံး) ပူးကပ်နေခြင်းသည် တစ်ပါးသူအပေါ်မှီခိုပြီး နောက်လိုက်အဖြစ်နေရသူ၊ အဖွဲ့အစည်းအတွင်း နောက်လိုက်အဖွဲ့ဝင်အဖြစ်နေရသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။ အဆိုပါလက္ခဏာရှင်များသည် စိတ်ကူးနှင့် ခံစားချက်များအား ထုတ်ဖော်ပြသရန် အတွက်အခက်အခဲရှိနေတတ်ကြသည်။

လက်သူကြွယ်နှင့် လက်သန်း ပူးကပ်နေပါသလား

ထက်သူကြွယ်နှင့်ထက်သန်းပူးကပ်နေပုံ

အထက်ပါလက်ချောင်းများသည် အမှန်တကယ် ပူးကပ်နေပါက ရည်မှန်းချက်အကောင်အထည်ဖော်ကာ အောင်မြင်ရေးအတွက် မရှိမဖြစ်သော အရည်အချင်းများ လုံးဝမရှိဘဲ ဦးဆောင်လိုသူ၊ မဖြစ်နိုင်သောကိစ္စတစ်ခုအပေါ် လိုအင်ဆန္ဒကြီးစွာဖြင့် ရည်မှန်းတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း (လက်ချောင်း ၃ ချောင်း) တို့ ပူးကပ်နေပါသလား

အထက်ပါအတိုင်း ပူးကပ်နေသည်ဆိုပါက ပြိုင်ဆိုင်လိုစိတ်ရှိနေသူပီပီ မိမိ၏စွမ်းရည်၊ ခွန်အားအားလုံးအား

www.burmeseclassic.com

www.burmeseclassic.com

ထက်ဆယ်၊ ထက်သူကြွယ်၊ လက်သန်းတို့ အတူပူးကပ်စွာရှိနေပုံ



ခရုပတ်ပုံစံ (Whorl) ထက်ဗွေ



မုခဝအခုံးပုံစံ (Arch) ထက်ဗွေ



ကြိုးကွင်းပုံစံ (Loop) ထက်ဗွေ



ရွက်ဖျင်တဲပုံစံ (Tented arch) ထက်ဗွေ

ကြိုတင်ဖြန့်ကြက်ထားတတ်သူ၊ ရက်စက်ကြမ်းတမ်းသော နည်းလမ်းများကို မသုံးဘဲ အောင်မြင်မှုရအောင်လုပ်တတ်သူ၊ ရည်မှန်းချက်ကြီးမားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ယခုတစ်ဖန် လက်မနှင့် လက်ချောင်းထိပ်ဖျားများတွင်ရှိသည့် လက်ဗွေပုံစံအမျိုးမျိုးအား စစ်ဆေးလေ့လာမည် ဖြစ်သည်။

အသေးစိတ် ထင်ရှားစွာ မြင်လိုပါက ပုံကြီးချဲ့ကြည့်နိုင်မည့် မှန်ဘီလူးကို အသုံးပြုပါ။

လက်ဗွေများအား လေ့လာရာ၌ အဓိကပုံစံ (၄) မျိုးရှိသည်ကို တွေ့ရသည်။

Whorl (ခရုပ်တ်ပုံစံ) လက်ဗွေ
Arch (မုခဝအခုံးပုံစံ) လက်ဗွေ
Loop (ကြိုးကွင်းပုံစံ) လက်ဗွေ
Tented arch (ရွက်ဖျင်တဲပုံစံ) လက်ဗွေ တို့ ဖြစ်သည်။

အထက်ဖော်ပြပါ လက်ဗွေပုံစံ (၄) မျိုးတွင် မပါဝင်သည့် လက်ဗွေပုံစံများနှင့် အထက်ပါလက်ဗွေ (၄) ခုထဲမှ တစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားသည့် ပုံစံများအား ပေါင်းစပ်လက်ဗွေပုံစံ (composite) ဟု ခေါ်သည်။

လက်ညှိုးထိပ်ဖျားတွင် ပါဝင်သော လက်ဗွေပုံစံသည် -

ခရုပတ်ပုံစံဖြစ်နေပါသလား

ခရုပတ်ပုံစံဖြစ်ပါက ဖန်တီးနိုင်စွမ်းတက်ကြွခြင်း၊ တစ်ဦးချင်းတစ်ယောက်ချင်း ထူးခြားသော စရိုက်လက္ခဏာ ဦးဆောင်နိုင်သောစွမ်းရည်တို့ကို ကိုယ်စားပြုသည်။

လက်ညှိုး၌ ခရုပတ်ပါရှိသော လက္ခဏာရှင်သည် လှေနံဘးထစ်ဝါဒလက်ကိုင်ထားသူ၊ အရာရာပုံသေမှတ်တတ်သူ၊ အစီအစဉ်ကျနမှုမရှိသူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

ကြိုးကွင်းပုံစံရှိနေပါသလား

ကြိုးကွင်းပုံစံလက်ဗွေသည် နှစ်လိုဖွယ်ကောင်းသူ၊ အားကိုးအားထားပြုနိုင်သူ၊ ခေါင်းဆောင်အရည်အချင်းရှိသူ၊ စဉ်းစားဆင်ခြင်နိုင်စွမ်းမြင့်မားသူ၊ အရာရာ လက်တွေ့ကျကျလုပ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

မုခဝအခုံးပုံစံဖြစ်နေပါသလား

လက်ညှိုးထိပ်ဖျားတွင် မုခဝအခုံးပုံစံလက်ဗွေရှိနေပါက မိမိကိုယ်ပိုင်အမြင်အား ပုံသေစွဲကိုင်ထားတတ်သူ၊ တစ်ယူသန်တတ်သူ၊ မိမိအကျိုးအမြတ်ရရှိမည့် အခြေအနေဌာန အမှန်တရားကို အသုံးချတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

ရွက်ဖျင်တဲပုံစံလက်ဗွေဖြစ်နေပါသလား

ရွက်ဖျင်တဲပုံစံလက်ဗွေပါရှိသော လက်ညှိုးသည် ဘဝကိုပူပန်သောကကင်းစွာဖြင့် ဖြတ်သန်းတတ်သူ၊ ပျော်ပျော်နေတတ်သူ၊ အတွေးအမြင်များလတ်ဆတ်သူ၊ ခေတ်မီသူဖြစ်ကြောင်း ဖော်ပြသည်။

ပေါင်းစပ်လက်ဗွေပုံစံရှိနေပါသလား

လက်ညှိုးထိပ်ဖျား၌ ပေါင်းစပ်လက်ဗွေပုံစံရှိနေပါက အရာရာသတိကြီးကြီးထားတတ်သူ၊ ဘက်စုံထူးချွန်သူ၊ လိုက်လျောညီထွေ ပြုပြင်၍ နေထိုင်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်ခလယ်ထိပ်ဖျားတွင် [illegible] သော လက်ဗွေပုံစံသည် -

ခရုပတ်ပုံစံဖြစ်နေပါသလား

လက်ခလယ်ထိပ်ဖျားတွင် [illegible] ပတ်ပုံစံလက်ဗွေရှိနေပါက ပုံမှန်အ[illegible] စဉ်အတိုင်းလုပ်ရသော ကိစ္စများ[illegible] မနှစ်သက်ခြင်း၊ အကြောင်းအရာ[illegible] အား အလွယ်တကူ လက်မခံတတ်[illegible] မိမိကိုယ်မိမိပြန်လည်သုံးသပ်တတ်[illegible] ခွဲခြမ်းစိတ်ဖြာအဖြေရှာတတ်ခြင်း [illegible] ဆုံးဖြတ်ချက်ခိုက်မာပြတ်သားခြင်း [illegible] ကိုယ်မိမိကာကွယ်တတ်ခြင်း၊ မိမိ[illegible] ပိုင်အမြင်အား မစွန့်ပယ်လိုခြင်း[illegible] ရည်ညွှန်းသည်။

ကြိုးကွင်းပုံစံဖြစ်နေပါသလား

လက်ခလယ်၏လယ်ထိပ်ဖျား[illegible] ကြိုးကွင်းပုံစံလက်ဗွေရှိနေပါက [illegible] တွေ့ကျသူ၊ တွေးခေါ်ဆင်ခြင်ဉာ[illegible] သူ၊ သဘောထားပွင့်လင်း၍ မို[illegible] ဖြောင့်မတ်သူ၊ တစ်ဖက်ဖက်အား [illegible] လိုက်ခြင်းကို မနှစ်သက်တတ်သူ၊ [illegible] မျှတသူဖြစ်ကြောင်း ဖော်ပြသည်။

မုခဝအခုံးပုံစံဖြစ်နေပါသလား

လက်ခလယ်ထိပ်ဖျားတွင် [illegible] အခုံးပုံစံလက်ဗွေရှိပါက အလုပ်[illegible] စိတ်ပါလက်ပါလုပ်တတ်သူ၊ အတွေး[illegible] ခေါ်ပါသော ဆွေးနွေးမှုများအား [illegible] တတ်သူ၊ မိမိခံစားချက်အား မျိုသိပ်[illegible] နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

ရွက်ဖျင်တဲပုံစံလက်ဗွေဖြစ်နေပါသလား

လက်ခလယ်ထိပ်ဖျားတွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထက်ပါမြင်ယောင်နိုင် သာမညထမ်းကြောင်းများ

ဖျင်တဲပုံစံလက်ဗွေရှိပါက အတွေးအခေါ် သက်လက်သာရှိပြီ လက်တွေ့မပါသူ၊ တွေးခေါ်ကြံဆနိုင်စွမ်း မြင့်မားသူအဖြစ် ရပ်တည်နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

ပေါင်းစပ်လက်ဗွေပုံစံရှိနေပါသလား

ပေါင်းစပ်လက်ဗွေပုံစံရှိနေပါက လက်တွေ့ကျပြီး လက်ငင်းအကျိုးရှိစေခြင်းကို အဓိကထားသူဖြစ်ကြောင်း ဖော်ပြသည်။

လက်သူကြွယ်ထိပ်ဖျားတွင် ပါဝင်သော လက်ဗွေပုံစံသည် -

ခရုပတ်ပုံဖြစ်နေပါသလား

ခရုပတ်ပုံဖြစ်နေပါက အနုပညာဆိုင်ရာ စွမ်းဆောင်ဖန်တီးနိုင်စွမ်းအားကောင်းသူ၊ အစီအစဉ်ကျနခြင်းကို နှစ်သက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

ကြိုးကွင်းပုံစံဖြစ်နေပါသလား

လက်သူကြွယ်ထိပ်ဖျားတွင် ကြိုးကွင်းပုံစံလက်ဗွေရှိနေပါက လက်မှုပညာရပ်၌ ကျွမ်းကျင်သူ၊ စိတ်ခံစားလွယ်ပြီး အနုပညာရပ်ကို စိတ်ဝင်စားသူ၊ ကိုယ်စိတ်နှစ်ပါးလွတ်လပ်ပေါ်ပါးစွာ နေတတ်သူ၊ ခေတ်မီသော အတွေးအခေါ် နှင့် ခေတ်ကျကျ နေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

မုခ်ဝအခုံးပုံစံဖြစ်နေပါသလား

လက်သူကြွယ်ထိပ်ဖျားတွင် ကြိုးကွင်းပုံစံလက်ဗွေရှိနေပါက သိပ္ပံပညာဆိုင်းအား ဝါသနာပါစိတ်ဝင်စားသူ၊ တိကျလုပ်ကိုင်ဆောင်ရွက်တတ်သူ၊ စက်မှုအတတ်၊ ယန္တရားအတတ်များသင်ရသွယ်ကူသူ၊ သို့သော်လည်း စိုးရိမ်ပူပန်သောကရောက်သူဖြစ်ကြောင်း ဖော်ပြသည်။

ရွှက်ဖျင်တဲပုံစံဖြစ်နေပါသလား

ရွှက်ဖျင်တဲပုံစံဖြစ်နေသော လက်သူကြွယ်ထိပ်ဖျားပေါ်ရှိ လက်ဗွေသည် စိတ်ခံစားမှုလွယ်ကူပြင်းထန်သူ၊ အနုပညာရပ်၌ အောင်မြင်သူ၊ ဂီတပညာရပ်၌ အထုံပါရမီအားကောင်းသူ၊ စိတ်ဝင်တစားလုပ်ကိုင်တတ်သူဖြစ်သော်လည်း လက်တွေ့ပိုင်း၌အားနည်းသူဖြစ်ကြောင်း ဖော်ပြသည်။

ပေါင်းစပ်လက်ဗွေပုံစံဖြစ်နေပါသလား

လက်သူကြွယ်၏ ထိပ်ဖျားတွင် ပေါင်းစပ်လက်ဗွေပုံစံရှိနေပါက အနုပညာရပ်အား သေချာစွာ မလေ့လာဘဲ မုန်းတီးနေတတ်သူ၊ အလှအပအနုအရွတို့ဖြင့် တန်ဆာဆင်ခြင်းကို မနှစ်သက်သူဖြစ်ကြောင်း ဖော်ပြသည်။

လက်သန်း၏ ထိပ်ဖျားပေါ်တွင် ပါဝင်သော လက်ဗွေပုံစံသည် -

ခရုပတ်ပုံစံဖြစ်နေပါသလား

လက်သန်းထိပ်ဖျားတွင် ခရုပတ်ဗွေပါရှိပါက အပြောအဆို၊ အပြုအမူကြမ်းတမ်းသော်လည်း စိတ်ထားကောင်းသူ၊ လောကစည်းစိမ်ပျော်ပျော်နေတတ်သူ၊ နှစ်လိုဖွယ်ခင်မင်ဖွယ်ကောင်းသူ၊ တစ်ဖက်သားယုံကြည်လက်ခံအောင်ပြောဆိုတတ်သူ၊ သြဇာအာဏာမက်မောခြင်းမရှိသူဖြစ်ကြောင်းကို ဖော်ပြသည်။

ကြိုးကွင်းပုံစံဖြစ်နေပါသလား

လက်သန်းထိပ်ဖျားတွင် ကြိုးကွင်းပုံစံလက်ဗွေရှိပါက စိတ်ကူးအတွေးအခေါ် သစ်မှားအား အလွယ်တကူလက်ခံရရှိသူ၊ စကားပရိယာယ်ကြွယ်ဝသူ၊ လက်တွေ့အလုပ်ထက် အပြောကြီးတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

မုခ်ဝအခုံးပုံစံဖြစ်နေပါသလား

လက်သန်း၏ထိပ်ဖျားတွင် မုခ်ဝအခုံးပုံစံရှိနေပါက ရှေးကျသော နည်းလမ်းများဖြင့် ရှင်သန်ရပ်တည်တတ်သူ၊ စကားပြောဆိုနိုင်မှု၌ အဆင့်အတန်းနိမ့်သူဖြစ်ခြင်း ဖော်ပြသည်။

ရွှက်ဖျင်တဲပုံစံလက်ဗွေဖြစ်နေပါသလား

လက်သန်းပေါ်တွင် အထက်ပါလက်ဗွေရှိခြင်းကြောင့် ဘာသာစကားသင်ကြားတတ်မြောက်နိုင်မည့် ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

ပေါင်းစပ်လက်ဗွေပုံစံဖြစ်နေပါသလား

လက်သန်းထိပ်ဖျား၌ အဆိုပါလက်ဗွေရှိနေပါက ဘာသာစကားတတ်ကျွမ်းမှုမရှိသူ၊ ပြောဆိုဆက်ဆံရေး၌ မကျွမ်းကျင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်မထိပ်ဖျားပေါ်တွင် ပါဝင်သော လက်ဗွေပုံစံသည် -

ခရုပတ်ပုံစံဖြစ်နေပါသလား

လက်မထိပ်ဖျားတွင် ခရုပတ်ဗွေပါရှိပါက စိတ်ဓာတ်ခွန်အားကောင်းသူ၊ အလုပ်အား ဇွဲရှိရှိဖြင့် စွဲစွဲမြဲမြဲလုပ်တတ်သူ၊ အတွေ့ဝါဒီဆန်သူဖြစ်ကြောင်း ဖော်ပြသည်။

ကြိုးကွင်းပုံစံဖြစ်နေပါသလား

လက်မထိပ်ဖျား၌ ကြိုးကွင်းပုံစံရှိသော ဗွေရှိနေပါက ဦးတည်ချက်ရှိသူ လက်တွေ့ကျကျလုပ်ကိုင်သူ၊ အစွန်းမရောက်ဘဲ အလိုက်အထိုက် ဆက်ဆံတတ်သူ၊ သံတမန်ဆန်ဆန်ကြားဝင်စေ့စပ်တတ်သူ၊ စွန့်စားရသောလုပ်ငန်းများအားနှစ်သက်သူ၊ အကင်းပါးသူဖြစ်ကြောင်း ရည်ညွှန်းသည်။

မုခ်ဝအခုံးပုံစံဖြစ်နေပါသလား

လက်မထိပ်ဖျားတွင် မုခ်ဝပုံစံရှိသောဗွေကို တွေ့ရှိရပါက ဆုံးဖြတ်ချက်မပြတ်သားသူ၊ သံသယများသူ၊ သိတိထားလွန်းသူ၊ ပြဿနာများအား အဆင်ပြေသည်အထိဖြေရှင်းနိုင်သူဖြစ်ကြောင်း တွေ့ရတတ်သည်။

ရွှက်ဖျင်တဲပုံစံလက်ဗွေဖြစ်နေပါသလား

လက်မထိပ်ဖျားပေါ်တွင် ရွှက်ဖျင်တဲပုံစံလက်ဗွေရှိနေပါက မျှတစွာ ပြောဆိုတတ်သူ၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သူ၊ ပြဿနာများအား ခြေရာခံတတ်သူ၊ နှစ်လိုဖွယ်ပြောဆိုဆက်ဆံတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

ပေါင်းစပ်လက်ဗွေပုံစံဖြစ်နေပါသလား

လက်မပေါ်၌ အထက်ပါ လက်ဗွေပါရှိနေခဲ့ပါက မသေချာမရောသော အခြေအနေရှိသူ၊ ဖြည်းဖြည်းမှန်မှန် လုပ်ကိုင်ရင်းနှင့် စဉ်းစားတတ်သူ၊ စိတ်ရှည်ထွဲသန်စွာဖြင့် ကြိုးစားတတ်သူဖြစ်ကြောင်းရည်ညွှန်းသည်။

ဆရာမော်

www.burmeseclassic.com

www.burmeseclassic.com

လျှပ်ထက်

ဇာတာစန်းလင်္ကာပျိုးမိုးလာခဲ့သော မြန်မာ့ဆင်များ

ကျွန်တော့်ဖခင်၏ ထပည့်ရင်းဖြစ်သူ ကိုအေးသည် ကျွန်တော့်အတွက် တော့ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်သည်။ သူ့ကို ကျွန်တော်တို့မြို့က ကိုအေးကြီးဟု ခေါ်ကြသည်။ အာဘယ်ကြောင့် 'ကြီး'တစ်လုံးတိုးခေါ်ကြသည်ကို ကျွန်တော်မသိပါ။ သူသည် အင်္ဂလိပ်-မြန်မာ (၁၀) တန်းစာမေးပွဲအောင်မြင်ပြီး ပျဉ်းမနားမြို့တွင် ကိုလိုနီခေတ်က ဖွင့်လှစ်ခဲ့သော သစ်တောကျောင်းတွင် အကြီးတန်းသစ်တောသင်တန်းတက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

ကျွန်တော် မှတ်မိသလောက် ကိုလိုနီခေတ်က မြန်မာလူငယ်အများသည့် အိန္ဒိယနိုင်ငံ ဒါရွန်းမြို့တွင် ဖွင့်လှစ်ထားသော သစ်တောကျောင်းသို့ သွားရောက်သင်တန်းတက်ရန်အလွန်ဝေးကြပါသည်။ ဇာတိမာန်စိတ်ထက်သန်သော မြန်မာများအဖို့ မိမိတို့နိုင်ငံမှနိုင်ငံသို့ မသွားလို။ ထို့စဉ်ကာလက မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးတစ်ခုအဖြစ် သတ်မှတ်ထားရာ မြန်မာနိုင်ငံ သစ်တောဌာနတွင် အမှုထမ်းလိုသူများသည် အထက်ဖော်ပြပါ အိန္ဒိယနိုင်ငံ ဒါရွန်းမြို့တွင် ဖွင့်လှစ်ထားသော သစ်တောကျောင်းသို့ သွားရောက်သင်တန်းတက်ရောက်ကြရ၏။ သို့သော် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ သစ်တောဌာနတွင် အမှုထမ်းလိုသော လူငယ်များသည် ဒါရွန်း-သစ်တောကျောင်းသို့ မသွားလိုကြသဖြင့် မြန်မာနိုင်ငံ သစ်တောဌာနအဖို့ အခက်အခဲဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ အထူးလိုအပ်နေသော တောအုပ်ကြီးများ၊ ဒုတိယတောအုပ်များနွေထုတ်ပေးရန် ခရစ်နှစ် ၁၈၉၈ ခုနှစ်တွင် ပထမဆုံး 'မြန်မာပြည် သစ်တောကျောင်း' ကို သာယာဝတီမြို့တွင် ဖွင့်လှစ်ခဲ့သည်ဟု သိရ၏။ ၁၉၁၀ ပြည့်နှစ်ကစ၍ မြန်မာပြည်သစ်တောကျောင်းကို သာယာဝတီမြို့မှ ပျဉ်းမနားမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ထိုပျဉ်းမနားသင်တန်းကျောင်းမှာ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချခြင်း၊ သစ်တောဘွဲ့သာရပ်များစုံလင်ခြင်း၊ သင်ရိုးညွှန်းတမ်းအဆင်မြင့်ခြင်းတို့ကြောင့် အရှေ့တောင်အာရှတွင် နာမည်ကျော်ကြားလှသိမျှခဲ့ရာ ထိုကာလက အရှေ့တောင်အာရှနိုင်ငံများက သစ်တောကျောင်းသားများ လက်ခံသင်ကြားပေးရန် မေတ္တာရပ်ခံခဲ့သည်ဟု သိရ၏။ သို့ဖြစ်၍ ထိုကာလက ပျဉ်းမနားမြို့တွင် ဖွင့်လှစ်ထားသော မြန်မာသစ်တောကျောင်းသည် အထူးဟိတ်ကြီးခဲ့သည်။

ထိုကျောင်းမှ သစ်တောသင်တန်းဆင်းဖြစ်သူ ကိုအေးကြီးသည် မြန်နိုင်ငံ သစ်တောဌာနတွင် တောအုပ်အဖြစ် အမှုထမ်းခဲ့၏။ ဒုတိယကမ္ဘာကြီး၏ စစ်ရိပ်စစ်ငွေ့များယှက်သန်းသည့်အချိန်တွင် ဌက်ဖျားရောဂါခံလာခဲ့သဖြင့် နာမကျန်းဆေးပင်စင်ခဲ့ကာ ဇာတိမြို့သို့ ပြန်လာခဲ့သည်။ သည် ကျွန်တော့်ဖခင်ထံသို့ မကြာခဏ လာရောက်ခဲ့ရာ ကျွန်တော်တို့အဖို့ ပြောပြသည့် မြန်မာနိုင်ငံ သစ်တော အတွေ့အကြုံများမှာ နားထောင်၍ မဝဖြစ်ခဲ့ရ၏။

ထိုကာလက ကျွန်တော်သည် အလယ်တန်းကျောင်းသားတစ်ဦးဖြစ်၍ ကိုအေးကြီးပြောပြသည့် သစ်တောသားကြီးတစ်ယောက်၏ အတွေ့အကြုံများမှာ အံဖွယ်သဲ့ဖြစ်ခဲ့ရသည်။ သူပြောသည့် မြန်မာ့သယံဇာတသစ်တောများနှင့် သစ်တောထွက်ပစ္စည်းများအကြောင်း၊ ထိုကာလက မြန်မာတောလောကကို ချုပ်ကိုင်ထားသော သမက မြန်မာနိုင်ငံခမိုင်းကိုပြောင်းစေခဲ့သော 'ကြီးငါးကြီး' ဟု မြန်မာလူက ကင်ပွန်းတပ်ထားသော ဗြိတိသျှအမျိုးသားပိုင် သစ်ကုမ္ပဏီကြီးများသည့် ဘုံဘောဘားများသစ်ကုမ္ပဏီ၊ စတီးဘရားသားသစ်ကုမ္ပဏီ၊ ဖုကာသစ်ကုမ္ပဏီ၊ မက္ကရီကာနှင့် တီဒီဖင်လေသစ်ကုမ္ပဏီတို့အကြောင်း၊ မြန်မာသစ်

www.burmeseclassic.com

www.burmeseclassic.com

လောကမှ ငြိတိသျှအမျိုးသားသစ်တော အရာရှိကြီးများ၊မြန်မာဆင်များနှင့်မြန်မာ အမျိုးသားဆင်ထိန်းများ၏အကြောင်း၊ တောဆင်များ ကျူးသွင်း၍ ဖမ်းဆီးသည့် အကြောင်း၊ ဆင်အကြောင်းနောက်ကျော အောင်သိထားသောမြန်မာဆင်ဆရာတို့ အကြောင်း၊ လွမ်းမောတဖွယ်ကောင်း သည့် ဆင်ဦးစီးတို့၏ဘဝနှင့် ဆင်လေး များသင်တန်းပေးရပုံ၊ ဆင်နှင့်ဆင်ဦးစီး တို့၏တစ်ဦးနှင့်တစ်ဦးသံယောဇဉ်တွယ် ပုံ၊ ဆင်ဆိုးကြီးများအကြောင်း၊ သစ်များ ကို တောတွင်းမှဆင်များနှင့်ဆွဲထုတ်ကြ ရပုံ၊ တောခြောက်မှုနှင့်တွေ့ရပုံ၊ သူ့ အထက်အရာရှိ ငြိတိသျှအမျိုးသား နှင့် သူတောပစ်ထွက်ရပုံ စသည်တို့မှာ ကျွန်တော့်အတွက် အထူးစိတ်ဝင်စားခဲ့ရ သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ တက္ကသိုလ်ပရဝဏ်သို့ရောက်ရှိလာကာ အင်္ဂလိပ်စာကို လူလူသူသူဖတ်နိုင်လာ သောအခါ ငြိတိသျှအမျိုးသားစာရေး ဆရာ အီးအေပီကော့ရေသော (Big-Game in Burma) 'မြန်မာ့တောတွင်း သားကောင်များအကြောင်း' စာအုပ်နှင့် မြန်မာလူမျိုးများက ဆင်သခင်ဟု လေးလေးစားစား ခင်ခင်မင်မင်ခေါ်ဝေါ် ခဲ့သော ငြိတိသျှအမျိုးသား ဆင်အရာရှိ ကျေဟိတ်ဝီလ်ရေသော (Elephant Bill) ဆင်ဗိုလ်ကြီးဘီ(လ်)နှင့် (Bandoola) 'ဗန္ဓုလ' ဟူသော ဆင်ကြီးတစ်ကောင်၏ ဖြစ်ရပ်မှန်ဘဝဇာတ်ကြောင်းကို ဖတ်ရှုရ သောအခါ မြန်မာ့သစ်တောများနှင့် တောတွင်းဆင်များအကြောင်း၊ သစ်တော ဝန်ထမ်းများ၊ ဆင်ထိန်းများအကြောင်း စိတ်ဝင်စားလာခဲ့ရာ မြန်မာ့သစ်တော များ၊ မြန်မာ့ဆင်များအကြောင်း၊ မြန်မာ ဆင်ဆရာများအကြောင်း ရေးသားထား သည့် စာအုပ်စာတမ်းများ၊ သစ်တော ဌာနမှ ပြုစုထားသော အစီရင်ခံစာများ၊ သစ်တောအရာရှိများရေးသည့်အစီရင်ခံ စာများကို လက်လှမ်းမီသလောက်ရှာဖွေ စုဆောင်းနိုင်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေ တော့မည်။ ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်း ဦးမြင့်ဆွေဝင်း (သစ်တော ဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်) ၏ ကျေးဇူးကြောင့် သစ်တောဌာနမှ စုဆောင်းထားရှိသည့် ရှားရှားပါးပါး မြန်မာဆင်များအကြောင်းရေးထားသည့် စာအုပ်များကို ဌားရမ်းဖတ်ရှုခွင့်ရခဲ့ပါ သည်။ ကျွန်တော်သိလိုက်သောအချက် အလက်များကိုလည်း မှတ်သားခွင့်ရခဲ့ ၏။

မှတ်မှတ်ရရပင် လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလအတွင်း (ရက်၊ လ၊ နေ့ တို့ကို ကောင်းကောင်းမမှတ်မိတော့) ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော ဂျာနယ်ကြီးတစ်စောင်တွင် မြန်မာနိုင်ငံ ရခိုင်ဒေသမှ ထမံသီဘေးမဲ့တောများ တွင် ကျက်စားသော တောဆင်ရိုင်းများ အကြောင်း သတင်းမှတ်တမ်းအဖြစ် ဘီဘီစီသဘာဝရုပ်သံအစီအစဉ်က လာ ရောက်၍ ရုပ်ရှင်ရိုက်ရန် သိပ္ပံပညာရှင် များ၊ တောရိုင်းတိရစ္ဆာန်ပညာရှင်များ အပါအဝင် လူ(၃၀)ပါဝင်သော အဖွဲ့ တစ်ဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိလာသည် ဟူသောသတင်းနှင့် ရခိုင်ရိုးမကြီးအား ဝေဟင်မှ မီးပုံးပျံနှင့်ဖြတ်ပျံပြီး ရုပ်ရှင် ရိုက်ကူးမည်ဟုသိရ၏။ ထိုတောအတွင်း တောဆင်ရိုင်းများကျက်စားနေထိုင်ပုံကို ကြိုတင် လေ့လာထားနိုင်ရန် တောတွင်း ဗွီဒီယိုကင်မရာထောင်ချောက်များတပ် ဆင်ခြင်းအတွက် ဘီဘီစီရှေ့ပြေးအဖွဲ့ကို ကြိုတင်၍ ရခိုင်ဘေးမဲ့တောနှင့် ထမံသီ ဘေးမဲ့တောအတွင်း တပ်ဆင်ထားပြီးခဲ့ ပြီဟုလည်း သိရ၏။

ထိုသတင်းအရ ဘီဘီစီရုပ်သံ အစီအစဉ်သည် သမ္မတရုံးနှင့်သက်ဆိုင် ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် တရားဝင်ရိုက်ကူးသော ပထမဆုံးအစီ အစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝကို လာရောက်ရိုက်ကူးလိုသော ရုပ်သံဌာန များက ဆက်သွယ်စုံစမ်းမှုများလည်းရှိခဲ့ သည်ဟူသော သတင်းကိုလည်း ဖော်ပြ ထားရာ ထိုသတင်းကို ဖတ်ရှုခဲ့သူများ အဖို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ သမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော မြန်မာဆင်များအကြောင်းကို ကမ္ဘာက မေ့လျော့နေရာ ယခုအခါတွင်မူ ဘီဘီစီ ရုပ်သံအစီအစဉ် (B.B.C Natutral History Unit) မှ ဗွီဒီယိုရိုက်ကူး၍ထုတ်လွှင့် ပေးမည်ကို သိရသဖြင့် ဝမ်းသာဂုဏ်ယူ မိခဲ့၏။

မှန်ပါသည်။ မြန်မာဆင်သည် ကျွန်တော်တို့မြန်မာသမိုင်းနှင့်ဆက်နွယ် ခဲ့သည်ဟုဆိုရမည်ဖြစ်၏။ ဒုတိယကမ္ဘာ စစ်ကြီး ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့ရာမှ ငြိတိသျှဘုရင့်တပ်

www.burmeseclassic.com

www.burmeseclassic.com

မဖွေစောင့်ည မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့ရသည်။ ... စစ်တွင်လည်း မြန်မာသစ်တောဌာနနှင့် ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီအပါအဝင် သစ်ကုမ္ပဏီများမှဆင်များသည် ဗြိတိသျှတပ်များနှင့် စစ်ပြေးဒုက္ခသည်အများအပြားတို့ အိန္ဒိယနိုင်ငံသို့ ရောက်ရှိနိုင်ရေးအတွက် အကူအညီပေးခဲ့ကြရသည်။ ထို့အတူ နာမည်ကျော် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခြင်္သေ့ပြောက်ကျားတပ်များအဃေးချီထိုးဖောက်စစ်ဆင်ရေးများတွင်လည်း မြန်မာဆင်ထိန်းများနှင့် မြန်မာ့ဆင်များက တစ်ဖက်တစ်လမ်းမှ အကူအညီပေးခဲ့ကြရသည်။ စစ်ကြီးအတွင်း ဖောက်လုပ်ခဲ့ရသော လီဒိုလမ်းမကြီး၏ လမ်းတံတားများ တည်ဆောက်ရေးနှင့် ဗိုလ်ချုပ်ကြီး စတီဝဲ(လ်)၏တပ်များရွှေ့ပြောင်းရေးများတွင်လည်း မြန်မာ့ဆင်များနှင့်ဆင်ထိန်းများကို အစွမ်းကုန်ကူညီခဲ့ကြသည်။

မြန်မာပြည်သိမ်းတိုက်ပွဲတွင်လည်း ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော ဆင်သခင်ဝီလျံဟု မြန်မာပြည်သူအများက ကပ်ပွန်းတပ်ခြင်းခံရသော ဘုံဘေဘားမားသစ်ထုတ်ရေးကုမ္ပဏီမှ ဆင်တာဝန်ခံ မစ္စတာကျေအိတ်(ခ်)ဝီလျံခေါင်းဆောင်သောဆင်အုပ်များ၊ ဆင်ထိန်းများနှင့် ဆင်များသည် ဗြိတိသျှတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး စလင်း၏ အမှတ် (၁၄) တပ်မတော်အား အများဆုံး အကူအညီပေးခဲ့သည်။ ထိုကာလက ဗြိတိသျှစစ်အာဏာပိုင်များသည် မစ္စတာကျေအိတ်(ခ်)ဝီလျံအား ဗိုလ်မှူးကြီးအဖြစ်ခန့်ထား၍ တာဝန်ပေးခဲ့သည်ဟု သိရ၏။ ဗြိတိသျှအမှတ် (၁၄) တပ်မတော် ဟူးကောင်းချိုင့်ဝှမ်းမှ ရွှေဘို - မုံရွာခွင်သို့ချီတက်ရာတွင် စစ်ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ စစ်လက်နက်ကြီးများ၊ ဒဏ်ရာရသူ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများကိုလည်း ပို့ဆောင်ပေးခဲ့သည်။ သို့ဖြစ်၍ မြန်မာဆင်များသည် မြန်မာနိုင်ငံသမိုင်းနှင့် ထာဝစဉ်ဆက်နွယ်နေသည်ကို တွေ့ရသည်။

အစဉ်အလာရှိခဲ့သောမြန်မာ့ဆင်များ၏ ဝန်းနည်းကြောင့်ယ်ရာ အနာဂတ်အရေးကို အမေရိကန်ပြည်ထောင်စုမှာ ၂၀၁၄ ခုနှစ်၊ ဖြေလတွင်ထုတ်ဝေသော တိုင်း(မဲ)သတင်းဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့သည်။ တိုင်း(မဲ)သတင်းမဂ္ဂဇင်းကြီးမှာ အမေရိကန်ပြည်ထောင်စုတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် သြဇာတိက္ကမကြီးမားသော သတင်းမဂ္ဂဇင်းတစ်စောင်ဖြစ်ခဲ့သည်။ မှန်ကန်သည်ဟု အယ်ဒီတာအဖွဲ့က ထင်မြင်ယူဆပါက မည်သူကိုမျှမထောက် မှန်ရာကို ရေးသားသော သတင်းမီဒီယာတစ်စောင်ဟု ဂုဏ်ယူဝင့်ကြွားသည့် သတင်းမဂ္ဂဇင်းကြီး ဖြစ်၏။

ထိုဆောင်းပါးတွင် ဆောင်းပါးရှင်ဖြစ်သူက မြန်မာနိုင်ငံ သစ်လုပ်ငန်းတွင် တစိုက်မတ်မတ် နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော ဆင်ငါးထောင်ခန့်ရှိခဲ့ကြောင်း၊ သို့သော် လက်ရှိအခြေအနေအရ နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းထားသည်ဟု ဆိုသည်။ သို့ဖြစ်၍ ထိုနှစ်ပေါင်းများစွာ သစ်ထုတ်လုပ်ရေး၊ သစ်ပို့ဆောင်ရေးကို တာဝန်ယူခဲ့သော ဆင်များသည် လုပ်ငန်းခွင်မှာ တောတွင်းသို့ပြန်သွားကြရမည်ဟု ရေးသားဖော်ပြခဲ့၏။ထိုဆောင်းပါးရှင်ကပင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်ရှိ သဘာဝကျွန်းပင်ထက်ဝက်ခန့် ပိုင်ဆိုင်ထားသကဲ့သို့ ယင်းသစ်ပင်များကို ခုတ်လဲနေသော နိုင်ငံဖြစ်၏။ လွန်ခဲ့သောနှစ်က ကုဗမီတာလေးသိန်းရှိ ကျွန်းသစ်များကို ခုတ်လဲပြီး နိုင်ငံခြားသို့တင်ပို့ခဲ့ရာ ထိုတင်ပို့မှုမှာ တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးက ဝယ်ယူမှု၏သုံးပုံတစ်ပုံခန့်ရှိနေသည်။ ထိုသစ်များရောင်းချရသည့်ငွေသည် အဓိကအားဖြင့် မြန်မာ့ဆင်များက ရှာဖွေပေးခြင်းဖြစ်ပေသည်။ သို့ဖြစ်ရာ ယခု နိုင်ငံတော်၏ ချမှတ်ထားသောမူအရ ဆင်များ၏အနာဂတ်မှာ မည်သို့ဖြစ်ပေါ်လာမည်ကို စောင့်ကြည့်ရပေတော့မည်ဟု ရေးသားဖော်ပြခဲ့၏။ ဤကား မြန်မာသစ်လုပ်ငန်းရှိဆင်များကို စောင့်ကြည့်နေသူများ၏အမြင်ဖြစ်လေသည်။

ကမ္ဘာမှာ ထင်ရှားသော ဆင်အမျိုးအစားသုံးမျိုးသာရှိသည်။ ထိုသုံးမျိုးမှာ အာရှဆင်နှင့် အာဖရိကဆင်နှစ်မျိုးဖြစ်သည်။ ထိုဆင်သုံးမျိုးအနက် အာရှဆင်သည် ယဉ်ပါးအောင်သင်ယူနိုင်သဖြင့် တိရစ္ဆာန်ဥယျာဉ်များ၊ဆပ်ကပ်များနှင့် လုပ်ငန်းများတွင် အများဆုံးတွေ့ရ၏။ အာဖရိကဆင်မှာ အလွယ်တကူ ဖမ်းဆီးနိုင်ခြင်းလည်းမရှိ ယဉ်ပါးအောင်လည်း သင်ကြားနိုင်ခြင်းမရှိရကား မှတ်တမ်းအဖြစ် ရိုက်ကူးထားသော ရုပ်ရှင်ကားများ၌သာတွေ့ကြရ၏။ နိုင်ငံတကာမှ ဆင်များကို စောင့်ကြည့်လေ့လာသူ ပညာရှင်များကမူ အာရှဆင်ငါးမျိုးရှိသည်ဟု သိရ၏။ ထိုဆင်ငါးမျိုးမှာ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ မလေး... နှင့် ဆူမတြားကျွန်းတို့တွင်တွေ့... ဆင်မျိုး ဖြစ်သည်။ ဆင်ပါရုပ်များ... အာဖရိကဆင်များမှာ အိမ်မွေးသ... မဖြစ်နိုင်ဟု ဆိုကြ၏။ ဤနေ... အလျဉ်းသင့်သဖြင့် ဖော်ပြရမည်... ဒုတိယကမ္ဘာစစ်မဖြစ်မီတာလက... အာဏာပိုင်များသည် အာဖရိက... ယာပြည်နယ်မှဆင်ရိုင်းများကို ... ၍ မြန်မာတိုင်းရင်းသားဆင်ဆရာ... ဆင်ထိန်းများဖြင့် ယဉ်ကျေးအောင်... ကြားပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်း... တွင် အသုံးပြုရန် စီမံကိန်းရေးဆွဲ... လေသည်။ သို့သော် ဤစီမံကိန်း... အကြောင်းအမျိုးမျိုးကြောင့် အထည်ပေါ် မလာခဲ့ပေ။

သစ်ထုတ်လုပ်ရေးလုပ်ငန်း... စက်ယန္တရားများ၊ ခေတ်မီထရပ်တာ... ဝင်ရောက်နိုင်ခြင်းမရှိသောတောအတွင်း ဆင်များကဝင်၍ သစ်များထုတ်ယူ... ခဲ့ကြရသည်။ တောတွင်းရှင်းလင်း... လုပ်ငန်းများကိုလည်း ဆင်များထား... တစိုက်မတ်မတ်ပြုလုပ်ပေးခဲ့ကြရသည်... စက်ယန္တရားများမဝင်နိုင်သော ... အတွင်းရှိ ခုတ်လဲထားသည့် ကျွန်း... လုံးကြီးများကို ဆင်များနှင့်ဆွဲကြရသည်... ဆင်များသည် နှစ်တန်ကျော်လေးသော... သစ်လုံးကြီးများကိုပင် ဆွဲနိုင်ကြသည်... တစ်ခါတစ်ရံ ပေလေးရာ၊ ငါးရာ... သောချောက်ကမ်းပါးအရောက် သစ်... များကို ဆွဲယူခဲ့ကြရပြီး ထိုသစ်လုံးများ... နှာမောင်းဖြင့်ချိတ်မပြီး ချောင်းအတွင်း... လှိမ့်ချနိုင်ခဲ့သည်။

မှတ်တမ်းများအရ မြန်မာ... တောဌာနနှင့် ယခင်ကိုလိုနီခေတ်... နိုင်ငံခြားသားပိုင် သစ်ကုမ္ပဏီများတွင်... အမှုထမ်းရသောဆင်များသည် ... လတိုင်း (၁၈) ရက် အလုပ်ဆင်း၍ (၁... ရက်နားကြရသည်။ ဆင်များသုံးရ... မရပ်မနားအလုပ်လုပ်ပြီးတိုင်း နှစ်... နားကြရ၏။ သို့ဖြစ်၍ အလုပ်နှစ်တိုင်... အတွင်း သူတို့အလုပ်ဆင်းရက်သည်... (၁၆၂) ရက်ရှိပေသည်။ သူတို့၏တစ်နှစ်... အလုပ်ချိန်မှာ (၈)နာရီဖြစ်ရာ ဆင်... ကောင်သည် တစ်နှစ်တွင် နာရီပေါင်း... (၁၃၀၀)လုပ်ရသည်ဟုသိရ၏။ ထိုအချိန်... အတွင်း ဆင်တစ်ကောင်သည် ပုံမှန်... သစ်(၁၀၀)ထုတ်ပေးခဲ့ရသည်ဟုသိရ... မြန်မာဆင်များသည် ဤမျှအလုပ်... ၍ နိုင်ငံတော်အတွက် ငွေရာ... ရှာသည်။ မြန်မာလူမျိုးမှစ... ဖို့ ...

www.burmeseclassic.com

www.burmeseclassic.com

မေမြို့နှင်ဦး(ဗြူး)
သေးခိုးရောဂါတခြို့အပေါ်
သွေးတိုးဝေဒနာပျောက်ခြေး

ကျွန်ုပ်သည် တိုင်းရင်းမြန်မာဆေးလောကကို အလွန်ပင် ဂုဏ်ပြုရေးသားလိုစိတ်ရှိခြင်းများနှင့်အတူ ကျွန်ုပ်ကိုယ်တိုင်သည်ပင် ငယ်စဉ်တောင်ကျေးကလေးဘဝမှ တိုင်းရင်းမြန်မာဆေးများနှင့် ကျန်းမာရေးအတွက် ကုသမှုခံယူခဲ့ရလေတော့ မြန်မာတိုင်းရင်းဆေးတို့၏ အစွမ်းကို အံ့မခန်းသိရှိနားလည်ခံစားရပါ၏။ သို့ပါ၍လည်း ဘေးဆိုးရောဂါတစ်မျိုးမှ သွေးတိုးဝေဒနာပျောက်ဆေးတစ်နည်းကိုရေးသားမိပါ၏။ ဝေဒနာရှင်တွေအတွက် ငွေအသပြာကုန်မှာစိုး၍ ဖြစ်ပါသည်။

သွေးတိုးရောဂါအတွက် ဝေဒနာတွေကိုခံစားကြရတဲ့ ဝေဒနာရှင်တို့အတွက် စေတနာဖက်၍ ဖော်ပြရခြင်းအမှုန်ပါ။ ဆေးဖိုးဝါးခအနည်းငယ်သာ ကုန်ကျပါသည်။အထူးသဖြင့် ကျေးလက်နေ တောင်သူလယ်သမား ဦးကြီးများအတွက် ရည်ညွှန်းရပါသည်။ ဆေးပစ္စည်း (ဆေးအမည်) ရှာဖွေ၍ လွယ်ကူလို့ပါ။ ညွှန်ကြားသလို အသုံးပြုပါက ပျောက်ကင်းမှာ သေချာတဲ့ ဆေးနည်းပါ။ ဈေးကြီးတဲ့ပစ္စည်းမပါဝင်ပါ။ နေရာဒေသတိုင်း၌ရရှိနိုင်ပါသည်။အစာလည်းဆေး၊ ဆေးလည်းအစာဆိုသည့်ကိန်းပါပဲ။

အိမ်ကြက်ဥတစ်လုံးနှင့် သံပရာသီး လေး၊ ငါး၊ ခြောက်လုံးတို့ ပါဝင်ပါသည်။ ပန်းကန်လုံးသန့်သန့်ထဲတွင် အိမ်ကြက်ဥကို ရေဆေးသန့်ရှင်းပြီး သံပရာသီး လေး၊ ငါး၊ ခြောက်လုံးကို အရည်များညှစ်၍ (၂၄) နာရီ (တစ်ရက်တိတိ) စိမ်ထားပြီး ကြက်ဥကို အခွံခွာ၍ အကာ၊ အနှစ်တို့ကို မူလအတိုင်း (အစိမ်းအတိုင်း) စားလိုက်ပါ။ (ကြော်ချက်စားရန် မဟုတ်ပါ။) ရောဂါရင့်ပါက သုံး၊ လေးကြိမ် တစ်ပတ်ခြားစားပေးပါရန် လိုအပ်ပါသည်။ အိမ်ကြက်ဥကို သံပရာအရည်နှင့်စိမ်ရာတွင် လေး၊ ငါး၊ ခြောက်လုံးနှင့် ကြက်ဥကို သံပရာရည်မနစ်ခဲ့ပါက သံပရာသီး ခုနစ်လုံး၊ ရှစ်လုံး၊ ကိုးလုံးတို့အထိ အသုံးပြုပေးပါ။ အညွှန်းပါအတိုင်း အသုံးပြုပါ။ ဝေဒနာရေဇလာသို့ စီးမျောသွားပါလိမ့်မည်။ ဆေးမြီးတိုမဟုတ်တဲ့ ဆေးနည်းအမှန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

(ဆေးနည်းညွှန်ပြသူ ဦးကျော်စိုးနိုင် (ဖြူး) အား ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါ၏။)

မေမြို့နှင်ဦး(ဗြူး)

အား အစဉ်အဆက် အရေးတယူပြုခဲ့ကြသည်။ သို့ဖြစ်၍ ရှေးသူတောင်းတို့က မိမိတို့သားမြေးများကို 'ဆင်စီးရှေ့မြင်းရံပါစေ' ဟု ဆုပေးလေ့ရှိ၏။

မြန်မာ့သစ်တောဌာနနှင့် မြန်မာ့သစ်လုပ်ငန်းဌာနတို့ကလည်း မြန်မာဆင်များကို ဂုဏ်တင်လေ့ရှိသည်။ သာဓကအားဖြင့် မြန်မာသစ်လုပ်ငန်းရုံးတံဆိပ် (Offcial emblem) သည် မြန်မာ့သစ်ထုတ်လုပ်ရေးဌာနမှ ဆင်ကြီးတစ်ကောင် သစ်လုံးခါမြွောက်နေဟန်ပုံဖြစ်ပေသည်။ ဤနေရာတွင် အလျှင်းသင့်သဖြင့် မြန်မာသစ်တောဌာနနှင့် သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ ဆင်များယဉ်ကျေးပုံ၊ လူတို့စေခိုင်းသည်ကို တိတိပပနားလည်ပုံကို ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ကိုလိုနီခေတ် ဘုံဘောဘားမားသစ်ကုမ္ပဏီ၏ဆင်များအုပ်ချုပ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့သူ ဂျေအိတ်(ချ်)ဝီလျံရေးသားသော ဆင်ကြီးဘီ(လ်)စာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။ သူမှတ်တမ်းများအရဆိုရလျှင် မြန်မာဆင်ဆရာများ၊ ဆင်ဦးစီးများ လေ့ကျင့်သင်ကြားထားသော ဆင်တစ်ကောင်သည် သူဦးစီးဖြစ်သူ၏ ခြေထောက်ဖြင့်ထိ၍ ခိုင်းစေမှုအပြင် စကားလုံး (၂၄) လုံး နှုတ်မိန့်ကို ကောင်းစွာ နားလည်သည်ဟု သိရ၏။ မြေပေါ်တွင်ရှိနေသောပစ္စည်းမျိုးငါးမျိုး ကောက်ယူပေးရန် နားလည်သည်။ သာဓကအားဖြင့် သူဦးစီးက နှုတ်ဖြင့် အမိန့်ပေးလျှင် မြေပေါ်ရှိ ဓား၊ ရဲတင်း၊ ထူးကြိုး၊ တုတ်ချောင်း စသည်တို့ကို သူနှာမောင်းဖြင့် ကောက်ယူပြီး သူဦးစီးအား လက်ကမ်းပေးလေ့ရှိ၏။

အချို့ ဉာဏ်ထက်သော ဆင်များသည် သူဦးစီးနှုတ်မိန့်ပေးလျှင် မြေပေါ်ကျသွားသော ဆေးတံ၊ ဆေးပေါ့လိပ်များကိုပင် ကောက်ယူပေးကြသည်ဟုဆိုသည်။ ဆင်သည် သူ့ဆင်ဦးစီး၏ သင်ကြားမှတ်သားမှုကို ထာဝစဉ်မှတ်သားလျက်ရှိရာ ဆင်များ၏လိမ္မာပါးနပ်မှုကို အလွန်လိမ္မာသော သိုးထိန်းခွေးများပင် တုပခြင်းမပြုနိုင်ဟုဆိုသည်။ အချို့ဆင်လိမ္မာများသည် သူဦးခေါင်းပေါ်တွင် ဦးစီးလိုက်ပါလာခြင်းမပြုဘဲ ဘေးမှလမ်းလျှောက်လိုက်ပါလာသော ဦးစီး၏အမိန့်ကိုနာခံ၍ အလုပ်များလုပ်ဆောင်သည်ဟုသိရ၏။ ဆင်များသည် မိမိတို့မကျန်းမမာဖြစ်စဉ်၊ ထိခိုက်ဒဏ်ရာရစဉ် ပျောက်ကင်းသက်သာအောင် ဆေးကုသပေးသောကျေးဇူးများကိုလည်း မမေ့ကြဟုလည်းသိရ၏။ ဤမျှ ယဉ်ကျေးလိမ္မာ၍ မြန်မာကျွန်းသစ်လုပ်ငန်း၏ကျောရိုးဟုဆိုရမည်ဖြစ်သောဆင်များ၏အနာဂတ်အား စောင့်ကြည့်ရတော့မည် ဖြစ်ပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

၁။ Elephant Bill
J.H.Williams
၂။ သတင်းစာများ
သတင်းမဂ္ဂဇင်းများ

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်

ထိပ်ကွက်ကြာပြုံ၏နိဂုံး

ကျွန်ုပ်သည် သူရဇ္ဈမဂ္ဂဇင်း၌ ရွှေဘိုခရိုင် ဒီပဲရင်းပြုန်ယဲ့ ကျောက်မဲတောရွာအနီး အုတ်ဖိုတောင်မိုးတောတန်း၌ ဖျင်လည်ကျက်စားနေသော သေနတ်ပြီးသည့် ထိပ်ကွက်ကြာပြုံအမည်ရှိ သမင်ဖိုကြီးတစ်ကောင်၏ အကြောင်းကို ဖော်ပြခဲ့ဖူးပါသည်။ ပြီးခဲ့သော သီတင်းကျွတ်ကာလအလွန် ထိုကျောက်မဲတောရွာလေးသို့ စိတ်ပြေလက်မျောက် အနားယူရင်း စာရေး၊ စာဖတ်ပြုလုပ်ရန် ရောက်ရှိသွားခဲ့ပါသည်။ ကျွန်ုပ်ရွာလေးသို့ရောက်ရှိသွားသောအခါ ရွာသူရွာသားများက ခရီးဦးကြိုပြုကြရုံး သစားထူးအားပြောပြကြ၏။ ယင်းမှာ ထိပ်ကွက်သမင်ဖိုကြီးမှဆိုးများ၏ ဖမ်းဆီးခြင်းကိုခံလိုက်ရပြီဟူသောအကြောင်းတည်း။

ကျွန်ုပ် လွန်ခဲ့သော အိုအားသင့်ခြင်းဖြစ်ရ၏။ အဘယ်ကြောင့်ဆိုသော် ယင်းသမင်ဖိုကြီးသည် ကျည်မတို့၊ မီးမကူးသောကြောင့် ဘယ်လိုလုပ်ပြီးဖမ်းလိုက်ကြသနည်း။ သို့အတွက်ကြောင့် ယင်းသမင်ကြီးအား ဖမ်းဆီးရာတွင် ပါဝင်ခဲ့သော ရွာသားများအား မေးမြန်းရာမှ ထိပ်ကွက်ကြာပြုံကြီး၏ ဘဝနိဂုံးအား သိရှိလိုက်ရပါတော့သည်။

❐

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ဆန်း၊

ဘင်္ဂလားပင်လယ်အော်မှမုန်တိုင်းနှင့် ဖိလစ်ပိုင်အရှေ့ဘက် ပစိဖိတ်သမုဒ္ဒရာမှ မုန်တိုင်းများသည် မြန်မာပြည်အား မိုးနောင်းကာလ နောက်ဆုံးလက်ဆောင်အဖြစ် မိုးစက်မိုးပေါက်တို့အား ရွာသွန်းပေး၏၊ မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com

အလယ်ပိုင်းမိုးခေါင်ရေရှားရပ်ဝန်းဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးတောင်ပိုင်း၊ မြောက်ပိုင်းဒေသမှ တောင်သူလယ်သမားတို့သည် ထိုမုန်တိုင်းမိုးအား နှစ်စဉ်နှစ်တိုင်း မျှော်လင့်ကြ၏။ အောက်တိုဘာ၊ နိုဝင်ဘာ မိုးအကုန်ဆောင်းအကူးကာလ၌ နှစ်ကြိမ်၊သုံးကြိမ်နှုန်း မိုးကောင်းကောင်းရွာလိုက်လျှင် တောင်သူများအတွက် ဆောင်းသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုး စိုက်ပျိုးရန် မြေအစိုဓာတ်ရရှိခဲ့ပြီဖြစ်၍ တောင်သူဦးကြီးတို့ အလွန်ပျော်ရွှင်ကြ၏။

မိုးသီးနှုန်၊ မိုးမြေပဲ၊ မိုးနှမ်းများ ရိတ်သိမ်းကြပြီး မြေအစိုဓာတ်ရှိတုန်း ထွန်ယက်၊ ထယ်တိုက်ကြ၏။ ဤနောက် မိုးပြေးလေးတစ်ပွင့်ထောင်ချွေးဆည်နှင့် မြေပဲစိုက်၊ ပဲကားစိုက်၊ နှမ်းခြေရန် ပြင်ဆင်ကြတော့သည်။

အညာဒေသ၏ ပုံရိပ်ဖြစ်သော ထန်းပင်ညှိညှိတို့သည် မော်ဒယ်အပျိုမ

www.burmeseclassic.com

www.burmeseclassic.com

တို့ ဟန်ရေးပြသည့်အလား နေရာအနှံ့ ၌ ငွားငွားစွင့်စွင့်အုပ်ဆိုင်းနေကြသည်။ ကုန်းကြောချပ်ကြားတစ်လျှောက်တွင် မြေစာမြက်တို့သည် မိုးစက်မိုးပေါက်များ တွဲလွဲခိုလျက် စိမ်းစိုနေကြ၏။ အိမ်ယာခြံ၊ တောခြံ (တောအုပ်စုစုများ) များက ဟိုသည်တစ်စုစီဖြင့် အုတ်ဖိုတောင်ရိုးကြီးမှသည် ပြန့်ကျဲလျက်။ ထင်းခုတ်သမားတို့၏ရန်မှ ကင်းလွတ်ကုန်ကြသော ရှားပင်၊ သန်း၊ ဒဟတ်၊ မန်ကျည်း၊ တမာပင်တို့ကား မိုးရေစက်များအား ဝဝလင်လင်သောက်သုံးပြီး အစိမ်းရင့်ရင့် ခြုံထည်ဖြင့် ကွန်ရှေ့ရနေကြလေသည်။

ချိုးနှစ်ကောင်ဖြင့် တည်ငြိမ်နေသောထနောင်းပင်တို့သည် ဖြူရော်ရော်ပင်စည်ကြီးထက် အကိုင်းအခက်များမှ အရွက်သေးများအားခါချလျက်။ ချိုးကူသံလေးများက အညာဒေသစိမ်းမြသောလေညင်းနှင့်အတူ သာယာချိုအေးစွာ ကြားနေရသည်။

ဘုတ်အီသံ၊ ခါင့်က်တွန်သံ၊ သပိတ်လွယ်ငှက်တို့၏ တကျည်ကျည်အစာရှာနေကြပုံသည် အစိမ်းရောင်စိုနေသောလှိုင်းထလျက် ယာခင်း၊ ခင်တန်း၊ လျှိုကုန်းများအား သက်ဝင်လှုပ်ရှားစေပါသည်။ ယာခင်းစည်းရိုးတစ်လျှောက် ခံပင်လေးများက ခံပွင့်ဖြူဖြူလေးတွေ ပွင့်တော့မည်။ ဒဟတ်ပန်းတို့ ဖူးငုံ၍ ပွင့်ရန်အားယူနေကြပါသည်။

❐

ကျောက်မဲတော ရွာသား ကိုလေးကုလားသည် မနေ့ညက ထန်းရည်အသောက်များသွား၍ မနက်စောစော မှာမထနိုင်ဘဲရှိနေသည်။ နံနက်ငါးနာရီဆိုသောအချိန်သည် ကျေးလက်တောရွာမှ တောင်သူဦးကြီးများအတွက် လုပ်ငန်းခွင်စတင်ချိန် ဖြစ်သည်။

ရွာထဲရှိအိမ်အသီးသီးမှ ကြက်ဖကြီးငယ်တို့သည် ရွာသူရွာသားများအား အလုပ်ချိန်ကျပြီဖြစ်ကြောင်းတွန်သံပေးရင်းနှိုးဆော်ကြကုန်၏။ ကိုလေးကုလား၏သမီးအကြီး မသန်းနွယ်သည် နွားများအား အစာကျွေးရင်း ဖအေဖြစ်သူကို အော်နိုးနေ၏။

ကိုလေးကုလားသည် ဆက်ရက်မင်းစည်းစိမ်းမှ အရှိန်မကုန်သေး။ ညကတင်ထွန်း ကိုမောင်ဌေးတို့နှင့် ထန်းရည်သုံးမြူခန့်သောက်လိုက်သဖြင့် နံနက်ရောက်သောအခါ ခေါင်းကိုက်နေချေပြီ။

"တော့်ကုလား၊ ရှင်မထသေးဘူးလား။ ရှင့်အစ်ကိုကြီး ကိုသန်းအောင်တို့ တောင် တောထဲသွားကုန်ကြပြီ။ ညည ကျ အဲဒီအကောင်တွေနဲ့ ခွေးသောက် ဝက်သောက်မှု၊ မနက်ကျရင် မထနိုင်နဲ့။ မြေလေးစိုတုန်း ထယ်ရေးလိုက်ရမှ၊ ရှင် နဲ့တော်"

ဇနီးဖြစ်သူ၏အသံက ဌက်ဆိုးထိုးသံအလား နားထဲသို့ဝင်လာသည်။

"ဒီမိန်းမတော်တော်နားငြီးအောင်လုပ်တယ်။ နင့်ဟာနင်သွားပြီး ထယ်ထိုးပါလား။ ငါထလုပ်လိုက်ရ သေတော့မယ်"

"ရှင်အော်မနေနဲ့၊ တစ်ရွာလုံး တောထဲရောက်လို့ ထယ်နှစ်စပ်လောက် ထိုးပြီးနေကြပြီ။ ရှင်က အမူးမပြေခင် သေးဘူး။ သူများတွေ နှမ်းသုံး၊ လေးဆယ်ရလို့ပျော်နေရင် ရှင့်မှာမျောက်မှိုင်မှိုင်ပြီ။ သူများလိုဝိရိယထားမှရမှာပေါ့"

ကိုလေးကုလားဆက်ပြီးနှပ်နေလို့ မရတော့။ မယားဖြစ်သူ၏ပူညံပူညံအသံကြောင့် အိပ်ရာမှထကာ မျက်နှာသစ်ပြီး ထမင်းကြော်နှင့်ရေနွေးကြမ်းအားအမြန်စား၍၏။ သားဖြစ်သူ ကျော်စွာဝင်းက လှည်းပြင်နေ၏။ လှည်းပေါ် သို့ ထယ်ရိုး ကောက်ကြောင်းထွန်လေးသွား၊ တုံးကြမ်းနှင့် မျိုးမြေပဲအိတ်၊ မြေဆီအိတ်တို့အား တစ်ခုချင်းတင်နေသည်။ ခိုင်းနွားနှစ်ကောင်က အစာဝသွားသဖြင့် တမာပင်အောက်၌ စားမြဲ့ပြန်နေကြသည်။ ယာတောထဲသို့ သမီးဖြစ်သူ သန်းနွယ်၊ သား ကျော်စွာဝင်းနှင့် ကိုလေးကုလားတို့သွားရမည် ဖြစ်သည်။ ဇနီးဖြစ်သူ ဒေါ်ကိုက ဆွမ်းခံချိန်ကျလျှင် အစာပြေ ထမင်းကြော်၊ လက်ဖက်နှင့် ရေနွေးကြမ်း တောင်းလာပို့ရမည်ဖြစ်ပါသည်။

ရွာပြင်တောစပ်ယာခင်းများကား ဝါရွှေရောင်၊ နက်ပြေးပြေး၊ နီညိုရောင် အရောင်အသွေးတို့ဖြင့် တောင်သူများ၏နွားနှင့်ဖက်၍ ရုန်းနေကြသောလုပ်ငန်းခွင်သည် သက်ဝင်လှုပ်ရှားစွဲဖြင့် ကြည့်၍ကောင်းသေးတော့သည်။ ထန်းပင်ညိုညိုထက်မှ ဆက်ရက်ငှက်လေးများက ဦးကြီးတို့နှင့်အပြိုင် တေးဆိုနေကြလေသည်။

❐

ကိုလေးကုလားတို့ယာခင်းအလွန် တောချုံသည် ရေစီးဆင်းရာ ရိုးချုပ်ရှိ၍ မြေအစိုဓာတ်ကောင်းသဖြင့် တောထူ၏။ ချုပ်ကြားဖြစ်သောကြောင့် နိမ့်ဆင်းသွားသဖြင့် ထိုတောချုံကြီးအား ယာထွင်၍မရ။ သန်းပင်၊ ဒဟတ် များနှင့် နဘူးချုံ။ နီပစေးပင် အုံကောင်းလှသည်။ ထိုချုံ မန်ကျည်းပင်ကြီးသည် အရိပ် သည်။

ကိုလေးကုလားသည် သူ တစ်ဧကခန့်အား ထယ်ထိုးနေ တစ်ဝက်ခန့်ပြီးသွားပြီးနောက် အားဆက်လုပ်ခိုင်း၍ မန်ကျည်း ရေနွေးကြမ်းသောက်ရင်း ခ သည်။ သမီးအကြီး မသန်း ပေါင်းချုံတို့အားလိုက်ကောက် မိုးရွာထား၍ ယာခင်းသဲမြေမှာ နေသည်။ ဆေးပေါ့လိပ်ဖွာရင်း စပ်မြက်ပင်များကြား မြေပြင် မောကြည့်မိသည်။ သဲစပ်စပ်မှာ ဝိုင်းဝိုင်းလေးများက ချပ်ကြ တိုးဝင်သွားသည်ကိုတွေ့ရသည်။ ပေါ့လိပ်အား သဲထဲထိုးထည့်ရင်း ကြောင့်ထိုင်၍ ထိုခြေရာအဝိုင်း အားကြည့်မိသည်။ အဝိုင်း လေးခုနှင့်ကပ်လျက် ကျပ်ပြား အဝိုင်းလေးများကစီတန်းပြီး ပျောက်ကွယ်သွားသည်။ သူ သည်၊ ကြောင်ဖားတစ်ကောင် ဖြစ်သည်။ ထိုဒေသသည် မုဆွာ တန်ဆည်ကားလမ်းဝဲ၊ ယာမှာ ကားလမ်း၏ဝဲဘက်သည် ဝက် နှောနယ်ဖြစ်ပြီး မဟာမြိုင်တော ဆက်စပ်နေပါသည်။ ကာလမ်း ဘက်သည် အုတ်ဖိုတောင်ရိုးအား ပြု၍ ယခင်မဆလခေတ်က တော ထူထပ်ခဲ့သည်။ သမင်၊ ချေ၊ ယုန် ကြောင်၊ ဖွတ်၊ ပုတက်နှင့် သာရကာပေါများစွာကျက်စား နှောနယ်မှ သမင်၊ ချေတို့ရွာနှင် ဘုတလင်မြို့မြောက်ဘက် ပဲပု ချောင်းရိုးမ လည်းကောင်း၊ နှင့် ရွှေဘိုခရိုင်နယ်စပ် ကျော ဆိုင်းဘုတ်အနီးမှလည်းကောင်း အနောက် ကူးချည်သန်း ကျက်စားကြသည်။ တောချုံများ လူတစ်ရပ်မက ပဲစဉ်းငုံခင်းများ သားသမင်တို့ခိုအောင်း၍နေနိုင် ဖြစ်သည်။

ကိုလေးကုလားသည် ခါးကြားထိုး၍ တူးရွင်းငန်းပြား တောကြောင်ဖားခြေရာအတိုင်း ချုံထဲတိုးဝင်ခဲ့သည်။ ရေစီးထား ချုပ်ကြားသည် လူတစ်ရပ်ခန့် သစ်ပင်ချုပ်တ်များကြား

www.burmeseclassic.com

www.burmeseclassic.com

နိမ့်ဆင်းသွားသည်။ မရှင်းတရှင်းနဲ့ဘူးချဲ့များအကြား သဲမြေ၌ခြေရာအဝိုင်းလေးများသည် ဘယ်၊ ညာညီညာစွာဖြင့် ချပ်ကြားကမ်းပါးသို့ ဦးတည်နေပါသည်။ ခြေရာလေးများသည် လတ်လတ်ဆတ်ဆတ်ရှိနေသဖြင့် ကြောင်ဖားသည် တစ်ညလုံးအစာရှာပြီး ထိုနေရာတစ်ဝိုက်၌ဝပ်နေခြင်း ဖြစ်သည်။

ကြောင်ဖားခြေရာမှာ ချပ်ကမ်းပါးတွင်းပေါက်တစ်ခုဘဲ အဆုံးသတ်သွားသည်။ အပေါက်သည် တစ်ထွာခန့်ရှိ၏။ သေချာပြီ၊ ထိုတွင်းထဲ၌ တောကြောင် အောင်နေပါသည်။ ငန်းပြားဖြင့် တွင်းပေါက်အား ဖြိုချ၍တူးသည်။ သဲဆန်သောမြေစာတို့သည် ငန်းပြား၌ အဆုပ်အခဲလိုက်ပါလာရင်း တွင်းမှာ တဖြည်းဖြည်းကျယ်လာ၏။ တွင်းထဲမှ အသံသဲ့သဲ့ကြားရသည်။

"ဒုတ် ဒုတ် ခွီး ခွီး"

ငန်းပြားတူးသံ၊ တောကြောင်မာန်ဒီသံတို့သည် ချပ်ကြားထဲမှ ထွက်ပေါ်လာသည်။

"အဖေ၊ အဖေ ဘာလုပ်နေတာလဲ"

ရိုးချပ်ကြားအနီးရှိ ယာခင်းစပ်အထိ ထယ်ထိုးလာသော ကျော်စွာဝင်းတ ချပ်ကြားတောချဲ့ထဲမှ မြေကြီးတူးသံ၊ တခွီးခွီးအသံများကြောင့် ဖခင်ဖြစ်သူအား လှမ်းအော်မေးလိုက်သည်။

"သားရ၊ ဒီမှာကြောင်တွေ့နေပြီတွ။ မင်းဝင်လာခဲ့ဦး"

ကျော်စွာဝင်း ပေါက်တူးရိုးကိုင်ပြီး တောချဲ့ထဲတိုးဝင်လိုက်သည်။ ထယ်ထိုးရင်း စည်းရိုးနားရပ်လိုက်သဖြင့် နွားနှစ်ကောင်သည် ချဲ့နွယ်အညွှန့်များအား ဆီတမီလှမ်းဆွတ်၍ဝါးနေကြလေသည်။ မြေတွင်းထဲမှ စိမ်းဖန့်နေသော မျက်လုံးအစုံသည် သားအဖနှစ်ယောက်အား ဓာန်ဖြ၍ စူးရဲစွာကြည့်နေ၏။ တောကြောင်သည် ထွက်လမ်းပိတ်နေသဖြင့် နောက်ဆုတ်ရင် မြေတွင်းနံရံ၌ပိတ်မိနေဦး ဖြစ်သည်။

"အဖေ ဖယ်ပေး၊ ရော့ ဓပေါက်တူးခဲယူထား။ တိုးထွက်လာရင် ခုတ်သာချထိုက်။ ကျုပ်ငန်းပြားနဲ့ထိုးမယ်"

ငန်းပြားနှင့်လက်လှမ်းမီလာပြီဖြစ်၍ ကိုလေးကုလား နောက်ဆုတ်ပေးထိုက်၏။ ပေါက်တူးရိုးကိုင်ပြီး ချပ်ကြားအောက်မှပြေးဆင်းလာလျှင် ခုတ်ချရန် အဆင်သင့်စောင့်နေ၏။

ကျော်စွာဝင်းက တွင်းမှောင်ထဲစိမ်းလဲ့နေသော မျက်လုံးအစုံရှိရာသို့ အသွားထက်သော တူးရွင်းငန်းပြားအနိုးအား လက်နှစ်ဖက်ဖြင့်စုံကိုင်ပြီး အား စိုက်၍ထိုးချလိုက်ပါသည်။

"ခွီး ခွီး ဖရော ဝုန်း"

တောကြောင်ဖားကြီးသည် သွေးသံရဲရဲဖြင့် ချပ်ကြားထဲပြုတ်ကျလာပါသည်။ ခုန်ထလိုက်၊ မြေပေါ်ပြန်ပြုတ်ကျလာလိုက်ရှိနေစဉ် ကိုလေးကုလား၏ ပေါက်တူးအသွားသည် လေထဲဝဲသွားပြီး ကြောင်ဖား၏ဇက်ပိုးသို့ တိုးဝင်သွားသည်။

"ခွပ် ခွီး ခွီး ဘုတ်"

ကြောင်ဖားကြီးဆန့်ငင်ဆန့်ငင်ဖြင့် အသက်ထွက်သွားသည်။

"အဖေ၊ သုံးပိသာလောက်တော့ ရှိမယ်နော်"

"အေးကွ၊ ဆီပြန်ကောင်းကောင်း ချက်စားရမယ်။ မင်းဘကြီးသန်းအောင်ကို တစ်ပေါင်လောက်ပေးလိုက်ကွာ၊ သူက ကြောင်သားဆိုကြိုက်တယ်ကွ"

သားအဖနှစ်ယောက် ကြောင်သေအား လှည်းပေါ် တင်ပြီး ငှက်ပျောဖက်ဖြင့် ဖုံးထားလိုက်ကြသည်။ ယာခင်းမှာလည်း ထယ်ရှေ့ငင်ပြီး၍ စိုက်ကြောင်းခွဲပြီးလေပြီ။ အကြီးမ သန်းနွယ်သည်လည်း ဘယ်၊ ညာလက်နှစ်ဖက်တွင် မျိုးမြေပဲဆန်များအား စိုက်ကြောင်းတစ်လျှောက် စီတန်းပြီး ကြဲချနေ၏။ သားဖြစ်သူက နွားနှစ်ကောင်အား တုံးကြမ်းတပ်ပြီး စိုက်ကြောင်းတစ်လျှောက်မြေဖို့လျက်။

အနီးရှိ မန်ကျည်းပင်ကြီးထက်မှ ချီးကလေးများကား တကူးကူးအသံပေးကာ ကူလျက်ရှိလေသည်။ ခပ်ဝေးဝေး ရွာထက်မှ အိပ်ကြက်များ၏ တွန်သံကြောင့် ဆွမ်းခံပြန်ချိန်ရောက်ပြီ ဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

❐

၁၉၇၀ ပြည့်နှစ်ဝန်းကျင် မဆလ ခေတ်အခါက ထိုရွာတစ်ဝိုက် လက်ပံအရွေ့၊ သက်ကယ်ခြံ၊ ဟင်္သာမ အစရှိသောရွာများနှင့် အုတ်ဖိုတောင်ရိုးသည် မြေပြန့်စနယ်မြေများ၌ ယာခင်းအနည်းငယ်သာရှိခဲ့ပြီး တောအလွန်ထူထပ်ခဲ့၏။ သမင်လွန်စွာပေါ၏။ ချေအနည်းငယ်ရှိသည်။ ရွှေစက်တော်ဘေးမဲ့တောမှ ရွှေသမင်အမျိုးအစားတော့မဟုတ်ပါ။ ယခုခေတ် လွတ်ကျောင်း၍မွေးမြူကြသော ဆိတ်အုပ်၊ နွားအုပ်များကဲ့သို့ရှိခဲ့လေသည်။

ကျောက်မဲတောရွာမှ မုဆိုးကြီးဦးဘရီသည် တောင်သူကြီးတစ်ဦးဖြစ်ပြီး ထန်းပင်များလည်းပိုင်၍ ထန်းလျက်ချက်ဖို့များလည်းရှိသည်။ တောင်သူကြီးဖြစ်သော်လည်း ဝါသနာပါသည်က မုဆိုးအလုပ်။ တောကျွဲမ်း၍ သားကောင်၏သဘာဝအား နောက်ကျေနေအောင်သိသူဖြစ်သည်။ သားအကြီးဆုံး ကိုသန်းအောင် အရွယ်ရောက်လာသောအခါ ရှိသမျှယာများအား သားဖြစ်သူကိုလွှဲပြီး လုပ်သေနတ်တစ်လုံးပြုစုဖြင့်တောလည်တော့သည်။ ထိုစဉ်က ကိုလေးကုလားမှာ လူပျိုပေါက်အရွယ်ရှိပြီ ဖြစ်သည်။ ဦးဘရီ တောလည်ရာသို့ လက်စွဲတော်အဖြစ် အမြဲလိုက်ရ၏။ သားကြီး ကိုသန်းအောင်ကား အကုသိုလ်အလုပ်ဖြင့် အကျိုးမပေးရကား ကိုသန်းအောင်ပါသည့်အခေါက်တွင် ဘာသားကောင်မှမရ။ ထို့ကြောင့် လာဘ်မကောင်းဟု ဆိုကာ ကိုသန်းအောင်အား မခေါ်တော့။ ကိုသန်းအောင်ကလည်း ယာအလုပ်ကိုင်းအလုပ်ကိုသာစိတ်ဝင်စားသူဖြစ်သည်။

ဦးဘရီ၏ ကျွမ်းကျင်သော မုဆိုးဂုဏ်ပုဒ်သတင်း၊ ပေါများလှသောသမင်သားကောင်သတင်းတို့ကြောင့် မဆလခေတ်အခါက ပါတီ၊ ကောင်စီ၊ ခရိုင်၊ မြို့နယ်အာဏာပိုင်ကြီးများနှင့် စစ်တပ်မှ အရာရှိအကြပ်တပ်သားတို့သည် မေးမြန်းစုံစမ်း၍ မုဆိုးကြီးဦးဘရီအိမ်သို့ ရောက်ရှိလာတတ်ကြကုန်၏။

(မှတ်ချက် - ထိုသို့ အာဏာပိုင်အဖွဲ့အစည်း၊ စစ်တပ်တို့အဝင်အထွက် အရောက်အပေါက်များသဖြင့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလကြီး၌ ဘေးပတ်ဝန်းကျင်ရွာများ နေခင်းကြောင့် တောင် ဓားပြတိုက်၊ နွားဝင်ဆွဲခံနေရစဉ်မှာပင် ကျောက်မဲတောရွာလေးသည် ဒီပဲရင်းနယ်လူဆိုးဓားပြများရန်မှကင်းဝေးလျက် ငြိမ်းချမ်းခဲ့ပါသည်။)

❐

ကျောက်မဲတောရွာမှ ဦးဘရီ၏ အိမ်ကား ည့်သည်ပြတ်လှသည်မရှိပါ။ မြို့မှည့်သည်များဝင်လိုက်၊ ထွက်လိုက်ဖြင့် ဇနီးဖြစ်သူ ဒေါ်လှကြွယ်သည် မီးဖိုချောင်ထဲမှ ထွက်ရသည်မရှိ။ မဆလခေတ်က တစ်နယ်မှတစ်နယ်သို့ ဆန်များအား သယ်ယူခွင့်မပြု။ ဆန်မှောင်ခိုများအား တင်းတင်းကျပ်ကျပ်အရေးယူ

www.burmeseclassic.com

www.burmeseclassic.com

နေစဉ် ဒီပဲရင်းညောင်လှရွာဘက်မှ ဆန်များအား လှည်းဖြင့်တိုက်၍ သယ်သည်။ ကျောက်မဲတောရွာနှင့် ပတ်ဝန်းကျင်ရွာသားများသည် တောင်သူများဖြစ်သောကြောင့် စားစရာဆန်မရှိ၍ ဦးဘရီအား အကူအညီတောင်းသောကြောင့်ဖြစ်၏။ ဦးဘရီအားမသိသော ရဲနှင့် ကောင်စီများက လှည်းနှင့်အတူ ဦးဘရီအားဖမ်းလူကြီးများထံပို့မှ -

"ဟဲ့ဟဲ့ - အဲဒါ ကျောက်မဲတောက ဦးဘရီကို သွားမလုပ်ခဲ့နဲ့။ ဥက္ကဋ္ဌကြီးနဲ့ မင်းကြီးတို့သိသွားရင် မိုးမိုးလောင်သွားလိမ့်မယ်။ သူအိမ်က ငါတို့ရဲ့စားသောက်အိမ်။ သူထမင်းစားပြီး သူဆန်သွားဖမ်းလို့ကောင်းပါ့မလား။ ဥက္ကဋ္ဌကြီးသိသွားရင် ငါတို့အဆဲခံရလိမ့်မယ်။ ကဲ၊ ကဲ - ဦးဘရီ အေးအေးဆေးဆေးပြန်။ တပ်သားနှစ်ယောက် ရွာအထိလိုက်ပို့လိုက်။ ဦးဘရီ၊ ဒီကောင်တွေအပြန်မှာ သမင်သားခြောက်တစ်ပိသာလောက်ထည့်ပေးလိုက်စမ်းပါ"

ရဲဌာနာအုပ်ကြီး၏စကားကြောင့် ရဲနှင့်ပါတီကောင်စီမှလူများလည်း ဖမ်းထားသော ဆန်များနှင့်လှည်းနှင့်အတူ ဦးဘရီအားပြန်လွှတ်ပေးရ၏။ ဦးဘရီသည် ထိုဒေသတစ်ဝိုက် ယာမြေများနှင့် စိုင်ပြင်ကြီးရှိ အိမ်ယာမြေကွက်များအား လူကြီးများကပေးသော်လည်း မယူခဲ့ပါ။ သူသဘောကျသည်က အင်္ဂလိပ်နှစ်လုံးပြူးသာဖြစ်သည်။ လူကြီးတွေကလည်း ထိုအကြောင်းကိုသိ၍ နှစ်လုံးပြူးတစ်လက်၊ တစ်လုံးပြူးတစ်လက်နှင့် ကျည်ဆန်များပေးခဲ့ကြသည်။မုံရွာခရရ(×××)မှ စစ်သားများကလည်း ယမ်းနှင့်ခဲသီးများပေးကြသည်။

တစ်ခါသော မုံရွာမြို့မှ စား/ထွေ မန်နေဂျာတစ်ယောက်သည် ကိုလေးကုလား၊ လှည်းမောင်းသူတစ်ယောက်တို့နှင့်အတူ ညဘက်တောလည်ကြသည်။ မန်နေဂျာသည်သေနတ်မပစ်တတ်သည့်အပြင် သမင်၊ ချေတို့ကိုလည်း ကောင်းကောင်းမမြင်ဘူးရာ ပဲစဉ်းငုံခင်းထဲမှ နွားမပေါက်တစ်ကောင်ကို ညအမှောင်လရောင်အောက်တွင် သမင်ထင်ပြီး သေနတ်ဖြင့်ပစ်လိုက်ရာ ထိုနွားမ၏ တင်ပါးအားမှန်၍လဲကျသွားပါသည်။

ကိုလေးကုလားက -

"ဟာ-မန်နေဂျာကြီး၊ အဲဒါ သမင် မဟုတ်ဘူးဗျ၊ နွားမဗျ၊ ခင်ဗျားတော့ ပြဿနာတက်ပြီ"

နွားမကြီးကား သေနတ်ဒဏ်ရာကြောင့် ပဲခင်းထဲလဲကာ တဘဲဘဲအော်နေ၏။ နောက်နေ့မနက်ရောက်တော့ မုဆိုးကြီးဦးဘရီ၏အိမ်သို့ နွားပိုင်ရှင်ရောက်လာပါတော့သည်။ ဒဏ်ရာရထားသောနွားမအား လှည်းပေါ်မှချပြီး အလျော်တောင်းတော့သည်။ နှစ်ထောင်ခန့်တန်သည့်နွားအား ငွေငါးထောင်လျော်လိုက်ရသည်။ ကိုလေးကုလားတို့က နွားမအားသတ်ပြီး အမဲခြောက်လုပ်လိုက်ကြတော့သည်။ မန်နေဂျာကြီးလည်း မြို့နယ်ရောက်သော် နွားနှင့်သမင်မှားပစ်မိ၍ အလျော်ပေးခဲ့ရကြောင်း သတင်းပြန့်ပြီး အရှက်ရကာ နောက်ဘယ်တော့မှ ကျောက်မဲတောရွာသို့ မလာတော့ပါ။

❐

တစ်ခါတုန်းက ထိုဒေသသည် မိုးဦးခေါင်ခြင်းဒဏ်ကိုခံခဲ့ရ၏။ သင်္ကြန်လက်ဆေးမိုးရွာလိုက်သဖြင့် တောင်သူတို့မျှော်ကြပြီး အမြန်ထွန်ယက်၍ မိုးနှမ်းများကြဲကြ၏။ သို့သော် မိုးသည် နောက်ပိုင်းမရွာတော့။ စနေထောင့်မှ တိမ်များအဆုပ်လိုက်တက်လာပြီး မြောက်ဘက်သို့လွင့်သွားသည်ကိုသာမြင်ကြရသည်။

ကိုလေးကုလားလည်း ကြဲထားသော နှမ်းခင်းအား ရိုးခြောက်စပ်အနီးသစ်ပင်ရိပ်မှာထိုင်ရင်း ကောင်းကင်မှ မိုးတိမ်တို့အား မော့၍ကြည့်ရင်းဖြင့် သက်ပြင်းအခါခါချနေရင်း ကြဲထားသော နှမ်းပင်ပေါက်များကား နယုန်လနေပူရှိန်အောက်၌ နွမ်းနယ်၍ သေလုသေခင်ဖြစ်နေကြလေပြီ။ စိတ်ပျက်လက်ပျက်ဖြင့် ရိုးချပ်ကြား ရေစီးမြောင်းသဲမြင်သို့ဆင်းလာခဲ့တော့သည်။

ထိုအခါ သူမျက်လုံးများက ထူးဆန်းသည့်အရာတစ်ခုအားသွားတွေ့၏။ ရိုးခြောက်သဲပြင်ချဲနွယ်များကြား၌ ငုံးအသိုက်တစ်ခုဖြစ်သည်။ မြက်ခြောက်တို့ဖြင့်ခွေထားသော ငုံးသိုက်လေးသည် အစက်အပြောက်ဥသုံးလုံးဖြင့် သဲပြင်မှာ ထီးထီးကြီးရှိနေ၏။

"တောက် - သင်းကြောင့် မိုးမရွာတာကိုး၊ တွေ့ကြသေးတာပေါ့ကွာ"

ကိုလေးကုလားသည် ငုံးဥများအား ကောက်ယူ၍ ဖောက်သောက်လိုက်ပြီး အသိုက်မြက်ခြောက်များအား ဖျက်ဆီး လွင့်ပစ်လိုက်ပါတော့သည်။ အမှန်မှာ တိရစ္ဆာန်များ၏သဘာဝအရ မိုးဦးခေါင်လျှင် ငုံးတို့သည် ချောင်း၊ မြောင်း၊ ရိုးတို့အလယ်မြေပြင်၌ ငုံးအသိုက်ပြုလုပ်တတ်ကြသည်။ ဦးမလာနိုင်မှန်း တိရစ္ဆာန်များသိနေသော အကောင်ပေါက်သည်အထိ ထိုနေ့များ၌ အသိုက်လုပ်ကြခြင်း ဖြစ်သည်။ ကိုလေးကုလား၏လက်ချက်ကြောင့် သိုက်လေးမှာ တစ်စစီဖြစ်သွားရသည်။

တိုက်ဆိုင်စွာပင် နောက်နေ့မိုးကြီးသည်းထန်စွာရွာပါတော့သည်။ အိမ်နှင့်က ဘင်္ဂလားပင်လယ်အော်ဝယ် မုန်တိုင်းအရှိန်ကြောင့် စစ်ကိုင်းဒေသကြီးအလယ်ပိုင်း၌ မိုးရွာခြင်းသည်။ ကိုလေးကုလားကတော့ ငုံးသိုက်အားဖျက်လိုက်သဖြင့် မိုးရွာသည်ဟု ရွာထဲ၌ပြောမဆုံးဖြစ်နေ၏။ သာဓုဖြစ်ဖြစ် မိုးရွာလိုက်သဖြင့် ကြထားသော မြေပဲပင်၊ နှမ်းပင်ပေါက်မှာ ပြန်လည်ခေါင်းထောင်လာပြီး စိမ်းစိုလာကြတော်သူများဝမ်းသာကြရ၏။

❐

ကိုလေးကုလား၏သတ္တိရှိပုံကား ကျောက်မဲတောရွာသားများက ပြောမဆုံးတတ်ပြုကြသည်။

သူသည် စစ်တပ်လာ၍ ဗိုလ်ဆင့်သေနတ်ကိုင်ရလျှင် သူ့ကိုယ်သူ ဘုရင်ကဲ့သို့မာန်ဝင်၍ ထန်းရည်မူးမူးတောထဲဝင်ပြီး တောက်တဲ့၊ ပုတ်သင်ပင်မချန် ဂျီသရီးကျည်ကပ်တစ်တပ်လုံးကုန်အောင်ပစ်သုဖြစ်သည်။ စစ်သားများကလည်း မုဆိုးကြီး ဦးဘရီအိမ်တွင်စတည်းချပြီး သမင်ဝမ်းတွင်းသားနှင့် ချက်အရက်အား တဝစားသောက်ကြသဖြင့် ပါလာသောကာဘိုင်၊ ဂျီသရီများအား ကိုလေးကုလား ကြိုသလောက် ယူပစ်ခွင့်ပြုထားကြသည်။

သို့သော် စစ်သားများပြန်သွားပြီးဘာသေနတ်မှမရှိခဲ့သော် မအေဖြူကလည်း အိမ်မှာရှိသည့် နှစ်လုံးပြူးအား ပေးမကိုင်၍ သူသည် ရေဆွေးတဲ့အဆိပ်မရှိသူဖြစ်သွား၏။

တစ်နေ့ ဇနီးဖြစ်သူ ကျော်ကျော်(အမည်ရင်းဒေါ်ကျို) နှင့်အတူ မြေပဲခင်းပေါင်းနုတ်လိုက်သွားခဲ့သည်။ သမီးနှင့် ဇနီးက ပေါင်းလိုက်နေစဉ် ကိုလေးကုလားသည် နွားစာအတွက်မြက်ရိတ်နေပါသည်။

"ကျော်ကျိရေ လာပါဦးဟ၊ မြွေမြန်လာ"

လက်မှ တံစဉ်ကြီးကိုင်ပြီး ခြေခင်းဘေးဌအော်နေ၍ ဒေါ်ကျိသည် ပေါက်တူးအမြန်ချပြီး ကိုလေးကုလား

www.burmeseclassic.com

www.burmeseclassic.com

အနားအမြန်ပြေးသွားသည်။ သူဘေးနားမလှမ်းမကမ်းမှာတော့ မြွေပွေးကြီးသည် နွားချေးပုံကြီးအလား ခဲ့ခဲ့ကြီးခွေနေပါသည်။ အခွေထက် ဦးခေါင်းတင်ပြီးအိပ်နေ၏။ ယင်ကောင်များက မြွေပွေးကြီးအနားဝိုင်းလျက်။

"ရှင်ရိုက်လိုက်ပါလား၊ ဘာဖြစ်လို့ဒီလောက်အော်နေရတာလဲ"

"ငါမရိုက်ရဲဘူးဟ၊ လုပ်ပါဟာ ဒီကောင်ကြီးထိလိုက်ရင် ဟုန်းခနဲပဲ"

မယားဖြစ်သူ ဒေါ်ကိုသည် ကိုလေးကုလားအား မျက်စောင်းထိုး၍ နွားထမ်းပိုးကြီးဖြုတ်ပြီး မြွေပွေးကြီးအား တဖုန်းဖုန်းရိုက်ပါတော့သည်။ မြွေပွေးကြီးမှာ လက်ကောက်ဝတ်လုံးခန့်ရှိလေသည်။ ထိုမှစ၍ ကိုလေးကုလား၏သတ္တိအား ကျောက်မဲတောရွာသူရွာသားများ ပြောစမှတ်ပြုကြကုန်တော့သည်။

❐

သည်ဘက်ခေတ် ဒီမိုကရေစီအစိုးရလက်ထက်၌ တောသူတောင်သားတို့သည်လည်း ခေတ်မီတိုးတက်၍လာပါပြီ။ ယခင်က အိမ်ခြေသုံးဆယ်ခန့်ရှိသော ကျောက်မဲတောရွာလေးသည် တောထဲတောင်ထဲ မီးကလေးမှိတ်ထုတ်ဘဝမှ ယခုအခါ အိမ်တိုင်းစေ့ ဆိုလာဘက်ထရီမီးများဖြင့်ထိန်လင်း၍နေ၏။ စလောင်းတပ်ပြီး ကမ္ဘာ့ဖလားဘောလုံးပွဲများပင် ရှာဖွေ၌ကြည့်နေကြပြီ ဖြစ်သည်။ နွားနှစ်ကောင်ဖြင့် ဖက်ရှင်းရသည့်ဘဝမှ သုံးဘီးထွန်စက်များဖြင့် ထွန်ယက်သည့် အဆင့်ရောက်လာသည်။ ယာထွန်နေရင်း ဟန်းဖုန်းကိုင်၍ အိမ်နှင့်သော်လည်းကောင်း၊ မြို့နှင့်သော်လည်းကောင်း ဆက်သွယ်စကားပြောနိုင်လာကြသည်။ ယခင်က မြို့နှင့်ဖုန်းခေါ် ဆိုဆက်သွယ်သို့လျှင် စိုင်ပြင်ကြီးရွာသို့သွားခဲ့ကြရသော်လည်း စိုင်ပြင်ကြီးအဝင်၌ မိုဘိုင်းဖုန်းဆက်သွယ်နေတာဝါတိုင်ကြီးအပြီး ဘစ်ထောင့်ငါးရာတန်ဖုန်းကတ်များချလေးလိုက်၍ ရွာသားများကား ဟန်းဖုန်းဘကိုင်ကိုင်ဖြင့် ဟန်နေပြကြပါတော့သည်။

ဤမှာပင် ထိပ်ကွက်ကြာဖြူသမင်ကြီး၏ဇာတ်သိမ်းပိုင်းဖြစ်ပေါ် လာရ၏။ သည်ဘက်ခေတ်၌ တောလိုက်သေနတ်၊ ဆူမီး၊ လုပ်သေနတ်များအား စစ်အစိုးရ၏အမိန့်အရ ပြန်အပ်ကြရသည်။ မုဆိုးတို့လက်ထဲ၌ ဒူးလေးမြားပင်မထားရဟူ၊ မုဆိုးကြီးဦးဘရီသည်လည်း အသက်အရွယ်ကြီးရင့်၍ ဆုံးပါးခဲ့သလို သူ့သေနတ်များသည်လည်း သက်ဆိုင်ရာသို့ပြန်အပ်လိုက်ရသည်။ သို့သော်လည်း ဦးဘရီတို့နောက်မျိုးဆက် သမင်လိုက်မုဆိုးများသည် သေနတ်မသုံးရပေမယ့် ပိုက်ကွန်များထောင်ပြီး သမင်လိုက်ကြသည်။

အုတ်ဖိုတောင်အနီး လက်ပံအရွေ့ရွာမှ ဦးဌေးမောင်နဲ့ အဖွဲ့သားများ၊ ကျောက်မဲတောရွာမှ မောင်ဆန်းဦး (ကိုပု)၊ ကိုကျော်ဌေး၊ မုဆိုးကြီးဦးပု၏သား ကိုနိုင်ဝင်းတို့သည် တောလည်၍ သမင်လိုက်ခြင်း ဝါသနာထုံကြသည်။ ဦးဌေးမောင်မှာ သမင်ခြေရာခံကောင်း၍ ဘယ်တောချုံထဲ၌ဘယ်လိုအကောင်မျိုး ခိုအောင်းနေသည်ကို သိနိုင်စွမ်းသူဖြစ်သည်။

လက်ပံမြောက်ရွာ၌ သမင်ဖမ်းသည့်ပိုက်များရှိသည်။ ငွေရှိ၍ဝါသနာပါသူက (၆) လက်မပတ်လည်အကွက် နိုင်လွန်ကြိုးပိုက်ကြိုးများအား အလျား (၁၅) တောင်၊ အနံ (၆) တောင်ခန့်ရက်လုပ်ထားသည်။ ပိုက်တစ်ဖုံလျှင် ငွေရှစ်သောင်းခန့်တန်ကြေးရှိ၏။

သမင်လိုက်သူများသည် ဝါသနာပါသည့် အပျော်တမ်းမုဆိုးများဖြစ်သော်လည်း တောင်သူကြီးများဖြစ်ကြသည်။ နံနက်မိုးလင်း၍ ကိုယ့်ယာခင်းရှိရာ တောသို့ ယာထွန်၊ ထယ်ထိုးရင်း အနီးအနားရှိ တောချုံပတ်လည်အား သမင်ခြေရာခံကြသည်။ လက်ပံအရွေ့ရွာနှင့် ကျောက်မဲတောရွာရှိ သမင်လိုက်သမားတောင်သူများသည် ထိပ်ကွက်ကြာဖြူကြီးနှင့် မုဆိုးကြီးဦးဘရီရှိစဉ်ကတည်းက ရင်ဆိုင်ခဲ့ဖူးကြသည်။ ၂၀၁၄ ခုနှစ် ယခုအခါကာလရောက်သောအခါတွင် ကြာဖြူကြီးသည် အသက်ကြီးလာပြီ။ အကောင်မှာ နွားမတမ်းမကဖြစ်လာ၍ လူများနှင့် မကြာခဏရင်ဆိုင်နေရသဖြင့် လွန်စွာပါးနပ်၍နေပါ၏။ သေနတ်မကြောက်သည့်သတ္တဝါဖြစ်၍ တောရဲလူများသည် ကြာဖြူကြီး၏ချိုကားကားကြီးများအား ကြောက်ရွံ့ကြသည်။

သို့သော် ပြီးခဲ့သည့် တပေါင်းတန်ဆူးလက လက်ပံတောင်ခြေ၌ ကြာဖြူကြီး၏ ချိုကားကားတစ်ဖက်အား ကျောက်ထုသည့် အလုပ်သမားများကောက်ရခဲ့လေသည်။

သမင်များသည် တစ်နှစ်တစ်ခါ ချိုလဲကြလေသည်။ တပေါင်း၊ တန်ဆူးလရောက်သော် သမင်ဖိုများသည် သစ်ပင်ပင်စည်တစ်ခုခုအား တေ့ခေါက်ခြင်းဖြင့် ချိုသည် ပြုတ်ကျတန်ရစ်ခဲ့ကြသည်။ ထို့နောက် နယုန်ဝါဆိုရောက်သော် ချိုနဲ့စတင်ထွက်ပေါ်လာပြီး တော်သလင်းသီတင်းကျွတ်လသည် ချိုတစ်ထွာတစ်မိုက်ခန့်ဖြင့် ထိုချိုနုသည် သစ်ပင်သစ်ကိုင်းဆူးများ အထိမခံနိုင်အောင်နာကျင်တတ်သည်။ ဆောင်းတာလရောက်မှ ချိုကားကြီးများ မာကျောလာပြီး ဝင့်ထည်လာပါသည်။

❐

သက်ကယ်ခြံရွာတောင်ဘက်တွင် တောချုံများထူထပ်စွာပေါက်ရောက်နေပြီး ထိုတောများအလယ်တွင်ထွင်ထားသောယာခင်းများလည်းရှိ၏။ ထိုယာခင်းများအလယ် တောအုပ်လေးတွင် ယုန်မုဆိုး ကိုဖိုးထောင်နေပါသည်။ သူ၌ ယာခင်းလေးများရှိ၍ စိုက်ပျိုးလုပ်ကိုင်စားသောက်သော်လည်း ကိုဖိုးထောင်သည် သမင်ထောင်၊ ယုန်လိုက်ခြင်း၌ အလွန်ကျွမ်းကျင်သည်။ (ယုန်မုဆိုးကိုဖိုးထောင်အကြောင်း ဝတ္ထုတစ်ပုဒ်သီးသန့်ရေးပါဦးမည်)။ သူတဲတောင်ဘက် နှစ်မိုင်ခန့်အကွာ လက်ပံတောင်ခြေနှင့် မလှမ်းမကမ်းတွင် အိမ်ခြေတစ်ရာခန့်ရှိ သပြေသာရွာရှိပါသည်။ သက်ကယ်ခြံရွာနှင့် သပြေသာရွာကြားတွင် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ မန်ကျည်း၊ ထနောင်း၊ ရွာ၊ ဒဟတ်ပင်များနှင့် တောချုံများထူထပ်စွာပေါက်နေသည့် ပေနှစ်ပင်တောရှိသည်။ ထိုတောသည် မုံရွာအရှေ့တောင်ဖိုးမှ သမင်ဘေးမဲ့တောနှင့်ဆက်စပ်လျက်တည်ရှိသဖြင့် သမင်တို့သည် စားကျက်ပေါရာ မြောက်ဘက် တောအုပ်များဆီသို့ ကူးချည်သန်းချည်ရှိကြ၏။

ကိုဖိုးထောင်သည် ယုန်၊ သမင်၊ တောကြောင်တို့၏ ခြေရာခံရာတွင် လွန်စွာကျွမ်းကျင်၏။ အထူးသဖြင့် ထိပ်ကွက်ကြာဖြူကြီး၏ခြေရာအား အလွတ်ရနေပါသည်။ ကြာဖြူကြီးသည် သူထောင်ထားသော နန်းကြီးလျှောကွင်းများအား ကျင်လည်စွာ ရှောင်တိမ်းသွားတတ်သလို တစ်ခါတစ်ရံ လက်ပံတောင်ခြေ၌ ရင်ဆိုင်တိုးမိလျှင် သူ့အား မကြောက်ဘဲ ပေးချကြည့်တတ်သည့် အကောင်ကြီးဖြစ်သည်။

ထိပ်ကွက်ကြာဖြူကြီးအား လက်ပံအရွေ့ရွာ၊ ကျောက်မဲတောရွာနှင့်ယာတဲများမှ လူအများစုပေါင်း၍လိုက်ခဲ့ကြသည်မှာ အကြိမ်ကြိမ်ရှိခဲ့၏။ သို့သော်

www.burmeseclassic.com

ဘယ်တော့မှမမိပါ။ လက်ပံတောင်ရိုးနှင့် အုတ်ဖိုတောင်ကြီးသည် တစ်ဆက်တည်းဖြစ်သောကြောင့် ထိုသမင်ကြီးသည် တောင်ရိုးပေါ် တက်ပြေးပြီး ခြေရာဖျောက်သွားတတ်သည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ဆန်း။

ကိုဖိုးထောင် သူ့မြေပဲခင်းအကွက်လေးအား အမြဲဖြစ်သူနှင့် မြေပဲနုတ်ပြီး လှည်းပေါ် သိုမြေပဲပင်အားစုပုံတင်လိုက်သည်။ လှည်းက အိမ်ရှိရာ ယာခင်းနှင့် မလှမ်းမကမ်းသစ်ပင်အုပ်ရှိရာတဲသို့ပြန်သွားပေမယ့် ကိုဖိုးထောင်မပြန်သေးပါ။ မနေ့ညက မိုးပြေးလေးရွာလိုက်သဖြင့် တောမြေသည် စပ်စပ်လေးဖြစ်နေပြီး တောတိရစ္ဆာန်များ၏ ခြေရာအားရှာဖွေရှင်းကောင်းနေ၏။ နေမွန်းမတည့် သေးသောအချိန်ဖြစ်သည်။

နွေဘက်ဆိုသည်မှာ တောကောင်များအဖို့ အိမ်ယာတော၊ တောချိုများထဲ၌ ဝင်ရှိအိပ်နေသောအချိန် ဖြစ်၏။ တောကောင်တို့က ညဘက်မှ အစာရှာထွက်ကြသည်။ (အိမ်ယာတော၊ လယ်ကွင်း၊ ယာခင်းများနှင့် တစ်ဆက်တည်းရှိ၍ တောထူသောနှစ်ကေခန့်ရှိ ပိုင်ရှင်ရှိသော တောအုပ်လေး။)

ယာခင်းအစပ် တောချိုပတ်ပတ်လည်၏မြေပြင်အား စေ့စေ့စပ်စပ်ကြည့်ရင်း လက်ပံတောင်ခြေနှင့်မလှမ်းမကမ်းသို့ ရောက်ရှိလာလေသည်။ ထိုနေရာ၌ ကျောက်မဲတောရွာသား မောင်ချမ်းသာ၏နှမ်းခင်းရှိသည်။ နှမ်းခင်းအလွန်၌ ချပ်ကြားလေးဖြစ်နေပြီး ရှား၊ ဒဟတ်၊ ခဲပင်၊ နီပစေးပင်၊ ဂလောက်ချဲ့၊ ဘူးနွယ်၊ နဘူးချဲ့များဖြင့် တောထူသည့်တောချိုကြီးရှိ၏။ နှမ်းခင်းစည်းရိုးမြက်တော၏ သဲမြေစပ်စပ်ပေါ်တွင် သမင်ခြေရာကြီးများအား ကိုဖိုးထောင် တွေ့ရပါလေတော့သည်။ ခြေရာသည် တခြားသမင်ခြေရာများနှင့်မတူ သဲမြေထဲစူးနစ်ဝင်ပြီး ကြီးမားသည်။ ဒီခြေရာမျိုးအားမှတ်မိနေပြီဖြစ်သော ကိုဖိုးထောင်၏ မှတ်ဉာဏ်က ထိပ်ကွက်ကြာဖြူကြီး ဒီတောချိုထဲဝင်၍ဝပ်နေပြီဖြစ်ကြောင်း သိလိုက်ရ၏။ လွယ်ထားသောလွယ်အိတ်ထဲမှဟန်းဖုန်းကိုထုတ်လိုက်သည်။ WCDMA ဟန်းဖုန်းသည် မြန်မာပြည်ဘယ်တောဘယ်တောင်ပေါ် ရောက်ရောက်ဆက်သွယ်ရသည်မှာ အလွန်ကောင်း၏။ ပြီးတော့ (၁၅၀၀) ကျော်တန်ဟန်းဖုန်းများပေါ် လာ၍ သူတို့ထဲ တောင်သူတွေလည်း ဟန်းဖုန်းကိုင်နိုင်ကြပြီ ဖြစ်ပါသည်။

ကိုဖိုးထောင်သည် တရုတ်ဟန်းဆက်မှက်နှာပြင်မှနံပါတ်ကွက်လေးများအားနှိပ်လိုက်သည်။

"ဟဲလို - - ပြောပါ။ ကျွန်တော် လက်ပံပင်အရှေ့ရွာက ဦးဌေးမောင်ပါ"

"ဦးဌေးမောင်၊ ကျုပ်သက်ကယ်ခြံတောင်ဘက်ယာတဲက မုဆိုးဖိုးထောင်ပါ။ ဒီမှာ ကြာဖြူကြီးရဲ့ ခြေရာကို မောင်ချမ်းသာနှမ်းခင်းနားက တောချိုထဲဝင်သွားတာတွေ့နေရပြီ။ ခင်ဗျားတို့ လိုက်မလား"

"ဟေ - ဟုတ်လား၊ ဒါဆိုရင် ဖိုးထောင် မင်း အဲဒီနားကမလှမ်းမကမ်းမှာ စောင့်ကြည့်နေ။ ငါတို့မကြာဘူး၊ ပိုက်တွေနဲ့လာခဲ့မယ်"

ကိုဖိုးထောင် ဖုန်းပိတ်လိုက်ပြီး မန်ကျည်းပင်ကြီးအောက်ထိုင်၍ တောချိုကြီးအား အကဲခတ်နေပါသည်။ ဦးဌေးမောင်၏ဟန်းဖုန်းမှ ဆက်သွယ်ရေးလိုင်းများသည် လက်ပံအရှေ့ရွာထဲကျောက်မဲတောရွာများဆီသို့ ပျံ့နှံ့သွားပါ၏။ ယာခင်းများ၌ အလုပ်လုပ်နေကြသော သမင်လိုက်ဝါသနာအိုးများဆီသို့ လည်းကောင်း၊ ရွာထဲမှာ မြေပဲခွဲနေကြသော တောဓံသူသမင်လိုက်အဖွဲ့ဝင်များဆီသို့ လည်းကောင်း ဆက်သွယ်ပြီး ပိုက်ကွန်များအား ပြင်ဆင်သည်။ ပိုက်ငါးဖုံဆိုလျှင် လုံလောက်ပြီဖြစ်ပါသည်။ တစ်နာရီအတွင်းမှာပင် မောင်ချမ်းသာ၏ နှမ်းခင်းဆီသို့ ဆိုင်ကယ်များဖြင့် သမင်လိုက်အဖွဲ့ဝင်နှစ်ဆယ်ယောက်ခန့် ရောက်လာကြသည်။ သူတို့သည် ဟန်းဖုန်းကိုယ်စီခါးချိတ်ပြီး လွယ်အိတ်များထဲ၌ ဖြောက်အိုးများအထုပ်လိုက် ထည့်လာကြသည်။ ကျောက်မဲတောမှ မောင်ဆန်းဦး၊ ကျော်ဌေး၊ သက်အောင်နှင့် ဦးပုသားတို့က အလွန်တက်ကြွနေကြသည်။ ထိပ်ကွက်ကြာဖြူကြီး၏ လှည့်စားမှုက သူတို့အား နှစ်ပေါင်းများစွာ အနှုးဖြစ်ခဲ့ရသည်အတွက် ဒီတစ်ခါတော့ ပိုင်ပြီဟုယူဆနေကြ၏။

"ဒီကောင်ကြီးဟာ ငါတို့တောချိုကိုပိုင်းရင် တောင်ရိုးပေါ် တင်ပြေးမှာသေချာတယ်။ ဒီတော့ ငါတို့တွေထဲက ဆယ်ယောက်က ချမ်းသာရဲ့နှမ်းခင်းကနေ တောင်ရိုးကိုကျောပေးပြီးခြောက်မယ်။ တောချိုမြောက်ဘက်ကနေ ပိုက်ငါးဖုံကိုထောင်ပါ။ ဒီကောင်တွေရဲ့ပြေးလမ်းက ကျောက်မဲတောနဲ့ ကိုးနဝင်းဘုန်းကြီးကျောင်းကြား၊ တောခြံတွေကြားကနေ မူးရိုးအနီးက ထနှောင်းဒူး၊ ဆင့်ကန်တောဘက်ကို ပြေးမှာသေချာတယ်။ ဒီတော့ သုံးယောက်က အဲဒီလမ်းကြောမှာသွားပြီးပိတ်စောင့်။ ထိပ်ကွက်ကြီးပြေးလာရင် ဘယ်တောချိုထဲသွားတယ်ဆိုတာသေသေချာချာကြည့်"

ဦးဌေးမောင်က အားလုံးကိုညွှန်ကြားပြီး တောချိုကြီးမြောက်ဘက်ပတ်ပိုင်းပြီး ပိုက်များကိုထောင်ဖို့စီစဉ်သည်။ အလျား(၁၅)တောင်၊ အနံ (၆) တောင်ရှိ (၆)လက်မပတ်လည်ကွက်ပိုက်များအားဖြန့်၍ တစ်ဖက်တစ်ချက် ဝါးခွထောက်များဖြင့် လူခါးလယ်လောက်အမြင့်မှ မတ်ရပ်ထောင်လိုက်ကြသည်။ ပိုက်ထောင်ပြီးသွား၍ တစ်ယောက်က ဟန်းဖုန်းဖွင့်ပြီး တောင်ဘက် နှမ်းအစပ်မှ ဦးဌေးမောင်ရှိရာသို့ ဖုန်းဆက်လိုက်သည်။

"လူကြီးမင်းခေါ် ဆိုသောဖုန်းဆက်သွယ်ရေးဧရိယာပြင်ပသို့ရောက်နေပါသဖြင့် ခေါ် ဆို၍မရနိုင်ပါခင်ဗျာ"

ပိုက်သမားသည် သူ့ဖုန်းအားပိတ်လိုက်၏။ သူဆက်သွယ်သည်မှာ ဦးဌေးမောင်သိသွားပြီဖြစ်၏။ ဒီပဲငံစိုင်ပြင်ဆက်သွယ်ရေးတိုင်၏အကျိုးသော ဖုန်းဆက်တိုင်း ဆက်သွယ်ရေးဧရိယာပြင်ပသို့ဟု ပြန်ဖြေတတ်ပြီး ဆက်လိုသူ၏ဖုန်းထဲသို့ကား သူနဲ့ဝက ဝင်ရောက်သွားပြီ ဖြစ်လေသည်။ ဦးဌေးမောင်က သူ့ဖုန်းအားကြည့်ပြီး ပိုက်သမားအချက်ပေးသည်အတိုင်းလိုက်ရ၍ သူလူမှားအား လက်ပြသည်။ လွယ်အိတ်များထဲမှ ဖြောက်ထုပ်ကိုထုတ်၍ မီးညှိပြီး တောချိုစပ်ချလိုက်ကြသည်။

"ဖောင်း. . . ဖောင်း. . . ဒိုင်း. . . ဒိုင်း. . . ဖောင်း. . . အုန်း"

ပြင်းထန်သော ပေါက်ကွဲသံသည် ရန်ကုန်၊ မန္တလေးမြို့ကြီးများသီတင်းကျွတ်မီးထွန်းပွဲတော်ထက်သည်။ ဖြောက်အိုးများဖောက်ထန်းပလပ်ခြောက်များဖြင့် ချုံပုတ်အား တဖြောင်းဖြောင်းရိုက်ကြ၏။ မှ ချိုးချိုးချွတ်ချွတ်လှုပ်ရှားသံများလိုက်ရသောအခါ ဦးဌေးမောင်ဟန်းဖုန်းမှတစ်ဆင့် ပိုက်သမားသို့ သတိထွက်လာတော့မှာဖြစ်ကြောင်း အချက်ပေးလိုက်သည်။ ဆက်သွယ်ရေးပညာဖွံ့ဖြိုးလာပြီး လူတိုင်းလိုလိုဖုန်းကိုင်နိုင်ကြပြီဖြစ်၍ ခေတ်သစ်မူ၏ဒဏ်ကို သမင်ကြီးရတော့မှ

www.burmeseclassic.com

www.burmeseclassic.com

လား။

❐

ညိုမိုင်းမှိုင်းအရောင်ဖြင့် မျက်လုံးနှစ်လုံးအကြား အဖြူကွက်ကြီးဖြင့် နွားပေါက်သာသာခန့်ကြီးသော ချိုအသစ်ထွက်လာ၍ တစ်ထွာကျော်ကျော် ချို အတက်ကားကားလေးနှင့် သမင်ကြီးသည် တောချုံများကြားထဲမှ ဝေါခနဲပြေးထွက်လာပြီး ပိုက်နှစ်ဖုံအကြား၊ ဝါးလုံးထောက်များကြားထဲမှ လွှားခနဲခုန်ထွက်သွားပါတော့၏။ ပိုက်ငါးဖုံက သူထွက်မည့်ထွက်လမ်းကို သေသေချာချာတွက်ချက်၍ထောင်ထားသော်လည်း ပါးနပ်သည့် သမင်ကြီးသည် ဆူးချုံများအား ခုန်ကျော်ပြီး ပိုက်ကြားမှ ရအောင်တိုးထွက်သွားခြင်းဖြစ်သည်။ ချိုနုထွက်နေသောသမင်များအဖို့ ဆူးချုံဘက်သို့တိုးထွက်ခဲ့သော် ချိုနုနှင့် ဆူးချုံထိမိလျှင် အလွန်နာ၍ ဆူးချုံများဘက်မှမလာနိုင်ဟုထင်ထားခဲ့ကြသည်။သို့ပေမယ့် သမင်ကြီး ကြာဖြူသည် ဆူးချုံများအား မယုံနိုင်လောက်အောင် လွှားခနဲခုန်ထွက်၍ ပိုက်ကြားမှ အနောက်မြောက်သို့ပြေးပါလေတော့သည်။ ဦးဌေးမောင်သည် ပြေးလမ်းတစ်လျှောက် ကင်းချထားသော ရွာသားများထဲသို့ လှမ်း၍ဖုန်းဆက်လိုက်သည်။

"ဟေ့ကောင်တွေ၊ မင်းတို့ဘက်ကို ပြေးလာပြီ။ ပြေးလမ်းတစ်လျှောက် လူခွဲပြီးစောင့်ကြည့်။ ဘယ်ချုံတောထဲဝင်သွားလဲဆိုတာ"

ပြေးလမ်းတစ်လျှောက်စောင့်ကြည့်နေကြသော သမင်လိုက်သမားများကလည်း ဆိုင်ကယ်ကိုစက်နှိုးပြီး အဆင်သင့်ပြင်ကြသည်။ ထိုဒေသယာခင်းတောလျှိုမြောင်များသည် လူသွားလမ်းလေးများရှိပြီး ဆိုင်ကယ်တွေက လူသွားလမ်းရှိလျှင်မောင်းလို့ရသဖြင့် သမင်ကြီးပြေးရာသို့ ဦးဌေးမောင် ခေါင်းဆောင်သော သမင်လိုက်အဖွဲ့ဆယ်ယောက်ခန့်သည် ဆိုင်ကယ်များဖြင့် တရှုံးမိုးလိုက်ကြတော့သည်။

သမင်ကြီးထိပ်ကွက်ကြာဖြူသည် ချုပ်ကုန်း၊ ယာခင်း၊ စရစ်ကုန်းများအား လွှားခနဲလွှားခနဲခုန်၍ အနောက်မြောက်ယွန်းယွန်းသို့ပြေးတော့သည်။ သူပုန်းခိုနေရာ လက်ပံတောင်ရိုး၊ အုတ်ဖိုတောင်ကြီးဘက်မှ လူများကပတ်ဆို့၍ တောခြောက်သဖြင့် သမင်ကြီးခမျာ ထနောင်း၊ ဒူးတော၊ နှစ်ဆင့်ကန့်တောအုပ်များရှိရာ စိုင်ပြင်ကြီးဘက် မူးရိုးဆီသို့ပြေးပါလေ၏။

သမင်လိုက်မုဆိုးများသည် ယခင်ခေတ်ကကဲ့သို့ ဒူးလေး၊ လင်းလေးထမ်းပြီး လွယ်အိတ်စလွယ်သိုင်းလျှက် ခြေလျင်လိုက်ရသောသူများမဟုတ်တော့ပြီ။ အမေရိကန်ပြည် တက္ကဆက်၊ ကာလီဖိုးနီးယားမှ နွားကျောင်းသားကောင်းဘွိုင်များကဲ့သို့ ပွဲစေ့းမှနေကာမျက်မှန်အပေါစားအနက်များတပ်၊ ခါးမှာဟန်းဖုန်းချိတ်ပြီး ကင်ပို 125 တရုတ်ဆိုင်ကယ်များအား စီးတော်မြင်းအမှတ်ဖြင့် လီဗာသံတဝူးဝူးပေးကာလိုက်ကြလေရာ ယာခင်းတောချုံများသည် လွင့်ပျံလာသောဖုန်လုံးကြီးများ၊ ဗြောက်အိုးသံ၊ ဆိုင်ကယ်သံများဖြင့် ဆူညံပွက်လျက်ရှိပါတော့သည်။

❐

ကျောက်မဲတော မြောက်ဘက်ထနောင်းဒူးတောချုံအစပ်၌ မုဆိုးကြီးဦးဘရိ၏သား ကိုလေးကုလား၏ မြေပဲခင်းရှိသည်။ နှစ်ဧကခန့်အခင်းဖြစ်၍ အခင်းကုန်စင်အောင်နုတ်ပြီးသောအခါ နေမွန်းတိမ်းစပြု၏။

"သန်းနွယ်၊ မြေပဲပင်တွေမြန်မြန်တင်၊ နွားတွေနေပူလို့ပန်းလိမ့်မယ်"

"အဖေလည်း ဝိုင်းတင်ပါလား၊ ကျုပ်တစ်ယောက်တည်းတင်နေရတာပ"

"ငါမောလို့ပါဟာ၊ ဟိုဘက်အခင်းက မိုးမိုးကိုကူခိုင်းလိုက်လေ"

သန်းနွယ်လှမ်းခေါ်သဖြင့် မိုးမိုးရောက်ချလာပြီး သူမတို့နှစ်ယောက်ခပ်သွက်သွက်လုပ်မှ မြေပဲပင်များအကုန်တင်၍ပြီးလေသည်။

"မြန်နွာ ××× နေညိုညိုရိပ်ခါသန်းတော့×××ရွှေမန်းတောင်ရိပ်××× ပျိုဖြူတွေရယ်××× ပျိုဖြူတွေရယ်×××"

"အဖေ ဖုန်းလာနေတယ်၊ ကိုင်လိုက်ဦး"

"ဟဲလို ကုလားပါ၊ ဘာအရေးကြီးလဲပြော"

ကိုလေးကုလားသည် ခရိုနီသူဌေးကြီးစတိုင်ဖြင့် ခါးထောက်၍ ဟန်းဖုန်းအား ဟန်ပါပါကိုင်ပြီးပြောလိုက်သည်။

"ဟေ့ကောင်ကုလား၊ ငါဌေးမောင်ပါ။ မင်းယာစပ်ထနောင်းဒူးတောဘက်ကို ထိပ်ကွက်ကြာဖြူကြီးပြေးလာလိမ့်မယ်။ ထနောင်းဒူးတောချုံကဝထဲမှာ ဒီကောင်ကြီးဝင်ခိုလိမ့်မယ်။ တို့အဖွဲ့မှာ မင်းပါမယ်ဆိုရင် တောချုံနားကစောင့်ကြည့်။ ဘယ်နေရာကိုဝင်သွားသလဲသတင်းပို့၊ အိုကေလား"

"အိုကေတယ် ငါပါမယ်၊ သမင်ခြေရာခံမယ့်သူတွေဘယ်နှယောက်လဲ"

"သန်းဦး၊ ကျော်ဌေး၊ ငပိန်၊ ဖိုးထောင် လေးယောက်။ ထိပ်ကွက်ကြီးနောက်က ခြေရာခံလိုက်နေပြီ ဒါပဲ"

ဦးဌေးမောင်ဖုန်းပြန်ချသွားသည်။

"သန်းနွယ်၊ နင်တို့အိမ်ပြန်နှင့်။ ငါဌေးမောင်တို့နဲ့သမင်ဆက်လိုက်လိုက်ဦးမယ်။ ကျော်ကျိုကိုပြောလိုက်"

သန်းနွယ်သည် မြေပဲပင်များအပြည့်အမောက်တင်ထားသောလှည်းကို မောင်းထွက်သွားသည်။ ခပ်ဝေးဝေးမှ ဗြောက်အိုးဖောက်သံသဲ့သဲ့ကိုကြားနေရ၏။

သမင်လိုက်အဖွဲ့ထဲမှတစ်ယောက်က ထန်းပင်ပေါ်တက်ပြီး တောချုံများအကြားပြေးလမ်းမှ လွှားခနဲလွှားခနဲပြေးနေသော သမင်ကြီးအား မျက်ခြည်မပြတ်ကြည့်ရင်း ဟန်းဖုန်းနှင့်အဆက်မပြတ်သတင်းပို့နေသလို ခြေရာခံသည့် သူတို့ကလည်း သမင်ကြီးနောက်ထက်ကြပ်မကွာလိုက်၍ ခြေရာခံနေပါသည်။

ထိုဒေသမှ သမင်တို့သည် တောင်မှ မြောက်သို့ ကူးသန်း၍လှည့်လည်ကျက်ကြရာတွင် သူတို့ အမြဲတစေသွားလာနေကျ ယာခင်း၊ ကုန်းစောင်းတောချုံပါးသည့်လမ်းကိုသာ အသုံးပြုသည်။ အလွန်ဆုံးလွဲပါမှ ဝါးတက်ရိုက်သာ ဖြစ်သည်။

ထောင်ချောက်ပိုက်ကွန်များတင်၍နောက်မှလိုက်နေကြသော ဆိုင်ကယ်သမားသမင်လိုက်သမားများမှာ ဆိုင်ကယ်ဆက်စီး၍မရတော့သဖြင့် မုံရွာ - ရွှေဝါးကားလမ်းမကြီးဘက်ပြန်ထွက်ပြီး စိုင်ပြင်ကြီးတောင်ဘက် ဆုထူးပန်ဆောက်လုပ်ရေးရုံးအနောက်မှတစ်ဆင့် ယာခင်းများဖြတ်ပြီး ထနောင်းဒူးတောဘက် ဦးတည်ကြလေသည်။

ခြေရာခံသည့်သူများကလည်း ပါလာသည့် ဗြောက်အိုးများကိုပစ်ဖောက်ရင်း သမင်ကြီးအားခြောက်၍လိုက်နေကြသည်။ ဟန်းဖုန်းဖြင့်လည်း မပြတ်သတင်းပို့နေ၏။

ထိပ်ကွက်ကြာဖြူကြီးမှာ ယခင်ခေတ်ကနှင့်မတူဘဲ လူအုပ်ကြီးများ၊ ဆိုင်ကယ်သံတဝူးဝူးတဝဲဝဲ၊ ဗြောက်အိုးသံဆူဆူညံညံသံများကြောင့် ယခင်ကလို လူကိုစောင့်မကြည့်ရဲတော့ဘဲ ကြောက်

www.burmeseclassic.com

www.burmeseclassic.com

အားလန့်အားဖြင့် လွှားခနဲခုန်ပြေးနေသည်မှာ ကြည့်ကောင်းပေတော့သည်။ Discovery Channel မှာ ပြသသော အာဖရိကမှ သမင်များအား ခြင်္သေ့အုပ်လိုက်ဝိုင်းသကဲ့သို့တည်း။

❐

"ဌေးမောင်၊ ဌေးမောင် လာနေပြီ။ ထိပ်ကွက်ကြီး ထနောင်းဒူးတောဘက် ပြေးလာနေပြီ"

"အေးအေး-ကုလား။မင်းဒီကောင်ကြီးကို မျက်ခြည်မပြတ်စေနဲ့။ မူးရိုးကို ကျော်ပြီး မပြေးအောင်စောင့်ကြည့်နေ။ ငါတို့နောက်ကလိုက်လာနေပြီ"

ကိုလေးကုလား တောစပ်မလှမ်းမကမ်း ချုံအကွယ်မှအသာထိုင်ပြီး ထန်းပလပ်ခြောက်ကိုင်းအားကိုင်ကာ စောင့်ကြည့်နေလိုက်သည်။ ခြောက်အိုးဖောက်သံတဗိုင်းဗိုင်းမျှကလည်း နီးချင်လာသည်။ ခပ်ဝေးဝေးမှ နွားပေါက်လောက်ကြီးသောနီညိုရောင်သမင်ကြီးထိပ်တွက်ကြာဖြူသည် လွှားခနဲ ခုန်ပေါက်၍ ထနောင်းဒူးတောစပ်ဘက်သို့ ပြေးလာနေသည်ကို တွေ့လိုက်ရ၏။ မကြာမီ တောထဲသို့ဝင်သွားပါလေတော့သည်။ ကိုလေးကုလားလည်း တောအရှေ့ဘက်မှစီးပြီး မူးရိုးထိပ်မှာရစ်၍ သမင်ကြီး မူးရိုးကျော်ပြီးမပြေးနိုင်အောင် စောင့်နေပါတော့သည်။

သမင်များကလည်း တော်ရုံဖြင့် မူးရိုး (ဆည်မြောင်းဌာန၏လက်အောရေလွှတ်ခြင်း) အား ကျော်မပြေးပါ။ သူတို့ကျင်လည်ကျက်စားဖြစ်သော ဒီဒေသနှင့်ဇကျင်းဖြစ်သော လက်ပံတောင်ရိုးရှိရာ တောဘက်သို့သာပြန်လှည့်မည်ကို သမင်လိုက်သမားများက ကြိုသိနေကြ၏။

ခြေရာခံလိုက်နေကြသော မုဆိုးကြီးဦးပု၏သား သန်းဦး၊ ကျော်ဌေးတို့ လေးယောက်နှင့် ဦးဌေးမောင်တို့ ရွှေဆင်နောက်ဆင့် ရောက်လာကြသည်။ များမကြာမီ သမင်ထောင်သော ပိုက်ဖုံများတင်လာသောဆိုင်ကယ်ငါးစီးလည်း ရောက်လာ၏။ ဝိုင်းချခြောက်မည့်သူတချို့လည်း ခြေကျင်ရောက်လာကြတော့သည်။

"ငါတို့ ခြောက်ဘက်ကနေ ဝိုင်းခြောက်မယ်။ ပြေးလမ်းကိုပိတ်ပြီး ပိုက်ငါးဖုံထောင်ကြ။ ပိုက်တစ်ဖုံမှာ လူနှစ်ယောက်စောင့် မလွတ်စေနဲ့။ ကုလားတို့၊ သန်းဦး၊ ကျော်ဌေးနဲ့ ကျန်တဲ့သူတွေ တောခြောက်ဘက်ကနေ ပစောက်ပုံဝိုင်းပြီး တဖြည်းဖြည်းဝကျင်းရှိရာခြောက်မယ် နားလည်လား"

ဦးဌေးမောင်က စနစ်တကျ မှာကြားပြီး ထနောင်းဒူးတောခြောက်ဘက်မှစဝင်၍ တဝူးဝူးအသံများပေးကာ ချုံပင်များအား ထန်းပလပ်ခြောက်များဖြင့် တဖုန်းဖုန်းရိုက်၍ အသံပေးလှုံ့ကြ၏။ ရှားပင်၊ သန်း၊ ဒဟတ်၊ မန်ကျည်း၊ တမာပင်များနှင့် နဘူးချုံ။ ဘောင်ဘင်ချုံများဖြင့်ရှုပ်ထွေးနေသောတောထဲသို့ လူများတစ်စစတိုးဝင်၍ လာနေကြပါသည်။

ထိုစဉ် -

"ဟိုမှာ ဟိုမှာ သမင်ကြီး"

ကိုလေးကုလား၏ ကြောက်လန့်တကြားအော်သံကြောင့် ဦးဌေးမောင်နှင့် အဖွဲ့လှည့်ကြည့်လိုက်စဉ်မှာပင် သမင်ကြီးသည် ချုံပုတ်ကြီးတစ်ခုမှ ရုတ်တရက်ပြေးထွက်လာပြီး ကိုလေးကုလားရှိရာဘက်သို့ တည့်တည့်ကြီးတိုးဝင်လာပါတော့သည်။

"မြောက်ဘက်မူးရိုးကိုမသွားစေနဲ့ ဝိုင်းခြောက်။ ကုလား သတိထား"

သမင်ကြီးသည် ကိုလေးကုလား ရှေ့ ဝါးတစ်ရိုက်အကွာခန့်မှ ရုတ်တရက် ခုန်လိုက်ပါသည်။ ကိုလေးကုလား လှဲချလိုက်ပြီး လက်မြောက်၍ကိုင်ထားသော ထန်းပလပ်ခြောက်ဖြင့် ဆီးရိုက်ချသည်။ ထန်းပလပ်ခြောက်ကိုင်းလောက်ကတော့ သမင်ကြီးသည် နည်းနည်းမှဂရုမစိုက်ဘဲ ရှေ့လက်နှစ်ချောင်းဖြင့်ခတ်၍ ခပ်လှမ်းလှမ်းမြေပြင်ပေါ်ပြန်အကျ လှည့်ထွက်ပြီး တောင်ဘက်ရှားပင်များကြား ပြေးလမ်းလေးမှတောင်ဘက်သို့လှည့်ပြေးပါတော့သည်။

"ဖြောင်း... ဖြောင်း... ဝရော ဘုတ်... အား... အား"

ထန်းပလပ်ကိုင်းကျိုးသံ၊ လူနှင့် သမင်ခြေထောက်ထိခတ်သံ၊ ကိုလေးကုလားအော်သံများဖြင့် တောအုပ်ထဲဆူညံသွားပါတော့သည်။ကိုလေးကုလားမှာ ခွေခွေလေးလဲလျက်။

"သမင်ကြီး၊ တောင်ဘက်ပြေးပြီ မလွတ်စေနဲ့။ ကုလား ကုလား ဘာဖြစ်သွားသေးလဲ"

ဦးဌေးမောင် ကမန်းကတန်းပြေးလာပြီး ကိုလေးကုလားအားထူမသည်။ ကိုလေးကုလား၏ ညာဘက်လက်သည် ညိုမည်းပြီး လက်ဖျိုးသည် ငေါထွက်၍ နေပါတော့သည်။

"ဟာ-လက်ကျိုးသွားတာကွ၊ ဖြစ်မှဖြစ်ရလေ ကုလားရာ။ မင်းကထွက်လုံ့အိပ်ချလိုက်ရင်ရသားနဲ့ ဘာဖြစ်ထန်းပလပ်နဲ့ရိုက်ရတာလဲ။ မင်းမို့သမင်က ဘာဖြစ်မှာမို့လို့လဲ"

"ငါလည်း ကြောက်အားလန့်နဲ့ရိုက်လိုက်တာပါကွာ၊ အား... ထွက္ကတ် နာလိုက်တာ"

"သမင်ကြီးပါပြီဟေ့၊ ပိုက်ထလုံးနေပြီ ရိုက်၊ ရိုက်"

ခွပ်... ခွပ်... ဒုတ်... ဖုန်း"

ကျော်ဌေးတို့လူတစ်သိုက် ပေးသော သံပိုက်လုံးများဖြင့် သမင်ဦးအား ဝိုင်းရိုက်ကြသည်။ သမင်ကြီးသွေးသံရဲရဲဖြင့် ပိုက်ကွန်အကြားအသက်ထွက်သွားပါတော့၏။ နှစ်ယောက်မှာစွာ လက်ပံတောင်ရိုး၊ အုတ်ဖိုကြီး၌ ကျက်စားနေခဲ့သော ထိပ်ထွတ်ကြာဖြူအမည်ရှိ သမင်ဖိုကြီးသည် ခေတ်မီဆက်သွယ်ရေးကိရိယာဟန်းမှားသံး၍ တရုတ်ဆိုင်ကယ်များသုံးအမဲလိုက်သော သေနတ်မကိုင်ရဲ့ ဖြင့်ထောင်သော သမင်လိုက်မုဆိုးများ၏လက်ချက်ဖြင့် ဇီဝိန်ချုပ်သွားရတော့၏။ သေနတ်ပြီးသော သမင်ကြီးပိုက်ကွန်ထဲမှာလုံးထွေးရင်း သံပိုက်လုံးဖြင့်အရိုက်ခံရသဖြင့် အသက်ထွက်သွားရ၏။

ပိုက်ကွန်ပိုင်ရှင်က သမင်ခေါင်တစ်ချောင်းနှင့် ဦးခေါင်းတစ်လုံးရ၏။ သမင်လိုက်သူအယောက်နှစ်ဆယ်ခန့်ဝေပုံကျ တစ်ယောက်လျှင် အသားတစ်ပိဿာငါးဆယ်ခန့်ရသည်။ဝမ်းတွင်းသားကလီစာများအား အိုးကြီးတစ်လုံးမှာချက်ပြီး ထန်းရည်ဖြင့်မြည်းကြသည်။ ကိုလေးကုလားမှာကား သမင်သားတွဲအားဆွဲ၍ ပတ်တီးစည်းထားသောလက်ကျိုးကြီးဖြင့် ကျောက်မဲထောရွာသို့ပြန်သွားရပါတော့သည်။ တွန်းစာရေးသူမှာလည်း သမင်သားခြောင်းဆယ်သားအား လက်ဆောင်ရနန်ကုန်သို့ပြန်ခဲ့ပါသည်။

(ဒီပဲရင်းနယ် လက်ပံအရွှေရွာ ဦးဌေးမောင်နှင့်အဖွဲ့သားများ၊ ကျောက်မဲတောရွာမှ ကိုလေးကုလားနှင့်ကိုကျော်ဌေး၊ မောင်ဆန်းဦး (မောင်ပု) တို့အား ကျေးဇူးတင်ရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းမြင့် (တောင်တွင်း)

ခွေးတောက်ရွက်နှင့် ခွေးဆိပ်ကိုကာကွယ်

မည်သူတစ်ဦးဦးယောက်မျှ အကြောင်းမဲ့ခွေးအကိုက်ခံချင်သူရှိမည် မဟုတ်ပါ။ မတော်တဆ ခွေးတိုက်ခံခဲ့ရသော် ယင်းခွေးသည် မိမိအိမ် (သို့) မိမိ၏ နီးနားပတ်ဝန်းကျင်မှ မဟုတ်ခဲ့လျှင် ယင်းခွေးရူးသည်၊ မရူးသည်ကို စောင့်ကြည့်ရန် လွယ်မည် မဟုတ်ပေ။ ထို့ကြောင့် ခွေးကိုက်ခံရသည်နှင့်တစ်ပြိုင်နက် ဆေးရုံးဆေးခန်းသို့ပြေးကာ ခွေးရူးကာကွယ်ဆေးများထိုးရပါတော့သည်။ ယခင်က ကာကွယ်ဆေးကို ဝမ်း၏ပတ်ဝန်းကျင်တွင် ဆယ့်လေးလုံးထိုးရပါသည်။ ယခုအခါ သုံးလုံးသာထိုးရပါသော်လည်း သိယူရမည့် ဆေးတန်ဖိုးက မသေးလှပါ။ ဆေးရုံကြီးနှင့်အထူးကုဆေးခန်းကြီးများတွင်သာ ကာကွယ်ဆေးကရှိပြီး ဆေးခန်းငယ်များတွင် ကာကွယ်ဆေးမရှိပါ။

ထိုသို့ ကာကွယ်ဆေး ရွတ်တရက် ဝယ်ယူခဲ့ပါက ယင်းအခက်အခဲကို ဖြေရှင်းနိုင်ရန် ကျွန်တော့်ကိုယ်တွေ့ အတွေ့အကြုံပြခြင်းမဖြစ်စေရန် ခွေးဆိပ်ခံ ကာကွယ်ကုသခဲ့ပုံကို မှတ်တမ်းတင်ပြပေးပါမည်။ ဆေးနည်းကို ၁၉၈၅ ခုနှစ်ထုတ် ဆေးတိသဝေဒမဂ္ဂဇင်းပါ ဆောင်းပါးရှင် ဆောင်တက်အင်း၏ ဆောင်းပါးမှ ရပါသည်။ ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော်အနှစ်နှင့် ခွေးတောက်ရွက်ကို ပေါင်းစပ်အသုံးပြုရသည့်နည်း ဖြစ်ပါသည်။ ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော်တို့ကို သက်ဆိုးကြည်စွာနှင့် ရွတ်ဆိုထုံမွှမ်းနေပါက ဂုဏ်တော်၊ ပရိတ်တော်တို့၏ အကျိုးဆက်ဆုကို မုချပြန်လည်ခံစားရတတ်ပါသည်။

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလက ကြားစည်ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းတွင် ကျွန်တော်လိုက်ပါဦးစီးရသော ဆရာတော်ယာဉ်ဖြင့် ဝင်ရောက် ပြေးဆွဲခဲ့ရတာ ဖြစ်ပါသည်။ ကျိုက်ထီးရိုးဘုရားအရှေ့ဘက်စဉ်တွင် ကျိုက်ထီးရိုးဘုရားမှ ပြန်လမ်းတွင် ကျိုက်ထို ကျိုက်ပေါ်ရှိ ဘုရားနှင့် ပဲခူးမြို့ ရွှေမော်ဓော ဘုရားတော်တို့ကို ဖူးမြော်ရန် ဝင်ရောက်ခဲ့ကြောင်း ဆောင်ပေးရပါသည်။ ထိုမှတစ်ဆင့် ဘုရားဖူးအဖွဲ့များ ဆန္ဒရှိက စိန်သာကျောင်းဘုရားနှင့် မြွေမယ်ကြီးတော် (၇) ရွက်ကိုခူး၍ ရေစင်အောင်ဆေးကာ အမြီးပြန်ခေါင်းပြန်ထပ်ပြီး အရင်းနှင့် အဖျားပိုင်းများကို ဖြတ်ပယ်ပါသည်။ ယင်းနောက် ခွေးတောက်ရွက်၏ ကျောဘက်တွင် ရတနသုတ်တော်တွင်ပါရှိသော 'ဝရော၊ ဝရညူ၊ ဝရေဒေါ၊ ဝရာဟရော၊ အနုတ္တရော ဓမ္မဝရံ၊ အဒေသယိ' ဟူသော စာ (၇) ကြောင်းကို တစ်ရွက်ချင်း အစဉ်အတိုင်း ခဲတံဖြင့် ရေးပါသည်။ ရေးပြီး ခွေးတောက်ရွက်များကို အလျားလိုက်လိပ်ရပါသည်။ ပြီးလျှင် ကျောက်ရေတံဆိုးတွင်ထည့်၍ ညှက်အောင်ကြိတ်ကာ အလုံးသုံးခုလုံးပါသည်။ ဆေးလုံးများကို ပန်ကန်သေးတစ်ချပ်တွင်ထည့်၍

'ကွဒမ္မိ၊ ဗုဒ္ဓေ၊ ရတနံ၊ ပဏီတံ၊ ဧတေန၊ သစ္စေန၊ သုဝတ္ထိ၊ ဟောတု' ဂါထာဖြင့် (၇) အုပ် မန်းပါသည်။ ယင်းနောက် ပရိတ်ကြိုး (၁၁) သုတ်ဖြင့် ထပ်မံပူဇော်ပါသည်။ အထူးသဖြင့် ဘုရားဂုဏ်တော် သမ္မာဒေါဂါထာ ဒေတာ်တို့ဖြင့် (၇) ခေါက်စီ ထပ်မံပူဇော်၍ ဆေးလုံးများကို ရေနှင့်သောက်လိုက်ပါသည်။

ဆေးသောက်ပြီး တစ်ပတ်ကျော် အကြာတွင် ခွေးစွယ်ရာလေးပေါက် အနက် လက်ဖဝါးမှ တစ်ပေါက်မှလွဲ၍ အားလုံး ပျောက်ကင်းသွားပါသည်။ နောက် (၂) ရက်အကြာတွင် လက်ဖဝါးမှကျန်သော အနာအတွင်းမှ ဆန်စေ့ခန့် ရှိသော အဖြူရောင်အတောင့်ကလေး ထွက်၍လာပါသည်။ ခွေးဆိပ်များစုံ၍ ထွက်လာသည်ဟုထင်ပါသည်။ ဒဏ်ရာမှာ လုံးဝပျောက်ကင်းသွားပြီး (၉) နှစ်ခန့် ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ခွေးဆိပ်တက်ခြင်း၊ ခွေးရူးပြန်ခြင်းမဖြစ်ပါ။

သို့ပါ၍ ဗုဒ္ဓ၏ ပရိတ်တော်၊ ဂုဏ်တော်တို့၏ တန်ခိုးအာနုဘော်နှင့် ခွေးတောက်ရွက်တို့၏ ကောင်းကျေးဇူး လက်တွေ့ခံစားရမှုကို မှတ်တမ်းတင်ပြခြင်း ကျေးဇူးရှင် 'ဆရာမောင်တက်အင်း' အား ကျေးဇူးတင်စကားဖြင့် ဝါဆရာအမ်ပါးချုပ် ခင်ဗျား။

ဘုန်းမြင့် (တောင်တွင်း)

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းကြောင်းရှေးဟောင်း

မြန်မာနိုင်ငံမီးရထားပုံရိပ်များ

တင်ထွန်း(စက်မှု-၂)ဦးမိုး

သာစည်-ဓနုဆောင်
ရထားလမ်းပိုင်းဦးတည်ရှိသော 'ကမ်းပါး'
ထိုးထင်ရစ်မှတ်တမ်းတင်ပုံ

မြန်မာနိုင်ငံ မီးရထားဌာန၏ ပထမဦးဆုံး တည်ဆောက်ခဲ့သည့် ရန်ကုန်ဘူတာကြီးတည်နေရာမှာ ယခု လက်ရှိ ရန်ကုန်ဘူတာကြီး၏ တောင်ဘက် ပန်းဆိုးတန်းအနီးဝန်းကျင်တွင် ဖြစ်ပါ၏။ တိတိကျကျရေးသားဖော်ပြရလျှင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရုပ်ရှင်ရုံများ၏ မှတ်နာချင်းဆိုင်ရှေ့တွင် တည်ရှိပါ၏။ ထို့နောက် ခရစ်နှစ် ၁၉၁၁ တွင် ယခု တည်ဆောက်ထားသည့်နေရာမှာ ဒုတိယမြောက် ရန်ကုန်ဘူတာကြီးကို ပြောင်းရွှေ့တည်ဆောက်ခဲ့ပြီး ဖွင့်လှစ်ခဲ့ပါ၏။ ရန်ကုန်ဘူတာရုံဟောင်းကြီး၏ အလျားမှာ (၇၅၃) ပေ ရှိ၍ အောက်ခြေအကျယ်အဝန်းမှာ စတုရန်းပေ (၄၀၅၀၀)ရှိပါ၏။ ထိုခေတ်အခါကရှိခဲ့သည့် ရထားစီးခရီးသည်များနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက် အထောပင် အံဝင်ခွင်ကျဖြစ်ခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် မြန်မာနိုင်ငံအတွင်း၌ လူဦးရေများတိုးပွားလာခဲ့ပြီးနောက် ထုတ်လုပ်မှုပစ္စည်းများလည်း တိုးတက် များပြားလာခဲ့သဖြင့် ရထားစီးခရီးသည်နှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းတို့မှာလည်း များပြားလာခဲ့သည့်အတွက်ကြောင့် ခရစ်နှစ် ၁၉၃၀ပြည့်နှစ်မှစတင်၍ ရန်ကုန်ဘူတာဟောင်းကြီးမှာ ရထားစီးခရီးသွားပြည်သူများအတွက် နေရာထိုင်ခင်းများ အလုံအလောက်မရှိတော့၍ ကျဉ်းမြောင်းလာခဲ့ပါသည်။

ရန်ကုန်ဘူတာဟောင်းကြီးသည် ဒုတိယကမ္ဘာစစ်ကာလတွင် မကြာခဏ လေယာဉ်တို့ဖြင့် ဗုံးကြဲခြင်းများကိုခံခဲ့ရသဖြင့် ရန်ကုန်ဘူတာကြီးရှိပြည်သူများ ကူးသန်းသွားလာနေကြသည့် တံတားကြီးအနောက်ဘက်တစ်ခြမ်းလုံး ပျက်စီးသွားခဲ့ပါ၏။ ထိုကာလသည် ဂျပန်တပ်များ စစ်ရှုံး၍ ဗြိတိသျှတပ်များ မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည့်အချိန်ဖြစ်သည်။ ယင်းအချိန်၌ အိန္ဒိယနိုင်ငံ 'ဆင်းမလား' မြို့၌ ရုံးစိုက်ထားသည့် မီးရထားအုပ်ချုပ်ရေးအဖွဲ့မှ သိရှိခဲ့ရပြီးနောက် ရန်ကုန်ဘူတာရုံအသစ်ကြီးကို ပြန်လည် တည်ဆောက်နိုင်ရန်အတွက် ပုံစံတစ်ခုကို ရေးဆွဲစေခဲ့ပါ၏။

ခရစ်နှစ် ၁၉၄၆ ခုနှစ်၌ ရန်ကုန်ဘူတာရုံသစ်ကြီးပုံစံကို မီးရထားအုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြခဲ့သည့်ကာလ၌ မီးရထားအုပ်ချုပ်ရေးအဖွဲ့မှ လက်မခံနိုင်ခဲ့သဖြင့် ပယ်ချခြင်းကိုခံရပါ၏။

ထို့နောက် ရန်ကုန်မြို့မှ အင်ဂျင်နီယာ ဦးလှသွင်အား ဘူတာရုံအသစ်ကြီးအတွက် ပုံစံသစ်ကို ရေးဆွဲစေခဲ့ပါ၏။ အောက်ခြေအကျယ်အဝန်းစတုရန်းပေ (၅၅၀၀၀) ရှိသည်။ ယခုမျက်မှောက်ကာလ၌ တည်ရှိနေသည့် ဘူတာရုံသစ်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် မီးရထားအုပ်ချုပ်ရေးအဖွဲ့မှ အတည်ပြုဆုံးဖြတ်ခဲ့ပါ၏။ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်ဘူတာသစ်ကြီးကို စတင်တည်ဆောက်ခဲ့သဖြင့် စုစုပေါင်းကုန်ကျငွေမှာ ကျပ်ငွေပေါင်း (၄၇၄၆၁၈၇) ဖြစ်၍ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၅ ရက်၊ စနေနေ့တွင် အများပြည်သူတို့အသုံးပြုနိုင်ကြရန် အတွက် ဖွင့်လှစ်ပေးခဲ့ပါ၏။

ခရစ်နှစ် ၁၉၀၃ ပဲခူး - မုတ္တမ မီးရထားလမ်းပိုင်းတွင် (၂) ပေ၊ (၆) လက်မ သဲလမ်းအကျယ်ရှိသည့် ဂိတ်ကျဉ်းလမ်း (Narrow Gauge)ကို ဖောက်လုပ်ခဲ့ခြင်း

မြန်မာနိုင်ငံ မီးရထားဌာနမှ ဖောက်လုပ်ခဲ့သည့် (၂) ပေ၊ (၆) လက်မ သဲလမ်းအကျယ်ရှိသည့် ပဲခူး - မုတ္တမ ဂိတ်ကျဉ်းရထားလမ်းကို ဖောက်လုပ်နိုင်ရန် အဆိုပြုခဲ့သည့်ကုမ္ပဏီမှာ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သည့် ဂျော့ဒေါ်ဆင် ကုမ္ပဏီ (George Dawson & Co.) ဖြစ်၍ ခရစ်နှစ် ၁၈၈၇၊ စက်တင်ဘာလတွင် အဆိုပြုခဲ့ခြင်းဖြစ်ပြီး ခရစ်နှစ် ၁၈၉၈ တွင် ရှေးဦးစွာ ရထားလမ်းဖောက်လုပ်ရန်အတွက် မြေအနေအထားများကို လေ့လာတိုင်းတာခြင်းများပြုလုပ်ခဲ့ပါ၏။ သို့သော်လည်း ခရစ်နှစ် ၁၉၀၃ တိုင်အောင် ဗြိတိသျှအစိုးရ၏ အဆုံးအဖြတ်ကို မရရှိခဲ့သဖြင့် စောင့်ဆိုင်းနေခဲ့စဉ် ထိုနှစ် ၁၉၀၃ တွင် ထိုရထားလမ်းကို ဗြိတိသျှအစိုးရမှ ဦးစီး၍ ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါ၏။ ခရစ်နှစ် ၁၉၀၇ တွင် စစ်တောင်းတံတားဟောင်းကြီးပြီးစီးသွားခဲ့၍ ထိုနှစ်အောက်တိုဘာလ ၁၂ ရက်နေ့၌ ပဲခူးမှ မုတ္တမသို့ မီးရထား လမ်းတောက်လျှောက်ပွင့်သွားပြီးနောက် ၁၉၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ မီးရထား ကုမ္ပဏီသို့ တိုးချဲ့ထားသည့် မြန်မာနိုင်ငံ မီးရထားလမ်းအဖြစ်နှင့်ကနဦးတည်ထူ၍ ရထားများ ပြေးဆွဲခုတ်မောင်းစေခြင်းကို ပြုလုပ်စေခဲ့ပါသည်။

ထိုကုမ္ပဏီသည် ခရစ်နှစ် ၁၈၈၈ တွင် သထုံမြို့မှ (၈) မိုင် ကွာဝေးသော ဒူးရင်းဆိပ်သို့ ရထားလမ်းနှစ်ခုကြားရှိ (၂) ပေ၊ (၆) လက်မ အကျယ်ရှိသော ဂိတ်ကျဉ်းမီးရထားလမ်းကို ဖြတ်သန်းရန် အဆိုးရွားနှင့် အောက်ပါခဲယဉ်းကြမ်းခက်မှုများကို သဘောတူညီချက်များ ရယူထားရထားလမ်းကို ဖောက်လုပ်ခဲ့ပါသည်။

၁။ မီးရထားလုပ်ငန်းများအတွက် ဗြိတိသျှအစိုးရက သထုံ-ဒူးရင်းဆိပ်ကမ်း၏ တစ်စိတ်တစ်ဒေသကို မြန်မာနိုင်ငံ မီးရထားတွင် သို့ (၉၉) နှစ်ကြာ အသုံးပြုပေးရန်။

၂။ ဗြိတိသျှအစိုးရမှ ထိုရထားလမ်းတံတားများနှင့် ပြွန်ပေါက်မှ (၁၀) နှစ်တိတိ တာဝန်ယူသိမ်းပြုပြင်ရန်။

၃။ ဗြိတိသျှအစိုးရက တစ်နှစ်လျှင် တစ်မိုင်လျှင် ငွေးပေးငွေ (၁၀၀၀) ကျ ထည့်ဝင်ပေးရန်။

၄။ မီးရထားကုမ္ပဏီမှ ဗြိတိသျှအစိုးရက သတ်မှတ်ပေးသည့် နှုန်းထားများဖြင့် ခရီးသည်များနှင့် ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနိုင်ရန်။

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ဘူတာရုံဟောင်းကြီး၏မှတ်တမ်းဓာတ်ပုံ

ဂျီဘီအမျိုးဆစားတောင်တက်ကျောက်မီးသွေးဆုံးရထားစက်ခေါင်း၏ မှတ်တမ်းဓာတ်ပုံ

၅။ မီးရထားကုမ္ပဏီမှ ချောစာများ နှင့် စာပို့လုလင်များကို အခမဲ့ ရထားစီးနင်းခွင့်ပြုရန်။

မြန်မာနိုင်ငံ မီးရထားသမိုင်း၌ ဖောက်လုပ်ခဲ့သော ထိုဂိတ်ကျဉ်း မီးရထားလမ်းကို ခရစ်နှစ် ၁၉၀၀ ပြည့် နှစ်တွင် 'ဧရာဝတီဖလုပ်တီလာကုမ္ပဏီ' မှ လွှဲပြောင်းလက်ခံရယူသွားခဲ့ပါသည်။

ပဲခူး - မုတ္တမမီးရထားလမ်းကဲ့သို့ ပင် (၆၄. ၇၅) မိုင် ရှည်လျားသည့် ဟင်္သာတ - ကြံခင်းရထားလမ်းကိုလည်း ခရစ်နှစ် ၁၉၀၇ တွင် ဗြိတိသျှအစိုးရမှ မြန်မာနိုင်ငံ မီးရထားကုမ္ပဏီသို့ တိုးချဲ့ မြန်မာနိုင်ငံမီးရထားအဖြစ်နှင့် ရထားများပြေးဆွဲခုတ်မောင်းခြင်းကို ပြုလုပ်နိုင်ရန်အတွက် ကန်ထရိုက်စံနစ်အဖြစ်နှင့် လွှဲပြောင်းပေးခဲ့သည်။ ပဲခူး - မုတ္တမလမ်းနှင့် ဟင်္သာတ-ကြံခင်းရထားလမ်းတို့ကို ဖွင့်လှစ်ခဲ့သည့် ခရစ်နှစ် ၁၉၀၈ ကုန်ဆုံးခဲ့နှင့်၌ ထိုရထားလမ်း၏ ကုန်ကျငွေ စုစုပေါင်းမှာ ရူပီးငွေ သန်း (၂၀) နီးပါးခန့် ခဲ့၍ တစ်မိုင်လျှင် ရူပီးငွေ (၁၀၆၈၇၅) ဖြစ်ပါသည်။

ငွေကုန်ကြေးကျ အလွန်များခဲ့သော ဓာတ်ပေါ်ရထားလမ်းများ

ဗြိတိသျှတို့ ဖောက်လုပ်ခဲ့သည့် မီးရထားလမ်းများတွင် တောင်ပိုင်း ရှမ်းပြည်နယ်သို့ ဖောက်လုပ်ထားသည့် သာစည် - ရွှေညောင်ရထားလမ်းသည် တောင်ပေါ် ရထားလမ်းဖြစ်၍ ရထားလမ်းဖောက်လုပ်ခဲ့ရာတွင် ကုန်ကျစရိတ်မှာ အလွန်ကြီးမားခဲ့သည်။ အမှန်စင်စစ် ဗြိတိသျှတို့က မြန်မာနိုင်ငံတွင်း၌ မီးရထားလမ်းများ ဖောက်လုပ်ရာတွင် တရုတ်နိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေးများပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ချက်များလည်း ပါရှိခဲ့ပါ၏။ မန္တလေး-ကွမ်းလုံ ရထားလမ်းသည် ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် တရုတ်ပြည်နယ်စပ်ရှိ သံလွင်မြစ်ကမ်းပေါ်ရှိ ကွမ်းလုံမြို့သို့ ရထားလမ်းဖောက်လုပ်နိုင်ရန် စီစဉ်ခဲ့သောလမ်းပင် ဖြစ်ပါသည်။ သို့သော်လည်း ထိုရထားလမ်းသားရိုးမြို့သို့အရောက်တွင် မြန်မာနိုင်ငံ ဘုရင်ခံချုပ် လော့ဒ်ကာဇန်က ကွမ်းလုံမြို့အထိ ရထားလမ်းဆက်လက်ဖောက်လုပ်ရေးကို စွန့်လွှတ်လိုက်ပြီး လားရိုးမှ၌ ရထားလမ်းဖောက်လုပ်ခြင်းကို ရပ်တန့်ထားရန် အမိန့်ပေးခဲ့သဖြင့် သားရိုးအထိသာ ရထားလမ်းဖောက်လုပ်ခြင်းကို ပြီးဆုံးစေခဲ့ပါ၏။

ထိုသို့ မန္တလေးမှ မြောက်ပိုင်း ရှမ်းပြည်နယ်ရှိ လားရိုးသို့ ဖောက်လုပ်ခဲ့သည့် မီးရထားလမ်းပိုင်းတွင် ကမ္ဘာပေါ်ရှိ မီးရထားလမ်းကုန်းတံတားများအနက် တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားသော ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ဂုတ်ထိပ်တံတားရှိပါသည်။ သာစည် - ရွှေညောင်ရထားလမ်းကို ဖောက်လုပ်နိုင်ရန်အတွက် ခရစ်နှစ် ၁၉၀၉ တွင် စီမံချက်ချမှတ်ခဲ့ပါသည်။ သာစည်-ရွှေညောင်ရထားလမ်းပိုင်းကို ဖောက်လုပ်နိုင်ရန်အတွက် ခွင့်ပြုခဲ့သည့် အချိန်၌ မြန်မာနိုင်ငံ မီးရထားလုပ်ငန်းတစ်ခုလုံးကို မြန်မာနိုင်ငံမီးရထားကုမ္ပဏီသို့ ငှားရမ်းထားပြီးသည့်အချိန်လည်း ဖြစ်ခဲ့ပါ၏။

ထိုရထားလမ်းကို ဖောက်လုပ်ရာတွင် ဗြိတိသျှအစိုးရသည် ဒေသခံရန်ပုံငွေမှ ခွင့်ပြုငွေကြေးဖြင့် ဖောက်လုပ်ခဲ့ခြင်းလည်း ဖြစ်ပါ၏။ ထိုရထားလမ်းကို ဖောက်လုပ်နေခဲ့စဉ်ကာလ၌ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့သဖြင့် တူရကီနိုင်ငံမှ သံပုန်းများကို ထိုရထားဖောက်လုပ်ရာတွင် လုပ်ကိုင်စေခဲ့ပါ၏။ မန္တလေး - လားရိုးရထားလမ်းနည်းတူ သာစည် - ရွှေညောင်ရထားလမ်းသည် တောင်ပေါ်လမ်းဖြစ်၍ တောင်စောင်း၊ တောင်ဆွယ်၊ တောင်ခါးပန်းများကို ခက်ရာခက်ဆစ်ဖြတ်၍ဖောက်လုပ်ခဲ့ရသဖြင့် လုပ်ငန်းများတွင်ကျယ်ခြင်းများ မရှိကြသည့်အပြင် ရထားလမ်းဖောက်လုပ်ရေးကုန်ကျစရိတ်မှာလည်း ကြီးမားလှသဖြင့် ထိုရထားလမ်းဖောက်လုပ်ခဲ့ရာတွင် စုစုပေါင်းကုန်ကျခဲ့သည့် ငွေကြေးမှာ ရူပီးငွေ (၁၅) သန်းကျော် (သို့) တစ်မိုင်လျှင် ရူပီးငွေ (၂၁၈၀၈၇) ကုန်ကျခဲ့ပါသည်။

သာစည်မှ မိုင် (၇၀) ခန့် ဝေးကွာသော တောင်ပိုင်းရှမ်းပြည်နယ်ရှိ အောင်ပန်းသို့ ရထားလမ်းတောက်လျှောက်ပွင့်သွားခဲ့သည့်ကာလအတွင်း ဗြိတိသျှအစိုးရသည် ထိုရထားလမ်းကို ရထားများ ပြေးဆွဲခုတ်မောင်းနိုင်ရန်အတွက် မြန်မာနိုင်ငံ မီးရထားကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ထို့နောက် ဆက်လက်ပြီး အောင်ပန်းမှ (၁၇) မိုင်ခန့် ဝေးကွာသော ဟဲဟိုးသို့ လည်းကောင်း၊ ထိုမှတစ်ဖန် ဟဲဟိုးမှ(၁၁)မိုင်ခန့်ဝေးကွာသည့် ရွှေညောင်သို့ လည်းကောင်း ရထားလမ်းကို ဆက်လက်၍ ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါ၏။ သာစည် - ရွှေညောင် ရထားလမ်းပိုင်းတွင် ခရစ်နှစ် ၁၉၅၇ ခုနှစ်က ကွယ်လွန်သူ ရုပ်ရှင်ဒါရိုက်တာကြီး ဆရာကြီး ဦးသုခ ရိုက်ကူးခဲ့သည့် ဘဝသံသရာ ရုပ်ရှင်ဇာတ်ကားကြီးမှ ဘဝသံသရာတံတားကြီးသည် ထိုရထားလမ်းပိုင်း၌ တည်ရှိပါသည်။ ထိုဘဝသံသရာတံတားကြီးကို ရထားပေါ်မှ မြင်တွေ့ရသည့်အခါ မြင်ကွင်းမှာ အလွန်ကြည်နူးစရာကောင်းလှကြောင်းကို ရေးသားဖော်ပြရင်း ဤဆောင်းပါးကို အဆုံးသတ်လိုက်ရပါသည်။

တင်ထွန်း (စက်မှု-၂၊ ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

ရေနံပိုင်ဦးရှင်ကြီး

ရေနံပိုင်ဦးရှင်ကြီးနတ်သည် ဝန်း (၃၇) မင်း စာရင်းဝင်နတ် ဖြစ်၏။ ရေနံပိုင်ဆိုသည့်အတိုင်း ပင်လယ်နှင့် နီးသည့်အပိုင်းတွင် နေထိုင်ကြသူများ ကိုးကွယ်ပသသည့် နတ်တစ်ပါးဖြစ်သည်။ အကြမ်းအားဖြင့် မြန်မာပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့၌ ကိုးကွယ်သူများသည်။ ယခုအခါ မြန်မာပြည် အထက်ပိုင်း၌လည်း ကိုးကွယ်ပသသူများရှိလာပါသည်။ မြန်မာပြည်အထက်ပိုင်း၌ နတ်ကနားပေးရာတွင် ထည့်၍ ပသကြ၏။ မြန်မာပြည်အောက်ပိုင်း နတ်ကနားပေးရာတွင်မူ နတ်လမ်းခင်းရာ၌ မပါဝင်သော်လည်း နတ်ကနားမပေးမီ ညနေပိုင်း သို့မဟုတ် နတ်ကနားပေးသည့် နံနက်အရုဏ်တွင် ဦးရှင်ကြီးကို တင်မြှောက်ပသရ၏။ အချို့ဝါတွင်းတွင် ဦးရှင်ကြီးဥပုသ်ဆောက်တည်သည်ဆိုကာ နံနက်အရုဏ်တွင် ဦးရှင်ကြီးတင်လေ့ရှိသည်။ ဝါပတွင်မူ ညနေပိုင်း၌သာ ဦးရှင်ကြီးတင်လေ့၊ ပသလေ့ရှိပါသည်။

မူလက ပင်လယ်ခရီးသွားသူများ ရေလမ်းခရီးတွင် ဘေးအန္တရာယ်ကြုံတွေ့ခြင်းမရှိဘဲ ခရီးစဉ်ချောမွေ့စေရန်



www.burmeseclassic.com

www.burmeseclassic.com

အတွက် တင်မြောက် ပသကြသည်ဟု ဆိုသည်။ စာရေးသူတို့ ထားဝယ်တွင်မူ ပင်လယ်ခရီးနှင့်ဆက်နွယ်သည့် လေ့ပိုင်ရှင်များသည် လေ့မထွက်မီ တင်မြောက် ပသတတ်ကြသည်။ အချို့က ဆိုင်းနှင့် ပိုင်းနှင့် ဦးရှင်ကြီးတင်ပွဲကို အကြိုး အကျယ်ပြုလုပ်ကြပါသည်။ ဦးရှင်ကြီး နတ်ကို မွန်နတ်ဟုလည်းဆိုကြသည်။ ဦးရှင်ကြီးမိဘတို့မှာ မွန်တိုင်းရင်းသား များဖြစ်ကြသော နာဦက်တော်နှင့် မိသုကညာတို့ဖြစ်၍ ဦးရှင်ကြီး၏ငယ်နာမည်မှာ နာဒကွန်ပေါင်ဖြစ်သည်ဟု ဆိုကြသည်။ ဟုတ်နိုင်မည်မထင်ပါ။

ရေငန်ပိုင် ဦးရှင်ကြီး ဆိုသည့် အတိုင်း ရေငန်ပိုင်းနှင့် ထိတွေ့မှုရှိသည့် ဒေသများတွင် နေထိုင်သူများက နယ်ဆိုင်အနေနှင့် ပူဇော်ပသကြသည်ဟု ဆိုပါသည်။ အချို့က တစ်လတစ်ကြိမ် လဆန်းရက်များတွင်သာ ပသလေ့ရှိသည်။ စာရေးသူတို့ ထားဝယ်တွင် အိမ်တိုင်းလိုလို၌ တစ်ပင်တိုင်ကွန်းစင်များ ဦးရှင်ကြီးတင်ရန် ပြုလုပ်ထားလေ့ရှိသည်။ တင်မည့်အခါမှ ရေနှင့်ဆေးကြော၍တင်ကြသည်။ ကိုယ်ပိုင်တစ်ပင် ကိုင်ကွန်းစင်မရှိသူများကလည်း ရှိသူတို့အိမ်တွင် ငှားရ၏။ တစ်ပင်တိုင် ကွန်းစင်၏ အထက်လေးထောင့်တွင် တိုင်ကလေးများထား၍ သပြေ၊ မြေစာ၊ အုန်းလက်၊ ဇကရာဖရွက်နှင့်ပန်းတို့ချည်



www.burmeseclassic.com

www.burmeseclassic.com

အထက်စည်တီး (အရှေ့ရွာ)
ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း
နတ်ကွန်းမုပုံများ

စာရေးသူအိမ်ဝင်းအတွင်း ဦးရှင်ကြီးတင်နေပုံ



အထက်စည်တီး (အရှေ့ရွာ) ဘုန်းတော်ကြီးကျောင်းပေါ်၌ ဆွေးနွေးနေကြပုံ

ရသည်။ ကျေးရွာများတွင် ဦးရှင်ကြီးတင်သည့်အခါ လူတစ်ရပ်ရှိဝါးတစ်လုံးအား ထိပ်၌လေးစိတ်ခွဲပြီး တစ်ပင်တိုင်ကွန်းစင်ပြုလုပ်၍တင်သည်။ ထားဝယ်ထုံးစံက ဦးရှင်ကြီးတင်လျှင် ကောက်ညှင်းကိုခြစ်ထားသော အုန်းသီး၊ သကြားနှင့် နယ်ပြီး အခြားသစ်သီးမျိုးစုံနှင့် သက်သတ်လွတ်တင်ရသည်။ မြန်မာများကဲ့သို့ မုန့်ဆန်းကိုနယ်၍ မတင်ပါ။ ထားဝယ်နယ်၌ မုန့်ဆန်းမရှိ၍လည်းဖြစ်နိုင်ပါသည်။ သို့သော် ထားဝယ်၌ ဦးရှင်ကြီးတင်သည့်အခါ အိမ်တွင်းအုန်းဆွဲသည့် အိမ်တွင် ဆွဲအုန်းရှေ့၌ တစ်ပွဲတင်သည်။ ဆွဲအုန်းမရှိသည့် အိမ်၌မူ စားပွဲတစ်ခုပေါ်တွင် အိမ်တွင်းအတွက် သီးခြားတစ်ပွဲတင်လေ့ရှိပါသည်။ အရှေ့ (၇) အိမ်၊ အနောက် (၇) အိမ်တို့ကိုလည်း ဝေငှသည်။ ဦးရှင်ကြီးတင်လျှင် ကလေးသူငယ်များကလာ၍ စောင့်ဆိုင်းနေ ဦးရှင်ကြီးပွဲများကို တင်ပြီးသည်နှင့် ကြသည်။ ဤသည်ကို ကြည်ဖြူစွာ လက်ခံ၏။ ကလေးများကို နှင့်မတော် လာလုသည့်ကလေးများမရှိသည့်အတွက် စိတ်မကောင်းဖြစ်ကြသေးသည်။

ရန်ကုန်၌ ဦးရှင်ကြီးတင်သည့် ဦးရှင်ကြီးတင်ပေးမည့်သူက ဒန်၊ ဖြင့်ပြုလုပ်ထားသည့် ဦးရှင်ကြီးကွန်း ကလေးအား လှည်းဖြင့်တွန်းသွား တင်မည့်အိမ်ကခေါ်၍ တင်ခိုင်းခြင်း ဖြစ်သည်။ သူ့ထံတွင် စားတော်များ အဆင်သင့်ပါသည်။ ထုံးစံအတိုင်း အထက်ပွဲ၊ အောက်ပွဲနှင့်ရွှတ်ဖတ်၍ ပေးပါသည်။ ပြီးနောက် တင်သည့်ရှင်အား စားတော်စာကျတစ်ပွဲကိုလည်း သည်။ သို့မဟုတ် အိမ်ရှင်ကမယူလျှင် အနီးအနားရှိလူများကို ဝေပေးသည်။ အောက်ပွဲကိုမူ အောက်လက်ငယ်သား များအတွက်ဆိုကာ စွန့်ပစ်သည် (နောက်အိမ်များတွင်လည်း ထိုစားတော် စာများနှင့်ပင် ဆက်၍တင်မည်ဟုဆိုသည်။)

ဦးရှင်ကြီးတင်သူသည် အမြဲသာဖြစ်ကြပါသည်။ အချို့အမျိုးသမီးဖြစ်သော်လည်း သွေးဆုံးလျှင်တင်သည်ဟုဆိုသည်။ သို့သော် အမျိုးသမီး ဦးရှင်ကြီးတင်သည်ကို တစ်ခါမျှမတွေ့ဘူးပါ။

နတ်သမိုင်း

ဦးရှင်ကြီးနတ်သည် ပဲခူးနယ် ကဇင်းရွာမှ ဦးဘထွား၊ ဒေါ်ပြုတို့ တစ်ဦးတည်းသောသားဟု ဆိုသည်။ အထက်၌ဖော်ပြသကဲ့သို့ မွန်တိုင်းသားမိဘနှစ်ပါးမှ မွေးသောသူဟုလည်း ဆိုသည့်မူကွဲရှိသည်။ ဦးရှင်ငယ်စဉ်က မောင်ရှင်ဘဝနှင့်နေထိုင်သည့်ရွာကို ပဲခူးနယ် ကသင်ရွာဟုလည်းကောင်း၊ စည်တီးရွာဟု လည်းကောင်း အမျိုးမျိုးဖော်ပြကြသည်။ သို့ကြောင့် စာရေးသူသည် စည်တီးရွာသို့ ၁၃-၁-၂၀၁၄ စနေနေ့တွင် ပဲခူးမှမိတ်ဆွေများလိုက်ပို့၍ ကိုယ်တိုင်သွားရောက်လေ့လာခဲ့ပါသည်။

ပဲခူးနယ်တွင် စည်တီး(၄)ရွာရှိသည်။ အထက်စည်တီး (အရှေ့ရွာ) အထက်စည်တီး (အနောက်ရွာ) အောက်စည်တီး (အရှေ့ရွာ) သို့ ဦးရှင်သွားကြသည်။ ထိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းပေါ်တွင် ရွာမှသက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပါးဘိုးတော် အောင်မင်းခေါင်ကြီးထိုထိုင်
ငင်း၏ ဓာတ်ပဋ္ဌာန်းဖြန့်ဝေခြင်း
သာသနာပြုလုပ်ငန်းများအား
ယုံကြည်စိတ်ချစွာတာဝန်ပေးအပ်ခြင်းခံရသော အာ
အောင်မင်းခေါင်၏ ညာလက်ရုံးသားတော်ကြီးဖြစ်၍
အထူးညွှန်းဖွဲ့ရိုးကျူးစရာပင်မလိုတော့ပါ ...။

ဂျိုးဖြူ သာသနာပြု ဘဒ္ဒန္တ အဂ္ဂသာရ
အဖေကြီး ဦးအေးဖေ (M.A, B.L)

ကျိုက်ထီးရိုးဆံတော်ရှင် နှင့်
လျှောက်လှမ်းခဲ့သော ဂန္ဓာဓိခရီး
မင်းဂွတ်

ထွက်ပြီ

ဖြန့်ချိရေး - ပြိမ်းချမ်းအေး ဓမ္မစာပေ
ဖုန်း - ၀၉ ၄၃၁၀၆၅၆၇၊ ၀၉ ၄၂၅၂၇၈၀၀

ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ဓရေတိခြင်း။ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျွံခြင်း။ ဓခြထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း။ ခွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း။ မောပန်းနွမ်းနယ်၍ ဓခြလက် မသယ်ချင်ခြင်း။ ဓလေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း။ ယားနာပေါက်ခြင်း။ အနာနှင့်တကွ ထိခိုက်ရှုနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အပြို့ပြို့ရှိ မြန်မာ့ဓေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပို့ရောင်းချ ကြယ်ဖြူမင်းဆေးဆိုင်

အမှတ်(၄၅၁)၊ သမိန်ဓရပ်နှင့် အောင်ပြေလမ်းထောင့်၊ (၃၆)ရပ်တွက်၊ မြောက်ဥ
☎ ဝဓ-၀၃၀၁၀၀၄၄ ☎ ဝဓ-၅၀၀၁၀၃၀၆၊ ဝဓ-၅၁၁၄၀၇၂၊ ဝဓ-၅၁၁၄၀၇၃

ဖြန့်ချိရေးကိုယ်စားလှယ်များ ခေါ်ယူနေပါသည်။

ဖြန့်ချိရေး (မြည်းကြီး - ဓေးမန်းတော်ကြီးဆေးဆိုင်)၊ (ဓောင်ကြီး - [illegible])
(ဂုလိမ်ကြီး - မြစ်ကွေးဆေးရုံ)၊ (ဓရကြီး - [illegible])

ဆက်သွယ်ရန် - TMR ဝ၁၁၂၄၄၄(ဝဓ၁၅)
ဆိုင်စင် ၂/ ၂၁၁၃၊ တဆောတလ၊ (၂၃၈၅)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆော်

ကျောက်တစ်လုံးသို့အပြုန်လမ်း

"ဟေ့ကောင် မင်း လူညို့ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် လူညို့ပါ"

သွားခဲ့ပါသည်။ ဦးမြဒင်ကို သတ်တော့ မည့်ဆဲဆဲတွင် လူညို့ကလိုက်သွားပြီး တောင်းပန်သဖြင့် ဦးမြဒင်ကိုလွှတ်ပေးခဲ့သည်။ ဖခင်ကိုသာ အသက်ချမ်းသာပါက ဗိုလ်မိုးလုံးခိုင်းစေသမျှလုပ်ပေးပါမည်ဟု ကတိပေးခဲ့ရပါသည်။ တစ်ခါက

ဖြစ်လာသမျှ ရင်ဆိုင်ရတော့မည်ကို ဆုံးဖြတ်၍လိုက်ခဲ့ရသည်။ ကျောင်း ရောက်သည်နှင့် ဗိုလ်မိုးလုံးကို ရောက် တွေ့ဆုံရသည်။

"မင်းရောက်လာပြီလား"

"ဟုတ်ကဲ့ - ရောက်ပါပြီ ဗိုလ်

"မင်းကတိပေးခဲ့တာမှတ်မိ ရဲ့လား"

"မှတ်မိပါတယ်"

"အေး - အခုမင်းအတွေ့

"လူညိုဆိုရင် ဗိုလ်မိုးလုံးက မင်းကိုခေါ်ခိုင်းလို့ တို့လာခေါ်တာ"

"ဘာကိစ္စလဲဗျ"

"ဒါတော့မသိဘူး။ တို့နဲ့တစ်ခါတည်းလိုက်ခဲ့ပါ"

"ဘယ်ကိုလိုက်ရမှာလဲ"

"ကညင်စမ်းကို"

ကညင်စမ်းသည် အနောက်ရိုးမတစ်နေရာတွင်ရှိပါသည်။ လူညိုသည် ရိုးမတောထဲတွင် အဖော်များနှင့်လွှလာဆွဲနေသူဖြစ်သည်။ လူညိုတို့လွှဆွဲနေသောနေရာမှာ ကညင်စမ်းနှင့် မဝေးကွာလှပါ။ သည်နေရာတွင် လွှဆွဲရသည်မှာလည်း ဗိုလ်မိုးလုံး၏ခွင့်ပြုချက်ရ၍လုပ်ခွင့်ရခြင်းဖြစ်သည်။ ထိုနယ်တစ်ဝိုက်တွင် ဗိုလ်မိုးလုံးမှာ ဘုရင်တစ်ဆူဖြစ်သည်။ တောနက်ထဲတွင်**ဖြစ်၍** တပ်မတော်မရောက်နိုင်သောဒေသတွင် ဓားပြတိုက်လုယက်နေသော ဗိုလ်မိုးလုံးတို့ မင်းမူနေခြင်း ဖြစ်သည်။ **နောက်ပါတပည့်လက်နက်ကိုင်ဆယ်ဦးခန့်နှင့်** ကျောက်လိုဏ်ဂူကြီးတစ်ခုတွင် **ခို**အောင်းနေခြင်း ဖြစ်ပါသည်။ တောတွင် သစ်ခုတ်လွှဆွဲရသော်လည်း ဗိုလ်မိုးလုံးခွင့်ပြုမှလုပ်ခွင့်ရသည်။ စိတ်ထဲမထင်လျှင် လူသတ်တတ်သော ဗိုလ်မိုးလုံးကို အားလုံးကကြောက်ကြရပါသည်။ လူညိုသည် တစ်ခါက ဗိုလ်မိုးလုံးနှင့် ပတ်သက်ခဲ့ဖူးသူဖြစ်၍ ထိုနယ်မြေတွင် အလုပ်လုပ်ဝံ့ခြင်း ဖြစ်သည်။

တစ်ခါက လူညိုတို့ရွာကို ဗိုလ်မိုးလုံးတို့ ဝင်ရောက်ပြီး ဓားပြတိုက်ခဲ့သည်။ ပြန်လည်ခုခံသူရွာသားများအနက် အချို့ကိုသတ်ပြီး **အချို့**ကိုမှမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ **ဖမ်းဆီးခေါ်**ဆောင်သွားသူများအနက် လူညို**၏အဖေ** ဦးမြဒင်ပါ ကတိပေးခဲ့သဖြင့် မိမိကိုလာရောက်ခေါ်ခြင်းဖြစ်ရမည်ဟု လူညိုတွေးနေမိသည်။

"ကျုပ်ကို ဘာကိစ္စနဲ့ခေါ်တယ်ဆိုတာ သိခွင့်မရှိဘူးလား"

ဗိုလ်မိုးလုံး၏တပည့်နှစ်ယောက် နောက်သို့လိုက်ပါရင်း လူညိုကမေးလိုက်ပါသည်။

"ဗိုလ်မိုးလုံးရဲ့စိတ်ထဲကအကြံကို ဘယ်သူမှကြိုတင်မသိနိုင်ပါဘူး။ သူခေါ်တဲ့အတိုင်း လိုက်သာလိုက်ခဲ့ပါ။ တို့ရောက်ရင် သိရမှာပေါ့"

မလိုက်ဘဲမနေဝံ့၍လိုက်ခဲ့ရသော်လည်း အကြောင်းကိစ္စမသိရ၍ ရင်ထိတ်လျက်ရှိပါသည်။ ဗိုလ်မိုးလုံးကို ဆန့်ကျင်၍မရ။ သူကိုဆန့်ကျင်ခဲ့သူတိုင်း အသက်တိုကြသည်။ ဗိုလ်မိုးလုံးကိုဆန့်ကျင်ပါက လူညိုမှာ သူ့အသက်သာမက သူ့အဖေအသက်ပါစိုးရိမ်စရာရှိသည်။ သူကယ်ရွယ်သူမို့ လွတ်အောင်ပြေးနိုင်သည့်တိုင် အဖေ့လိုအို့မင်းနေသူက ရှောင်နိုင်ရန်ခက်ပါသည်။ ဗိုလ်မိုးလုံးဘာကြောင့် ခေါ်မှန်းမသိရသော်လည်း မဆန့်ကျင်ရဲ၍ သာလိုက်ခဲ့ရသည်။ ဖြစ်လိုရာဖြစ်စေ

အချိန်ရောက်ပြီ"

"ဟုတ်ကဲ့"

"အကြွေးဆပ်မယ်မဟုတ်လား"

"ဘာလုပ်ရမယ်ဆိုတာပြော"

"ငါရန်သူတစ်ယောက်ကို မင်း ပေးရမယ်"

"ဘယ်သူကိုလဲခင်ဗျ"

"ဝဏ္ဏာ"

"ဘယ်ကဝဏ္ဏာလဲဗိုလ်ကြီး"

"ဝဏ္ဏာကိုတော့ မင်းသိမှာမဟုတ် ဘူး။ ဝဏ္ဏာနေတဲ့နေရာကို ငါတာ တစ်ယောက်က လိုက်ပို့ပေးလိမ့် အဲဒီဝဏ္ဏာကိုမင်းရှင်းပေးရမယ်"

"ဘယ်တော့လဲ ဗိုလ်ကြီး"

"အမြန်ဆုံးပေါ့၊ မင်းကို နှစ် အချိန်ပေးမယ်။ မင်းလုပ်နိုင်ပါ့မလား"

လူညိုအလွန်စိတ်ပျက်သွားသည် ခေါင်းငိုက်စိုက်ချလျက် ဘာမှပြန်မ နိုင်အောင်ရှိနေပါသည်။

"ဘာလဲ၊ မလုပ်နိုင်ဘူးလား"

လူညိုက ဖြစ်လိုရာဖြစ်စေ စွန့်၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လူမသတ်ရဲဘူး"

"ဘာကွ၊ မင်းကမုဆိုးလုပ်လာတဲ့ဆောင်။ တိရစ္ဆာန်တွေတော့သတ်ပြီး လူကိုတော့ မသတ်ရဲဘူးလား"

"မုဆိုးအလုပ်ကို စွန့်လိုက်ပြီးတည်းက သူတစ်ပါးအသက်ဆိုရင် ခြင်တောင်မသတ်တော့ပါဘူး။ ဒီတော့သက်ညှာစွာစဉ်းစားပေးပါ ဗိုလ်ကြီး"

ဗိုလ်မိုးလုံးသည် အတန်ကြာအောင်စဉ်းစားပြီးမှ သူ၏ဆုံးဖြတ်ချက်ကိုပြောပါသည်။

"ဒါဆို မင်းကိုတစ်ထစ်လျှော့ပေးမယ်။ နှစ်ရက်ပြည့်တဲ့နေ့မှာ ဝဏ္ဏကို ငါ့ရှေ့အရောက်ခေါ်လာခဲ့။ ဝဏ္ဏပါမလာရင် မင်းအဖေဦးမြဒင်ကိုခေါ်ခဲ့။ ဒါထက်တော့ ငါမလျှော့ပေးနိုင်တော့ဘူး။ ကဲ-မင်းသွားနိုင်ပြီ။ ဝဏ္ဏရဲ့နေရာကိုပြဖို့ ဖျံလေးကို ငါထည့်ပေးလိုက်မယ်"

လူညိုကိုပြောရင်း အနောက်သို့လှည့်၍ပြောလိုက်ပြန်သည်။

"ကဲ-ဖျံလေး၊ လူညိုကို ဝဏ္ဏရှိတဲ့နေရာကိုလိုက်ပြလိုက်။ နေရာပြပြီးရင် ချက်ချင်းမင်းပြန်လာခဲ့"

ဗိုလ်မိုးလုံးသည် ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသားချလိုက်သည်။ ဗိုလ်မိုးလုံး၏ဆုံးဖြတ်ချက်ကို တောင်းပန်၍ရတော့မည်မဟုတ်ကြောင်းသိသည်။ ဆုံးဖြတ်ချက်က ပြတ်သားသလို ပြောသည့်အတိုင်းလုပ်မည့်လူမျိုး ဖြစ်သည်။ စောဒကတက်ပါက ဗိုလ်မိုးလုံး၏ ဒေါသကိုကြောက်သဖြင့် နောက်ထပ်တောင်းပန်ခြင်းမပြုတော့ဘဲ ဗိုလ်မိုးလုံးခြေရှေ့မှ ထွက်ခဲ့ပါသည်။ လူညိုနောက်မှ ဖျံလေးဆိုသူလိုက်လာသည်။ ဖျံလေးနှင့်နှစ်ယောက်အတူ ကညင်စမ်းမှထွက်ခဲ့ကြသည်။ လမ်းခရီးတွင် လူညိုက သူနားမလည်သည့်အချက်ကို ဖျံလေးအားမေးလိုက်သည်။

"ဗိုလ်မိုးလုံးမှာအားကိုးရတဲ့တပည့်တွေရှိပါလျက်နဲ့ ဘာကြောင့် ကျွန်တော်ကိုတာဝန်ပေးရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ဝဏ္ဏကို ဗိုလ်မိုးလုံးကိုယ်တိုင် သတ်ချင်တာပေါ့။ ဒါပေမယ့် ဝဏ္ဏနေရာကိုသွားတဲ့လမ်းမှာ သစ်ထုတ်လုပ်ရေးစခန်းကျော်ရမယ်။ အဲဒီစခန်းမှာ လုံခြုံရေးတပ်ဖွဲ့တွေရှိတယ်။ လုံခြုံရေးတွေနဲ့ အစစ်အဆေး အမေးအမြန်းမခံချင်လို့ပေါ့"

"ဘာကြောင့် ဝဏ္ဏကိုသတ်ချင်ရတာလဲ"

"ဗိုလ်ကြီးမိုးကြီးရဲ့လက်အောက်မှာ ဗိုလ်မိုးလုံးနဲ့ ဗိုလ်ဝဏ္ဏတို့နှစ်ယောက်က ဘယ်လက်ရုန်း၊ ညာလက်ရုန်းပေါ့။ ဗိုလ်ကြီးမိုးကြီးကျဆုံးသွားတော့ နေရာအပြိုင်လုကြရင်း ရန်သူတွေဖြစ်သွားကြတယ်။ ဗိုလ်မိုးလုံးကနေရာရသွားတော့ ဗိုလ်ဝဏ္ဏပျောက်သွားတယ်။ ရန်ပြိုးရန်စတွေကရှိတော့ ဝဏ္ဏကို တစ်ချိန်လုံးရှာနေခဲ့တာ အခုမှ ဝဏ္ဏရဲ့နေရာကို အတိအကျသိရလို့ မင်းကိုလွှတ်တာပေါ့"

"ဝဏ္ဏနေတဲ့နေရာက ဝေးသေးသလား"

"မဝေးပါဘူး၊ သစ်ထုတ်လုပ်ရေးစခန်းအလွန်မှာပါ"

"ကျောက်တစ်လုံးတောင်နဲ့ နီးသလား"

"မင်းကျောက်တစ်လုံးတောင်ကို ရောက်ဖူးသလား"

"ရောက်ဖူးတယ်"

"ဝဏ္ဏနေတာ ကျောက်တစ်လုံးတောင်မှာပဲ"

လူညို ထိတ်လန့်သွားပါသည်။ ကျောက်တစ်လုံးတောင်တွင် အဘရှိသဖြင့် အဘရှိရာအရပ်တွင် လူသတ်ရန်မဖြစ်နိုင်ပါ။ သူတစ်ပါးအသက်ကိုသတ်ခြင်းအတွက် အဘကခွင့်ပြုမည်မဟုတ်ပါ။ လူသတ်ခြင်းကို အဘမသိအောင် ဖုံးကွယ်ရန်လည်း ဖြစ်နိုင်မည်မထင်ပါ။ ကျောက်တစ်လုံးမှာရှိသောဝဏ္ဏကိုလည်း အဘသိမှာသေချာသည်။ လူညိုကိုယ်တိုင်ပင် ဝဏ္ဏဆိုသူကို မြင်ဖူးကောင်းမြင်ဖူးနိုင်သည်။ တစ်ခါက သူ၏ အသက်ကို ကယ်တင်ခဲ့ဖူးသူများတွင် ဝဏ္ဏဆိုသူပါဝင်နိုင်သည်။ လမ်းလျှောက်ရင်း ကျောက်တစ်လုံးသို့ မမျှော်လင့်ဘဲ ရောက်ခဲ့ရသည့် အဖြစ်အပျက်များကို တရေးရေးနှင့်ပြန်လည်မြင်ယောင်လာပါတော့သည်။

ထိုအချိန်က လူညိုသည် မုဆိုးတစ်ဦးဖြစ်သည်။ တစ်နေ့ တောနက်ထဲတွင်အမဲပစ်ရင်း တောဝက်တစ်ကောင်ကိုပစ်လိုက်သည်။ ချက်ကောင်းကိုထိသဖြင့် တောဝက်လဲကျသွားသည်ကိုမြင်လိုက်ရသည်။ တောဝက်အနီးသို့ရောက်မှ တောဝက်ကုထပြေးသဖြင့် တောဝက်၏ သွေးစများကိုခြေရာခံ၍ တောဝက်နောက်သို့လိုက်ခဲ့သည်။ တောဝက်နောက်သို့လိုက်ရင်း တောနက်ထဲသို့ရောက်သွားသည်။ မိုးချုပ်သည်အထိ ဆက်လိုက်ခဲ့ရာ ညမှောင်၍ ချောက်ထဲသို့ လိမ့်ကျခဲ့သည်။ ချောက်ထဲတွင် တစ်ညလုံးသတိလစ်နေခဲ့သည်။ မိုးလင်း၍ သတိရလာသော်လည်း ပေါင်တစ်ဖက်မှာ လှုပ်ရှားမရဖြစ်နေသည်။

ထိုစဉ် သစ်သီးရှာရန်ထွက်လာသောကပ္ပိယကြီးနှင့်တွေ့ရသည်။ ကပ္ပိယကြီးကအားပေးသဖြင့် အားတက်ခဲ့ရသည်။

"ဘာမှအားမငယ်နဲ့၊ မောင်ရင့်ကို ကျွေးကယ်ပါ့မယ်။ အဘဆီရောက်ရင် မောင်ရင်အသက်ရှင်မှာပဲ။ အဘဆီမရောက်ရောက်အောင်ပို့ပေးမယ်။ ကျွေးတစ်ယောက်ထည်းမနိုင်လို့ ကူညီမယ့်သူရှာလိုက်ဦးမယ်။ ငြိမ်ငြိမ်လေးစောင့်နေပါ"

ကပ္ပိယကြီးက တောင်ပေါ်ပြန်တက်သွားသည်။ တစ်နာရီခန့်အကြာတွင် ယောကျ်ားကြီးလေးဦးနှင့်အတူ ကပ္ပိယကြီးပြန်ရောက်လာသည်။ စောင်ပုခက်ပါ အသင့်ပါလာသဖြင့် လူညို့ကို စောင်ပုခက်ဖြင့်ထမ်း၍ ချောက်ပေါ်ရောက်အောင် ကြိုးစားတက်ခဲ့ရသည်။ ကုန်းပေါ်ရောက်သည်နှင့် ကပ္ပိယကြီးနေသည့်ဝါးကျောင်းသို့ ဆက်လက်သယ်ခဲ့ကြရာ မကြာမီရောက်ပါသည်။ လူညိုကိုပုခက်မှခွာကာ ကပ္ပိယကြီးက အဘထံသွားရောက်သတင်းပို့ပါသည်။ အသက်ခြောက်ဆယ်ခန့် ယောဂီရောင်ဝတ်ဆင်ထားသည့် အဘဆိုသူရောက်လာသည်။ တရားကျင့်နေသော ရသေ့တစ်ဦးမှန်း လူညိုသိလိုက်ရသည်။ ဘရသေ့သည် လူညို့ကို အသေးစိတ်စစ်ဆေးပါသည်။

"လူကလေး၊ ပေါင်က ဒဏ်ရာတစ်ခုပဲပြင်းထန်တာပါ။ ကျန်တဲ့ဒဏ်ရာတွေက မပြောပလောက်ပါဘူး။ ကျွေးကုသပေးပါ့မယ်။ မကြာခင် သက်သာပျောက်ကင်းသွားမှာပါ"

"အားကိုးပါတယ် အဘရယ်"

နောက်မှသိရှိရသည်မှာ အဘသည် တရားထူးရရန် တောနက်ထဲသို့လာရောက်၍ တရားကျင့်ကြံနေသူဖြစ်သည်။ တောထဲတွင် ဆေးဖက်ဝင်သစ်ဥသစ်ဖုများစုဆောင်းပြီး ကုသ၍ပျောက်ကင်းရန်ခက်ခဲသူများကို ပျောက်ကင်း အောင်ကုသပေးတတ်သည်။ လူညိုသည် ဒဏ်ရာများကို ကပ္ပိယကြီးအား ကြောစေပြီး တွေ့သမျှဒဏ်ရာများကို ဆေးထည့်ပေးပါသည်။ ဒဏ်ရာပြင်းသည့်ပေါင်အတွက် ဆေးလိမ်းပြီး အတွင်းဟောင်းဖြင့် စည်းနှောင်ထားပါသည်။ လူညိုအတွက် ကုသပြီးသည့်နှင့် အတူ တရားထိုင်သည်။ တရားနားချိန်တိုင်း လူညို့ကိုလာကြည့်လေ့ရှိသည်။

"မောင်ရင်က မုဆိုးတစ်ဦးတော့ အခုလိုကိုယ်တိုင်ဒဏ်ရာကြောင့် ဝေဒနာခံစားချိန်မှာ သားကောင်ကို ဘက်က ကိုယ်ချင်းစာစိတ်မဝင်စားလား"

"ဟုတ်ပါတယ် အဘ။ ဝေဒနာကိုယ်တိုင်ခံစားလိုက်ရမှ ကိုယ်ထောက်ပြန်ကောင်းပါ့မလားလို့တွေးကြောက်လို့ သတ်ဖြတ်ခဲ့တဲ့သတ္တဝါတွေကို မြင်ယောင်နေပါတယ်"

"မောင်ရင် မနေ့ကပစ်လိုက်တဲ့ တောဝက်၊ ဒဏ်ရာကြီးကြီးရပြီးဝေဒနာခံစားနေရမှာပဲလို့ မတွေးမိဘူးလား"

"ကျွန်တော် သူတစ်ပါးအသက်မသတ်ချင်ပါဘူးအဘ။ အခြားဆွေမယ့်အလုပ်လည်းမလုပ်တတ်တော့ ဝတ်နေရေးအတွက် လုပ်နေရတာအဘ"

"မောင်ရင်ပစ်လိုက်တဲ့တောဝက်ဟာ သူ့ရဲ့မိသားစုအတွက် အစာရှာနေတာကော မဖြစ်နိုင်ဘူးလား။ သူသွားရင် သူ့မိသားစုအတွက် ဒုက္ခရောက်မှာကိုကော စဉ်းစားမိရဲ့လား"

"ဟုတ်ပါတယ် အဘရယ်၊ ဖြောမှ သတ္တဝါတွေကို သနားစိတ်ဝင်ပါတယ်"

"ဟုတ်ပြီ၊ အခုသဘောပေါက်ဆိုတော့ မုဆိုးအလုပ်ကိုစွန့်လွှတ်ဖို့ကမေတ္တာရပ်ခံရင် ဒီအလုပ်ကိုစွန့်လွှတ်နိုင်ပါ့မလား"

"ဟုတ်ကဲ့ - စွန့်လွှတ်နိုင်ပါတယ် အဘ"

"မုဆိုးအလုပ် အဘကို လှူပါ့မလား"

"လှူပါ့မယ် အဘ"

"ဒါဆိုရင် မောင်ရင့်ရဲ့အသက်ကယ်ရကျိုးနပ်ပြီပေါ့။ နောက်တော့ မောင်ရင့်ဆီက ကတိတစ်ခုတောင်းသေးတယ်"

"ဟုတ်ကဲ့ - ပြောပါ အဘ"

"အဲဒီကတိကိုတော့ ဒဏ်

www.burmeseclassic.com

ပျောက်မှပြောကြတာပေါ့"

အဘသည် လူညိုကို ဆေးကုသပေးရင်း စိတ်ထားနူးညံ့လာအောင် တရားသဘောပါသည့် စကားများကို ပြောတတ်သည်။ လူညိုမှာ မုဆိုးအလုပ်ကိုလုပ်နေသော်လည်း ပင်ကိုစိတ်ထားကောင်းသူဖြစ်၍ အဘ၏စကားများကြောင့် နှလုံးသားများတစ်စထက်တစ်စ နူးညံ့ပျော့ပျောင်းခဲ့ပါသည်။ ဒဏ်ရာသက်သာပါက မုဆိုးအလုပ်ကိုလုပ်ရန် လုံးဝဆန္ဒမရှိတော့ပါ။ (၁၀)ရက်ခန့်ဆေးကုသပေးလိုက်ရာ လမ်းလျှောက်နိုင်သည်အထိ ပြန်လည်ကောင်းမွန်ခဲ့ပါသည်။ ခြေထောက်ကောင်းသည်နှင့် လူညိုမှာ အိမ်သို့ပြန်ချင်သောကြောင့် အိမ်ပြန်ခွင့်ပြုပါရန် အဘထံခွင့်တောင်းခဲ့ပါသည်။

"အဘကျွန်တော်လမ်းလျှောက်လို့ရပါပြီ၊ ကျွန်တော့်ကို အိမ်ပြန်ခွင့်ပြုပါအဘ"

"ရွာပြန်ရောက်ရင် မုဆိုးပြန်လုပ်မှာလား"

"မုဆိုးအလုပ်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးသားပါ အဘ"

"သေချာရဲ့လား"

"သေသေချာချာကတိပေးပါတယ် အဘ"

"ဒါပေမယ့် မောင်ရင့်ကိုတာဝန်ပေးဖို့ရှိတယ်။ နောက်ထပ် ဆယ်ရက်ဒီမှာ တရားရှမှတ်ပြီးမှပြန်ပါ"

"တရားအကြောင်းမသိသေးပါဘူး အဘ"

"ဒါအတွက်မပူနဲ့၊ အဘသင်ပေးမယ်။ မနက်ဖြန်စမယ်။ မနက်စောစောထပါ"

"ဟုတ်ကဲ့ပါ အဘ"

အဘစည်းရုံးမှုဖြင့် လူညို တရားရှမှတ်ခဲ့ရသည်။ တရားရှမှတ်နည်းကို အဘကစိတ်ရှည်လက်ရှည်သင်ပြပေးပါသည်။ တရားမှတ်စက ပင်ပန်းသည်ဟု ထင်ရသော်လည်း နောက်ပိုင်းရက်များတွင် တရားမှတ်ရခြင်းအပေါ် ကျေနပ်မိပါသည်။ ဆယ်ရက်ပြည့်သည့်အခါ တရားသဘောကိုအသင့်အတင့်နားလည်ပြီး တရားအရသာကို အနည်းငယ်ခန့်သိခဲ့ရသည်။အဘကလည်း ဆယ်ရက်ပြည့်သည်နှင့်ပြန်ခွင့်ပြုပါသည်။

"မုဆိုးအလုပ်ကိုစွန့်လွှတ်ပြီဆိုတဲ့ မောင်ရင်ရဲ့စကားကို အဘယုံလိုက်မယ်၊ နောက်တစ်ခုက အခြံနှင်ရတိုင်း တရားရှမှတ်ပါ့မယ်ဆိုတဲ့ ကတိစကားကောပေးနိုင်ပါ့မလား"

"ကတိပေးပါတယ် အဘ။ ကတိပေးရုံသာမက အဘဆီပြန်လာပြီးတရားရှမှတ်နိုင်အောင် ကြိုးစားပါ့မယ် အဘ"

အဘထံကတိပေးပြီး လူညိုပြန်ခဲ့သည်။ လူညို၏အဖေမှာ လူညိုအသက်မသေဘဲပြန်ရောက်လာသဖြင့် ဝမ်းသာနေပါသည်။ 'လူညိုကလည်း ဘရသေ့အကြောင်းပြောပြပြီး အဖေကို တစ်နေ့ဘရသေ့ထံလိုက်ပို့မည်ဟုပြောခဲ့ပါသည်။ မုဆိုးမလုပ်တော့သဖြင့် တောထဲတွင် လွှဆွဲရန် အဖေကအကြံပေးသည်။ တောထဲသို့ လူအများမသွားဝံ့သည့်အချိန် မိမိက အလုပ်လုပ်ရပါက အခွင့်အရေးတစ်ရပ်ဖြစ်သည်။ တောထဲ၌ ဝိုလ်မိုးလုံးမင်းမူနေသဖြင့် မည်သူမျှမသွားဝံ့ဘဲရှိနေချိန် ဝိုလ်မိုးလုံးနှင့် သိကျွမ်းပြီးဖြစ်သဖြင့် ခွင့်တောင်းပြီး အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ဝိုလ်မိုးလုံးကလည်း သူ့ကို အရှိအသေပေး၍ ခွင့်တောင်းသူကို ကျေကျေနပ်နပ်ခွင့်ပြုသည်။ ဝိုလ်မိုးလုံး၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသဖြင့် အဆင်ပြေခဲ့ပါသည်။

လူညို အတိတ်ကအကြောင်းများကို ပြန်လည် မြင်ယောင်နေခဲ့ပါသည်။ အတိတ်ရေပြင်ကြောလွှင့်မျောနေမိသဖြင့် ဖျံလေးပြောစကားကိုပင် မကြားလိုက်သဖြင့် ဖျံလေးက ထပ်မံ ပြောလိုက်ရသည်။

"လူညို၊ မင်းဘာတွေစဉ်းစားနေတာလဲ။ ကျောက်တစ်လုံးတောင်ရောက်နေပြီ၊ ကဲ-မင်းသွားပေတော့။ သစ်ထုတ်လုပ်ရေးစခန်းအနီးကဖြတ်ပြီး တောင်ပေါ် တက်ပါ။ ငါ့ကိုစခန်းကမြင်လို့မဖြစ်ဘူး။ သူတို့မေးတာဖြေလိုက်ပေါ့ကွာ။ ကဲ - ငါသွားပြီ"

"ဟုတ်ကဲ့ပါ ကိုဖျံလေး၊ ကျောက်တစ်လုံးရောက်ရင်သွားတတ်ပါပြီ"

"ကျောက်တစ်လုံးကို ရောက်ရင် ဝဏ္ဏကိုရှာဖို့မခက်ပါဘူးကွာ၊ ရအောင်ရှာပေါ့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်သွားတတ်ပါပြီ"

"ဒါဆိုရင်ငါသွားမယ်။ ကျောက်တစ်လုံးမှာ ဝဏ္ဏကိုစုံစမ်းဖို့မခက်ပါဘူး။ ဝိုလ်မိုးလုံးပြောတဲ့အတိုင်းဖြစ်အောင်လုပ်ခဲ့နော်။ ဝိုလ်မိုးလုံးစိတ်ဆိုးရင် မင်းအသတ်ခံရလိမ့်မယ်။ ဝဏ္ဏကိုတွေ့ရင် သေချာအောင်စစ်ဆေးနော်။ ဝဏ္ဏရဲ့ဂုဏ်ဘာက်ပေါင်မှာ အမာရွတ်ကြီးတစ်ခုရှိတယ်"

"ကျေးဇူးတင်ပါတယ် ကိုဖျံလေး"

ဖျံလေးပြန်သွား၏။ ဖျံလေးသည် ဝိုလ်မိုးလုံး၏ကိုယ်ကားသားဖြစ်၍ လုံခြုံရေးများကိုကြောက်သဖြင့် ဆက်မလိုက်ဝံ့၍ လှည့်ပြန်သွားပါသည်။ လူညို တောင်ပေါ် သို့တက်ခဲ့သည်။ အဘကို တွေ့ပါက ဝဏ္ဏကိုရှာရန်ခက်ခဲမည်မဟုတ်ပါ။ သို့သော် အဘက လူသတ်ခြင်းကိုခွင့်ပြုမည်မဟုတ်၍ တစ်မျိုးကြံစည်ရတော့မည်။ လူညိုမှာ ရွှေချယ်စရာ နည်းလမ်းမရှိတော့သဖြင့် အဘကိုတိုင်ပင်ရတော့မည်။ အဘထံမှ အကောင်းဆုံး အကြံဉာဏ်ရလိမ့်မည်ဟု ယုံကြည်မိပါသည်။ ကျောင်းရှေ့အရောက်တွင် ကပ္ပိယကြီးကို အသင့်တွေ့ရသည်။

"ကပ္ပိယကြီး နေကောင်းရဲ့လား၊ အဘရှိပါတယ်နော်"

"ရှိပါတယ်ကွယ်၊ မင်းလာမယ်ဆိုလို့ အဘစောင့်နေပါတယ်"

"ကျွန်တော်လာမယ်ဆိုတာ အဘကြိုတင်သိနေသလား"

"သူသိလို့ မင်းကိုစောင့်နေတာပေါ့"

"ဒါဆိုအဘကိုသွားတွေ့လိုက်ဦးမယ်"

ကပ္ပိယကြီးကို နှုတ်ဆက်ပြီး ကျောင်းခန်းထဲသို့ဝင်ခဲ့သည်။ကပ္ပိယကြီးကိုကျောခိုင်းလိုက်စဉ် ကပ္ပိယကြီးသည် ဝဏ္ဏများဖြစ်နေမည်လားဟု တွေးမိ၏။ ညရောက်မှ ကပ္ပိယကြီး၏ပေါင်ကိုကြည့်ရပေတော့မည်။ ကပ္ပိယကြီးမှာလည်း ကျေးဇူးရှင်ဖြစ်၍ သတ်ရန်ခက်လိမ့်မည်။ အဘကို ဘုရားခန်းရှေ့တွင်အသင့်တွေ့လိုက်ရသည်။

"မောင်လူညိုလား၊ အဘမင်းကိုစောင့်နေတာ"

"အဘက ကျွန်တော်လာမယ်ဆိုတာ ကြိုတင်သိနေတယ်နော်။ ကျွန်တော်ကလည်း အဘကိုတွေ့ချင်နေတာပါ"

"အဘသိပါတယ်၊ အဘကအကုန်သိနေတာ။ မောင်ရင်ဘာကိစ္စလာတယ်၊ ဘာကိုလိုချင်တယ်ဆိုတာလည်း သိနေတာပဲ"

"အဘကဘာတွေများသိထားလို့လဲ"

"အဘပြောလိုက်ရင် မောင်ရင်သိပ်အံ့သြသွားလိမ့်မယ်"

"ဘာပါလဲ အဘ"

"မောင်ရင်လာတာ ဝဏ္ဏကိုသတ်ဖို့လာတာမဟုတ်လား"

"ဟင် - အဘသိနေတာပဲ ဟုတ်

www.burmeseclassic.com

လား"

"ဒါထက် အုံဩစရာစကားကို ကြားချင်သေးသလား"

"ပြောပါဦး အဘ"

"အဘဟာ ဝဏ္ဏပဲ"

"ဗျာ"

"ဘာလဲ၊ မောင်ရင် မယုံဘူးလား။ မယုံရင် ဒီမှာကြည့်"

အဘ၏ပေါင်တွင် အမာရွတ်ကြီး တစ်ခုကို တွေ့လိုက်ရသည်။ အဘသည် ဝဏ္ဏဖြစ်ကြောင်း သေချာသွားပါသည်။ အဘက လူညို့ကိုကြည့်၍ ပြောလိုက်သည်။

"ကဲ-မောင်ရင်၊ ကျွပ်ကိုသတ်နိုင်ပြီ"

မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ လူညိုတုန်လှုပ်သွားပါသည်။

"အယ်လိုပြောလိုက်တာလဲ အဘရယ်။ အဘကိုသတ်မှဖြစ်မယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် ဗိုလ်မိုးလုံးထံမှာ အသေခံလိုက်မှာပေါ့"

"ဒီညတော့မောင်ရင်စဉ်းစားလိုက်ဦး။ မောင်ရင်ကြိုက်တဲ့အခွိန် ကျွပ်ကို အလွယ်တကူသတ်နိုင်တယ်နော်"

လူညို့ကိုပြောပြီး အဘ ဘုရားခန်းသို့ဝင်သွားပါတော့သည်။

လူညိုအိပ်၍မရ။ တစ်ညလုံး စဉ်းစားသည်။ မည်သို့ပင်စဉ်းစားစဉ်းစား တိကျသည့်အဖြေကိုမရပါ။ နောက်ဆုံး စဉ်းစား၍ရသည်မှာ ဗိုလ်မိုးလုံးထံတွင် မိမိကိုယ်ကိုအပ်နှံလိုက်ရန်သာဖြစ်သည်။ ထိုသို့ဆုံးဖြတ်လိုက်မှ အိပ်ပျော်သွားပါသည်။ မိုးလင်း၍ မျက်နှာသစ်ပြီးချိန် အနားသို့အဘရောက်လာသည်။

"မောင်လူညိုစဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့ - ဆုံးဖြတ်ချက်ချလိုက်ပြီးပါပြီ။ အခုပဲ ဗိုလ်မိုးလုံးထံသွားပြီး အသတ်ခံလိုက်ပါတော့မယ် အဘ"

"သေသေချာချာစဉ်းစားခဲ့ရဲ့လား"

"သေချာပါတယ် အဘ၊ အခြားအဖြေမရှိတော့ပါဘူး"

"မင်းရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

"မပြင်တော့ပါဘူး အဘ"

"မင်းက အသက်စွန့်ဖို့တောင် ဆုံးဖြတ်ပြီးရင် အဘအကြံပေးပါရစေ။ မင်းလိုက်နာနိုင်ပါ့မလား"

"အဘပြောသမျှ တိတိကျကျ လိုက်နာပါ့မယ်"

"မင်းဒီမှာငါးရက်တရားရှုမှတ်ရမယ်"

"လုပ်ပါ့မယ်၊ ဒါပေမယ့်. . . "

"ဘာဒါပေမယ့်လဲ"

"ကျွန်တော့်အဖေအတွက် စိုးရိမ်မိတယ်အဘ"

"ဒီမှာမောင်ရင်၊ လူဆိုတာသတ်ချင်တိုင်းသတ်လို့မရသလို သေချင်တိုင်း မသေနိုင်ဘူး။ ကံကုန်မှသေရတာပါ။ မောင်ရင့်အဖေမသေပါဘူး။ မောင်ရင်က ဒီမှာတရားသာမှတ်နေ၊ အားလုံး အဆင်ပြေမှာပါ"

"အဘလည်းမသေ၊ အဖေလည်း မသေဘူးဆိုရင် တစ်သက်လုံးတရားမှတ်ပြီးနေနိုင်ပါတယ် အဘရယ်"

"ဒါဆို အဘပြောတဲ့အတိုင်းသာ လုပ်ပေတော့"

"ဟုတ်ကဲ့ - လုပ်ပါ့မယ် အဘ"

လူညိုသည် ဘုရားခန်းတွင် အဘ၏နောက်မှ တရားရှုမှတ်နေခဲ့သည်။ အဘထိုင်လျှင်ထိုင်၍ အဘနားမှနားခဲ့သည်။ ပထမရက်တွင် ဗိုလ်မိုးလုံးကိုမြင်ယောင်ပြီး တရားမှတ်၍မရအောင်ရှိသော်လည်း နောက်ရက်များတွင် စိတ်ကိုငြိမ်အောင်ထားပြီး ကြိုးစားမှတ်ခဲ့သည်။ စိုးရိမ်စိတ်များပြေပျောက်ပြီး တရားကိုမြင်ယောင်ရှုခဲ့သည်။ အဘသင်ပြသည့်နည်းအရ သမာဓိတည်အောင်ကြိုးစားပြီး ရုပ်၊ နာမ်ကိုမြင်အောင်ရှုမှတ်ခဲ့သည်။ တရားရသည်အထိ ခရီးမရောက်သေးသော်လည်း စိတ်တည်ငြိမ်ခွင့်ရသဖြင့် ကျေနပ်မှုရှိပါသည်။ ငါးရက်ပြည့်မြောက်သည့်အခါ အဘကမေးပါတော့သည်။

"မောင်ရင်၊ သတ်မှတ်ရက်တော့ ပြည့်သွားပြီ။ ကျွပ်ကတိအတိုင်း မောင်ရင့်ကိုသွားခွင့်ပြုမယ်။ အခုမောင်ရင်ရဲ့ ဆန္ဒကိုပြောပါဦး"

"ကျွန်တော် ဗိုလ်မိုးလုံးဆီသွားရပါ့မယ်အဘ၊ ဗိုလ်မိုးလုံးကို တောင်းပန်ရမယ်၊ မကျေနပ်လို့ သတ်ချင်လည်း သတ်ပါစေ။ ငါးရက်တရားရှုမှတ်လိုက်ရလို့ သေခြင်းတရားကို အရင်လောက် မကြောက်တော့ဘဲ ရင်ဆိုင်ရဲနေပါပြီ"

"ကဲ - မောင်ရင်ရဲ့ဆန္ဒအတိုင်း ဆောင်ရွက်ဖို့ အဘခွင့်ပြုပါတယ်"

လူညိုသည် အဘကို ဦးသုံးကြိမ် ချ ကန်တော့လိုက်ပါသည်။

"သာဓု သာဓု သာဓု၊ မောင်ရင်ရဲ့ ဆန္ဒအားလုံးပြည့်ဝပါစေကွယ်။ မောင်ရင် အဘထံပြန်လာမယ့်ရက်ကို အဘ မျှော်နေမယ်"

"မေးတဲ့ဆုနဲ့ပြည့်ပါစေ အဘ"

လူညိုတောင်ပေါ်မှဆင်းခဲ့ပြီး ထုတ်လုပ်ရေးစခန်းကိုဖြတ်၍ ကား စမ်းဆီသို့ ဦးတည်လျှောက်ခဲ့ပါသည်။ အဘကလည်း မေတ္တာပို့သည်။ တိုင်လည်း တရားကျင့်ကြံပြီးဖြစ်သ ဗိုလ်မိုးလုံးကိုရင်ဆိုင်ရန် အသင့်ရှိ သည်။ အဘစကားအတိုင်း သတ် တိုင်းသတ်၍မရ။ ဓသခွိုင်ရောက်မ ရမည်ကို နှလုံးသွင်းကာ ဗိုလ်မိုးလုံး တွေ့ရပေတော့မည်။ ကညင်စေ ရောက်ခဲ့ပြီး စခန်းအဝင်တွင် ထူ ပြောင်းလဲမှုကိုတွေ့လိုက်ရသည်။ အဝင်ဝကင်းတဲမှာ ပျက်စီးလျက်တွေ့ သည်။ ဖျံလေးတို့နေတတ်သည်တဲ စစ်သားသုံးလေးဦးကို မြင်လိုက်ရသ လူညိုကို သေနတ်နှင့်ချိန်သဖြင့် လန့်သွားပါသည်။ စစ်သားတစ် လူညိုကို သေနတ်နှင့်ချိန်၍ သည်။

"ဒီနေရာကသွားခွင့်မရှိဘူး ကိုသွားမှာလဲ"

"ဗိုလ်မိုးလုံးကိုတွေ့ဖို့လာခဲ့ "ဗိုလ်မိုးလုံးတို့အဖွဲ့ဝင်လား"

"မဟုတ်ပါဘူးခင်ဗျား၊ ဗိုလ် ခေါ်ထားလို့ တွေ့ရအောင်လာခဲ့ "ဒါဆိုသွားဖို့မလိုတော့ဘူး တပ်မတော်က ဒီစခန်းကိုသိမ်းလိုက် ဗိုလ်မိုးလုံးက ပြန်လည်ခုခံလို့ နိုင် လိုက်ရတယ်။ ဗိုလ်မိုးလုံးရဲ့ အလောင် ကိုတောင်သယ်သွားကြပြီ"

"ဗိုလ်မိုးလုံးကျသွားတာ တယ်နော်"

"ကျသွားပါပြီ"

လူညိုဝမ်းသာသွားပါသည်။ ဝမ်းသာမိသည်မှာ ဗိုလ်မိုးလုံးကျ ကြောင့် မဟုတ်ပါ။ တရားသ ဗိုလ်မိုးလုံးအပေါ် မေတ္တာထား သူ့ကိုမသေစေချင်ပါ။ ဗိုလ်မိုး တော့သဖြင့် ရှေ့ဆက်လျှောက် လမ်းခရီးဖြောင့်ဖြူးခဲ့ပြီး ပူပန် ထိတ်လန့်စိုးရိမ်စရာများက ကင် ခွင့်ရ၍ဖြစ်ပါသည်။ အဖေ့ကိုအ ရမည်။ အဖေ့ကိုခေါ်ပြီး အ ကျောက်တစ်လုံးတောင်သို့ ပြန် သွားရမည်။ ကျောက်တစ်လုံးမှ မျှော်နေမည့် အရာရာကို ကြိုတင် သော အဘကိုမြင်ယောင်နေမိ သည်။

ကောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေနဲ့ ပြန်တောင်းသွားတဲ့အကြွေး (၂) ကို မရေခင် ဦးစွာတောင်းပန်ချင်တာလေးတစ်ခုရှိပါတယ်။ တခြားတော့မဟုတ်ပါဘူး။ ပြန်တောင်းသွားတဲ့အကြွေး (၁) ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ၊ သူရဇ္ဈမဂ္ဂဇင်း၊ အတွဲ (၁၄) အမှတ် (၆) မှာ ဖော်ပြခဲ့ပြီးဖြစ်ပေမယ့် ပြန်တောင်းသွားတဲ့အကြွေး(၂)ကို ဆက်တိုက်ဖော်ပြနိုင်ဖို့ ကျွန်တော့်အနေနဲ့ အကြောင်းအမိန့်မိုးကြောင့် ရေးဖို့မအားလပ်ခဲ့ပါဘူး။

ဖြစ်သင့်တာတော့ (၁) ရေးပြီးရင် (၂) ကိုဆက်ရေးဖို့ စာရေးသူမှာ တာဝန်ရှိတာကိုလည်း သိပါတယ်။ ဒါကြောင့်မို့ စာရှုသူများနဲ့ စာတည်းမှူးဆရာများကို အနှုံးအညွှတ်တောင်းပန်ပါတယ်။

*

ကျွန်တော်တို့ သာမန်ပုထုဇဉ်တွေဟာ မြေယာတွေကို အကြောင်းပြုပြီး သံသရာမှာ အဖန်တလဲလဲ ခံစားစံစားခဲ့ရသူတွေ ရေတွက်မကုန်နိုင်အောင် ရှိမယ်ထင်ပါတယ်။ မမြင်မတွေ့ရတာတွေ ဒုနဲ့ဒေးရှိသလို မြင်ရတွေ့ရတာတွေလည်းရှိနေပါတယ်။ ဒီအထဲကမှ သိ ထင်ရှားတဲ့လူတစ်ယောက်ကို ဆွေး မိပါတယ်။ ဒါကလည်း ကာယကံရှင် တစ်ဦးတည်းသောမိန့်ဆက်ရဲ့ ခွင့်ပြု ကြောင့်ပါ။

ဆိုကြပါစို့။ ပြီးခဲ့တဲ့နှစ် မေလ မှာ ကျွန်တော့်ယောက်ဖရဲ့ ဇာတိ လေးမှာ ရဟန်းသွားဝတ်ခဲ့ဖြစ်တာပ။

ရွာလေးဟာ ဧရာဝတီမြစ်ကြီး မေးတင်ထားတဲ့ရွာလေးပါ။ ကရင် တိုင်းရင်းသားများသာ အများဆုံးနေ တာမို့ အေးချမ်းတဲ့ ရွာလေးတစ်ရွာ လည်း မမှားပါဘူး။ ရွာကျောင်း ဟာလည်း သန့်ရှင်းကျယ်ဝန်းပြီး ကြီးဝါးကြီးတွေနဲ့ အေးချမ်းလှပါတ ကျောင်းထိုင်ဆရာတော် အပါအ ရဟန်း (၇) ပါးနဲ့ ကိုရင် (၃) ပါး သီတင်းသုံးနေထိုင်တဲ့ ကျောင်းလေး

ကျောင်းလေးဟာ နှစ်ထပ်သွပ်မိုး

www.burmeseclassic.com

www.burmeseclassic.com

ပျဉ်ထောင် ရွှေလက်ရာကျောင်းလေးပါ။ ဆွမ်းချက်ရုံနဲ့ ဇရပ်ခပ်သေးသေး တစ်ဆောင်ကိုတော့ အုတ်နဲ့ဆောက်လုပ်ထားပါတယ်။ ကျောင်းရဲ့ ပရဝဏ်ကို အုတ်တံတိုင်းခတ် ကာရံထားပါတယ်။ ဒီနေရာမှာတစ်ခုထူးခြားတာက ကျောင်းနောက်ဘက်ခြံစည်းရိုးကို ပေ (၂၀)နီးပါး လောက် ကာရံမထားဘဲ ကွက်လပ်ဖြစ်နေတာတွေ့ရတယ်။

စည်းရိုးကာနေရင်းက အုတ်၊ သဲ၊ ကျောက်ကုန်သွားလို့ပဲလားလို့ ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားမိပေမယ့် ဒါက ဖြစ်နိုင်လောက်တဲ့အဖြေတော့ မဟုတ်ဘူး။ ရွာဟာ ရွာသိမ်ရွာငယ်လေးဆိုပေမယ့် ကိုယ့်ဘာသာသာသနာပေါ်မှာတော့ သဒ္ဓါတရားမခေါင်းပါးကြဘူး။ ဒါဆို ကျောင်းခြံစည်းရိုးက ဘာလို့ကွက်လပ်ဖြစ်နေရတာတုံး။

ကျွန်တော့်အတွေးက ဒီမှာပဲ နိဋ္ဌိတ်သွားတယ်။ ရဟန်းဝတ်တဲ့ (၉) ရက်တာအတောအတွင်းကို တရားအားထုတ်တဲ့ဘက်စိတ်နှစ်ထားချင်လို့ပါ။

တစ်ည -

အဲဒီညက ကျွန်တော်လည်း အိပ်မပျော်သေးတာနဲ့ ကျောင်းဝင်းအတွင်း ထဲမှာပဲ စင်္ကြံလျှောက်ရင်း တရားမှတ်နေခဲ့တယ်။ ဒီအချိန်မှာ ကျောင်းမှာနေတဲ့ ကပ္ပိယကြီးဦးလွန်း သူနေတဲ့ ဆွမ်းချက်ရုံကနေထွက်လာတယ်။

"ဦးပဉ္စင်း၊ မကျိန်းသေးဘူးလား ညဉ့်နက်လှပြီ"

"ဟုတ်တယ် ဒကာကြီးရေ။ အိပ်မပျော်သေးတာနဲ့ ခဏလျှောက်နေတာ"

ဒါနဲ့ ဦးလွန်းနဲ့ကျွန်တော် ရောက်တတ်ရာရာစကားတွေပြောဖြစ်ခဲ့တယ်။ ဒီလိုပြောနေကြရင်းက ကျောင်းဝင်းစည်းရိုးအနောက်ဘက်က အပေါက်ကိစ္စကို ရောက်သွားတယ်။

"ဒကာကြီး၊ ဒီကျောင်းဝင်းအုတ်ရိုးကို ဘယ့်နှယ်ကြောင့် ဆက်မခတ်ဘဲ ဟထားရတာလဲ"

ဆိုတော့ ဦးလွန်းက ကျွန်တော့်ကိုစိုက်ကြည့်ရင်း ပြောသင့်၊ မပြောသင့် စဉ်းစားနေဟန်တူပါတယ်။ ပြီးတော့ လက်ကြားက ခြေနင်းဆေးပေါ့လိပ်ကို နှစ်ခါ၊ သုံးခါလောက်ဖွာလိုက်ရင်း -

"ဒီအကြောင်းတွေကို ဆရာတော်နဲ့ တပည့်တော်တို့ (၂) ယောက်သာ သိကြတဲ့အကြောင်းတွေပါ"

"ဘာအကြောင်းတွေမို့လို့လဲဒကာကြီး။ သိခွင့်ရှိရင် ဦးပဉ္စင်းလည်းသိချင်ပါတယ်"

လို့ ကျွန်တော်ပြောလိုက်တော့ - ဦးလွန်းက ဆေးလိပ်ကို မီးရဲနေ

မြောင်းမြ-မြင့်လှိုင်

ပြန်တောင်းသူးတဲ့အကြွေး (၂)

www.burmeseclassic.com

www.burmeseclassic.com

အောင် တစ်ချက်ဖွာပြီး မီးခိုးတွေအပေါ်ကို မှုတ်ထုတ်လိုက်တယ်။ ကောင်းကင်က တစ်ခြမ်းပဲလကလေးကလည်း ကျွန်တော်တို့နှစ်ယောက်ကို ငဲ့ကြည့်ရင်းနားစွင့်နေရှာတယ်။

တစ်ချက်၊ တစ်ချက် ပုံသန်းရင်း အော်မြည်သွားတဲ့ ညဉ့်ငှက်တို့ရဲ့အသံကလွဲပြီး ပတ်ဝန်းကျင်ဟာ ပကတိတိတ်ဆိတ်နေတယ်။

"ဖြစ်ပုံက ဒီလို ဦးပဉ္စင်းရဲ့၊ ဟိုတုန်းကတော့ ဒီကျောင်းလေးကို အကာအရံရယ်လို့ သတ်သတ်မှတ်မှတ်လုပ်ထားတာတော့မရှိဘူးပေါ့။ ကျောင်းနယ်နိမိတ်ဆိုပြီး ထောင့်လေးထောင့်မှာ ကျွန်းငုတ်တိုလေးတိုင် စိုက်ထားတာပဲရှိတာပါ။ နောက်ပိုင်းတော့ ရေကြည်ရာမြက်နုရာပြောင်းရွှေ့လာကြတဲ့လူတွေများလာတဲ့အခါကျတော့ ရွာခံလူတွေကပဲ ကျောင်းခြံစည်းရိုးကို တောကခုတ်လို့ရတဲ့ဝါးတွေနဲ့ မည်ကာမတ္တာကာရံပေးခဲ့ကြတယ်။ ဝါးနဲ့ကာထားတာဆိုတော့ သိတဲ့အတိုင်းပေါ့ ဦးပဉ္စင်းရယ်။ (၁) နှစ်ကျော် (၂) နှစ်လောက်ဆို ဆွေးမြည့်ပြီး ခြံစည်းရိုးကပျောက်သွားပြန်တယ်။ ဒါပေမယ့် ကိုယ့်ရွာနဲ့ကိုယ့်ဇာတ်ဆိုတော့ ဘာပြဿနာမှမရှိခဲ့ဘူးလေ"

"ခဏနော် ဦးပဉ္စင်း"

ဦးလွန်းပြောနေရင်းက သူနေတဲ့ဆွမ်းချက်ဆောင်ထဲထသွားတယ်။ ခဏနေပြန်ထွက်လာတော့ လက်ထဲမှာ ရေနွေးအပြည့်ထည့်ထားတဲ့ ဓာတ်ဘူးနဲ့ ဖန်ခွက်နှစ်လုံးပါယူလာခဲ့တယ်။ အာခြောက်သွားဟန်တူပါရဲ့။ ကျွန်တော့်အတွက် တစ်ခွက်ထည့်ပေးပြီး သူကိုယ်တိုင်လည်း ရေနွေးတစ်ခွက်ကိုတရှူးရှူးမှုတ်သောက်နေတယ်။

"ပြဿနာရဲ့ ဇာစ်မြစ်အစက အရိုးလေးဒေါ်ကြွယ် သူပိုင်မြေတွေပိုင်းရောင်းတာကစတယ်ပဲပြောရမယ်ထင်တယ်။ ဒီကျောင်းနောက်ဘက်ကျောင်းနဲ့ကပ်လျက်မြေတွေက ဒေါ်ကြွယ်ရဲ့မြေတွေလေ။ သူမြေကို ပိုင်းဝယ်သွားတဲ့ဦးတင်ဆိုတဲ့လူက ဒီရွာဇာတိမဟုတ်ဘူး။ မြစ်တစ်ဖက်ကမ်းကနေ ဒီရွာမှာလာခြေချတာ။ သူဝယ်ထားတဲ့မြေကို ခြံစည်းရိုးအခိုင်အမာခတ်ပြီး အိမ်တွေဘာတွေဆောက်တော့လည်း ဆောက်ပေါ့။ သူပိုင်မြေပေါ် သူအိမ်ဆောက်တာ ဘာပြောစရာရှိလို့လဲ။ ဒီလိုနဲ့နေလာတာ နှစ်တွေလည်း မနည်းတော့ပါဘူး။ ဒါနဲ့ ပြီးခဲ့တဲ့လေး၊ ငါး၊ ခြောက် နှစ်လောက်တုန်းက ကျောင်းရဲ့ ပရဝဏ်ကို အုတ်ရိုးခတ်လှူမယ့်အလှူရှင်ပေါ် လို့ စည်းရိုးခတ်တော့မှ ပြဿနာရှိလာတယ်"

"ဘယ်လိုပြဿနာများလဲ ဒကာကြီး"

ကျွန်တော် သိချင်စိတ်ကြောင့် အလောတကြီးမေးလိုက်မိတယ်။

ကပ္ပိယကြီး ဦးလွန်းက မီးသေနေတဲ့ဆေးပေါ့လိပ်ကို မီးပြန်ညှိရင်း တစ်ချက်၊ နှစ်ချက်ဖွာလိုက်တယ်။ ပြီးတော့ ပြောတယ်။

"ဦးပဉ္စင်း၊ အတော်ညည်နက်နေပြီ ကျိန်းချင်ပြီလား"

"ဒကာကြီးနှယ်၊ ဒီအခန်းရောက်မှ အိပ်လို့ဘယ်ဖြစ်မလဲ။ အိပ်လည်းမအိပ်ချင်သေးပါဘူး။ ပြောပါ။ ပြီးအောင်ပြောပါ။ ဒီကနေပဲ အရုဏ်ဆွမ်းသွားစားရလည်း အကြောင်းမဟုတ်ပါဘူး"

သန်းခေါင်ကြက်တို့ တွန်ကျူးပြီးတာ အတော်လေးကြာပြီ။ ရွာထဲက တစ်ချက်တစ်ချက် ပျံလွှင့်လာတဲ့ ခွေးဟောင်သံကလွဲလို့ ပတ်ဝန်းကျင်ဟာ အမှောင်ထုထဲမှာ အိပ်မောကျနေတယ်။

"ပြဿနာက စည်းရိုးခတ်မယ်ဆိုတော့ မူလကျွန်းငုတ်တိုတွေပြန်တူးရှာပြီး မျဉ်းဖြောင့်ကြိုးဆွဲကြည့်လိုက်တော့ ဦးတင်ခတ်ထားတဲ့ခြံစည်းရိုးဟာ ကျောင်းနယ်နိမိတ်ထဲ လေး၊ ငါးပေလောက်ဝင်နေတာတွေ့ရတယ်။ ဒီတော့ ကျွပ်တို့လည်း ဆရာတော်ဆီ အကျိုးအကြောင်းသွားလျှောက်ရတာပေါ့။

ဆရာတော်ကလည်း စကားပြောတာပြတ်တယ်။ ဟော- ဖိုးလွန်း၊ ဘုန်းကြီးအမှု ရွာမပတ်စေနဲ့ကွယ့်။ အကျိုးအကြောင်း ကောင်းကောင်းမွန်မွန်သွားပြောကြည့်။ နင်လားငါလားတွေမလုပ်နဲ့ကြားရဲ့လားတဲ့။

မှန်ပါဘုရားဆိုပြီး ကျွပ်လည်း ဒီတစ်ခွန်းပဲပြန်ပြောတာပါ။

အေး- ဒီမြေတွေက မင်းလည်း မပိုင်ဘူး။ ငါလည်းမပိုင်ဘူး။ အခုလည်း မပိုင်ဘူး။ နောင်လည်းမပိုင်ဘူး။ ကိုယ်ရထားတဲ့ခန္ဓာတောင် ကိုယ်မပိုင်ဘူး။ အချိန်တန် ပြန်အပ်ရမှာ မဟုတ်လား အေး၊ အေး - သွားတော့တဲ့။

ဒီတော့ ကျွပ်နဲ့ ပန်းရန်ဆရာ (၂) ယောက် ဦးတင်အိမ်သွားပြီး အကြောင်းပြောပြရတာပေါ့။ ကျွပ်အထင်ကတော့ ဦးတင်အနေနဲ့ မသိလို့ပါဘာညာနဲ့ ပျာပျာသလဲထဖျက်ပေးမယ်ထင်ထားတာပေါ့။ ဒါပေမယ့် ကျွပ်အထင်လွဲသွားတယ် ဦးပဉ္စင်းရေ လွဲတာမှ တက်တက်စင်အောင်ကိုလွဲတာ

"ဘယ်လိုလွဲတာတုံး ဒကာကြီးရဲ့၊ ဦးတင်ကဘယ်လိုပြောလိုက်လို့လဲ"

ဇာတ်လမ်းက စိတ်ဝင်စားဖွယ် အပိုင်းရောက်လာပြီဆိုတော့ ကျွန်တော်လည်း အရှိန်သေသွားမှာစိုးတာနဲ့ ဆက်မေးလိုက်တယ်။

"ဘယ့်နှယ်ဗျာ၊ ဒါလေးပြောလိုက်တာကို ထပြီးလက်သီးလက်မောင်းတန်းတော့တာကိုး ဦးပဉ္စင်းရဲ့။ ကျွပ်အရင်လိုစိတ်မျိုးနဲ့ဆို ဘယ်ချောင်လိမ့်မလဲ။ ကျွပ်လည်းစိတ်ကိုလျှော့လိုက်ပါတယ်။ ဆရာတော်က ဒီအရေးတွေကြုံမြင်ဖို့ သေသေချာချာ သတိပေးလိုက်တာပဲ မဟုတ်လား။ ကျွပ်တို့သွားပြောတာလည်း ရိုင်းရိုင်းစိုင်းစိုင်းဘာတစ်ခုမှမပါဘူး။ ဒါကို သူက ကျွပ်ကို ဘာကောင်ထင်နေလဲ။ ဒီမြေကို စဝယ်ကတည်းက သတ်သတ်မှတ်မှတ်ဖြစ်အောင် ခြံစည်းရိုးခတ်ထားတာ။ စည်းရိုးခတ်ကတည်းကတော့ဘာမှမပြောဘဲနဲ့ အခုမှမြေပိုင်ချင်လို့လား။ ဒါမျိုးတော့ မလုပ်နဲ့၊ ငထောင်တဲ့ လူသတ်မှုနဲ့ ထောင်ကထွက်ခဲ့ရကောင်။ ထပ်သတ်ဖို့ဝန်မလေးဘူးတဲ့။

အောင်မလေး - သူကပဲ တစ်ခြားပြောရတယ်ရှိသေး၊ ဦးပဉ္စင်းစဉ်းစားကြည့်။ ကျွပ်လေ အသားတွေတဆတ်ဆတ်တုန်ပြီးပြန်လာခဲ့ရတယ်။ တစ်လမ်းလုံးလည်း ဆရာတော်ရဲ့ ရှေ့ဖြစ်နိုင်ခြေအခြေအနေ မြော်မြင်တတ်မှုကိုလည်း စိတ်ထဲက ကြည်ညိုမိတယ်။ ဘုန်းကြီးအမှု ရွာမပတ်စေနဲ့ တဲ့ ကြွေးကြော်သံ ဒီကျွပ်တို့ ရုံးတွေဂါတ်တွေပေါ်မှာစိုးလို့

www.burmeseclassic.com

www.burmeseclassic.com

သတိပေးလိုက်တဲ့စကား။ ကျုပ်တို့သာ မခံနိုင်လို့ တိုင်ဟယ်တောဟယ်ဆို ဆရာတော်ပြောသလို ဘုန်းကြီးအမှုရွာမပတ်ပေဘူးလား"

"ဟ - ဒါဆို ဒီလူတော်တော်ရိုင်းတာပေါ့ ဒကာကြီးရဲ့။ ဗုဒ္ဓဘာသာမဟုတ်တဲ့အတိုင်းပါပဲလား"

မခံချင်စိတ်ကြောင့်ထင်ရဲ့။ ကျွန်တော့်အသံဟာ လိုတာထက် ပိုကျယ်သွားတယ်။ ကျွန်တော်တို့ထိုင်နေတဲ့ ညောင်စောင်းအောက်မှာအိပ်နေတဲ့ခွေးတစ်ကောင်က ဘာပါလိမ့်ဆိုတဲ့ စူးစမ်းအကြည့်နဲ့ ခေါင်းထောင်ကြည့်တယ်။ ပြီးတော့ သူနဲ့မဆိုင်ပါဘူးလို့တွေးပြီး ပြန်အိပ်တယ်။

ဒါနဲ့ ဆရာတော်ကပြောတယ်။

ကာလို့ရတဲ့အထိပဲကာ။ ကယ်လို့မရတဲ့လူကို မကယ်နဲ့တဲ့။ ဆရာတော်က ဒါပဲပြောပြီး သူတရားထိုင်တဲ့ ကျက်သရေခန်းထဲ ပြန်ဝင်သွားတယ်။ မထူးဆန်းဘူးလား ဦးပဉ္စင်း"

ဦးလွန်းက ကျွန်တော့်ကိုကြည့်ရင်း ကောက်ကာငင်ကာမေးလိုက်တာပါ။

"ဘာကိုပြောတာလဲ ဒကာကြီး"

ကျွန်တော်လည်း ဦးလွန်းဘာကို ပြောတာလဲမသိလို့ ပြန်မေးရတယ်။ ဒီတော့ ဦးလွန်းက -

"ဆရာတော့်စကားလေ။ 'ကာလို့ရတဲ့အထိပဲကာတဲ့၊ ကယ်လို့မရတဲ့လူကို မကယ်နဲ့တဲ့'

"အင်း - ဟုတ်ပါ့၊ ဒကာကြီးပြောမှ သေချာစဉ်းစားကြည့်တယ်။ ဒါနဲ့ပြောပါဦး ဒကာကြီး၊ အခုတော့ ဘာလို့ဒီနေရာက ကွက်လပ်ကြီးဖြစ်နေရတာတုံး"

ဦးလွန်းက ဓာတ်ဘူးထဲမှရေနွေးတစ်ခွက်ငှဲ့ထည့်ရင်း -

"ဒီနေရာမှာ ဦးပဉ္စင်းကို စကားမြတ်ပြောရဦးမယ်။ စောစောက ဦးပဉ္စင်းပြောတယ် မဟုတ်လား။ ဒီလူဗုဒ္ဓဘာသာမဟုတ်ဘူးလားဆိုတဲ့ စကားလေ။ တကယ်တော့ ဦးတင်အမေက ဗုဒ္ဓဘာသာကရင်တိုင်းရင်းသားဖြစ်ပေမယ့် သူအဖေက ဘာသာခြား ဦးပဉ္စင်းရဲ့။ ဒီလူရွာကိုပြောင်းလာခါစက ကျုပ်တစ်ခါ၊ နှစ်ခါ တွေ့ဖူးပါတယ်။ အသားကဖြူဖြူ အရပ်ကရှည်ရှည်နဲ့ မျက်ခုံး၊ မျက်လုံး၊ နှာတံကပေါ်ပေါ်နဲ့ အတော်ကြည့်ကောင်းတဲ့လူပဲ။ သိပ်မကြာပါဘူး၊ ဒီရွာနဲ့ပဲ တည့်လို့ပဲလားတော့ မဆိုနိုင်ဘူး။ လူက ဝဝဖြိုးဖြိုး ထောင်ထောင်မောင်းမောင်းကြီးဖြစ်လာတော့တာပါပဲ။

ဒါပေမယ့်လည်း ဦးပဉ္စင်းရယ်။ ဒီလူနှယ် ခန္ဓာသွင်ပြင်ကသာ လေထိုးထည့်သလို ဖောင်းထွက်လာပေမယ့် ဘာသာသာသနာအပေါ် အပြစိတ်ကလေးတောင်မအောင်းနိုင်မှတော့ မြေဝသုန်ညောင်းရုံပဲရှိတော့မပေါ့ ဦးပဉ္စင်းရယ်။

ဒါကြောင့်မို့ပဲလား မသိဘူး။ တစ်နေ့ ကျုပ်တို့ရွာရဲ့အရှေ့ဘက်ကကမ်းလှမ်းရွာဖဲငိုင်းမှာ ဦးတင်တစ်ယောက် ဓားထိုးခံရလို့ မြို့ဆေးရုံတင်ရတယ်ဆိုတဲ့ သတင်းကို ကျောင်းက ဦးပဉ္စင်းတစ်ပါး ရွာထဲဆွမ်းခံရင်းကြားလာခဲ့တယ်။

ဆိုကြပါစို့ ဦးပဉ္စင်းရယ်။ ဆေးရုံမှာပဲ ဦးတင်ဆုံးသွားတယ်။ ဦးတင်ဆုံးသွားတာ ရွာကလူတွေကတော့ ဘာမှမခံစားလိုက်ရဘူး။ အရင်ကတည်းကလည်း သူတို့မိသားစုက ရွာနဲ့ခပ်တန်းတန်းပဲရှိနေခဲ့တာကိုး။

မှတ်မှတ်ရရပြောရင် အဲဒီနေ့က ဦးတင်ဆုံးပြီး တစ်လတိတိကြာတဲ့နေ့ပဲ။ ဖြစ်ချင်တော့ ကျုပ်ကလည်း အဲဒီနေ့မှ ညလယ်ကောင်ကြီး ဝမ်းနာတာနဲ့ ရေအိမ်ထသွားတယ်။ ရေအိမ်ကပြန်ထွက်လာတော့ ဘာရယ်မဟုတ်ပါဘူး။ မှက်စိက ဦးတင်တို့ခြံဘက်ကို ကြည့်မိလိုက်တယ်။ ဦးတင်တို့ခြံနဲ့ ရေအိမ်ကလည်း ပေ လေး၊ ငါး၊ ရှစ်ဆယ်လောက်ပဲဝေးတာကိုးဦးပဉ္စင်းရဲ့။ အဲဒီညက လကလည်းသာတယ်။ လပြည့်ညတော့မဟုတ်ဘူး။ လပြည့်ကျော်တစ်ရက်၊ နှစ်ရက်၊ တစ်ခုခုပဲ။ အဲဒီမှာ ကျုပ်ဘာသွားတွေ့လဲဆိုတော့ ဦးတင်တို့ခြံအစပ်မှာ လူတစ်ယောက် ဆွယ်တာလက်ရှည်ဝတ်ထားပေမယ့် လက်တွေက ဖွာလန်ကြဲပြီး စုတ်ပြတ်နေတယ်။ အောက်ကပုဆိုး ကွက်တုံးဝတ်ထားပေမယ့် အနှားတွေက ကြောင်ကုတ်ထားသလို ဖွာလန်ကြဲနေတယ်။ ညကြီးမိုးချုပ် ဘယ်ကလူလဲ၊ ဘာလုပ်နေတာလဲဆိုတာကို ကျုပ်သိချင်လာတယ်။ ဒါနဲ့ ရေအိမ်ဘေးသရက်ပင်အကွယ်ကနေ အသာချောင်းကြည့်နေမိတယ်။ ခြံနားမှာမီးထွန်းမထားပေမယ့် ကောင်းကင်ကဖြာကျနေတဲ့ လရဲ့အလင်းရောင်အောက်မှာ အရာအားလုံးကို သဲသဲကွဲမြင်နေရတယ်။

အလို - ဘုရားရေ ဆိုပြီး အံ့သြလွန်းလို့ ကျုပ်ပါးစပ်က ဘုရားတောင်တမိလိုက်တယ်"

"နေပါဦး ဒကာကြီးရဲ့၊ ဘာများတွေ့လိုက်လို့လဲ"

ဦးလွန်းက မီးသေတာကြာပြီဖြစ်တဲ့ ပါးစပ်မှာခဲ့ထားတဲ့ ဆေးလိပ်ကို လက်ကြားညှပ်ရင်း ရေနွေးတစ်ကျိုက် ကျိုက်လိုက်တယ်။ တစ်ချက်တစ်ချက် ကသုတ်ကရက်တိုက်ခတ်တဲ့လေကြောင့် သစ်ပင်ကြီးငယ်တို့ရဲ့ အခက်အရွက်တွေဟာ အချင်းချင်း ဂနာမငြိမ်လှုပ်လိုလှုပ်လဲနဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့စကားသံကို သက်မချရင်း နားစွင့်နေတယ်လို့ ထင်ရတယ်။

ပြီးတော့မှ ဦးလွန်းက ဆက်ပြောတယ်။

"ကျုပ်ဘာတွေ့တယ်လို့ ဦးပဉ္စင်းထင်လဲ"

"ဟ - ဒါကတော့ ဘယ်သိမှာတုံး ဒကာကြီးရဲ့"

"ဟုတ်တယ် ဦးပဉ္စင်းရဲ့၊ ကျုပ်မျက်စိကို ကျုပ်ကိုမယုံနိုင်ဘူး။ ဦးတင်လေ။ ဆုံးသွားတာဘာမှမကြာသေးတဲ့ ဦးတင်မှဦးတင်အစစ်ပဲ။ ကျုပ်ကိုခြောက်တယ်လှန့်တယ်ဆိုရအောင်လည်း သူနဲ့ကျုပ်က ပခုံးဖက်ပေါင်းနေတဲ့သူတွေမှမဟုတ်တာ။ ဒီလို သရဲတစ္ဆေဆိုတာတွေလည်း ကျုပ်မကြောက်တတ်ပါဘူး။ ပြီးတော့ သူ့ကို ကျုပ်မြင်ရတဲ့ပုံစံကလည်း ခြောက်လှန့်တဲ့ပုံစံမျိုးမဟုတ်ဘူး။ သူ့အလုံးသူ့ထာဝန်ကို သူထမ်းဆောင်နေရတဲ့ပုံစံမျိုး ဦးပဉ္စင်းရ"

"သူ့ပုံစံက ဘယ်လိုဖြစ်နေလို့လဲ ဒကာကြီး"

ကျွန်တော့်အမေးကို ဒီတစ်ခါတော့ ဦးလွန်းက ချက်ချင်းပြန်ဖြေတယ်။

ကျုပ်ပြောရင် ဦးပဉ္စင်းယုံမလားတောင်မသိဘူး။ ဦးတင်လေ သူ့ခြံထဲက မြေစာခဲတွေကို လက်နှစ်ဖက်နဲ့ ထိုးကလော်ပြီး ကျုပ်တို့ကျောင်းထဲပက်ပက်ထည့်နေတယ်။ သူ့လက်နှစ်ဖက်စလုံး ကျုပ်မြင်နေရတာတော့ သွေးစိမ်းတွေတစက်စက်ကျနေတယ်။ သူဝတ်ထားတဲ့အဝတ်အစားတွေက သင်္ကြိုဟ်တဲ့နေ့က သူနောက်ဆုံးဝတ်ခဲ့တဲ့ အဝတ်အစားဆိုတာ ကျုပ်ကောင်းကောင်းမှတ်မိတယ်။

ကျုပ်ဟာ ဒီလိုဖြစ်ရပ်တွေ ဟိုလူပြောဒီလူပြော ကြားဖူးနားဝရှိခဲ့ပေမယ့် အခုလို ကိုယ်တွေ့တော့ တစ်ခါမှမတွေ့ဘူးခဲ့ရိုးအမှန်ပါ။ ဒီမြေတွေကို သူဘာအတွက် ပက်ထည့်နေရတာလဲ။ ကျုပ်အတော်ကြာတဲ့အထိရပ်ကြည့်နေမိသေးတယ်။ အဲဒီအချိန်မှာ ကျုပ်လည်ချောင်းထဲ ယားတာနဲ့ ချောင်းတစ်ချက်ဟန်

www.burmeseclassic.com

လိုက်မိတာနဲ့ ဦးတင်ရဲ့ပုံရိပ်ဟာ ဖျတ်ခနဲမျက်စိရှေ့ကပျောက်သွားတယ်။

ကျုပ်လည်း ကျုပ်နေတဲ့ဆွမ်းခံကျံရဲ့ကိုပြန်လာပြီး ပြန်အိပ်ဖို့ကြိုးစားတယ်။ ဒါပေမယ့် ဦးပဉ္စင်းရယ်၊ သွေးသံတရွဲရွဲလက်တွေနဲ့ ပိန်ညောင်ညောင်ဦးတင်ရဲ့ပုံရိပ်ဟာ ကျုပ်မျက်စိထဲက ထွက်ကို မထွက်ဘူး။ ဒီလိုနဲ့ပဲ မိုးလင်းတဲ့အထိ တစ်ရေးမှမအိပ်လိုက်ရဘူး။ နေ့ခင်းနေ့လယ်ကျတော့ ဆရာတော်နေ့ဆွမ်းဘုဉ်းပေးပြီး နားနားနေနေရှိနေချိန်မှာ ဆရာတော့်ကို ခြေဆုပ်လက်နယ်ကုသိုလ်ယူနေရင်းက ကျုပ်စဉ်းစားနေမိတယ်။ ညက ကျုပ်မြင်ခဲ့တာ အသိပေးရင်ကောင်းမလားပေါ့။ ဆရာတော် စိတ်အနှောင့်အယှက်ဖြစ်သွားမှာလည်းစိုးသေးတယ်လေ။ ဒါပေမယ့်လည်း ဒီကိစ္စဆရာတော်လည်း သိသင့်တယ်လို့ ကျုပ်အထင်ကို အရဲစွန့်ပြီးလျှောက်လိုက်တယ်။

ဒီတော့ ဆရာတော်က မိန့်တယ်။

"ဟေ့-ဖိုးလွန်း၊ ဒီကိစ္စ မင်းလည်း တွေ့ခဲ့ပြီပေါ့ ဟုတ်လား"

"မှန်ပါ့။ တပည့်တော် မနေ့ညက မှတ္တေ့မီလို့ အံ့သြခဲ့ရပါတယ် ဘုရား။ အဲဒါ အရှင်ဘုရားလည်း သိသင့်တယ်ထင်လို့ တပည့်တော်လျှောက်တာပါ ဘုရား"

"အေးအေး၊ ငါကတော့ ဒီဒကာကြီးရက်လည်တဲ့နေ့ကတည်းက တွေ့တွေ့နေတာ ဖိုးလွန်းရဲ့။ ငါတစ်ယောက်တည်းအမြင်နဲ့ပြောလို့မဖြစ်ဘူးဟ။ အခုတော့ မင်းလည်းမြင်ခဲ့ရပြီပဲ"

"မှန်ပါ့ဘုရား"

"အေးလေ ဒါ ဘယ်သူမပြု မိမိမှုတွေပဲ ဖိုးလွန်းရဲ့။ သူယူခဲ့မိတဲ့ ကျောင်းမြေဟာ သူသေတော့ သူနောက်လိုက်မသွားဘူး။ တကယ်လိုက်သွားတာက သူယူခဲ့တဲ့အကြွေးတွေပဲ။ ယူတုန်းက ချွေးမထွက်၊ သွေးမထွက်ခဲ့ပေမယ့် အခုပြန်ပေးဆပ်ရတဲ့အခါ ဖိုးလွန်းမင်းတွေ့တယ်မဟုတ်လား"

"မှန်ပါ့ ဘုရား၊ မယုံနိုင်လောက်အောင် ဆင်းရဲဒုက္ခကြီးပါတယ် ဘုရား"

"အေး- ဒီအကြွေးကိုဒကာဦးတင်အနေနဲ့ ကာလအလျားဘယ်လောက်ထိပေးဆပ်ရမယ်ဆိုတာ ငါလည်းမသိဘူး။ ဘယ်သူမှလဲသိဖို့မလွယ်ဘူး။ ဘုရား၊ ရဟန္တာကလွဲရင်ပေါ့ကွယ်။ ငါတို့အနေနဲ့ကတော့ လုပ်ပေးလို့ရသလောက်လေး လုပ်ပေးကြတာပေါ့။ ကဲကဲ - ညနေဦးပဉ္စင်းတစ်ပါးခေါ်သွားပြီး သူ့အိမ်မိသားစုတစ်ယောက်ယောက်ကို ဘုန်းကြီးခေါ် တုယ်လို့ပြောပြီး ခေါ်လာခဲ့ဟုတ်လား"

"တင်ပါ့ဘုရား"

ဒါနဲ့ ကျုပ်လည်း ညနေတော့ ကျောင်းက ဦးပဉ္စင်းတစ်ပါးနဲ့ ဦးတင်တို့ အိမ်ကိုသွားတယ်။ အိမ်မှာက ဦးတင်ဇနီးနဲ့သမီးပဲရှိတယ်။ ဒါနဲ့ အကျိုးအကြောင်းပြောပြီး ကျောင်းကို ခေါ်ခဲ့လိုက်တယ်။ ကျောင်းရောက်တော့ ဆရာတော်က ဦးတင်ရဲ့ လက်ရှိပစ္စက္ခဘဝအခြေအနေကို ရှင်းပြတယ်။ ဦးတင်သမီးက လူငယ်လည်းလူငယ်၊ ဘွဲ့တွေဒီဂရီတွေလည်း ရထားပြီးသားဆိုတော့ ဒီကိစ္စတွေကိုသိပ်လက်ခံချင် ပုံမရပေမယ့် ဦးတင်ဇနီးကတော့ ဆရာတော်စကားဆုံးတာနဲ့ ချိုးပွဲချိုတော့တာပဲ။ ပြီးတော့ပြောတယ်။

"တပည့်တော်မ သူ့ကို အိပ်မက်မက်တာ (၂) ခါရှိပါပြီ ဘုရား။ အိပ်မက်ထဲမှာ မြေကြီးတွေကို လက်နှစ်ဖက်နဲ့ ထိုးထိုးကော်နေတာ လက်တွေမှာ သွေးတွေနဲ့ မြင်မကောင်းဘူး ဘုရား။ တပည့်တော်မက ပေါက်တူးယူမလားမေတော့ မရဘူးတဲ့။ မြေကြီးအကြွေး၊ အကြွေးဆိုပြီး ဗလုံးဗထွေးပြောပြီး ဆက်တူးနေတာ မြင်ရက်စရာတောင်မရှိဘူး ဘုရား။ ဒီနေ့ရာမှာပဲ တပည့်တော်မလန့်နိုးသွားခဲ့တယ်"

ဒီလို သူ့အမေစကားကြားတော့ သမီးဖြစ်သူက သူ့အမေကို မယုံရဲတဲ့အကြည့်နဲ့ လှမ်းကြည့်တယ်။

"တပည့်တော်မတို့ဘက်က ဘာတွေဆောင်ရွက်ပေးမလဲဘုရား။ တပည့်တော်မတို့ ဘာမှမလုပ်တတ်မကိုင်တတ်

နဲ့ နားမလည်လို့ပါ"

ဒီတော့ ဆရာတော်ကပြောတယ်။

"ဒကာမကြီး၊ အခု ဒကာကြီး ဦးတင်ခံစားနေရတာဟာ ဘုန်းကြီးသိသလောက်တော့ မြေအကြွေးဆပ်နေရတာလို့ ထင်တာပဲ။ ဒကာမကြီးသူ့မှတ်မိမလားတော့မသိဘူး။ လွန်ခဲ့တဲ့လေးငါးခြောက်နှစ်လောက်က ဒကာကြီးဦးတင်ကဆားတဲ့ခြံစည်းရိုး ကျောင်းမြေထဲကျွံဝင်နေလို့ တစ်ခါလာပြောသေးတယ်။ ဒါကို ဒကာကြီးဦးတင်ခါးခါးသီးသီး ငြင်းလွှတ်လိုက်တယ် ဘုန်းကြီးတို့အနေနဲ့ ဒီမြေပြန်မရလည်း ဘာမှမဖြစ်ပါဘူး။ သာသနာတာဝန်ထမ်းဆောင်နေတဲ့တစ်ခကားပဲနေရမယ့်မြေပါ။ ဘုန်းကြီးတို့က ပြောတယ်ဆိုတာလည်း သူ့အတွက်မသိလို့ ယူထားတယ်ဆိုတာ မြဿမဟုတ်ပေမယ့် သိသိကြီးနဲ့ ပြန်ပေးဘူးဆို ပြန်ပေးဆပ်ရမယ့်အကျိုးဆက် မတန်လွန်းလို့ ဘုန်းကြီးတို့က အပေးတာပါ။

အခု ဒကာမကြီးတို့ လုပ်စရာတစ်ခုပဲရှိတယ်။ ကျောင်းမြေထဲကျောနေတဲ့ ဒကာမကြီးတို့ ခြံစည်းရိုးဖုတ်နောက်ဆုတ်လိုက်ပါ။ ဒကာကြီးဦးတင်က ဒီမြေကို ကြည်ကြည်ဖြူဖြူ ပြန်ပေးတဲ့အကြောင်းပြောပြီး ဘုန်းကြီးသာမုံအနုမောဓနာခေါ်ကြတာပေါ့ ဆိုကြပါစို့ ဦးပဉ္စင်းရယ်။ ဒီဦးတင်ဇနီးက ကျောင်းမြေကို ပြန်ပေးတယ်။ ပြီးတော့ ဒီရွာမှာလည်း မနေတော့လို့ပဲလား၊ မျက်နှာပူလို့လားမပြောတတ်ဘူး။ သူတို့မြေကွက်ထောရတဲ့စေ့းနဲ့ရောင်းပြီး မြစ်တစ်ဖက်ကို ပြန်ပြောင်းသွားကြပြီ။

ဟိုးတစ်လောကတော့ ဦးဆင်သမီး ဆရာတော့်ကို လှူဖွယ်ဝတ္ထုနဲ့ လာကန်တော့ရင်း သူ့အမေဆုံးတဲ့အကြောင်း လာလျှောက်သွားသူလည်း အစိုးရဝန်ထမ်းအလုပ်ရန်ကုန်ပြောင်းမယ့်အကြောင်းပါသွားတယ်"

"တုံ့ . . . တုံ့ . . . တုံ့ . . . ထဲ"

ဦးပဉ္စင်းလေးတစ်ပါးခေါ်တဲ့ တုံးမောင်းသံဟာ အရွက်ဦးရောင်နှင့်အတူ ကျေးရွာလေးအေ သာယာငြိမ့်ညောင်းစွာ စီးမျောပျံ့လာခဲ့ပါတော့တယ်။

မြောင်

www.burmeseclassic.com

www.burmeseclassic.com

ဗုန်းရွှေပညာ သိကောင်းစရာ

မြို့အောင်လှိုင် (ရတနာ)

အပိုင်း (၄)

ဆက်ဆံရေး/အချစ်ရေးဆိုင်ရာကွာ

သင့်အိမ်ရှိ ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်ပါက အောက်ပါ အကျိုးရလဒ်ကောင်းများကိုရရှိမည် ဖြစ်သည်။

မိမိနှင့်ဆက်ဆံရေးအဆင်ပြေမည့် သူ့ချစ်သူလက်တွဲဖော်ကို ရှာတွေ့နိုင်မည်။

ပြဿနာအရပ်ရပ်အားအကြောက်အရွံ့ကင်းကင်းဖြင့် ရင်ဆိုင်ရဲမည်။

အိမ်ထောင်ပြုဖြစ်မည်။

မိသားစု၊ အိမ်ထောင်ဖက်၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုဆက်ဆံရေးကိစ္စများ အဆင်ပြေချောမွေ့ပါမည်။

မိမိအတွက် ယုံကြည်ရသူများကို တွေ့ပါမည်။

ဆက်ဆံရေး ဟူသော စကားအမိပ္ပာယ်သည် ဆက်စပ်ပတ်သက်တော်စပ်နေရသည့် အခြေအနေများကို ရည်ညွှန်းသည်။

ပုံတွင် မြားပြထားသည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာတွာသည် အမြဲတစေ ပင်မတံခါးရှိရမည့် နေရာ ဖြစ်သည်။

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်လိုပါက ၎င်းကွာရှိရာ အခန်းအတွင်း ပန်းရောင်၊ အနီရောင်၊ အဖြူရောင်တို့အား သုံးစွဲထားပေးပါ။

အဆိုပါ အရောင်ရှိပန်းများကို အသုံးပြုမည်ဆိုပါက နှလုံးသားအမှတ်တံဆိပ် (♥)ပုံပါသော ပန်းများကို ဖန်တီးထားရှိပေးပါ။

သင်သည် ဆက်ဆံရေးသာမက အချစ်ရေးရှိပါ အောင်မြင်လိုပါက ၎င်းကွာသို့သွား၍ အချစ်ရေးကိစ္စများအား စဉ်းစားတွေးတောပေးပါ။

အချစ်ရေးရှိ အဆင်ပြေချောမွေ့မှုလွန်ကဲခြင်းကြောင့် ချစ်သူများစွာရှိလာပါကလည်း ဘဝတစ်သက်တာအတွင်း လူမှုရေးပြဿနာများစွာ ရှင်းမကုန်ဖြစ်လာနိုင်သည်ကို သတိပြုပါ။

ဆက်ဆံရေး ၊ အချစ်ရေးဆိုင်ရာ ကွာအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည့် အရာများ ကြည့်မှန်များ

ဆက်ဆံရေး/အချစ်ရေးဆိုင်ရာ ကွာအတွင်း ကြည့်မှန်များစွာ ထားရှိပြီး ၎င်းမှန်များက အလင်းရောင်အား ဆွဲယူ၍ အခန်းအတွင်း စွမ်းအင်ကောင်းများအား ထိန်းချုပ်ကာ စွမ်းအင်မြှင့်တင်ပေးမည် ဖြစ်သည်။



THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.

ပုံကွာအတွင်း အချစ်ရေး ဆက်ဆံရေးဆိုင်ရာ ကွာ ပါဝင်နေပုံ

ဓာတ်နှင့် စွမ်းအင်ကောင်းများကို ရစေသည်။ ဖယောင်းတိုင်ဖြင့် ၎င်းကွာအား မီးအပူဓာတ်စွမ်းအင် မြှင့်ပေးနိုင်ပါက တစ်သက်တာအချစ်ခရီးလည်း ချောမွေ့အောင်မြင်သွားမည် ဖြစ်ပါသည်။ ဖယောင်းတိုင်များရှိနေခြင်းဖြင့် ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကိစ္စနှစ်ရပ်စလုံး အောင်မြင်မှုရနေမည် ဖြစ်သည်။

လန်းဆန်းနေသောပန်းများ

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာအတွင်း လန်းဆန်းနေသောပန်းများ ထားရှိပေးပါက အချစ်ရေးကိစ္စများလည်း အလားတူ လန်းဆန်းနေမည်သာ ဖြစ်သည်။

ပန်းရောင်နှင့်ဆိုင်သောကိစ္စများအားစဉ်းစားခြင်း

အချစ်ရေးကိစ္စများသည် ပန်းရောင်နှင့်စပ်ဆိုင်သောကိစ္စများဖြစ်သည်။ ထို့ကြောင့် ၎င်းကွာရှိရာ အခန်းအတွင်း ပန်းရောင်နှင့်စပ်ဆိုင်ပြီး အချစ်ရေးကိစ္စများကို ရည်ညွှန်းသည်။ နူးညံ့အိစက်ခြင်း၊ ဆွဲဆောင်မှုရှိခြင်း၊ လတ်ဆတ်ခြင်း၊ တသိမ့်သိမ့်ခံစားရခြင်းတို့ကို စဉ်းစားတွေးတောပေးပါ။

အနီရောင်ရှိသောပစ္စည်းများ

ခရမ်းချဉ်သီးဖြင့် ပြုလုပ်ထားသော အနီရောင်ရှိ အစားအစာများ၊ မာရက်(စ်)ချိုနီချယ်ရီများ၊ အနီရောင်ရဲရဲရှိသောဇရုတ်သီးများ၊ အနီရောင်ပိုးသားခေါင်းစည်းပဝါအား ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာ၌ထားရှိပေးပါက ၎င်းကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

အချစ်သီချင်းများနားထောင်ခြင်း

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်ပေးလိုပါက အချစ်ရေးနှင့်ပတ်သက်၍ ခံစားချက်များစွာပါသော သီချင်းများဖွင့်၍ နားဆင်ပေးပါ။

မိမိအပေါ် အချစ်ပို့စေမည့် အမှတ်သင်္ကေတများ ထားရှိခြင်း

တိရစ္ဆာန်ရုပ်ပုံ အမှတ်တံဆိပ်ပါသောပစ္စည်းများထားရှိခြင်း၊

မီးနှင့်စပ်ဆိုင်သော ပစ္စည်းများ ထားရှိခြင်း၊

ရှန်ပိန်အရက်တစ်ပုလင်းနှင့် ဖန်

www.burmeseclassic.com

www.burmeseclassic.com

ခွက်နှစ်ခွက်ထားရှိခြင်း၊
မင်္ဂလာသတို့သမီး၊ သတို့သားနှင့် မင်္ဂလာကိတ်ပုံစံအလှဆင်ထားခြင်း၊
အချစ်ရေးကို ကိုယ်စားပြုသည့် ငှက်မောင်နှံပုံစံရုပ်ပုံများ။

ညီညွတ်မှုတခြင်း နိမိတ်ဆောင်အခင်းအကျင်းထားရှိခြင်း

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာ၌ အိပ်ရာရှိနေလျှင် အိပ်ရာ ဝဲ၊ ယာ ဘက်နှင့် အပေါ်အောက်နေရာတို့ ညီညာပြန့်ပြူးခြင်း၊ ဝဲ၊ ယာနှစ်ဖက်စလုံး အညီအမျှဖြစ်ခြင်းရှိအောင် စီမံပေးပါ။ ထိုအခါ အချစ်ရေး၌ ပြောဆိုဆက်ဆံမှု မှန်သမျှအားလုံး အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာ အတွက် အန္တရာယ်ပေးနိုင်သည့်အရာများ

မကောင်းသောပုံရိပ်များ

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာရှိရာ အခန်းအတွင်း စိတ်ပျော်ရွှင်မှု အားဟန့်တားနှောင့်ယှက်စေသည့် ရုပ်ပုံကားချပ်များထားရှိခြင်း၊ ချစ်သူဟောင်း၊ အိမ်ထောင်ဖက်ဟောင်း၏ ဓာတ်ပုံများ ချိတ်ဆွဲခြင်း၊ ရေခဲတောင်ပုံများ၊ ပုပ်သိုး နေသောစားသောက်ကုန်များ၊ဓာတောင့် နေသော ခေါက်ဆွဲများ လုံးဝမထားရှိသင့်ပါ။

နိမိတ်မကောင်းသောပစ္စည်းများ

ဆူးများပါသည့် ရှားစောင်းပင်၊ ညှိန့်များပါသောအပင်များ ထားရှိခြင်း မပြုလုပ်ရ။

တစ်ခုတည်းရှိသောအရာများ

မိမိတစ်ကိုယ်တည်းရိုက်ထားသော ဓာတ်ပုံချိတ်ဆွဲခြင်း၊ တစ်ခုတည်းသော ခွေခေါင်းအုံးထားရှိခြင်း မလုပ်ရပါ။

မသန့်ရှင်းသောပစ္စည်းများ

ဖုန်တက်နေသော ဘောလုံးများ၊ သံချေးတက်နေသော လက်သည်းညှပ် တံနှင့် အခြားပျက်စီး၍ အသုံးမပြုနိုင် တော့သည့်ပစ္စည်းများ ထားရှိခြင်း မပြုလုပ်ရ။

သိမ်ိုးထားသောပစ္စည်းများ

အိပ်ရာ၊ ကုတင်အောက်၌ ထုပ်ပိုးစက္ကူများထားရှိခြင်း၊ စက်တိန်နှင့် လက်ဆွဲသေတ္တာများရှိနေခြင်း၊ အခြား ပစ္စည်းများအား အလွယ်တကူထားရှိ ခြင်းဖြစ်ပါက ကြာသည်နှင့်အမျှ အိပ်ရာ အောက်၌ နေရာကျယ်ကာ မကောင်းသော စွမ်းအင်များကို ဖြစ်ပေါ် လာစေပါသည်။ ထို့ကြောင့် အချစ်ရေးဆက်ဆံရေးအဆင် ပြေစေရန် အိပ်ရာအောက်မှ အရှုပ်အ ထွေးများအား ရှင်းလင်းပေးပါ။

စိတ်အနှောင့်အယှက်ဖြစ်စရာပစ္စည်းများ

သင်၏ ဆက်ဆံရေး/ အချစ်ရေး ဆိုင်ရာ ကွာရှိရာအခန်းတွင် (သို့) ၎င်း ကွာရှိရာ အိပ်ခန်းတွင် ရုပ်၊ သံစက်ရှိနေ ပါက သင့်နှင့် သင့်အိမ်ထောင်ဖက်တို့ အကြား ပြောဆိုဆက်ဆံမှုများ အဆင် မပြေဖြစ်ကာ ပြဿနာမျိုးစုံ ဖြေရှင်းရ တတ်သည်။ အကယ်၍ ၎င်းကွာရှိရာ အခန်းတွင် သူငယ်ချင်းဟောင်း၏ ဂစ်တာတစ်လက်ရှိနေပါက သီချင်း ဟောင်းများကိုသာ နှစ်သက်ပြီး သီချင်း သစ်ကို စိတ်မဝင်စားသူဖြစ်သလို အချစ် ရေး၌လည်း အသစ်မရှာတတ်သူ ဖြစ် ကြောင်း ရည်ညွှန်းသည်။သို့သော်လည်း ဟောင်းနွမ်းသော မည်သည့်ပစ္စည်းကို မဆို အဆိုပါ ကွာရှိရာအခန်း၌ လုံးဝ မထားသင့်ပါ။

မိမိအလိုဆန္ဒအပေါ် သတိပြုဆင်ခြင်ခြင်း

စာရေးသူသိသော အမျိုးသမီး တစ်ယောက်၏အချစ်ရေးခရီးမှာ အံ့သြ ဖွယ်ကောင်းလောက်အောင် မှားယွင်းမှု များရှိနေသည်ကို တွေ့ရှိရသည်။ စာရေး သူသိသော အဆိုပါ အမျိုးသမီးအား ဆွဲဆောင်သူ အမျိုးသမီးများအားလုံးမှာ အိမ်ထောင်ရှိသူများပင် ဖြစ်သည်။

စာရေးသူအနေဖြင့် ၎င်းအမျိုး သမီးအား ဖုန်းရွှေဆိုင်ရာအစီအရင်လုပ် ရန် အကြံပြုခဲ့သည်။ သူမကလည်း အကြံပြုချက်အပေါ် လိုလားစွာ လက်ခံ ခဲ့သည်။ အစီအရင်မှာ ၎င်းအမျိုးသမီး နှစ်သက်သည့် အမျိုးသား၏အမည်အား စာရွက်တွင်ချရေး၍ ဆက်ဆံရေး/ အချစ် ရေးကွာနေရာ၌ ထားရှိပေးရန်ဖြစ်သည်။ အဆိုပါ အစီအရင်အရ စာရွက်ပေါ် ချ ရေးလိုက်သာ မိမိအလိုဆန္ဒအတိုင်း တူညီသည့် အကျိုးသက်ရောက်မှုရှိလာ မည် ဖြစ်သောကြောင့် တိကျမှန်ကန်စွာ ရေးသားရန်လိုအပ်သည်။

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာအတွက် စွမ်းအင်ကောင်းများရစေ ပြီး လက်တွေ့အကျိုးရှိစေရန် ၎င်းကွာ ရှိရာနေရာ၌ ပျော်ရွှင်စွာ ရယ်မောနေ သော သူများ၏ရုပ်ပုံကားချပ်များ ချိတ် ဆွဲထားပေးပါ။ ၎င်းအပြင် ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာအရ လူအများနှင့် ကင်းဝေးစွာ အထီးကျန်နေထိုင်ခြင်း လုံးဝမလုပ်ရပါ။

အကယ်၍ ၎င်းကွာတွင် အကြောင်းအမျိုးမျိုးကြောင့် မိမိတစ်ဦး တည်းနေထိုင်ရသည်ဆိုပါက သလင်း ကျောက်ဘောလုံးထားရှိခြင်း(သို့)သံစဉ် ညီညာ၍အသံသာယာသောဆည်းလည်း တစ်ခုချိတ်ဆွဲထားပေးပါ။

လိုအပ်ပါက စိမ်းလန်းစွာ ရှင်သန် နေသော အပင်ငယ်များ ထားရှိပေးပါ။ မိသားစုဆိုင်ရာကွာကိုပါ စွမ်းအင်မြှင့် တင်ပေးပါ။ မိသားစုဆိုင်ရာ ကွာသည် လည်း ဆက်ဆံရေးကွာအတွက် ကောင်း သော အကျိုးသက်ရောက်မှုကို ဖြစ်စေ တတ်သည်။

မိမိအတွက် ဆက်ဆံရေး/အချစ် ရေးကွာအား စွမ်းအင်မြှင့်တင်ရာ၌ မိသားစုဆိုင်ရာ ကွာကိုပါ စွမ်းအင်မြှင့် တင်ပေးပါ။ မိသားစုဆိုင်ရာကွာသည် လည်း ဆက်ဆံရေးကွာအတွက် ကောင်း သောအကျိုးသက်ရောက်မှုကို ဖြစ်စေ တတ်သည်။

ထိခိုက်နိုင်မှုအခြေအနေများအတွက်ထား ပြုစရာများ

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာတွင် ဆူးပါသော ရှားစောင်းပင်မျိုးနွယ် ပါက အိုပ်မက်ဆိုးများ၏ နှိပ်စက်မှုခံ ရပြီး ဆက်ဆံရေးလည်း ပျက်ပြားတတ် သည်။

စာရေးသူအတွေ့အကြုံအရ ထား ရှင်းပြတ်စဲထားသော အမျိုးသမီးသည် ကွဲပြီးသော ခင်ပွန်းဟောင်းနှင့် တစ်ခါ တည်းအတူနေရုံမက အိပ်ရာခုတင်ပါ လည်း တစ်ဝက်စီမျှသုံးနေရဆဲ ဖြစ်သည် ကို တွေ့ကြုံခဲ့ရသည်။ သူမအနေဖြင့် ကွဲပြီးသော လင်ယောကျ်ားအား အမြဲ ထွက်သွားစေလိုသည်။ ထို့ကြောင့် ဖုန်းရွှေအစီအရင်အရ အိပ်ရာ၏ ခင်ပွန်းဟောင်း၏ဦးခေါင်းနှင့်တည့် ကျသောနံရံ၌ ကြည့်မှန်ချိတ်ဆွဲ လိုက်သည်။ နောက်တစ်နေ့နံနက် ခင်ပွန်းဟောင်းက ကြည့်မှန်ကိုတွေ့ ဖယ်ရှားလိုက်၊ အမျိုးသမီးက နောက် တစ်ကြိမ်ပြန်ချိတ်လိုက်နှင့် အတိုက် အခံ ဖြစ်ခဲ့သည်။ ခင်ပွန်းဟောင်းက အချိ တိုက်သည့်အနေဖြင့် ခေါင်းရင်း ခြေဆင်း၌ ပြောင်းပြန်အိပ်ခဲ့သည်။ နောက်ပိုင်း ခင်ပွန်းဟောင်းက ထို ပေါ်မှ ဆင်းသွားပြီး အိမ်အား တစ်ဦးတည်းပိုင်ဆိုင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်စိတ်ပေါက်အောင်လုပ်သည့် အခန်းဖော်များအားသတိပြုခြင်း

ချစ်သူနှင့်အတူနေရခြင်းမဟုတ်ဘဲ မိဘ၊ ညီအစ်ကိုမောင်နှမရင်းချာ၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တစ်ခန်းတည်း အတူနေရသူဖြစ်ပါကသင်နှင့် ပဋိပက္ခဖြစ်ပေါ် တတ်သည်ကို သတိပြုပါ။

ထိုအနေအထားအား ဖြေရှင်းနိုင်ရန် အခန်းတွင်းအတူနေထိုင်သူတို့၏ အမည်များအား စာရွက်တွင်ချရေးပါ။ ထို့နောက် ၎င်းအမည်ပါ စာရွက်အား နှလုံးသားပုံ (♥) ညှပ်ပြီး အနီရောင်၊ ပန်းရောင်ဆေးခြယ်ပေးပါ။ ၎င်းစာရွက်အား ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာရှိရာအခန်းတွင်ထားပေးပါ။

ဆက်ဆံရေး အချစ်ရေးဆိုင်ရာ ကွာအား သန့်ရှင်းစေခြင်း

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်နိုင်ရန် ပထမဦးစွာ ၎င်းကွာရှိရာအခန်းအား ဆေးကြောသန့်ရှင်းပေးပါ။ သို့သော်လည်း ၎င်းကွာအား စွမ်းရည်မြှင့်စေသည့် ပန်းရောင်ရှိပစ္စည်းများအား ချန်ထားပေးပါ။

ဇနီးမောင်နှံဆက်ဆံရေးအခြေအနေ

'ဆာရာ' နှင့် 'မယ်ရီ' တို့ တစ်ဦးအပေါ် တစ်ဦး မေတ္တာသက်ဝင်ကြပြီး လက်ထပ်လိုက်ကြသည်။ သူတို့ဇနီးမောင်နှံက ခွေးတစ်ကောင်မွေးရန်ဆုံးဖြတ်လိုက်ကြသည်။ ယင်းမှာ သားသမီးရလာချိန်၌ တစ်ဦးနှင့်တစ်ဦး တာဝန်ခွဲဝေနိုင်ရန် ကြိုတင်လေ့ကျင့်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

သူတို့ ဇနီးမောင်နှံက 'အိပ်ခန်းအတွင်း ထောင့်တစ်နေရာ၌ ခွေးအိပ်ရာတို့ နေရာချထားလိုက်သည်။ ထိုအနေအထားအတိုင်း သူတို့ငြိမ်းချမ်းစွာအိပ်စက်ခဲ့ကြသည်။

သို့သော်လည်း အချိန်ကာလကြာသည်နှင့်အမျှ တစ်နေ့တစ်နေ့ ခွေးကိစ္စအတွက်သာ အချိန်ကုန်၊ ငွေကုန်၊ လူပန်းနေရခြင်းကြောင့် သားသမီးရယူရန်ကိစ္စ၌ အခက်တွေ့လာကြသည်။ ယင်းမှာ ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာ ကွာနေရာ၌ ခွေးအိပ်ရာထားရှိခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ၎င်းကွာနှမ်းအင်များ လျော့ကျကာ မလိုလားအပ်သော ပြဿနာများ ရင်ဆိုင်ရနိုင်သည့်ပင် ဖြစ်သည်။ ထို့ကြောင့် ဇနီးမောင်နှံဆက်ဆံရေး အခြေအနေနှင့် အနာဂတ်တိုးတက်မှုများအတွက် ၎င်းကွာနေရာ၌ မဲသင့်တင့်သောပစ္စည်း (သက်ရှိ-သက်မဲ့) များ မထားမိစေရန် သတိပြုရမည် ဖြစ်သည်။

ဆက်ဆံရေး အချစ်ရေးအောင်မြင်စေရန် ၎င်းကွာ၌ ဖုန်းရှေ့အစီအရင်များ ပြုလုပ်ခြင်း

မိမိချစ်သူနှင့်ဆက်ဆံရေးအဆင်ပြေစေရန် (သို့) အိမ်ထောင်ရေး၌ ပျော်ရွှင်သာယာမှုဖြစ်စေရန် ဇနီးမောင်နှံအိပ်ရာအောက်၌ အနိုပ်ပညာစာအုပ်များ၊ အကြောပြေအောင်သုတ်လိမ်းရသည့်ဆီများ၊ ကွန်ဒုံးများ၊ လိင်စိတ်ကိုနှိုးဆွပေးသည့်အရုပ်နှင့်စာအုပ်များထားရှိပေးသင့်သည်။

ဖို့၊ မကိစ္စအတွက် မိမိကစိတ်ရှိသော်လည်း အိမ်ထောင်ဖက်အဖော်က စိတ်မပါသည့် အခြေအနေဖြစ်ပါက အိပ်ရာအောက်၌ အနီရောင်စကပ်ပဝါတစ်ထည်ထားရှိပေးပါ။

အနီရောင်သည် လိင်စိတ်နိုးကြွစေသောအရောင်ဖြစ်သည်။

စာရေးသူသိသော အမျိုးသမီးတစ်ဦးအနေဖြင့် ခင်ပွန်းသည်နှင့် အိမ်ထောင်ရေးအဆင်ပြေစေရန် ခင်ပွန်းသည်အိပ်သည့်အိပ်ရာခြမ်း၌ အောက်မှ အနီရောင်အဝတ်စတစ်ခု ထည့်ပေးခဲ့သည်ဟု ဆိုသည်။

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာအတွက် အာရုံ (၅) ပါး အစီအရင်

အနံ့အာရုံအတွက်

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာကွာရှိသည့် အခန်းတွင် အမွှေးနံ့သာပါရှိသည့် ဖယောင်းတိုင်၊ လိုရှင်းဆေးရည်၊ လန်းဆန်းနေသောပန်းများ ထားရှိပေးရသည်။

အထိအတွေ့အာရုံ

ကတ္တီပါ၊ ပိုးသား၊ လယ်သာထည်ဖြင့်လုပ်သော ပစ္စည်းများအား ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာ၌ ထားရှိပါ။

အကြားအာရုံ

ဂီတ၊ သီချင်းသံ၊ ပင်လယ်၊ သမုဒ္ဒရာမှ ရေလိုင်းသံ၊ မိုးကြိုးမုန်တိုင်းအသံများ၊ မီးပေါက်သံများရရှိအောင် ဖန်တီးထားပေးပါ။

အမြင်အာရုံအတွက်

အလင်းရောင်ပျပျ၊ လိင်စိတ်နိုးကြွစေသော အဝတ်အစားများအား ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာ၌ ဝိမံထားရှိပေးပါ။

ရသာရုံအတွက်

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာကွာအတွင်း ချောကလက်၊ ခရင်မ်၊ ရွှန်ပိန်၊ စတော်ဘယ်ရီ အစရှိသော အစားအစာများထားရှိပေးပါ။

ဆက်ဆံရေး/ အချစ်ရေးဆိုင်ရာ ကွာရှိအိပ်ခန်း

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာသည် အိပ်ခန်းအဖြစ်ရှိနေပါက ကောင်းမွန်ပြီး ၎င်းကွာနေရာတွင် အိပ်ခန်းမရှိပါကလည်း ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကိစ္စများက ဆက်လက်အကျိုးသက်ရောက်နေမည် ဖြစ်သည်။

အိပ်ခန်းတံခါးတည်ရှိပုံ

အကယ်၍ အိပ်ခန်းတံခါးသည် အိပ်ရာနှင့် တစ်တန်းတည်းကျနေပါက ခန္ဓာကိုယ်၌ ရောဂါတစ်ခုခုကျရောက်နိုင်မည့်၊ ကျန်းမာရေးထိခိုက်နိုင်မည့် အခြေအနေရှိကြောင်း ဖော်ပြသည်။

အကယ်၍ အိပ်ခန်းတံခါးသည် အိပ်ရာ၏အောက်ခြေနှင့် တစ်တန်းတည်းရှိနေပါက ခြေထောက်နှင့်ပတ်သက်သော ရောဂါများဖြစ်သည့် ခြေမျက်စိနာ၊ ညှို့သကျည်းနာ၊ ခြေကျိုးခြင်းများ ဖြစ်ပေါ် ခံစားရတတ်သည်။

အကယ်၍ အိပ်ခန်းတံခါးသည် အိပ်ရာအလယ်နေရာ ဝဲ (သို့) ယာဘက်နှင့် တစ်တန်းတည်းဖြစ်နေပါက ကိုယ်အင်္ဂါအစိတ်အပိုင်းများ၌ ပြဿနာတစ်ခုခုရှိလာနိုင်ကြောင်း ရည်ညွှန်းသည်။ အထူးသဖြင့် အိပ်ရာတွင်အိပ်သူသည် တံခါးပေါက်နှင့်တစ်တန်းတည်းကျနေသူဖြစ်ပါက ပို၍ပင် အခြေအနေဆိုးရွားတတ်သည်။

အိပ်ရာအောက်ခြေနှင့် တံခါးတစ်တန်းတည်းဖြစ်နေပါက အိပ်ရာအောက်ခြေ၌ မှန်တစ်ချပ်ထောင်ထားပေးပါ။ ၎င်းကြည့်မှန်သည် တံခါးဝနှင့် မျက်နှာချင်းဆိုင်ရှိနေရန် လိုအပ်သည် (သို့) အိပ်ရာခုတင်အောက်ခြေ၌ အနီရောင်ပစ္စည်းတစ်ခုခုအားထားရှိပေးပါ။

အိပ်ရာအောက်ခြေတွင် ထားရှိခြင်းဖြင့် တစ်စုံတစ်ဦးအခန်းအတွင်း ဝင်ရောက်လာသည်ကို သိရှိနိုင်သည်။

အိပ်ရာအောက်ခြေပိုင်းအား အနီရောင်ဖဲကြိုးများ ရစ်ပတ်ပေးထားခြင်း

www.burmeseclassic.com



အိပ်ခန်းတံခါးပေါက်နှင့် အိပ်ရာတို့ တစ်တန်းတည်းရှိနေပုံ





အိပ်ရာထဲသို့ မကောင်းသော စွမ်းအင်များ ကျရောက်စေသည့် မျက်နှာကြက်မှ ရက်မတန်းအား တန်ပြန်စေရန် ကြည့်မှန်ထားပုံ



အိပ်ရာအထက်မှာ မျက်နှာကြက်ဧရိယ ရက်မများအား ပြင်ကွင်းမှကွယ်ပေးကဲ့သို့အောင် အဝတ်ဖြင့်ပြောင်းကာပေးထားပုံ

ဖြစ်ပါက လုံခြုံစိတ်ချရမှုကိုဖြစ်စေသည်။

သတိပြုစရာအချက်မှာ အိပ်ရာ၌ ခေါင်းရင်းနေရာနံရံတွင် တံခါးပေါက်မရှိရန် အထူးဂရုပြုသင့်သည်။ သို့သော်လည်း အဆိုပါ အနေအထားအား ရှောင်လွှဲ၍ မရနိုင်ပါက အိပ်နေစဉ်တစ်လျှောက်လုံး အကာအကွယ်ဖြစ်စေရန် ခေါင်းရင်းမှ ကြည့်မှန်တစ်ချပ်ထောင်ထားပေးပါ။ ကြည့်မှန်က တံခါးပေါက်ဘက်သို့ မျက်နှာပေးထားရန် လိုအပ်သည်။

ပြတင်းပေါက်များနှင့် ပတ်သက်၍ သတိပြုစရာများ

မိမိခေါင်းရင်းပေးအိပ်သည့် အိပ်ရာ၏အပေါ်တွင် ပြတင်းပေါက်ရှိနေပါက မကောင်းသောနိမိတ်ကို ရည်ညွှန်းသည်။

အကယ်၍ မိမိဦးခေါင်းအထက်တွင် ပြတင်းပေါက်ရှိနေသော အိပ်ရာအား ရှောင်လွှဲ၍မရနိုင်ပါက အနီရောင်ပစ္စည်းတစ်ခုခုအား ပြတင်းပေါက်အနီး ချိတ်ဆွဲထားပေးပါ။

ရက်မတန်းများအားသတိမူခြင်း

သင်ထိုင်သောနေရာနှင့် တည့်တည့် အပေါ် မျက်နှာကြက်တွင် ရက်မတန်းများရှိနေပါက သင့်အပေါ် မကောင်းသောစွမ်းအင်များကျရောက်တော့မည်ဖြစ်ကြောင်း အသိပေးနေခြင်းသာ ဖြစ်သည်။ ထိုအခါ ခန္ဓာကိုယ်အစိတ်အပိုင်းတို့၌ ထိခိုက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာမည် ဖြစ်သည်။

ဖော်ပြပါ မျက်နှာကြက်မှ ရက်မတန်းများနှင့် အောက်တည့်တည့်ရှိ ဇနီးမောင်နှံတို့၏ အိပ်ရာတို့ တစ်တန်းတည်းရှိနေပါက ပိုမိုဆိုးရွားသော အကျိုးသက်ရောက်မှုများကို ဖြစ်စေပါသည်။

ထိုအနေအထားအား ကုစားရန် အိပ်ရာအနီးစင်တစ်ခုထားရှိ၍ ၎င်းစင်အပေါ်မှ ကြည့်မှန်ကိုတင်ထားပေးပါ။ အိပ်ရာပေါ် သို့တိုက်ရိုက်ကျရောက်သော မျက်နှာကြက်ဆီမှမကောင်းသောခံစားမှုများအား မှန်က တန်ပြန်ကာကွယ်ပေးသွားမည် ဖြစ်သည်။ သို့မဟုတ် အိပ်ရာတစ်နေရာကိုသာ အကာအကွယ်ဖြစ်စေရန် မျက်နှာကြက်ရှိ ရက်မအောက်၌ ပိတ်စတစ်ခုကာကွယ်ပေးထားပါ။

မျက်နှာကြက်ရက်မတန်းဆိုး အနားစောင်းများသည် အဆိပ်ရှင်များသည့် စွမ်းအင်ကို ရည်ညွှန်းသည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com

တပင်ရွှေထီး

မြောင်းမြစား လောက်ဖျားက ဟံသာဝတီပြည့်ရှင် ရာဇဓိရာဇ်မင်းကို မဲကြည်ညိုနိုင်သောကြောင့် အင်းဝမင်း ခေါင်ကို စစ်ပန်သဖြင့် နှစ်(၄၀)ကြာစစ်ပွဲကို ဆင်နွှဲရသလိုပါပဲ သံတွဲစားမင်း အောင်းလှက ရခိုင်မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်းကို အလိုမကျသည့် အတွက် ဟံသာဝတီပြည့်ရှင် တပင်ရွှေထီးမင်းကို စစ်ပန်သဖြင့် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ဦးဆောင်သော သောင်းတပ်ကြီးက သက္ကရာဇ် ၉၀၆ ခုနှစ်တွင် မြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက် တိုက်ခိုက်တော့ပါသည်။

ကေတုမတီပြည့်ရှင် တပင်ရွှေထီးမင်းနှင့် ဘုရင့်နောင်စစ်သူကြီးတို့သည် တိုင်းငယ်ပြည်ငယ်များကို သိမ်းပိုက်ရုံသာမက ဟံသာဝတီရွှေပြည်ရွှေနန်းကိုပါ တိုက်ခိုက်သိမ်းပိုက်လိုက်ပြီဟု မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်းက ကြားသိရသည်နှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့သည် ဤမြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက် တိုက်ခိုက်နိုင်ချေရှိသည်ဟု တွက်ဆမိသဖြင့် မြောက်ဦးရွှေပြည်ရွှေနန်းအား စစ်ရေးအရ အကြီးစားလုံခြုံမှုအဆင့်တန်းကို ထောင့်စေ့မှုနေ၍ မြှင့်တင်ကြိုးတင်ပြင်ဆင်နေခဲ့ပြီး ဖြစ်သည်။

မြောက်ဦး နေပြည်တော်သည် ကစ္ဆပနဒီ (ကုလားတန်) မြစ်နံဘေး တောင်ပတ်ချာဝိုင်းလျက် သစ်ရွက်ခြောက်မှ အကြောအမျှင်များလို မြစ်ငယ်၊ ချောင်းငယ်များ တည့်ခဲ့နေသည့် ကုန်းပြင်မြင့်မေါ်တွင် တည်ရှိနေသည့် အပြင် သဘာဝအလျောက်တည်ဖြစ်နေသော တောင်ရိုးတောင်တန်းများကို မြို့ရိုးတံတိုင်းအဖြစ်ထားသလို လိုအပ်နေသောနေရာများတွင်လည်း အုတ်ကျောက်များဖြင့် မြို့ရိုးတံတိုင်းပြုဖြည့်ဆည်းထားပေ၏။ ပြီး မြို့ရိုး၊တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ တံခါးကောက်၊ တံခါးကွေး၊ ရေလှောင်မြောင်း၊ ရေလွှဲမြောင်း၊ ရေတံခါး၊ တာတမံ၊ ရေကျုံး၊ နွံကျုံး၊ ကျုံးပင်လယ် စသည်တို့ ပြုလုပ်စီရင်သည်။ တောင်ပေါ်ကုန်းမြင့်ရှိ မြစ်ဖျား၊ ချောင်းဖျားတို့တွင်ရောကာ တာ

ရိုးအောင်(ဦးဇီ)

ရခိုင်ရာဇဝင်နှင့်ပမာရာဇဝင်တို့ထဲက ညှိနှိုင်းပြင်ဆင်ပေးစရာလေးများ

တမံတုပ်၍ ရေဖြည့်ထားသည်။ ဗျူဟာကျသော အမြင့်ထိပ်ပိုင်းတွင် မီးပေါက်၊ စိန်ပြောင်း၊ မြတ်ပူအမြောက်၊ အမြောက်ကြီးများကို နေရာချထားသည်။ လေး၊ မြား၊ ဓား၊ လှံကိုင် သမားရိုးကျရဲမက်များ အပြင် သေနတ်၊ မီးပေါက်၊ အမြောက်ကိုင်ရဲမက်များကိုလည်း အားဖြည့်ထားသည်။ မြို့အတွင်းဘက်တွင်လည်း ဆည်ရေပြေ၊ ရေကန်၊ ရေတွင်းများ အချိန်မရွေးစိုက်ပျိုးနိုင်သော လယ်ကွင်းများ၊ စိုက်ခင်းများလည်း စီရင်ထားသည်။

ဆိုခဲ့သလိုပင် မြောက်ဦးပြည့်ရှင် မင်းဗာကြီး တင်ကူးတွေးထင်ထားသလို တပင်ရွှေထီးနှင့် ဘုရင့်နောင် ဦးဆောင်သောတပ်သည် ကြည်းကြောင်းနှင့် ရေကြောင်းမှနေ၍ မြောက်ဦးနေပြည်တော်ကို ချီတက်လာပြီး ဝိုင်းရံပိတ်ဆို့တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးနေပြည်တော်ကို မင်းဗာကြီးမင်းက စစ်ရေးအစီအမံကောင်းကောင်းနှင့် ကာကွယ်စောင့်ရှောက်နေသဖြင့် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က စစ်ရေးဗျူဟာအမျိုးမျိုးချတိုက်ခိုက်နေသော်လည်း လွယ်လွယ်မအောင်မြင်နိုင်သောကြောင့် ဝိုင်းရံပိတ်ဆို့ပြီး ရေရှည်တိုက်ပွဲဆင်နွှဲရန် တပင်ရွှေထီးတို့က စီစဉ်တော့သည်။ သို့ကလို ရေရှည်စစ်ပွဲဆင်နွှဲလျှင် မြောက်ဦးနေပြည်တော်အဖို့ နှစ်ကာလ တာရှည်စွာ ခံနိုင်ရည်ရှိသော်လည်း နေပြည်တော်ပြင်ပရှိ ပြည်သူပြည်သားများ၊ ငှဉ်ာသောအားဖြင့် စစ်ပွဲမြန်မြန် အဆုံးသတ်စေရန် ဗျူဟာချစီမံတော့သည်။ ထိုဗျူဟာအစီအမံမှာ မင်းဗာကြီးမင်းက သူသမီးတော်တစ်ပါးဖြစ်သော စောသန္တာမင်းသမီးအား ပဉ္စမတပ်သားအဖြစ် စေလွှတ်ကာ တပင်ရွှေထီး၏တပ်တော်အား နောက်ကြောင်းပြန်ဆုတ်ခွာသွားစေရေးအတွက် အထူးအစီအစဉ်ပင်ဖြစ်သည်။

စောသန္တာမင်းသမီးသည် ငွေနုဖြူဟူသောအမည်ကို ခံယူလျက် နွမ်းပါးသော အဝတ်အစားများကို ဆင်ယင်လျက် ကိုယ်ခန္ဓာပေါ်မှာ ရိုက်နှက်၍ရရှိသောဒဏ်ရာများဖြစ်စေပြီးလျှင် မကျေနပ်မှုပြည့်လျှံနေသော အဖိနှိပ်ခံ၊ ခွဲခြားအဆက်ဆံခံ မောင်းမငယ်တစ်ဦးအသွင်ဖြင့် မြို့ရိုးတံတိုင်းမလွယ်ပေါက်တစ်ခုမှ နေဝင်ဆည်းဆာအချိန်တွင် လျှို့ဝှက်စွာ ထွက်ခွာပြီး တပင်ရွှေထီး၏ တပ်တော်ကို သွားရောက်ပြီး တပင်ရွှေထီးအား ချဉ်းကပ်တော့လေသည်။

ဘုရားလောင်း ရွှေဒေါင်းမင်းကို ဒေါင်းပျိုမလေးက ပရိယာယ်မာယာဆင်၍ ကျောက္ခင်းမိအောင် ဖန်ဆောင်သလိုပင် ငွေနုဖြူ (စောသန္တာမင်းသမီး) သည် သူမ၏ အလှအပ အဆိုအကအငိုအရယ် အချောအပြူကို အရင်းတည်၍ သူမအပေါ်မှာ ရက်စက်သော မြောက်ဦးရွှေနန်းတော်မှ တော်ဝင်မိသားစုများကို မကျေမချမ်းနိုင်သောကြောင့် သူတို့ပျက်စီးရာပျက်စီးကြောင်းအတွက် လက်ထောက်ချလိုသည်ဟု ယုံကြည်လောက်အောင် ပြောဆိုပရိယာယ်မာယာဆင် ဥပါယ်တံမျဉ်ပြသွေးဆောင်ဖြားယောင်းလေသော် တပင်ရွှေထီးသည် တဖြည်းဖြည်းနှင့် ယုံကြည်စိတ်ပါလာလေခဲ့သည်။ ငွေနုဖြူ (စောသန္တာမင်းသမီး) က မြောက်ဦးနေပြည်တော်ကို အလွယ်တကူဝင်ရောက်နိုင်သော

ဘုရားဓိယကာဘုရင်မင်းဗာကြီးစံပုံတော်ကို နန်းဆင်နန်းစားနှင့်ထုဆစ်ထားသော ကျောက်ဆစ်ပုံ (အနန်း ၄-၁၀)

ရခိုင်မောက်ဆုံးဘုရင် မဟာသမ္မတရာဇာမင်းပုံ

မလွယ်ပေါက်ကိုပြသပြီး မြောက်ဦးရွှေနန်းတော်ကို စီးနင်းနိုင်အောင် လမ်းပြပေးမည်ဟု အယုံသွင်းသည်ကို လက်ခံလာသည်။ ဘုရင့်နောင်မယုံကြည်သဖြင့် အတန်တန်တားမြစ်နေသည်ကြားမှပင် တပင်ရွှေထီးသည် မဘက်လိုက်၍ မိုက်ဘက်ပါစွာဖြင့် ငွေနုဖြူခေါ် ဆောင်ရာသို့ တပ်စုငယ်တစ်ခုနှင့်လိုက်ပါခဲ့သည်။

ငွေနုဖြူ ခေါ် ဆောင်လာသော တပင်ရွှေထီးနှင့် သူ၏တပ်စုသည် ကျိုက်ခြောက်အလယ်တစ်နေ့ရာဆီသို့ရောက်လျှင် ငွေနုဖြူက ကြိုတင်စီစဉ်ထားသည့်အတိုင်းအချက်ပြလေသော် တောင်ပေါ်တာတမံက ရေတံခါးတစ်ခုကို ဖွင့်ချလိုက်သော် အမြင့်ပိုင်းမှ ရေလုံးများကျိုးခြောက်တွင်းသို့ ဒလဟောစီးဆင်းလာကာ ကျိုးခြောက်တွင်းရောက်နေသောလူများကို တရွှတ်ဆွဲတိုက်ချသွားလေသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ငွေနုဖြူ (စောသန္တာမင်းသမီး) သည် ထွက်ပြေးလွတ်မြောက်သွားပြီး တပင်ရွှေထီးကို အသက်ရှင်လျက် မြောက်ဦးဘုရင့်တပ်တော်က ဖမ်းဆီးရမိလေတော့သည်။

ဤနေရာမှာ အဓိကဆိုချင်သည်က တပင်ရွှေထီးကို မြောက်ဦးဘုရင်တပ်တော်က ဖမ်းဆီးရမိခဲ့ကြောင်း မြောက်ဦးနေပြည်တော်မှ ဆရာတော်သံဃာတော်ကြီးများ၏ မေတ္တာရပ်ခံချက်အရ တပင်ရွှေထီးအား ပြန်လွှတ်ပေးပြီး ဤမြောက်ဦးရွှေပြည်အား တပင်ရွှေထီးတို့မှ စစ်ပွဲဆက်လက်မတိုက်ခိုက်ရန်၊ နောင်လည်း လာရောက်တိုက်ခိုက်ခြင်းမပြုရန် သစ္စာခံကတိကဝတ်ပြုပြီးနောက် တပင်ရွှေထီးတို့တပ်တော်သည် ဟံသာဝတီပြည်သို့ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ရခိုင်ရာဇဝင်အစောင်စောင်၌ ဖော်ပြထားခြင်းရှိနေပါသည်။

မှန်နန်းရာဇဝင်အပါအဝင် ဗမာရာဇဝင်တချို့၌ ရခိုင်မြို့ (မြောက်ဦးမြို့) သည် တောင်ထိပ်ပေါ်မှာ တည်ရှိနေသောကြောင့် လည်းကောင်း၊ စစ်ရေးအစီအမံများကောင်းနေသောကြောင့်လည်းကောင်း၊ တပင်ရွှေထီးတပ်မလွယ်လွယ်နှင့် ဇွဲမလျှော့ဘဲ ဝိုင်းရံထိုးဆို့တိုက်ခိုက်နေသောကြောင့် လည်းကောင်း စစ်ရေးတာရှည်လာသဖြင့် မြောက်ဦးဘုရင်ဘက်မှ အလျှော့အတင်းကာ ရှာဖွေပညာရှိ၊ လူပညာရှိတို့သံတမန်အဖြစ် အကြိမ်ကြိမ်စေလွှတ်ကာ လက်ဆောင်ပဏ္ဏာဒေးရှိ စစ်ရေးငြိမ်းပေးရန် မေတ္တာရပ်ခံသဖြင့် သဘောတူအား သနားကြင်နာသောကြောင့် စစ်ပြေငြိမ်းခြင်းကို လက်ခံတော်မူ၍ တပ်ဆုတ်ခွာခဲ့တော်မူကြောင်းကို ဖော်ပြထားပါသည်။ တပင်ရွှေထီးမင်းအဖမ်းဆီးခံခဲ့ရသည်ကို လုံးဝဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပေသည်။

ရခိုင်ဝေသာလီသင်္ကယနာတင်ပွဲ

ယခုဖော်ပြမည့် ရှေးရခိုင်ပြည် (ယခု ရခိုင်ပြည်နယ်) ဝေသာလီဟောအဒီ ၃၂၇- ၃၉၄ တုန်းက ပြုလုပ်ခဲ့သော သင်္ကိယနာတင်ပွဲတော်ကို ရာဇဝင်များနှင့် ရခိုင်စာပေမှတ်တမ်းများတွင် တခမ်းတနား တဝေဝေဖော်ပြထားကြပေမယ့် မြန်မာ့ရာဇဝင်ဆိုသော ဗမာရာဇဝင်များနှင့် ဟူသော သနာမှတ်တမ်းများတွင် တစ်လုံးတစ်ပါဒမျှ ဖော်ပြမခံရသည်က သုတေသီများနှင့် အတွေးနယ်ချဲ့ဖို့က အလွန်ခက်ခဲကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

•သို့စေကာမူ ပထမသင်္ကယနာတင်ပွဲ သာသနာနှစ် ၁ နှစ်/ဘီစီ ၅၄၄၊ ဒုတိယသင်္ကယနာတင်ပွဲ သာသနာနှစ် ၁၀၀ နှစ်/ဘီစီ ၄၄၃၊ တတိယသင်္ကယနာတင်ပွဲ သာသနာနှစ် ၂၄၅ နှစ်/ဘီစီ ၂၇၃၊ စတုတ္ထနှစ် သင်္ကယနာတင်ပွဲ သာသနာနှစ် ၄၅၀ နှစ်/ ဘီစီ (၉၀)၊ ပဉ္စမသင်္ကယနာတင်ပွဲ သာသနာနှစ် ၂၄၁၅ နှစ်/အေဒီ ၁၈၇၃၊ ဆဋ္ဌမသင်္ကယနာတင်ပွဲ သာသနာနှစ် ၂၄၉၈ နှစ်/အေဒီ ၁၉၅၄တို့ကိုမူ ဗုဒ္ဓသာသနာတော်သမိုင်းနှင့် ဗမာရာဇဝင်များထဲတွင် တလေးတနက် တထွတ်တမြတ် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

သို့ဖြစ်သည်တိုင် ရခိုင်ရာဇဝင်၊ ရခိုင်မှတ်တမ်းများထဲ၌ ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြမင်းခေါ် သီရိဝိဇယမင်း အေဒီ ၅၉၅ - ၆၆၇ က ဒါယကာပြုလျက် အေဒီ ၆၃၅/ သာသနာနှစ် ၁၁၆၆ နှစ်မှ အေဒီ ၆၃၈/ သာသနာနှစ် ၁၁၆၉ နှစ်အထိ သုံးနှစ်တိုင်တိုင် ဝေသာလီနေပြည်တော်အနီး ရွှေတောင်တောင် (သရက်ချိုတောင်) ၏ တောင်ထိပ်ပေါ်တွင် သီဟိုဠ်ကျွန်းရဟန်းတော် (၁၀၀၀) ပါး၊ ရခိုင်ဝေသာလီမှ ရဟန်းတော် (၁၀၀၀) ပါးတို့ကို စုဝေးရေတမဟာထေရ် အမှူးထားလျက် ဤရခိုင်ဝေသာလီသင်္ကယနာတင်ပွဲတော်သဘင်ဝဲခြီးဆင်ယင်ပြုလုပ်ကျင်းပခဲ့ကြောင်းကို တခမ်းတနား တထွတ်တမြတ် ဖော်ပြထားကြသည်ကို တွေ့ရှိနိုင်ပေသည်။

ဤရခိုင်ဝေသာလီသင်္ကယနာတင်ပိဋကတ်ကျမ်းစာများကို ပါဠို - သင်္ကတ နှစ်ဘာသာဖြင့် ကြေးနီချပ်၊ ကြေးဝါချပ်များပေါ်တွင် ရေးထိုးမှတ်တမ်းတင်ခဲ့ကြောင်း သိရှိရပေသည်။ ထိုသင်္ကယနာတင်ကျမ်းစာအရေအတွက်နှင့် ကြေးချပ်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

လိုရင်းဆိုရလျှင် ဤရခိုင်ဝေသာလီသင်္ကယနာတင်ပွဲသဘင်တွင် ဗုဒ္ဓပိဋကတ်တော်သုံးပုံကို ကြေးဝါချပ် (၂၀၀၀) ချပ်၊ ကြေးနီချပ် (၃၀၂၀) ချပ်ဖြင့် စုစုပေါင်း ကြေးပြားချပ် (၅၀၂၀) ချပ်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်ဟု ညွှန်းဆိုထားချက်ပင် ဖြစ်သည်။

ဤနေရာမှာ မေးခွန်းထုတ်စရာဖြစ်လာသည်က ဤရခိုင်ဝေသာလီသင်္ကယနာတင်ပွဲကို ဘယ်အတွက်ကြောင့် ပြုလုပ်ရသနည်းဟူခြင်းပင် ဖြစ်၏။ ဤရခိုင်ဝေသာလီသင်္ကယနာတင်ပွဲ ပြီးစီးသည့် အေဒီ ၆၃၈ ခုနှစ်မတိုင်မီ နှစ် (၅၀) အတွင်း ရှေးရခိုင်ပြည်နှင့် ခြံစည်းရိုးတစ်ချပ်သာခြားသော အိန္ဒိယပြည်၏ ဘီဟာနယ်၊ အနောက်ဘင်္ဂေါနယ်၊ အရှေ့ဘင်္ဂေါနယ်၊ ကမ္ဘရူပခေါ် အာသန်နယ်တို့တွင် မဟာယာန၊ တန္တြရ၊ မန္တြရ၊ ဝိဇ္ဇာယာနအယူဝါဒတို့လွှမ်းမိုးနေသော ဗုဒ္ဓသာသနာထွန်းကားနေပြီး ၎င်းတို့အယူဝါဒတို့ကို သင်ကြားပို့ချပေးနေသော နာလန္ဒာတက္ကသိုလ်၊ ဝလဘီတက္ကသိုလ်၊ ဩဒန္တပူရတက္ကသိုလ်၊ ဝိတက္ကမသီလာတက္ကသိုလ် စသော ဗုဒ္ဓတက္ကသိုလ်တို့ကလည်း မိုးကောင်းနေသဖြင့် ထိုကဲ့သို့သော ထေရဝါဒမဟုတ်သောအယူဝါဒများ ဗုဒ္ဓသာသနာအယောင်ဆောင်၍ မရောက်စေရန် အတွက် ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြမင်း (သီရိဝိဇယမင်း) က ဒါယကာပြု၍ ဤရခိုင်ဝေသာလီ သင်္ကယနာတင်ပွဲကို ပြုလုပ်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ဤသီရိစန္ဒြာမင်း၏ ထီးပြိုင်နန်းပြိုင် ပုဂံပြည့်ရှင်မင်းများမှာ ထွန်ချစ်မင်း၊ ပုပ္ပားစောရဟန်းမင်းတို့ဖြစ်ကြသည်။ နောက်စိတ်ဝင်စားစရာတစ်ခုက အဆိုပါ ကြေးပိဋကတ်တော်များကို ရခိုင်မင်းအဆက်ဆက်တို့သည် ခေတ်ဘယ်လိုပဲပြောင်းပြောင်း၊ မင်းဘယ်လိုပဲပြောင်းပြောင်း၊ စစ်ပွဲဘယ်လိုပဲဖြစ်ဖြစ်၊ တိုက်ပွဲဘယ်လိုပဲဖြစ်ဖြစ် မပျက်မစီး မလျော့မပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ မြန်မာနှစ် ၁၁၄၆ ခုနှစ်၊ အေဒီ (၁၇၈၄) ခုနှစ်အရောက်ဝယ် အမရပူရပြည့်ရှင် ဘိုးတော်ဗဒုံမင်း၏ တပ်တော်က ရခိုင်မြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက်သိမ်းပိုက်အခါတွင် စစ်နိုင်ပစ္စည်းအဖြစ် သက်ရှိ၊ သက်မဲ့ မြောက်များစွာကို အမရပူရ ရွှေနန်းတော်သို့ သယ်ဆောင်ယူသွားသည့်အခါ၌ ဤကြေးပိဋကတ်တော်များလည်း ပါဝင်သွားခဲ့ ပါသည်။

နောင်တွင် ဤပိဋကတ်တော်ကြေးပြားများကို အရည်ဖျော်လျက် စကြာသီဟဘုရားဆင်းတုတော်အဖြစ် သွန်းလောင်း ပူဇော်ခဲ့ကြောင်း သိရှိရပေသည်။ တစ်ခါတုန်းက ဤစကြာသီဟဆင်းတုတော်ဘုရားရှေ့တော်မှောက်တွင် စာသင်သား ရဟန်းတော်များအတွက် စကြာသီဟပရိယတ္တိစာပြန်ပွဲတော်ကျင်းပခဲ့သည်ဟု သိရှိရသည်။ ဤစာပြန်ပွဲတော်သည် ခဲယဉ်းပင်ပန်းလှသဖြင့် လယ်တီဆရာတော်ဘုရားက လူသတ်သောပွဲဟု သမုတ်ခဲ့ပါသည်။ နောက်ဝေဖန်စောကြောစရာတစ်ခုတော့ ဤရခိုင်ဝေသာလီသင်္ကယနာတင်ပွဲတော်၏ဤကြေးပြားပိဋကတ်တော်များသည် ရတနာပုံပြည့်ရှင်မင်းတုန်းမင်းအား ပဋမသင်္ကယနာတင်ပွဲ ပြုလုပ်အောင် တိုက်တွန်းနှိုးဆော်ခဲ့သလားဟူ၍ပင်ဖြစ်၏။

ဤနေရာမှာ တစ်ပါတည်း ပြောချင်စရာလေးတစ်ခုကတော့ မင်းကွန်းခေါင်းလောင်းတော်ကြီးကိစ္စပင် ဖြစ်သည်။ သိကြသည့်အတိုင်း ဤမင်းကွန်းခေါင်းလောင်းတော်ကြီးသည် ကမ္ဘာပေါ်မှာ အကြီးမားဆုံး၊ အလေးချိန်အားဖြင့် တန်ချိန်ကိုးဆယ်၊ ပိသာချိန်အားဖြင့် 'မင်းဖြူမှန်မှန်ပြော' စာချိုးနှင့်အညီ ငါးသောင်းငါးထောင်ငါးရာငါးဆယ် ပိသာရှိသည်ဟု အကျော်ဇေယျရှိနေပါသည်။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်။ ဤမင်းကွန်းခေါင်းလောင်းတော်ကြီးသည် ကြေးခေါင်းလောင်းကြီးဖြစ်သည့်အားလျော်စွာ ထိုမျှလောက်သောကြေးပိသာချိန်ကို အဘယ်နေရာက ရရှိခဲ့သနည်းဟူခြင်းပင် ဖြစ်လေ၏။ အဖြေမှာ သက္ကရာဇ် ၁၁၄၆ ခုနှစ် ရခိုင်မြောက်ဦး ရွှေပြည်ရွှေနန်းကို အမရပူရရှင် ဘိုးတော်မင်း၏ တပ်တော်က သိမ်းပိုက်သည့်အခါတွင် မြောက်ဦးရွှေနန်းတော်တွင် အမိုးမိုးထားသောကြေးနီပြားများကို ရယူသယ်ဆောင်သွားခဲ့ခြင်း၊ ပြီးကြေးနီအမိုးပြားများကို အရည်ကျိုလျက် မင်းကွန်းခေါင်းလောင်းတော်ကြီးကိုသွန်းလောင်းခဲ့ခြင်းပင် ဖြစ်ပါ သည်။

သို့ဆိုလျှင် ရခိုင်မြောက်ဦးရွှေနန်းတော်တွင် ကြေးနီပြားများကို အမိုးအဖြစ်တကယ်မိုးခဲ့လေသလားဟုအမေးပစ္ဆာပြုစရာဖြစ်လာသည်။ အေဒီ ၁၆၃၈ ခုနှစ် မြောက်ဦးဘုရင် သီရိသုဓမ္မာမင်းလက်ထက် သံတမန်အဖြစ် မြောက်ဦးရွှေနန်းတော်သို့ ရောက်ရှိခဲ့သော ပေါ်တူဂီခရစ်ယာန်ဘုန်းကြီးမန်ရစ်၏ ခရီးသွားမှတ်တမ်းထဲတွင် မြောက်ဦးရွှေနန်းတော်၏ခေါင်းမိုးများကို တစ်စတစ်ရန်းပေခန့်ရှိသော ကြေးနီပြားများဖြင့် မိုးထားခြင်းဖြစ်သည်ဟု မှတ်တမ်းတင်ထားခဲ့သည်ကို ဗြိတိသျှ စာရေးဆရာကြီး မောရစ်ကောလစ်က သူ၏ The Land of The Greats Image (ဦးလှဒင် ဘာသာပြန်သော ရတနာရွှေမြေ) စာအုပ်ထဲတွင် ထပ်ဆင့်ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

www.burmeseclassic.com

ဗာရာဏသီမှရလာသည်ဆိုသော ကျမ်းဂန်များ

'ဥဩရေသောက် မုနိပြောက်' ဆိုသော စာချိုးနှင့်အညီ သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ ပြာသိုလတွင် အမရပူရပြည့်ရှင် ဘိုးတော်ဗဒုံမင်း၏ တပ်တော်က ရခိုင်နောက်ဆုံးဘုရင် မဟာသမ္မတရာဇာမင်း၏ မြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက် တိုက်ခိုက် သိမ်းပိုက်သည့်အခါ ဝယ် မြောက်ဦးဘုရင် မဟာသမ္မတရာဇာမင်းနှင့်တကွ တော်ဝင်မိသားစုဝင်များ၊ မင်းဆွေမင်းမျိုးများ၊ ရဟန်းပညာရှိ၊ လူပညာရှိများအပါအဝင် လူပေါင်း တစ်သိန်းခွဲခန့်ကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားနိုင်ခဲ့သည်။ မဟာမုနိဘုရားသွန်းစက်တော်မြတ်ကို ပင့်ဆောင်သွားရုံသာမကဘဲ ရွှေငွေစွာရတနာပစ္စည်းများ၊ သေနတ်မီးပေါက်အမြောက်ကြီးအမြောက်ငယ်များ၊ ဆင်၊ မြင်း၊ လေ့သင်္ဘောများ၊ ပိဋကတ်ကျမ်းဂန်များ၊ လောကီပညာစာပေကျမ်းဂန်များ စသည်စသည်တို့ကိုပါ သိမ်းဆည်းယူဆောင်သွားခဲ့ကြသည်။ ဤသည်ကို ရခိုင်ရာဇဝင်မှာရော ဗမာရာဇဝင်တို့မှာပါ ဖော်ပြထားခဲ့ကြသည်။

သို့တစေ မှန်နန်းရာဇဝင် အပါအဝင် ဗမာရာဇဝင်များ ဖော်ပြချက်တစ်ခုကတော့ ၎င်းသက္ကရာဇ် ၁၁၄၆ ခုနှစ်နှောင်းပိုင်း မြောက်ဦးရွှေပြည်ရွှေနန်းကို သိမ်းပိုက်ပြီးစသိသိကလေးတွင် ဘိုးတော်ဗဒုံမင်းက ဗာရာဏသီပုရောဟိတ်ပုဏ္ဏားဝါသိဋ္ဌပြဟ္မာ၊ ရမ်းပြမြို့ဝန် ရွှေတောင်သာဂသူ၊ သံတွဲမြို့ဝန် ရွှေတောင်သီရိစည်သူ၊ ဇေယျကျော်စွာအမတ်တို့အဖွဲ့ကို အိန္ဒိယပြည် ဗာရာဏသီသို့ စေလွှတ်ပြီး ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း အပါအဝင် လောကီပညာကျမ်းများစွာကို ရှာဖွေစုဆောင်းရယူခဲ့ကြရန်စေလွှတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ သူတို့အဖွဲ့အပြန်တွင် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းအပါအဝင် လောကီပညာကျမ်းဂန်ပေါင်း (၃၀၀) ကျော် ရယူလာနိုင်ခဲ့သည်ဟုဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

ဤနေရာမှာ နှိုင်းယှဉ်ဝေဖန်စောကြောစရာတစ်ခုကတော့ အမရပူရတပ်က မြောက်ဦးရွှေပြည်ရွှေနန်းကို သိမ်းပိုက်သည့်အခါတွင် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများ အပါအဝင် လောကီပညာကျမ်း (၃၀၀) ကျော်ကို ရယူသွားကြသည်ဟု ရခိုင်ရာဇဝင်များ၌ ဖော်ပြထားချက်ပင် ဖြစ်၏။

စိတ်ဝင်စားစရာကောင်းသည်ကတော့ ဘိုးတော်ဗဒုံမင်းက ဗာရာဏသီသို့ စေလွှတ်သောအဖွဲ့တွင် ထိုစဉ်က ရခိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသူများ အများအပြား ပါဝင်နေသည်ပင် ဖြစ်၏။ ဥပမာ ရမ်းပြမြို့ဝန် ရွှေတောင်သာဂသူ၊ သံတွဲမြို့ဝန် ရွှေတောင်သီရိစည်သူ၊ ဇေယျကျော်ထင်အမတ်၊ ဇေယျကျော်စွာအမတ်တို့ ဖြစ်ကြသည်။

ပို၍ပို၍ စိတ်ဝင်စားစရာကောင်းသည် ဇေယျကျော်ထင်အမတ်ပင် ဖြစ်သည်။ သူသည် ကနဦးက မြောက်ဦးရွှေနန်းတော်၏ အမှုတော်ထမ်းဖြစ်ပြီး နောက်ပိုင်းမှာ အမရပူရရွှေနန်းတော်၏ အမှုတော်ထမ်းဖြစ်သွားခဲ့၏။ ထို့ဇေယျကျော်ထင်၏ မိခင်၊ ဖခင်တို့သည်လည်း မြောက်ဦးရွှေနန်းတော်၏ အမှုတော်ထမ်းများဖြစ်ကြသည်။ မိခင်မှာ မိပန်းရံဖြစ်ပြီး ဖခင်မှာ မြို့သစ်မြို့စားရွှေသဲ ဖြစ်သည်။ မိခင်မိပန်းရံသည် မြောက်ဦးရွှေနန်းတော်သို့ဘက်ပြောင်းအမှုတော်လာထမ်းသော အင်းဝအမတ် နန္ဒကျော်ထင်၏သမီးဖြစ်သည်။ ထို့နန္ဒကျော်ထင်သည် အင်းဝပြည့်ရှင် တနင်္ဂနွေမင်း၏ သားတော် ဖြစ်သည်။

သို့လိုပင် ဇေယျကျော်ထင်၏ဖခင် မြို့သစ်မြို့စားရွှေသဲ၏မျိုးရိုးသည်လည်း မသေးလှပါ။ သူသည် မြောက်ဦးရွှေနန်းဘော်တွင် ဆွေစဉ်မျိုးဆက်မပြတ်မလပ် အမှုတော်ထမ်းလာ မဟာပညာကျော်အမတ်ကြီးမျိုးရိုး ဖြစ်သည်။ ၎င်းတို့ထမ်းဆောင်ရသော ရာထူးဌာနန္တရနှင့် ပညာရပ်ဆိုင်ရာကျမ်းဂန်များကို သားစဉ်မြေးဆက် လက်ဆက်ကမ်းခဲ့ရသည်သာ ဖြစ်၏။ တိတိပပပြောရလျှင် မဟာပညာကျော်အမတ်ကြီး၊ ကျိုးညို့အမတ်ကြီး၊ သိုက်တတ် လက်ရုံး၊ ကိုယ်ရံကြီးခင်ညို၊ ကိုယ်ရံကြီးရဲအောင်၊ အမတ်ကြီးရွှေသဲ စသဖြင့် လက်ဆင့်ကမ်းခဲ့ကြရသည်သာ ဖြစ်၏။ အမတ်ကြီးရွှေသဲအကွပ်မျက်ခံရပြီးနောက်တွင် ဇနီးအိမ်သူ မိပန်းရံထဲဆက်ခံခဲ့ရသည်။ ယင်းနောက်မှာ သားဇေယျကျော်ထင်က အမွေဆက်ခံရမည်မှာ ဇာတ်ဖြစ်သည်။ ထို့ဇေယျကျော်ထင်သည် မရွှိမဒေသအရှေ့တော်ပုံကျမ်းကို ရေးသားခဲ့သူ ဖြစ်၏။

နောက်ဝေဖန်စောကြောစရာတစ်ခုက အဆိုပါဗာရာဏသီသွား ကျမ်းဂန်ရှာဖွေရေးအဖွဲ့သည် တမူး-အင်ဖာလင်းကြောင်း မဏ္ဍိပ်ရတောင်ကြားလမ်းမသွားဘဲ အဘယ်ကြောင့် အမ်းတောင်ကြားလမ်းတစ်ဆင့် ရခိုင်မြို့ခေါ် မြောက်ဦးမြို့တော်ဟောင်းကိုဝင်ပြီး ဘင်္ဂလားနယ်(ယခုဘင်္ဂလားဒေ့ရှ်)ကို ဖြတ်ကျော်ကာ ဗာရာဏသီသို့ သွားရောက်ကြရသနည်း။ သူတို့သည် အပြန်တွင်လည်း ဤလမ်းကြောင်းကို အသုံးပြုခဲ့ကြသေးသည်။

နိဂုံးချုပ်

ယခု တပင်ရွှေထီးကိစ္စ၊ ရှိုင်ဒေသာလီသင်္ဂီယနဘင်ပွဲကိစ္စ၊ ဗာရာဏသီမှရလာသည်ဆိုသော ကျမ်းဂန်များကိစ္စကို ဖော်ထုတ်တင်ပြရခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရာဇဝင်သမိုင်းမှန်ပေါ် ပေါက်စေရန် တိုင်းရင်းသားများသွေးစည်းညီညွတ်ရေးမှတစ်ပါး တခြားမရှိပါချေ။

ဆက်လက်တင်ပြပါဦးမည်။

ရှိန်းအောင် (ကြည်)

၁။	ဝိနည်း(၅)ကျမ်းပါဠိတော်	ကြေးဝါချပ်	၂၅၀
၂။	သုတ်(၃)ကျမ်းပါဠိတော်	ကြေးဝါချပ်	၉၁၀
၃။	အဘိဓမ္မာ(၇)ကျမ်းပါဠိတော်	ကြေးဝါချပ်	၈၄၀
			၂၀၀၀
၁။	ဝိနည်း(၅)ကျမ်းအဋ္ဌကထာ	ကြေးနီချပ်	၇၅၀
၂။	သုတ်(၃)ကျမ်းအဋ္ဌကထာ	ကြေးနီချပ်	၁၅၀၀
၃။	အဘိဓမ္မာ(၇)ကျမ်းအဋ္ဌကထာ	ကြေးနီချပ်	၆၉၀
၄။	ဝိသုဒ္ဓိမဂ်အဋ္ဌကထာ	ကြေးနီချပ်	၄၀
၅။	ကခ်ီဝိတရဏီအဋ္ဌကထာ	ကြေးနီချပ်	၄၀
		စုစုပေါင်း	၃၀၂၀
			၅၀၂၀

www.burmeseclassic.com

www.burmeseclassic.com

သရောဒယခရိုးသည်

သရောဒယခရိုးသည်

ဝတ္ထုသရုပ်

အ	က	ဥ	ဧ	ဩ
က	ခ	ဂဇ	ဃ	စ
ဆ	ဇဈ	ဈ	ဋ	ဌ
ဍဏ	ဝ	တ	ထ	ဒ
ဓ	န	ပ	ဖ	ဗ
ဘ	မ	ယ	ရ	လ
ဝ	ဂ	ပ	သ	ဟ

တိထီသရုပ်

အ	က	ဥ	ဧ	ဩ
နန္ဒာ	အဒြာ	ဇေယျာ	ရိက္တာ	ပုဏ္ဏာ
၁	၂	၃	၄	၅
၆	၇	၈	၉	၁၀
၁၁	၁၂	၁၃	၁၄	၁၅

၅နာရီ ၂၇ပလ အန္တရောဒယ

ထွန်းထွန်းမင်းရုံးကြွေးဆပ်ပါ

မနေ့က။

တိတိကျကျပြောရရင် ၂၀၁၄၊ ဒီဇင်ဘာ ၇ ရက်ဟာ ရိုးရာ လက်တွေ့ခရိသတ်တွေ အသည်းကွဲတဲ့နေ့ပါ။ ဆိုင်းရပ်(စ်)(ဝါရှင်တန်)နဲ့ ထွန်းထွန်းမင်း မြန်မာပြည်ချန်ပီယံ) တို့ မျော်စင်ကျွန်း နာထိုးကြတာ ရှုးပွဲမရှိခဲ့ဘူးတဲ့ ထွန်းထွန်းမင်း တတိယအချီအစမှာ ဆိုင်းရပ်(စ်)ရဲ့ hook kick၊ ဂျပန်လို အူရှိရှိမာဝါးရှိ၊ မြန်မာလိုမိကျောင်းအပြီးရိုက်ကန်ချက်နဲ့ အကန်ခံရပြီး သတိလစ်သွားတဲ့အတွက် စာရေးသူတို့ ဝါသနာရှင်တစ်သိုက် ရင်မကော့နိုင်ဘဲ ခပ်လှိုက်လှိုက်နဲ့ အိမ်ပြန်ခဲ့ကြရပါတယ်။ မျော်စင်ကျွန်းမှာထိုးတဲ့နေ့ စာရေးသူ ရန်ကုန်မှာရှိနေတဲ့နေ့ တိုက်ဆိုင်လို့သွားကြည့်ဖြစ်တာပါ။

ရွာက ဦးဖိုးကြယ်ကတော့ -

"အဲသာ ကျပ်တို့ကာလသားတုန်းက ဗန်ဗိန်းကစ်ပေါ့ ဆရာရယ်"

ဆိုပြီး မခိုတင်ကဲပြောရှာပါတယ်။

"အစတည်းက မင်းတို့ကိုပြော

www.burmeseclassic.com

www.burmeseclassic.com

Hook Kick



Hook Kick

Cyrus

သားပဲ။ သိပ်မျှော်လင့်မထားကြနဲ့။ ထိုးမယ့်နေ့ ကိန်းခန်းတွေ့မကောင်းဘူး"

လို့ စာရေးသူကိုယ်တိုင်ပြောခဲ့ပေမယ့် ထွန်းထွန်းမင်းက သတ်လုံးသတ်ကွက်စုံတော့နိုင်မှာပါလေလို့ အားခဲပြီး ကွင်းထဲ (၂)နာရီတည်းက ရောက်နေတဲ့ ချွေးသံတရွဲရွဲကိုယ့်အဖြစ်ကို ပြန်တွေးမိပါသေးတယ်။ Public Area မှာ ဆေးလိပ်သောက်တာ အင်မတန်ရိုင်းစိုင်းတဲ့ အပြုအမူလို့ ကမ္ဘာက သတ်မှတ်ထားချိန်မှာ မွန်ထူနေတဲ့ ပတ်ပတ်လည်က စီးကရက်မီးခိုးတွေကြောင့် လက်ဝှေ့ပွဲရုံးတဲ့ ထွန်းထွန်းမင်းက ပွဲအပြီး အပြုံးမပျက်ပေမယ့် သွားကြည့်တဲ့ စာရေးသူက နှစ်ရက်လောက် ခေါင်းကိုက်ဝေဒနာခံစားခဲ့ရပါတယ်။

ဆိုင်းဝိုင်းက သီချင်းဆိုသူရဲ့ ဗိန်းမောင်းသံနဲ့ စာသားလေးကိုတော့ ခုထိနားထဲကမထွက်ပါဘူး

"လက်ဝှေ့စင်ပေါ်ဝယ် နေရာယူထားxxx ပြေးထိုးပါလားxxx"

ဆိုတဲ့ ဆိုပုံဆိုပေါက်ကို ကိုဖိုးကြယ်တို့အဖွဲ့ နောက်တစ်နေ့အထိ ပါးစပ်ထမချပါဘူး။ ကောင်းလိုက်တဲ့သံစဉ်ပါပဲ။

ပထမအချီပြီးတည်းက ဆိုင်းရပ်(စ်)ရဲ့နည်းစနစ် အရမ်းသေသပ်တာတွေ့ရလို့ မလွဲခဲ့ဘူးတဲ့ဗေဒင် မမှန်ပါနေလို့ တထိုင်ထိတ်ဆုတောင်းခဲ့ရပါတယ်။ ဒုတိယအချီမှာ ပြင်းထန်တဲ့ တံတောင်တိုက်ချက်က ထွန်းထွန်းမင်းနားထင်ကို ထိပါတယ်။ တတိယအချီမှာ Speed, Power, Correct Technique နဲ့ Accurate Distance တို့ကို သေချာတွက်ခုတ်ပြီးကန်သွားတဲ့ထိချက်ဟာ ထွန်းထွန်းမင်း (၂) မိနစ် အနားတောင်းပြီးတာတောင် သတိပြန်လည်မလာတဲ့အတွက် ဆိုင်းရပ်(စ်)ကို အနိုင်ပေးလိုက်ရပါတော့တယ်။ တခြားသူရဲ့နားထက် သက်တမ်း(၂)ဆ စွန်းရဲ့ရှိသေးတဲ့ ပုပုနွေးနွေး မြန်မာပြည်ချန်ပီယံရဲ့နားတာ ပိုခံစားကြရပါတယ်။

ဆိုင်းရပ်(စ်)မှက်နာမှာ စိတ်ဖိစီးတွေ့ရပေမယ့် တစ်ဖက်လူကို အထင်သေးခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်း တစ်ဖက်သားရဲ့ Opened Position ကို မစောင့်ဘဲ ဖွတ်အတင်းဝင်ခြင်းမျိုးမပြုဘဲ လေ့ကျင့်မှုနဲ့ နည်းစနစ်တွေကို အကြွင်းအကျန်မရှိသေးနိုင်တာတွေ့ရပါတယ်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး အကြွင်းအကျန်မြောက်ပင့်ပေးမှုတွေမှာ သူ့ကို သွားရအောင် သူမှာကလည်း [illegible] မှပါမလာဘဲကိုး။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ တွေ့မရှောင်ရဲ့ စိတ်တည်ငြိမ်မှု၊ ပရိယာယ်ကြွယ်မှု၊ အသည်းမာမှု၊ ရှေ့ခြေရောနောက်ခြေပါ Roundhouse အကန်ကျွမ်းကျင်မှု Clinch Holds· တွေဖြစ်လာရင် ဖြေတတ်မှု၊ လဲကျတဲ့သူကို မတိုက်ခိုက်ရဘူးဆိုတဲ့ (အဓိပ္ပာယ်ဖွင့်ဆိုမှုမပြည့်မစုံနဲ့အားနည်းချက်ရှိနေတဲ့) မြန်မာ့လက်ဝှေ့စည်းကမ်းအပေါ် ကိုယ်ကျိုးအသုံးမချမှုတို့ကို လက်ဝှေ့သမားတွေအတုယူကြရမယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်လုံးကိုယ်ထည်သေးသေးကလေးနဲ့ တွေ့မရှောင်လို့ဖြစ်လာခဲ့တာ တော်ရုံအရည်အချင်း မဟုတ်ပါ။ ကျို့(ခ်)ရှင် (အိုယားမား)ကရာတေးပြိုင်ပွဲတွေမှာဆို တကယ်ဟန်ချက်ပျက်လို့လဲတဲ့သူ၊ မရပ်တည်နိုင်တော့လောက်အောင် ထိခိုက်နာကျင်လို့လဲတဲ့သူကိုလဲခွင့်ပေးပါတယ်။ တမင်ဇီ လဲချတဲ့သူကိုတော့ အရည်အချင်းမရှိသူ သို့မဟုတ် လူကြောက်လို့ယူဆပြီး ချက်ချင်း ပြိုင်ပွဲက ထုတ်ပစ်လိုက်ပါတယ်။

သို့သော် တွေ့မရှောင် ဆိုတဲ့ ဒီမောင်က အသက်ကြီးသွားတဲ့အတွက် နှလုံးစွမ်းရည်ကျသွားပြီမို့ (၂၀) ကျော်ရုံရှိသေးတဲ့ ထွန်းထွန်းမင်းတို့လို ဘယ်နည်းနဲ့မှ သက်လုံမကောင်းနိုင်တော့ပါ။ ဆိုင်းရပ်(စ်)နဲ့ တွေ့မရှောင် အသက်တူရင်တောင် Muscle ရင့်မှု၊ ကိုယ်အလေးချိန်နဲ့ ခေတ်မီဆေးဝါး၊အစားအသောက်တွေက တွေ့မရှောင်ထက် မနိုင်းသာအောင် ပိုပါတယ်။ တိုင်းပြည်ရဲ့စနစ်ကိုသာ အပြစ်တင်ရပါတော့မယ်။ ငါးပိရည်နဲ့ တို့စရာစားပြီး ဒီလောက်အောင်ပွဲတွေရအောင်ထိုးနိုင်ခဲ့တာ ကိုယ့်ဗမာတွေ အသိဆုံးပါ။

ထွန်းထွန်းမင်းကို နှာနုတ်ယူနေရတဲ့အချိန်မှာ အနောက်ဘက် ပွဲကြည့်စင်ပေါ်ကလူအုပ်ဟာ စင်ပေါ်က ဆိုင်းရပ်(စ်)ကို ရေဘူးတွေနဲ့ ပစ်ပေါက်ကြဆဲဆိုကြလုပ်ကြပါတယ်။ ဒါကို ထွန်းထွန်းမင်းကိုယ်တိုင်က သူ့ဘာသာတူလူမျိုးတွေ ဒီလိုမလုပ်ဖို့ အမြဲတမ်း စည်းရုံးဖျောင်းဖျသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပရိသတ်တွေဟာ ရိုးရာလက်ဝှေ့ကို လာအားပေးတာမဟုတ်ဘဲ သူတို့နဲ့ဘာသာတူ လူမျိုးတူတစ်ယောက်ခွန်ပိယဲဖြစ်လာလို့ အခုမှလက်ဝှေ့ရုံတွေဆဲရောက်လာကြတဲ့သူတွေဖြစ်နေလို့ပါ။ ထွန်းထွန်းမင်းဟာ ဘာသာခြားဆိုပေမယ့် မြန်မာနိုင်ငံသားဖြစ်တဲ့အတွက် နိုင်ငံကိုယ်စားပြု အားကစားသမားမို့ စည်းကမ်းတကျထိုးသွားတဲ့သူကို ရေဘူးတွေနဲ့ပေါက်တာ နိုင်ငံပဲနစ်နာပါတယ်။ အမျိုးသားရေးဂုဏ်သိက္ခာညှိုးနွမ်းစေတာမို့ သက်ဆိုင်ရာကလည်း ပြင်းပြင်းထန်ထန်အရေးယူသင့်ပါတယ်။ လက်ဝှေ့ဝါသနာရှင်စစ်စစ် ဗမာ၊ မွန်၊ ကရင်တိုင်းရင်းသားတွေ ဝိုင်းဝန်းအော်ဟစ်ပြီးတားမြစ်မှုတွေကြောင့် ရေဘူးနဲ့ထုတဲ့သူတွေ (၇) ချက်လောက်ပစ်အပြီးမှာ ရပ်တန့်သွားပါတယ်။ သက်ဆိုင်ရာက ဒါမျိုးတွေကို လွှတ်ထားပေးရင် စည်းကမ်းမဲ့သူတွေနဲ့ ဝါသနာရှင်စစ်စစ်တွေအကြား နောက်ပိုင်းမှာ ရန်ပွဲတွေဖြစ်လာနိုင်ပါတယ်။ ဘာသာရေးပဋိပက္ခဖြစ်အောင် အကွက်ဆင်လာနိုင်ပါတယ်။ စာရေးသူတောင် နောင်ဆို ထွန်းထွန်းမင်းပါတဲ့ပွဲမကြည့်ဖို့ ဆင်ခြင်ရမလိုဖြစ်နေပါပြီ။ တော်ကြာ ကြီးတောင့်ကြီးမားကျကာမှ ဆူပူလှုပ်ဆော်တဲ့အထဲပါတယ်ဆိုပြီး ရောယောင်အဖမ်းခံရရင် ရပ်ထဲရွာထဲ ကျော်မကောင်းကြားမကောင်းဖြစ်ရမှာပါ။

ရိုးရာအားကစားအပေါ်မှာ ဘာသာတူ၊ လူမျိုးတူမို့ လာအားပေးတာမျိုးမဖြစ်သင့်ပါဘူး။ ဗမာထိုးလို့ ကရင်အားမပေးဘူးဆိုတာမရှိခဲ့ပါဘူး။ ကရင်ထိုးလို့ မွန်တွေပွဲလာမကြည့်ဘူးဆိုတာလည်း အရင်တည်းကမရှိခဲ့ပါဘူး။ ဘယ်လိုပဲပြောပြော ပညာရပ်က ဗမာ့ပညာစစ်စစ်ပါ။ တိုင်းတစ်ပါးပညာမဟုတ်ပါဘူး။ မြန်မာတိုင်းရင်းသားတွေ လက်ဆင့်ကမ်းအမွေပေးခဲ့တဲ့ပညာပါ။

အခု သရဇွေးပညာနဲ့ ဘယ်လို ဟောကိန်းထုတ်နိုင်သလဲဆိုတာကြည့်ရအောင်။လောကီပေဒင်ပညာရပ်ဆောင်းပါးကနေ အားကစားသုံးသပ်ချက်ဆောင်းပါးကြီးဖြစ်မသွားခင်။

၂၀၁၄၊ ဒီဇင်ဘာ ၇၊ ည ၂၁း၄၈း၄၂ နာရီ
ဆိုင်းရပ်(စ်)-ထွန်းထွန်းမင်း

ကြော်ငြာဆိုင်းဘုတ်ပေါ်မှာ ဆိုင်းရပ်(စ်)လို့ရေးထားလို့ အဲဒီအတိုင်း လိုက်ရေးတာပါ။ Cyrus ဆိုရင်တော့ စိုင်းရပ်(စ်) လို့ ပေါင်းတာ တွက်ချက်ကြည့်ဖို့ ပိုတိကျပါတယ်။ အင်္ဂလိပ် အက္ခရာ C ကို 'ဆီ' လို့ မရေးဘဲ 'စီ' ဆိုပြီးရေးလို့ပါ။ သို့သော် အများ 'ဆိုင်း' တော့ ကိုယ်လည်း 'ဆိုင်း' ပေါ့။ အခုပြမယ့် စက်တွေအကြောင်းကို သရဇွေးဆောင်းပါးမှာ အကျယ်ရေးထားပါတယ်။ ဆိုင်းရပ်(စ်)နဲ့ ပွဲကို အချိန်မီရေးချင်လို့ 'သရဇွေးဆိုတာ' ဆိုတဲ့ဆောင်းပါးကို နောက်ဆုတ်လိုက်တာပါ။

ဝဏ္ဏသရစက်ထဲမှာကြည့်ရင် 'ဆိုင်း' ဆိုတဲ့ ဆလုံးအက္ခရာဟာ **အ** သရရဲ့အောက်မှာ တွေ့ရမှာပါ။ ဒါကြောင့် ဆိုင်းရပ်(စ်)ရဲ့ ဝဏ္ဏသရဟာ **အ** သရပါ။ ထွန်းထွန်းမင်းရဲ့ ဝဏ္ဏသရက **ဧ** သရပါ။ ဒီဆောင်းပါးက အဟောပိုင်းကို အဓိကထားပြောမှာဖြစ်ပေမယ့် အတွက်ပိုင်းကို မဆိုစလောက်ပြောမှ ဖတ်ရတာကောင်းမယ် ထင်ပါတယ်။

လက်ဝှေ့ထိုးတဲ့နေ့ရဲ့ တိထီဟာ ၁ လုံး ၁၂ ယဋ်ပါ။ တစ်လုံးကျော်တော့ ၂ လုံးလို့ယူရပါတယ်။ ၅ လုံးကျော်ရင် ငါးနဲ့စားပြီး အကြွင်းကို ယူရပါတယ်။ တိထီသရစက်ထဲမှာကြည့်ပါ။ ၂ လုံးမြောက်သရဟာ **ကြ** သရပါ။ သူ့ကို မဟာဥဒည်လို့ပဲခေါ်ခေါ်၊ စားပြီးသွားတဲ့ အတိတ်တိထီလို့ခေါ်ခေါ် ရပါတယ်။

အခုတွက်ပြခဲ့တဲ့နည်းက ကြမ်းပါတယ်။ တကယ်တော့ သူတို့ထိုးတဲ့ တိထီထဲကနေ မနေ့က-(ဒီဇင်ဘာ ၆) တိထီကိုနုတ်၊ အဲဒီအခါ တစ်ရက်တက် တိထီရတယ် (နုတ်ကြည့်ရင် ၅၉ ယဋ်ရတာတွေ့ပါလိမ့်မယ်)။ ဒီတော့ တစ်ရက်မှာ မြန်မာနာရီ ၆၀ (စက်နာရီစနစ်က ၂၄ နာရီ) ရှိတယ်။ နာရီ ၆၀ မှာ ၅၉ ယဋ်ရတယ်၊ လဲတ့်တွေ့ပွဲထိုးတဲ့နေ့ (၀၆) ဒိုင်က ဒေါင် ဆိုပြီး ခေါင်းလောင်းစထိုးတဲ့ နာရီမှာ ဘယ်လောက်လဲဆိုပြီး အနည်းလို အများစားခြေ၊ အများလို အနည်းစားခြေနည်းနဲ့တွက်ရင် မဟာဥဒည် အစင်အကြယ်ရပါတယ်။ စက်နာရီကို မြန်မာနာရီဖွဲ့ဖို့ကမခက်ပါဘူး။ ပုံသေနည်းရှိပါတယ်။

မြန်မာနာရီ ညဉ့်တစ်ချက်တီးဟာ စက်နာရီ ည (၉) ကိုးနာရီပါ။ ညဉ့်သန်းခေါင် တစ်ပတ်ရိုက စက်နာရီ ည (၁၂) နဲ့ညီပါရှိပါတယ်။ ဒါမှမဟုတ် စက်နာရီကို ၂ နဲ့စားပြီး ၅ နဲ့မြောက်၊ မြန်မာနာရီထွက်ပါတယ်။ အခု မဟာဥဒည်ရပြီးရင် အန္တရာဥဒည် ရှာရပါမယ်။ မဟာဥဒည်က အတိတ်မှာ ကုန်လွန်သွားပါပြီ။ လက်ရှိဖြစ်မယ့် အနာဂတ်အန္တရကို တွက်ဖို့က အဆင့်သင့်လုပ်ထားတဲ့ ကောက်ကိန်းကိုကြည့်ပြီး အဖြေထုတ်ရင် လွယ်ပါတယ်။ သဲဒိဋ္ဌပြက္ခဒိန်ကြည့်လိုက်သလိုမျိုးပေါ့။ အခုဆောင်းပါးဟာ တွက်နည်းတွေပြချင်တာမဟုတ်ဘဲတွက်လို့ထွက်လာတဲ့အဖြေကို ပြချင်တာမို့ အဟောပိုင်းကိုပဲဆက်ပါမယ်။

www.burmeseclassic.com

အဖြေကို လွယ်လွယ်ပြောရရင် အန္တရာဒညကလည်း ဣ သရပါပဲ။ ဒီအန္တရသရကိုကြည့်ပြီး ဟောရတော့ရမှာပါ။ ဟောဖို့အတွက် **ဗာလ၊ ကုမာရ၊ ယုဝ၊ ဝုဋ္ဌ၊ မတ** ဆိုတဲ့ အဝတ္ထွာန်ငါးပါးကို ဆင်ခြင်ရမှာပါ။ ဝဏ္ဏသရရဲ့ **အ** သရကနေ တိထီသရရဲ့ **အ** သရကို ဗာလလို့ ခေါ်ပါတယ်။ မရှင်းရင် ပြထားတဲ့ စက် (ဇယားကွက်တွေ)ကိုကြည့်ပါ။ **အ** သရကနေ ဣ သရကို ကုမာရလို့ ခေါ်ပါတယ်။ **အ** သရကနေ ဥ သရကို ယုဝလို့ခေါ်ပါတယ်။ **အ** သရကနေ ဧ သရကို ဝုဋ္ဌ၊ **အ** ကနေ ဩ သရကို မတလို့ခေါ်ပါတယ်။

ဒီတော့ အထက်မှာပြောခဲ့သလို ဆိုင်းရပ်စ်ရဲ့ ဝဏ္ဏသရဗာ **အ** သရဆိုတော့ **အ** သရကနေ လက်ဇွေထိုးတဲ့နေ့ရဲ့ တိထိအန္တရာဒည် ဣ သရကို ဗာလ၊ ကုမာရ၊ ယုဝ စသဖြင့် ရေကြည့်ရင် ဆိုင်းရပ်(စ်)ရဲ့နာမည်ဟာ အဲဒီနေ့မှာ ကုမာရအဝတ္ထွာန်ရပါတယ်။ တကယ်လို့ ဆိုင်းရပ်(စ်)ကို စိုင်းရပ်(စ်)လို့ပေါင်းခဲ့ရင် အဲဒီနေ့မှာ သူဟာ ယုဝအဝတ္ထွာန်ရပါလိမ့်မယ်။

ထွန်းထွန်းမင်းရဲ့နာမည်က ဧ သရ၊ ထိုးတဲ့နေ့တိထိက ဣ သရ၊ ဧ သရကနေ ဣ သရရောက်တဲ့အထိ ဗာလ၊ ကုမာရ၊ ယုဝ ဆိုပြီး အ၊ ဣ၊ ဥ၊ ဧ၊ ဩ အစဉ်အတိုင်း ရေတွက်ရင် ထွန်းထွန်းမင်းနာမည်ဟာ အဲဒီနေ့မှာ ဝုဋ္ဌအဝတ္ထွာန်ရပါတယ်။

ဒီတော့ သရောဒယဟာ စစ်တိုက်တဲ့ပညာဆိုတော့ ရှေးခေတ်ကတော့ ထွန်းထွန်းမင်းဆိုတဲ့ ရှင်ဘုရင်နဲ့ ဆိုင်းရပ်(စ်) ဆိုတဲ့ ရှင်ဘုရင်တွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ဖြစ်ကြတာ ဘယ်သူနိုင်မလဲကြည့်တယ်ပေါ့လေ။ အခုခေတ်ကတော့ လက်ဝှေ့ကျော် နှစ်ယောက်ပေါ့။

ကုမာရဥာဒည်းအခါနှိုက် ပြန့်ပြောစွာ လပ်ရသည်ဖြစ်၏။ အနာသည် ပျောက်တတ်၏။ စစ်နှိုက်အောင်တတ်၏။ ခပ်သိမ်းသောယဉ်ကြာနှိုက်ပြီးစီးခြင်း ကိုပေးတတ်၏။ ဤကား ကုမာရနှိုက် အဟော။ ။

ဝုဋ္ဌဥာဒည်းနှိုက် လပ်မရသည်ဖြစ်၏။ ပင်ပန်းသောသူတို့အား ပင်ပန်းခြင်း ပွားများတတ်၏။ စစ်မြေနှိုက် ပျက်စီးခြင်းသို့ ရောက်တတ်၏။ ယဉ်ကြာနှိုက် မပြန်လည်တတ်။ ဤကား ဝုဋ္ဌနှိုက်အဟော။ ။

ဒါက ပေမူထဲက သတ်ပုံအတိုင်း ရေးလိုက်တာပါ။ တကယ်လို့ စိုင်းရပ်(စ်)လို့ပေါင်းခဲ့ရင် ယုဝဥာဒည်ရပါလိမ့်မယ်။ ယုဝအဟောကိုကြည့်ပါ။

ယုဝဥာဒည်းနှိုက် မင်းသည်ဖြစ်၏။ ထိုခဏနှိုက် ပင်ပန်းခြင်းလည်း ပျောက်တတ်၏။ စစ်မြေနှိုက် ရာန်သူကိုလည်း နှိုင်တတ်၏။ ယဉ်ကြာနှိုက်လည်း အကျိုးပေးသည်ဖြစ်၏။ ဤကား ယုဝနှိုက် အဟော။ ။

ဒုက္ခအပေးဆုံးက မတအဝတ္ထွာန်ပါ။ ကောင်းကျိုးအပေးဆုံးက ယုဝပါ။ မတဟာ လူကိုသေစေတဲ့အထိ သတ်တတ်ပါတယ်။

စစ်မြေပြင်မှာလည်း ပြုတ်ပြုတ်ပြန်းတတ်ပါတယ်။ ဒါကြောင့် သေစေချင်ရင် မတနဲ့ယှဉ်ပြီး အစီအရင်လုပ်ရပါတယ်။ စာရေးသူကတော့ မလုပ်တတ်ပါ။ အဲဒီလောက် ပညာမတတ်ပါ။ ကြိုပြောထားပါတယ်။

ဒီတော့ သရောဒယပညာနဲ့ သူတို့နှစ်ယောက်ဖြစ်ရပ်တိုက်ဆိုင်မှုကို တွေ့ကြရမှာပါ။ ဆိုင်းရပ်(စ်)က ကုမာရထွန်းထွန်းမင်းက ဝုဋ္ဌပါ။ တကယ်တော့ ဗေဒင်ဆိုတာ အနာဂတ်မှာ ဘာဖြစ်မလဲလို့ အတိတ်ကံရဲ့အကျိုးပေးကို တွက်ကြည့်တာပါ။ အတိတ်ကံရဲ့ အကျိုးပေးမကောင်းလို့ အနာဂတ်မှာ အဆိုးဖြစ်မလာခင် ပစ္စုပ္ပန်ကနေ နည်းအမျိုးမျိုးနဲ့ ကံကိုပြင်ယူကြရပါတယ်။

ဥပမာပြောရရင် စာမေးပွဲကျလိမ့်မယ်လို့ ဟောလိုက်တာ အနာဂတ်အတွက်အဖြေကို ဟောတာပါ။ အတိတ်ကံကို ပညာနဲ့ကြည့်ပြီး ဟောပါတယ်။ ဒီတော့ ကံကိုပြင်တဲ့အနေနဲ့ ပစ္စုပ္ပန်မှာ စာကိုပိုကြိုးစားမယ်။ တစ်ဖက်ကလည်း မျက်စိနဲ့ မမြင်နိုင်တဲ့အစွမ်းတွေဖြစ်တဲ့ ယဉ်ကြာတွေအစီအရင်တွေလုပ်မယ်ဆိုရင် အနာဂတ်အကျိုးပေး အကောင်းဘက် ရောက်သွားတတ်ပါတယ်။ ဒါဖြင့် ယဉ်ကြာချေမယ်ကွာ၊ ငါစာမလုပ်ဘူးဆိုရင်တော့ ကိုယ့်သဘောအတိုင်းပါပဲ။ ဝမ်းနတ်ဆေး တစ်ခုတည်းနဲ့မရပါဘူး။ ကိုယ်ကလည်း ညစ်ပေးရပါဦးမယ်။

အခုရှင်းပြတာ သရောဒယဟာ ရှုထောင့်တစ်ခုတည်းကပါ။ ကာယကံရှင်တွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ အရည်အချင်းတွေကိုလည်း အသိအမှတ်ပြုရပါဦးမယ်။ သူတို့လုပ်ရပ်ကြောင့်ဖြစ်တဲ့ သက်ရောက်မှုတွေကိုလည်း အသိအမှတ်ပြုရပါဦးမယ်။ မဟုတ်ရင် ဒီဆရာကဟောလိုက်တယ်။ ဗေဒင်ကိန်းခန်းအရ နိုင်သွားတာတဲ့၊ ဗေဒင်ကိန်းခန်းကြောင့် ရှုံးသွားတာဆိုပဲနဲ့ စာရေးသူကို အမြင်ကျဉ်းကျဉ်းနဲ့ ဝေဖန်သူက ပေါ်လာလိမ့်ဦးမယ်။ ဖေ့(စ်)ဘွတ်မှာ ရေးချင်တိုင်း ရေးလို့ရနေတဲ့ခေတ်ဆိုတော့။

တကယ်တော့ စာရေးသူဟာ ထွန်းထွန်းမင်း ချန်ပီယံမဖြစ်ခင်တည်းက ဖြစ်လာမှာကို သူရဇ္ဈမှာ ဆောင်းပါးကြိုရေးထားပြီးသားပါ။ သူရဲ့အတိတ်ကံအရ အနာဂတ်မှာ အောင်မြင်မယ်ဆိုတွေ့စ့ဲအတွက်ပါ။ အဲဒီလို ဟောတဲ့အတိုင်း မှန်တာက လက်တွေ့ပစ္စုပ္ပန်အခြေအနေမှာ သူကိုယ်တိုင် ကြိုးစားလို့ပါ။ အတိတ်ကံကလည်း ကောင်းပစ္စုပ္ပန်ကံ(ကံ-လုပ်ရပ်)ကလည်း ကောင်းပေါ့။ နှစ်ခုစလုံး ဟန်ချက်ညီရပါမယ်။ အတိတ်ကံဆိုတာကလည်း သူကိုယ်တိုင် အတိတ်ကလုပ်ခဲ့တဲ့ကောင်းမှုမကောင်းမှုတွေပါဘဲ။

ကိုင်း - ဆောင်းပါးကို ခဏနားအောင်။ မမှားသောရွေးနေ၊ မသေသောဆေးသမားမရှိ။ နွားသိုးမှန်ရင် ချီချက်မကင်းနဲ့ တစ်ခါသေဖူး ဗျဉ်ဖိုးနားလည်ဆိုတဲ့ မြန်မာ့ဆိုရိုးတွေ နှလုံးသွင်းလေ့ကျင့်ပါ။ မတ်လပိုင်း ပြန်ထိုးစိတ်မကျေပွဲမှာ ရုံးကြွေးပြန်ဆပ်ပြီး ဂုဏ်ကိုဆောင်နိုင်ပါစေလို့ ကျိုက်မရောမြို့နယ် ဖနံကျေးရွာလေးကနေ ကျော်တစ်ယောက်ဖြစ်လာခဲ့တဲ့လက်သမားလေးအတွက်ဆန္ဒပြုရင်း တင်ပြရပ်လိုက်ပါတယ်။

သရောဒယရဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါင်စံသူ (B.Sc)

မတ်လ ၁ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်းမှာ (၅၊ ၆၊ ဝ)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓပူဇော်မည် (၉) ခါရွတ်ဆိုပါ။

မတ်လ ၂ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်းမှာ (၂)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၃ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်းမှာ (၃)။ စိုးမိုးဂဏန်း (၃၊ ၉၊ ဝ)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ မဓုပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်းမှာ (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၅ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်းမှာ (၅)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

မတ်လ ၆ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်းမှာ (၆)။ စိုးမိုးဂဏန်း (၃၊ ၆၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၇ ရက်၊ စနေနေ့ - လာဘ်ဂဏန်းမှာ (၇)။ စိုးမိုးဂဏန်း (၄၊ ၈၊ ဝ)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၈ ရက်၊ တနင်္ဂနွေနေ့ - လာဘ်ဂဏန်းမှာ (၈)။ စိုးမိုးဂဏန်း (၃၊ ၉၊ ဝ)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

မတ်လ ၉ ရက်၊ တနင်္လာနေ့ - လာဘ်ဂဏန်းမှာ (၉)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၀ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်းမှာ (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်းမှာ (၂)။ စိုးမိုးဂဏန်း (၆၊ ၇၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

မတ်လ ၁၂ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာ၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၃ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်းမှာ (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံသုဂတော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၄ ရက်၊ စနေနေ့ - လာဘ်ဂဏန်းမှာ (၅)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၄)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား

www.burmeseclassic.com

www.burmeseclassic.com

တနင်္ခွေ၊ တနလာ်။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၅ ရက်၊ တနင်္ခွေနေ့ - လာဘ်ဂဏန်းမှာ (၆)။ စိုးမိုးဂဏန်း (၃၊ ၇၊ ဝ)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် ပေဒါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သားမှာ တနင်္ခွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၆ ရက်၊ တနလာ်နေ့ - လာဘ်ဂဏန်းမှာ (၇)။ စိုးမိုးဂဏန်း (၂၊ ၇၊ ဝ)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ခွေ၊ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၇ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်းမှာ (၈)။ စိုးမိုးဂဏန်း (၄၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ တနင်္ခွေ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်သို့လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်းမှာ (၉)။ စိုးမိုးဂဏန်း (၂၊ ၉၊ ဝ)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနလာ်၊သောကြာ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

မတ်လ၁၉ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်းမှာ (၁)။ စိုးမိုးဂဏန်း (၅၊ ၇၊ ဝ)။ လာဘ်နေအရပ်တ မြောက်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သားမှာ အင်္ဂါ။ ဗုဒ္ဓဟူး။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

မတ်လ ၂၀ ရက်၊ သောကြာနေ့- လာဘ်ဂဏန်းမှာ (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၁ ရက်၊ တနင်္ခွေနေ့ - လာဘ်ဂဏန်းမှာ (၃)။ စိုးမိုးဂဏန်း (၂၊ ၇၊ ဝ)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သားမှာ တနင်္ခွေ၊ တနလာ်။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ(၉)ခါ ရွတ်ဆိုပါ။

မတ်လ ၂၂ ရက်၊ တနလာ်နေ့ - လာဘ်ဂဏန်းမှာ (၅)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က ပေဒါရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ခွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၄ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၅၊ ဝ)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ခွေ၊ ကြာသပတေး။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်းမှာ (၇)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ခွေ၊ တနလာ်။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၆ ရက်၊ ကြာသပတေးနေ့ - လာဘ်ဂဏန်းမှာ (၈)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီရောင်၊ အဝါရောင်၊ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၂၇ ရက်၊ သောကြာနေ့ - လာဘ်ဂဏန်းမှာ (၉)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ် အရှေ့၊ လာဘ်အရောင်က အဖြူရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနလာ်၊ စနေ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

မတ်လ ၂၈ ရက်၊ စနေနေ့ - လာဘ်ဂဏန်းမှာ (၁)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အပြာ၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာ အကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

မတ်လ ၂၉ ရက်၊ တနင်္ခွေနေ့ - လာဘ်ဂဏန်းမှာ (၄)။ စိုးမိုးဂဏန်း (၂၊ ၇၊ ဝ)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနီ၊ ခရမ်းရောင်။ အကျိုးပေးနေ့သားမှာ တနင်္ခွေ၊ တနလာ်။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ(၉)ခါ ရွတ်ဆိုပါ။

မတ်လ ၃၀ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်းမှာ (၈)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ တနင်္ခွေ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

မတ်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်းမှာ (၉)။ စိုးမိုးဂဏန်း (၃၊ ၆၊ ဝ)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနလာ်၊သောကြာ။ တစ်နေ့တာအကြဲအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံပူ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ မတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်



၁-၃-၂၀၁၅ နေ့
သာယနဇာတာခွင်

၁၁-၃-၂၀၁၅ နေ့
သာယနဇာတာခွင်

၂၁-၃-၂၀၁၅ နေ့
သာယနဇာတာခွင်

၂၀၁၅ ခုနှစ်၊ မတ်လ၏ ပထမ (၁၀) ရက်ကာလတွင် သံနှင့်သံထည် ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အားကစားပစ္စည်းများ ဈေးကမောက်ကမဖြစ်ကာ အကျဘက်ယိုင်နေမည်။ အိမ်ဈေးကွက်၊ မြေဈေးကွက်ကျရိပ်ဘက်အားသန်နေမည်။ မော်တော်ကား အပါအဝင် အလားတူ ယာဉ်များ ပုံမှန်မဟုတ်စွာဖြင့် ဈေးပြုတ်ကျတတ်မည်။ အနုပညာလုပ်ငန်းများ၊ အလှအပဆိုင်ရာလုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ ဈေးကွက်အကျဘက်ယိမ်းထိုးနေမည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဈေးကွက်မငြိမ်ဉီးမမှော့နိုင်ဖြစ်နေမည်။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ငါးနှင့်ရေထွက်ပစ္စည်းများ ဈေးနှုန်းဘက်ရိပ်တွေ့ရသော်လည်း ရုတ်တရက်ပြုတ်ကျတတ်မည်။ လယ်ယာဉယျာဉ်ထွက်ကုန်ပစ္စည်းများ တက်ရိပ်ကျရိပ်နပ်ထွေးနေမည်။

ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့်သစ်ထွက်ပစ္စည်းများ၊ ရွှေဈေးကွက်များ ဘက်ရိပ်ရှိသော်လည်း နှေးကွေးနေမည်။ စားသောက်ဆိုင်လုပ်ငန်း၊ မုန့်ပဲသရေစာလုပ်ငန်း၊ ယမကာလုပ်ငန်း၊ ကျောက်မျက်ရတုလုပ်ငန်း၊ ရော်ဘာလုပ်ငန်း ဈေးကွက်ဩပ်မကောင်းသေး။ လောင်စာဆီနှင့် ဓာတ်ငွေ့ ဈေးကွက်တက်ရိပ်ရှိသလိုလို နှင့် ကျရိပ်ဘက်သို့ရောက်သွားတတ်ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ၏ ဒုတိယ (၁၀) ရက်ကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာဈေးကွက်၊ အိမ်ဈေးကွက်၊ မြေဈေးတို့ ကမောက်ကမဖြစ်နေမည်။ သတ္တုတွင်းဆိုင်ရာလုပ်ငန်းများ ဈေးကွက်မှန်းဆရခက်နေမည်။ ဆေးနှင့် ဆေးပစ္စည်းများ၊ သစ်နှင့်သစ်ထွက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ ဈေးကွက်မငြိမ်မသက်နှင့် ကျရိပ်ဘက်ပို့စောင်းနေမည်။ စားသောက်ဆိုင်လုပ်ငန်း၊ မုန့်ပဲသရေစာလုပ်ငန်း၊ ယမကာလုပ်ငန်းတို့၏ ဈေးကွက်ခန့်မှန်းရခက်နေမည်။ ဓာတုပစ္စည်းများ၊ လောင်စာဆီနှင့်ဓာတ်ငွေ့လုပ်ငန်း၊ ရေလုပ်ငန်း၊ ငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ ဆီနှင့်ဆီထွက်ပစ္စည်းလုပ်ငန်း၊ မီးဖိုချောင်သုံးစားကုန်ပစ္စည်းလုပ်ငန်းတို့ ဈေးကွက်တည်ငြိမ်နေသော်လည်း ရုတ်တရက်ထိုးတက်တတ်မည်။ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ ဈေးကွက်သိမ်မငြိမ်သေး။ဟိုတယ်ခရီးသွားလုပ်ငန်း၊သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ အလှအပဆိုင်ရာလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ အားကစားလုပ်ငန်းများ ဈေးကွက်ပုံမှန်ရှိလာမည်။ ရွှေဈေးကွက်၊ ငွေကြေးဈေးကွက်သိပ်မကောင်းသေး၊ ကျရိပ်ဘက်ပိုရှိတတ်မည်။

၂၀၁၅ ခုနှစ်၊ မတ်လ၏တတိယ (၁၀)ရက်ကာလတွင် ရွှေဈေးကွက်အကျဘက်မှာရှိနေဦးမည်။ ငွေကြေးဈေးကွက်မတည်မငြိမ်ရှိနေဦးမည်။ အီလက်ထရွန်နစ်ဆိုင်ရာပစ္စည်းများ၊ လောင်စာဆိုင်ရာပစ္စည်းများ ကျရိပ်မှမတက်နိုင်သေး။ စက်နှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ ကျရိပ်လျော့နည်းသွားမည်။ အိမ်ဈေးကွက်၊မြေဈေးကွက်ပုံမှန်မဟုတ်နိုင်သေး။ ယမကာပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများဈေးနှုန်းတက်ရိပ်ကျရိပ်ရောယှက်နေဦးမည်။ ကျရိပ်ဘက်အလေးသာနေမည်။ ငါးနှင့်ရေထွက်ပစ္စည်း၊ သစ်သီးဝလံဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများ ဈေးကွက်တက်ရိပ်ကိုတွေ့လာရမည်။ ကျောက်မျက်လုပ်ငန်း၊ အနုပညာဆိုင်ရာလုပ်ငန်း၊ အလှအပဆိုင်ရာလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ ယခင်ကထက်ပိုကောင်းလာမည်။ စားသောက်ဆိုင်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့၏ ဈေးကွက်အေးစက်နေဦးမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရန်ကိုဇော၊ မြဇော်သား)
စာပေပွဲဖြေဆိုကြမည့်ကျောင်းသားကျောင်းသူလေးများအတွက်
အောင်ပွဲဝင်အကြံအရင်

စာမေးပွဲကြီးနီးလာပြီ။

နှစ်စကတည်းက -

အချိန်အချည်းအနှီးမဖြစ်အောင် ဇယားဆွဲပြီး ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်နဲ့ တစ်နေ့မှမပြတ်အောင် သင်အံလေ့လာလေ့ကျင့်ကျက်မှတ်ရင်း နိုးနိုးကြားကြား ကြိုးစားခဲ့ကြတဲ့ကလေးတို့ -

အောင်မြင်မှုများစွာကို ထူးထူးခြားခြား ရယူပိုင်ဆိုင်ကြတော့မှာဖြစ်တဲ့ အတွက် -

ကလေးတို့သိထားသင့်တယ်ထင်တာလေးတွေကို တစ်ထောင့်တစ်နေရာကနေ ပါရမီဖြည့်ပေးရင်း -

ဒီစာမျက်နှာပေါ်ကနေ ကလေးတို့အတွက် ဂုဏ်ယူစွာနဲ့ စကားပြောလိုက်ပါတယ်။

စာမေးပွဲကြီးဖြေဖို့ အဆင်သင့်ဖြစ်နေကြရောပေါ့။

ဟုတ်ပါပြီ။

သားတို့၊ သမီးတို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေနဲ့ပြည့်ဝနေကြတဲ့ အတွက် စွမ်းအားတွေပြည့်နေကြပါပြီ။ အောင်မြင်မှုကြီးတွေက သားတို့၊သမီးတို့ရဲ့ လက်တစ်ကမ်းမှာပဲရှိနေပါပြီ။

'ငါဟာ နှစ်စကတည်းကစပြီး စာတွေကို စနစ်တကျ သင်အံကျက်မှတ်ကြိုးစားခဲ့သူဖြစ်တယ်။ဒါကြောင့် ငါဟာ အောင်မြင်ပြီ'

ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်ဝနေကြလောက်ပါပြီ။

ဒါကြောင့်လည်း အောင်မြင်စွာဖြေဆိုကြဖို့ အဆင်သင့်ဖြစ်နေကြတော့မှာ သေချာတယ်။

မှန်ပါတယ်။

သားတို့၊ သမီးတို့ဟာ တကယ် ကြိုးစားခဲ့ကြသူတွေကိုး။

ထက်မြက်တက်ကြွနေမှာပေါ့။

ဟုတ်တယ်လေ။

စာမကြိုးစားခဲ့ဘဲနဲ့တော့ ယတြာချနေရုံနဲ့မအောင်မြင်နိုင်ဘူး။ စာလည်းကြိုးစားခဲ့မှ။

ဒါ သားတို့၊ သမီးတို့သိပြီးသား။

ဟုတ်ပြီ။

အဲဒီလိုကြိုးစားခဲ့ကြတဲ့ သားတို့၊ သမီးတို့တွေ စာမေးပွဲကြီးနီးလာလေ ကျန်းမာရေးတွေကောင်းနေလေဖြစ်ရအောင်၊ ကျန်းမာရေးနဲ့ဆိုင်တဲ့အနှောင့်အယှက်တွေမဝင်ရလေအောင်၊လူမှုရေးအနှောင့်အယှက်တွေမဝင်ရလေအောင်၊ မိသားစုတွင်းမှာ မလိုလားအပ်တဲ့ ဒဏ်ပြင်အနှောင့်အယှက်တွေမဝင်ရလေအောင် ပါရမီဖြည့်လိုက်ရတာဖြစ်ပါတယ်။

ခု -

ဒီစာလေးတွေကို စဖတ်ပြီးချိန်ကစပြီး ဒီညကစလို့ ခေါင်းအုံးအောက်ထဲမှာ ဘာသာရပ်တစ်မျိုးစီက ရေးသားကျက်မှတ်တဲ့စာအုပ်တစ်အုပ်စီကိုနေ့စဉ်ထားအိပ်ပါ။ နေ့စဉ်တစ်နေ့တစ်အုပ်စီထားပြီး မိုးလင်းရင်ပြန်ထုတ်ပါ။

နေ့တိုင်း မျက်နှာသစ်ပြီးတာနဲ့ -

ဂ ဇယစက္ကော ဇယန္တောယော
ဇယိတဗွေ ဇယာသနေ
ဇယာပေသိ ဇယေသိန်
ဇယံဒေတု ဇယုတ္တရော

ဆိုတဲ့ အောင်ဂါထာကို နေ့စဉ်သက်စေ့ရွတ်ပြီး ဘုရားရှိခိုးပါ။ သေချာပုဆစ်တုပ်ထိုင် လက်အုပ်ချီပြီးရှိခိုးပါ။ တစ်ခွန်းချင်းပီပီသသရွတ်ခိုးပါ။ ဘုရားကို အာရုံပြုပြီးရှိခိုးပါ။ ဒါဟာ ရှင်တော်မြတ်ဘုရားရဲ့ အောင်ခြင်းကြီးတွေကို ကန်တော့တဲ့ဂါထာပါ။ ပူဇော်တဲ့ဂါထာပါ။

ဘောလ်ပင်လေးငါးဆယ်ခွင်းကို အဆင်သင့်ဝယ် မင်တွေဘာတွေစမ်းထား။ ပြီးရင် ဘုရားဆောင်ပေါ်မှာ ပန်းကန်ပြားလေးတစ်ချပ်ထဲထည့်ပြီး ဘုရားပူဇော်ထားပါ။

ယုံကြည်ပါ။

ကိုယ့်ရဲ့အောင်မြင်မှုတွေကိုကြိုတင်ပြီး ကမ္ဘာမကြီးကို ဖန်ဆင်းတော်မူတော်မူသော ဒီဘောလ်ပင်လေးတွေသာမန်မဟုတ်တော့ပါဘူး။

ရတနာမြတ် (၃) ပါးကို ရည်မှန်းပြီး ကပ်လှူပူဇော်ထားတဲ့သဘောလောကမှာ ရတနာမြတ် (၃) ပါးရဲ့ ကျေးဇူးတော်ကြောင့် မဖြစ်ဘုံဘာမှမရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

'မဖြစ်နိုင်ဘူးဆိုတာရယ်၊ ဖြစ်ပါ့မလားဆိုတာရယ်' ကို စိတ်ထဲတောင် ထည့်မကူးပါနဲ့။ ယောင်လို့တောင်မပြောမိပါစေနဲ့။ အဲဒီစိတ်တွေကို အပြီးအပိုင် မောင်းထုတ်ပစ်ပါ။

'ငါဟာ ကျိန်းသေအောင်မြင်ရမယ်'ဆိုတဲ့စိတ်ကို ရဲရဲကြီးထားလိုက်ပါ။ ဖြစ်နိုင်ရင် မှန်ကြည့်လိုက်ပါ။ ပြောလိုက်ပါ။ 'ဟာ-ငါဟာ(၆)ဘာသာ ဂုဏ်ထူးရှင်ပါလား' ဆိုပြီး ကိုယ့်ကိုယ် ကိုယ်ဂုဏ်ယူပြီးပြောလိုက်စမ်းပါ။

သူငယ်ချင်းတွေနဲ့ စကားပြော ရင်လည်း ကိုယ်ဟာ ဂုဏ်ထူးရှင်ဖြစ်တဲ့ အကြောင်းကိုသာပြောပါ။

ပြက်ရယ်ပြုတဲ့စကားတွေမပြော မိပါစေနဲ့။

'ငါဟာအောင်မြင်သူတစ်ယောက် ဖြစ်နေပါလား' ဆိုတဲ့စိတ်ကလွဲရင် ကျန် တာမတွေးပါနဲ့တော့။

အဲဒီအတွေး၊ အဲဒီစိတ်ကူး၊ အဲဒီ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပိုမိုပြီးအောင်မြင် ဖို့အတွက် -

အခုကစပြီး -

အနိဋ္ဌတွေပြည့်နှက်နေတဲ့ ဇွဲဒီယို ကားတွေမကြည့်ပါနဲ့တော့။ အနိဋ္ဌစကား လုံးတွေနဲ့ပြည့်နေပြီး အတိတ်နိမိတ် ဘယ်လိုမှမကောင်းလွန်းတဲ့သီချင်းတွေ ကို နားမထောင်ပါနဲ့တော့။ ကိုယ်တိုင်

လည်း နှစ်နှစ်ခြိုက်ခြိုက်မဆိုမိပါစေနဲ့ တော့။

ဝမ်းနည်း၊ ပူဆွေး၊ ကြေကွဲ၊ ပျက် ပြုန်း၊ ဆုံးရှုံး၊ ဒုက္ခရောက်၊ ဘဝပျက်၊ အသေဆိုးသေ၊ ပြုတ်ကျကွဲ၊ ကျိုးပဲ့၊ သတ်ဖြတ်ဆိုတဲ့ အနိဋ္ဌကားတွေမကြည့် မိအောင်နေပါ။

စာမေးပွဲကြီးပြီးသွားတဲ့အခါတော့ မပြောလိုပါဘူး။

အောင်မြင်မှုကြီးတွေကို ရယူပိုင် ဆိုင်တော့မယ့် သားတို့ သမီးတို့အတွက် နိမိတ်ကောင်းယူလိုက်တာပါ။

'ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း သြဘာနိမိတ်ထွန်း'

ဆိုတာ ရှိပါတယ်။

ဒါကြောင့် -

မင်္ဂလာမရှိ၊ ကျက်သရေမရှိတာ တွေကိုကြည့်တာ၊ နားထောင်တာရှောင် ထားလိုက်ပါ။

ပြီးတော့ -

အိပ်ရေးပျက်မခံပါနဲ့တော့။

တစ်နေ့ကို (၄) နာရီ၊ (၅) နာရီ တောင်မပြည့်ချင်တဲ့ ကလေးလေးတွေ ကို တွေ့ခဲ့ဖူးပါတယ်။

တကယ်ကိုကြိုးစားရှာပါတယ်။

ဒါပေမယ့် ကျက်ထားသမျှတွေ တော်တော်များများမေ့ကုန်တာနဲ့ကြုံကြ ရရှာပါတယ်။

အဲဒီလိုမျိုးတွေမဖြစ်စေချင်ပါဘူး။ ဦးခေါင်းပိုင်း လန်းဆန်းတက်ကြွ

www.burmeseclassic.com

ထက်မြက်နေရပါလိမ့်မယ်။

အိပ်ရေးဝအောင်အိပ်ပါ။

ဝမ်းနှူးစာတွေ၊ ဝမ်းကိုက်စာတွေ မစားပါနဲ့။ ခေါင်းမူးတတ်ရင် ခေါင်းမူးစေမယ့်အစာတွေရှောင်ပါ။

ကျန်းမာရေးကိုဂရုစိုက်ပါ။

စဖြေတဲ့နေ့ -

ဘုရားရှင်ကို ပန်းပေါင်းစုံ (၅) မျိုးနဲ့ ပူဇော်ပါ။

ဂန္ဓမာအရောင်(၅)မျိုးဆိုရင်လည်း ရပါတယ်။ တစ်မျိုးကို နှစ်ခိုင်၊ သုံးခိုင် လောက်နဲ့ ဝေဖြာနေအောင် ပူဇော်ပါ။ အိုးတစ်လုံးသတ်သတ်မှာ ရေထည့်ပြီး ပူဇော်ပါ။ အိုးသစ်တစ်လုံးမဝယ်ဖြစ်လို့ အမြဲတမ်းပူဇော်နေတဲ့အိုးနဲ့ဆိုလည်းရပါတယ်။ နေ့တိုင်းအသစ်လဲလှယ်ပူဇော်ပေးပါ။ တောပန်းတောင်ပန်း အရောင် (၅) မျိုးဆိုလည်းရပါတယ်။ ဘာပန်းလှူလှူပါ။ ဘုရားပူဇော်တာပါ။ ဒါကတော့ မိဘတွေက ပြုလုပ်ပေးရင် ရပါတယ်။

ပြီးရင် -

သစ်သီးဆွမ်းတွေနဲ့ ကပ်လှူပူဇော်ပြီး အောင်ပွဲဝင်ဂါထာကို သက်စေ့ရွတ်ရှိခိုးပါ။ ကြိုက်နှစ်သက်တဲ့သစ်သီးရပါတယ်။ ဘယ်နှမျိုးပဲပူဇော်ပူဇော် ရပါတယ်။ ဒါပေမယ့် အခွံနွာသေချာခွဲစိတ်ပြီး ဆရာတော်ဘုရားကြီးများကို ဆွမ်းကပ်တဲ့အခါ ကပ်သလိုမျိုး ပူဇော်ပါ။

ပြီးရင် ဉာဏ်တော်အရာ ဇောဒဂ် ဘွဲ့ထူးရတော်မူတဲ့ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ် အရှင်မြတ်ကြီးကို သစ်သီးဆွမ်းတွေနဲ့ ရည်မှန်းပူဇော်ပါ။

ပြီးရင် သူရဿတီမယ်တော်ကြီးကို ရည်မှန်းပြီး သောက်တော်ရေနဲ့ ပူဇော်ပါ။

(အားလုံးကို မိဘတွေက ပြုလုပ်ပေးလို့ရပါတယ်။)

အားလုံးပြီးရင် မိဘနှစ်ပါးကို ကန်တော့ပါ။

ပြီးရင် သင်ဆရာ၊မြင်ဆရာ၊ကြားဆရာအာစရိယဆရာသခင်ကျေးဇူးရှင်များကို ကန်တော့ပါ။ ရည်မှန်းကန်တော့ပါ။

မိဘနှစ်ပါးနဲ့ ဝေးဝေးမှာနေပြီး အဆောင်ကနေဖြေမယ့်ကလေးတွေက မိဘတွေကို ရည်မှန်းကန်တော့ပါ။

အားလုံးပြီးရင် ဘောလ်ပင်တွေကို ရိုရိုသေသေစွန့်ပြီးယူလိုက်ပါ။ အဲဒီ ဘောလ်ပင်တွေက မယုံကြည်နိုင်လောက်တဲ့ အားအင်တွေပေးပါလိမ့်မယ်။

စဖြေပြီးတဲ့နေ့ကစပြီး ဘောလ်ပင်တွေပြန်မတင်ပါနဲ့တော့။ ရပါပြီ။

ကလေးတွေစာဖြေချိန်မှာ -

အိမ်မှာရှိနေမယ့်မိဘတွေက ဒီပြင်အလုပ်တွေခဏထား၊ ကလေးအကျိုးတစ်ထည်ကို ညာလက်နဲ့ကိုင်ကိုယ့်ရင်ဘတ်နဲ့ထိထားပြီး ပဌာန်းဥဒ္ဒေသနိဒ္ဒေသကို (၂) ခေါက်၊ (၃) ခေါက် ရွတ်နေပါ။

ပဌာန်းမရွတ်တတ်ရင် ဂုဏ်တော်တွေရွတ်နေပါ။ နားလိုက်ရွတ်လိုက်ရွတ်နေပါ။

အိမ်မှာမရှိဘဲ ကလေးတွေဖြေမယ့်နောက်ကိုလိုက်သွားမယ့်မိဘတွေဆိုရင်လည်း ကလေးအကျိုးတစ်ထည်ယူသွားပါ။ အရိပ်ကောင်းကောင်းမှာထိုင်ပြီး အကျိုးလေးကို ရင်ခွင်မှာထားပြီး ပဌာန်းရွတ်နေပါ။ ဘယ်နှကြိမ်ရရရွတ်နေပါ။ ပဌာန်းမရွတ်တတ်ရင် ဂုဏ်တော်တွေရွတ်နေပါ။ ဘယ်သူနဲ့မှစကားမပြောပါနဲ့။

ပြောလိုက်တာနဲ့ အနိဋ္ဌတွေပါလာနိုင်ပါတယ်။

ဥပမာ ဘေးနားကတစ်ယောက် ကမိတ်ဖွဲ့မယ်။ 'ဒါညီမကလေးလားဘာလား' ဆိုပြီး။ 'အေး - အစ်မလည်း အစ်မသမီးဖြေလို့လာစောင့်တာ။ သူ ထက်အကြိုးက အမေရိကားမှာလေ။ အဲဒါ ဟိုမှာအဆင်မပြေလို့ အစ်မလည်း စိတ်တွေညစ်နေရတယ်။ ဟိုအလုပ်ရလည်းမမြဲ၊ ဒီအလုပ်ရလည်းမမြဲဖြစ်နေတယ်။ ဘာလုပ်ရမှန်းကိုမသိတော့ဘူး' ဆိုရင် ဒါ အဆင်မပြေနိုင်တဲ့ နိမိတ်တွေနဲ့ ဝေနေပါပြီ။

ဒါကြောင့် -

မထင်မှတ်တဲ့အနိဋ္ဌတွေပါလာမှာစိုးလို့ ဘယ်သူနဲ့မှစကားမပြောပါနဲ့။

အဆောင်မှာနေကြတဲ့ ကလေးတွေဆိုရင်တော့ စာအုပ်တစ်အုပ်စီကို ခေါင်းအုံးအောက်မှာ ထားအိပ်တာရယ်၊ 'ဇယစက္ကော' အောင်ဂါထာရွတ်တာရယ် (၂) ခုသာလုပ်လို့ရပါလိမ့်မယ်။

ကလေးတွေ စဖြေတဲ့နေ့ကစပြီး ပြီးတဲ့နေ့အထိ ကျန်တဲ့ပူဇော်ခြင်းအားလုံးကို အိမ်ကမိဘတွေကသာ ပြုလုပ်ပေးပါ။ ကလေးတွေဖြေဆိုချိန်မှာ ဘုရားဝတ်ပြုပြီးမေတ္တာပို့ပေးပါ။

စာမေးပွဲဖြေဆိုပြီးနောက်နေ့မှာ -

အိမ်နဲ့နီးတဲ့ ဘုရားတစ်ဆူဆူကို သွားပါ။

ကိုယ့်မွေးနံ့ထောင့်မှာ ကိုယ့်နံသင်္ဘန်း ဒါမှမဟုတ် နံသင့်အညွှန့်တွေ ဝေနေအောင်လှူလိုက်ပါ။ 'အောင်သပြေညွှန့်' တွေဝန်းရံပြီး ကိုယ့်နံသင့်ပန်းက အလယ်ကလှူပေးပါ။

တနင်္ဂနွေသားသမီးဆိုရင် အုန်းဖူးအုန်းပွင့်၊ အုန်းညွှန့်။

တနလာသားသမီး ကဲ့ကော်ညွှန့်၊ ကြဲညွှန့်။

အင်္ဂါသားသမီး စိန်ခြယ်၊ ဇွန်၊ စံပယ်။

ဗုဒ္ဓဟူးသားသမီး ရွှက်လှညွှန့်။

ကြာသပတေးသားသမီး မေမြို့ပန်း။

သောကြာသားသမီး သပြေညွှန့်၊ သစ္စာပန်း၊ သစ်ခွ။

စနေသားသမီး နှင်းဆီ၊ ဒန်းညွှန့် (တောင်ထန်းမလှူရ)

အပြင်က အောင်သပြေညွှန့်တွေ ဝိုင်းရံပြီး အတွင်းက နံသင့်အညွှန့်တွေကိုလှူတဲ့အခါ ဘယ်နှညွှန့်ရယ်လို့မသတ်မှတ်ပါနဲ့။ ဝေဖြာလှပနေအောင်သာလှူပါ။

အဲဒီလို လှူပြီးချိန်ကစပြီး အောင်ပွဲဝင်အစီအရင်ကြီး ပြီးဆုံးအောင်မြင်သွားပါပြီ။

တစ်ခုရှိတာက -

ရှုပ်ထေးမှာ အဆောင်သွားနေကြရတဲ့ ကျူးလေးလေးတွေဆိုရင် ဒီနေ့စာမေးပွဲပြီး နောက်နေ့ဘုရားသွားလှူလို့မရပါဘူး။ ကိုယ့်အိမ်ကိုပြန်ရောက်ပြီး နောက်နေ့မှပဲ ဘုရားသွားလှူရတာ အဆင်ပြေပါလိမ့်မယ်။ ဒါကြောင့် အိမ်ပြန်ရောက်ပြီး နောက်နေ့မှသာလှူပါ။

ကိုင်း ဒါဖြင့် -

အခုကစပြီး -

ဖြစ်ပါ့မလားဆိုတဲ့စိတ်တွေ -

တွေဝေနေတဲ့စိတ်တွေ -

လုံးဝဖျောက်ဖျက်လိုက်ပါ။

'ငါဟာ အောင်မြင်ပြီ' ဆိုတဲ့စိတ်ကို အခုကပဲ စတင်လိုက်ပါ။ ဂုဏ်ထူးတွေ ဝေဝေဆာဆာနဲ့ အောင်မြင်မှုမှာစွာကို လှမ်းဆွတ်ယူလိုက်ပါလို့ မေတ္တာစကားပြောကြားရင်း -

စာမေးပွဲဖြေဆိုကြတော့မယ့် ကလေးတို့တွေအားလုံး ဂုဏ်ထူးတွေ ဝေဝေဆာဆာနဲ့ ထူးချွန်စွာ အောင်မြင်ကြပါစေ။

ဆရာဦးအောင်မောင်

(ရင်ကိုအေးလေးသား)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ထောင်နှုန်းစီစပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ -သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။

ကားရောင်းလိုသူများ - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာဆောင်ရွက်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ -ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် အစာကျွေးပါ။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများနှင့်ကြုံတိုင်း ဆေးဝါး၊ ငွေကြေး၊ အာဟာရများ ကူညီပံ့ပိုးပါ။

ထီကံကောင်းလိုသူများ - ဗုဒ္ဓဟူးသားသမီးတစ်ဦးနှင့် ထီစပ်တူထိုးထားပါ။ ကိုယ်ဂဏန်းမရွေးပါနှင့်။ ဗုဒ္ဓဟူးသားသမီးကြိုက်ရာရွေးပါစေ။ ထီပေါက်တတ်ပါသည်။

တနလ်သားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများနှင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစီပါ။

ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။

ကားရောင်းလိုသူများ - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ကြိုးပမ်းသက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။

လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီး ရွတ်ပါ။

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်လေးများ ဝတ်မသွားပါနှင့်။ ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

ကျန်းမာရေး -ကျန်းမာရေးခိုင်ခဲ့တဲ့နေသော မိခင်အရွယ်သက်ကြီးရွယ်အိုများကို ဆေးဝါး၊ အာဟာရ ငွေကြေးတို့ဖြင့် အဆင်ပြေသလိုကူညီပံ့ပိုးပေးပါ။

ထီကံကောင်းလိုသူများ - စက်ဘီး၊ သုံးဘီးဆိုင်ကယ် စသည်တို့နှင့် လှည်းလည်ရောင်းနေသောထီသည်ထံမှ (၃) စောင်တွဲ ထီလက်မှတ်လေးများ နိုင်သလောက်ဝယ်စမ်းထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိပ်ဝံခြောသွားလိုသူများ - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို တဲန်းဆွမ်းလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး အဓိဌာန်ပုတီးစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမဝင်တော့သည့် အလှပြင်ပစ္စည်းဘူးခွံများ၊ ကြိုးစ ဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ သို့မဟုတ် လမ်းလျှောက်သွား၍နိုး သောဘုရားတစ်ဆူတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ ကုသိုလ်ယူပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။
ထီကံကောင်းလိုသူများ - တနင်္ဂနွေနံထိဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိပ်ဝံခြောသွားလိုသူများ - နံနက်စောစောအရုဏ်ဆွမ်းခံကြွသောသံဃာတော်များကို တန်းဆွမ်းလောင်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် တိုင်ပင်ပြီးရောင်းပါ။
ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်တိုင်ပင်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အင်္ဂါနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ ရောက်တိုင်း တံမြက်စည်းလှည်းပါ။ ဘုန်းတော် ကြီးကျောင်းများသို့ ရောက်တိုင်း ဘုန်းကြီးကုဋီများကိုရေဆေးပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
ကျန်းမာရေး - ငါးအရှင်လေးများကို စေ့းမဆစ်ဘဲ တစ်နိုင်ဝယ်ပြီးဇီဝိတဒါနလွှတ်ပေးပါ။
ထီကံကောင်းလိုသူများ - ခရီးသွားစဉ် လမ်းမှာ ထီဆိုင်တွေ့ပါက ထီထိုးလာခဲ့ပါ။ ထီပေါက်တတ်သည်။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ သုံး၊ လေ ဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဌာန်ပုတီးများစိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိပ်ဝံခြောသွားလိုသူများ - တဟိတဟိဂါထာကို အဓိဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်တိုင်ပင်ပြီး ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် ကြိုးအဟောင်းမျိုးစုံ၊ ကတ် အဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ရင်ပြင်တော်၊ စောင်းတန်းတော်များတွင် တံမြက်စည်းဖြင့် အမှိုက်ကောက်ခြင်းများဆောင်ရွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီဝတ်မသွားပါနှင့်။ ချစ်သူနှင့်ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။
ကျန်းမာရေး- ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာ (၇) ခေါက်ရွတ်မန်းပြီးစားပါ။
ထီကံကောင်းလိုသူများ - ဗုဒ္ဓဟူးနံထီဆိုင်၊ လှည်းနှင့်ရောင်းသောထီသည်လေးများနှင့်ဆုံပါက (၁)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများကပ်လှူပူဇော်ပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်လိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်းခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။
ကားရောင်းလိုသူများ - ကားကို မြောက်အရပ်က အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -သောကြာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီဝတ်မသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
ထီကံကောင်းလိုသူများ - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာ၊ အဓိဋ္ဌာန်ပုတီးစိပ်ပါ။
ကြွေးတောင်လိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်းခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိုရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာနှင့် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမဝင်တော့သည့် အိတ်အဟောင်းအပျက်များ၊ ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များတွင် အသုံးပြုရန် တံမြက်စည်းများ တတ်အားသရွေ့လှူပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ထမင်းစားပြီးတိုင်း ဖုဋ္ဌဿဂါထာရွတ်ရင်း (၁၅) မိနစ်ခန့် လမ်းလျှောက်ပါ။
ထီကံကောင်းလိုသူများ - လှည်းနှင့်ရောင်းသော ထီသည်လေးများ သုံး၊ လေးစီးအုပ်စုလိုက်တွေ့ပါက လှည်းစေ့အောင်၊ တစ်စောင့်စီထိုးထားလိုက်ပါ။ (၄) ဂဏန်းနှင့်စသော ထီလက်မှတ်များနှင့် ကံစမ်းနေပါသည်။

ယခုလတွင်-
တနင်္လာ-စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံပြီး အောင်မြင်မှုများ ရယူပါ။
ဥပမာ- ကံထိန်၊ ချစ်နှင်း၊ ခိုင်ဒင်၊ ကြာထွန်း

မိမိကောင်းမှုအကြောင်းပြု ဆုမတောင်းဘဲပြည့်ပါစေ
ပြည်သိန်းကျော်

၄၀၃
သူရဖွဖဝင်း
အတွဲ (၁၅) အမှတ် (၃) ၊ ၂၀၁၅ ခုနှစ် မတ်လ

www.burmeseclassic.com

အဆီကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင် ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မိုဝဲပါ

ကျွန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကို မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ်

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက် ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန် ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာ ပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအ တွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါ တယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော် တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီး များမှာ အသားအရေ မကြည်လင်တော့၊ ပွယောင် ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဝိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာ တာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာ တစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေ လည်း မကြည်လင်၊ ဝိုက်ပူနံကား ငါးစီပူခါးလို ပုံက ပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေး မိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများ စုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဟျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာ လည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ်စားသောက်နေရတဲ့ အစားအသောက်တွေကြောင့် လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလို ဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရ ပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လို ဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ့ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်း ပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ် ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ် ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေ ဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေတားဆေးတွေ သုံးလို့ပါဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန် ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုး မှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစား ဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေး သားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေး တွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလေးမျိုးထဲက ဆီးနဲ့ဝမ်း ဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေး သုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိ ခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ် ခြင်း၊ ကိုယ်လက်များ လေးလံထိုင်မှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာ စေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါ မယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစား ကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင် ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူ ခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်း ညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွား မလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . . "

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရ မှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချူပ်၊ ဝမ်းချူပ်၊ လေချူပ်ရောဂါတွေ၊ စမြင်းခဲခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူ ညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ် ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချူပ်,ဆီး ကျန် ဝမ်းချူပ်,ဝမ်းကျန်ခြင်း၊ လေချူပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူ များကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာ တွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီး အောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်း တိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွား များလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရော ဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ် များ ကင်းစင်လျက် ပိုလှှံနေသော် အဆီပိုများကို ဖယ် ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန် စေပြီး ကျန်းမာပျော်ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချူပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေး ဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရ မယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (၀) ရပ်ကွက်၊ သုဝဏ္ဏလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၃၁၀၉၁၊ ၀၉၇၃၁၉၅၅၂။

www.burmeseclassic.com

www.burmeseclassic.com

"ရွှတ်ရတာလည်း ပါးစပ်အမြှုပ်ထွက်ခမန်းပဲ၊ ဘာမှဖြစ်မလာဘူး"

"ရွှတ်တာပဲ၊တစ်နေ့ကိုတစ်ထောင်တောင်ရွှတ်တာ။ ထူးနိုးထူးနိုးနဲ့ ဘာမှလဲမထူးတော့ ဆက်မရွှတ်တော့ဘူး"

"ရွှတ်တာကတော့ အချိန်မှန်သလားမမေးနဲ့။ မနက်တိုင်း (၉) နာရီဆိုကွက်တိပဲ။ ဒါပေမယ့် ထူးမှမထူးတာ"

"လက်တွေ့လည်းကြည့်ပါဦး၊ ချိုင့်နေပြီ။ စိပ်လိုက်ရတဲ့ပုတီး၊ ဘာမှကို ဖြစ်မလာဘူး။ တစ်နေ့တစ်နေ့စိပ်နေတာပဲအဖတ်တင်တယ်'

ဒီအသံမျိုးတွေ -
ကြားဖူးကြမှာပါ။
ကိုယ်တိုင် ဒါရိုက်မကြားရင်တောင် တစ်ဆင့်ကြားဖူးကြမှာပါ။
ဒါမှမဟုတ် ကိုယ်တိုင်ကြုံဖူးကြမှာပါ။
ဒီအသံလေးတွေဟာ သေချာနားထောင်ကြည့်ရင် ဝိရိယရှိရုက်သားနဲ့ ဘာမှမထူးခြားရတာမို့ တစ်ခုခုတော့ လိုနေပါလိမ့်မယ်။
မလုပ်လို့ မထူးခြားတာ မဆန်းပါဘူး။
ဝိရိယမရှိလို့ မအောင်မြင်တာ မဆန်းပါဘူး။
အောင်မြင်မှုဆိုတာကလည်း ဘယ်အောင်မြင်မှုမှ အချောင်မရပါဘူး။ အောင်မြင်ဖို့အတွက်ကတော့ ပေးဆပ်ရတာချည်းပါပဲ။
အခု -
ဝိရိယရှိပါလျက်နဲ့ မအောင်မြင်ဘူးဆိုတာကတော့ တစ်ခုခုလွဲနေလောက်ပါပြီ။
လုပ်ပါလျက်နဲ့ မအောင်မြင်ဘူးဆိုတော့ စဉ်းစားလာရပြီ။ ပေးဆပ်ခဲ့ရတဲ့ အချိန်တွေဆိုတာက တန်ဖိုးကြီးတယ်လေ။
ဘာပဲဖြစ်ဖြစ် ဒါလောက် ရွှတ်ဖတ်လာပြီဆိုရင်၊ ဒါလောက် ပုတီးစိပ်လာပြီဆိုရင် တစ်ခုခုတော့ အောင်ကို အောင်မြင်လာရမှာ။ ထူးကိုထူးခြားလာရမှာ။
ဒါဖြင့် -
လိုနေတယ်ထင်တာလေးတွေကို အုတ်တစ်ချပ်သဲတစ်ပွင့်ပါရမီဖြည့်ပေးဖို့ စဉ်းစားရင်း၊လာပြောကြတဲ့မိတ်ဆွေတွေရဲ့ဖြစ်ပုံလေးတွေကို ပြန်စဉ်းစားရင်း၊ တည့်မတ်ပေးခဲ့ရတာလေးတွေကို ပြန်သတိရရင်း -
ဒီလအတွက် -
ဒီသူရဇ္ဇလက်ဆောင်ဖြစ်လာခဲ့ရပါတော့တယ်။

၁၉၈၉ ခုနှစ်လောက်က -
သူငယ်ချင်းတစ်ယောက်နဲ့ စကားလက်ဆုံပြောဖြစ်ပါတယ်။
သူငယ်ချင်းဆိုပေမယ့် သူက အသက် (၈) နှစ်လောက် ပိုကြီးပါတယ်။
"ငါလည်း မင်းလို စာရေးဆရာ ဖြစ်ချင်တာနဲ့ ဆောင်းပါးတစ်ပုဒ်ရေးထားတယ်ကွ"
"ဟာ - ဟုတ်လား"
"အေး-ရော့ဖတ်ကြည့်။ ငါကတော့ ဂါထာမန္တန်ကွ"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - တယ်ဟုတ်ပါလား၊ပြလေ"

ဖတ်ကြည့်လိုက်တော့ သူ့ရေးထားပုံလေးက သူ့ရေးတဲ့ဂါထာကို ခချက်ချင်း ထရွတ်ချင်လောက်အောင်ကို အရေးအသားကောင်းတာ တွေ့ရပါတယ်။ သူ့ရေးထားတဲ့ ဆောင်းပါးက ဆွဲဆောင်သွားရင်းနဲ့ ဂါထာနေရာလည်း ရောက်ရော မျက်လုံးပြူးသွားရပါတော့တယ်။

နေရာတစ်နေရာမှာ 'ဘဿဝရော ရုတောနဝ' အစား 'ဘဿဝရောဂုတော နဝ' ဖြစ်နေလို့ပါပဲ။

"ဟာ - အစ်ကို၊ အစ်ကို့ဂါထာက လွဲနေသလားလို့"

"ဟာ - မင်းကလည်း၊ ဒါထက် ပိုစိတ်ချရတာဘယ်ရှိမလဲကွ။ ဒီမှာကြည့် ကြည့်ပါဦး"

သူ့လက်ထဲမှာ ဂါထာတွေနဲ့ပတ်သက်တဲ့ စာအုပ်ပါးပါးလေးတစ်အုပ်။ ယူကြည့်လိုက်တော့ လက်နှိပ်စက်နဲ့ စာစီထားတာ အောက်မြစ်၊ ဝစ္စပေါက်၊ နောက်ပစ်၊ ဝဆွဲ၊ လုံးကြီးတင်ရေးထားပုံတွေ တချို့ကျန်နေတာတွေ တော်တော်များများတွေ့ရပါတယ်။

"အစ်ကိုဒီဂါထာတွေတော်တော် ရတယ်နော်"

"ဘယ်ကလာ၊ ဘယ်ဂါထာမှမရဘူး။ ဟိုလှန်ဒီလှော့ကြည့်ရင်း ငါစိတ်ကူးပေါက်လာတာနဲ့ ဒီထဲကဂါထာတစ်ပုဒ်ကို အခြေတည်ပြီးစာရေးလိုက်တာ"

'ဟာ. . .

ဒါကတော့ နှုတ်ကထွက်သွားတာမဟုတ်ပါဘူး။ စိတ်ထဲကပဲ ရေရွတ်လိုက်မိတာပါ။

တကယ်စိတ်မကောင်းပါဘူး။ ဒီဆောင်းပါးဟာ စာအုပ်တစ်အုပ်အုပ်၊ စာစောင်တစ်စောင်စောင်ထဲသာပါလာပြီး သူ့ညွှန်းထားတဲ့အတိုင်း သဘောကျပြီး လိုက်ရွတ်လို့ကတော့သွားပြီ။ အချိန်တွေကုန်ရုံပဲ အဖတ်တင်တော့မယ်လို့ တွေးခဲ့မိပါတယ်။

နောက်ပိုင်းဂါထာမန္တန်ဆောင်းပါးတွေကို စိတ်ဝင်တစားဖတ်လာရတဲ့အခါ တချို့ဆောင်းပါးရှင်တွေရေးတဲ့ ဂါထာမန္တန်တွေဟာ အတော့်ကိုစွမ်းတာ ကိုယ်တွေ့ကြုံရပါတယ်။ တကယ်လည်း ကူးယူ၊ အလွတ်အရကျက်ပြီး သူ့ညွှန်းထားတဲ့အတိုင်း အဓိဌာန်တွေဝင်ခဲ့ပါတယ်။ တကယ်လည်းအောင်မြင်ခဲ့ပါတယ်။ ထူးခြားလှပါတယ်။

'နမက္ကာရ' ဘုရားရှိခိုးထဲက 'တဟိ တဟိ' အစချီတဲ့ ဂါထာဆိုရင် ဆရာတော်ကြီးတစ်ပါး ရေးသားချီးမြှင့်ခဲ့လို့ အဲဒီအချိန်ထဲက ကူးယူခဲ့ပြီး နိုင်ငံခြားတိုင်းတစ်ပါးသွားဖို့ထစ်ငေါ့နေတဲ့သူမှန်သမျှကိုပြန်ရေးပေးခဲ့ပါတယ်။ ထူးဆန်းအံ့သြစရာကောင်းလောက်အောင်ကို အောင်မြင်သွားကြတာချည်းပါပဲ။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးနဲ့ လုံးဝအဆက်အသွယ်မရှိတဲ့လူတွေတောင် အဲဒီဂါထာကိုအခြောနှဲဝင်ပြီး ကြဲဖန်အဆက်အသွယ်ပေါ်၊ ကြဲဖန်အချိတ်အဆက်ပေါ်ပြီးနိုင်ငံခြားရောက်နေကြပါပြီ။ သွားဖို့ထစ်ငေါ့နေတဲ့သူတွေမှန်သမျှ ရှောရှောရှူရှူ ထွက်ဖြစ်ကုန်ကြတာများပါတယ်။ ဆရာတော်ကြီး ရေးသားချီးမြှင့်ခဲ့တာ ၁၉၈၈ ဝန်းကျင်ကတည်းကပါ။

တကယ်ထူးခြားပြီး တကယ်စွမ်းလွန်းလို့ ဆရာတော်ကြီးကို ခချိန်ထိရှိခိုးကန်တော့နေရပါတယ်။

တစ်ယောက်ယောက်ကို ဒီဂါထာကိုယ်တိုင်ရေးပေးတော့မယ်ဆိုရင်လည်း ဒါ ဆရာတော်ဘုရားကြီးချီးမြှင့်လို့ တို့တွေဖတ်ရပြီးသိတာ။ ဒီဂါထာကို ဒီလို ရွတ်ရင် ဒီလိုသွားရမယ်၊ ဒီလိုက်တွေ ပွင့်မယ်ဆိုတာ ဆရာတော်ဘုရားကြီး ရေးပြမှသိတာ။ ဒါကြောင့် ဘုရားဝတ်ပြု ဂါထာရွတ်ရှိခိုးပြီးတိုင်း ကျေးဇူးကြီးမားတဲ့ ဆရာတော်ဘုရားကြီးကို အာရုံပြုပြီး ကန်တော့ဆိုပြီးမှာရလေ့ရှိပါတယ်။

ဟုတ်ပါတယ်။ ကျေးဇူးကြီးမားလှပါပေတယ်။

အဲဒီလိုမျိုးရတဲ့ ဂါထာတွေ၊ မန္တန်တွေကတော့ ဘာနဲ့မှတန်ဖိုးဖြတ်လို့ မရပါဘူး။

ခုတွေ့နေရတာက -

အများကြီးထဲက တစ်ယောက်၊ နှစ်ယောက်ပေါ့လေ။

ဒါကတော့ လူပေါ့၊ လူဆရာရေးတာပေါ့။

တချို့ အခိုင်အမာရေးတဲ့ အချက်အလက်တွေကြောင့် တကယ်တမ်းသွားစုံစမ်းကြည့်တဲ့အခါ အဲဒီဂါထာမန္တန်နဲ့ ပတ်သက်ခဲ့တဲ့ပုဂ္ဂိုလ်ထူးတွေ၊ နေရာတွေ တွေ့ရပါတယ်။ တကယ်လည်း ကြည်ညိုသဒ္ဓါပွားပြီး ပူဇော်ခဲ့ရပါတယ်။ ကြည်ညိုခဲ့ရပါတယ်။လှူခဲ့ရပါတယ်။ တကယ်လည်း အစွမ်းထက်တဲ့ ဂါထာမန္တန်တွေရခဲ့ပါတယ်။ ထူးလည်းထူးခြားခဲ့ပါတယ်။ လက်ဆင့်ကမ်းမှုဝေပြီး ကုသိုလ်ဆက်ခဲ့နိုင်ပါတယ်။

တချို့ကျတော့ တစ်ယောက်စနှစ်ယောက်စဆိုပါတော့။

ဘယ်လိုသွားပြီး စုံစမ်းရမှန်းမသိတာတွေနဲ့စပြီး ဘာမှန်းမသိတာတွေနဲ့ နိဂုံးချုပ်သွားကြတာများပါတယ်။

ဥပမာတစ်ပုဒ်ပြရရင် -

တစ်ခါက ကျွန်တော် ဘုရားရှိခိုးနေတဲ့ စေတီရဲ့အနောက်မြောက်ထောင့်တစ်နေရာမှ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါတယ်။ လက်မှာ စမတွေပေါ်နေတဲ့ပုတီးကြိုးကိုစိပ်ပြီး ပါးစပ်ကပွစိပွစိနဲ့အင်မတန်တည်ငြိမ်ရင့်ကျက်တဲ့ ဣန္ဒြေကြောင့် သူ့နားကို မသွားရမနေနိုင်အောင်ဖြစ်ပြီး သွားလိုက်မိတဲ့ခဏ -

"အဘဘယ်ကကြွလာတာများလဲခင်ဗျာ"

"အေး-ငါ့သား၊ ငါကတော့ပဌာန်းဆက်ရှိတဲ့နေရာမှန်သမျှရောက်နေတာပဲ။ ခုလည်း မင်းနဲ့ ငါ ပဌာန်းဆက်ရှိလို့ ခုလို လာတွေ့ရတာမှတ်"

"အဘရဲ့နာမည်များ. . . "

"ငါ့နာမည်လား၊ ငါ့နာမည်မသိချင်ပါနဲ့ကွာ။ သတ္တဝါတွေကို ကယ်နေတဲ့ အဘကြီးတစ်ယောက်လို့ပဲ မှတ်ထားလိုက်ပါ။ ဘယ်နေရာဖြစ်ဖြစ် ငါသွားချင်ရင် ရောက်အောင်သွားလို့ရတယ်။ မင်းနဲ့ငါ ပဌာန်းဆက်ရှိလို့ ငါမင်းကိုဂါထာတစ်ပုဒ်ဒီချီးမြှင့်ခဲ့မယ်။ ယုံယုံကြည်ကြည်နဲ့သာရွတ်။ အကျိုးထူးတွေပေးပြီး မင်းဟာ တစ်နှစ်အတွင်း ကြီးပွားတိုးတက်လာလိမ့်မယ်"

"ဟာ - ဝမ်းသာလိုက်တာ အဘကြီး"

× × ×

ဆောင်းပါးက -

ဒီထိဖတ်လို့ကောင်းပါတယ်။ အဲဒီနေရာကစပြီး ပြဿနာက ဂါထာပါပဲ။ စောစောကပြောသလို အစက်အပြောက်တွေပါသင့်တဲ့နေရာမပါ၊ မလိုတဲ့နေရာတွေမှာပါဖြစ်နေတော့ ဂါထာက ဖတ်သာဖတ်ရတယ်၊ ဘာမှန်းမသိပါဘူး။

ဒါနဲ့ ဘုန်းဘုန်းတစ်ပါးကို ရှိခိုးသေသေကန်တော့ပြီး အဲဒီဂါထာကိုလိုက်တော့မှ ဂါထာဟာများနေမှန်းသိရပါတော့တယ်။

စိတ်ထဲမကောင်းပါဘူး။

ဒါဥပမာပေးတဲ့တစ်ပုဒ်ပဲရှိပါသေးတယ်။

တကယ်လို့ ဒီအမှားကြီးကို ကအညွှန်းအတိုင်းယုံယုံကြည်ကြည်နေတဲ့သူဆိုရင် သူ့ခမျာ အချိန်တွေထွေ

www.burmeseclassic.com

ပြီး အလကားဖြစ်နေရုံပဲ အဖတ်တင်ပါလိမ့်မယ်။ ရွတ်ပါများ အလကားဖြစ်ပါများလို့ အချိန်ကြာလာရင် သူဟာ ဂါထာမန္တန်တွေကို လက်ညှိုးထိုးလာပါလိမ့်မယ်။ အလကားပါကွာ၊ ဘာမှလဲဖြစ်မလာပါဘူးဆိုပြီး ဟိုလျှောက်ပြောဒီလျှောက်ပြောပြောပါလိမ့်မယ်။

အဲဒီဂါထာမှာ ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်နဲ့ စပ်ဆိုင်တာပါနေရင် သူ့အတွက်ပိုပြီးအပြစ်တွေကြီးသွားနိုင်ပါတယ်။

'တဟိတဟိ' ဂါထာကို တစ်နေရာမှာတွေ့ပြီး ပုတီးစိပ်တဲ့သူတစ်ယောက်ဟာ သုံးလေးလကြာလို့ ဘာမှဖြစ်မလာတော့ ရောက်လာပြီးပြောပြပါတယ်။ ဘယ်ကရတာလဲဆိုတော့ စာစောင်တစ်ခုကိုပြပါတယ်။ အဲဒီမှာရေးထားတာက 'တဟိတဟိ' ဖြစ်နေပါတယ်။ သေးသေးတင်အစက်လေးပါမလာပါဘူး။ ပုံနှိပ်မှာလို့တာပဲလားဘာလားတော့ပြောလို့ မရပါဘူး။ တစ်နေရာရာမှာတော့ကျန်ခဲ့တာသေချာပါတယ်။ သူတဟိတဟိရွတ်နေတော့ အဓိပ္ပာယ်ကြီးကလွဲနေပြီပေါ့။ ဘယ်လာထူးပါတော့မလဲ။

အဲဒီလိုကြုံကြတဲ့သူတွေ အများကြီးပါ။

ဗဟုသုတကြည့်ချင်ရင် ဂါထာမန္တန်တွေနဲ့ပတ်သက်တဲ့ စာအုပ်တွေကို လေ့လာကြည့်ပါ။ ပါဠိစာသားတွေမှာ အစက်အပြောက်လေးတွေလိုတဲ့ဟာလို ပိုတဲ့ဟာပိုဖြစ်နေတာတွေ့ရပါလိမ့်မယ်။ နှစ်တွေကလည်းကြာခဲ့ပြီလေ။

ဒီဂါထာမန္တန်တွေကို ဒါလောက်ထိန်းသိမ်းစောင့်ရှောက်လာကြတာကိုပဲ ကျေးဇူးတင်လှပါပြီ။ လက်ဆင့်ကမ်းတာကိုပဲ ကျေးဇူးကြီးလှပါပြီ။ ဒါပေမယ့် စောစောကပြောသလို ဂရုတစိုက်တော့ လေ့လာရပါလိမ့်မယ်။

တချို့ဂါထာရဲ့အနက်အဓိပ္ပာယ်ကို ဘာသာပါပြန်ပေးတဲ့ ပညာပေးကုသိုလ်ပေးဆောင်းပါးတွေရှိပါတယ်။ တကယ်လည်းရှင်းနေတာပါပဲ။ တော်တော်ကျေးဇူးကြီးပါတယ်။ အဲဒီအခါကျ မမှားသင့်တာတွေ မမှားတော့ပါဘူး။

ရွတ်ရတဲ့လူ၊ ပုတီးစိပ်ရတဲ့လူအတွက်လည်း အင်မတန်မှ ကုသိုလ်ကြီးပါတယ်။

ရှေးရှေးကဂါထာတွေဟာ သူ့အစွမ်းနဲ့သူ အင်မတန်အစွမ်းထက်ကြတဲ့ဂါထာတွေချည်းပါပဲ။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးတော်ပါတဲ့ဂါထာတွေဆိုရင် ပြောစရာမရှိအောင်ကို စွမ်းလှပါတယ်။

စွမ်းအောင် ရွတ်ဖို့တော့ လိုပါတယ်။

ဒါပေမယ့် စောစောကပြောသလို တစ်ဆင့်တစ်ဆင့်ဆက်ကူးလာတဲ့အခါကျတော့ ကျန်တာတွေကျန်ပိုတာတွေပိုဖြစ်ကုန်ပြီး အစွမ်းသတ္တိဆိုတာ ဝေလာဝေးဖြစ်သွားတတ်ပါတယ်။

အဲဒီလိုမျိုးတွေတွေ့နေရပါတယ်။

များသောအားဖြင့် မန္တန်တွေဆိုပိုဆိုးတတ်ပါတယ်။

ဟိုတုန်းက မန္တန်တစ်ခုကိုသဘောကျလို့ ကူးရေးခိုင်းသူကလည်း ကူးရေးခိုင်းလို့ရေးခဲ့ပါတယ်။ အဲဒီမှာ လက်ရေးက ကွန့်ပြီးရေးထားတော့ ဖြတ်မှန်းမသိအွဲ့မှန်းမသိဖြစ်ပြီး ဘယ်လိုရွတ်ရမှန်းမသိပါဘူး။ သူ့ကိုမေးကြည့်တော့ ဒီသုံးကြောင်းမှာ ပထမတစ်ကြောင်းကို ဖြတ်ရွတ်ရတာကွ။ ဒုတိယတစ်ကြောင်းက အွံ့ရွတ်ရတာဆိုပြီး ပြောပါတယ်။ သေချာကြည့်တော့ လက်ရေးကသေသေထားတာဖြစ်နေလို့ ဘာမှန်းကိုမသိခဲ့ပါဘူး။ ဒါဆို သုံးကြောင်းဟာ တကွဲစီမဖြစ်နိုင်ဘူးလို့စဉ်းစားခဲ့ပြီးမရွတ်ဖြစ်ခဲ့ပါဘူး။

ဒီလိုပဲ မန္တန်တွေတော်တော်များများရပါတယ်။ ခုနပြောသလို အစက်အပြောက်ကိစ္စတွေ၊ စာကျန်တဲ့ကိစ္စတွေ၊ လုံးကြီးတင်ပါမလာတဲ့ကိစ္စတွေကြောင့် မရွတ်ရဲလို့ မရွတ်ရတဲ့မန္တန်တွေ အများကြီးရှိနေပါတယ်။

တစ်ခါ တစ်နေရာမှာ တွေ့ပြန်ပါတယ်။ 'သြောင်'။

အဲဒီမန္တန်ရဲ့အစမှာပါ။ သြောင်းဆိုပြီး တွေ့ခဲ့ဖူးတော့ အဲဒီမန္တန်ကို စိတ်ဝင်စားပြီးကြည့်မိပါတယ်။ အရင်တွေ့တာထက် ခုတွေ့တာက ပိုစုံပါတယ်။ ဒါပေမယ့် သြောင်နဲ့ သြောင်းလွဲနေပြန်တာနဲ့ မရွတ်ရဲပြန်ပါဘူး။

ဂါထာတစ်ပုဒ်ကို ဘယ်လိုပုံစံနဲ့ ရေးရေး ဖတ်ကြသူတိုင်းလိုလို စိတ်ဝင်စားလေ့ရှိပါတယ်။

ရွတ်ချင်ကြတယ်။ ကူးယူချင်ကြတယ်။ ဒါသဘာဝပဲပဲ။

တချို့ဆို တကယ်ကိုယ်တွေ့ရေးကြတာမှန်းသိသာပါတယ်။

တကယ် ကိုယ်တွေ့ရေးတာနဲ့ ကြားဖူးနားဝတစ်ဆင့်စကားကိုပြန်ရေးတာ ကွဲပြားပါတယ်။

ဒီလိုပါပဲ။ တကယ်ကိုယ်တွေ့ရေးတာနဲ့ ပုံနှိပ်စာအုပ်တစ်ခုခုကကူးယူပြီး ရေးတာလည်း ဖတ်ကြည့်တာနဲ့ သိသာပါတယ်။

ဒီနေရာမှာ -

တစ်ခုအကြံပေးချင်ပါတယ်။

အဲဒါကတော့ -

လူစွမ်းဖို့လိုပါလိမ့်မယ်။

ဘာမဆိုလူစွမ်းမှစွမ်းတာပါ။

စွမ်းအောင်ကျင့်ထားရပါလိမ့်မယ်။

ထုံထားရပါလိမ့်မယ်။ ဝတ္ထုတစ်ပုဒ်မှာ အန္တရာယ်ကြုံမယ့်ကိစ္စကြီးကို ဂါထာရွတ်လိုက်တာနဲ့လွဲသွားတာ ရေးထားတယ်ဆိုပါတော့။

သူက အဲဒီဂါထာကို ဘယ်လောက်တောင် ရွတ်ခဲ့လဲမှမသိတာ။ ဘယ်လောက်တောင်ထုံထားပြီလဲမှမသိတာ။ ဒီတော့ ရုတ်တရက် အကြောင်းပေါ်လာတာနဲ့ ဒီဂါထာကို သတိရလိုက်တော့စွမ်းပြပေါ့။

ကိုယ်က သူ့အညွှန်းအတိုင်း ဒီဂါထာကို ကူးထားရော။

အရေးလည်းကြုံရော ရွတ်ကြည့်ရော ထုံမထားတော့ မစွမ်းဘူး။

ဒီတော့ ဂါထာမန္တန်တွေအပေါ်မှာ အပြစ်တွေပြောလာပြန်ရော။

ဒါ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါပဲ။

မှန်ပါတယ်။

ဘယ်ဂါထာကိုပဲဖြစ်ဖြစ်ထုံထားရပါလို့လဲ။

ဖြစ်နိုင်ရင်တော့ ရှစ်သောင်းလေးထောင်ပြည့်အောင်ထုံထားသင့်တယ်လို့ အကြံပြုချင်ပါတယ်။

ဒါကလည်းမခက်ပါဘူး။

ဆိုကြပါစို့ သမ္မဒ္ဓေဂါထာတော်။

တစ်နေ့ တစ်ထောင်ရွတ်ရင် တစ်လပြည့်တာနဲ့ သုံးသောင်းရွတ်ပြီးသားဖြစ်နေပါပြီ။ သုံးလအတွင်းမှာ ရှစ်သောင်းလေးထောင်ပြည့်ပါတယ်။

သရဏဂုံရွတ်ရင်လည်း ဒီအတိုင်းပါပဲ။

အဲဒီလို ရှစ်သောင်းလေးထောင်ပြည့်အောင် ရွတ်ထားပြီဆိုတာနဲ့ ဒီဂါထာဟာထုံနေပါပြီ။ အရေးကြုံရင် စွမ်းပါပြီ။

ဆရာဆိုရင် သရဏဂုံကို သုံးကုဋေပြည့်အောင်ရွတ်ခဲ့သူဖြစ်ပါတယ်။

ဆရာဟာ အဆောင်တစ်ခုခုပေးတော့မယ်ဆိုရင် သူ့လက်ထဲမှာ အဆောင်ကိုထည့်၊ သေချာစိုက်ကြည့်ပြီး သရဏဂုံကို ပိပိသသ (၃) ကြိမ်ရွတ်ပြီးမှ ပေးပါတယ်။ ပေးတဲ့အဆောင်တိုင်းလည်း စွမ်းလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမဟုတ်ပါဘူး။ ဒန်းကြီးသားလက်နှစ်ဆစ်တို့၊ ခရေသားလက်နှစ်ဆစ်တို့ဆိုတဲ့ အသားလေးတွေပါပဲ။ ဒါပေမယ့် ဘယ်လိုမှထင်မထားတဲ့ ကိစ္စကြီးတွေ အောင်မြင်သွားလေ့ရှိပါတယ်။

ထူးဆန်းလွန်းလို့၊ အံ့ဩလွန်းလို့ မရဲတရဲနဲ့ ချဉ်းကပ်ပြီး မေးကြည့်တော့မှပဲ-

"ငါက ငါစွမ်းအောင် ကျင့်ထားတာကိုး။ ဒီတော့ ငါပေးတဲ့အဆောင်က စွမ်းပြေပေါ့"တဲ့။ "ငါစွမ်းအောင်ကျင့်မထားရင်တော့ သူတို့ကိုပေးလိုက်တာတွေက သစ်ကိုင်းတွေပဲဖြစ်နေမှာပေါ့" တဲ့။

တစ်သက်လုံး စွဲမှတ်သွားမိတဲ့ စကားပါပဲ။

ဒါကြောင့် ဆရာဟာ မလိုရင် စကားမပြောဘဲ ပွစိပွစိနဲ့ နှစ်ချီအောင် ရွတ်နေခဲ့တာကိုးလို့ သိရပါတော့တယ်။

ဒါ -

နမူနာပြောပြလိုက်တာပါ။

ဘယ်ဂါထာ၊ ဘယ်မန္တန်ကိုပဲဖြစ်ဖြစ် ထုံထားတာ အကောင်းဆုံးပါပဲ။

ဂါထာ၊ မန္တန်တစ်ခုခုကိုတွေ့လို့ စိတ်ဝင်စားပြီ၊ ရွတ်ချင်ပြီဆိုရင်လည်း အဲဒီဂါထာမန္တန်ပါတဲ့စာအုပ်ကို သံဃာတော်အရှင်သူမြတ်တစ်ပါးပါးစီယူသွားပါ။ ရိုရိုသေသေကန်တော့ပြီးမှပြပါ။ ဘုန်းဘုန်းတို့က စာကျန်တာ၊ စာပိုတာ အသိဆုံးပါပဲ။ ဘုန်းဘုန်းတို့ ပြုပြင်ပေးပြီးပြီဆိုရင်ရွတ်တော့၊ စွမ်းပါပြီ။ ပြင်စရာမလိုရင်လည်း မလိုတဲ့အကြောင်း အမိန့်ရှိပါလိမ့်မယ်။ လိုရင်လည်း ဘုန်းဘုန်းတို့ ပြုပြင်လမ်းညွှန်ပေးပါလိမ့်မယ်။ ဒါမှလည်း စိတ်ချလက်ချရွတ်လို့ရတော့မှာပေါ့။ အဓိပ္ပာယ်လည်းသိတော့မှာပေါ့။

ဒီနည်းဟာ အကောင်းဆုံးပါပဲ။

ရမ်းရွတ်၊ ရမ်းကူးနေတာထက် စာရင် သံဃာတော်အရှင်သူမြတ်များရဲ့ ညွှန်ကြားပြုပြင်ပေးမှုကို ရှိသေစွာခံယူပါ။

အများကြီး အကျိုးတွေထူးလာပါလိမ့်မယ်။

အစက်အပြောက်လေးတစ်ခုမပါတာနဲ့ အဓိပ္ပာယ်တွေလွဲသွားနိုင်တာကို စာတတ်ပေတတ် ဘုန်းဘုန်းတို့ကသာ သိပါလိမ့်မယ်။ ကိုယ့်ဟာကိုယ် စဉ်းစားနေရင် လိုတဲ့နေရာလိုနေပြီး မစွမ်းဘဲဖြစ်နေတတ်ပါတယ်။

နောက်တစ်ခု အကြံပေးချင်တာက -

ဂါထာ၊ မန္တန်ဆောင်းပါးတွေဖတ်

ပြီးတိုင်း တွေ့သမျှဂါထာ၊ တွေ့သမျှမန္တန်ကို ကူးယူပြီးကျက်နေရမယ်ဆိုရင် ဖြစ်နိုင်၏။ မဖြစ်နိုင်၏၊ ကိုယ့်ကိုယ်ကိုယ် စဉ်းစားပါ။

တစ်ယောက်က သူအကျိုးပေးတဲ့ပုတီးစိပ်ကို ဖော်ပြလိုက်လို့ -

'ဟာ - ငါလည်းစိပ်ဦးမှ' ဆိုပြီး စိပ်ရင်းစိပ်ရင်း ဘာမှဖြစ်မလာတော့တဲ့ အခါ တစ်မျိုးပြောတတ်ပါတယ်။

တချို့ နာမည်ကြီးသူတွေစိပ်တဲ့ ပုတီးစိပ်ဆိုပြီးစိပ်ကြရင်း ဘာမှဖြစ်မလာဘဲ ပြန်ငြိမ်သွားကြသူတွေလည်း ရှိကြပါတယ်။

အဲဒီလို နာမည်ကြီးသူဟာ သူနာမည်မကြီးခင်၊ မအောင်မြင်ခင် ကတည်းက ဘယ်လောင်တောင်စိပ်ခဲ့၊ ရွတ်ခဲ့လဲ ကိုယ်မှမသိရတာ။

ကိုယ်က သူ့ကိုအားကျပြီး ခုချက်ချင်းထရွတ်၊ ထစိပ်လို့ သူလိုဘယ် အောင်မြင်နိုင်ပါ့မလဲ။ သူလိုပဲ ယုံယုံကြည်ကြည်နဲ့ထုံရမှာပေါ့။

သူက်နဲ့ကိုယ့်ကံမတူဘူးလေ။

ကြည့်ကြည့်ပါ။ လူတစ်ယောက် ထူးခြားပုံနဲ့ တခြားတစ်ယောက် ထူးခြားပုံ မတူပါဘူး။

သူက သမ္မဒ္ဓေဂါထာတော်ကြီးကို နှစ်ပေါင်းများစွာ ရွတ်ဖတ်ပုတီးစိပ်ပြီး ထုံလာလို့ အကျိုးပေးခဲ့နေပေမယ့် တခြားတစ်ယောက်က ဂုဏ်တော်ပုတီးကို နှစ်ရှည်လများစိပ်ပြီး အောင်မြင်ခဲ့သူ ဖြစ်ချင်ဖြစ်နေမှာပါ။

အရေးကြီးတာက -

စောစောက အကြံပြုသလို ထုံနေဖို့၊ ယုံကြည်နေဖို့ပါပဲ။

ပြောရမယ်ဆိုရင် နှုတ်ကြမ်းတမ်းတဲ့လူဟာ ပီယသိဒ္ဓိမန္တန်ရွတ်နေလို့မစွမ်းပါဘူး။

ဒီလိုပဲ စီးပွားကိုလက်ကြောသန်းအောင်မရှာချင်တဲ့လူဟာ စီးပွားတက်ဂါထာတွေ၊ မန္တန်တွေရွတ်နေလို့ အလကားပါပဲ။

အမြဲလိုလို ရန်လိုနေတတ်တဲ့သူဟာ အကာအကွယ်ကောင်းတဲ့ဂါထာကို ရွတ်နေလို့ ထူးမှာမဟုတ်ပါဘူး။

ဒါလေးတော့သိထားသင့်ပါတယ်။

ဒါကဂါထာတွေ၊မန္တန်တွေနဲ့အတူ မပါမဖြစ်ပါရမယ့်ကိုယ့်ကျင့်တရားပါပဲ။ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်ခြင်းပါပဲ။

လင်မယား ရန်ဖြစ်လို့ဆင်းသွားတယ်။

ပြန်ခေါ်တဲ့လူက လာပစေဦး၊ ဒီတစ်ခါလောမှ ပါးကိုဘယ်ပြန်ညာပြန် ရိုက်မယ်ဆိုပြီး မေတ္တာသုတ်ရွတ်ခေါ်နေလို့ သဘာဝကျနိုင်ပဲ့ပါ့မလား။

ဒါကြောင့် -

ဒီလိုမျိုးတွေမဖြစ်အောင် -

ရွတ်ဖတ်တဲ့အခါမှာလည်း အမှားအယွင်းတွေမဖြစ်အောင် ရှေးရှေးကပညာရှိကြီးတွေက 'အထိန်း' တွေထားခဲ့တာဖြစ်ပါတယ်။ ဌာန်၊ ကရိဏ်းကျကျ ပီပီသသ ရွတ်ခိုင်းခဲ့တာ ဖြစ်ပါတယ်။ အာရုံပြုပြီးရွတ်ခိုင်းခဲ့တာ ဖြစ်ပါတယ်။

အဲဒါလေးတွေကိုပြောချင်တာပါ။

အကြံပြုချင်တာပါ။

ဒါဆို ဘာကိုရွတ်တာဘယ်လိုမှ မထူးပါလားတို့၊ ဘယ်ပုတီးစိပ်ကိုစိပ်ကြည့်တော့ ဘာမှဖြစ်မလာပါလားတို့ ဆိုတဲ့ကိစ္စလေးတွေရဲ့အဖြေ သိသင့်သလောက်တော့ သိလောက်ပါပြီ။

ရွတ်ကြည့်စမ်းမယ်တို့၊ စိပ်ကြည့်စမ်းမယ်တို့မလုပ်ပါနဲ့။

စမ်းရုံနဲ့မစွမ်းတဲ့ဂါထာတွေအများကြီးပါ။ ထုံနေအောင်ယုံယုံကြည်ကြည်နဲ့ ရွတ်ဖို့ပဲလိုပါတယ်။ ထုံမှစွမ်းတာပါ။

ဒါ -

ဒီလအတွက်ပေးချင်လှတဲ့ သူ့ရွေးလက်ဆောင်ပါပဲ။

အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်ဖို့ ပုတီးစိပ်ချင်သူ၊ ဂါထာမန္တန်ရွတ်ချင်သူတွေအတွက် -

ဖြစ်နိုင်တဲ့ အကြောင်းအရာလေးတွေကိုရွေးပြီးအကြံပြုလိုက်ပါတယ်။

ကျန်းမာခြင်း၊ ချမ်းသာခြင်း
အောင်မြင်ခြင်းများစွာနဲ့
ပြည့်စုံကြပါစေ။

ဆရာဦးမော်ငမောင်သန့်
(ရင်ကိုအေးမြစေသား)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးနှင့် ဟောစတမ်းဆရာဦးမောင်မောင်သန်း

ရင်ကိုအေးမြစေသား

၂၀၁၅ ခုနှစ်၊ ပုံတိုက်လ

BURMESE CLASSIC

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးမည့်နာမည်ရှင်များမှာ ကြာသပတေးနာမည်ရှင်၊ ကြာသပတေးသားသမီးများဖြစ်ပါသည်။ ဘာမဆိုတိုင်ပင်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ နေ့စဉ်ကျင့်ကြံအားထုတ်မှုများဝတ္တရားမပျက်ပါစေနှင့်။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုဆောင်ရွက်ပါ။ အညံ့များရှိကတဖြည်းဖြည်းလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများစိတ်ချမ်းသာမှုရှိစေရန် စကားပြောဆင်ခြင်ရပါမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ စိတ်ကသိကအောက်ဖြစ်မည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားပြီးရှောင်လိုက်ပါ။ ရင်ပြည့်၊ ရင်ကယ်၊ လေအောင့်စေသောအစားအစာများ လွန်ကဲစွာမစားပါနှင့်။ ဝင်ငွေကောင်းပါမည်။ အကုန်အကျလည်းများနေတတ်ပါသည်။ ပညာရေးကဲများကောင်းနေပါသည်။ အောင်မြင်မှုပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကဲကောင်းနေသော်လည်း မျက်နှာများတတ်သူမဖြစ်ပါစေနှင့်။ ချစ်သူကို ကျီစားလွန်ပြီး လမ်းခွဲစကားသံများမမျှော်လင့်ဘဲကြားရတတ်သည်။ အိမ်ရှိစက်ပစ္စည်းများပျက်၍ ငွေကုန်ကျရတတ်သဖြင့် လက်မမှားပါစေနှင့်။ ယခုလထိထိုးမည်ဆိုပါက လှည်းနှင့်ရောင်းသောထိသည်လေးများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက (၅) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ ခြေထောက်မကောင်းသူများကို ငွေ၊ အာဟာရ၊ ဆေးလှူပေးပါ။

တနလာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် အကောင်းဆုံးအကျိုးပေးသည့်နာမည်ရှင်များမှာ အင်္ဂါနာမည်ရှင်များ၊ အင်္ဂါသားသမီးများ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဘာသာရေးနှင့်ယှဉ်ပြီး ဘာမဆိုလုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုများရရှိလာပါလိမ့်မည်။ စက်ပစ္စည်းအကျိုးပေးသည်။ စက်ပစ္စည်းကောင်းများဝင်လာမည်။ ယခုလတွင် လုပ်ငန်းအစပြုမည်ဆိုပါက အဆင်မပြေဘဲ လက်ရှိလက်ငန်းကိုချဲ့၍လုပ်ကိုင်ခြင်းအားဖြင့် အောင်မြင်ပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် မိသားစုအပေါ် နားလည်မှု

www.burmeseclassic.com

www.burmeseclassic.com

များပေးပါ။ လုပ်ငန်းခွင်အတွင်း စိတ်ရှုပ်စရာကိစ္စများကြုံရတတ်၍ စိတ်ချမ်းသာမှုရှိစေရန် အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက် စသော ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသော ဒိဝါတာပတိဂါထာ၊ ရှင်သီဝလိဂါထာများကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ မမျှော်လင့်ဘဲ ထီပေါက်ကိန်းရှိပါသည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ အာရုံကြောများ မကြာခဏအနားပေးပါ။ ပညာရေးအတွက် စာချိန်စာ၊ ကစားချိန်ကစား၊ အချိန်ဇယားလေးနှင့်လုပ်ထားပါ။ အောင်မြင်ပါလိမ့်မည်။ နှလုံးသားရေးကိစ္စများ ဆုံးဖြတ်ချက်မချနိုင်ဘဲဖြစ်နေမည်။ ထိထိုးရန်အတွက် စက်ဘီး၊ သုံးဘီး ဆိုင်ကယ်တို့နှင့်လှည့်ရောင်းသော ထီသည်ထံတွင် (၃) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

ယတြာ ။ ။ *ဦးခေါင်းမကောင်းသော ဝေဒနာရှင်များကို တွေ့တိုင်း ငွေ၊ အာဟာရ ထိထိရောက်ရောက်လှူပေးပါ။*

အဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် အကောင်းဆုံးကူညီပေးမည့် နာမည်ရှင်များမှာ ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်း၊ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးသွားရန်စီစဉ်ပြီးမှပျက်သွားတတ်သည်။ စကားပြောဆင်ခြင်ရမည့်ကာလဖြစ်ပါသည်။ အိုးအိမ်အဆောက်အအုံနှင့်ဆိုင်သောကိစ္စများ မမျှော်လင့်ဘဲ အဆင်ပြေသွားမည်။ အလုပ်လျှောက်ထားသူများ ရွေးချယ်ခြင်းခံရမည်။ ဘာသာရေးဦးစားပေးကျင့်ကြံရမည့်ကာလ ဖြစ်ပါသည်။ သို့မှသာ အောင်မြင်မှုသေချာမည်။ ဝင်ငွေကောင်းသော်လည်း အကုန်အကျများ၍ အဖတ်မတင်ဖြစ်နေမည်။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ အစားမှားတတ်ပါသည်။ မတည့်သောအစားများ သတိထားပြီးရှောင်ပါ။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရှိမည်။ လူမှုရေးကိစ္စများအခက်အခဲရှိပါက နေ့စဉ် သမ္မဒ္ဒေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ပညာရေးကံများကောင်းပါမည်။ အောင်မြင်မှုပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ အဆင်မပြေဖြစ်တတ်သည်။ ချစ်သူကို သဝန်တိုသောကြောင့် မခံချင်စရာစကားများပြောမိတတ်ပါသည်။ သတိပြုရှောင်ရှားလိုက်ပါ။ ခိုလေးများကို အစာကျွေးပါ။ စိတ်ချမ်းသာမှုပြန်လည်ရရှိပါလိမ့်မည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အဆင်ပြေမလိုလိုနှင့် အဖျားရှူးတတ်ပါသည်။ ထီထိုးရန်အတွက်၊ တနင်္ဂနွေနံ၊ ကြာသပတေးနံထီဆိုင်များတွင် (၅) အစ (၁) အဆုံး ထီလက်မှတ်လေးများနှင့်အကျိုးပေးတတ်ပါသည်။

ယတြာ ။ ။ *ဆေးလိပ်အပ်သော ကျန်းမာရေးမကောင်းသူတစ်ဦးဦးကို ဆေး၊ ငွေ ထိထိရောက်ရောက်လှူလိုက်ပါ။*

ဗုဒ္ဓဟူးသားသမီးများ

BURMESE CLASSIC .com

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် အကောင်းဆုံးကူညီမည့်သူများမှာ အဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလွန်အလုပ်များသောကာလဖြစ်ပါသည်။ အလုပ်အကြွေးများကိုဖြေရှင်းနေရတတ်သည်။ စိတ်ရောဂါယိပါပင်ပန်းတတ်၍ ဓါတ်ကြာခဏအာရုံကြောများအနားပေးပါ။ စက်ပစ္စည်းအသစ်များဝင်မည်၊ ငွေဝင်လာမည်၊ ငွေဝင်တိုင်း အလှူဒါနလေးများ ပြုလုပ်ပါ။ ကုန်သမ္ဘာငွေပြန်ဝင်နေပါလိမ့်မည်။ ကျန်းမာရေးကောင်းမည်။ ရပ်ဝေးမှ သတင်းကောင်းများကြားရမည်။ ခရီးယာယီမကြာမကြာထွက်ဖြစ်မည်။ မွေးနေ့တွင် သီလဆောက်တည်နေထိုင်ခြင်း၊ ကောင်းမှုကုသိုလ်များဆောင်ရွက်ခြင်း၊ အလှူဒါနများပြုလုပ်ပေးခြင်းဖြင့် အညှဉ်များကင်းဝေးသွားပြီး ဆန္ဒများပြည့်လာတတ်ပါသည်။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရှိမည်။ ပညာရေးကောင်းမည်။ သူငယ်ချင်းများနှင့် အချိန်မဖြုန်းဘဲ စာလုပ်ရန်သာလိုပါသည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ မျက်နှာပွင့်လွန်းနေမည်။ မျက်နှာများသူမဖြစ်ပါစေနှင့်။ ဥပဒေနှင့်မကင်းသောအလုပ်များကိုရှောင်ပါ။ လောင်းကစားကိစ္စများလုံးဝရှောင်ပါ။ အမှုအခင်းဖြစ်နေသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ ထီထိုးရန်အတွက် အင်္ကါနံထီဆိုင်တွင် (၃) စောင်တွဲလေးများထိုးထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၅) မျိုးနှင့် ပူဇော်ပါ။*

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကူအညီပေးမည့် အကျိုးပေးသူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေထားသူများရွေးချယ်ခြင်းခံရမည်။ အဆောက်အအုံအိုးအိမ်ကိစ္စများကြောင့်ကြာနေပါကပြန်လည်အဆင်ပြေပါတော့မည်။ မွေးနေ့တွင်အသားစားရှောင်ပါ။ သီလဆောက်တည်နေထိုင်ပါ။ ကျင့်ကြံအားထုတ်မှုများဖြင့် ဘာမဆိုအောင်မြင်မှုရရှိပါလိမ့်မည်။ လာဘ်လာဘအတွက် ငွေဝင်စေသော ဒိဝါတာပတိဂါထာ၊ ရှင်သီဝလိဂါထာများကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နဲ့မတည့်သောအစားအသောက်များရှောင်ပါ။ အိမ်တွင်းရေးများသာယာပါမည်။ ပညာရေးကောင်းနေသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်၊ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ လမ်းခွဲစကားသံများကြားရတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါလိမ့်မည်။ ဘာမဆိုကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း အဆင်မပြေဘဲ လွဲချော်နေတတ်သည်ကို သတိပြုပါ။ မမျှော်လင့်ဘဲ ထီကံကောင်းနေတတ်၍ ထီထိုးရန် သတိရပါ။ ဗုဒ္ဓဟူးနံထီဆိုင်များ၊ လှည်းနှင့်ရောင်းသောထီသည်လေးများထံတွင် (၁) ဂဏန်း များစွာပါသောငွေ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ကလေးလေးများကို တစ်နိုင်အလှူတစ်ခုခုပြုလိုက်ပါ။*

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံး အကြံပေးနိုင်သူ၊ အကူအညီပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ အင်္ဂါနာမည်ရှင်နှင့် စနေနာမည်ရှင်များက ဒုတိယအကျိုးပေးတတ်ပါသည်။ စိတ်ရှည်ရှည်တော့ စောင့်ရတတ်ပါသည်။ (၃)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ခရီးသွားရန်ကိစ္စပေါ်မည်။ လောင်းကစားကိစ္စများ၊ ဥပဒေနှင့်မကင်းသောကိစ္စများ ရှောင်ကြဉ်ပါ။ အမှုအခင်းဖြစ်နေသူများနှင့် တပူးတွဲတွဲမနေပါနှင့်။ အတိုက်အခံ၊ ရန်များတတ်သောကာလ ဖြစ်နေပါသည်။ အိမ်မှလမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီတွင် ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းစသော သန့်ရှင်းရေးကိစ္စများ မကြာမကြာပြုပါ။ စိတ်ကသိကအောက်ဖြစ်မှုများ၊ ရန်များကင်းဝေးသွားပါမည်။ ကျန်းမာရေးကောင်းနေစေရန် ရင်ပြည့်၊ ရင်ကယ်စေသော၊ လေအေးဂျင်စေသောအစားများလွန်ကဲစွာမစားပါနှင့်။ အပူအစပ်များရှောင်ပါ။ အိမ်တွင်းရေးများသာယာမည်။ ပညာရေးကဲများကောင်းနေပါသည်။ အဆောမ်ကပြီး စာကြည့်ပျက်ခြင်းများမဖြစ်ပါစေနှင့်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ မျက်နှာပွင့်လွန်းနေမှုအပေါ် စိတ်မယိုင်ပါနှင့်။ တစ်ဦးနှင့်တစ်ဦးသစ္စာရှိဖို့လိုပါသည်။ ငွေဝင်နေသော်လည်း အကုန်အကျများ၍ အဖတ်မတင်ဘဲဖြစ်နေတတ်သည်။ ဒီဝါတပတိဂါထာကို နေ့စဉ်ပုတီးတစ်ပတ်စီပဲပါ။ စုမိဆောင်းမိဖြစ်လာမည်။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးခဲ့လိုက်ပါ။

ယကြာ ။ ။ *ကြာသပတေးဘွဲ့အမည်ရှိသော ဘုရားသို့သွား၍ တစ်နာရီကြာအောင် တံမြက်စည်းလှည်းသန့်ရှင်းရေးပြုလုပ်ပါ။*
ဥပမာ - ဓိလ်တထောင်၊ ဃယ်လမ္ပ၊ မဟာနဝင်း ဝိုးကောင်း။

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မထင်မှတ်သော အကြောင်းလေးများနှင့် ကြုံရတတ်ပါသည်။ ခရီးတစ်ခုထွက်ဖြစ်မည်။ စက်ပစ္စည်းအတွက် ငွေကုန်ကျတတ်သည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများဖြစ်သည့် ဒီဝါတပုတိဂါထာ၊ ရှင်သီဝလိဂါထာများကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ မမျှော်လင့်ဘဲ ထီပေါက်နေတတ်သည်။ ထီထိုးရန်မမေ့ပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာရပါမည်။ ကျန်းမာရေးကောင်းနေစေရန် မတည့်သောအစားအသောက်များသတိထားပြီးရှောင်ပါ။ ယခင်ဖြစ်ဖူးသောရောဂါများပြန်ဖြစ်တတ်ပါသည်။ ပညာရေးကဲများကောင်းနေသော်လည်း ပို၍ပို၍ကောင်းစေရန် မိဘ၊ ဆရာများ၏ ဆုံးမသွန်သင်မှုကိုနာယူပါ။ အောင်မြင်မှု ပန်းတိုင်ရောက်ပါမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ အဆင်မပြေမှုများ ရှိနေပါမည်။ ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင်ကြုံသလိုအစာကျွေးပါ။ ချစ်သူကို အနီးရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ပြန်လည်အဆင်ပြေလာပါလိမ့်မည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနာမည်ရှင်တစ်ဦးနှင့်စပ်တူထိုးခြင်း၊ တစ်ဦးတည်းထိုးလျှင် လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားခြင်းဖြင့် ထီကံကောင်းပါလိမ့်မည်။

ယကြာ ။ ။ *နံနက်စောစောအရုဏ်ဆွမ်းခံကြွလာသော သံယာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။*

ရ င် ကို ေ အ ။ မြ ေ စ သ ၁ ။

ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com